இந்த புத்தகம்
[illegible]

ဂြိုဟ်တုဒေတာ
ပြည်စုံတိုက်
ငှါးရမ်းခြင်း

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၂ ခုနှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အပွဲ၊ စာတည်းမှူးချုပ် ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၀၃၉) ဖြင့် စာပေဗိမာန် ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅)ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ပထမဆုံး အတွဲ ၁ (က–ကုံ) ကို ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ နောက်ဆုံး အတွဲ ၁၅ (ဥ–အဋ္ဌန်) ကို ၁၉၇၆ ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင်ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင်သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲရွေ့လျားနေပါသည်။ ၁၉၉၀ ပြည့်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၁ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ယခင် ပဋိပက္ခဖြစ်ခဲ့ကြရာမှ ယခု ငြိမ်းချမ်းရေးသို့ရွေးရွှေ့လာကြသည့် နိုင်ငံများလည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစအခါနှိမ့်စ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီ ဖြစ်သည်။ အရွေ့နှင့်အနောက်ကို ပိုင်းခြားထားသည့် "သံကန့်လန့်ကာ" အစိတ်အပိုင်းအချို့ ပွင့်လာကြပြီဖြစ်သည်။ စီးပွားရေးနယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်များ ရှိသကဲ့သို့ ကုန်သွယ်ရေးမည်မျှမူကြောင့် အပြန်အလှန် ပိတ်ဆို့တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်ရွယ်လာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စီးပွားရေးနှင့်နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၁ ခုနှစ်တွင် ထူးထူးခြားခြားဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးတက်သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအတွက် ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ ရနိုင်သမျှ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ပါ အကြောင်းအရာများနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းအရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သောအကြောင်းအရာများကို ပြုစု၍ ၁၉၉၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများလွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၁ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့်ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူးဆောင်းပါး ခြောက်ပုဒ် ပါဝင်သည်။ တတိယပိုင်းတွင် သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါး ငါးပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိပျားကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခု ထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၁ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၁ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ–စွယ်စုံနှစ်ချုပ် ၁၉၉၁) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ပါ အကြောင်းရပ်များ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ကို စာဖတ်သူများထံသို့ နှစ်တိုင်းထက်အချိန်စောစွာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ဆောင်းပါးစာမူများကို ပြုစုသူများထံမှ အချိန်စော၍ တောင်းခံခဲ့ရသဖြင့် ၁၉၉၁ နှောင်းပိုင်းဖြစ်ရပ်အချို့ ကြွင်းကျန်ခဲ့သည်ကို နောင်နှစ်စွယ်စုံနှစ်ချုပ်တွင်မှ ဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၉၁ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း ၂

နှစ်ချုပ်အထူးဆောင်းပါးများ

—ရွှေတိဂုံစေတီတော်မဟာဗုဒ္ဓဝင်ပြခန်း ၃၇

—မြန်မာနိုင်ငံရှေးဟောင်းသုတေသနဦးစီးဌာန ၅၂

—သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ ၅၈

—ဗိုလ်ချုပ်မှူးကြီးစောမောင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့
ချစ်ကြည်ရေးခရီး ၆၆

—ပင်လယ်ကွေ့စစ်ပွဲ ၇၂

—မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး ပညာပြန့်ပွားလွှံဆော်ရေး ၈၈

အပိုင်း ၃

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့်အခြား သုတ ဆောင်းပါးများ

—ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ ၉၄

—ရောဂါ ကာကွယ်ရေး ဆေးများ.... .... ၁၃၇

—မော်လီကျူးအဆင့်ဇီဝဗေဒ ၁၄၇

—ခေတ်မီလက်နက်ဆန်းများ ၁၅၅

—ကမ္ဘာ့ဝန်းကျင် သန့်ရှင်းရေး ၁၆၀

အပိုင်း ၄

၁၉၉၁ ခုနှစ် အကြောင်းရပ်များ.... .... ၁၆၈

အက္ခရာစဉ်အညွှန်း.... .... ၃၂၇



ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းမှ ပုံတော်မျှသာ။

(ဆောင်းပါး—စာမျက်နှာ ၃၄)





သရက္ခန်ဗုဒ္ဓရုပ်ပွားတော်များ (ဆောင်းပါး–စာမျက်နှာ ၅၈)







မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပန်းချီပန်းပုပြပွဲ ပြုိင်ပွဲမှ လက်ရာများ။

(ဆောင်းပါး—စာမျက်နှာ ၈၈)



















အပိုင်း - ၁

၁၉၉၁ - ခုနှစ် ဖြစ်ရပ်များ

၁၉၉၁ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အခ့ျိကို သတင်း မှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။



၃၀



၆၇

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၂)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ




၂၄၄



၁၀၄



၁၀၄



၃၇

၁၉၉၁ ခုနှစ် ဖြစ်ရပ်များ

ဇန်နဝါရီလ

၁ ပင်လယ်ကွေ့ဒေသတွင် ဗြိတိသျှတို့၏ စစ်ရေး အင်အား ဖြန့်ချထားမှု ကုန်ကျစရိတ်သည် စတာလင်ပေါင် သန်း ၄၀၀ (ဒေါ်လာသန်း ၉၂၀)အထိ ရှိပြီဖြစ်ကြောင်း ဗြိတိသျှ ဘဏ္ဍာရေးဝန်ကြီး နော်မန်လီမွန်က ပြောကြားသည်။

၂ ရွှေတိဂုံတောင်ဘက်မုခ်အနီးရှိ ရဟန္တာသိမ်တော်ကြီး ဘုံမြင့်ဆောင်နှင့် အရံစေတီတော်များ ထီးတော်တင်ခြင်း အထိမ်းအမှတ် ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံ ပြင်ဆင်တည် ဆောက် ရေး လုပ် ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ နာယက ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်၍ ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗြိတိန်နိုင်ငံတွင် မိဘများ ဆေးလိပ်သောက်သုံး သည့် အတွက် ကလေး ငယ် ၈၀၀၀ ခန့် နှစ်စဉ် သေဆုံးနေရကြောင်း ဆေးလိပ်မသောက်သုံးသူများ အခွင့်အရေး ဆိုင်ရာအသင်းက အစီရင်ခံစာ ထုတ်ပြန်သည်။

၃ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တည်ဆောက်ပြီးစီးသွားသော တာမွေ-မြို့နယ် လေးထောင့်ကန်လမ်းမကြီးရှိ ၁၂၅ သိန်း ကုန်ကျသော မင်းရဲကျော်စွာ ခုံးကျော်တံတားသစ် ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။ တံတားသစ်သည် အရှည် ၂၀၇ ပေ၊ ကားလမ်းအကျယ် ၃၃ ပေ၊ တစ်ဖက်တစ် ချက် လူသွားလမ်း လေးပေစီ၊ စုစုပေါင်း လမ်းအကျယ် ၄၁ ပေ ရှိသည်။

ဩဇာအာဏာရှိသော သမ္မတရွေးချယ်တင်မြှောက်ရေး ကိစ္စကို စင်ကာပူ ပါလီမန်က အတည်ပြုလိုက်သည်။ ဝန်ကြီးချုပ် ဟောင်း လီကွမ်းယူသည် အဆိုပါဌာထူး အတွက် အလားအလာရှိသူ တစ်ဦးဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက ပြောကြားသည်။

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်ဇနီးတို့က (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျော်ခဲပွဲနှင့် ညစာစားပွဲကို ပြည် သူ့ လွတ် တော် အ ဆောက် အ အုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲဝင်များနှင့် အတူ ဖိတ်ကြားထားသော ကျော်သည်တော်များ တက်ရောက်ကြသည်။

ပဲခူးမြို့ သိရိဉာဏ သာ နှစ်ထပ်ဈေး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဈေးသစ်အဆောက်အအုံအနီးရှိ မဏ္ဍာပ်၌ ကျင်းပသည်။

စင်ကာပူ နိုင်ငံသည် အမျိုးသားရေး လက္ခဏာ ရှင်သန် ဖွံ့ဖြိုးရေး အတွက် လည်းကောင်း၊ အနောက်တိုင်းယဉ်ကျေးမှုဩဇာ လွှမ်းမိုးမှုကို တွန်းလှန်နိုင်ရေး အတွက်လည်းကောင်း စင်ကာပူနိုင်ငံသားအားလုံး လေးစားလိုက်နာ ကျင့်သုံးအပ်သည့် အခြေခံယဉ်ကျေးမှုစံ ငါးချက်ကို အစိုးရ၏ အစီရင်ခံစာ တစ်စောင်တွင် ထည့်သွင်းဖော်ပြလိုက်သည်။

၇ မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ထုတ်ဝေသောတစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ် သား အ လေး ချိန် အ သီး သီးရှိ စံချိန်မီ ရွှေဒင်္ဂါးများကို ကုန်သွယ်ရေး ဝန်ကြီးဌာန အထွေထွေကုန်ပစ္စည်း ရောင်းဝယ်ရေး လက်အောက်ရှိ မြန်မာ့ရတနာ အ ရောင်း ဆိုင် (Myanmar Jewels House) တွင် နိုင်ငံခြားငွေဖြင့် စတင် ရောင်းချသည်။

ကူဝိတ်နိုင်ငံမှ အီရတ်တပ်များ ဆုတ်ခွာပေးရေး နောက်ဆုံးရက် သတ်မှတ်ရက် ဇန်နဝါရီလ ၁၅ ရက်ကို အီရတ်နိုင်ငံက ပယ်ချလိုက်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ညွန့်သည် အဖွဲဝင်များနှင့်အတူ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းယု၊ မိုင်းဖုန်းဒေသ၊ မိုင်းလား၊ မိုင်းပျဉ်းစသော ရှမ်းပြည်နယ် နယ်စပ်ဒေသများ သို့ သွားရောက်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

၈ ဆိုဗီယက်ယူနီယံနှင့် မိမိတို့သည် နောင် မည်သည့်အခါမျှ နိုင်ငံရေး သဘောတရားရေးရာ ကိစ္စများ နှင့် စပ်လျဉ်း၍ အကဲအပြဲဖြစ်လိမ့်မည် မဟုတ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ပြောခွင့်ရှိသူက ပြောကြားလိုက်သည်။

၉ မော်စကိုမြို့တော် အုပ်ချုပ်ရေး ကောင်စီက စတိုးဆိုင်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများကို ပုဂ္ဂလိက ပိုင်ဆိုင်လုပ်ကိုင်နိုင်ရန် ခွင့်ပြုလိုက်သည်။ ပင်လယ်ကွေ့စစ်ပွဲ ရှောင်ရှား ရေး နောက်ဆုံး အခွင့်အလမ်းတစ်ရပ်ဖြစ်သော အမေရိကန်နှင့်အီရတ် ဆွေးနွေးပွဲမှာ ပျက်ပြားသွားသည်။

၁၁ အာဘိဓမ္မာရဋ္ဌဂုရု စစ်ကိုင်းရွှေဟင်္သာတိုက်သစ် ဆရာတော် ဘုရားကြီးအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို



အဘိဓေ မဟာရဋ္ဌဂုရု စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသိရိနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်စဉ်

အဘိဓေ မဟာရဋ္ဌဂုရု စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသိရိနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်စဉ်

ကမ္ဘာ အေး ကုန်း မြေ ရှိ မဟာသိမ်တော်ကြီး၌ ကျင်းပသည်။ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တ ည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ၊ တပ် မ တော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် တက်ရောက်၍ ရွှေ ဟ သ်ာ တိုက် သစ် ဆ ရာ တော် ဘဒ္ဒန္တ ပဏ္ဍိတသိရိ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တတိယအဖွဲ့ခဲ့မှ ဒုတိယဥက္ကဋ္ဌ ဆရာတော် အ ဂ္ဂ မ ဟာ ပဏ္ဍိ တ ဘဒ္ဒန္တ ဥာဏာ ဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏသိရီ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဒုတိယနာယက ချုပ် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား ပူဇော်ကန်တော့၍ လှူဖွယ်များ ဆက်ကပ်သည်။

နယူးယောက်မြို့ ရာဇဝတ်မှုများ ထူပြောရာ မြေအောက် ရထား လမ်း တစ်ခုၵ် တစ်ဒေါ်လာတည်းနှင့် တရုတ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည့် ရင်နင့်ဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ သေဆုံးသူမှာ အသက် ၃၅ နှစ် အရွယ် ဂရေစ်ချန် ဆိုသူ တရုတ်အမျိုးသမီး ဖြစ်ပြီး မိမိပိုက်ဆံအိတ်အား လုပြေးသူနောက် သို့ လိုက်စဉ် လုယက်သမားက ခုတ်မောင်းလာနေသည့် ရထားဆီသို့ တွန်းထိုးလိုက်ရာမှ သေဆုံးခြင်း ဖြစ်သည်။

ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ ၁၂ သည် ဘဏ္ဍာရေးဝန်ကြီး ဗာလင်တင် ပက်ဗ်လော့ (၅၃ နှစ်)အား ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ် ခန့်ထားလိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ၁၃ တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၂)၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ် တင်ဦးသည် ရွှေပြည်သာမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးထောဂါနှင့် ကိုယ်လက်အင်္ဂါနှင့် ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး ခုတင် ၅၀၀ နှင့် တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးရုံ ခုတင် ၃၀၀ တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ညနေပိုင်းတွင် လသာမြို့နယ် ဓမ္မာရုံ တည်ဆောက်ရေး ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရွှေပြည်သာမြို့နယ်သို့ သွားရောက်စဉ် အတွင်းရေးမှူး (၂) က တာဝန်ရှိသူများနှင့် ဆွေးနွေးထုတ်ငှ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများ အတွက် ယခင် ငွေကျပ် သန်း ၅၀၀၀ သုံးစွဲနေခဲ့ရာမှ ယခု ငွေကျပ် သန်း ၂၀,၀၀၀ အထိ အဆများစွာ တိုးမြှင့် အသုံးပြုလျက် ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေး ၁၅ တက္ကသိုလ်သင်တန်းများကို စတင် ဖွင့်လှစ်လိုက်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဌာနဝန်ကြီး၊ တက္ကသိုလ် လေ့ကျင့်ရေးတပ်များ၏ တပ်မှူးချုပ် ဗိုလ်မှူးကြီးဖေသိန်းသည် အဆိုပါ ဆေးတက္ကသိုလ်သင်တန်းများသို့ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

သမ္မတ ဂေါ်ဘာချော့ ရွေးချယ်ထားသော အသက် ၅၇ နှစ် အရွယ်ရှိ အမေရိ

ကန်ဆိုင်ရာ ဆိုဗီယက်သံအမတ်ကြီး အလက်ဇန်းဒါး ဘက်(စ်)မာညွှဲ အား ဆိုဗီယက်လှတ်တော်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် အတည်ပြုလိုက်သည်။

၁၇- ၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေသည် ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးမှု အခြေအနေများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ စစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေးသည်။ တာဝန် ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် တပ်မတော်သည် နိုင်ငံတော် တာဝန်ကို မလွဲမရှောင်သာ ယူခဲ့ရကြောင်း၊ နိုင်ငံနှင့် အဝန်း တည်ဆောက်ရေး လုပ်ငန်း များ နေရောညပါ အင်တိုက်အားတိုက် ဆောင်ရွက်နေကြောင်း၊ တာဝန်ယူစဉ်ကာလတွင် အကောင်းဆုံးဖြစ်အောင် လုပ်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသည်။

၁၇ ကူဝိတ်နိုင်ငံမှ အီရတ် တပ်များ ဆုတ်ခွာရေး အတွက် ငါးလကြာ စောင့်ဆိုင်းပြီးနောက် ဒေသစံတော်ချိန် နံနက် ၃ နာရီ (ဗုဒ္ဓဟူးနေ့ ဂ ရင်းနှစ်စံတော်ချိန် ၂၃း၀၀) မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၃၀ မိနစ်တွင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့ဝင် ၆,၀၀,၀၀၀ ကျော်က အီရတ်နိုင်ငံကို ကန္ဒာရမုန်တိုင်း စစ်ဆင်ရေးဖြင့် စတင်တိုက်ခိုက်သည်။

၁၉ ပါကစ္စတန် ဝန်ကြီးချုပ် ဟောင်းဘနာဇီ ဘူတိုအား လွန်ခဲ့သည့်နှစ် ဩဂုတ်လက သူမကို ရာထူးမှဖြုတ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ပါကစ္စတန်အစိုးရက ပြည်ပသို့ ခရီးထွက်ခွာခွင့်ပြုလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကွန်မြူနစ်တို့ အာဏာရယူခဲ့သည့် ၁၉၄၉ ခုနှစ်နောက်ပိုင်း နိုင်ငံခြားဧည့်ကြေးစာချုပ်များကို ပထမဆုံးထုတ်ဝေရာ တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျင့် အထူးစီးပွားရေးဇုန်ရှိ ဘဏ်များ၏ ကောင်တာများတွင် ရင်းနှီးမြှုပ်နှံသူများ တိုးဝှေ့ဝယ်ယူလျက်ရှိကြောင်း ချိုင်းနားဒေလီ သတင်းစာက ဖော်ပြသည်။

၂၁ ဆိုဗီယက် ကွန်မန်ဒိုတပ်ဖွဲ့များက လတ်ဗီးယားသမ္မတနိုင်ငံ၊ ရဲဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်ပြီးနောက် နာရီအတန်ကြာတွင် လတ်ဗီးယားသမ္မတနိုင်ငံ ပါလီမန်က အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပကာ ကိုယ်ပိုင်ကာကွယ်ရေး အပျော်တမ်းတပ်ဖွဲ့ ထူထောင်ဖွဲ့စည်းရန် မဲပေးဆုံးဖြတ်လိုက်သည်။


၂၂ ဆိုဗီယက်ပြည်ထောင်စုရှိ စီမံကိန်းများကို ငွေကြေးထောက်ပံ့နိုင်ရေးနှင့် ဆိုဗီယက်က ကိုရီးယားပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် လာမည့်သုံးနှစ်တွင် ဆိုဗီယက်သို့ အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ချေးငှားရန် တောင်ကိုရီးယားက သဘောတူလိုက်သည်။

၂၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေသည် အင်း

အမေရိကန်နှင့် အီရတ်ဆွေးနွေးပဲ့



၁၉၉၁ ခုနှစ် ဖြစ်ရပ်မျာ်း



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် (၂၇) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်း ပြသမှုများကို ကြည့်ရှုစစ်ဆေးစဉ်

လျာ်းကန်ဟိုတယ်တွင် ခင်းကျင်းပြသမည့် (၂၇) ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲအကြို ခင်းကျင်း ပြသမှုများကို ကြည့်ရှု စစ်ဆေးသည်။

၂၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အင်းလျာ်းကန်ဟိုတယ်၌ ခင်းကျင်းပြသမည့် (၂၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်သည် အမှတ် (၂) တပ်မတော်ည့ွှေဂေဟာ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ (၁၀၈) ကြိမ်မြောက် အထူးသတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။ ထို အထူးသတင်းစာရှင်းလင်းပွဲကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ဝန်ကြီးများ၊ အစိုးရဌာန အကြီးအကဲများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် လူကြီးများ၊ တပ်မတော် အကြီးအကဲများ တက်ရောက်ကြသည်။ ဗကပသည် တိုင်းပြည်ဘယ်လိုဖြစ်ဖြစ် ၎င်းတို့ အာဏာရရေးသာ အဓိကဖြစ်ကြောင်း၊ ဗကပ ယူဂျီမျာ်း မိမိတို့ ဌာနများအတွင်းတွင် ချုပ်ငြိမ်းသွားအောင် အသိတရားလက်ကိုင်ထား၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း စသည်ဖြင့် အတွင်းရေးမှူး (၁) က သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့်အဖွဲ့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ ကိုးကန့်ဒေသ၌ တိုင်းရင်းသား လူမျိုးများ၏ မူးယစ်ဆေးဝါးအန္တရာယ် ဆန့်ကျင်ရေး လုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၇-၃၀

၂၈ တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ချုပ် မစ္စတာလော်ကန်နှင့် အဖွဲ့ဝင်ဖြစ်ကြသည် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန၊

အမေရိကန် ပြည်ထောင်စု နယူးယောက် စီးတီးတွင် ဘိန်းဖြူကို ဓာတုပေဒ ဆေးတစ် မျိုး ဖြင့် ရောစပ် ဖော်ထုတ်ထားသော အင်အား ၂၇ ဆ ပြင်းထန်သည့် မူး ယစ် ဆေး ဝါး ကြောင့် လူ ၁၁ ဦး သေဆုံးသွားသည်။

၇ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ များ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံ ဒီမိုကရေစီ အ ထွေ ထွေ ရွေး ကောက် ပွဲ ကျင်းပရေးကော်မရှင်သည် ကြေညာချက် အမှတ် (၉၀ဂ) ဖြင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း)ကို နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက် လိုက်သည်။

၂၈ ဖေဖော်ဝါရီလ ၂၆ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ ကျင်းပပြုလုပ် ခဲ့ရာနိုင်ငံပေါင်း ၁၈ နိုင်ငံ၊ ကုမ္ပဏီ ၂၉၀ မှ ရတနာကုန်သည် ၄၈၉ ဦး တက်ရောက်၍ မြန်မာငွေ ၄,၁၃,၅၄,၂၈၈ ကျပ်၊အမေရိကန် ဒေါ်လာ ၆၉,၃၇,၄၅၅ တန်ဖိုးရှိ ကျောက် စိမ်း အတွဲပေါင်း ၂၁၃ တွဲ၊ မြန်မာငွေ ၇၆,၃၉,၆၆၉ ကျပ်၊ အမေရိကန် ဒေါ်လာ ၁၃,၀၈,၄၄၁ တန်ဖိုးရှိ ကျောက်မျက်အတွဲ ပေါင်း ၁၅၁ တွဲ၊ မြန်မာငွေ ကျပ် ၁,၇၆, ၁၆,၄၃၀၊ အမေရိကန်ဒေါ်လာ ၂၉,၄၀, ၇၇၇ တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၂၅၄ တွဲကို ဈေးပိုင်စနစ်ဖြင့် ဝယ်ယူသွားကြသည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံ ဒီမိုကရေစီ အ ထွေ ထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်က ကြေညာချက်အမှတ် (၉၀၉) ဖြင့် အမျိုး သား နိုင်ငံရေးတပ်ပေါင်းစု (လူငယ်)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်လိုက်သည်။

၁၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် အမှူးပြု သော အဖွဲက ရန်ကုန်လေဆိပ်မှ ကြိုဆို ကြသည်။

တရုတ်တောင်တက်အဖွဲမှ တောင်တက် သမား ဂျပန်လူမျိုး ၁၁ ဦးနှင့် တရုတ်လူမျိုး ခြောက် ဦး တို့ သည် ဟိမဝန္တာ တောင် ထိပ်တွင် ရက်သတ္တသုံးပတ်ကြာ ပျောက်ဆုံး ခဲ့သည်။ ထိုပျောက်ဆုံးနေသော တောင် တက်သမား ၁၇ ဦးအား ရှာဖွေကယ်တင် ခြင်း လုပ်ငန်းကို မိမိတို့ လက်လျှော့လိုက်ပြီ ဖြစ်ကြောင်း၊ ၎င်းတို့မှာ အသက်ရှင်ဖွယ် မရှိတော့ကြောင်း ရှာဖွေရေးသမားများ က ပြောကြားလိုက်သည်။

၂၀ ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမ ဆောင် ယာယီစံကျောင်း၌ တစ်ည တာ ကိန်းဝပ်စံပယ်လျက်ရှိသော မကွေး တိုင်း ရေစကြိုမြို့နယ် ပခန်းကြီးဒေသမှ တန် ခိုး ကြီး သ မိုင်း ဝင် ရွှေ ဟောင်း သရက္ခန် ဗုဒ္ဓရုပ်ပွားတော်များအား နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် မိသားစုသည်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် မိသားစုသည် လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် မိသားစုသည် လည်း ကောင်း အသီးသီး သွားရောက် ဖူးမြော် ကြည်ညိုကြသည်။

ဗီယက်နမ်နိုင်ငံနှင့် နိုင်ငံခြား ကုမ္ပဏီ များ၏ ဖက်စပ်လုပ်ငန်း ၂၁၇ ခုတွင် ရင်းနှီး မြှုပ်နှံမှုသည် ၁၉၉၀ ပြည့် နှစ်ကုန်ပိုင်းတွင် စုစုပေါင်း ဒေါ်လာ ၁၁ ဒသမ ၄၇ ဘီလီယံ ရှိကြောင်း ညံ့သတင်းစာကဖော်ပြသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်က ကြေညာချက်အမှတ် (၉၀၆) ဖြင့် ပြည် ထောင်စု မြန်မာနိုင်ငံ ဖဆပလ ဗဟိုအဖွဲ့ ချုပ်ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ထားခြင်းမှ ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲက မွန်းလွဲ ၁ နာရီ အချိန်တွင် အမှတ် (၂) တပ်မတော်ည့ဉ်ဂေဟာ၌ ပြည်ကွင်း ပြည်ပ သတင်းစာဆရာကြီးများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံမှ သတင်း ထောက်များနှင့် တွေ့ဆုံ၍ ၁၀၉ ကြိမ် မြောက် အထူး သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသို့ လက်ဆောင်အဖြစ် အမျိုးသားဇာတ်ရုံကြီး လှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆို ပါ ဇာတ်ရုံကြီး ည့ဉ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အဖွဲဝင် ပညာကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် မြန်မာ နိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ အတွင်း ရေး မှူး ချုပ် မစ္စတာ လော် ကန် တို့ တက်ရောက်၍ အမှာစကား ပြောကြား ကြသည်။

ဖေဖော်ဝါရီလ

၁ မောရစ်သျှနိုင်ငံ ကုန်သွယ်ရေးနှင့် သ ဘော် လုပ် ငန်း ဝန် ကြီး ဌာ န ဝန်ကြီး မစ္စတာ ဒီဂန်ဂါးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ မြန်မာ့ လေ ကြောင်းဖြင့် ရောက်ရှိလာရာ နှစ်နိုင်ငံ အကျိုးတူ စီးပွားကုန်သွယ်ရေး ကိစ္စရပ်များ ဆွေးနွေးကြသည်။

အိန္ဒိယနိုင်ငံ တမီလ် နာဒူး ပြည်နယ် အတွင်း၌ သိရိလင်္ကာ တမီလ် ပြောက်ကျား များ၏ လှုပ်ရှားမှု နည်းပါးသွားစေရေး အတွက် အဆိုပါပြည်နယ်အား တိုက်ရိုက် အုပ်ချုပ်သွားမည် ဖြစ်ကြောင်း အိန္ဒိယ အစိုးရက ကြေ ညာ လိုက် ပြီး နောက် ပြည်နယ် မြို့တော် မဒရပ်၏ လမ်းမများ ပေါ်တွင် အကြမ်းဖက်မှုများနှင့် အဓိ ကရုဏ်းများ ဖြစ်ပွား၍ လူ ၁၀၀၀ ခန့် ဖမ်းဆီးခံရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ အမိန့် ကြော်ငြာစာအမှတ် ၂၃/၉၁ ဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံး လုပ်နည်း များကို ထုတ်ပြန်လိုက်သည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံ ဒီမိုကရေစီ အ ထွေ ထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်က ကြေညာချက်အမှတ် (၉၀၉) ဖြင့် အမျိုး သား နိုင်ငံရေးတပ်ပေါင်းစု (လူငယ်)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်လိုက်သည်။

ကောက်ပဲ့ ကျင်းပရေး ကော်မရှင်သည် ကြေညာချက် အမှတ် (၉၁၁) ဖြင့် မျိုးချစ်ဒီမိုကရက်တစ် လူငယ် တပ်ပေါင်းစု (မြန်မာနိုင်ငံ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးခြင်းမှ ပယ်ဖျက်လိုက်သည်။

၁၂ ၄၄ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်ထံမှ သဝဏ်လွှာ ပေးပို့သည်။

၂၁ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး သိပ္ပံသင်တန်းအမှတ်စဉ်(၂၂)မှ သင်တန်းသား သင်တန်းသူများအား ပြည်သူ့ လွှတ်တော် အဆောက်အအုံ အ စည်း အ ဝေးခန်းမဌာ သြဝါဒစကား ပြောကြားသည်။

၂၂ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး စွန်တွန်ကွန်ဆွန်ပေါင်ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ရန်ကုန်မြို့သို့ရောက်ရှိသည်။

၂၃ ပြည်ထောင်စု မြန် မာ နိုင် ငံတော် တတိယအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ ဝန် ဆောင် အဖွဲ့ ဒုတိယ အစည်းအဝေး ကျင်းပသည်။

၂၄ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ် ချတ်ချိုင်း ချွန်ဟာဝမ်၏ အစိုးရအဖွဲ့ကို ဖြုတ်ချ၍ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး စွန်တွန်ကွန်ဆွန်ပေါင် ခေါင်းဆောင်သော စစ်တပ်က အာဏာ သိမ်းယူလိုက်သည်။

၂၆ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ပင့်ဖိတ်ချက် အရပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်မည့် ပြည်ပ နိုင်ငံများမှ ဆ ရာ တော် ကြီး များ သည် ရန်ကုန်မြို့သို့ လေကြောင်း ခရီးဖြင့် ကြွရောက်တော် မူလာကြရာ သာသနာရေးဆိုင်ရာ ထုံတမ်း စဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဝင်းခင်းမင်္ဂလာဖြင့် ကြိုဆိုကြသည်။



ထိုင်းနိုင်ငံ၌ အာဏာသိမ်းစဉ် ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး စွန်တွန် ကွန်ဆွန် ပေါင်



နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဘွဲ့တံဆိပ်တော်အလှူခံယူရန် နိုင်ငံခြား တိုင်းပြည်များမှ ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထဝ့မအိုး ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ် ကျောင်းတိုက်မှ ဘဒ္ဒန္တ ရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာ ရာမ ကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တ သိဂ္ဂဝန်ှင့် ဂျပန်နိုင်ငံ ကိတကျူရှူမြို့ မိုဂျီကမ္ဘာအေး စတီ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝေ ပုလ္လ တို့အား ဆ ရာ တော် ကြီး များ သိတင်းသုံး နေထိုင်ရာ အလုံလမ်းရှိ မနော်ဟရီ စံ ကျောင်း တော် သို့ သွားရောက် ဖူးမြော် ကန်တော့သည်။

၁၃၅၂ ခုနှစ် (၁၉၉၁ ခုနှစ်) တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဘွဲ့တံဆိပ်တော်အလှူခံယူရန် နိုင်ငံခြား တိုင်းပြည်များမှ ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထဝ့မအိုး ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ် ကျောင်းတိုက်မှ ဘဒ္ဒန္တ ရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာ ရာမ ကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တ သိဂ္ဂဝန်ှင့် ဂျပန်နိုင်ငံ ကိတကျူရှူမြို့ မိုဂျီကမ္ဘာအေး စတီ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝေ ပုလ္လ တို့အား ဆ ရာ တော် ကြီး များ သိတင်းသုံး နေထိုင်ရာ အလုံလမ်းရှိ မနော်ဟရီ စံ ကျောင်း တော် သို့ သွားရောက် ဖူးမြော် ကန်တော့သည်။

ရေးအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် (၂/၉၁) နှင့် (၁၁/၉၁) ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓမ္မာဝရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရပြည်တွင်း ပြည်ပမှဆရာတော်အပါး ၇၀ တို့အားဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်သည့် အ ခမ်း အ နား ကို မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။


၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၂ ရက်နေ့က အီရတ်တပ်ဖွဲ့များ၏ သိမ်းပိုက်မှုအောက်သို့ ကျရောက်ခဲ့သော ကူဝိတ်နိုင်ငံ လုံးဝ ပြန်လည် လွတ်မြောက် သွားသည်။

မတ်လ

၁ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ ကြွရောက်လာကာ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်



ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန် အဖွဲ့၏ ဂန္ထဝင်စာပေ စာတမ်းဖတ်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား စာတမ်းဖတ်ပွဲ သဘာပတိ အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ) အဖွင့်အမှာ စကား ပြောကြားနေစဉ်



တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော် ခံယူခဲ့ကြသော ဆရာတော်ကြီးများသည် ပုဂံ၊ ညောင်ဦးမြို့နှင့် မန္တလေးမြို့များရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရားများအား လှည့်လည်လေ့လာ ဖူးမြော်ကြသည်။

၁ အိမ်စောင့် အစိုးရ အပေါ် စိုးမိုးချုပ်ကိုင်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ် ရပ် ကို ထိုင်းစစ်ဘက် အစိုးရက ကြေ ညာ လိုက် ရာ အဆိုပါ ဥပဒေကို ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာ ဒက်(ဂျ်)က အတည်ပြုလိုက်သည်။ အဆိုပါ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအား စစ်ခေါင်းဆောင်တို့ အာဏာသိမ်းယူစဉ်က ဖျက်သိမ်းခဲ့သည့် ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နေရာတွင် အစား ထိုးသွားမည်ဖြစ်သည်။

၂ အောင်မြင်ကျော်ကြား လူသိများသော စီးပွားရေး လုပ်ငန်းရှင်နှင့် သံတမန်ဟောင်း တစ်ဦးဖြစ်သော အသက် ၅၈ နှစ်ရှိ အာနန်ပန်ယာရာချုန် ဆိုသူအား ထိုင်းနိုင်ငံ ရွေးကောက်ပွဲများကို ကြီးကြပ်နိုင်ရန်အတွက် ဖွဲ့စည်းမည့် ကြားဖြတ်အစိုးရအဖွဲ့၏ဝန်ကြီးချုပ်အဖြစ် စစ်ဘက်အစိုးရက ထုတ်ပြန်ကြေညာသည်။

သီရိလင်္ကာနိုင်ငံတွင် တမီလ် ခွဲထွက်ရေး သူပုန်များအား အစိုးရက ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် တာဝန်ယူကြီးကြပ်ရသည့် ဒုတိယ ကာကွယ်ရေးဝန်ကြီး ဝီဂျာရတ်နီနှင့် အခြားလူ ၁၄ ဦးမှာ ကိုလံဘိုမြို့တွင် ကားအတွင်း ဗုံးပေါက်ကွဲရာတွင် သေဆုံးသွားသည်။

၁- ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊
၇ စာပေဗိမာန်အဖွဲ့၏ ဂန္ထဝင် စာပေ စာတမ်းဖတ်ပွဲ အခမ်းအနားကို ကုန်သည်လမ်းရှိ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ)က အဖွင့်အမှာစကား ပြောကြားသည်။

၁- ကာကွယ်ရေး ဦးစီးချုပ် (လေ)
၈ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတ နိုင်ငံ လေတပ် ဦးစီးချုပ် ဗိုလ်မှူးချုပ် မိုက် ကယ် တီ ယို ခေါင်း ဆောင် သော ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန် ကုန် မြို့ သို့ ရောက်ရှိလာသည်။ ဂ ရက်နေ့တွင် ပြန်လည် ထွက်ခွာသွားသည်။

၅ ကူဝိတ်ကို အီရတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ခဲ့ခြင်းကို ဥပဒေကြောင်းအရ ပြန်လည် ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း အီရတ် အာဏာရ တော်လှန်ရေး ဦးစီးကောင်စီက ကြေညာလိုက်သည်။

၅- နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊
၁၂ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာ ကွယ် ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် အဖွဲဝင်များလိုက်ပါလျက် တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ မြို့နယ်များသို့ သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများနှင့် တပ်များကို ကြည့်ရှု စစ်ဆေးကာ မြို့နယ် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲဝင်များ၊ ဌာန ဆိုင်ရာများနှင့် ဝန်ထမ်းများ၊ တပ်မတော် သားများနှင့် မိသားစုများနှင့် တွေ့ဆုံသည်။

၆ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ချန္ဒရာ ရှေကာက မိမိအနေဖြင့် အစိုးရအဖွဲ့



မော်စကို ကရင်မလင် နန်းတော်ရှေ ရင်ပြင်တွင် ဆန္ဒပြနေစဉ်

၁၇ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည့် (၄၆) နှစ်မြောက် တပ်မတော်နေ့ပြပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရိုမေးနီးယားနိုင်ငံ အာဏာရ အမျိုးသား ကယ်တင်ရေးတပ်ဦး၏ ပထမအကြိမ် ပါတီကွန်ဂရက်ကို ကျင်းပရာ ဝန်ကြီးချုပ် ပက်တာရိုမန်အား ပါတီ ခေါင်းဆောင်အဖြစ် ထပ်မံ ရွေးချယ် အတည်ပြုလိုက်သည်။

ပြည်ထောင်စုသစ်ကြီး ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆိုဗီယက် ပြည်ထောင်စုတွင် နိုင်ငံနှင့်အဝန်း ပြည်သူဆန္ဒ ခံယူပွဲကြီး ကျင်းပသည်။

၂၀ ခါလီဒါဇီယာသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုလိုက်သည်။ သမ္မတ အိမ်တော်၌ ပြုလုပ်သည့် အခမ်းအနားတွင် ယာယီ သမ္မတ ရှာဟာဘူဒင် အာမက်၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်သည်။ သူမ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း ကျမ်းသစ္စာ ကျိန်ဆိုကြသည်။

ကူဝိတ် နိုင်ငံအား အီရတ် နိုင်ငံ၏ ပိုင်နယ်မြေအတွင်း သိမ်းသွင်းထားခြင်းကို အီရတ်ပါလီမန်၏ အရေးပေါ် အစည်းအဝေးတွင် တရားဝင် ဖျက်သိမ်းလိုက်သည်။

၂၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် တော်လှန်ရေးပန်းခြံ၌ (၄၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအတွက် (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများ ပါဝင်သည့် တပ်မတော်နေ့ စစ်ကြောင်းကြီးများ ဝတ်စုံပြည့် လေ့ကျင့်နေပုံနှင့် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ခင်းကျင်းပြသထားမည့် (၄၆) နှစ်မြောက် တပ်မတော်နေ့ ပြပွဲများ သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကို ဆက်လက် ဦးဆောင်မှု ပေးနိုင်တော့မည် မဟုတ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဝန်ကြီးချုပ်ဟောင်း ရာဇကစ်ဂန္ဒီက ပရိယာယ်ဖြင့် ချယ်လှယ်နေခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားကာ မိမိရာထူးမှ နုတ်ထွက်ကြောင်း ကြေညာလိုက်သည်။

၈ အီရတ် တပ်သားများက ဖမ်းဆီးထားသည့် နိုင်ငံခြား သတင်းစာဆရာ ၄၀ နှင့် အမေရိကန် စစ်မှုထမ်းနှစ်ဦးတို့အား နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင် စီ အာရ် စီ) တာဝန်ရှိ ပုဂ္ဂိုလ်များထံသို့ ဘဂ္ဂဒက်တွင် ပြန်လည် လွှဲပြောင်း ပေးအပ်လိုက်သည်။

၁၀ ရုရှားဖက်ဒရေးရှင်း ခေါင်းဆောင် ဘောရစ်ယဲလ်ဆင်အား ထောက်ခံသူလူ ၂,၀၀,၀၀၀ ခန့်သည် မော်စကို ကရင်မလင် နန်းတော်ရှေ ရင်ပြင်၌ စုရုံးပြီး ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ နုတ်ထွက်ပေးရန် တောင်းဆို ကြ ပြီး နိုင်ငံ၏ အနာဂတ်အရေး အဆုံးအဖြတ် ပေးမည့် ပြည်သူဆန္ဒခံယူပွဲကိုလည်း ပြစ်တင်ရှုတ်ချကြသည်။

၁၂–၁၄ ထိုင်းနိုင်ငံသည် ၁၉၇၇–၇၈ ခုနှစ် အတွင်းက တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အငြင်းပွားနေသည့် ထိုင်းနှင့် လာအို နိုင်ငံနယ်စပ်မှ ထိုင်းတပ်ဖွဲ့များအား ၁၃ ရက်နေ့တွင် စတင် ရုပ်သိမ်းလျက် ရှိပြီး လာအိုနိုင်ငံကလည်း အဆိုပါနယ်စပ်ဒေသမှ လာတပ်ဖွဲ့များ ရုပ်သိမ်းရန် ၁၄ ရက်နေ့တွင် အမိန့်ထုတ်ပြန်လိုက်သည်။

၁၄ အီရတ် နိုင်ငံ၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် ဆာဒူးဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့သည့် ကူဝိတ် စော်ဘွား ရှိတ် ဂျ ဘား အယ်အာမက် အယ်ဆဘားသည် ခုနစ်လကြာမျှ ခိုလှုံခဲ့ပြီးနောက် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

တက္ကသိုလ် များ နှင့် သွား ဘက် ဆိုင် ရာ ဆေးတက္ကသိုလ်ကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ် တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆင့်အတန်းမြင့်မြင့် ပညာသင်ကြားနိုင်ရန် ကျောင်းအဆောက်အအုံ၊ စာသင်ခန်း၊ အဆောင်၊ ဓာတ်ခွဲခန်းများကို ထိုက်ထိုက်တန်တန် ပြုပြင်ပေးခဲ့ကြောင်း၊ ခေတ်မီ ပညာသင်ကြားရေး အထောက်အကူပစ္စည်းများ ထပ်မံ တပ်ဆင်ပေးခဲ့ကြောင်း၊ ထို လုပ်ငန်းများအတွက် နိုင်ငံတော်က ယခု အထိ ငွေကျပ်သန်းပေါင်း ၃၀ ကျော် သုံးစွဲကုန်ကျခဲ့ကြောင်း စသည်ဖြင့် အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဂရိနိုင်ငံ အမျိုးသား လေကြောင်းဖြစ်သည့် အိုလံပစ် လေကြောင်း ဌာနသည် တင်ရှိနေသောကြေးမြီဒေါ်လာသန်း ၁၀၀၀ နီးပါးကိုထိန်းချုပ်ရန်ကြိုးပမ်းချက် တစ်ရပ်အဖြစ် အလုပ်သမား ၁,၈၀၀ တို့အား အလုပ်မှ အနားပေးထား မည်ဖြစ်ကြောင်း သတင်းစာများတွင် ဖော်ပြလိုက်သည်။

၂၁- ၂၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်တို့၌ နယ် စပ် ဒေ သ နှင့် တိုင်း ရင်း သား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်းနှင့် ဒေသရှိ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၄ တောင် ကို ရီး ယား နိုင် ငံ တွင် ဒေသန္တရ ရွေးကောက်ပွဲများကို နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် အဖြစ် ပြုလုပ်သည်။ ယခု ကျင်းပခဲသော ရွေးကောက်ပွဲသည် သမိုင်းတစ်လျှောက် အ မျ တ ဆုံး ရွေး ကောက် ပွဲ တစ် ခု ဖြစ်ကြောင်းနှင့် ဒီမိုကရေစီကျင့်စဉ် အမြစ်တွယ်လာပြီဖြစ်ကြောင်း သမ္မတနိုတေဝူးက ပြောကြားသည်။

၂၇ (၄၆)နှစ်မြောက် တော်လှန်ရေးနေ့ (တပ်မတော်နေ့) စစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ ဦး ဝိ စာ ရ လမ်း ရှိ တော်လှန်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီး ဒေါ်အေးရီတို့က (၄၆) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညှဉ်ခံပွဲနှင့်ညစာစားပွဲကို အလုံလမ်းရှိ သမ္မတ အိမ်တော်၌ ကျင်းပသည်။

၂၉ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် သံလွင်လမ်း အမှတ် (၂) တပ်မတော် ညှဉ့်ဂေဟာ၌ နယ် စပ် ဒေ သ တိုင်း ရင်း သား ခေါင်း ဆောင် များ နှင့် တွေ့ဆုံ ပြီး နယ် စပ် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

အီတလီဝန်ကြီးချုပ် အင်ဒရီယော့တီသည် ရာထူးမှ နုတ်ထွက်သွားရာ စစ်ပြီး ခေတ် အကြိမ် ၄၀ မြောက် အီတလီ အစိုးရအဖွဲ့မှာ ဖရိုဖရဲဖြစ်သွားစေသည်။

၃၀ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွား ရေး ဦးပိုင် လီမိတက်နှင့် ကိုရီးယား သမ္မတနိုင်ငံ ဆီဂဲ ကော်ပို ရေး ရှင်း တို့ ပူးပေါင်း၍ ဖက်စပ်တည်ထောင်ထားသော မြန်မာ–ဆီဂဲအင်တာနေရှင်နယ် လီမိတက် အထည်ချုပ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

၃၁ တစ်ပါတီစနစ်ဖြင့် အနှစ် ၅၀ နီးပါး အုပ်ချုပ်လာခဲ့သော အယ်လဘေးနီးယားနိုင်ငံတွင် ပထမဆုံးအကြိမ် အဖြစ် ပါတီစုံ ရွေးကောက်ပွဲကို ကျင်းပသည်။ အမတ်နေရာ ၂၅၀ ရှိသော ပါလီမန် အတွက် ရွေးကောက်ပွဲတွင် အတိုက်အခံ ၎င်းပါတီ အပါအဝင် နိုင်ငံရေးပါတီ ၁၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြသည်။ အဆိုပါနိုင်ငံအား ဒုတိယကမ္ဘာစစ်ပြီးဆုံး ချိန်မှစ၍ ကွန်မြူနစ်လေဘာပါတီ (ပီအယ်အေ)က အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

ဆိုဗီယက် ပြည်ထောင်စု၏ ဩဇာခံ အရှေ့ ဥရောပ နိုင်ငံငယ် ကလေးများနှင့် ဖွဲ့စည်းခဲ့သည့် ၃၆ နှစ် သက်တမ်းကြာမြင့်ခဲ့သော ဝါဆော စာ ချုပ် အဖွဲ့သည် တရားဝင် ရပ်စဲသွားသည်။

ဧပြီလ

၁ အဆင့်မြင့် ပညာ ဦးစီး ဌာန၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၂/၉၁) ကို အဆင့်မြင့်ပညာ ဦးစီးဌာန တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားသည်။ ကျောင်းသားအချို့သောင်းကျန်းသူများလက်အောက်ကရုန်းမထွက်နိုင်၍ ဥပဒေကို ဆန့်ကျင်ပြီး လက်နက်ကိုင်သောင်းကျန်းသူဘဝ ရောက်နေကြခြင်းကို ရင်နင့်ဖွယ် သိရကြောင်း၊

၂ အမေရိကန်ပြည်ထောင်စုတောင်ပိုင်း ဒါကိုတာ ပြည်နယ် မြောက်ပိုင်းရှိ ဘလက်စ်ဟေးလ်နယ်တွင် ရွှေများတူးဖော်တွေ့ရှိပြီးနောက် အမေရိကန်အစိုးရက ထိုနယ်ကို နိုင်ငံပိုင် သိမ်းလိုက်ရာ ထိုနယ်တွင် နေထိုင်ကြသော အမေရိကန်တိုင်းရင်းသား ဆီအောက်စ်လူမျိုးစုများက ယင်းသို့ နိုင်ငံပိုင် သိမ်းလိုက်ခြင်းသည် အီရတ်က ကူဝိတ်အား ကျူးကျော်မှုနှင့် အလားတူသည်ဟု လူအခွင့်အရေးဆိုင်ရာ ကြားနာစစ်ဆေးမှု တစ်ရပ်တွင် ပြောကြားကြသည်။



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စောင်ရဲကျော်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် မိတ္ထီလာ မီးလောင်ပြင်ကို ကြည့်ရှုစစ်ဆေးနေစဉ်

၅ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်အလေးပြုခဲ့ပြီး မိန့်ခွန်းပြောကြားသည်။

ထိုင်းနိုင်ငံတွင် နောက်ဆုံးကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ ထိုင်းလူဦးရေသည် ၅၄ ဒသမ ၅ သန်းရှိပြီး ၎င်းလူဦးရေအနက် ၁၁ ထုခိုင်နှုန်းနီးပါးမှာ ဗန်ကောက်မြို့တော်တွင်နေထိုင်လျက်ရှိကြောင်း အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

၆ ၁၉၇၃ ခု နှစ် က ကို ရီး ယား လေကြောင်းပိုင် ဘိုအင်း ခရီးသည်တင် ဂျက်လေယာဉ်ကြီးကို ရုရှား ဂျက်တိုက်လေယာဉ်များက ဆာခါလင် အလွန်တွင် ပစ်ချခဲ့သဖြင့် ခရီးသည်များ အသက်ဆုံးရှုံးခဲ့ရာတွင်သမီးနှင့်သမက်ကို ဆုံးရှုံးခံခဲ့ရသော အသက် ၆၀ နှင့် ၆၉ နှစ်အရွယ်ရှိ ဂျပန်ဇနီးမောင်နှံနှစ်ဦးက ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ထံ အဖြစ်မှန်ကို ဖော်ထုတ်ပေးရန် စာရေးခဲ့ပြီး ဤလိအတွင်း ဂေါ်ဘာချော့ ဂျပန်နိုင်ငံသို့ အလည်အပတ် ရောက်လာပါက တွေ့ဆုံလိုကြောင်း တောင်းဆိုလိုက်ကြသည်။

၇ မိတ္ထီလာမြို့တွင် ည ၇ နာရီ မိနစ် ၄၀ ၌ မီးပေါ်ဆမ္မကြောင့် မီးလောင်မှု ဖြစ်ပွားသည်။ ရပ်ကွက် ခြောက်ကွက်အတွင်း တည် ရှိ ဓသာ ဌာ နဆိုင် ရာ အဆောက်အအုံ၊ စာသင်ကျောင်းနှင့် လူနေအိမ်ခြေစုစုပေါင်း ၅,၁၂၅ လုံးမီးလောင်ကျွမ်းပြီး လူဦးရေ ၂၅,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သည်။ ဆုံးရှုံးမှု တန်ဖိုး ကျပ်သိန်း ၅၀၀၀ ကျော်သည်။

ဥရောပ၌ အဆင်းရဲဆုံး ဖြစ်သော အယ် ဘေး နီး ယား နိုင်ငံ ကွန် မြူ နစ် အစိုးရက ယခုလမကုန်မီအတွင်း ကျယ်ပြန့်သော ပုဂ္ဂလိကပိုင်ဆိုင်ခွင့် လုပ်ငန်း အစီအစဉ်များကို ထုတ်ပြန် ကြေညာ မည် ဖြစ်ကြောင်း သတင်းစာ တစ်စောင်က ရေးသားသည်။

၉ ၁၉၃၆ ခုနှစ် အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဂျော်ဂျီယာတက္ကသိုလ် အားကစား နည်းပြဆရာဟောင်း အသက် ၇၇ နှစ်ရှိ ဖောရက်(စ်)လောင်းသည် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ညွန့်နှင့်အဖွဲ့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးခန်းမ၌ တရားဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် ဦးအောင်ခမ်းထီ ခေါင်းဆောင်သော (ပီအင်န်အို) ပအိုဝ်တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ရဟန္တာမဟာသိမ်တော်ကြီး ဘက်စုံပြုပြင် မွမ်းမံခြင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းတို့အတွက် ရေစက်ချ အလှူတော်

မင်္ဂလာအခမ်းအနား သို့တက်ရောက်ပြီး ရေစက်သွန်းချအမျှပေးဝေသည်။

ဒိန်းမတ်၊ ဆိုဗီယက်၊ အမေရိကန်နှင့် ဂရင်းလန်မှ အမျိုးသမီးလေးဦးသည် ပထမဆုံး လေ့လာရေးအဖွဲ့အဖြစ် ဂရင်းလန်ကျွန်းရှိ ကမ္ဘာ့အအေးဆုံးဒေသ ဖြစ်သော ရေခဲတောင်များသို့ လေ့လာရေးခရီးထွက်ကြမည် ဖြစ်ကြောင်း၊ ကမ္ဘာ့ အအေးဆုံးဒေသတွင် မဟော်မုန်းနှင့် ဆက်နွယ်သော ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကိုလေ့လာကြမည်ဖြစ်ကြောင်း ၎င်းတို့က ကြေညာပြောကြား လိုက်ကြသည်။

အမေရိကန်ပြည်ထောင်စုက အာရှတိုက်၌ ၎င်း၏စစ်ရေးတည်ဆောက်မှုကို လျှော့ချနေစဉ်မှာပင် ဂျပန်နိုင်ငံသည် အာရှတိုက်၏ လုံခြုံရေးကိစ္စတွင် ကျယ်ပြန့်သောအခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည် ဖြစ်ကြောင်း စင်ကာပူ ဝန်ကြီးချုပ် ဂိုချုပ်တောင်က ပြောကြားသည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာဂတ်မာရင်းသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ ဌာနေကိုယ်စားလှယ်က မိတ္ထီလာမီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ အမေရိကန်ဒေါ်လာ ၄၅,၀၀၀၊ ယူနီဆက်မှ ၂၅,၀၀၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၀,၀၀၀ ကို ချက်ချင်း အသုံးပြုနိုင်ရန် ထည့်ဝင် မည်ဖြစ်ကြောင်း ပြောကြားသည်။

၁၅ ဆိုဗီယက် ကျော်ကျီယာ သမ္မတနိုင်ငံ ပါလီမန်သည် ကျော်ကျီယာ၏ လွတ်လပ်မှုကို တိုးမြှင့်သည့်အနေဖြင့် အခွင့်အာဏာရှိသော သမ္မတရာထူးသစ်ကို တီထွင်လိုက်ပြီး ယင်းသမ္မတနေရာတွင် ကွန်မြူနစ်ဆန့်ကျင်ရေး ခေါင်းဆောင်နှင့် နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သော ဇာဗီယက်ဂမ်ဆက်ဟာဒီယာအား ရွေးချယ်ခန့်အပ်လိုက်သည်။ ၎င်းအားမာရှယ်လော ထုတ်ပြန်ခွင့်၊ သမ္မတအုပ်ချုပ်ခွင့်၊ နိုင်ငံသားဖြစ်မှု မှ ဖျက်သိမ်းခွင့် သို့မဟုတ် နိုင်ငံသားပြုခွင့်၊ စစ်ကြေညာခွင့် စသည့် အာဏာများကို အပ်နှင်းလိုက်သည်။

၁၆ ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့သည် ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိသည်။ ဆိုဗီယက် ခေါင်းဆောင်တစ်ဦး ဂျပန်နိုင်ငံသို့ ပထမဆုံး လာရောက်ခြင်းဖြစ်သည်။ ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့၏ ရုပ်ပုံထွင်းထုထားသည့် အမှတ်တရ ရွှေနှင့် ငွေတံဆိပ်များကို ဂျပန်နိုင်ငံ၌ ရောင်းချသည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့သည် နဝရတ် ရတနာမြေ(ပြင်လုံ)ဒေသ၊ နမ့်ဆာပတ္တမြား နယ်မြေများမှထွက်ရှိသော ကျောက်မျက်ရတနာများ၊ မိုးကုတ်မြို့ ကျောက်မျက်ရတနာတူးဖော်ရေးဌာနမှ ထပ်မံ ရရှိသည့် ကျောက်မျက်များနှင့်ပြင်ပပုဂ္ဂလိကများနှင့် ဖက်စပ် တူးဖော်ရရှိခဲ့သော ကျောက်မျက်ရတနာများကို ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဆင်ရေးခန်းမဋ္ဌာနကြည့်ရှုစစ်ဆေးကြသည်။

ဆိုဗီယက် ရှာနိုဘိုင်း နျူးကလီးယား ဓာတ်အားစက်ရုံ ဘေးအန္တရာယ်ကျရောက်မှုကြောင့် ဓာတ်ရောင်ခြည် သင့်ခံရသည့် ကလေးငယ် ၁,၅၀၀ ခန့်ကို လာမည့်နွေရာသီ၌ နိုင်ငံပေါင်း ၂၀ အနက် တစ်နိုင်ငံတွင် တစ်လတာ အနားယူအပန်းဖြေခွင့်ပေးမည် ဖြစ်ကြောင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မေယာက ပြောကြားလိုက်သည်။

၁၉- ၂၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ပဲခူးတိုင်း အရှေ့ခြမ်းမြို့နယ်များနှင့် ကရင်ပြည်နယ်၊ သံတောင်မြို့သို့ လှည့်လည်သွားရောက်ကာ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပို၍ ဒီမိုကရေစီကျသော အစိုးရဖွဲ့စည်းရန် ဖိအားပေးခံနေရသော ကုမိတ်နိုင်ငံသည် အာဏာရ အယ်ဆာဘားမီသားစုက အဓိကကျသော ဝန်ကြီးရာထူးများကို ဆက်လက်ရယူထားသည့် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်သည်။

၂၀ မတ်လ ၁၇ ရက်နေ့က ပြုလုပ်သော အီတလီအမှတ်ပေး ဘောလုံးပွဲတွင် ဘာရီကလပ်အသင်းနှင့် ယှဉ်ပြိုင်ကစားပြီးနောက် အီတလီနာပိုလီအသင်းတွင် ပါဝင်ကစားနေသူ မာရာဒိုနာအား ဆေးဝါးသုံးစွဲမှု ရှိမရှိ စစ်ဆေးရာ၌ မာရာဒိုနာသည် ကိုကင်းသုံးစွဲထားကြောင်း တွေ့ရှိရသဖြင့် အီတလီဘောလုံးအဖွဲ့ချုပ်က ၎င်းအား ဘောလုံးကစားခြင်းမှ ၁၅လ ပိတ်ပင်လိုက်သည်။

၂၀ ကူဝိတ်နိုင်ငံရှိ မီးလောင်နေသော ရေနံတွင်းများမှ ထွက်ပေါ်လာသည့် မီးခိုးမည်းများ တောင်ဘက်ဆီသို့ ရွှေ့လျားနေမှုကြောင့် ဘာရိန်းနိုင်ငံပေါ်သို့ မိုးမည်းများ ရွာသွန်းသည်။

၂၂ အီရတ်နိုင်ငံ၏ ဓာတုအဆိပ်ငွေ့လက်နက်နှင့် ဇီဝပိုးမွှားလက်နက်များအပြင် အစုလိုက်အပြုံလိုက်သေစေနိုင်သော အခြားလက်နက်များဖျက်ဆီးမှုကို ကြီးကြပ်ကွပ်ကဲမည့် ကော်မရှင်အား ဦးဆောင်ရန် ဆွီဒင် လက်နက်ထိန်းချုပ်ရေး ကျွမ်းကျင်မှု ပညာရှင်တစ်ဦးနှင့် အမေရိကန် ပါမောက္ခတစ်ဦးတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဟာဗီးယားပဲရက်(စ်) ဒေ ကွေးလျားက တာဝန်ပေးခန့်ထားသည်။

၂၃ ဖက်စပ်ကော်ပို ရေးရှင်း အမှတ် (၇)မှ အမှုဆောင်အဖွဲ့ဝင် အချို့မမှန်မကန် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကိုယ်စား ဒုတိယ တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းထွန်းက အမှုဆောင် ဒါရိုက်တာများနှင့် အသင်းသား များ၏ ကိုယ်စားလှယ်များ အား ကုန်သွယ်ရေး ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ (၁) တွင် ခေါ်ယူဆွေးနွေး သတိပေးသည်။

ဒီမိုကရေစီ အခွင့်အလမ်းများကို ပိုမိုဖွင့်ပေးမည့် အသစ်ဖွဲ့စည်းပြီးသော အစိုးရအဖွဲ့သို့ အီရတ်သမ္မတ ဆက်ဒမ် ဟူစိန်သည် မိမိချုပ်ကိုင်ထားသော အာဏာအချို့ကို လွှဲအပ်ပေးလိုက်သည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး

သန်းရွှေအား အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်း အဝေး ခန်းမ၌ မွန်မံသင်တန်းအမှတ် စဉ် (၁ /၉၁) တက် ရောက်ခဲ့ကြသော ဖွံ့ဖြိုးရေးသိပ္ပံဆင်း ဆရာ ဆရာမများက တွေ့ဆုံ ဂါရဝပြုသည်။ အဆို ပါ ဂါရဝပြုအခမ်းအနားတွင် ဗိုလ်ချုပ်ကြီး သန်းရွှေက ဩဝါဒ အမှာစကားပြောကြား သည်။

၂၅ ငှက်ဖျားရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ် လူတစ်သန်းနှင့် နှစ်သန်းကြား သေဆုံးနေကြရကြောင်းနှင့် ငှက်ဖျားရောဂါ ကူး စက်ပြန့်ပွားစေသည့် ကပ်ပါးပိုးမှာ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဆေးဝါးများကို ခံနိုင်ရည်ရှိနေကြောင်းဖြင့် ကမ္ဘာ့ ကျန်း မာ ရေး အဖွဲ့က ပြောကြား သည်။

ကာဒ် ဒုက္ခ သည် များ အား စောင့် ရှောက်ကူညီရေး လှုပ်ရှားလှုံ့ဆော်မှုအဖြစ် ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် ပဒေသာ ကပ္ပဒေနှင့် တေးဂီတအစီအစဉ်တစ်ရပ် ထုတ် လွှင့်တင်ဆက်သွားရန် ဗြိတိန်၊ ဂျပန်၊ နယ် သာလင်နှင့် သြစတြီး ယား နိုင် ငံတို့တွင် ဖျော်ဖြေနေသူ ဂီတအနုပညာရှင်များက သဘောတူ လက်မှတ်ရေးထိုးထားကြပြီဟု ပဒေသာကပ္ပဒေဖြစ်မြောက်ရေးဆော်သြကြသူ များက ပြောကြားသည်။

၂၇ အကြီးဆုံး ဆိုဗီယက်သမ္မတနိုင်ငံဖြစ် သည့်ရုရှားသမ္မတနိုင်ငံတွင် ဇွန်လ ၁၂ ရက်နေ့၌ ကျင်းပမည့် သမ္မတရွေးကောက် ပွဲများအတွက် ရုရှပါလီမန်ဥက္ကဋ္ဌ ဘောရစ် ယဲ့လ်ဆင်အား ဒီမိုကရက်တစ် ရုရှားလှုပ်ရှား မှုအဖွဲ့က အမည် စာ ရင်း တင် သွင်းလိုက် သည်။


၂၈ မြန်မာနိုင်ငံ ရုပ် ရှင် အစည်း အရုံး သင်းလုံးကျတ် နှစ်ပတ်လည်အစည်း အဝေးနှင့် အမှုဆောင်သစ်ရွေးကောက်ပွဲ အခမ်းအနားကို ထက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည်။ ဥက္ကဋ္ဌအဖြစ် ဦးညွန့်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးခင်ဇော်၊ ဒုတိယ ဥက္ကဋ္ဌ (၂)ဦးကျော်ဖေ၊ အထွေထွေအတွင်းရေးမှူး ဦးမြတ် တင်အေး အပါအဝင် အမှုဆောင်သစ် ၁၆ ဦးကို ရွေးချယ်လိုက်သည်။

၂၉ ကမ္ဘာကျော် အာဂျင်တီးနားဘော လုံးသမား မာရာဒိုနာအား မူးယစ် ဆေးဝါးလက်ဝယ်တွေ့ရှိမှုဖြင့် အာဂျင်တီး နားရဲအဖွဲ့က ဖမ်းဆီးပြီးနောက် မာရာဒိုနာ က အခါအားလျော်စွာ မူးယစ်ဆေးဝါးသုံး စွဲကြောင်းဝန်ခံ သဖြင့် တရား သူကြီး က ဒေါ်လာ ၂၀,၀၀၀ တန်အာမခံပေးကာ လွှတ်လိုက်သည်။

၃၀ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့အမိန့်၊ (အမိန့် အမှတ် ၁/၉၁)ဖြစ်သောဝန်ထမ်းများ ပါတီ နိုင်ငံရေးနှင့် ကင်းရှင်းစွာ ပြုမူနေထိုင်ခြင်း ဆိုင်ရာအမိန့်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်က (အမိန့်အရ) လက် မှတ်ရေးထိုး ထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ အရှေ့တောင် ဘက် ကမ်း ရိုး တန်း တစ် လျှောက် တွင် ရှစ်နာရီကြာ ဆိုက်ကလုံးမုန်တိုင်းတိုက်ခတ် ရာလူ ၂၅,၀၀၀ ခန့် သေဆုံးကြောင်း ယူအင် ဘီ သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းဒဏ်ကြောင့် သေဆုံးနေသော ကျွန်းား တိရစ္ဆာန်များ



မေလ

၁ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ စီစဉ် ကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး ပိုစတာနှင့် ပန်းပုပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲ အခမ်း အနားကို ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ကျင်းပသည်။

၂– ၂ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် လားရှိုး မြို့သို့ သွားရောက်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် (ပီအက်စ်အယ်အေ) ပလောင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။ လားရှိုးမြို့ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ခင်းကျင်းပြသထားသော မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး ပိုစတာနှင့် ပန်းပုပြပွဲပြိုင်ပွဲသို့ သွားရောက် ကြည့်ရှုသည်။

၄ အယ်လဘေးနီးယား သမ္မတ ရာမစ် အလီယာသည် ၁၉၇၅ ခုနှစ်က ဆိုရှယ်လစ် ဝါဒီ အင်ဗာ ဟိုဆာထံမှ ၎င်း အမွေ ဆက်ခံခဲ့သည့် ပါတီခေါင်းဆောင်ပိုင်း ရာထူးအပါအဝင် ကွန်မြူနစ်ပါတီ ရာထူး အားလုံးအား စွန့်လွှတ်လိုက်သည်။

ထိုင်းနိုင်ငံတွင် စစ်ဘက်က အာဏာ သိမ်းယူခဲ့ပြီးနောက် ရာထူးအာဏာ အလွဲသုံးစားပြု၍ ကိုယ်ကျိုးစီးပွား ရှာမှုမျှားကို ဖော်ထုတ်ရန် ပွဲစည်းပေးခဲ့သော ကော်မတီက ယခင်အစိုးရ အဖွဲ့ဟောင်းမှ ဝန်ကြီးဟောင်း သုံးဦး၏ အမည်များကို ထုတ်ပြန်ကြေညာလိုက်သည်။ ၎င်းတို့သည် မတရားချမ်းသာနေသူများ ဖြစ်သည် ဟုလည်း ယင်းကော်မတီက ပြောကြားသည်။

၅ ယူဂိုစလားဗီးယား စုပေါင်း သမ္မတ အဖွဲ့က လူမျိုးရေး ပဋိပက္ခများ ထပ်မံ မပေါ်ပေါက်ရေးအတွက် ကြားဝင် ဟန့်တားပေးရန် ယူဂိုစလပ် စစ်တပ်အား အာဏာ အပ်နှင်းလိုက်ကြောင်း ကြေညာသည်။

၉– ၁၅ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဒေသဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

၁၀ အီရတ်နှင့် ကူဝိတ် နှစ်နိုင်ငံနယ်စပ် ဒေသကို စစ်မဲ့ဒေသအဖြစ် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့က တရားဝင်ကြေညာသည်။

၁၁ သီရိလင်္ကာ နိုင်ငံတွင် ပြည်တွင်းစစ် ဖြစ်ပွားနေဆဲ ကာလမှာပင် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များရွေးကောက်ပဲ့များကိုပြုလုပ်သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဂဒသမ ၇ သန်း အနက် ၇၀ မှ ၇၅ ရာခိုင်နှုန်းအကြား မဲဆန္ဒ ပေးကြသည်။ ယခု ကျင်းပသော ဒေသန္တရ ရွေးကောက်ပဲ့များမှာ ၁၉၇၃ ခုနှစ် နောက်ပိုင်း ပထမဆုံး ကျင်းပခြင်း ဖြစ်သည်။

၁၂ နီပေါနိုင်ငံတွင် ဘုရင်အုပ်ချုပ်မှုစနစ်ကို စွန့်လွှတ်၍ ပါတီစုံ ရွေးကောက်ပဲ့များကို နှစ်ပေါင်း ၃၂ နှစ် အတွင်း ပထမဆုံး အကြိမ် အဖြစ် ကျင်းပသည်။ မဲဆန္ဒပေးနိုင်ခွင့် ရှိသူ ၁၁ သန်း ရှိသည့်အနက် ၆၀ နှင့် ၇၀ ရာခိုင်နှုန်း အကြား မဲပေးကြသည်။

၁၁၀ အကြိမ်မြောက် အထူး သတင်းစာရှင်းလင်းပွဲကို တပ်မတော် ညွှန်ကြားရေးဗဟိုဌာန ပြုလုပ်ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်က ရှင်းလင်းပြောကြားသည်။

၁၅– ၂၃ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီး ချစ်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံများသို့ လေ့လာရေးနှင့် ချစ်ကြည်ရေး ခရီး ထွက်ခွာသွားသည်။ ၂၇ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။

၁၅ မြို့တော်ရန်ကုန်ရှိ ရန်ကုန်တက္ကသိုလ်နှင့် ၎င်း၏ နယ်မြေခွဲများ ဖြစ်သော လှိုင်၊ ဗိုလ်တထောင်၊ ကြည့်မြင်တိုင်နယ်မြေများ၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များကို ဖွင့်လှစ်လိုက်သည်။

၂၁ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၏ မြန်မာနိုင်ငံ စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တွေ့ဆုံပွဲ အခမ်းအနားကို ကုန်သွယ်ရေး ဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံ စီးပွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က ရှင်းလင်း ပြောကြားရာတွင် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အတွေ့လွန်ကဲပြီး စီးပွားရေး ကမောက်ကမဖြစ်အောင် ဆက်လက် ဆောင်ရွက်နေကြမည်ဆိုပါက မာရှယ်လောဖြင့် ပြင်းပြင်းထန်ထန် အရေးယူမည် ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားသည်။

အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီသည် မဒရပ်မြို့အနောက်တောင်ဘက် ၂၅ မိုင် အကွာရှိ ဆရီပါရင်ဘူဒါမြို့ကလေး၌ ရွေးကောက်ပွဲ မဲဆွယ်တရားပွဲ ပြုလုပ်ရန် ၎င်းအား ကြိုဆိုနေသော လူအုပ်ကြီးအား လက်ပြန္နတ်ဆက်ရင်း စကားပြောစင်မြင့်သို့ လမ်း လျှောက် သွား ရာ ပန်း ခြင်း တစ် ခု အတွင်းမှ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသည်။ အနီးအနားရှိ အခြားလူ ၂၀ ခန့်လည်း သေဆုံးသွားသည်။

၂၂ ဆီးရီးယား သမ္မတ အာဆတ်နှင့် လက်ဗန္နန် သမ္မတ ဟာဇင်တို့သည် ဆီးရီးယားမြို့တော် ဒမတ်စကတ်ရှိ သမ္မတ



ရာဂျစ်ဂန္ဒီ၏ အသုဘ အခမ်းအနား



ရာဂျစ်ဂန္ဒီ၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်နေစဉ်

လာသော ဩစတြီးယား လော်ဒါလေကြောင်းလိုင်းမှ ဘိုးအင်း–၂၆၇ ခရီးသည်တင် ဂျက် လေ ယာဉ် တစ် စင်း သည် ဗန်ကောက်မြို့နိုင်ငံတကာလေဆိပ်မှ ပျံတက်ပြီး မကြာမီတွင် ပျက်ကျသွားရာ လေယာဉ်ပေါ် ပါရှိသည့် လူအားလုံး သေဆုံးသွားသည်။

၂၇ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရေကြောင်းပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရေကြောင်းပညာသိပ္ပံကျောင်း ဆင်မလိုက်တွင် ကျင်းပရာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အိမ်တော်တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

၂၄ စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ် စဉ် (၄၁) သင်တန်း ဆင်းပွဲကို ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင် သစ်၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းမြွက်ကြားသည်။

လုပ်ကြံ သတ် ဖြတ်ခြင်း ခံ ခဲ့ ရ သည့် အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီအား ဟိန္ဒူထုံးတမ်းစဉ်လာနှင့်အညီ မီးသင်္ဂြိုဟ်လိုက်သည်။ ရာဂျစ်ဂန္ဒီ၏ ဘာသာပန အခမ်းအနားကို အဘိုးဖြစ်သူ ဂျဝရဟာလာနေရူး၏ နေအိမ်မှစတင်၍ ယမုနာမြစ်ကမ်းပါး အရောက် ၁၀ မိုင် နီးပါးရှိသည့် ခရီးစဉ်အတိုင်း ပို့ဆောင်ခဲ့ရာ ပြည်သူ ၂,၅၀,၀၀၀ လိုက်ပါပို့ဆောင်ကြသည်။

၂၆ ခရီးသည် ၂၁၃ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၀ ဦး စီးနင်းလိုက်ပါ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော နီပေါအစိုးရ အဖွဲ့သစ်သည် နီပေါဘုရင် ဘီရင်ဒရာ ရွှေမှောက်တွင် ကျမ်းကျိန်ဆိုသည်။ နီပေါကွန်ဂရက်ပါတီခေါင်းဆောင် ဂီရီဂျာပရာဆတ် ကိုအီရာလာသည် နှစ်ပေါင်း ၃၀ အတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသော နီပေါနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာသည်။

၂၀ မွတ်မ်းမံသင်တန်း အမှတ်စဉ် (၂/၉၁) တက်ရောက်ခဲ့ကြသော ပြည်ထောင်စု

၁၂ ဆိုဗီယက် ပြည်ထောင်စုမှ တုတ် ထောက်ခုန် အားကစား သမား ဆာဂျေဘူကာသည် နိုင်ငံတကာ အပျော်တမ်း ပြေးခုန်ပစ် အဖွဲ့ချုပ် ပြိုင်ပွဲတွင် ၎င်း၏ ကမ္ဘာ့စံချိန်ဟောင်း ၆ ဒသမ ၀၇ မီတာကို ၆ ဒသမ ၀၈ မီတာဖြင့် စံချိန်သစ် တင်လိုက်သည်။

၁၃ ၁၉၁၁ ခုနှစ်က တည်ဆောက်ခဲ့သည့် "ပြည်ကျော်" အမည်ရှိ မြန်မာ့ ရိုးရာ ပြိုင်လှေကြီးကို မကွေးတိုင်း ရေစကြို မြို့နယ် မီးလောင်ကျွန်း ကျေးရွာ ကမ်းနား မွေဗိမာန် ကျောင်းတိုက် ဆရာတော် (အဂ္ဂမဟာအက္ကော်) ဦးကောဝိဒက နိုင်ငံတော်သို့ လှူဒါန်းခဲ့ပြီး ရေကြောင်း ဦးစီးဌာနပိုင် ဇက်အမှတ် (၂) ရေယာဉ်ဖြင့် သယ်ဆောင်လာရာ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

၁၄ ၁၉၇၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ် ချော်က် ချား စေ တတ် သော ဆေးဝါး တရားမဝင် သယ်ဆောင် ရောင်း ဝယ် ဖောက်ကားမှု ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်ကို မြန် မာ နိုင် ငံ မှ ပါဝင်သည့် စာချုပ်လွှာ အပ်နှံခြင်းနှင့် ပတ်သက်၍ နိုင် ငံ ခြား ရေး ဝန် ကြီး ဌာန တိုးချဲ့ အဆောက်အအုံသစ်၌ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။ ကွန်ဗင်းရှင်းသို့ ပါဝင်သည့် စာ ချုပ် လွှာ ကို ကုလသမဂ္ဂ အ တွင်း ရေး မှူး ချုပ် ထံ သို့ ၁၉၉၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ပေး ပို့ ပါ ဝင် ခဲ့ ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံ ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦး အုံး ကျော်က ရှင်းလင်းတင်ပြသည်။

ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်သည့် အကြီးဆုံးနှင့်အဓိကအကျဆုံး သမ္မတနိုင်ငံ ဖြစ်သည့် ရုရှား ဖက်ဒရေးရှင်း သမ္မတနိုင်ငံ တွင် ပထမဆုံး ကျင်းပခဲ့သော သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ဘောရစ်ယဲလ်ဆင် သည် ကနဦးစာရင်းများအရ ဆန္ဒမဲ ထက် ဝက်ကျော်ဖြင့် ပြိုင်ဘက် သမ္မတလောင်း ဂါးဦးကို အနိုင်ရရှိသည်။

၁၅ အစည်းအဝေးပွဲများနှင့် ညစာစားပွဲ များ၌ ယခင်ဆိုဗီယက်ခေါင်းဆောင် ကျိုးဇက်စတာလင်၏ နေရာတွင် အစားထိုး တက်ရောက်ရန် ဌာနရမ်းခဲ့ရသော ကျိုးဇက် စတာလင်နှင့် ရုပ်ချင်းအလွန်ဆင်သူ ဂျာရှစ် တိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုးရေးသိပ္ပံဆင်း ပညာရေးဝန်ထမ်းများ တွေ့ဆုံဂါရဝပြုသြဝါဒခံယူပွဲ အခမ်းအနားကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်း ရှိ ဗဟို အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုး တက် မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေက သြဝါဒ စကားမြွက်ကြားသည်။

၃၁ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့လေကြောင်းမှပထမနေ့အဖြစ် ရန်ကုန် – ဟောင်ကောင် – ရန်ကုန် လေကြောင်းခရီးစဉ်ကို စတင် ပျံသန်းသည်။ အဆိုပါခရီးစဉ်ကို အပတ်စဉ် တနလ်ာနေ့နှင့် သောကြာနေ့တိုင်း အက်ဖ် (၂၈) လေယာဉ်ဖြင့် ပျံသန်းပေးသွားမည်ဖြစ်ရာ ခရီးသည် ၈၅ ဦးအထိ သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ဇွန်လ

၂ ကမ္ဘာပေါ်တွင် ရော်ဘာ အကြီး အကျယ် ထုတ်လုပ်သည့် မလေးရှား နိုင်ငံတွင် စက်ရုပ်များအသုံးပြု၍ ရော်ဘာ စေးများ စတင်ထုတ်လုပ်သည်။ ရော်ဘာ စေးခြစ်သည့် စက်ရုပ်များကို မလေးရှား ရော်ဘာသုတေသန ဗီမာန်ကထုတ်လုပ်ပေး ခဲ့ခြင်း ဖြစ်သည်။

၇ ၁၉၉၁–၉၂ ပညာသင်နှစ် အတွက် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်း လုံးတွင် တစ်ပြိုင်တည်း ဖွင့်လှစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ အနောက်တောင်ဘက် မိုင် ၆၁၀ အကွာတွင်ရှိသော အန်ဇင်မီးတောင် ပေါက်ကွဲမှုကြောင့် လူ ၃၇ ဦးထက် မနည်း သေဆုံး၍ ၃၁ ဦး ပျောက်ဆုံးသည်။

ဆိုဗီယက်ပြည်ထောင်စု၏ ပြည်ထောင်စုသစ် စာချုပ်အပြီးသတ် အချောကိုင်ရေး ပြင်ဆင်မှုကော်မတီ အစည်းအဝေး တစ်ရပ်ကို မော်စကိုမြို့နှင့်နီဗိုအိုပါရီဗိုတွင်ကျင်းပရာ ဆိုဗီယက်သမ္မတ ဂေါ်ဘာချေ့ဖ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ယင်းအစည်းအဝေးက ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံအမည်သစ် အဖြစ် ဆိုဗီယက် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံများ ပြည်ထောင်စု (The Union of Sovereign Republics) ဟု ထပ်လောင်း အတည်ပြုသည်။

၅ အယ်ဘေးနီးယား နိုင်ငံ သမ္မတ ရာမစ် အယ်လီယာက အမျိုးသား ကယ်တင်ရေး အိမ်စောင့် အစိုးရခေါင်း ဆောင်အဖြစ် ဆောင်ရွက်ရန်အတွက်ယခင် ကွန်မြူနစ် ပါတီမှ ဝန်ကြီးဟောင်း တစ်ဦး ဖြစ်ခဲ့သော ယီလီဘတ်ဖီအား ဝန်ကြီးချုပ် အဖြစ် ရွေးချယ်လိုက်သည်။

အယ်ဂျီးရီးယား သမ္မတ ချဒလီဘင်ကျဒစ်သည် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဆီဒီအာမက်ဂိုဇာလီအား ဝန်ကြီးချုပ်သစ် အဖြစ် ခန့်အပ်လိုက်သည်။

၈ အာရှ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ် အမျိုးသမီး အသင်းက ဂျပန်အမျိုးသမီး အသင်းကို ၅ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သုံးနှစ်မြောက် ဆက်တိုက် ဗိုလ်စွဲသွားသည်။

၉ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အနောက်မြောက်ဘက် ၅၅ မိုင်အကွာရှိ ပင်နာတူဘို မီးတောင်ပေါက်ကွဲသည်။ မီးတောင်သည် ဆက်လက်၍ အကြိမ်ကြိမ် ပေါက်ကွဲခဲ့ရာ သေဆုံးသူ ၃၀၀ ကျော် ရှိခဲ့ပြီး လူပေါင်း နှစ်သိန်းခန့် အိုးပစ် အိမ်ပစ် ထွက်ပြေးခဲ့ကြရသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင် အထည် ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် ခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် မြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး ကိစ္စများကို ကြည့်ရှုစစ်ဆေး မှာကြားသည်။

တောအရက် သောက်သုံး သဖြင့် လူပေါင်း ၂၁ ဦးသေဆုံးပြီး ၈၂ ဦးကို မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသ ထားရသည်။ ညပိုင်းတွင် ခုနစ်ဦး ထပ်မံ သေဆုံးပြီး အတွင်းလူနာ ၁၂၃ ဦး ဖြစ်လာသည်။

ဆိုသူသည် ဆိုဗီယက်တောင်ပိုင်းရှိ ခရက်စ်နိုဒါမြို့၌ အသက် (၉၃)နှစ် အရွယ်တွင် သေဆုံးသွားသည်။

၁၆ မြို့တော်ဝန် မာရသွန် ပြိုင်ပွဲ (ရန်ကုန်) ၁၉၉၁ ပြိုင်ပွဲကို နံနက် ၆ နာရီတွင် ရန်ကုန် မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ပြိုင်ပွဲဝင် ၂,၆၀၉ ဦး ပါဝင် ယှဉ်ပြိုင်သည်။ အသက်အငယ်ဆုံး ခုနစ်နှစ်မှ အသက် ၆၀ ကျော်အထိ ပါဝင်ဆင်နွှဲကြသည်။

သတ္တမအကြိမ်မြောက် အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ နိုင်ငံတကာ ညီလာခံကို အီတလီနိုင်ငံ ဖလောရင့်စ်မြို့တွင် စတင် ကျင်းပသည်။

မန္တလေး စျေးချို့တော် ခေတ်မီ စျေးသစ်ကြီး ဆောက်လုပ်ရေး အုတ်မြစ်ချ ပွဲ ကျင်းပသည်။

၁၇ ထိုင်းဘုရင့် တပ်မတော် စစ်သေနာ ပတိချုပ်ရုံးမှ ဒုတိယစစ်ဦးစီးအရာရှိ JJ ချုပ် ဗိုလ်ချုပ်ကြီး ဝီဂျစ်စုခ်မတ် နှင့်အဖွဲ့ ရန်ကုန် မြို့သို့ ရောက်ရှိလာရာ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြား ရေးမှူး ဗိုလ်ချုပ် ခင်ညွှန့်နှင့်အဖွဲ့က ကြိုဆို ကြသည်။


ရာထူးမှ ဖယ်ရှားခြင်းခံရသော တူရ ၁၇ ကီဝန်ကြီးချုပ် ယီလ်ဒီရင် အက်ဘူ လွတ်၏ နေရာတွင် နိုင်ငံခြားရေး ဝန်ကြီး ဟောင်း မီဆွတ်ယီမက်ဇ်အား ခန့်အပ် လိုက်သည်။

ကမ္ဘာ့ဩဇာအကြီးဆုံး မူးယစ်ဆေး ၁၉ မျှောင်ခို ဆုဇာဖြစ်သူ ကိုလုံးဗီးယား နိုင်ငံမှ နာမည်ကြီး မက်ဒယ်လင် ကိုကင်း ဂိုဏ်းခေါင်းဆောင် ပက်ဘလို အက်စကို ဘာသည် အာဏာပိုင်များထံ အဖမ်းခံ လိုက်သည်။

မန္တလေး မြို့ မိုးကောင်းကျောင်း ၂၀ တိုက်၊ ဒေးဝန်းအုတ်ကျောင်းဆရာ တော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိကာ ဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ



ရန်ကုန်မြို့တော်ဝန် မာရသွန်ပြိုင်ပွဲတွင် အသက် ခုနစ်နှစ်ရှိ စိုးကိုကိုလွင် ပန်းဝင်လာစဉ်



မူးယစ်ဆေးဝါး မှောင်ခိုကုန်ဘာ
အက်စကိုဘာ

ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥာဏာဘိဝံသတို့ ဦးဆောင်တော်မူသော အဖွဲဝင် ၂၁ ဦး ပါဝင်သည့် သာသနာ့ ချစ်ကြည်ရေး မြန်မာပုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲသည် လောပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြား ချက်အရ အထူးလေယာဉ်ဖြင့် လောနိုင်ငံသို့ ထွက်ခွာသွားသည်။

အကြိမ် ၂၀ မြောက် အာရှကျောင်းများ၏ အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ထိုင်းကတောင်ကိုရီးယားကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

၂၁ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၈၁) ဆင်းပွဲ အခမ်းအနားကို မှော်ဘီဗိုလ်သင်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက် အမှာစကား ပြောကြားသည်။

ဂျပန်နိုင်ငံ၏အကြီးမားဆုံးအတိုက်အခံပါတီဖြစ်သည့် ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဒုံအီသည် ထုထူးမှုနုတ်ထွက်ကြောင်း ကြေညာသည်။

အိန္ဒိယ ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်အဖြစ် ကွယ်လွန်သူ ထာဂျစ်ဂန္ဒီ၏နေရာတွင် ဆက်ခံရန် ရွေးချယ်တင်မြောက်ခြင်းခံခဲ့ရသူ ပီဗွီနာရာဆင်ဟာရောင်းသည် အိန္ဒိယနိုင်ငံ၏ နဝမမြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၃ ၁၉၉၁ ခုနှစ် ကမ္ဘာ့ အိုလင်းပစ်နေ့ (Olympic Day Run) အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပသည်။

၂၂ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှုတည်ဆောက်ရေးအဖွဲနှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲများ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယူဂိုဆလားဗီးယားနိုင်ငံတွင် ခရိုအေရှား နှင့် ဆလိုဗီးနီးယား သမ္မတနိုင်ငံတို့က ယူဂိုဆလားဗီးယားပြည်ထောင်စုမှခွဲထွက်၍ လွတ်လပ်ရေးကြေညာသည်။ ယင်း တို့၏ ကြေညာချက်များသည်တရားမဝင်ကြောင်း ယူဂိုဆလားဗီးယားအစိုးရက ၂၆ ရက်နေ့က ကြေညာသည်။

၂၆ ဗီယက်နမ်ကွန်မြူနစ်ပါတီညီလာခံတွင် ပါ ကီ ခေါင်း ဆောင် အပြောင်းအလဲများပြုလုပ်သည်။ အထွေထွေအတွင်းရေးမှူးငုယင်ဗန်လင်းနုတ်ထွက်သွားပြီး လက်ရှိဝန်ကြီးချုပ်ဒိုမွိုင်းက ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ပေါ်လစ်ဂြူရိုအဖွဲဝင် ၁၂ ဦးအနက် ခုနစ်ဦးနုတ်ထွက်သွားရာ ငုယင်ဗန်လင်းအပြင် သမ္မတဗိုချီကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ငုယင်ကိုသက်နှင့် ပြည်ထဲရေးဝန်ကြီး မေချီသိုတို့လည်း ပါဝင်သည်။

၂၇ ပြင် သစ် နိုင်ငံ အ စိုး ရ ထံ မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက တရားဝင်ဖွဲ့ဖြိုးမှုအထောက်အပံ့အစီအစဉ်ဖြင့် ချေးယူခဲ့သော ကြေးမြို ကျပ် ၅၇၂ သန်း ခန့်ကို ပယ်ဖျက်ခြင်းဆိုင်ရာ စာလွှာတစ်ရပ်ကို ပြင်သစ်သံအမတ်ကြီးက စိမ်ကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အောဘယ်လ်ထံ ပေးအပ်သည်။

၂၀ အရှည် ၁၈ ဒသမ ၈၄ မိုင်၊ ချောင်းကျော်တံတားကြီးပေါင်း ၁၇ ခု၊ ရေပြွန်ထွက်ပေါက်ပေါင်း ၆၇ ခုရှိသည့် ရန်ကုန်မြို့တော်ပတ်လမ်းသစ်ကြီးပွင့်ပွဲကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ အဖွဲဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးနှင့် ပြည်သူလူထုတစ်သိန်းခွဲ ကျော်တက်ရောက်သည်။

ကမ္ဘာလိုင်လ

၁ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲက ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ စတုတ္ထအကြိမ် ဖျက်ဆီးသည့် ပြပွဲကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေ ရဲရိပ်သာ၌ ကျင်းပသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲဥက္ကဋ္ဌ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် အမှူးပြု၍ အစိုးရအဖွဲဝင် ဝန်ကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ အတွင်းရေးမှူး(၁)အတွင်းရေးမှူး (၂) နှင့် တက္ကသိုလ်ဝန်ရှိပုဂ္ဂိုလ်များ၊ သံရုံးအာဏာပိုင်ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲအစည်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ စတုတ္ထအကြိမ် ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ပမာဏမှာ ဘိန်းဖြူ ၂၆ ဒသမ ၃၅၅ ကီလို ဘိန်းညို ၂၈ ဒသမ ၉၆၅ ကီလို၊ ဘိန်းဆီ ၁ ဒသမ ၅၄၂ ကီလို၊ ဘိန်းရည် ၆ ဒသမ ၂၂၆ ကီလို၊ ဆေးခြောက် ၃၇၇ ဒသမ ၇၉၈ ကီလိုနှင့် ဖင်ဆီဒိုင်း ၂,၂၆၆ ဒသမ ၇၅၀ လစ်တာဖြစ်သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၂ သန်း၊ မြန်မာကျပ်ငွေ ၁,၂၀၆ သန်းကျော်ရှိသည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် ဂို ချုပ်တောင်သည် ၎င်း၏ ဝန် ကြီး အ ဖွဲ့ကို အပြောင်းအလဲပြုလုပ်လိုက်သည်။ ယခင်က ၎င်းပူးတွဲကိုင်ထားသော ကာ ကွ ယ် ရေး ဝန်ကြီးဌာထူးကို ယခင် ဆက်သွယ်ရေး ဝန်ကြီး၊ ယိုနှင်ဟွန်းအား လွှဲအပ်သည်။ မဘောင်းတန်အား ခေတ္တ ဆက်သွယ်ရေး ဝန်ကြီး၊ ကျော့ ယောင် ဘွ နှံး ယို အား ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး မစွစ်ဆို့အိုင်မီးအား လူမှုဖွံ့ဖြိုးမှုဝန်ကြီး၊ ဆီဒက် စနစ်မိအား ပညာရေးဝန်ကြီးအဖြစ် အသီးသီးခန့်အပ်လိုက်သည်။

၂ အမေရိကန်ပြည်ထောင်စု ဘော့စတွန်မြို့ရှိ ဂျွန် နိုင် ငံ သား မျှား ပိုင်ဆိုင်သည့် ဝမ်လက်ဘော်တရိကုမ္ပဏီသည် ၎င်းတို့ထုတ်လုပ်သည့် ကွန်ပျူတာစက်မျှား ရောင်းမထွက်သဖြင့် အ လုပ် လုပ် လျက်ရှိသော အလုပ်သမားစုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် အလုပ်သမား ၄၀၀၀ ခန့် လျှော့ချရန် အစီအစဉ်ကို ကြေညာလိုက်သည်။

၃ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး က ချီးမြှင့်သော အ ရှေ့တောင် အာရှ ဒေသဆိုင်ရာ ဆေး လိပ် တို က် ဖျ က် ရေး ဆုအတွက် မြန်မာနိုင်ငံမှ ဗိုလ်မှူးတင်မောင် (အငြိမ်းစား) စာရေးဆရာ သိပ္ပံမှူးတင် အား ရွေးချယ်လိုက်ကြောင်း ဆိုင်ရာမှ သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂသည် လောလောဆယ်တွင် ယူဂိုစလားဗီးယား ပဋိပက္ခကို ကြားဝင် ဖျန်ဖြေပေးရန် အစီအစဉ်မရှိသေးကြောင်း ဥရောပကဆောင်ရွက်နေသည့် ၎င်း တို့ ၏ မူဝါဒမျှားတွင် ကြားဝင်စွက်ဖက်လိုခြင်း မရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒေကွေးလျားက ပြောကြားသည်။

၄ နိုင် ငံ ဘော် ငြိ မ် ဝ င် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေး မှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် ဂီတအနုပညာ ရှင်မျှား တွေ့ဆုံဆွေးနွေးပွဲကို ကာကွယ်ရေး ဝန်ကြီးဌာန၊ ခန်း မ ဆောင် သစ် ကြီး၌

အမေရိကန် – ဆိုဗီယက် လက်နက် လျှော့ပေါ့ရေး ထိပ်သီးဆွေးနွေးပွဲ

ကျင်းပသည်။ အတွင်းရေးမှူး (၁) က အမှာစကားပြောကြားရာတွင် အနုပညာ စွမ်းအားမှာ အစွမ်းထက်သည့် လူထု ဆက်သွယ်ရေး လက်နက်တစ်ခုဖြစ်ကြောင်း၊ အနုပညာစွမ်းအားဖြင့် လူထုကို ဆွဲဆောင် နိုင်ကြောင်း၊ ယဉ်ကျေးမှု ပျောက်လျှင် လွတ်လပ်ရေး ဆုံးရှုံးနိုင်ကြောင်း၊ တိုင်း တပါးယဉ်ကျေးမှု မ ဖုံး လွှမ်း နိုင်အောင် အနုပညာရှင်များတွင် တာဝန်ရှိကြောင်း၊ ခေတ်ရေစီးကြောင်းအတိုင်း လူပ်ရှားကြရာ တွင် သမိုင်းကြောင်းကို မေ့၍မရကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

၅ ပြင်သစ်အစိုးရက ဂရင်းပီ စ် ခေါ် သဘာဝဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့မှ ရိန်းဘိုးဝါရီယာသဘော်ဂကို ဗုံးခွဲ ကျူးလွန်ရာတွင်ပါဝင်ခဲ့သူ သူလျှိုတစ်ဦးကို သူရဲကောင်းမှတ်တမ်းတင် ဂုဏ်ပြုခဲ့သည့် အတွက် မျှားစွာ စိတ်ထိခိုက်ရကြောင်း နယူးဇီလန်အစိုးရက ပြောကြားသည်။

၆ ယခင်က သံကြိုးတမန်ကြီး ဖြစ်ခဲ့သူ နှင့် ၁၉၇၉ ခုနှစ် အီဂျစ် – အစ္စရေး ငြိမ်း ချမ်း ရေး စာ ချုပ် အ ထမြောက်ရေး အတွက် ဗီသုကာတစ်ဦးအဖြစ် ဆောင်ရွက် ခဲ့သူ ဘူထရိုဂါလီကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ရာထူးအတွက် တင်သွင်း ရန် အီဂျစ်နိုင်ငံက ရွေးချယ်လိုက်သည်။

၇ လူရွှင်ဘတ်မြို့၌ ရုံးချုပ်ထားရှိသော ချေးငွေနှင့် ကူးသန်းရောင်းဝယ်ရေး နိုင်ငံတကာဘဏ် ဘီစီစီအိုင် ၌ ငွေအလဲ သုံးစားမှုမျှား ဖြစ် ပေါ် လျ က် ရှိ သည် ဆိုသောသတင်းမျှား ပျံ့နှံ့ထွက်ပေါ်လာပြီး နောက် ဟောင်ကောင်က ဘီစီစီအိုင်ဘဏ် ခွဲမျှားနှင့် ဆက်သွယ်ဆောင်ရွက်မှုမျှားကို ရပ်ဆိုင်းထားလိုက်သည်။

၈ ပြည်ထောင်စု မြန် မာ နိုင် ငံတော် အစိုးရ၊ ကုန်သွယ်ရေး ဝန်ကြီးဌာန သည် မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထား သော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင် ငံ ခြား ဧည့်သည်များ အတွက် ဆောင်ရွက်သော ခ ရီး လှည့် လည် ရေး လုပ် ငန်း များ နှင့် စပ်လျဉ်းပြီး ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်ဆိုင်ရာ အ မိန့် ကို ထုတ် ပြန် လိုက် သည်။

တစ်ချိန်က ကွန်မြူနစ်ပါတီ အကြီးအကဲ တစ်ဦးဖြစ်ခဲ့သူ ဘောရစ်ယဲလ်ဆင်သည် ရုရှားဖက်ဒရေးရှင်း၏ ပထမဆုံး တိုက်ရိုက် ရွေးချယ်တင်မြှောက်ခံရသော သမ္မတအဖြစ် ကရင်မလင်နန်းတော်၌ ကျမ်းသစ္စာကျိန်ဆို သည်။

၁၁ ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဖိဒယ် ရာမို့စ် ရှေနှစ်မေလတွင် ကျင်းပ မည့် သမ္မတရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်ရန်အတွက် ရာထူးမှနုတ်ထွက်သည်။

၁၂ တတိယအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ၄၇ ပါး စုံ ညီ ပဋ္ဌမအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင် အ စည်း အဝေး ခန်းမ၌ ကျင်းပသည်။



၁၄ လွန်ခဲ့သော နှစ်ပေါင်း ၄၉၉ နှစ်က နယ်ပယ်သစ် ရှာဖွေသူ ခရစ္စတိုဖာ ကိုလံဘတ် ပင်လယ်ခရီးထွက်စဉ်က အသုံးပြုခဲ့သည့် ဆန်တာမာရီယာ ရွက်သင်္ဘောနှင့် တစ်ပုံစံတည်း တည် ဆောက် ထား သော ရွက်သင်္ဘောသည် မိုင် ၁၇,၀၀၀ ခရီးနှင်ရန် စပိန်နိုင်ငံ၊ ဘာစီလိုနာဆိပ်ကမ်းမှ စတင် ထွက်ခွာသည်။

၁၅- ၁၇ ကျီ – ၇ ဟု ခေါ်သည့် စက်မှု ခုနစ်နိုင်ငံ ၁၇ ကြိမ်ဓမြောက် ထိပ်သီး ဆွေးနွေးပွဲကို လန်ဒန်မြို့တွင် ကျင်းပသည်။ ယခုနှစ် ဆွေးနွေးပွဲသို့ အိမ်ရှင် ဗြိတိန်နိုင်ငံ၏ ဖိတ်ကြားချက်အရ ကျီ – ၇ အဖွဲဝင်မဟုတ်သည့် ဆိုဗီယက် ပြည်ထောင်စုမှ သမ္မတ ဂေါ်ဘာချော့လည်း တက် ရောက်ခဲ့သည်။

၁၆ နိုင် ငံ ဇော် ငြိ မ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဇနီးတို့သည် ကန်တော်ကြီးဟိုတယ်၌ ယာယီသတင်းသုံးနေတော်မူသော လောပြည်သူဒီမိုကရက် တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၊ စီအမ်ဖွန်း ကျောင်းမှ ဆရာတော် အကျန်ရှိုင်အား သွားရောက် ဖူးမြော်ကန်တော့ပြီး လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

၁၈ ၁၉၉၁ ခုနှစ် မေလနှင့် ဇွန်လမှစ၍ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသနှင့် မြွနိစပါယ်နယ်မြေ ၁၈ ခုတို့တွင် ကြီးမားသော ရေလွှမ်းမိုး မှုဒဏ်ကို ကြုံတွေ့ရခြင်းအပေါ် စာနာ ထောက်ထားသောအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ဆန်တန်ချိန် ၁,၅၀၀ လှူဒါန်းရန် ဆုံးဖြတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးအုံးကျော်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဝမ်ယွန်ဖုန်းအား ပြောကြား၍ စာလွှာ ပေးအပ်သည်။

၁၉ နိုင်ငံခြားဘဏ် လုပ်ငန်းအာဏာပိုင် များကသိမ်းဆည်းခဲ့သည့်နိုင်ငံတကာ ချွေးငွေနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဘီစီစီအိုင်နှင့် ၎င်းကထိန်းချုပ်ထားသည့် အမေရိကန် ဘဏ်သုံးခုတို့ ပါဝင်ပတ်သက် နေသည့် ရာဇဝတ်ပြစ်မှု ချိုးဖောက်ခဲ့သည် ဆိုခြင်းနှင့်ပတ်သက်၍ မိမိတို့ စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်အစိုးရရှေ့နေ များက အစောပိုင်းတုန်းက ပြောကြားသည်။

၂၀ ဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် ချဒ် နိုင်ငံတွင် သေဆုံးသူလူပေါင်း ၉၀၀ ရှိသည်။ ကူးစက်တတ်သည့် ရောဂါကြောင့် အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မေလမှစတင်၍ သေဆုံးသူ ၁,၇၀၀ နီးပါးရှိသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ဟောင်း ရာဂျစ် ဂန္ဓီအား လုပ်ကြံသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ အဓိက သက်ဝင်ကင်းသော အင်ရှာမူဂန် ဆိုသူအား ရဲများကဖမ်းဆီး၍ လုပ်ကြံသတ် ဖြတ်ရာတွင် အသုံးပြုသည့် ဖောက်ခွဲပစ္စည်း များ ဝှက်ထားသည့်နေရာကိုပြရန် ၎င်း၏ ဇာတိကိုဒီယာကာဒူရှာသို့ ခေါ်ဆောင်လာ စဉ် ထွက်ပြေးလွတ်မြောက်သွားပြီး နောက် တစ်နေ့တွင် မိမိကိုယ်ကို ကြိုးဆွဲချသေနေ သော အင်ရှာမူဂန်ကို ရဲများတွေ့ရှိသည်။

၂၁ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး မိသားစု ဝါဆိုသက်နှံးကပ်လှူပွဲကို ကမ္ဘာအေးကုန်း မြေရှိ ဆွမ်းစားဆောင်၌ကျင်းပရာ နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဇနီး တက်ရောက်၍ ဆရာတော် ကြီး များ အား ပူဇော်ကန်တော့ပြီး လှူ ဖွယ် ဝတ္ထု များ ဆက်ကပ်လှူဒါန်းသည်။

၂၂ မီးခဲဖိုက်ဗာ ပစ္စည်းများ ထုတ်လုပ် သော ကုမ္ပဏီများတွင် နှစ်ရှည်လများ အလုပ်လုပ်ခဲ့ရာ၌ Asbestos ဓာတု ပစ္စည်းများနှင့် ထိတွေ့မှုကြောင့် မိမိ၏ ယောကျ်ား အ ဆုတ် ကင် ဆာ ဖြစ် ကာ သေဆုံးခဲ့ရခြင်းဖြစ်၍ လျော်ကြေးငွေ ရလို ကြောင်း တရားရုံးသို့ လျှောက်ထားခဲ့သော အော်ဗီရာဒိတ်ချိဟီးဆိုသူ အမျိုးသမီးကြီး အား သက်ဆိုင်ရာကုမ္ပဏီများက လျော် ကြေးငွေ ဒေါ်လာ ၁ ဒသမ ၂ သန်း ပေး ဆောင်ရန် အ မေ ရိ ကန် ပြည် ထောင် စု၊ ဖလော်ရီဒါ တရားရုံးက စီရင် ဆုံးဖြတ် လိုက်သည်။

၂၃ ပြည်ထောင်စု မြန် မာ နိုင် ငံ တော်၊ ပါတီ စုံ ဒီမိုက ရေ စီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်နှင့် ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခဲ့ ဥက္ကဋ္ဌ များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နှင့် ပါပူဝါနယူးဂီနီနိုင်ငံ အစိုးရတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် အပြည် ပြည်ဆိုင်ရာ ဥပဒေပါ မူများအပေါ် အခြေ ခံလျက် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးတက် စေရန်ရည်သန်၍ သံတမန် အဆက်အသွယ် ပြုလုပ်လိုက်ကြသည်။

၂၅ နိုင်ငံတကာ ချေးငွေနှင့် ကူးသန်း ရောင်းဝယ်ရေးဘဏ် (ဘီစီစီအိုင်) သည် လိမ်လည်မှုများဖြင့် အလွန်အမင်း ပွေလီလွှပ်ထွေးနေရာ အဆိုပါ ဘဏ်သည် ဗြိတိန်နိုင်ငံ၌သာ မြန်လည်ဖွင့်လှစ်နိုင်မည့် အနေအထားတွင် မ ရှိ နိုင် တော့ ကြောင်း အင်္ဂလန်ဘဏ် ဘဏ် အုပ် ချုပ် ရေးမှူးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဟူ စ တန် မြို့တွင် ၁၆ နှစ်အရွယ် ကိုယ်ဝန် ခုနစ်လရှိ အမျိုးသမီး တစ်ဦးသည် ဓားပြတိုက်မှု ဖြစ်ပွားစဉ် ဦးခေါင်းကို သေနတ်ကျည်ဆန် ထိမှန်ပြီး ဦးနှောက် ပျက်စီးသွားခဲ့သော်လည်း ဆရာဝန်များက မိခင်ဝမ်းကွင်းမှ ကလေးငယ်ကို ခွဲစိတ် မွေးပေးလိုက်သည်။

၂၇ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ ဘုရားတိ ပြည် နယ် ဗုဒ္ဓ ဘာ သာ ပြန်လည်ထူနိုင်းကားခြင်း နှစ် ၂၅၀ မြောက် အခမ်းအနားကို အင်္ဂလန် အိုလန် အို ဒေး မြို့ တွင် တက်ရောက်ခဲ့ကြပြီးနောက် မော်စကိုမြို့တွင် သံတောင် (ဘဂ) ရှိ စေတီတော်ကြီး တစ်ဆူ တည်ထားကိုးကွယ်ရေး ကိစ္စများ ကို ဆွေးနွေး ညှိနှိုင်းခဲ့သော အဖွဲဝင် လေးဦး ပါဝင်သည့် မြန်မာ ဗုဒ္ဓဘာသာ ကိုယ်စားလှယ် အဖွဲသည် ဗန်ကောက်မှ တစ်ဆင့် ရန်ကုန်လေဆိပ်သို့ ပြန်လည် ရောက်ရှိသည်။

၂၉ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပ မည့် တတိယအကြိမ်မြောက် အာရှ နှင့် ပစိဖိတ်ဒေသအတွင်းရှိ ကလေးသူငယ် ကျောင်းသား ကလေးများ တွေ့ဆုံပွဲသို့ တက်ရောက်ရန် မြန်မာလူငယ် ကျောင်း

သား ကျောင်းသူကလေး ၁၀ ဦးတို့သည် ကြီးကြပ်သူ နှစ်ဦး လိုက်ပါလျက် ဂျပန်နိုင်ငံသို့ ထွက်ခွာကြသည်။

၃၀ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အဆင့်မြင့်ပညာ တက္ကသိုလ်များသည် ဘွဲ့လွန်ဒီဂရီရရှိသူ ၁,၇၀,၀၀၀ နှင့် ဒေါက်တာဘွဲ့ရရှိသူ ၇၀၀၀ တို့ကို ၁၀ နှစ်အတွင်း သင်ကြား ပို့ချပေးကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဇော်ပြသည်။

၃၀-၃၁ အမေရိကန် သမ္မတ ဂျေ့ဘုရှ်နှင့် ဆိုဗီယက် သမ္မတ ဂေါ်ဘာချေ့ဗ်တို့သည် နှစ်နိုင်ငံ ထိပ်သီး ဆွေးနွေးပွဲကို မော်စကိုမြို့တွင် ကျင်းပပြီး မဟာဗျူဟာ လက်နက် လျှော့ပေါ့ရေး စာချုပ် (စတတ်)ကို တရားဝင် လက်မှတ် ရေးထိုး လိုက်သည်။

ဩဂုတ်လ

၁ အာရပ် နိုင်ငံများနှင့် သမိုင်းဝင် အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပရေး အတွက် အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ရှမီးယားက လက်ခံလိုက်သည်။

၂-၄ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနနှင့် လယ်ယာနှင့်သစ်တော ဝန်ကြီး ဌာနတို့ ပူးပေါင်း ကျင်းပသော မိုးကောင်းသောက် လယ်မြေများတွင် စပါးသီးနှံ စိုက်ပျိုးရေးစနစ်ဆိုင်ရာ သုတေသနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့အင်းလျားကန်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ လယ်ယာနှင့်သစ်တော ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ချစ်ဆွေတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၄ အီရတ်၏ကျူးကျော်တိုက်ခိုက်မှုခံရသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကူဝိတ်နိုင်ငံသားများသည် သေနတ်များပစ်ဖောက်ခြင်း၊ ကားများဖြင့် စီတန်းလှည့်လည် ခြင်း အာခံမှုအနာတစ်ရပ်ကျင်းပသည်။

၅- ၉ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (ဒု) ဗိုလ်ချုပ်ခင်ညွန့်သည် မိတ္ထီလာမြို့ မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး လုပ်ငန်း၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်များရှိ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခန္ဓီးမြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၇ ဂျပန် ဘဏ္ဍာရေး ဝန်ကြီး ရှုတာရိုယာ ရှိမိုတို့၏ထိပ်တန်းလက်ထောက်တစ်ဦးသည် ဘင်္ဂလားအရှေ့ပိုင်းတော်ပုံ တစ်ခုနှင့် ဆက်နွယ်နေသော ယန်းဂွေ ၁ ဒသမ ၂၇ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉ ဒသမ ၃ သန်း) ချေးငွေများ ကိစ္စတွင် ကူညီစီစဉ်ပေးခဲ့ကြောင်း ဝန်ခံပြီးနောက် ရာထူးမှ နုတ်ထွက်သွားသည်။

၇ ဂရိနိုင်ငံမှ အိုးရှင်း နစ် အမည်ရှိ အပျော်ခရီးထွက် သဘော်ဘတစ်စင်းသည် အိစ်လန်ဒန်မြို့နှင့် တစ်မိုင်ခန့်အကွာ ပင်လယ်ပြင်၌ လိုင်းလေပြင်းထန်စွာ တိုက်ခတ်မှုနှင့် ကြုံတွေ့ပြီး နစ်မြုပ်တော့မည့် အန္တရာယ် ကြုံနေသဖြင့် စစ်ဘက် ရဟတ်ယာဉ်များ၊ သဘော်ဝများက ကယ်ဆယ်ခဲ့ရသည်။ သဘော်ပေါ်တွင် သဘော်ဝန်ထမ်းများအပါအဝင် စုစုပေါင်းလူ ၅၀ ဦး လိုက်ပါခဲ့ကြသည်။

ပါလက် စတိုင်း ကိုယ် စား လှယ် အဖွဲ့ဖွဲ့စည်းရာတွင် အစ္စရေးတို့ဘက်မှ တောင်းဆိုထားချက်များနှင့် ကိုက်ညီပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် အစ္စရေးဝန်ကြီးချုပ် ရှမီးယားက သဘောတူညီခဲ့ခြင်းကို အစ္စရေးဝန်ကြီးအဖွဲ့က သဘောတူ အတည်ပြုလိုက်သည်။

၁၂ ကူဝိတ်ကိုအီရတ်က ကျူးကျော်ဝင်ရောက်ခဲ့စဉ် အတွင်း ကူဝိတ်ထံမှ လုယူသွားခဲ့သည့် ဒေါ်လာသန်း ၇၀၀ ဖိုး ရှိ ရွှေများကို အီရတ် - ဆော်ဒီ နယ်ခြား စခန်းအရောဂ်၌ အီရတ်နိုင်ငံက ပထမဆုံး အကြိမ် ပြန်လည်ပေးအပ်သည်။

၆ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော မလေးရှားကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ရှဟာရွှန်ဘင်ဟက်ျဖား ခေါင်းဆောင်သော လေ့လာရေးအဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၈ ရန်ကုန်တိုင်းမြို့နယ်များအတွင်း လှည့်လည် အပူဇော်ခံလျက် ရှိပြီး ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင် ယာယီစံကျောင်း၌ နှစ်ညတာ ကိန်းဝပ်စံပယ်တော်မူမည့် မြင်းခြံမြို့မှ ပင့်ဆောင်လာသော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ၊ ရဟန္တာများ၏ ဓာတ်တော်မွေတော်များနှင့် ကနွဲမြို့ သီဟိုဠ်စွယ်တော်နှင့် ခုနစ်ညတာ ကိန်းဝပ်ခဲ့သည့် စွယ်တော်ပွဲများ ရဟန္တာ • ဓာတ်တော်များအား နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် အတွင်းရေးမှူး (ဒု) ဗိုလ်ချုပ် ခင်ညွန့်၊ တပ်မတော် အရာရှိကြီးများနှင့်အတူ လာရောက် ပူးမြော်ကြည်ညိုကန်တော့ကြသည်။

နှစ်ရှည်လများ ရန်ဖက် ဖြစ်ခဲ့ကြသည့် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့အား ကုလသမဂ္ဂ အဖွဲ့ဝင်များ အဖြစ် လက်ခံရေး ဆုံးဖြတ်ချက် တစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆန္ဒမဲ မခွဲဘဲ အတည်ပြု လက်ခံလိုက်သည်။

၉ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၀၂) ဆင်းပွဲ အခမ်းအနားကို မမှာဘီ ဗိုလ်သင်တန်းကျောင်း၊ အောင်ဆန်း ခန်းမ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက် အမှာ စကား ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်က မိတ္ထီလာမီးဘေး ရန်ပုံငွေ ပဒေသာကပွဲတွင် ပါဝင်ခဲ့သော အနုပညာရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။

ရေးအဖွဲ့သည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူ များ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေ အမှတ် ၁၁/ ၉၁ ကို ပြဋ္ဌာန်းလိုက်သည်။

ဗိုလ်နမ်တွင် အရင်းရှင် ပုံစံ ပြုပြင်ပြောင်းလဲရေးကို ဦးဆောင် ပြောဆိုခဲ့သူ ဗိုဗန်ကိယက်အား ဗိုလ်နမ်နိုင်ငံ ဝန်ကြီး ချုပ်အဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။

၁၀ မိတ္ထီလာမြို့ မီးဘေး ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး ဗဟိုကော်မတီက မိတ္ထီလာ မီးဘေးရန်ပုံငွေ ပဒေသာကပွဲတွင် ပါဝင်ခဲ့ကြသည့် သဘင်၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင် များအား သဃ်ိန်းကျန်း မြို့နယ် သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံ (၁) ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့ပြီး ဂုဏ်ပြုလွှာများ ပေးအပ်သည်။

၁၆ အထူး စီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁၃/၉၁) ညွှန်ကြား အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူး စီမံကိန်းများ အကောင်အထည် ဖော်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်၍အဖွင့် အမှာစကား ပြောကြားသည်။

တစ်ချိန်က ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့၏ အနီးကပ်ဆုံး အကြံပေး ပုဂ္ဂိုလ်များတွင် ပါဝင်ခဲ့သူ တစ်ဦး ဖြစ်သည့် အလက်ဇန္ဒား ယာကော့ဗ် လက်ဗ်သည် ကွန်မြူနစ် ပါတီတွင်းမှ သဘောထား တင်းမာသော ခေါင်းဆောင် များသည် အာဏာ သိမ်းရန် ကြံစည် နေကြပြီ ဖြစ်ကြောင်းဖြင့် ပြင်းပြင်းထန်ထန် သတိပေး ပြောကြားကာ ကွန်မြူနစ် ပါတီမှ နုတ်ထွက်သွားသည်။


၁၉ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် ကုန်သွယ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အောဘယ်လ်နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ သဘင်းထုတ်ပြန်ရေး အဖွဲ့တို့က ကုန်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာ ဆရာကြီးများနှင့် တွေ့ဆုံ၍ (၁၁၁) ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။ သတင်းစာ ရှင်းလင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ် အောဘယ်လ်က ပြင်ပတွင် ငွေ ၂၀၀ ကျပ်တန်နှင့် ၉၀ ကျပ်တန် ငွေစက္ကူများ တရားမဝင် ကြေညာမည်ဟု ကောလာဟာလ ဖြစ်ပေါ် နေခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဘီစီစီအိုင် ဘဏ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်မှားစေရန် ပြည်ပ သတင်း ဌာနနှင့် စာနယ်ဇင်းအချို့က မမှန်မကန် ရေးသားချက်နှင့် စပ်လျဉ်း၍လည်းကောင်း မြန်မာနိုင်ငံတွင် ဆန်နှင့် ဆီ ပြတ်လပ်ရန် မရှိကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတင်း ထုတ်ပြန်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး သန်းထွန်းက ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်းတော မြို့နယ်များ အတွင်း စီးပွားရေး စစ်ဆင်မှုအပေါ် ပြည်ပ အသံလွှင့် ဌာနနှင့် သတင်းစာများ၏ မမှန်မကန် လှုံဆော်မှုများနှင့် စပ်လျဉ်း၍လည်း ရှင်းလင်းပြောကြားသည်။

ဆိုဗီယက် ပြည်ထောင်စုတွင် အာဏာသိမ်းမှု ဖြစ်ပွားသည်။ သမ္မတဂေါ်ဘာချော့၏ တာဝန်ဝတ္တရားများကို ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ မိမိ လွှဲပြောင်းယူလိုက်ပြီ ဖြစ်ကြောင်းဖြင့် ဒုတိယ သမ္မတ ဂင်နယ်ဒီ ယာနာယက်ဗ်က ကြေညာလိုက်သည်။ အဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် အရေးပေါ် အခြေအနေ ကွပ်ကဲမှု နိုင်ငံတော် ကော်မတီကို ဖွဲ့စည်းလိုက်ပြီး ဆိုဗီယက် ပြည်ထောင်စု အတွင်းရှိ ဒေသ အားလုံး၌ အရေးပေါ် အခြေ အနေကို ထုတ်ပြန် ကြေညာလိုက်သည်။

အာဏာ သိမ်းမှုကို ကန့်ကွက်သည့် အနေဖြင့် မော်စကို မြို့သူ မြို့သား ထောင်ပေါင်း များစွာတို့သည် လမ်းများပေါ်သို့ ထွက်လာခဲ့ ကြသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ရုရှား သမ္မတ ဘောရစ်ယဲလ်ဆင်ကလည်း ရုရှားပါလီမန် အဆောက်အအုံတစ်ဝိုက်၌ ဝိုင်းရံထားသော တင့်ကားတစ်စီးပေါ် တက်၍အာဏာသိမ်းမှုကို ကန့်ကွက်စေရန် ၎င်း၏ ရုရှားပြည်သူများအား ဆော်သြလိုက်ပြီး အထွေထွေ သပိတ်မှောက်ရန်ကိုလည်း တိုက်တွန်းလိုက်သည်။

၂၀- ပြည်ထောင်စု မြန်မာ နိုင်ငံတော်
၂၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဇန်နီး ဒေါ်အေး

၂၀၃၉၈



ရိနှင့် အတူ အပွဲဝင်များ လိုက်ပါလျက် တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတကြီး ယန်ရှန်ခွန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ ပီကင်းမြို့သို့ ချစ်ကြည်ရေးအလည် အပတ်ခရီး ထွက်ခွာသွားသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဩဂုတ်လ ၂၀ ရက်နေ့တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတကြီး ယန်ရှန်ခွန်နှင့် လည်းကောင်း၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဝန်ကြီးချုပ် လီပင်းနှင့် လည်းကောင်း၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် တရုတ်ကွန်မြူနစ် ပါတီ ဗဟို ကော်မတီ အထွေထွေ အတွင်းရေးမှူးချုပ် ကျန်ဇီမင်းနှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးသည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၁ ဆိုဗီယက် ပြည်ထောင်စုတွင် ကွန်မြူနစ် အမာခံ အုပ်စုက အာဏာသိမ်းရန် ကြိုးပမ်းမှုမှာ ပြိုကွဲ သွားခဲ့ပြီး အာဏာသိမ်းသည့်နေ့က မော်စကို မြို့တော် အတွင်းသို့ တင့်ကား များ ဝင်ရောက်လာစဉ်

ဆိုဗီယက် ဦးစီးလွှတ်တော်က ဂေါ်ဘာချော့ အား ၎င်း၏ သမ္မတရာထူးကို အပ်နှင်း လိုက်သည်။

၂၂ အာဏာသိမ်းရန် ကြံစည်မှု ပျက်ပြား သွားပြီးနောက် သမ္မတ ဂေါ်ဘာချော့သည် မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ အာဏာသိမ်းမှု ဖြစ်ပွားစဉ်က ဂေါ်ဘာချော့သည် ခရိုင်း မီးယားရှိ အိမ်တွင် မိသားစုနှင့်အတူ အပန်းဖြေလျက် ရှိရာ နှစ်ရက်ခွဲကြာ ထိန်းသိမ်းခြင်းခံခဲ့ရပြီး ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ဖြတ်တောက်ထားခြင်း ခံခဲ့ရသည်။ မော်စကို မြို့သို့ ပြည်လည်ရောက်ရှိသည့် နေ့မှာပင် အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပဲတွင် ဂေါ်ဘာချော့က ရှင်းလင်း ပြောကြားသည်။

၂၄ ဆိုဗီယက် သမ္မတ ဂေါ်ဘာချော့သည် ဆိုဗီယက် ကွန်မြူနစ် ပါတီ အထွေထွေ အတွင်းရေးမှူး ရာထူးမှ နုတ်ထွက်သွားသည်။

၂၆– ၂၉ တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတ ယန်ရှန်ခွန်သည် မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန် ဘာတောသို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်သည်။ ကွန်မြူနစ်တရုတ်ပြည် အကြီးအကဲ တစ်ဦး အနေဖြင့် ပထမဦးဆုံး သွားရောက် လည်ပတ်ခြင်း ဖြစ်သည်။

၂၈ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူကြမ်းကို တိုင်းပါလီမန်က ပဏာမ သဘောတူ အတည်ပြုလိုက်သည်။

၃၁ စင်ကာပူ နိုင်ငံတွင် ပါလီမန်ရွေး ကောက်ပွဲ ကျင်းပရာ အာဏာရ ပြည်သူ့ လှုပ်ရှားမှု ပါတီ (ပီအေပီ) က နေရာအများစုကို အနိုင်ရရှိသည်။

စက်တင်ဘာလ

၁ စင်ကာပူ အာဏာရပြည်သူ့လှုပ်ရှားမှု ပါတီ (ပီအေပီ) သည် ဩဂုတ်လ ၃၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာအများစုအနိုင်ရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာသည်။ ဝန်ကြီးချုပ် ဂိုချုပ်တောင်၏ ပီအေပီ ပါတီသည် ပါလီမန် အမတ်နေရာ ၈၁ နေရာတွင် ၇၇ နေရာ ရရှိခဲ့သည်။

၃ အီရတ်နိုင်ငံတွင် ၂၃ နှစ်ကြာ တစ်ပါတီ အုပ်ချုပ်လာပြီးနောက် အီရတ်ပြည်သူများ ကျေနပ်နှစ်သိမ့်စေရန် နိုင်ငံရေး ပါတီများ ဖွဲ့စည်းရေးကို ခွင့်ပြုထားသည့် ဥပဒေတစ်ရပ်အား အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က အတည်ပြုလိုက်သည်။

၅ မြန်မာနိုင်ငံဒေသအချို့တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာကို တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတကြီး ယန်ရှန်ခွန်က နိုင်ငံတော် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ထံ ပေးပို့သည်။ (မြန်မာနိုင်ငံတွင် ဩဂုတ်လအတွင်း ၌ ရေဝတီတိုင်း၊ ဟသ်ာတ၊ လေးမျက်နှာ၊

ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ အင်ပူ၊ အိမ်မဲ၊ ပုသိမ်အရှေ့နှင့် သာပေါင်းမြို့နယ်များတွင် ကျေးရွာ အမြောက်အမြား ရေကြီး နစ်မြုပ်ပြီး အိမ်ထောင် စု ပေါင်း ၈၃,၇၅၃၊ လူဦးရေ ၃,၅၉,၉၇၆ ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့သည်။)

နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ နိုင်ငံဝန်ထမ်းအချို့အနေဖြင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရ (တပ်မတော်) အား လိမ်လည်လှည့်ဖြားမှုမျှားပြုလုပ်နေခြင်းကို ရပ်တန်းကရပ်ကြရန် သတိပေး ကြေညာချက်ကို ပြည် ထဲ ရေး နှင့် သာသနာရေးဝန်ကြီးဌာနသတိပေးကြေညာချက် အမှတ် (၁) ဖြင့် ထုတ်ပြန်သည်။

၆ အသစ်ဖွဲ့စည်းခဲ့သော ဆိုဗီယက် နိုင်ငံတော် ကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပရာ သမ္မတ ဂေါ်ဘာချော့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး လတ်ဗီးယား၊ အက်စတိုနီးယားနှင့် လစ်သူယေးနီးယား စသည့် ဘောလတစ်သုံးနိုင်ငံအား လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

၇ ယူကိုဆလပ်အမျိုးသမီး မော်နီကာ ဆဲလက်စ် (၁၇) နှစ်သည် အမေရိကန် အိုးပင်းတင်းနစ် တံခွန် စိုက်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကျော်ဝါရင့်တင်းနစ်မယ် ချက်ကိုစလိုဗက်ဇာတိမာတီနာနာဗရာတီလိုဗာ (၃၄) နှစ်ကို ၇–၆၊ ၆–၁၊ ဖြင့် အပြတ်အနိုင်ရ ဗိုလ်စွဲသွားသည်။ ဆဲလက်စ်သည် ယခုနှစ် စောစောပိုင်းက ဩစတြေးလျ အိုးပင်းနှင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကြီးများတွင်လည်း ဗိုလ်စွဲခဲ့ပြီး ဖြစ်သည်။ နာဗရာ တီလိုဗာသည် ၁၁ နှစ်အတွင်း ရှစ်ကြိမ်မြောက်အဖြစ် အမေရိကန် အိုးပင်းဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။ သူမသည် ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့နံပါတ်တစ် စတက်ဖီဂရပ်ဖ်ကို အနိုင်ရခဲ့သည်။

ချူ ကလီးယား ဓာတ်ရောင်ခြည်၏ ဘေးဥပဒ်များကို လေ့လာတွေ့ရှိခဲ့ပြီးနောက် ယင်းဓာတ်ရောင်ခြည်ကို ကင်ဆာနှင့်အခြားရောဂါများကုသရာတွင် အသုံးပြုရန်စမ်းသပ်ဖော်ထုတ်ပေးခဲ့သူ ဂျွန်၊ အိပ်ချ်လောရင့်စ် (၇၇) နှစ်သည် လွန်ခဲ့သော သီတင်း နှစ်ပတ်က လေဖြတ်ခဲ့ပြီးနောက် အယ်လ်တာဘိတ်စ်ဆေးရုံတွင် ကွယ်လွန်သည်။ ၎င်းသည် ကာလီဖိုးနီးယားပြည်နယ်ဘက်ကလေတက္ကသိုလ်တွင် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲခန်းကို ၁၉၃၆ ခုနှစ်က တည်ထောင်ခဲ့ပြီး ဆေးဘက်သုံး ဓာတ်ရောင်ခြည် နည်းပညာကို စမ်းသပ် ဖော်ထုတ်ခဲ့သည်။

ပလူတိုနီယံသတ္တု ရှာဖွေတွေ့ရှိသူတစ်ဦးအဖြစ် ပူးတွဲနိုဗယ်ဆုရခဲ့ပြီး အဏုမြူဗုံး ထုတ်လုပ်ရေး စီမံကိန်းတွင် ပါဝင်ခဲ့သူရူပဗေဒပညာရှင် အက်ဒဝင်မက်မီလန် (၇၃) နှစ်သည် နာတာရှည်ဖြစ်နေရာမှ နေအိမ်တွင် ကွယ်လွန်သည်။ ၎င်းသည် ကာလီဖိုးနီးယားတက္ကသိုလ် လောရင့်စ်ဘတ်ကလေ ဓာတ်ခွဲဌာန အကြီးအကဲအဖြစ်မှ ၁၉၇၃ ခုနှစ်တွင် အနားယူခဲ့သည်။ ၎င်းအား အမေရိကန်ပြည်ထောင်စုတွင် သိပ္ပံပညာရပ်ဆိုင်ရာ အမြင့်ဆုံး ဆုတံဆိပ်ဖြစ်သည့် သိပ္ပံဆုတံဆိပ်ကို ယမန်နှစ်က ချီးမြှင့်ခဲ့သည်။

တရုတ်–မြန်မာ နယ်စပ်ဒေသတွင် ၉ သွင်းကုန် ထုတ်ကုန် လုပ်ငန်းများ လုပ်ကိုင်ခွင့် ပေးအပ်သည့် ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့်အမှတ် ၇/၉၁ ထုတ်ပြန်သည်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို ၁၂ ကိုယ်စားပြု၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ခံထားရသူ ၂၂၁ ဦးက စိန်ဝင်းခေါင်းဆောင်သော ပြည်ပြေးအဖွဲ့ကို ယခင်ကလည်း ထောက်ခံခြင်း မပြုသည့်ပြင် ယခုလည်း ထောက်ခံခြင်းမပြုပါကြောင်း ထုတ်ဖော်ဝန်ခံချက်များ ပေးပို့ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပေး တင်ပြသော ပါတီစုံ

စင်ကာပူနိုင်ငံတွင် ကျင်းပသော အသက် (၁၆) နှစ်နှင့်အောက် ဒြေသုံ့မြို့တော်ဖလား လူငယ်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာလူငယ်အသင်းသည် ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အကြီးအကဲများအပြားပြုသော ပရိသတ်များက ကြိုဆိုကြစဉ်



JP

ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၏ ကြေညာချက် အမှတ် (၉၆၅)ကို ထုတ်ပြန်သည်။ နောက်ထပ် ၂၃ ဦး၏ ထုတ်ပေါ် ဝန်ခံချက်များကို စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၉၆၈)ဖြင့် ထုတ်ပြန်သည်။

၁၅ စင်ကာပူနိုင်ငံတွင် ကျင်းပသော ရှစ်ကြိမ်မြောက် အာဆီယံ (၁၆) နှစ်နှင့် အောက် ခြေသုံ့မြို့ တော်ဖလား လူငယ် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် မြန်မာလူငယ်အသင်းသည် စင်ကာပူ လူငယ် ဘောလုံးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသည်။ အကောင်းဆုံး ဘောလုံးသမား ဆုကို မြန်မာလူငယ် ဘောလုံး အသင်းမှ ရွှေတန်းလူ အောင်ဆန်းထွေးကရရှိပြီး ပွဲစဉ် တစ်လျှောက် ဂိုးအများဆုံး သွင်းနိုင်သော ဘောလုံးသမားဆုကို သန်းညွန့်က ရရှိသွားသည်။ မြန်မာလူငယ်အသင်းသည် မလေးရှား (ကွာလာလမ်ပူ)အသင်းကို လေးဂိုး–ဂိုးမရှိ၊ မလေးရှား (ဂျိုဟာ) အသင်းကို ဂိုးဂိုး–ဂိုးမရှိ၊ ဟောင်ကောင် အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရ၍ ဗိုလ်လုပွဲ တက်လာခဲ့ခြင်းဖြစ်သည်။



ဆိုဗီယက်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူ အိုင်ဗင်ဆီလာယက်ဗ်။

၁၈ ဩဂုတ်လအတွင်းက ဖြစ်ပေါ်ခဲ့သည့် မအောင်မြင်သော ဆိုဗီယက် အာဏာသိမ်းပွဲ ပျက်ပြားသွားချိန်မှစကာ ဆိုဗီယက် စီးပွားရေးကို တာဝန်ယူကွပ်ကဲထိန်းကျောင်းခဲ့သူ အိုင်ဗင် ဆီလာယက်ဗ်အား ဆိုဗီယက် ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေး ဝန်ကြီးဌာန စစ်ဆင်ရေးခန်းမ၌ မိုးကုတ်မြို့ ကျောက်မျက်ရတနာ တူးဖော်ရေးဌာနမှ ရရှိသည့် ကျောက်မျက်ရတနာများနှင့် ပြင်ပ ပုဂ္ဂလိကများနှင့် ဖက်စပ်တူးဖော်ရရှိခဲ့သော ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျောက်မျက်များတွင် မိုးကုတ် ရတနာကုဋ္ဌေကုဋ္ဌာစခန်းမှ တူးဖော်ရရှိခဲ့သော အလေးချိန် ၉၅၂ ဒသမ ၃၀ ကရက်ရှိ နီလာကျောက်မျက်ရိုင်းကြီး တစ်ပွင့် ပါဝင်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၄၆ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေညီလာခံစတင်သည်။ ညီလာခံကြီးတွင် လတ်ဗီးယား၊ လစ်သူယေးနီးယား၊ အက်စတိုးနီးယား၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ မိုက်ခရိုအေးရှားနှင့် မာရှယ်ကျွန်းစုနိုင်ငံ စသည့် ခုနစ်နိုင်ငံအား ကုလသမဂ္ဂအဖွဲ့ကြီးသို့ ဝင်ခွင့်ပြုလိုက်ပြီဖြစ်ရာ အဖွဲ့ဝင်နိုင်ငံအရေအတွက် ၁၆၆ နိုင်ငံ ရှိသွားပြီဖြစ်သည်။

၂၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး သန်းရွှေ ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေး ခေါင်းဆောင်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြပြီး ခင်းကျင်းပြသထားသည့် သမိုင်းဖြစ်ရပ်အမှန်အထောက်အထားများကို ကြည့်ရှုလေ့လာကြသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး သန်းရွှေ ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြပြီး ခင်းကျင်းပြသထားသည့် သမိုင်းဖြစ်ရပ်အမှန်အထောက်အထားများကို ကြည့်ရှုလေ့လာကြသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေ အမှတ် ၁၂/၉၁ ဖြင့် မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂၆ ရိုမေးနီးယားနိုင်ငံတွင် တစ်ရက်ကြာ အဓိကရုဏ်းများ ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ပီတာရိုမန် ဦးဆောင်သော အစိုးရ အဖွဲ့သည် သမ္မတ အိုင်ယွန် အီလက်စကူထံ နုတ်ထွက်လွှာတင်သည်။

အမေရိကန်ပြည်ထောင်စု အရိုးဇိုးနားပြည်နယ် တပ်စ်ဆင်မြို့မှ မိုင် ၄၀ အကွာ သကန္ဓာဂုအလယ်ရှိ "ဇီဝရပ်ဝန်း" ခေါ် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်ပေါ် ရှိဝန်းကျင်သဘာဝအတိုင်း ဖန်တီးထားသည့် ဧရာမ ဖန်ပေါင်းချောင်ကြီးအတွင်း အပင်၊ တိရစ္ဆာန်နှင့် ပိုးမွှားမျိုးစုံ စုစုပေါင်း ၄၀၀၀ ကျော်ကို သုတေသနပြုရင်း နှစ်နှစ်ကြာ နေထိုင်မည့်သူ ရှစ်ဦး (အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦး) တို့သည် ၎င်းတို့၏ သုတေသနလုပ်ငန်းစဉ်ကို စတင်လိုက်ကြသည်။ ဧရာမ ဖန်ချပ်ခုံးများ၊ သံမဏိပြွန်များ အသုံးပြုတည်ဆောက်ထားသည့် "ဇီဝရပ်ဝန်းအမှတ် နှစ်" သည် ၃ ဒသမ ၁၅ ဧက ကျယ်ဝန်းသည်။ ယင်းဖန်ပေါင်းချောင်ကြီးကို ဒေါ်လာသန်း ၂၅၀ အကုန်ခံကာ ၁၀ နှစ်ကြာအချိန်ယူတည်ဆောက်ခဲ့သည်။ သုတေသီ ရှစ်ဦးတို့သည် လုပ်ငန်းကာလ နှစ်နှစ်အတွင်း ပြင်ပနှင့် အဆက် ဖြတ်ထားမည်ဖြစ်သည်။ ၎င်းတို့သည် ဆန်၊ ဂျုံနှင့် ပဲအမျိုးမျိုးအစရှိသော ကောက်ပဲသီးနှံ အဓိကထား စားသုံးကာ ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးတို့ကိုလည်း ရံဖန်ရံခါ စားသုံးကြမည်ဟုဆိုသည်။ သောက်သုံးမည့်ရေ၊ ရှူရှိုက်မည့်လေနှင့် ခန္ဓာကိုယ် အညစ်အကြေးစသည်အားလုံးကို ပြန်လည် အသုံးပြုသည့်စနစ်ဖြင့် ထားရှိသောဝန်းကျင်တွင် ၎င်းတို့ နေထိုင်ကြရမည်ဖြစ်သည်။

၂၂ တပ်မတော် (ကြည်း) ဗိုလ် သင်တန်းကျောင်း၊ အလုပ်သင်ဗိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲကို မှော်ဘီ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

၃၀ ဌေးကြေးရေးဆိုင်ရာ ဘဏ်လုပ်ငန်းများလုပ်ဆောင်ရန် အများနှင့် ဆိုင်သောဖက်စပ်ကော်ပိုရေးရှင်း ဘဏ် လီမိတက်တစ်ခုဖွဲ့ရန် ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့် ကြော်ငြာစာ အမှတ် ၂၁/၉၁ ဖြင့် ထုတ်ပြန်သည်။

ပြင်သစ်တောင်သူလယ်သမား ၁,၅၀,၀၀၀ တို့သည် တစ်စိတ်တစ်ဒေသအားဖြင့် အရှေ

အောက်တိုဘာလ

၁ နိုင်ငံတော် ငြိမ် ဝပ် ပိပြား မှု တည် ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦးသည် ရန်ကုန်–ပြည်လမ်းတိုးခွဲရေးလုပ်ငန်းများ၊ မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ–ဒေဝူး အင်တာနေရှင်နယ်လီမိတက်နှင့် မြန်မာ–ဆေးဂဲလ် အင်တာနေရှင်နယ်လီမိတက်တို့၏ အထည်ချုပ်စက်ရုံများ၊ မင်္ဂလာဒုံမြို့နယ်ရှိ ပရိဘောဂစက်ရုံ၊ အထည်ချုပ်စက်ရုံနှင့် မရမ်းကုန်းမြို့နယ်ရှိ မိုးရေကာဖျင်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ မြန်မာ–ဆေးဂဲလ် အင်တာနေရှင်နယ်လီမိတက် အထည်ချုပ်စက်ရုံသည် အမျိုးသား၊ အမျိုးသမီး အဝတ်အထည်များကို တစ်နှစ်လျှင် ၁၈,၀၀,၀၀၀ ထုတ်လုပ်ရောင်းချရန် အစီအစဉ်ရှိသည်။

ကမ္ဘာသစ်ကို စွန့် စား ရှာ ဖွေ ခဲ့ သော ခရစ္စတိုဖာကိုလံဘတ်စ် အနှစ် ၅၀၀ ပြည့်နှစ် အခမ်းအနားများ ဆင်နွှဲရန်ပြင်ဆင်နေကြဆဲ ကိုလံဘတ်စ်အသုံးပြုခဲ့သော ပင်မရွက်သင်္ဘောကြီးဖြစ်သည့် "ဆန်တာမာရီယာ" သင်္ဘောကြီး၏ သင်္ဘောပျက်အစအနများကို ရှာဖွေတွေ့ရှိထားကြောင်း ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးဖြစ်သူ ကာရဲလ်က ပြောကြားသည်။

၃ အချို့လူငယ်များတွင် ဆီးချို ရောဂါ ဖြစ်ပွားနေပါလျက် ဖြစ် မှန်း မသိ သောကြောင့် ဆေး ဝါး မကု သ မီ သဖြင့် မျက်စိကွယ်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း များခံစားခဲ့ရသည်။ယင်းသို့ရောဂါလက္ခဏာ မပြသောလူငယ်ဆီးချို ရောဂါသည်များအား ရောဂါလက္ခဏာ သိရှိစေနိုင်ပြီး ရောဂါကို ကုသနိုင်သည့် ဗီဇ အင်ဂျင်နီယာနည်းဖြင့် ပြုလုပ်ထားသော ပရိုတိန်းတစ်မျိုးကို ဖော်ထုတ်တွေ့ရှိထားပြီဖြစ်ကြောင်း ဝါရှင်တန် သိပ္ပံပညာရှင်များက ကြေညာသည်။

၄ နိုင်ငံတော် ငြိမ် ဝပ် ပိပြား မှု တည် ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်က ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်ကြီးတွင် ဝန်ကြီးဌာနအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများအား ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံမှာကြားသည်။ ဝန်ထမ်းအချို့သည် ဥပဒေကျင့်ဝတ်များကိုနားလည်မှုမရှိ၊ ရပိုင်ခွင့်များကိုသာ ရယူလိုကြသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေကမိမိတို့ကို အကာအကွယ်ပေးသည့်အချက်ကို သတိ ပြု ရ မည် ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရိက္ခာများ ရရှိသူများဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးငှားသစ္စာကို မမေ့အပ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကို နားလည်မှုမရှိ၊ လေ့လာမှုမရှိဘဲတာဝန်မကျေ၊ အခြေအနေမဲ့ထင်ရာမြင်ရာ ပြောဆိုဝေဖန်ကြခြင်းများကိုရပ်တန်းကရပ်ကြရန် နောက်ဆုံးအကြိမ် သတိပေးညွှန်ကြားချက်ထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအကြီးအကဲများအနေနှင့် သက်ဆိုင်ရာဝန်ထမ်းများကို ဆက်လက်ပညာပေးရန်၊ စည်းကမ်းဖောက်ဖျက်သူများကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

၅ ပြည်သူ့ရင်ပြင်နှင့် ပြည် သူ့ ဥ ယျာဉ် အတွင်း တည်ဆောက် ပြီးစီးသွားသော ရေလွှာဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို ဥယျာဉ်ဝင်းအတွင်းကျင်းပရာ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက်အမှာစကားပြောသည်။

နောက်ထပ် နှစ်နှစ် သက်တမ်းအတွက် ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်တာဝန်ယူရေးကို မိမိ ကြိုးပမ်းတော့မည် မဟုတ်ကြောင်း ဂျ ပန် ဝန် ကြီး ချုပ် ကိုင်ဖူးက အတည်ပြုပြောဆိုသည်။

၁၀ မြန်မာ့သမိုင်းအဖွဲ့ ပထမ အကြိမ် အစည်းအဝေးကို တက္ကသိုလ်များ ဗဟိုကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊အတွင်းရေးမှူး(၂)ဗိုလ်ချုပ်တင်ဦးတက်ရောက် အမှာစကားပြောကြားသည်။ သမိုင်းပြုစုရာ၌ ရှထောင့်တစ်ခုတည်းကသာမက နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သာသနာရေးရှထောင့်များမှလည်း ဘက်စုံကြည့်ရှုလေ့လာ၍ ရေးသားသင့်ကြောင်း ထည့်သွင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲကို ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတွင် ကျင်းပ ပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် မြန် မာ လှေ လှော် အသင်း ပထမရရှိသည်။ အိန္ဒိယနိုင်ငံက ဒုတိယ၊ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံက တတိယ အသီးသီးရရှိကြသည်။

၁၁ နိုင်ငံတော် ငြိမ် ဝပ် ပိပြား မှု တည် ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် အတွင်းရေးမှူး (၂)၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ် တင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဘိုကလေးမြို့သို့သွားရောက်ကာ နယ်မြေ လုံခြုံ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိပုဂ္ဂိုလ်များအား ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာန၊ ညွှန်ခန်းမတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနှင့်တွေ့ဆုံ၍ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။ အောဘီအက်စ် ဒီအက်ဖ်အဖွဲ့မှ အလင်းဝင်ရောက်လာသူ လင့်ဂန်ဂမ်လီ၊ သက်တင်နှင့် စိုးကြိုင်တို့က ကေအိုင်အေ အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာမှုများကို သတင်းစာဆရာကြီးများအား ရှင်း လင်း ပြောကြားသည်။

လူဦးရေ ၁၀ သန်းကျော်နေထိုင်သည့် ကျူးဗားနိုင်ငံတွင် အာဏာရကွန်မြူနစ်ပါတီ၏ အရှိန်အဝါနှင့် တာဝန်ယူမှုအခန်းကဏ္ဍကျယ်ပြန့်လာရေးကိုရည်ရွယ်ကာပြည်တွင်းပြု ပြင် ပြောင်း လဲ ရေး လုပ် ငန်း များ ကို ကျူးဗားကွန်မြူနစ်ပါတီက အတည်ပြုလိုက်သည်။

၁၂ နိုင်ငံတော် ငြိမ် ဝပ် ပိပြား မှု တည် ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပြည်ပဧည့်လုပ်သားများကို စုဆောင်းကာ အလွန်ကျဉ်းမြောင်းသောနေရာတစ်ခု



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် မြန်မာ့လက်ရွေးစဉ် အားကစားသမားများအား တွေ့ဆုံအားပေးစဉ်

တွင် စုပေါင်းထားရှိပြီးနောက် ကန့်ထရိုက်လုပ်ငန်းရှင်များထံ အလုပ်သမားများကို ငှားရမ်းစေခိုင်းနေသည့် ဂိုဏ်းတစ်ဂိုဏ်းပေါ်ပေါက်နေသည်ဟူသော သတင်းနှင့် ပတ်သက်၍ စင်ကာပူအစိုးရက စုံစမ်းစစ်ဆေးလျက်ရှိသည်။

၁၉၉၁ ခုနှစ် နိုင်ငံတကာအလှူမယ်ပြိုင်ပွဲကို တိုက္ကျိမြို့တွင် ကျင်းပရာ ပြိုင်ပွဲဝင် ၅၁ နိုင်ငံမှ အလှူမယ်များထဲမှ အသက် ၁၉ နှစ်အရွယ် ပိုလန်နိုင်ငံသူ ကလေး မစ်(စ်)ကောလာစကာက အနိုင်ရ ဗိုလ်စွဲသွားသည်။ ရရှိသော ပြိုင်ပွဲဆုငွေ အနက် ယန်း နှစ်သန်းခန့် (ဒေါ်လာ ၁၅,၀၀၀)ကို ပိုလန်ကလေးငယ်များသို့ လှူဒါန်းရန် ရည်ရွယ်ကြောင်း ပြောသည်။

ပုဂ္ဂလိက အခန်းကဏ္ဍသို့ အစိုးရအမှုထမ်းများကူးပြောင်းနေမှုကို ရပ်တန့်စေရန် မလေးရှားနိုင်ငံသည် အစိုးရအလုပ်သမား ၈,၅၀,၀၀၀ အား လစာများ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဘနားမား သတင်းဌာနက ဖော်ပြသည်။

မြန်မာ–လော မဲခေါင်မြစ်နယ်နိမိတ် ပထမဆင့်တိုင်းတာမှုတွင် သတ်မှတ်ခဲ့သော နယ်နိမိတ်အစိတ်အပိုင်း၌ ပထမဦးဆုံးသော နယ်နိမိတ် ရည်ညွှန်းမှတ်တိုင် စိုက်ထူသည့်အခမ်းအနားကို တာချီလိတ်မြို့နယ်၊ မြန်မာဘက်ကမ်းရှိ ဝမ်ပုံကျေးရွာနှင့် လောဘက်ကမ်း၊ ဘိုကီအိုခရိုင်၊ မိန်းမောကျေးရွာတွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားသို့ လောနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်လေးနှင့် မြန်မာနိုင်ငံဆိုင်ရာ လောသံအမတ်ကြီး မစ္စတာ ကီဒင်သမ်မာဗွန်းတို့ တက်ရောက်ကြသည်။

ကိုးကြိမ်မြောက် အာရှပြေးခုန်ပစ် ပြိုင်ပွဲကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ လွတ်လပ်ရေးအားကစားကွင်းတွင် မလေးရှားဘုရင် အက်ဇ်လန်ရှားဖွင့်လှစ်ပေးသည်။ နိုင်ငံ ၂၀ နိုင်ငံမှအားကစား အဖွဲ့များနှင့် အားကစားဝါသနာရှင် အမြောက်အမြား တက်ရောက်ကြသည်။ ဤနေ့စတင်သော သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးအေးနွယ်က ၄၈ ဒသမ ၄၈ မီတာဖြင့် ဒုတိယရသည်။ တရုတ်နိုင်ငံမှ မင်ချန်ဖင်က ၆၁ ဒသမ၇၄ မီတာဖြင့် ပထမရသွားသည်။

အမေရိကန်နိုင်ငံ၊ ကွန်နီတီကပ်ပြည်နယ်၊ မန်ဘူရီဆေးရုံတွင် စက်ရုပ်လုပ်သားများကို အသုံးပြုလျက် ရှိရာ ထိုစက်ရုပ်များက ဆေးရုံအတွင်း လှည့်လည်သွားလာလျက် သွေးနမူနာများ သယ်ယူပို့ဆောင်ပေးခြင်း၊ လူနာများအတွက် အစားအသောက်များ ဖြန့်ဝေပေးခြင်း စသော လုပ်ငန်းများအပြင် ဦးနှောက်မှ အစအနများ ထုတ်ယူစစ်ဆေးရာတွင်ပင် ပါဝင်ဆောင်ရွက်ပေးလျက် ရှိသည်။ ဦးနှောက်အစအနများ ထုတ်ယူရာတွင် စက်ရုပ်များသည် လူက ကိုင်တွယ်ထိန်းချုပ်ပေးရသော ကိရိယာထက်ပို၍တိကျစွာ ဆောင်ရွက်ပေးနိုင်စွမ်း ရှိကြောင်း ဆေးရုံအကြီးအကဲတစ်ဦးက ပြောသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး တို့သည် ပဲခူးမြို့သို့ သွားရောက်၍ ပဲခူးမြို့ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဲခူးမြို့မဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး ဦးဆောင်ကျင်းပသော ၁၃၅၃ ခုနှစ် သီတင်းကျွတ် လပြည့် (မဟာပဝါရဏာ)နေ့ကို တက်ရောက်ကြည်ညိုကြသည်။

၁၂ နှစ်ကြာ ကမ္ဘောဒီးယားပြည်တွင်းစစ်ကို အဆုံးသတ်စေသည့် ငြိမ်းချမ်းရေးစာချုပ်ကို ပြိုင်ဘက်အုပ်စု လေးစုတို့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ လေးအုပ်စုမှာ ဗီယက်နမ် ထောက်ခံသည့် ဟွန်ဆန်အစိုးရ၊ ကွန်မြူနစ် မဟုတ်သည့် ပြောက်ကျားအုပ်စု နှစ်စုနှင့် တရုတ် ထောက်ခံသည့် ခမာနီအုပ်စုတို့ ဖြစ်ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် လက်ရှိဆက်ကပ် လှူဒါန်းလျက် ရှိသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များအပြင် (က) စာချုဆရာတော်ဘွဲ့တံဆိပ်သုံးမျိုး၊ (ခ) ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ်သုံးမျိုး၊ (ဂ) ဓမ္မကထိကဘွဲ့တံဆိပ်နှစ်မျိုး၊ (ဃ) သာသနာပြု ဘွဲ့တံဆိပ်လေးမျိုး၊ (င) အမျိုးသားသာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး၊ (စ) အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး ဟူ၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁)



စပိန်နိုင်ငံ မဒရစ်မြို့တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးညီလာခံ ကျင်းပနေစဉ်နှင့် ညီလာခံသို့ တက်ရောက်လာသော အာရပ် ကိုယ်စားလှယ်အဖွဲ့

ဗိုလ်ချုပ် ခင်ညွှန့် လက်မှတ်ရေးထိုးလျက် အာမိန့်ကြော်ငြာစာအမှတ် ၄၂/၉၁ ဖြင့် ပြဋ္ဌာန်းသည်။

၂၅ အထူး စီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁၆/၉၁) ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြား သည်။ နိုင်ငံတော်၏ စီးပွားရေးစနစ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် ယနေ့အချိန်သည် နိုင်ငံတော်၏ စီးပွားရေးကို ဇောက်ချ လုပ်ကိုင် ရန် လိုအပ်နေပြီဖြစ်၍ ၁၉၉၂ ခုနှစ်မှစပြီး စီးပွားရေးနှစ်အဖြစ် သတ်မှတ်ခြင်း ဖြစ်ကြောင်း အမှာစကားတွင် ထည့်သွင်း ပြောကြားသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွှန့်နှင့် ဂီတပညာရှင် များ တေးဆိုပွဲကို ကာကွယ်ရေးဝန်ကြီး ဌာန ခန်းမဆောင်တွင် ကျင်းပသည်။ အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲရေး အတွက် ဆောင်ရွက်ရာတွင် သဘင်၊ ရုပ်ရှင်၊ ဂီတ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ထို့ကြောင့် သိပ်သည်း ကျစ်လျစ်ပြီး စည်းလုံးညီညွတ်သည့် ဂီတ အစည်းအရုံးကြီး အချိန်မီပေါ် ပေါက်ရေး သည် အရေးတကြီး လိုအပ်နေပြီ ဖြစ်ကြောင်း အတွင်းရေးမှူး (၁) က အမှာ စကားတွင် ထည့်သွင်းပြောကြားသည်။

ဂျပန်နိုင်ငံ အာဏာချုပါတီ (အယ်ဒီပီ) က ဝါရင့် နိုင်ငံရေးသမားကြီး ဖြစ်သော ကိအိချီမိယာဇာဝါအား ပါတီခေါင်းဆောင် အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ၎င်းသည် ဝန်ကြီးချုပ် တိုရှိကိကိုင်ဖူး၏ နေရာတွင် လာမည့်အပတ်မှစ၍ အစား ထိုး ဝင်ရောက်ပြီး ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်မည်ဖြစ်သည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ များ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ် ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ဆင်ရေး အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက် အမှာစကားပြောကြားသည်။ ဘယ်သူတရုံးပျက်ပျက် ကိုယ်မပျက်ရန်၊ ဘယ်သူဥပဒေ ချိုးဖောက်ဖော်က် ကိုယ် မချိုးဖောက်ရန်၊ ပညာရှိသတိဖြစ်ခဲ့၊ သတိ၊ ဝီရိယ၊ ပညာနှင့်လုပ်ရန်၊ ကိုယ့်ကိုယ်ကိုသာ အားကိုးရန်၊ လုပ်သည့် ကိုင်သည့်အခါ သန့်ရှင်းစိတ်နှင့် လုပ်ရန်၊ အကြောင်း တရားကြောင့် အကျိုးတရားဖြစ်၊ ထို အကျိုးတရားက အကြောင်းတရားဖြစ် သည်ကို ယုံကြည်ရန် စသည်ဖြင့် အမှာ စကားတွင် ထည့်သွင်းပြောကြားသည်။

၂၉ ပထမအကြိမ် ပြည်တွင်း (တောင်တန်း) ဗုဒ္ဓသာသနာပြု ရဟန်း တော်များ နှီးနှောဖလှယ်ပွဲနှင့် မွန်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကမ္ဘာ အေး ကုန်းမြေ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန၊ ပြည်ပ သာသနာပြု ဌာနခွဲ ပိဋ္ဌကတ်တိုက် သင်ဟန်းခန်းမ ဆောင်တွင် ကျင်းပရာ ပြည်ဆဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် တက်ရောက်၍ သာသနာရေးကိစ္စများ လျှောက်ထားသည်။

၃၀ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး သမိုင်းဝင် ညီလာခံကြီးကို စပိန်နိုင်ငံ မဒရစ်မြို့တွင် စပိန်နိုင်ငံ ဝန်ကြီးချုပ် ဂွန်ဇာလက်က တရားဝင် ဖွင့်လှစ်ပေးလိုက်သည်။

သြစတြေးလျနိုင်ငံတွင် နာဇီဆင်ဝတ်မှု စစ်ဆေးခြင်းကို ပထမဆုံးအကြိမ် အဖြစ် ပြုလုပ်ရာ ယူကရိန်း၌ မွေးဖွားခဲ့ပြီး သြစတြေးလျ နိုင်ငံသားအဖြစ် ခံယူ ထားသူ၊ အသက် ၇၅ နှစ် အရွယ်ရှိ အီဗန်ပိုလီယူခိုဗစ် (ခ) ဆိုသူအား ၁၉၄၂ ခုနှစ်က ရဟူဒီ ဂျိဝ ထက် မနည်းကို သတ်ဖြတ်ခဲ့ရာတွင် ပါဝင်ခဲ့သည်ဟု ဆိုကာ ရုံးတင်စစ်ဆေးသည်။

နိဝင်ဘာလ

၁ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်းဒြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ ညီနွှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲ့က ကာကွယ်ရေး ဝန်ကြီးဌာန ညှိနှိုင်းမှု၌ ပြည်တွင်းပြည်ပ သတင်းစာ ဆရာကြီးများနှင့် တွေ့ဆုံ၍ (၁၁၃) ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြစ်ဝကျွန်းပေါ်ဒေသသို့ စိမ့်ဝင်ထိုးဖောက်လာသည့် ကေအင်(န်) ယူ အကြမ်းဖက်သောင်းကျန်းသူများအား (ကြည်း၊ ရေ၊ လေ) တပ်မတော်သား များနှင့် ဒေသခံပြည်သူများက အောက်တိုဘာလ ၃ ရက်နေမှ အောက်တိုဘာလ ၃၁ ရက် နေအထိ ဆင်နွှဲခဲ့သော "မုန်တိုင်း စစ်ဆင်ရေး" နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းပြောကြားသည်။

၂ ဇမ်ဘီယာ အလုပ်သမား သမဂ္ဂ ခေါင်းဆောင် ဖရက်ဒရစ်ချီလူဘာသည် ဇမ်ဘီယာ သမ္မတသစ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ချီလူဘာသည် ကျင်းပပြီးစီးခဲ့သည့် ဇမ်ဘီယာသမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတကင်းနက် ကာအွန်းဒါးကို အနိုင်ရရှိခဲ့သည်။

၃ စပိန်နိုင်ငံ မဒရစ်မြို့တွင် ကျင်းပလျက်ရှိသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးညီလာခံ၌ အစ္စရေးနှင့် ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့တို့ နှစ်များစွာ အတွင်း ပထမဆုံး အကြိမ်အဖြစ် မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးခဲ့ကြရာတွင် ကြားဖြတ် ကိုယ်ပိုင်အစိုးရ ဖွဲ့ရေးကိစ္စ နောက်ဆက်တွဲဆွေးနွေးပွဲများကို အစ္စရေးသိမ်းပိုက်မြေများဖြစ်သော အနောက်ဘက်ကမ်းနှင့် ဂါဇာ ကမ်းမြောင်ဒေသ၌ ပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။


၅ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလုပ်သား အင်အား ဦးစီးဌာန၏ သူနာပြုတက္ကသိုလ် (ရန်ကုန်) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် ခန်းမဆောင်၌ ကျင်းပရာ အမျိုးသား ကျန်းမာရေးကောင်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ခေါင်းဆောင် ကိုအိချီ မိယာဇာဝါအား ပါလီမန်၌ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် ၁၅ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၆ ရုရှားဖက်ဒရေးရှင်းသမ္မတ ဘောရစ်ယဲလ်ဆင်သည် ဆိုဗီယက်ပြည်ထောင်စုအား နှစ်ပေါင်း ၇၀ ကျော် စိုးမိုး ဦးဆောင်ခဲ့သည့် ဆိုဗီယက်ကွန်မြူနစ်ပါတီအား ကျယ်ပြောလှသည့် ရုရှားပိုင်နက် နယ်မြေအတွင်း လုံးဝဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးသည်။

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဇနီး ဒေါ်အေးရီနှင့်မိသားစုတို့သည် ရန်ကုန်မြို့သို့ ကြွရောက်တော်မူနေသည့် ရှမ်းပြည်နယ် ပင်းတယမြို့နယ်ထည် သွန်းကျွန်းရွာ ဂဠုန်တောင်တွင် သိတင်းသုံးတော်မူသော သက်တော် ၈၄ နှစ်၊ ဝါတော် ၆၄ ဝါရှိ ကုံလုံဆရာတော်ကြီး ဦးတေဇနိယအား ဆရာတော်ကြီး သိတင်းသုံး နေထိုင်ရာ ရန်ကုန်မြို့ အင်းလျားလမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဟိုကျိုးဇုံ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာစဉ်





ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ပြန်လည်ရောက်ရှိလာသော မင်းသားကြီးသီဟနုအား ပြည်သူလူထုက တစ်ခဲနက်သောင်းသောင်း ပြမြကြိုဆိုနေကြပုံ

စစ်မက်ဖြစ်ပွားခြင်း၊ အယူအဆပြင်းထန်သော ကွန်မြူနစ် ထောင်လှန်ရေးနှင့် ပြည်တွင်းရေး ပဋိပက္ခမှုများ ဖြစ်ပွားခဲ့ခြင်းတို့ကြောင့် ပြိုကွဲခဲ့ရသောနိုင်ငံကို ကုစားရန်အတွက် ပြည်ပတွင် ၁၃ နှစ်ကြာမျ နေထိုင်ခဲ့ရသည့် ကမ္ဘောဒီးယား မင်းသားကြီး သီဟနုသည် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းအား ဖနွမ်းပင် အစိုးရအဖွဲ့၏ သမ္မတဟင်ဆမ်ရင်က လေဆိပ်မှ ကြိုဆိုနှုတ်ခွန်းဆက်သည်။ မင်းသားကြီး သီဟနုသည် လေဆိပ်မှနေ၍ ၎င်းနေထိုင်မည့် ဖနွမ်းပင်မြို့ရှိ ဘုရင့်နန်းကော်ရှိရာသို့ ဝန်ကြီးချုပ် ဟွန်ဆန်နှင့်အတူမော်တော်ယာဉ်ပြင့် ထွက်ခွာသွားရာ မြို့တွင်းသို့သွားရာ လမ်းမကြီးများတစ်လျှောက်တွင် ထောင်ပေါင်းများစွာသော လူထုကြီးက လမ်း၏ဝဲယာ တစ်ဘက် တစ်ချက်ဆီမှ ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

၁၄ အနောက်အုပ်စု ဝါးစာခံများပြစ်ကြသော မြောတိန်နိုင်ငံမှ တယ်ရီတိတ်နှင့် အမေရိကန်မှ သောမတ် ဆူသာလင် တို့ကို လက်ဗန်နန်ရှိ မှတ်ဆလင် အာခြေခံဝါဒီ ပြန်ပေးသမားများက လှုတ်ပေးလိုက်သည်။

၁၅ နိုင်ငံတော် ပြည်ပဝပ်ပြားမှု တည်ဆောက်ရေးအဖွဲ့ ၊ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေသည် နိုင်ငံတော်ပြည်ပ ဝပ်ပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးတို့နှင့်အတူ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇော်ဝတီ တိုင်းအတွင်း နယ်မြေအေး ချမ်းသာယာပွဲပြိုးရေးလုပ်ငန်းနှင့် လုံခြုံရေးကိစ္စရပ်များ၊ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၀ မင်းသားကြီး သီဟနုအား ကမ္ဘောဒီးယား သမ္မတအပြစ် တင်မြောက်လိုက်ကြောင်းပြင့် ဖနွမ်းပင်အစိုးရက ထုတ်ပြန် ကြေညာသည်။ ကမ္ဘောဒီးယားတွင် ယခုကဲ့သို့ သမ္မတနှစ်ဦး ပြစ်လျက်ရှိနေသည်။အခြား သမ္မတတစ်ဦးမှာဟင်ဆမ်ရင်ပြစ်သည်။

၂၁- ပြည်ထောင်စု ပြန်မာနိုင်ငံတော် ၂၂ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ၂၃ ဦးအုံးကျော်၏ ပိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူသမ္မတနိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာအေးအက်စ်၊ အယ်၊ ပီစတာ ပီဒုထမန်သည် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်

တပ်မတော် ညွှန်ရိပ်သာသို့ သွားရောက်၍ ပူးပြေါ်ကြည်ညိုကန်တော့သည်။

၁၀ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးနှင့် ထောက်လှမ်းရေးတပ် မိသားစုများ၏ ဒုတိယအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ရွှေတိဂုံဘုရားလမ်းရှိ ရဟန္တာမဟာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဇနီးတို့ အမှူးပြု၍ နိုင်ငံတော်အဆက်ကြီးအကဲများ တက်ရောက်ကြပြီး ဆရာတော်ကြီး များအား ကထိန်သင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ သက်တော် (၈၀) ပြည့် ပတ္တမြားရတု ဝိဇာတ မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆင်္ခသင်္ဂါယနာ မဟာပါသာဒ လိုက်ဂူတော်ကြီး၌ ကျင်းပသည်။

၁၃- ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေ၏ ပိတ်ကြားချက်အရ တရုတ် ပြည်သူသမ္မတနိုင်ငံမှ တရုတ် ပြည်သူ့လုတ်မြောက်ရေး တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုကျီးငုံ ခေါင်းဆောင်သော တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ၁၄ ရက်နေ့တွင် နိုင်ငံတော်ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ် ချုပ် မှူး ကြီး စောမောင်ကလည်းကောင်း၊ ၁၅ ရက်နေ့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေကလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးဘိုကျော်ဆောင်သည်။ တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြန်မာနိုင်ငံတွင်ရှိနေစဉ် မန္တလေးမြို့နှင့် ပဲခူးဒေသတို့သို့ သွားရောက်လေ့လာသည်။ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၍ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ ၂၂ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ် စား လှယ် အ ဖွဲ့ အား ကာကွယ်ရေး ဝန်ကြီးဌာန အဂ္ဂရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ ၂၃ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

၂၁ ကုလသမဂ္ဂ လုံခြုံ ရေး ကောင်စီ က အီဂျစ်နိုင်ငံမှ ဘူထရို့စ်ဂါလီ အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အသစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ယင်းသို့ ရွေးချယ်တင်မြှောက်ခြင်းကို အဖွဲ့ဝင် ၁၆၆ နိုင်ငံပါဝင်သော ကုလသမဂ္ဂ အထွေထွေ ညီလာခံက အတည်ပြုပေးရဦးမည် ဖြစ်သည်။

၂၂–၂၆ နိုင် ငံ တော်ငြိမ် ဝပ် ပိပြား မှု တည် ဆောက် ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် အနောက်ပိုင်းတိုင်း စစ်ဌာန ချုပ်နယ်မြေ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၄ လောနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆရာတော်ကြီးများ အားမဟာအသဒိသစီဝရဒါန သင်္ကန်းကပ် လှူ ပူဇော်ပွဲမင်္ဂလာအခမ်းအနားကိုရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီး ဒေါ်အေးရီတို့ တက်ရောက်ကြည်ညိုပြီး လောနိုင်ငံမှ ကြွရောက်တော်မူလာသည့် သင်္ဃတော် ၈၅ နှစ်၊ ဝါတော် ၆၅ ဝါရှိ သံဃာဦးသျော်ဘဒ္ဒန္တအက်ဆိုဘတ်ဒို ဆရာတော်ကြီးအား သင်္ကန်းတော် ဆက်ကပ်လှူဒါန်းသည်။

၁၆ ကြိမ်မြောက် အရွှေတောင်အာရှ အားကစားပြိုင်ပွဲ ဖွင့် ပွဲ အ ခမ်း အ နားကို မနီလာမြို့ရှိ ရီဇော်အားကစား ပြိုင်ကွင်းကြီး၌ ကျင်းပရာ ဖိလစ်ပိုင်သမ္မတ ကိုရာဇွန် အကီနိုက ကက်ရောက်ဖွင့်လှစ် ပေးလိုက်သည်။

၂၅ ရုပ်သံ ပိုမိုကြည်လင်ပြတ်သားသော အိပ်ချ်ဒီတီဗွီ အစီအစဉ်များ အပြည့် အဝထုတ်လွှင့်မှုကို ကမ္ဘာပေါ်တွင်ပထမဆုံး အဖြစ် ဂျပန်နိုင်ငံတွင် စတင်ထုတ်လွှင့်သည်။ ယင်းတီဗွီစက်တစ်စုံလျှင် ဒေါ်လာ သုံးသောင်းကျော် ပေးရသဖြင့် လော လောဆယ်တွင် လူနည်းစုကသာ ဝယ်ယူ ကြည့်ရှုနိုင်သည်။

၂၉–၃၀ ဂျပန်နိုင်ငံ ဟီရိုရှီးမားငြိမ်းချမ်းရေး အထိ မ်း အ မှတ် ကျောက် တုံး လက် ဆောင် ပေး ရေး အ သင်း မှ ပေးပို့ခဲ့သော အ ကျ ည်ူ ဗုံး ဒဏ် ခံခဲ့ရသည့် ငြိမ်း ချမ်း ရေး အ ထိမ်းအ မှတ် ကျောက် တုံး အား ကြွေ ဆိုသည့် အ ခမ်း အ နား ကို ရန် ကုန် လေ ဆိပ် ၌ ကျင်း ပ ရာ ငြိ မ် း ချမ်း ရေး နှင့် အေး ချမ်း သာ ယာ ရေးကို အစဉ်ထာဝရ ချစ်မြတ်နိုးကြသော မြန်မာနိုင်ငံရှိ ပြည်သူပြည်သား ထောင် ပေါင်းများစွာတို့က ငြိမ်းချမ်းရေး တေးသံ သာ များနှင့်အတူ သောင်း သောင်း ဖြ ဖြ စည်ကားသိုက်မြိုက်စွာ ဂုဏ် ပြု ကြွေ ဆို ကြ သည်။ ၃၀ ရက်နေ့တွင် အ ဆို ပါ ငြိမ်း ချမ်း ရေး ကျောက် တုံး ကို ပြည် သူ့ လှတ်တော် အဆောက်အအုံ ဧည့်ခန်းမ၌ မြန်မာပြည်သူပြည်သားများကိုယ်စား နိုင်ငံတော် ငြိမ်ဝပ်ပိ ပြား မှု တည်ဆောက် ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက်၍ လက်ခံရယူသည်။

ဒီဇင်ဘာလ

၁ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက်ရေးအဖွဲ့ အမျိုးသားဆောင်ပုဒ်များ ရေးသားရေး ဦးစီးကော်မတီ၏ အမျိုးသားဆောင်ပုဒ်များကို အ ကောင် အထည်ဖော်သည့် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ နှင့်မြဝတီပုံနှိပ်တိုက်၏ ၁၉၉၁ ခုနှစ်အတွက် နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရကြသူများအား ဆုပေးပွဲအခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဂျပန်နိုင်ငံကပေးပို့ရရှိခဲ့သော ငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တုံးအား ခေတ္တထား ရှိ ရာ ပြည် သူ့ လွှတ် တော် ဧည့် ခန်း ဆောင်ရှိ စင်မြင့်မှ ပြည်သူအများလေ့လာကြည့်ရှုနိုင်ရန် အမြဲတမ်းထားရှိ ပြသထားမည့် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ် ပန်း အလှပြခန်းသို့ သယ်ယူပို့ဆောင်သည့် အခမ်း အနားကို ကျင်းပသည်။

၂ ရန်ကုန်မြို့တွင်ခေတ္တသီတင်းသုံးလျက် ရှိသော လော နိုင် ငံ နှင့် က မ္ဘော ဒီးယားနိုင်ငံတို့မှ ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဇနီး ဒေါ်အေးရီနှင့်မိသားစုတို့က ဆရာတော်ကြီးများသိတင်းသုံးနေထိုင်ရာအလုံလမ်းရှိမနေဝ်ဟရီ ယာယီစံကျောင်း ပတ္တမြားဆောင်သို့ သွားရောက်ပူဇော်ကန်တော့ကြသည်။

အာဖရိကအရှေ့ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သောကင်ညာနိုင်ငံတွင်ပါတီစုံနိုင်ငံရေးစနစ် ကျင့်သုံးရန် ကင်ညာနိုင်ငံ အာဏာရပါတီ ခေါင်းဆောင်များ အစည်းအဝေးက ဆုံးဖြတ်လိုက်လည်။

၅ ဆိုဗီယက်နိုင်ငံ (ယခု – ရုရှားပြည်ထောင်စု)မှတာဝန်ရှိသူများ၏ ကမ်းလှမ်းချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဖိတ်ကြား၍မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ပရိယတ်ပဋိပတ်လေ့လာသင်ယူရန် လာရောက်မည့် ရုရှားလူငယ်ကိုးဦးအနက် လူငယ်ငါးဦးသည် ပထမသုတ် ရောက်ရှိကြပြီး ၎င်းတို့အား မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့် အညီ ရှင်သာမဏေပြုပေးခြင်း ပဗ္ဗဇ္ဇာမင်္ဂလာ အခမ်း အ နား ကို က မ္ဘာ အေး ကုန်း မြေ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

၇ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ အား ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အထူးမူလတန်း ဆရာအတတ်သင် သင်တန်း အမှတ်စဉ် (၃) နှင့် (၄) တို့မှ သင်တန်းသား သင်တန်းသူများက တွေ့ဆုံဂါရဝပြု အခမ်းအနားကို ကာကွယ်ရေး ဝန်ကြီးဌာန၊ ခန်းမဆောင်၌

ကျင်းပရာ ဗိုလ်ချုပ်ကြီးသန်းရွှေက ဩဝါဒ အမှာစကား ပြောကြားသည်။

၁၉၉၀ ပြည့်နှစ်အတွက် အမျိုးသား စာပေဆုနှင့် ၁၉၉၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန နှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်က စာပေဆုရှင်များအား ဆုအသီးသီးချီးမြှင့်သည်။

အယ်လဘေးနီးယားနိုင်ငံမှိုတော် တီထုနာအနီး မြို့တစ်မြို့တွင် စားနပ်ရိက္ခာများ လုယက်ယူငင်ထုမှု အဓိကရုဏ်း ဖြစ်ပွားသဖြင့် ပစ်ခတ်နှိမ်နင်းရာ လူနှစ်ဦး သေဆုံးသည်။ အယ်ဘေးနီးယားဆိုရှယ်လစ်ဝန်ကြီးချုပ် ယိလီဘူဖိက အရန်အဖြစ်ထားရှိသည့် စားနပ်ရိက္ခာများ၊ အထူးသဖြင့် ကောက်ပဲသီးနှံများ၏ ပမာဏသည် သိတင်းတစ်ပတ်စာသာရှိတော့ကြောင်း ဤလ ၄ ရက်နေ့ကကြေညာသဖြင့် စားနပ်ရိက္ခာအလုအယက် ဝယ်ယူရာမှ အဓိကရုဏ်း ဖြစ်ပွားခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ယိလီဘူဖိသည် ရာထူးမှ တရားဝင် နုတ်ထွက်သွားသည်။

၁၀ ၁၉၉၁ခုနှစ်ပြည့်နယ်နှင့်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပသည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးအလုပ်အမှုဆောင်အဖွဲဝင်များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပရာဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ ခန်းမဆောင်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်သည် တိုင်းရင်းသားခေါင်းဆောင်များနှင့်တပ်မတော် ဦးစီးရုံးသားတွင် တွေ့ဆုံဆွေးနွေးသည်။

ဆိုဗီယက်သမ္မတ မိခါးယီးဂေါ်ဘာချော့ ထုထူးမှုနုတ်ထွက်ပေးရန် နီးကပ်လာချိန်တွင် ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်သည် ၎င်း၏ ဓနသဟာယအဖွဲ့အစည်းသစ် ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရုရှားလွှတ်တော်၏ အဘည်ပြုချက်ကိုရရှိလိုက်သည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် ဗားဂရာတိုက် အုပ်ချုပ်ရေးနာယကပဓာန၊ သီရိဝေလာစာသင်တိုက်၏ အကြီးအမှူး ဦးစီးနာယက၊ ရန်ကုန်တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသလ္လ မဟာထေရ်မြတ်၏ သက်တော် ၆၅ နှစ်၊ ဝါတော် ၄၅ ဝါပြည့်၊ ၄၃ ကြိမ်မြောက် ဝိဇာတ မွေးနေ့မင်္ဂလာ ကုသိုလ်ဒါနအခမ်းအနားသို့ တက်ရောက်၍ ကြည်ညိုဖွယ်မြော်ကန်တော့သည်။

၁၄ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ အားကစားနှင့် ကာယပညာကော်မတီနှင့် မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်တို့၏ ကြီးကြပ်မှုဖြင့် မြို့တော်ဝန် မဂရသွန်ပြိုင်ပွဲ၊ မြို့တော်ပတ်လမ်း တာဝေးလက်ဆင့်ကမ်းပြိုင်ပွဲ၊ မိနီမဂရသွန်ပြိုင်ပွဲ၊ မိုက်ကရို မဂရသွန်ပြိုင်ပွဲနှင့် ဘီးတပ်လှည်းပြိုင်ပွဲများအတွက် တာလွတ်ပွဲကို ရန်ကုန် မြို့တော်ခန်းမရှေ့တွင် ကျင်းပသည်။

၁၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် သည် မြန်မာနိုင်ငံဆရာဝန် အသင်းတို့က်တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား တတိယ အကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့သဘင်ပွဲတော် ပန်းချီ ပန်းပု လက်မှုအနုပညာ ပြပွဲပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုလေ့လာပြီးနောက် လေ့သဘင်ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၉ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် သစ် အဖြစ် လုံခြုံရေးကောင်စီအဖွဲဝင် နိုင်ငံများ၏ ထောက်ခံမဲ

မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့သဘင်ပွဲတော်သို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် တက်ရောက်အားပေးစဉ်





ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အိဂျစ်နိုင်ငံမှ ဘူတရို့စ်ဂါလီ

၁၁ မဲဖြင့် ရွေး ချယ် ခံ ထား ရ သော အိဂျစ် ဒုတိယဝန်ကြီးချုပ် ဘူထရို့စ်ဂါလီသည် ကမ္ဘာ့ ကုလသမဂ္ဂဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူးချုပ်သစ် အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဒုတိယဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်သည်။

သြစတြေးလျ ဝန်ကြီးချုပ် ဈာထူး ကိုကိုးနှစ်နီးပါးမျ ထိန်း ချုပ် လာ ခဲ့ သော ဘော့ဟော့ခ်ကို ပါတီတွင်း မဲဆန္ဒပေးပွဲတွင် လေဘာပါတီ နိုင်ငံရေးသမားများက ဝန်ကြီးချုပ်ဈာထူးမှ ဖယ် ရှား လိုက် ကာ ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါ (လ်) ကီတင် (၄၇ နှစ်) အား ဝန်ကြီးချုပ်အဖြစ် ထောက်ခံမဲပေး ရွေးချယ်လိုက်သည်။

၂၁ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော် လေယာဉ်ဖြင့် ပုဂံ–ညောင်ဦး လေဆိပ်သို့ ရောက်သည်။ ထို့မှ ရဟတ်ယာဉ်များဖြင့် ပခုက္ကူသို့ ရောက်ရှိပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဩဝါဒ ခံယူပူဇော်ပွဲ အ ခမ်း အ နား သို့ တက်ရောက်၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရေစကြိုမြို့နယ် ပခန်းကြီး မြို့ဟောင်းနှင့် ပခန်းကြီးကျေးရွာသို့ သွားရောက်ပြီး ပခန်းကြီး ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆိုဗီယက် သမ္မတနိုင်ငံဟောင်း ၁၂ နိုင်ငံတို့အနက် ၁၁ နိုင်ငံမှ ခေါင်းဆောင်များသည် လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့သစ်ထူထောင်ကြောင်းကြေညာသည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုး လိုက်ကြခြင်းဖြင့် ဆိုဗီယက် ပြည်ထောင်စုသည် တရားဝင် နိဂုံးချုပ်သွားသည်။

၂၄ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ဝန်ကြီးဌာနအသီးသီးနှင့် အ ဖွဲ့ အ စည်း အ သီး သီး မှ ဌာနဆိုင်ရာ အကြီးအကဲများအား လက်ရှိနိုင် ငံရေး အ ခြေ အ နေ နှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်ကြီးတွင် တွေ့ဆုံရှင်းလင်းသည်။ အဆိုပါ တွေ့ ဆုံ ရှင်း လင်း ပွဲ အ ခမ်း အ နား တွင် အတွင်းရေးမှူး (၁) က တပ်မတော်သည် ပြည်ထောင်စုကြီး မပြိုကွဲစေရန်၊ တိုင်းရင်းသား စည်းလုံးညီတွတ်မှု မပြိုကွဲစေရန် နှင့် နိုင်ငံတော် အချုပ်အခြာအာဏာ ဆုံးရှုံးမသွားစေရန် နိုင် ငံ တော် တာ ဝန် ကို ယူထားရခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသား အား လုံး က မြတ်မြတ် နိုး နိုး လေး စား ရမည့် ခိုင် မာ သည့် ဖွဲ့ စည်း ပုံ အ ခြေ ခံ ဥပဒေ ပေါ် ပေါက် လာ ပြီး သား စဉ် မြေး ဆက် လွတ်လပ်သည့် အချုပ်အခြာအာဏာ အစွန့်ရှည် တည်တံ့ခိုင်မြဲသော ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ် ထွန်းလာရေးအတွက် ဆောင်ရွက်နေကြောင်း စသည်ဖြင့် အမှာ စကားတွင် ထည့်သွင်းပြောကြားသည်။

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲကို မတ်လ ၂၂ ရက်နေ့တွင် ကျင်းပမည်ဟု ဝန်ကြီးချုပ် အာနန် မန်ယာထူချန်၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားလိုက်သည်။

၂၅ ဆိုဗီယက် ပြည်ထောင်စု၏ အင်္ဂမ မြောက်နှင့် နောက်ဆုံးခေါင်းဆောင် တစ်ဦးဖြစ်သူ မီခါယီး ဂေါ်ဘာချော့သည် ပြိုကွဲသွားပြီဖြစ်သော ကွန်မြူနစ်အင်ပါယာ ဆိုဗီယက် သမ္မတအဖြစ်မှ နုတ်ထွက်ပြီး ဆိုဗီယက်ပြည်ထောင်စု၏ နေထုတွင် အစားထိုး ဝင်ရောက်လာသည့် ဓနသဟာယအဖွဲ့ သစ်ကြီးသို့ အာဏာ လွှဲပြောင်းပေးအပ်လိုက်သည်။

၂၆ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်ဇနီးဒေါ်အေးရီတို့သည် ကန်တော်ကြီးတွင် စတင် ဖွင့်လှစ်လိုက်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလား တတိယ အကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့သဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ သွားရောက်ကြည့်ရှု အားပေးသည်။


၂၇ ၁၉၉၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်တက်ဆောက်၍ အမှာစကား ပြောကြားပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရသူများအား ဆုမျှားချီးမြှင့်ရာ သုမောင်က အမျိုးသားဇာတ်ဆောင်ဆု၊ ခင်သန်းနုက အမျိုးသမီးဇာတ်ဆောင်ဆု၊ ဇော်လွင်က အမျိုးသားဇာတ်ပို့ဆု၊ မောင်ဝဏ္ဏက ဒါရိုက်တာဆုနှင့် ဦးကြည်က ဓာတ်ပုံဆုများ အသီးသီး ရရှိကြသည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်း ဝန်ကြီးဌာန ဝန် ကြီး ဒုတိ ယ ဗိုလ် ချုပ် ကြီး မောင်မောင်ခင်၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ လယ်ယာနှင့် သစ်တော ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦးတို့သည် ရောဝတီတိုင်းသို့ သွားရောက်ကြ၍ ဟိုင်းကြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး ကိစ္စများကို ညှိနှိုင်း စီစဉ် ဆောင်ရွက်ပေးကာ ပုသိမ်မြို့ တည်ဆောက်ရေး လုပ်ငန်းများ၊ ထိန်ဋ္ဌပန်းတာနှင့် သရွတ်ဝ မေဒုံပန်းတာ တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားကြသည်။











အဝိုင်း ၂

နှစ်ချုပ် အထူးဆောင်းပါးများ

ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း .... ဦးအေးချို (မဟာဝိဇ္ဇာ) ၃၄

မြန်မာနိုင်ငံ ရွှေဟောင်းသုတေသန ဦးစီးဌာန .... ဒေါက်တာ ခင်မောင်ညွှန့် ၄၂


သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ .... ဦးတင်လှိုင် ၅၈

ဗိုလ်ချုပ်မှူးကြီးစောမောင်၏ တရုတ်ပြည်သူ

သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ....စာတည်းအဖွဲ့ဝင် ၆၆

ပင်လယ်ကွေ့စစ်ပွဲ – ....ဦးခင်မောင်လေး ၇၂

မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး ပညာပြန့်ပွားလွယ်ကူဆောင်ရေး ....ဦးညွန့်ဟံ ၈၈










ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း

မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် အနှစ်လေးငါးရာခန့်အထိ ရုပ်ပွားတော် ဆင်းတုတော်များ ထုလုပ်ကိုးကွယ်မှုမရှိခဲ့သေးဟု သုတေသီများက တင်ပြခဲ့ကြဖူးသည်။ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးက သမန္တစက္ခုဒီပနီ ပုစ္ဆာ ၉၇ နှင့် ၉၉ တို့တွင် ရုပ်ပွားဆင်းတုတော်များ ကိုးကွယ်ခြင်းများနှင့်ပတ်သက်၍ ဖြေဆိုထားသည်ကို တွေ့ရသည်။ ပုစ္ဆာ ၉၇ တွင် ကောသလမင်းကြီးစန္ဒကူးနှစ်ရုပ်တု ထုလုပ်၍ကိုးကွယ်ခြင်းကို ဖြေဆိုထားရာတွင် ထိုစကားသည် ဇင်းမယ်ပဏ္ဏာသကျမ်းထုတ်ဖြစ်ကြောင်းနှင့် ဇင်းမယ်ပဏ္ဏာသကျမ်းသည် ကျမ်းကြီးကျမ်းခိုင်မဟုတ်၊ သင်္ဂါယနာဝင်ကျမ်းအစုတွင် မပါဝင်ဟု ဖြေဆိုထားသည်။ ပုစ္ဆာ ၉၉ တွင် ဘုရားသခင် လက်ထက်တော်ကပင် ရုပ်တုတော်များ ထုလုပ်ကိုးကွယ်ခြင်းရှိမရှိကိုမူ ကောသခာတုဝင်ကျမ်း၊ ပညတ္တိဆဂတိ ဒီပနီကျမ်းတို့တွင် လာသည်ဟု အကိုးအကားပြပြီးလျှင် ဘုရားရုပ်တုတော်ကို ဘုရားကိုယ်တော် ထင်ရှားရှိစဉ်ကပင် လုပ်ဆောင်ကိုးကွယ်ကြောင်းကို သိသာသည်ဟု ဖြေဆိုထားသည်။ သို့ရာတွင် ထိုကျမ်းများလာ ရုပ်ပွားတော်များကိုကား မျက်မှောက်ခေတ်တွင် မမြင်တွေ့ရချေ။

ရှေးဟောင်းသုတေသနပညာရပ်ကို အခြေခံပြီး ဗုဒ္ဓဝင်ဆိုင်ရာ အနုပညာကိုလေ့လာကြသူ သုတေသီများကမူ အေဒီ ၂ ရာစုမတိုင်မီအထိ ဗုဒ္ဓရုပ်ပွားတော်များ မရှိသေးဟု ဆိုကြသည်။ ရှေးဦး ဗုဒ္ဓဝင်ဆိုင်ရာစာအုပ်များသည် သင်္ကေတ အမှတ်လက္ခဏာများသာ တွေ့ကြရသည်။ ဆန်ချီထူပါရှိ ဗောဓိပင်နှင့် ရှေပလ္လင်အောင်တော်မူခန်းတွင် ဗောဓိပင်နှင့် ရှေပလ္လင်ကိုသာ တွေ့မြင်ရသည်။ အာသောကကျောက်စာတိုင် ထိပ်ဖူး၌ ရှိသော ဆင်၊ နွားလားဥဿဘ၊ မြင်းနှင့်ခြသေ့ရုပ်လုံးများသည် ဗုဒ္ဓဝင်ဆိုင်ရာ သင်္ကေတများ ဖြစ်သည်ဟုလည်း ဖွင့်ဆိုထားကြသည်။

အေဒီ ၁ ရာစုခေတ်က ကုသျှန်မင်းများအုပ်စိုးသောကာလ၌ ဂန္ဓာရအနုပညာခေတ်နှင့် မထုရအနုပညာခေတ် ထွန်းကားခဲ့သည်။ ဂန္ဓာရခေတ်သည် လက္ခဏာတော်ကြီးငယ်တို့ဖြင့် ပြည့်စုံသော လူသားအသွင် ဘုရား ရှင်၏ ရုပ်ပွားဆင်းတုတော်တို့ကို ရှေးဦးစွာ ထုလုပ်လာကြသော ခေတ်ဖြစ်သည်။ လက္ခဏာတော်ကြီးငယ်တို့သည် သုတ်ပါထေယျ လက္ခဏသုတ်လာ ၃၂ ပါးသော မဟာပုရိသ လက္ခဏာတော်ကြီးနှင့် လက္ခဏာတော်ငယ် ၈၀ တို့ကို မှီငြမ်းပြုသည်။ မထုရအနုပညာခေတ်တွင် ရုပ်ပွားတော်များ၏ လက်အနေအထားဟန်ပန် "မုဒ္ဒြ" နှင့် ခြေတော်ဖျား အနေအထားဟန်ပန် "အာသန" တို့ကို စတင်ထုလုပ်လာကြသည်။ "မုဒ္ဒြ" နှင့် "အာသန" များထုလုပ်ရာတွင် ကျမ်းဂန်များကို ကျောထောက်နောက်ခံပြုပြီး ဆက်စပ်ထုလုပ်လာကြသည်။ မြတ်စွာဘုရား မဟာဗောဓိပင်နှင့် ရှေပလ္လင်အောင်တော်မူခန်းတွင် မြတ်စွာဘုရားသည် မဟာပထဝီမြေကြီးအား လက်ညှိုးညွှန်၍ သက်သေတိုင်ထားသည်ဟု ကျမ်းဂန်များတွင်လာသည်ကို အခြေခံပြီး ညာဘက်လက်တော်က မဟာပထဝီမြေကြီးကို လက်ညှိုးထိုးဟန်များ ထုလုပ်လာသည်။ ဤပုံကို "ဘူမိဖဿမုဒ္ဒြ" ဟု ခေါ်ဝေါ်ကြသည်။ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား တရားဦးဧမမ္မစကြာဟောတော်မူခန်း ထုလုပ်ကြသောပုံကို "ဓမ္မစက္ကမုဒ္ဒြ" ဟု ခေါ်ဝေါ်ကြသည်။ ဂန္ဓာရခေတ်က ထုလုပ်ခဲ့သော ဗုဒ္ဓလောင်းလျာ ဒုက္ကရစရိယာကျင့်တော်မူပုံသည် အနုပညာလက်ရာအနေနှင့်ရော အကြောင်းအရာ ပို့ဆောင်ပုံတို့ပါ ထူးခြားကောင်းမွန်သဖြင့် စံပြုထိုက်သော လက်ရာအဖြစ် ကျန်ရစ်ခဲ့သည်။ အေဒီ ၅ ရာစုက ထုလုပ်ခဲ့သော ဓမ္မစကြာ တရားဟောတော်မူပုံတွင် ဗုဒ္ဓထိုင်တော်မူရာပလ္လင်အခြေ၌ သမင်ရုပ်များပါ ထုလုပ်လာသည်ကို ကြည့်ခြင်းအားဖြင့် ထိုလက်ရာများသည် ဗုဒ္ဓဆင်းတုတော် အဖြစ်သာမက ဗုဒ္ဓဝင်အကြောင်းအရာကိုပါ ဖော်ပြခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

နောင်ကာလတွင် အုတ်ခွက်ဘုရားများ၌လေးခန်းဗုဒ္ဓဝင်၊ ရှစ်ခန်းဗုဒ္ဓဝင်များကို ထည့်သွင်းထုလုပ်လာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌လည်း ထိုအုတ်ခွက်ဘုရားများကို တွေ့ရှိရသည်။ သရေခေတ္တရာခေတ်က အင်္ဂတေကျောက်ပြားပေါ်တွင် ထုလုပ်ထားသော ကျောက်ပုံတစ်ခုတွင် ဓမ္မစကြာတရားဟောဟန် ထုလုပ်ထားသည်။ ထိုပုံ၏ဖွဲ့စည်းပုံမှာ အေဒီ ၅ ရာစုက ထုလုပ်ခဲ့သော



တတိယ သင်္ကန်းခင်းတော်မူပုံ။

ဓမ္မစကြာတရားဟောပုံ ဖွဲ့စည်းပုံနှင့်အတူတူဟုပင် ဆိုနိုင်သည်။ ဗုဒ္ဓထိုင်တော်မူရာ ပလ္လင်အခြေတွင် သမင်နှစ်ကောင်ပုံပါပြီး သမင်နှစ်ကောင် ဦးခေါင်းဆိုင်ကြားတွင် တရားပုံတောင်း ခေါ် ဓမ္မစကြာပုံ ထည့်သွင်းထုလုပ်ထားခြင်းဖြစ်သည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်ဟု ခန့်မှန်းထားသော ရွှစ်ခန်းဗုဒ္ဓဝင်အုတ်ခွက်ဘုရားတစ်ဆူကို ၁၉၅၅–၅၆ ခုနှစ်က ရရှိခဲ့သည်။ ထိုအုတ်ခွက်ဖွဲ့စည်းပုံမှာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းကို အလယ်က မဏ္ဍိုင်ပြုပြီးလျှင် အုတ်ခွက်၏ ထိပ်ဆုံးအချွန်း၌ ပရိနိဗ္ဗာန်စံတော်မူခန်း ထည့်သွင်းထားသည်။ ပုံ၏လက်ဝဲဘက် အောက်ဆုံးမှ အထက်သို့ မျောက်များ မုံဆွမ်းကပ်လှူခန်း၊ ဓမ္မစကြာတရားဟောခန်း၊ နာဠာဂီရိဆင် ချုတ်ခန်းတို့ ဖြစ်ပြီး လက်ယာဘက်အောက်ဆုံးမှအထက်သို့ မယ်တော်မာယာသားဖွားခန်း၊ မြတ်စွာဘုရားပြာဋိဟာပြခန်း၊ တာဝတိံသာမှ ဆင်းသက်ခန်းဖြစ်သည်။ ဤအကြောင်းအရာများ မဟုတ်သော်လည်း ဤသို့သဘောရှိသော ရွှစ်ခန်း ဗုဒ္ဓဝင်အုတ်ခွက်များ အများအပြား တွေ့ရသည်။ ပုဂံခေတ်တွင် ဖွားတော်မူခန်း၊ ဘုရားဖြစ်ခန်းစသော ဗုဒ္ဓဝင် အကြောင်းအရာများကို ပန်းချီဖြင့်လည်းကောင်း၊ ပန်းတော့ပညာ၊ကျောက်ထွင်းပန်းပုတို့ဖြင့်လည်းကောင်း ရေးဆွဲထုလုပ်ထားသည်ကို တွေ့ရလေသည်။ ဤသည်တို့မှာ ဗုဒ္ဓဝင်ကျောက်ချပ်များ၊ ဗုဒ္ဓဝင်အုတ်ခွက်များ ဖြစ်သော်လည်း ဗုဒ္ဓဝင်ပြခန်းများ၏ အခြေခံလမ်းကြောင်းများဟုလည်း ဆိုနိုင်လေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ၌ သာသနိက အဆောက်အအုံများဆောက်လုပ်လှူဒါန်းကြသောအခါ ဗုဒ္ဓဝင်ဇာတ်လမ်းများကိုလည်းကောင်း၊ ဗုဒ္ဓအဆုံးအမ တရားတော်လာဇာတ်လမ်းများကို လည်းကောင်း၊ အလျဉ်းသင့်သလို ရေးဆွဲ၊ထုလုပ်မှမ်းမံလာကြသည်ကိုတွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက်တွင် ဘုရားပွဲတော်များ ကျင်းပသည့်အခါ ဗုဒ္ဓဝင်ဆိုင်ရာ ပြခန်းပြက္ခဒိန်များကို ခင်းကျင်းပြသလာကြသည်ကို တွေ့ရသည်။ ဤပြခန်းများသည် ဘုရားပွဲများ ကျင်းပ ပြီးစီးသောအခါတွင် ချုပ်ငြိမ်းပျောက်ကွယ်သွားသည်သာ များသည်။ တစ်ကွက်၊ နှစ်ကွက်၊ တစ်ခန်း၊ နှစ်ခန်း စသည်ဖြင့်ရေးဆွဲထုလုပ်ထားကြသည့် ဗုဒ္ဓဝင်ပြကွက် ပန်းချီ၊ ပန်းပုများမှ လွဲ၍ ထာဝရ တည်တံ့နေသည့် ဗုဒ္ဓဝင်ပြခန်းများကား မရှိခဲ့သေးချေ။

လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏


အနောက်ဘက်စောင်းတန်းမှ မြောက်ဘက် ပေါင်းရုံခန့် အကွာတွင် သာသနာ နှစ် ၂၅၀၀ ပြည့် အထိမ်းအမှတ် အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သော ဗုဒ္ဓဇယန္တီဓမ္မာရုံကြီးသည် နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ဟောင်းနွမ်း ပျက်စီးစပြုလာသည်။ ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့နှင့် ရွှေတိဂုံ စေတီတော် စေတနာပညာရှင် အဖွဲ့တို့သည် ဟောင်းနွမ်း ပျက်စီးနေသော ဗုဒ္ဓဇယန္တီ ဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံ၍ အရှည်သဖြင့်ထာဝရ တည်တံ့မည့် ဗုဒ္ဓဝင်ပြခန်းများ တည်ဆောက်ရန် ရည်မှန်းချက် ထားရှိခဲ့လေသည်။ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့နှင့် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်တို့သည် ဗုဒ္ဓဇယန္တီ ဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံ၍ ဗုဒ္ဓဝင် ပြခန်းများတည်ဆောက်ရန် ၁၉၈၉ ခုနှစ် မေလ ၂၆ ရက် နေ့က ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး များထံ လျှောက်ထားပြီး ဩဝါဒခံယူခဲ့ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါသည်။ ဆရာတော်ကြီးများက ခွင့်ပြုသဖြင့် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့် ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပါဝင်သော ရွှေတိဂုံစေတီတော် စီမံကိန်းလုပ်ငန်းသုံးရပ်တည်ဆောက်ရေး ဗဟိုအဖွဲ့ကိုဖွဲ့စည်းပြီးစီမံကိန်းလုပ်ငန်းနှစ်ရပ်ဖြစ်သော ဗုဒ္ဓဝင်ပြခန်းကြီး တည်ဆောက်ရေးနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ကိုထိုစဉ်က ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကက်စိန်၊ ၎င်းနောက် ဗိုလ်မှူးကြီး စိန်ထွားအား ဥက္ကဋ္ဌ အဖြစ်ဦးဆောင်စေခဲ့ပြီး ဖွဲ့စည်းခဲ့ပါသည်။

မဟာဗုဒ္ဓဝင် ပြခန်းများ ခင်းကျင်းပြသရေး လုပ်ငန်းကို ဆောင်ရွက်ရာတွင် ရည်ရွယ်ချက် ငါးရပ်ထားရှိခဲ့သည်။

၎င်းရည်ရွယ်ချက်များမှာ-

- လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာကြသောရဟန်းရှင်လူပြည်သူအပေါင်းတို့သည်ဗုဒ္ဓမြတ်စွာ ရှင်တော်မြတ်ဘုရားအား ဖူးမြော်ကြည်ညိုရ၍ ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို သိရှိမှတ်သား သဒ္ဓါပွားနိုင်ရန်။

မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ် ပြခန်းပုံ။



– မြတ်စွာဘုရား ဟောကြားတော်မူသော တရား ဒေသနာတော်များကို ရဟန်း ရှင်လူ ပြည်သူ အများ သိရှိလိုက်နာနိုင်ကြစေရန်။
– ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကို ကျမ်းဂန် စာပေများတွင် ဖတ်ရှုလေ့လာရန် အခွင့် မသာသူများ အတွက် အချိန်တိုအတွင်း တွေ့မြင် ကြားသိရခြင်းဖြင့် ရှင်းလင်း လွယ်ကူစွာ လေ့လာ မှတ်သား သဒ္ဓါပွားနိုင်ကြရန်။
– ဗုဒ္ဓ သာသနာဝင်ဆိုင်ရာ အကြောင်းအချက်များ ကို သင်ယူလေ့လာမှတ်သားနေကြသော သောတု ဇန သုတေသီများအတွက် ပညာဗဟုသုတ တိုးပွားကြစေရန်။
– ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာဆိုင်ရာ အထွတ်အခေါင် ကျက်သရေ ဆောင် ဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မျက်မှောက်ခေတ် ပန်းချီ၊ ပန်းပု၊ အနုပညာရှင် များ၏ အနုပညာလက်ရာများဖြင့် သရုပ်ဖော် ပြသထားသော ဗုဒ္ဓဝင်ပြခန်း ပြကွက်အသီးသီးကို တစ်စုတဝေးတည်း လေ့လာကြည့်ရှုနိုင်ကြရန်တို့ ဖြစ်သည်။

ဤရည်ရွယ်ချက်များဖြင့် မဟာဗုဒ္ဓဝင် ပြခန်းများ ခင်းကျင်း ပြသရေးလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် စီမံကိန်း လုပ်ငန်း နှစ်ရပ် တည်ဆောက်ရေးအဖွဲ့မှ အောက်ပါ ပုဂ္ဂိုလ်များကိုတာဝန်ပေးအပ်ထားလေသည်။

၁။ ဦးစံဝင်းထွန်းမှတ်ဝင်း ဂေါပက အဖွဲဝင်
၂။ ဦးစိုးမြင့် (၂) ။
၃။ ဦးတင်ထွန်း လုပ်ငန်းကြီးများ ကြီးကြပ်ကွပ်ကဲရေးအဖွဲဝင်
၄။ ဦးမောင်မောင်ကြီး ။

ဗုဒ္ဓဝင်ပြခန်းများ ခင်းကျင်းပြသရေးအဖွဲသည် ဗုဒ္ဓဝင် ပြခန်းများတည်ဆောက်ရာတွင် ပိုမို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်ကြီးများဖြစ်သော –

၁။ ဦးဟန်တင် ပန်းပုပညာရှင်
၂။ ဦးကျော်ဇော ဗိသုကာအင်ဂျင်နီယာ
၃။ ဦးစံတင် လျှပ်စစ်အင်ဂျင်နီယာ
၄။ ဦးအေးချို (မဟာဝိဇ္ဇာ)

တို့ကို တိုးခဲ့ဖွဲ့စည်းခဲ့လေသည်။

ဗုဒ္ဓဝင်ပြခန်းများ ခင်းကျင်းပြသရာတွင် ဗုဒ္ဓဝင် အကြောင်းအရာများသာမက သာသနာနှင့် သက်ဆိုင် သည့် သိမှတ်ဖွယ်ရာအဖြာဖြာတို့ကိုပါ ခင်းကျင်းပြသရန် ရည်ရွယ်ပြီး

(က) ပန်းချီပန်းပု အလင်းအမှောင် အသံ စသည် တို့ပေါင်းစပ်ထားသော (Diarama)နည်း အရ ခင်းကျင်းပြသမည့် ဗုဒ္ဓဝင်ပြခန်း ၂၈ ခန်း။
(ခ) သင်္ဂါယနာ ခြောက်ကြိမ်တင်ခဲ့သော သမိုင်း ပန်းချီကား ခြောက်ကား။
(ဂ) နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူ ရာ ဗုဒ္ဓဝင်ပန်းချီကား ၂၈ ကား။
(ဃ) မြန်မာနိုင်ငံရှိ သက်ရှိထင်ရှားသော သာသနာ့ သမိုင်းဝင် သာသနိက အဆောက်အအုံများ ပြခန်းတစ်ခု။
(င) မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ် ပြခန်းတစ်ခု။

တို့ကို ထည့်သွင်းပြသရန် အားထုတ်ခဲ့ကြလေသည်။

မဟာဗုဒ္ဓဝင်ပြခန်းတွင် ခင်းကျင်းပြသမည့် ဗုဒ္ဓဝင် ဇာတ်လမ်းများကို ရွေးချယ်ရာတွင် လယ်တီဆရာတော် ဘုရားကြီး၏ "သုံးလူရှင်ပင်" ဗုဒ္ဓဝင်ကိုအခြေခံပြီး ပိဋကတ်ကျမ်းစာများနှင့် ညှိ၍ ရွေးချယ်ကြလေသည်။ အကြောင်းအရာ (Theme) များကို ဦးစဝ်ထွန်းမှတ်ဝင်း နှင့် ဦးအေးချို (မဟာဝိဇ္ဇာ)တို့က ပြုစုပေးသည်။ ပန်းချီ ပန်းပုပညာရှင်ကြီးများဖြစ်ကြသော

(က) စတား ဦးမြသန်း
(ခ) ဦးသိန်းညွန့်
(ဂ) ဦးလွန်းကြွယ်
(ဃ) ဦးအုံးသင်းကြီး
(င) ဦးအုံးတင်
(စ) ဦးကြွယ်လေး (မန္တလေး)

တို့ပါဝင်သောအဖွဲက ပုံထုတ်၍ ဗုဒ္ဓဝင်ပြခန်းများ ခင်းကျင်းပြသရေးအဖွဲဝင်များက စိစစ်ရွေးချယ်ကြပြီး လျှင် ပန်းချီပန်းပုပညာရှင်များက ပြခန်းတစ်ခန်းချင်း အတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။ (Diarama) နည်းအရအကောင်အထည်ဖော် ခင်းကျင်း ပြသထားသော ဗုဒ္ဓဝင် ၂၈ ခန်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။


၁။ ပဋိသန္ဓေယူခန်းနှင့် ဖွားတော်မူခန်း။
၂။ လောကီစည်းစိမ် ခံစားတော်မူခန်း။
၃။ နိမိတ်ကြီးလေးပါး မြင်တော်မူခန်း။
၄။ တောထွက်တော်မူခန်း။
၅။ ဒုက္ကရစရိယာ ကျင့်တော်မူခန်း။
၆။ ဘုရားဖြစ်တော်မူခန်း။
၇။ ဓမ္မစကြာတရားဟောခန်း။
၈။ ပဿသူဌေးသား ရဟန်းဖြစ်ခန်း။
၉။ ရာဟုလာအမွေတောင်းခန်း။


၁၀။ ရောဟိဏီမြစ်ဝှမ်းမှ ငြိမ်းချမ်းရေးတရားဟော ခန်း။
၁၁။ ဘိက္ခုနီ သာသနာခွင့်ပြုတော်မူခန်း။
၁၂။ ခေမာမိဖုရားအား ဆုံးမတော်မူခန်း။
၁၃။ ရဟန်းများ တန်ခိုးပြာဋိဟာမပြရန် ဆုံးမခန်း။
၁၄။ အဘိဓမ္မာတရားဟောခန်း။
၁၅။ သံဃာညီညွတ်ရေး တရားဟောခန်း။
၁၆။ သိင်္ဂါလ သတ္တိသားအား ဆုံးမခန်း။
၁၇။ အက္ကောသဘာရဒ္ဒါရပုဏ္ဏားအား ဆုံးမခန်း။
၁၈။ အရှင်အာနန္ဒာ၏ ပယ်လေးတန် ပန်လေးပါး ဆုရှစ်ပါးတောင်းခံတော်မူခန်း။
၁၉။ ကာလမသုတ် ဟောတော်မူခန်း။
၂၀။ ဂီလာန ရဟန်းအား ပြုစုတော်မူခန်း။
၂၁။ မာလုက္ကျပုတ္တ ရဟန်းအား ဆုံးမတော်မူခန်း။
၂၂။ မဟာသာလ ပုဏ္ဏားကြီးအား ဂါထာသင်ကြား ပေးခန်း။
၂၃။ ဆွမ်းဦးလှူလိုသူ ပဥ္စဂုပုဏ္ဏားထံမှ ဆွမ်းခံတော် မူခန်း။

၂၄။ ဒေဝဒတ်ကို မြတ်စွာဘုရား ဆုံးမခန်း။
၂၅။ အဇာတသတ် မြတ်စွာဘုရားထံဝင်ခန်း။
၂၆။ အရှင်သာရိပုတ္တရာ၏ ရဲရဲတောက် စကား လျှောက်ထားခန်း။
၂၇။ အမ္ဗပါလီ၏ဆွမ်းကို လက်ခံတော်မူခန်း။
၂၈။ ပရိနိဗ္ဗာန် စံတော်မူခန်းနှင့် ဓာတ်တော်ဝေ ခန်း။

တို့ဖြစ်သည်။ ထိုပြခန်းများသည် မြန်မာနိုင်ငံ သာသနာ့ သမိုင်းစဉ်တစ်လျှောက် ပြရှိုးပြစဉ် ပြသခဲ့သော ပန်းချီ ပန်းပုပုံသေပြကွက်များမဟုတ်ဘဲ ပန်းချီပန်းပု အလင်း အမှောင် အသံတို့ဖြင့် ပေါင်းစပ်ပြသထားခြင်းဖြစ်ရာ ပန်းချီပန်းပုပြကွက်ကို တစ်ခန်းချင်းအလိုက် ပညာရှင် များက ရေးဆွဲထုလုပ်ပြသကြပြီး အလင်းအမှောင် အတွက် လျှပ်စစ်မီး လှုပ်ရှားကစားလာစေရန် နည်းပညာများကို လျှပ်စစ် အင်ဂျင်နီယာ ဦးစံတင်က ဦးဆောင် ကြံဆ တီထွင်ပြီး တပ်ဆင်ပေးလေသည်။ အသံများအတွက် တေးဂီတ ပညာရှင်ကြီးများဖြစ်သည့် ဆရာဦးသုခ၊ ဘိုကလေး တင့်အောင်နှင့် ဂီတလှုလင် မောင်ကိုကိုတို့က တာဝန်ယူဖန်တီးရေးဖွဲ့ပြီး ဂီတပညာ ရှင်များက သီဆိုထားကြလေသည်။ ဥပမာအားဖြင့် "လောကီစည်းစိမ် ခံစားတော်မူခန်း" ပန်းချီပန်းပု

မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများ ပြခန်းပုံ။





နာရဒမြတ်စွာဘုရားပုံတော်။

ပြကွက်ကြီးတွင် မီးရောင်က အလင်းအမှောင်ကို လိုသလို ကစားနေစဉ် နောက်ခံအသံဖြင့် အောက်ပါတေးကို သာယာညင်းပျောင်းစွာ သီဆိုပေးထားသည်။

မ– သိဒ္ဓတ်ကုမ္မာ ဖွားတော်မူစအခါ ဒေဝီလရသေ့ ဆရာ ဆံကျစ်ထက်ဖျား ထက်နား စံပယ်ကာ ကြီးမြတ်သော ဗုဒ္ဓလောင်းလျာ၊ ပမာအတူရှိကြတဲ့ မဟာပုရိသလက္ခဏာ။

ကျား– တစ်ချောင်းသော လက်ညှိုးထောင်ကာကောင်္ကာည ပုဏ္ဏား ဟောကြားခဲ့သည်မှာ မုချမမှား ဗုဒ္ဓဘုရား ဖြစ်တော်မူမည်သာ။

မ– ခမည်းတော် သုဒ္ဓေါဒန အဟုတ်မနောဟဒယ မသက်သာ ဆွေးလို့ စကြာဝဠာတေးမင်း စင်စစ်ဖြစ်တော်မူရေး၊ လှစ်ဖော်ယူတွေးကာလောကီစည်းစိမ် အရှိန်အဟုန်များနဲ့ အချိန်ကုန်သွားစေရန် ခြေရံထောင်သောင်း အပေါင်း ကျွတ်ထိုယ ပျိုကညာတွေကိုလိုရာစေသုံး လေရော့တဲ့၊ ဘုန်းမေကြွေးယ သော် ဓရာ ကို ပါ အ ဖော် သ ဟာ ကြင်ယာသက်ထား အမှန်ဖြင့် ဆက်ပွား၍ စံတော်မူစေတော့သည်။ ရမ္မ သုဘ သုရမ္မတဲ့ နန်းမသုံးဆောင် (ခြေရံစုံညီ) အဆိုအကတော်တွေ ဖြေဖျော်နေကြသည်။ စားကောင်းသောက်ဖွယ် စုံစုံညီညီ အလိုရှိရာခုမနှေး ချက်ခြင်းပေးဆက်ကြပါမည်။

ဤနည်းဖြင့်ဗုဒ္ဓဝင် ၂၈ ခန်းလုံးအကောင်အထည်ဖော်ထားလေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဗုဒ္ဓသာသနာတော်အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓသာသနာတော် သန့်ရှင်းစည်ပင်ပြန့်ပွားစေရန်အတွက် သံဃာတော်များက ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လိုသော မင်းများ၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ တိုင်းသူပြည်သားများ၏ အလှူဒါနဖြင့် သင်္ဃာယနာများ တင်ခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာအရ သင်္ဃာယနာ ခြောက်ကြိမ်တင်ခဲ့သည်။ အဆောက်အအုံနံရံခြောက်ချပ်တွင် သင်္ဃာယနာတင်ရန် ဖြစ်ပေါ်လာရသော အကြောင်းရင်းများနှင့် သင်္ဃာယနာတင်ပြီးနောက် သာသနာတော်စည်ပင်ပြန့်ပွားလာပုံများကို မှတ်တမ်းတင်သည့် ပန်းချီကားကြီး ခြောက်ချပ်အား

(က) ပထမ သင်္ဃာယနာ တင်တော်မူပုံကို – ပန်းချီဦးအမ်တင်အေး

(ခ) ဒုတိယ သင်္ဂါယနာ တင်တော်မူပုံကို – ပန်းချီဦးသောင်းဟန်

(ဂ) တတိယ သင်္ဂါယနာ တင်တော်မူပုံကို – ပန်းချီဦးရှိန်ထွန်း

(ဃ) စတုတ္ထ သင်္ဂါယနာ တင်တော်မူပုံကို – ပန်းချီဦးတင်အေး (မန္တလေး)

(င) ပဉ္စမ သင်္ဂါယနာ တင်တော်မူပုံကို – ပန်းချီဦးကြွယ်လေး (မန္တလေး)

(စ) ဆဋ္ဌမ သင်္ဂါယနာ တင်တော်မူပုံကို – ပန်းချီဦးဘလုံလေး

တို့က သရုပ်ဖော်ရေးဆွဲကြလေသည်။

မဟာဗုဒ္ဓဝင်ပြခန်း တောင် ဘက် ခြမ်း အ လယ် တွင် အလျား ၇၀ ပေ၊ အနံ ၂၂ ပေ အကျယ်အဝန်း ပမာဏ ရှိသော အုတ်ခုံကြီးပေါ်၌ မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပျံ့နှံ့လာပုံကို မဇ္ဈိမဒေသ မြေပုံကြီးဖြင့် ပြသထားလေသည်။ ယင်းမြေပုံပြခန်းကြီး၌ "ဗုဒ္ဓဂါယာ ဘုရားဖူးခရီးစဉ်ပြခန်း"၊ "ဗုဒ္ဓဂါယာဒေသမြေပုံပြခန်း" နှင့် "ဘုရားရှင်စံတော်မူရာ သတ္တသတ္တာဟ ခုနစ်ဌာန" ပြခန်းဟူ၍ သုံးခု ခွဲခြားပြသထားလေသည်။ ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ် မြေပုံပြခန်းတွင် ထေရဝါဒသာသနာ၌ ထင်ရှားသော–

(က) သံဝေဂရဖွယ် သံဝေဇနီယ လေးဌာန

(ခ) ဘုရားရှင် ဝါကပ်တော်မူရာ (၁၄) ဌာန

(ဂ) ဘုရားရှင်တို့မစွန့်ရာ အဝိဇဟိတ လေးဌာန

(ဃ) သရီရိက ဓာတ်တော်ဝေရာ (၁၄) ဌာန

တို့ကို အုပ်စုအလိုက် အရောင်ခွဲခြား၍ သရုပ်ဖော်ထားလေသည်။

ဗုဒ္ဓဂါယာဒေသမြေပုံပြခန်းတွင် မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်တော်မူရာ ဂူရှိသည့် ဥရုဝေလတောတန်းနှင့် တရားကျင့်တော်မူရာ နေရာတို့ကိုလည်းကောင်း ဘုရားပွင့်တော်မူရာ မဟာဗောဓိစေတီတော်ပရဝုဏ် တည်နေရာများကိုလည်းကောင်း အသေးစိတ် ပြသထားသည်။

သတ္တသတ္တာဟ ခုနစ်ဌာနပြခန်းတွင် ဗုဒ္ဓဂါယာဒေသ မဟာဗောဓိစေတီတော် ပရဝုဏ်အတွင်း၌ရှိသော မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ် ရတော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်နေရာအပါအဝင် ဘုရားဖြစ်တော်မူစ ခုနစ်ရက်စီ လှည့်လည်သိတင်းသုံးတော်မူရာ သတ္တသတ္တာဟဌာနများကို ပြသထားလေသည်။

မဟာဗုဒ္ဓဝင်ပြခန်း မြောက် ဘက် ခြမ်း အ လယ် တွင် အလျား ၇၀ ပေ၊ အနံ ၂၂ ပေ အကျယ်အဝန်းပမာဏ ရှိသော အုတ်ခုံကြီးပေါ်၌ မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများပြခန်း ပြသထားသည်။ မြန်မာပြည် မြေပုံကြီးပေါ်၌ မြန်မာနိုင်ငံရှိ ထင်ရှားသော ဘုရားပုထိုးကျောင်း စသည်များကို ပုံစံငယ်များဖြင့် ဖော်ပြထားသည်။

မဇ္ဈိမဒေသပြခန်းနှင့် မြန်မာနိုင်ငံရှိ သာသနိက အဆောက်အအုံများ ပြခန်းကိုလည်း လျှပ်စစ်မီးများဖြင့် လည်းကောင်း၊ ပြခန်းအလိုက် ရှင်းလင်းပြောပြ၍ လည်းကောင်း ခင်းကျင်းပြသထားသည်။ ယင်းပြခန်းနှစ်ခန်းလုံးကို ဦးတော်မိန့်အဖွဲ့က တာဝန်ယူ ဆောက်လုပ်ပေးလေသည်။

မဟာဗုဒ္ဓဝင်ပြခန်း အပေါ်ထပ်တွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ပန်းချီကားများ ရေးသားချိတ်ဆွဲပြသထားသည်။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ပန်းချီကားများရေးဆွဲရာတွင် ဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိပင်များ၏ အသွင်သဏ္ဌာန်များကို အမှန်ကန်နိုင်ဆုံး ရရှိအောင် အရအမိရေးဆွဲထားပြီး နောက်ခံအဖြစ် ထိုပွင့်တော်မူရာ ဘုရားရှင် လက်ထက်တွင် ဂေါတမမြတ်စွာဘုရားအလောင်း ဗျာဒိတ်ခံတော်မူခန်းကိုပါ ထည့်သွင်းထားသည်။ ဥပမာအားဖြင့် ကောဏဂမန မြတ်စွာဘုရားသည် ရေ သ ဖန်း မ ဟာဗောဓိပင်ရင်း၌ ပွင့်တော်မူပုံကို ရေး ဆွဲ ထား ပြီး ထို ဘုရားရှင်လက်ထက်၌ ဂေါတမမြတ်စွာဘုရားအလောင်းသည် ပဗ္ဗတမင်းဖြစ်၍ ကောဏဂမန မြတ်စွာဘုရားက ဗျာဒိတ်ပေးတော်မူပုံကို ရေးဆွဲထားသည်။ ထို နှစ်ကျိပ်ရှစ်ဆူ ပန်းချီကား ၂၈ ချပ်ကို ပန်းချီဦးမြအေးက ရေးဆွဲသရုပ်ဖော်ထားသည်။

မဟာဗုဒ္ဓဝင်ပြခန်းကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့က စတင်အကောင်အထည်ဖော်ပြီး ၁၉၉၁ ခုနှစ် ဧပြီလ (၁၇) ရက်၊ ၁၃၅၃ ခုနှစ် ကဆုန်လဆန်း ၅ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဦးအေးချို (မဟာဝိဇ္ဇာ)









မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန ဦးစီးဌာန

မြန်မာနိုင်ငံတွင် အုပ်ချုပ်မင်းပြုခဲ့ကြသော ပျူ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာအစရှိသော ဘုရင်အပေါင်းတို့ သည် နန်းတက်လာသောအခါတိုင်း ရှေးဟောင်း သာသနိက အဆောက်အအုံတို့ကို ပြုပြင်မွမ်းမံခြင်း၊ ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ပျက်စီးယိုယွင်းခြင်းကို ပြင်ဆင် ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုခဲ့ကြ သည်။ ထို့ကြောင့် ယနေ့အထိ ရှေးဟောင်းအဆောက် အအုံများနှင့် ဆည်မြောင်း ကန်ချောင်းများ ရှိတန် သလောက် ကျန်ရှိနေကြပါသည်။

မြန် မာ့ ရှေးဟောင်း သု တေ သ န၏ ရင်း မြစ်သည် ရှေးမြန်မာ့တိုင်းရင်းသား မင်းအဆက်ဆက်တို့ လက်ထက် တွင် မြစ်ဖျားခံခဲ့သည်ဟု ဆိုနိုင်ကောင်းသည်။ အထင် ရှားဆုံး သာဓကကိုပြရပါလျှင် ကုန်းဘောင်မင်းဆက်၌ ခြောက်ဆက်မြောက် မင်းဖြစ်သော အမရပူရ မြို့တည် နန်းတည် ဘိုးတော်ဘုရား (အေဒီ ၁၇၁၂–၁၈၁၉) အမည်ခံ ဗဒုံမင်းလက်ထက် တွင်းသင်းတိုက်ဝန် မဟာ စည်သူ ဦးထွန်းညိုအား နိုင်ငံတော်အဝန်းရှိ ကျောက်စာ များကို စုဆောင်းလေ့လာရန်ဘိုးတော်ဘုရားက တာဝန် ပေးခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ မင်းပိုင်မြေနှင့် သာသနာ့မြေ ခွဲခြားသိရန်ဖြစ်သည်။ ဦးထွန်းညိုသည် အမိန့်အတိုင်းအနယ်နယ် အရပ်ရပ်ရှိ ကျောက်စာတို့ကို စုဆောင်းဖတ်ရှုလေ့လာပြီး မြေယာအမျိုးအစားကို စိစစ် ခြင်း၊ ရာဇဝင်ကျမ်းဟောင်းများနှင့် ကျောက်စာများကို တိုက်ဆိုင်စစ်ဆေးခြင်း၊ ကျောက်စာအသစ်ရေးထိုးခြင်း၊ ရာဇဝင် အသစ်ရေးသားခြင်း ပြုခဲ့သည်။ ဦးထွန်းညို ပြုစုခဲ့သော ရာဇဝင်ကို တွင်းသင်း ရာဇဝင်သစ်ဟု တွင်သည်။

ဘကြီးတော်ဘုရား အမည်ခံ စစ်ကိုင်းမင်းလက်ထက် (အေဒီ ၁၈၁၉–၁၈၃၇) တွင် ရန်ကုပ် စာချုပ်၏ သတ္တမ အပိုဒ်အရ၊ မြန်မာမင်း ကိုယ်စားလှယ် မင်းကြီးမဟာ စည်သူဦးရဲ့ ခေါင်းဆောင်သော သံအဖွဲ့ကို ပြိတိသျှပိုင် အိန္ဒိယသို့ စေလွှတ်ခဲ့သည်။ ၁၈၃၃ ခုနှစ် ဇန်နဝါရီလတွင် ယင်းသံအဖွဲ့သည် ဗုဒ္ဓဂါယာသို့ဘုရားဖူးရောက်ရာ မြန်မာ ကျောက်စာတစ်ချပ် စိုက်ထူထားသည်ကို တွေ့သဖြင့် လေ့လာပြီး မိတ္တူကူးယူလာခဲ့သည်။ အေဒီ ၁၈၂၉ ခုနှစ် က ဘကြီးတော်ဘုရား အမိန့်အရ မှန်နန်းရာဇဝင်တော် ကြီး ပြုစုရသော ပညာရှင်အဖွဲ့သည် ရာဇဝင်ဟောင်း များ၊ ကျောက်စာများ၊ ကမ္ဘည်းစာများကို လေ့လာ တိုက်ဆိုင်စစ်ဆေးပြီးမှ မှန်နန်း ရာဇဝင်တော်ကြီးကို ရေးသားကြပါသည်။

မြန်မာ့မင်း နေပြည်တော်သို့ ရောက်လာကြသော အနောက်နိုင်ငံများမှ သံတမန်များ၊ ကုန်သည်များ၊ ကမ္ဘာလှည့်ခရီးသည်များအနက်၊ သုတေသီပညာရှင်များ နှင့် ဝါသနာအရ ရာဇဝင်သမိုင်း၊ စာပေအနုပညာကို လိုက်စားသူတို့သည် မြန်မာ့ရှေးဟောင်း အဆောက်အအုံ များ၊ ကျောက်စာကမ္ဘည်းများ၊ ရာဇဝင်ကျမ်းများ၊ အနုပညာလက်ရာများကို လေ့လာဆည်းပူး မှတ်တမ်း ယူကြပြီး စာအုပ်စာတမ်းများ၊ ပန်ချီပုံများရေးသားပြုစု ကြသည်။ ဘကြီးတော်ဘုရားထံသို့ ဌာနေကိုယ်စားလှယ် အဖြစ် ရောက်လာသော မေဂျာ ဟင်နရီဘာနေသည် မြန်မာနိုင်ငံ၌ ခုနစ်နှစ်ကြာ နေထိုင်စဉ် မြန်မာမှုကို လေ့လာပြီး အာရှတိုက် ရေးရာတော်ဝင် အသင်းကြီး ဂျာနယ်တွင် သုတေသနဆောင်းပါးများ ရေးသားခဲ့သည်။

အေဒီ ၁၈၅၅ ခုနှစ်က မင်းတုန်းမင်းထံသို့ ရောက် လာသော အင်္ဂလိပ်သံအဖွဲ့သည် အလာခရီးတွင် ပုဂံ မြို့ဟောင်း၌ ငါးရက်ကြာ ရပ်နားကြသည်။ ရပ်နားသော ရက်များအတွင်း ထင်ရှားသော ရှေးဟောင်းအဆောက် အအုံကြီးတို့ကို တိုင်းထွာခြင်း၊ ပုံတူပန်းချီ ရေးဆွဲခြင်း၊ ကျောက်စာအချို့ကို လေ့လာခြင်းပြုပြီး ယင်းသံအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော သမိုင်းသုတေသီ အင်ဂျင်နီယာ ဟင်နရီယူးလ်က သံအဖွဲ့အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ယင်းသံအဖွဲ့ ခေါင်းဆောင် ဆာအာသာ ဖယ်ယာသည် ဗြိတိသျှပိုင်ဖြစ်သွားသော အောက်မြန်မာနိုင်ငံ၏ ပထမ ဆုံး ဝန်ရှင်တော်မင်းကြီး ဖြစ်လာသည်။ သူသည် မြန်မာစကား၊ စာပေ၊ သမိုင်း၊ အနုပညာကို အထူးလေ့ လာဆည်းပူးသည်။ မြန်မာ၊ ရခိုင်၊ ပဲခူး ရှေးဒင်္ဂါးများ ကို စုဆောင်းလေ့လာကာ စာတမ်းရေးသည်။ မြန်မာ့ သမိုင်း အထောက်အထားများကို ကိုးကားပြီး မြန်မာ့ သမိုင်းကျမ်းတစ်စောင်ရေးသားကာ ၁၈၇၃ ခုနှစ်က ပုံနှိပ် ထုတ်ဝေသည်။ ယင်းသမိုင်းကျမ်း၏ နိဒါန်းတွင် မြန်မာ



ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဝေသာလီမြို့ဟောင်းကို တူးဖော်ပြီး တွေ့ရစဉ်

နိုင်ငံသည် ရှေးဟောင်း သုတေသနဆိုင်ရာ အထောက် ဒါထားများ အလွန်ကြွယ်ဝကြောင်း၊ မြန်မာကျောက် စာ ခေါင်းလောင်းကမ္ပည်းစာများသည် ခိုင်လုံသော အထောက်အထားများ ဖြစ်ကြောင်း၊ မြန်မာရာဇဝင် ကျမ်းကြီးများသည် မြန်မာတို့၏ လောကဓံ အတက် အကျ၊ အောင်မြင်မှု၊ ကျဆုံးမှုကို အရင်းအတိုင်း ဖော် ပြတတ်ကြောင်း စသည်ဖြင့် သုံးသပ်ထားသည်။

ရှေးဟောင်း သုတေသန စတင် သန္ဓေတည်လာခြင်း၊ ဒေါက်တာ အီးဖိုးရွားမားလက်ထက်

ဗြိတိသျှတို့သည် ၁၈၂၆ နှင့် ၁၈၅၂ ခုနှစ် များတွင် မြန်မာတို့နှင့် စစ်နှစ်ကြိမ်တိုက်၊ အနိုင်ယူပြီး အောက် မြန်မာနိုင်ငံတစ်ခုလုံးကို လက်အောက်ခံပြုကြလေသည်။ အောက်မြန်မာနိုင်ငံ အတွင်းရှိ ရှေးဟောင်း ကျောက်စာ ကမ္ပည်းစာများကို သုတေသနပြုလုပ်ရန် ကမ္ပည်းကျောက် စာရုံး(Epigraphic Office) ဖွင့်ပြီး အိန္ဒိယ ရှေးဟောင်း သုတေသနဌာန၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် တာဝန်ရှိ သည်။ မြန်မာကမ္ပည်းကျောက်စာရုံးကို စီမံအုပ်ချုပ်ရန်၊ ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ ဒေါက်တာအီးဖိုးရွားမား ခေါ် ကျွမန်ပညာရှိအား အင်္ဂလိပ်အစိုးရက ၁၈၈၁ ခုနှစ်တွင် ရှေးဟောင်း သုတေသနအရာရှိအဖြစ် ပူးတွဲ ဆောင်ရွက်ရန် ခန့်ထားလိုက်သည်။ ထို့ကြောင့် ယနေ့ ရှေးဟောင်း သုတေသန ဦးစီးဌာနသည် ၁၈၈၁ ခုနှစ် ကတည်းကပင် ကမ္ပည်း ကျောက်စာဌာနအဖြစ် သန္ဓေ တည်ခဲ့ပါသည်။

ဖိုးရွားမားသည် သရေခေတ္တရာမြို့ဟောင်းကိုကွင်းဆင်း လေ့လာပြီး ၁၈၈၂–၈၃ နှင့် ၁၈၈၃–၈၄ ဗြိတိသျှ မြန်မာအုပ်ချုပ်ရေး အစီရင်ခံစာများတွင် ရေးသားဖော် ပြခဲ့သည်။ နောင်အခါ မြန်မာကျောက်စာ စာအုပ်ကြီး များ ထုတ်ဝေနိုင်ရန်မြန်မာကျောက်စာများကို မင်လို့မ် မိတ္တူများ ကူးယူစုဆောင်းခဲ့သည်။ သူလေ့လာပြီးသော ရှေးဟောင်း အဆောက်အအုံများ၊နေရာများ၊အကြောင်း အရာများကို မှတ်စုအဖြစ်ရေးသားပုံနှိပ်ခဲ့ရာ–

(၁) ရွှေတိဂုံဘုရားအကြောင်းမှတ်စု
A Note on the Shwe Dagon Pagoda

(၂) သုဝဏ္ဏဘူမိမြို့ဟောင်းသို့ ပထမဆုံး ဗုဒ္ဓသာ သနာပြုအဖွဲ့ရောက်ခြင်း အကြောင်းမှတ်စု
A Note on the first Buddhist mission to Suvanna

(၃) မြန်မာနိုင်ငံရှိ ရှေးဟောင်းသုတေသနဆိုင်ရာ ပစ္စည်းများစာရင်း
A list of objects of archaeological interest in Burma

(၄) ရခိုင် ရှေးဟောင်းပစ္စည်းများအကြောင်းအစီရင်ခံစာ၊ ၃ ပိုင်း။
A report on the antiquities of Arakan in 3 parts

(၅) ရခိုင်ရှေးဟောင်းပစ္စည်းများ စာရင်းပြင်ဆင်ချက်
A revised list of objects of antiquarian interest in Arakan

(၆) ပုဂံ ကျောက်ဂူ လိုဏ်ဂူ အကြောင်းအစီရင်ခံစာ
A chapter of the report on Pagan, dealing with the Kyauku tempie,

စသည်တို့ ဖြစ်သည်။

၁၈၉၀ ပြည့်နှစ်တွင် ဖိုးရွားမား ကွယ်လွန်သွားရာ ၁၈၉၉ ခုနှစ်အထိ သူနေရာကို အစားထိုး ခန့်နိုင်ခြင်း မရှိခဲ့ပေ။

ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းစောင့်ရှောက်ရေး

မစ္စတာတော်စိန်ခိုလက်ထက်

ကမ္ပည်းကျောက်စာဌာနဖြစ်သောကြောင့်၊ရှေးဟောင်းကမ္ပည်းကျောက်စာများ ကူးယူစုဆောင်း၊ လေ့လာခြင်းသာ ပြုလုပ်ခဲ့သည်။ ရှေးဟောင်း အဆောက်အအုံများ ပစ္စည်းများကိုလေ့လာရုံသာပြုပြီး ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများမလုပ်နိုင်သေးပေ။ ၁၈၇၅ ခုနှစ်တွင် အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူပြီး သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်ကို ရတနာဂီရိသို့ ခေါ်ဆောင်သွားသည့်နောက်ပိုင်း၌ မန္တလေးနန်းမြို့တော်နှင့် ရွှေနန်းတော်ကို ဗြိတိသျှတို့ စိတ်တိုင်းကျ အသုံးပြုကြသည်။ နန်းမြို့တော်ကို ဖို့ဒ်ဒပ်ဖရင်ဟု အမည်ပြောင်းပြီး တပ်စွဲထားသည်။ ရွှေနန်းတော်ရှိ အဆောင်ဆောင်များတွင် မြန်မာနိုင်ငံကလပ်ဖွင့်ခြင်း၊ မြို့စောင့်တပ်များအတွက် ဘုရားရှိခိုးကျောင်းလုပ်ထားခြင်း၊ စစ်ရိက္ခာဖြန့်ဌာနဖွင့်ခြင်း၊ စစ်အရာရှိများဂေဟာနှင့် စစ်တန်းလျားများအဖြစ်အသုံးပြုခြင်းလုပ်ကြသည်။ ထို့ကြောင့် ရွှေနန်းတော်၏ ပန်းပုဗိသုကာလက်ရာများ တဖြည်းဖြည်းယိုယွင်းပျက်စီးလာခဲ့သည်။ အချို့ခိုးယူခြင်း ခံရသည်။

ဤအခြေအနေတွင် ၁၆ နှစ်ကြာရှိနေခဲ့ရာ ၁၉၀၁ ခုနှစ် ကုန်လောက်တွင် ဗြိတိသျှဘုရင်ခံ လော့ဒ်ကာဇုန်သည် တိုင်းခန်းလှည့်လာရာ မန္တလေးသို့ ရောက်ရှိလာသည်။ မန္တလေးရွှေနန်းတော်၏ ဖြစ်အင်ကို ကိုယ်တိုင်မြင်တွေ့ရသောအခါ များစွာစိတ်မကောင်း ဖြစ်သွားသည်။ သူသည်ရှေးဟောင်းပစ္စည်းများနှင့် အနုပညာလက်ရာများကို မြတ်နိုးသူဖြစ်သည်။ မန္တလေးရွှေနန်းတော်သည် သက်တမ်းအားဖြင့် ထိုစဉ်က ၄၂ နှစ်သာရှိသေးသော်လည်း အနုပညာလက်ရာမြောက်ပြီး အရှေ့တိုင်းမင်းတို့၏ နန်းတော်များစာရင်းဝင် စံပြနန်းတော်ဖြစ်သောကြောင့်၊ မြန်မာအမျိုးသား အထိမ်းအမှတ်အဆောက်အအုံအဖြစ် သတ်မှတ်ကာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားရန် အမိန့်ချမှတ်ပါသည်။ ရွှေနန်းတော်အတွင်း ဝင်ရောက်နေထိုင်သူ အာဏာရှင်များလည်းကောင်း၊ ရုံး၊ ကလပ်၊ ဘုရားရှိခိုးကျောင်း၊ ဂေဟာနှင့် စစ်တန်းလျားများကိုလည်းကောင်း ပြောင်းရွှေ့စေသည်။ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရေး တာဝန်ကို ကမ္ပည်းကျောက်စာရုံးသို့ လွှဲအပ်ပြီး ပြည်သူ့ လုပ်ငန်းဌာနနှင့် ပူးပေါင်းဆောင်ရွက်စေသည်။

၁၉၀၂ ခုနှစ်တွင် မြန်မာ ကမ္ပည်းကျောက်စာရုံးကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနကြီး၏ ဌာနခွဲတစ်ခုအဖြစ်သတ်မှတ်ပြီး မန္တလေးမြို့တွင် ရုံးစိုက်ဖွင့်ပေးခဲ့သည်။ အင်္ဂလိပ်၊ မြန်မာ၊ ပါဠိနှင့်တရုတ်စာပေများ ကျွမ်းကျင်စွာတတ်မြောက်သော စာတော်ဖတ် မစ္စတာတော်စိန်ခိုအား ကမ္ပည်းကျောက်စာဝန်အဖြစ်ခန့်ထားပြီးလည်းဖြစ်သည်။ မစ္စတာတော်စိန်ခိုသည် မန္တလေးရွှေနန်းတော်ထိန်းသိမ်းစောင့်ရှောက်ရန် အင်ဂျင်နီယာများနှင့် စနစ်တကျဆောင်ရွက်ပြီး မှတ်တမ်းမှတ်ရာများ ရေးသားပြုလုပ်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းသော "အိန္ဒိယနိုင်ငံ ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းပြုပြင်မှုအက် ဥပဒေ"သည် အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားသော မြန်မာနိုင်ငံနှင့်လည်း အကျုံးဝင်လာသည်။ ၁၉၀၆–၀၇ ခုနှစ်အတွင်း ရွှေနန်းတော်နှင့် အခြားအနီးအနားရှိ ရှေးဟောင်း အဆောက်အအုံများ ပြုပြင်မွမ်းမံမှုကြောင့် ကုန်ကျစရိတ်မှာ ရူးပီးငွေ ၉၃,၅၁၁ ဖြစ်ကြောင်း တွေ့ရှိရသည်။ ၁၉၀၄ ခုနှစ်မှာပင် ပုဂံမြို့အာနန္ဒာဘုရားကြီးအနီး၌ ရှေးဟောင်းသုတေသနပြတိုက်ဖွင့်ပြီး ရှေးဟောင်း ပစ္စည်းများ၊ ကျောက်စာများ၊ ကမ္ပည်းစာများကို စုဆောင်း ခင်းကျင်းပြသခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံး ရှေးဟောင်းသမိုင်းပြတိုက်ဖြစ်သည်။

မစ္စတာ တော်စိန်ခိုသည် ဘာသာစကားကျွမ်းရုံသာမက ရှေးဟောင်းကမ္ပည်းကျောက်စာနှင့် သုတေသန

ကို အထူးဝါသနာပါသူဖြစ်သောကြောင့် သူလက်ထက်တွင် သုတေသနဆိုင်ရာ စာ အုပ် စာ တမ်း များ စွာ ထွက်လာသည်။ ဖိုးရွှားမားလက်ထက်က စုဆောင်းခဲ့သော မင်လှိမ့်ကူးကျောက်စာမိတ္တူများကို စာအုပ်ကြီးများအဖြစ် စုစည်း ပုံနှိပ်ထုတ်ဝေခဲ့ရာ အတွဲပေါင်းခြောက်တွဲ ရှိသည်။ ထို့ပြင် သူ၏ ရှေးဟောင်း သုတေသန လေ့လာမှုနှင့်တွေ့ရှိချက်များကို သီးခြားစာအုပ်ငယ်များ ပုံနှိပ်ထုတ်ဝေခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ၊ ၁၈၉၂ ခု။
The inscriptions of Pagan, Pinya, Ava, 1892.

(၂) ဘိုးတော်ဘုရား စုရုံးခဲ့သော ကျောက်စာများ မှကူးသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားရှိ ကျောက်စာများ၊ ပထမအုပ်၊ ၁၈၉၇ ခု။
The inscriptions copied from the stones collected by King Bodawpaya and placed near the Arakan Pagoda, Vol.I, 1897.

(၃) ၎င်း ဒုတိယအုပ်။

(၄) အထက်မြန်မာပြည်၌ စုဆောင်း ထားသော ကျောက်စာများ၊ ပထမအုပ် ၁၉၀၀။
Inscriptions collected in Upper Burma, Vol.I, 1900.

(၅) ၎င်း ဒုတိယအုပ်။

(၆) ဘိုးတော်ဘုရား ဆောင်ယူ စုရုံးထားခဲ့သော အမရပူရမြို့ ပုထိုးတော်ကြီးဘုရားရုံ အတွင်းရှိ မူလထိုး ကျောက်စာများ ၁၉၁၃ ခု။
Original Inscriptions collected by King Bodawpaya and now placed near the Patodaw Pagoda, Amarapura, 1913.

ထို့ပြင် သူကိုယ်တိုင် ကွင်းဆင်း လေ့လာ သော ရှေးဟောင်းသုတေသနများကို စာတမ်းများရေးသားပြီး မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ ဘုံဘော်မြို့ထုတ် အိန္ဒိယနိုင်ငံ ရှေးဟောင်းပညာဂျာနယ်၊ လန်ဒန်မြို့ထုတ် အာရှကွာတာလီရီဗျူးနှင့် အာရှဆိုင်ရာ တော်ဝင်အသင်းဂျာနယ်၊ ရန်ကုန်ဂေဇက်သတင်းစာတို့တွင် ဖော်ပြခဲ့သည်။ သူ၏ ရှေးဟောင်းသုတေသနလေ့လာမှုနှင့် တွေ့ရှိချက်များကို သီးခြားစာအုပ်ငယ်များအဖြစ် ပုံနှိပ်ထုတ်ဝေသေးသည်။ ယင်းတို့မှာ –

(1) Archaeological Notes on Mandalay.
(2) Mandalay Palace.
(3) Archaeological Notes on Pagan.
(4) Notes on an Archaeological tour through Ramannadesa.
(5) A preliminary study of the Kalyani inscriptions of Dhamma cheti, 1476, A.D.
(6) Some remarks on the Kalyani inscriptions.
(7) Some excavations at Pagan.
(8) Origin of the Burmese alphabet.
(9) Some Conservation Works in Burma.
(10) Notes on Conservation in Burma.
(11) Shoe and Shikho question.

တော်စိန်ခိုလက်ထက်တွင် ရှေးဟောင်းသုတေသန စူးစမ်းတူးဖော်မှုများပြုလုပ်လာရာ သရေခေတ္တရာ၊ဗိဿနိုး နှင့် ဟန်လင်းမြို့ဟောင်းများ၌ ပဏာမတူးဖော်မှုပြုပြီး တွေ့ရှိချက်တို့ကို အစီရင်ခံစာတင်သွင်းခဲ့သည်။

ရှေးဟောင်းကမ္ပည်းကျောက်စာများ လေ့လာမှု၊ ချားလ်စ်ဒူရှိုင်ဇယ်လက်ထက်

၁၉၁၉ ခုနှစ်တွင် မစ္စတာ တော်စိန်ခို အငြိမ်းစားယူသွားသောအခါ ရန်ကုန်ကောလိပ် ပါဠိပါမောက္ခအဖြစ် အမှုထမ်းခဲ့ဖူးသော ပြင်သစ်လူမျိုး ပညာရှင် မစ္စတာ ချားလ်စ်ဒူရိုင်ဇယ်ကို ကမ္ပည်းကျောက်စာဝန် ခန့်ခဲ့သည်။ မစ္စတာ တော်စိန်ခို လက်ထက်က ဆောင်ရွက်ဆဲ လုပ်ငန်းများကို အရှိန်မပြတ် ဆက်လက် ဆောင်ရွက်ရာ မြန်မာပြည်ကမ္ပည်းကျောက်စာများ(Epigraphia Birmanica) ကျောက်စာ စာစဉ်များ ဆက်လက်ထုတ်ဝေနိုင်ခဲ့သည်။ သူကိုယ်တိုင်က ရှေးဟောင်း ဘာသာဗေဒ လေ့လာသူဖြစ်သည့်အပြင် အခြားဘာသာဗေဒပညာရှင်ဖြစ်သော ဒေါက်တာ စီ၊ အို၊ ဘလက်ဒင်နှင့်အတူ ရှေးဟောင်း ပျူ။ မွန်ကျောက်စာတို့ကို ကြိုးစားပမ်းစား ဖတ်ရှုကာ အဓိပ္ပာယ်ဖော်ထုတ်ခဲ့သည်။ ထို့ကြောင့် ပျူ၊ မွန်၊ ပါဠိ၊ မြန်မာလေးဘာသာနှင့် ရေးထိုးထားသော မြစေတီကျောက်စာ၊ ကျန်စစ်သား မင်းကြီးလက်ထက်က ရေးထိုးထားခဲ့သော ရှေးမွန်ကမ္ပည်းစာများ၊ အာနန္ဒာဘုရားကျောင်းရှိ စဉ့်သုတ်အုတ်ချပ်ရုပ်ပုံများတွင်ပါသော ရှေးမွန်ကမ္ပည်းစာများနှင့် ဟံသာဝတီပြည်၊ ရာဇာဓိပတိ ဓမ္မစေတီ မင်းကြီး လက်ထက် (အေဒီ ၁၄၇၂–၁၄၉၂) ထိုအလယ်ခေတ် မွန်ကမ္ပည်းကျောက်စာတို့ကို အင်္ဂလိပ် ဘာသာနှင့် အဓိပ္ပာယ်ပြန်ဆိုခြင်း၊ မှတ်ချက် ရေးသားခြင်း ပြုနိုင်ခဲ့သည်။

ထို့ပြင် ချားလ်စ်ဒူရှိုင်ဇယ်သည် အောက်ပါ သုတေသန စာအုပ် စာတမ်းများနှင့် ဆောင်းပါးများစွာကို ရေးသား ပြုစုခဲ့သည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန ဦးစီးဌာန

(1) A list of Inscriptions found in Burma.
(2) Excavations at Hmawza, Prome.
(3) Stone sculptures in the Ananda Temple at Pagan.
(4) Rock-cut Temples of Powun daung.
(5) Wathundaye. the Earth-Goddess of Burma.
(6) Place-names in Burma.
(7) The age of Shwe Dagon Pagoda at Rangoon.
(8) Guide Book to the palace at Mandalay.
(9) The pageant of King Mindon, going from the palace to the Kyauktawgyi pagoda at Mandalay.
(10) An account of conservation and exploration work in Burma.

(5) ဇမ္မုပတိ ရုပ်ပွားဆင်းတုတော် ဖြစ်ပေါ်လာခြင်း အကြောင်း။
(6) ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို ထုလုပ်ကိုးကွယ် ပူဇော်ရခြင်း အကြောင်း။
(7) ရှေးဟောင်း အုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ၊ ပထမတွဲ၊ ဒုတိယတွဲ။
(8) အပယ်ရတနာ လိုဏ်ဂူဘုရား။

ဦးမြ ကျောက်စာဝန် ရာထူးတွင် ထမ်းဆောင်သော ကာလသည် ကမ္ဘာ့စီးပွားပျက်ကပ် ၁၉၃၀–၃၁ ခုနှစ်နှင့် တွေ့ကြုံခဲ့ရသောကြောင့် ဌာနအတွက် အစိုးရက ခဲ့ဝေချ မှတ်ပေးသော ရန်ပုံငွေခွဲတိုဝ့သဖြင့် ဌာနလုပ်ငန်းများ မတိုးခဲ့နိုင်ခဲ့ပေ။

ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းပြုပြင်မှု လုပ်ငန်း တိုးခဲ့လာခြင်း၊

ဦးမြလက်ထက်


၁၉၃၁ ခုနှစ် ချားလ်စ်ဒူရှိုင်ဇယ် အငြိမ်းစားယူသွား သောအခါ ဦးမြက ကျောက်စာဝန်ရာထူးကို ဆက်ခံသည်။ ကမ္မည်းကျောက်စာဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဦးမြက ဆက်လက်တာဝန်ယူဆောင်ရွက်သည်။ မြန်မာနိုင်ငံကျောက်စာအုပ်အတွဲ ၄ ကို ဆက်ထုတ်သည်။ အထက်မြန်မာနိုင်ငံတွင် ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ စသော မြို့ဟောင်း ဒေသများရှိ ရှေးဟောင်း စေတီပုထိုးများရှိ၊ ပန်းချီ၊ ပန်းပု အနုပညာ လက်ရာများကို လည်းကောင်း၊ သရေခေတ္တရာ၊ ပဲခူး၊ သထုံစသော အောက်မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းဒေသများနှင့် ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့ဟောင်းဒေသတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံ များနှင့် ဆင်းတုရုပ်တုမှအစ အနုပညာလက်ရာများကို လည်းကောင်း ထိန်းသိမ်းပြုပြင်ခဲ့သည်။ ဦးမြသည် အောက်ပါသုတေသနစာအုပ်စာတမ်းနှင့် မှတ်စုများစွာကို ရေးသားပြုစုခဲ့သည်။

(1) A Note on the Buddha's Foot-prints in Burma
(2) Some hitherto unknown Burmese Coins.
(3) A Note on the Nanpaya Temple and images of Brahma curved on the pillars inside it, Myinpagan, Pagan.
(4) မြန်မာအက္ခရာသမိုင်း။

သီးခြား မြန်မာနိုင်ငံ ကမ္မည်းကျောက်စာဌာန၊ ဦးလူဖေဝင်းလက်ထက်

ဦးမြသည် ကျန်းမာရေး ချို့တဲ့လာသောကြောင့် ၁၉၃၅ ခုနှစ် နိုဝင်ဘာလတွင် ရာထူးမှအငြိမ်းစားယူလိုက် ရသည်။ သို့သော် ၁၉၃၆ ခုနှစ် မတ်လတိုင်အောင် သူ့နေရာတွင် လူစားမခန့်နိုင် ဖြစ်နေသည်။ ထိုအချိန်၌ ဦးလူဖေဝင်းကို ကမ္မည်းကျောက်စာ ဝန်ထောက်ရာထူး တွင် ယာယီခန့်လိုက်ပြီး ကျောက်စာဝန် ရာထူးသို့ တိုးမြှင့်ပေးနိုင်ရန် အငြိမ်းစားကျောက်စာဝန် ချားလ်စ် ဒူရှိုင်ဇယ်ကို ပြန်လည် ခေါ်ယူပြီး ဦးလူဖေဝင်းကို ရှေးဟောင်း သုတေသန ပညာနှင့် လုပ်ငန်းရပ်များကို သင်ကြား ပေးစေသည်။ သုံးနှစ်ခန့် လက်ပွန်းတတီး သင်ကြားပေးပြီးနောက် ဦးလူဖေဝင်းကို ၁၉၃၉ ခုနှစ် မတ်၊ ၁ ရက်နေ့တွင် ကျောက်စာဝန်ရာထူးသို့ တိုးမြှင့် ခန့်ခဲ့သည်။

မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်များ ပြောင်းလဲတိုး တက်လာသည်နှင့်အတူ မြန်မာနိုင်ငံ ကမ္မည်းကျောက်စာ ရုံးသည်လည်း ပြောင်းလဲလာသည်။ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာပြည်သည် အိန္ဒိယမှခွဲထွက် ပြီး သီးခြားတိုင်းပြည်ဖြစ်လာရာ ဓာ ဌာနအုပ်ချုပ်ရေး စနစ်လည်း စတင်လာသည်။ မြန်မာနိုင်ငံကမ္မည်းကျောက် စာရုံးသည်လည်း အိန္ဒိယရှေးဟောင်းသုတေသနဌာနကြီး လက်အောက်ခံဘဝမှ လွတ်မြောက်လာပြီး သီးခြားဌာန တစ်ခု ဖြစ်လာသည်။ ဌာနလုပ်ငန်းများကို တိုးခဲ့ဆောင်ရွက်နိုင်လာသောကြောင့် ရန်ကုန် တံတားကလေး ရှေးဟောင်း သုတေသန တူးဖော်မှု၊ သရေခေတ္တရာ မြို့ဟောင်း၊ မော်ဇောအရပ် ရှေးဟောင်း သုတေသနတူးဖော် မှုများ ပြုလုပ်ပြီး တူးဖော်ရရှိသော ရွှေပေချပ်များပါ



ပုဂံ၊ မြင်းကပါ်ဌာ၊ ဂူပြောက်ကြီးဘုရားအတွင်းမှ နံရံပန်းချီကို ထိန်းသိမ်းနေပုံ

ကမ္မည်းတို့ကို အက္ခရာဖလှယ်ဖတ်ရှုခြင်း၊ ပစ္စည်းကြွင်းတို့ကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ ပေါ်လာသောရှေးဟောင်း အဆောက်အအုံတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း၊ ပုံဆွဲခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၄၁ ခုနှစ်အထိ မှတ်တမ်းတင် ပုံဆွဲပုံပေါင်း ဂဖ၂ နှင့် မာတ်ပုံပေါင်း ၄,၅၄၁ ပုံ ပြီးစီးခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် မြန်မာမှုလေ့လာသော ပညာရှင်များကလည်း မြန်မာ့ ရှေးဟောင်းသမိုင်း၊ စာပေ၊ ဘာသာစကား၊ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ပုံပြင်တို့ကို အထူးဆည်းပူးလေ့လာ၊သုတေသနပြုကြရာ ဂျေ အေ စတီးဝပ်၊ ဂျီအိုတ်ခ်ျလုစ်၊ ဂျေအက်စ်ဖာနီဗယ်၊ ဆာရစ်ချတ်တမ်ပယ်၊ ဦးစံရွှေဘူး၊ ဦးဖေမောင်တင်၊ ဦးထွန်းညိမ်း၊ ဒေါက်တာဘဟန်စသော ပညာရှင်တို့သည် သုတေသနဆောင်းပါးများကို မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြကြသည်။ အထူးသဖြင့် ဦးဖေမောင်တင် နှင့် ဂျီအိုတ်ခ်ျလုစ်တို့ ပူးတွဲစီစဉ်ပြီး အောက်စဖို့ တက္ကသိုလ်၌ ပုံနှိပ်သော တိုင်းရင်းမြန်မာကျောက်စာထုပ်ကြီးများသည် ထင်ရှားသော ရှေးဟောင်းသုတေသနဆိုင်ရာ လုပ်ငန်းတစ်ရပ် ဖြစ်သည်။

မြန်မာ့ကျောက်ခေတ် လေ့လာမှု

မြန်မာနိုင်ငံအနှံ့အပြား၌ သမိုင်းမတင်မီ ကာလကကျောက်ခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သော ဒေသများရှိနေသည်ကို မြေပေါ် မြေအောက် ရှောင်တခင်တွေ့ရှိရသော ကျောက်ခေတ်လက်နက်ကိရိယာ ပစ္စည်းများအရ သိရသည်။ ထို့ကြောင့် ကျောက်ခေတ်ယဉ်ကျေးမှု လေ့လာသောပညာရှင်များဖြစ်သော ဒေါက်တာဖရစ်ဖွန်နီတလင်း၊ ဒေါက်တာ တီအိုမောရစ်၊ မစ္စတာဂျေ စီ မက်ကင်ဇီ၊ ဒေါက်တာ စီ ဘရောင်း စသူတို့သည် အလယ်ပိုင်းရောဝတီမြစ်ဝှမ်းဒေသများမှ ကျောက်လက်နက်ကိရိယာများ တွေ့ရှိရာ ဒေသ၏ ဘူမိဖြစ်စဉ်အကြောင်း လာရောက် လေ့လာကြပြီး ဘူမိဗေဒမှတ်တမ်း စာစောင်များတွင် ထည့်သွင်းဖော်ပြကြသည်။ ၁၉၃၇ ခုနှစ်တွင် အမေရိကန်ပြည် ထောင်စု ဖီလဒယ်ဖီယား၊ သဘာဝသိပ္ပံပညာ တံခွန်

အသင်းကြီးက ရှေးဟောင်း လူသားအကြောင်း နှီးနှော ဖလှယ်ပွဲကြီးပြုလုပ်ခဲ့သည်။သမိုင်းမတင်မီခေတ်က တရုတ်၊ အိန္ဒိယနှင့် ဂျာဗားတို့၏ယဉ်ကျေးမှု ပေါင်းကူး ဆက်နွယ်မှုတွင် မြန်မာနိုင်ငံက အချက်အချာကျသော နေရာက ပါဝင်ခဲ့သည်ဟု နှီးနှော ဖလှယ်ပွဲတက်သော ပညာရှင်တို့က ယူဆလာကြသည်။ ဤတွင် ကျောက်ခေတ် လေ့လာမှု အတွက် သုသေသီတို့သည် မြန်မာနိုင်ငံကို အာရုံစူးစိုက် လာသည်။အမေရိကန် ဒဿနိကဗေဒအသင်းနှင့် ကာနေဂျီ ဗိမာန်တို့၏ ပူးပေါင်း ကွင်းဆင်း လေ့လာရေးအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ ရောက်လာပြီး အဖွဲ့ဝင်များဖြစ်သော ဒေါက်တာ အိတ်ဒီတားရာနှင့် ဒေါက်တာ မိုးဗီးယပ်စ်တို့က ၁၉၃၇ ခုနှစ် နိုဝင်ဘာလမှ ၁၉၃၈ ခုနှစ် မတ်လအထိ ကွင်းဆင်း လေ့လာပြီး ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်သစ် လက်နက် ကိရိယာများကို ရှာဖွေ စုဆောင်းကြသည်။ အညာဒေသတွင်တွေ့ရသော ကျောက်လက်နက် ကိရိယာများကိုအစွဲပြုပြီး ဒေါက်တာမိုးဗီးယပ်စ်က "အညာသီးယန်းကာလ်ချား" (အညာသားယဉ်ကျေးမှု)ဟု အမည်ပေးခဲ့သည်။

စစ်အတွင်းကာလ

ဒုတိယကမ္ဘာစစ်သည် မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ စစ်ဘေးမှ လွတ်ရာလွတ်ကြောင်းကို ဦးလူဖေဝင်းနှင့် ရုံးအဖွဲ့သားတို့က ကြိုးပမ်းဆောင်ရွက်ကြသည်။ မန္တလေးရုံးရှိ နှစ်ပေါင်း ၅၀ ကျော်က စုဆောင်းလာခဲ့သော သုတေသနဆိုင်ရာ ပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ ရုံးသုံးကိရိယာ ပစ္စည်းများကို ပုဂံသို့ ပြောင်းရွှေ့ပြီး ရှေးဟောင်း ပိဋကတ်တိုက်အတွင်း၌ သိမ်းဆည်းစောင့်ရှောက် ခဲ့ကြသည်။ ထို့ကြောင့် စစ်ဘေးနှင့် ရန်သူမျိုးငါးပါးဘေးမှ လွတ်ခဲ့သည်။ စစ်ပြီးသွားသောအခါ ၁၉၄၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ပုဂံမှာပင် ဌာနရုံးကို ယာယီ ဖွင့်ခဲ့သည်။ ဇွန်လတွင် မန္တလေးမြို့ရှိ မူလ ရုံးအဆောက်အအုံသို့ ပြန်လည် ပြောင်းရွှေ့ခဲ့သည်။

လွတ်လပ်ရေးရပြီးခေတ်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရသောအခါ အချုပ်အချာအာဏာပိုင်နိုင်ငံ ဖြစ်လာသည်။ ထိုအခါ ဦးလူဖေဝင်းနှင့် ရုံးအဖွဲ့သားတို့သည် ဌာနလုပ်ငန်းများကို အားသွန်ခွန်တိုက် ပြန်လည်ဆောင်ရွက်ကြပြန်သည်။ ၁၉၄၉ ခုနှစ်တွင် မန္တလေးမြို့သို့ ကရင်သောင်းကျန်းသူများ ဝင်ရောက်လာပြီး မြို့ကို ခေတ္တ သိမ်းထားစဉ်က ဌာနပိုင် ပစ္စည်းများကို ကာကွယ် စောင့်ရှောက် ထားရပြန်သည်။ ထိုနှစ် ဧပြီလတွင် နိုင်ငံတော်အစိုးရက မန္တလေးမြို့ကို ပြန်လည် သိမ်းယူလိုက်ပြီးနောက် အထက် မြန်မာနိုင်ငံ အထူးတိုင်းမင်းကြီးက လူထု စိတ်ဓာတ် မြင့်တင်ရေးအတွက် မန္တလေးမြို့တွင် ရှေ့မန်းအောင်စည်သတင်းစာကို ထုတ်ရာ ဦးလူဖေဝင်းအား တာဝန်ပေးသောကြောင့် ထိုသတင်းစာလုပ်ငန်းကို ၁၉၅၂ ခုနှစ် ဇွန်လ ၁၁ ရက်နေ့အထိ သုံးနှစ် ကျော်မျှ မိမိ၏ကျောက်စာဝန် တာဝန်အပြင် အပိုတာဝန်အနေနှင့် ဆောင်ရွက်ပေးခဲ့ရသည်။ ယင်းသို့ စစ်အတွင်းနှင့် စစ်ပြီးကာလ၊ ဌာနအကျိုးနှင့်နိုင်ငံတော် အကျိုးကို စွမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ဦးလူဖေဝင်းအား သီရိပျံချီဘွဲ့ဖြင့် ဂုဏ်ပြု ချီးမြှင့်ခဲ့သည်။

ဌာန တိုးခဲ့ရေး ကြိုးပမ်းမှုများ


အိန္ဒိယနိုင်ငံ ကာလကတ္တား ဟက္ကလိုလ်မှ ပါမောက္ခ ဒေါက်တာ အင်အာရေးအား မြန်မာ့ ရှေးဟောင်း သုတေသနနှင့် ယဉ်ကျေးမှုရေးရာတွင် အကြံပေး ပုဂ္ဂိုလ် ခန့်ပြီး ဦးလူဖေဝင်းနှင့်အတူ ဌာနတိုးခဲ့ရေး စီမံကိန်းများ ရေးဆွဲစေသည်။ ပါမောက္ခ ဒေါက်တာ အင်အာရေးသည် မြန်မာမှုကို အထူးလေ့လာပြီး မြန်မာပြည် ထေရဝါဒ ဗုဒ္ဓဘာသာ၊ မြန်မာပြည်တွင် တွေ့ရသော ဗြဟ္မဏဝါဒ နတ်ဘုရားများ၊ ပုဂံ ကျောက်ဆစ် ရုပ်တုပညာ၊ ပုဂံ နံရံပန်းချီများ စသော သုတေသန စာတမ်းများစွာ ရေးသား ပြုစုခဲ့သည်။

၁၉၅၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဦးလူဖေဝင်းက "မြန်မာနိုင်ငံ ကမ္ဘည်း ကျောက်စာဌာန၏ ရာဇဝင်အကျဉ်းနှင့် အနာဂတ် လုပ်ငန်းစဉ်နှင့် ပြန်လည် ဖွဲ့စည်းရေးအတွက် အကြံပေး အစီရင်ခံစာ" ကို ယဉ်ကျေးမှု ဝန်ကြီးထံ တင်သွင်းခဲ့သည်။

ကမ္ဘည်း ကျောက်စာဌာနမှ ရှေးဟောင်း သုတေသန ဌာနသို့

နိုင်ငံတော် အစိုးရက ဌာန၏ လုပ်ငန်းများကို ကိုးခဲ့ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်သော အချုပ်အချာ အာဏာပိုင်နိုင်ငံ၏ အဆင့်နှင့်လျော်ညီစေရန် ကမ္ဘည်း ကျောက်စာဌာနကို ရှေးဟောင်း သုတေသန ဌာနဟု အမည် ပြောင်းလဲပြီး ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစပြီး အဆင့်မြှင့်၍ အသစ် ပြန်လည် ဖွဲ့စည်းပေးပါသည်။ ကမ္ဘည်း ကျောက်စာဝန် ရာထူးကိုလည်း ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်ဟု ပြောင်းလဲသတ်မှတ်ပေးပါသည်။

ဦးလူဖေဝင်းသည် ဌာန၏ စီမံခန့်ခွဲရေး ကိစ္စများကို ဆောင်ရွက်ရုံမကသေး မိမိကိုယ်တိုင်က မွန် – မြန်မာ



ပုဂံမှ ငါးမျက်နှာဘုရားကို ပြုပြင်ထိန်းသိမ်းစဉ်

ယဉ်ကျေးမှုများကို အထူး စိတ်ဝင်စားပြီး သုတေသန ပြုနေသော ပညာရှင် ဖြစ်သောကြောင့် ရှေးဟောင်း သုတေသနဆိုင်ရာ စာတမ်းပေါင်း များစွာ ရေးသားခဲ့သည်။ သူပြုစုသော ပုဂံ လမ်းညွှန် Pictorial Guide to Pagan စာအုပ်သည် ညောင်ဦး၊ ပုဂံ၊ မင်းနန်သူ နှင့် ဖွားစောအရပ်များရှိ ထင်ရှားလှသော သမိုင်းဝင် ရှေးဟောင်း ဘုရားပုထိုး ၆၇ ဆူကို သရုပ်ပြ ဓာတ်ပုံများ၊ နောက်ခံ သမိုင်း အကျဉ်းချုပ်များနှင့် အတူ ဗီသုကာ ပုံစံအမျိုးအစား ခွဲ၍ ဖော်ပြထားသော စာအုပ်ဖြစ်သော ကြောင့် ဘုရားဖူးများ အတွက်သာမက သုတေသီများ အတွက်ပါ အားကိုးရသော စာအုပ်ဖြစ်သည်။

ဌာနအင်အား ဖြည့်ခြင်းနှင့် သုတေသန တူးဖော်မှုများ ဦးဖိုးလတ် လက်ထက်

၁၉၅၇ ခုနှစ် ဦးလူဖေဝင်း အငြိမ်းစား ယူသွားသော အခါ အငြိမ်းစား ယဉ်ကျေးမှုအတွင်းဝန် မြန်မာပညာရှိ ဦးဖိုးလတ်က ဆက်ခံပါသည်။ ၁၉၅၇ ခုနှစ် အတွင်းမှာ ပင် ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်ရုံးကို မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်း ရွှေ့ ဖွင့် ခဲ့သည်။ ငါးနှစ်ဗီမံကိန်းအရ ဌာန၏ အမှုထမ်းအင်အားကို ဖြည့်ရာ ၌ ဘွဲ့ရလူငယ်များကို သုတေသန လက်ထောက်၊ သုတေ

သနမှူး ရာထူးများတွင် ရွေးချယ်ခန့်ထားသည့်အပြင် ၁၉၅၇-၁၉၆၀ ပြည့်နှစ်များအတွင်းက ဝါရင့် ဝါနု သုတေသနဝန်ထောက်တို့ကို အိန္ဒိယနိုင်ငံသို့ ပညာသင် စေလွှတ်ပြီး ဗုဒ္ဓယဉ်ကျေးမှုနှင့် ရှေးဟောင်း သုတေသနဆိုင်ရာ နည်းပညာရပ်များကို လက်တွေ့ သင်ယူစေသည်။

ရှေးဟောင်းသုတေသန တူးဖော်မှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်လာရာ ၁၉၅၉ ခုနှစ် ဇွန်လ ၁ ရက်မှ ၁၉၆၃ ခုနှစ် ပြီလ ၃ ရက်အထိ ကာလအတွင်း ဗိဿနိုးမြို့ဟောင်းကို ခြောက်ကြိမ် တူးဖော်ခဲ့ရာ အုတ်ကုန်း ၂၅ ကုန်း တူးဖော် ပြီးသည်။ ၁၉၆၄ ခုနှစ် ဇန်နဝါရီလမှ ၁၉၆၇ ခုနှစ်အထိ ကာလအတွင်း ဟန်လင်းမြို့ဟောင်းကို တူးဖော်ရာ ၁၉ ကုန်း တူးဖော် ပြီးသည်။ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလမှ ၁၉၇၁ ခုနှစ် မတ်လအထိ ကာလ အတွင်း သရေခေတ္တရာမြို့ဟောင်းကို အကြိမ်ကြိမ် တူးဖော်ရာ ၂၄ ကုန်း တူးဖော် ပြီးစီးသည်။ တူးဖော်ရာမှ ရရှိသော ပစ္စည်းများ၊ ကမ္ပည်းစာများကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုခြင်းနှင့် သုတေသန စာတမ်းများ ရေးသားပြုစုခြင်း ဆောင်ရွက်ခဲ့ပါသည်။

ရှေးဟောင်းအဆောက်အအုံများကို ပိုမိုထိရောက်စွာ ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် နိုင်ငံတော်က ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထု ပစ္စည်းများ အက်ဥပဒေကို ပြင်ဆင်ဖြည့်စွက်သော ဥပဒေသစ်ကို ၁၉၆၂ ခုနှစ်က ပြဋ္ဌာန်းပေးခဲ့သည်။ ထို့ကြောင့် ရှေးဟောင်းအဆောက် အအုံများကို ထိန်းသိမ်း ပြုပြင် စောင့်ရှောက်နိုင်သော လုပ်ပိုင်ခွင့် အာဏာကို ဌာနက ပိုမိုရရှိလာသည်။ ၁၉၇၂ ခုနှစ်အထိ ဌာနက ထိန်းသိမ်း စောင့်ရှောက်ထားနိုင်သော ရှေးဟောင်း အဆောက်အအုံပေါင်း ၅၄၀ ရှိသည်။

ဦးဖိုးလတ်သည် ၁၉၅၉ ခုနှစ် ဧပြီလ ၄ ရက်နေ့မှစ၍ ပုဂံမြို့တွင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပုဂံ ရက်သတ္တပတ်ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ သည့်နောက် (၁) မြန်မာနိုင်ငံအတွင်းရှိစေတီများသမိုင်း၊ (၂) ရုပ်ပွားတော်များသမိုင်း၊ (၃) သရေခေတ္တရာမြို့ ဟောင်းတွင်တွေ့ရသော အဆောက်အအုံများနှင့်ကမ္ပည်း စာများအကြောင်း၊ (၄) ရှေးအကျဆုံးအုတ်ခွက်များ သမိုင်း၊ (၅) ရှေးခေတ် သုံး တူ ရိ ယာ များ သမိုင်း၊ (၆) ရှေးဟောင်းမြို့များ နေရာဒေသကို မြေပုံဆွဲမှတ် တမ်း တင် ခြင်း စ သော လုပ် ငန်း တို့ကို ဌာ န ရှိ ကျောက်စာဝန်ထောက်တို့ကို အသီးသီး တာဝန်ခွဲ ဆောင်ရွက်စေသည်။ ဦးဖိုးလတ်ကိုယ်တိုင်က မြန်မာမှု ကျမ်း ကျင် သော ပ ညာ ရှင် ဖြစ် ပြီး သု တေ သ နတွင် ဝါသနာပါလှသဖြင့် မြန်မာစာ၊ စကား၊ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။ သူ

ပြုစုသော "မြန်မာအစ" စာအုပ်ငယ်တွင် မြန်မာအစ တကောင်း က လော၊ ကျောက် ဆည် က လောဟူသော ပြဿနာကို အထောက်အထားများနှင့် ဆွေးနွေး ထားသည်။

ရှေး ဟောင်း သုတေသန ဦးစီးဌာန ဦးအောင်သော်လက်ထက်

ဦးဖိုးလတ်နောက် ဆက်ခံသောဌာန အကြီးအကဲမှာ ဦးအောင်သော်ဖြစ်သည်။ ဦးအောင်သော်သည် ကမ္ဘည်း ကျောက်စာရုံးကတည်းက အမှုထမ်းခဲ့သူဖြစ်ပြီးအဆင့်ဆင့် ရာထူးတက်လာခဲ့ရာ ညွှန်ကြားရေးဝန် ဖြစ်လာသည်။ ၁၉၇၂ ခုနှစ်တွင် စနစ်သစ်အုပ်ချုပ်ရေးအရ အစိုးရဌာန များကို ပြန်လည်ဖွဲ့စည်းလိုက်သောအခါ ရှေးဟောင်း သုတေသနဌာနကို ရှေးဟောင်း သုတေသနဦးစီးဌာနဟု အမည်ပြောင်းခဲ့သည်။ ညွှန်ကြားရေးဝန်ရာထူးအမည် ကိုလည်း ညွှန်ကြားရေးမှူးချုပ်ဟု ပြောင်းလဲခဲ့ပါသည်။

ဦး အောင် သော် လက် ထက် တွင် သုတေသန ဝန်ထောက်များကို ဗဲလဂျီယမ်၊ အင်္ဂလန်၊ အမေရိကန် စသောနိုင်ငံများသို့ ပညာတော်သင် အဖြစ် စေလွှတ်ပြီး ရှေးဟောင်းသုတေသနဌာနအတွက် ခေတ်မီနည်းနာစနစ် များကို သင်ယူစေခဲ့သည်။

ရှေးဟောင်းသုတေသနပစ္စည်းများပြပွဲ

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက ရန်ကုန် တက္ကသိုလ် လူမှုရေးသိပ္ပံမဟာဌာန၌ တောင်တွင်းကြီး မြို့နယ် ဗိဿနိုးမြို့ဟောင်းနေရာမှ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများ၊ အုတ်တိုက်အဆောက်အအုံများ နှင့် တူးဖော်သုတေသနပြုမှုမှတ်တမ်းတင် ဓာတ်ပုံများပြပွဲ ကို ရက်သတ္တပတ် တစ်ပတ်ကြာ ခင်းကျင်းပြသခဲ့သည်။ ထိုပြပွဲတွင် ဦးအောင်သော်က ရှင်းလင်းဟောပြောခဲ့ သည်။ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ကျင်းပသော မြန်မာနိုင်ငံသုတေသန်အသင်း၏ နှစ် ၅၀ မြောက် နှီးနှော ဖလှယ်ပွဲတွင် အထက်ဖော်ပြပါပြပွဲကို ခင်းကျင်းပြသသည့် အပြင် ရှေးဟောင်းသုတေသနဦးစီးဌာနရှိ အခြား ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကိုပါ ဖြည့်စွက်လျက် ပညာပေးပြခန်း တစ်ခန်းပါဝင်ပြသခဲ့သည်။ အလားတူ နှစ်စဉ်ကျင်းပသော ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင် စုနေ့ အထိမ်းအမှတ်ပြပွဲတိုင်းတွင် ရှေးဟောင်းသုတေသန ဦးစီးဌာနက သီးခြားပြခန်းတွင် ပျူ၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်၊ ကရင်၊ ကယား၊ ချင်း၊ ကချင်တို့၏ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများတူးဖော်မှုမှ ရရှိခြင်းကို လူထုပညာပေး ပြသခဲ့သည်။


တူးဖော်မှုများ

ဌာနကဆောင်ရွက်လျက်ရှိသော ရှေးဟောင်းသုတေ သန တူးဖော်မှုများကို ဆက်လက် ဆောင်ရွက်ရာတွင် ပျူယဉ်ကျေးမှု ရုပ်ပုံလွှာအတွက် ဗိဿနိုးမြို့ဟောင်းကို လည်းကောင်း၊ မွန်ယဉ်ကျေးမှုရုပ်ပုံလွှာအတွက် သုဝဏ္ဏ ဘူမိမြို့ဟောင်းကိုလည်းကောင်း၊ ရခိုင်ယဉ်ကျေးမှု ရုပ်ပုံ လွှာအတွက် ဝေသာလီမြို့ဟောင်းကို လည်းကောင်း ရှေးဟောင်းသုတေသန တူးဖော်မှုနည်း စနစ်များနှင့် တူးဖော်ပြီး တွေ့ရှိရသော ပစ္စည်းများ အဆောက်အအုံ များကိုမှတ်တမ်းတင်ခြင်း၊လေ့လာခြင်းပြုပြီး အစီရင်ခံစာ များ တင်သွင်းခဲ့သည်။ အလားတူ မြန်မာနိုင်ငံ ကျောက်ခေတ် ယဉ်ကျေးမှုနှင့်ဆိုင်သော ပြဒါးလင်းဂူ တူးဖော်မှုနှင့် ပျူယဉ်ကျေးမှုနှင့်ဆိုင်သော မိုင်းမော မြို့ဟောင်း တူးဖော်မှုများပြုကာ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများ တင်သွင်းခြင်းပြုခဲ့ပါသည်။

ပုဂံမြေငလျင်နှင့် ပြုပြင်ထိန်းသိမ်းရေး

၁၉၇၅ ခုနှစ် ဇူလိုင်လ ဂ ရက်နေ့ ညနေတွင် ပုဂံ တစ်ဝိုက်၌ ပြင်းထန်သော မြေငလျင်ကြီး လှုပ်သွားသော ကြောင့် ပုဂံနှင့်အနီးတစ်ဝိုက်ရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းအဆောက်အအုံကြီးများ ပြိုကျပျက်စီးခဲ့ရ သည်။ ငလျင်ဒဏ်ထိ အဆောက်အအုံများ ပြုပြင်ရေး အတွက် နိုင်ငံတော်က ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဖွဲ့စည်းပေးပြီး ရှေးဟောင်း သုတေသန ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန နှစ်ရပ် ပူးပေါင်းကာ ပြုပြင် ရေး လုပ်ငန်းကို ဆောင်ရွက်ကြပါသည်။ ပြည်သူလူထု၏ အလှူငွေများနှင့် ပြင်ဆင်သည့်အပြင် ယူအင်ဒီပီခေါ် ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့၊ ပြင်သစ်၊ ဂျပန်၊ ဂျာမန်နိုင်ငံတို့၏ အကူအညီများလည်း ရရှိသောကြောင့် ငလျင်ဒဏ်ထိ အဆောက်အအုံ အားလုံးကို မူလ လက်ရာမပျက် ပြုပြင် ပြီးစီးခဲ့သည်။

နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ ဌာန ရှိ ပညာရှင်တို့ကို အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန် စသော နိုင်ငံများသို့ ရှေးဟောင်းသမိုင်းဝင်ဒေသများ၊ ပြတိုက်များလေ့လာရန် စေလွှတ်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက် မြို့တွင် ယူနက်စကိုက ကြီးမှူးကျင်းပသော ရှေးဟောင်း သုတေသန နှီးနှောပွဲသို့ ဦးအောင်သော် တက်ရောက်ပြီး မြန်မာနိုင်ငံ ကြေးခေတ်အကြောင်းစာတမ်းကို ဖတ်ကြား ခဲ့သည်။



တံတေးမြို့နယ်မှ ရရှိခဲ့သော ပျူခေတ် ပုတီးများ။

၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပုဂံ၌ အသစ်တည်ဆောက် ပြီးစီးသော ရှေးဟောင်းသုတေသန ပြတိုက်ကို ဖွင့်လှစ်ပြီး ပုဂံနှင့် အနီးဝန်းကျင်၌ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများ၊ ကျောက်စာပြားများ၊ ကမ္ပည်းစာများကို စနစ်တကျ ခင်းကျင်း ပြသသည်။ တနလ်ာနေ့မှတပါး နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲ အထိ ဖွင့်လှစ်ထားရာ ပြည်တွင်းပြည်ပမှ လေ့လာသူ အပေါင်း လာရောက်ကြည့်နိုင် ကြပေသည်။ အလား တူ သရေခေတ္တရာမြို့ဟောင်း၊ မော်ဇောအရပ်တွင် ရှေးပစ္စည်း များတူးဖော်ရရှိသောနေရာတွင် တည်ဆောက်ထားသော မော်ဇောပြတိုက် (Site Museum) နှင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟောင်းနေရာတွင် တည်ဆောက်ထားသော မြောက်ဦးပြတိုက် (Site Museum) တို့ကို တိုးချဲ့တည် ဆောက်ပြီး ရှေးဟောင်း သုတေသန ပစ္စည်းများကို ခေတ်ပိုင်းခြား၍ ပြသထားသည်။

အောက်ပါတို့မှာ ဦးအောင်သော် ရေးသားပြုစုသော ရှေးဟောင်း သုတေသနဆိုင်ရာ စာအုပ်စာတမ်းများ ဖြစ်သည်။

(1) Historical Sites in Burma
(2) Excavations at Beikthano
(3) The Neolithic Culture of Padalin Caves
(၄) ဗိဿနိုးမြို့ဟောင်း
(၅) ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှု
(၆) နောက်တွေ့ ပျူယဉ်ကျေးမှု အထောက် အထားများ
(၇) ဘီလူးပန်းဆွဲ
(၈) သီရိဝစ္ဆ
(၉) ရှေးဟောင်းပစ္စည်းခေတ်ပိုင်းနည်း
(၁၀) ကျောက်ခေတ်အညာသားယဉ်ကျေးမှု။

ဌာနဖွဲ့စည်းပုံအသစ်ရေးဆွဲခြင်းနှင့် ဌာန လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း

ဦးဥဂ္ဂါလက်ထက်

ဦးအောင်သော် အငြိမ်းစားယူသွားသောအခါ နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအုန်းခိုင်က ခေတ္တပူးတွဲ တာဝန်ယူခဲ့သည်။ ထို့နောက် ဦးဥဂ္ဂါကို ဦးအောင်သော်နေရာတွင် ဆက်ခံစေသည်။ ဦးဥဂ္ဂါလက်ထက်တွင် ရှေးဟောင်းသုတေသန ဦးစီးဌာန၏ဖွဲ့စည်းပုံအသစ်တစ်ရပ်ရေးဆွဲပြီး ယဉ်ကျေးမှုဝန်ကြီးဌာန သို့တင်ပြသည်။ ဌာန၏လုပ်ငန်းတာဝန်များပို မို များ ပြား လာ သော် လည်း ဌာ န ရှိ ပ ညာ ရှင် ကျွမ်းကျင်သူနှင့် ရုံးဝန်ထမ်းအင်အားမှာ အလွန်နည်းပါးနေသဖြင့် ဌာနဖွဲ့စည်းပုံကို အသစ်ရေးဆွဲ ဖွဲ့စည်းရန် လိုအပ်လာသည်။ ထို့ပြင်ရှေးဟောင်း သုတေသနပညာရှင်များနှင့် ကျွမ်းကျင်သူတို့သည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်သောကြောင့် အငြိမ်းစားမယူကြမီ သူတို့နေရာတွင်ဆက်ခံရန် လူသစ်များကို လေ့ကျင့်သင်ကြားမွေးမြူပေးထားရန် လိုအပ်လာသည်။ ဌာန၏ လုပ်ငန်းတာဝန်နှင့်ညီမျှသော ဝန်ထမ်းအင်အားရှိသော ဖွဲ့စည်းပုံအသစ်ကိုရေးဆွဲရပါသည်။

နံရံပန်းချီနှင့်အင်္ဂတေပန်း (ပန်းတမော့) ထိန်းသိမ်းရေး

ပုဂံမြို့၊ မြင်းကပါရွာအနီးရှိ ဂူပြောက်ကြီးဘုရားအတွင်း နံရံဆေး ပန်းချီများနှင့် အင်္ဂတေပန်း လက်ရာများကို မူလလက်ရာမပျက် ထိန်းသိမ်းပြုပြင်ရန်၊ မြန်မာလူငယ် ဝန်ထမ်းများကိုစာတွေ့၊ လက်တွေ့ သင်ကြားပြသပေးရန်၊ အီတလီနိုင်ငံ ရောမမြို့ရှိ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းရေး ဗဟိုဌာနကြီး (အိကရွမ် ICCROM)မှ ပါရဂူများ လာရောက်ပြီး ကူညီဆောင်ရွက်ပေးခဲ့သည်။ ဌာနရှိသုတေသနမှူး အချို့ကိုလည်း အီတလီနှင့် ပြင်သစ်နိုင်ငံများသို့ စေလွှတ်ပြီး အဆောက်အအုံ ထိန်းသိမ်းရေး သင်တန်းနှင့်ပြတိုက် လုပ်ငန်း သင်တန်းတို့ကို တက်ရောက်သင်ယူ စေခဲ့သည်။

ထိန်းသိမ်းရေးနှင့်တူးဖော်မှုလုပ်ငန်း

ဌာနဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သည့်အပြင် ပုဂံမြို့ရှိ၊ ပြည့်သူ ဆောက်လုပ်ရေးလုပ်ငန်း (အထူးရုံး)နှင့် ညှိနှိုင်းပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မပြီးပြတ်သေးသော ဝေသာလီ မြို့ဟောင်းတူးဖော်မှုကို လက်စသိမ်းဆောင်ရွက်စေခြင်း၊ ကျို့ကွာသာ မြို့ဟောင်းကို တူးဖော်လေ့လာရန် ဆောင်ရွက်စေခြင်း ပြုခဲ့သည်။ ထို့ပြင် ရှေးဟောင်းပစ္စည်းများကို ခွင့်ပြုရန်ပုံငွေအင်အားအလျောက် ဝယ်ယူစုဆောင်းခဲ့ပါသည်။

ဌာနဖွဲ့စည်းမှုအင်အားနှင့်လုပ်ငန်းများ တိုးချဲ့လာခြင်း

ဒေါက်တာ ခင်မောင်ညွန့်လက်ထက်

ဦးဥဂ္ဂါ အငြိမ်းစားယူသွားပြီးနောက် နှစ်အနည်းငယ်ကြာ အစားထိုးခန့်ထားခြင်း မပြုနိုင်သေးဘဲ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဌာနတာဝန်ကို ပူးတွဲဆောင်ရွက်ပါသည်။

၁၉၈၇ ခုနှစ် မတ်လ တွင် ရှေးဟောင်း သုတေသန ဦးစီး ဌာနကို ယဉ်ကျေးမှု ဝန်ကြီးဌာနလက်အောက် မှ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းပေး ခဲ့သည်။

၁၉၈၇ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် မန္တလေးတက္ကသိုလ်၊ သမိုင်းဌာနနှင့် နိုင်ငံတကာ ဆက်ဆံရေး ဘာသာဌာန ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်အား ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ်ပြောင်းရွှေ့ခန့်ထားခဲ့ပါသည်။

ပုဂံတွင် ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ယူအင်ဒီပီ၏ အကူအညီ(၂)ခု၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရာ ပုဂံရှိရှေးဟောင်း အဆောက်အအုံများကို ဆက် လက် ပြု ပြင် ခြင်း၊ နံရံပန်းချီများ၊ ပန်းတမော့များကို ထိန်းသိမ်းခြင်း၊ ပုဂံရှိ ရှေးဟောင်း အဆောက်အအုံများကို ပြန်လည် စာရင်းကောက်ယူ၊ မှတ်တမ်းတင်ခြင်းပြုခဲ့သည်။

ရှေးဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက် ရောက်ရှိလာသောကြောင့် ရန်ပုံငွေများတိုး၍ ရရှိရုံမက ရှေးဟောင်းပစ္စည်းများကို ဝယ်ယူစုဆောင်းမှုတွင် ငွေကြေးအခက်အခဲမရှိတော့ဘဲ ဝယ်ယူစုဆောင်းနိုင်ခဲ့သည်။ ရှေးဟောင်းပစ္စည်းများကို ဌာနသို့လာရောက်အပ်နှံပါက ဌာနကသေချာစွာစစ်ဆေးပြီး ရွှေ၊ ငွေ၊ ကြေး စသော ပစ္စည်းများဖြစ်ပါက ကာလပေါက်စွေးအပြင် ပစ္စည်း၏ ရှေးဟောင်းတန်ဖိုး အနုပညာလက်ရာနှင့် သမိုင်းဝင်တန်ဖိုးကို ခေတ်အလိုက်ထပ်မံဆောင်းပြီး ဆုချီးမြှင့်ပေးသည်။ ထို့ကြောင့် ရှေးဟောင်းပစ္စည်း တွေ့ရှိသူတို့လာရောက်အပ်နှံသဖြင့် ဌာနက ဝယ်ယူစုဆောင်းသော

ရှေးပစ္စည်းများ တန်ဖိုးသည် ၁၉၀၇–၁၉၉၀ ပြည့်နှစ်အတွင်း သိန်းသုံး ဆယ် ကျော် ခန့် ရှိသည်။ ဝယ် ယူ စုဆောင်းထားသော ရှေးပစ္စည်းများ ကို လေ့ လာ ခြင်း မှတ်တမ်းတင်ခြင်းပြုပြီး ဘဏ်များတွင် လုံခြုံစွာအပ်နှံသိမ်းဆည်းထားသည်။

ဖွဲ့စည်းပုံအသစ်အရ ဌာနအင်အားတိုးချဲ့ခြင်း

ဦးဥဂ္ဂါလက်ထက်က ယဉ်ကျေး မှု ဝန် ကြီး ဌာ န သို့ တင်သွင်းခဲ့သော ဌာန၏ဖွဲ့စည်းပုံအသစ်ကို စိမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆက် လက် ဆောင် ရွက် ပေး သောကြောင့် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက် ရပြီး နိုင်ငံတော်အစိုးရက ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ဌာန၏ဝန်ထမ်းအင်အားသည် ၉၆ ဦးမှ၊ ဖွဲ့စည်းပုံအသစ် အရ ၂၆၁ ဦးအထိတိုးလာသည်။ ၁၉၀၇ နှစ်လယ်ကစ၍ ဌာနတွင်း၌ ရာထူးတိုးမြှင့်ပေးခဲ့ရာ ယခင်ကတစ်ဆင့်မြင့် ရာထူးနေရာများမရှိ၍ အမှုထမ်းသက် နှစ် ၂၀ ကျော် အထိ ရှိလာသော်လည်း ရာထူးတစ်ကြိမ်မှ မတိုးခဲ့ရ သော ဝန်ထမ်းများကို ရာထူးတိုးပေးခြင်း၊ ကျန်ဝန်ထမ်း များကိုလည်း အမှုထမ်းသက်တမ်းအရ ရာထူးတိုးမြှင့် ပေးခြင်း ပြုလုပ်ပေးခဲ့သည်။

ဌာနတွင်းသင်တန်းများနှင့် တက္ကသိုလ်သင်တန်းများ

ဝါနုဝန်ထမ်းများရော၊ အသစ်ခန့်ဝန်ထမ်းများကိုပါ ဌာနရှိ ဝါရင့်ဝန်ထမ်းများက သက်ဆိုင်ရာဘာသာရပ် များကို ဌာနတွင်းသင်တန်းများဖွင့်၍ သင်ကြားပို့ချ ပေးသည်။ ဤသင်တန်းများသည် သုံးလမှငါးလကြာပြီး ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် အင်္ဂလိပ်စာနှင့်နိုင်ငံသမိုင်း ကို သင်ကြားပို့ချပေးခဲ့သည်။ မြေတိုင်း ဦး စီး ဌာ န၊ ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနနှင့် သစ်တော ဦးစီးဌာန များမှ ပညာရှင် အ ချို့ လည်း အ ခါ အား လျော် စွာ လာရောက်ပို့ချပေးသည်။ နောင်အခါ၌ ဌာနရှိရာထူး များခန့်ထားလိုပါက ရှေးဟောင်း သုတေသန ပ ညာ သင်ကြားဖူးသော ဘွဲ့ရလူငယ်များရရှိနိုင်စေရန် ရန်ကုန် တက္ကသိုလ်၊ သမိုင်းဌာနနှင့် မနုဿဗေဒဌာနများတွင် ရှေးဟောင်းသုတေသနပညာရပ်ကို သင်ရိုးတစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားလာစေပြီး ဌာနမှဝါရင့်သုတေသနမှူး တို့အား ယင်းပညာကို အချိန်ပိုင်းသွားရောက်သင်ကြား ပို့ချစေခဲ့သည်။

သုတေသနစာတမ်းဖတ်ပွဲများ

ရှေးဟောင်းသုတေသနပြုမှုမှရရှိသော အချက်အလက် များကို သုတေသနစာတမ်းများပြု စု ခြင်း၊ တူး ဖော် မှုနှင့် ကွင်းဆင်းလေ့လာမှုများကို အစီရင်ခံစာရေးခြင်း ပြုရသည်။ ထို့နောက် ယင်းစာတမ်းများ အစီရင်ခံစာ များကို မြန် မာ နိုင်ငံနှစ်ပတ်လည်သုတေသန စာတမ်း ဖတ်ပွဲများတွင်လည်းကောင်း၊ ဌာ န တွင်း အ ခါ အား လျော်စွာပြုလုပ်သော စာတမ်းဖတ်ပွဲတွင်လည်းကောင်း၊ ဖတ်ကြားစေပြီး ပညာရှင်များက ဝေဖန်ဆွေးနွေးကြ သည်။ ၁၉၀၇ ခုနှစ် ဒီဇင်ဘာလတွင် ဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဌာနရှိ ခန်းမတွင်ကျင်းပခဲ့ပါသည်။ ဌာနတွင်းစာတမ်းဖတ်ပွဲကို ၁၉၀၇ နှင့် ၁၉၀၉ ခုနှစ်တွင် ရန်ကုန်ရုံးချုပ်၌နှစ်ကြိမ်၊ မန္တလေးရုံးခွဲတွင် ၁၉၀၉ ခုနှစ်ကတစ်ကြိမ် ပြုလုပ်ခဲ့ သည်။

အပြည်ပြည်ဆိုင်ရာနှီးနှောဖလှယ်ပွဲများ

၁၉၀၇ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဆူခိုထိုင်း (သောက်ကတဲ) ရှေးမြို့ဟောင်းတွင် ဂျပန်နိုင်ငံ၊ ဆိုဖီ ယာ တက္ကသိုလ်၊ အာရှယဉ်ကျေးမှုဌာနက ကြီးမှူးပြုလုပ် သော ရှေးဟောင်းမြို့တော်များ သုတေသနနှီးနှောဖလှယ် ပွဲသို့ ဌာနမှပညာရှင်ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဟန် အား စေလွှတ်တက်ရောက် စေ ခဲ့ သည်။ ဦး ညွှန့် ဟန် က ပုဂံရှေးဟောင်းအဆောက်အအုံများ ပြန်လည်တည် ဆောက်ရေးနှင့် ထိန်းသိမ်းရေးအကြောင်း စာတမ်းကို ဖတ်ကြားခဲ့သည်။

၁၉၀၈ ခုနှစ် ဩဂုတ်လ ၃ ရက်မှ ၆ ရက်အထိ ပုဂံရှေး ဟောင်းမြို့ သုတေသနအကြောင်း အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကို မြန်မာနိုင်ငံ၊ပုဂံမြို့တွင်ကျင်းပသည်။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် ဂျပန် နိုင်ငံ ဆိုဖီယာတက္ကသိုလ် အာရှယဉ်ကျေးမှုဌာနကြီးတို့ ပူးပေါင်းပြုလုပ်သော နှီးနှောဖလှယ်ပွဲဖြစ်သည်။ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား နိုင်ငံများမှ သုတေသီ ၂၅ ဦး တက်ရောက်၍ စာတမ်းများဖတ်ကြားသည်။ ဌာနမှမြန်မာ သုတေသီခြောက်ဦး၊ စက်မှုတက္ကသိုလ်မှ ပါမောက္ခတစ်ဦး နှင့် မြန်မာ့ခရီးသွား လုပ်ငန်းဌာနမှ ဦးဆောင်ညွှန်ကြား ရေးမှူးတို့ကလည်း ပုဂံရှေးဟောင်းမြို့နှင့် သက်ဆိုင်သော စာတမ်းများ ဖတ်ကြားသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ပညာနှီးနှောဖလှယ်ပွဲကြီး ဖြစ်သည်။ ရန်ကုန်မြို့ရှိ ယူအင်ဒီပိရုံး အကြီးအကဲဌာနေ ကိုယ်စားလှယ်နှင့် အရာရှိများ၊ ယူနက်စကို ရုံးချုပ်မှ ညွှန်ကြားရေးမှူး၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များမှ တက်ရောက်ဆွေးနွေးကြသည်။ ဖတ်ကြားသော သုတေ

သနစာတမ်းများကို ၁၉၀၉ ခုနှစ်တွင်ဆိုဖီယာတက္ကသိုလ်က စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေပါသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း

မြန်မာနိုင်ငံသည် ဝါရင့်ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ပြီး ယူနက်စကိုအဖွဲ့ဝင်လည်းဖြစ်ရာ ယူနက်စကိုအဖွဲ့အောက်၌ ဖွဲ့စည်းထားသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်ရှိပါသည်။ အီတလီနိုင်ငံ ရောမမြို့တော်၌ ရုံးစိုက်ထားသော အီကရွမ် (ICCROM) ခေါ် အ ပြည် ပြည် ဆိုင် ရာ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းရေး ဗဟိုဌာနကြီး၏ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနက လျှောက်ထားခဲ့ရာ ၁၉၇၇ ခုနှစ်ကစ၍ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ အဖွဲ့ဝင်မဖြစ်မီကပင် ဌာနမှ ရှေးဟောင်းနုံရုံပန်းချီ ထိန်းသိမ်းရေးပညာရှင် နှစ်ဦးကို ယင်းဌာနကြီးသို့ စေလွှတ်ပြီး သင်တန်းတက်စေခဲ့သည်။

ယင်း အီကရွမ်အဖွဲ့ကြီးသည် နှစ်နှစ် တစ် ကြိမ် ကျ အပြည်ပြည်ဆိုင်ရာ ညီလာခံကြီးကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများရှိရှေးဟောင်းအဆောက်အအုံများ၊ ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဖွဲ့ဝင် နိုင်ငံအချင်းချင်း ကူညီရေးနှင့် အဖွဲ့ကြီးက ကျမ်းကျင်မှုနှင့် နည်းပညာ အကူအညီပေးရေးကို တင်ပြဆွေးနွေးသည်။ ၁၉၇၈ ခုနှစ် မေလ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပသော အီကရွမ် ညီလာခံသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်မောင်ညွန့်သည်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် မေလ ၅ ရက်မှ ၁၁ ရက်အထိကျင်းပသော အီကရွမ်ညီလာခံသို့ ဒုတိယ ညွှန်ကြားရေးမှူး ဦးညွန့်ဟန်သည် လည်းကောင်း တက်ရောက်ဆွေးနွေး နှီးနှောခဲ့သည်။




ဘုရင့်နောင်၏ ကမ္ဘောဇသာဒီ နန်းတော်ကြီးနေရာကို တူးဖော်ရာတွင် တွေ့ရသော နန်းတော် အုတ်ခုံ

ရှေးဟောင်းပန်းချီထိန်းသိမ်းခြင်း

ပုဂံရှေးဟောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းကြစဉ်က ဘုရားဆင်းတုတော်ဟောင်း တစ်ဆူ၏ လက်တော်အတွင်း၌ အလိပ်လိုက် ဌာပနာထားသော ရှေးဟောင်းပန်းချီ အဝတ်စလိပ်ကို တွေ့ ရှိ ခဲ့ သည်။ ဆွဲထုတ်ယူလိုက်သော ဆွေးနေသော ပန်းချီအဝတ်စသည် အပိုင်းပိုင်းအစိတ်စိတ် (အစပေါင်းသုံးဆယ်ခန့်)ဖြစ်သွား သည်။ ပုဂံပြတိုက်အတွင်း မှန်ဘီရိုး၌ အပိုင်းအစများကို နှစ်အတော်ကြာ ပြထားခဲ့သည်။

ပုဂံနုံရုံပန်းချီများ ထိန်းသိမ်းရန် ရောက်လာသော အီကရွမ်အဖွဲ့ကြီးမှ ပန်းချီထိန်းသိမ်းရေးပညာရှင်နှစ်ဦးက ယင်းအပိုင်းအစများကို တွေ့သောအခါ ရောမမြို့ရုံးချုပ်ရှိ ဓာတ်ခွဲခန်းသို့ပေးပို့ပြီး ပြုပြင်ထိန်းသိမ်းရန် အကြံပေးခဲ့သည်။ နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်နှင့် ပန်းချီအဝတ်စ ဒစိတ်အပိုင်းများကို သေချာစွာထုပ်ပြီး ပညာရှင် နှစ်ဦးတို့ ယူဆောင်သွားကြသည်။

နှစ်နှစ်နီးပါးကြာ သိပ္ပံနည်းကျ စစ်ဆေးလေ့လာပြီး ပြန်လည်ဆက်စပ် ထိန်းသိမ်းလိုက်ရာ မူလပကတိပန်းချီ ကားဖြစ်လာသည်။ အေဒီ ၁၂ ရာစုခန့်က ချည်အဝတ်စ ပေါ်တွင် ပုဂံခေတ်ပန်းချီဆရာတို့ သဘာဝဆေးများနှင့် ခြယ်ထားသော ဗုဒ္ဓဓာတ်နိပါတ်တော်အကြောင်း ပန်းချီ ဖြစ်သည်။ ယင်းပန်းချီ ထိန်းသိမ်းသော လုပ်ငန်း



ပုဂံရှေးဟောင်းမြို့ သုတေသနအကြောင်း အပြည်ပြည်ဆိုင်ရာ
နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၊ ပုဂံတွင် ကျင်းပစဉ်

အကြောင်းကို အစီရင်ခံစာတင်သွင်းခဲ့သည်။ ပန်းချီကားကို ဓာတုဗေဒဆေးစက္ကူနှင့်ထုပ်ပြီး ထိန်းသိမ်းပေးသောပညာရှင် နှစ်ဦးကိုယ်တိုင် မြန်မာနိုင်ငံသို့ယူဆောင်လာပြီး ရှေးဟောင်းသုတေသနဦးစီးဌာနသို့ လွှဲအပ်ခဲ့သည်။ ပန်းချီကားသယ်ဆောင်ခ၊ ပြင်ဆင်ထိန်းသိမ်းခကုန်ကျငွေ အမေရိကန်ဒေါ်လာ တစ်သောင်းကျော်ကို ယူနက်စကိုယူအင်ဒီပီ အစီအစဉ်က ကျခံခဲ့သည်။

ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ

နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ အစိုးရ၏ ဖိတ်ခေါ်ချက်အရ ရှေးဟောင်းသစ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လေ့လာရန် ဌာနမှဒုတိယညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် မန္တလေးရုံးခွဲမှ အဆောက်အအုံထိန်းသိမ်းရေးမှူး ဦးပေါစိန်တို့ကို ၁၉၇၇ ခုနှစ်က တစ်လခွဲကြာဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ အလားတူ ၁၉၇၈ ခုနှစ်ဦးက မန္တလေးရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မောင်ဦးကို ယဉ်ကျေးမှုဝန်ကြီးဦးဆောင်သော ယဉ်ကျေးမှု လေ့လာရေးအဖွဲ့တွင် ပါဝင်စေပြီး အိန္ဒိယ နိုင်ငံသို့ နှစ်ပတ်ကြာစေလွှတ်ခဲ့သည်။

ကမ္ဘာ့ရှေးဟောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုကိုလေ့လာရန် ယူနက်စကို ယူအင်ဒီပီ၏ ဖိတ်ကြားချက်အရ ၁၉၇၈ ခုနှစ် မေလမှ ဇွန်လလယ်ထိ အီဂျစ်၊ ဂရိ၊ အီတလီ၊ ပြင်သစ်၊ ထိုင်းနှင့် အင်ဒိုနီးရှား နိုင်ငံများသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်မောင်ညွှန့် သွားရောက်လေ့လာခဲ့ပြီး အစီရင်ခံစာ ရေးသားတင်သွင်းခဲ့သည်။

စာအုပ်စာတမ်းများ ပြုစုထုတ်ဝေခြင်း

ဌာနတွင် ဆောင်ရွက်ဆဲဖြစ်သော ရှေးဟောင်းမြန်မာကျောက်စာများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလျက်ရှိရာ စတုတ္ထတွဲနှင့် ပဉ္စမတွဲတို့ကို မိတ္တူကူးပွားပြီး အရေးကြီးဌာနနှင့် စာကြည့်တိုက်များသို့ ဖြန့်ဝေခဲ့သည်။ မန္တလေးမြို့၊ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်မဟာလောကမာရဇိန် ဘုရားအတွင်း စိုက်ထူထားသော ပိဋကတ်ကျောက်စာများကို မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းရုံးအကူအညီနှင့် ဓာတ်ပုံများရိုက်၍ စာအုပ်အဖြစ်ချုပ်ကာ အရေးကြီးဌာနနှင့် စာကြည့်တိုက်များသို့ မိတ္တူများပေးပို့ခဲ့သည်။

မြန်မာနိုင်ငံဘုရားပုထိုး ကျောင်းကန်မျှားရှိ ခေါင်းလောင်းကမ္ပည်းစာမျှားကို ကူးယူစုဆောင်း မှတ်တမ်းတင်စေခဲ့သည်။ နောင်အခါတွင် ကျောက်စာမျှားနည်းတူ ခေါင်းလောင်းကမ္ပည်းစာမျှားကို စာအုပ်အဖြစ် စုစည်းပြီး ထုတ်ဝေရန် ဖြစ်ပေသည်။

ဒေါက်တာ ခင်မောင်ညွန့် ရေးသားပို့စုသော ရှေးဟောင်းသုတေသနဆိုင်ရာစာတမ်းမျှားမှာ –

(1) The role of Pagan in the history of South-east Asia.
(2) Anticipating quin-centenary of Bayinnaung's Bell.
(3) Lithic inscription at Maha Loka Yanthi Pagoda.
(4) The Bells of Maha Loka Yanthi Pagoda
(5) The Bells of Sule Pagoda
(6) The sad saga of the Singu Min's Bell
(7) The story behind King Tharawaddy's Bell
(8) Maha Ti Sadda Ghanda.
(9) The two bells of Kodatkyi.
(10) The two Ratanapontha Bells.
(11) Inscription at the Shwe-In-pin Monastery.
(12) The Bell that returned to its homeland.
(13) The Bell of Justice is still at large.
(14) The Kyaik Waing bells.
(15) Chronicle of Tuntay Shwe Sandaw Pagoda and its historical data.
(16) The Nga Htat Kyi Bell.
(17) Historic Bells of Tuntay Shwe Sandaw Pagoda.
(18) The Kyaikkasan Bells.
(19) တံတိုးရွှေဆံတော်နှင့် သမိုင်းအထောက်အထားမျှား
(20) ကျိုက္ကဆံဘုရားခေါင်းလောင်းကမ္ပည်းစာမျှား
(21) Maha Meru Makuta Ghanda Raya.
(22) အမရပူရ၊ ပုထိုးတော်ကြီး ခေါင်းလောင်းကမ္ပည်းစာ။
(23) Pilgrim's Guide to Yangon, Pagan, Mandalay and Bago.

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ဒေါက်တာ ခင်မောင်ညွန့် အငြိမ်းစားယူသွားသောအခါ ဌာနအကြံပေးပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်အစိုးရက ခန့်ထားသဖြင့် ဆက်လက်အမှုထမ်းသည်။

ရှေးဟောင်းသုသေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဝဘဝန်ကို ပူးတွဲဆောင်ရွက်စေခဲ့သည်။

ဦးသန်းမောင်သည် ဌာန၏ဆောင်ရွက်ဆဲ လုပ်ငန်းမျှားကို ဆက်လက်ဆောင်ရွက် စေခဲ့သည်။ ရာထူးသစ်နေရာမျှားတွင် လိုအပ်သောဦးရေရရှိရန် စစ်ဆေးရွေးချယ်ခန့်ထားပါသည်။ ၁၉၇၉ ခုနှစ်မှစ၍ ပုဂံမြို့ရိုးနှင့် ကျုံးဟောင်း ပြန်လည် ဖော်ထုတ်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်ဦးတွင် ပြီးစီးအောင်မြင်ခဲ့သည်။ အလားတူ အင်းဝမြို့ဟောင်း ပြန်လည်ဖော်ထုတ်ရာတွင် နိုင်ငံတော်က ငွေကြေးရန်ပုံငွေ လုံလောက်စွာကူညီပြီး ဒေသခံအာဏာပိုင်အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အင်းဝနန်းမြင့်၊ ဆင်ကျုံး၊ ဗဟုရာကျောင်းကြီး အစရှိသော ရှေးဟောင်း အဆောက်အအုံမျှား ပြုပြင်ထိန်းသိမ်းခြင်း ပြုနိုင်ခဲ့သည်။ အင်းဝတွင် ရှေးဟောင်းသုသေသနဌာန ရုံးခွဲကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ဖွင့်ပြီး ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းရေး လုပ်ငန်းမျှားဆောင်ရွက်စေခဲ့သည်။

၁၉၈၉ ခုနှစ်လယ်မှစ၍ ဥဿာမြို့ဟောင်း၊ ဟံသာဝတီမြို့ဟောင်းနှင့် ဘုရင့်နောင် နန်းတော်ကုန်းမျှားကို သုသေသန တူးဖော်မှုပြုခဲ့ရာ ယခုအခါ၌ ဘုရင့်နောင်၏ နန်းကော်ကုန်းတူးဖော်မှု ခရီးရောက်လျက်ရှိသည်။ ကမ္ဘောဇသာဒီ အမည်ရှိသော ဘုရင့်နောင်နန်းတော်အုတ်ခုံကို သေချာစွာ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး တူးဖော်မှုမှရရှိသော အထောက်အထား ပစ္စည်းမျှားကိုပြသရန် ပခုံးမြို့တွင် ရှေးဟောင်းသုသေသန ပြတိုက်တစ်ခု ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည်။


နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ ဆိုဗီယက်အစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အစိုးရ၏ သဘောတူညီချက်နှင့် မြန်မာ့ရှေးဟောင်း ပစ္စည်းမျှားကို မော်စကိုမြို့တော်တွင် ပြသရန် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဆွေ ခေါင်းဆောင်သော အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်အောက်တိုဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ ဆိုဗီယက်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

၁၈၁၁ ခုနှစ် ဒေါက်တာ အီးဖိုးရှားမားဦးဆောင်သော ကမ္ပည်းကျောက်စာရုံးမှ ယနေ့ ၁၉၉၁ ခုနှစ် ရှေးဟောင်းသုတေသနဦးစီးဌာနအထိ ကာလကို တွက်ကြည့်လျှင် ဤဌာနသည် သက်တမ်း နှစ် ၁၁၀ ရှိပြီဖြစ်သည်။

ဒေါက်တာ ခင်မောင်ညွန့်

တူးဖော်မှုအသစ်မျှားနှင့် ဌာနခွဲအသစ်ဖွင့်ခြင်း

မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းမျှား မော်ကွန်းတိုက် ဦးစီးဌာနရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းမောင်အား



သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ

မကွေးတိုင်း၊ ပခုက္ကူ မြို့နယ်စုတွင်ပါဝင်သည့် ရေစကြို့မြို့နယ် ပခန်းကြီး ဒေသသည် ဘမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ဘုရားအိုဘုရားပျက်များ၊ ကျောင်းအိုကျောင်းပျက်များ၊ မြင့်မားလှသည့် မြို့ရိုးကြီးများနှင့် ရွှေဟောင်းယဉ်ကျေးမှု မြို့ဟောင်းကြီးတစ်မြို့ဖြစ်သည်။

ပခန်းကြီးဒေသတွင် ရွှေဟောင်းအဆောက်အအုံကြီးများ၊ရွှေမင်းအဆက်ဆက်တည်ထားကိုးကွယ်ခဲ့သောစေတီပုထိုးများ၊ သာသနာပိုင် ဆရာတော်ကြီးများနှင့် ရာဇဂုရုကျမ်းပြုပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးများ သီတင်းသုံးသွားခဲ့သော ကျောင်းတော်ကြီးများ၊ ရွှေခေတ်လက်ရာများကို မှတ်တမ်းတင်ထားသည့် ပေစာ၊ ကျောက်စာများ၊ ရေးဆဲထုလုပ်ခဲ့သည့် ပန်းချီပန်းပု လက်ရာများကို ခံ့ညားထည်ဝါစွာ တွေ့နိုင်သည်။

ဤကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကိန်းအောင်းတည်ရှိရာ ပခန်းကြီးသည် ၉ ရာ ဝ တီ မြစ်နှင့် ချင်းတွင်းမြစ်နှစ်သွယ် ပေါင်းဆုံရာနှင့် ၁၀ မိုင်၊ ရှင်မတောင်တန်းနှင့် ရှစ်မိုင်၊ ပခုက္ကူမြို့နှင့် ၁၇ မိုင်၊ ရေစကြို့မြို့နှင့် ၁၀ မိုင်သာ ကွာဝေးသည်။

ပခန်းကြီးဒေသသည် ဤသို့သော ရွှေဟောင်းလက်ရာ ယဉ်ကျေးမှုအမွေအနှစ်များရှိသည့်အပြင် သမိုင်းဝင် သိကြားမင်း ဆက်သသော သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ ဒေသဖြစ်သဖြင့် မကွေးတိုင်းတွင် ပခန်းကြီးကို လူသိများ ထင်ရှားခြင်းဖြစ်သည်။

သမိုင်းဝင် သရက္ခန် ဗုဒ္ဓ ရုပ်ပွားတော်များ

သက္ကရာဇ် ၄၅၄ ခုနှစ်တွင်ပုဂံပြည်၌ထီးနန်းစိုးစံခဲ့သော အလောင်းစည်သူမင်းကြီးသည် သာသနာပြု မင်းတစ်ပါးဖြစ်သည်။ ဇမ္ဗူဒီပ်ကျွန်းတစ်ခွင်နှင့် မဟာသမုဒ္ဒရာရေပြင်၌ လှည့်လည်ကြည့်ရှုရန် သင်္ဘောနှက် ဖောင်စကြာယာဉ်နှင့် သိကြားမင်းဆက်သသော ကြိမ်စကြာရှိသော မင်းတစ်ပါးဖြစ်သည်။

အလောင်းစည်သူ မင်းကြီးသည် နန်းတက်ပြီး မကြာမီ ဖောင်စကြာယာဉ်ဖြင့် မင်းမိဖုရား မှူးမတ်များ ခြံရံလျက် မဟာသမုဒ္ဒရာ ရေပြင်တွင် ခရီးလှည့်လည်တော်မူသည်။ ကျွန်းဦးဇမ္ဗုသပြေပင်သို့ ရောက်တော်မူလျှင် ဇမ္ဗုသပြေပင်အောက်၌ ခင်းထားသော ပုလဲကျောက်ဖျာကို ရုပ်တုထု၍ ကိုးကွယ်ရန်အလိုရှိသဖြင့် တစ်မှ်စိမ့်ကြည့်သော် သိကြားဝိသကြံတို့သည် ကိုယ်ထင်ပြ၍ ဤပုလဲကျောက်ဖျာကား ဤဘဒ္ဒကမ္ဘာ၌ ပင့်တော်မူပြီးသော ဘုရားလေးဆူတို့ သီတင်းသုံးပြီးသော်လည်း အရိမေတ္တေယျ ဘုရား ကျန်လပ်၍ ခင်းထားရပါသည်။ အသင်မင်းကြီး မရနိုင်ပါဟု ဆိုသည်။ သိကြားမင်းသည် များမြောင်လှစွာသော လူဗိုလ်ခြေတို့ဖြင့် ရာဇဘိသေက မင်္ဂလာ ပြုပြီးလျှင် သီရိတြိဘုဝနာဒိတျပဝရပဏ္ဍိတသုဓမ္မရာဇာမဟာဓိပတိနရပတိစည်သူ ဟူသော ဘွဲ့မည်တော်ကို ဘွဲ့ချီးပေးတပ်တော်မူသည်။

သိကြားမင်းသည် ဘိသိက်သွန်း၍ ဘွဲ့ချီးပေးပြီးလျှင် သာသနာကို ကြည်ညိုလေးစားသောမင်းဖြစ်ရကား မနေနိုင်သောကြောင့် ပုလဲအရောင်ရှိသောကျောက်ကို ဘုရားရုပ်တုထု၍ ကိုးကွယ်တော်မူရန်အပ်သည်။ မင်းကြီးသည် ဝမ်းသာ အားရနှစ်သက်လှ၍ သန့်ရှင်း ဖြူစင်သည်ဟုဆိုသည်။ မင်းကြီးဆိုသည်ကို အစွဲပြု၍ ရှင်ဖြူ ဘုရားတွင်သည်။ အလောင်းစည်သူမင်းကြီးသည် ဇမ္ဗုသပြေသားကို ရုပ်တုထု၍ ကိုးကွယ်ရန် အလိုရှိ၍ ကြည့်ပြန်သော် သိကြားမင်းသည် ဇမ္ဗုသပြေသားကို တန်ခိုးဖြင့်ဖြတ်၍ ဘုရားရုပ်တုထုပြီး မင်းကြီးအားအပ်သည်။ မင်းကြီးသည် ဝမ်းသာအားရ ဘုရားရုပ်တု လှလှပေသည်ဟု မင်းကြီးဆိုတော်မူသည်ကို အစွဲပြု၍ ရှင်လှ ဘုရားဟုတွင်သည်။

ထို့နောက် မင်းကြီးသည် ရှင်ဖြူနှင့်ရှင်လှ နှစ်ဆူကို ဖောင်စကြာဦး၌တင်၍ မြင်းမိုရ်တောင်သို့ ဦးလှည့်သွားမည်ပြုရာ သိကြားမင်းက အသင်မင်းကြီး မြင်းမိုရ်တောင်သို့သွားခြင်းဖြင့် အဘယ်အကျိုး ရှိမည်နည်း၊ နေပြည်တော်သို့ပြန်၍ သာသနာပြုလော့ဟု ဆို့မှ ဖောင်တော်ကို ပြန်၍လှည့်သည်ဟုဆိုသည်။

သိကြားမင်းသည်လည်း ဤမင်းကား သာသနာအဓွန့်ရှည်အောင် ဆောင်ရွက်လိုသော စိတ်ရှိ၏။ ငါတို့မနေနိုင်ဟု သဘောတော်ထားပြီးလျှင် မြင်းမိုရ်တောင်၌

ရှိသည့် အဝန်း ၁၀ ယူဇနာမျှသော သရက္ခန် အနှစ်တုံးနှင့်တကွခဘတ်တော် ဆယ့်နှစ်ဆူပါယူဆောင်၍ အလောင်းစည်သူ မင်းမြတ် ဤသရက္ခန်အနှစ်တုံးကို ဘုရားရုပ်တုငါးဆူထု၍ ခဘတ်တော် နှစ်ဆူစီ ဌာပနာကိုးကွယ်ရန် အပ်၏။ မင်းကြီးက ရှိသေစွာ ရွေခွက်ဖြင့်ခံသောအခါ မြေလျင် သုံးကြိမ်လှုပ်သည်ဟုဆိုသည်။

သိကြားမင်းသည် သရက္ခန်အနှစ်တုံးကို ဘုရားငါးဆူ ထုပေးပါမည်ဟု ဝန်ခံပြီးလျှင် မင်းကြီး၏လက် လေးသစ်ခန့်မျှစီ ရုပ်တုထုပြီးလျှင် ပထမ သရက္ခန်၊ ဒုတိယသရက္ခန်၊ တတိယသရက္ခန်၊ စတုတ္ထသရက္ခန်၊ပဉ္စမသရက္ခန် ဟုအသီးသီး တံဆိပ်ခတ်၍ မင်းကြီးအား အပ်သည်။ ထို့ကြောင့် သရက္ခန်အစစ် လက်လေးသစ်ဟု အမည်တွင်ခြင်းဖြစ်သည်။

မင်းကြီးလည်း ဘုရားငါးဆူကို ဖူးမျှော်ကြည့်ရှုရာ ဥာဏ်တော်လက်လေးသစ်ခန့်ဖြစ်၍ နိမ့်ရကားငယ်လှသည်ဟုဆိုသည်။ ထိုအခါ သိကြားမင်း၊ ဝိသကြုံနတ်မင်းတို့က ဇမ္ဗုသပြေသားကို ဥာဏ်တော်တစ်တောင်ခန့်မျှ လောက်စီဘုရားငါးဆူထုရာ ပဉ္စမပိုင်းဘုရားမှာ လက်ယာမောင်းတော်အသားမလောက်၍ ဗောဓိသားကိုစပ်၍ ထုပြီးလျှင် ပထမသပြေရုပ်တုတော်၊ ဒုတိယသပြေရုပ်တုတော်၊ တတိယသပြေရုပ်တုတော်၊ စတုတ္ထသပြေရုပ်တုတော်၊ ပဉ္စမသပြေရုပ်တုတော်ဟု အသီးသီးတံဆိပ်ခတ်ပြီးလျှင် ဇမ္ဗုသပြေရုပ်တု ပထမ၌ သရက္ခန်ရုပ်တုတော် ပထမနှင့်ခဘတ်တော်နှစ်ဆူ၊ ဇမ္ဗုသပြေဒုတိယ၌ သရက္ခန် ဒုတိယနှင့် ခဘတ်တော်နှစ်ဆူ၊ ဇမ္ဗုသပြေရုပ်တုတတိယ၌ သရက္ခန်တတိယနှင့် ခဘတ်တော်နှစ်ဆူ၊ ဇမ္ဗုသပြေစတုတ္ထရုပ်တု၌ သရက္ခန်စတုတ္ထနှင့် ခဘတ်တော်နှစ်ဆူ၊ ဇမ္ဗုသပြေပဉ္စမ၌ သရက္ခန်ပဉ္စမနှင့် ခဘတ်တော်နှစ်ဆူ အသီးသီးဌာပနာတိုက်သွင်း၍ မင်းကြီးအားအပ်သည်။

သိကြားမင်းသည် သရက္ခန် စူးစာ ဆောက်စာ အစအန၊ သပြေသား စူးစာဆောက်စာအစအနနှင့်ဗောဓိသား စူးစာ ဆောက်စာ အစအနများကို ပေါင်းစုကြိတ်ကာ သရိုးနယ်ပြီးလျှင် အမြတ်သုံးပါးစုဘုရား ရုပ်တုထုလုပ်ကာ ခဘတ်တော်နှစ်ဆူပါ ဌာပနာ၍ မြတ်ပေါင်းမဉ္ဇူသမုတ်၍ မင်းကြီးအားအပ်ပြန်၏။

မင်းကြီးသည် ဘုရားခြောက်ဆူမှာ ပလ္လင်တော်နိမ့်သည်ကို ဆင်ပလ္လင်ခံရသော် ကောင်းမည်ဟု စိတ်ကူးသည်ကို ကျွန်းဦးစောင့်နတ်တို့သိသဖြင့် ဟိမဝန္တာတော၌ ပေါက်ရောက်သော ဆင်ရေသဏ္ဌာန်သစ်သားခြောက်ဖြတ်ကို ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဟု ကမ္ပည်း အက္ခရာ ထိုး၍ ဘုရားခြောက်ဆူ ရွေတွင်ထားသည်။

မင်းကြီးသည် ရုပ်တုတော်ခြောက်ဆူကို ဆင်ပလ္လင်အနေသင့်အောင် တင်စေ အမိန့်ရှိသော် ဆင်ရေ ၁၅ စီးရှိသော ပလ္လင်မှာ သရက္ခန်ပထမပိုင်း ဘုရားစည်သူရှင်၊ ဆင်ရေ ၁၄ စီးရှိသော ဒုတိယပလ္လင်မှာ သရက္ခန်ဒုတိယပိုင်း ဘုရားရွှေတန်တစ်၊ ဆင်ရေ ၁၃ စီးရှိသော တတိယပလ္လင်မှာသရက္ခန်တတိယပိုင်းဘုရားရှင်မတစ်တောင်၊ ဆင်ရေ ၁၂ စီးရှိသော ပလ္လင်မှာ သရက္ခန် စတုတ္ထပိုင်းဘုရားဆင်ကြို့ရွှေကူ၊ ဆင်ရေ ၁၁ စီးရှိသော ပလ္လင်မှာ သရက္ခန် ပဉ္စမပိုင်းဘုရား အညာသီဟတောနှင့် ဆင်ရေ ၁၀ စီး ပလ္လင်မှာမြတ်ပေါင်း မဉ္ဇူဘုရားကို အသီးသီးကမ္ပည်းနှင့် ကိုက်ညီအောင်တင်၍ မင်းကြီးအား အပ်သည်။


အလောင်းစည်သူမင်းကြီးသည် သိကြားမင်းဆက်သသည့် ရှစ်ဆူသောဘုရားတို့ကို လှေယာဉ်စကြာထက်၌ တင့်တယ်သပွာယ်စွာ တည်ထားကိုးကွယ်ပြီး လှေယာဉ်စကြာဖြင့် ပေါက်ကံနဂရသို့ ပြန်ကြွတော်မူသည်။ ပုဂံပြည်သို့ အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် ပြန်လာစဉ် ရေလယ်ကျွန်း ကွန်းထောက်စခန်းသို့ ဆိုက်ရောက်တော်မူ၏။ ထိုအခါ သောတာပန်နတ်ကြီးသည် ပဉ္စမပိုင်း သရက္ခန်ဘုရားကို အလယ်ကျွန်း၌တည်ထားသင့်သည်ဖြစ်၍ ဝမ်းတွင်း၌ဥအရင့်ရှိသော တောကြက်မ ဖောင်တောင်ထက်မှာ ဥလိုဟန်နိမိတ်ပြသည်ကို မင်းကြီးသည် သတိမထားမိပေ။

ရေလယ်ကျွန်းမှတစ်ဆင့် ထွက်လာပြန်သော် စစ်ကိုင်းမင်းဝံတောင်ခြေရင်း စခန်းသို့ရောက်သော် မင်းကြီးသည် ဝမ်းသာအားရ မင်းဝံတောင်ထိပ်၌ ဂူတည်ပြီးလျှင် ရှင်ဖြူရှင်လှဘုရားနှင့် ဂူသွင်း၍ပူဇော်ခဲ့သည်။

အလောင်းစည်သူမင်းကြီး၏ ဖောင်စကြာသည် ပခုက္ကူမြို့နယ်စု ရေစကြိုမြို့နယ် တောင်မကြီး၏အရှေဘက် ကျွန်းသို့ ဆိုက်ရောက်စခန်းချတော်မူသည်။ ထိုကျွန်း၌ စခန်းချစဉ် သရက္ခန်ဘုရားကိုယ်တော်မြတ်တို့သည် အမွေးနုံသာလှတ်ကုန်၏။ သောတာပန်နတ်ကြီးသည်လည်း စိမ်းစိမ်းပြောင်ပြောင်မြရောင်အဆင်းရှိသော တောင်မကြီး၏အရှေဘက်တပြင်တခွင်တွင် ငှက်အပေါင်းတို့ကို သာယာနာပျော်ဖွယ်မြည်တွန်စေ၏။

မင်းကြီးကြားမြင်သည်ရှိသော် ပညာရှိအမတ်များအား မေးမြန်းရာ အသင်မင်းကြီး၏ သရက္ခန်ကိုယ်တော်မြတ်တို့သည် ဤတောင်ကြီး၏အရှေပြင်တပြင်တခွင်တွင် ကိန်းဝပ်လို၍ ဖောင်တော်ဆိုက်ရပ်ခြင်း၊ သရက္ခန်အမွေးနုံလှတ်ခြင်းဖြစ်ကြောင်း၊ တောင်မကြီး၏အရှေတောင်ကုလတာကိုးတောင်ကာ အရပ်တွင် ခနောက်ဆိုင်နေသော တောင်သုံးလုံးတွင် အရှေတောင်ထိပ်၌ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်သော မုဒ္ဒါဘုရား

သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်ငါးဆူ



ရှိကြောင်း၊ ၎က်အပေါင်းတို့ သာယာနာပျော်ဖွယ်မြည်တွန်သော အရပ်၌ နောင်အခါ မဟာနဂရမြို့ကြီးဖြစ်လတ္တံ့သည်ကိုလည်း နိမိတ်ပြကြောင်း လျှောက်ကြသည်။

အလောင်းစည်သူမင်းကြီးသည် အမွေးနုံသာလှတ်သော နုံသာကျွန်းစခန်းမှ နတ်တို့နိမိတ်ပြရာ ၎က်အပေါင်းတို့ မြည်တွန်သောအရပ် မြစ်ကွေ့တောင်အင်းကြီးသို့ လှေစကြာယာဉ်ဆိုက်ရပ်တော်မူသည်။ ထိုအရပ်၌ တဲနန်းဆောက်၍နေတော်မူသည်။

စည်သူရှင်ဘုရား

အလောင်းစည်သူမင်းကြီးသည် ပထမသရက္ခန်ရုပ်ပွားတော်မြတ်ကို နာဂဗလဆင်တော်ထက်တင်ကာအဓိဋ္ဌာန်၍ လှတ်ရာ ယာယီနန်းတော်၏မြောက်ဘက် တာငါးဆယ်ခန့်အကွာ ဣဒ္ဓိဝိဓတောင်ကုန်းမြေတွင် နှာမောင်းတင်၍ ရပ်၏။ သောတာပန်နတ်ကြီးကိုယ်ထင်ပြ၍ ဤကုန်းမြေသည် ဂေါတမဘုရားအလောင်းတော် အောက်ချင်းဌက်ဖြစ်သောအခါက နေထိုင်သောအရပ်ဖြစ်သည်။ ဤဣဒ္ဓိဝိဓတောင်၏ တပြင်တခွင်သည် နောင်သောအခါ မဟာနဂရပြည်ကြီးဖြစ်၍ အသင်မင်းကြီးမင်းဖြစ်အံ့၊ သိကြားနတ်တို့က ဓနုစကြာလေးမြားကို အပ်လတ္တံ့ဟု ပြောကြား၍ ကွယ်လေသည်။

မင်းကြီးသည် ဆင်တော် နိမိတ်ပြရာ ကုန်းမြေတွင် သရက္ခန်ရုပ်ပွားတော် ကိန်းဝပ်နိုင်ရန် သက္ကရာဇ် ၄၀၀ ပြည့်နှစ် နယုန်လဆန်း ၁၂ ရက်နေ့တွင်ဂူတည်၍ ဂူသွင်းပွဲ ပြုလုပ်ကျင်းပတော်မူ၏။

အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်သည်ကို အစဲပြု၍ စည်သူရှင်ဘုရားဟု ယခုထက်တိုင်တွင်လေသည်။ စည်သူရှင်ဘုရားပွဲတော်ကိုလည်း နှစ်စဉ်တန်ခူးလသကြန်အခါရက်တွင် ကျင်းပသည်။ စည်သူရှင်သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ရွှေချိန် ၁၄ ပိဿာ ၈၀ ကျပ်သားရှိသည်။

ရွှေတန်ဆာဘုရား

အလောင်းစည်သူမင်းကြီးသည် ဒုတိယသရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို နာဂရွှေဆင်ပေါ်တင်၍ အဓိဋ္ဌာန်ပြု၍လွှတ်ရာ တောင်အရပ်သို့ရွှေရွှသွား၍ ရောဝတီမြစ်၏ မြောက်ဘက်ကမ်း ကွန်းရွာတောတွင် ဖီလာတန်ဆာတစ်မသွားဘဲ တောချုံကို လက်မောင်းတန်းလျက်နေ၏။ ဆင်တော် လက်မောင်းတန်း၍နေသော တောချုံကို ကြည့်သော် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော အရွှေဘက်မုခ် လှည့်ထားသည့် စေတီကို တွေ့၏။ သောတာပန်နတ်ကြီးလည်း ကိုယ်ထင်ပြ၍ ဤအရပ်သည် ဂေါတမဘုရားအလောင်း ရွှေငါးကြင်းဖြစ်သောအခါက နေဖူးသော အရပ်တည်းဟု ဆို၍ ကွယ်လေ၏။

မင်းကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ စေတီတော်ကို ထပ်ဆင့်မွမ်းမံကာ ကိုယ်တော်တိုင်ရုပ်ပွားတော်မြတ်ကို ပင့်မတော်မူပြီး စေတီဂူတိုက်သွင်း၍ ပူဇော်ခဲ့လေသည်။ သက္ကရာဇ် ၄၈၁ ခုနှစ် ကဆုန်လ လိုဏ်ဂူသွင်းပွဲပူဇော်ကျင်းပတော်မူ၏။ ထိုအချိန်မှစ၍ ဆင်တော်တန်တစ်ရာ၌ တည်ခြင်းကြောင့်လည်းကောင်း၊ ကွန်းရွာတွင် တည်ရှိ၍လည်းကောင်း၊ ကွန်းရွာရွှေတန်တစ်ဘုရားဟု ယခုတိုင် တွင်လေသည်။ ရွှေတန်တစ်ဘုရားပွဲကို နှစ်စဉ် တော်သလင်းလတွင် ကျင်းပသည်။

ရှင်မတောင်ကိုယ်တော်ကြီး

အလောင်းစည်သူမင်းကြီးသည် တတိယ သရက္ခန် ရုပ်ပွားတော်မြတ်ကို နာဂရန်နှိမ်ဆင်တော် တင်၍ အဓိဋ္ဌာန်ပြု လွှတ်တော်မူသည်။ ဆင်တော်သည် ပခန်းကြီးမြို့၏ အနောက်မြောက် ကုလလေးတာ သုံးတောင်ကွာ တောင်မကြီး၏ အရွှေမျက်နှာက နှာမောင်းမော့၍ ရပ်လေ၏။ မင်းကြီးသည် ပညာရှိတို့ လျှောက်တင်ချက်အရ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှင်မတောင်ထိပ်ရှိ ရွှေမုဋ္ဌောစေတီကို လိုဏ်ဂူအတွင်းတွင် သက္ကရာဇ် ၄၈၁ ခုနှစ် တန်ဆောင်မုန်းလတွင် ပွဲလမ်းသဘင် ကျင်းပ၍ ဂူသွင်း ပူဇော်ခဲ့လေသည်။

မင်းကြီးသည် ငါ့အရှင်မြတ် ဤတောင်မကြီးတွင် ကိန်းဝပ်တော်မူရလေတော့မည်ဟု မင်းကြီးဆိုသည်ကို အစဲပြု၍ ရှင်မတောင်ကိုယ်တော်ကြီးဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ ရှင်မတောင်ကိုယ်တော်ကြီးဘုရားပွဲကို နှစ်စဉ်တန်ဆောင်းမုန်းလပြည့်ငနွတ်တင် ကျင်းပမြဲဖြစ်သည်။ ရှင်မတောင်ဘုရားသည် ယခုအခါ ပခန်းကြီးမြို့ စည်သူရှင်လိုဏ်ဂူမှာပင် ကိန်းဝပ်တော်မူ၏။ ရှင်မတောင်ကိုယ်တော်ကြီး ရုပ်ပွားတော်မြတ်ကြီးမှာ ရွှေချိန် ၁၆ ပိဿာခြောက်ကျပ်သားရှိသည်။


ဆင်ကြို့ရွှေကူဘုရား

အလောင်းစည်သူမင်းကြီးသည် စတုတ္ထ သရက္ခန် ရုပ်ပွားတော်မြတ်ကို နာဂရန်ရှောင် ဆင်တော်ပေါ်တင်၍ အဓိဋ္ဌာန်ပြု၍ လွှတ်တော်မူ၏။ ဆင်တော်သည် တောင်အရပ်သို့ ရွှေရွှသွားပြီးလျှင် ကြို့ဟန်ပြု၍ နေလေသည်။ သောတာပန်နတ်ကြီးသည် ကိုယ်ထင်ပြ၍ ဤအရပ်သည် ဂေါတမဘုရားအလောင်း ရွှေဟင်္သာဌာဝက်ဖြစ်စဉ်က နေရာဖြစ်သောအရပ်တည်းဟု ပြောဆို၍ ကွယ်လေသည်။ မင်းကြီးသည် ထိုနေရာတွင် စေတီတည်၍ ရုပ်ပွားတော်မြတ်ကို သက္ကရာဇ် ၄၈၁ ခုနှစ် တပို့တဲ့လတွင် လိုဏ်ဂူသွင်းပွဲ ကျင်းပပူဇော်တော်မူ၏။ ဆင်ကြို့ရွှေကူဘုရားပွဲကို နှစ်စဉ် တပို့တဲ့လတွင် ကျင်းပသည်။ ဆင်ကြို့ရွှေကူရုပ်ပွားတော်မြတ်မှာ ရွှေချိန် ရှစ် ပိဿာ ငါးကျပ်သားရှိသည်။

အညာသီဟတော

အလောင်းစည်သူမင်းကြီးသည် ပဥ္စမသရက္ခန် ရုပ်ပွားတော်မြတ်တင်သော ဆင်တော်သည် မည်သည့်အရပ်မျှ မသွားဘဲ ကြွေးကြော်ဟစ်အော်သော အသံကိုသာ ပြုနေသည်။ ဤတွင် မင်းကြီးသည် ပညာရှိအမတ်များအား မေးတော် မူသော အခါ မှူးမတ်များက မင်းကြီးဖောင်တော်မျှောစဉ်က မြစ်ညာအလယ်ကျွန်းပေါ်၌ ဖောင်တော်ကိုဆိုက်တန့်နေစဉ် တောကြက်မတစ်ကောင် ဖောင်တော်ဦးတွင် ဥခဲ့သည့် နိမိတ်ရှိကြောင်း လျှောက်တင်ကြသည်။

အလောင်းစည်သူမင်းကြီးသည် ပဥ္စမသရက္ခန်ရုပ်တော်တော်တည်ထားရန် မြစ်ညာသို့ ဆန်တက်တော်မူရာ လှေယာဉ်စကြာမြစ်ညာသို့ ဆန်တက်၍အလယ်ကျွန်းကွန်းထောက်စခန်းသို့ဆိုက်လေ၏။ မင်းကြီးသည် ဤကျွန်းကို ဘယ်လိုခေါ်သနည်းဟု ရွာနေလူတို့ကိုမေးသော် ဤအရပ်သည် ဂေါတမဘုရားအလောင်း ခြင်္သေ့မင်းဖြစ်စဉ်အခါက အနောက်ဘက်ကမ်းမှခုန်သော် ဤကျွန်းတွင် တစ်ထောက်နားပါသည်။ ဤကျွန်းလယ်မှ တစ်ခါခုန်လျှင်



အရှေ့ဘက်ကမ်းတွင် နေစာလုံပါသည်။ ရေလယ်ကျွန်း ကွယ်တော်မူခဲ့သော မန္တလေးမြို့ ရွှေကြီးမြင့်ဘုရားလိုဏ်ဂူ နားရာ အရပ်တွင်တည်ထားသော စေတီသည် သီရိဓမ္မာ တွင် ကိန်းဝပ်တော်မူ၏။
သောကမင်းကြီး၏ စေတီဖြစ်ကြောင်း လျှောက်ထား
ကြသည်။

အလောင်းစည်သူ မင်းကြီးသည် သီရိဓမ္မာသောက မင်းကြီး၏ စေတီတော်ကို ထပ်မံပြုပြင်တည်ဆောက်ပြီး သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို သက္ကရာဇ် ၄၀၂ ခုနှစ် လိုဏ်ဂူသွင်းပဲ့ ကျင်းပပူဇော်တော်မူ၏။ မင်းကြီးသည် ငါ့အရှင်သည် မြစ်ညာဘုရားအလောင်း ခြသေ့မင်းပျော် စံရာ သီဟတောမှာ ကိန်းဝပ်ရတော့မည်ဟု မင်းကြီးဆို သည်ကို အစဲပြု၍ အညာသီဟတောဘုရားဟု ခေါ်ဝေါ် သမုတ်ခဲ့သည်။

ယခုအခါ အညာသီဟတောဘုရားသည် အလောင်း စည်သူမင်းကြီး၏သားတော် မင်းရှင်စော တည်ထားကိုး

မြတ်ပေါင်းမဉ္ဇူဘုရား

အလောင်းစည်သူမင်းကြီးသည် ပဥ္စမသရက္ခန်ရုပ်ပွား တော်ကို အညာသီဟတောတွင် တည်ထားကိုးကွယ်ပြီး နောက် မြတ်ပေါင်းမဉ္ဇူဘုရားကို ပေါက်ကွဲပြည်နန်းဦးတွင် တည်ထားကိုးကွယ်ရန်ကြံ၍ ဖောင်တော်စကြာတွင်တင်ကြ ဟု မှူးမတ်တို့အားမိန့်တော်မူလေသည်။ထိုအခါ သောတာ ပန်နတ်ကြီးလည်း ကိုယ်ထင်ပြ၍ မြတ်ပေါင်းမဉ္ဇူ ရုပ်ပွားတော်မြတ်အား သာသနာငါးထောင်တိုင်တည်မည့် ပခန်းကြီးမြို့မြောက်ဘက်ရှိ အနော်ရထာ၊ ကျန်စစ်သား မင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သော ရွှေဥမင်ကျောင်း

တိုက်ရှိ အရှင်သူမြတ်ထံအပ်နှံပြီး ဂူသွင်းကိုးကွယ်ပါလေဟု ဆို၍ ကွယ်လေသည်။

ထိုအခါ မင်းကြီးသည် သောတာပန်နတ်ကြီး အဆို ပြုသည်ကို ထင်ရှားခြားနားစွာ သိသာနိုင်ရန် မြတ်ပေါင်း မဉ္ဇူရုပ်ပွားတော်မြတ်ကို နာဂရန်ကုန် ဆင်မယဉ်သာပေါ် တင်၍ သစ္စာအဓိဋ္ဌာန် ပြု၍ လွှတ်လေသည်။ ဆင်တော်သည် မြောက်စူးစူးသို့ သွား၍ အရိယဓမ္မသဓမ္မရာသိ အရှင်မြတ်၏ ရှေ့ဦးမင်ကျောင်းတော်ဦး၌ ရပ်လေသည်။

မင်းကြီးလည်း ဆင်တော် ရပ်သည်ကို မြင်သော် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ မြတ်ပေါင်းမဉ္ဇူ ရုပ်ပွားတော် မြတ်ကို ဂူသွင်းရန် စေတီတော်ကို တည်တော်မူ၏။ စေတီကို သက္ကရာဇ် ၄၀၁ ခုနှစ် ပြာသိုလတွင် တည်ပြီး မြတ်ပေါင်း မဉ္ဇူရုပ်ပွားတော်ကို ဆရာတော်အရှင်မြတ် အရိယဓမ္မသဓမ္မ ရာသီ ကိုယ်တိုင် ပင့်မပ္ပေချီတော်မူလျက် ကြီးကျယ်သော အခမ်းအနားဖြင့် လိုဏ်ဂူသွင်း ပူဇော်တော်မူလေသည်။

ယခုအခါ မြတ်ပေါင်းမဉ္ဇူ ဘုရားသည် ပခန်းကြီးမြို့ စည်သူရှင် ဘုရားလိုဏ်တော် အတွင်းမှာ ကိန်းဝပ်တော် မူသည်။ မြတ်ပေါင်းမဉ္ဇူရုပ်ပွားတော်မှာ ရှေချိန် ၅ ပိသာ ၅၀ ကျပ်သား ရှိသည်။

သရက္ခန်ဘုရားတို့မှာ ဘုန်းကံကြီးမားသော အလောင်း စည်သူမင်းကြီးအား သိကြားမင်းကိုယ်တိုင် ဆက်သခြင်း၊ ထိုဘုရားတို့ကို ဖူးမျှော်ရသော ပုဂ္ဂိုလ်တို့မှာ အသက် စည်းစိမ်စိုးရိမ်စရာများ ပျောက်ကင်းခြင်း၊ ဇာတာစန်း လင် မှေးမှိန်သော် ဇာတာစန်းလင် တောက်ပခြင်း စသော အကျိုးများကြောင့် ရှေးမင်းအဆက်ဆက် ပခန်းမြို့ကြီးမှ နန်းတော်သို့ ပင့်ဆောင် ပူဇော်ခဲ့ရသော တန်ခိုးကြီးသမိုင်း ဝင် ဘုရားများဖြစ်သည်။

အင်းဝညောင်ရမ်းမင်းဆက် မင်းရဲ့ ကျော်ထင်သည် သက္ကရာဇ် ၁၀၄၉ ခုနှစ် ဝမ်းဘဲအင်း၌ နန်းတော်တည်၍ နန်းတော်ကို မြတ်နန်းဘုံသာဟု ခေါ်ဝေါ်တော်မူသည်။ မင်းရဲ့ကျော်ထင်သည် ပခန်းကြီးမြို့မှ သရက္ခန်ဘုရားများကို ပင့်၍ ခုနစ်ရက်ပတ်လုံး ကိုးကွယ်ပူဇော်တော် မူပြီးလျှင် ပခန်းကြီးမြို့သို့ ပြန်ပို့တော်မူသည်။

အင်းဝကို စိုးစံသော ဘကြီးတော် မှန်နန်းရှင် မင်းတရားကြီး လက်ထက်တွင် ဗိုလ်နေမျိုးမင်းထင်ကျော်၊ နေမျိုးရဲထင်နော်ရထာတို့ကို သက္ကရာဇ် ၁၁၉၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့က ပခန်းကြီးသို့ စေလွှတ်၍စည်သူရှင်ဘုရား၊ရှင်မတောင်ဘုရား၊ဆင်ကြို့ရွှေကူ ဘုရားသုံးဆူတို့ကို နန်းတွင်းသို့ ပင့်ဆောင်ပြီး တန်ဆောင်း ပြာသာဒ် ဆောက်လုပ်၍ ကိုးကွယ် ပူဇော် ထားသည်။ ထို့နောက် ၁၁၉၂ ခုနှစ် တော်သလင်းလဆန်း ၆ ရက် နေ့တွင် နေမျိုးကျော်ထင်နော်ရထာကို စေလွှတ်၍ ရှင်ဖြူ ရှင်လှနှစ်ဆူ၊ သရက္ခန်သုံးဆူ ဤငါးဆူသော ဘုရားတို့ကို ထား၍ ကောင်းမှန်စွာ ကိုးကွယ်ခဲ့လေသည်။

မြန်မာနိုင်ငံ၏ နောက်ဆုံး ဂုန်းဘောင်မင်းဆက် ဖြစ်သော သီပေါမင်းလက်ထက်တွင်လည်း သက္ကရာဇ် ၁၂၄၇ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် ပခန်းကြီးမြို့၌ ကိန်းဝပ်တော်မူသော စည်သူရှင်ဘုရား၊ ရှင်မတောင်ဘုရား၊ မြတ်ပေါင်းမဉ္ဇူဘုရားနှင့် ဒက္ခိဏာသာခါ ဘုရားလေးဆူကို မန္တလေးမြို့သို့ ပင့်ပြီးလျှင် နန်းတော်ဦး၌ ထား၍ ကိုးကွယ်သည်။

· သီပေါမင်း သရက္ခန်ရုပ်ပွားတော်များ ကိုးကွယ်သည့် နှစ်မှာပင် အင်္ဂလိပ် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရား သိမ်းပိုက် အုပ်ချုပ်လေသည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် သီပေါမင်းကိုလည်း မတရားဖမ်းဆီးပြီး အိန္ဒိယပြည် ဘုံဘိုင်နယ် ရတနာဂီရိသို့ ပို့ဆောင်လိုက်သည်။

မြန်မာနိုင်ငံ၏ အဖိုး ဘိုက်တန်လှသော နန်းစဉ် ရတနာ များကိုလည်း မတရား သိမ်းယူလိုက်သည်။ သီပေါမင်းကိုးကွယ်ထားသော ဘုရား လေးဆူ ကိုလည်း မတရား သိမ်းယူထားသဖြင့် မန္တလေးအရှေ့ပြင် အတုမရှိတိုက် သာသနာပိုင် ပခန်းဆရာတော် ဦးနန္ဒသည် သာသနာအတွက် အသက်ကို ပဓေနမထားဘဲ အင်္ဂလိပ် စစ်ဗိုလ်များထံ သွားရောက်၍ ဤဘုရားများသည် သီပေါဘုရင်၏ ဘုရားများမဟုတ်၊ မြန်မာပြည်သူလူထု၏ ဘုရား များဖြစ်သဖြင့် ပြည်သူလူထုအား ပြန်ပေးရန် ရဲရဲဝံ့ဝံ့ တောင်းခံခဲ့သည့် အတွက် သာသနာပိုင် ဆရာတော်အား ဘုရားလေးဆူကို ပြန်လည်ပေးအပ်သည်။

သက္ကရာဇ် ၁၂၇၇ ခုနှစ် သီတင်းကျွတ် လဆန်း ဂ ရက်နေ့တွင် စည်သူရှင်ဘုရားကို မသမာသူ များက ခိုးယူသွားကြသည်။ ဘုရားပျောက်သဖြင့် ဂေါပကအဖွဲ့က ပခုက္ကူမြို့ အရေးပိုင် မက်ဂဒါမောက်ထံ ဘုရားပျောက် ကြောင်း တိုင်ချက်ဖွင့်ခဲ့သည်။

ပခုက္ကူမြို့ ကျွဲတဲနယ်လွှန်းတောင်အရပ်၌ ဥဏ်တော် တစ်တောင်ခန့်ရှိ ဇမ္ဗုသပြေသားကို ရိုက်နှက်ထုခွဲ၍ ရွှေပိဿာချိန်လေးဆယ်ခန့်ကိုယူပြီးလျှင် အတွင်း၌ဌာပနာ ထားသော သရက္ခန်ဘုရားနှင့်တကွ အကြေအမွှအစအန အကျိုးအပဲ့များကို ဘုရားမှန်းမသိသော သူခိုးများက မြေဖို့ထားခဲ့ကြသည်။

ကျွဲတဲနယ်၊ စို့တွင်းရွာမှ နွားကျောင်းသား တစ် ယောက်သည် နွားချိုသွေး၍ ဝင်းဝင်းဝါဝါမြင်ရသဖြင့် သွားရောက်ကြည့်ရှုရာ ရွှေအကြေအမွှနှင့်တကွ၊ ဘုရား ကလေးကိုတွေ့၍ ဖက်နှင့်ထုပ်ယူပြီး မိမိရွာဘုန်းတော် ကြီးထံအပ်နှံထားသည်။ ကျွဲတဲသူကြီးက စုံစမ်းသိရှိရ သဖြင့် ဘုန်းတော်ကြီးထံမှ ဘုရားနှင့်ရွှေစများပြန်

တောင်းကာ ပခုက္ကူအရေးပိုင် မက်ဂဒါမောက်ထံသို့ အပ်နှံလိုက်သည်။

ပခုက္ကူအရေးပိုင်သည် ဘုရားပျောက်တိုင်တန်းသော ပခန်းမြို့သူကြီး၊ လူကြီးများ၊ ဂေါပကများကို ပင့်ဖိတ်၍ သရက္ခန်ဘုရားနှင့်တကွ အကြေအမွအစအနအကျိုးအပဲ့ များကိုပါပေးလိုက်၍ သက္ကရာဇ် ၁၂၅၇ ခုနှစ် နှောင်း တန်ခူးလဆန်း ၃ ရက်နေ့က ပခုက္ကူမြို့မှ ပခန်းကြီးမြို့သို့ ပြန်လည်ပင့်ဆောင်ကြသည်။

သက္ကရာဇ် ၁၂၅၈ ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ဥာဏ်တော်တစ်တောင်ခန့် ဇမ္ဗုသပြေသား ရုပ်ပွားဆင်းတုတော်မရှိ၍ ရွှေသားအစစ် ငါးပိဿာနှင့် ကိုးဆယ့်နှစ်ကျပ်သားတိတိကိုဆင်းတုသွင်း၍ ငွေသားစစ် စစ် အချိန်တစ်ပိဿာလေးဆယ့်ရှစ်ကျပ်သားကို ငွေပလ္လင် ထုလုပ်စေပြီး သရက္ခန်ရုပ်တုတော်ကို ရွှေရုပ်ပွားတော် ကြီးအတွင်းသို့ သွတ်သွင်းဌာပနာခဲ့ကြသည်။

စည်သူရှင် မြတ်စွာဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သကြန်ပွဲတော်အကြိုရက်မှ နှစ်ဆန်းတစ်ရက်နေ့ အထိ ကျင်းပသည်။

အကြိုနေ့ညနေတွင် ဘုရားကျောင်းဆောင်ကုသိုလ် ရှင်များက မိမိဘို့လှူဒါန်းသည့် ယာယီကျောင်းဆောင် များကို ရေစက်သွန်းချလှူဒါန်းကြသည်။

သကြန် အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ နံနက်ပိုင်းတွင် ယာယီ ကျောင်းဆောင်များပေါ်သို့ သရက္ခန် ရုပ်ပွားတော်များကို ပင့်ဆောင်ကြရသည်။ ထို့နောက် ဣဒ္ဓိဝိဓတောင်ကုန်းမြတ်ကို တစ်နေ့လျှင် သုံးကြိမ်ပတ်၍ ဒေသစာရီ ကြွချီကုသိုလ်ယူကြသည်။ ဒေသစာရီကြွသည့်အခါ ရုပ်ပွားတော်များ ငယ်စဉ်ကြီး လိုက် ကြွချီကြရသည်။ ယာယီ ကျောင်းဆောင်များမှာ အလောင်းစည်သူမင်း ဖောင်စကြာနှင့် လှည့်သည်ကို အစဲပြု၍ ကရဝိက်ဖောင်များ ပြာသာဒ်ကျောင်းဆောင် များနှင့် ပင့်ဆောင်ကြရသည်။

ပွဲတော်ကျင်းပအပြီး တစ်လအကြာတွင် ရုပ်ပွား တော်များကို ရေသပ္ပာယ်သည်။ ရေကြည်တော်သွန်းပွဲ ကျင်းပသည်။ ရေကြည်တော်သွန်းပွဲကို ပခန်းကြီးဒေသရှိ ပြည်သူပြည်သားအားလုံးပါဝင် ကုသိုလ်ပြု ရေသပ္ပာယ် ကြသည်။ ဤကဲ့သို့ ရေကြည်တော်သွန်းပွဲသည် ပခန်း ဒေသ၏ ထူးခြားသော ရိုးရာယဉ်ကျေးမှုအစဉ်အလာ တစ်ခုပင်ဖြစ်ပါသည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့်ဗုဒ္ဓ ဘာသာသာသနာတိုးတက်ထွန်းကားရေးအတွက် ရေစက်ကို မြို့နယ် ပခန်းကြီးဒေသမှ၊ သရက္ခန်အစစ် လက်လေးသစ်ဟု ဆိုသည့် သိကြားမင်း ဆက်သထုလုပ်ကိုးကွယ်ခဲ့သော စည်သူရှင်ဘုရား၊ ရှင်မတောင်ဘုရား၊ ဆင်ကြို့ရွှေကူ ဘုရားနှင့် မြတ်ပေါင်းမဋ္ဌူဘုရားဟူသော တန်ခိုးကြီး သမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်များကို ၁၉၉၁ ခုနှစ် ဇန်နဝါ ရီလ ၁၂ ရက်နေ့မှစ၍ ပခန်းကြီးဒေသမှ ရန်ကုန်မြို့ တော်သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။ လက်ယာရစ်ဒေသ စာရီကြွချီလာစဉ် ညောင်ဦး၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးမြို့များတွင် နှစ်ညတာစီကိန်းဝပ်စံပယ် ဘုယင်ဆောင်ခံသည်။

သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်များသည် ရန်ကုန်တိုင်း အတွင်းရှိမြို့နယ်အသီးသီးတွင် ဒေသစာရီကြွချီလျက် အပူ ဇော်ခံပြီးနောက် သာယာဝတီ၊ ပြည်၊ မကွေး၊ ကျောက် ပန်းတောင်း မြို့များမှတစ်ဆင့် ရေစကြိုမြို့နယ်ပခန်းကြီး ဒေသသို့ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပြန်လည်ကြွချီ ကိန်းဝပ်တော်မူသည်။

သမိုင်းဝင် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်များဖြတ်သန်း၍ ဒေသစာရီကြွချီရာ လမ်းတစ်လျှောက် မြို့နယ်ကျေးရွာ များမှ ပြည်သူများတစ်နေရာတည်းတွင် လွယ်လင့်တကူ ဖူး မြော် ကြည် ညိုနိုင် သ ဖြင့် ဗုဒ္ဓဘာသာဝင်များအဖို့ ထူးမြတ်သည့်ကုသိုလ်ထူးကြီးတစ်ရပ်ပင် ဖြစ်သည်။


အလောင်းစည်သူမင်းကြီးအား သိကြားမင်းဆက်သ သော သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ် ငါးဆူမှာ စည်သူ ရှင် (ပခန်းကြီးဒေသ–ရေစကြိုမြို့နယ်)၊ ရွှေတန့် တစ် (ပခုက္ကူမြို့နယ်)၊ ရှင်မတောင် (ပခန်းကြီးဒေသ–ရေစကြို မြို့နယ်)၊ ဆင်ကြို့ရွှေကူ (ပခုက္ကူမြို့နယ်) နှင့် အညာသီဟ တော (စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်) တို့ ဖြစ်သည်။

ယင်းရုပ်ပွားတော်များအနက် စည်သူရှင်နှင့် ရွှေဟန့်တစ်ရုပ်ပွားတော်တို့မှာ သရက္ခန်သား အစစ်နှင့် ပြင်ပတွင်အသားတော်အတိုင်း ဖူးတွေ့နိုင်ပါသည်။ ဤသို့ ဖူးတွေ့ရသည်မှာလည်း မသမာသူများက မူလဌာပနာ ထားသည့် ဇမ္ဗုသပြေသားရုပ်တုတော်ကို ခွဲစိတ်ဖျက်ဆီး ပစ်သဖြင့် အသားတော်များအတိုင်း ဖူး တွေ့ ရ ခြင်း ဖြစ်သည်။


ကျန် ရှင်မတောင်ကိုယ်တော်ကြီး၊ ဆင်ကြို့ရွှေကူနှင့် အညာသီဟတောသရက္ခန်ရုပ်ပွားတော်မြတ်များမှာ မူလ ဇမ္ဗုသပြေသားရုပ်တုတော်အတွင်း ဌာပနာသွတ်သွင်း ထားသဖြင့် သရက္ခန်အသားတော်ကို ဖူးတွေ့နိုင်ခြင်း မရှိကြောင်း သိရှိရသည်။

ဦးတင်လှိုင်














ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ

ဗိုလ်ချုပ်မှူးကြီး စောမောင်၏
တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဇနီးဒေါ်အေးရီနှင့်အဖွဲဝင်များသည် တရုတ် ပြည်သူ သမ္မတနိုင်ငံ သမ္မတကြီး ယန်ရှန်ခွန်၏ ဖိတ်ကြားချက်အရ တရုတ် ပြည်သူ သမ္မတ နိုင်ငံတွင် ဧည့်သည်တော်အဖြစ် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၂၀ ရက် နေ့မှ ၂၅ ရက်နေ့အထိ ခြောက်ရက်ကြာ ချစ်ကြည်ရေး ခရီးလည်ပတ်ခဲ့ကြသည်။

ဤ ခရီး စဉ် ၏ ရည် ရွယ် ချက် မှာ အစဉ်အလာကြီး မားသော ခေါင်းဆောင်ကြီးများ တည်ဆောက်ခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးကို လက်ရှိခေါင်းဆောင်ကြီးများက တိုးတက်ခိုင်မြဲစေရန်အတွက် ဦးတည်ဆောင်ရွက်ရန်ဖြစ်ရာ အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပေသည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးအဖွဲဝင်များသည် ဩဂုတ်လ ၂၀ ရက် နံနက်ခြောက်နာရီခွဲတွင် ရန်ကုန်မြို့မှအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ယူနန်ပြည်နယ် ကူမင်းမြို့သို့ ရောက်ရှိကြသည်။ လေဆိပ်တွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟေကျိချန်းဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆို ခဲ့ကြသည်။

လေဆိပ် ည့်ခန်းမဆောင်တွင် တစ်နာရီခန့်ကြာ ရပ်နားကြရာ ဗိုလ်ချုပ်မှူးကြီး စောမောင်က ခရီးစဉ်၏ ရည်ရွယ်ချက်များနှင့်မြန်မာနိုင်ငံအနေဖြင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းလျက်ရှိကြောင်း၊ အချို့သော နိုင်ငံများက မိမိတို့အပေါ် အထင် အမြင်လွဲမှားသော ဆက်ဆံရေး ဖန်တီးမှုများရှိသော်လည်း မိမိဘက်မှ အမှန် တရားကိုစွဲကိုင်ထားပါကြောင်း၊ မိမိတို့အချင်းချင်း ရှိရင်းစွဲ ချစ်ကြည်ရေးကို အရှည်ရှင်သန်အောင်ကြိုးပမ်းရင်း မိမိနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ယခုကဲ့သို့တရုတ် ပြည်သူသမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ကြခြင်းဖြစ် ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟေကျိချန်း ကလည်း မြန်မာနိုင်ငံကို စိတ်အချရဆုံးမိတ်ဆွေအဖြစ် သဘောထားပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍အကျိုးတူဆောင်ရွက်လျက်ရှိသည်ကို အားရ ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက် လက် ၍ ဗိုလ် ချုပ် မှူး ကြီး စော မောင်ခေါင်း ဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲဝင် များသည် ကူမင်းမြို့မှထွက်ခွာလာကြရာ ပီကင်းမြို့တော် လေဆိပ်ဟောင်းသို့ ညနေ ၃ နာရီ မိနစ် ၄၀ တွင်ရောက်ရှိ ကြသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်အဖွဲအား တရုတ် ပြည်သူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာကျန်ကျိ ချင်ဦးဆောင်သော ကြိုဆိုရေးအဖွဲဝင်များ၊ မြန်မာသံရုံး ဝန်ထမ်းများနှင့်မိသားစုများက လှိုက်လှဲစွာ ကြိုဆိုကြ သည်။ ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲသည် တည်းခိုမည့် ထရောက်ရှီထိုင်အစိုးရည့်ဝေဟာ အမှတ် ၁၈ သို့ရောက်ရှိကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတကြီးယန်ရှန်ခွန်တို့သည် ဩဂုတ်လ ၂၀ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ပီကင်းမြို့ရှိ နိုင်ငံတော်ည့ဝေဟာ အမှတ် ၁၂ တွင်တွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံ ဆွေးနွေးပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဝင်များ ဖြစ်ကြသော အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်အေး၊ အ ရှေ့ မြောက် တိုင်း စစ် ဌာ နချုပ် တိုင်း မှူး ဗိုလ် ချုပ် မောင်သင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် အောဘယ်လ်၊

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုံးကျော်၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ဦးစီး အရာရှိချုပ် (ရ) ဗိုလ်ချုပ်သန်းညွန့်၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ် သိန်းဝင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်အောင်ထွန်းနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေးတို့လည်း တက်ရောက်ခဲ့ကြသည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနှင့်အတူ နိုင်ငံ လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ မစ္စတာအာပွေအာဝမ်ကျင်မိန်၊ နိုင်ငံတော် ကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ကျန်ကျိုချင်၊ နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာလော်ဂန်၊ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇူဒူရှင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လျန်ဖုန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်း အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သမ္မတကြီးယန်ရှန်ခွန်က ယခုကဲ့သို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖွဲဝင်များ ကူမင်းမြို့၊ ဟွာတင်ဘုရားကျောင်းတော်တွင် ဖူးမြော်ကြည်ညိုကြစဉ်





နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖဲ့ဝင်များ ပီကင်းမြို့၊ တရုတ်ကွန်မြူနစ်ပါတီဌာနချုပ်သို့သွားရောက်၍ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာကျန်ဇီမင်းအား တွေ့ဆုံဆွေးနွေးရာတွင် မဆွေးနွေးမီ အမှတ်တရစာတ်ပုံရိုက်ကူးစဉ်

ဥက္ကဋ္ဌကြီး မိမိတို့နိုင်ငံကို လာရောက်လည်ပတ်သည့်အတွက် တရုတ်ခေါင်းဆောင်များအနေဖြင့် များစွာနှစ်ဆောင်းအားရဖြစ်မိကြောင်း၊ မိမိတို့နှစ်နိုင်ငံနီးကပ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အတိုင်းအတာကို ပမာပြောရလျှင် တစ်ဖက်ခြံမှ ကြက်တွန်သံကို တစ်ဖက်ခြံမှ ကြားရသည့် ပမာ နီးစပ်ဆက်သွယ်မှုရှိကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့် ချစ်ကြည်ရေးတည်ဆောက်ခဲ့သည့်အတိုင်းအတာမှာ အလွန်ပင်ကြီးမားကြောင်း၊ တစ်ချိန်ကတရုတ်နိုင်ငံခြားရေးဝန်ကြီးမာရှယ်ချင်ယီမြန်မာနိုင်ငံသို့ ကိုးကြိမ်ချစ်ကြည်ရေးခရီးရောက်ခဲ့ဖူးသလို ရှေးယခင်ကာလက နိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည်လည်း တရုတ်ပြည်သို့ ကြိမ်ဖန်များစွာ ချစ်ကြည်ရေးခရီး ရောက်ခဲ့ကြောင်း၊ နှစ်နိုင်ငံအတွင်း၌ ဖြစ်ပေါ်တိုးတက်ပုံချင်း တူညီကြကြောင်း၊ တရုတ် ပြည်သူသမ္မတနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို လိုအပ်ချက်နှင့်အညီ စဉ်းစဉ်းစားစား ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က ဆွေမျိုးပေါက်ဖော်ပမာ ချစ်ခင်ရင်းနှီးမှုအပြည့်အဝရှိသည့် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဤချစ်ကြည်ရေးခရီးစဉ်မှာ သမိုင်းတွင်ရစ်မည့် ခရီးစဉ်တစ်ခုအဖြစ်ယုံကြည်မိကြောင်း၊ ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်ဖြစ်ပေါ်လာချိန်တပ်မတော်က မလွဲသာတဲ့တာဝန်ယူခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌နိုင်ငံရေး၊ စီးပွားရေးနှင့်စီမံခန့်ခွဲရေးစနစ်များကို စနစ်တကျ ပြုပြင်ပြောင်းလဲပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးပြုစေမည့် ချစ်ကြည်ရေးကို ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ သဘောမျိုးဖြင့်တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက်တွေ့ဆုံဆွေးနွေးပဲ့ကို ညွှန်ကြားရှိတွင်ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖဲ့ဝင်များအား တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတကြီးယန်ရှန်ခွန်က နိုင်ငံတော်ည့ဉ်ဟောဖန်ဖိုင်းခန်းမတွင် ဂုဏ်ပြုညစာစားပဲ့ဖြင့် တည်ခင်းကျွေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဩဂုတ်လ ၂၁ ရက်နေ့တွင် ပီကင်းမြို့အနီးရှိ စိုက်ပျိုးရေးနှင့်စက်မှုကော်ပိုရေးရှင်း၊ ဟုဝရှင်းကျေးရွာအုပ်စုပိုင် ခေတ်မီစိုက်ပျိုးခင်းများ၊ ပီကင်းရုပ်မြင်သံကြားစက် ထုတ်လုပ်ရေးစက်ရုံများသို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဩဂုတ်လ ၂၁ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် လီပင်းတို့သည် နိုင်ငံတော်ည့ဉ်ဇေဟာ ရောင်ရွှမ်းခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံရေး၊ စီးပွားရေးရပ်တည်ချက် သဘောထားများနှင့် အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဩဂုတ်လ ၂၃ ရက်ညနေ ၄ နာရီခွဲတွင် ပီကင်းမြို့ရှိ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်သို့ သွားရောက်၍ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ကျန်ဇီမင်းအား တွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဗိုလ်ချုပ်မှူးကြီး စောမောင်က မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ ချစ်ကြည်ရေးမှာ ထာဝရ ချစ်ကြည်ရေးဖြစ်ပြီး ကမ္ဘာတည်သရွေ့ဆက်လက်တည်တံ့နေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သကဲ့သို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ကျန်ဇီမင်းကလည်း မိမိတို့နှစ်နိုင်ငံအကြားတွင် ရှည်လျားသောသမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း ပြောကြားသွားသည်။ ဟွေ့ဆုံဆွေးနွေးပွဲကို ညနေ ၅ နာရီ ၅၀ မိနစ်တွင် ရပ်သိမ်းလိုက်သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၂ ရက်နေ့တွင် ဗုဒ္ဓစွယ်တော်စေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့နောက် ပီကင်းမြို့ ကုမ်ကြီး စစ်ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဟိုင်ယွမ်အားပူဇော်ဖူးမြော်ခဲ့ကြသည်။ ညနေ ၃ နာရီတွင် မြန်မာချစ်ကြည်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး ယန်ရှန်ခွန်တို့ တွေ့ဆုံဆွေးနွေးကြစဉ်



ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ကူမင်းမြို့ရှိလျှပ်စစ်မော်တာအလုပ်ရုံနှင့် ကောဘယ်ကြိုးအလုပ်ရုံများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ ညပိုင်းတွင် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဟေကျိချန်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲဝင်များသည် မစ္စတာ ဟေကျိချန်းလိုက်ပါလျက် ဩဂုတ်လ ၂၅ ရက်နေ့ နံနက်တွင် ကောင်ပေါ်စခန်း (Western Hills) နှင့် ဟွာတင် ဘုရားကျောင်းသို့ သွားရောက်ကြသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်ကဘုရားကျောင်းတွင် ဖူးမြော်ပူဇော်နိုင်ရန် မြန်မာနိုင်ငံမှ ပင့်ဆောင်လာသည့်ရဟန္တာများ၏ဓာတ်တော်များကို ပေးအပ်လှူဒါန်းသည်။ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ကူမင်းလေဆိပ်သို့ရောက်ရှိကြသောအခါ လေဆိပ်မှ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဟေကျိချန်း ဦးဆောင်သော ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူသမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့်ဇနီး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့က လိုက်ပါ ပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် အဖွဲဝင်များသည် ကူမင်းမြို့မှ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ပြန်လည် ရောက်ရှိခဲ့ကြသည်။

ဤချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံခြင်းဆောင်ကြီးများ အစဉ်အဆက်တည်ဆောက်ခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားနားလည်မှုများကိုပိုမိုတိုးတက်ခိုင်မာစေရုံသာမက နှစ်နိုင်ငံအကျိုးတူစီးပွားရေးကိစ္စရပ်များကိုလည်း ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် ဦးဆောင်၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို လွှဲပြောင်းယူခဲ့ချိန်မှစ၍ နိုင်ငံတော်ခေါင်းဆောင်ကြီးအဖြစ် ပထမဆုံးပြည်ပခရီးစဉ်လည်းဖြစ်ရာ အောင်မြင်သော သမိုင်းဝင် ခရီးစဉ်အဖြစ် မှတ်တမ်းတင်နေရစ်မည် ဖြစ်ပေသည်။


ရေးကိုယ်စားလှယ်အဖွဲသည် အာရှ အားကစားရွာသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရာ ညပိုင်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဇနီးဒေါ်အေးရီနှင့် အဖွဲဝင်များအား တရုတ်ပြည်သူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်အောင်ထွန်းနှင့် ဇနီးတို့က ပီကင်းမြို့ရှိမြန်မာသံရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။ ညစာစားပွဲမသုံးဆောင်မီ ဗိုလ်ချုပ်မှူးကြီး စောမောင်က သံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံ ဩဝါဒစကား ပြောကြားခဲ့သည်။


ဩဂုတ်လ ၂၃ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံအစိုးရတို့၏စီးပွားရေးနှင့်ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို နိုင်ငံတော်ညွှေ့ကေဟာ အမှတ် ၁၇ ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် တရုတ်ပြည်သူသမ္မတနိုင်ငံသမ္မတကြီး ယန်ရှန်ခွန်၊ နှစ်နိုင်ငံအကြီးအကဲများ တက်ရောက်ကြသည်။

နှစ်နိုင်ငံစီးပွားရေးနှင့်ကျွမ်းကျင်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အောဘယ်လ်က လက်မှတ်ရေးထိုး၍ တရုတ်ပြည်သူသမ္မတနိုင်ငံ အစိုးရကိုယ်စား နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလီကျန်လန်က လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ ချေးငွေစာချုပ်အရ တရုတ်ပြည်သူသမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ တရုတ်ယွမ် သန်း ၅၀ ကို အတိုးမဲ့ထုတ်ချေးမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် လိုအပ်သည့် စီမံကိန်းလုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်သည်။

ဩဂုတ်လ ၂၄ ရက် နံနက် ၉ နာရီတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲဝင်များသည် တရုတ်ပြည်သူသမ္မတနိုင်ငံအထူးလေယာဉ်ဖြင့် ပီကင်းမြို့မှထွက်ခွာလာကြရာ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင်ရောက်ရှိကြသည်။မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲဝင်များအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟေကျိချန်းဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။









ပင်လယ်ကွေ့စစ်ပွဲ

အီရတ်က ကူဝိတ်ကိုကျူးကျော်သိမ်းပိုက်ခြင်း

အီရတ်နိုင်ငံသည် ဥရောပကိစ္စ၊ မြေယာနှင့်ရေနံကိစ္စများနှင့်ပတ်သက်၍ ကူဝိတ်နိုင်ငံကို ၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၂ ရက်နေ့တွင် ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ အီရတ်တပ်သား တစ်သိန်းကျော်က တင့်ကားများဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ကူဝိတ်စော်ဘွားနှင့် မိသားစုမှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဆာအူးဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရတ်၏ ကျူးကျော်ဝင်ရောက်မှုကို ရှုတ်ချလိုက်ပြီး အီရတ်တပ်ဖွဲ့များ ခြင်းချက်မရှိ ရုတ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ ကမ္ဘာ့နိုင်ငံ အများအပြားကလည်း အီရတ်၏ ကျူးကျော်မှုကို ရှုတ်ချကြပြီးကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ် သြဂုတ်လ ဂ ရက်နေ့တွင် ကူဝိတ်နိုင်ငံကို အီရတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းအဖြစ်သိမ်းယူလိုက်ပြီဖြစ်ကြောင်း အီရတ်နိုင်ငံက ကြေညာခဲ့သည်။ ဤသို့ဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးမှာလည်း လက်လွတ်ဆုံးရှုံးခဲ့ရတော့သည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များ ဆုတ်ခွာပေးရေးကို အသိမ်းပိုက်ခံအာရပ်နယ်မြေများမှ အစွန်ရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရေးကိစ္စနှင့် ဆက်စပ်ကာ အာရပ်ကမ္ဘာကို ကိုင်လှုပ်လိုက်သည်။ နိုင်ငံတကာတရားဥပဒေသည် နယ်မြေဒေသတစ်ခုနှင့် အခြားတစ်ခုတွင် ကွဲပြားခြားနားခွင့် ရှိပါသလားဟုလည်း စောဒကတက်ခဲ့သည်။ အကယ်၍ စစ်မက်ဖြစ်ပွားလာပါက အာရပ်ကမ္ဘာနှင့် ကမ္ဘာ့အခြားသော အစွန်လာမှစ်နိုင်ငံများသည် အီရတ်နိုင်ငံဘက်မှ ရပ်တည်ကာ စစ်ပွဲ၌ ပါဝင်လက်တွဲတိုက်ခိုက်လိမ့်မည်ဟု ယုံကြည်တွက်ဆခဲ့သည်။ အမေရိကန်တို့ကသာ စတင်တိုက်ခိုက်လာပါက စစ်မီးပွားသည် တစ်ကမ္ဘာလုံးသို့ ကူးစက်လောင်ကျွမ်းကာ ကြောက်မက်ဖွယ်အကောင်းဆုံး အန္တရာယ်နှင့် ရင်ဆိုင်ရလိမ့်မည်ဟု ဆက်ဒမ်က ခြိမ်းခြောက်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အရေးယူဆောင်ရွက်မှု

ပင်လယ်ကွေ့အရေးအခင်းတွင် ကမ္ဘာ့ကုလသမဂ္ဂကကြားဝင်ဆောင်ရွက်ခဲ့သည်။ ကူဝိတ်နိုင်ငံအားကျူးကျော်သိမ်းပိုက်ခြင်း ဖြစ်ရပ်နှင့် အစွန်ရေး – ပါလက်စတိုင်းပြဿနာမှာ အခြေခံအကြောင်းခြင်းရာချင်း မတူညီသည့် ဖြစ်ရပ်များဖြစ်သည်ဟု ကုလသမဂ္ဂက သုံးသပ်သည်။ သို့ဖြစ်ရာ ၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်နိုင်ငံအား ဖိအားပေးရန်အတွက် အီရတ်နှင့် အီရတ်သိမ်းပိုက်ထားသော ကူဝိတ်နိုင်ငံတို့အပေါ် စီးပွားရေးအရ ပြင်းထန်စွာအရေးယူရန် ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်သည် ကုလသမဂ္ဂသမိုင်း၌ အပြင်းထန်ဆုံးပင်ဖြစ်သည်ဟု ဆိုသည်။ အရေးယူမှုတွင် နှစ်နိုင်ငံသို့ လက်နက်ရောင်းချခြင်း မပြုရန်နှင့် ယင်းနိုင်ငံများမှ ရေနံများ ဝယ်ယူခြင်းမပြုရန်တို့လည်း ပါဝင်သည်။ တစ်ဖန် သြဂုတ်လ ၂၅ ရက်နေ့တွင် အီရတ်အပေါ် ကုန်သွယ်ရေးတားဆီးပိတ်ဆို့ အရေးယူထားမှုများ ထိရောက်အောင်မြင်ရေးအတွက် အီရတ်သို့ သွားမည့်သဘော်ဝများနှင့် အီရတ်မှထွက်လာမည့် သဘော်ဝများကို နိုင်ငံတကာက စစ်ရေးအရ တားမြစ်အရေးယူခွင့်ပြုသည့် ဆုံးဖြတ်ချက်အမှတ် ၆၆၅ ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၃ မဲ၊ ကြားနေမဲ ၂ စိမ့်မဲ၊ ကန့်ကွက်မဲ မရှိသဖြင့် အတည်ပြုလိုက်သည်။

စီးပွားရေးအရ အရေးယူပိတ်ဆို့ခဲ့သည့်တိုင်အောင် ဆက်ဒမ်ဟူစိန်သည် ပျော့ပျောင်းမလာဘဲ ပို၍ပင်တင်းမာလာခဲ့သည်။ ပင်လယ်ကွေ့ အရေးအခင်းကို ဘာသာရေးစစ်ပွဲအသွင် ဆောင်ကာ အစ္စလာမ္မစ်နိုင်ငံများ ပါဝင်ဆင်နွှဲကြရန် ဆက်ဒမ်က လှုံ့ဆော်ခဲ့သည်။ ကူဝိတ်နိုင်ငံကိုလည်းသိမ်းပိုက်မြဲဆက်လက်သိမ်းပိုက်ထားကာကျားကုတ်ကျားခဲ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားမည့်သဘောမျိုး ပြသခဲ့သည်။ သံခင်းတမန်ခင်း နည်းလမ်းများဖြင့် ဖျောင်းဖျနားချရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဆက်ဒမ်က လက်မခံခဲ့ချေ။ ကူဝိတ်နိုင်ငံကို လက်လွတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်းကိုသာ အကြိမ်ကြိမ် ပြောကြားကာ ငြင်းဆန်နေခဲ့သည်။


စစ်ရေးအရ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်း

သို့ဖြစ်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် ပြတ်ပြတ်သားသား ဆုံးဖြတ်ဆောင်ရွက်ရမည့် အနေအထားသို့ ရောက်ရှိလာတော့သည်။ အီရတ်နိုင်ငံက ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ၎င်း၏တပ်ဖွဲ့များကို ရုပ်သိမ်းခြင်း မရှိလျှင်သော်လည်းကောင်း၊ ဓားစာခံအားလုံးကို လွှတ်ပေးခြင်း မရှိလျှင်သော်လည်းကောင်း ကူဝိတ်ရှိ အီရတ်တပ်များကို ဖယ်ရှားရေးအတွက်စစ်အင်အားအသုံးပြုရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အခွင့်အာဏာပေးအပ်လိုက်သည်။ စစ်အင်အား အသုံးပြုရေးခွင့်ပြုသည့် ဆုံးဖြတ်ချက်အမှတ် ၆၇၈ ကို လုံခြုံရေးကောင်စီ ၁၅ နိုင်ငံအနက် ၁၂ နိုင်ငံက ထောက်ခံမဲပေးကြပြီး ကျူးဗားနှင့် ယီမင်တို့က ကန့်ကွက်မဲပေးကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မဲမပေးဘဲ နေခဲ့သည်။ ယခင်က ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကျူးကျော်မှုကိုတုံ့ပြန်ရင်ဆိုင်ရေးအတွက်အင်အားအသုံးပြုခွင့် ဆုံးဖြတ်ချက်ကို ကိုရီးယားစစ်ပွဲကာလအတွင်းက တစ်ကြိမ်ချမှတ်ခဲ့ဖူးသည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုကို အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့က ပူးတွဲကမကထပြု တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှင့်အတူ ကိုလံဘီယာ၊ အီသီအိုးပီးယား၊ ဖင်လန်၊ ပြင်သစ်၊ အိုင်ဗရီကိုစ်၊ မလေးရှား၊ ရိုမေးနီးယားနှင့်ဇိုင်ယာနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။

အီရတ်နိုင်ငံ၏ ရပ်တည်ချက်

ကုလသမဂ္ဂက ယင်းသို့ ဆုဇသံ ပေးခဲ့ငြားသော်လည်း အီရတ်နိုင်ငံသည် ဂရုမမူဘဲ စစ်ပွဲအတွက် အသင့်ပြင်ဆင်ထားခဲ့သည်။ အီရတ်သမ္မတဆက်ဒမ်ဟူစိန် အနေဖြင့်ကူဝိတ်အား အီရတ်ကသိမ်းပိုက်ထားခြင်းကိစ္စနှင့်


ကီလိုမီတာ ၂၅၀၀ အကွာ အဝေးအထိ ပစ်ခတ်နိုင်သော တွန်မဟော့ခရုဒ်ဒုံးကျည်ကို ဝက်စ်ကွန်ဆင် တိုက်သင်္ဘော ကြီးမှပစ်လွှတ်စဉ်



၇၄



ရေဒါထောက်လှမ်းမှုကို ရှောင်တိမ်းထိုးဖောက်၍ ဗုံးကြဲနိုင်သော စတဲလ်သ် တာဝေးဗုံးကြဲလေယာဉ်



ရန်သူ၏ ရေဒါစနစ်ကို ရှုပ်ထွေးပျက်စီးသွားအောင် ပြုလုပ်နိုင်သည့်စနစ် တပ်ဆင်ထားသောလေယာဉ်

စပ်လျဉ်း၍ အပေးအယူလုပ်ဖြေရှင်းမည့် အရိပ်လက္ခဏာများ မတွေ့ရပေ။ ဤသို့ဖြင့် အခြေအနေမှာ ပိုမိုတင်းမာနေခဲ့ပြီး စစ်ပွဲဆီသို့ ဦးတည်၍ သွားနေပေသည်။ တစ်နည်းဆိုသော် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အီရတ်တပ်များ နောက်ဆုံးထား ဆုတ်ခွာပေးရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို အန်တုလိုက်ခြင်းပင် ဖြစ်သည်။

အမေရိကန် ပြည်သူတို့အနေဖြင့် စစ်ပွဲအတွင်းသို့ မဝင်ရောက်မိ အခြေးဖြစ်နိုင်သည့် နည်းလမ်းများဖြင့် ကြိုးပမ်းဖြေရှင်းရေးကို လိုလားကြသည်။ ကမ္ဘာ့နိုင်ငံများကလည်း စစ်ကိုမလိုလားသည်ဖြစ်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ နောက်ဆုံး သတ်မှတ်ရက်ဖြစ်သော ဇန်နဝါရီလ ၁၅ ရက်သို့ နီးကပ်လာနေစဉ် သံတမန်ရေးအရ ကြိုးပမ်းဖြေရှင်းရေးကို အပြင်းအထန်လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားကြသည်။ အာရပ်ကမ္ဘာနှင့် အခြားကမ္ဘာ့နိုင်ငံကြီးများမှ ခေါင်းဆောင်များက ဆက်ဒမ်ဟူစိန်ကို ဖျောင်းဖျခဲ့သော်လည်း ဆက်ဒမ်က လက်မခံဘဲ တင်းခံနေခဲ့သည်။ သမ္မတဆက်ဒမ်ဟူစိန်သည် ၁၉၉၁ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူးအကြို နေ့ညက အီရတ်ရှေတန်းတပ်ဖွဲ့များဆီသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်သားများကို စိတ်ဓာတ်မြှင့်တင်ပေးခဲ့သည်။ ကူဝိတ်ကို လက်လွတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်းကိုလည်း အခိုင်အမာ ပြောကြားခဲ့သည်။ စစ်ဘက်ဆိုင်ရာတို့၏ ခန့်မှန်းတွက်ချက်မှုအရ အီရတ်နှင့် ကူဝိတ်တွင်ရှိ အီရတ်တပ်သား ငါးသိန်းကျော်ခန့်သည် ဆအူးဒီအာရေဗျနှင့် ပင်လယ်ကွေ့ဒေသ အတွင်းရှိ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင် ၄,၀၀,၀၀၀ ခန့်နှင့် ရင်ဆိုင်ရန် ရှိနေပေသည်။ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ တပ်ဖွဲ့များ ပါဝင်ကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ယင်းနိုင်ငံအသီးသီးမှ တပ်သားများကို ပင်လယ်ကွေ့ဒေသသို့ ပို့လွှတ်ခဲ့ကြသည်။ ယင်းနိုင်ငံစုံတပ်ဖွဲ့တွင် အာရပ်နိုင်ငံများမှ တပ်များလည်း ပါဝင်ကြသည်။


စစ်ကို ရှောင်လွှဲနိုင်ရန် ကြိုးပမ်းသည့်အီရတ်–အမေရိကန် ဂျီနီဗာဆွေးနွေးပွဲ


နောက်ဆုံးသတ်မှတ်ရက် ဇန်နဝါရီလ ၁၅ ရက်ဆိုသို့ နီးကပ်လာနေဆဲမှာပင် စစ်ပွဲကိုရှောင်ရှားရန် နောက်ဆုံးကြိုးပမ်းချက် တစ်ရပ်အနေဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာနှင့် အီရတ်နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ်တို့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ဂျီနီဗာမြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲ ပျက်ပြားသွားခဲ့သည်။ အမေရိကန်သမ္မတ ဂျေ့ဘုရှ်ထံမှ အီရတ်သမ္မတဆက်ဒမ်ဟူစိန်ထံသို့ပေးသည့် စာကို ဂျိမ်းစ်ဘေကာကအဇစ်အားပေးသော်လည်း ယင်းစာကို ယူဆောင်မသွားဘဲ ဆွေးနွေးပွဲ စားပွဲပေါ်တွင် ထားရစ်ခဲ့သည်။ ဂျေ့ဘုရှ်၏စာတွင် အီရတ်တပ်ဖွဲ့များ ကူဝိတ်မှ ခြွင်းချက်မရှိ လုံးဝရုပ်သိမ်းပေးရေးကိုသာ အဓိကထားတောင်းဆိုထားပြီး မလိုက်နာပါက အီရတ်တို့အနေဖြင့် ကူဝိတ်နိုင်ငံဆုံးရှုံးမှုခံရသည်ထက်ပိုမိုဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ရာဇသံပေးထားသည့် အချက်များပါဝင်နေရာ ဂျေ့ဘုရှ်၏စာကို လက်ခံရန် ငြင်းပယ်လိုက်ခြင်းကပင် စစ်နှင့်မလွဲမသွေရင်ဆိုင်တွေ့ရန် အချက်ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဆွေးနွေးပွဲအပြီး သီးခြားစီပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အီရတ်ဘက်က သဘောထား ပျော့ပျောင်းသောမည်သည့်အကြံပေးတိုက်တွန်းခြင်းမျှ မိမိမကြားရသည့်အတွက် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း ဂျိမ်းစ်ဘေကာကသတင်းထောက်များအား ပြောကြားသည်။ တာရစ်အဇစ်ကလည်း ပါလက်စတိုင်းပြဿနာသည် အီရတ်အတွက် အမျိုးသားလုံခြုံရေး ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ပါလက်စတိုင်းပြဿနာ ဖြေရှင်းခြင်းမရှိဘဲ မိမိနိုင်ငံဘေးကင်းလုံခြုံလိမ့်မည် မဟုတ်ကြောင်း ပြောကြားသည်။ အီရတ်အနေဖြင့် ကူဝိတ်မှ ဆုတ်ခွာပေးရေး ပြဿနာတစ်ခုလုံးကို ပါလက်စတိုင်းလူမျိုးတို့၏ အခွင့်အရေးများနှင့် ဆက်နွှယ်ထားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကြိုးပမ်းချက်

ဂျီနီဗာ ဆွေးနွေးပွဲ ပျက်ပြားသွားခြင်းနှင့်အတူ စစ်မက်ဖြစ်ပွားမည့် အရေးမှာ လက်တစ်ကမ်းအလိုတွင်

ရန်သူလေယာဉ်နှင့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တား ပစ်ခတ်နိုင်သော ပက်ထရီယော့ဒုံးကျည်





တိကျစွာ ချိန်ကိုက်ကြဲနိုင်သော စမတ်ဗုံး



၁၁ ကီလိုမီတာမှ အရာဝတ္ထုများကိုပင်ညှာက်၍ ထောက်လှမ်းတွေ့မြင်နိုင်သော ညကြည့် ကိရိယာ

ရှိနေခဲ့သည်။ ယင်းအခြေအနေတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားက ပင်လယ်ကွေ့ငြိမ်းချမ်းရေးလမ်းစ ရှာဖွေရန် ဘဂ္ဂဒက်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ စစ်ပွဲကို ရှောင်ရှားရန် နောက်ဆုံး အစွမ်းကုန် ကြိုးပမ်းချက် တစ်ရပ်ဟုလည်း ဆိုနိုင်ပေသည်။ ပဲရက်ဒေကွေးလျားသည် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဘဂ္ဂဒက်မြို့သို့ စ တင် ထွက် ခွာ ခဲ့ ရာ ပါရီမြို့သို့ ဝင်ရောက်ပြီး ပြင်သစ် သမ္မတ မီးထရောင်းနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထိုမှတစ်ဆင့် ဂျီ နီ ဗာ သို့ သွားရောက်ကာ ဥရောပဘုံစျေးအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ ရောက်ရှိလာပြီး ဂျော်ဒန်ဘုရင် ဟူစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြန်သည်။

ပဲရက်ဒေကွေးလျားသည် ဘဂ္ဂဒက်မြို့သို့ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိလာပြီး ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်နှင့် နှစ် နာရီကြာမျှ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ စစ်ပွဲဖြစ်ပွားလာနိုင်ခြင်း ရှိမရှိကိုမူ ဒေ ကွေး လျား က ပြောကြားနိုင်ခြင်း မရှိခဲ့ချေ။ ဆက်ဒမ်နှင့် ဆွေးနွေးပွဲ များ အပြီးတွင် ပါရီမြို့သို့ ပြန်လည် ထွက်ခွာလာခဲ့ပြီး ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်အစောပိုင်းတွင် ပြင်သစ် သမ္မတ မီးထရောင်းနှင့် တွေ့ဆုံဆွေးနွေးကာ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

ဤအခြေအနေတွင် အီ ရတ် ပါ လီ မန် က လည်း ဇန်နဝါရီလ ၁၅ ရက် နောက်ဆုံးထား၍ ကူဝိတ်မှ အီရတ်တပ်ဖွဲ့များ ရုပ်သိမ်းပေးရေး ကု လ သ မ ဂ္ဂ တောင်းဆိုချက်များအား လျစ်လျူရှုကြောင်း ဖော်ပြထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အတည်ပြု သတ်မှတ်လိုက်ပြီး အီ ရတ် နိုင်ငံအနေဖြင့် ကူဝိတ်နိုင်ငံအား ဆက်လက်ထိန်းသိမ်းထားရေးအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤသို့ဖြင့် ဘဂ္ဂဒက်သို့ လာ ရောက် ခဲ့ သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျား၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုမှာ ပြိုလဲ ကျဆုံးခဲ့ရသည်။

ဤအတောအတွင်း ပင်လယ်ကွေစစ်ပွဲ ဆင်နွှဲရေးနှင့် ပတ်သက်သည့် အခွင့်အာဏာကို အမေရိကန်သမ္မတအား အပ်နှင်းရန် အမေရိကန် ကွန်ဂရက်က ဇန်နဝါရီလ ၁၂ ရက်နေ့ကပင် မဲဆန္ဒခွဲ၍ အဆုံးအဖြတ် ပေးခဲ့သည်။ အထက်လွှတ်တော်တွင် ၅၂ မဲ ၄၆ မဲ ဖြင့် လည်းကောင်း၊ အောက်လွှတ်တော်တွင် ၂၅၀ မဲ ၁၈၃ မဲဖြင့် လည်းကောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

နောက်ဆုံးသတ်မှတ်ချိန် တစ်စတစ်စ ကုန်ဆုံးခဲ့သည်နှင့်အမျှ နိုင်ငံအသီးသီးမှ ငြိမ်းချမ်းရေးကို မြတ်နိုးကြသည့် ကမ္ဘာ့ပြည်သူများက ဟုန်းခန် ထတောက်တော့မည့် ပင်လယ်ကွေစစ်ပွဲကို စိုး ရိမ် စိတ် ကြီး စွာ ဖြင့် စောင့်စားခဲ့ကြသည်။ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့ဝင် ၄,၀၀,၀၀၀ ကျော်တို့ကလည်း တိုက်ပွဲစတင်မည့်အချိန်ကို ငံ့လင့်နေကြသည်။ ပင်လယ်ကွေစစ်ပွဲကို ဆန့်ကျင်သည့်

ဆန္ဒပြပဲ့များမှာလည်း ဥရောပနိုင်ငံအနှံ့ ဖြစ်ပွားလျက် ရှိနေခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက် ဒေကွေးလျားကလည်း စစ်ကို ရှောင်ရှား၍ ကူဝိတ်နိုင်ငံမှ တပ်ဖွဲ့များ ရုပ်သိမ်းရန် အီရတ်နိုင်ငံအား နောက်ဆုံး မေတ္တာရပ်ခံချက် ထုတ်ပြန်ခဲ့သည်။

ပင်လယ်ကွေစပ်ပဲ့ စတင်ဖြစ်ပွားခြင်း

နောက်ဆုံး သတ်မှတ်ချိန် ကျော်လွန်ခဲ့ပြီးနောက် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက် ကြာသပတေးနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ (ဂရင်းနစ် စံတော်ချိန် ဗုဒ္ဓဟူးနေ့ ၂၃၀၀ နာရီ)၊ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၃၀ မိနစ်တွင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့ များက 'ကန္တာရမုန်တိုင်း စစ်ဆင်ရေး'ဖြင့် လေကြောင်း မှ စတင်တိုက်ခိုက်ကာ ပင်လယ်ကွေစပ်ပဲ့ကို စတင်လိုက် သည်။ အက်ဖ် ၁၅ အီး အမျိုးအစား အမေရိကန် ဗုံး ကြဲ တိုက် လေ ယာဉ် လေတပ်အုပ်စုသည် ဆအူးဒီ အာရေဗျနိုင်ငံ အလယ်ပိုင်းရှိ အကြီးမားဆုံး အမေရိကန် လေတပ်အခြေစိုက်စခန်းမှ စတင် ထွက်ခွာပျံသန်းခဲ့သည်။ ဤ လေ ကြောင်း စစ်ဆင် တိုက်ခိုက်မှုသည် သ မိုင်း တွင်ရစ်မည့် စစ်ဆင်ရေး ဖြစ်သည်။ အမေရိကန် ဗုံးကြဲ တိုက်လေယာဉ်များသည် အီရတ်မြို့တော် ဘ ဂ္ဂ ဒက် မြို့ အလယ်ဗဟိုသို့ ဗုံးများ ကြဲချခဲ့သည်။ အီရတ်ဘက်မှ လေယာဉ်ပစ် အမြောက်များက ဗုံးကြဲ တိုက်လေယာဉ် များကို ပစ်ခတ်သော်လည်း ထိရောက်မှု မ ရှိ ခဲ့ ချေ။ အဓိက ပစ်မှတ်တစ်ခုမှာ ဘဂ္ဂဒက်မြို့လယ်ရှိ အ ဓိ က ကျသော ဆက်သွယ်ရေးဌာန ဖြစ်သည်။

အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက အီရတ်နိုင်ငံ အပေါ် လေကြောင်းမှတိုက်ခိုက်မှုများ ဆက်လက်ပြု လုပ်လျက်ရှိရာ စစ်ပွဲစတင်သည်မှ သုံးရက်မြောက်နေ့ အထိ လေယာဉ်အခေါက်ပေါင်း ၂,၁၀၇ ကြိမ်ကျော် ပျံသန်းတိုက်ခိုက်ခဲ့ပြီး ခရုဇ်ဒုံးကျည်ပေါင်း ၁၉၆ စင်း ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။ ဇန်နဝါရီလ ၁၈ ရက်နေ့မှ စ၍ ဘီ – ၅၂ ဗုံးကြဲလေယာဉ်ကြီးများ အသုံးပြုတိုက် ခိုက်ခဲ့သည်။ အမေရိကန်ဗုံးကြဲလေယာဉ်အစင်း ၄၀ က အီရတ်တပ်ဖွဲ့ဝင် ၃၃,၀၀၀ နှင့် တီ – ၇၂ တင့်ကား ၅၀၀ ကျော်အား တိုက်ခိုက်ခဲ့သည်။ အဓိက ပစ်မှတ်များမှာ

ပင်တာဂွန်စစ်ဌာနချုပ်တွင် ရှင်းလင်းပြောကြားနေသော ဗိုလ်ချုပ်ကြီး ပါဝဲလ်



ခေတု ဗေဒ လက်နက်နေရာများ၊ စကဉ်ဒ် ဒုံး ကျည်နေရာများ၊ ကူဝိတ်မြောက်ပိုင်းရှိ ပစ်မှတ် များ၊ လက်ရွေးစင် သမ္မတအစောင့် တပ်ဖွဲ့နေရာများ၊ အီရတ်တို့၏ အာမ်အိုင်ဂျီ၊ မီရာ့ခ်ျ နှင့် အခြားတိုက်လေယာဉ်များထားရာဂျီးဂါး လေတပ်စခန်းတို့ဖြစ်သည်။ ဤသို့ အပြင်းအထန်ဗုံးကြဲတိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံအနေဖြင့် အထိနာလျက်ရှိရာ ဆက်သွယ်ရေးလမ်းကြောင်းတွင် ဂြိုဟ်တုမှတစ်ဆင့် ဆက်သွယ်ရေးသာရရှိတော့သည်။

ပင်လယ်ကွေ့ဒေသရှိအမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ၏ စစ်အင်အားမှာ အထူးတောင့်တင်းကောင်းမွန်လှသည်။ မဟာမိတ်တပ်ဖွဲ့များ၏ စစ်သင်္ဘောအင်အားမှာ အမေရိကန်ပြည်ထောင်စုမှ အစင်း ၁၀၀ ကျော်၊ ဖြိုတိန် ၁၅ စင်း၊ ပြင်သစ် ၁၄ စင်း၊ အီတလီ ၁၀ စင်း၊ ဗဲလ်ဂျီယမ် ခြောက်စင်း၊ ဂျာမနီ ငါးစင်း၊ စပိန် လေးစင်း၊ ဆိုဗီယက်လေးစင်း၊ ဩစတြေးလျ သုံးစင်း၊ ကနေဒါ သုံးစင်း၊ နယ်သာလန် သုံးစင်း၊ အာဂျင်တီးနားနှစ်စင်းနှင့် ဒိန်းမတ်၊ နော်ဝေနှင့် ပေါ်တူဂီနိုင်ငံတို့မှ တစ်စင်းစီပါဝင်ကြသည်။ ပင်လယ်နီ ဒေသတွင် ဆာရာတိုဂါ၊ ကနေဒီ၊ သီအို ဒိုးရုစဗဲလ်၊ အမေရိကအစရှိသည့် လေယာဉ်တင်သင်္ဘောများရှိနေကြပြီးပါရှင်းပင်လယ်ကွေ့တွင်လည်းမစ်ဝေး၊ ရိန်ဂျာ လေယာဉ်တင်သင်္ဘောများနှင့် ဝက်စ်ကွန်ဆင်၊ မစ်ဇ်ုရီ အစရှိသည့် တိုက်သင်္ဘောများက နေရာယူထားကြသည်။ အဆိုပါစစ်သင်္ဘောများမှပစ်လွှတ်ခဲ့သော တွန်မဟောက် ခရုဇ်ဒုံးကျည်များက အီရတ်စစ်ဌာနချုပ်စခန်းများ၊ စကဉ်ဒ်ဒုံးကျည်ပစ်စင်ရှိသည့်နေရာများနှင့် အခြားပစ်မှတ်များကိုထိမှန်ခဲ့သည်။

မဟာမိတ်တပ်ဖွဲ့၏လေတပ်အင်အားတွင် အမေရိကန်ပြည်ထောင်စုမှ လေယာဉ်အစင်း ၁,၀၀၀၊ ဖြိုတိန် ၆၀ စင်း၊ ပြင်သစ် ၃၀ စင်း၊ ကနေဒါ ၁၀ စင်း၊ အီတလီ ၅၈ စင်း၊ ကူဝိတ် ၃၄ စင်း၊ ဆော်ဒီအာရေဗျ ၃၀၀ စင်းပါဝင်ကြသည်။ အမေရိကန်တို့က လေကြောင်းစစ်ဆင်ရေးတွင် နောက်ဆုံးပေါ် ခေတ်အမီဆုံးဖြစ်သည့် စတဲလ်သ်တိုက်လေယာဉ်များကို အသုံးပြုခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ အင်ဂျင်နှစ်လုံးတပ် အဆိုပါ စတဲလ်သ်တိုက်လေယာဉ် ၂၇ စင်းသည် ဆော်ဒီအာရေဗျရှိ စခန်းများမှ ပုံတက်၍ အီရတ်တို့၏ စစ်ဌာနချုပ်နှင့် ထိန်းသိမ်းကွပ်ကဲရေးစခန်းများ၊ စကဉ်ဒ်ဒုံးကျည် ရှိသည့်နေရာများကို ပထမဆုံးပစ်ခတ်တိုက်ခိုက်ခဲ့သည့် လေယာဉ်များဖြစ်ကြသည်။

ဆော်ဒီအာရေဗျတွင် တပ်စွဲထားသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်၏ မြေပြင်တပ်ဖွဲ့စစ်အင်အားမှာလည်း အထူးတောင့်တင်းလှသည်။ ယင်း မြေပြင်တပ်ဖွဲ့တွင် အမေရိကန်ကြည်းတပ်မှ တပ်သား ၂,၄၅,၀၀၀ နှင့် တင့်ကား ၂၀၀၀၊ အမေရိကန်မရိန်း တပ်ဖွဲ့မှ တပ်သား ၇၅,၀၀၀ နှင့် တင့်ကား ၂၀၀၊ ဗြိတိန်မှ တပ်သား ၂၅,၀၀၀ နှင့်တင့်ကား ၁၇၀၊ ပြင်သစ်နိုင်ငံမှ တပ်သား ၁၀,၀၀၀ နှင့်တင့်ကား ၄၀၊ ဆီးရီးယားမှတပ်သား ၂၀,၀၀၀ နှင့် တင့်ကား ၂၇၀၊ အီဂျစ်မှတပ်သား ၅၅,၀၀၀ နှင့် တင့်ကား ၄၈၀၊ ဆော်ဒီအာရေဗျမှတပ်သား ၂၀,၀၀၀ နှင့် တင့်ကား ၂၀၀ အသီးသီးပါဝင်ကြပြီး ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ကနေဒါ၊ မော်ရိုကို၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ ချက်ကိုစလိုဗက်ကီးယား၊ ဟွန်ဒူရပ်နှင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ မြေပြင်တပ်သားများလည်း ပါရှိကြသည်။ မဟာမိတ်တပ်ဖွဲ့ကအသုံးပြုသော စစ်လက်နက်ပစ္စည်းများမှာ ခေတ်မီဆန်းသစ်ပြီး တိုက်ခိုက်မှုများတွင် အထူးထိရောက်လှသည်။ အီရတ်နှင့်ကူဝိတ်နယ်မြေဘက်တွင် အီရတ်တပ်သား ၅,၄၅,၀၀၀ တပ်စွဲထားပြီး တိုက်ပွဲဝင် စစ်လေယာဉ် ၅၀၀ ခန့်နှင့် တင့်ကား ၄၀၀၀ ခန့်ရှိသည်။ အီရတ်၏ အားအထားရဆုံး လက်နက်မှာ စကဉ်ဒ်ဒုံးကျည်ဖြစ်သည်။

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အီရတ်နိုင်ငံက အစ္စရေးနိုင်ငံအား စကဉ်ဒ်ဒုံးကျည်ဖြင့် ပထမဆုံးအကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၁၉ ရက်နေ့တွင် ဒုတိယအကြိမ်ပစ်ခတ်ခဲ့သည်။ ဒုံးကျည်များကို အီရတ်နိုင်ငံအနောက်ပိုင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ကူဝိတ်အား ကျူးကျော်သိမ်းပိုက်ခြင်းကြောင့် ဖြစ်ပေါ်လျက်ရှိသော ပင်လယ်ကွေ့စစ်ပွဲတွင် လုံးဝပါဝင်ပတ်သက်ခြင်းမရှိသည့် အစ္စရေးနိုင်ငံအား တမင်သက်သက်ရန်စကာ စစ်ပွဲအတွင်း ဆွဲသွင်းနေခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံကသာ အီရတ်အား ပြန်လည်လက်တုံ့ပြန်တိုက်ခိုက်ပါက နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့၏ စုစည်းမှုမှာ ဖရိုဖရဲဖြစ်သွားနိုင်စရာ ရှိနေပေသည်။ အာရပ်နိုင်ငံများ၏တပ်ဖွဲ့များ နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့မှ ဖဲ့ထွက်သွားမှုများရှိလာနိုင်သဖြင့် အခြေအနေများ ပိုမိုရှုပ်ထွေးလာနိုင်ပေသည်။ ယင်းအကြောင်းများကြောင့် လက်တုံ့ပြန်မှုမပြုရန် အစ္စရေးနိုင်ငံအား အမေရိကန်က နားချဖျောင်းဖျခဲ့ရသည်။ လက်တုံ့မပြန်ရန် အမေရိကန်၏ ပြောကြားချက်ကို အစ္စရေးနိုင်ငံက သဘောတူညီခဲ့သည်ဟု အမေရိကန်အိမ်ဖြူတော်က ကြေညာခဲ့သည်။

အီရတ်က အစ္စရေးအား စကဉ်ဒ်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့် အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် အမေရိကန်တို့က ပက်ထရီရော့ဒုံးကျည် ၃၆ စင်းအပါ

ပင်လယ်ကွေ့စစ်ပွဲ



ဆအူးဒီအာရေဗျနိုင်ငံ ရီယဒ်မြို့ပေါ်သို့ ပျက်ကျသွားခဲ့သော စကဒ်ဒုံးကျည်

အဝင် ယင်းတို့ကိုကိုင်တွယ်ပစ်ခတ်ရန် တပ်ဖွဲ့နှစ်ဖွဲ့အား အစွမ်းရေးနိုင်ငံသို့စေလွှတ်ခဲ့သည်။ ပက်ထရီရော့ဒုံးကျည်များသည် အီရတ်တို့၏စကဒ်ဒုံးကျည်များကို ဝေဟင်၌ ပစ်ခွင်းနိုင်စွမ်းရှိသည်။

စစ်ပွဲအရှိန်မြင့်မားလာခြင်း

စစ်စတင်ပြီးနှစ်ရက်သုံးရက်အတွင်းမှာပင် စစ်ပွဲအရှိန်မှာ မြင့်မားလာသည်။ အမေရိကန်အပါအဝင် ပြိတိန်၊ ပြင်သစ်၊ အီတလီ၊ ကနေဒါ၊ ဆအူးဒီအာရေဗျနှင့် ကူဝိတ်အစရှိသည့် မဟာမိတ်ခြောက်နိုင်ငံမှ လေယာဉ် ၂၀၀၀ ခန့်တို့က ကူဝိတ်နှင့်အီရတ်ရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြသည်။ လေးရက်အတွင်းမှာပင် အခေါက်ပေါင်း ၄၀၀၀ ကျော်ပျံသန်းပြီး အီရတ်တို့၏ စစ်ဌာနချုပ်နှင့် ထိန်းသိမ်းကွပ်ကဲရေး စခန်းများ၊ လေယာဉ်ကွင်းများနှင့် စကဒ်ဒ် ဒုံးကျည်ပစ်စင်ရှိသည့် နေရာများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အီရတ်က ဆအူးဒီအာရေဗျ နိုင်ငံ အရှေ့ပိုင်းသို့ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပထမအကြိမ်အဖြစ် စကဒ်ဒ် ဒုံးကျည် သုံးစင်းဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၂၁ ရက်နေ့တွင်လည်း ဆအူးဒီအာရေဗျနိုင်ငံ ရီယဒ်မြို့နှင့်ဒါရန်းမြို့သို့ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အမေရိကန်တို့က အီရတ်တို့၏ စကဒ်ဒ် ဒုံးကျည်ပစ်စင်များနှင့် ရွှေ့လျားပစ်ဒုံးကျည်ပစ်စင်များကို ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ဖျက်ဆီးခြင်းခံရသည့် ဒုံးကျည်အများစုမှာ အတုများသာဖြစ်ပြီး ဒုံးကျည်အစစ်များကို ဂူများနှင့် မြေအောက်ကျင်းများတွင် သိုလှောင်ထားရှိသည်ဟု အီရတ်ဘက်ကကြေညာခဲ့သည်။

ပင်လယ်ကွေ့စစ်ပွဲ ခြောက်ရက်မြောက်နေ့တွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့က အီရတ်တို့၏ကြည်းတပ်စုဖွဲ့သည့်နေရာများကို လေကြောင်းမှအဓိကထားတိုက်ခိုက်ခဲ့သည်။ အဓိကပစ်မှတ်တစ်ခုမှာ အီရတ်ကူဝိတ်နယ်စပ်တစ်လျှောက် တပ်စွဲထားသော အင်အားတစ်သိန်းခန့်ရှိသည့် အီရတ်၏လက်ရွေးစင် ရီပတ်ဘလစ်ကင် အစောင့်တပ်ဖွဲ့များဖြစ်သည်။ လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်နေဆဲမှာပင် ကြည်းတပ်များကလည်း ကူဝိတ်နှင့်ဆအူးဒီအာရေဗျနယ်စပ်သို့ ချဉ်းကပ်လျက်ရှိကာ သံချပ်ကာကားများကို သဲကန္တာရအတွင်း မိုင်ပေါင်းများစွာ ဝင်ရောက် နေရာချထားခဲ့သည်။ အီရတ်နိုင်ငံ ဘာဆာရာမြို့ကိုလည်း အဓိကထား ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဘာဆာရာမြို့သည်သိမ်းပိုက်ထားသော ကူဝိတ်ရှိ အီရတ်တပ်များကိုကွပ်ကဲသည့် ဌာနချုပ်ရှိရာမြို့ဖြစ်ပြီး အီရတ်တို့၏ရေနံချက်လုပ်ရာ ပင်မနေရာလည်းဖြစ်သည်။

အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက အီရတ်ကို လေကြောင်းစစ်ဆင်ရေး ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည့် တိုင်အောင် ရည်မှန်းထားသည့်အတိုင်း အီရတ်လေတပ်ကို ဖျက်ဆီးနိုင်စွမ်း မရှိသေးပေ။ ရာသီဥတုဆိုးဝါးမှုမှာ အကြောင်းတစ်ချက် ဖြစ်သည်။ အချို့သော ဗုံးကြဲ

လေယာဉ်များမှာ ပစ်မှတ်ကို မြင်နိုင်စွမ်းမရှိသဖြင့် လှည့်ပြန်ခဲ့ရသည်များ ရှိသည်။ ထို့အပြင် အီရတ် လေယာဉ်များမှာ မြေအောက် အဆောက် အအုံများ အတွင်း ထားရှိသောကြောင့် လေယာဉ်အများအပြား မပျက်စီးဘဲ ကျန်ရှိနေခဲ့သည်။ အဆောက်အအုံအမိုးမှာ ၁ ဒသမ ၂ မီတာအထူရှိရာ လေကြောင်းမှထောက်လှမ်း ရန်ခက်ခဲသည်ဟု ဆိုသည်။

အီရတ်နိုင်ငံအနေဖြင့် နိုင်ငံစုံတပ်ဖွဲ့၏ ထိုးစစ်ကို ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်နိုင်ခြင်းမရှိဘဲ စကဉ်ဒ် ဒုံးကျည်ကိုသာ အဓိကထား၍ အစွမ်းရေးနှင့် ဆအူးဒီ အာရေဗျနိုင်ငံများ သို့ ဆက်လက်ပစ်ခတ်တိုက်ခိုက်ခဲ့ သည်။ သို့ရာတွင် ပက်ထရီရော့ဒုံးကျည်ဖြင့် ပစ်ခွင်း ချေမှုန်းခြင်းခံရမှုကြောင့် မျော်မှန်းသလောက် ခရီး မပေါက်ခဲ့ချေ။ အီရတ်နိုင်ငံသည် စကဉ်ဒ်ဒုံးကျည်ပေါင်း ၅၀၀ ခန့်အပြင် ပြင်သစ်လုပ် အိပ်စ်ဆိုင်းဒုံးကျည်၊ တရုတ်လုပ် ဆစ်ခ်ဝမ်းဒုံးကျည်နှင့် မြေပြင်မှ ဝေဟင်ပစ် ကိုလန်ဒုံးကျည်များကိုလည်း ပိုင်ဆိုင်ထားသည်။ စကဉ်ဒ် ဒုံးကျည်မှအပ အခြားဒုံးကျည်များကို ပစ်ခတ်ခြင်းမရှိ ခဲ့ချေ။ စကဉ်ဒ်ဒုံးကျည်များပစ်ခတ်ရာတွင်လည်း သမရိုး ကျ ထိပ်ဖူးများသာ တပ်ဆင်ပစ်ခတ်ခဲ့သည်။ မူလက ခြိမ်းခြောက်ထားခဲ့သလို ဓာတုလက်နက်နှင့် ဇီဝပိုးမွှား လက် နက် များ ကို တပ် ဆင် ပစ် ခတ် ခဲ့ ခြင်း မ ရှိ ချေ။ အကြောင်းမှာ ၎င်းလက်နက်များ ဖျက်ဆီးခြင်းခံခဲ့ရ သောကြောင့် လည်းကောင်း၊ သို့မဟုတ် ၎င်းလက်နက် များကိုအသုံးပြု၍ တိုက်ခိုက်ခြင်းပြုလိုက်ပါက တစ်ဖက်မှ အလားတူ ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်မည်ကို စိုးရွံ့သောကြောင့်လည်းကောင်း ဖြစ်နိုင်ပေသည်။

စစ်ပွဲအရှိန်ပြင်းထန်နေဆဲမှာပင် အီရတ်၏ ခေတ်အမီ ဆုံး တိုက် လေ ယာဉ် များ နှင့် သယ် ယူ ပို ဆောင် ရေး လေ ယာဉ် များ အီ ရန် နိုင် ငံ တွင် ဆင်းသက်ခဲ့သည်။ ယင်းလေယာဉ်များကို အီရန်နိုင်ငံက ထိန်းသိမ်းထားခဲ့ သည်။ ထို့ပြင် အီရတ်နိုင်ငံက ရေနံစည်သန်းပေါင်း

အစွမ်းရေးနိုင်ငံ တဲလ်အဗစ်မြို့ကို အီရတ်တို့၏ စကဉ်ဒ်ဒုံးကျည်ထိမှန်ပုံ



များစွာကို ပင်လယ်ကွေ့အတွင်းသို့ သွန်ချလျက်ရှိရာ ကူဝိတ်မှ တောင်ပိုင်းရှိ ဆအူးဒီအာရေဗျ ကမ်းခြေသို့ တဖြည်းဖြည်းမျောလျက်ရှိပြီး ရေနုံပြင်ကြီးမှာ မိုင်ပေါင်းများစွာ ကျယ်ပြန့်လျက်ရှိနေခဲ့သည်။ ရေနုံပြင်ကြီးမှာ အချို့နေရာများတွင် မီးလောင်လျက်ရှိသည်။ ကူဝိတ်အား အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက ကမ်းတက် တိုက်ခိုက်မှုများ ပြုလုပ်လာပါက ရေနုံပြင်ကြီးအား မီးရှို့၍ အတားအဆီး အကာအကွယ် ပြုလုပ်ရန် အီရတ်က ရည်ရွယ်ထားခြင်းဖြစ်သည်။

မြေပြင်ထိုးစစ်မဟုတ်သော ပထမဆုံးမြေပြင်တိုက်ပွဲ

ဇန်နဝါရီလ ၂၉ ရက်မှစ၍ နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့နှင့် အီရတ်တပ်ဖွဲ့တို့အကြား ပထမဆုံးအကြိမ်အဖြစ် မြေပြင်တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။ အီရတ်တပ်ဖွဲ့များသည် ထိုနေ့ည၊ပိုင်းမှစ၍ ကူဝိတ်မှ ဆအူးဒီအာရေဗျ နိုင်ငံတွင်းသို့ အနည်းဆုံးလေးကြိမ်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သံချပ်ကာယာဉ်များ၊ တင့်ကားများဖြင့် ဝင်ရောက်လာသော အီရတ်တပ်ဖွဲ့ ရာပေါင်းများစွာကို နိုင်ငံစုံတပ်ဖွဲ့က လေယာဉ်များ၊ ရဟတ်ယာဉ်များ အကူအညီဖြင့် ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သည်။ ဝင်ရောက်ခဲ့သော အီရတ်တပ်ဖွဲ့အချို့သည် ကူဝိတ်နယ်စပ်အနီးရှိ ခါဖ်ကျွမ်းမို့ အချို့တစ်ဝက်ကို သိမ်းပိုက်တားခဲ့သည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆအူးဒီအာရေဗျတပ်များက ခါဖ်ကျွမ်းကိုပြန်လည်သိမ်းပိုက်ရန် အီရတ်တပ်ဖွဲ့များကို တွန်းလှန် တိုက်ခိုက်ခဲ့ရာ ဆအူးဒီအာရေဗျတပ်ဖွဲ့အား နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့က အကူအညီပေးခဲ့ပြီး အမေရိကန်မရိန်းတပ်များက အမြောက်နှင့်လေကြောင်း ပစ်ကူများ ပေးခဲ့သည်။ ထိုနေ့နှောင်းပိုင်းတွင် ခါဖ်ကျွန်းပေါ်အား ဆအူးဒီအာရေဗျတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ခါဖ်ကျွမ်းတိုက်ပွဲတွင် အီရတ်စစ်သည် ၁၀၀ ခန့် သေကြေဒဏ်ရာရရှိပြီး ၅၀၀ ခန့်တို့အား သုံ့ပန်းများအဖြစ် ဖမ်းဆီးရမိသည်။ အီရတ်တို့၏ တင့်ကားနှင့် မော်တော်ယာဉ်အစီး ၇၀ ကိုဖျက်ဆီးနိုင်ခဲ့သည်။ ဘီ ၅၂ ဗုံးကြဲလေယာဉ်ကြီးများပါဝင်သော ဗုံးကြဲလေယာဉ်များကလည်း အီရတ်တို့၏ ရီပတ်ဘလစ်ကင်တပ်များကို အကြိမ်ပေါင်း ၃၅၀ ကျော် သွားရောက်ဗုံးကြဲခဲ့ပြီး ဗြိတိသျှတိုနေးဒိုးနှင့် ဂျက်ဂူးလေယာဉ်များက ဒုံးကျည်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မဟာမိတ်တပ်ဖွဲ့၏ အပြင်းအထန် လေကြောင်းစစ်ဆင်မှုများကြောင့် အီရတ်တို့၏ လေကြောင်းကာကွယ်ရေးစနစ်မှာ လုံးဝပျက်စီးသွားပြီဖြစ်ကြောင်း ပင်လယ်ကွေ့ရှိ အမေရိကန်တပ်ဖွဲ့များ၏ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နော်မန် ရွာ်ဇကောဖ်က ပြောကြားခဲ့သည်။ စစ်ဆင်ရေးပထမအဆင့်တွင် အမေရိကန်နှင့် မဟာမိတ် တပ်ဖွဲ့တို့က လေကြောင်းသာလွန်မှုဖြင့် အီရတ်၏ ကွပ်ကဲမှုဌာနများ၊ မဟာဗျူဟာအရ အရေးကြီးသော ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး စစ်ဆင်ရေး၏ ဒုတိယအဆင့်တွင် အီရတ်မှ ကူဝိတ်သို့ ထောက်ပံ့ရေး လမ်းကြောင်းအား အဓိကထားတိုက်ခိုက်ခဲ့သည်။

လေကြောင်းစစ်ဆင်မှုကို အရှိန်မြှင့်တင်ကာ ဆက်လက်တိုက်ခိုက်ခြင်း

အီရတ်ဘက်က မြေပြင်စစ်ပွဲကို စတင်ဆင်နွှဲလိုသည့် သဘောရှိခဲ့သည်။ သို့ရာတွင် နိုင်ငံစုံတပ်ဖွဲ့ဘက်ကမူ အချိန်ကို စောင့်ဆိုင်းခဲ့ပြီး လက်ရှိ မဟာဗျူဟာဖြစ်သည့် လေကြောင်းမှ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခြင်းများကိုသာ ဆက်လက်ပြုလုပ်ခဲ့သည်။ အီရတ်၏ တိုက်ခိုက်မှုများသည် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့တို့ဘက်မှ အဆင်သင့်မဖြစ်မီ မြေပြင်စစ်ဆင်မှုကို စောရှိပြုလုပ်လာစေရန် ဆွဲဆောင်ချက်သာဖြစ်သည်။ အမေရိကန်သမ္မတ ဂျော့ဘုရှ်ကလည်း ပင်လယ်ကွေ့စစ်ပွဲအား မိမိသဘောအတိုင်း ဆင်နွှဲမည်ဖြစ်ပြီး အချိန်မတိုင်မီ မြေပြင်တိုက်စစ်ကို ဆင်နွှဲမည် မဟုတ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ အမေရိကန်နှင့်မဟာမိတ်တပ်ဖွဲ့များက စစ်ပွဲကို ကိုယ်ပိုင်အချိန်ဇယားအတိုင်း ဆင်နွှဲရန် ပြင်ဆင်ထားခဲ့သည်။

သို့ဖြစ်ရာ မြေပြင်ထိုးစစ်ကို စတင်ပြင်ဆင်သည့်အနေဖြင့် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက ကူဝိတ်ရှိ ပစ်မှတ်များကို လေကြောင်းမှ အပြင်းအထန် ဆက်လက်တိုက်ခိုက်ခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲ ၁၉ ရက်မြောက်နေ့ဖြစ်သော ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ၏ လေကြောင်းစစ်ဆင်မှုမှာ သမိုင်းဟုတ် မကြုံဖူးလောက်အောင် ပြင်းထန်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားအများအပြား သေကြေဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ဘက်က ကြေညာသည်။ အီရတ်တို့ကလည်း ၎င်းတို့တပ်ဖွဲ့ရှိသည့် နေရာများကို ဗုံးကြဲလေယာဉ်များမမြင်နိုင်အောင် ဖုံးကွယ်သည့်အနေဖြင့် ကူဝိတ်ရှိ ရေနုံတွင်း အများအပြားကို မီးတင်ရှို့ခဲ့ကြသည်။ အီရတ်တပ်မတော်၏ အားအကိုးရဆုံး အမာခံကျောရိုးဖြစ်သည့် လက်ရွေးစင်အစောင့်တပ်များမှာ ဗုံးကြဲမှုဒဏ်ကို ကြံ့ကြံ့ခံလျက်ရှိပြီး မြေပြင်ထိုးစစ်ဆင်နွှဲရန် စောင့်ဆိုင်းလျက်ရှိသည်။ ကူဝိတ်ကမ်းလွန်ရှိ အမေရိကန်စစ်သင်္ဘော မစ်ဇ်ုရီက ၁၆ လက်မ အမြောက်ကြီးများဖြင့် ပေါင် ၂၀၀၀ ရှိ ဗုံးများကိုပစ်ခတ်ပြီး အီရတ်တို့၏ ရေဒါစခန်းများ၊ ဒုံးပျံစခန်းများ

ကတုတ်ကျင်းမျှားနှင့် သံချပ်ကာကား တပ်ဖွဲ့နေရာမျှားကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ တိုက်သဘော်ဝ ဝက်စ်ကွန်ဆင်ကလည်း မစ်ဇိုရီနှင့်ပူးပေါင်းကာ အမြောက်ကြီးမျှားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထိုအတောအတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဒစ်ချေနီနှင့်ပူးတွဲစစ်ဦးစီးချုပ်မျှား ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကောလင်းပါဝဲလ်တို့သည် ဆာ့ဒ်အာရေဗျနိုင်ငံသို့ ရောက်ရှိလာပြီး မဟာမိတ်တပ်ဖွဲ့တပ်မှူးမျှားနှင့် ဆွေးနွေးကာ မြေပြင်တိုက်ပွဲမျှား မည်သည့်အချိန်တွင် စသင့်သည်ဆိုသည့်အချက်ကို လေ့လာသုံးသပ်လျက် ရှိခဲ့သည်။ အဓိကအချက်မှာ မြေပြင်ထိုးစစ်မစတင်မီ အီရတ်တို့၏ စစ်ဆင်နိုင်မှုစွမ်းရည် ထက်ဝက်မျှကို ဖျက်ဆီးပစ်ရန်ဖြစ်ပြီး နိုင်ငံစုံတပ်ဖွဲ့အနေဖြင့် အသေအပျောက်နည်းနိုင်သမျှနည်းစေရန် ဖြစ်သည်။ ပင်လယ်ကွေရှိ မဟာမိတ်တပ်ဖွဲ့တပ်မှူးမျှားနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဝါရှင်တန်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသော ဒစ်ချေနီနှင့် ကောလင်းပါဝဲလ်တို့သည် သမ္မတ ဂျေ့ဘုရှ်ထံ အစီရင်ခံစာ တစ်ရပ်ကို တင်ပြခဲ့ရာ ဘုရှ်က ယင်းအစီရင်ခံစာကို ကြားနာပြီးနောက် လေကြောင်း စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအစီအမံအတိုင်းပင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့မျှားက လေကြောင်းစစ်ဆင်ရေးကို အရှိန်မြှင့်တင်ကာ ဆက်လက်ဆင်နွှဲနေခဲ့သည်။

ဤသို့ လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်မှုမျှားကြောင့် ကူဝိတ်နှင့် အီရတ်တောင်ပိုင်းရှိ အီရတ်တင့်ကား ၄,၂၀၀ အနက် သုံးပုံတစ်ပုံနီးပါး ဖျက်ဆီးလိုက်နိုင်ပြီး သံချပ်ကာယဘဉ်အစီး ၈၀၀ ကျော်နှင့် အမြောက်အလက်ပေါင်း ၁၀၀၀ ကျော်ကိုလည်း ဖျက်ဆီးပစ်နိုင်ခဲ့သည်။ ယင်းသို့ရှိနေစဉ် အီရတ်စစ်သည်အချို့ ဆာ့ဒ်အာရေဗျနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ကာ လက်နက်ချအညံ့ခံသည့်သတင်းမျှားလည်း ထွက်ပေါ်လာခဲ့သည်။ စစ်ပွဲအရှိန် မြင့်တက်လာနေမှုကြောင့် အလွန်ဆိုးဝါးသော အခြေအနေတစ်ရပ်သို့ မကူးပြောင်းမီ စစ်ပွဲကိုအဆုံးသတ်နိုင်မည့်နည်းလမ်းမျှား ရှာဖွေရန်နှင့် ကူဝိတ်ရှိအီရတ်တပ်ဖွဲ့မျှား ပြန်လည်ရုပ်သိမ်းရန် ဆက်ဒမ်ဟူစိန်ကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်မျှားက မေတ္တာရပ်ခံခဲ့သော်လည်း ဆက်ဒမ်ကလက်မခံဘဲ ဒူးမထောက်လက်မမြှောက်သည့်ပုံစံမျိုးဖြင့် တင်းခံနေခဲ့သည်။ ငြိမ်းချမ်းရေးရရှိရန် သံခင်းတမန်ခင်း ကြိုးပမ်းမှုမျှားမှာလည်း အရာမထင်ခဲ့ချေ။

အီရတ်နိုင်ငံ၏တပ်ရုပ်သိမ်းရေးအဆိုပြုချက်

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ပင်လယ်ကွေစစ်ပွဲနှင့်စပ်လျဉ်း၍ တံခါးပိတ်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ကုလသမဂ္ဂ၏ ၎၅ နှစ်ကြာသက်တမ်းတွင် ယခုကဲ့သို့ တံခါးပိတ်ဆွေးနွေးခြင်းမှာ

ဖမ်းဆီးရမိသော အီရတ်စစ်သုံ့ပန်းမျှား



စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ၁၅ နှစ်အတွင်း ပထမဆုံး အကြိမ်ဖြစ်သည်။ ဆွေးနွေးပွဲသို့ ကုလသမဂ္ဂဆိုင်ရာ အီရတ်နိုင်ငံ သံအမတ်တက်ရောက်ခဲ့သည်။

ဤသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိစဉ် ကူဝိတ်မှ အီရတ်တပ်များ ခြွင်းချက်မရှိ ရုပ်သိမ်းရေးဖြစ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၆၆၀ ကို သဘောတူလက်ခံမည်ဖြစ်ကြောင်း အီရတ် တော်လှန်ရေးကွပ်ကဲမှုကောင်စီက ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့ရာတွင် အီရတ်တပ်ဖွဲ့များရုပ်သိမ်းရေးကို နိုင်ငံစုံတပ်ဖွဲ့များ ပင်လယ်ကွေ့ဒေသမှရုပ်သိမ်းရေး၊ အသိမ်းပိုက်ခံ အာရပ်နယ်မြေများမှ အစွန်ရေးတပ်ဖွဲ့များ ဆုတ်ခွာရေးနှင့် လက်ဗန္ဓနတ္တင် ဆီးရီးယားနိုင်ငံက စစ်ရေးအရ ဝင်ရောက်စွက်ဖက်နေခြင်းကို အဆုံးသတ်ရေးနှင့် ဆက်စပ်ဆောင်ရွက်ရမည်ဟု အီရတ်ဘက်က ကြေညာခဲ့သည်။ ယင်းအဆိုပြုချက်ကို အမေရိကန်နှင့် မဟာမိတ်တဖ်ဖွဲ့နိုင်ငံများမှ ခေါင်းဆောင်များက ပယ်ချခဲ့ကြသည်။ အီရတ်ဆန့်ကျင်ရေး အာရပ်ရှစ်နိုင်ငံကလည်း အီရတ်၏ကမ်းလှမ်းချက်မှာ လက်မခံနိုင်သည့်အနေအထားများ ပါဝင်နေသဖြင့် လုံးဝပယ်ချကြောင်း ကြေညာခဲ့သည်။

မြေပြင်ထိုးစစ်စတင်ရန်ပြင်ဆင်မှု

ဤသို့ဖြင့် မြေပြင်ထိုးစစ်ကြီးစတင်ဆင်နွဲရန် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များကပြင်ဆင်ခဲ့ကြသည်။ အမေရိကန်စစ်သည်ထောင်ပေါင်းများစွာတင်ဆောင်ထားသော ကုန်းကြောင်း ရေကြောင်း ချေမှုန်းရေးသင်္ဘော ၃၁ စင်းသည် ပါရှင်းပင်လယ်ကွေ့၌ စုဖွဲ့လျက်ရှိခဲ့ကြသည်။ အဆိုပါအထူးတပ်ဖွဲ့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၃၀,၀၀၀ ပါဝင်ပြီး ရဟတ်ယာဉ်နှင့် ဂျက်လေယာဉ်များ တင်ဆောင်ထားသော အိုင်အိုဂျီမား၊ တာရာဝါ၊ နာဆောနှင့်ဂူအမ် စသော သင်္ဘောကြီးများလည်း ပါဝင်သည်။ မဟာမိတ်တပ်ဖွဲ့များ၏ ရေတပ်သင်္ဘောများကလည်း ပင်လယ်ကွေ့မြောက်ပိုင်းတွင်မိုင်းရှင်းရေးလုပ်ငန်းကိုလုပ်ဆောင်ရင်း မြေပြင်ထိုးစစ်စတင်ချိန်တွင် ကူဝိတ်အား ကမ်းတက်တိုက်ခိုက်ရေးအတွက် အသင့်ပြင်ဆင်ထားသည်။

စစ်ရပ်စဲရန်ကြိုးပမ်းမှု

အီရတ်နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ်က မြေပြင်ထိုးစစ်ကို ရှောင်လွဲနိုင်ရန်အတွက် မော်စကိုမြို့သို့သွားရောက်ကာ ဆိုဗီယက်သမ္မတဂေါ်ဘာချေ့ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့ကြသည်။ ဂေါ်ဘာချေ့က ပင်လယ်ကွေ့ပြဿနာဖြေရှင်းရေး အစီအစဉ်တစ်ရပ်ကို တင်သွင်းဆွေးနွေးခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ ဆိုဗီယက်သံအမတ်ကြီး ကလည်း ဆိုဗီယက်သမ္မတ၏ ငြိမ်းချမ်းရေးအစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ရှင်းလင်းတင်ပြခဲ့သည်။ အီရတ်တပ်ဖွဲ့များ ကူဝိတ်မှ ခြွင်းချက်မရှိ အပြည့်အဝ ရုပ်သိမ်းရေးအပါအဝင် အချက် ၅စ်ချက်အပေါ် မူတည်ထားသည့် အဆိုပါငြိမ်းချမ်းရေးအစီအစဉ်ကို ဆိုဗီယက်နှင့် အီရတ်နိုင်ငံတို့ သဘောတူညီမှု ရရှိခဲ့သည်။ မော်စကိုဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဆိုဗီယက်သမ္မတဂေါ်ဘာချေ့က အမေရိကန်သမ္မတ ဂျေ့ဘုရှ်နှင့် အဆက်အသွယ် ပြုလုပ်ခဲ့သည်။ ဂျေ့ဘုရှ်က ငြိမ်းချမ်းရေးအစီအစဉ်မှာ လက်ခံနိုင်ဖွယ်ရာ မရှိကြောင်း ပြောကြားခဲ့သည်။ အီရတ်တပ်များ ရုပ်သိမ်းမှုတွင် ချမှတ်ထားသော စည်းကမ်းချက်များမှာ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ဘောင်ကို ကျော်လွန်လျက် ရှိသည်ဟု ဆိုသည်။

သမ္မတဘုရှ်၏ ရာဇသံ

တပ်ရုပ်သိမ်းရေးစည်းကမ်းသတ်မှတ်ချက်နှင့် ပတ်သက်၍ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့ရာ အမေရိကန်သမ္မတ ဂျေ့ဘုရှ်က အီရတ်တပ်များကူဝိတ်မှ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့စနေနေ့ ဂရင်းနစ်စံတော်ချိန် ၁၇ ဝဝ နာရီနောက်ဆုံးထား၍အမြန်ဆုံးနှင့်ခြွင်းချက်မရှိ ရုပ်သိမ်းပေးရမည်ဟု တောင်းဆိုလိုက်သည်။ အီရတ်နိုင်ငံကဂျေ့ဘုရှ်၏ တောင်းဆိုချက်ကို ရှုတ်ချလိုက်ပြီး နောက်မဆုတ်တမ်းကြုံကြုံခံရေး လမ်းစဉ်ကိုသာရွေးချယ်ခဲ့သည်။


မြေပြင်ထိုးစစ်စတင်ဖြစ်ပွားခြင်း

ဤသို့ဖြင့် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၀၁ ဝဝ နာရီတွင် အမေရိကန်ဦးဆောင်သည့်နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့က မြေပြင်ထိုးစစ်ကို စတင်ဆင်နွဲလိုက်သည်။ ဂျေ့ဘုရှ်ရာဇသံပေးခဲ့ပြီး ရှစ်နာရီအကြာတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ကူဝိတ်နိုင်ငံပြန်လည်သိမ်းပိုက်ရေး မြေပြင်ထိုးစစ်တွင် ရေကြောင်း၊ ကြည်းကြောင်းများအပါအဝင်စစ်မျက်နှာအများအပြားမှ စတင် တိုက်ခိုက်ခဲ့သည်။ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များသည် ကူဝိတ်မြို့တော်သို့ဦးတည်၍ ချီတက်ခဲ့ကြသည်။ တိုက်ခိုက်မှုများတွင် ကူဝိတ်နှင့် အီဂျစ်တပ်ဖွဲ့ဝင်များကရွေ့ဆုံးမှ နေရာယူတိုက်ခိုက်ခဲ့ပြီး ကူဝိတ်ကမ်းခြေတစ်လျှောက်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကကမ်းတက်တိုက်ပွဲများကို ဆင်နွဲခဲ့ကြသည်။ အမေရိကန်

စစ်သဘော်ဝမစ်ဇုရီကလည်း အီရတ်နိုင်ငံကုန်းမြင့်ပိုင်းနှင့် ကူဝိတ်ကုန်းတွင်းပိုင်းရှိ အီရတ်တပ်ဖွဲ့များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မြေပြင်ထိုးစစ် ပထမနေ့ ပြီးဆုံးချိန်တွင် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်။ မြေပြင်ထိုးစစ်တွင် အီရတ်ဘက်မှ ခုခံမှုအနည်းငယ်သာရှိခဲ့ရာ ယင်းကိုထောက်ရှုခြင်းအားဖြင့် စစ်ပွဲသည် အချိန်တို အတွင်းပြီးဆုံးမည့်သဘောကိုပြသနေပေသည်။

မြေပြင်ထိုးစစ် ဒုတိယနေ့ဖြစ်သည့် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မဟာမိတ် တပ်ဖွဲ့များ ကူဝိတ်နိုင်ငံအတွင်းသို့ နက်ရှိုင်းစွာထိုးဖောက် ဝင်ရောက်နိုင်ခဲ့သည်။ အမေရိကန် မရိန်းတပ်ဖွဲ့များနှင့် ဆအူးဒီ အာရေဗျ၊ ကူဝိတ်၊ အီဂျစ်၊ ဆီးရီးယားတပ်များက အီရတ်တပ်ဖွဲ့များ၏ ခံစစ်ကြောင်းကို ထိုးဖောက်နိုင်ခဲ့ကြသည်။ သို့ဖြစ်ရာ ကူဝိတ်မြို့တော်သို့ဝင်ရောက်ရန်မှာ အဆင်သင့်ဖြစ်နေပြီး အပြီးသတ်အောင်ပွဲခံရန် လက်တစ်ကမ်းအလိုသာရှိတော့သည်။ လေထီးစစ်သည်များကလည်း ကူဝိတ်မြို့တော်၏ မြောက်ဘက်တွင် ဆင်းသက်ခဲ့ကြသည်။ မြေပြင်ထိုးစစ်တွင် အီရတ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ လက်နက်ချခဲ့ကြသည်။ စစ်ပွဲပြီးဆုံးရန် အချိန်နီးကပ် လာနေစဉ်မှာပင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက စစ်ပွဲအရှိန်ကိုမြှင့်တင်ပြီး အီရတ်တို့၏ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေး လမ်းကြောင်းများကို ဖြတ်တောက်ရန် ရည်ရွယ်လျက် ရဟတ်ယာဉ် ၃၀၀ ခန့်ဖြင့် အီရတ်နိုင်ငံအတွင်း နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ကာ စစ်သမိုင်းတွင် အကြီးမားဆုံးသော ရဟတ်ယာဉ် စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် အမေရိကန် အမှတ် ၁၀၁ လေကြောင်းခြီ တပ်မမှ ရဟတ်ယာဉ်များသည် စစ်သည်များ၊ မော်တော်ယာဉ်များ၊ အမြောက်များ၊

လွတ်မြောက်သွားသော ကူဝိတ်မြို့တော်ကမ်းခြေမှ သဲကို အမှတ်တရအဖြစ် ယူနေသော ဗိုလ်ချုပ်ကြီး ရှပ်ဇ်ကော့ပ်





တိုက်ပွဲဝင်နေသော အမေရိကန်လေတပ်ဖွဲ့မှ လေသူရဲတစ်ဦး

ခဲယမ်းမီးကျောက်များနှင့် လောင်စာဆီများကို အီရတ် နိုင်ငံအတွင်း မိုင် ၅၀ ကျော်အထိ လေကြောင်းမှ ပို့ဆောင်ပေးခဲ့သည်။ အဓိက ရည်မှန်းချက်မှာ ကူဝိတ် အနောက်ဘက်ရှိ အီရတ်နယ်မြေတွင် ခိုင်မာသည့် ရှေပြေး စခန်း တည်ဆောက်ရန်ဖြစ်သည်။

တပ်ဖွဲ့များရုပ်သိမ်းရန် အီရတ်က ကြေညာခြင်း

မြေပြင်ထိုးစစ်၏ ပြင်းထန်မှုကြောင့် အီရတ်တို့အရေး နိမ့်လျက်ရှိစဉ် အီရတ်တပ်ဖွဲ့များ ကူဝိတ်မှ ပြန်လည်ရုပ် သိမ်းရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း ဘဂ္ဂဒက် ရေဒီယို က ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကြေညာခဲ့သည်။ စစ်မဖြစ်မီနှင့် စစ်ပွဲတစ်လျှောက်လုံး တင်းမာလာခဲ့သည့် ဆက်ဒမ်ဟူစိန်မှာလည်း ဆိုဗီယက် သမ္မတဂေါ်ဘာချေ့ အား အပစ်အခတ် ရပ်စဲရေးအတွက် ကုလသမဂ္ဂတွင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ လာရတော့သည်။ အီရတ်၏တပ်ရုပ်သိမ်းရေး ကြေညာချက်အား အမေရိကန် ပြည်ထောင်စုက ပယ်ချခဲ့ပြီး စစ်ပွဲကိုဆက်လက်တိုက်ခိုက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီရတ်တပ်ဖွဲ့ များ အမှန်တကယ် ရုပ်သိမ်းမည်ဆိုပါကလည်း ဖေဖော် ဝါရီလ ၂၂ ရက်က အမေရိကန်ပြည်ထောင်စု အဆိုပြုခဲ့ သော အချက်များ အပေါ် သဘောတူညီကြောင်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အားလုံးကို လက်ခံမည်ဖြစ်ကြောင်း သမ္မတဆက်ဒမ်ဟူစိန်က ကြေညာ ရမည်ဟု တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင် စီကလည်း ဆိုဗီယက်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက် ဖြင့် တံခါးပိတ်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ကူဝိတ်နိုင်ငံ ပြန်လည် လွတ်မြောက်ခြင်း

မဟာမိတ်တပ်ဖွဲ့များ ကူဝိတ် မြို့တော်ဆီသို့ ရှေ့တိုး၍ ချီတက်လာနေစဉ်တွင် အီရတ်တပ်ဖွဲ့များက မြေလှန်စနစ် ကျင့်သုံးသည့်အနေဖြင့် မြို့တော်ရှိ ဇီမခံဟိုတယ်လေးခုနှင့် ပါလီမန် အဆောက်အအုံကို ဖျက်ဆီးပြီး ဆုတ်ခွာခဲ့ကြ သည်။ မြေပြင်ထိုးစစ် သုံးရက်မြောက်နေ့ ဖြစ်သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အီရတ်တို့သိမ်းပိုက်ခြင်းခံ ရသည့် ကူဝိတ်မြို့တော်သို့ ကူဝိတ်တပ်ဖွဲ့များ ပထမဆုံး အကြိမ် ပြန်လည် ဝင်ရောက်နိုင်ခဲ့သည်။ မြို့တော်တွင် ကူဝိတ်နိုင်ငံသားများမှာ ပျော်ရွှင်နေကြပြီး ကူဝိတ် အလံများကို နေရာတိုင်းတွင် လွှင့်ထူ ထားကြသည်။ အဆောက်အအုံများမှာ ပျက်စီးနေပြီးလမ်းများကိုလည်း ပိတ်ဆို့ထားကြသည်။ ကူဝိတ် နိုင်ငံတကာလေဆိပ်ကို အမေရိကန် မရိန်းတပ်သားများက ဝိုင်းရံကာ နာရီ အနည်းငယ်အတွင်းအပိုင်စီးသိမ်းပိုက်နိုင်ခဲ့သည်။ ဆုတ်ခွာ



ကူဝိတ်မြို့တော် လုံးဝလွတ်မြောက်သွားပြီးနောက် ဝမ်းသာပျော်ရွှင်နေကြသော ကူဝိတ်ပြည်သူများ

သွားသော အီရတ်တပ်ဖွဲ့များနှင့် မဟာမိတ်တပ်ဖွဲ့များ အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ အီရတ်တပ်ဖွဲ့များ ဆုတ်ခွာသွားသည်နှင့် ကူဝိတ်နိုင်ငံတစ်ဝန်း မာရှယ်လော ဥပဒေကို သုံးလကြာ ပြဋ္ဌာန်းလိုက်ကြောင်း ပြည်ပရောက်ကူဝိတ်စော်ဘွား ရှိတ်ဂျာဘားအယ်လ်အာမက် အယ်လ်ဆာဘားကကြေညာခဲ့သည်။ ထို့ပြင် အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ဖြစ်သူ ရှိတ်ဆက်အယ်လ်အမ္ဒဒူလာ အယ်လ်ဆာဘားအား စစ်အုပ်ချုပ်ရေးမှူး ခန့်အပ်ခဲ့သည်။ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ကူဝိတ်မြို့တော်သည်လုံးဝလွတ်မြောက်သွားပြီ ဖြစ်ကြောင်းကြေညာခဲ့ရာ ကူဝိတ်မြို့တော်သိမ်း တိုက်ပွဲအပြီးအပိုင် အောင်မြင်မှုရရှိကြောင်း ပထမဆုံးကြေညာခဲ့သည့် ကမ္ဘာ့ခေါင်းဆောင် တစ်ဦးဖြစ်သည်။ ဤသို့ဖြင့် ကူဝိတ်နိုင်ငံသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အီရတ်၏ ကျူးကျော်သိမ်းပိုက်မှုမှ လုံးဝလွတ်မြောက်ခဲ့သည်။ ထိုနေ့နံနက်ပိုင်းက ကူဝိတ်မြို့တော်မြို့လယ်ခေါင်ရှိ ပန်းခြံတစ်ခုတွင် ကူဝိတ်နိုင်ငံ အလံတင်အခမ်းအနား တစ်ရပ်ကျင်းပခဲ့ရာ ကူဝိတ်စစ်သားများက ကူဝိတ်နိုင်ငံ အလံအား လွှင့်တင်ကြပြီး အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။

ပင်လယ်ကွေ့ စစ်ပွဲ ပြီးဆုံးခြင်း

အမေရိကန် ပြည်ထောင်စု၊ ဆိုဗီယက် ပြည်ထောင်စုနှင့် အခြားနိုင်ငံများက ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် ၁၂ ချက်စလုံးကို အီရတ်နိုင်ငံက လက်ခံရန် တောင်းဆိုခဲ့ကြသည်။ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များကလည်း စစ်ဆင်မှုအားလုံးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရပ်ဆိုင်းလိုက်သည်။ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး စတင်ပြီး ရက်သတ္တပတ် ခြောက်ပတ်အကြာနှင့် မြေပြင်ထိုးစစ် စတင်ပြီး နာရီပေါင်း ၁၀၀ တိတိ အကြာတွင် စစ်ဆင်မှု ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ တိုက်စစ်ဆင်မှု အားလုံးရပ်ဆိုင်းလိုက်မည်ဖြစ်ကြောင်းကို အမေရိကန် သမ္မတ ဂျော့ဘုရှ်က ရုပ်မြင်သံကြားမှ တစ်ဆင့် ကြေညာခဲ့သည်။

ဂျော့ဘုရှ် ကြေညာချက် ထွက်ပေါ်လာပြီးနောက် မရွေးမနှောင်းတွင် အီရတ်နိုင်ငံက ပင်လယ်ကွေ့ပြဿနာနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၂ ချက်စလုံးကို လိုက်နာမည်ဖြစ်ကြောင်းကို ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်နှင့် လုံခြုံရေးကောင်စီသို့ အကြောင်းကြားခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပင်လယ်ကွေ့စစ်ပွဲ အပစ်အခတ်ရပ်စဲရေးအတွက် မဟာမိတ်တပ်ဖွဲ့များဘက်မှ လိုအပ်ချက်ချမှတ်မှုနှင့် စပ်လျဉ်း၍ အမေရိကန်၏ အဆိုပြုချက်မူကြမ်းကို အတည်ပြုခဲ့သည်။ အတည်ပြုလိုက်သောဆုံးဖြတ်ချက်အရ စစ်သုံ့ပန်းများ ချက်ချင်းလွှဲလှယ်ရေး၊ ကူဝိတ်အား အီရတ်နိုင်ငံအတွင်း သိမ်းသွင်းမှုကို ပြန်လည် ဖျက်သိမ်းပေးရေးနှင့် စစ်လျော်ကြေးများကို အီရတ်နိုင်ငံက ပေးဆပ်ရေးတို့ ပါဝင်သည်။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ အဆိုပါ နောက်ဆုံး အတည်ပြု ဆုံးဖြတ်ချက်ကို အီရတ်နိုင်ငံက လက်ခံခဲ့သည်။

မတ်လ ၃ ရက်နေ့က အီရတ်နိုင်ငံ တောင်ပိုင်းရှိ ဆပ်ဖ်ဝမ် လေတပ်စခန်းတွင် မဟာမိတ် တပ်ဖွဲ့များနှင့် အီရတ်စစ်ဘက်ဆိုင်ရာတို့၏ဆွေးနွေးပဲ့ကျင်းပခဲ့ရာပင်လယ်ကွေ့စစ်ပွဲတွင် အမြဲတမ်း အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကို ရရှိစေမည့် အချက်အလက်များအပေါ် သဘောတူညီမှု ရရှိခဲ့ကြသည်။ အီရတ်က စစ်သုံ့ပန်းများအားလုံးပြန်လွှတ်ပေးရန် သဘောတူညီခဲ့သည်။ အမြဲတမ်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ် ရေးထိုးပြီး နောက်ပိုင်းတွင် မဟာမိတ်တပ်ဖွဲ့အားလုံး အီရတ်နယ်မြေမှ ပြန်လည်ရုပ်သိမ်းပေးမည် ဖြစ်သည်။ ဤသို့ဖြင့် မီးကုန်ယမ်းကုန် အစုမ်းကုန်ကြခဲ့သော ပင်လယ်ကွေ့ စစ်ပွဲကြီး မှာလည်း ပြီးဆုံးသွားတော့သည်။

ပင်လယ်ကွေ့စစ်ပွဲတွင် အီရတ် တင့်ကား အစီးပေါင်း ၃,၅၀၀၊ သံချပ်ကာယာဉ် ၂၀၀၀၊ အမြောက်အလက်ပေါင်း ၂၀၀၀ ဆုံးရှုံးခဲ့ပြီး အီရတ် စစ်သည် ၇၅,၀၀၀ ခန့် သေဆုံးဒဏ်ရာရရှိနိုင်သည်ဟုစစ်ဘက်ဆိုင်ရာတို့က ခန့်မှန်းထားသည်။ အမေရိကန် စစ်သည် ၃၉ ဦး အပါအဝင် မဟာမိတ် စစ်သည် ၁၄၀ သေဆုံးခဲ့သည်ဟု ဆိုသည်။ ပင်လယ်ကွေ့စစ်ပွဲကာလတွင် စစ်ကိုဆန့်ကျင်သည့် ဆန္ဒပြမှုများ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့သည်။ ထို့ပြင် အမေရိကန်နှင့် မဟာမိတ် နိုင်ငံများ၏ အကျိုးစီးပွားကို ဆန့်ကျင်တိုက်ခိုက်သည့် အကြမ်းဖက်မှုများနှင့် ဗုံးဖောက်ခွဲမှုများကြောင့် သေကျေ ဒဏ်ရာရရှိမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ နေရာ အတော်များများတွင် ဖြစ်ပေါ်ခဲ့သည်။ စီးပွားရေး မျက်နှာစာတွင်လည်း ပင်လယ်ကွေ့စစ်ပွဲကြောင့် ရေနံဈေးနှုန်းများနှင့် စတော့ရှယ်ယာ ဈေးကွက်များ မတည်မငြိမ်ဖြစ်ခဲ့ရသည်။ စစ်ပွဲအခြေအနေပေါ် မူတည်၍ အတက်အကျများရှိခဲ့သည်။ နိုင်ငံရေး ဂယက်ရိုက်ခတ်မှုအဖြစ် ပင်လယ်ကွေ့ စစ်ပွဲကြောင့် ပါလက်စတိုင်း ပြဿနာ ဖြေရှင်းရေးအတွက် အခွင့်အလမ်းကောင်း တစ်ရပ်ကို ဖြစ်ပေါ်စေရန် လမ်းပွင့်သွားစေသည်ဟု ဆိုရပေမည်။

ဦးခင်မောင်လေး





မျိုးချစ်စိတ်ခေတ်
ထက်သန်ရေးပညာပြန့်ပွားလှုံဆော်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးတွင် အစဉ်အလာက ကိန်းအောင်းလျက်ရှိသော မျိုးချစ်စိတ်ခေတ် ရှင်သန်ပွားများစေရေးနှင့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးကို လူထုဆက်သွယ်ရေးနည်းလမ်းဖြစ်သော စာပေအနုပညာနည်းဖြင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတိုင်းရင်းသားအပေါင်းသည် နယ်ခွဲဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် ပါဝင်ခဲ့သည်။ ပင်ကိုအားဖြင့်တည်ရှိနေသော မျိုးချစ်စိတ်ခေတ်ထက်သန်ရေး၊ ထိန်းသိမ်းအပ်သောဓလေ့ထုံးစံများ ရှင်သန်စေရေးကိုကြိုးပမ်းရာတွင် စာပေ၊ အသံလွှင့်ရုပ်မြင်သံကြားလုပ်ငန်းများဖြင့်နည်းလမ်းရှိသမျှ မြှင့်တင်လျက်ရှိသည်။

မျိုးချစ်စိတ်ခေတ်ထက်သန်ရေး ပညာပြန့်ပွားလှုံဆော်ရေး ကော်မတီ၏စာနယ်ဇင်းအဖွဲ့သည် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း၊ စာပေပြိုင်ပွဲ၊ အသံလွှင့်ခြင်းများ၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းများကို ပညာရှင်များနှင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရာတွင် လုပ်ငန်းဝါးရပ်ချမှတ်ထားသည်။

၁။ အမျိုးသားစိတ်ခေတ်၊ မျိုးချစ်စိတ်ထက်သန်မှု၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး တို့ကို အထောက်အကူပြုသော စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်း၊

၂။ ရည်ရွယ်ချက်ကိုအထောက်အကူပြုသော စာအုပ်များထဲမှ ရွားပါးသောစာအုပ်များကို ရွေးချယ်စိစစ်ပြီးပုံနှိပ်ခြင်း၊

၃။ မျိုးချစ်စိတ်ခေတ်ထက်သန်ရေး အကြောင်းအရာခေါင်းစီးဖြင့်စာပေပြိုင်ပွဲများကျင်းပခြင်း၊

၄။ အသံလွှင့်လုပ်ငန်းများ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများဖြင့် စီစဉ်တင်ဆက်ခြင်း၊

၅။ စာပေဂီတယဉ်ကျေးမှု ပေါင်းကူးဆက်သွယ်သော လူထုဆက်သွယ်ရေး နည်းလမ်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊

တို့ဖြစ်သည်။

သို့ဖြစ်၍သမိုင်းတွင် စံပြုလောက်သောဖြစ်ရပ်များဇာတိမာန်ဇာတိသွေးထက်သန်စွာဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများတွင် ထက်မြက်စွာကြိုးပမ်းခဲ့သောအကြောင်းအရာများ၊ ထိန်းသိမ်းပွားများအပ်သည့် ယဉ်ကျေးမှုဟုဆိုအပ်သော ဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှုများ၊ မြန်မာမှု မြန်မာ့ဟန်ပေါ်လွင်သည့် အနုပညာများဖြစ်သည့် ရိုးရာပန်းချီ ပန်းပုစသည့် အကြောင်းရပ်များ၊ နိုင်ငံ၏ မြေပေါ် မြေအောက်သယံဇာတကြွယ်ဝသည့် အမျိုးသားရေးရာများသည် စာပေနည်းဖြင့် အကောင်အထည်ဖော်ရမည့် အဓိကလုပ်ငန်းများအဖြစ် အကျုံးဝင်လျက်ရှိသည်။

စာပေပြိုင်ပွဲကျင်းပခြင်းဖြင့် မျိုးချစ်စိတ်နှင့်ဇာတိမာန်ကိုလှုံဆော်သည့်လုပ်ငန်းလည်းပါဝင်သည်။ပြိုင်ပွဲတွင် ဘာသာရပ် ငါးမျိုးသတ်မှတ်ထားရာ "ကျမ်းပြုစုခြင်း၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ကာတွန်း" တို့ဖြစ်သည်။ အကဲဖြတ်အဖွဲ့၏ထောက်ခံချက်ဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲသို့စာမူတင်သွင်းရန် နောက်ဆုံးရက်အဖြစ် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်ကို သတ်မှတ်သည်။

စာအုပ်ထုတ်ဝေရေးအစီအစဉ်တွင် မျိုးချစ်စိတ်ခေတ်တိုးတက် ပြန့်ပွားစေသော အတွေ့အကြုံ ဗဟုသုတများပါဝင်သည့် ကိုယ်တိုင်ရေးစာအုပ်များကို ကိုယ်တိုင်အတွေ့အကြုံရှိသူများအား ရေးသား၍ထုတ်ဝေစေခြင်း၊ ယခင်က ထုတ်ဝေခဲ့ဖူးပြီး မျိုးချစ်စိတ်ခေတ် လှုံဆော်မှုကိုအထောက်အကူပြုသောရွားပါးစာအုပ်များကို ပြန်လည်ထုတ်ဝေခြင်း၊ ပြိုင်ပွဲဝင်ဆုရကျမ်း၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာ ပေါင်းချုပ်များကို ထုတ်ဝေခြင်းတို့ပါဝင်သည်။

လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် ဖော်ပြပါလုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်သည်။

(က) စာအုပ်စာတမ်းပုံနှိပ်ထုတ်ဝေရေးအဖွဲ့၊
(ခ) စာအုပ်စာတမ်းရွေးချယ်ရေးအဖွဲ့၊
(ဂ) စာပေပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊
(ဃ) ကာတွန်းပြိုင်ပွဲကျင်းပရေးအဖွဲ့၊

(ဂ) ဆောင်းပါးနှင့် အာသံလွှင့်ချက် ရေးသားရေး အဖွဲ့

မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး ပညာ ပြန့်ပွား လှုံဆော်ရေး စာစဉ်အဖြစ် အောက်ပါ စာအုပ်များကို ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည်။

(က) ဗိုလ်မှူးကြီးဗထူး ရေးသူ ဦးတိုက်စိုး
(ခ) မဟာဗန္ဓုလ ရေးသူ ဦးသိမ်းမောင်
(ဂ) ခေး ရေးသူ မင်းဆွေ
(ဃ) ရဲဘော်သုံးကျိပ် ရေးသူ မြဒေါင်းညို
(င) ရွှေတောင်တိုက်ပွဲ ရေးသူ မြဒေါင်းညို
(စ) ဗမာ့တော်လှန်ရေး သမိုင်း ရေးသူ ဗိုလ်မှူးဘသောင်း
(ဆ) မြန်မာလူမျိုးတို့အပေါ် ကြမ်းတမ်းရက်စက် ယုတ်မာမှုများ ရေးသူ ဗိုလ်သံမဏိ
(ဇ) ငဘ ရေးသူမောင်ထင်
(စျ) နားခံတော် ရေးသူ ရွှေစကြာဦးစိုးမြင့်
(ည) ကျွန်တော်ပါဝင်ခဲ့သော မီနာမီကီကန်း ရေးသူ အိဇုမိယတတ်စုရော
(ဋ) စစ်တောင်းမြစ်ဝှမ်း တိုက်ပွဲ ရေးသူ ဘုန်းကြွယ်
(ဌ) မြန်မာရာဇဝင် ရေးသူ ဦးဘသန်း
(ဍ) ထိုင်းမြန်မာမီးရထားလမ်း ကိုယ်တွေ့ ခြေးတပ်မှတ်တမ်း (ပထမတွဲ – ဒုတိယတွဲ) ရေးသူ လင်းယုန်သစ်လွင်
(ဎ) မြန်မာစာညွှန့်ပေါင်းကျမ်း ရေးသူ ဦးကျော်ထွန်း
(ဏ) စစ်ထွက်သူ ရေးသူ မဟာဆွေ
(တ) မှန်နန်းရာဇဝင် ရေးသူ ပညာရှိကြီးများ

ဆက်လက်၍ စဉ်ဆက်မပြတ် ပုံနှိပ် ထုတ်ဝေနိုင်ရန် စာအုပ် စာမူများကိုလည်း စုဆောင်းထားပြီး ဖြစ်သည်။

စာပေ ဖွံ့ဖြိုးရေးလုပ်ငန်းကို ရှေးရှုလျက် အရည်အသွေးမီသော စာမူများ ထွက်ပေါ်ရေးနှင့် စာဖတ်ပရိသတ်များအား မျိုးချစ်စိတ်ဓာတ် ထက်သန်စေသော စာပေများ ဖတ်ရှုခွင့် ရရှိရေးကို ကြိုးပမ်းသောအားဖြင့် စာပေပြိုင်ပွဲကို ကျင်းပခြင်း ဖြစ်သည်။ သို့အတွက် ပြိုင်ပွဲဝင် စာမူများအား စိစစ်ရေးမူများကို အောက်ပါအတိုင်း ချမှတ်ထားသည်။

(က) မျိုးချစ် စိတ်ဓာတ် ရှင် သန် ပွား များ ပြီး တိုင်းချစ် ပြည်ချစ်စိတ် ရှင်သန်စေရန်၊
(ခ) ပြည် ထောင် စု ဖွား တိုင်း ရင်း သား တို့ ၏ သွေးစည်းချစ်ကြည်ရေးကို ရှေးရှုရန်၊
(ဂ) အကျင့်စာရိတ္တ ကောင်းမွန်မှုနှင့် ကိုယ်ကျင့်တရား ကောင်းမွန်မှုတို့ကို တည်ဆောက်ရန်၊
(ဃ) နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေ အေးချမ်း သာယာရေး၊ နိုင် ငံ တည် ဆောက် ရေး လုပ် ငန်း များ ကို အထောက်အကူပြုရန်၊
(င) အမျိုးသားယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးနှင့် ရိုးရာ အမွေအနှစ် ထိန်းသိမ်းလိုစိတ် ကိန်းအောင်းစေရန်၊

စာပေပြိုင်ပွဲအတွက် ယှဉ်ပြိုင်လိုသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း အောက်ပါအတိုင်း ချမှတ်ထားသည်။

(က) မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး ပညာပြန့်ပွား လှုံဆော်ရေး ကော်မတီ၏ စာနယ်ဇင်းအဖွဲ့၊ စာပေပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ အဖွဲ့ဝင်များ ယှဉ်ပြိုင်ခွင့် မရှိပါ။ (ယှဉ်ပြိုင်ပါက နုတ်ထွက်ပေးရန် ဖြစ်သည်။)
(ခ) ပြိုင်ပွဲဝင် စာမူသည် ပါဝင်ယှဉ်ပြိုင်သူ တစ်ဦးတည်းက ရေးသားပြီး မိမိကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက် ပါရှိရမည်။
(ဂ) စာအုပ်အဖြစ် ဖြစ်စေ၊ စာနယ်ဇင်းများတွင် ဖြစ်စေ ပုံနှိပ်ဖူးခြင်း မရှိစေရ။
(ဃ) အကိုးအထောက်များ ခိုင်မာစွာ တင်ပြနိုင်ရမည်။
(င) ပြိုင် ပွဲ ဝင် သူ သည် ဘာ သာ ရပ် တိုင်းတွင် ယှဉ်ပြိုင်ခွင့် ရှိသော်လည်း ဘာသာရပ်တစ်ခုစီတွင် စာမူ တစ်ခုသာ ယှဉ်ပြိုင်ခွင့် ရှိသည်။
(စ) စာမူ ရေးသား ပြုစုရာတွင် စာမျက်နှာ တစ်ဘက်ကိုသာ သုံးစွဲပြီး လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးမူဖြင့်ဖြစ်စေ ရှင်းလင်းစွာ ပြုစုလျက် မိတ္တူနှစ်စောင် တင်သွင်းရမည်။
(ဆ) ပြိုင်ပွဲဝင်စာမူများကို လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှ ပေးပို့နိုင်သည်။ သို့ရာတွင် သတ်မှတ်ထားသော နောက်ဆုံးတင်သွင်းရက်ထက် ကျော်လွန်ပါက စဉ်းစားမည် မဟုတ်ပါ။
(ဇ) စာမူကို ရွေးချယ် စိစစ်ခြင်းနှင့် ပတ်သက်၍ တစ်ဦးချင်းကို တစ်စုံတစ်ရာ ပြန်ကြားမည် မဟုတ်ဘဲ ဆုရ စာမူစာရင်းများကို သတင်းစာတွင် ဖော်ပြကြေညာမည် ဖြစ်သည်။
(စျ) မြန်မာစာအဖွဲ့က ပြဋ္ဌာန်းထားသော မြန်မာစာလုံးပေါင်း သတ်ပုံနှင့်ညီညွတ်စွာ ရေးသားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စာမူအဖြစ် တင်သွင်း

ပြီးမှ ပြန်လည် ပြုပြင်ရန် ယူဆောင်ခြင်းနှင့် ပြင်ပတွင် ပုံနှိပ်ရန် စီစဉ်ခြင်းမျိုး ခွင့်မပြုပါ။

(ည) ဆုရ စာမူများကို အစိုးရတိုက်ထုတ် စာအုပ် အနေဖြင့် တည်းဖြတ်ပြီး ပုံနှိပ်ထုတ်ဝေမည် ဖြစ်သည်။

ဘာသာရပ် တစ်ခုစီအတွက် ဆုငါးမျိုးစီ ချီးမြှင့်မည် ဖြစ်ရာ ပထမ ဆုငွေ ၁၅,၀၀၀ ကျပ်၊ ဒုတိယဆုငွေ ၁၃,၀၀၀ ကျပ်၊ တတိယ ဆုငွေ ၁၂,၀၀၀ ကျပ်၊ စတုတ္ထ ဆုငွေ ၁၁,၀၀၀ ကျပ်နှင့် ပဉ္စမဆုငွေ ၁၀,၀၀၀ ကျပ် အသီးသီး ချီးမြှင့်မည်ဖြစ်သည်။

ကာတွန်းပြိုင်ပွဲ ဝင်လိုသူများ ကျယ်ကျယ် ပြန့်ပြန့်သိ ရှိစေဖို့ စည်းကမ်းချက်များကို သီးခြား ထုတ်ပြန်ပြီး ကာတွန်းတင်သွင်းရမည့်နောက်ဆုံးရက်ကို ၃၁-၈-၉၁ ဟု သတ်မှတ်ထားသည်။

ထို့ပြင် မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အထောက် အကူပြု ဆောင်းပါးစာမူများ ပြုစုရေးသားရာတွင် ထား ရှိရမည့် သဘောထားများကိုလည်း ထုတ်ပြန်ထားသည်။ ဌာနဆိုင်ရာများမှ စာပေ ပညာရှင်များ ရေးသားသော ဆောင်းပါးများကို လစဉ်ထုတ် မဂ္ဂဇင်းများတွင် ဖော်ပြ နိုင်ရန် စာပေစိစစ်ရေးနှင့် မှတ်ပုံတင် ဌာနခွဲမှ တစ်ဆင့် ဆောင်ရွက်လျက် ရှိသည်။ နွေစဉ်ထုတ် လုပ်သားပြည်သူ နွေစဉ်သတင်းစာ (မြန်မာနှင့် အင်္ဂလိပ်) တွင်လည်း အလျဉ်းသင့်သလို ဖော်ပြလျက်ရှိသည်။

မျိုးချစ်စိတ်ဓာတ် လှုံဆော်ရေးစာစဉ် ဆောင်းပါး များကို မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဉီးစီးဌာန အနေဖြင့် "မြန်မာ့မူဟန်ဇာတိမာန်" ကဏ္ဍမှ အပါတ်စဉ် အင်္ဂါနှင့် သောကြာနေ့များတွင် ဟောပြောချက်အဖြစ် ထုတ်လွှင့်လျက် ရှိသည်။

လူတို့၏ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုကို ချမှတ်ထား သော ရည်ရွယ်ချက်များ ပြည့်ဝစေဖို့ လူထုဆက်သွယ်ရေး နည်းလမ်းများဖြစ်သော စာအုပ်စာပေ အသံလွှင့်ရုပ်မြင် သံကြားကဏ္ဍများဖြင့် ကြိုးပမ်းခြင်းသည် အမျိုးသားရေး လက္ခဏာဖြစ်သည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပန်းချီပန်းပု ပြပွဲ ပြိုင်ပွဲ

အနုပညာဉီးစီးဌာန၏ ဉီးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက စီစဉ်ခင်းကျင်းပြု သခဲ့သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပန်းချီ ပန်းပုနှင့် ပိုစတာပြပွဲပြိုင်ပွဲ၊ ရန်ကုန်မြို့ ဉီးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြုလုပ်သည့် ပြပွဲကို ၁၉၉၁ ခုနှစ် မေလ ၁ ရက်မှ ဩဂုတ်လ ဂ ရက်အထိ ပိတ်ရက်မရှိဘဲ ရက်ပေါင်း ၁၀၀ တိတိ ဖွင့်လှစ်ပြသခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး စောမောင်နှင့် နိုင်ငံတော်၏ အကြီးအကဲများ၊ ကျောင်းသား ကျောင်းသူများ၊ တပ်မတော်သားများ၊ ဝန်ထမ်းများ အပါအဝင် ရဟန်း ရှင်လူ ပြည်သူလူထု ၄၇,၀၀၀ ကျော် စိတ်ပါဝင်စားစွာ ကြည့်ရှု လေ့လာခဲ့ ကြသည်။

ပန်းချီ ပန်းပုပညာရှင်များ၏ လက်ရာ မျိုးချစ် စိတ်ဓာတ် ထက်သန်စေရေး၊ ဇာတိမာန် တက်ကြွရေး ရှားပါးလက်ရာ ဆီဆေးပန်းချီကားကြီးများ၊ ရသပန်းချီ လက်ရာများ၊ ပန်းပုများ၊ ဆုရ ပိုစတာများ၊ ပြိုင်ပွဲဝင် ပိုစတာနှင့် ပန်းပုများကို ပြသခြင်းဖြစ်သည်။

ပြပွဲသို့လာရောက်ကြည့်ရှုကြသူများ ဖတ်ရှုလေ့လာပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများမှ ထုတ်ဝေ သောစာအုပ်များကို ရောင်းချပေးသည်။ ပြပွဲခင်းကျင်း ပြသချိန်ကို နွေစဉ် နံနက် ဂ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်သည်။

ဆုပေးပွဲအခမ်းအနားကို ၁၉၉၁ ခုနှစ် ဩဂုတ်လ ဂ ရက် ညနေ ၄ နာရီတွင် ကျင်းပသည်။

ဆုရွေးချယ်ရာတွင် နိုင်ငံသိ ပန်းချီပန်းပုဆရာကြီးများ ကိုယ်တိုင် အဆင့်ဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး "မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့် ပိုစတာ လက်တွေ့ ရေးဆွဲဆု ရရှိသူများ၊ ပန်းပုဆု ရသူများမှာ အောက်ပါအတိုင်း ဖြစ်သည်။


ပိုစတာဆုရသူများ


ပထမဆု	ပန်းချီကိုခင်သိန်း	မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဉီးစီးဌာန၊
ဒုတိယဆု	ဉီးရွှေကျော်လင်း	အမှတ် ၁၀၅၊ မင်္ဂလာ(၁) လမ်း၊ ကျောက်ရေတွင်း မြောက်ဉက္ကလာပမြို့နယ်၊
တတိယဆု	ဉီးစောကျနုံး	ကျန်းမာရေးပညာပေးဌာန၊ မြေနီကုန်း၊


ပန်းပုပြိုင်ပွဲ ဆုရသူများ


ပထမဆု	ဉီးနန်းဝင်း	အမှတ် ၉၃၁ (၄)လမ်း (တ)ရပ်ကွက် မြောက်ဉက္ကလာပမြို့နယ်၊
ဒုတိယဆု	ဉီးမြင့်လွင်	တကောင်းပန်းပုအနုပညာဆိုင်၊ ကျိုက္ကဆံဘုရား

	တောင်ဘက်မုခ်၊ တာမွေမြို့နယ်၊	နှစ်သိမ့်ဆု(၃) ရွှေသို့ရဲမြင့် (ခင်မောင်ကျော်ဦး) သွားဖက်ဆိုင်ရာ ဆေးတက္ကသိုလ်၊
တတိယဆု ဦးသိန်းဌေး	အမှတ်(၇၀၅)မာဃလမ်း ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊	နှစ်သိမ့်ဆု(၄) ဦးတင်အေး ပန်းချီ ပန်း ပု ကျောင်း ပန်းချီနည်းပြ၊
		နှစ်သိမ့်ဆု(၅) ဦးကြည်သိန်း အမှတ်(၁၀၅) ရွာသစ်ရပ်ကွက်၊ခနောင်တိုအရှေ့၊ဆိပ်ကြီး ခနောင်တို့မြို့နယ်၊
အထက်တန်းအဆင့် ပိုစတာဆုရသူများ		
ပထမဆု မောင်ကျော်မိုးဇော်	မင်္ဂလာဒုံမြို့နယ်၊ အခြေခံ ပညာ အထက်တန်း ကျောင်း အမှတ်(၂) နဝမတန်း၊	နှစ်သိမ့်ဆု(၆) ဦးစိုးလွင် အမှတ်(၁၂၀)မင်္ဂလာလမ်း (၅)ရပ်ကွက်၊ ဝေဘာဂီအနောက်မြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဒုတိယဆု မစောမိုးစန်း	ဒဂုံမြို့နယ်၊ အခြေခံပညာ အထက် တန်း ကျောင်း အမှတ် (၃) နဝမတန်း၊	နှစ်သိမ့်ဆု(၇) ဦးတင်ဦး (ခ) ပန်းချီမောင်သက် အမှတ် ၅၉၊ အနော်မာ(၃) လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
တတိယဆု မောင်တိုးလှိုင်	ဗဟန်းမြို့နယ်၊အခြေခံပညာ အထက် တန်း ကျောင်း အမှတ်(၃) နဝမတန်း၊	**ပန်းပု စတုတ္ထနှင့် နှစ်သိမ့်ဆုများ**
		စတုတ္ထဆု ဦးသိန်းအောင် အမှတ် ၁၄၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်၊
အလယ်တန်းအဆင့် ပိုစတာဆုရသူများ		နှစ်သိမ့်ဆု ရာမညကိုကိုနိုင် မေခလမ်း၊ရန်ကုန်မြို့၊
ပထမဆု မစိုးပပမြင့်	လသာမြို့နယ်၊အခြေခံပညာ အထက်တန်း ကျောင်း၊ အမှတ် (၂)သတ္တမတန်း၊	**အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲ နှစ်သိမ့်ဆုများ**
ဒုတိယဆု မောင်နေသူရိန်မင်း	ကျောက်တန်းမြို့နယ်၊အခြေခံ ပညာ အထက် တန်း ကျောင်း၊ အဋ္ဌမတန်း၊	နှစ်သိမ့်ဆု(၁) မမူယာချို ကမာရွတ်၊ အခြေခံပညာ အထက်တန်း ကျောင်း၊ အမှတ်(၁)၊ ဒသမတန်း၊
တတိယဆု မနုယဉ်ထွေး	သန်လျင်မြို့နယ်၊ အခြေခံ ပညာ အထက် တန်း ကျောင်း၊ အမှတ် (၃) သတ္တမတန်း၊	နှစ်သိမ့်ဆု(၂) မောင်သိန်းစိုး ဗဟန်း၊ အခြေခံပညာ အထက်တန်း ကျောင်း အမှတ် (၁)၊ ဒသမတန်း၊
		အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ နှစ်သိမ့်ဆုများ
		နှစ်သိမ့်ဆု(၁) မဆွေမွန်ဟန် ကမာရွတ်၊ အခြေခံ ပညာ အထက်တန်း ကျောင်း၊ အမှတ်(၁)၊
		နှစ်သိမ့်ဆု(၂) မသိမ့်သိမ့်ခင် ကမာရွတ်၊ အခြေခံပညာ အထက်တန်း ကျောင်း၊ အမှတ်(၂)၊
ပိုစတာ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရသူများ		အနုပညာစွမ်းအားဖြင့် ပါဝင်ကူညီခဲ့သူ ပန်းချီပညာရှင် ဦးသန်းကြွယ်နှင့် ဦးသစ်လွင်စိုး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးဝင် ပန်းချီပညာရှင်ဦးတင်ဝင်း၊ ပန်းပုပညာရှင် ဦးမြင့်အောင် (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)နှင့် ပန်းချီပညာရှင် ဦးထွန်းအေး (မြန်မာ့ရေလုပ်ငန်း)တို့ကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။
စတုတ္ထဆု ဦးဝင်းမြင့်မိုး	မြန်မာ့ ရုပ်မြင်သံကြား နှင့် အသံလွှင့်ဦးစီးဌာန၊	**ဦးညွန့်ဟံ**
ပဉ္စမဆု ဦးသက်ဦး	အမှတ် ၂၂၃၊သူရ(ဂ)လမ်း (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊	
နှစ်သိမ့်ဆု(၁) ဦးသိန်းစိုး	အမှတ် ၄၇၈၊ လမ်းမတော်၊ ဥက္ကံ၊ တိုက်ကြီးမြို့နယ်၊	
နှစ်သိမ့်ဆု(၂) ဦးဇေယျ	ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊	












အပိုင်း - ၇

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား သုတဆောင်းပါးများ

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	....	ဦးဥဏ္ဏဝင်း	.... ၉၇
ရောဂါကာကွယ်ရေး ဆေးများ	....	ဒေါက်တာမောင်မောင်ညို	.... ၁၃၇
မော်လီကျူးအဆင့် ဇီဝဗေဒ	....	ဆရာဝန်တင်ရွှေ	.... ၁၄၇
ခေတ်မီလက်နက်ဆန်းများ	....	တူးတူး	.... ၁၅၅
ကမ္ဘာ့ဝန်းကျင်သန့်ရှင်းရေး	....	ဦးခင်မောင်ဇော်	.... ၁၆၀



ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်မြတ်များ


သာသနာရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် သာသနာ့အကျိုးကို စွမ်းစွမ်းတမ်ဆောင်ရွက်တော်မူကြသော သီလဝန္တ၊သိက္ခာကာမ၊ လဇ္ဇီပေသလ၊ ပိဋကတ္တယဆက၊ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသည့် ဆရာတော်ကြီးများအား နှစ်စဉ် ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခဲ့ရာ ၁၉၉၁ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးငါးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆၃ ပါးအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း ပူဇော်သည့် အခမ်းအနားသဘင်ကြီးကို ၁၃၅၂ ခုနှစ် တပေါင်းလပြည့် (၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဤအခမ်းအနားသဘင်ကြီး၌ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင်းမှသာမက ဗုဒ္ဓသာသနာတော်မြတ်ထွန်းကားရာ ပြည်ပနိုင်ငံများမှသာသနာ့ဥည့သျှောင်ဆရာတော်ကြီးများကိုပါ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ခဲ့ခြင်းပင် ဖြစ်သည်။

ဤသို့ သာသနာတော်၏ အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်တော်မူကြသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သူမြတ်များ၏ ထေရုပ္ပတ္တိ (အကျဉ်း) ကို အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် စုစည်းဖော်ပြအပ်ပါသည်။



ဆရာတော်ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ပြည်မြို့ ဝိသုဒ္ဓာရုံဗာရာဏသီတိုက်

ဆရာတော်လောင်းလျာကို မြေထဲမြို့ (ဒေါင်လံမြို့နယ်) ရွှေပန်းတောတိုက်နယ်၊ ဇီန့်ရွာ၌ ခမည်းတော် ကျောင်းဒါယကာဦးစံထူး၊ မယ်တော် ဒေါ်ဒေါ်ဆေးတို့မှ ၁၂၆၄ ခုနှစ်ဝါဆိုလပြည့် တနင်္ဂနွေနေ့ အဝင် ည ၉ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

နမ္မတူမြို့၊ ဘားမားမိုင်းကန်ထရိုက်ကြီး ဦးအကောင်းရွှတ်နှင့်ဇနီးဒေါ်ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၈၀

ပြည့်နှစ် ဝါဆိုလဆန်း ၁၃ ရက်နေ့တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်တတိယရွှေကျင်သာသနာပိုင် ဒုတိယဝိသုဒ္ဓါရုံဒီပဲယင်းဆရာတော်ကြီးကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဘုရားကြီးကိုယ်တိုင် ရှင်အာနန္ဒပဏ္ဍိတဟု အမည်ချီးမြှင့်တော်မူသည်။

ရှင့်အစ်မဒေါ်ဒေါ်သွယ်၏ပစ္စယာနုဂ္ဂဟဖြင့်ပင် ၁၂၇၄ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်ကြာသပတေးနေ့ နံနက် ၉ နာရီ ဗီဇနာ ၄၀ အချိန်တွင် မဟာဝိသုဒ္ဓါရုံတိုက်ခဏ္ဍသိမ်၌ ဒုတိယ ဝိသုဒ္ဓါရုံ ဒီပဲယင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူသည်။


ဆရာတော်သည် အစိုးရအင်ယ်၊ အလတ်၊ အကြီး၊ ပထမကျော်၊ ဝိသုဒ္ဓါရုံဝိသေသတမပထမကျော်၊ မန္တလေးသက္ကသီဟစာသင်တန်း၊ စာချတန်း၊ ပျဉ်းမနားသာဝတ္ထိမြို့၊ ဝိနည်းစာပြန်ပုံ၌ ဝိနယပထမကျော်၊ မေမြို့ ဝိနယပထမကျော်စသည်တို့ကို အဆင့်မြင့်မြင့် အောင်မြင်တော်မူခဲ့သည်။ ထို့ပြင် ၁၃၀၂ ခုနှစ်၌ ရန်ကုန်မြို့ အရိယဓမ္မပညာတော်သင် အဖွဲ့မှ ရွေးချယ်စေလွှတ်သဖြင့် အိန္ဒိယပြည်၊ ဗာရာဏသီမြို့၊ ဟိန္ဒူယူနီဗာစီတီသက္ကတကောလိပ်၌ ဟင်ဒီနှင့် သက္ကတဘာသာများကို ခြောက်နှစ်ကြာ သင်ကြားခဲ့သည်။

ဆရာတော်ရေးသားပြုစုတော်မူခဲ့သော ကျမ်းဂန်များမှာ ပါဠိရဝဒပဉ္စကကျမ်း၊ တေလကဋာဟနိဿယကျမ်း၊ သက္ကတစာဏကျနီတိ နိဿယကျမ်း (စာမူ)၊ ဘာသာရူပသိဒ္ဓိ (မရိုက်ရသေး)၊ ဒုတိယရွှေကျင်နိကာယမှတ်တမ်း၊ တတိယရွှေကျင်နိကာယမှတ်တမ်းတို့ဖြစ်သည်။

ဆရာတော်သည် ရဟန်းသိက္ခာကိုးဝါအရတွင် ပြင်ဦးလွင် (ယခင်မေမြို့) ၌ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်အမည်ဖြင့် စာသင်တိုက်ဖွင့်၍ သံဃာ ၅၀ ကျော်တို့အား စာပေပို့ချခဲ့သည်။ ၁၃၁၁ ခုနှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ပြန်ကြွ၍ စာပေပို့ချတော်မူသည်။ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက အဖွဲ့ဝင်နှင့် ပါဠိတက္ကသိုလ်ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၃၂၁ ခုနှစ်တွင် ပြည်မြို့ဝန်ကြီးကျော်ထင်ဒေါ်သိန်းတင် (နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)၏ ပင့်လျှောက်တောင်းပန်ချက်အရ မန္တလေးမှပြည်မြို့သို့ကြွရောက်၍ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ဟူသောအမည်ဖြင့် စာသင်တိုက်ဖွင့်လှစ်တည်ထောင်ကာ စာသင်သားများစွာတို့ကို စာပေသင်ကြားပို့ချပေးတော်မူသည်။ ရွှေကျင်ဂိုဏ်း၏ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်တော်မူသည်။

၁၉၃၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး ဝန်ဆောင် ၆၆ ပါးတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၊ ပထမအကြိမ်ငါးနှစ်ကာလတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း လက်ရှိနိုင်ငံတော်သြဝါဒစရိယအဖြစ်လည်းကောင်းဆောင်ရွက်တော်မူလျက်ရှိသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၂—ရှ။)



ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ
အဘိဓဇ မဟာရဋ္ဌဂုရု
မန္တလေးမြို့၊ အရွှေတောင်မြို့နယ်
ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဆူးတပ်အုတ်ဖို ကျေးရွာတွင် ခမည်းတော် မြန်မာသမားတော်ကြီးဦးစံခိုင်၊ မယ်တော် ဒေါ်အိမ်မင်းတို့မှ ၁၂၇၃ ခုနှစ် ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့ ညနေ လေးချက်တီးကျော် အချိန်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ထန်းတောကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် ၁၂၉၃ ခုနှစ် ကဆုန်လဆုတ် ၂ ရက် စနေနေ့နံနက် ၇ နာရီ ၂၀ မိနစ် ၁၅ ဝါးအချိန်တွင် အုတ်ဖိုရွာ သိမ်ကုန်း ခဏ္ဍသိမ်၌ ရမည်းသင်းမြို့နယ် ဆူးတပ်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် အိမ်တော်ရာ အမျိုးသား စာမေးပွဲ ပထမငယ်တန်း၊ အစိုးရပထမငယ်တန်းနှင့် ပထမလတ်တန်း သက္ကသိဟစာသင်တန်းနှင့် စာချဝန်းတို့ကိုအောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းသာမဏေများအား စာပေပို့ချပေးရင်း ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင်လည်း သင်္ဂီတိကာရက၊ မူလဝိသောခက၊ ပဋ္ဌိဝိသောခက၊ ဩသာနဝိသောခကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းသာမဏေများအား စာပေပို့ချခြင်း၊ သာသနာရေးကိစ္စများကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရင်း ပိဋကဝိသောခနီကျမ်း၊ အန္တရာပတ္တိပဋိသံယုတ္တဝိနိစ္ဆယ (စာမူ)၊ သောတာပန္နဟီနာယာ ဝတ္တန ဝိနိစ္ဆယ (စာမူ)၊ သီမာနိမိတ္တကိတ္တနဝိနစ္ဆယ (စာမူ)၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။
(စွယ်စုံနှစ်ချုပ် ၁၉၇၆—ရှ။)



ဆရာတော်ဘဒ္ဒန္တဝိမလာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိ စာသင်တိုက်

. ဆရာတော်လောင်းလျှာကို ပဲခူးတိုင်း၊ သာ့ယာဝတီမြို့နယ်၊ မာလကာကုန်းကျေးရွာ ခမည်းတော် ဦးဘိုးအောင်၊ မယ်တော်ဒေါ်စိန်ပွင့်တို့မှ ၁၂၇၃ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၆ နှစ်သားအရွယ်တွင် မိဘနှစ်ပါးနှင့် ဦးရီးတော်ဦးနက်ကြီး ဒေါ်ဇံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်ကံသာကျောင်းဆရာတော် ဘဒ္ဒန္တတေဇောအရှင်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်။

ဦးရီးတော်ဦးနက်ကြီး ဒေါ်ဇံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၃ ခုနှစ် ကဆုန်လဆုတ် ၁၀ ရက် နံနက် ၉ နာရီ မိနစ် ၃၀ အချိန်တွင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ရေတွင်းကုန်းဆရာတော် ဘဒ္ဒန္တသူရိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်လောင်းလျှာသည် ဆရာကောင်းများထံတွင် နည်းခံသင်ကြားရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာ အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သက္ကသိဟစာသင်တန်း၊ စာချတန်း၊ အစိုးရစာချတန်း စာမေးပွဲများကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၀၃ ခုနှစ်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ အင်းလျားရွာ၌ သာသနပဇ္ဇောတာရုံ စာသင်တိုက်ဖွင့်လှစ်၍ ရှမ်း၊ ပအို၀်၊ အင်းသား၊ ကယား၊ ခနု၊ကရင် စသော တိုင်းရင်းသား ရဟန်း သံဃာ ၄၀ ကျော်တို့အား စာပေ သင်ကြားပို့ချ ပေးတော်မူသည်။

၁၃၀၉ ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး အမှူးပြုသော ကျောင်းဒါယကာ၊ ဒါယိကာမတို့ အပ်လှူသည့် ကန်ကြီးကျောင်းကိုအလှူခံပြီး ကန်ကြီးပရိယတ္တိ စာသင်တိုက်အမည်ဖြင့် စာသင်တိုက်ဖွင့်လှစ်ကာ သံဃာပေါင်း ၂၀၀ ကျော်ကို လက်ခံ၍ စာပေသင်ကြားပေးတော်မူသည်။

ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးတွင် ရှမ်းပြည်နယ် ပါဠိဝိသောခကအဖွဲ့ အကျိုးတော်ဆောင် အဖြစ်ဖြင့် မိလိန္ဒပဉ္ဉာပါဠိတော်ကို အင်္ဂလိပ်မူ၊ယိုးဒယား(ထိုင်း) မူတို့နှင့် တိုက်ဆိုင်သုတ်သင်ပေးခြင်း၊ပါဠိပဋိဝိသောခကအဖွဲ့တွင်ပါဝင်၍ စူဠဝါပါဠိတော်ကိုသုတ်သင်ပြင်ဆင်ခြင်း၊နိဒ်ဒံတော် သံဃမဟာနာယကအဖွဲ့ ပထမငါးနှစ်ကာလတွင် သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယငါးနှစ်ကာလတွင် တွဲဖက် အကျိုးတော်ဆောင် အဖြစ်လည်းကောင်း၊ တတိယငါးနှစ်ကာလတွင် ဗဟိုသံဃဝန်ဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူသည်။
(စွယ်စုံနှစ်ချုပ် ၁၉၇၇—ရှ။)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ



ဆရာတော်ဘဒ္ဒန္တခမာဝုဓ
အဘိဓဇမဟာရဋ္ဌဂုရု
ရောဝတီတိုင်း၊ ဟသ်ာတမြို့၊ လယ်တီကျောင်းတိုက်

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ဟသ်ာတမြို့၊ ကနောင်စုအုပ်စု၊ သပြေကုန်းရွာ ကုန်သည်ကြီး ဦးဖိုးကြွယ်၊ ဒေါ်လှတို့မှ ၁၂၇၃ ခုနှစ် ဝါခေါင်လဆုတ် ၅ ရက် တနလ်ာနေ့နံနက် ၅ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂ နှစ်သား အရွယ်တွင် မိဘနှစ်ပါးနှင့် ကံသုကာရုမ် ကျောင်းဒကာကြီး ဦးကျော်ထွန်း ကျောင်းအမဒေါ်ရွှေအိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချောင်းဖျားရွာ ကိုသုကာရုမ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဟသ်ာတမြို့၊ ကျောင်းကိုရွာ၊ မြေပိုင်ရှင်ကြီးများဖြစ်ကြသော ဦးဖိုးကြွယ် ဒေါ်လှ၊ ဦးဖိုးမင်း ဒေါ်ဖွားသက်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၃ ခုနှစ် နယုန်လဆန်း ၁၂ ရက်၊ နွေလယ် ၁ နာရီ၊ ၃၅ မိနစ် အချိန်တွင် ကိုသုကာရုံကျောင်း၊ ဗဒ္ဓသိမ်၌ ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တဉာန္ဒာသဘကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော် လောင်းလျာသည် ဆရာကောင်းတို့ထံ နည်းခံသင်ကြားရင်း စာမေးပွဲများ ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၃ နှစ်သားတွင် စကောလားရွှေ့ စာမေးပွဲ၊ ၁၆ နှစ်သားတွင် သတ္တမဆင့် အလယ်တန်းစာမေးပွဲ၊ ထို့နောက် နိဿယမုစ္ဆနက အကြီးတန်း၊ အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်း စသည်တို့ကို အောင်မြင်တော် မူခဲ့သည်။

၁၃၄၁ ခုနှစ် ကိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် သံဃာ့ဝန်ဆောင် ၆၆ ပါးတွင် မဟာဒုါရကိုဏ်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ရုံမျှမက ယင်း ၆၆ ပါးအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်၊ ကိုဏ်းပေါင်းစုံ သံဃာအဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်၊ ယင်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ စသည့်သာသနာ့တာဝန်များကို ဆောင်ရွက်တော် မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တခမာဝုဓသည် သာသနာ့တာဝန်ကိစ္စအဝဝကို ထမ်းပိုးဆောင်ရွက်တော်မူရင်း အများအကျိုးအတွက် စာပေကျမ်းဂန်များကို ရေးသားတော်မူခဲ့သည်။ ဆရာတော်ရေးသားသော ကျမ်းများမှာ ဂုဏ်ပသတ္ထအစ္စိကထာကျမ်း၊ ဝိနယဝိသဇ္ဇနာကျမ်း၊ ဓုတင်္ဂဝိနိစ္ဆယကျမ်း၊ ကတိနတ္ထဝိလာသိနီကျမ်း စသည့်ဖြင့် ကျမ်းစာပေါင်း တစ်ဆယ်ကျော် ရေးသားပြုစုတော် မူခဲ့သည်။
(စွယ်စုံနှစ်ချုပ် ၁၉၇၅—ရှု။)



ဆရာတော် သံဃရာဇာဆုမ်ဒေါ့ဂျိဖရဉ္စာဏသံဝရ
အဘိဓဇမဟာရဋ္ဌဂုရု
ထိုင်းနိုင်ငံ၊ ဝပ်ဘိုဝိုရ်နိဝေစ် ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ၊ ကန်ချန်နာဘူရီပြည်နယ် ခမည်းတော်မစ္စတာ နိုင်ဂျုဝတ်ရာမယ်တော် မစ္စက်ကင်နိုင်ဂျုဝတ်ရာတို့မှ ၁၉၁၃ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၄ နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၉၃၃ ခုနှစ်တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။



ဒေါ်ဂျမ်းတို့မှ ၁၂၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၂ နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆိမီးခုံမြို့၊ မြောင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၇၅ ခုနှစ် ပြာသိုလဆန်း ၃ ရက်အင်္ဂါနေ့တွင် ရောဝတီတိုင်း ဘိုကလေးမြို့နယ်၊ ဓနုံးဆိပ်ရွာကုန်သည်ကြီး ဒေါ်ဒေါ်ဝိုက် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆိမီးခုံမြို့၊ မြောင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ ဆိမီးခုံမြို့ ရွှေမုဋ္ဌောဘုရား ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် လောင်းလျှာသည် အစိုးရပထမငယ်၊ ပထမလတ်တန်း တို့ကိုသာ ဖြေဆိုအောင်မြင်ပြီးနောက် စာမေးပွဲမဖြေဆိုတော့ဘဲ ကျမ်းစာ တတ်မြောက်ရန်နှင့် ပိဋကတ်စာပေနှံစပ်ရန် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို အလေးထားသင်ကြားခဲ့သည်။

ဆရာတော်သည် ရဟန်း ၁၀ ဝါရချိန်မှစ၍ မုံရွာမြို့၊ မြို့မ ရွှေဂူတိုက်ကြီးကို စတင် ဦးဆောင်တည်ထောင်တော်မူပြီးသက်တော် ၇၇ နှစ်အထိ တပည့်သံဃာ ၃၀၀ ကျော် တို့အား ပရိယတ္တိ စာပေများကို နေ့စဉ် လေးဝါ၊ ငါးဝါ ပို့ချတော်မူခဲ့သည်။ ယင်းသို့ စာပေကျမ်းများ ပို့ချတော်မူစဉ် တုဝုန္နကသုတ် ဘာသာပြန် ကျမ်း (ပုံနှိပ်ပြီး)၊ သရူပစက္ကပကာသနီကျမ်း (လက်ရေးမူ)၊ ကခ်ဝိဒိန်စ္ဆယကျမ်း (လက်ရေးမူ)၊ စာစပ်နိယံအဖြေကျမ်း (လက်ရေးမူ)၊ ဋီကာကျော်တက်နည်း တက်နည်းကျမ်း (လက်ရေးမူ) တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ဘဒ္ဒန္တကောသရသိရိ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မြို့မရွှေဂူတိုက် ဆရာတော်လောင်းလျှာကို မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် ဆိမီးခုံမြို့၌ ခမည်းတော် ဦးဖိုးသောင်၊ မယ်တော်

ဆရာတော်သည် ဘဒ္ဒန္တဉာဏသံဝရဆည် သာမဏေဘဝမှစ၍ စာပေပရိယတ်များကို သင်ကြားတော် မူသည်။ ယင်းသို့သင်ကြားရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ပါဠိဘာသာ စာမေးပွဲအဆင့်ကိုးအထိ အောင်မြင်တော်မူခဲ့သည်။


ဆရာတော် ဘဒ္ဒန္တဉာဏသံဝရသည် ရဟန်း သာမဏေမြောက်မြားစွာကို စာပေသင်ကြား ပေးတော်မူသည်။ ထို့ပြင် ထိုင်းသံဃဘုတ်အဖွဲ့ ဘုန်းကြီးကျောင်း ပညာရေး ဥက္ကဋ္ဌ၊ နိုင်ငံခြားဗုဒ္ဓသာသနာပြု သင်တန်းကျောင်းဥက္ကဋ္ဌ၊ မဟာမကုဋ် ဗုဒ္ဓတက္ကသိုလ် ညွှန်ကြားရေးမှူး၊ ဘုန်းတော်ကြီးကျောင်း ပညာရေးနှင့်ပတ်သက်သော စာကြည့်တိုက်၊ ပြတိုက်လုပ်ငန်း စသည့်တို့ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်တော် မူခဲ့သည်။

ထို့ပြင် ထိုင်းလူမျိုးမျာ၏ လိုလားချက်နှင့်အညီ ဗုဒ္ဓဘာသာဆိုင်ရာ လမ်းညွှန်မှု ပေးနိုင်သော ကျောင်းသစ်များ၊ ပညာသင်ဌာနများကိုလည်း ဦးဆောင်ဖွင့်လှစ်ပေးခဲ့သည်။ ဘင်္ဂလားမန်းခရိုင် ချွန်ဘူရီပြည်နယ်တွင်လည်း ဝပ်ဉာဏသံဝရကျောင်းအမည်ဖြင့် ကျောင်းတစ်ကျောင်းတည်ဆောက်ပေးခဲ့သည်။

ထို့ပြင် လူတန်းစား အလွှာအသီးသီးတို့၏ တောင်းပန်ချက်အရ ကျောင်းများ၊ ကောလိပ်များ၊ ၂၄ ထပ်ရှိ သံဃဆေးရုံတစ်ရုံ စသည့်တို့ကိုလည်း တည်ဆောက်ပေးခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဉာဏသံဝရသည် ပါဠိဘာသာအပြင် တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း ကောင်းစွာကျွမ်းကျင်တတ်မြောက်တော် မူသည်။ အင်္ဂလိပ် ဘာသာဖြင့် ကာယနုပဿနာကျမ်း စသောဝိပဿနာကျမ်းစာများနှင့် လက်ရွေးစင် ဗုဒ္ဓဘာသာ ဆောင်းပါးပေါင်း များစွာကို ရေးသားတော် မူခဲ့သည့်အပြင် ထိုင်းဘာသာဖြင့်လည်း ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တကောသရသိရိ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မြို့မရွှေဂူတိုက်



ဆရာတော်ဘဒ္ဒန္တ ဥတ္တမဝံသ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊မင်းဘူးမြို့၊ မဟာဝိသုတာရာမတိုက်သစ်


ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ မင်းဘူး (စကု) မြို့နယ်၊ သီးကုန်းကျေးရွာ ခမည်းတော် ဦးပိုး၊ မယ်တော် ဒေါ်လှဦးတို့မှ ၁၂၆၆ ခုနှစ် ပြာသိုလဆန်း ၁၁ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ် အရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သီးကုန်းကျောင်းဆရာတော်ဘဒ္ဒန္တသုမနကိုဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၇၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့တွင် သီးကုန်းရွာမှ မြေပိုင်ရှင် ဦးကျော် ဒေါ်ငွေမိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သီးကုန်းရွာကျောင်းသိမ်၌ သီးကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ညောင်တုန်းမြို့မ သုဓမ္မာပရိယတ္တိစာမေးပွဲ၊ ပထမကြီးတန်း၊ (ပထမကျော်) နှင့် ဂျပန်ခေတ် အစိုးရမှ ကျင်းပသော ကခ်ါစာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၀ ပြည့်နှစ်တွင် မင်းဘူးမြို့၊ တောရကျောင်းတိုက်သို့ ပြန်ကြွလာပြီး စာသင်တိုက်ဖွင့်လှစ်၍ ပိဋကတ်စာပေကျမ်းများကို သင်ကြားပို့ချခဲ့သည်။ ၁၃၂၀ ပြည့်နှစ်တွင် ယခုသီတင်းသုံးနေထိုင်လျက်ရှိသော မင်းဘူးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ကို တည်ထောင်၍ ပိဋကတ်စာပေများကို သင်ကြားပို့ချခဲ့သည်မှာ ယနေ့အထိဖြစ်သည်။



ဆရာတော်ဘဒ္ဒန္တ ကေတုမတိ
အဂ္ဂမဟာပဏ္ဍိတ
မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရွာကလေးကျောင်းတိုက်

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ ရေးမြို့၊ ရွာကလေးရပ် (ယခု အောင်မင်္ဂလာရပ်ကွက်) ၌ ခမည်းတော် ဦးနိုင်ထော် မယ်တော် ဒေါ်ညွှင်းတို့မှ ၁၂၆၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၄ နှစ်သားအရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေးမြို့၊ ရွာကလေးကျောင်း ဆရာတော် ဘဒ္ဒန္တဉာန္ဒသာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၂၇၃ ခုနှစ် နယုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ရေးမြို့နယ် အဘော်ကျေးရွာ၊ ကျောင်းကြီး ဆရာတော်ဘဒ္ဒန္တပညာကို ဥပဇ္ဈာယ်ပြု၍ ရေးမြို့၊ သိမ်ကျောင်းဗဒ္ဓသိမ်၌ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်တန်းနှင့် သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲတွင် ဝေယျာကရဏိကဝိနယ ဓရတို့ကို အောင်မြင်တော်မူခဲ့သည်။ ထို့ပြင်သီရိလင်္ကာနိုင်ငံတွင် သီတင်းသုံးနေထိုင်စဉ် သီရိလင်္ကာအစိုးရမှ ကျင်းပသော ဂျီ စီ အီး ခေါ် စာမေးပွဲကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် တောင်ဘုံကျေးရွာ ရွာလယ်ကျောင်း၊ မော့ကနင်ကျေးရွာတိုက်ကျောင်း၊ လမိုင်းကျေးရွာဘုရားကျောင်း၊ ရေးမြို့ရွာကလေးကျောင်းတို့၌ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပို့ချတော်မူခဲ့

သည်။ ယင်းသို့သင်ကြားပို့ချလျက်ရှိစဉ် အဘိဓမ္မတ္ထဒီပနီကျမ်း (ပထမတွဲနှင့် ဒုတိယတွဲ) (မွန်ဘာသာ)၊ မွန်ကျက်သရေကျမ်း (မွန်ဘာသာ)၊ အဘိဓမ္မတ္ထသင်္ဂဟနှင့် မာတိကာ၊ ဓမ္မသင်္ဂဏီနိဿယ(မွန်ဘာသာ)၊ ဘုရားရှိခိုးအမျိုးမျိုး (မွန်ဘာသာ)၊ သူဌေးကြီးငါးဦးဝတ္ထု (မွန်ဘာသာ)၊ နိယမရှစ်စောင်ကျမ်း (မွန်ဘာသာ)၊ လေးဘာသာကျမ်း (အင်္ဂလိပ်၊ ပါဠို၊ မွန်၊ မြန်မာ) ယမမင်းအကြောင်း (မွန်ဘာသာ)၊ ရှင်ပြု ရဟန်းခံအကျိုးပြု (မွန်ဘာသာ)၊ ရှင်ပြု ရဟန်းခံ အကျိုးမှန်တရားတော် (မြန်မာဘာသာ)၊ ငါးပါးသီလအကျိုးအပြစ် (မွန်ဘာသာ)၊ ပဋ္ဌာန်းနည်းပြ(လက်ဝ) (မွန်ဘာသာ)၊ မဟာဒုက်ဝတ္ထု (မွန်ဘာသာ)၊ ရေးမြို့စေတီတော်ဓာတုဝင် (မြန်မာ–မွန်ဘာသာ)၊ ရေးမြို့ရာဇဝင် (မြန်မာ–မွန်ဘာသာ)၊ ပယ်ကလယ်ဘုရားဓာတုဝင် (မြန်မာ–မွန်ဘာသာ)၊ ဗုဒ္ဓဘာသာလက်စွဲတရားတော် (မွန် မြန်မာ အင်္ဂလိပ်) တို့ကို ရေးသားပြုစုတော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဣန္ဒောဘာသ
အဂ္ဂမဟာပဏ္ဍိတ
ပုသိမ်မြို့၊ ရေကြည်မင်္ဂလာကျောင်းတိုက်

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ရေကြည်မြို့နယ်၊ မဒေါက်ချောင်းရပ်၊ ခမည်းတော်ဦးဘိုးဆိုင်၊ မယ်တော်ဒေါ်စိန်ခိုင်တို့မှ ၁၂၆၈ ခုနှစ်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၇၂ ခုနှစ်တွင် မိဘဘိုးဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရေကြည်မြို့၊ မင်္ဂလာရာမကျောင်းဆရာတော် ဦးသုဒဿနကိုဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်ဆို ရောက်ရှိခဲ့သည်။

၁၂၈၈ ခုနှစ် နယုန်လဆန်း ၁၃ ရက်နေ့တွင် ရေကြည်မြို့၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော် ဦးသုဒဿနကို ဥပဇ္ဈာယ်ပြုလျက် မိဘဘိုးဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ ပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းများကို ဖြေဆိုအောင်မြင်ပြီးနောက် ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို သင်ယူနေစဉ် တိုင်းပြည်အခြေအနေအရ စာမေးပွဲဖြေဆိုရန် အခွင့်မသာသဖြင့် ကျမ်းစဲ့ရုံသာ ရှိခဲ့သည်။

ဆရာတော်သည် ရောဝတီတိုင်း၊ ပုသိမ်မြို့၊ ရေကြည်မင်္ဂလာရာမကျောင်းတိုက်တွင် စာသင်သား သံဃာတော်များအား ပရိယတ္တိစာပေကျမ်းဂန်အဖြာဖြာတို့ကို ပို့ချသင်ကြားပေးတော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဉာဏိန္ဒ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ ကမ္မမြို့နယ်၊ ကျောက်စောင်းရွာ၊
ပြည်ကြီးကျောင်း

ဆရာတော်လောင်းလျာကို မကွေးတိုင်း ကမ္မမြို့နယ်၊ ရွာသာယာကျေးရွာ၊ ခမည်းတော် ဦးသာခို၊ မယ်တော် ဒေါ်ငွေညွှန့်တို့မှ ၁၂၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၀ နှစ်သားအရွယ်တွင် ရွာသာယာကျေးရွာ ဆရာတော် ဘဒ္ဒန္တ ကောသရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၀၇ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့၊ မွန်းလွဲ ၂ နာရီအချိန် တွင် ကမ္မမြို့နယ်၊ ကျောက်စောင်းရွာ၊ ပြည်ကြီးကျောင်း ခဏ္ဍသိမ်၌ ပြည်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ ပထမငယ် ပထမလတ်နှင့် မန္တလေးသက္ကသီဟအာဂုံပြန် စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့ပြီးနောက် စာမေးပွဲမဖြေတော့ဘဲ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို ကျမ်းကြီးပေါက် သင်ယူခဲ့သည်။

ဆရာတော်သည် မကွေးတိုင်း၊ ကမ္မမြို့နယ် ကျောက်စောင်းရွာ၊ ပြည်ကြီးကျောင်းတွင် ၁၃၀၄ ခုနှစ်မှစ၍ စာသင်သားသံဃာ ၅၀ ကျော်ဖြင့် စာသင်တိုက်ဖွင့်လှစ်ကာ ပိဋကတ်စာပေများကို သင်ကြားပို့ချခဲ့သည်။ ထို့ပြင် သဒ္ဒါကြီးရှစ်စောင်မှတ်စုကျမ်း (လက်ရေးမူ)၊ ဂန္ထဘရဏသဒ္ဒါငယ်ကျမ်း၏ အဖွင့်ဋီကာကျမ်း(လက်ရေးမူ) တို့ကို ရေးသားပြုစုတော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဝါသဝါဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ကဝမ္မြို့နယ်၊ သက္ကလကျေးရွာ
သာသနာ့ရောင်ခြည်ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ရွှေလှေရွာခမည်းတော်ဦးထွန်းရ မယ်တော်ဒေါ်မြိုင်တို့မှ ၁၂၇၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၈၃ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရွှေလှေကျောင်းဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု လျက် ရှင်သာမဏေအဖြစ် သို့ရောက်ရှိခဲ့သည်။

၁၂၈၉ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ရွှေလှေရွာကျောင်းခဏ္ဍသိမ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူကာ ခရမ်းမြို့နယ်၊ ကမာမက်ကျေးရွာကျောင်းဆရာတော်ဦးသုဝဏ္ဏာကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရငယ်၊ လတ်၊ ကြီး အတန်းများနှင့် ဓမ္မာစရိယစာချတန်း၊ စေတီယင်္ကစာသင်တန်း စာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ ဘုရားဖြူစာသင်တိုက်၌ ၁၀ နှစ်ခန့်စာချ၍ ကျောင်းအုပ်တာဝန်ကိုပါ ပူးတွဲတာဝန်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစီးသောအခါ ကဝမြို့နယ် သက္ကလကျေးရွာ ဒကာကြီးရုံကျောင်း ဆရာတော် ဦးကေသရထံ၌ ၁၀ နှစ်ခန့် စာပေများပို့ချပြီး ၁၃၁၃ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့မှစ၍ သက္ကလရွာအရှေ့ပိုင်းတွင် သာသနာ့ရောင်ခြည် ကျောင်းတိုက်ကြီး တည်ထောင်ကာ တပည့်ရဟန်းသာမဏေများကို စာပေပို့ချလျက်ရှိသည်။ ဆရာတော်သည် ဝိနယာနုဂ္ဂဟပုစ္ဆာဝိသဇ္ဇနာကျမ်း (ပထမတွဲ)၊ ဝိနယာနုဂ္ဂဟပုစ္ဆာဝိသဇ္ဇနာကျမ်း(ဒုတိယတွဲ)စာမူ၊ မေတ္တာသဟဂတဒီပနီ(စာမူ) ကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ဣသရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သာစံတိုက်

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်ရွာ၊ ခမည်းတော် ဦးစံငိုမယ်တော် ဒေါ်အေးမိတို့မှ ၁၂၇၄ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက် တနင်္ဂနွေ နံနက် ၄ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ်အရွယ်တွင် မုံရွာမြို့ သာစံတိုက်၊ ပြာသာဒ်ကျောင်း (သာသနရက္ခိတကျောင်း) ဆရာတော် ဘဒ္ဒန္တဝါသဝကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၉၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ၁၆ လမ်းနေ ဦးချိန်

ဒေါ်စက်မေနှင့် သားသမက် ကိုကျင်မထီး၊ သမီး ဒေါ်ကြည်ညွှန့်၊ မဘိတိတ် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မုံရွာမြို့သာစံတိုက်ရှိ သိမ်တော်၌ ညောင်ပင်ကြီးကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရဓမ္မာစရိယစာချတန်းရိုးရိုး၊ ဂုဏ်ထူးတန်း၊ မန္တလေးသကျသီဟစာသင်တန်း၊ စာချတန်း၊ ရန်ကုန်မြို့ စေတီယင်္ကာသင်တန်းနှင့် အမျိုးသားစာမေးပွဲများကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် မိမိဆရာကျောင်းဖြစ်သော မုံရွာမြို့ သာစံတိုက်၌ ပိဋကတ်စာပေများကို သင်ကြား ပို့ချ ခဲ့သည်။ ယခုအခါ မျက်စိအားနည်းနေ၍ စာချတာဝန်မယူတော့ဘဲ တိုက်တာအုပ်ချုပ်မှုတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။




ဆရာတော်ဘဒ္ဒန္တ ကေသရ
အဂ္ဂမဟာပဏ္ဍိတ
တနင်္သာရီတိုင်း၊ မြိတ်အရှေ့မြို့နယ်
ရွှေတောင်ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ဆင်ချောင်းရွာ ခမည်းတော် ဦးဘိုးရွှေ၊ မယ်တော် ဒေါ်ညွှန့်တို့မှ ၁၂၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၂၉၁ ခုနှစ်တွင် ဆင်ချောင်းကျောင်း ဆရာတော် ဦးတေဇဝန္တကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၂၉၇ ခုနှစ် ကဆုန်လပြည့် တနလ်ာနေ့ နံနက် ၉ နာရီအချိန်တွင် ပန်းတနော်မြို့နယ်၊ ဆင်ချောင်းကျောင်းဆရာတော် ဦးတေဇဝန္တကိုပင် ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို ဆရာသမားများထံမှ လေ့လာသင်ကြား ပြီး နောက် ရွှေတောင်ကျောင်းတိုက်ကြီး၏ နာယကဆရာတော်အဖြစ် သီတင်းသုံးနေထိုင်သည့်အချိန်မှ ယနေ့အချိန်ထိ တပည့်ရဟန်းသာမဏေတို့အား ပိဋကတ် အခြေခံကျမ်းစာများနှင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ် ကျမ်းစာတို့ကို သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဣန္ဒက
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မဟာလယ်တီ
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဇီးတောရွာ ခမည်းတော် ဦးအောင်ဘ၊ မယ်တော် ဒေါ်ပြန့်တို့မှ ၁၂၇၆ ခုနှစ် တပို့တွဲလဆန်း ၃ ရက် တနင်္နေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ခုနစ်နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဇီးတောကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၂၉၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ရွှေဘိုကျောင်းတိုက် ခဏ္ဍသိမ်၌ သန်လျင်မြို့နယ်၊ သူဌေးကုင်းရွာ မြေပိုင်ရှင် ဒေါ်ဝါမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သန်လျင်မြို့၊ သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် မုံရွာမြို့၊ မဟာလယ်တီတိုက် ပါဠိစာမေးပွဲတွင် ပထမကျော်တန်းအထိ အောင်မြင်သည့်အပြင် အစိုးရမူစာရိယရိုးရိုးနှင့် ဂုဏ်ထူးတန်းတို့ကို အောင်မြင်တော်မူခဲ့သဖြင့် သာသန ဓဇသိရီပဝရမဟာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၂ ခုနှစ်တွင် မုံရွာမြို့၊ မဟာလယ်တီတိုက်၌ လယ်တီပဠူမမြောက်ဆရာတော် ဘဒ္ဒန္တဇဝနနှင့်တွဲဖက်၍ ပိဋကတ်စာပေများကို သင်ကြားပို့ချခဲ့သည်။ ၁၃၃၉ ခုနှစ်တွင် လယ်တီသတ္တမမြောက် ဆရာတော် ဘဒ္ဒန္တဝိလာသ ပျံလွန်တော်မူသဖြင့် မဟာလယ်တီတိုက်ကြီး၏ အဋ္ဌမမြောက် ပဓာန နာယကအဖြစ် တာဝန်ယူအုပ်ချုပ်တော်မူလျက် စာသင်သံဃာများအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။ ယင်းသို့ စာပေပို့ချလျက် တစ်ဖက်မှလည်း ကျေးဇူးရှင် ပထမလယ်တီဆရာတော်ဘုရားကြီး၏ လန်ဒန်ပါဠိအသင်းကြီးသို့ ပါဠိဘာသာဖြင့် ရေးသားပေးပို့ခဲ့သော ပဋ္ဌာနဒ္ဒေသဒီပနီပါဋ္ဌကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။



ဆရာတော် ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ ရောဝတီတိုင်း၊ ဘိုကလေးမြို့၊ မဟာဓမ္မိကာရာမ စာသင်တိုက်

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ မအူပင်မြို့နယ်၊ ပိန်းချောင်းကျေးရွာ ခမည်းတော် ဦးဘဦး၊ မယ်တော် ဒေါ်စောဖြူတို့မှ ၁၂၇၅ ခုနှစ် ပြာသိုလဆန်း ဂ ရက် တနင်္ဂနွေနေ့ည ဂ နာရီအချိန်၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ် တပေါင်းလဆန်း ဂ ရက်နေ့၌ အဘိုးဖြစ်သူ ဦးဘိုးထင်၊ အဖွားဖြစ်သူ ဒေါ်စောတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တကောသလ္လာလင်္ကာရ မထေရ်မြတ်ကြီးကို ဥပဇ္ဈာယ်ပြု၍ အသက် ၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏေပြုခဲ့သည်။

၁၂၉၅ ခုနှစ် နတ်တော်လဆုတ် ၅ ရက်နေ့ နံနက် ၉ နာရီ မိနစ် ၃၀ အချိန်တွင် အထက်ဖော်ပြပါ မဟာထေရ်မြတ်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဓနုဖြူမြို့၊ ရွှေဂူပိုင်းရပ်နေကျောင်း ဒါယကာကြီး ဦးစံလှပေါ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြီး သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဓနုဖြူမြို့၊ ဓမ္မကထိကအကျော် ညောင်ချောင်းဆရာတော် ဦးဉာဏဝံသ (နွယ်ခမ်းမွှေး) က အနုသာသကအဖြစ် ဆောင်ရွက်တော်မူ၍ ကာရကသံဃာ ၄၅ ပါး ခြံရံလျက် ပါဠိတက္ကသိုလ် သဒ္ဓမ္မဇောတိကာရာမတောင်ပေါ်ကျောင်းတိုက်ကြီးအတွင်းရှိ (မဟာဝိဇယကာရီ) မင်္ဂလာခဏ္ဍသီမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။ ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာများကို သာမဏေအဖြစ်နှင့်ပင် အထောက်အမလွတ်ကင်းစွာ (စာဆို) အဖြစ် ဆောင်ရွက်သည်ကို အကြောင်းပြု၍ ဆရာတော်ဘုရားကြီးက (အလင်္ကာရ) တစ်ပုဒ်တိုးကာ အဂ္ဂမမ္မာလင်္ကာရဟူ၍ ဘွဲ့အမည်ကိုထပ်ဆင့်၍ ချီးမြှင့်တော်မူခဲ့သည်။

ဆရာတော် လောင်းလျာသည် မဟာဒုဂါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ (ဗဟုသုတဝိနယ) စာမေးပွဲကြီး ၏ နိဿယမူစနကအတန်း၊ ငယ်၊ လတ်၊ ကြီး၊ ၁၃၁၃ ခုနှစ်၌ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ၆ ကျမ်းကို အောင်မြင်တော်မူသဖြင့် သာသနဓဇသိရီပဝရမဟာစရိယဘွဲ့တံဆိပ်တော်ကိုရရှိတော်မူခဲ့သည်။

ဆရာတော်သည် ရောဝတီတိုင်း၊ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်ကြီးတွင် (တိုက်ကြပ်နာယက) ၊ ပါဠိတက္ကသိုလ် (ကထိက) အဖြစ်ဖြင့် စာသင်သားသံဃာတော် ၁၅၀ တို့အားလည်းကောင်း၊ ရောဝတီတိုင်း၊ ဘိုကလေးမြို့၊ မဟာဓမ္မိကာရာမ စာသင်တိုက်ကြီး၏ ပဓာန နာယကအဖြစ်ဖြင့် စာသင်သားသံဃာတော် ၄၀ ကျော်တို့အားလည်းကောင်း ပရိယတ္တိ စာပေကျမ်းဂန် များကို သင်ကြားပို့ချပေးတော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ သုဝဏ္ဏ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်၊ စျေးကျောင်းတိုက်

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်၊ ကိုးလန့်ရွာ ခမည်းတော် ဦးငြိမ်း မယ်တော် ဒေါ်ဆွေတို့မှ သက္ကရာဇ် ၁၂၇၃ ခုနှစ် တန်ခူးလဆန်း ၅ ရက်သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် အသက် ၁၄ နှစ် သားအရွယ်တွင် ခမည်းတော်ဦးငြိမ်း မယ်တော် ဒေါ်ဆွေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆရာတော် ဦးနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် စနေနေ့တွင် မိုးကုတ်မြို့ ဒေါ်နန်းသူ၊ ဒေါ်နန်းစော၊ ဒေါ်မြကြွယ်၊ ဒေါ်ဖုံး၊ ဒေါ်သန်း၊ ဒေါ်အုန်းရင်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မိုးကုတ်မြို့၊ စျေးကျောင်းတိုက်ခဏ္ဍသိမ်တော်၌ ဆရာတော်ဘဒ္ဒန္တမာလာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရပထမပြန် ပထမကြိုးတန်းနှင့် အမျိုးသားစာမေးပွဲများ၊ စာပြန်ပွဲများကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းတောင်၊ အရွှေမှန်ကျောင်းဌာနေစဉ်နှင့် မိုးကုတ်မြို့ လင်းဆောင်ခြည်တောင် စိတ္တကုဋ္ဌ တောင်ဌာနေစဉ် ပရိယတ္တိစာပေများကို ပို့ချပေးတော်မူခဲ့သည်။ ၁၃၁၃ ခုနှစ် မိုးကုတ်မြို့၊ စျေးကျောင်းတိုက်တွင် နာယက ဆရာတော်အဖြစ်ဖြင့် ကျောင်းထိုင်သည်မှစ၍ ယနေ့တိုင်အောင် ငယ်၊ လတ်၊ ကြီး၊ စာချ တန်းဆိုင်ရာ ပိဋကတ်စာပေကျမ်းစာများကို သင်ကြားပို့ချပေးလျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ အချက်တစ်ဆယ် ဆင်ခြင်ဖွယ်ကျမ်းကြီး၊ ဘုရားဂုဏ်တော်ဘွဲ့ဂါထာများ ပါဠိအနက်၊ ဗုဒ္ဓနုဿတိဥာဏ်မျက်စိကျမ်း၊ အမြတ်ဆုံးဘာဝနာကျမ်း၊ ပါသာဒိက ယောဇနာ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲများ၊ ဥပုသ်ပြဿနာကျမ်းတို့ဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက
အဂ္ဂမဟာ ပဏ္ဍိတ
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိ
စာသင်တိုက်

ဆရာတော် လောင်းလျာကို မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့၊ စျေးရွာ၊ ခမည်းတော် ဦးလှိုင် မယ်တော် ဒေါ်ငွေသဲတို့မှ သက္ကရာဇ် ၁၂၆၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၂၈၈ ခုနှစ်တွင် ညောင်ရမ်းမြို့၊ လေသာကျောင်းဆရာတော်ဦးဥယျကို ဥပဇ္ဈာယ်ပြု၍ မယ်တော်၊ ခမည်းတော်တို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

ရှင်ဆန္ဒာဓိကသည် ၁၂၉၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့ နံနက် ၉ နာရီအချိန် ညောင်ရမ်းမြို့၊ လေသာကျောင်းဆရာတော် ဘဒ္ဒန္တဥယျကို ဥပဇ္ဈာယ်ပြု၍မိုးညှင်းကုန်းရွာ၊ ဦးတင် ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ လေသာကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အစိုးရပထမပြန်အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းနှင့် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးကျမ်းများနှင့်တက္က အောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကိုရရှိခဲ့သည်။



ဆရာတော်ဘဒ္ဒန္တအာဒိစ္စ
အဂ္ဂမဟာပဏ္ဍိတ
မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ
မဟာရင်ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ရွာ၊ ခမည်းတော်ဦးစိန်ဗင်၊ မယ်တော် ဒေါ်မျာတို့မှ ၁၂၇၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၆ နှစ်သားအရွယ်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ရွာ ဦးနှစ်၊ ဒေါ်လှရာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကွမ်ရိုက်တော်ကနာရွာ ပဗ္ဗတမင်္ဂလာရုံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၉၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ကွမ်ရိုက်ရွာ ဦးနှစ်၊ ဒေါ်လှရာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကွမ်ရိုက်တော်ကနာရွာ ပဗ္ဗတ မင်္ဂလာရုံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရကို ဥပဇ္ဈာယ်ပြု၍ ပဗ္ဗတမင်္ဂလာရုံကျောင်း သိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် လောကီပညာ သတ္တမတန်းနှင့် အစိုးရ ဓမ္မာစရိယစာချတန်းရိုးရိုးနှင့် ဂုဏ်ထူးတန်း၊ ကတိုးရွာ ပရိယတ္တိစာမေးပွဲ (ဒုတိယဆင့်)၊ မုဒုံမြို့နယ် မွန်အမျိုးသားဝိနယစာမေးပွဲအကျော်တန်း၊ ဝိနည်းငါးကျမ်း (ဒုတိယ)၊ ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်းလုံးဆိုင်ရာ ဓမ္မဝိနယစာပြန်ပွဲတွင် ရှင်သာမဏေ ပထမ၊ ဒုတိယ၊ တတိယနှင့် ရဟန်းပထမ၊ ဒုတိယ၊ တတိယရရှိကာ အဆင့်အတန်းမြင့်မြင့်အောင်မြင်ခဲ့သည်။

ဆရာတော် လောင်းလျှာသည် ပထမ မဟာရင် ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော ကတိုးရွာ၊ မဟာရင်စာသင်တိုက်တွင် ၁၃၁၄ ခုနှစ်မှစ၍ ၁၄ နှစ်တိုင်တိုင် တိုက်အုပ်အဖြစ် တာဝန်ယူ၍လည်းကောင်း၊ ၁၃၂၈ ခုနှစ်မှစ၍ ယနေ့ထိ ပဓာန နာယကဆရာတော်အဖြစ်လည်းကောင်း၊ စာသင်သားသံဃာအပါး ၁၀၀ နီးပါးခန့်ကို စီမံကွပ်ကဲအုပ်ချုပ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။

ဆရာတော်သည် ရှင်ရဟန်းကျင့်ဝတ် (မွန်ဘာသာ) သုတ္တာဓိပ္ပာယခေါ် သုတ်စဉ် သုတ်နက် အဓိပ္ပာယ် (မွန်ဘာသာ) ကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တနာယက
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ ရေနံချောင်းမြို့၊ ရွှေစေတီ
ပါဠိတက္ကသိုလ် တိုက်သစ်

ဆရာတော်လောင်းလျှာကို မကွေးတိုင်း၊ ချောက်မြို့နယ်၊ ဂွေးပင်ကျေးရွာအုပ်စု၊ ဆူးတပ်ရွာ ခမည်းတော် ဦးမြိတ်ဖြိုး၊ မယ်တော် ဒေါ်ငြိမ်းချမ်းတို့မှ ၁၂၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၅ နှစ်အရွယ်တွင် ဆူးတပ်ရွာနေ (ဦးလေး) ဦးချစ်သာ၊ ဒေါ်ငွေ

လှဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဂွေးပင်ရွာကျောင်းဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၀ ပြည့်နှစ် ဝါဆိုလပြည့် တနလ်ာနေ့နံနက် ၈ နာရီအချိန်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချောက်မြို့နယ်၊ ဂွေးပင်ရွာကျောင်းခဏ္ဍသိမ်၌ သရက်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ရေနံချောင်းမြို့၊ ပရိယတ္တိသာသနဟိတဓမ္မာနုဂ္ဂဟ စာမေးပွဲ မူလတန်း၊ အငယ်တန်း (အမှတ်အမျှားဆုံး)၊ အလတ်တန်း၊ အကြီးတန်း (အမှတ်အမျှားဆုံး) နှင့် သာသနဓဇသိရီ ပဝရမဟာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရေနံချောင်းမြို့၊ ရွှေစေတီကျောင်းတိုက်တွင် ၁၃၁၅ ခုနှစ်မှစ၍ ယနေ့အထိ မူလတန်းမှ စာချတန်းအထိ စာဝါများကို ပို့ချလျက်ရှိသည်။




ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစာရ
အဂ္ဂမဟာပဏ္ဍိတ
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မြို့မဝေဠုဝန်ကျောင်းတိုက်

ဆရာတော် လောင်းလျှာကို ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ခမည်းတော် ဦးဖိုးကြိုင်၊ မယ်တော် ဒေါ်လုံးတို့မှ သက္ကရာဇ် ၁၂၇၈ ခုနှစ် တပေါင်း လဆန်း ၁၂ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၅ နှစ် အရွယ်တွင် ခမည်းတော် ဦးဖိုးကြိုင်၊ မယ်တော် ဒေါ်လုံးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သံတွဲမြို့၊ မြို့မဝေဠုဝန်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တ ခေမာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ရှင်သာမဏေဘွဲ့တော်မှာ ရှင်ဣန္ဒာစာရဖြစ်သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ဝါဆို လပြည့်နေ့တွင် သံတွဲမြို့၊ မြို့မဝေဠုဝန်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဝေဠုဝန် ဆရာတော်ကြီး ဘဒ္ဒန္တခေမာကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်း တို့ကိုလည်းကောင်း၊ သံတွဲမြို့ မြို့မဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပသော အကြီးတန်းကိုလည်းကောင်း၊ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ စာမေးပွဲတို့ကိုလည်းကောင်း အောင်မြင်တော်မူသည်။



ဆရာတော်ဘဒ္ဒန္တ ဩဘာသဓဇ
အဂ္ဂမဟာပဏ္ဍိတ
ရောဝတီတိုင်း၊ ညောင်တုန်းမြို့၊ ပုဏ္ဏမာရာမစေ့ျးကျောင်းတိုက်

ဆရာတော် လောင်းလျှာကို ရောဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ရွာ၊ ခမည်းတော် ဦးဘိုးချိန်၊ မယ်တော် ဒေါ်မယ်သင်တို့မှ ၁၂၀၄ ခုနှစ် ကဆုန်လဆန်း ၅ ရက် တနင်္လာနေ့ နံနက် ၉ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၁ ခုနှစ်၊ ၁၂၉၅ ခုနှစ် နှင့် ၁၃၀၀ ပြည့်နှစ် နတ်တော်လတို့တွင် ဇေယျသိဒ္ဓိကျောင်း ဆရာတော် ဦးအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ သုံးကြိမ်ရောက်ရှိခဲ့သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ



၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် တနလ်ာနေ့ နံနက် ၈ နာရီ မိနစ် ၃၀ အချိန်တွင် မြန်အောင်မြို့နယ်၊ ဆန်နီချောင်ရွာ၊ ဇေယျသီဂီကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဇေယျသီဂီကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဘိုးလှိုင်၊ အဘွား ဒေါ်ခင်၊ အဒေါ် ဒေါ်သဲလှိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

၁၃၀၄ ခုနှစ် ၁၃၀၅ ခုနှစ်များတွင် ဂျပန်ခေတ် ဝိနည်း စာမေးပွဲ၌ အလတ်တန်းနှင့်၊ အကြီးတန်း၊ ၁၃၁၆ ခုနှစ်တွင် နိုင်ငံတော် အစိုးရ ပါဠိတကွသိုလ် ဓမ္မာစရိယ စာချတန်း စာမေးပွဲ ကျမ်းရင်း (၃) ကျမ်းနှင့် ဂုဏ်ထူး (၅)ကျမ်း အောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို ရရှိတော် မူခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိ ပထမပြန် စာမေးပွဲတွင် ဓမ္မာစရိယတန်း အောင်မြင်၍ အဘိဝံသသုဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။

၁၃၁၁ ခုနှစ် ညောင်တုန်းမြို့နယ်အတွင်း၌ မင်္ဂလာသင်တန်းနှင့် ဓမ္မစကြာသင်တန်း များကိုလည်းကောင်း၊ ၁၃၁၄ ခုနှစ်တွင် အဘိဓမ္မာသင်တန်းနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကိုလည်းကောင်း၊ ညောင်တုန်းမြို့ ပုဏ္ဏမာရုံမဈေးကျောင်းတိုက်၌ပဓာနနာယကအဖြစ် တာဝန်ယူတော်မူ၍ စာသင်သံဃာအပါး ၂၀ ခန့်အား ပရိယတ္တိကျမ်းစာများကိုလည်းကောင်း ပို့ချတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တဇာနုတ္တရ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့
နင်းကျမ်းကျောင်းတိုက်

ဆရာတော် လောင်းလျာကို ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အေးရွာကျေးရွာ ခမည်းတော် ဦးအောင်ပု၊ မယ်တော် ဒေါ်ကလေးမတို့မှ ၁၂၇၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။


ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ် တပေါင်းလဆန်းတွင်အေးရွာကျေးရွာ၊ပုဗ္ဗာရုံဆရာတော်ဦးသီလကို ဥပဇ္ဈာယ်ပြု၍ အဘွားဒေါ်ပို၊ ဒေါ်စိန်ဥတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၃၀၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် နေ့တွင် ပြွန်တန်ဆာမြို့၊ စက်ပုံဆရာတော် ဦးသီဟကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးအောင်ပု၊ မယ်တော် ဒေါ်ကလေးမနှင့် ဦးအေးမောင်၊ ဒေါ်တင်ယုံတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ဦးဇာဂရ ဖြစ်သည်။ ၁၃၀၃ ခုနှစ်တွင် နင်းကျမ်းကျောင်းတိုက် ဆရာတော် ဦးပညာဇောတက ရဟန်းဘွဲ့အမည်ကို ဦးဇာနုတ္တရဟု ပြောင်းပေးခဲ့သည်။

ဆရာတော်လောင်းလျာသည် ဂျပန်ခေတ်တွင် ဝိနည်း ငယ်လေးစောင်နှင့် ကခ်ါစာမေးပွဲ၊ ပဲခူးမြို့ဝိနယာဓိက စာမေးပွဲငယ်၊ လတ်၊ ကြီးအတန်းများ၊ အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲများကို အသီးသီး ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၂၁ ခုနှစ်မှ စ၍ နင်းကျမ်းကျောင်းတိုက်တွင် အစိုးရ ပထမပြန်တန်းဆိုင်ရာ ပရိယတ္တိစာပေများကို နေ့ညမပြတ် ယနေ့တိုင် ပို့ချလျက်ရှိသည်။ ဆရာတော်သည် ပရိယတ္တိ သာသနာ့တာဝန်ကို အထူးစိတ်ဝင်စားစွာဖြင့် ဆောင်ရွက်လျက်ရှိရာ ၁၃၂၈ ခုနှစ် နင်းကျမ်းကျောင်းဆရာတော် ပျံလွန်တော်မူပြီးနောက် သုဓမ္မာစာပြန်ပွဲ၏ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ၁၂ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ စန္ဒိမာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊
မဟာထူပါရုံ ပရိယတ္တိ စာသင်တိုက်

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ ရေတာရှည်မြို့၊ အမှတ် (၁) ရပ်ကွက်ခေါ် အရှေ့ပိုင်းရပ်၌ ခမည်းတော်



နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က ဖွင့်လှစ်သော ဓမ္မဒူတဝိဇ္ဇာလယကျောင်း၌ စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူနေစဉ် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုရဟန်းတော် ၃၀ ခန့် တို့အား မြန်မာစာပေများကို နှစ်နှစ်ခွဲခန့် သင်ကြားပို့ချတော်မူသည်။ ၁၃၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ သာသနာပြုရန် ကြွရောက်၍ ထိုင်းနိုင်ငံမြန်မာကျောင်း၌ မြန်မာနွယ်ဖွားကလေးများနှင့် ထိုင်းစစ်သား၊ ရဲသားများအားလည်း မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုဘာသာရပ်များကို သင်ကြား ပေးတော်မူခဲ့သည်။ ထိုင်းနိုင်ငံ၌ရှိနေစဉ်မှာ သာသနာပြု ဆောင်းပါးများကို မြန်မာသတင်းစာများနှင့် ဓမ္မလောကစာစောင်၌ ရေးသားတော်မူခဲ့သည်။


မြန်မာသမားတော်ကြီး ဦးဘိုးကြိုင်၊ မယ်တော်ဒေါ်လှာတို့မှ ၁၂၈၃ ခုနှစ် နတ်တော်လဆန်း ၇ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၇ ခုနှစ် နှောင်းတန်ခူးလဆန်း ဂ ရက်နေ့တွင် ပဲခူးတိုင်း၊ ရေတာရှည်မြို့၊ ကံထူးကျောင်းဆရာတော်ဦးဝိဇယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက်နေ့တွင် သုံးဆယ်မြို့၊ ဖားကူးကျောင်းခဏ္ဍသိမ်၌ သုံးဆယ်မြို့၊ ထူပါရုံကျောင်းတိုက် မဟာဒ္ဒါရနိုကာယ ဦးစီးနာယကဖြစ်သော ဆရာတော်ဦးစန္ဒကို ဥပဇ္ဈာယ်ပြု၍ သုံးဆယ်မြို့၊ မန်ကျည်းကုန်းလမ်း၊ ဆန်ကုန်သည် ဒေါ်လေးစိန်၊ ဒေါ်စောရွှေ၊ ကိုကျော်မောင်တို့ မောင်နှမတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ၁၃၀၄ ခုနှစ် မြန်မာအစိုးရ၏ ဝိနယအကြီးတန်း ကခ်ါအဋ္ဌကထာကိုလည်းကောင်း၊ အစိုးရစာမေးပွဲ သာသနဓဇသိရိပဝရ ဓမ္မာစရိယနှင့် စေတီယင်္ကဏ ဓမ္မာစရိယတန်းတို့ကိုလည်းကောင်း၊ ပဲခူးမြို့၊ ဝိနယာဓိက စာမေးပွဲ အကြီးတန်းကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် လောကီ ၁၁ တန်းကိုလည်းကောင်း၊ ဓမ္မဒူတဝိဇ္ဇာလယ သင်တန်းကိုလည်းကောင်း၊ အသီးသီး အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မဟာနန္ဒိသေနာရာမကျောင်း၌ ဂဏဝါစက စာချအဖြစ်ဆောင်ရွက်၍ စာသင်သားများအား နေ့ဝါညဝါ ကျမ်းစာများကို ပို့ချတော်မူခဲ့သည်။ ၁၃၁၅ ခုနှစ်တွင် ကမ္ဘာအေးကုန်းမြေ၊



ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ သာသနောဒယကျောင်း

ဆရာတော်လောင်းလျှာကို မုန်ပြည်နယ် မုဒုံမြို့နယ်၊ ကျံဖိုက်ကျေးရွာ ခမည်းတော်ဦးထွားအောင်၊ မယ်တော် ဒေါ်စောရီတို့မှ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ကြာသပတေးနေ့ ညနေ ၅ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၅ ခုနှစ် ၁၃ နှစ်သားအရွယ်တွင် မုန်ပြည်နယ်၊ မုဒုံမြို့၊ ကျန်းရွာလမ်း၊ ဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော်အရှင်ယသကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၃ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ နံနက်

ဂ နာရီအချိန်တွင် မော်လမြိုင်မြို့၊ မဟာမြိုင်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဓမ္မပိယစာသင်တိုက် ဆရာတော်အရှင်ပဏ္ဍိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့နယ်၊ ငန်းတေးကျေးရွာကျောင်း ဒါယကာ ဦးချစ်အောင်၊ ဒါယိကာမ ဒေါ်သိမ်းရွှေတို့ကို အမှူးထား၍ သားသမီးများဖြစ်ကြသော ဦးစန္ဒာ၊ ဒေါ်သောင်းမြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ မမွာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သဖြင့် သာသနဓဇသိရိပဝရဓမ္မာစရိယဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့သည်။ ထို့ပြင် မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲတွင် တတိယဆင့်အထိ ရှင်သာမဏေဘဝကပင် အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ ဘုရားဖြူဝိနယာနုဂ္ဂဟစာမေးပွဲတွင် ပထမကြိုးတန်းအထိ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် သာဓုကျောင်းတိုက် ပရိယတ္တိစာမေးပွဲအကြိုးတန်းနှင့် ဓနုဖြူမြို့နယ် အကျော်စာမေးပွဲအကြိုးတန်းကိုလည်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၉ ခုနှစ်မှ ၁၃၅၂ ခုနှစ်အထိ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ သာသနောဒယ ပရိယတ္တိစာသင်တိုက်ကြီးတွင် ကြီးမှူးအုပ်ချုပ်၍ စာသင်သားသံဃာ ၄၀ ကျော်တို့အား စာပေကျမ်းဂန်များကို ပို့ချသင်ကြားပေးတော်မူလျက် ရှိသည်။



ဆရာတော် ဘဒ္ဒန္တ ဇောတိက
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ ချောက်မြို့၊ မဟာအေးစေတီကျောင်းတိုက်

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဝက်ကြီးကန်ရွာ၌ ခမည်းတော် ရွှေပန်းထိမ် ဆရာကြီး ဦးတုပ်ကျော်၊ မယ်တော် ဒေါ်ဒေါ်ရင်တို့မှ ၁၂၇၃ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၀ နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝက်ကြီးကန်ရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိဿရိယကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၃ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်၊ သောကြာနေ့တွင် ကျောက်ပန်းတောင်းမြို့နယ်၊ ဝက်ကြီးကန်ရွာ၊ ဦးမောင်ကြီး၊ ဒေါ်ဘုတုပ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်ပန်းတောင်းမြို့နယ် ပေါက်သစ်အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဒေဝိန္ဒာကို ဥပဇ္ဈာယ်ပြု၍ ဝက်ကြီးကန်ရွာ၊ ရွာဦးကျောင်းခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့၊ မဟာဝိသုတာရုံမတိုက်ကြီး ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနန္ဒိယ စသော ဂဏဝါစက ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို အာစရိယမုဋ္ဌိနည်းရရှိအောင် သင်ကြားဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ချောက်မြို့ မဟာအေးစေတီကျောင်းတိုက်တွင် စာချဘုန်းကြီးအဖြစ် တာဝန်ယူခဲ့သည်။ ဆရာတော်ဘဒ္ဒန္တနန္ဒပ္ပိလွန်တော်မူပြီးသည့်နောက်တွင် မဟာအေးစေတီကျောင်းတိုက်၏ ပဓာနနာယကအဖြစ် တာဝန်ယူလျက် ပရိယတ္တိစာပေများကို စာသင်သားသံဃာအများတို့အား သင်ကြားပို့ချလျက် ရှိသည်။ ဆရာတော်သည် နာနာဂန္ထနယူပဒေသနှင့် သမထဝိပဿနာသဓေ်ပရှုနည်းကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ သောဘန
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန် စာသင်တိုက်၊ သောဘနာဝါသကျောင်း

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကန်နက်ကျေးရွာ၊ ခမည်းတော် ဦးဘိုးသွယ် မယ်တော် ဒေါ်ညိမ်းမယ်တို့မှ ၁၂၀၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက် သောကြာနေ့နံနက် ၄ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ် ၁၀ နှစ်သားအရွယ်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကန်နက်




ကျေးရွာကျောင်း ဦးကြီးတော်ဘုန်းကြီး ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် သောကြာနေ့နံနက် ၉ နာရီ ၃၀ မိနစ် ဂ ဖဝါး အချိန်တွင် မန္တလေးမြို့၊ ဒက္ခိဏာရုမဘုရားကြီးတိုက်၊ ခဏ္ဍသိမ်၌ ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တဓန္တိ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ လမ်း ၅၀၊ တိုက်အမှတ် ၁၁၅၊ ဦးညွှန့်၊ ဒေါ်တင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် သာမဏေ ဘဝကပင် အစိုးရ ပထမကြီးတန်းကိုလည်းကောင်း၊ ၁၃၁၁ ခုနှစ်တွင် သာသနဓဇသိရီ ပဝရဓမ္မာစရိယ ဘွဲ့ကိုလည်းကောင်း၊ ပဲခူးမြို့ ဝိနယာဓိက စာမေးပွဲတွင် ဝိနယာဓိက ပရိယတ္တိဓမ္မာစရိယ ဘွဲ့ကိုလည်းကောင်း၊ ဂျပန်ခေတ်တွင် မြန်မာအစိုးရ ဝိနယအကြီးတန်းကို လည်းကောင်း အသီးသီးအောင်မြင်တော် မူခဲ့သည်။

ဆရာတော်သည် ၁၃၁၂ ခုနှစ်မှစ၍ ယခုအချိန်အထိ ရန်ကုန်မြို့၊ မြသိန်းတန်ကျောင်းတိုက်၌ စာသင်သားတို့အား စာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူသည်။ ထို့ပြင်ဆရာတော်သည် ၁၃၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ဆဋ္ဌသင်္ဂါယနာအတွက် ကြိုတင်၍ ၁၃၁၅ ခုနှစ်မှစ၍ ၁၃၂၃ ခုနှစ်အထိ ရှစ်နှစ်ပတ်လုံး အဆက်မပြတ် "သြသာနသောဓေယျပတ္တာပါဠိက" အဖြစ်ဖြင့် မဟာစည် ဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့နှင့် အတူ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ပြင်ဆင်သုတ်သင် ဆောင်ရွက်တော် မူခဲ့သည်။



ဆရာတော် ဘဒ္ဒန္တ ဥဂ္ဃဏဝံသ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ သဒ္ဓမ္မ (ပြည်) ဇောတိကာရုံစာသင်တိုက်

ဆရာတော်လောင်းလျှာကိုပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ်၊ ရွှေဂူကျေးရွာ၊ ခမည်းတော် ဦးဖိုးချို၊ မယ်တော် ဒေါ်သဲနုတို့မှ ၁၂၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၆ ခုနှစ် ၁၃ နှစ်သားအရွယ်တွင် ရွှေဂူကျေးရွာ၊ ရွှေဂူကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ အဘိုး၊ အဘွားနှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ရွှေဂူကျောင်း ခဏ္ဍသိမ်၌ ကြို့ပင်ကျောင်းတိုက် ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ အဘိုးအဘွားနှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ရန်ကုန်မြို့ ဘုရားဖြူဝိနယ အငယ်တန်း၊ စလင်းတိုက် ပထမကြီးတန်း (ဂုဏ်ထူး)၊ အစိုးရသာသန ဓဇသိရီပဝရဓမ္မာစရိယဘွဲ့နှင့် ပြည်မြို့နယ်လုံးဆိုင်ရာ ဝိနယပမုခ စာမေးပွဲတွင် အဋ္ဌကထာသုံးကျမ်းလုံးကို တစ်နှစ်တည်းဖြင့် အောင်မြင်သောကြောင့် သဒ္ဓမ္မဝံသ ပတိဋ္ဌာပကမဟာ ဓမ္မစရိယ ဘွဲ့ကို အသီးသီး အောင်မြင်တော်မူခဲ့သည်။


ဆရာတော်သည် ရန်ကုန်မြို့ စလင်းကျောင်း၊ တောင်ကြီးမြို့ သိမ်တောင်ကျောင်း၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်များ၌ စာသင်သားတို့အား ပို့ချသင်ကြားခဲ့ခြင်း၊ ၁၃၁၈ ခုနှစ်တွင် တိုက်ကြီးမြို့၌ သဒ္ဓမ္မ (ပြည်) ဇောတိကာရုံကျောင်းတိုက်ကို ဓမ္မဝိနယနှင့် အညီ စတင်တည်ထောင်ပြီး ရဟန်းသာမဏေတို့အား စာပေပို့ချ သင်ကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ တိုက်ကြီးမြို့ပေါ်ရှိ ဘာသာရေးအသင်းများအား အဘိဓမ္မာသင်္ဂဟကျမ်း၊ ဋီကာကျော်ကျမ်း၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို သင်ကြားပို့ချတော်မူသည်။ ယခုအခါတွင် စာသင်သား ၅၀ ခန့်တို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားလျက် ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ မယ်တော်မိနတ်ကျေးဇူးဆပ်တရားတော်၊ မဟာသမယအခါတော်နေ့တရားတော်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်၊ ကိုယ့်ကိုချစ်လျှင် ဦးစွာပြင် တရားတော်၊ နှစ်သစ်မင်္ဂလာတရားတော်၊ မဟာသမယသုတ် မြန်မာပြန်၊ ဓမ္မစက္ကာမြန်မာပြန်၊ အနတ္တလက္ခဏသုတ် မြန်မာပြန်၊ အာဘိဏှသုတ် မြန်မာပြန် စသည်တို့ ဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၂၆၉ ခုနှစ် တပို့တွဲလတွင် ဇလွန်မြို့နယ်၊ ကျုံခမွန်ရွာ ခေမာသီဝံ ကျောင်းတိုက် ဆရာတော် ဦးဝိမလဗုဒ္ဓိကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်မယ်တော်တို့၏ပစ္စယာနုဂ္ဂဟဖြင့်ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၃ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် နံနက် ၉ နာရီ ၃၅ မိနစ်အချိန်တွင် ကျုံခမွန်ရွာ ခေမာသီဝံကျောင်းတိုက်ရှိ သာသနဇောတိက ခဏ္ဍသိမ်တော်၌ ကျုံခမွန်ရွာ ကျောင်းဒါယကာကြီး ဦးမောင်နှင့်သမီး ဒေါ်ဒေါ်စိန်၊ ဒေါ်အေးညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မူလဆရာရင်း ခေမာသီဝံဆရာတော်ကြီး ဦးဝိမလဗုဒ္ဓိကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ညောင်တုန်းကျောင်းတိုက် သာသနပါလအသင်းမှ ကြီးမှူးကျင်းပသော သာသနပါလဓမ္မာစရိယတန်းကို ဖြေဆိုအောင်မြင်တော်မူ၍ သာသနပါလဓမ္မာစရိယဘွဲ့နှင့် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းနှင့်တကွ အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။



ဆရာတော် ဘဒ္ဒန္တလောဘသာမိ
အဂ္ဂ မဟာပဏ္ဍိတ
ရောဝတီတိုင်း၊ ဟသ်ာဝတမြို့၊ ရတနာဗိမာန်
ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို ရောဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ကိုင်းတောကွင်းရွာ ခမည်းတော် ဦးဘိုးခြုံ၊ မယ်တော်ဒေါ်မယ်စံတို့မှ ၁၂၀၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။



ဆရာတော်ဘဒ္ဒန္တ ဇောတိပါလ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်


ဆရာတော်လောင်းလျှာကို မကွေးတိုင်း၊ မင်းဘူး (စကု) မြို့နယ် ရွာသစ်ကုန်းခေါ် ဆယ်ရွာ၌ ခမည်းတော် ဦးကြာရံ၊ မယ်တော်ဒေါ်ကင်းညိုတို့မှ ၁၂၀၄ ခုနှစ် တော်သလင်းလဆန်း ဂ ရက် အင်္ဂါနေ့ နံနက် ဂ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၅ နှစ်သား အရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မကွေးတိုင်း၊ မင်းဘူး (စကု) မြို့နယ်၊ ကျည်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၄ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သော ကဆုန်လဆန်း ၃ ရက် သောကြာနေ့၌ မင်းဘူး (စကု) မြို့နယ်၊ ပေါက်လေးပင်ရွာ ဦးတင်၊ ဒေါ်မေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းဘူး (စကု) မြို့နယ်၊ ကျောက်စံရွာကျောင်း ဆရာတော်ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြု၍ ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် အစိုးရဓမ္မာစရိယတန်းနှင့် ဂုဏ်ထူးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သိမ်တောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် သုံးနှစ်၊ မန္တလေးမြို့၊ မဟာဝေယံဘုံသာတိုက်၌ နှစ်နှစ်၊ စာသင်သားသံဃာတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်မူခဲ့သည်။ ၁၃၃၃ ခုနှစ်မှစ၍ ယနေ့အထိ မကွေးမြို့၊ မဟာဝိသုတာရုံတိုက်၌ စာသင်သား သံဃာတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
တနင်္သာရီတိုင်း၊ ထားဝယ်မြို့
ဃောသိတာရုပ ပါဠိတက္ကသိုလ်ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ပန်းဒလဲကျေးရွာ၌ ခမည်းတော် ဦးလူကြီး၊ မယ်တော် ဒေါ်ငယ်တို့မှ ၁၂၇၄ ခုနှစ် ဝါဆိုလဆန်း ဂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။


ဆရာတော်လောင်းလျှာသည် ၁၂၉၃ ခုနှစ် ဝါဆိုလ၌ ခမည်းတော်ဦးလူကြီး၊ မယ်တော်ဒေါ်ငယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပန်းဒလဲကျောင်းကြီး ဆရာတော် ဦးပညာသီရိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

သက္ကရာဇ် ၁၃၀၄ ခုနှစ် ကဆုန်လဆုတ် ၄ ရက်နေ့ နံနက် ၇း၃၀ နာရီအချိန်တွင် ပန်းဒလဲကျောင်းကြီးအတွင်းရှိ ခဏ္ဍသိမ်တော်၌ ဦးပညာသီရိကို ဥပဇ္ဈာယ်ပြု၍ ပန်းဒလဲတစ်ရွာလုံးရှိ ကျောင်းဒါယကာ၊ ဒါယိကာမအားလုံး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ရှင်သာမဏေအဖြစ်ဖြင့် ပထမပြန်စာမေးပွဲ ပထမလတ်တန်းကို အောင်မြင်ခဲ့ပြီး ရဟန်းအဖြစ်ဖြင့် ဂျပန်ခေတ်ဝိနည်း ငါးကျမ်းစာမေးပွဲ ပထမကျော်တန်းကို (တစ်ပြည်လုံးတွင် ဒုတိယ)၊ ထားဝယ်မြို့ ပရိယတ္တိသာသနနုဂ္ဂဟအသင်း စာမေးပွဲ ပထမကြီးတန်းကို (ပထမ)၊ မန္တလေး ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယတန်း၊ အစိုးရဓမ္မာစရိယစာချတန်း စာမေးပွဲကိုလည်း ဂုဏ်ထူးငါးကျမ်းနှင့် တကွအောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ်တွင် မိုးကောင်းတိုက်မှ တောင်သမန်တိုက် သာသနဟိတအုတ်ကျောင်းသို့ပြောင်းရွှေ့ သီတင်းသုံးကာ ၁၃၁၃ ခုနှစ်အထိ ၁၉ နှစ်တိုင်တိုင် စာသင်သား ရှင်ရဟန်းတို့အား ပရိယတ္တိစာပေတို့ကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။ ထို့နောက် မန္တလေးမြို့မှ ထားဝယ်မြို့ရွှေဂူကျောင်းသို့ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် ပြောင်းရွှေသီတင်းသုံးနေထိုင်ကာ သက်ဆိုင်ရာ သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၃၄၆ ခုနှစ် နတ်တော်လတွင် ကျေးဇူးရှင် ဃောသိတာရုပ ဆရာတော်ဘုရားကြီး၏ မိန့်ခေါ်ချက်အရ ရွှေဂူကျောင်းမှ ၁၃၄၉ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်နေ့တွင် ဃော သိ တာ ရု မ ပါ ဠိ တ က္က သိုလ် ကျောင်းတိုက်သို့ တိုက်အုပ်ဆရာတော်အဖြစ်ဖြင့် ပြောင်းရွှေ သီတင်းသုံးနေထိုင်လျက် ပရိယတ္တိကျမ်းစာများကိုပို့ချခြင်းနှင့် ဆရာတော် ဘုရားကြီးနှင့်အတူ ကျောင်းတိုက် ကြီးကြပ်အုပ်ချုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ကဝိဓဇ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊
မဟာဝိဇယာရာမတိုက်


ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ရွားပင်အုပ်စု၊ ဆူးလေကုန်းကျေးရွာ၌ ခမည်းတော် ဦးထွန်းမောင်၊ မယ်တော်ဒေါ်နန်းတို့မှ ၁၂၀၃ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၄ နှစ်အရွယ်တွင် မကွေးတိုင်း ဆိပ်ဖြူမြို့၊ ကိုးတောင့်ရွာ မှန်ကျောင်း ဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၄ ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့နံနက် ၉ နာရီတွင် ဇော်ဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တံခွန်တိုင်ကြီးကျေးရွာကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသုဒဿနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် လောကီပညာသင်တန်း၊ အစိုးရပထမငယ်၊ ပထမလတ်၊ အကြီးတန်းတို့ကိုလည်းကောင်း၊ ဆင်ဖြူကျွန်း မဟာဝိဇယာရာမတိုက်၊ ဝိနယအကြီးတန်းတို့ကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိဇယာရာမတိုက်တွင် ပဓာနနာယကအဖြစ် စီမံကုပ်ကဲအုပ်ချုပ်တော်မူလျက် စာသင်သားသံဃာ ၁၀၀ ခန့်တို့အား ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ပညိန္ဒ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကျုံးကျုံးကျကျေးရွာ ခမည်းတော် ဦးကျော်မြ၊ မယ်တော် ဒေါ်သိန်းတင်တို့မှ ၁၂၀၅ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် ကြာသပတေးနေ့ နံနက် ၅ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၄ နှစ်သားအရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျုံးကျုံးကျကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၄ ခုနှစ် နတ်တော်လန်း ၁၁ ရက် သောကြာနေ့နံနက် ၇ နာရီ၊ ၄၅ မိနစ်တွင် ခရမ်းမြို့၊ မြေပိုင်ရွာ ဒေါ်နုနုနှင့် မြေပိုင်ရွာ ဦးညွှန့်၊ ဒေါ်ဒေါ်ဝင့်တို့မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ခရမ်းမြို့၊ ဓမ္မိကာရာမကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓမ္မိကာရာမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဥယျကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဆရာတော်သည်စာမေးပွဲကို အစိုးရပထမလတ် အောင်မြင်ရုံသာ ဖြေဆိုတော်မူပြီး ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို ပခုက္ကူနည်း၊ မန္တလေးနည်းတို့ဖြင့် ရဟန်းရှစ်ဝါရသည်အထိ ကျနသေချာတတ်မြောက်အောင် သင်ယူတော်မူပြီးနောက် ရဟန်းကိုးဝါအရတွင် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးတို့က မဟာဝိသုတာရာမိက ဂဏဝါစကစာချုဂုဏ်ထူး ချီးမြှင့်တော်မူသဖြင့် မဟာဝိသုတာရာမတိုက်၌ပင် သီတင်းသုံးကာ

စာလိုက်သံဃာမြောက်များစွာတို့အား ပိဋကတ်စာပေ ကျမ်းဂန်တို့ကို ယနေ့အချိန်အထိ တစ်ရက်လျှင် စာဝါ သုံးဝါ ပို့ချလျက်ရှိသည်။

ထို့ပြင် ဆရာတော်သည် သက်ဆိုင်ရာအငြင်းပွားမှု ဝိနိစ္ဆယခြောက်ခု၊ အနုဝါဒါအဓိကရဏ်း ဝိနိစ္ဆယ နှစ်ခု၊ ကထိနာယတ္တာ ဝိနိစ္ဆယ၊ ဥပသမ္မဒါပက္ခာနုသာဝသနာယတ္တာ ဝိနိစ္ဆယ၊ သိမ်နှင့်စပ်သော အဆုံးအဖြတ်၊ သိမ်သမုတ်ပုံ လုပ်ထုံးလုပ်နည်း၊ ရှစ်ကြိမ်မြောက် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယမှတ်တမ်းများနှင့် တိပိဋကက ပါဠိမြန်မာအဘိဓာန် အတွဲ (၉) (၁၀) ကို ဦးဆောင် ရေးသား၍ ဩဝါဒကထာများ၊ အခမ်းအနားဖွင့် မင်္ဂလာ ကထာများကိုလည်း ရေးသားခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ သာသနာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်
မြတောင်တိုက်

ဆရာတော်လောင်းလျာကို ၁၂၀၅ ခု ဒုတိယဝါဆို လပြည့်ကျော် ၇ ရက် သောကြာနေ့ ညနေ ၄ နာရီ အချိန် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည် ကျေးရွာအရှေ့ပိုင်း၊ ခမည်းတော် ဦးဥာဏ်(တောင်သူ)၊ မယ်တော်ဒေါ်ဖိတို့မှ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၀ နှစ်သားအရွယ်တွင် မြန်မာစတုတ္ထတန်းကို အောင်မြင်၍ ထိုနှစ်မှာပင် ကျောက်ဆည်ကျေးရွာအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် သက္ကရာဇ် ၁၃၀၄ ခုနှစ် တွင် စစ်ကိုင်းတောင်ရိုး မဟာရတနာဘုံစံချောင်တည် တတိယ မြတောင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစာရ ဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျောက်ဆည်ကျေးရွာ ကျောင်းသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် တော်မူသည်။


ဆရာတော်လောင်းလျာသည် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးခြောက်ကျမ်းနှင့်တကွ အောင်မြင်တော်မူ၍ ၁၃၁၃ ခုနှစ်တွင် မန္တလေးမြို့ သကျသီဟ သီးခြားစာချတန်းကို အောင်မြင်ခဲ့သည်။ ပါဠိစာပေ အရေးအသားနှင့်သက်ဆိုင်သော ဘာသာရပ်စာပေများကိုလည်း တတ်မြောက်တော်မူသည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ်မှစ၍ စာပေပို့ချခြင်း၊ ကျမ်းစာကြည့်ခြင်း၊ ကျမ်းစာရေးခြင်းဟူသော ဂန္ထဓုရကို ဆောင်ရွက်တော်မူသည်။ ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ ကစ္စာယန သုတ္တတ္ထပယောဂသဒ္ဒီ(ကာရကပိုင်း)၊ ကစ္စာယနသာရ ဋီကာဟောင်း နိဿယ၊ သဒ္ဓတ္ထဘေဒစိန္တာဂုဠ္ဆတ္ထ ပကာသနီ၊ ကစ္စာယနသာရတ္ထ ပကာသနီ၊ မြတောင်သာသနာ နှစ် ၁၀၀ ပြည့်သမိုင်းတို့ ဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တသုမနဇောတိ
အဂ္ဂမဟာပဏ္ဍိတ
ရောဝတီတိုင်း၊ ကျုံပျော်မြို့ ပြည်လုံးပေါ် ဘုရားကြီး
ပရိယတ္တိစာသင်တိုက်

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ဟသံ်ာတမြို့နယ်၊ နီဗွာန်ကွင်းရွာ ခမည်းတော် ဦးကုလား၊ မယ်တော် ဒေါ်ဖွားသီတို့မှ ၁၂၀၅ ခုနှစ် နယုန်လဆန်း ၁၅ ရက် သောကြာနေ့ နံနက် ၉ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။



ဆရာတော်လောင်းလျှာသည် ၁၀ နှစ်သားအရွယ်တွင် အဘိုးအဘွားဖြစ်ကြသော ကျောင်းဒါယကာ ဦးဖိုး၊ ကျောင်းဒါယိကာမ ဒေါ်ချုပ်နှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ နိဗ္ဗာန်ကွင်းရွာ၊ လယ်ပြင်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၅ ခုနှစ် နယုန်လဆန်း ၁၅ ရက် နံနက် ၉ နာရီ အချိန်တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ သင်္ဃန်းဒေါင့်ရွာ၊ သင်္ဃန်းဒေါင့်ကျောင်းတိုက်၊ လေးမြို့ဂိုဏ်းချုပ် (ရွှေစာချုန်တော်) ဘွဲ့တံဆိပ်တော်ရ ဆရာတော် သဒ္ဓမ္မပါလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သင်္ဃန်းဒေါင့်ကျောင်း ခဏ္ဍသိမ်၌ ရေကြည်မြို့ ဦးပု၊ နှမ ဒေါ်စိန်နှင့် သမီး မတင်ကြည်၊ မတင်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် အမျိုးသားပထမကျော်တန်းနှင့်ဂုဏ်ထူးဂါးကျမ်းနှင့်တကွ အစိုးရဓမ္မာစရိယတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ဧရာဝတီတိုင်း၊ ရေကြည်မြို့၊ ဇောတိကာရုံစာသင်တိုက်၌ စာသင်သားသံဃာတို့အား အခြေခံကျမ်းစာများကို တစ်နေ့လျှင် သုံးကြိမ် လေးကြိမ် ပို့ချပေးခြင်း၊ ပုသိမ်မြို့ သာသနရုံသီပါဠိတက္ကသိုလ် စာသင်တိုက်၌ တိုက်အုပ်စာချ ကထိကအဖြစ်ဖြင့် ပါဠိတော်၊ အဋ္ဌကထာကျမ်းစာများကို သင်ကြား ပို့ချပေးခြင်း၊ ဆရာတော်ယခု သီတင်းသုံးရာ ကျုံပျော်မြို့ ပြည်လုံးပေါ် ဘုရားကြီး ပရိယတ္တိစာသင်တိုက်၌ အစိုးရပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းဆိုင်ရာ နေ့ဝါညဝါကျမ်းစာများကိုပို့ချပေးခြင်းအားဖြင့် စာပေပို့ချမှု တာဝန်အသီးသီးကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ဖြူးမြို့၊ ဒက္ခိဏာရုံစာသင်တိုက်

ဆရာတော်လောင်းလျှာကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဆုံကုန်းရွာ ခမည်းတော် ဦးကျော်သူ၊ မယ်တော် ဒေါ်စံတို့မှ ၁၂၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် ကြာသပတေးနေ့၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက်ကိုးနှစ်အရွယ်တွင် ဆုံကုန်းရွာဦးကျောင်း ဆရာတော် ဥက္ကဋ္ဌလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၅ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ဆုံကုန်းရွာဦးကျောင်း ခဏ္ဍသိမ်တော်၌ ကျိုးပင်ချောင်ရွာကျောင်းဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် မုံရွာမြို့၊ မဟာဇောတိကာရုံ ပါဠိတက္ကသိုလ်ပရိယတ္တိ သာသနဟိတ စာမေးပွဲကြီး၌ ပထမကြီးတန်း အာဒိကမ္မိက ပထမကျော်ဂုဏ်ထူးနှင့် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့် တကွအောင်မြင်သဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိခဲ့သည်။

ဆရာတော်သည် မုံရွာမြို့၊ မဟာဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ သီတင်းသုံးစဉ် အဘိဓမ္မာညဝါများကို လည်းကောင်း၊ ဖြူးမြို့ ဒက္ခိဏာရုံ စာသင်တိုက်၌ ၁၃၂၀ ပြည့်နှစ်မှစ၍ ပါဠိပထမပြန် စာဝါများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကိုလည်းကောင်း ယနေ့တိုင် ပို့ချလျက် ရှိသည်။

ဆရာတော်သည် သခေါ်ပသင်နည်းပြကျမ်း၊ ဆန်းသခေါ်ပသင်နည်းပြကျမ်း၊ ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ် သမထဝိပဿနာကျမ်း၊ ကောဋ္ဌာသမြင် နိဗ္ဗာန်ဝင်တရားတော်ကျမ်း၊ ပဋ္ဌိစ္စ သမုပ္ပဒ် သခေါ်ပ ရှုဖွယ်ကျမ်းများကို ရေးသားပြုစုတော် မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
မဟာသိမ်တော်ကြီး ကျောင်းတိုက်

ဆရာတော် လောင်းလျှာကို မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ မြစ်ငယ် မြို့နယ်ခွဲ၊ ဥယျာဉ်တော်ရွာ၊ ခမည်း

တော် ဦးဖိုးညွှန့် မယ်တော် ဒေါ်ညိုအိတို့မှ ၁၂၀၅ ခုနှစ် နတ်တော် လပြည့်ကျော် ၆ ရက် သောကြာနေ့ နံနက် ၇ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၁ နှစ်သားအရွယ်တွင် အမရပူရမြို့နယ်၊ မြစ်ငယ်မြို့နယ်ခဲ့၊ ဥယျာဉ်တော်ရွာ၊ မင်းကျောင်းဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ် ပြု၍ မြစ်ငယ်မြို့နယ်ခဲ့၊ ဥယျာဉ်တော်ရွာ၊ မယ်တော် ဒေါ်ညိုအိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူသည်။

၁၃၀၅ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် နံနက် ၉ နာရီ အချိန်တွင် အမရပူရမြို့နယ်၊ ရေကြည်ပေါက်ရွာ၊ ဝါဆိုကျောင်းခတ္တာသိမ်၌ မြစ်ကူးကျောင်းဆရာတော် အရှင်ဝိဇယာဘိကဝိဓဇ မဟာထေရ်မြတ်ကိုဥပဇ္ဈာယ်ပြု၍မြစ်ငယ်မြို့ ဥယျာဉ်တော်ရွာ ပိုးထည်ကုန်သည် ဦးခ–ဒေါ်မှုန်၊ သမီး မစောရှင်၊ မသန်းတင်နှင့် မိတ္ထီလာ တောင်လက် သဖန်းပင်ရိုးရွာ၊ မယ်တော်ကြီး ဒေါ်ညိုအိအမှူးရှိသော ဦးဆေး၊ ဒေါ်ငွေဇာမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ၁၃၁၅ ခုနှစ်တွင် အစိုးရ ဓမ္မာစရိယနှင့် သက္ကသီဟဓမ္မာစရိယစာချုတန်း၊ မိတ္ထီလာမြို့ အင်းတောရကိုဏ်း ဝိနယဝိသိဋ္ဌ (ပထမကျော်)၊ သဘာဝဓမ္မတိုင်းရင်းဆေးပညာဆရာနှင့် ၁၃၄၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို အသီးသီး အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မိုးကောင်း တိုက်၊ ညောင်ရမ်းဆရာတော် ကျောင်း၌လည်းကောင်း၊ မော်လမြိုင်မြို့စိန်မမကျောင်းတိုက်ပါဠိတက္ကသိုလ်၌လည်းကောင်း၊ စာသင်သားသံဃာတော်များအား နေ့ဝါညဝါနှင့်ပိဋကတ်ကျမ်းစာတို့ကို ပို့ချသင်ကြားပေးတော်မူသည်။ ဆရာတော်ပြုစုရေးသားသောကျမ်းများမှာ အလင်းပြမာတိကာ ဓာတုကထာ(ပုံနှိပ်ပြီး)၊ မြတ်ဂုဏ်တော်ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ပုတီးစိပ်နည်းများ (ကော်ပီမူ)၊ ဓမ္မာစရိယ ကြေးမုံ (ကော်ပီမူ) တို့ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တ ဓမ္မိကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ
မင်းပြားမြို့၊ ဓမ္မိကာရုံ ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မောင်းဆွဲရွာ၌ ခမည်းတော် ဦးကြာလှအောင် မယ်တော် ဒေါ်ကြာယေတို့မှ ၁၂၀၅ ခုနှစ် သီတင်းကျွတ်လဆန်း ဂ ရက် စနေနေ့ နံနက် ၁၀ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။



ဆရာတော်လောင်းလျှာသည် ၁၄ နှစ်သား အရွယ်တွင် မြောက်ဦးမြို့နယ်၊ မောင်းဆွဲကျေးရွာ၊ မောင်းဆွဲရွာကျောင်း ဆရာတော်ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၀၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် နံနက် ၉ နာရီတွင် မောင်းဆွဲရွာ၊ မောင်းဆွဲကျောင်း ဥဒကုက္ခေပသိမ်၌ တတိယမောင်းဆွဲဆရာတော် ဦးပညိန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ဒါယကာကြီး ဦးသင်ချို(ဖူး)၊ ဒေါ်စံဖူးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော် လောင်းလျှာသည် ကျောက်တော်မြို့၊ အမျိုးသားပရိယတ္တိ စာမေးပွဲ၌ ပထမအဆင့်မှ ဆဋ္ဌမအဆင့်ထိ ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ အစိုးရဓမ္မစရိယ စာချုတန်းနှင့် ညောင်တုန်းမြို့၊ သာသနပါလအမျိုးသား စာမေးပွဲ၌ စာချုတန်းကို အမှတ်အများဆုံးဖြင့် အောင်ပန်းဆွတ်ခူးသဖြင့် အဘိဝံသ ဘွဲ့ထူးဖြင့် ဂုဏ်ပြုချီးမြင့် အပူဇော်ခံရသည်။

ဆရာတော်သည် မန္တလေးမြို့၌ စာသင်သားများအား စာပေပို့ချသင်ကြားခြင်း ၁၃၁၈ ခုနှစ်မှ ၁၃၂၀ ပြည့်နှစ်ထိ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငပုကွကျေးရွာ၊ သာသနာ့ဝန်ဆောင်ကျောင်း၌ စာသင်သားများအား စာပေပို့ချသင်ကြားခြင်းနှင့် ၁၃၂၂ ခုနှစ်တွင် မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရုံ ကျောင်းတိုက်ကို တည်ထောင်၍ စာသင်သား ၂၁ ပါးမှ ယခုအခါ ၄၂ ပါး မျှသော စာသင်သားတို့အား ပို့ချသင်ကြားပေးတော် မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ပညာသာမိ
အဂ္ဂမဟာပဏ္ဍိတ
ကယားပြည်နယ်၊ လွိုင်ကော်မြို့ ရွှေတောင်
ပရိယတ္တိ စာသင်တိုက်

ဆရာတော်လောင်းလျာကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ အင်းလျားရွာ၊ ခမည်းတော် ဦးဖုန်း၊ မယ်တော်ဒေါ်မုန်းတို့မှ ၁၂၀၆ ခုနှစ် တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့ည ဂ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ် ၁ဂ နှစ်သား အရွယ်တွင် အင်းလျားရွာ၊ အင်းလျားကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၅ ခုနှစ် တပေါင်းလဆန်း ၂ ရက်နေ့တွင် ညောင်ရွှေ မြို့နယ်၊ အင်းလေးဒေသ၊ ဟဲယားရွာမ၊ ရွှေဘုံသာကျောင်း၊ ဥဒကုက္ခေပသိမ်၌ မိုင်းပျိုးကျောင်း၊ ဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထေရ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်ရွှေမြို့၊ ကျောင်းဒါယကာကြီး ဦးဘအို၊ ကျောင်းဒါယိကာမ ဒေါ်နန်းစိန်နှင့် တောင်ကြီးမြို့၊ ပဲ့ကတော် ဒေါ်သန့်၊ သား ဦးထွန်းတင်၊ ဒေါ်ညိုညို့တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော် လောင်းလျာသည် ၁၃၁၃ ခုနှစ်တွင် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးနှင့်တက္က မအောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၃ ခုနှစ်မှ ၁၃၂၉ ခုနှစ်အထိ ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိ စာသင်တိုက်၌ လည်းကောင်း၊ ၁၃၂၉ ခုနှစ်မှ ၁၃၃၃ ခုနှစ်အထိ အင်းလေး ဒေသ အင်းလျားကျောင်း၌လည်းကောင်း၊ စာသင်သား သံဃာများအား နေ့ဝါညဝါနှင့် ပိဋကတ်ကျမ်းစာများကို နေ့စဉ်မပြတ် ပို့ချသင်ကြားတော်မူခဲ့သည်။ ထို့နောက် ကယားပြည်နယ်၊ တောင်တန်း ဗုဒ္ဓသာသနာပြု ဥက္ကဋ္ဌ ဆရာတော် ဦးသောဘိတ၏ စီစဉ် ညွှန်ကြားချက်အရ လွိုင်ကော်မြို့၊ ရွှေတောင်ကျောင်းဒါယကာ၊ ဒါယိကာမများက လျှောက်ထားသဖြင့် ၁၃၃၃ ခုနှစ် တန်ခူးလပြည့်နေ့တွင် ရွှေတောင်ပရိယတ္တိ စာသင်တိုက်ကို စတင်တည်ထောင်ပြီး စာသင်သံဃာ ၁၀၀ ကျော်တို့အား တစ်နေ့လျှင် စာဝါ ငါးဝါမှခြောက်ဝါအထိ ပို့ချတော်မူလျက် ရှိသည်။




ဆရာတော်ဘဒ္ဒန္တ ကေလာသ
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ ကိုင်းကုန်း ပါဠိတက္ကသိုလ်
ကျောင်းတိုက်

ဆရာတော် လောင်းလျာကို မကွေးတိုင်း၊ မင်းလှမြို့နယ်၊ မင်းတဲကြီးကျေးရွာ၊ ခမည်းတော် ဦးလုံး၊ မယ်တော် ဒေါ်ရွှေမြစ်တို့မှ ၁၂၀၆ ခုနှစ် တပို့တွဲလဆန်း ၃ ရက် တနလ်ာနေ့ နံနက် ၆ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၃ နှစ်အရွယ်တွင် မင်းလှမြို့နယ်၊ ညှင်းသွန်းကျေးရွာကျောင်း ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဦးစံဖူး၊ ဒေါ်အိမ်နှင်းနှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၅ ခုနှစ် နှောင်းတန်ခူးလဆန်း ဂ ရက် နံနက် ဂ နာရီအချိန်တွင် ညှင်းသွန်းကျောင်း ဥဒကုက္ခေပ



သိမ်၌ ရေနံမ ကျောင်းဆရာတော် ဦးကဝိကို ဥပဇ္ဈာယ် ပြု၍ ဦးစံဖူး ဒေါ်အိမ်နှင်း၊ ဆေးဆရာ ဦးကေးလေး ဒေါ်စံအေးနှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော် မူခဲ့သည်။

ဆရာတော် လောင်းလျှာသည် ၁၃၁၅ ခုနှစ်တွင် ဓမ္မာစရိယ စာချုတန်း ကိုးကျမ်းတို့ကို အောင်မြင်ပြီး သာသနာ့ဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ သည်။

ဆရာတော်သည် ကိုင်းကုန်း ပါဠိတက္ကသိုလ် ကျောင်း တိုက်၌ စာသင်သား သံဃာတော် ၄၀၀ ကျော်တို့အား တာဝန်ယူပြီး နေဝါ၊ ညဝါ၊ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းများကို ယခုအချိန်အထိ ၃၇ နှစ်ကျော် တိုင်တိုင် အဆက်မပြတ် ပို့ချ သင်ကြားပေးတော်မူလျက် ရှိသည်။ ဆရာတော် ရေးသား ပြုစုသော ကျမ်းများမှာ ပဋ္ဌာန်း အလင်းပြကျမ်း၊ ဆန်း အလင်းပြကျမ်း၊ သကျ မာရဇိန်သွန်းဘုရားကြီး သမိုင်းကျမ်းနှင့် ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်း တိုက် ဆရာတော်ဘုရားကြီး၏ ပါစိတ္တိယဒိအတ္ထပေါဇနာ ပါဠိဘာသာကျမ်းကြီးကို ကြပ်မတ် ဆောင်ရွက်ပေးခြင်း တို့ဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တ အရိယာ လင်္ကာရ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက်၊ ၈မ၂၂အေးတိုက် သဒ္ဓမ္မဝါစီ ပရိယတ္တိ စာသင်တိုက်

ဆရာတော် လောင်းလျှာကို ရောဝတီတိုင်း၊ ဟသံ်ာတ မြို့နယ်၊ အင်ပိုအုပ်စု၊ ခမည်းတော် ဦးဖိုးဝင်း၊ မယ်တော် ဒေါ်မယ်လှိုင်တို့မှ ၁၂၈၃ ခုနှစ် ပြာသိုလဆန်း ၁၁ ရက် တနင်္ဂနွေနေ့ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ဖွားမြင် တော်မူသည်။

ဆရာတော် လောင်းလျှာသည် ဟသံ်ာတမြို့နယ်၊ အင်ပိုကျောင်းကြီး ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ် ပြု၍ ၁၂၉၃ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၄ ရက်နေ့ တွင် ဘထွေးတော် ဦးဖိုးလွန်း၊ ဒေါ်ရေင် တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၃၀၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက် ဗုဒ္ဓဟူး နေ့တွင် ရောဝတီတိုင်း၊ အင်ပူမြို့နယ်၊ ခြောက်ရွာ၊ ဒကွိဏာ ရုံကျောင်း၊ ခဏ္ဍသိမ်၌ အင်ပိုရွာ ကျောင်းကြီးဆရာတော် ဦးသာသနကို ဥပဇ္ဈာယ် ပြု၍ အင်ပူမြို့နယ်၊ ခြောက်ရွာ၊ တရုတ်တန်း၊ ဦးဘထွန်း၊ ဒေါ်ကြင်မြိုင် တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော် မူခဲ့သည်။

ဆရာတော် လောင်းလျှာသည် စာမေးပွဲကို ပဓာန မထားဘဲ ပါဠို၊ အဋ္ဌကထာ၊ ဋီကာနှင့် နေဝါ၊ ညဝါများကို ကျမ်းစုံအောင် ဆရာနည်းကျကျ သင်ရိုးပေါက် သင်ယူ တော်မူခဲ့သည်။

ဆရာတော်သည် စာပေသင်ကြားပြီးနောက် ၁၃၂၄ ခုနှစ် ကဆုန်လတွင် အင်ပူမြို့နယ်၊ ခြောက်ရွာ၊ ဒကွိ ဏာရုံကျောင်း၌ စာသင်သားသံဃာတော် ၂၀ ကျော်တို့ အား နှစ်နှစ် တိုင်တိုင် စာပေပို့ချ သင်ကြားတော်မူခဲ့ သည်။

၁၃၂၆ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၄ ရက်တွင် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (စျ) ရပ်ကွက်၊ ၈ မ၂၂ အေး ကျောင်း တိုက် အတွင်း ကျောင်း ငယ် တစ်ကျောင်းကို ရဟန်းအစ်မကြီး ဒေါ်ကြင်မြိုင်နှင့် ညီ အရင်းဦးတင်လှ၊ ဒေါ်တင်ဘိုတို့ကလှူဒါန်းသဖြင့် တပည့် ရဟန်းငယ် တစ်ပါးနှင့် နေထိုင်စဉ် ဆရာထွန်း၊ ဆရာရွှေ စသော ဒါယကာများက အနီးရှိ ကပ်လျက်ရှိသော ကျောင်းငယ် ဇာစ်ကျောင်းကို ထပ်မံလှူဒါန်းသဖြင့် သဒ္ဓ မ္မဝါစီပရိယတ္တိ စာသင်တိုက် တည်ထောင်ကာ စာသင် သားသံဃာ ၇၀ ကျော်တို့အား စာပေများကို ပို့ချ သင် ကြားတော်မူလျက် ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဉာဏိက
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဆုတောင်းပြည့် ပါဠိတက္ကသိုလ် ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ဧရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာ၊ ခမည်းတော် ဦးမောင်ကြန်၊ မယ်တော် ဒေါ်မိစိန်တို့မှ ၁၂၀၆ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် အင်္ဂါနေ့ နံနက် ၃ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ် ဝါခေါင်လဆန်း ၁၅ ရက် ၁၂ နှစ်သားအရွယ်တွင် မိုးကြိုးပစ်ကျောင်း၊ နိုင်ငံတော် ဓမ္မကထိက ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ အဘွား ဒေါ်ရွှေကွန်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၆ ခုနှစ် နယုန်လဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၂၇ မိနစ် အချိန်တွင် ဧရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ မိုးကြိုးပစ်ကျောင်း ခဏ္ဍသိမ်၌ ကျုံပျော်မြို့နယ်၊ ဝက်ချောင်းအထက်ကျောင်း၊ ဂဏမဟာနာယက ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ဧရောဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ ဒေါ်စောရင်၊ ဒေါ်တင့်၊ ဒေါ်မြ၊ ဒေါ်မင် စသော ရဟန်းဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော် လောင်းလျာသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ မမ္မာစရိယတန်းကို မြန်မာဂုဏ်ထူးကျမ်းနှင့်တကွ အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၇ ခုနှစ်မှစ၍ ၁၃၅၁ ခုနှစ် အထိ ဆုတောင်းပြည့် ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ စာသင်သား သံဃာတော်များအား နေ့ဝါညဝါများနှင့် ပိဋကတ်ကျမ်းစာများကို ပို့ချသင်ကြားလျက် ရှိသည်။ ၁၃၅၀ ပြည့်နှစ်မှစ၍ ကျောင်းတိုက်၏ ဆက်ခံခွင့်နာယကစည်းမျဉ်းနှင့်အညီ တတိယမြောက်ပဓေန မဟာနာယကဆရာတော်အဖြစ်ဖြင့် ကျောင်းတိုက်တာဝန်ကို ဆောင်ရွက်လျက်ရှိတော်မူသည်။



ဆရာတော်ဘဒ္ဒန္တ သုမနာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ပြည်မြို့၊ မဟာသုဒဿနာရာမ
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ ပြည်မြို့၊ ပေါင်းတလည်နယ်မြေ၊ ကုက္ကိုကုန်းရွာ၊ ခမည်းတော် ဦးလှတင်၊ မယ်တော် ဒေါ်ငွေယုံတို့မှ သက္ကရာဇ် ၁၂၀၇ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် သောကြာနေ့ နံနက် ၁၀ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၃ နှစ်အရွယ်တွင် ကုက္ကိုကုန်းရွာ ညောင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်ဦးလှတင်၊ မယ်တော် ဒေါ်ငွေယုံတို့နှင့် ဦးမောင်ဆိုင်၊ ဒေါ်လှစိန် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

သက္ကရာဇ် ၁၃၀၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့တွင် ပြည်မြို့နယ်၊ ပေါင်းတလည်နယ်မြေ၊ ရွာမကြီးအုပ်စု ရွှေစာရုံကျောင်းတိုက် ဗဒ္ဓသိမ်တော်၌ ပြည်မြို့နယ်၊ လက်ပံတောရွာ၊ ထနောင်းပင်ကျောင်းတိုက် ဘဒ္ဒန္တနာဂသေနဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရွာမကြီးရွာ၊ ဦးမောင်ဆိုင်၊ ဒေါ်လှစိန်တို့သားစု

တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် အသက် ၁၃ နှစ်အရွယ်တွင် ပြည်ခရိုင်လုံးဆိုင်ရာ အဘိဓမ္မတ္ထသင်္ဂဟစာမေးပွဲ ပထမဆု ဒွေတံဆိပ် ရတော်မူခဲ့သည်။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဝိနယာနုဂ္ဂဟစာမေးပွဲ၊ ပြည်ခရိုင်လုံးဆိုင်ရာ မဟာဝိနယအာဂုံပြန်ပွဲနှင့် ဝိနယပမုခစာမေးပွဲ ဓမ္မာစရိယတန်း၊ အစိုးရဓမ္မာစရိယ စာချတန်းဂုဏ်ထူး(၆)ကျမ်း၊ စေတီယင်္ဂဏစာချတန်းတို့ကို အသီးသီး အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ပြည်မြို့ ဇောတိကာရုံကျောင်းတိုက်၌ ၁၃၁၄ ခုနှစ်မှစ၍ စာသင်သားသံဃာတော် ၁၃၀ ကျော်တို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို ပို့ချပေးတော်မူလျက်ရှိသည်။

ဆရာတော်သည် ၁၃၂၆ ခုနှစ်တွင် ပြည်မြို့ မဟာသုဒဿနာရာမကျောင်းတိုက်ကို အလှူခံကာ ပရိယတ္တိစာသင်ကိုက်သစ် စတင်တည်ထောင်ဖွင့်လှစ်၍ စာပေပို့ချခဲ့ရာ ယခုအခါ ဝါဆိုသံဃာ ၁၇၀ ကျော်ရှိသည်။

ဆရာတော်သည် စာပေပို့ချပေးတော်မူရင်း သဒ္ဓမ္မဇောတိကာရာမထေရပွတ္ထိကျမ်း (ပုံနှိပ်ပြီး)၊ ဝိဿာသဂ္ဂါဟဝိနိစ္ဆယ (စာမူ)၊ ကစ္စာယန သာရဏီကာနိဿယ (စာမူ)၊ ဆန္ဒောသာရတ္ထပကာသနီ၊ အလင်္ကာရတ္ထပကာသနီတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ စန္ဒဝံသ
အဂ္ဂမဟာပဏ္ဍိတ
တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ဇေယျဝတီ
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ညင်းမော်ရွာ ခမည်းတော် ဦးစိန်လေးဖေ၊ မယ်တော် ဒေါ်ကျင်မြတို့မှ ၁၂၇၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ်သားအရွယ်တွင် စစ်ပြဲရွာ ဦးအေးဖေ၊ ဒေါ်ကျင်ရွှေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် လောင်းလုံးမြို့၊ အောင်သပြေကျောင်းတောင်ပွားဆရာတော်ကြီး ဦးတေဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၀၇ ခုနှစ် နယုန်လပြည့်နေ့တွင် စစ်ပြဲရွာ ဦးအေးဖေ၊ အဒေါ်ဖြစ်သူ ဒေါ်ကျင်ရွှေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေပုံးကျောင်း ခဏ္ဍသိမ်၌ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးတေဇ



ဝန္တကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့ အမျိုးသားစာမေးပွဲ၊ ထားဝယ်မြို့၊ ကူးတို့ဂိုဏ်းဆိုင်ရာ စာမေးပွဲ၊ ၁၃၂၀ ပြည့်နှစ်၌ ကျင်းပသော အစိုးရစာချတန်းစာမေးပွဲ၌ ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်တော်မူခဲ့သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်ကို ခံယူတော်မူခဲ့သည်။ ကမ္ဘာအေးကုန်းမြေ နိုင်ငံခြားသာသနာပြု သံဃာ့တက္ကသိုလ်၌ ပထမဆင့်၊ ဒုတိယဆင့်တို့ကို သင်ကြားအောင်မြင်ခဲ့သည်။

ဆရာတော်သည် ဇေယျဝတီကျောင်းတိုက်၌ ကျောင်းတိုက်အုပ်ချုပ်ရေးနာယကအဖြစ် တာဝန်ယူ၍ အစိုးရစာမေးပွဲဆိုင်ရာ ကျမ်းစာတို့ကို သင်ကြားပို့ချပေးခဲ့သည့်အပြင် သာမဏေငယ် ရဟန်းငယ်များကိုလည်း စာရေးစာဖတ်၊ ပါဠိသတ်ပုံ၊ မြန်မာသတ်ပုံများကို အခြေခံမူလမှစ၍ သင်ကြားပို့ချခဲ့ရာ ယခုအခါ ဇေယျဝတီကျောင်းတိုက်၌ သံဃာ ၁၈၀ ကျော် ရှိနေပြီဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တ နာရဒ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကမ္မဋ္ဌာန်းကျောင်းစာသင်တိုက်

ဆရာတော် လောင်းလျာကို ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ မန်ကျည်းစင်ရွာ ခမည်းတော် ဦးဘသန်း၊ မယ်တော် ဒေါ်စုတို့မှ ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် စနေနေ့နံနက် ၈ နာရီ ၃၀ မိနစ် အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၄ နှစ်အရွယ်တွင် ငပုတောမြို့၊ တောရကျောင်းဆရာတော် ဦးလာဘကို





ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့သည်။

၁၃၀၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်နေ့ နံနက် ၇ နာရီ ၅၉ မိနစ် အချိန်တွင် အမိန့်တော်ရ ရွှေနေဦးမောင်လှိုင်၊ ဒေါ်မယ်တာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရောဝတီတိုင်း၊ ငပုတောမြို့၊ တောရကျောင်းဆရာတော် ဦးလာဘကိုပင် ဥပဇ္ဈာယ်ပြု၍ တောရကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဆရာတော် လောင်းလျာသည် ပဲခူးမြို့၊ ရွှေခြုံးဝိနယစာမေးပွဲ၌ ဝိနယာဓိကစာမေးပွဲ၊ အစိုးရစာချတန်း စာမေးပွဲကို ဂုဏ်ထူးကျမ်းများနှင့် အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ပဲခူးမြို့၊ ကမ္မဋ္ဌာန်းကျောင်းစာသင်တိုက်တွင် စာသင်သား သံဃာတော် ၅၀ ခန့်ကို ပရိယတ္တိစာပေကျမ်းဂန် နွေဝါညဝါတို့ကို ပို့ချသင်ကြားပေးတော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ အဂ္ဂမဟာပဏ္ဍိတ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ဖားကျကျောင်းတိုက်


ဆရာတော် လောင်းလျာကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖားကျကျေးရွာ၊ ခမည်းတော် ဦးဗလ၊ မယ်တော် ဒေါ်စောမြင့်တို့မှ ၁၂၇၇ ခုနှစ် ကဆုန်လဆန်း ၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ခြောက်နှစ်သား အရွယ်တွင် ဖားကျကျောင်း ဆရာတော် ဦးတေဇဝန္တထံ၌ အခြေခံပညာများကိုသင်ကြားပြီး အသက် ၁၅ နှစ် အရွယ်တွင် ယင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

၁၃၀၈ ခုနှစ် ကဆုန်လဆန်း ၆ ရက် နံနက် ၇ နာရီ ၃၀ မိနစ်အချိန်တွင် မော်လမြိုင်မြို့၊ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်၌ မော်လမြိုင်မြို့၊ ရတနာဘုံပျံကျောင်း ဆရာတော် ဦးကေတုမာလာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်နေ ဦးစီယား – ဒေါ်လွန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဆရာတော် လောင်းလျာသည် အစိုးရ ဓမ္မာစရိယ စာချတန်းကို အောင်မြင်တော်မူခဲ့သည်။ ဆရာတော်သည် ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်၌ စာသင်သားသံဃာများအား နွေဝါ၊ ညဝါများနှင့် ပိဋကတ်ကျမ်းစာများကို သုံးနှစ်တိုင်တိုင် သင်ကြားပို့ချတော်မူခဲ့သည်။ ထိုမှတစ်ဖန် ကော့ကရိတ်မြို့နယ်၊ ဖားကျကျောင်းသို့ ရောက်ရှိသောအခါတွင် စာသင်သားသံဃာတော်များအား ပရိယတ္တိစာပေများကို ဆက်လက်သင်ကြား ပို့ချတော်မူလျက် ရှိသည်။ ရေးသားပြုစုသော ကျမ်းစာအုပ်မှာ ခီရသုတ္တန်ဒေသနာတော်ကျမ်းဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တ အရိယာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ် မဟာနန္ဒိသေနာရာမကျောင်းတိုက်

ဆရာတော် လောင်းလျာကို မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ကျည်းပင်ရွာ ခမည်းတော် ဦးသိန်းမောင်၊



မယ်တော် ဒေါ်အေးညွှန့်တို့မှ သက္ကရာဇ် ၁၂၀၉ ခုနှစ် တော်သလင်းလဆန်း ၂ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။


ဆရာတော် လောင်းလျှာသည် ၁၀ နှစ်သားအရွယ်တွင် ရွာဦးကျောင်း ဆရာတော် ဦးရီးဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်နှင့် ဦးရီးဘုန်းတော်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ် သို့ ရောက်ရှိခဲ့သည်။

ဆရာတော် လောင်းလျှာသည် ၁၃၀၈ ခုနှစ် ပြာသို လဆန်း ၂ ရက်နေ့ ၁ နာရီ အချိန်တွင် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် သနပ်ခါးတောရွာ ဦးပန်းယုံ၊ ဒေါ်စောအေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မန်ကျည်းတောကျောင်း ခဏ္ဍသိမ်၌ နွားထိုးကြီးမြို့နယ် လက်ဝဲရွာ ကံရွှေကျောင်းဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော် လောင်းလျှာသည် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဆောင် ကျမ်းများနှင့် တကွအောင်မြင်၍ ရန်ကုန်မြို့ စေတီယဂ်ဏစာသင်တန်း စာမေးပွဲနှင့် မန္တလေးမြို့ သကျသီဟစာချတန်း စာမေးပွဲတို့ကိုလည်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ရဟန်း သိက္ခာ ငါးဝါ အရကပင် ဆုံမ်းမခံရတော့ဘဲ နန္ဒိသေနာရာမတိုက်ဆရာတော်ကြီး၏ အချီးအမြှောက်ကိုခံရ၍ စာသင်သားရဟန်းတော်များ စာပေများကိုပို့ချတော်မူလျက် ပါဠိပထမပြန်ပုစ္ဆာထုတ် အဖြေဖျက်တာဝန်များကိုလည်းကောင်း၊ ရပ်ကွက်သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း သာသနာ့ တာဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။

ယခုအခါဆရာတော်သည် မန္တလေးမြို့အရှေ့တောင်



ဆရာတော် ဘဒ္ဒန္တ သုဇာတသာရ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေး အရှေ့တောင် မြို့နယ်
ဒဟတ္တော ကျောင်းတိုက်

ဆရာတော် လောင်းလျှာကို စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဝမ်းပြည့်ကျေးရွာ၌ ခမည်းတော်ပန်းရံဆရာကြီး ဦးဘိုးသော်၊ မယ်တော် ဒေါ်အေးတုတ်တို့မှ ၁၂၈၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်နေ့၊ သောကြာနေ့အဝင် စက်နာရီ ၁ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၁ နှစ်သားအရွယ်တွင် ဝမ်းပြည့်ရွာလေးကျောင်းဆရာတော်ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော် လောင်းလျှာသည် ၁၃၀၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ဝမ်းပြည့်ရွာလေးကျောင်း ခဏ္ဍသိမ်၌ ရွာလေးကျောင်း ဆရာတော် ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ဒေါ်အေးတုတ်နှင့် အဒေါ်ကြီး ဒေါ်နွဲတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော် လောင်းလျှာသည် ဝိသုဒ္ဓိရုံဝံသ သဒ္ဓမ္မ ပါလ စာမေးပွဲအကြီးတန်း၊ အစိုးရ စာမေးပွဲ ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်

တော်မူသောကြောင့် သာသန ဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့ကို အလှူခံယူရရှိခဲ့သည်။

ဆရာတော်သည် မဟာဝိသုဒ္ဓာရုံကျောင်းတိုက်၌ စာချဆရာတော်အဖြစ်ဖြင့် ခြောက်နှစ်ထမ်းဆောင်ပြီး ၁၃၂၅ ခုနှစ် ယခုသီတင်းသုံးနေရာ ဒဟတ္တောကျောင်းတိုက်သို့ ပြောင်း၍ တပည့်စာသင်သားတို့အား အတန်းစုံ နေ့ဝါ ည ဝါ ပိဋကတ် ကျမ်းစာများကို ပို့ချတော်မူသည်။ ဆရာတော်သည် ဥာနောဒယကစ္စည်းသုတ်နက်ကျမ်းနှင့် ဥာနောဒယသင်္ဂြိဟ် အကောက်ကျမ်းများကို ရေးသားပြုစုတော်မူခဲ့သည်။



ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ပထမကျော်ဓမ္မာစရိယ
တိုက်သစ်

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ မြင်းခြံအခြေခံဒေသ၊ တောင်သာမြို့နယ်၊ နွားကူးရွာ၊ ခမည်းတော် ဦးသန်းစိန်၊ မယ်တော် ဒေါ်လှိုင်တို့မှ ၁၂၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် အင်္ဂါနေ့ ၁ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၃၀၇ ခုနှစ် ဝါဆိုဦးတွင် မြင်းခြံမြို့၊ အောင်ဇေယျာ ရွှေပန်းထိမ်ပိုင်ရှင် ဦးဘလှိုင် ဒေါ်ဒေါ်သာ၊ သမီးမစိန်ဝင်းမေတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင်းခြံမြို့၊ သုဇာတာရုံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ရှင်သာမဏေဒါဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ် တပေါင်းလပြည့်နေ့နံနက် ဂ နာရီအချိန်တွင် လယ်ဝေးမြို့နယ်၊ သက်ကယ်ခြင်းရွာ၊ လယ်သမားကြီးဦးစံမြ၊ ဒေါ်ခန့်ညို၊ သားသမီး ဦးစံတင်၊ ဒေါ်လှညွှန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လယ်ဝေးမြို့နယ်၊ မှန်တောကျောင်း ဆရာတော် ဘဒ္ဒန္တ သြဘာသကို ဥပဇ္ဈာယ်ပြု၍ သက်ကယ်ခြင်းရွာအရှေ့ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည်စတုတ္ထတန်း၊ ကောလင်းမြို့၊ အမျိုးသားလောကုတ္တရာစာမေးပွဲတွင် ပထမအဆင့်မှ အောင်မြင်၍ နန်းရင်းဝန် ဒေါက်တာ ဘမော် ကိုယ်တိုင် မန္တလာဝံသကျောင်းသစ်တွင် ဆုချီးမြှင့်ခဲ့သည်။


၁၃၁၅ ခုနှစ်တွင်ကျင်းပသော အစိုးရပထမကြီးတန်းတွင် ပထမရသဖြင့် နိုင်ငံတော်သမ္မတကြီး ဒေါက်တာဦးဘဦးကိုယ်တိုင် ဆက်ကပ်သော ပထမကျော်ဘွဲ့ကို ရရှိတော်မူခဲ့သည်။

၁၃၁၇ ခုနှစ်တွင် ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွအောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ဆက်ကပ်ခြင်းခံခဲ့ရသည်။

ဆရာတော်ဘဒ္ဒန္တစန္ဒိမာသည် မိတ္ထီလာမြို့၊ သဒ္ဓမ္မဝံသာရုံကျောင်းတိုက်၌ ရှစ်နှစ်တိုင်တိုင် စာသင်သံဃာ ၅၀၀ ကျော်တို့အား နေ့ဝါ ညဝါစာပေများကို ပို့ချပေးတော်မူခဲ့သည်။

၁၃၂၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ဂ ရက် နေ့မှစ၍ မိတ္ထီလာမြို့ ဝန်ဇင်းရပ် စည်းခုံစေတီတော်ကြီး၏ သာသနာ့မြေပေါ်တွင် မြေဂရမ်ပိုင်မြို့ရွှေတိုက်ဆရာတော် ဦးစန္ဒေါဘာသ၏ချီးမြှောက်မှုဖြင့် (ပထမကျော်ဓမ္မာစရိယတိုက်သစ်) စာသင်တိုက်ကြီးကို စတင်တည်ထောင်ကာ ပဓာနနာယကဆရာတော်အဖြစ် တာဝန်ယူအုပ်ချုပ်လျက် သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းစာများ ပို့ချတော်မူလျက်ရှိသည်။

ဆရာတော်သည် ကစ္စည်းသဒ္ဒါနှင့် ရူပသိဒ္ဓိအဖြေနည်းပြကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟနှင့် ဋီကာကျော်အဖြေနည်းပြကျမ်း၊ မာတိကာ ဓာတုကထာအရကောက်အဖြေနည်းပြကျမ်း၊ အဘိဓာန် အဖြေနည်းပြကျမ်း၊ အလင်္ကာအဖြေနည်းပြကျမ်း၊ ဆန်းအဖြေနည်းပြကျမ်း၊ ယဉ်ကျေးမှု (အဘိဓမ္မာ) အဖြေနည်းပြကျမ်းများကို ရေးသားပြုစုတော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဝိမလာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ ပခန်းကျောင်းတိုက်


ဆရာတော် လောင်းလျာ ကို စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်၊ အင်ပင်လှရွာ၊ ခမည်းတော် ဦးစိန်၊ မယ်တော် ဒေါ်ရှူတို့မှ ၁၂၉၀ ပြည့်နှစ် တန်ဆောင်မုန်း လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၄ နှစ်သား အရွယ်တွင် အင်ပင်လှဆရာတော် ဘဒ္ဒန္တဇောတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၁၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် ရွှေဘိုမြို့၊ ပခန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ပခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရွှေဘိုမြို့၊ လမ်းလေးခွရပ်၊ သမာဓိမြို့ဝန် ဦးတာတော်၏သမီးများဖြစ်ကြသော ဒေါ်စောတင်၊ ဒေါ်စောရင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးနှင့်တက္က အောင်မြင်တော်မူသဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့ကို ရရှိတော်မူခဲ့သည်။ ထို့ပြင် မန္တလေးမြို့၊ သက္ကသီဟစာမေးပွဲ စာချတန်းအောင်မြင်သဖြင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ကိုလည်း ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ရွှေဘိုမြို့၊ ပခန်းကျောင်းတိုက်ကြီးတွင် စာလိုက်သံဃာ ၅၀ ကျော်တို့အား နေ့ဝါညဝါ စာဝါများကို သင်ကြားပို့ချပေးလျက်ရှိသည်။ ရွှေဘိုမြို့ ရွှေတန်ဆာ ဘုရားသမိုင်းစာအုပ်ကိုလည်း ရေးသားပြုစုခဲ့သည်။



ဆရာတော်ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေးအရှေ့မြောက်မြို့နယ်
ဝိဇိတာရုံကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသသည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် ကတော ကျေးရွာ ခမည်းတော် ဦးသာခင်၊ မယ်တော် ဒေါ်ဒေါ်မြဲတို့မှ ၁၂၉၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၂ နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကန်သာကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော် လောင်းလျာသည် ၁၃၁၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် စစ်ကိုင်းတောင် ရတနာမာရ်အောင် ခဏ္ဍသိမ်၌ ရတနာ မာရ်အောင်ကျောင်း ဆရာတော် အရှင် ဝါသနထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ကျောက်သွေးတန်း ဝင်းလိုက်ရုံပိုင်ရှင် ဒေါ်ကျော့နှင့် သားသမီးများ (ဝင်းမင်း)ဘရားသားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

အစိုးရ ဓမ္မာစာရိယ စာချတန်းကိုဂုဏ်ထူးကျမ်းများနှင့်တက္က ပါဠိဘာသာဖြင့် အောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့ရရှိခဲ့သည်။

၁၃၁၅ ခုနှစ် စစ်ကိုင်းတောင် မဟာဂန္ဓာရုံ ဝိပဿနာဝိနည်း စာပြန် အာဂုံ ရေးဖြေပွဲတွင် အောင်မြင်သဖြင့် "ငါးဆောင်ပြန်" "ဝိနယကျော်ပြန်" ဘွဲ့ ဂုဏ်ပြုချီးမြှောက်ပူဇော်ခြင်းခံရသည်။

၁၃၄၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးက ဝိစာရိနွဒ္ဓာဘိဝံသ ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယ (အဘိဝံသ) ဘွဲ့ကပ်၍ လစဉ်ဆွမ်းဆန်တော်ကို အလှူခံရရှိတော်မူသည်။

ဆရာတော်သည် ငယ်ရွယ်စဉ်ကပင် ဆရာတော်များ၏ ကိုယ်စား လက်ထောက်အဖြစ်ဖြင့် သင်ကြား ပို့ချပေးတော်မူခဲ့သည်။ နွေရာသီတွင် ရပ်ကွက်တွင်းရှိ ကလေးသူငယ်များအား ဘာသာရေး အခြေခံ စာပေများကို လွန်ခဲ့သော ၂၅ နှစ်ခန့်မှစ၍ ယခုတိုင်အောင် ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ကျောင်းတိုက်ရှိ သံဃာတော် ၁၂၀ ခန့်ကို စာပေ ပရိယတ္တိများ သင်ကြား ပို့ချပေးတော်မူလျက်ရှိသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ ပုံတော်စုံ ပဒေသာဓမ္မပဒဝတ္ထုတော်ကြီး (ပ–ဒု–တ–စ) အတွဲ။ သူတော်စင်လက်စွဲ (ဗုဒ္ဓဘာသာအခြေခံကျမ်း)၊ သုဇနဟိတကာရီ၊ ဇင်းမယ် ပဏ္ဏာသ မြန်မာပြန်၊ ဝိဇိတာရုံသိလကွန်အာဘော်သံဝဏ္ဏနာကျမ်း (အစအဆုံးစာမူကူးပြီး)၊ အဋ္ဌသာလိနီ အာဘော်သံဝဏ္ဏနာကျမ်း၊ ပါရာဇိကဏ် အာဘော်သံ ဝဏ္ဏနာကျမ်း၊ သီလကွန် ဂဏ္ဌသစ် (ရေးဆဲ) တို့ဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တ အာစရ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ်၊ မန်ကျည်းကုန်း ပရိယတ္တိစာသင်တိုက်

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ်၊ မန်ကျည်းကုန်းရွာ၊ ခမည်းတော် ဦးဆိုး၊ မယ်တော် ဒေါ်စောတင်တို့မှ ၁၂၉၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်တနင်္ဂနွေနေ့တွင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၄ နှစ်သားအရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝန်းသိုမြို့နယ်ဂိုဏ်းချုပ်၊ ဇီးဖြူပင်ကျောင်းဆရာတော် ဘဒ္ဒပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၁၁ ခုနှစ် နယုန် လပြည့်ကျော် ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီ အချိန်တွင် မန်ကျည်းကုန်း ပရိယတ္တိစာသင်တိုက်ရှိ ခဏ္ဍသိမ်၌ ဝန်းသိုမြို့ ခန္ဓီးစာသင်တိုက်နှင့် ခန္ဓီးရိပ်သာ နာယကဆရာတော် ဘဒ္ဒန္တသုဇန (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန်ကျည်းကုန်းရွာ ဦးသံချိပ်၊ ဒေါ်ချစ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ ဓမ္မာစရိယ စာချတန်းကို အောင်မြင်တော် မူခဲ့သည်။ ဆရာတော်သည် ၁၃၂၂ ခုနှစ်မှစ၍ ဝန်းသိုမြို့ မန်ကျည်းကုန်းကျောင်းတိုက်ကို ပရိယတ္တိ စာသင်တိုက် အဖြစ် တည်ထောင်ဖွင့်လှစ်ကာ နှစ်စဉ်စာသင်သား သံဃာ ၅၀ ကျော်တို့အား စာပေကျမ်းဂန်များကို သင်ကြားပို့ချခဲ့ရာ ယနေ့အထိ ဖြစ်သည်။ ထို့ပြင် မေတ္တာစေတောဝိမုတ္တိကထာ၊ ပုဒ္ဓါနုဿတိကထာ၊ အသံလွှင့်တရားတော်များ အပဏ္ဏကပဋိပဒါ၊ မြန်မာပဒရူပသိဒ္ဓိကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ဟဲယာရွာမ ရွှေဘုံသာသနဓမ္မဝုဠှိကာရီစာသင်တိုက်

ဆရာတော်လောင်းလျာကို ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အနောက်ပိုင်း တုံးလည်တိုက်၊ တုံးလည်ကျေးရွာ၊ ခမည်းတော်ကျောင်းဒါယကာဦးမျှင်၊ မယ်တော်ကျောင်း ဒါယိကာမ ဒေါ်ပုံတို့မှ ၁၂၉၃ ခုနှစ် တပို့တဲ့ လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၀ နှစ်သားအရွယ်တွင် တုံးလည်ကျေးရွာ၊ တုံးလည်ကျောင်း ဆရာတော် ဦးဝါယမကို ဥပဇ္ဈာယ်ပြု၍ ကျောင်းဒါယိကာမ ဒေါ်ခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။



၁၃၁၂ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁ ရက်၊ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အင်းခြံကေလာတိုက်၊ အင်းခြံရွာ၊ အင်းခြံကျောင်းအနီး ဥဒကုက္ခေပသိမ်တော်၌ ဟဲယာရွာမ၊ ပထမကျောင်းဆရာတော် ဦးနေမိန္ဒမထေရ်ကို ဥပဇ္ဈာယ်ပြု၍ အင်းခြံကျောင်းဘုရားဒါယကာကြီး ဦဘိုးခင်၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲကြီးတွင် ပဥ္စမတန်းအထိ အပြန်–အဖြေများကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယတန်းခုနစ်ကျမ်းကိုလည်းကောင်း၊ စေတိယင်္ကစာချတန်းကိုလည်းကောင်း၊ မော်လမြိုင်မြို့ သုသမာစာရ စာမေးပွဲ ပထမလတ်တန်းကိုလည်းကောင်း၊ မစိုးရိမ်တိုက်ပရိယတ္တိစာချတန်းကိုလည်းကောင်း အသီးသီး အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်ကျောင်း၌ ၁၃၁၅ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ စာချကထိက၊ စစ်ကိုင်းတိုင်း၊ မြောင်မြို့၊ သရက်ပင်ကျောင်း၌ စာပေပို့ချခဲ့ခြင်း၊ ရန်ကုန်မြို့ အလယ် တောရတိုက်၌ စာပေ ပို့ချခဲ့ခြင်း၊ ၁၃၂၆ ခုနှစ်တွင် ညောင်ရွှေ မြို့နယ်၊ အင်းလေး ဒေသ၊ ဟဲယာရွာမ၊ ရွှေဘုံသာကျောင်းကိုလက်ခံ၍ ရွှေဘုံသာပရိယတ္တိဝုဒ္ဓိကာရီစာသင်တိုက်အဖြစ် တည်ထောင်ကာ စာသင်သား ၅၀ ကျော်တို့အား စာပေကျမ်းဂန်များကို ပို့ချခဲ့သည်။ ၁၃၃၉ ခုနှစ်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဥတ္တရာရုံကျောင်း၌ စာသင်သား ၇၅ ပါးတို့အားလည်း ပို့ချတော်မူခဲ့သည်။ ယင်းကျောင်းကို တပည့်များအား လွှဲအပ်ပြီး ယခုအခါ မိမိကျောင်း၌ စာသင်သားတို့အား စာပေများကို ပို့ချတော်မူလျက် ရှိသည်။

ရေးသားပြုစုသော ကျမ်းများမှာ ယမကနယဒီပနီကျမ်း (ပထမတွဲရိုက်ပြီး)၊ ယမကနယဒီပနီကျမ်း (ဒုတိယတွဲရိုက်ဆဲ)၊ ပဋ္ဌာနနယဒီပနီကျမ်း (လက်ရေးမူ)၊ သင်္ဂဟနယဒီပနီကျမ်း (လက်ရေးမူ)၊ မာတိကာဓာတုကထာနယဒီပနီကျမ်း (လက်ရေးမူ)၊ သုတ္တန္တနယဒီပနီကျမ်း (လက်ရေးမူ) တို့ဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တ ပညာဝံသ
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သဒ္ဓံဝံသ ကျောင်းတိုက်


ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကူးတို့ကုန်း ကျေးရွာ၊ ခမည်းတော် ဦးကြီးတန်၊ မယ်တော် ဒေါ်ရွှေတင်တို့မှ ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၁ ရက် ကြာသပတေးနေ့ နံနက် ၂ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂ နှစ်သားအရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကူးတို့ကုန်းကျောင်းဆရာ ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၁၂ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက် နံနက် ၈ နာရီအချိန်တွင် ကူးတို့ကုန်းကျောင်း ခဏ္ဍသိမ်၌ ချောင်းဦးမြို့၊ မဟာဓမ္မာရုံ ဆရာတော် ဘဒ္ဒန္တမာနိတ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် ချောင်းဦးမြို့၊ မဟာဓမ္မာရုံတိုက်၊ သာသနဟိတကာရီစာမေးပွဲအကြီးတန်းနှင့် အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းသိက္ခာ ကိုးဝါ အရတွင် ချောင်းဦးမြို့၊ မဟာဓမ္မာရုံကျောင်းတိုက်၌ ဓမ္မာစရိယ စာချဘုန်းကြီးအဖြစ် ချီးမြှောက်ခံရ၍ စာသင်သား သံဃာများအား စာမေးပွဲဆိုင်ရာ ကျမ်းစာ များကို ပို့ချတော်မူခဲ့သည်။ ၁၃၇၂ ခုနှစ်မှစ၍ ယနေ့အထိ မုံရွာမြို့၊ သထုံဝံသကျောင်းတိုက်တွင် ပိဋကတ်စာပေ များကို သင်ကြားပို့ချပေးလျက် ရှိသည်။



ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းရွာ၊ မိုင်းနန်းကျောင်း

ဆရာတော်လောင်းလျှာကို ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းရွာခမည်းတော် ဦးလုံးဆော၊ မယ်တော် ဒေါ်နိုင်းကြားတို့မှ သက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ဖွားမြင်တော်မူသည်။


ဆရာတော် လောင်းလျှာသည် ၁၃၀၃ ခုနှစ်တွင် မိုင်းနန်းရွာကျောင်း ဆရာတော် ဘဒ္ဒကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၁၃ ခုနှစ် ပြာသိုလဆန်း ၁၁ ရက် နံနက် ၇ နာရီ ၅၆ မိနစ် ၉ ဖဝါးအချိန်တွင် ကျေးသီးမြို့နယ်၊ မိုင်းနန်းရွာကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တ သူရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အစိုးရ ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးကျမ်းများနှင့်တက္က အောင်မြင်၍ သာသနဓဇသီရိပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော်နှင့် သက္ကသီဟစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ကျေးသီးမြို့နယ်၊ မိုင်းနန်းကျေးရွာ အုပ်စု၊ မိုင်းနန်းကျောင်းသို့ ပရိယတ္တိ စာသင်တိုက် အဖြစ် တည်ထောင်ကာ ၁၃၅၂ ခုနှစ်တွင် စာသင်သား သံဃာ ၅၀ ကျော်တို့အား နေ့ဝါညဝါ ပိဋကတ်ကျမ်းစာ များကို ပို့ချ သင်ကြားပေးတော် မူလျက် ရှိသည်။

ဆရာတော်ရေးသားပြုစုသော ကျမ်းများမှာ ဝိနည်း၊ သင်္ဂီဟ်၊ သဒ္ဒါ၊ မိလိန္ဒပဉ္ဉာ၊ သံယုတ္တနိကာယ၊ ပါတိမောက္ခ၊ ကမ္မာကမ္မ စသောကျမ်းများ (ရှမ်းဘာသာ) ရှမ်းပြည်နယ်ဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲနှင့် ဝိနယာဒိနုဂ္ဂဟစာပြန် စာဖြေ စာမေးပွဲအတွက် အသုံး ပြုရန် ကျမ်းစာများ (ရှမ်းဘာသာ) တို့ ဖြစ်သည်။



ဆရာတော် ဘဒ္ဒန္တ ဝါယာမ
အဂ္ဂမဟာပဏ္ဍိတ
မွန်ပြည်နယ်၊ သထုံမြို့၊ မိုးညှင်းကျောင်းတိုက်

ဆရာတော်လောင်းလျှာကို ဧရာဝတီတိုင်း၊ ဒေးဒရဲ မြို့နယ်၊ မြစ်တန်းကျေးရွာ၊ ခမည်းတော် ဦးပု၊ မယ်တော် ဒေါ်ပန်းသုံ တို့မှ ၁၂၇၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၂၇ မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အသက် ၁၃ နှစ်သား အရွယ်တွင် ဒေးဒရဲမြို့နယ်၊ မြစ်တန်း ကျေးရွာ၊ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တ အရိယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့သည်။



၁၂၉၀ ပြည့်နှစ် ကဆုန် လပြည့်နေ့တွင် ဒေးဒရဲ မြို့နယ်၊ မြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တအရိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောင်းသစ်ကျောင်း ဥဒကုက္ခေပသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် လောင်းလျှာသည် ရှင်သာမဏေ ဘဝကပင် ဒေးဒရဲ မြို့နယ်လုံးဆိုင်ရာ သိမ်ကျောင်း စာတော်ပြန်ပွဲကိုလည်းကောင်း၊ အစိုးရ ပထမပြန်စာမေးပွဲ ပထမကြိုးတန်းကို လည်းကောင်း၊ ဝံသာနုအမျိုးသားပရိယတ္တိစာမေးပွဲ အကြိုးတန်းကို လည်းကောင်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၂၉၆ ခုနှစ်မှ ၁၃၀၂ ခုနှစ်အထိ ကျိုက်လတ်မြို့၊ ပုဗ္ဗာရုံ ကျောင်းတိုက်၌ စာချဆရာတော်အဖြစ် သီတင်းသုံးနေထိုင်၍ စာသင်သား သံဃာ ၁၀၀ ကျော်တို့အား လည်းကောင်း၊ ၁၃၀၃ ခုနှစ်မှ ၁၃၁၁ ခုနှစ်အထိ ဒေးဒရဲမြို့နယ်၊ မြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်း၌ သီတင်းသုံးနေထိုင်၍ ရဟန်းသာမဏေတို့အား လည်းကောင်း၊ ၁၃၁၂ ခုနှစ်မှ ၁၃၁၅ ခုနှစ်အထိ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရေဦးအနောက်တိုက်တွင် သီတင်းသုံးနေထိုင်၍ ရဟန်းသာမဏေတို့အား လည်းကောင်း၊ ၁၃၁၆ ခုနှစ်မှ ယနေ့အထိ သထုံမြို့ မိုးညှင်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်၍ ရဟန်းသာမဏေတို့အား လည်းကောင်း ပရိယတ္တိစာပေများကို သင်ကြား ပို့ချပေးခဲ့သည်။ ဆရာတော်သည် ယောဂီများအား ဝိပဿနာ ကမ္မဋ္ဌာန်း ပြသမှု (ဝိပဿနာဓုရ) ကိုလည်း ဆောင်ရွက်တော်မူလျက် ရှိသည်။ ထို့ပြင် ဆရာတော်သည် ဝိနယဝါဒကြွမဒီပနီ(လက်ရေးမူ)၊ ဇီရဏစေတိယ ပဋိသန်ဃရဏ ဝိနိစ္ဆယ၊ မြသပိတ် စေတီတော် စည်းမျဉ်းဥပဒေ၊ ဖောင်တော်ဦး စေတီတော် စည်းမျဉ်း ဥပဒေစသည့် ကျမ်းတို့ကို ရေးသား ပြုစုတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ဗုဒ္ဓဃောသာစရိယ ဓဇ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဆမ်ဖရယ ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့တွင် ခမည်းတော် မစ္စတာဖန်၊ မယ်တော် မစ္စစ်ကန်တို့မှ ၁၉၀၅ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျှာသည် အသက် ၁၂ နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၂၆ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဝပ်ဆမ်ဖရယကျောင်း ဆရာတော် ဖရဓမ္မဒီလောကကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဆမ်ဖရယကျောင်းတိုက် ဆရာတော်ထံမှ သင်ယူ တတ်မြောက်ခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင်ကျင်းပသော ပရိပ်ခေါ် ပရိယတ္တိစာမေးပွဲ ပါဠိဘာသာစာမေးပွဲ ကိုးဆင့်လုံးကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဆမ်ဖရယ ကျောင်းတိုက်ရှိ စာသင်သံဃာ ၆၀ ကျော်တို့အား ပရိယတ္တိ စာပေကျမ်းဂန်များကို ပို့ချတော်မူလျက်ရှိသည်။

ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမဲ့ငှေ့ကျွဲ ဘွဲ့တော်ကို ရရှိတော်မူပြီး ထိုင်းနိုင်ငံ မဟာထေရသမာ ခုံအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဝပ်ဆမ်ဖရယကျောင်းတို့၏ ပဓာန နာယကဆရာတော်အဖြစ်လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော် ဘဒ္ဒန္တ မဟာဝီရဝံသ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ရတ်ချဖတိ ကာရာမ်ကျောင်းတိုက်

ဆရာတော်လောင်းလျှာကို ထိုင်းနိုင်ငံ၊ ချန်ပွန်မြို့တွင် ခမည်းတော် မစ္စတာ ချွေ၊ မယ်တော် မစ္စစ် ဘွန်မီတို့မှ

၁၉၀၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် အသက် ၁၁ နှစ် အရွယ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၂၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ အသက် ၂၂ အရွယ်တွင် ဝပ်ရာဇဒိဝကျောင်းတိုက် ဆရာတော် ဖရမမွရံသီကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ဝပ်ရတ်ချဖတိကာရာမ် ကျောင်းတိုက်နှင့် ဝပ်ရာဇဟိဝ ကျောင်းတိုက်ဆရာတော်တို့ထံမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင်ကျင်းပသော ပရိပ်ခေါ် ပရိယတ္တိစာမေးပွဲ ကိုးဆင့်လုံးကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ရပ်ချဖတိကာရာမ် ကျောင်းတိုက်ရှိ စာသင်သံဃာ ၈၀ ခန့်အား ပရိယတ္တိ စာပေ ကျမ်းဂန် များကို သင်ကြားပို့ချတော်မူလျက် ရှိသည်။

ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေ့ဂျ် ဘွဲ့တော်ကို ရရှိတော်မူ၍ ထိုင်းနိုင်ငံ မဟာထေရ ဆမာခုံအဖွဲ့ဝင် အဖြစ်ဖြင့် လည်းကောင်း၊ ဝပ်ရတ်ချ ဖတိကာရာမ်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်အဖြစ်ဖြင့် လည်းကောင်း သာသနာတော် သန့် ရှင်း တည် တံ့ ပြန့် ပွား ရေး ကို အားပေးဆောင်ရွက်တော်မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဝနရတန အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဆောမနသ်ဝိဟာရ ကျောင်းတိုက်

ဆရာတော် လောင်းလျာကို ထိုင်းနိုင်ငံ ဆုန်ခလှမြို့တွင် ခမည်းတော် မစ္စတာ ဖဒ်၊ မယ်တော် မစ္စစ်ရွန်တို့မှ ၁၉၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ် အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၂၆ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ အသက် ၂၀ အရွယ်တွင် ဝပ်ဆလာလွန်ကျောင်းတိုက် ဆရာတော် ဖရရတနဓဇမုနိကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဝပ်ဆောမနသ် ဝိဟာရ ကျောင်းတိုက် ဆရာတော်ထံမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင် ကျင်းပသော ပရိပ်ခေါ် ပရိယတ္တိစာမေးပွဲ ပါဠိဘာသာ စာမေးပွဲ ကိုးဆင့်လုံးကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဠိ ဝိသောဓကအဖြစ်ဆောင်ရွက်တော်မူခဲ့ပြီး ထိုင်းဘုရင်မင်းမြတ်ကဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေ့ဂျ် ဘွဲ့တော်ကိုရရှိတော်မူ၍ ထိုင်းနိုင်ငံ မဟာထေရ ဆမာ ခုံအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဝပ်ဆောမနသ် ဝိဟာရကျောင်းတိုက် ပဓာနနာယကဆရာတော် အဖြစ်လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးသာသနာ့တာဝန်များကို ဆက်လက်ထမ်းဆောင်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဓီရဉာဏမုနိ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ပတုမ်ခုံခါ ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ခမည်းတော် မစ္စတာဖိုးလ်၊ မယ်တော် မစ္စစ်ဟာလွန်တို့မှ ၁၉၁၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂ နှစ် အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၃၁ ခုနှစ် ဇွန်လ ၆ ရက်နေ့ အသက် ၂၀ အရွယ်တွင် ဝပ်ဖရာဆေတုပွန်ကျောင်းတိုက်ဆရာတော် ဆုမ်ဒေ့ဂျ်ဖရဗုဒ္ဓစရိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဖရာဆေတုပွန်ကျောင်းတိုက်ဆရာတော်ထံမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကို သင်ယူတတ်မြောက်ခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင်ကျင်းပသော ပရိပ်ခေါ် ပရိယတ္တိစာမေးပွဲ ပါဠိဘာသာ စာမေးပွဲ အဆင့်ကိုးဆင့်ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဠိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ထိုင်းနိုင်ငံ အမှတ် ၁ သာသနာ့နယ်ကို အုပ်ချုပ်သည့် သံဃာ့ ဂိုဏ်းချုပ်ဖြစ်သည်။ ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေါ့ဂျ် ဘွဲ့တော်ကို အလှူခံရရှိတော်မူ၍ ထိုင်းနိုင်ငံမဟာထေရ ဆမာခုံအပ္ပဲဝင်အဖြစ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိသည်။ ယခုအခါ ဝပ်ပတုမ်ခုံခါ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော် ဘဒ္ဒန္တ ဗုဒ္ဓဇိနဝံသ
အဂ္ဂမဟာပဏ္ဍိတ
ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဘင်ဂျမဗောဖစ်
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ၊ ချန်ဂရီမြို့တွင် ခမည်းတော် မစွတာ ချီ၊ မယ်တော် မစွစ်ခန်ကွေတို့မှ ၁၉၂၀ ပြည့်နှစ် ဇွန်လ ၅ ရက်နေ့တွင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၄၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့ သက်တော် ၂၀ အရွယ်တွင် ဝပ်ဘင်ဂျမ ဗောဖစ်ကျောင်းတိုက် ဆရာတော် ကိတ္တိသောဘဏ မဟာထေရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဆရာတော် ကိတ္တိသောဘဏ မဟာထေရထံ၌ ပိဋကတ်စာပေ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူ တတ်မြောက်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင် ကျင်းပသော ပရိယ်ခေါ် ပရိယတ္တိ စာမေးပွဲအဆင့် ခုနစ်ဆင့်ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ဘင်ဂျမဗောဖစ် ကျောင်းတိုက်ရှိ စာသင်သား သံဃာတော် ၅၀ ကျော်တို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်မူလျက် ရှိသည်။

ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေါ့ဂျ် ဘွဲ့တော်ကို ရရှိတော်မူ၍ ထိုင်းနိုင်ငံမဟာထေရဆမာခုံအပ္ပဲဝင်အဖြစ်လည်းကောင်း၊ ဝပ်ဘင်ဂျမဗောဖစ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်အဖြစ် လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဗုဒ္ဓပါဝစနဗောဓိ
အဂ္ဂမဟာပဏ္ဍိတ
ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်ရာဇဗောဖစ်
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ခမည်းတော် မစွတာ ခွန်ဆုပါ ဖောလ်ပသီ၊ မယ်တော် မစွဆေးတို့မှ ၁၉၀၈ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၂၉ ခုနှစ် မေလ ၂ ရက်နေ့ အသက် ၂၁ နှစ်အရွယ်တွင် ဗန်ကောက်မြို့၊ ဝပ်ရာဇဗောဖစ်ကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ပိဋကတ်စာပေ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ ဝပ်ရာဇဗောဖစ်ကျောင်းတိုက် ဆရာတော်ထံ သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင် ကျင်းပသော ပရိယ်ခေါ် ပရိယတ္တိ စာမေးပွဲများကို ဝင်ရောက်ဖြေဆို၍ ပါဠိဘာသာ စာမေးပွဲအဆင့် ခြောက်ဆင့်ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ဝပ်ရာဇဗောဖစ်ကျောင်းတိုက်ရှိ စာသင်သား သံဃာ ၆၀ ကျော်တို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။

ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေါ့ဂျ် ဘွဲ့တော်ကို ရရှိတော်မူ၍ ထိုင်းနိုင်ငံမဟာထေရဆမာခုံအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဝပ်ရာဇပေါဖစ်ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ မဟာမုနိဝံသ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်နရနတ်ဆုန္ဒရိကာရာမ် ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ၊ ဥဘောလ် ရတ်ချထနီမြို့တွင် ခမည်းတော် မစ္စတာကန်ပေ့၊မယ်တော် မစ္စစ်အန်းတို့မှ ၁၉၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၁ နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူသည်။ ၁၉၂၈ ခုနှစ် အသက် ၂၀ အရွယ်တွင် ဝပ်ဘောရွန်နိဝေသ ကျောင်းတိုက်ဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်နရနတ်ဆုန္ဒရိကာရာမ်ကျောင်းတိုက်ဆရာတော်ထံ၌ ပိဋကတ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို သင်ယူတတ်မြောက်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံတွင် ကျင်းပသော ပ ရိပ် ခေါ် ပရိယတ္တိစာမေးပွဲ ပါဠိဘာသာကိုးဆင့်လုံးကို ဖြေဆို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဝပ်နရနတ်ဆုန္ဒရိကာရာမ်ကျောင်းတိုက်ရှိ စာသင်သံဃာ ၆၀ ပါးတို့အား ပိဋကတ်စာပေကျမ်းစာများကို သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။

ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့် ဆုမ်ဒေါ့ဂျ် ဘွဲ့တော်ကို အလှူခံရရှိတော်မူပြီး ထိုင်းနိုင်ငံ မဟာထေရဆမာခုံအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဝပ်နရနတ်ဆုန္ဒရိကာရာမ် ကျောင်းတိုက် ပဓာန နာယကဆရာတော်အဖြစ် လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ သုမေဓာဓိပတိ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်မဟာဓာတု ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ၊ လော့ဘူရီပြည်နယ်တွင် ခမည်းတော် မစ္စတာ ယင်ကလောင်ဆန်ဆွန်း၊ မယ်တော် မစ္စစ်ခန့်ကလောင်ဆန်ဆွန်းတို့မှ ၁၉၂၈ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် အသက် ၁၂ နှစ် အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၉၄၈ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ရှင်သာမဏေဘဝမှ စတင်၍ ဗန်ကောက်မြို့ ဝပ်မဟာဓာတုကျောင်းတိုက် ဆရာတော်ထံမှ ပရိယတ္တိ ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်တော်မူခဲ့သည်။


ဆရာတော်သည် ဘုန်းကြီးကျောင်းပညာ အမြင့်ဆုံးစာမေးပွဲများကို အောင်မြင်ခဲ့ပြီး ပါဠိဘာသာ အဆင့်ရှစ်ဆင့်ကို အောင်မြင်တော်မူခဲ့သည်။ ဆရာတော်သည် ထိုင်းဘုရင်မင်းမြတ်က ဆက်ကပ်လှူဒါန်းသည့်ဆုမ်ဒေါ့ဂျ် ဘွဲ့တော်ကို ရရှိတော်မူခဲ့ပြီး မဟာထေရဆမာခုံ အဖွဲ့ဝင် အဖြစ် လည်းကောင်း၊ မဟာချုပ်ကလောင်ကွန်း ဗုဒ္ဓတက္ကသိုလ်ပညာရေးအဖွဲ့ဝင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူလျက်ရှိသည်။ အိန္ဒိယနိုင်ငံ နာလန္ဒတက္ကသိုလ် စာပေဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်း ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်မဟာဓာတုကျောင်းတိုက်ရှိ ရှင်သာမဏေနှင့် ရဟန်းတော်များကို ပိဋကတ်၊ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ ပရိယတ္တိကျမ်းစာများ သင်ကြားပို့ချပေးတော်မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဓမ္မာနန္ဒ အဂ္ဂမဟာပဏ္ဍိတ ထိုင်းနိုင်ငံ၊ လန်းပန်မြို့၊ ဝပ်ထဝ့မအိုး မြန်မာကျောင်းတိုက်

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ရေစကြို မြို့နယ် သာစည်ရွာ ခမည်းတော် ဦးဖိုးသစ်၊ မယ်တော် ဒေါ်ငွေရီတို့မှ ၁၂၀၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ ရေစကြို မြို့နယ်၊ သာစည်ရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍



အသက် ၁၄ နှစ် အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၁၂ ခုနှစ် ကဆုန်လဆန်း ဂ ရက်နေ့ အချိန်တွင် သာစည်ရွာကျောင်းတိုက် ခဏ္ဍသိမ်၌ ညောင်ပင်သာဆရာတော် အရှင်သုဇာတကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကြီးရွာ ဦးဗလ၊ ဒေါ်စိန်မြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆရာတော်လောင်းလျာသည် နိုင်ငံတော်အစိုးရ မမှာစရိယ စာချုတန်းကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၉၅၇ ခုနှစ်တွင် ယခင်ဗုဒ္ဓသာသနာ့အဖွဲ့၏ စေလွှတ်တာဝန်ပေးချက်အရ ထိုင်းနိုင်ငံသို့ ကြွရောက်၍ နှစ်ပေါင်း ၃၀ ကျော်မျှ ပိဋကတ်စာပေကျမ်းဂန်များကို သင်ကြားပို့ချလျက်ရှိသည်။ ၁၉၇၃ ခုနှစ်မှစ၍ ဟိပိဋကပါဠိ– မြန်မာ အဘိဓာန်များကို ထိုင်းဘာသာပြန်ဆိုခြင်း လုပ်ငန်းကို ဦးဆောင်ကြီးကြပ်လျက်ရှိသည်။ ယခုအချိန်တွင် ထိုင်းနိုင်ငံ မြန်မာသံဃာ့အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော် ဘဒ္ဒန္တ ဗုဒ္ဓါစာရယ
အဂ္ဂမဟာပဏ္ဍိတ
ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်သာကေတကျောင်း

ဆရာတော်လောင်းလျာကို ထိုင်းနိုင်ငံ၊ ဆူရာသနီမြို့ ခမည်းတော် မစ္စတာလီယင်၊ မယ်တော် မစ္စစ်ယိတို့မှ ၁၉၂၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၉၄၁ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၉၄၃ ခုနှစ် မေလ ၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ဝပ်သာကေတကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ရှင်သာမဏေဘဝမှ စတင်၍ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ ဝပ်သာကေတကျောင်းတိုက်ဆရာတော်ထံမှ ပရိယတ္တိပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်တော် မူခဲ့သည်။ ဆရာတော်သည် ထိုင်းနိုင်ငံတွင်ကျင်းပသော ပရိုပ်ခေါ် ပရိယတ္တိ စာမေးပွဲများတွင် ပါဠိဘာသာ အဆင့် ကိုးဆင့်လုံးကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝပ်သာကေတကျောင်းတိုက်ရှိ စာသင်သား ၅၀ ကျော်တို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိကျမ်းစာများကို သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။

ဆရာတော်သည် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုင်းဘုရင်မွေးနေ့၌ ဘုရင်မင်းမြတ်က ဆုမ်ဒေဂျ်ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည်။ ထိုင်းနိုင်ငံ မဟာထေရ ဆမာခုံ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အမှတ် ၁၀ သာသနာ့နယ်မြေကို အုပ်ချုပ်သော သံဃာ့ဂိုဏ်းချုပ်အဖြစ်လည်းကောင်း၊ ဝပ်သာကေတ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်အဖြစ်လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားပေး ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ရာဟုလာ
အဂ္ဂမဟာပဏ္ဍိတ
သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဗုဒ္ဓတက္ကသိုလ်

ဆရာတော် လောင်းလျာကို သီရိလင်္ကာ နိုင်ငံ တောင်ပိုင်း၊ ဂေါလ်ခရိုင်၊ ဝါလ်ပိုလာရွာ ခမည်းတော် မစ္စတာ အိပ်ခ်ျဂျဒန်ကာလိုလစ် ဒီသီလ၀၊ မယ်တော် မစ္စစ်သီလဒိုဒီသီလ၀ တို့မှ ၁၉၀၇ ခုနှစ် မေလ ၇ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် သက်တော် ၁၃ နှစ် အရွယ်တွင် ဝါလ်ပိုလာရွာ ကျောင်းဆရာတော် အရှင်အရိယဝံသ နာယကထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ အသက် ၂၀ အရွယ်တွင် ယင်းဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ သီရိကလေယန်မိဆံမဂရိ သံဃသဘာသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။



ဆရာတော်သည် ဗုဒ္ဓစာပေများ၊ ပါဠိစာပေများနှင့် သီဟိုဠ်စာပေများကို လေ့လာသင်ယူခဲ့သည်။ အင်္ဂလိပ် စာဘာသာကို အလွတ်လေ့လာခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၌ ဘီအေ (ဂုဏ်ထူး) တန်းကို တက်ရောက်ခဲ့ပြီး တိပိဋက၊ တရုတ်နှင့် မဟာယာန ဗုဒ္ဓ ဘာသာတို့ကို လေ့လာ ဆည်းပူးခဲ့သည်။ ပါမောက္ခ ဒေါက်တာမာလာဆေကရထ်၌ သုဇောသန လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ် ပြင်သစ်အစိုးရစကော လားရှစ်ဆုဖြင့် ပါရီမြို့ ဆော်ဗွန်တက္ကသိုလ်၌ ပညာဆက်လက် ဆည်းပူးခဲ့သည်။

ဆရာတော်သည် ၁၉၄၁ ခုနှစ်တွင် လန်ဒန်တက္ကသိုလ် ဘီအေ (ဂုဏ်ထူး) ဘွဲ့ ရရှိခဲ့ပြီး သီရိလင်္ကာ သာသနာဝင် ကျမ်းကို ပြုစုခဲ့၍ ဒေါက်တာ ဘွဲ့၊ ၁၉၅၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ဆော်ဗွန် တက္ကသိုလ်မှ ဒေါက်တာဘွဲ့၊ ၁၉၇၈ ခုနှစ်တွင် သီရိလင်္ကာတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့၊ နာလန္ဒ တက္ကသိုလ်မှ ဝိဇ္ဇာဝရိဒ္ဓိဘွဲ့၊ ဒီလစ်ဘွဲ့၊ ၁၉၇၉ ခုနှစ်တွင် ကာလီဖိုးနီးယား တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့၊ သီရိလင်္ကာနိုင်ငံ ကေလနိယတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များကို ချီးမြှင့်ခြင်းခံရသည်။

ဆရာတော်သည် ၁၉၆၄ ခုနှစ်တွင် အမေရိကန်ပြည်၊ အီလီနွိုက်စ် တက္ကသိုလ်တွင် ဘာသာရေး စာပေဆိုင်ရာ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ဝိဇ္ဇောဒယ တက္ကသိုလ်တွင် ဒုတိယ အဓိပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ် အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယား ပြည်နယ် ဆွစ်မိုး တက္ကသိုလ်၌ လည်းကောင်း၊ ၁၉၇၈–၇၉ ခုနှစ်များတွင် ကာလီဖိုးနီးယား ပြည်နယ် တက္ကသိုလ်များ၌ လည်းကောင်း၊ အရှေ့တိုင်းပညာရပ် တက္ကသိုလ်များ၌ လည်းကောင်း ဧည့်ပါမောက္ခအဖြစ် တာဝန်ယူ၍ ဗုဒ္ဓ စာပေများ ပို့ချခဲ့သည်။ ၁၉၇၄ ခုနှစ် လန်ဒန်ပါဠိ အသင်း ကြီးတွင် အတွင်းရေးမှူး မစွစ်ဟော်နား (ကုပ်လွန်) ၏ ပင့်ဖိတ်ချက်အရ အမှူဆောင်အဖြစ် ပါဝင်ဆောင်ရွက်၍ ဘာသာပြန်လုပ်ငန်းများ စာပေ ရေးသားပြုစုခြင်းများ ဆောင်ရွက်ခဲ့သည်။ အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံ တက္ကသိုလ်များတွင် လှည့်လည်၍ စာပေ ပို့ချခဲ့သည်။ သီရိလင်္ကာနိုင်ငံ ပရမဓမ္မ ဗုဒ္ဓ တက္ကသိုလ် အကြီးအကဲအဖြစ်လည်း ဆောင်ရွက်လျက် ရှိသည်။

ဆရာတော်သည် လူမှုဝန်ထမ်း လမ်းညွှန်နည်းပြ ဖြစ်သည့် ရဟန်း၏ အမွေ ကျမ်းစာ၊ သီဟိုဠ်သာသနာဝင်ကျမ်း ၊ အသင်္ဂ၏ နက်နဲသော အဘိဓမ္မာသမ္မုစ္ဆယ ကျမ်း (ဆော်ဗွန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ချီးမြှင့်သောကျမ်း) နှင့် အထင်ရှား ဆုံးသော စာအုပ်ဖြစ်သည့် **What the Buddha Taught** (မြတ်ဗုဒ္ဓ ဒေသနာကျမ်း) စသည်တို့ကို ရေးသား ပြုစုခဲ့သည်။ ယင်းစာအုပ်ကို ကမ္ဘာ့ဘာသာပေါင်း ၁၃ မျိုးဖြင့် ပြန်ဆို၍ အကြိမ်ကြိမ် ထုတ်ဝေပြီး ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဇေယျာမောင်က မြန်မာဘာသာဖြင့် ပြန်ဆို၍ ငါးကြိမ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဆရာတော်သည် ကမ္ဘာအနှံ့ကြွရောက်၍ ဗုဒ္ဓစာပေများကို နိုင်ငံအနှံ့တွင် သင်ကြားပို့ချလျက် ဗုဒ္ဓ၏ ပရိယတ္တိသာသနာကို အားကြိုးမာန်တက် ပြုစုတော်မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ သိဂ္ဂဝ
အဂ္ဂမဟာပဏ္ဍိတ
သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋရာမ
ကျောင်းတိုက်

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ မြောင်မြို့၊ ခမည်းတော် ဦးရွှေအပ်၊ မယ်တော် ဒေါ်ယော်တို့မှ ၁၂၇၁ ခုနှစ် နယုန်လဆုတ် ၂ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် မြောင်မြို့၊ ဒါန်းကျောင်းဆရာတော် ဦးဥာဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၀ ပြည့်နှစ် နယုန်လဆန်း ၁၂ ရက် နေ့တွင် ရန်ကုန်မြို့၊ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်၊ ဓမ္မိကာရုံဆရာတော် ဦးရေဝတကို





ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ လှစ္စလမ်း၊ ဒေါ်ရင်၊ ဒေါ်ဥတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိခဲ့သည်။

ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်း ကျောင်းတိုက်၊ ဓမ္မိကာရုံကျောင်းတိုက်၌ ရှင်ငယ် ရဟန်းငယ် များအား ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားပို့ချပေးတော်မူခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် သီဟိုဠ် ဘာသာဖြင့် ထုတ်ဝေသော "ဝေဆာခ်" မဂ္ဂဇင်းတွင် ဘာသာရေး ဆောင်းပါးများ ရေးသားတော်မူလျက် ရှိသည်။

ဆရာတော်သည် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ မကုဋ္ဌာရုံမကျောင်းတိုက်ကို တည်ထောင်တော်မူခဲ့သော ဆရာတော် ဦးဝိနယာလင်္ကာရ၏ လက်ထောက် အဖြစ်လည်းကောင်း၊ ဆရာတော်ကြီးမရှိသည့် နောက်ပိုင်းတွင် ကိုလံဘိုမြို့ မကုဋ္ဌာရုံမကျောင်း၊ ကန္ဒီမြို့ မြန်မာကျောင်း၊ အနုရာဓမြို့ မြန်မာကျောင်းတို့၌ နာယက ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူလျက် ရှိသည်။ သီရိလင်္ကာနိုင်ငံမြို့နယ်အသီးသီးသို့ ကြွရောက်၍ သီဟိုဠ် ဘာသာ၊ အင်္ဂလိပ်ဘာသာစကားတို့ဖြင့် တရားဟောပြတော်မူလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံ သာသနာရေးကိစ္စများတွင် တက်ကြွစွာဆောင်ရွက်တော် မူခဲ့သည်။ အမရပူရနိကာယ၏ ဂိုဏ်းခွဲတစ်ခု ဖြစ်သော စူဠဂဏ္ဌိဂိုဏ်း၏ ဝိနည်းဓိရ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ပညာနန္ဒ အဂ္ဂမဟာပဏ္ဍိတ နီပေါနိုင်ငံ၊ ကတ္တမန္ဒူမြို့၊ သီရိသကျသီဟ ကျောင်းတိုက်

ဆရာတော်လောင်းလျာကို နီပေါနိုင်ငံ၊ ကတ္တမန္ဒူမြို့၌ ခမည်းဂတော်ဟရိခဗီရဆင်း၊ မယ်တော် မေဟနမာယာတို့မှ ၁၉၀၀ ပြည့်နှစ် ဧပြီလတွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၉၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော် မြန်မာဘုန်းတော်ကြီး ဘဒ္ဒန္တ စန္ဒိမုနိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၉၃၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လမ်းမတော်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် မြန်မာနိုင်ငံတွင် စစ်တွေမြို့၌ လည်းကောင်း၊ ရန်ကုန်၊ မော်လမြိုင်မြို့ တောင်ပေါက် ဆရာတော် ဦးစက္ကပါလထံတွင်လည်းကောင်း ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။ ထိုင်းနိုင်ငံ သီရိလင်္ကာ နိုင်ငံများသို့လည်း ကြွရောက်၍ ပညာဆည်းပူးခဲ့သည်။ နီပေါနိုင်ငံတွင် သက္ကတ စာပေများကိုလည်း လေ့လာ ဆည်းပူးတော်မူခဲ့သည်။


ဆရာတော်သည် စာမေးပွဲများ ဝင်ရောက်ဖြေဆိုခြင်း မရှိဘဲ ပရိယတ္တိစာပေသင်ကြားနည်းများတွင် မန္တလေးနည်း၊ ပခုက္ကူနည်းများ စုံလင်အောင် သင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် နီပေါနိုင်ငံသို့ ပြန်လည် ကြွရောက်တော်မူပြီးနောက် ရဟန်းတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များအား အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများနှင့် အဘိဓမ္မာ သင်တန်းများကို ပို့ချပေးတော်မူ၍ နီပေါနိုင်ငံ၌ ထေရဝါဒ ရဟန်းသာမဏေ ၆၀ အထိ တိုးပွားလာခဲ့သည်။ ဝိပဿနာ ကိုယ်တိုင်အားထုတ်ပြီး တပည့်များအားလည်း အားထုတ်စေခဲ့သည်။

ဗုဒ္ဓဒဿနကျမ်း၊ ပရိတ်ကြီး၊ အဘိဓမ္မာကျမ်း၊ ဇာတကကျမ်း စသော ကျမ်းပေါင်း ၂၁ ကျမ်းကို ရေးသားပြုစုထုတ်ဝေတော် မူခဲ့သည်။ ထုတ်ဝေပြီး ကျမ်းများတွင် ထင်ရှားသော ကျမ်းများမှာ ဓာတုဘေဒါနုပဿနာ၊

တိလက္ခဏဒီပနီ၊ အနာဂတဝံသ၊ မဟာသတိပဋ္ဌာနသုတ်၊ မဟာသမယသုတ်၊ သခ်ါရဘာဇနီကျမ်းများ ဖြစ်သည်။

ဆရာတော်သည် ၁၉၄၀ ပြည့်နှစ်မှစ၍ နီပေါနိုင်ငံ၌ ပရိယတ္တိစာပေများပို့ချခဲ့သဖြင့် အရည်အချင်း ပြည့်ဝသော ဦးအမတာနန္ဒနှင့် အရှင်အဿဇော်သတို့ နှစ်ပါး ပေါ်ထွန်းခဲ့ပါသည်။ ဦးအမတာနန္ဒသည်သီရိလင်္ကာနိုင်ငံ တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့ပြီး အရှင်အဿဇော်သသည် ကတ္တာမန္ဒု။တက္ကသိုလ်၌ ဗုဒ္ဓဒဿန ဘာသာရပ်ကို သင်ကြားပို့ချတော်မူလျက်ရှိသည်။ အခိုလနေပါလဘိက္ခု သံဃမဟာနာယကအဖြစ်နှင့် နီပေါနိုင်ငံလုံးဆိုင်ရာ ဘိက္ခု သံဃအဖွဲ့၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လ အဂ္ဂမဟာပဏ္ဍိတ ကျပန်နိုင်ငံ၊ ကိတကျူရှုမြို့၊ မိုဂျီကမ္ဘာအေးစေတီ ကျောင်းတိုက်

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် ကန်ရွာခမည်းတော် ဦးပေါ၊ မယ်တော် ဒေါအေးမြတို့မှ ၁၂၇၈ ခုနှစ်တပို့တွဲလဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် ကန်တောရဆရာတော်ဘုရားကြီးကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့အချိန်တွင် ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော် မူခဲ့သည်။

ဆရာတော်သည် ရဟန်းငါးဝါရသည်အထိ ကန်တောရ ဆရာတော်ဘုရားကြီးထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ များကိုသင်ယူခဲ့ပြီးနောက် မန္တလေးမြို့ အနောက်ပြင် အဘယာရာမ ရွှေဂူတိုက်၌ ပိဋကတ်စာပေ ပရိယတ္တိကျမ်း စာများကို သင်ယူခဲ့သည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ်တွင် အစိုးရဓမ္မာစရိယ တန်းကို မြန်မာဂုဏ်ထူးခြောက်ကျမ်းနှင့်တကွအောင်မြင် တော်မူသဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကိုရရှိ တော်မူသည်။

ဆရာတော်ဘည် မန္တလေးမြို့၊ အနောက်ပြင်၊ စိန်ပန်းရပ်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ နေ့ဝါညဝါ ပရိယတ္တိကျမ်းစာများကို သင်ကြားပို့ချတော်မူခဲ့သည်။ ယခုအခါ ကျပန်နိုင်ငံ၌လည်း အခါအားလျော်စွာ ပါဠိစာပေသင်တန်းများကိုပို့ချရင်း တိုက္ကိတက္ကသိုလ်မှ ပါမောက္ခဆရာကြီးအား ဓမ္မသင်္ဂဏိကျမ်းကို ပို့ချပေးလျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ ထေရဝါဒ ဗုဒ္ဓဘာသာ အခြေခံ လက်စွဲကျမ်း (ကျပန်ဘာသာပြန်)၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း (ကျပန်ဘာသာဋီကာ)၊ ပါဠိဘာဏိနယူပဒေသပါဠိစကားပြောနည်း (ကျပန်ဘာသာပြန်)၊ ဥပသမ္ပဒါဒိ ကထာကျမ်း (ကျပန်ဘာသာပြန်) တို့ကို ကျပန်ဘာသာ ပြန်ဆိုပြီး စာ အုပ် ထုတ် ဝေ ထား ပြီး ဖြစ်သည်။ ရှုပ်စုံဗုဒ္ဓဘာသာကျမ်းမှာ ကျပန်ဘာသာပြန်ဆိုထားပြီး ဖြစ်သော်လည်း စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေခြင်း မရှိသေးချေ။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ တင်စဉ်အခါက သံယုတ္တနိကာယ မူလဝိသောဓကနှင့် အဘိဓမ္မပိဋကပဋ္ဌဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

၁၉၅၄ ခုနှစ် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ တတိယအကြိမ်မြောက်ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ သမဂ္ဂညီလာခံသို့ ကျပန်ပြည်မှ မဟာယာနဆရာတော်များ ကြွရောက်ခဲ့စဉ်က ဆဋ္ဌသင်္ဂါယနာတင်ပွဲကို လေ့လာ၍ ကျပန်ပြည်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားစေလို ခဲ့ကြသည်။ ၁၉၅၅ ခုနှစ် မေလတွင် ကျပန်အမျိုးသမီး တစ်ဦး၊ ကျပန်လူငယ်အမျိုးသား ၁၂ ဦးတို့ သီလရှင်နှင့် ရဟန်းအဖြစ်ခံယူကြသော်လည်း အားရကျေနပ်ခြင်း မရှိသဖြင့် မြန်မာနိုင်ငံအား ဓမ္မဒူတ စေလွှတ်ပေးပါရန် ပန်ကြားခဲ့လေသည်။

ပထမဦးစွာ ဆရာတော်ဦးသေဋ္ဌိလနှင့် ဦးဥာဏကုတ္တရတို့ ကျပန်ပြည်သို့ ကြွရောက်တော်မူကြပြီး ၁၉၅၇ ခုနှစ် သြဂုတ်လတွင် ဆရာတော်ငါးပါး ကြွရောက်တော်မူခဲ့ရာ ဆရာတော် ဦးဥာဏကုတ္တရက ဦးဆောင် ဆရာတော်အဖြစ် ဆောင်ရွက်တော်မူ၍ ဦးဝေပုလ္လ၊ ဦးဇောတိက၊ ဦးကောသလ္လ၊ ဦးဓမ္မာစာရ၊ ဦးဓမ္မိန္ဒတို့ ပါဝင်ကော်မူကြ

သည်။ ၁၉၅၈ ခုနှစ် မေလတွင်ဆရာတော် ဦးဥာဏ်တွင်ရ မြန်မာနိုင်ငံသို့ ပြန်လည်ကြွတော်မူသောအခါ ဦးဝေပုလ္လသည် မိုဂျီဌာနကို နာယကဆရာတော်အဖြစ် ကြီးကြပ်တော်မူခဲ့ရသည်။ ဆရာတော်ဦးဝေပုလ္လသည် ဂျပန်နိုင်ငံသို့ သာသနာပြု မကြွရောက်မီ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာနကျောင်းဆောင်၌ ဂျပန်စာပေတို့ကို လေ့လာသင်ယူတော်မူခဲ့သည်။

၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် မိုဂျီဌာန၌ ကမ္ဘာအေးစေတီတော် တည်နိုင်တော်မူခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယန်းဒွေတစ်သန်းတန်သိမ်ကျောင်းတစ်ဆောင်၊ ၁၉၇၆ ခုနှစ်တွင် ယန်းဒွေနှစ်သန်းတန် ဓမ္မာရုံကြီးနှင့် ၁၉၇၉ ခုနှစ်တွင် ယန်းဒွေနှစ်သန်းတန် ကြေးခေါင်းလောင်းကြီးတို့ကို ပြုလုပ် လှူဒါန်းတော်မူနိုင်ခဲ့သည်။

ဆရာတော်သည် ဝိပဿနာ အလုပ်ပေးတရားတော်ကိုလည်း နာယူသူ တစ်ဦးသာ ရှိစေကာမူ ဟောမြဲဖြစ်သဖြင့် ယခုအခါ တရားနာပရိသတ်မှာ နှစ်ထောင်ကျော်ပင် ရှိနေပြီ ဖြစ်သည်။



ဆရာတော်ဘဒ္ဒန္တဉာဏိက
အဂ္ဂမဟာပဏ္ဍိတ
အင်္ဂလန်နိုင်ငံ၊ ဝိုးလ်ဗားဟင်ပ်တန်မြို့၊
တိသရဏဌာန

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ပုသိမ်အရှေ့မြို့နယ်၊ ဒါးကရွာအနီး ဘုရားကုန်းကျေးရွာ၊ ခမည်းတော် ဦးဖိုးထင်၊ မယ်တော်ဒေါ်စိန်တို့မှ ၁၂၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂၈၃ ခုနှစ် ကဆုန်လတွင် မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးရွာ အထက်ကျောင်းဆရာတော်ဦးခေမိန္ဒကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သို့ရောက်ရှိခဲ့သည်။ ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ပထမအကြိမ် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ နောက် ပရိသုဒ္ဓပြုခဲ့၍ ၁၃၀၆ ခုနှစ် တပို့တွဲလတွင် ပဇ္ဇောတာရုံကျောင်း တိုက် ဆ ရာ တော် ဘဒ္ဒန္တဉာနာဘိဝံသကိုပင် ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။


ဆရာတော်သည် အ စိုး ရ ဓ မ္မာ စရိယစာချတန်းစာမေးပွဲအောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့နှင့် အိန္ဒိယနိုင်ငံ ဒေလီမြို့ရှိ ဟန်ဆရာဂျကောလိပ်မှ ဘီအေ (သက္ကတဂုဏ်ထူး) ဘွဲ့တို့ကို ရရှိခဲ့သည်။


ဆရာတော်သည် ညောင်တုန်းမြို့၊ သာသနဇောတိပါလတိုက်၌ သုံးနှစ်၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံကျောင်းတိုက်၌ စာချကထိကငယ်အဖြစ်မှ ပဓာနနာယကဆရာတော်အဖြစ် နှစ် ၄၀ တိုင်တိုင် စာသင်သားများအား ပိဋကတ်စာပေကျမ်းစာများကို သင်ကြားပို့ချတော်မူခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ ဒုလ္လဘသာသနာ (မြန်မာဘာသာ)၊ဒုလ္လဘသာသနာ (အင်္ဂလိပ်ဘာသာ)၊ မြန်မာနိုင်ငံသို့ သာသနာဝင်ရောက်ခြင်းအကြောင်း (အင်္ဂလိပ်ဘာသာ)၊ အခြေခံအဘိဓမ္မာသင်တန်း (အင်္ဂလိပ်ဘာသာစာမူရေးပြီး)၊ ယမိုက်သင်တန်း (အင်္ဂလိပ်ဘာသာဖြင့်ပြုစုဆဲ)၊ မင်္ဂလမဟဏ္ဏာသအဋ္ဌကထာ (အင်္ဂလိပ်ဘာသာပြန် စာမူရေးပြီး)၊ စိတ်နှင့်ရုပ် ကျမ်းစာငယ်များ မဂ္ဂင်းဆောင်းပါးများ (အင်္ဂလိပ်ဘာသာ)၊ အပတ်စဉ် ကမ္မဋ္ဌာန်းသင်တန်းများ (ဆောင်းပါးပေါင်းချုပ်) (အင်္ဂလိပ်ဘာသာစာမူရေးပြီး)၊ လူသေလူဖြစ် အဓမ္မဝါဒဆုံးဖြတ်ချက်များ၊ အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့် ဗုဒ္ဓသာသနာပြုမှုတ်တမ်းစသည်တို့ဖြစ်သည်။

ဆရာတော်သည် နိုင်ငံတော် ဗဟိုသံဃဉ်ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ လူသေလူဖြစ်အဓမ္မဝါဒ ဝိနိစ္ဆယအဖွဲ့တွင် နိုင်ငံတော် သီးခြားဝိနည်းခိုရ်ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး အင်္ဂလန်၊ ဆွစ်ဇာလန်၊ အီတလီ၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ ဩစတြေးလျနှင့် ဟော်လန်နိုင်ငံများ၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူလျက်ရှိသည်။

ဦးဥာဏ်ဝင်း





ရောဂါကာကွယ်ရေးဆေးများ

ဆေးပညာ

ကမ္ဘာပေါ်၌ နောက်ဆုံးကျောက်ပေါက်သူ

၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အာဖရိကတိုက် ဆိုမာလီနိုင်ငံမှ ထမင်းချက်တစ်ဦး ဖြစ်သော အလီမောင်မောလင်း (Ali Maow Maolin) သည် ကျောက်ကြီးရောဂါဖြင့် ဆေးရုံတက် ကုသခံရသည်။ နိုဝင်ဘာလ ကုန် ဆုံး သော အ ခါ သူသည် ကျောက်ကြီးရောဂါဝေဒနာမှ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းနိုင်၏။ ထိုအချိန်မှစ၍ ကမ္ဘာပေါ်တွင် ကျောက်ကြီးရောဂါဝေဒနာစံကပ်သူ၊ ကူးစက်သူဟူ၍ မရှိတော့ပေ။ ဆိုလိုသည်မှာ ယခုအခါ ကျောက်ကြီးရောဂါ (Small-pox disease) သည် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားပြီဟူလို။

ဤသည်မှာ ကမ္ဘာပေါ်တွင် လူများစွာကို သေကြေပျက်စီး ကျိုးပဲ့ကန်းစေသော ကူးစက်ရောဂါကြီးတစ်ခုကို ကာကွယ်ရေးဆေး (Vaccine) ထိုးခြင်းဖြင့် အမြစ်ပြတ် ပပျောက်အောင် သုတ်သင်လိုက်နိုင်သည့် သာဓက ဖြစ်သည်။ ဤသို့ ပြုလုပ်နိုင်ရန်အတွက် ဆေးသိပ္ပံပညာရှင်များသည် နှစ်ပေါင်း ၂၅၀ ကျော်မျှ ကြိုးပမ်းခဲ့ကြရလေသည်။

ကျောက်ရောဂါကာကွယ်ရေးသမိုင်း

မှန်ပေသည်။ ကျောက်ကြီးရောဂါ ကာကွယ်ရေးအတွက် ကျောက်ရောဂါ ရနေသောသူ၏ ကျောက်အရည်ဖုမှ အရည်ကိုယူ၍ ထိုးခြင်းဖြင့် ကာကွယ်နိုင်သည်ကို သိရှိ၍ ဥရောပတွင် ၁၇၂၁ ခုနှစ် ပြေလွဲ့ စမ်းသပ်ခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပထမစမ်းသပ်သူသည် ဆရာဝန်မဟုတ်ဘဲ တရုတ်ပြည်၌ ဤသို့ ကျင့်သုံးသည်ကို အတုယူ၍ တူရကီနိုင်ငံ၌ လက် ခံ အ သုံး ပြု ခြင်း ကို လက်တွေ့မြင်ရသည့် ဗြိတိသျှသံအမတ်ကတော် လေဒီ မောင်တေးဂူး (Lady Mary Worley Montagu, ၁၆၈၉–၁၇၆၂) ဖြစ်သည်။ သူ၏ စမ်းသပ်မှုမှာ ဖျားနာခြင်း၊ ကျောက်ရောဂါပြန်ဖြစ်ခြင်းနှင့် လူများ ကြောက်လန့်ခြင်းတို့ကြောင့် လူအများ လက်မခံသဖြင့် မအောင်မြင်သော်လည်း ဤနည်းကို သိပ္ပံနည်းကျ အောင်မြင်အောင် ဆက်ပြုလုပ်သူမှာကား လူတိုင်းသိသည့် အင်္ဂလန်သား ဒေါက်တာ အက်ဒဝပ်ဂျင်နား (Dr. Edward Jenner, ၁၇၄၉–၁၈၂၃) ဖြစ်သည်။

အက်ဒဝပ်ဂျင်နား

ဒေါက်တာဂျင်နားသည် ကျောက်ရောဂါကာကွယ်ရေးအတွက် သူ၏ ကျောက်ဆေးထိုးခြင်း စမ်းသပ်မှုကို ပထမ သူ့ဇနီးနှင့် သူ့ က လေး များ တွင် ပြုလုပ်သည်။ ယင်းတို့တွင် ဘာမျှမဖြစ်ဘဲ ကျောက်ရောဂါမကူးစက်နိုင်အောင် ကာကွယ်နိုင်မှန်းသိမှ အခြားသူများတွင် ဆက်လက်စမ်းသပ်သည်။ ထိုကဲ့သို့ လူ အ များ တွင် ကျောက်ရောဂါကို ကာကွယ်နိုင်မှန်းသိမှ ကျောက်ရောဂါ

ကာကွယ်ဆေးကို တစ်ကမ္ဘာလုံးတွင် အသုံးပြုကြလေသည်။ ယခုအခါတွင် မူ ဒေါက်တာ ဂျင်းနှားမှာ ကျောက်ရောဂါ ကာကွယ်ဆေး၏ဖခင်၊ ကူးစက်ရောဂါအားလုံး ကာကွယ်နိုင်ရန် လမ်းထွင်ပေးသူအဖြစ် ဆေးသိပ္ပံပညာရှင်အားလုံးကသာမက လူအများကပါ လက်ခံယူဆ ကြည်ညိုကြလေသည်။ ဒေါက်တာ ဂျင်းနှား၏ ရုပ်တုကို ယခုအခါ လန်ဒန်မြို့ ဟိုက်ပက်ဥယျာဉ်တွင်း၌ တွေ့မြင်နိုင်လေသည်။

ကာကွယ်ဆေးတို့၏ဖခင် လူဝီပါစချာ

စင်စစ် ကူးစက်ရောဂါအားလုံးကို ကာကွယ်ဆေး (Vaccine) ထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိပ္ပံနည်းကျ စတင်ပြသပြောဟောသူမှာကား ပြင်သစ်နိုင်ငံမှ လူဝီပါစချာ (Louis Pasteur, ၁၈၂၂–၁၈၉၅) ဖြစ်လေသည်။ လူဝီပါစချာသည် ကြက်များတွင် ဖြစ်ပွားသော ကာလဝမ်းရောဂါကို ယင်းရောဂါဗိုင်းရတ်ပိုးအား အစွမ်းမရှိအောင် အဆင့်ဆင့်မွေးမြူ၍ နောက် ဆုံး ကြက်ထဲ၊ လူထဲကို ထိုးပေးခြင်းဖြင့် ကာကွယ်နိုင်ကြောင်းကို စတင်တွေ့ရှိခဲ့သည်။ ထိုမှ သူသည် ကာလဝမ်း ရော ဂါ ကာ ကွယ် ဆေး (Cholera Vaccine)၊ ထောင်သန်းရောဂါ ကာကွယ်ဆေး (Anthrax Vaccine) နှင့် ခွေးရူးရောဂါကာကွယ်ဆေး (Rabies Vaccine) များကို တီထွင်ပြုလုပ်ပေးခဲ့သည်။ သို့ဖြင့် ခွေးရူးရောဂါကူဆေးရုံများကို ပါစချာဆေးရုံ (၀၀) ပါစချာသိပ္ပံ (Pasteur Institute) ဟူ၍ လည်းကောင်း၊ နွားနို့နှင့် အစားအသောက်များတွင် ရောဂါပိုးများ၊ စင်အောင် ပြုလုပ်ခြင်းကို ပါစချာရိုက်ဇေးရှင်း (Pasteurization) ဟူ၍ လည်းကောင်း ယခုအခါ ခေါ်ဝေါ်ကြလေသည်။

ရောဂါပိုးမွှားရှာဖွေသူကော့

ဤကူးစက်ရောဂါများကို ကာကွယ်ရန် ကာကွယ်ဆေးများကို တီထွင်ရာ၌ မည်သည့်ရောဂါကို မည်သည့် ရောဂါပိုး၊ မည်သည့် ဗိုင်းရတ်၊ မည် သည့် အ ရာ (Bacteria, Viruses, Rickettsiae, Fungi or Toxoplasma) က ဖြစ် စေ သည် ကို တိတိပပသိရန် လိုအပ်သည်။ ဤလိုအပ်ချက်ကို သိပ္ပံနည်းကျ ဖော်ထုတ်နိုင်မည့် နည်းလမ်းကိုကား ဂျာမန်ပိုးမွှားဗေဒ (၀၀) အကဲဝိဇ္ဇဗေဒပညာရှင် ရောဘတ်ကော့ (Robert Koch, ၁၈၄၃–၁၉၁၀) က ပထမ စတင်နည်းပေးလမ်းပြ ပြုခဲ့ပေသည်။

ကော့ရောဂါနှင့် ကော့ခံယူချက်များ

ကော့သည် ပြင်သစ်မှလူဝီပါစချာ၊ အင်္ဂလန်မှဂျိုးဇက်လစ်စတား (၁၈၂၇–၁၉၁၂) တို့နှင့် ခေတ်ပြိုင်ဖြစ်၍ ကူးစက်ရောဂါများမှာ အလိုလို ဖြစ် လာ သည် မ ဟုတ်၊ ရောဂါပိုးမွှားများကြောင့်သာ ဖြစ်ရသည်ဟူ၍ ယုံကြည်သူဖြစ်သည်။ သို့ဖြင့် သူသည် ဂျာမနီနိုင်ငံ၌ ထောင့်သန်းရောဂါဖြင့် ကျဲ နွားများသေကြေသည်ကို မြင်ရသော အခါ တရားခံမှာ ထောင့်သန်းပိုး (Anthrax Bacillus) ဖြစ်ကြောင်း ရောဂါပိုးကိုမွေးမြူ၍ ပြသခဲ့သည်။

ထို့အတူ လူအများတွင် ချောင်းဆိုး သွေးပါရောဂါဖြစ်ပွားသည်မှာ တီဘီရောဂါပိုးကြောင့် ဖြစ်ကြောင်း မွေးမြူ၍ပြသခဲ့သည်။ တီဘီရောဂါကို ယခုအခါ ကော့ရောဂါ (Koch's disease or Infection) ဟူ၍လည်းကောင်း၊ တီဘီရောဂါပိုးကို ကော့ပိုး (Koch's Bacillus) ဟူ၍လည်းကောင်း ခေါ်ကြသည်။ ထို့အတူ ကူးစက်ရောဂါ ဖြစ်စေသော ရောဂါပိုးကို အတိအကျ မွေးမြူ၍ပြခြင်း၊ ထိုမွေးမြူ၍ရသောရောဂါပိုးကို ရောဂါ မရှိသူထဲ ထိုးထည့်ပါက ရောဂါရခြင်း၊ ထိုရောဂါပိုးသည် အခြားရောဂါများကို မဖြစ်ဘဲ ဤရောဂါကိုသာ အမြဲဖြစ်ခြင်း စသည်တို့ကို ကော့၏ခံယူချက်များ (၀၀) လွှန်ခဲ့သောနှစ်ပေါင်း ၂၅၀ ကျော်က ကျောက်ရောဂါ ကာကွယ်ဆေး နည်းထမ်းကို ဥရောပတွင် စတင် အသုံးပြု လမ်းစပေါ်ပေးခဲ့သော ဃဒီ မောင်တေးဂူး





AN

INQUIRY

INTO

THE CAUSES AND EFFECTS

OF

THE VARIOLÆ VACCINÆ,

A DISEASE

DISCOVERED IN SOME OF THE WESTERN COUNTIES OF ENGLAND,

PARTICULARLY

GLOUCESTERSHIRE,

AND KNOWN BY THE NAME OF

THE COW POX.

BY EDWARD JENNER, M.D. F.R.S. &c.

——— QUID NOBIS CERTIUS IPSIS
SENSIBUS ESSE POTEST, QUO VERA DE FALSA NOTEMUS.
LUCRETIUS.

London:
PRINTED, FOR THE AUTHOR,
BY SAMPSON LOW, N° 7, BERWICK STREET, SOHO.
TO BE SOLD BY LAW, AVE-MARIA LANE, AND MURRAY AND HIGHLEY, FLEET STREET
1798.

လေဒီမောင်တေးဂူး၊ အက်ဒဝပ်ဂျင်နားနှင့် ကျောက်ရောဂါ ကာကွယ်နည်း ဖော်ပြသည့်ကျမ်း ပထမစာမျက်နှာ

သက်သေပြချက်များ (Koch's Postulates) ဟူ၍ ခေါ်လေသည်။

ကာကွယ်ဆေးများအစီအရီ

ယင်းဆရာကြီးများ၏ ခြေရာကိုလိုက်၍ နောက်ဆေးသိပ္ပံပညာရှင်များက သုတေသနပြု တီထွင်ရှာဖွေကြရာ ရောဂါကာကွယ်ဆေးအများကို ယခုအခါ ထုတ်လုပ်နိုင်ကြပြီဖြစ်သည်။ သမိုင်းကိုပြောရပါက ၁၈၁၁ ခုနှစ်တွင် ထောင့်သန်းရောဂါကာကွယ်ဆေး၊ ၁၈၅၅ ခုနှစ်တွင် ခွေးရူးရောဂါကာကွယ်ဆေး၊ ၁၈၉၅ ခုနှစ်တွင် ပလိပ်ရောဂါကာကွယ်ဆေး၊ ၁၉၂၆ ခုနှစ်တွင် တီဘီရောဂါကာကွယ်သော ဘီစီဂျီထိုးဆေး၊ ၁၉၀၆ ခုနှစ်တွင် ကြက်ညှာချောင်းဆိုး ကာကွယ်ဆေး၊ မရွေးမနှောင်း ၁၉၃၃ ခုနှစ်တွင်ပင် အူရောင်ငန်းဖျား ကာကွယ်ဆေး၊ ၁၉၄၃ ခုနှစ်တွင် တုပ်ကွေးစသည်ဖြင့် ကာကွယ်ဆေး အမျိုးမျိုးကို ထုတ်လုပ်နိုင်ခဲ့ကြသည်။

ပိုလီယိုရောဂါကာကွယ်ဆေး

၁၉၄၉ ခုနှစ်၌ အမြောက်အမြားမွေးမြူရန်ခက်သော ဗိုင်းရတ်ပိုးများကို များစွာတွင် မွေးမြူရန်ခက်သော ရကြောင်း အမေရိကန် သိပ္ပံပညာရှင်သုံးဦး (John Enders, Frederick Robbins နှင့် Thomas Weller) တို့ကပြုသခဲ့ရာမှ အမေရိကန်နှင့် အနောက်ဥရောပတွင် ဒုက္ခအကြီးအကျယ်ပေးသော သွေးယဉ်နာအကြောသေရောဂါ ဗိုင်းရတ်ပိုး (Poliomyelitis virus) ကိုမွေးမြူကာ ယင်းအတွက် ကာကွယ်ဆေးများအောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်။ ပထမပိုလီယို ကာကွယ်ဆေးကို ၁၉၅၄ ခုနှစ်၌ ဒေါက်တာဆော့ (Dr. Jonas Salk) က တီထွင်ခဲ့၍ "ဆော့ ကာကွယ်ဆေး" (Salk Vaccine) ဟုခေါ်၏။ နောက် နှစ်နှစ်မျှကြာသောအခါ ပို၍ကောင်းသော ပိုလီယိုကာကွယ်ဆေးကို ဒေါက်တာ အဲလဘတ်ဆောဘင် (Dr. Albert Sabin) ကတီထွင်ခဲ့၍ "ဆောဘင် ကာကွယ်ဆေး" (Sabin Polio Oral Vaccine) ဟုခေါ်ကြ၏။ ယခုအခါ တစ်ကမ္ဘာလုံးတွင် ယင်း၏ ပိုလီယိုကာကွယ်ဆေးကို အသားထဲမထိုးရဘဲ ပါးစပ်မှ မျိုချ၍ ရောဂါကိုကာကွယ်နိုင်ပေပြီ။

အအေးလွန်အခြောက်ခံ ကာကွယ်ဆေးဖော်နည်းသစ်

၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်၌ ဒေါက်တာ ဟေးဖလစ် (Dr. Leonard Hayflick) သည် ကြက်ဥ၊ မျောက်ဦးနှောက်စသောတိရစ္ဆာန်ပစ္စည်းများကို မသုံးဘဲ လူ၏အသွေးအသားများကို သုံးခြင်းဖြင့် ရောဂါကာကွယ်ဆေးအမျိုးမျိုးကို ရေရှည် ခံ အောင်၊ ပိုမိုအစွမ်းထက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သူသည် ကာကွယ်ရေးရောဂါပိုးနှင့် အရည်အဖတ်တို့ကို ဖိအားဖြင့် သုညအောက် ၆၀ ဒီဂရီ အအေးထိခံပြီးနောက် ခြောက်သွေ့စေခြင်း (Freeze - dried Under Pressure) ဖြင့် ထိုသို့ဆောင်ရွက်ခဲ့သည်။

ဤသို့ "အအေးလွန်အခြောက်ခံနည်း" (Freeze-dried Method) ဖြင့် ကာကွယ်ဆေးများကို ထုတ်လုပ်ရာတွင် ယခုအခါ တစ်ကမ္ဘာလုံး၌ အဖြစ်များသော၊ ကြောက်စရာကောင်းသော ကူးစက်ရောဂါ အားလုံးလိုလိုအတွက် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ပြီဟု သိရ၏။ ဥပမာ–တီဘီရောဂါ၊ ပိုလီယိုရောဂါ

ခွေးရူးရောဂါ၊ တိုက်ဖွိုက်၊ ဝက်သက်၊ မေးခိုင်ရောဂါ၊ တုပ်ကွေးနှင့် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်သည်။

တစ်ကမ္ဘာလုံး၏ သုံးပုံနှစ်ပုံ

၁၉၇၉ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကြေညာချက်အရ ယခုအခါ တစ်ကမ္ဘာလုံးတွင် ကာကွယ်ဆေးထိုးနှံမှု(၀၀) စားသုံးမှုမှာ ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံထိရှိပြီဟု သိရပါသည်။ ယင်းကြေညာချက်အရ ပိုလီယိုရောဂါ ကာကွယ် ဆေးတတိယအကြိမ်အသုံးပြုမှုမှာ ၆၇ ရာခိုင်နှုန်း၊ ဆုံဆို့ကြက်သွေးနှင့် မေးခိုင်ရောဂါကာကွယ်ဆေး (ဒီပီတီ DPT) တတိယအကြိမ်ထိုးနှံမှုမှာ ၆၆ ရာခိုင်နှုန်း၊ တီဘီရောဂါကာကွယ်သော ဘီစီဂျီကာကွယ်ဆေးထိုးမှုမှာ ၇၁ ရာခိုင်နှုန်းနှင့် ဝက်သက်ကာကွယ်ဆေးအသုံးပြုမှုမှာ ၆၁ ရာခိုင်နှုန်း ရှိပြီဟုသိရ၏။ တရုတ်ပြည်သည် ပိုလီယိုရောဂါကာကွယ်ဆေး ကျွေးရာဌာန ၁၉၇၇ ခုနှစ်တွင် ၇၄ ရာခိုင်နှုန်းရှိရာမှ ၁၉၈၈ ခုနှစ်တွင် ၉၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်ဟု သိရပေသည်။ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးအသုံးပြုမှုနှုန်းမှာမူ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပါက အောက်ပါအတိုင်းရှိသည်ဟုသိရ၏။

တစ်နှစ်အောက်ကလေးများရာခိုင်နှုန်း | **မိခင်လောင်းများ**

အမှတ်စဉ်	နိုင်ငံအမည်	ဘီစီဂျီ	ဒီပီတီ	ပိုလီယို	ဝက်သက်	မေးခိုင်
၁	အိန္ဒိယ	၇၂	၇၄	၆၃	၄၅	၆၁
၂	တရုတ်	၉၈	၉၅	၉၆	၉၅	–
၃	ဘင်္ဂလားဒေ့ရှ်	၂၆	၁၆	၁၆	၁၃	၁၂
၄	ထိုင်း	၅၅	၄၃	၄၃	၃၆	၃၅
၅	မြန်မာ	၃၃	၂၈	၂၂	၂၅	၂၂

(WHO အစီရင်ခံစာ၊ ဇူလိုင် ၁၉၈၉။ AMN 3 Oct 1989 မှ)

တိုးခဲ့ကာကွယ်ဆေးစီမံကိန်း

ဤသည်မှာ ၁၉၇၄ ခုနှစ် မေလတွင်ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စတင်ခဲ့သည့် "တိုးခဲ့ကာကွယ်ဆေးထိုးနှံမှုစီမံကိန်း (Expanded Programme On Immunization, E P I)၏ အကျိုးကျေးဇူးကြောင့်ဖြစ်၏။ ယင်းစီမံကိန်း၏ ပထမရည်ရွယ်ချက်အရ ၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးတိုင်း ရောဂါခြောက်မျိုး (ဆုံဆို့နာ၊ ကြက်သွေး၊ မေးခိုင်၊ ဝက်သက်၊ ပိုလီယိုနှင့် တီဘီရောဂါများ) မှ ကာကွယ်ဆေးထိုးနှံ အသုံးပြုပြီး ဖြစ်ရန်ဖြစ်၏။ ယခု အခါမူ ယင်းစီမံကိန်းကို "ကမ္ဘာလုံးဆိုင်ရာ ကလေးတိုင်း ကာကွယ် ဆေး ပေး ရေး စီမံကိန်း" (Universal Childhood Immunization Programme, UCI) အဖြစ် ပြောင်းလဲလိုက်ကြောင်း ကြားသိရ၏။ သက္ကရာဇ် ၂၀၀၀ တွင် ကမ္ဘာပေါ်မှ ပိုလီယိုအကြောသေရောဂါ ပ ပျောက် ရန် လည်း ရည်သန်ကြောင်း သိရလေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ တာဝန်ရှိ ပုဂ္ဂိုလ် ဒေါက်တာဝပ် (Dr. Nick Ward) ၏ အဆိုအရ ကလေးတိုင်းကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ပိုလီယို အကြောသေရောဂါ၊ ဝက်သက်ရောဂါနှင့် မေးခိုင်ရောဂါတို့ကို ထိုအချိန်မတိုင်မီ ပပျောက်အောင် ဆောင် ရွက် နိုင် မည် ဖြစ် ကြောင်း ဟု သိရပါသည်။ ဝက်သက်နှင့် မေးခိုင်ရောဂါကာကွယ်မှုမှာမူ ပိုလီယိုရောဂါ ကာကွယ်ခြင်းထက် ပိုမိုခက်ခဲသည်ဟု သိရပါ၏။

ကမ္ဘာတစ်ဝန်း ပိုလီယိုရောဂါပပျောက်ရေး

ပိုလီယိုရောဂါ ပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်အတူ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ရိုထရီကလပ် (Rotary Club) နှင့် နိုင်ငံအစိုးရအာဏာလုံးက ဝိုင်းဝန်းဆောင် ရွက် နေ သည် ဟု သိရပေသည်။ ဤသို့ဆောင်ရွက်ရာတွင် ပထမအရေးကြီးဆုံးမှာ ပိုလီယိုရောဂါကာကွယ်ဆေး ပိုပေးရန်ဖြစ်ပြီး ဒုတိယအရေးအကြီးဆုံးမှာ ပိုလီယိုရောဂါရရှိသူများကို အလျင်အမြန် ရှာဖွေကုသရန်ဖြစ်သည်ဟုသိရ၏။ ဤသို့ဆောင်ရွက်နိုင်အောင် ပညာပေးရေးလုပ်ငန်း၊ ရောဂါရှာဖွေရေး လုပ်ငန်းနှင့် လူထုအုံကြွပါဝင်ရေးလုပ်ငန်းတို့ကို နိုင်ငံတိုင်းက အားတက်သရောပါဝင်ဆောင်ရွက်ရန်လိုသည်ဟု သိရပေသည်။

တိုးခဲ့ကာကွယ်ဆေးထိုးနှံမှု စီမံကိန်း ဒါရိုက်တာ ဒေါက်တာ ဟင်ဒါဆင် (Dr. Ralph H. Henderson) ၏ အလိုအရမူ ယခုအထိရလဒ်မှာ ကျေနပ်

ဖွယ်ဖြစ်ကြောင်း၊ အကြောင်းမူ ၁၉၇၄ ခုနှစ်တွင် ကာကွယ်ဆေးစီမံကိန်း စတင်စဉ်က ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆေးထိုးနှုန်းမှာ (၀၊) အသုံးပြုမှုမှာ ၅ ရာခိုင်နှုန်းသာရှိ၍ ယခုအခါ ကမ္ဘာ့ကလေးအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ကို ထိုးနှံပေးဝေနိုင်ရန် အခွင့်အလမ်း သာနေပြီဖြစ်ကြောင်း သိရပါသည်။

ကူညီသောအသင်းအဖွဲ့များ

သို့ဖြစ်၍ ယခုအခါ ကမ္ဘာ့ ကာကွယ်ဆေးထိုးနှုန်းမှုစီမံကိန်းအောင်မြင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂ ကလေးများရန် ပုံငွေ အဖွဲ့ (UNICEF) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစီမံကိန်း (UNDP) တို့အပြင် ကမ္ဘာ့ဘဏ် (World Bank)၊ ရော့ခဖဲလားဖောင်ဒေးရှင်း (Rockefeller Foundation)၊ ရိုထရီကလပ် (Rotary International) တို့အပြင် ကလေးများအတွက်ရန်ပုံငွေစုပါအဖွဲ့ (Save the Children Fund) စသောအဖွဲ့အစည်းများကပါ ပါဝင်ကူညီလာနေပေသည်။

စင်စစ် အထက်ပါ "ကလေးတိုင်းအတွက် ကာကွယ်ဆေးစီမံကိန်း"တွင် ပါဝင်သောကာကွယ်ဆေးများအပြင် အခြား ရောဂါများအတွက်လည်း ကာကွယ်ဆေးများ အပုံပင်ရှိပါသည်။

မိခင်လောင်းများအတွက် မေးခိုင်ရောဂါ ကာကွယ်ဆေး


မိခင်လောင်းများအတွက် အရေးကြီးသောကာကွယ်ဆေးမှာ မေးခိုင်ရောဂါ ကာ ကွယ် ဆေး (Tetanus Toxoid, T. T) ဖြစ်၍ ယင်းကို မိခင်လောင်းတိုင်းအား ထိုးနှံ့စေရန်ရည်သန်လုပ်ဆောင်နေ၏။ အကြောင်းမူ မွေးစမိခင်များသေဆုံးရာ၌ မေးခိုင်ရောဂါပိုးဝင်၍ သေဆုံးမှုများသောကြောင့် ဖြစ်သည်။

အလုပ်သမား၊လယ်သမားတို့အတွက်

ထို့အတူ အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားများအနေဖြင့် လုပ်ငန်းခွင်တွင် ဒဏ်ရာရတတ်ရာ ထိုသို့ ဒဏ် ရာ ရ လျှင် မေးခိုင်ရောဂါပိုးမဝင်ရန် တီတီထိုးဆေးကို ထိုးထားရန်လို၏။ စင်စစ် ယင်းသို့သော ပုဂ္ဂိုလ်များသည် နေရာမရွေးသွားရသဖြင့်လည်း တီတီကိုသာမက တီ အေ ဘီ (T. A. B) ခေါ် အူရောင်ငန်းဖျားရောဂါကာကွယ်ဆေး(Typhoid Vaccine for Typhoid and Paratyphoid A & B) ကိုလည်း ထိုးထားရန်လိုလေသည်။

ခေတ်မီ ကာကွယ်ဆေးထိုး ကိရိယာနှင့် ဆေးထိုးခံနေသော ကလေး





အကြောင်းရှိက လိုအပ်သောကာကွယ်ဆေးများ

ကာ လ ဝမ်း ရော ဂါ ကာ ကွယ် ဆေး၊ ပလိပ်ရောဂါ ကာကွယ်ဆေးနှင့် တုပ်ကွေး ရော ဂါ ကာ ကွယ် ဆေး စသည်တို့မှာ ယင်းရောဂါများ ဖြစ်ပွားခြင်း သို့မဟုတ် ခရီးသွားခြင်း၌သာထိုးရ၏။ ပုံမှန်ကား ထိုးရန်မလိုပေ။ ထို့အတူ အဝါရောင်နေးဖျားရောဂါ (yellow fever) ဖြစ်ပွားမှုများသော အာဖရိကတိုက်နှင့် အလယ် အ မေ ရိ က သို့ သွား ပါ က ငန်းဖျားကာကွယ်ဆေး (yellow fever vaccine) ကို ထိုးသွားကြရသည်။ ကျောက်ရောဂါကာကွယ်ဆေးထိုးခြင်း (small pox vaccination) ကိုမူ ယခုအခါ နိုင်ငံတကာခရီးသွား ရာ၌ မပြုလုပ်ရတော့ပေ။ ခွေးရူးရောဂါကာကွယ်ဆေး (Rabies Vaccine)မှာမူ ကြို၍ထိုးသည်ထက် အကိုက်ခံပြီးစတွင်ထိုးသည်က ပိုများပေသည်။ ခွေးရူးအန္တရာယ် မရှိတဲ့ ကြိုထိုးပါက ထိုးဆေးကြောင့် ဦးနှောက်ရောင် ရောဂါနှင့် အ ကြော သေ ရော ဂါ များ ရ နိုင် သော အန္တရာယ်ရှိ၍ ဖြစ်ပေသည်။

လက်ရှိကာကွယ်ဆေးများ

စင်စစ် ရောဂါပိုးမွှားများကြောင့်ဖြစ်သော ရောဂါ တိုင်းလိုလိုအတွက် ကာကွယ်ဆေးမှာ ဖော်စပ်၍ရပြီဖြစ်


ဧတော်သစ်ပိုလီယိုရောဂါ ကာကွယ်ဆေး ထုတ်လုပ်ပုံများ

၏။ ယခုအထိ အောက်ပါရောဂါများအတွက် ကာကွယ်ဆေး (Vaccine) များ ရှိပြီး ဖြစ်ပေသည်။

၁။ ကာလဝမ်းရောဂါ (Cholera)
၂။ ဆုံဆို့နာ (Diphtheria)
၃။ အသည်းရောင်အသားဝါရောဂါ (Hepatitis B)
၄။ တုပ်ကွေး (Influenza)
၅။ ဝက်သက် (Measles)
၆။ ဦးနှောက်မြှေးရောင်ရောဂါ (Meningococcus)
၇။ ပါးချိတ်ရောင်ရောဂါ (Mumps)
၈။ ကြက်ညှာချောင်းဆိုး (Pertussis)
၉။ ပလိပ် (Plague)
၁၀။ နမိုးနီးယား (Pneumococcus)
၁၁။ ပိုလီယိုအကြောသေရောဂါ(Poliomyelitis)
၁၂။ ခွေးရူးရောဂါ (Rabies)
၁၃။ ဂျိုက်သိုးရောဂါ (ဝါ) (Rubella or German Measles) ဂျာမန်ဝက်သက်
၁၄။ ကျောက်ကြီးရောဂါ (Small Pox)
၁၅။ မေးခိုင်ရောဂါ (Tetanus)
၁၆။ တီဘီရောဂါ (Tuberculosis B.C.G. Vaccine)
၁၇။ အူရောင်ငန်းဖျား(ဝါ)တိုက်ဖွိုက်(Typhoid)
၁၈။ ငန်းဝါဖျား (Yellow Fever)

ကာကွယ်ဆေးမစွမ်းသော ရောဂါများ

လူအများကို ဒုက္ခပေးသော်လည်း ရောဂါပိုး၏ ဗီဇ နှင့်ပုံသဏ္ဌာန် အမြဲပြောင်းလဲနေသဖြင့် ကာကွယ်ဆေး တီထွင်အသုံးမချနိုင်သေးသည်ကား နှာစေးချောင်းဆိုး ရောဂါ (Common cold) နှင့် ရေယုန် (Herpes Simplex) ရောဂါတို့ ဖြစ်၏။ ထို့အတူ ကာလသား ရောဂါများဖြစ်သော ဆစ်ဖလစ် (Syphilis)၊ ဆီးပူ ညောင်းကျ (ဝါ) ဂနို ရော ဂါ (Gonorrhoea)၊ ရွန်ကရွိုက် (Chancroid) နှင့် သားနှံရည် အကျိတ် ရောင်ရောဂါ (Lymphogranuloma) တို့ဖြစ်၏။ သားနှံရည်ကင်ဆာတစ်မျိုးကိုဖြစ်စေသော အက်ပစတိန်း ဘားဗိုင်းရတ်ပိုး (Epstein.Barr Virus) အတွက်လည်း ကာကွယ်ဆေးမှာတီထွင်ဆဲသာဖြစ်၏။ ထို့အတူ



၁၉၇၇ ခုနှစ်တွင် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားသော ကျောက်ကြီးရောဂါကို နောက်ဆုံးခံစားရသူ ဆိုမာလီယာနိုင်ငံမှ အလီမောင် မောလင်း

မြန်မာနိုင်ငံအပါအဝင် အပူပိုင်းနိုင်ငံများ၌ အဖြစ်များသည့် အနာကြီးရောဂါ (Leprosy) အတွက် ကာကွယ်ဆေးမှာလည်း လန်ဒန်ရှိ အမျိုးသား ဆေးသုတေသနဌာနမှ ထုတ်လုပ်ကာ အာဖရိကတိုက် မာလဝီနိုင်ငံတွင် စမ်းသပ်အသုံးပြုဆဲ အခြေအနေသာ ရှိသည်။ ခုခံအား ကျဆင်းမှုရောဂါ (ဝါ) ကိုယ်ခံစွမ်းအား လျော့ရောဂါ (AIDS) အတွက် ကာကွယ်ဆေးမှာလည်း တီတွင်ဆဲ စမ်းသပ်ဆဲဖြစ်၏။

ခုခံအားဖြည့်ကာကွယ်ဆေးနှစ်မျိုး

အထက်ကဆေးများသည် ရောဂါပိုးမွှားများသို့မဟုတ် ယင်းတို့၏ပစ္စည်းများကို အသက်မရှိအောင် (ဝါ) အန္တရာယ်ကင်းအောင်ပြုလုပ်၍ လူကိုယ်ထဲရောက်အောင် ထိုးသွင်း ပေးကျွေးပြီး လူကိုယ်ခန္ဓာမှ ကိုယ်ခံအား ဓာတ်ထုတ်ပေးသောကလာပ်စည်းများက ခုခံအားကိုထုတ်စေခြင်းဖြင့် ယင်းရောဂါတို့ကို ကာကွယ်နိုင်ခြင်းဖြစ်၏။ ဤသည်ကို "တက်ကြွသော ခုခံအား ထုတ်လုပ်ခြင်း (ဝါ) လှုံ့ဆော်သော ကာကွယ်ဆေးပေးခြင်း (Active Immunization) ဟုခေါ်၏။ ထိုသို့ ကိုယ်ခံအားထုတ်လုပ်ခြင်း သို့မဟုတ် ခုခံအားဖြစ်ပေါ်စေခြင်းသည် ရက်မှလအထိကြာတတ်သဖြင့် အရေးပေါ်လိုအပ်သောအခါမူ ကိုယ်ခံပစ္စည်းအပြည့် (Full Immunity) ချက်ချင်းပေးနိုင်ရန် ရှိပြီးသား ကိုယ်ခံပစ္စည်းများကို ရောဂါရသူထံ ပေးသွင်း၏။ (ဥပမာ မေးခိုင်ရောဂါရလျှင်၊ မြွေကိုက်ခံရလျှင်၊ ခွေးရူးကိုက်ခံရလျှင်။) ထိုသို့အသင့်ရှိသောကိုယ်ခံပစ္စည်းပေးခြင်းကို ငြိမ်သက်သော ကိုယ်ခံအားပေးခြင်း" (Passive Immunization) ဟု ခေါ်ပါသည်။

ငြိမ်သက်ခုခံအားပေးကာကွယ်ဆေးများ

ဤနည်းဖြင့် ကာကွယ်ဆေးထိုးနိုင်သော ရောဂါများမှာ အောက်ပါအတိုင်းဖြစ်သည်။


၁။ ဆုံဆို့နာ (Diphtheria)
၂။ မေးခိုင်ရောဂါ (Tetanus)
၃။ ဝက်သက် (Measles)
၄။ ခွေးရူးရောဂါ (Rabies)
၅။ အသည်းရောင် အသားဝါရောဂါ (Hepatitis A & B)
၆။ မြွေကိုက်ခြင်း (Snakebite)
၇။ ပင့်ကူကိုက်ခြင်း (Spiderbite)
၈။ ကင်းမြီးကောက်ကိုက်ခြင်း (Scorpionbite)
၉။ အစာအဆိပ်ပိုးမိခြင်း (Botulism)

ငြိမ်သက်ကာကွယ်ဆေး၏အန္တရာယ်

ယင်းသို့ ငြိမ်သက်သော ကိုယ်ခံအားပေးရာ၌ ကိုယ်ခံပစ္စည်းများမှာ မြင်း သို့မဟုတ် သိုး သို့မဟုတ် အခြားလူ၏ သွေးရည်ကြည် (Serum) ထဲမှာ ရှိနေသဖြင့် ယင်းသွေးရည်ကြည်များနှင့်မတည့်က အပေးခံရသူမှာ သတိမေ့မျောခြင်း၊ သွေးလန့်ခြင်း၊ သွေးဖျားဖျား၍ ရုတ်တရက် သေဆုံးခြင်းအထိ ဖြစ်တတ်သည်။ သို့ဖြစ်၍ ဖြေဆေး၊ အာသက်ကယ်ဆေးများ (Antiallergic and life-saving drugs) အဆင်သင့်ထား၍ ပေးကြရသည်။ တတ်ကျွမ်းသော ဆရာဝန်များအနေဖြင့် ဆေးရုံ၊ ဆေးခန်းများ၌သာ ထိုသို့ ပေးကုလေ့ရှိပါသည်။

ကာကွယ်ဆေးထုတ်လုပ်သူများ

ရောဂါကာကွယ်ဆေးများကို ရှေးယခင်ကမူ ပါစတာဆေးရုံများ၊ ဆေးသုတေသနဌာနများက လိုအပ်သလို ထုတ်လုပ်ခဲ့ပါ၏။ ယခုအခါမူ စီးပွားရေးအရအောင်မြင်သဖြင့် ဆေးဝါးကုမ္ပဏီကြီးများကပါ ကာကွယ်ဆေးများကိုလိုက်၍ ထုတ်လာကြသည်။ ပုံစံပြရသော် အနောက်ဥရောပနှင့် အမေရိကၣ အဖြစ်များလှသော



အဏုဇီဝဗေဒ ပညာရှင် ရောဘတ်ကော့

(Hepatitis B Vaccine)ကိုမူ မတ်၊ ရှပ်နှင့် ဒုမ်း ကုမ္ပဏီ (Merck, Sharp and Dohme) ကြီးက စတင်သုတေသန ပြုလုပ်ခဲ့သည်။ ခွေးရူးရောဂါကာကွယ် ဆေးများဆိုလျှင်လည်း အမေရိကန်မှ အယ်လီ လီလီနှင့် ကုမ္ပဏီ (Eli Lilly and Co.)က ဦးဆောင်ပြုလုပ် ရောင်းချလေသည်။

ထိုသို့သော ကာကွယ်ဆေးများမှာ ဈေးကြီးလှသ ဖြင့် လူအများအသုံးမပြုနိုင်ချေ။ ဥပမာ–နောက်ဆုံး ပေါ် ခွေးရူးကာကွယ်ဆေးဆိုလျှင် တစ်ခါထိုး မြန်မာ ငွေ ကျပ်ရှစ်ထောင်မှ တစ်သောင်းအထိ တန်၏။ လေး ငါးခါ ထိုးရမည်ဆိုပါက ငွေအတော်ကုန်ကျပေမည်။

နိုင်ငံတိုင်း မိမိဘာသာထုတ်နိုင်အောင် ကြိုးစား

သို့ ဖြစ် ၍ ရော ဂါ ကာ ကွယ် ဆေး များ ကို ဆေးတက္ကသိုလ်များ၊ ဆေးသုတေသနဌာနများနှင့် ပါစ ချာဆေးရုံများလို နေရာတို့က ထုတ်လုပ်၍ အဖိုးချိုသာ စွာနှင့် ဖြန့်ဖြူးရောင်းချရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး နှင့် ဆေးပညာရှင်တို့က တိုက်တွန်းကြသည်။ အရှေ့ တောင်အာရှဒေသ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဒေါက်တာဦးကိုကို၏အဆိုအရ ဤဘက်တွင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် မိမိတို့နိုင်ငံအတွက် အရေးကြီးသော ကာကွယ်ဆေးများ အလုံအလောက် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းပြောဆိုသည်ကို ကြားသိရ၏။ မြန်မာနိုင်ငံအနေဖြင့်မူ မြွေဆိပ်ဖြေဆေး(Anti-Snake Serum) နှင့် မေးခိုင်ကာကွယ်ဆေး စသည်တို့လောက် ကိုသာ စမ်းသပ်ထုတ်လုပ်နိုင်ဆဲဖြစ်သည်။ တစ်နိုင်ငံလုံး၏ ကာကွယ်ဆေးအားလုံး လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်စွမ်း မရှိသေးချေ။

အရေးကြီးကာကွယ်ဆေးများထိုးခြင်း

အရေးကြီးသော ရောဂါအချို့၏ ကာကွယ်ဆေး ပမာဏနှင့် ထိုးချိန်တို့မှာကား အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကလေးတိုင်း ကာကွယ်ဆေးထိုးရေး

(U.C.I)

(က) တစ်နှစ်အောက်ကလေးများ

(၁) ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင် (DPT)

၃–လွှယ် တစ်ခါ

၅–လွှယ် တစ်ခါ

၇–လွှယ် တစ်ခါ .... ၃–ကြိမ်

လိင်အင်္ဂါရေယုန်(Genital Herpes) ကာကွယ်ဆေး နှင့် လိမ်းဆေးကို ဘာရိုးဝဲလကမ်းကုမ္ပဏီ(Burroughs Wellcome Co.)ကြီးက ဦးဆောင်ပြုလုပ်သကဲ့သို့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ၌ အဖြစ်များ လှသော အသည်းရောင် အသားဝါရောဂါကာကွယ်ဆေး

(၂) ပိုလီယိုအကြောသေ
(Polio Vaccine)
၃–လရွယ် တစ်ခါ
၅–လရွယ် တစ်ခါ
၇–လရွယ် တစ်ခါ .... ၃–ကြိမ်

(၃) တီဘီကာကွယ်ဆေး ၃–လရွယ် ၁–ကြိမ်
(B.C.G)

(၄) ဝက်သက် ၉–လရွယ် ၁–ကြိမ်
(Measles)

(ခ) ကျောင်းသားရွယ်ကလေးများအတွက်
(၁) ဆုံဆို့၊ မေးခိုင် ၅–နှစ်ရွယ် ၁–ကြိမ်
(D.T)
(၂) တီဘီကာကွယ်ဆေး ၅–နှစ်ရွယ်- ၁ကြိမ်
(B.C.G) ၁၀–နှစ်ရွယ် ၁–ကြိမ်

၂။ ခွေးရူးရောဂါကာကွယ်ဆေး
(Rabies Vaccine)


(က) **ငြိမ်သက်ကိုယ်ခံအားပေးခြင်း**
တစ်ကိလိုဂရမ် ကိုယ်အလေးချိန်အတွက် –
မြင်းမှရသော သွေးရည်ကြည်ဆိုက ၄၀ ယူနစ်၊
လူမှရသော သွေးရည်ကြည်ဆိုက ၂၀ ယူနစ်
တစ်ဝက်ကို ခွေးကိုက်သောနေရာတွင် အရေပြား
အောက်ထိုး၍ ကျန်တစ်ဝက်ကို လက်မောင်း
သို့မဟုတ် တင်ပါးတွင် အသားထဲထိုးပါ။

(ခ) **တက်ကြွသော (ဝါ) လှုံဆော်သောကာကွယ်ဆေး**
ဝမ်းဘဲမှရသောဆေး (DEV) ဆိုက –
ပထမပတ်တွင် နေ့စဉ် ၂ ဆ ထိုးပါ။ (Double dose) ဒုတိယပတ်တွင် နေ့စဉ် ၁ဆထိုးပါ။
ထို့နောက် ၂၄ ရက်နှင့် ၃၄ ရက်တွင် တစ်ခါစီ
ထပ်ထိုးပါ။
တစ်ခါထိုးလျှင် ၁–စီစီ (ဝါ) ၂၅–ယူနစ်။
လူမှရသောဆေး (HDCV) ဆိုက ၅–ကြိမ်
သာထိုးပါ။ အကိုက်ခံရသောနေ့၊ ထို့နောက်
၃–ရက်၊ ၇–ရက်၊ ၁၄–ရက်နှင့် ၂၈–ရက်နေ့
မြောက်နေ့များ။

၃။ အသည်းရောင်အသားဝါရောဂါကာကွယ်ဆေး
(H.B=Vax II / B=HEPAVAC II Vaccine)
(M S D Co)

(က) ၁–နှစ်နှင့် ၁၀ – နှစ်ထိ ကလေးများ – ၂.၅
မုံငကရုဂရမ်

ကာကွယ်ဆေးတို့၏ ဖခင်ကြီး လူဝီပါစချာ





ဇွေးရွေးကိုက်ခံရသော ရွှေကလေး ငါးယောက်ကို လက်တွေ့ကုသပေးနေသော လူဝိပါစချာနှင့် သူ၏တပည့်မျှ၁း

ပထမတစ်ကြိမ်၊ ၁–လကြာသော် ၁–ကြိမ်နှင့် ၆–လ ကြာသော် ၁ – ကြိမ် ပေါင်း ၃–ကြိမ် ပေးရသည်။

(ခ) ကြီးကောင်ဝင်စအရွယ် (၁၁–နှစ်မှ ၁၉–နှစ်)

ပထမအကြိမ် ၅ မိုင်ကရိုဂရမ်
ဒုတိယအကြိမ် ၅ မိုင်ကရိုဂရမ်
တတိယအကြိမ် ၅ မိုင်ကရိုဂရမ်

(ဂ) လူကြီးမျှ၁း (အသက် ၂၀ အထက်)

တစ်ကြိမ်လျှင် ၁၀ မိုင်ကရိုဂရမ်
အထက်ပါအတိုင်း ၃ ကြိမ်

၄။ တိုက်ဖွိုက်နှင့် ကာလဝမ်းကာကွယ်ဆေး (TAB and Cholera Vaccine)

(က) ၅–နှစ် နှင့် ၁၂–နှစ် ကြား

ပထမ ဝ.၂၅ စီစီ
ဒုတိယ ၁၀–ရက်မှ ၂၀–ရက်ကြာ ဝ.၂၅ စီစီ
တတိယအကြိမ် ၆–လမှ တစ်နှစ်ကြာ သို့မဟုတ် လိုအပ်သောအခါ

(ခ) လူကြီးမျှ၁း ဝ.၅ သို့မဟုတ် ၁ စီစီ
အထက်ပါအတိုင်း

၅။ မေးခိုင်ကာကွယ်ဆေး (Tetanus Toxoid)


တစ်ခါထိုး ဝ.၅ စီစီ၊ ၂၀–ရက်ခြား ၂–ကြိမ်။ ၅–နှစ် တစ်ခါထပ်ထိုးနိုင်သည်။


၆။ တီဘီရောဂါကာကွယ်ဆေး (B.C.G)

ဝ.၁ စီစီ အရေပြား‌ထိုး‌ထည့်ခြင်း။ (အရွယ် အား‌လုံး‌အတွက်ဖြစ်သည်)

ဒေါက်တာ မောင်မောင်ညို

မှတ်ချက်။ ။ ကျမ်း‌ကိုး‌စာရင်း‌ကို စိတ်ဝင်စား‌သူမျှ၁း တောင်း‌ယူနိုင်ပါသည်။





မော်လီကျူးအဆင့်ဇီဝဗေဒ

ဇီဝသိပ္ပံ

သက်ရှိအရာ (သတ္တဝါနှင့်အပင်အမျိုးမျိုး) ဟူသမျှတွင် ဆဲလ်ဟုခေါ်သော တူညီသည့်အခြေခံပုံစံရှိကြသည်။ ဤအခြေခံဆဲလ်မှ ဘေးပတ်ဝန်းကျင် အခြေအနေအရ၊ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲ သွားကြခြင်းဖြစ်သည်။ ဆဲလ်များကို မော်လီကျူးဟုခေါ်သော အသေးငယ်ဆုံး အစိတ်အပိုင်းများဖြင့် စုပေါင်းတည်ဆောက်ထားသည်။ ထို့ကြောင့် မော်လီကျူးအဆင့်ဆဲလ်များကို လေ့လာခြင်းသည် သက်ရှိအရာအားလုံး၏ အခြေခံအုတ်မြစ်များကို လေ့လာခြင်းဟူသည့် သဘောကိုဆောင်သည်။

ဤအခြေခံအကျဆုံးဖြစ်သော မော်လီကျူးအဆင့် ဇီဝဗေဒပညာမှာ လျင်မြန်စွာ တိုးတက်လျက်ရှိ၏။ ဆဲလ်များကို မော်လီကျူးများဖြင့် မည်သို့တည်ဆောက်ထားသနည်း၊ အတွင်းမှ မျိုးရိုးဗီဇသည် မည်သို့ရှိသနည်း၊ မည်ကဲ့သို့ ပြုပြင်ပြောင်းလဲနေသနည်း စသည်တို့ကို လေ့လာသောပညာမှာ လွန်စွာတိုးတက်ကျယ်ပြန့်လာသဖြင့် ဤဘာသာရပ်ကို ယခင်က အထွေထွေဆဲလ်များကို လေ့လာသောပညာ (Cell Cytology) ဟူသော အသုံးနှုန်းမှ ၁၉၆၅ ခုနှစ်ခန့်တွင် ဆဲလ်အဆင့် ဇီဝဗေဒပညာ (Cell Biology) ဟု ပြောင်းလဲခေါ်တွင်ခဲ့ကြသည်။ ထိုမှတစ်ဖန် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် တစ်ဆင့်တက်ပြီး ဆဲလ်များနှင့် မော်လီကျူးအဆင့် ဇီဝဗေဒပညာ (Cell and Molecular Biology) ဟု စကားရပ် ပြောင်းလဲလာခဲ့သည်။


ဤဘာသာရပ်သည် အလွန်ကျယ်ဝန်းသော ဘာသာရပ်တစ်ခုဖြစ်သည်။ ဆဲလ်များ တည်ဆောက်ထားပုံ၊ ဆဲလ်များတွင်ရှိသော ဇီဝဓာတုပစ္စည်းများ၊ မော်လီကျူးအဆင့်ဆဲလ်များကို လေ့လာနည်းများ၊ မျိုးရိုးဗီဇနှင့် ပတ်သက်သော မော်လီကျူးအဆင့် ဇီဝဗေဒပညာ စသည်ဖြင့် လေ့လာ၍မကုန်ခန်းနိုင်သော ပညာတစ်ရပ် ဖြစ်လာသည်။

ဤပညာကို တက္ကသိုလ်ကြီးများ၌ အခြေခံကောလိပ် အဆင့်မှ စတင်သင်ကြားပေးလျက်ရှိပြီး အဆင့်မြင့် ဘွဲ့လွန်ပညာနှင့် ပါရဂူဘွဲ့ကို တက်လှမ်းနေကြသော သုတေသီများအကြား၌ အထူး ခေတ်စားလာသော ပညာရပ်လည်း ဖြစ်သည်။

ဆဲလ်များတည်ဆောက်ထားပုံ

ဤလောက၌ သက်ရှိသတ္တဝါနှင့် အပင်မျိုးပေါင်း လေးသန်းခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ဤသက်ရှိ အားလုံး၏ အခြေခံမှာ ဆဲလ်များဖြစ်ကြသည်။ သာမန် လူသားတို့၏ မျက်စိသည် 0.1 mm အရွယ်ကိုသာ မြင်နိုင်စွမ်းရှိသည်။ သာမန်ခေတ်ခဲ့ခန်းသုံး မှန်ဘီလူး ဖြင့် အဆငါးရာ (0.2 μm) အထိ တိုးချဲ့မြင်နိုင်သည်။ ခေတ်ပေါ် အီလက်ထရွန် မိုက်ခရိုစကုပ် (Electron Microscope) ကို အသုံးပြုနိုင်ပါက နောက်ထပ်အဆ ငါးရာ (0.4 nm) ထိအောင် တွေ့မြင်နိုင်စွမ်းရှိသည်။ ခေတ်မှန်ရောင်ခြည်ဖြင့် အသုံးပြုခြင်းဖြင့် nm ထက် ငယ်သော အက္ခုမြူများ၏ တည်ရှိနေပုံအနေအထား ရောက်အောင် လေ့လာနိုင်သော ခေတ်ကို ရောက်လာ သောကြောင့် ဤပညာမှာလည်း တစ်ရှိန်ထိုးတိုးတက် လာရခြင်း ဖြစ်သည်။


ခေတ်ပေါ်မှန်ဘီလူးများ အမျိုးမျိုးပေါ်ပေါက်လာ သကဲ့သို့ အရာဝတ္ထုများကို ချိန်တွယ်သည့် ကိရိယာ တန်ဆာပလာများလည်း တိုးတက်လာခဲ့သည်။ သမားရိုး ကျ ဇီဝဓာတုဗေဒပညာတွင် အလျားအားဖြင့် 1 cm အလေးချိန်အားဖြင့် 1 gm စသည်ဖြင့် တိုင်းတာ ချိန်တွယ်နိုင်ခဲ့သော ခေတ်မှ အလျားအားဖြင့် 1 μm အလေးချိန်အားဖြင့် 10-12 gm ထိအောင် တိုင်းတာ ချိန်တွယ်နိုင်သော ခေတ်ကို ရောက်ရှိလာသည်။ ဆဲလ် များအတွင်း၌ ပါရှိသည့် နျူကလစ်အက်ဆစ်များ၏ အလေးချိန်ကို တိတိကျကျ ချိန်တွယ်နိုင်သော ခေတ်ကို ရောက်လာသဖြင့် အသားမျင်လေ့လာခြင်းဆိုင်ရာ ဓာတု ဗေဒပညာ (Histochemistry)၊ ဆဲလ်များဆိုင်ရာ ဓာတုဗေဒပညာ (Cytochemistry) တို့မှ တစ်ဆင့် တက်ပြီး အလွန်သေးငယ်သော အရာများနှင့် ပတ်သက် သည့် ဓာတုဗေဒပညာ (Ultramicro Chemistry) နှင့် ရောဂါပြီး အသားမျင်လေ့လာနည်း ပညာ (Immunohistopathology) စသည့်ပညာရပ်များ ထပ်ဆင့် ပေါ်ပေါက်လာခဲ့သည်။



မှန်ဘီလူး အမျိုးမျိုးဖြင့် မြင်တွေ့နိုင်သောစွမ်းပကား ပြ ပုံ (လော့ဂရစ်သမ် စကေးအရ)

မော်လီကျူးအဆင့် ဇီဝဗေဒပညာသမိုင်း

ရှေးခေတ် အတွေးအခေါ် ပညာရှင် အရစ်တို တဲလ် (Aristotle) နှင့် ပညာရှင်တို့က သတ္တဝါများ သည် မည်သို့ပင် အမြင်အရ ခြားနားကြသော်လည်း အခြေခံအမျှင်များ တူညီကြလိမ့်မည်၊ ဥပမာ–သစ်ပင် များတွင် အရွက်၊ အသီးအပွင့်၊ အကိုင်းအခက်၊ ပုံသဏ္ဌာန် ကွာခြားသော်လည်း အခြေခံအုတ်ချပ်များ တူညီနေလိမ့်မည်ဟု ကြိုတင်ဟောကိန်း ထုတ်ခဲ့သည်။ ၁၇ ရာစုနှစ်တွင် ခေတ်ခဲ့ခန်းသုံး မိုက်ခရိုစကုပ် ပေါ် ပေါက်ခဲ့ရာမှ ပညာရှင် ရောဘတ်ဟုခ် (Robert Hooke 1655) က ဆဲလ်ဟူသောစကားလုံးကို စတင် သုံးစွဲခဲ့သည်။ လီယူဝင်ဟောခ် (Leeuwen Hock 1674)က ဆဲလ်များတွင် နျူကလီယပ် ရှိကြောင်း ဖော်ထုတ်ခဲ့သည်။ ၁၉ ရာစုနှစ်တွင် ရှဲလေဒင် (Schleiden 1838)၊ ရှွန် (Schwann 1839)၊ ဘရောင်း (Brown 1831)၊ ဗာချောင် (Virchow- 1855)၊ ဖလဲမင်း (Flemming 1881)၊ ဝဲလ်ဒဝါ (Waldewer1890)၊ ဟာတ်ဝိခ် (Hertwig- 1875) စသည် တို့၏ ကြိုးပမ်းမှုကြောင့် ဆဲလ်ပညာမှာ များစွာ



သစ်ပင် တစ်ပင်၏ အခြေခံဆဲလ်အသေးစိတ် မြင်ကွင်း

တိုးတက်ခဲ့သည်။နိုဗဲဆုရှင်ဝပ်ဆန်နှင့် ခရစ် (Watson & Crick) တို့က ဒီအင်အေတည်ရှိပုံကို ဖော်ထုတ်နိုင်သောကြောင့် ဤပညာမှာ ပိုမိုလူသိများခဲ့သည်။ သိပ္ပံပညာရှင် နိုင်ရင်းဘတ်နှင့် အိုဟာ (Niranberg & Ochoa) တို့ ဖော်ထုတ်နိုင်ခဲ့သည့် မျိုးရိုးဗီဇမှတ်သားမှုဆိုင်ရာ ပညာရပ် (Genetic Codes) ကြောင့် ဤဘာသာရပ်မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလာခဲ့သည်။ တစ်နည်းအားဖြင့် ဤဘာသာရပ်ကို မျိုးရိုးဗီဇပညာ၊ ဇီဝကမ္မဗေဒပညာ၊ ဇီဝဓာတုပညာ စသည့်ခေတ်ပေါ်ပညာတို့ ပေါင်းဆုံရာ နောက်ဆုံးပေါ် သိပ္ပံပညာတစ်ရပ်ဟုလည်း တင်စား ပြောဆိုလာကြသည်။

ဆဲလ်အမျိုးမျိုး

ဆဲလ်များကို အကြမ်းအားဖြင့် နျူကလီယပ်အစစ်ပါသော ယူကာယောတစ်ဆဲလ် (Eukaryotic Cell) နှင့် နျူကလီယပ်အစစ် မပါသော်လည်း နျူကလီယပ်၏ ဂုဏ်သတ္တိရှိသော ပစ္စည်းများပါသော ပရိုကာယောတစ်ဆဲလ် (Prokaryotic Cell) ဟူ၍ နှစ်မျိုးခွဲခြားရသည်။ ပရိုကာယောတစ်ဆဲလ်များသည် ယူကာယောတစ် ဆဲလ်များ၏ ရှေ့ပြေး ဖြစ်ပေါ်ခဲ့သော ဆဲလ်များ ဖြစ်ကြသည်။

အက်ချီရီစီယားကိုလိုင်အမည်ရှိ ဗက်တီးရီးယားပိုးသည် ထင်ရှားသော ပရိုကာယောတစ်ဆဲလ် ဖြစ်သည်။ ဤဗက်တီးရီးယားပိုးကို အလွယ်တကူပွားများအောင်မွေးမြူရရသည်။ ထို့ကြောင့် ဤဆဲလ်ကို သုတေသနပြုရာတွင် အသုံးများသည်။ ဤဆဲလ်တွင်ပါရှိသည့် ဒီအင်အေ မော်လီကျူးမှာ ဆန့်ထုတ်လိုက်ပါက တစ်မီလီမီတာခန့် ရှည်လျားသည်။ဤ ဒီအင်အေမော်လီကျူးပေါ်တွင် ပရိုတင်း မော်လီကျူးသုံးထောင်ခန့် မှတ်သားထားသည်ကို တွေ့ရှိနိုင်သည်။ ဤဆဲလ်၏ ပရိုတိုပလာဇမ်အတွင်း၌ ရိုင်ဗိုဆုမ်း နှစ်သောင်းမှ သုံးသောင်းအတွင်း ပါရှိသဖြင့် စိတ်ဝင်စားစရာ၊ လေ့လာစရာအလွန်ကောင်းသော ဆဲလ်တစ်ခု ဖြစ်သည်။

မိုင်ကိုပလာစမာများနှင့် ဗိုင်းရတ်ပိုးများ


သက်ရှိသတ္တဝါများတွင် အသေးငယ်ဆုံး သက်ရှိသတ္တဝါမှာ မိုင်ကိုပလာစမာ (Mycoplasma) ဟု ခေါ်တွင်သော ပိုးမွှားအုပ်စုဖြစ်သည်။ အလွန်သေးငယ်သောပိုးမွှားများဖြစ်၍ ၀.၂ မှ ၀.၁ um အရွယ်အစားရှိကြသည်။ ဤပိုးအုပ်စုတွင်ပလာစမာအမြွေးပါးမျိုးရိုးဗီဇစွမ်းအင်နှင့် ပရိုတင်းတို့ကို မိမိတို့ဘာသာ ထုတ်လုပ်နိုင်သည့်စွမ်းပကားရှိသော စွမ်းအင်တို့ရှိသဖြင့် ဆဲလ်အစစ်များဟု ခေါ်ဆိုနိုင်သည်။ ဗိုင်းရတ်ပိုးများကိုမူ ဆဲလ်များဟုမခေါ်ထိုက်ပေ။ ၎င်းတို့တွင် မျိုးရိုးဗီဇနှင့် ဗီဇပြောင်းလဲခြင်း စွမ်းပကားတို့ ရှိကြသော်လည်း အခြားကလာပ်စည်းများအပေါ် အသက်ရှည်ရန် မှီခိုအားထားနေရသောကြောင့်ဖြစ်သည်။ ဗိုင်းရတ်ပိုးများတွင် ဒီအင်အေ သို့မဟုတ် အာအင်အေတို့ ပါရှိပြီး တိကျသော ပုံသဏ္ဌာန်များရှိကြသည်။ ၎င်းတို့ကို အခြားဆဲလ်များက ပုံသဏ္ဌာန်ရအောင် ထုတ်လုပ်ပေးကြရသည်။

ဗိုင်းရွိုက် (Viroids) ပိုးများတွင်မူ ဗိုင်းရတ်ပိုးများထက် တည်ဆောက်ပုံပိုပြီးရှင်းသည့် RNA မော်လီကျူး တစ်ချောင်းသာပါဝင်၍ ပရိုတင်းအဖုံးအကာ မပါရှိပေ။

ရှူးကလီယပ်နှင့် ခရိုမိုဆုမ်းများ

သက်ရှိသတ္တဝါတို့သည် အဖိုမှရသော သုက်ကောင်နှင့် အမသားဥမှ ကျဆင်းသော သားဥတို့ တွေ့ဆုံပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသော ဇိုင်ဂုတ်ခေါ် သန္ဓေသားဆဲလ်မှ တစ်ဆင့် ထပ်ဆင့်ကြီးထွား ပွားများ လာကြခြင်းဖြစ်သည်။ ဆဲလ်တို့သည် ၎င်းတို့တာဝန်ယူရသော တာဝန်ဝတ္တရားများအရ သွေးနီဥဆဲလ်၊ အဆီခဝတ်ကိုစုပေးထားရသောဆဲလ်၊ အရိုးများအတွင်းရှိသောဆဲလ်၊ ဦးနှောက်အာရုံကြောနှင့် ပတ်သက်သောဆဲလ်၊ ကြွက်သားများနှင့် ပတ်သက်သောဆဲလ် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲသွားကြသည်။ အဆိုပါ ဆဲလ်အားလုံးတွင် ရှူးကလီယပ်များပါရှိ၍ ယင်းရှူးကလီယပ်များအတွင်း၌ ခရိုမိုဆုမ်းခေါ် ဗီဇမျိုးစေ့များ ပါရှိကြသည်။ ဆဲလ်များ ပွားများရာ၌ သာမန်အားဖြင့်ဆဲလ်များသည် မိုင်တိုးဆစ်နည်းအရ ကွဲကြသည်။ အသစ်ပေါ်ထွက်လာသောဆဲလ်များတွင် မူလဆဲလ်အတိုင်း ဗီဇခရိုမိုဆုမ်း အရေအတွက်ပါရှိသည်။ လူများတွင် ဗီဇခရိုမိုဆုမ်း ၄၆ ခု (၂၃ တွဲ) ပါရှိစမြဲဖြစ်သည်။ ကြက်သွန်ဥတွင် ရှစ်တွဲ၊ ဖားပြုပ်တွင် ၁၁ တွဲ၊ ခြင်များတွင် သုံးတွဲ စသည်ဖြင့် သတ္တဝါအမျိုးအမည်အလိုက် ခရိုမိုဆုမ်း အရေအတွက်ကွာခြားမှုရှိကြသည်။ လူသားများတွင် မိုင်တိုးဆစ်နည်းအရ ဆဲလ်ကွဲခြင်းကြောင့် အသစ်ပေါ်ပေါက်လာသော ဆဲလ်အားလုံးတွင် ခရိုမိုဆုမ်း ၂၃ ဟွဲပါရှိစမြဲ ဖြစ်သည်။

သတ္တဝါများမျိုးပွားရာတွင် တာဝန်ယူရသောသားဥနှင့် သုက်ပိုးကောင်တို့ဖြစ်ပေါ်ရာတွင် မီအိုးဆစ်နည်းဖြင့် ဆဲလ်ကွဲသည်။ မူလကခရိုမိုဆုမ်း ၂၃ တွဲတွင် မီအိုးဆစ်



အီးကိုလိုင် ဘော်ဂါပိုးကို အီလက်ထရွန် မှန်ဘီလူးဖြင့် ပြင်တွေ့ရသောပုံ

နည်းအရ ဆဲလ်များကွဲပြီးသောအခါ မျိုးရိုးဗီဇ ၂၃ ခြမ်းစီသာပါရှိကြသည်။ အဆိုပါသုက်ကောင်နှင့် သားဥတို့တွေ့ဆုံမိသည့်အခါတွင် သန္ဓေသား၌ ခရိုမိုဆုမ်း ၂၃ တဲ့ အပြည့်ပြန်ဖြစ်သွားသည်။ ဤတွင်ဖခင်ထံမှဗီဇတစ်ဝက်နှင့် မိခင်ထံမှ ဗီဇတစ်ဝက်တို့ ပေါင်းစပ်သွားခြင်းဖြစ်သည်။ မိုင်တိုးဆစ်ဆဲလ်ကွဲနည်းနှင့် မီအိုးဆစ်ဆဲလ်ကွဲနည်းတို့ကို ရှုပ်ပုံတွင်ရှုပါ။

ဆိုက်တိုပလာဇမ်တွင် ပါရှိသောဓာတ်များ

ယူကာယောတစ်ဆဲလ်များတွင်ရှုကလီယပ်နှင့် ဆိုက်တိုပလာဇမ်အပြင် ဆဲလ်အမြွေး ပြည့်ပြည့်စုံစုံပါရှိသည်။ ဆဲလ်အမြွေးပါးကို ပရိုတင်းဓာတ်များဖြင့် ပြုလုပ်ထား၍ ဆဲလ်အတွင်းသို့ ဝင်လာမည့် ထွက်သွားမည့် အရာဝတ္ထုများကို ထိန်းသိမ်းပေးရသည်။ ဆိုက်တိုပလာဇမ်က ဆဲလ်အမြွေးပါးနှင့် ရှုကလီယပ်အကြားတွင် တည်ရှိသည်။ ဆိုက်တိုပလာဇမ်အတွင်း၌ အမျှင်ငယ်များ၊ ပြွန်ငယ်များဖြင့်ဆဲလ်ပုံသဏ္ဌာန်ဖြစ်ပေါ်အောင်ထိန်းသိမ်းထားရှိသည်။

ဆိုက်တိုပလာဇမ်အတွင်း၌ရှိသော မိုင်တိုကွန်ဒီယားနှင့် ခရိုမိုပလာစ်များက စွမ်းအင်ကို ထုတ်ပေးကြသည်။ ရိုင်ဗိုဆုမ်းများက ဆဲလ်အတွင်းရောက်လာသော အစားအစာတို့ကို အစာချေရန် တာဝန်ယူရသည်။


အသုံးဝင်ပုံ

မော်လီကျူးအဆင့် ဇီဝဗေဒပညာများ အလွန်ကျယ်ပြန့်သည်နှင့်အမျှ ဤပညာကိုအခြေခံပြီး လက်တွေ့အသုံးဝင်ပုံတို့မှာ အလွန်များပြားသည်။ မြန်မာနိုင်ငံဆေးသုတေသနဌာနမှ ထင်ရှားသော တွေ့ရှိချက်တစ်ခုဖြင့် နမူနာတင်ပြလိုပေသည်။


ငှက်ဖျားရောဂါကြောင့် လူအချို့သတိလစ်သွားသော အခါ၌ ဦးနှောက်အတွင်း၌ မည်သို့ဖြစ်နေသနည်း၊ ရေများထွက်ပြီး ဦးနှောက်မှာ ဖောရောင်နေသလား စသည်တို့ကို အဖြေရရန် ငှက်ဖျားရောဂါကြောင့် သတိလစ်ပြီးကွယ်လွန်ခဲ့သော လူမမာတစ်ချို့မှ ဦးနှောက်နမူနာကိုယူ၍ အီလက်ထရွန်မိုက်ခရိုစကုပ်ဖြင့် စစ်ဆေးရာ ရောဂါပိုးပါရှိသောသွေးနီဥအချို့သည် ဦးနှောက်အတွင်းရှိ သွေးကြောငယ်ကလေးများအတွင်း၌ အဖုကလေးများဖြစ်ပေါ်ပြီး တွယ်ကပ်နေသည်ကို စစ်ဆေးတွေ့ရှိရသည်။ ဤအချက်ကိုမူတည်၍ ဆေးဝါးများဖြင့် သတိလစ်နေသော ငှက်ဖျား လူမမာများအား အသက်ကယ်ရန် လမ်းကြောင်းကို တည့်မတ်စေခဲ့သည်။

အခြား မော်လီကျူးအဆင့် ဇီဝဗေဒပညာ နည်းပညာကွဲတစ်ခုဖြစ်သော မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲပေးသော အင်ဂျင်နီယာအတတ်ပညာဖြင့် လူသားတို့ကိုလက်တွေ့အကျိုးပြုနေသော ဥပမာများဖြင့်တင်ပြရလျှင်--

ကင်ဆာရောဂါ ကုသရန် အင်တာလူကင် (၂) ဆေးသည် အစွမ်းထက်သော ဆေးတစ်လက်ဖြစ်၏။ သို့သော် ဤဆေးကိုသဘာဝမှ ဖောဖောသီသီရရှိဖို့မလွယ်ပါ။ အလွန်အလွန်ရှားပါးပြီး တန်ဖိုးများသောဆေးတစ်လက် ဖြစ်နေပေသည်။ ဤအခက်အခဲကို ကျော်လွှားနိုင်ရန် ဤပညာက အကူအညီပေးနိုင်ခဲ့၏။ ထို့ကြောင့်



ဆဲလ်ကလာပ်စည်းအမျိုးမျိုး



တိရစ္ဆာန်မျာ၏ ဆဲလ်တစ်ခု
ကို ဖြတ် တောက်ထား ပြီး
အီလက်ထရွန် မိုက်ခရိုစကုပ်
အောက်၌ မြင်တွေ့ရသောပုံ

ယခုနှစ်များအတွင်း အင်တာလူကင် (၂) ကို ပေါပေါများများ စမ်းသပ်သုံးစွဲနိုင်သော ခေတ်ကို ရောက်ရှိလာခဲ့သည်။

ဆီးချိုရောဂါခံစားနေရသော ဝေဒနာသည်များအတွက် အင်ဆူလင် ဟိုမုန်းဆေးသည် မရှိလျှင်မဖြစ်သော ဆေးတစ်လက်ဖြစ်၏။ အင်ဆူလင်ကို လူသားနှင့် သတ္တဝါတို့၏ ခန္ဓာကိုယ်တွင်ရှိ ပန်ခရိခေါ် ကိုယ်အင်္ဂါအစိတ်အပိုင်းမှ ထုတ်လုပ်ပေး၏။ ထို့ကြောင့် လူသားရောဂါသည်များအတွက် လိုအပ်သောအင်ဆူလင်ဓာတ်ကို ကျွန်နှား သားသတ်ရုံများ၌ စုဆောင်းရရှိသော ပန်ခရိတို့မှ ထုတ်လုပ်ကြရသည်။ တိရစ္ဆာန်များကရရှိသော အင်ဆူလင်ကို လူသားတို့အတွက် အသုံးပြုသည့်အခါ သွေးနှင့်မတည့်သည့် ပြဿနာမျိုး ဖြစ်တတ်သည်။ သို့သော် မည်သို့မျှ မတတ်နိုင်ခဲ့ဘဲ ရှိသောအရာကိုသာ အသုံးပြုကြရသည်။ လူသေကောင်လတ်လတ်ဆတ်ဆတ်မှရသော ပန်ခရိမှ အင်ဆူလင်ကို ထုတ်ယူနိုင်ခဲ့သော် ဤပြဿနာပြေလည်သွားပေမည်။ ဤအချက်ကို တစ်ချိန်က သမားတော်များက တမ်းတရုံသာတမ်းတနိုင်ကြပါသည်။ ယခုခေတ်တွင် ဤ သိပ္ပံပညာဖြင့် လူသားတို့ထံမှ အင်ဆူလင် ဓာတ်အစစ်ကို ဓာတ်ခွဲခန်းမှ ထုတ်လုပ်နိုင်ပေပြီ။

ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေး

ယနေ့ဤကမ္ဘာတွင် အသားဝါ အသည်းရောင်ရောဂါ၊ အေအိုင်ဒီအက်စ် ရောဂါစသည့် ရောဂါများအတွက် ကာကွယ်ဆေးများ ထုတ်လုပ်ရန် အရေးတကြီးလိုအပ်လျက်ရှိ၏။


အသားဝါ အသည်းရောင်ရောဂါကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အသက်သေဆုံးတတ်ခြင်း၊ ရောဂါဖြစ်ပွားပြီး နောက်ကာလ၌ အသည်းကြပ်နာဖြစ်ကာ ရေမျှဉ်းဖြစ်ပွားစေတတ်ခြင်း၊ အသည်းကင်ဆာရောဂါဖြစ်စေတတ်ခြင်းတို့ကြောင့် အရေးကြီးသောရောဂါဖြစ်၏။

အေအိုင်ဒီအက်စ် ရောဂါကိုမူ အထူးခွဲခြထွင်ရေးသား

ရန် လိုမည်မထင်ပေ။ ဤရောဂါအတွက် ကာကွယ်ဆေး ထုတ်လုပ်ရသည်မှာ ထင်သလောက်မလွယ်ပေ။ ရောဂါ ဖြစ်စေသော ဗိုင်းရတ်ပိုးများက ပုံသဏ္ဌာန်လက္ခဏာ အသွင်အပြင် အပြောင်းအလဲ ရှိနေသောကြောင့် ဖြစ်၏။

ဤရောဂါအတွက် ကာကွယ်ကုသရန် အားကိုးစရာ ဆေးမရှိသေး။ ဤရောဂါမဖြစ်ရအောင် ကျောက်ရောဂါ၊ ဝက်သက်ရောဂါ ကာကွယ်ဆေးများကဲ့သို့ ကာကွယ်ဆေး ကိုသာပေါ်ပေါက်လာဖို့ လူအများက တမ်းတနေကြ သည်။

ပေါ်လတ်စ်သော အေအိုင်ဒီအက်စ် ရောဂါကာကွယ်ဆေး အမျိုးမျိုး



၁။ ဗိုင်းရတ် ပိုးကို သတ်ထားသော ကာကွယ်ဆေး

၂။ ဗိုင်းရတ်ပိုးကိုတစ်ပိုင်းတစ်စီပြုလုပ် ထားသောဆေး

၃။ ဗိုင်းရတ်ပိုး အသွင်ပုံသဏ္ဌာန်ပြုပြင် ပြောင်းလဲထားခြင်း။

ထို့ကြောင့် ကမ္ဘာပေါ်မှ ဓာတ်ခဲ့ခန်း ၆၀ တွင် ရောဂါကာကွယ်ဆေးအမျိုး ၄၀ ခန့်ကို ထုတ်လုပ်နိုင်ရန် အပြိုင်ကြိုးစား သုတေသနပြုလျက် ရှိကြ၏။ ယင်းတို့အနက် ပန်းတိုင်သို့ နီးပြီဖြစ်သော ကာကွယ်ဆေးလေးမျိုးတို့မှာ အောက်ပါတို့ဖြစ်ကြသည်။

အခြားအသုံးဝင်ပုံများ


ဤပညာရပ်သည် ဆေးသိပ္ပံပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောစသည့် ဇီဝနှင့်ပတ်သက်သော ဘာသာရပ် အားလုံးအတွက်လည်း အကျိုးပြုလျက်ရှိ

ကာကွယ်ဆေးအမျိုးအစား	အခြေခံသဘော	စပ်းသပ်ထားသောအဆင့်
၁။ ပိုင်းရတ်ပိုးကို သတ်ထားသော ကာကွယ်ဆေး	ပိုင်းရတ်ကိုသတ်ထားပြီး ရသော အသေကောင်များကို လူသား တို့အား ထိုးပေးခြင်းဖြင့် လူသား၌ အင်တီဘော်ဒီကိုယ်ခံအား တိုးလာမည်။	မျောက်များကို စမ်းသပ်လေ့လာချက် များအရ ဤနည်းမှာ အောင်မြင်လျက် ရှိသည်။
၂။ ပိုင်းရတ်ပိုးကို သေသည်အထိ မသတ်ဘဲ မသန်မစွမ်းဖြစ်ရုံ ပြုပြင်ထားသော ကာကွယ်ဆေး	ပိုင်းရတ်ပိုးကို မျိုးဗီဇ အင်ဂျင်နီယာနည်းဖြင့် လူသားတို့ကိုဒုက္ခ မပေးနိုင်ရုံ ပြုပြင်ထားသည်။ ယင်းဆေးက လူသား၏ ကိုယ်တွင်းမှ ကိုယ်ခံအား အင်တီဘော်ဒီတို့ကို ထုတ်လာအောင် ဆုံပေးသည်။	အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေပြီးသော လူမမာများတွင် ဤဆေးကရောဂါပိုး ပွားများသည့်နှုန်း နှေးသွားအောင် တားပေးသည်။ သာမန်လူသားတွေထဲမှ ဤဆေး ဖြင့် အစမ်းသပ်ခံလို့သူ မရှိသေး။
၃။ ပိုင်းရတ်ပိုးကို တစ်ပိုင်းတစ်စစီ ဖြစ်အောင်ပြုပြင်မြိုး လူသား၏ ခန္ဓာကိုယ်တွင်းသို့ ထိုးသွင်းပေးမည်။	မျိုးဗီဇ အင်ဂျင်နီယာနည်းဖြင့် ပိုင်းရတ်ပိုးကို ပိုင်းခြားစိတ်ဖြာကာ အပိုင်းပိုင်းကို တစ်ပိုင်းစီ ထိုးပေးမည်။	မျောက်များတွင် ဤနည်းဖြင့် စမ်းသပ်ခဲ့ရာ အောင်မြင်မှုများ ရနေပေပြီ။
၄။ ပိုင်းရတ်ကို အဆင့်သတ္တာန် ပြောင်းမည်။	ကျောက်ကြီးရောဂါကို ကာကွယ်ရန် နှာမှရသော ကျောက်ရောဂါပိုးကို အသုံးပြုရသကဲ့သို့ မရင်း ပိုင်းရတ်နေရာမှာ အဆင့်ပြောင်းထားသော ပိုင်းရတ်ကိုသုံးမည်။	ကာကွယ်မှုစွမ်းပကား ကိုယ်ခံအားကို တော့ ဖြစ်စေသည်။ သို့သော် HIV ရောဂါပိုးအပေါ်တွင်မူ အကာအကွယ် ပေးမည် ဟူသော အထောက်အထား တိတိကျကျမပြနိုင်သေးပါ။

အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေးကို ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်လုပ်ပေးနိုင်သော သုတေသီများ ကမ္ဘာ၌ ကျော်ကြားမှုရနိုင်သည်။ ဆုတံဆိပ်များ၊ နိုဗယဆုကဲ့သို့ ဆုများ ရမှာသေချာပေသည်။ ထို့ကြောင့် လည်းပညာရှင်များ နေ့မအားညမအား အပြိုင်သုတေသန ပြုနေကြသည်။ ဤကဲ့သို့ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် ပြုလုပ်နေသော သိပ္ပံနည်းပညာအားလုံးသည် ဤဆောင်းပါးပါ မော်လီကျူးအဆင့် ဇီဝဗေဒ ပညာအပေါ် အခြေခံပေသည်။ ထို့ကြောင့်လည်း ဤပညာမှာ ယခုခေတ်၌ ဤမျှခေတ်စားနေခြင်း ဖြစ်သည်။ သည်။ ကမ္ဘာ့ လူသားများအတွက် အထူးလို အပ်လျက်ရှိသော ပရိတင်းဓာတ်ကို စျေးနှုန်း ချိုချို သာသာဖြင့် ပေါပေါများများထုတ်လုပ်ခြင်း၊ သာမန် အရွယ်အစားထက် ကြီးထွားသော မွေးမြူရေးသတ္တဝါများရအောင်ထုတ်လုပ်ခြင်း စသည့်မရေမတွက်နိုင်သော ကိစ္စများတွင်လည်း လက်တွေ့အသုံးပြုလျက်ရှိနေပေပြီ။

(ဆက်လက်ရှုရန် — ၁၉၇၅၊ ၁၉၉၀ စွယ်စုံနှစ်ချုပ်များ)

ဆရာဝန် တင်ရွှေ



ခေတ်မီလက်နက်ဆန်းများ

စစ်လက်နက်နည်းပညာ

ပက်ထရီယော့ (Patriot)


ကမ္ဘာပေါ်ရှိ စက်မှုထွန်းကားသော နိုင်ငံကြီးများသည် ခေတ်မီ စစ်လက်နက်ပစ္စည်းများကို ဆန်းသစ်တီထွင်ထုတ်လုပ် ရောင်းချရာမှ အမြတ်အစွန်း ကြီးမားစွာ ရရှိသည်။ ဖွံ့ဖြိုးပြီး စက်မှု ထွန်းကားသော နိုင်ငံကြီးများကလည်း သူတို့နိုင်ငံ၏ ကာကွယ်ရေးစနစ်ကို ငွေကြေးများစွာ အကုန်အကျခံပြီး တည်ဆောက်ကြသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများကလည်း မိမိတို့နိုင်ငံကို ကာကွယ်ရန် အလို့ငှာ ခေတ်မီ စစ်လက်နက် ယန္တရားများကို အတတ်နိုင်ဆုံး ဦးစားပေးပြီး ဝယ်ယူတပ်ဆင်လျက် ရှိကြသည်။ ပြီးခဲ့သော ပင်လယ်ကွေ့ စစ်ပွဲကာလအတွင်း၌ အစ္စရေးနိုင်ငံကို အီရတ်နိုင်ငံက အင်အား ကြီးမားသော စကဉ်း (Scud) ဒုံးပျံကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် အစ္စရေးနိုင်ငံသည် သူ၏ တိုင်းသူပြည်သားများအား အသက် အန္တရာယ်မှ ကာကွယ် စောင့်ရှောက်ရန် လည်းကောင်း၊ စက်ရုံ အလုပ်ရုံ လူနေ အိုးအိမ်များ ပျက်စီးမည့် အန္တရာယ်ကို ကာကွယ် စောင့်ရှောက်ရန် လည်းကောင်း ပက်ထရီယော့ ဒုံးခွင်းဒုံးကျည်များ အသုံးပြု၍ အီရတ်၏ စကဉ်းဒုံးကျည်များကို ဝေဟင်၌ တားဆီး ဖျက်ချနိုင်ခဲ့သည်။ဆော်ဒီအာရေဗျနိုင်ငံကလည်း အီရတ်တို့၏ စကဉ်းဒုံးကျည်များကို ပက်ထရီယော့ ဒုံးခွင်းဒုံး အသုံးပြုပြီး လေထဲ၌ပင် တားဆီးဖျက်ချနိုင်ခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲအတွင်း၌ ပက်ထရီယော့ ဒုံးခွင်းဒုံး၏အစွမ်းကို ကမ္ဘာနှင့် အဝန်း ကြားသိရပြီးနောက် ကမ္ဘာ့ စစ်ပစ္စည်း စျေးကွက်တွင်လည်း ပက်ထရီယော့ ဒုံးခွင်းဒုံးသည် ပို့မို့ ရေပန်းစားခဲ့သည်ဟု သိရှိရသည်။

အင်္ဂလန်၊ လက်စီတန် (Lexington) မြို့မှ နာမည်ကျော် (Raytheon) စက်မှု ကုမ္ပဏီကြီးက ပက်ထရီယော့ ဒုံးခွင်းဒုံးကျည်ကို ထုတ်လုပ် ရောင်းချသည်။ ယင်း

ဒုံးကျည်သည် မြေပြင်မှ ဝေဟင်ခွင်း (Surface to air missile) အမျိုးအစားဖြစ်သည်။အသံထက် လျင်မြန်သော လေယာဉ်ပျံများကိုလည်း ပစ်ခတ် တိုက်ခိုက်နိုင်သည်။ လျှပ်စစ်လှိုင်းများ ရှုပ်ထွေးနေသည့်ကြားကပင် မှန်ကန်အောင် ပစ်ခတ်နိုင်စွမ်းရှိသည်။ စစ်နည်းဗျူဟာဒုံးခွင်းဒုံး ATM (Anti-Tactical Missile) စနစ်များကိုလည်း အဆိုပါ ပက်ထရီယော့ ဒုံးကျည်၌ တပ်ဆင်ထားသည်။ စစ်နည်းဗျူဟာ ကြီးမားသော ဒုံးပျံများစွာကို ပက်ထရီယော့ဖြင့် တိုက်ခိုက် ဖျက်ဆီးနိုင်စွမ်း ရှိသည့် စမ်းသပ်မှုများစွာ ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။



ပက်ထရီယော့ - ဒုံးကျည်ပြင့် ရန်သူ၏ဒုံးပျံကိုလေထဲတွင် ပစ်ခတ် ဖောက်ခွဲလိုက်ပုံ။




ပက်ထရီယော့ ဒုံးခွင်း လက်နက်နှင့် စကော့ဒ် ဒုံးကျည် အစွမ်းပြိုင်ပဲ့

စကော့ဒ်ဒုံးကျည်ဟု လူအများသိနေကြသည့် အက်(စ်)အက်(စ်)ဝမ်း ဒုံးကျည်လက်နက်များသည် လွန်ခဲ့သည့် ၁၉၉၁ ခု နှစ်ဆန်းပိုင်းက အစ္စရေးနိုင်ငံရှိ မြို့ကြီးသုံးမြို့ကို ထိမှန်ခဲ့သည်။ ဆော်ဒီအာရေဗျရှိ လေတပ် အခြေစိုက်စခန်းမှ ဝေဟင်ကာကွယ်ရေး ပက်ထရီယော့ ဒုံးခွင်းဒုံးဖြင့် အမေရိကန်က စကော့ဒ်ဒုံးကျည် တစ်စင်းကို ဖြိုခွင်းဖျက်ဆီးနိုင်ခဲ့သည်။


၁။ အီရတ်တို့ပစ်ခတ်သော စကော့ဒ်ဒုံးကျည်များသည် အီရတ်နိုင်ငံ တောင်ပိုင်းရှိ ရွှေပြောင်းနိုင်သော ဒုံးပစ်စင်များမှ ပစ်ခတ်ဖွယ်ရာ ရှိသည်။ အီရတ်တို့သည် မူလ ၁၈၆ မိုင် အကွာအဝေးသာ ပစ်ခတ်နိုင်သော အခြေအနေမှ မိုင် ၅၀၀ ခန့် အထိ ပစ်ခတ်နိုင်အောင် ပြုပြင်ထားခဲ့သည်။

၂။ ရေဒါနှင့် ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်ကို အသုံးပြုလျက် တစ်ဘက်မှ ပစ်ခတ်လာသော စကော့ဒ် ဒုံးကျည်များ မြေပေါ်သို့ မကျရောက်မီ လေထဲ၌ပင် ပက်ထရီယော့ ဒုံးခွင်းဒုံးက ဖြိုခွင်း ဖျက်ဆီးနိုင်စွမ်း ရှိသည်။တစ်ဘက်မှ စကော့ဒ်ဒုံးကျည်များကျရောက်လာမည်ကို ရေဒါစခန်းမှနေ၍ မီးမောင်းထိုးပြသကဲ့သို့ ဖော်ပြနိုင်သည်။



ပက်ထရီယော့ - ဒုံးပစ်စင်

၃။ ပက်ထရီယော့ ဒုံးခွင်းဒုံး၏ ထိပ်ဖူးအနီး၌ စနက်တံ အနီးသို့စကာ့ဒ်ဒုံးကျည်ရောက်လာသောအခါ ဗုံးစ ဗုံးနများအဖြစ် လေထဲ၌ အလိုလို ပေါက်ကဲ့ ပျက်စီးသွား သည်။



DAT System မိုင်းဗုံးများကို ရဟတ်ယာဉ်ပေါ်မှ ကြဲချ နေပုံ။

ရေဒါ (သို့မဟုတ်) နတ်မျက်စိ


ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် ဝန်နှင့်အား လေးနှင့်မြား ဆိုစကားနှင့်အညီ မိမိတို့နိုင်ငံ ကာကွယ်ရေး အတွက် ခေတ်မီ စစ်လက်နက်ပစ္စည်း ကိရိယာများကို ဝယ် ယူ၍သော် လည်းကောင်း၊ ကိုယ်တိုင် ထုတ်လုပ်၍သော် လည်းကောင်း အသုံးပြုလျက်ရှိကြသည်။ မိမိတို့နိုင်ငံအား အခြား တစ်ပါးက ကျူးကျော် တိုက်ခိုက်လာမည်ဆိုလျှင် အောင်မြင်စွာ ခုခံတွန်းလှန်နိုင်ရန်အတွက် ခေတ်မီအီလက် ထရွန်းနစ်နှင့် ကွန်ပျူတာသုံး ထောက်လှမ်းရေး စက်ပစ္စည်း ကိရိယာများကို သူထက်ငါ ကောင်းအောင် အပြိုင် အဆိုင် တပ်ဆင် အသုံးပြုကြသည်။ မိမိ ပိုင်နက်ဖြစ်သော မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကို ထိန်းသိမ်းစောင့်ရှောက်ထု၌ စွမ်းပကား ကြီးမားပြီး တိကျ မှန်ကန်သော ထောက်လှမ်း ရေး ကိရိယာ အမျိုးမျိုးကို အသုံးပြုကြသည်။ အဆိုပါ ကိရိယာများတွင် ရေဒါ (Radar) သည် မရှိမဖြစ် လိုအပ်သော ကိရိယာဖြစ်နေသည်။ ယခုအခါ ရေဒါ ကိရိ ယာကို မြေပြင် အခြေစိုက်စခန်းများ၌ ထားရှိ၍ ၂၄ နာရီ ပတ်လုံး မိမိပိုင်နက် ကောင်းကင်ယံကို ထောက်လှမ်း ကြည့်ရှုလျက် ရှိကြသည်။ အလားတူပင် သဘော်ကြီးများ၌ တပ်ဆင်၍ တွင်တွင်ကျယ်ကျယ် အသုံးပြုသကဲ့သို့ လေယာဉ် ပျံများတွင်လည်း တပ်ဆင်ပြီး ထိထိရောက်ရောက် အသုံးချ လျက် ရှိကြသည်။

ရေဒါဟူသော စကားမှာ ရေဒီယို ထောက်လှမ်းခြင်းနှင့် အကွာအဝေး တိုင်းတာခြင်း(Radio detecting and ranging) ဟူသော စကားလုံးအစုမှ အစဦး စကားလုံး များကို ဆက်စပ်ထားသော စကားလုံးဖြစ်သည်။

၁၉၄၅ ခုနှစ်နောက်ပိုင်း ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစီး သည့်ကာလတွင် အသံထက်မြန်သော ဂျက်လေယာဉ်ပျံ များ ပေါ်ပေါက်လာခြင်း၊ ပဲ့ထိန်းဒုံးပျံများနှင့် နျူကလီး ယား လက်နက်များကိုလည်း ဆန်းသစ် တီထွင်လာနိုင် ခြင်းတို့ကြောင့် လေကြောင်းရန် ကြိုတင် အချက်ပေး ရေး ဒုံးပျံကာကွယ်ရေးကဏ္ဍမှာ ပိုမိုအရေးကြီးလာတော့ သည်။

သို့ဖြစ်သည်နှင့်အညီ သိပ္ပံနှင့် နည်းပညာများ အကူ အညီဖြင့် ပိုမိုစွမ်းအားထက်မြက်သော ရေဒါစနစ်များကို တီထွင်လာခဲ့ကြတော့သည်။ ဤနည်းဖြင့် ဒုတိယ ကမ္ဘာ စစ်အတွင်းက ဗိတ်ကူးထဲပင်မထည့်ခဲ့ကြသော အင်မတန် ဆန်းကြယ်သည့် ရေဒါစနစ်သစ်များ ဖြစ်ပေါ်လာခဲ့ သည်။

ယခုခေတ်၌ ရေဒါ၏အခြေခံ စွမ်းရည်များမှာ ရှေက နှင့်မတူ ထူးထူးခြားခြား တိုးတက်လာတော့သည်။ ရေဒါဖြင့် ခရီးဝေးထောက်လှမ်းနိုင်သော အကွာအဝေး၊ ပစ်မှတ်၏ တည်နေရာ ရှာဖွေ သတ်မှတ်ပေးနိုင်စွမ်းတို့၌ အထူးပင် တိုးတက်မှု ရှိသည်။ စွမ်းဆောင်ရည်ဘက်၌ တိုးတက်မှုများရှိသကဲ့သို့ ရေဒါကိရိယာ၏ အရွယ်အစား ကိုလည်း ကျစ်ကျစ်လျစ်လျစ် ပေါ့ပေါ့ပါးပါးဖြစ်အောင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ စစ်သည်တော်တစ်ဦးတည်း သယ်ဆောင်သွားနိုင်သည့် ဓာတ်ခဲသုံး ရေဒါများ ပေါ် လာသည်အထိ ကျစ်ကျစ်လျစ်လျစ်နှင့် ပေါ့ပါးသွားစေ ခဲ့သည်။ အဆိုပါ စစ်သည်တော် တစ်ဦးတည်း သယ် ဆောင်နိုင်သည့် ဓာတ်ခဲသုံးရေဒါကို အသံတိတ် ကင်း စောင့် (Silent Sentry)ဟု အမည်ပေးကြသည်။ ထို သေးငယ်သော ဓာတ်ခဲသုံး ရေဒါသည်ပင်လျှင် သုံးမိုင်



မိုးမီးတာဝေ့ဗ်ရေဒါ။

ပတ်ဝန်းကျင် အတွင်းရှိ တင့်ကားများ၊ ထရပ်ကားများနှင့် တစ်ဘက် ရန်သူစစ်တပ်၏ လှုပ်ရှားမှုများကို ထောက်လှမ်း သိရှိနိုင်သည်။ ထိုထက် ပိုမို ကြီးမားသော ရေဒါများသည် ၁၀ မိုင် အကွာအဝေးရှိ တင့်ကားများ၊ ထရပ်ကားများ၏ လှုပ်ရှားမှုနှင့် ရန်သူ၏ ဂြိုဟ်တုများ လှုပ်ရှားမှုအထိ ထောက်လှမ်းနိုင်စွမ်း ရှိသည်။

ယခုအခါ ခေတ်မီသောရေဒါဖြင့် ရှာဖွေထောက်လှမ်း ကြည့်ရှုသောအခါ အကွာအဝေး နှစ်မိုင်၌ ဝပ်၍ တွားသွားနေသော ရန်သူ တပ်သား တစ်ဦးကိုပင် ထောက်လှမ်းသိရှိနိုင်သည်ဟု ဆိုသည်။

စစ်မြေပြင်သုံး ရေဒါ အမျိုးမျိုးရှိရာတွင် တိုက်ချင်း ပစ် ဒုံးပျံများ၊ ရေငုပ်သင်္ဘောမှပစ်လွှတ်သော ဒုံးပျံများနှင့် ဂြိုဟ်တုများ၏ လှုပ်ရှားမှုကိုပင် ထောက်လှမ်းနိုင်သော ရေဒါအမျိုးအစား တစ်ခုမှာ အမေရိကန်တို့၏ ကော်ဗရာဒိန်း(Cobra dane) ရေဒါပင် ဖြစ်သည်။ အဆိုပါ ရေဒါမျက်နှာပြင်၏ အချင်းမှာ ပေ ၁၀၀ ခန့် ရှိသည်။ ကော်ဗရာဒိန်း ရေဒါသည် မိုင် ၂,၀၀၀ အကွာ အဝေးအတွင်းရှိ ဒုံးပျံပစ်လွှတ်မှုများနှင့် ဂြိုဟ်တုပစ်လွှတ် မှုများကို ထောက်လှမ်းသိရှိနိုင်သည်။ အမြင့်မိုင် ၂,၅၀၀ အထိ ထောက် လှမ်း နိုင် စွမ်း ရှိ ပြီး အာကာသတွင် လှုပ်ရှားသွားလာနေသော အရာဝတ္ထုပေါင်း ၁၀၀ ၏ လမ်းကြောင်းကို တစ်ပြိုင်တည်း ထောက်လှမ်းနိုင်စွမ်း ရှိလေသည် ။ထို့အပြင် ကော်ဗရာဒိန်း ရေဒါသည် ပစ်မှတ် ပေါင်း ၂၀ ကို တစ်ပြိုင်နက်တည်း လမ်းညွှန်မှု ပေးနိုင်သည်။


ရန်သူ ရေငုပ်သင်္ဘောများမှ ဒုံးပျံများ ပစ်လွှတ် တိုက်ခိုက်မှုကို ချက်ချင်း ထောက်လှမ်း သိရှိနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ထားသော ထူးခြားသည့် ရေဒါ အမျိုးအစားတစ်ခုမှာ ပေ့ဗ်ပေါစ်(Pave Paws)ရေဒါ ဖြစ်သည်။

လေကြောင်းရန်ကို ကာကွယ်ရန် အထူးတီထွင်ထုတ် လုပ်သော BSP–1000 ရေဒါသည်လည်း စွမ်းဆောင် ရည် မြင့်မားသော ရေဒါ အမျိုးအစား တစ်ခုပင် ဖြစ် သည်။ အဆိုပါ ရေဒါသည် မိုင် ၂၀၀ ကျော် အကွာ အဝေး၌ရှိသော တစ်စတုရန်းမိတာအရွယ်ရှိသည့် ပစ်မှတ် ကိုပင် ထောက်လှမ်းသိရှိနိုင်စွမ်း ရှိသည်။


ဤ ၂၀ ရာစုနှစ်၌ အာကာသခရီးအထိ တက်လှမ်း လျက် ရှိနေပြီဖြစ်ရာ အာကာသအတွင်း၌ ယာဉ်အမျိုး မျိုးလည်း ပျံသန်းနေပြီဖြစ်သည်။ ထိုပျံသန်းနေသော အာကာသယာဉ်အမျိုးမျိုးကို ထောက်လှမ်းစိစစ်ကြည့်ရှု နိုင်သော ခေတ်မီ ရေဒါတစ်မျိုးလည်း တီထွင်ထားပြီး ဖြစ်သည်။ အဆိုပါ ရေဒါ၏အမည်မှာ မိုနိုပါစ်(Mono-Pulse) ဟု ခေါ်သည်။

DAT System အလိုအလျောက် မိုင်းဖုံးများ

အီတလီနိုင်ငံ တက်နိုဗာ(TECNOVAR)ကုမ္ပဏီသည် (DAT SYSTEM) ခေါ် အလိုအလျောက်



မော်တော်ယာဉ်တွင် ကာ့ရှ်ရေဒါတပ်ဆင်ထားပုံ။



အီတလီနိုင်ငံမှ ထုတ်လုပ်သော တင့်ကားဖျက်မိုင်းဗုံးနှင့် လူသတ် မိုင်းဗုံး။

မိုင်းဗုံးများ နေရာချထားသည့်စနစ်ကို တီထွင် ရောင်းချသည်။ နေတိုးအဖွဲ့ချုပ်၏ စံချိန် စံညွှန်း ကန့်သတ်ချက်များနှင့်အညီ တင့်ကားဖျက်မိုင်းများနှင့် လူသတ်မိုင်းများကို ထုတ်လုပ်ပြီး ထိုမိုင်းအရွယ်အစား အမျိုးမျိုးကို ဟယ်လီကော်ပတာမှနေ၍ လိုအပ်သော နေရာများတွင် အလျင်အမြန် ရန်သူ မသိအောင် ဖြန့်ချထားနိုင်သည်။ ရန်သူ၏ နယ်မြေအတွင်းသို့ လျှို့ဝှက်စွာ ဝင်ရောက်ပြီး မိုင်းကွင်း ပြုလုပ်ပေးနိုင်သည်။ သို့မဟုတ် မိမိက တပ်ဖွဲ့ဖြင့် ကာကွယ် မထားနိုင်သော နေရာများကို မိုင်းကွင်းများဖြင့် ဖန်တီးနိုင်သည်။ သို့တည်းမဟုတ် ကာကွယ်ရန် လိုအပ်သော သဘော်ဆိပ်များ၊ ကမ်းရိုးတန်း တစ်လျှောက်ရှိ အရေးကြီးသော အဆောက်အအုံနှင့် နေရာများကို မိုင်းဗုံးများ ချထားခြင်းဖြင့် ရန်သူ ရေငုပ်သမား (**Frog men**) ကို ကာကွယ်နိုင်သည်။ အီတလီကြည်းတပ်သည် (**DAT System**) မိုင်းဗုံးများကို သုံးစွဲလျက် ရှိသည်။ တင့်ကားဖျက်မိုင်းများကို ရဟတ်ယာဉ်ပေါ်မှ ကြဲချထားနိုင်သည်။ ထိုမိုင်းဗုံးများကို (**MATS/2**)ဟုခေါ်ပြီး ပေါက်ကွဲနိုင်သော ယမ်းအား မှာ ၂ ဒသမ ၆ ကီလိုဂရမ် ရှိသည်။ လူသတ်မိုင်းများကိုလည်း ဟယ်လီကော်ပတာပေါ်မှ ကြဲချထားနိုင်သည်။ ထိုမိုင်းအမျိုးအစားကို(**TS / 50**)ဟု ခေါ်ပြီး ပေါက်ကွဲနိုင်သော ယမ်းအားမှာ ဒသမ ဝ၅ ကီလိုဂရမ် ရှိသည်။

အဆိပ်ခတ်ငွေ့ ရှိ မရှိ ထောက်လှမ်းနိုင်သည့် ကိရိယာ

အီရတ်နိုင်ငံကို တိုက်ခိုက်ကြမည့် နိုင်ငံစုံတပ်ဖွဲ့များတွင် အမျိုးမျိုးအစားစားသော စစ်လက်နက် ကိရိယာများ တပ်ဆင်ထားကြသည့်အနက် အဆိပ်ခတ်ငွေ့ကို ထောက်လှမ်း ရှာဖွေသည့် ကိရိယာများကို အလေးထား၍ သုံးစွဲပေါက် ရှိကြသည်။



အဆိပ်ခတ်ငွေ့ရှိ၊ မရှိ ထောက်လှမ်းသည့် ကိရိယာ CAM

ကင်းဗရစ် (**Cambridge**) အီလက်ထရွန်းနစ် စက်မှု ကုမ္ပဏီကြီးက အဆိပ်ခတ်ငွေ့ ထောက်လှမ်း ရှာဖွေသည့် ကိရိယာ(**CAM**)ကို ကြော်ငြာရောင်းချသည်။ (**CAM**)၏ အဓိပ္ပာယ်မှာ ခတုပေဒ ထောက်လှမ်း ရှာဖွေသည့်ကိရိယာ(**Chemical Agent Monitor**)ဖြစ်သည်။ ထိုကိရိယာသည် မိမိ ရောက်ရှိနေသော နေရာနှင့် ပတ်ဝန်းကျင်တွင် အဆိပ်ခတ်ငွေ့ရှိ မရှိ၊ ရှိလျှင် မည်မျှ ရှိသည်ကို ထောက်လှမ်း သိရှိရသည်။ အဆိပ်ခတ်ငွေ့ကင်းစင်သော လုံခြုံမှု ရှိသည့်နေရာနှင့် လမ်းကြောင်းကို ရွေးချယ်ပေးနိုင်သည်။ အမှန် စင်စစ် ခတ်ငွေ့ကာ မျက်နှာဖုံးနှင့်ဝတ်စုံကို အမြဲတမ်း ဝတ်ဆင်ထားရမည်ဆိုသည်မှာ လွယ်ကူသော ကိစ္စ မဟုတ်ပေ။ သို့ဖြစ်၍ အဆိပ်ခတ်ငွေ့အန္တရာယ် တပ်လှန့်ထားသော အချိန်တွင် ဝတ်စုံကို ဝတ်ဆင်ထားပြီး လှုပ်ရှားသွားလာနိုင်သည်။ အဆိပ်ခတ်ငွေ့ကင်းရှင်းသော နေရာတွင် ဝတ်စုံနှင့် မျက်နှာဖုံးကို မြန်နိုင်သမျှ မြန်မြန် ဖယ်ရှားလိုကြသည်။ ဤကိစ္စအတွက် အဆိပ်ခတ်ငွေ့ကင်းရှင်းသောနေရာ ဟုတ် မဟုတ် (**CAM**)က ခိုင်ခိုင်လုံလုံ အတည်ပြုပေးမည်ဟု ဆိုသည်။ ပြီးခဲ့သော အီရန်–အီရတ် ရှစ်နှစ်ကြာ စစ်ပွဲအတွင်း အီရတ်နိုင်ငံက အဆိပ်ခတ်ငွေ့သုံး ဗုံးလက်နက်များ သုံးစွဲ တိုက်ခိုက်သည်ဟူသော ပြဿနာပေါ် ပေါက်လာချိန်တွင် အီရန်နိုင်ငံ၌ ကုလသမဂ္ဂ အကဲခတ်သမားများက ဇာဆိပ်ခတ်ငွေ့ အမှန်တကယ်သုံး မသုံးကို(**CAM**)ကိရိယာဖြင့် စုံစမ်း စစ်ဆေးခဲ့ကြသည်ဟု ဆိုသည်။

တူးတူး



ကမ္ဘာ့ဝန်းကျင်သန့်ရှင်းရေး

ဂေဟဗေဒ

ကျွန်ုပ်တို့လူသားများ မှီတင်းနေထိုင်ရာ ဤကမ္ဘာကြီးသည် တစ်နေ့တခြား ညစ်ညမ်းလျက်လာခဲ့ပြီ။ ကမ္ဘာကြီးသည် စက်မှုမထွန်းကား မီ ရှေးယခင်က ညစ်ညမ်းမှုရာခိုင်နှုန်းမှာ ပြောပလောက်အောင်မရှိခဲ့ပေ။ စက်မှုထွန်းကားလာပြီး နောက်ပိုင်း တစ်နှစ်ထက်တစ်နှစ် ပို၍ ညစ်ညမ်းလာခဲ့လေသည်။ အထူးသဖြင့် ညစ်ညမ်းမှုအတိုင်းအတာ ကြီးမားလာသည်နှင့်အမျှ လူသားတို့၏ ကျန်းမာရေးသည် ခြိုတုံ့ပျက်ယွင်းလာသည်။ ညစ်ညမ်းမှုဟူသည် အကြမ်းအားဖြင့် သုံးမျိုးသုံးစားရှိသည်။

လေထုညစ်ညမ်းမှု

ကမ္ဘာပေါ်တွင် စက်မှုထွန်းကားသော နိုင်ငံတိုင်း၏ ကောင်းကင်ပြင် လေထုသည် အစဉ်သဖြင့် ဓာတုဗေဒဒြပ်ပေါင်းများဖြင့် ပြည့်နှက်နေသည်။ ထိုဒြပ်ပေါင်းတို့သည် ဓာတ်ငွေ့အသွင်ဆောင်နေကြသည့် အဆိပ်များဖြစ်သည်။ စက်ရုံခေါင်းတိုင်များမှ ထွက်လာသည့် ဓာတ်ငွေ့များကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းလာရ၏။ ကမ္ဘာ့လေထုညစ်ညမ်းမှု ငါးဆယ်ရာခိုင်နှုန်းကျော်သည် စက်ရုံထုထပ်သော စက်မှုနိုင်ငံကြီးများရှိ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်များ၏ မီးခိုးမှ ဖြစ်လာသည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းကြ၏။ ရှေးခေတ်က လေကောင်းလေသန့်ရရှိပြီး သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ခဲ့ရသည့် မြို့ကြီးသားများနေထိုင်ရာ အနောက်နိုင်ငံမြို့ကြီးများကို ကာဗွန်မိုနိုအောက်ဆိုဒ်၊ ကန့်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရစ်အောက်ဆိုဒ်၊ ဟိုက်ဒရိုကာဗွန်များ၊ ခဲဒြပ်ပေါင်း စသည့် အဆိပ်ငွေ့များပြည့်နှက်နေသော လေထုကြီးက ဖုံးအုပ်ထားသည်။

ဤသို့ အဆိပ်ငွေ့များ ပြည့်ဝနေခြင်းဖြင့် အရောင်ညစ်ထေးနေသော ကောင်းကင်ပြင်ကြီးအား အပိုလို အာကာသယာဉ် (၁၀) မှ ယာဉ်မှူးများပင် မိုင်ပေါင်းနှစ်သောင်းငါးထောင်အဝေးမှ မြင်ခဲ့ကြရသည်။ အဆိပ်ငွေ့များကြောင့် စက်ရုံ ထူထပ်သော မြို့ကြီးများ၏ ကောင်းကင်ပြင်သည် အရောင်မျိုးစုံ ခြယ်သထားသလို ရှိနေ၏။

စက်မှု တိုးတက်ထွန်းကားလာသည်နှင့်အမျှ လေထုထဲတွင် တစ်နေ့ထက်တစ်နေ့ ဓာတ်ငွေ့အခိုးများ တိုးပွားလာလျက်ရှိရာ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် နောက်ပိုင်းတွင် ကမ္ဘာ့လေထုညစ်ညမ်းမှု အတိုင်းအတာသည် လူသားတို့အဖို့ ကြောက်ခမန်းလိလိ ကြီးထွားလာလေသည်။

စက်ရုံအလုပ်ရုံတို့မှ စွန့်ထုတ်လိုက်သော ဓာတ်ငွေ့များသာမက နွေစဉ်နှင့်အမျှ စင်းရေ တိုးတက်လာနေသော မော်တော်ယာဉ် များကလည်း အဆိပ် ငွေ့ များ ဖြင့် ကောင်းကင် တစ်ပြင်လုံးအား လွှမ်းဖုံးသွားစေသည်။ အချို့ဓာတ်ငွေ့များသည်အနံ့မရသော်လည်း ရှူရှိုက်မိလျှင် သေစေနိုင်သည့် အန္တရာယ်အပြည့်ပါသည်။ ထိုဓာတ်ငွေ့တို့သည် လေထုထဲ၌ နှင်းမျှားနှင့်ပေါင်းစပ်ကာ နှင်းပုပ် (Smog) အဖြစ်သို့ ကူးပြောင်းကြကုန်သည်။ ထိုအခါ ကမ္ဘာမြေပြင်နှင့် အနီးကပ်လေထုလွှာများ အေးချေနေပြီး လူပ်ရှားမှုလည်းမရှိ၊ အထက်သို့လည်း မတက်တော့ပေ။ သာမန်အားဖြင့်ဆိုလျှင် မြေပြင်နှင့် အနီးကပ်ဆုံးနေရာ၌ ရှိသောလေထုသည် ပူနွေးနေပြီး အထက်သို့ တစ်စထက် တစ်စ အေးသွားသည်။

ပြိတိန်နိုင်ငံလန်ဒန်မြို့ကြီးသည် လူသမိုင်း၌ အဆိုးရွားဆုံးသောအခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလဆန်းတွင် လန်ဒန်မြို့ကောင်းကင်ပြင် တစ် ခုလုံး သည် ဓာတ် ငွေ့ များ ဖုံးအုပ်သွားရာ မြင်ကွင်းအားလုံးမှာမှုန်မှားမှားလောက်သာ ကျန်တော့သည်။ လန်ဒန်မြို့သူမြို့သားများသည် လေးရက်တာ အိမ်တွင်းအောင်းနေရသည်။ ဆရာဝန်များနှင့်သူနာပြုများမှာ မိမိတို့ တာဝန်ကျရာဆေးရုံများ၌ အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သော လူနာများအား ပြုစုကုသပေးနေသဖြင့် အိမ်တွင်းအောင်းခြင်းပင် မရလိုက်ပေ။ အဖြစ်ဆိုးနှင့် ကြုံလိုက်ရသည့် စတုတ္ထမြောက်နွေတွင် အဆုတ်ရောင်နာ၊ အဆုတ်ပြွန်ရောင်နာ၊ နှလုံးရောဂါ စွဲကပ်သော လူနာရာပေါင်းများစွာတို့ကို ဆေးရုံတွင် ခုတင်ပေးမလောက်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ထိုရက်ပိုင်းအတွင်းက လန်ဒန်မြို့တွင် လူဦးရေ လေး ထောင် ကျော် ခန့် သေ ကျေ ပျက် စီး ခဲ့ ကြောင်း ခန့်မှန်းကြသည်။

၁၉၄၈ ခုနှစ်ကလည်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်၊ ဒိုနိုရာမြို့ကလေးသည်အလားတူအဖြစ်မျိုးနှင့် သုံးရက်တာ ကြုံခဲ့ရသည်။ သွပ်ပြားစက်ရုံနှင့် သံမဏိစက်ရုံတို့မှ ထွက်လာသော ကန့်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့များသည် လေထဲရှိရေခိုးရေငွေ့တို့နှင့်ပေါင်းစပ်မိပြီး ဆာလဖျူရစ်အက်ဆစ်သို့ ကူးပြောင်းကုန်သည်။ ထိုအက်ဆစ်အငွေ့များကို ရှူရှိုက်မိကြသည့် မြို့နေလူဦးရေ ၄၃ ရာခိုင်နှုန်းခန့်မှာ တတိယမြောက်နေ့တွင် အသက်ရှူမဝခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းရောင်ခြင်း စသည့် ဝေဒနာမျိုးစုံ၏ ဖိစီးခြင်းကို အလူးအလဲခံစားကြရ၏။

လေထဲတွင်ထုထည်အားဖြင့် များပြားစွာ လွင့်ပျံနေသော ကာဗွန်မိုနိုအောက်ဆိုဒ်ဓာတ်ငွေ့ကို လူသားတို့ မျက်စိဖြင့်မမြင်နိုင်၊ အရသာလည်းမခံနိုင်၊ အနံ့လည်းမရှူနိုင်ပေ။ ဤကဲ့သို့သော ဂုဏ်သတ္တိများရှိနေသည့် ထိုဓာတ်ငွေ့အား သတ္တဝါတို့ ရှူရှိုက်မိမှန်း မသိနိုင်ချေ။ အထူးသဖြင့် လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်ကြီးငယ်တို့မှ ထုတ်လွှတ်လိုက်သည့် အိတ်ဇောငွေ့များသည် မီး ခိုး လုံး ဖြစ်ပြီး ကျန်ခဲ့သည်။ ထိုအိတ်ဇောငွေ့များသည် အလွန်အဆိပ်ပြင်းသော ကာဗွန်မိုနိုအောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များ ဖြစ်၏။ ဟိုက်ဒရိုကာဗွန်များသည် နေရောင်ထဲမှာပင် ကင်ဆာရောဂါဖြစ်စေနိုင်သော ဒြပ်ပေါင်းအဖြစ်သို့ အလို အလျောက် ကူးပြောင်းသွားသည်။ မော်တော်ယာဉ် အိတ်ဇောငွေ့ထဲ၌ ဓာတ်ငွေ့များပါလာသည့် အကြောင်းရင်းမှာ အင်ဂျင်စက်များအတွင်း၌ ဓာတ်ဆီ၊ ဒီဇယ်ဆီများ ကုန်အောင် မလောင်ကျွမ်းသောကြောင့် ဖြစ်၏။ အကယ်၍ ဓာတ်ဆီနှင့် ဒီဇယ်ဆီများ အကုန်အစင် လောင်ကျွမ်းကုန်လျှင် ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအဖြစ်သို့ ပြောင်းလဲသွားကြမည်။

လူတို့သည် အသက်မရှူဘဲ မနေနိုင်ကြပေ။ အသက်ရှူရင်း ကာဗွန်မိုနိုအောက်ဆိုဒ် ဓာတ်ငွေ့များ ကိုယ်ခန္ဓာအတွင်းသို့ ရောက်သွားလျှင် ကိုယ်တွင်းရှိ ဟီမိုဂလိုဘင်သည် အောက်စီဂျင်နှင့်စာသော် ကာဗွန် မိုနိုအောက်ဆိုဒ်နှင့်သာ အလွန်လျင်မြန်စွာ ပေါင်းစပ်လိုက်ပြီး ကာဗို အောက်ဆီဟီမိုဂလိုဘင် ဖြစ်ကုန်သည်။ ကာဗိုအောက်ဆီဟီမိုဂလိုဘင်သည် အောက်ဆီဟီမိုဂလိုဘင်ထက် အဆ နှစ်ရာမျှ ခိုင်မြဲလျက်ရှိရာ အောက်ဆီဂျင်သည် ကာဗွန်မိုနိုအောက်ဆိုဒ်ကို ကာဗိုအောက်ဆီဟီမိုဂလိုဘင်ထဲမှ ထွက်သွားအောင် တွန်းဖယ်ခြင်း မပြုနိုင်ပေ။ အချိန်ကြာလာသော် ကာဗွန်မိုနိုအောက်ဆိုဒ်နှင့် ပေါင်းစပ်ဓာတ်ပြုကုန်သည်။ ဟီမိုဂလိုဘင် မှန်သမျှမှာ သွေးလည်ပတ်ရာမှ လျော့ပါးလာကုန်ပြီဖြစ်သည်။ ထိုစဉ် အောက်စီဂျင်သယ်ယူပေးမည့် ဟီမိုဂလိုဘင်များ ကုန်ခန်းသွားမည်ဖြစ်ရာ အသက်ရှူကျပ်ပြီး သေဆုံးသွားဖို့သာရှိတော့သည်။

ကာဗွန်မိုနိုအောက်ဆိုဒ် ဝ ဒသမ ဝ၁ ရာနှုန်းပါသော လေကို ရှူရှိုက်ပြီး အလုပ်ကြမ်းလုပ်နေသူ တစ်ဦးသည် လေးနာရီအတွင်း သူ့ကိုယ်တွင်းရှိ ဟီမိုဂလိုဘင် ၁၂ ရာခိုင်နှုန်းမှာ ကာဗိုအောက်ဆီဟီမိုဂလိုဘင်အဖြစ်သို့ ကူးပြောင်းသွားသည်။ ဟီမိုဂလိုဘင် ၃၅ ရာနှုန်း ဆုံးရှုံးသွားလျှင် မူးမေ့ပြီး သတိလစ်သွားနိုင်သည်။ ဟီမိုဂလိုဘင် ၆၀ ရာနှုန်းသာ ကာဗို အောက်ဆီ ဟီမိုဂလိုဘင်အဖြစ်သို့ ကူးပြောင်းသွားလျှင် ချက်ချင်းသေဆုံးနိုင်သည်။



စက်ရုံများ၏ မီးစိုးခေါင်းတိုင်များကြောင့် လေထု ညစ်ညမ်းမှု ဖြစ်ရသည်။

ကာဗွန်မိုနိုအောက်ဆိုဒ် အဆိပ်သင့်ပြီး ပြန်ကောင်းလာသူတစ်ဦးမှာ ထာဝရဦးနှောက်ပျက်သော ဝေဒနာကို ခံစားရတတ်သည်။ လူခန္ဓာကိုယ်အတွင်းရှိ အင်္ဂါရုပ်အစိတ်အပိုင်းများအနက် ဦးနှောက်ဆဲလ်များမှာ အခြားသော နှဗ်ခကြောတစ်သျှူးများလိုပင် အောက်ဆီဂျင်ပြတ်လပ်သွားသည့်အခါ အပျက်အစီးအလွယ်ဆုံး နေရာပင်ဖြစ်သည်။ ထိုအင်္ဂါရုပ်သည် · တစ်ကြိမ် ပျက်စီးသွားလျှင် ပြန်၍ကောင်းလာနိုင်ဖွယ်ရာ အကြောင်းမရှိတော့ချေ။

ကာဗွန် မိုနိုအောက်ဆိုဒ် အဆိပ်သင့်ခြင်းကို ကုစားသည့် အများကျင့်သုံးသော နည်းတစ်နည်းမှာ အောက်ဆီဂျင်ခတ်ငွေ့အစစ်ကို တဝကြီး ရှူရှိုက်ပေးရခြင်းဖြစ်၏။ သာမန်အားဖြင့် လေထုထဲတွင် အောက်ဆီဂျင် ၂၀ ရာနှုန်းခန့်သာပါသဖြင့် လေကို တဝကြီး ရှူရှိုက်ရသည်ထက် အောက်ဆီဂျင်စစ်စစ် တဝကြီးရှူရှိုက်လိုက်ခြင်းဖြင့် ကာဗိုအောက်ဆိုဂလိုဘင်ထဲမှ ကာဗွန်မိုနိုအောက်ဆိုဒ်ကို ဖယ်ပစ်လိုက်သလို ဖြစ်သွားနိုင်သည်။ အနောက်နိုင်ငံမြို့ကြီးများရှိ လူစည်ကားရာ လမ်းဆုံလမ်းခွများ၌ အောက်ဆီဂျင်ပူးကြီးများ ထားပေးရသည်။ ယာဉ်အသွားအလာကြပ်မတ်ပေးရသော ယာဉ်ထိန်းရဲများသည် ကာဗွန်မိုနိုအောက်ဆိုဒ်ကို အမြဲရှူရှိုက်နေရသူများဖြစ်၍ နာရီဝက်တစ်ခါ အောက်ဆီဂျင် မှန်မှန်ရှူပေးနေရသည်။

စီးကရက် မီးခိုးများသည်လည်း ပတ်ဝန်းကျင်ရှိ လူသားတို့အား အကြီးအကျယ် အန္တရာယ်ပြုသည်။ စီးကရက်မီးခိုးထဲတွင် ၉၂ ရာနှုန်းမှာ ဓာတုဗေဒ ဒြပ်ပေါင်း အမျိုး ၁,၂၀၀ အပြင် လူကိုသေစေနိုင်သည့် ဓာတ်ငွေ့တစ်ဒါဇင်မျှပါသည်ဟု ကျွမ်းကျင်သူတို့က ဆိုကြသည်။ အဆိုးဝါးဆုံးနှင့် အဆိပ်အပြင်းဆုံးဓာတ်ငွေ့များမှာ ကာဗွန်မိုနိုအောက်ဆိုဒ်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့ဖြစ်၏။ ထိုဓာတ်ငွေ့ သုံးမျိုးနှင့် နစ်ကိုတင်ဓာတ်ပစ္စည်းသည် အမေရိကန်နိုင်ငံတွင် တစ်နှစ်လျှင် လူနှစ်သိန်းခန့် မသေသင့်ဘဲသေဆုံးရခြင်း၏ လက်သည်တရားခံဖြစ်၏။ စီးကရက်အစေးကြောင့် ရရှိသော အဆုတ်ကင်ဆာရောဂါထက် သုံးဆမျှရှိမည့် နှလုံးနှင့်သွေးလည်ပတ်မှုဆိုင်ရာ ရောဂါစုံဖြင့် သေဆုံးကြရသည်။

စီးကရက်တွင် အစေးနှင့် နစ်ကိုတင် နည်းပင်နည်းသော်လည်း စီးကရက်မီးခိုးနှင့်အတူ ပါလာသည့် ဓာတ်ငွေ့သည် အန္တရာယ်ပြုလွန်းသည်ဟု အဆိပ်ပညာရှင်တစ်ဦးက သတိပေးဖူးသည်။ နစ်ကိုတင်နှင့်ကာဗွန်မိုနိုအောက်ဆိုဒ်နှစ်မျိုးစလုံးကြောင့် နှလုံးရောဂါနှင့် နှလုံးပတ်သွေးလှတ်ကြောရောဂါဖြင့် ရုတ်တရက်သေဆုံးရသည့် အရေအတွက်များပြားလာရသည်။

စီးကရက်မီးခိုးထဲပါလာသော ကာဗွန်မိုနိုအောက်ဆိုဒ်သည် ပတ်ဝန်းကျင်ကျန်းမာရေးအတွက် ခွင့်ပြုထားသည့် ပမာဏထက် အဆတစ်ထောင်မျှရှိရာ စီးကရက်သောက်သူတို့၏ သွေးလှတ်ကြောများထဲ၌ ကိုလက်စထရောပိတ်ဆို့မှု များလာရသည်။ လူကိုယ်တွင်း သွေးကြောများကျဉ်းမြောင်း ပိတ်ဆို့လာသည့်အခါ ခြေဖျားလက်ဖျားများ အေးလာသည်။ ဖာရင်ဟိုက်အပူချိန် ၁၀ ဒီဂရီအထိ ကျဆင်းသွားသည်။ စီးကရက် မသောက်တတ်သူ၏ ကိုယ်တွင်း သွေးလည်ပတ်ရာတွင် သာမန်အားဖြင့် ကာဗိုအောက်ဆီဟီမိုဂလိုဘင် အနည်းဆုံး ဝ ဒသမ ၅

ရာနှုန်းနှင့် အများဆုံး နှစ်ရာနှုန်းသာ ရှိ၏။ စီးကရက် သောက်သူတစ်ဦး၏ ကိုယ်တွင်းဥမှု စီးကရက် အမျိုး အစားနှင့် တစ်နေ့သောက်သော အလိပ်အရေအတွက်ကို လိုက်၍ ကာဗိုအောက်ဆိဟီမိုဂလိုဘင်အနည်းဆုံး လေး ရာနှုန်းမှ အများဆုံး ၁၅ ရာနှုန်းအထိ ရှိသည်။

ကာဗွန် မို နိုအောက်ဆိုဒ်သည် သွေးလွှတ်ကြော အတွင်း၌ ကိုလက်စထရောပိတ်ဆို့မှုကို ဖန်တီးပေးခြင်း ဖြင့် ကိုယ်တွင်းသွေးလည်ပတ်မှုကို ပျက်စီး ထိခိုက်စေ သည်။ ကိုလက်စထရော ပိတ်ဆို့ခြင်းသည် သွေးလွှတ် ဆိုင်ရာ ရောဂါတစ်မျိုးဖြစ်ပြီး အလွန်ဆိုးဝါးသောအခြေ မဆိုက်မီ ပထမဆုံးအဆင့်မှာပင် ရှိသေးသည်ဟု ဆေး ပညာရှင်များက ယူဆထားသည်။

နစ်ကိုတင်သည် အယ်လကာလိုက်ဒ် အဆိပ်တစ်မျိုး ဖြစ်ပြီး စီးကရက်သောက်သူအား မူးယစ် ထုံထိုင်းစေ သော ဓာတ်အဖြစ် စီးကရက်ဆေးရွက်တွင် ပါလာသည်။ ယင်း၏အဆိပ်ပြင်းအားမှာ အလွန်ကြောက်စရာကောင်း သည်။ တစ်စုံတစ်ယောက်သောသူအား ဆေးထိုးအပ် ဖြင့် နစ်ကိုတင်တစ်စက် ထိုးပေးရုံမျှဖြင့် ထိုသူချက်ချင်း သေဆွေးနိုင်သည်။ နစ်ကိုတင်သည် ကျောက်ကပ် ဆီးဂလင်းဖြစ်သော အဒီရီနယ်ဂလင်းနှင့် နှလုံးထဲမှ တစ်သျှူးများကို တွန်းဆွဖေးသည်။ ထိုသို့ တွန်းဆွဖေးမှု ကြောင့် သွေးအားတိုးလာသည်သာမက နှလုံးခုန်နှုန်း လည်း မြန်လာသည်။ စီးကရက်သောက်အပြီး မိနစ် နှစ်ဆယ်ကြာသည့်တိုင် နှလုံးခုန်နှုန်း ဆက်လက် မြန်နေ သည်။ စီးကရက်စွဲသောက်သူတို့၏ နှလုံးသည်သာမန်လူ တို့နှင့်စာလျှင် တစ်နေ့လျှင် အကြိမ်တစ်သောင်းခန့် ပိုခုန်သည်။ နှလုံးမှာ အလုပ်ပိုလုပ်ရသဖြင့် အောက်ဆီဂျင် ပို၍လိုလာသည်။

နစ်ကိုတင်နှင့် ကာဗွန်မိုနိုအောက်ဆိုဒ် နှစ်မျိုးစလုံး မှာ သွေးခဲခြင်း လျင်မြန်အောင် ဖန်တီးနိုင်စွမ်းရှိသည်။ ဤအချက် တစ်ချက်တည်းကို ကြည့်ရခြင်းအားဖြင့် စီးကရက်သောက်သူများ နှလုံးရောဂါ များများရနိုင်ပြီး နှလုံးပတ်သွေးလွှတ်ကြောရောဂါဖြင့် သေဆုံးနိုင်ကြောင်း သိသာ ထင်ရှားလျက်ရှိသည်။


စီးကရက်အလွန်အကျံသောက်သဖြင့် ကင်ဆာရောဂါ နှင့်သေဆုံးရသူများ အနောက်နိုင်ငံများ၌ တစ်နေ့တခြား များပြားလာသည်။ သိပ္ပံသုတေသီတို့သည် စီးကရက် ကြောင့်ဖြစ်ရသော ကင်ဆာရောဂါကို အမျိုးမျိုးသော စမ်းသပ်ခံတိရစ္ဆာန်များနှင့် လေ့လာစမ်းသပ်ကြည့်သည့် အခါ စီးကရက်မီးခိုးထဲ၌ ဗင်ဇိုပိုင်ရင်းခေါ် ပိုလီဆိုက် ကလစ် ဟိုက်ဒရိုကာဗွန်များ ပါနေသည်ကို တွေ့ကြရ သည်။ ဗင်ဇိုပိုင်ရင်းသည် ကာဆီနိုဂျင်ခေါ် ကင်ဆာဖြစ် ဓာတ်ပစ္စည်းတစ်မျိုးဖြစ်သည်။ ဤအချက်ကိုအကြောင်း ပြု၍ စီးကရက်သောက်သူကိုယ်တိုင်ဖြစ်စေ၊ မသောက်ဘဲ အနံ့ရှူရှိုက်မိသူများဖြစ်စေ၊ ကြာကြာနှင့် များများ ရှူရှိုက်မိလျှင် အဆုတ်ကင်ဆာ ဖြစ်မည့်အန္တရာယ်နှင့် အလွန် နီးစပ်သည်။ ဤသို့ဖြင့် စီးကရက် သောက်သူ များလေလေ လေထဲ၌ စီးကရက်မီးခိုးများလေလေ ဖြစ်ရ သည်။ ထို့ကြောင့် အဆုတ်ကင်ဆာဖြင့် သေဆုံးသူဦးရေ သည် တောအရပ်ဒေသမှာထက် မြို့ပြ၌ပိုများသည်ကို တွေ့ရ၏။

ရေထုညစ်ညမ်းမှု

လူတို့သည် သုံးပြီးသား အညစ်အကြေးများကို ချောင်းထဲမြစ်ထဲသို့ စွန့်ပစ်သောအလေ့အထမှာ ကမ္ဘာဦး အခါကပင်ရှိခဲ့သည်။ တစ်ဖန်ကုန်းမြေပေါ်၌ ရှာသွန်း သောမိုးရေကလည်း အညစ်အကြေးမှန်သမျှကို မြစ်ထဲ ချောင်းထဲသို့ သယ်ယူသွားပြန်သည်။ စက်မှုလက်မှုလုပ် ငန်းများ တိုးတက်လာသောခေတ်တွင် စက်ရုံအလုပ်ရုံတို့ မှ စွန့်ပစ်လိုက်သော ဓာတ်ဆေးပစ္စည်း အကြွင်းအကျန် များသည် မြစ်များချောင်းများမှတစ်ဆင့် ပင်လယ် သမုဒ္ဒရာထဲသို့ ပို့ဆုံရောက်ရှိကုန်သည်။ အချို့ဓာတ်ဆေး များမှာ ရေထဲ၌ ကာလအတန်ကြာသည့်တိုင်အောင် မူလသတ္တိမပျက်ပြယ်ဘဲ ရှိနေတတ်သည်။ ယင်းတို့အထဲမှ အချို့ဓာတ်ဆေးတို့မှာ ရေသတ္တဝါနှင့် လူသားတို့အဖို့ အဆိပ်သဖွယ် ဖြစ်စေသည်။

ကမ္ဘာ့ရေထုကို အဆိပ်အတောက်ဖြစ်စေသော အရာ ဝတ္ထုများထဲတွင် ကြောက်စရာအကောင်းဆုံးသော ဒြပ် ဝတ္ထုမှာ အဏုမြူဓာတ်ပြာများပင် ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးစအချိန်မှစ၍ ကမ္ဘာ့အင်အားကြီးနိုင်ငံ များသည် အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးများကို အပြိုင် စမ်းသပ်ဖောက်ခဲ့ကြရာမှ အဏုမြူဓာတ်ကြွဆဲ ဓာတ်ပြာ များသည် ကမ္ဘာ့လေထုထဲ၌ ပို့ဆုံရောက်ရှိကုန်သည်။ မိုးရွာသွန်းချလိုက်သည့်အခါ ဓာတ်ပြာများသည် မိုးရေ နှင့်အတူ ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ကုန်ကြသည်။ ဤသို့ဖြင့် ကမ္ဘာ့ရေထု၏ အချို့အစိတ်အပိုင်းသည် အဏုမြူဓာတ်ကြွသော ရေဖြစ်ကုန်သည်။

၁၉၅၅ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပ ခဲ့သော အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချရေး အတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကြီး ပြီးသည့် နောက် ဆေးသုတေသန၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း တည်ရာဌာနတို့မှ စွန့်ပစ်လိုက်သော အဏုမြူဓာတ်ကြွဆဲ ပစ္စည်းတို့ကြောင့် လူသားတို့၏သောက်သုံးရေမှာ ပို၍ ပို၍ အန္တရာယ်များလာသည်။ အဏုမြူဓာတ်ပေါင်းဖို



သဘော်များစကြောင့် ရေထုညစ်ညမ်းမှု ဖြစ်ရသည်။

(ရီအက်တာ) များကို နိုင်ငံအတော်များများ၌ဆောက်လုပ်ပြီး အဏုမြူစွမ်းအင်များကို လိုသလောက်အသုံးချလျက်ရှိနေလေပြီ။ အဏုမြူဓာတ်ပေါင်းဖိုများမှ သုံးပြီးသား ရေမှာ အဏုမြူ ဓာတ်ကြွလျက်ရှိရာ ထိုရေများသည် ချောင်းမြောင်းမြစ်များမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဆင်းသွားသဖြင့် သမုဒ္ဒရာရေမှာ အနည်းနှင့်အများ ဓာတ်ကြွကုန်သည်။ အန္တရာယ်အကြီးဆုံးမှာ ရီအက်တာများမှ စွန့်ပစ်လိုက်သည့် နောင်နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် အဏုမြူဓာတ်ကြွနေဦးမည့် ဓာတ်ပစ္စည်းအကြွင်းအကျန်များပင်ဖြစ်သည်။

ကမ္ဘာ့ရေထုထဲတွင် မျောပါပျံနှံနေသော ဓာတ်ဆေး (အဆိပ်) များလည်း ရှိသေးသည်။ ယင်းတို့ကြောင့် ပင်လယ်သတ္တဝါ အများအပြား သေကျေပျက်စီးကြရသည်။ အနောက်နိုင်ငံများ၌ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို စူးစမ်းရှာဖွေ ကြည့်လိုက်သည့်အခါ ငါးအသေကောင်များ၏ သွေးထဲ၌ ဒီ-ဒီ-တီ အပါအဝင် ပိုးသတ်ဆေးမျိုးစုံကို တွေ့ကြရသည်။ ဒီ-ဒီ-တီအပြင် အလွန်အဆိပ်ပြင်းသော အင်ဒရင်း ပိုးသတ်ဆေးလည်း ပါနေရာ သီးနှံစိုက်ခင်းများအပေါ် ပက်ဖျန်းထားသည့် အဆိုပါပိုးသတ်ဆေးများသည် ရေထဲမျောပါပြီး ချောင်းများမြစ်များမှတစ်ဆင့် ပင်လယ်ထဲသို့ရောက်ရှိကုန်သည်။

ဒီ-ဒီ-တီသည် အဆိပ်ဓာတ်မပြယ်အောင် ကာလအတန်ကြာ ထိန်းသိမ်းထားနိုင်သောသတ္တိရှိခြင်းကြောင့် ပိုးသတ်ဆေးအဖြစ် အသုံးပြုသည့်အခါ အလွန်အန္တရာယ်များသည်။ ပါရာသီယွန်သည်လည်း ဒီ-ဒီ-တီထက်ပင် အဆများစွာ ဆိုးဝါးသဖြင့် လက်တွေ့ အသုံးပြုရာ၌ အလွန်ကြောက်စရာ ကောင်းသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုအတိုင်းအတာနှင့် ယှဉ်ကြည့်လိုက်လျှင်မူ ပါရာသီယွန်ကိုသေသပ်ပိရိစွာကိုင်တွယ်ပြီးသုံးလျှင် ဒီ–ဒီ–တီထက်ပင်စိတ်ချရပြီး အသုံးပြုနိုင်သော ပိုးသတ်ဆေးဖြစ်သည်။

ဤသို့ဖြစ်ရသည်မှာ အကြောင်းရှိသည်။ ပါရာသီယွန်သည် လတ်တလောအားဖြင့် အဆိပ်အလွန်ပြင်းသော ပိုးသတ်ဆေးဖြစ်သော်လည်း ပေါ့ဆစွာ အသုံးပြုသူများအဖို့ အန္တရာယ်များစေကာမူ ယင်းကိုပိုးရှိရာအပင်များပေါ်သို့ ပက်ဖျန်းထားလိုက်သည့်အခါ ရက်အနည်းငယ်အတွင်းမှာပင် အဆိပ်ဓာတ်များ ပျက်ပြယ်သွားသည်။ ဒီ-ဒီ-တီမှာ လူကို လောလောဆယ် အန္တရာယ်မဖြစ်စေသော်လည်း အဆိပ်ဓာတ်များ ပျက်ပြယ်မသွားသဖြင့် နှစ်ပေါင်းများစွာ ကြာသည့်အခါမှ ဒုက္ခလှလှကြီးပေးတော့သည်။

ပိုးသတ်ဆေးများကို သီးနှံပင်များပေါ်သို့ ဖျန်းထားလိုက်သည့်အခါ ဆေးအားလုံး အပင်များပေါ်ရောက်သည့်တိုင် မိုးရေကသယ်ယူသွားသဖြင့် မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ရှိသွားသည်။ ဒီ-ဒီ-တီကဲ့သို့သော ပိုးသတ်ဆေးသာဖြစ်လျှင် ငါး၊ ပုစွန်စသော ရေနေသတ္တဝါများ၏ ကိုယ်တွင်း၌စုနေကြသည်။ ထိုငါးနှင့် ပုစွန်တို့ကိုစားကြသောလူနှင့် ငှက်တို့၏ကိုယ်တွင်း၌

လည်း ဒီ-ဒီ-တီများ စုနေကြမည်ဖြစ်သည်။ ထိုပိုးသတ်ဆေးတို့သည် အဆီထဲ၌ခိုအောင်းနေသဖြင့် မည်သည့်ဘေးဥပါဒ်အန္တရာယ်ကိုမျှ ပေးမည်မဟုတ်ချေ။ ကိုယ်အလေးချိန် ရုတ်တရက် လျော့ကျသွားသည်နှင့် တစ်ပြိုင်နက် ပိုးသတ်ဆေးများသည် သွေးကြောထဲသို့ ပျံ့နှံ့သွားပြီး ကြောက်မက်ဖွယ်ရာ အဆိပ်များ ဖြစ်ကုန်သည်။

အဏ္ဏဝါရေပြင်ကို ညစ်ညမ်းအောင် ဖျက်ဆီးနေကြသည့် လက်သယ်တရားခံများအနက် တတိယကြောက်စရာအကောင်းဆုံးမှာ ရေနံတင် သင်္ဘောများ ဖြစ်သည်။ ကမ္ဘာ့ နိုင်ငံအသီးသီးမှ ရေနံတင် သင်္ဘောများသည် တန်ချိန်သန်းပေါင်း ရာနှင့်ချီပြီးရှိသော ရေနံစိမ်းများကို နှစ်စဉ် သယ်ယူ ပို့ဆောင်ပေးရသည်။ ထိုရေနံတင် သင်္ဘောကြီးများသည် သက်ဆိုင်ရာဆိပ်ကမ်းများ၌ ရေနံများကို သယ်ချပေးပြီးနောက် ဝမ်းပိုင်းကို ရေဖြင့် ဆေးကြောကြသည့်အခါ ဆေးရေအားလုံးကို ကမ်းလွှန် ပင်လယ်ပြင်၌သာ စွန့်ပစ်ထားခဲ့ကြ၏။ ဤသို့ဖြင့် ရေနံစိမ်းများသည် ဆေးရေများနှင့်အတူ ပင်လယ်ပြင်တွင် မျောပါပျံ့နှံ့ကုန်သည်။

ယခုအခါ ပင်လယ်ကွေ့စပ်ပဲ့အတွင်း အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံအတွင်းရှိ ရေနံလှောင်ကန်များမှ ရေနံစိမ်းများကို ဖောက်ထုတ်ပစ်လိုက်သည့်အခါ မိုင်ပေါင်းများစွာရှည်လျားသော ပင်လယ်ကမ်းခြေတစ်ခုလုံးမှာ ရေနံစိမ်းများဖြင့် ညစ်ညမ်းလျက်ရှိနေလေပြီ။

အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ ဆိုလျှင် ရေနံအကြွင်းအကျန်များကို ပင်လယ်ကမ်းခြေနှင့် မိုင်တစ်ရာဝေးသော ပင်လယ်ပြင်၌သာ စွန့်ပစ်ရမည်ဖြစ်သည်။ သို့သော်အနည်းငယ်မျှသော နိုင်ငံအချို့ကသာ စာချုပ်ပါအချက်အလက်များအတိုင်း လိုက်နာကာပြုမူဆောင်ရွက်ကြသည်။

ကမ်းလွှန်ပင်လယ်ပြင်၌ ရေနံတင်သင်္ဘောများပျက်၍ နစ်မြုပ်နေသည့်အခါ အခြေအနေပိုပြီးဆိုးသည်။ ရေနံစိမ်းများသည် အဏ္ဏဝါပြင်တွင် ဆီကွက်ကြီးများသဖွယ် ပေါလောမျောနေကြသည်။ ထိုရေနံများသည် ကမ်းခြေရှိကျောက်ဆောင်များ၊ သဲသောင်များပေါ်တွင် ကပ်တင်နေကြရာ ပင်လယ်ကမ်းခြေသို့အပန်းဖြေရန် လာသူများအား ကြီးစွာသောအနှောင့်အယှက်များ ဖြစ်စေသည်။

ရေနံစိမ်းများသည် ဓာတ်သဘောအရပြို့ကွဲပျက်စီးသွားခြင်းအလျဉ်းမရှိဘဲ ပင်လယ်ပြင်မှာအကွက်လိုက် အိုင်ထွန်းနေကာ ကာလအတန်ကြာအောင် ပေါလောမျောနေကြသည်။ ရေနံစိမ်း အကွက်ကြီးများကြောင့် ပင်လယ်ငါးများ၊ ပင်လယ်ငှက်များ၊ ရေနေနို့တိုက်သတ္တဝါများ၊ရေအောက်အပင်များ၊မျောလွှား(Plankton)များ အဆိပ်သင့်ကုန်သဖြင့် အတော်များများ သေကြေကုန်ကြသည်။

အသံဗလံညစ်ညမ်းမှု

လူသားတို့၏ပတ်ဝန်းကျင်အား အကြီးအကျယ်ရိုက်ခတ်နှောင့်ယှက်နေသည့် ညစ်ညမ်းမှုတစ်ခုမှာ အသံဗလံများဖြစ်၏။ လူယဉ်ကျေးမှုထွန်းကားရာ မြို့ပြကျေးရွာမှန်သမျှ စကားပြောကျယ်သံမှအစ လေယာဉ်ပျံသံအဆုံး ၂၄ နာရီပတ်လုံး အသံမျိုးစုံတို့သည် အနည်းနှင့်အများထက် ပေါ် လျက် ရှိ သည်။ လူဦးရေ ထူထပ်လေလေ လှုပ်ရှားမှုများလေလေ၊ ဆူညံသံများပိုထွက်လာလေလေ ဖြစ်သည့်အတိုင်း လူဦးရေထူထပ်သော မြို့ကြီး ပြကြီးများ၌ ဘဝဂ်လှုံအောင် ဆူညံလွန်းနေပေသည်။

စကားကျယ်ကျယ်ပြောသံ၊ ကလေးငိုသံ၊ ဆိုင်းသံ၊ ဗုံသံ၊ အသံခွက်သံ၊ မော်တော်ကားစက်သံ၊ မီးရထားခုတ်မောင်းသံ၊ စက်ရုံဥဩသံ၊ လေယာဉ်ပျံသံစသည့်အသံမျိုးစုံတို့ကို နေ့စဉ်နှင့်အမျှ ကြားနေရသောလူသားတို့သည် အမှုမဲ့အမှတ်မဲ့နေမိကြသော်လည်း တကယ်တမ်းဆန်းစစ် ကြည့်လိုက်သည့် အခါ ထိုအသံ မျိုးစုံတို့မှာ လူသားတို့အား ကျန်းမာရေး ထိခိုက်လောက်အောင် အန္တရာယ်ပြုနေကြသည်။

အသံအတိုးအကျယ်ကို အသံ ပြင်းအားဟုခေါ်ပြီး သိပ္ပံ သဘောအရ ဒက်စီဘဲလ် (Decibel)၊ အတို ကောက်အားဖြင့် ဒီဘီဖြင့် တိုင်းတာသတ်မှတ်သည်။ တစ်ဒက်စီဘဲလ်သည် ဆိပ်ငြိမ် ရပ်ကွက်၌ သာမန်လူကောင်းတစ်ဦး ကောင်းစွာ ကြားနိုင်လောက်သည့် အနိမ့်ဆုံးအသံပင်ဖြစ်၏။ စက်သံပြင်းသောပြိုင်ကားနှင့် ထရပ်ကားသံများကို ၉၀ ဒီဘီ၊ တူထုရိုက်သံကို ၉၄ ဒီဘီ၊ မြက်ရိတ်စက်သံကို ၁၀၇ ဒီဘီ၊ ရစ်ပတ်ရိုက်သံကို ၁၃၀ ဒီဘီ၊ ဂျက်လေယာဉ်ပျံသံကို ၁၅၀ ဒီဘီ စသဖြင့် ဆူညံသံအမျိုးမျိုးကို ဒက်စီဘဲလ်ဖြင့် ခွဲခြားသတ်မှတ်ထားသည်။ လူတစ်ဦးတစ်ယောက်သည် အမြင့်ဆုံး ၅၀ ဒီဘီလောက်ရှိမည့်အသံကိုသာ လက်ခံနိုင်စွမ်းရှိသည်ဟု သိအိုရီဂျာနယ်ခုက ဆိထားသည်။ ၅၀ ဒီဘီထက်ကျော်လွန်သောအသံများကို ဆက်တိုက်လိုလိုကြားရဖန်များသော် ထိုသူ၏ကျန်းမာရေးကို ထိခိုက်လာနိုင်သည်။

အနောက်နိုင်ငံများ၌ ရုပ်ရှင်ရုံများနှင့် ကပွဲရုံများအတွင်း သကြားလုံးထုပ်သည့် စက္ကူကို ပွတ်ခြေခြင်း၊ စာကြည့်တိုက်၌ တီးတိုးစကားပြောသံကိုပင် အသံဗလံဟူ၍ သတ်မှတ်သည်။ အသံမည်မျှပင် တိုး၍ ညင်သာစေကာမူ သူတစ်ပါးကို အနှောင့်အယှက် ဖြစ်စေလျှင် အသံဗလံဟုပင် ယူဆကြသည်။

မြို့ပေါ်ရှိ လူခြေတိတ်ဆိတ်သော လမ်းမျှားပေါ်၌ မောင်းနှင် သွားလာနေကြသော ယာဉ်ပေါင်းစုံ၏အသံပြင်းအားမှာ ၇၀ ဒီဘီခန့်ရှိသည်ဖြစ်ရာ ထိုနေရာဝန်းကျင်တစ်ဝိုက်မှလူတို့မှာ ခံနိုင်ရည်မရှိကြတော့ဘဲ သွေးတိုးရောဂါနှင့် နှလုံးပတ်သွေးအားနည်းစေသောရောဂါမျှားဖိစီးခြင်းကိုခံစားကြရသည်။

အသံကုန်ဟစ်ပြီးသီဆိုကြ၊ တီးမှုတ်ကြသောအနောက်တိုင်း ခေတ်ပေါ်တေးဂီတအဖွဲ့မျှားမှ ထွက်ပေါ်လာသည့် အသံမျှား၏ အသံပြင်းအားမှာ ၁၁၄ ဒီဘီမျှရှိသဖြင့် ထိုတီးဝိုင်းအဖွဲ့သားများထဲတွင် ယာယီ နားလေးသူများ ရှိသည်။ ထို့ထက်မက ကျယ်လောင်ပြီး အချိန်ကြာကြာ သီဆိုကြ၊ တီးမှုတ်ကြမည်ဆိုလျှင် ထာဝရ နားပင်းသွားနိုင်သည်။ အသံများ ပြင်းလွန်းကျယ်လွန်းအားကြီးသောကြောင့် အသံ၏တုန်ခါမှုသည် နားစည်ကိုလာလာပြီး ရိုက်ခတ်ဖန်များလာသည့်အခါ နားစည်မှာ အနာတရ ဖြစ်လာသည်။ သည်ကစ၍ ကြာလာသည့်အခါ နားလေးလာတော့၏။

အမြောက်ကျည်ဆန်များ ပေါက်ကွဲသည့်အခါဆိုလျှင်လည်း ကျယ်လောင်သောမြည်ဟည်းသံကြောင့် ကြားရသူတို့၏ နားစည်များ ပေါက်ပြဲလုမတတ် ဖြစ်ရသည်။ ထို့ကြောင့်ပင် သူတို့နိုင်ငံတွင် မြေပြင်ပစ် အမြောက်ကြီးများ အစမ်းပစ်ပြသည့် နေရာသို့ လာရောက်ပြီး လေ့လာကြည့်ရှုကြသူ အရပ်သားများအား အမြောက်တပ်မှ အရာရှိများက နားကိုဝါဂွမ်းဆို့ထားကြရန် သတိပေးရသည်။ ၁၅၅ မီလီမီတာ မြေပြင်ပစ် အမြောက်ကြီး၏ကျည်ဆန်ပေါက်ကွဲသည် ၁၆၀ဒီဘီပြင်းအားရှိရာ နားစည်ပေါက်ပြဲပြီး လုံးဝနားပင်းသွားနိုင်သည်။

စက်ရုံထူထပ်သော အနောက် နိုင်ငံ မြို့ကြီးများရှိ သဘော်ကျင်း၊ သံမဏိနှင့် အထည်စက်ရုံ၊ စက်ရေနွေးအိုးစက်ရုံ၊ သတ္တုသွန်းလုပ်သည့်စက်ရုံတို့မှ လုပ်သားငါးဆယ်ရာနှုန်းခန့်မှာ ၉၅ ဒီဘီ ပြင်းအားရှိသော ဆူညံသံများကို ဆက်တိုက်လိုလို ကြားနေရသဖြင့် လုပ်သက် ဆယ်နှစ်ကျော်လာလျှင် နားလေးကုန်ကြသည်။

စက်ရုံတစ်ရုံတွင် လုပ်ငန်းခွင်မှ ဆူညံသံများကို အသံအင်ဂျင်နီယာက အသံတိုင်း ကိရိယာဖြင့် စိစစ်ကာ ထိန်းချုပ်ပေးရသည်။ လုပ်သားတိုင်း၏ နားနှစ်ဖက်စလုံးတွင် အသံထိန်း နားကြပ်များ တပ်ဆင်ပေးထားသည်။ ထိုအခါ ဒီဘီ တစ်ရာနီးနီးရှိသော ဆူညံသံများသည် ၂၀ ဒီဘီအထိ ကျဆင်းသွားသည်။

လေယာဉ်ကွင်းများနှင့် လေယာဉ်စက်ပြင် အလုပ်ရုံများတွင်လည်း လေယာဉ်မှူးများ၊ လေယာဉ်စက်ပြင် အင်ဂျင်နီယာများနှင့် လုပ်သားများသည် ၁၃၀ ဒီဘီ ရှိသောဆူညံသံများကို အဆက်မပြတ် ကြားနေရသဖြင့် အသံထိန်း နားကြပ်များကို နားတွင်တပ်ထားပြီး သံခမောက်များကိုလည်း ဆောင်းထားရသည်။

စစ်တပ်လက်နက်ရုံများတွင် အဝေးပစ် ဒုံးပျံများနှင့် အမြောက်လက်နက်များကို စမ်းသပ်ရာ၌ အသံပြင်းအား ၁၂၀ ဒီဘီအထိ မြင့်တက်သွားသည်။ ထိုအသံများကို အမြဲကြားနေရသော စစ်သားများ၏ နားကို နှစ်စဉ် တစ်နှစ်တစ်ကြိမ် စစ်ဆေးပေးရသည်။

ဆူညံသောအသံဗလံများသည် ကြားရသူတိုင်း၏နားကို အနာတရ ဖြစ်စေသည်သာမဟုတ်၊ အခြား အင်္ဂါအစိတ်အပိုင်းများကိုလည်း ထိခိုက်စေနိုင်သည်။ ၁၄၀ ဒီဘီရှိသော ဂျက်လေယာဉ်ကြီး ပျံတက်သွားသံကို ကြားလိုက်ရသူများသည် ရုတ်တရက် တုန်ခါသွားခြင်းကို ဦးခေါင်းထဲ၌ ခံစားလိုက်ရသည်။ နားထဲတွင် နာကျင်သလို ဖြစ်လာသည်။ ယိမ်းယိုင် လဲပြိုလုမတတ်လည်း ဖြစ်သွားသည်။ ပျို့အန်ချင်သလိုပင် ဖြစ်လာသည်။

မီးအိုးဗျောက်အိုး ပေါက်ကွဲသံများ ကြားရသည့်အခါ ရုတ်တရက်လန့်ဖျပ်တုန်လှုပ်သွားပြီး ကိုယ်တွင်း၌ တစ်မျိုးတစ်မည်ခံစားရသည်။ သွေးအားတိုးလာမည်၊ သွေးခုန်နှုန်းမြန်လာမည်၊ ကြွက်သားများ တွန့်ကုန်မည်၊ ချွေးပို ထွက်လာမည်၊ တံတွေးနှင့် အစာအိမ်ရည်ထွက်မှု သိသာစွာ လျော့နည်းလာမည်ဖြစ်သည်။

အသံဗလံများကို ဆက်တိုက်ကြားနေရ သူတို့မှာ မောပန်း နွမ်းနယ်သလို ဖြစ်လာရုံတင်မက သတ္တိကြောင်သော စိတ်ဓာတ်များ တဖြည်းဖြည်း ကိန်းအောင်းလာသည်။ စစ်ပွဲတစ်ပွဲတွင် လက်ရဖမ်းဆီးမိသော ရန်သူသုံ့ပန်းများ၏ ဦးခေါင်းထက်၌ သံပုံးများတန်းစီကာ နားမခံနိုင်အောင် အဆက်မပြတ် တီးရိုက်ပေးလိုက်သည့်အခါ တစ်ဖက် ရန်သူများအား စစ်တိုက်ချင်စိတ် မရှိအောင် တစ်နည်းအားဖြင့် စိတ်ဓာတ်ကျသောနည်းကို ကျင့်သုံးခဲ့ဖူးသည်။ ဤနည်းသည် အစာငတ်ထားခြင်း၊ မနားမနေ ညှင်းပန်း နှိပ်စက်ခြင်းတို့ထက်ပင် ဆိုးဝါးသည်။

ဂျက်လေယာဉ်သံကဲ့သို့ နှလုံးတုန်ရင်ခုန်စေတတ်သည့် ဆူညံသံများကြောင့် အိပ်၍မရသော အသက်အရွယ်ကြီးရင့်သူများနှင့် ရောဂါသည် လူနာများမှာ ကယောင်ကတမ်းဖြစ်တတ်ပြီး မိမိကိုယ်မိမိ သတ်သေချင်စိတ်များဖြစ်ပေါ်လာသည်ဟု စိတ်ပညာရှင်တို့ကဆိုသည်။

ညစ်ညမ်းမှုအားလုံးသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်လျက်ရှိသည်။ တစ်နှစ်ထက်တစ်နှစ်လည်း ကြီးထွားလာနေသည်။ ထိုညစ်ညမ်းမှုများသည် ကမ္ဘာ့လူသားတို့အား ဆိုးကျိုးများ ပေးလျက်ရှိနေလေပြီ။

တက္ကသိုလ် ခင်မောင်ဇော်










အပိုင်း ၄

၁၉၉၁ - ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၁ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကုလသမဂ္ဂ။ ။ ၄၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး ၄၆ ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။

၄၅ ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံကြီးမှ အောက်ပါ ရွေလုပ်ငန်းရပ်များကို ချမှတ်ခဲ့သည်။

(က) **ကုလသမဂ္ဂ၏ စတုတ္ထဖွံ့ဖြိုးရေး ၁၀ စုနှစ်**– ကမ္ဘာအရပ်ရပ်တွင် ဆင်းရဲမွဲတေမှုနှင့် မဖွံ့ဖြိုးမှုများကို သုတ်သင် ပစ်ရေးအတွက် ညီလာခံကြီးက ကုလသမဂ္ဂ စတုတ္ထဖွံ့ဖြိုးရေး ၁၀ စုနှစ်ကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ သတ်မှတ်လိုက်သည်။

(ခ) **ရာသီဥတုဆိုင်ရာ သဘောတူစာချုပ်**– ညီလာခံကြီးက ရာသီဥတုဆိုင်ရာ သဘောတူစာချုပ် တစ်ခုပြုစုနိုင်ရေးအတွက် အရေးယူ ဆောင်ရွက်ခဲ့သည်။ ဤစာချုပ်အတွက် ပထမဆုံး ညှိနှိုင်းဆွေးနွေးရေး အစည်းအဝေးကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပ၍ အစည်းအဝေးသို့ နိုင်ငံအားလုံး အား ဖိတ်ကြားရန်ဖြစ်သည်။ ယင်းသဘောတူစာချုပ်ကို ၁၉၉၂ ခုနှစ်ဇွန်လ ၁ ရက်မှ ဇွန်လ ၁၂ ရက်နေ့အထိ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနိုရိုမြို့၌ ကျင်းပမည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေး ညီလာခံတွင် လက်မှတ်ရေးထိုးနိုင်ကြရန် ရည်မှန်းသည်။

(ဂ) **ကမ္ဘာ့ညီလာခံနှစ်ရပ် ကျင်းပရေး**– ၁၉၉၃ ခုနှစ်တွင် လူအခွင့်ရေးများဆိုင်ရာ ကမ္ဘာ့ညီလာခံ တစ်ရပ် ကျင်းပရန်နှင့် ၁၉၉၅ ခုနှစ်တွင် ဖြစ်နိုင်လျှင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အမျိုးသမီးများဆိုင်ရာ စတုတ္ထနိုင်ငံတကာ ညီလာခံကျင်းပရန် ၄၅ ကြိမ်မြောက်ညီလာခံကြီးက ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

အီရတ် – ကူဝိတ်အရေး– အီရတ်တပ်ဖွဲ့များက ကူဝိတ်နိုင်ငံအား ချင်းနင်းဝင် ရောက် သိမ်းပိုက် ခဲ့သည့် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက် နေ့မှ စ၍ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၈ ရက် နေ့ အထိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၆၀၊ ၆၆၁၊ ၆၆၂၊ ၆၆၄၊ ၆၆၅၊ ၆၆၆၊ ၆၆၇၊ ၆၆၉၊ ၆၇၀၊ ၆၇၄ တို့ကို ချမှတ်ကာ အီရတ်နိုင်ငံအား ယင်းလုပ်ရပ်အတွက် ရှုတ်ချခြင်း၊ ကူဝိတ်မှ ရုပ်သိမ်းဆုတ်ခွာရန် တောင်းဆိုခြင်း၊ စီးပွားရေးပိတ်ဆို့မှုနှင့် ရေကြောင်းလေကြောင်း ပိတ်ဆို့မှုစသည့် အရေးယူဆောင်ရွက်မှုများကို ဆက်တိုက် ပြုလုပ်ခဲ့သော်လည်း အီရတ်အနေဖြင့် ကုလသမဂ္ဂ၏ တောင်းခံချက်များကို တုံ့ပြန်မှုမပြုသဖြင့် လုံခြုံရေးကောင်စီက ယင်း၏ ၁၁ ခုမြောက် သမိုင်းဝင်ဆုံးဖြတ်ချက်အမှတ် ၆၇၀ ကိုချမှတ်ခဲ့ရတော့သည်။

ဆုံးဖြတ်ချက်အမှတ် ၆၇၀ (၁၉၉၀)မှာ လုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထောက်ခံမဲ ၁၅ မဲ၊ ကန့်ကွက်မဲ ၂ မဲ (ကျူးဗားနှင့် ယေမင်) နှင့် ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် အတည်ပြု ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ လုံခြုံရေးကောင်စီက အီရတ်နိုင်ငံအား ဤအရေးနှင့်ပတ်သက်၍ ကောင်စီဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊ အထူးသဖြင့် ဆုံးဖြတ်ချက်အမှတ် ၆၆၀ တွင် တောင်းဆိုသည့်အတိုင်း အီရတ်က ကူဝိတ်နိုင်ငံမှ ခြွင်းချက်မရှိ ချက်ချင်း ရုပ်သိမ်းဆုတ်ခွာရန် တောင်းခံလိုက်သည်။ ဤသို့တောင်းခံသည့်အတိုင်း အီရတ်က သက်ဆိုင်ရာဆုံးဖြတ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် လုံခြုံရေးကောင်စီက ကူဝိတ်အစိုးရအား ကူညီဆောင်ရွက်နေကြသော ကုလသမဂ္ဂအဖွဲဝင် နိုင်ငံများအား ယင်းဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ရေးအတွက် "လိုအပ်သော နည်းလမ်းအားလုံး"ကို အသုံးပြုခွင့်ပေးကြောင်း ပြဋ္ဌာန်းပြီးလျှင် အီရတ်အနေဖြင့် လိုက်နာဆောင်ရွက်ရန် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ အချိန်ပေးလိုက်သည်။

ဤအတောအတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်စ်ဒေကွေးလျားကိုယ်တိုင် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နှင့် ၁၃ ရက်နေ့များတွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်သို့ သွားရောက်ပြီးအီရတ်သမ္မတ ဆက်ဒမ်ဟူစိန်နှင့် တွေ့ဆုံပြောဆိုမှုမှာ အောင်မြင်ခြင်း မရှိခဲ့ပေ။

ဤသို့ဖြင့် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အီရတ် – ကူဝိတ် ပင်လယ်ကွေ့ဒေသ၌ ရက်သတ္တပတ်ခုနစ်ပတ်ကြာ စစ်ခင်းတိုက်ခိုက်မှုများ စတင်ဖြစ်ပွားလာခဲ့သည်။ ဤပင်လယ်ကွေ့စစ်ပွဲတွင် အီရတ်တို့အား ကူဝိတ်မှ ထုတ်ပယ်ရေးအတွက် လူမျိုးပေါင်း ၃၄ မျိုးပါဝင်သော အပေါင်းပါ တပ်ဖွဲ့များက တိုက်ခိုက်ခဲ့ကြသည်။ စစ်ပွဲတွင် လေကြောင်းမှ တိုက်ခိုက်မှုများမှာ ပိုမိုများပြားခဲ့ရာ အပေါင်းပါလေတပ်ဖွဲ့များက အီရတ်နိုင်ငံအတွင်းရှိ စစ်ဘက်၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြား မဟာဗျူဟာမြောက် အဆောက်အအုံများကို

ဗုံးကြဲပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်။ ထိုအတောအတွင်း အီရတ်နိုင်ငံက ဆအူးဒီအာရေဗျနှင့် အစ္စရေးနိုင်ငံများ အတွင်းရှိ နေရာများကို မြေပြင်မှ မြေပြင်ပစ်စကာဒ် ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အီရတ်လေတပ်၏ တစ်စိတ်တစ်ဒေသသည် အီရန်နိုင်ငံသို့ တွက်ပြေးတိမ်းရှောင်ကာ ခိုလှုံနေခဲ့သည်။

၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ယင်းဒေသ၌ စစ်တိုက်ခိုက်မှုများ တိုးတက်ပြင်းထန် ကျယ်ပြန့်လာခြင်းအတွက် "အထူးဝမ်းနည်း ကြေကွဲ၍ စိုးရိမ်မိကြောင်း" ဖော်ပြပြီးနောက် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က ယင်းဒေသ၌ အလုံးအရင်း ကြီးမားလှသော တပ်ဖွဲ့များဖြင့် စစ်ထိုးတိုက်ခိုက်တော့မည့် အနေအထားဖြစ်ပေါ်နေကြောင်း လုံခြုံရေးကောင်စီတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အီရတ်နိုင်ငံက ကူဝိတ်မှဆုတ်ခွာရေး အပါအဝင် နိုင်ငံရေးဖြေရှင်းချက် တစ်ရပ် ရရှိရန်အလို့ငှာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၆၆၀ (၁၉၉၀) အခြေခံဖြင့် ဆောင်ရွက်ရန်အသင့်ရှိကြောင်း လုံခြုံရေးကောင်စီအား အကြောင်းကြားခဲ့သည်။ သို့သော် အီရတ်၏ အဆိုပြုချက်မှာ အခြားအချက်များနှင့် ချိတ်ဆက်ထားသဖြင့် ကူဝိတ်နှင့် အပေါင်းပါ နိုင်ငံများက လက်မခံကြပေ။

ထို့နောက် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အပေါင်းပါ တပ်များက မြေပြင်စစ်ဆင်ရေး တိုက်ခိုက်မှုများကို စတင်ပြုလုပ်ရာ ထောင်သောင်းမက များပြားလှသော တပ်ဖွဲ့များသည် ဆအူးဒီအာရေဗျနိုင်ငံတွင်းရှိ စခန်းများမှနေ၍ အီရတ်နှင့် ကူဝိတ်နိုင်ငံများအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကူဝိတ်မြို့မှာ လွတ်မြောက်လာခဲ့သည်။ ထိုနေ့မှာပင် အီရတ်နိုင်ငံက လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၆၆၀ နှင့် အခြားကောင်စီဆုံးဖြတ်ချက် ၁၁ ခုကို အပြည့်အဝလိုက်နာမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။ ထိုနေ့မှာပင် အီရတ်က ယင်း၏လက်နက်ကိုင်တပ်ဖွဲ့များအား ကူဝိတ်မှ ရုပ်သိမ်း ဆုတ်ခွာပြီး ဖြစ်ကြောင်း သတင်းပို ခဲ့သည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့သည် သန်းခေါင်အချိန်တွင် အပေါင်းပါတပ်ဖွဲ့များအား စစ်ဆင်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန် အမိန့်ထုတ်ပြန်လိုက်ကြောင်းအမေရိကန်နိုင်ငံက ကြေညာခဲ့သည်။

အပစ်အခတ်ရပ်စဲရေးစည်းကမ်းချက်များ – ၁၉၉၁ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၈၇ (၁၉၉၁)ကို ထောက်ခံမဲ ၁၂ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ကျူးဗား)၊ ကြားနေမဲနှစ်မဲ၊ (အက်ကွာဒေါနှင့်ယေမင်) ဖြင့် ချမှတ်ပြီးလျှင် ပါရှင်းပင်လယ်ကွေ့စစ်ပွဲ တရားဝင် အမြဲတမ်းအပစ်အခတ်ရပ်စဲရေးအတွက် စည်းကမ်းချက်များကို သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။ ဤသမိုင်းဝင်ဆုံးဖြတ်ချက်တွင် အပိုင်းကိုးပိုင်း ပါဝင်ရာ အီရတ်နိုင်ငံအနေဖြင့် –

- ကူဝိတ်နိုင်ငံနှင့် ချုပ်ဆိုထားသော ၁၉၆၃ ခုနှစ် နယ်နိမိတ် သဘောတူစာချုပ်ကို လက်ခံရန်၊
- ကူဝိတ်နိုင်ငံအားသိမ်းပိုက်ထားစဉ် ပြုလုပ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးရန်၊
- အီရတ်နှင့်ကူဝိတ် နှစ်နိုင်ငံအကြားရှိ နယ်နိမိတ်တစ်လျှောက် စစ်မဲ့ဇုန်ကို ကုလသမဂ္ဂအကဲခတ်အဖွဲ့ တစ်ဖွဲ့က စောင့်ကြပ်ကြည့်ရှုရန်၊

အစရှိသော ပြဋ္ဌာန်းချက်များလည်း ပါဝင်ပေသည်။

အထက်ပါ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အီရတ်နိုင်ငံက ၁၉၉၁ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် တရားဝင်လက်ခံပြီးလျှင် အီရတ်က ယင်းသို့လက်ခံကြောင်းကို လုံခြုံရေးကောင်စီဥက္ကဋ္ဌပေါလ်နော်တာဒိမ်း (ဗဲလ်ဂျီယမ်) က ၁၉၉၁ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တရားဝင် အသိအမှတ်ပြုခဲ့သည်။

နယ်ခြားစစ်မဲ့ဇုန်အကဲခတ်အဖွဲ့ – ယင်း၏ ဆုံးဖြတ်ချက်အမှတ် ၆၈၇ (၁၉၉၁) ကို အကောင်အထည်ဖော်ရာ၌ လုံခြုံရေးကောင်စီသည် ၁၉၉၁ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၆၈၉ (၁၉၉၁)ကို တညီတညွတ်တည်းချမှတ်ပြီးလျှင် အီရတ်–ကူဝိတ်နယ်ခြားတစ်လျှောက် သတ်မှတ်သော စစ်မဲ့ဇုန်ကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ကုလသမဂ္ဂအကဲခတ်အဖွဲ့(ယူနီကုမ်း)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အီရတ်၏လက်နက်များဖျက်သိမ်းရေးကော်မရှင် – ၁၉၉၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အဖွဲ့ဝင် ၂၁ ဦးပါဝင်သော အီရတ်နိုင်ငံဆိုင်ရာ လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းကော်မရှင်က ၁၉၉၁ ခုနှစ် မေလနှင့် ဇွန်လတို့တွင် ဓာတုဗေဒ၊ ပိုးမွှားနှင့် ဒျူကလီးယား အပါအဝင် အီရတ်နိုင်ငံ၏လက်နက်များ ဖွဲ့ပြောင်း ဖျက်ဆီးရေးအတွက် ကျွမ်းကျင်သူအဖွဲ့များကို အီရတ်နိုင်ငံသို့စေလွှတ်ခဲ့သည်။

လက်နက်ဖျက်ဆီးမှုကုန်ကျစရိတ်ကိစ္စ – ထိုနောက် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၆၈၇ (၁၉၉၁)အရ အီရတ်နိုင်ငံတွင်ဖျက်ဆီးရန်သတ်မှတ်ထားသောလက်နက်များကို ဖျက်ဆီးရေးကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်

စီက ၁၉၉၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၆၉၉ (၁၉၉၁)ကို တညီတညွတ်တည်းချမှတ်ပြီးလျှင် အထက်ဖော်ပြပါသတ်မှတ်ထားသော လက်နက်များကို ဖျက်ဆီးရာ၌ ကုန် ကျ စ ရိတ် အား လုံး ကို အီရတ်နိုင်ငံက ကျခံစေရန် ဆုံးဖြတ်လိုက်သည်။

ထို့အပြင် အထက်ဖော်ပြပါ နေ့ရက်မှာပင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၀၀ (၁၉၉၁)ကို ချမှတ်ပြီးလျှင် ဆုံးဖြတ်ချက်အမှတ် ၆၁၇ ပါ ပြဋ္ဌာန်း ချက်များအတိုင်း အီရတ်နိုင်ငံအား လက်နက်တင်သွင်းမှု တားဆီးပိတ်ပင်ရေးကို နိုင်ငံတကာအတိုင်းအတာအဖြစ် အကောင်အထည် ဖော်ရာ၌ လွယ် ကူ မှု ဖြစ် စေ မည့် လမ်းညွှန်ချက်များကို အတည်ပြုခဲ့သည်။ လက်နက်များ ပိတ်ပင်တားမြစ်မှုကို လုံခြုံရေးကောင်စီ၏ ပိတ်ပင်တား မြစ်မှုများဆိုင်ရာ ကော်မတီက စောင့်ကြပ်ကြည့်ရှုပြီး လုံခြုံရေးကောင်စီသို့ သုံးလတစ်ကြိမ် အစီရင်ခံတင်ပြရန် တာဝန်ပေးအပ်လိုက်သည်။

လျော်ကြေးရန်ပုံငွေဖန်တီးခြင်း – ၁၉၉၁ ခုနှစ် မေလ ၂၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၉၂ (၁၉၉၁)ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိနှင့် ကြားနေ ၁ မဲ(ကျူးဗား)ဖြင့် ချမှတ်ပြီးလျှင် ကူဝိတ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်မှုကြောင့် အီရတ် နိုင်ငံထံမှ လျော်ကြေး တောင်း ခံ မှု များ နှင့် ပတ်သက်၍ လျော်ကြေးပေးရန်အတွက် ရန်ပုံငွေတစ်ရပ် ကိုတည်ထောင်ဖန်တီးခဲ့သည်။ယင်းရန်ပုံငွေနှင့်အတူ ရန်ပုံငွေအား စီမံခန့်ခွဲရေးအတွက် ကုလသမဂ္ဂလျော်ကြေး ရန်ပုံငွေဟူသော အမည်ဖြင့် ကော်မရှင်အဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။

မေလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အီရတ်အနေဖြင့် ပေးရမည့်လျော်ကြေးသည် အီရတ်နိုင်ငံမှ တင်ပို့သည့်ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ နှစ်စဉ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းထက် မပိုသင့်ကြောင်း အကြံပြုပြောဆိုခဲ့သည်။

အီရတ်– ကူဝိတ် နယ်နိမိတ်ကိစ္စ– လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၆၁၇ အရ အီရတ်–ကူဝိတ်နယ်နိမိတ် သတ်မှတ်ရေးကော်မရှင်ကို ၁၉၉၁ ခုနှစ် မေလ ၁၇ ရက် နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းကော်မရှင်အဖွဲ့ဝင် များသည် ၁၉၉၁ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၁၈ ရက်နေ့ အထိ ကူဝိတ်မြို့နှင့် ဘဂ္ဂဒက်မြို့များသို့ သွားရောက်ပြီး နှစ်နိုင်ငံမှ သက်ဆိုင်ရာအရာရှိများနှင့် ကျွမ်းကျင်သူများကို တွေ့ဆုံခဲ့သည်။

အီရတ်နိုင်ငံမှ ဒုက္ခသည်များ ပြဿနာ – ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် တိုက်ခိုက်မှုများရပ်စဲပြီး နောက် အီရတ်နိုင်ငံတွင်း၌ မငြိမ်သက်မှုများနှင့် ပစ်ခတ် တိုက်ခိုက်မှုများ အနှံ့အပြား ဖြစ်ပွားပေါ် ပေါက်လာခဲ့ရာ ကာ့ဒ်လူမျိုးများပါဝင်သော အီရတ်နိုင်ငံသား ၁ ဒသမ ၅ သန်းခန့် အိမ်နီးချင်း တူရကီနှင့် အီရန်နိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ ဧပြီလ ၂ ရက်နေ့တွင် ဖော်ပြပါနှစ်နိုင်ငံသို့ ဝင်ရောက်ကြသည့် ကာ့ဒ်နှင့် ရှီယာဒုက္ခသည်ဦးရေများစွာ တိုးပွားလာသဖြင့် အထူး စိုးရိမ်မကင်း ဖြစ်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်က ထုတ်ဖော်ပြောကြားခဲ့ရာ ဧပြီလ ၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၈၈ (၁၉၉၁) ကို ထောက်ခံမဲ ၁၀ မဲ၊ ကန့်ကွက်မဲ ၃ မဲ၊ (ကျူးဗား၊ ယီမင်၊ ဇင်ဗာဗွေ)နှင့် ကြားနေမဲ ၂ မဲ(တရုတ်၊ အိန္ဒိယ)ဖြင့် ချမှတ်ပြီးလျှင် အီရတ်နိုင်ငံအနေဖြင့် အရပ်သူ အရပ်သားများ အထူးသဖြင့် ကာ့ဒ်လူမျိုးတို့နေထိုင်ရာ ဒေသများရှိ အရပ်သားများအား ဖိနှိပ်ခြင်းကို ချက်ချင်း ရပ်စဲရန် တောင်းခံလိုက်သည်။ ထို့အပြင် အပြည်ပြည် ဆိုင်ရာ လူမှုရေး အဖွဲ့အစည်းများအား အကူအညီ လိုအပ်သူများထံ သွားရောက်နိုင်ရေးကို ချက်ချင်း ခွင့်ပြု ရန်လည်း တောင်းဆိုလိုက်သည်။ အခြေအနေကို စုံစမ်း ရေးအတွက် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား မေတ္တာရပ်ခံလိုက် သည်။

အီရတ်၏ရေနံရောင်းခွင့်တောင်းခံခြင်းကိစ္စ – အီရတ်နိုင်ငံက အခြေခံကုန်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် လုံခြုံ ရေးကောင်စီ၏ စီးပွားရေးပိတ်ဆို့မှုကို တစ်စိတ်တစ်ဒေသ လျှော့ပေါ့ကာ ရေနံဒေါ်လာ ၉၂၄ ဒသမ ၅ သန်းဖိုး ရောင်းချခွင့်ပြုရန်၊ အီရတ်နိုင်ငံက လုံခြုံရေးကောင်စီအား ၁၉၉၁ ခုနှစ် ဧပြီလ တတိယ ရက်သတ္တပတ် အတွင်း၌ မေတ္တာရပ်ခံခဲ့သည်။ ထို့နောက် တစ်ဖန် အီရတ်နိုင်ငံက ဆေးဝါးနှင့် စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရေးအတွက် ရေနံဒေါ်လာသန်း ၁၅၀၀ ဖိုး ရောင်းချခွင့်ပြုရန် ဇူလိုင်လ ဒုတိယ ရက်သတ္တပတ်အတွင်း၌ ထပ်မံမေတ္တာရပ်ခံခဲ့ပြန် သည်။

ဤကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီက ၁၉၉၁ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ကျူးဗား)၊ ပျက်ကွက်မဲ ၁ မဲ (ယေမင်) ဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ကာ အီရတ်ရေနံများကို ဒေါ်လာ သန်း ၁၆၀၀ ဖိုးအထိ တစ်ကြိမ်ရောင်းချခွင့်ပြု ရန် ဆုံးဖြတ်လိုက်သည်။ ရောင်းရငွေမှ ၃၀ ရာခိုင်နှုန်းကို စစ်လျော်ကြေးပေးရန်အတွက် သီးသန့် ဖယ်ထားရန် ပြဋ္ဌာန်းခဲ့သည်။

ထို့နောက်တစ်ဖန် ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၉

ရက်နေ့တွင် လုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ကျူးဗား)နှင့် ပျက်ကွက်မဲ ၁ မဲ (ယေမင်)ဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ အီရတ်နိုင်ငံအား လာမည့်ခြောက်လတာကာလအတွင်း ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံဖိုးရှိ ရေနံမျှား ရောင်းချရန် ခွင့်ပြုပြီးလျှင် ရောင်းရငွေ၏ ၃၀ ရာခိုင်နှုန်းကို လျော်ကြေးပေးရေးအတွက် သုံးစွဲရမည်ဟု ပြဋ္ဌာန်းပေးလိုက်သည်။

ဒေသနှစ်ခု ကုလသမဂ္ဂစောင့်ရှောက်မှုမှ ပယ်ဖျက်ခြင်း– ပစိဖိတ်သမုဒ္ဒရာအတွင်း ကုလသမဂ္ဂကထိန်းသိမ်းစောင့်ရှောက်ထားသောမိုက်ကရိုနီးရှားဒေသနှင့် မာရှယ်ကျွန်းစုဒေသတို့သည် အစောင့်ရှောက်ခံဘဝမှ လွတ်မြောက်လိုသောဆန္ဒရှိကြရာ ဤကိစ္စကို လုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စဉ်းစားဆွေးနွေးပြီး ယင်းဒေသနှစ်ခုအား ကုလသမဂ္ဂအစောင့်ရှောက်ခံ နယ်ပယ်အဖြစ် ၄၃ နှစ်ကြာ သတ်မှတ်ခဲ့ခြင်းကို ပယ်ဖျက်ကြောင်း မဲခွဲဆုံးဖြတ်လိုက်သည်။ လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံအနက် ကျူးဗားတစ်နိုင်ငံတည်းက ကန့်ကွက်မဲ ပေးခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ ကုလသမဂ္ဂ ဝင်ခွင့်ပြုရေးကိစ္စ– ကိုရီးယား သမ္မတနိုင်ငံ(တောင်ကိုရီးယား)နှင့် ဒီမိုကရက်တစ်ကိုရီးယားပြည်သူသမ္မတနိုင်ငံ(မြောက်ကိုရီးယား) တို့က ကုလသမဂ္ဂအဖွဲ့ကြီးသို့ အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရှိလိုကြသည့်အလျောက် ယင်းနှစ်နိုင်ငံတို့အား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအဖြစ် လက်ခံရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၁ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အတည်ပြုလိုက်သည်။ ယင်းနှစ်နိုင်ငံ ပြည်သူနှင့် အစိုးရများ၏ ဆန္ဒများမှာ တူညီလျက်ရှိကြောင်း လုံခြုံရေးကောင်စီဥက္ကဋ္ဌက သူ၏ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ – ဤ အဖွဲ့အစည်း၏ ၁၉၉၁ ခုနှစ်ဆိုင်ရာ အစည်းအဝေးကို သုံးပိုင်းခွဲ၍ ကျင်းပရာ ပထမပိုင်းအစည်းအဝေးကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ မတ်လ ၂၈ ရက်နေ့အထိ ဂျနီဗာမြို့၌ ကျင်းပခဲ့သည်။ ဤညီလာခံ၌ ယခင်က နိုင်ငံ ၄၀ ပါဝင်သော်လည်း ဂျာမန်နှစ်နိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းလိုက်သဖြင့် ညီလာခံသို့ ပါဝင်တက်ရောက်သည့် နိုင်ငံအရေအတွက်မှာ ၃၉ နိုင်ငံဖြစ်သွားသည်။ ယင်းနိုင်ငံများမှာ နျူကလီးယားလက်နက်နိုင်ငံငါးနိုင်ငံ(တရုတ်၊ ပြင်သစ်၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်နှင့် ဗြိတိန်)နှင့် နျူကလီးယားလက်နက်နိုင်ငံ မဟုတ်သော ၃၄ နိုင်ငံတို့ ဖြစ်ကြသည်။

ဤအစည်းအဝေးတွင် ဓာတုဗေဒ လက်နက်များ၊ ရေဒီယိုဓာတ် လက်နက်များ၊ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု တားမြစ်ပိတ်ပင်ရေး၊ အာကာသတွင် လက်နက် ပြိုင်ဆိုင်မှုတားမြစ်ရေး စသည်တို့နှင့်ပတ်သက်သော လုပ်ငန်းကော်မတီများကို ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ဤညီလာခံ၏ ၁၉၉၁ ခုနှစ်အစည်းအဝေး၏ ဒုတိယပိုင်းကို မေလ ၁၄ ရက်မှ ဇွန်လ ၂၇ ရက်နေ့အထိ လည်းကောင်း၊ တတိယပိုင်းကို ဇူလိုင်လ ၂၃ ရက်မှ စက်တင်ဘာလ ၄ ရက်နေ့အထိလည်းကောင်း ကျင်းပရန် သတ်မှတ်ခဲ့သည်။

လက်နက်ဖျက်သိမ်းရေး ကော်မရှင်အစည်းအဝေး–ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေး ကော်မရှင်၏ ၁၉၉၁ ခုနှစ်ဆိုင်ရာ ညီလာခံအစည်းအဝေးကို နယူးယောက်မြို့တွင် ၁၉၉၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှ မေလ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဤအစည်းအဝေးက စဉ်းစားဆွေးနွေးရန် အစီအစဉ်၌ အောက်ပါအကြောင်းအရာသစ် သုံးခု တိုးပွားလာခဲ့သည်။

(၁) လက်နက် ဖျက်သိမ်းရေးတွင် ဒေသအလိုက် ပြုလုပ်ရေး၊

(၂) အပြည်ပြည်ဆိုင်ရာ လုံခြုံရေး အခြေအနေအရပ်ဝန်းကျင်နှင့် နည်းပညာ၏ အခန်းကဏ္ဍ၊

(၃) နျူကလီးယားလက်နက်များ သုတ်သင် ရှင်းလင်းပစ်ရေးအတွက် အ ပြည် ပြည် ဆိုင် ရာ ငြိမ်း ချမ်း ရေး နှင့် လုံခြုံရေးဘောင်အတွင်း နျူ က လီး ယား လက် နက် ဖျက်သိမ်းရေး လုပ်ငန်းစဉ်။

အရေးကြီးသော အစည်းအဝေး အစီအစဉ်များကို ကိုင်တွယ် လုပ်ဆောင်ရန်အတွက် ကော်မရှင်အဖွဲ့ကြီးက လုပ်ငန်းကော်မတီလေးခုကို ဖွဲ့စည်း တည်ထောင်ခဲ့သည်။

၁၉၆၃ ခုနှစ် နျူကလီးယားလက်နက်များ လေထု၊ အာကာသနှင့် ရေအောက်တွင် စမ်းသပ် ဖောက်ခွဲမှုများ တားမြစ်ပိတ်ပင်သည့် စာချုပ်ပြင်ဆင်ရေး ညီလာခံ

၁၉၉၁ ခုနှစ် ဇန် နဝါ ရီ လ တွင် ၁၉၆၃ ခုနှစ် နျူကလီးယားလက်နက်များ လေထု၊ အာကာသနှင့် ရေအောက်၌ စမ်းသပ်ဖောက်ခွဲမှုများ တားမြစ် ပိတ်ပင်သည့် စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံများ၏ ရက်သတ္တ နှစ်ပတ်ကြာ ညီလာခံ တစ်ရပ်ကို နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပခဲ့ကြသည်။ (ဖော်ပြပါစာချုပ်ကို "စမ်းသပ် ဖောက်ခွဲမှု

တစ်စိတ်တစ်ဒေသ တားမြစ်ပိတ်ပင်သည့် စာချုပ်”ဟု ခေါ်စမှတ် ပြုကြသည်။) ယင်းညီလာခံက မြေအောက်၌ ပြုလုပ်သည့် နျူကလီးယား စမ်းသပ် ဖောက်ခဲ့မှုများကိုလည်း တားမြစ်ပိတ်ပင်ကာ ၁၉၆၃ ခုနှစ် စာချုပ်ကို အာဘက်ဘက်ပြည့်စုံသော စမ်းသပ်ဖောက်ခဲ့မှု တားမြစ်ပိတ်ပင်ရေး စာချုပ်အဖြစ်သို့ ပြုပြင် ပြောင်းလဲရေး ကိစ္စကို စဉ်းစား ဆွေးနွေးခဲ့သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲရေး အဆို ပြုချက်ကို အတည်မပြုမီ နောက်ထပ် လုပ်ကိုင်ဆောင် ရွက်ရန် လိုအပ်သေးသည်ဟူ၍ ညီလာခံက ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထောက်ခံမဲ ၃၄ မဲ၊ ကန့်ကွက်မဲ ၂ မဲ (ဗြိတိန်နှင့် အမေရိကန်)နှင့် ကြားနေ မဲ ၁၉ မဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ညီလာခံက ယင်း၏ သဘာပတိအား ၁၉၆၃ ခုနှစ် စာချုပ်နှင့် ပတ်သက်၍ နောက်ထပ် နှီးနှောဆွေးနွေးမှုများ ပြုလုပ်ပြီး ညီလာခံကို “သင့်တင့်လျောက်ပတ်သည့် အချိန်”၌ ဆက်လက်ကျင်းပရန် မေတ္တာရပ်ခံလိုက်သည်။

စမ်းသပ်ဖောက်ခဲ့မှု တစ်စိတ်တစ်ဒေသ တားမြစ် ပိတ်ပင်ရေးစာချုပ်ကို ၁၉၆၃ ခုနှစ် ဩဂုတ်လ ၅ ရက် နေ့တွင် ချုပ်ဆိုခဲ့ရာ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက် နေ့တွင် လက်မှတ်ရေးထိုးသော နိုင်ငံပေါင်း ၁၁၇ နိုင်ငံ ရှိပြီဖြစ်သည်။ နျူကလီးယားလက်နက်နိုင်ငံ နှစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နှင့် တရုတ်တို့သည် လက်မှတ်မထိုး သေးသော နိုင်ငံများတွင် ပါဝင်သည်။ နျူကလီးယား လက်နက်နိုင်ငံ ငါးနိုင်ငံလုံးက နျူကလီးယား စမ်းသပ် ဖောက်ခဲ့မှုများ ပြုလုပ်ခဲ့ကြသည်။

၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ

ညီလာခံ စတင်ဖွင့်လှစ်ခြင်း – ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၄၆ ကြိမ်မြောက် အထွေထွေညီလာခံ အစည်းအဝေးကို ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင် ဖွင့်လှစ်ကျင်းပရာ၊ အဖွဲ့ဝင်နိုင်ငံများက ၄၅ ကြိမ်မြောက် အထွေထွေညီလာခံ သ ဘာ ပ တိ မော်လတာနိုင်ငံမှ ပါမောက္ခ ဂိုဒ်ဒိဒီမာကို၏ နေရာတွင် ၄၆ ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိအဖြစ် ဆအူးဒီအာရေဗျ နိုင် ငံ ၏ သံအမတ်ကြီး ရှီဟာဘီအား ရွေးချယ် တင်မြှောက်လိုက်ကြသည်။

၄၆ ကြိမ်မြောက် အထွေထွေညီလာခံက ညီလာခံ အစည်းအဝေးများအတွက် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အပါအဝင် အလှည့်ကျသဘာပတိ ၂၁ ဦး ရွေးချယ် တင်မြှောက်ခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံသစ် ခုနစ်နိုင်ငံတိုးလာခြင်း

၄၆ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ကိုရီးယား သမ္မတနိုင်ငံ (တောင်ကိုရီးယား)၊ ဒီ မို က ရက် တစ် ကိုရီးယား ပြည်သူသမ္မတနိုင်ငံ (မြောက်ကိုရီးယား)၊ အက်စတိုးနီးယား သမ္မတနိုင်ငံ၊ လတ်ဗီးယား သမ္မတနိုင်ငံ၊ လစ်သူယေးနီးယား သမ္မတနိုင်ငံ၊ မိုက် က ရို နီး ရှား ပြည်ထောင်စုနိုင်ငံနှင့် မာရှယ်ကျွန်း သမ္မတနိုင်ငံဟူသည့် ခုနစ်နိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအဖြစ် ဝင်ခွင့်ပြုလိုက်ရာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဦးရေမှာ ၁၆၆ နိုင်ငံသို့ တိုးပွားလာခဲ့သည်။

ညီလာခံအစည်းအဝေး အစီအစဉ်

အထွေထွေညီလာခံ အဖည်းအဝေး အစီအစဉ်၌ ဆောင်ရွက်ရန် အကြောင်းအရာ ၁၄၁ ခု ပါဝင်သည်။

ညီလာခံကြီးတွင် အဖွဲ့ဝင် နိုင် ငံ အ သီး သီး က မျက်မှောက် ကမ္ဘာ့ရေးရာ ပြဿနာများနှင့် ပတ်သက်၍ ယင်းတို့၏ ယုံကြည်ယူဆချက်များကို တင်ပြဆွေးနွေး ပြောဆိုကြသည်။ အစီအစဉ်ကို ၁၉၉၁ ခုနှစ် စက်တင်ဘာ လ ၂၃ ရက်နေ့တွင်စတင်ပြုလုပ်ခဲ့ရာမြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်က အောက်တိုဘာလ ၄ ရက်နေ့နံနက်တွင် မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းမိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင်က ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံသစ်များအား ကြိုဆို ကြောင်း ပြောကြားပြီး မျက်မှောက်ကာလ နိုင်ငံတကာ ရေးရာပြဿနာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ရပ်တည် ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့အပြင် မြန်မာ နိုင်ငံ၏ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကြိုးပမ်းမှုများ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ် နှင့်ဒီမိုကရေစီ ထွန်းကားရေးအတွက် ဆောင်ရွက်ချက် များ၊ မြန်မာနိုင်ငံအနေဖြင့် အခြေခံလူ့အခွင့်အ ရေး များကို ကာကွယ်မြှင့်တင်ရာ၌ ကုလသမဂ္ဂ ပဋိညာဉ် စာချုပ်ပါ အခြေခံမူနှင့် ပြဋ္ဌာန်းချက်များနှင့် အညီ အစွမ်းကုန် ဆောင်ရွက်လျက်ရှိပုံများကို ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆောင်ရွက်ချက်များ

လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံသစ် ငါးနိုင်ငံ ရွေးချယ် တင်မြှောက်ခြင်း

၄၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး က ယခုနှစ်တွင် အမြဲတမ်းမဟုတ်သောလုံခြုံရေးကောင်စီ အဖွဲ့ဝင်များအဖြစ် နှစ်နှစ်သက်တမ်းစေ့သဖြင့် နုတ်ထွက် မည့် အိုင်ဗရီကိုစ်နိုင်ငံ၊ ယေမင်နိုင်ငံ၊ ဇိုင်ယာနိုင်ငံ၊

ရှမေးနီးယားနိုင်ငံနှင့် ကျူးဗားနိုင်ငံတို့၏ နေရာတွင် ကိပ်ဗာဒီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မော်ရေ့ကိုနိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့အား အစားထိုးရွေးချယ်တင်မြှောက်လိုက်သည်။

ကမ္ဘောဒီးယားပြဿနာဖြရှင်းရေး

ဤအရေးတွင် ၁၉၉၁ ခုနှစ် မေလ ၁ ရက်နေ့မှစတင်မည့် ယာယီ အပစ်အခတ်ရပ်စဲရေး အစီအစဉ်တစ်ရပ်ကို ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စုများက ၁၉၉၁ ခုနှစ် ပြီလ ၂၃ ရက်နေ့တွင် လက်ခံခဲ့ကြပြီးနောက် ယင်းအုပ်စုများ၏ ဆွေးနွေးပွဲများကို ဇွန်လ ၂ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ လည်းကောင်း၊ ဇွန်လ ၂၅ ရက်နေ့တွင် ထိုင်းနိုင်ငံပတ်တာရာအပန်းဖြေစခန်း၌ လည်းကောင်း၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် တရုတ်ပြည် ပီကင်းမြို့၌လည်းကောင်း၊ သြဂုတ်လ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ပတ်တာရာ အပန်းဖြေစခန်း၌ လည်းကောင်း၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပါရီမြို့၌လည်းကောင်း အဆက်ဆက်ကျင်းပခဲ့ရာ၊ ဤအစည်းအဝေးများ၌ ယင်းပြိုင်ဘက်အုပ်စုများအနေဖြင့် အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံခြားစစ်ရေး အကူအညီရယူမှုမျှားရပ်ဆိုင်းရေး၊ စစ်တပ်များအား ၇၀ ရာခိုင်နှုန်း စီအသီးသီး လျှော့ချပြီး ကျန်ရှိသည့် တပ်ဖွဲ့များအား ကုလသမဂ္ဂကြီးကြပ်မှု အောက်တွင် ထားရှိရေးတို့ကို သဘောတူညီခဲ့ကြရာ၊ လုံခြုံရေးကောင်စီက ကမ္ဘောဒီးယား အစိုးရတပ်များနှင့် ပြောက်ကျား အုပ်စုများ အကြား အပစ်အခတ်ရပ်စဲမှုကို ကြီးကြပ်ရေးအတွက် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ စေလွှတ်ရေးကို ၁၉၉၁ ခုနှစ် အောက်တိုဘာလ တတိယရက်သတ္တပတ်အတွင်း၌ အတည်ပြုလိုက်သည်။

ဆိုက်ပရပ်ပြဿနာဖြရှင်းရေး

ဤပြဿနာနှင့်ပတ်သက်၍ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ဒုတိယရက်သတ္တပတ် စောစောပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်ရပ် တင်ပြခဲ့သည်။ ဤပြဿနာ ဖြေရှင်းရေးတွင် နှစ်ခြမ်းကွဲဆိုက်ပရပ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို ဖယ်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ပြုလုပ်ကြရန် သဘောတူထားပြီးဖြစ်ရာ၊ တူရကီနွယ်ဖွား ဆိုက်ပရပ်ခေါင်းဆောင်က တင်ပြလာသော သဘောထားသည် ဖော်ပြပါမူနှင့် ဝိရောဓိဖြစ်နေကြောင်း အတွင်းရေးမှူးချုပ်က တင်ပြခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း အတည်ပြုချမှတ်ပြီးလျှင် ဆိုက်ပရပ်ပြဿနာတွင် ပါဝင်ပတ်သက်သူများ အနေဖြင့် ဆွေးနွေးညှိနှိုင်းရေးအတွက် အခြေခံမူသစ်များ တင်ပြခြင်းမပြုကြရန် တိုက်တွန်းလိုက်သည်။

ယူဂိုစလပ်အခြေအနေ

ယူဂိုစလပ် ပြည်ထောင်စုတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများအကြောင်းကို လုံခြုံရေးကောင်စီက ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဆွေးနွေး ခဲ့သော်လည်း သြစတြေးလျှနှင့် ကနေဒါနိုင်ငံတို့က တင်ပြခဲ့သည့်အတိုင်း ယင်းနိုင်ငံသို့ ကုလသမဂ္ဂငြိမ်းချမ်းမှုနှင့် ထိန်းသိမ်းရေးတပ်ဖွဲ့များ စေလွှတ်ရေးကိုမူ လုံခြုံရေးကောင်စီက စဉ်းစားခြင်းမပြုခဲ့ပေ။ ယူဂိုစလပ်အခြေအနေသည် ဆိုးဝါးနေ၍ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးလာစရာရှိကြောင်း ကနေဒါနိုင်ငံကတင်ပြခဲ့သည်။

လုံခြုံရေးကောင်စီသည် ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ထောက်ခံမဲ ၁၅ မဲ၊ ကန့်ကွက်မဲ–မရှိဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ကာ ယူဂိုစလားဗီးယားနိုင်ငံ၌ တိုက်ခိုက်နေကြသော အုပ်စုအသီးသီးထံသို့ လက်နက်များတင်ပို့မှုကို နိုင်ငံတကာအတိုင်းအတာဖြင့် ပိတ်ပင်တားဆီးရန် ပြဋ္ဌာန်းလိုက်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ဘဏ္ဍာရေးအခြေအနေ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်စ်ဒေကွေးလျား၏ ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၆ ရက် နေ့စွဲပါ နှစ်ပတ်လည်အစီရင်ခံစာ၌ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဘဏ္ဍာရေး အကျပ်အတည်းမှာ မပြီးဆုံးသေးကြောင်း၊ အစီရင်ခံစာကို ရေးသားသည့်အချိန်၌ ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်သို့ပေးသွင်းရန် ထည့်ဝင်ကြေးကြွေးကျန်များမှာ ဒေါ်လာ ၁၀,၉၄,၄၅,၀၁၅ (ဒေါ်လာ ရှစ်ရာကိုးသန်းခွဲခန့်) ရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ၄၉ နိုင်ငံတို့ကသာ အပြည့်အဝ ပေးသွင်းကြပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် ခွဲဝေချထားငွေများအနက် အစိုးရများက မပေးရသေးသော ငွေစုစုပေါင်းမှာ ဒေါ်လာ ၄၁,၆၉,၉၄,၆၁၁ (ဒေါ်လာ ၄၁၇ သန်းခန့်) ရှိကြောင်းတင်ပြထားသည်။

၄၆ ကြိမ်မြောက် ကုလသမဂ္ဂညီလာခံကြီးသို့ ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၉၂–၉၃ ခုနှစ် အသုံးစရိတ်အတွက် အမေရိကန် ဒေါ်လာ ၅,၀၄၃ ဒသမ ၆ သန်း အဆိုပြုတင်ပြထားသည်။

တက္ကသိုလ် သက်ပန်

ကုလသမဂ္ဂပြန်ကြားရေးဌာန(ယူအင်အိုင်စီ)။ ။ ကုလသမဂ္ဂ ပြန်ကြားရေးဌာနသည် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရုံး (Secretariat) လက်အောက်ခံ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယခုအခါ ကမ္ဘာ အနှံ့အပြားတွင် ကုလသမဂ္ဂ ပြန်ကြားရေးဌာန (UN Information Centres) ပေါင်း ၆၇ ခု ရှိသည်။ ယင်းဌာနများကို နယူးယောက်ရှိ လူထုပြန်ကြားရေးဌာနမှ ကြီးကြပ်အုပ်ချုပ်လျက် ရှိသည်။

ကုလသမဂ္ဂ ပြန်ကြားရေးဌာနသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လူသား အကျိုး ဆောင်ရွက်သည့် ကိစ္စအဝဝကို အများပြည်သူများ သိရှိစေရန် စာရွက် စာတမ်းများ၊ စာအုပ်များ၊ သတင်းလွှာများ၊ ပိုစတာများ ဖြန့်ဖြူး၍ လည်းကောင်း၊ ရုပ်ရှင်များ ပြသ၍လည်းကောင်း၊ ရေဒီယိုမှ အသံလွှင့်၍လည်းကောင်း သတင်းများ ဖြန့်ဖြူးလျက် ရှိသည်။

လူထု ပြန်ကြားရေးဌာနသည် ကုလသမဂ္ဂ ရေဒီယို အစီအစဉ်ကို ဘာသာ ၁၈ မျိုးဖြင့် ထုတ်လွှင့်လျက် ရှိသည်။ ယင်းအစီအစဉ်များမှ ကောင်းနိုးထရာ ရေဒီယို အစီအစဉ်များကို နိုင်ငံပေါင်း ၁၆၇ ရှိ အသံလွှင့်ဌာန ပေါင်း ၃၀၀၀ ခန့်သို့ ပေးပို့လျက် ရှိသည်။

ဒီပီအိုင်ခေါ် လူထုပြန်ကြားရေးဌာနသည် ကုလသမဂ္ဂ သတင်းများကို သတင်းဌာန ၉၀ ကျော်သို့ နေ့စဉ်ပေးပို့လျက် ရှိသည်။ UN In Action အမည်ရှိ တီဗွီအစီအစဉ်ကိုဘာသာငါးမျိုးဖြင့် CNN(Cable News Network) မှ ထုတ်လွှင့်လျက်ရှိရာ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဖမ်းယူ ကြည့်ရှု နားဆင်နိုင်ကြသည်။ ထို့ပြင် World Chronicle အမည်ရှိ မိနစ် ၃၀ ရုပ်မြင်သံကြား အစီအစဉ်ကိုလည်း ထုတ်လွှင့်လျက်ရှိသည်။ လူထုပြန်ကြားရေးဌာန ရုပ်မြင်သံကြားဌာနခွဲသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစည်းအဝေးများ၊ အထွေထွေညီလာခံများနှင့် အခြား အစည်းအဝေးများကို ရိုက်ကူးမှတ်တမ်းတင်လျက် ရှိသည်။ ရိုက်ကူးပြီး အခွေများကို ကူး၍ ကုလသမဂ္ဂ ပြန်ကြားရေးဌာန စာကြည့်တိုက်များသို့ ဖြန့်ဖြူးသည်။

ရုပ်မြင်သံကြားရိုက်ကူးခြင်းကို ကုလသမဂ္ဂဌာနချုပ်သာမက ကုလသမဂ္ဂ၏ အခြားအဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့အစည်း (ICAO)၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)၊ ယူနီဆက် (UNICEF) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP)တို့ကလည်း ယင်းတို့၏ လုပ်ဆောင်ချက်များကို ဗွီဒီယိုရိုက်ကူး၍ အခွေများကို ပြန်ကြားရေး

ကုလသမဂ္ဂပြန်ကြားရေး စာကြည့်တိုက်



ဌာနများမှတစ်ဆင့် ဌာနဆိုင်ရာများ၊ ကျောင်းများ၊ တက္ကသိုလ်များသို့ ဖြန့်ဖြူးသည်။

ကမ္ဘာ့ဒေသ ပထဝီဝင်အနေအထားနှင့် လူအမျိုးမျိုး ယဉ်ကျေးမှုအထွေထွေကဲ့ပြားခြင်းကြောင့်လည်းကောင်း၊ ဘဏ္ဍာရေး အခက်အခဲများကြောင့်လည်းကောင်း၊ ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်သတင်းများကို ဖြန့်ဖြူးရာတွင် အခက်အခဲရှိခဲ့သည်။

ကမ္ဘာ အနှံ့အပြားရှိ ကုလသမဂ္ဂ ပြန်ကြားရေးဌာနများသည် ကုလသမဂ္ဂ၏အဓိက သတင်းထုတ်လွှင့်ဖြန့်ဖြူးသည့်ဌာနများ ဖြစ်သည်။ ယင်းဌာနများကို ညွှန်ကြားရေးမှူးတစ်ဦးက ဦးဆောင်ကြီးကြပ်သည်။ ညွှန်ကြားရေးမှူး မရှိသော နိုင်ငံများတွင် ယူအင်ဒီပီ ဌာနေကိုယ်စားလှယ်က ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ယာယီ ညွှန်ကြားရေးမှူးအဖြစ် တဲ့ဖက် တာဝန် ထမ်း ဆောင်သည်။ မြန်မာနိုင်ငံတွင်လည်း ညွှန်ကြားရေးမှူး သီးခြား ခန့်ထားခြင်း မရှိသည့်အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်မှ ဌာနေကိုယ်စားလှယ်က ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူသည်။ ကမ္ဘာတစ်ဝန်း၌ ယူနစ်(ယူအင်အိုင်စီ) ၆၇ ဌာန ရှိသည့်အနက် ၂၂ ဌာနသည် ယူအင်ဒီပီ၏ ကြီးကြပ်မှုအောက်တွင် ရှိနေပေသည်။

ကုလသမဂ္ဂ ပြန်ကြားရေးဌာန၏ ညွှန်ကြားရေးမှူး သီးခြားရှိသော ဒေသများတွင် ယူနစ် ညွှန်ကြားရေးမှူးသည် ယူအင်ဒီပီနှင့် သာမက အခြားအခြားသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည်။

ကုလသမဂ္ဂနေ့၊ ကမ္ဘာ့ ကျန်းမာရေးနေ့၊ မူးယစ်ဆေးဝါး တိုက်ဖျက်သည့်နေ့၊ သဘာဝ ပတ်ဝန်းကျင်နေ့၊ ကမ္ဘာ့အမျိုးသမီးနေ့ စသော ထူးခြားသည့်နေ့များတွင် ကုလသမဂ္ဂ ပြန်ကြားရေးဌာနသည် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီကာတွန်းပြိုင်ပွဲများ၊ ပြပွဲများ ပြုလုပ်လေ့ ရှိသည်။

ကုလသမဂ္ဂ လူထုပြန်ကြားရေးဌာနမှ နှစ်စဉ် စာအုပ်အမျိုးပေါင်း ၃၀၀ ခန့်ကို ထုတ်ဝေပြီး အခြားကို ဖြန့်ဖြူးပြီး ရောင်းချရာ နှစ်စဉ် ဒေါ်လာ ငါးသန်းခန့် ရရှိခဲ့သည်။ ကုလသမဂ္ဂဌာနချုပ်တွင် ဒက်ဟားမားရှိုးလ် စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ကုလသမဂ္ဂနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများ၊ စာအုပ်များ၊ မြေပုံများနှင့် အခြားစိတ်ဝင်စားဖွယ်ရာမဂ္ဂဇင်း ဂျာနယ်များကို ထားရှိသည်။ ယင်း စာကြည့်တိုက်တွင် နှစ်စဉ် စာရွက်စာတမ်းပေါင်း ၁,၃၀,၀၀၀ ခန့် ထပ်မံ ဖြည့်ဆည်းပေးလျက် ရှိသည်။ အခြား ထင်ရှားသော ကုလသမဂ္ဂ စာကြည့်တိုက်များမှာ အီသီအိုးပီးယား၊ အီရတ်၊ ထိုင်း၊ ဆွစ်ဇာလန်၊ ကင်ညာ၊ ချီလီနှင့် ဩစတြီးယားနိုင်ငံများတွင် ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ကုလသမဂ္ဂပြန်ကြားရေးဌာန၏စာကြည့်တိုက်ကို ရန်ကုန်မြို့၊ အမှတ်(၆) နတ်မောက်လမ်းတွင် ဖွင့်လှစ်ထားရှိသည်။ စာကြည့်တိုက်သို့ တက္ကသိုလ် ကျောင်းသားများ၊ ဆရာ ဆရာမများ၊ သုတေသီများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက် ဖတ်ရှု လေ့လာခြင်း၊ အချို့သော စာအုပ်များကို ငှားရမ်းခြင်း စသည်များကို ဆောင်ရွက်ပေးလျက် ရှိသည်။


ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်ဒီပီ)။ ။ ယူအင်ဒီပီသည် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယူအင်ဒီပီကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၁၀၇ (၄) အရ ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအချိန်က Expanded Programme of Technical Assistance (EPTA) ဟူသောအမည်ဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၏ အဓိကရည်မှန်းချက်မှာ ခေတ်မီ တိုးတက်သော နည်းပညာများ၊ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ကူညီ ထောက်ပံ့ပေးရန် ဖြစ်သည်။

EPTA အစီအစဉ်တွင် ကုလသမဂ္ဂအေဂျင်စီကိုးခုဖြစ်သော ILO,FAO,UNESCO, WHO, ICAO, ITU WMO, UPU နှင့် IAEA အဖွဲ့အစည်းများလည်းပါဝင်၍ ဖွံ့ဖြိုးမှုအစီအစဉ်များကို အကောင်အထည် ဖော်ခဲ့ကြသည်။

EPTA နှင့် Special Fund ခေါ် အထူးအစီအစဉ် အကူအညီနှစ်မျိုးကို ပေါင်းစပ်ပြီး ၁၉၆၆ ခုနှစ်တွင် ယူအင်ဒီပီဟူ၍ ပေါ်ပေါက်လာခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် ယခုအခါ နိုင်ငံပေါင်း ၁၅၃ နိုင်ငံတွင် စီမံချက်ပေါင်း ၆,၉၀၀ ကို အကောင်အထည်ဖော်နိုင်ရန် ကူညီထောက်ပံ့လျက်ရှိသည်။

စင်စစ်အားဖြင့် ယူအင်ဒီပီသည် စီမံကိန်းရေးဆွဲခြင်း၊ အစိုးရများနှင့်ညှိနှိုင်းခြင်း၊ ငွေကြေးနှင့် နည်းပညာအကူအညီပေးခြင်း စသည်များကို တာဝန်ယူလုပ်ဆောင်နေသော ကုလသမဂ္ဂအဖွဲ့ကြီး၏ အချက်အချာကျသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် စီမံချက်များရေးဆွဲ၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်တွင်



နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော်နှင့် ယူအင်ဒီပီဌာနေကိုယ်စားလှယ် မစ္စတာ ဂတ်မယ်ရမ်တို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံချက်ကို လက်မှတ်ရေးထိုးကြစဉ်

ယူအင်ဒီပီ၏ အနှစ် ၄၀ မြောက်အခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ ထိုအနှစ် ၄၀ အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများနှင့်ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှု စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် သန်းပေါင်းများစွာသော လူများကို အကျိုးပြုနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် စောစောပိုင်းနှစ်များက **UNDP, UNICEF** နှင့် **WHO** စုစုပေါင်း၏ နှစ်စဉ်အကူအညီမှာ အမေရိကန်ဒေါ်လာ ၃,၇၀၀ မျှသာရှိခဲ့သည်။ ယခုအခါ နှစ်စဉ် အကူအညီမှာ ဒေါ်လာ ၂၀ သန်းအထိ တိုးတက်ခဲ့သည်။

ကုလသမဂ္ဂ စနစ်ကြီးတစ်ခုလုံးတွင် ယူအင်ဒီပီသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အဓိကအကူအညီပေးသော ဗဟို အဖွဲ့အစည်းတစ်ခု ဖြစ်ပေသည်။ ယူအင်ဒီပီ ရန်ပုံငွေအတွက် စေတနာရှင်များက ထည့်ဝင်ငွေပေါင်းဒေါ်လာ သန်းတစ်ထောင်ကျော်ကို နှစ်စဉ်ရရှိခဲ့သည်။

၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ယူအင်ဒီပီအုပ်ချုပ်မှုကောင်စီသည် မြန်မာနိုင်ငံ၏ ငါးနှစ်ဖွံ့ဖြိုးမှု အစီအစဉ် (၁၉၇၇ မှ ၁၉၉၁ ထိ)အတွက် အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၅၄၄ သန်းကို ခွင့်ပြုခဲ့သည်။ ဖော်ပြပါအစီအစဉ်အရ စီးပွားရေး၊ လူမှုရေးစီမံချက် ၆၁ ခုကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ခဲ့သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုရေးအဆင့်အတန်း မြင့်မားစေရန်ရည်ရွယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ယူအင်ဒီပီ တို့သည် ၁၉၉၁ ခုနှစ် ဇူလိုင်လအတွင်းက စီမံချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နှစ်ကြာ အကောင်အထည်ဖော်ရမည့် စီမံချက်တစ်ခုမှာ (Border Areas Community Development Project) နယ်စပ်ဒေသ လူမှုအဖွဲ့အစည်းတိုးတက် ဖွံ့ဖြိုးရေးစီမံချက် ဖြစ်သည်။ ထိုစီမံချက်ကို ရှမ်းပြည်နယ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ကော်မတီက အကောင်အထည်ဖော်မည်ဖြစ်ပြီး ယူအင်ဒီပီ၏ မူလထောက်ပံ့ကူညီမှုမှာ ဒေါ်လာ ၆,၇၂,၀၃၀ ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရမှ ငွေကျပ် ၂၀,၆၄,၅၀၀ ခန့်ရှိ ပစ္စည်းများထည့်ဝင်မည်ဖြစ်သည်။ ယင်းစီမံချက်အရ နယ်စပ်ဒေသကျေးရွာများတွင် စီမံချက် ၂၀ ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံ တိုင်းရင်းသားများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးကဏ္ဍများတွင် အသေးစားလုပ်ငန်းများ လုပ်ကိုင်လာနိုင်စေရန် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ နည်းပညာစက်ကိရိယာ အကူအညီများပေးမည် ဖြစ်သည်။

အခြားစီမံချက်တစ်ခုမှာ ၁၈ လကြာ အကောင်အထည်ဖော်ရမည့် (Border Areas Integrated

Agricultural Development Project) နယ် စပ် ဒေသဘက်စုံစိုက်ပျိုးရေးဖွံ့ဖြိုးမှု စီမံချက်ဖြစ်သည်။ ယင်း စီမံချက်ကို FAO နှင့် လယ်ယာနှင့် သစ်တောဝန်ကြီး ဌာနတို့ စုပေါင်းအကောင်အထည်ဖော်ကြမည် ဖြစ်သည်။ ယူ အင် ဒီ ပီ ၏ ထည့်ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၆,၇၆,၀၀၀ ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ ကျပ် ၁၇,၁၄,၂၆၀ တန်ဖိုးရှိပစ္စည်းများ အထောက်အကူပေးမည်ဖြစ်သည်။

ပိုးသတ်ဆေးစက်ရုံ တည် ဆော က် ရေး စီ မံ ချက် ကို ၁၉၇၃ ခုနှစ် မေလ ၅ ရက်တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် ယူအင်ဒီပီတို့ သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ စီမံ ချက်ပြီးဆုံးနှစ်မှာ ၁၉၉၁ ဖြစ်ပါသည်။ စီ မံ ကိ န်း အကောင်အထည်ဖော်ရန်အတွက် ယူအင်ဒီပီ၏ ထည့်ဝင် ငွေမှာ အမေရိကန်ဒေါ်လာ ၂၃,၀၂,၂၂၉ ဖြစ်သည်။ စီမံချက်ကို ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (ယူနစ်ဒို) နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့ အ ကောင် အ ထည် ဖော် ခဲ့ သည်။

ယခုအခါတွင် ပိုးသတ်ဆေးထုတ်လုပ်မှု လုပ်ငန်းကို မြန်မာစိုက်ပျိုးရေး ပညာရှင်များ ကြီးကြပ်၍ မှော်ဘီမြို့ နယ် ဝါးနက်ချောင်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ အလုပ်သမားများက ကိုင်တွယ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ရာဘာထုတ်လုပ်မှု တိုးတက်စေရန် အတွက် ရာဘာထုတ်လုပ်မှု နည်းပညာတိုးတက်ဖွံ့ဖြိုးရေး ဌာနတည်ထောင်ရေးစီမံချက်ကို ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုး ရေးအဖွဲ့ (ယူနစ်ဒို) နှင့် မြန်မာ့အထွေထွေစက်မှုလုပ်ငန်း တို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည်။

ယင်းစီမံချက်ကို ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင်ပြီးဆုံးသည်။ စီမံချက်အကောင်အထည်ဖော်နိုင်ရန်အတွက် ယူအင်ဒီပီ မှ အမေရိကန်ဒေါ်လာ ၂၆,၅၉,၄၂၄ ကူညီထောက်ပံ့ခဲ့ သည်။

မြန်မာနိုင်ငံသည် ယခုအခါ တစ်နှစ်လျှင် ရာဘာ တန်ချိန် ၁၂,၀၀၀ မှ ၁၅,၀၀၀ ထိ ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် ပုဂ္ဂလိကရာဘာလုပ်ငန်းရှင်များကလည်း သီးခြား ထုတ်လုပ်လျက်ရှိသည်။ သို့ရာတွင် လာမည့်နှစ်အနည်း ငယ်အတွင်း ရာဘာထုတ်လုပ်မှုမှာ ကျဆင်းဖွယ်ရာရှိ သည်။ လက်ရှိ ရာဘာထုတ်ယူသုံးစွဲနေသော အပင်များ မှာ အိုမင်းနေခြင်းနှင့် အသစ်တဖန်စိုက်ပျိုးထားသော အပင်ငယ်များမှာ ရာဘာစေးထုတ်ယူနိုင်သည့် အခြေ အနေရောက်ရန် စောင့်ဆိုင်းရခြင်း စသည့်အကြောင်း ရင်းများကြောင့် ဖြစ်သည်။

စီမံချက်၏ အဓိကရည်ရွယ်ချက်များမှာ ရာဘာထုတ် လုပ်ရန် လိုအပ်သောကုန်ကြမ်းများနှင့် ကုန်ဓာတ်များ၏ အရည်အသွေးကို အချိန်မှန်မှန် စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရာဘာအရည်အသွေးကို ကမ္ဘာ့စံချိန်မီ အဆင့် ရောက်ရှိစေရန် ရာဘာထုတ်လုပ်မှု၊ ရာဘာပစ္စည်း ဒီဇိုင်းထုတ်လုပ်မှုနှင့် စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချရေး လုပ်ငန်းကို ဆောင်ရွက်နိုင်ရန်နှင့် စက်ရုံရှိ ထုတ်လုပ်မှု ဆိုင်ရာနှင့် စီမံခန့်ခွဲမှု ပညာရှင်များတို့၏ ကျွမ်းကျင်မှုကို တိုးတက်စေရန်အတွက် သင်တန်းများဖွင့်လှစ်ပေးရန်တို့ ဖြစ်သည်။

ကူဝိတ်နိုင်ငံ။ ။၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၂ ရက်နေ့ တွင် အီရတ်စစ်ဖွဲ့ဝင်များ၏ ကျူးကျော်သိမ်းပိုက်မှု အောက်သို့ ရောက်ခဲ့ရသော ကူဝိတ်နိုင်ငံသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လုံးဝလွတ်မြောက် သွားသည်။ ကူဝိတ်မြို့တော်၏ အပြီးသတ်အောင်ပွဲကို အတည်ပြုကြေညာခဲ့ကြသော ကမ္ဘာ့ခေါင်းဆောင်များ အနက် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ထိုနေ့မှာပင် ပထမဆုံး ထုတ်ဖော် ကြေညာခဲ့သည်။ အဝေးရောက် ကူဝိတ်အစိုးရသည် ကူဝိတ်နိုင်ငံသားများအား အိမ်တွင်း ၌သာ ငြိမ်သက်စွာနေကြရန် အသံလွှင့်ကြေညာခဲ့သည်။ ကူဝိတ်အဝေးပြေးလမ်းမကြီးပေါ်တွင် အီရတ်တပ်ဖွဲ့များ စွန့်ပစ်သွားသော တီ ၇၂ တင့်ကားများ ပြန့်ကျဲလျက် ရှိသည်။ အီရတ်တပ်များဆုတ်ခွာသွားပြီးနောက် ကူဝိတ် နိုင်ငံ၏ အဝေးရောက်စော်ဘွား ရှိတ်ဂျာဘားအယ်လ် အာမက် အယ်လ်ဆာဘားက နိုင်ငံတစ်ဝန်းလုံးတွင် သုံးလ ကြာမည့် မာရှယ်လော စစ်အုပ်ချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံစုံတပ်ဖွဲ့၏ မြေပြင်ထိုးစစ်ကြီးကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်စောစောပိုင်းမှ စတင်ခဲ့ရာ နိုင်ငံစုံ တပ်ဖွဲ့ဝင်စစ်သည် ၇,၀၀,၀၀၀ ကျော်နှင့် အီရတ်တပ်ဖွဲ့ဝင် ၅,၀၀,၀၀၀ ခန့်တို့ ရင်ဆိုင်ခဲ့ကြသည်။ မြေပြင်ထိုးစစ်ကြီး ဆင်နွှဲပြီး မကြာမီမှာပင် အီရတ်တပ်သား ထောင်ပေါင်း များစွာတို့ လက်နက်ချခဲ့ကြသည်။ နိုင်ငံစုံတပ်ဖွဲ့များ ကူဝိတ် မြို့တော်တွင်းသို့ ခရီတက်ဝင်ရောက် လာကြ သောအခါ အီရတ်တပ်ဖွဲ့များသည် ကူဝိတ် ပါလီမန် အဆောက်အအုံနှင့် ဇီမ်ခံဟိုတယ်ကြီး လေးခုကို ဖောက်ခွဲဖျက်ဆီး ပစ်ခဲ့ကြသည်။

အီရတ်၏ ခုနစ်လကြာ သိမ်းပိုက်ထားစဉ်အတွင်း ကူဝိတ်နိုင်ငံသား စုစုပေါင်း ၃၃,၀၀၀ သည် သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ကြောင်းဝန်ကြီးဌာနရေးရာဝန်ကြီး အဗ္ဗဒူ ရာမန်အယ်လ်အာဝါဒီက မတ်လ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းသည် အီရတ်၏သိမ်းပိုက်မှုခံရစဉ်က



ကူဝိတ်စော်ဘွား ရှိတ်ဂျာဘားအယ်လ်အာမက် အယ်လ်ဆာဘား

မြေပြင်ထိုးစစ် ဒုတိယနေ့တွင် မဟာမိတ်တပ်ဖွဲ့များ ကူဝိတ်မြို့တော် ဆီသို့ ရွှေတိုးချီတက်လာပုံ

ရှိနေသော ကူဝိတ်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော် ဖြစ်သည်။ အီရတ်တပ်ဖွဲ့များဝင်ရောက်စဉ် ကူဝိတ်နိုင်ငံသား ၉,၀၀,၀၀၀ အနက် သုံးပုံတစ်ပုံသည် ပြည်ပ၌ရှိနေပြီး နောက်ထပ်သုံးပုံတစ်ပုံခန့်မှာလည်း ဝင်ရောက်ပြီးသည်နှင့် ထွက်ပြေးခဲ့ကြရာ ၃,၀၀,၀၀၀ မျှသာ ကျန်ရှိခဲ့သည်ဟု ယူဆရသည်။

ကူဝိတ်ပိုင် ပစ္စည်းများကို ပိတ်ဆို့ထားသည့် နိုင်ငံများအနက် ပြင်သစ်နိုင်ငံက မတ်လ ၃ ရက်နေ့တွင် ပထမဆုံး ပြန်လည်ဖွင့်ပေးလိုက်သည်။ ပြင်သစ်နိုင်ငံရှိ ဘဏ်များနှင့် ရုပ်ယာများတွင် ကူဝိတ် အရင်းအနှီးမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမျှ ရှိသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကူဝိတ်စော်ဘွားသည် လွတ်မြောက်စ ကူဝိတ်နိုင်ငံအား ကြီးကြပ်ကွပ်ကဲရန် အဆင့်မြင့်အာဏာပိုင် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ ကော်မတီကို ဝန်ကြီးချုပ်ဖြစ်သူ အိမ်ရှေမင်းသားဦးဆောင်ပြီး အခြားဝန်ကြီးများလည်း ပါဝင်ပါသည်။ မတ်လ ၁၇ ရက်နေ့တွင် ပြည်ပရောက်နေသော ကူဝိတ် ဝန်ကြီးအချို့လည်း ပြန်လည်ရောက်ရှိလာကြသည်။

မတ်လ ၃ ရက်နေ့တွင် အမေရိကန်တပ်ဖွဲ့များသည် ကူဝိတ်၏ အဓိကအချက်အချာ ကျွန်းတစ်ကျွန်းပေါ်တွင် အီရတ်ဂိုလ်မှူးချုပ် တစ်ဦးအပါအဝင် အီရတ်စစ်သား ၁,၄၀၅ ဦးကို ဖမ်းဆီးရမိခဲ့သည်။ အီရတ်စစ်သုံ့ပန်းအရေအတွက်မှာ ၆၂,၀၀၀ ရှိသွားပြီဖြစ်သည်။

မတ်လ ၄ ရက်နေ့တွင် အိမ်ရှေမင်းသားခေါင်းဆောင်သော ကူဝိတ်အဝေးရောက်အစိုးရအဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံမှ ပြန်လည်ရောက်ရှိသည်။ မတ်လ ၁၄ ရက်နေ့တွင် ကူဝိတ်စော်ဘွား ဆက်လက်ရောက်ရှိသည်။ မတ်လ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ရောက်ရှိသည်။

အီရတ်ကျူးကျော်မှု ပေါ်ပေါက်ခဲ့ချိန်မှစ၍ ပြည်ပမှ အသံလွှင့်ခဲ့ရသော ကူဝိတ်ရေဒီယိုအသံလွှင့်ဌာနသည် မတ်လ ၅ ရက်နေ့မှစ၍ ကူဝိတ်နိုင်ငံအတွင်းမှ အသံလွှင့်မှုများ ပြန်လည်စတင်ခဲ့သည်။

မတ်လ ၆ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် ကူဝိတ်အိမ်ရှေမင်းသားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မတ်လ ၉ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာသည် ကူဝိတ်နိုင်ငံအား တစ်ပတ်အတွင်း ပြန်လည် လှည့်ပြောင်းပေးမည့် အစီအစဉ်ကို ဝန်ကြီးချုပ်ဖြစ်သူ အိမ်ရှေမင်းသားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။မတ်လ ၇ ရက်နေ့တွင် ကူဝိတ်ဝန်ကြီးချုပ်က ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ကတိပြု ပြောကြားခဲ့သည်။ တစ်ဖန် ဒီမိုကရေစီရွေးကောက်ပွဲများကို တစ်နှစ်အတွင်း ပြုလုပ်ပေးရန် ဝန်ကြီးရေးရာဌာနဝန်ကြီးက မတ်လ ၁၇ ရက်နေ့တွင် အတည်ပြု ပြောကြားခဲ့သည်။

အီရတ်တပ်ဖွဲ့များ ခုနစ်လကြာ သိမ်းပိုက်ထားစဉ် ကာလအတွင်း ကူဝိတ်အစိုးရနှင့်ပြည်သူပိုင်ပစ္စည်း ပျက်စီး

ထိုသို့မီးလောင်နေသော ရေနံတွင်းများနှင့် ယိုစိမ့်နေသောတွင်းများ မီးသတ်ခြင်း၊ ပိတ်ဆို့ခြင်းများဖြင့် ထိန်းချုပ်ခဲ့ရာ မတ်လ ၂၆ ရက်နေ့တွင် ပထမဆုံး တွင်းတစ်ခုကို ပိတ်ဆို့နိုင်ခဲ့သည်။ မြေအောက်သို့ ရှုန့်စ်စည် ပေါင်း ၂၅၀ ခန့်ကို မိနစ် ၃၀ မျှ မှုတ်သွင်းခဲ့ခြင်းဖြင့် ပိတ်ဆို့နိုင်ခဲ့သည်။ ထိုတွင်းသည် မီးလောင်နေသော တွင်းမဟုတ်သော်လည်း ရက်ပေါင်း ၃၀ အတွင်း စည် ၄,၅၀,၀၀၀ ခန့် ယိုထွက်ဆုံးရှုံးခဲ့သည့်တွင်းဖြစ်သည်။ ထို အချိန်တွင် အခြားတွင်းခုနစ်တွင်းကိုလည်း အဆို့ရှင်များ ပိတ်၍ မယိုစိမ့်အောင် ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

မီးလောင်နေသောရေနံတွင်းကို ပထမဆုံးငြိမ်းသတ်မှုမှာ ဧပြီလ ၇ ရက်နေ့တွင် အောင်မြင်ခဲ့သည်။ နိုက်ထရိုဂျင်အရည်နှင့် ရေမျှားကို အသုံးပြု၍ ငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်။ မေလ ၂ ရက်နေ့အထိ ရေနံတွင်း ၇၆ တွင်းကို ပိတ်ဆို့နိုင်ခဲ့ပြီး ဇွန်လ ၁၁ ရက်နေ့အထိ ၁၄၄ တွင်း ထိန်းချုပ်ထားနိုင်ခဲ့သည်။

မီးလောင် ရေနံတွင်းများကြောင့် ကူဝိတ်နိုင်ငံ၏ အပူခိုန်မှာလည်း ၁၂၂ ဒီဂရီ ဖာရင်ဟိုက်အထိ တိုးလာခဲ့သည်။ မီးခိုးလုံးကြီးများသည် မြို့ပေါ်သို့ ကျရောက်လာရာ နေရောင်ကွယ်ပျောက်၍ နေ့လယ်ခင်းဦးပင် ကိုက်အနည်းငယ်အကွာသို့ မမြင်ရအောင် အမှောင်ကျခဲ့သည်။

မတ်လဒုတိယပတ်အတွင်းဦး ကူဝိတ်ရှိသံရုံး ၁၈ ရုံး ပြန်ဖွင့်ခဲ့ပြီး ကူဝိတ်အစိုးရသည် ရက်ပေါင်း ၉၀ ကြာ ပြန်လည်တည်ဆောက်ရေးအရေးပေါ်အစီအစဉ်ကို စတင် အကောင်အထည်ဖော်ခဲ့သည်။ မတ်လ ၂၀ ရက်နေ့တွင် ကူဝိတ်ဝန်ကြီးအဖွဲ့ကို ဖျက်သိမ်းခဲ့ပြီး ဧပြီလ ၂၀ ရက်တွင် ကူဝိတ်ဝန်ကြီးအဖွဲ့သစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်တွင် အာဏာရ အယ်လ်ဆာဘားမိသားစုမျှားက အဓိကနေရာများကို ရယူထားဆဲ ဖြစ်သည်။

ဆုံးရှုံးမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံမှ ၁၀၀ ဘီလီယံကြား ရှိလိမ့်မည်ဟု ကူဝိတ်ဘက်မှ ခန့်မှန်းကြသည်။ ယင်းမှာ ပြည်ပရောက် ကူဝိတ်နိုင်ငံသား ၄,၅၀,၀၀၀ ၏ တစ်နေ့လျှင် ဒေါ်လာသန်း ၁၂၀ မျှ ဆုံးရှုံးမှု မပါဝင်သေးဟု ဆိုသည်။ ထို့ကြောင့် ကူဝိတ်နိုင်ငံကို ပြန်လည်တည်ဆောက်ရာတွင် ဘီလီယံ ၁၀၀ မှ ၅၀၀ အတွင်း ရှိလိမ့်မည်ဟု ခန့်မှန်းကြသည်။ ယင်းပျက်စီးဆုံးရှုံးမှုများအပေါ် ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်က လေ့လာစုံစမ်းပြီးနောက် မေလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာအရ ကူဝိတ်သည် ပျက်စီးသွားသော ရေနံတွင်း ၇၀၀ ခန့်မှ နေ့စဉ်ဒေါ်လာ သန်း ၄၀ မှ သန်း ၁၂၀ အတွင်း ဆုံးရှုံးနေပြီး အီရတ်တို့ သိမ်းပိုက်ထားစဉ် ၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၂ ရက်မှ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်အတွင်း ရေနံမှဆုံးရှုံးမှုတစ်ခုတည်းပင် ဒေါ်လာ ဂ ဒသမ ၅ ဘီလီယံရှိကြောင်း၊ ရေနံတွင်းအားလုံးကို ထိန်းချုပ်နိုင်ရန် ၁ဂ လမျှအထိ ကြာနိုင်ကြောင်း၊ ငွေကြေးဆုံးရှုံးမှုသာမက ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်ညစ်ညမ်းမှု၏ ဆိုးကျိုးကို နောင် သားစဉ်မြေးဆက် ခံစားနေကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကုလသမဂ္ဂမှ စစ်ဆေးမှုမျှားပြုလုပ်စဉ်မတ်လ ၁၆ ရက်မှဧပြီလ ၄ ရက်နေ့အတွင်း ရေနံထုတ်လုပ်နိုင်သော တွင်းပေါင်း ၁,၃၃၀ အနက် ၇၀၀ ခန့်မှာ မီးလောင်လျက် ရှိသည်။

အီရတ် တပ်ဖွဲ့ဝင်များသည် ရေနံတွင်းများကို ဒိုင်းနမိုင်းဖြင့် ဖောက်ခဲ့မီးရှို့ခြင်း၊ အခြားနည်းဖြင့် ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ရာ တစ်နေ့လျှင် ဒေါ်လာသန်း ၁၀၀ ကျော်တန်ဖိုးရှိသော ရေနံစိမ်းစည်ပေါင်း ခြောက်သန်းမျှ ပျက်စီးလျက်ရှိသည်။ (ရေနံစိမ်းစည် တစ်စည်လျှင် ထုထည်အားဖြင့် လီတာ ၁၆၀ ရှိသည်။)

ကူဝိတ်ရေနံတွင်းများ မီးလောင်နေပုံ



ပြည်ထဲရေးဝန်ကြီး ရှိတ်ဆာလမ် အယ်လ်ဆာဘားသည် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်လာသည်။

အီရတ်တို့ သိမ်းပိုက်မှုခံရစဉ်က နိုင်ငံအတွင်း၌ပင် နေခဲ့ကြသော ကူဝိတ်နိုင်ငံသားများနှင့် ထိုကာလ အတွင်း၌ မွေးဖွားခဲ့သောကလေးများအား ကူဝိတ်အစိုးရက တစ်ဦးလျှင် ဒီနာ ၅၀၀ (ဒေါ်လာ ၁,၇၂၀) ဆုငွေများ ချီးမြှင့်ခဲ့သည်။ ထို့ပြင် ကူဝိတ်နိုင်ငံသား ၁,၀၀,၀၀၀ က ပေးရန်ရှိသော ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံမျှသော ကြွေးမြီများကို ကူဝိတ်ကူးသန်းရောင်းဝယ်ရေးဘဏ်များက လျော်ပစ်မည်ဖြစ်ကြောင်း ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက ဧပြီလ ဒုတိယပတ်အတွင်းက ပြောကြားခဲ့သည်။

အီရတ်တို့ ကျူးကျော်သိမ်းပိုက်စဉ်က ပါဝင်ကူညီပတ်သက်ခဲ့သူများကို စစ်ခုံရုံးတင် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းသို့စစ်ခုံရုံးတွင် စစ်ဆေးစီရင်ချက်များကို ပြန်လည်သုံးသပ်ရန် တရားသူကြီး အဖွဲ့တစ်ဖွဲ့ကို စစ်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်က ဖွဲ့စည်းပေးခဲ့သည်။

ဇွန်လ ၂ ရက်နေ့တွင် ကူဝိတ်စော်ဘွားက ပါလီမန် ရွေးကောက်ပွဲများကို ၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အတိုက်အခံများက ယင်းသည် ဝေးလွန်းလှသဖြင့် စောစောကျင်းပပေးရန် တောင်းဆိုခဲ့ကြသည်။ ဤကာလအတွင်း၌ လက်ရှိအုပ်ချုပ်နေသော ဆာဘားစော်ဘွား မိသားစုသည် ၎င်းတို့စိတ်တိုင်းကျ ပါလီမန်ပုံစံမျိုးဖြစ်စေရန် ကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း၊ ၁၄ ဘီလီယံမျှသော ငွေကိုလည်း ပြည်သူလူတို့၏ ကြီးကြပ်ပါဝင်မှုမရှိဘဲ တည်ဆောက်ရေး လုပ်ငန်းများနှင့် ခဲ့ဝေသုံးစွဲလိမ့်မည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်နှင့် ခရိုင်နယ်များကိုလည်း ပြန်လည်ပြင်ဆင်မေးဆဲလိမ့်မည်ဖြစ်ကြောင်း အတိုက်အခံများက ထောက်ပြခဲ့ကြလေသည်။

ဇွန်လ ၁၁ ရက်နေ့တွင် သက်ဆိုင်ရာမှ ကြေညာရာတွင် ကူဝိတ်နိုင်ငံသည် ရေနံများ ပြန်လည်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ တစ်နေ့လျှင် စည် ၂၅,၀၀၀ နှုန်းဖြစ်ကြောင်း ပါဝင်ခဲ့သည်။ သို့သော် မည်သည့်တွင်းမျှမဖြစ်ကြောင်းနှင့် မည်သည့်အချိန်က စတင်ထုတ်လုပ်ခဲ့ကြောင်း အတိအကျကိုမူ မကြေညာခဲ့ပေ။ အီရတ်ကျူးကျော်မှုမတိုင်မီက ကူဝိတ်သည် နေ့စဉ် စည် ၁ ဒသမ ၅ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။

အီရတ်တပ်ဖွဲ့များ ဆုတ်ခွာစဉ်က ကျန်ရှိခဲ့သော လက်နက်များကို ဇူလိုင်လ ၂ ရက်နေ့ည သန်းခေါင်အချိန် နောက်ဆုံးထား၍ အပ်နှံကြရန်နှင့် ထိုအချိန် နောက်ပိုင်း ပိုက်စိပ်တိုက်ရှာဖွေ၍ တွေ့ရှိပါက ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း ကူဝိတ် အာဏာပိုင်များက ကြေညာခဲ့သည်။ အီရတ်တပ်ဖွဲ့များ စွန့်ပစ်ကျန်ရစ်သည့် လက်နက်အမျိုးမျိုးမှာ ငါးသိန်းခန့် ရှိသည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ကူဝိတ်နိုင်ငံ၏ အမျိုးသားညီလာခံကို ကျင်းပရာ စော်ဘွား ရှိတ်ဂျာဘားတက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဒေါ်လာ ၃၀ ဘီလီယံအထိ ချေးယူရန် အစိုးရအဖွဲ့အား ကူဝိတ်စော်ဘွားက အာဏာအပ်နှင်းခဲ့သည်။

ကူဝိတ်နိုင်ငံမှ အီရတ်တို့လုယူသွားခဲ့သော ရွှေချောင်း ၃,၂၁၆ ချောင်းနှင့် ရွှေဒင်္ဂါးများကို ဩဂုတ်လအတွင်းက ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် ကူဝိတ်နိုင်ငံအား ပြန်လည်ပေးအပ်ခဲ့သည်။ ရွှေချောင်းများ၏ အလေးချိန်မှာ တန် ၄၀ ရှိပြီး ဒေါ်လာသန်းပေါင်း ၆၅၀ တန်ဖိုးရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ တောင်ကိုရီးယားသမ္မတနိုတေဝူးသည် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၃ ရက်မှ ၁၆ ရက်အထိ ဆိုဗီယက် ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခဲ့ရာ ကိုရီးယား–ဆိုဗီယက် ဆက်ဆံရေးခေတ်သစ်ကို ဖွင့်လှစ်ပေးလိုက်သည်။ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဆိုဗီယက်သမ္မတဂေါ်ဘာချော့နှင့် ကိုရီးယားသမ္မတနိုတေဝူးတို့သည် နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ကရင်မလင်နန်းတော်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ငွေရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းနှင့် နှစ်ဦးနှစ်ဘက် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ဆိုဗီယက် ဘဏ္ဍာရေးဝန်ကြီးနှင့် ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။ ကရင်မလင်ဆွေးနွေးပွဲများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များက ပင်လယ်ကွေပြဿနာကို ဆွေးနွေးခဲ့ကြပြီး မြန်နိုင်သမျှ မြန်မြန် ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းသင့်ကြောင်း သဘောတူညီခဲ့ကြသည်။ သမ္မတနိုတေဝူးသည် ကိုရီးယားနိုင်ငံသမိုင်း၌ ဆိုဗီယက်ပြည်ထောင်စုသို့ ပထမဦးဆုံး သွားရောက်လည်ပတ်သော နိုင်ငံခေါင်းဆောင်တစ်ဦး ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ မိမိပါတီအနိုင်ရရှိရေးအတွက် သမ္မတနိုတေဝူးက ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးသစ်များ ခန့်ထား၍ အခြားဝန်ကြီးရှစ်ဦးတို့အား လည်း ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အပြောင်းအလဲ ပြုလုပ်ခဲ့ကြသည်။ ဇာတူးမှ အနားယူသွားသောဝန်ကြီးချုပ်ကင်ယောင်ဟွန်

၏ နေရာကိုဆက်ခံရန် အသက် ၅၄ နှစ်အရွယ်ရှိ တက္ကသိုလ်ပါမောက္ခ ရှိကျေဘွန်းအား ဝန်ကြီးချုပ် အသစ်အဖြစ် ခန့်ထားခဲ့သည်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဂျီနီဗာရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ရုံးတွင် သံအမတ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေသူ လီဆောင်အုတ်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။ လက်ရှိနိုင်ငံခြားရေးဝန်ကြီး ချိုင်ဟိုဂျုံးမှာ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် ပြောင်းရွှေခန့်ထားခဲ့သည်။ ၎င်း၏တာဝန်မှာ ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်စေရန် ဖြစ်သည်။ ဒီဇင်ဘာလ ၃၀ ရက်နွေတွင် ကိုရီးယားရုပ်မြင်သံကြားဌာန (ကန်ဘီစီ)နှင့် တွေ့ဆုံရာတွင် သမ္မတနိုတေဝူးက မြောက်ကိုရီးယားခေါင်းဆောင် ကင်အိဆွန်းနှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် မျှော်လင့်ထားကြောင်း နွေရက်အတိအကျမပြောနိုင်သော်လည်း မကြာမီကာလအတွင်း တွေ့ဆုံနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

တိုးခဲ့ချသောစီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နှစ်ပိုင်းကွဲနေသော ကိုရီးယားကျန်းဆွယ် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဆိုဗီယက်သမ္မတဂေါ်ဘာချေ့၏ အထူးသံတမန် ရိုဂါချေ့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နွေတွင် ဆိုးလ်မြို့သို့ရောက်ရှိလာခဲ့သည်။ ကွန်မြူနစ်မြောက်ကိုရီးယားက ၎င်း၏ သဘောထားတင်းမာသော ဝါဒကို ယခုနှစ်တွင် ပြောင်းလဲ၍ တောင်ကိုရီးယားနှင့် ပထမဆုံး ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် သဘောတူလိမ့်မည်ဟု သမ္မတနိုတေဝူးက မျှော်လင့်ထားသည်။ မြောက်ကိုရီးယား သဘောထားပြောင်းလဲလျှင် တောင်နှင့် မြောက်ကိုရီးယားဆက်ဆံရေး လျင်မြန်စွာ ပြောင်းလဲလာမည် ဖြစ်ကြောင်း နှစ်သစ်ကူးသတင်းစာရှင်းလင်းပွဲတွင် သမ္မတနိုတေဝူးက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ကိုင်ဖူသည်လည်း ဆိုးလ်မြို့သို့လာရောက် လည်ပတ်ခဲ့ရာ ဇန်နဝါရီလ ၉ ရက်နွေတွင် နိုတေဝူးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျပန်နိုင်ငံ၌ နေထိုင်ကြသော ကိုရီးယား နွယ်ဖွား ၆၀၀,၀၀၀ တို့အတွက် လက်ဗွေနှိပ်ရန်လိုအပ်သော စနစ်ကို ၁၉၉၂ ခုနှစ်တွင် ပယ်ဖျက်ရန် ဂျပန်နိုင်ငံက သဘောတူညီခဲ့သည်။ ယင်းစနစ်ကို ပယ်ဖျက်ရန် ဂျပန်နိုင်ငံ၏ ကတိပြုချက်ကို နိုတေဝူးက ကြိုဆိုခဲ့သည်။ ယင်းစနစ်မှာ ဂျပန်နိုင်ငံရှိ ကိုရီးယားနွယ်ဖွားများအား အဆင့်အတန်းခွဲခြားသည့် ပုံစံမျိုးဖြစ်နေသဖြင့် ဝေဖန်ခြင်း ခံခဲ့ရသည်။

နိုင်ငံတွင်း ကုန်စျေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် စီးပွားရေး ဝန်ကြီးများအား သမ္မတနိုတေဝူးက တိုက်တွန်းခဲ့သည်။ လုပ်သားများ လစာတိုးပေးရန်၊ စက်မှုလုပ်ငန်းများအား ငွေထုတ်ချေးရန်နှင့် အဝေးပြေး လမ်းမသစ် ကြီးများနှင့် ဆိပ်ကမ်းတည်ဆောက်ရေးတို့တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရင်းနှီးမြှုပ်နှံရန် အစိုးရက ရည်မှန်းထားသည်။ တောင်ကိုရီးယား၏ ကုန်ချောပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတွင်လည်း ဒေါ်လာများစွာ သုံးစွဲရန် သမ္မတနိုတေဝူးက ညွှန်ကြားခဲ့သည်။ စက်မှုနည်းပညာဖွံ့ဖြိုးမရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပိုင်းတွင် ငါးနှစ်အတွင်း ဒေါ်လာ ၂ ဒသမ ၃၄ ဘီလီယံသုံးစွဲရန် စီးပွားရေးဝန်ကြီးများက အဆိုပြုထားသည်။ အစိုးရ၏ ထောက်ခံမှုအပြည့်အဝအာမခံချက်ရရှိလျှင် သက္ကရာဇ် ၂၀၀၀ တွင် တစ်ပိုင်းလျှပ်ကူးပစ္စည်းဈေးကွက်၌ တောင်ကိုရီးယားက အမေရိကန်ပြည်ထောင်စုထက် ကျော်လွန်သွားမည်ဟု မျှော်လင့်ထားသည်။

တောင်ကိုရီးယား နိုင်ငံတွင် အောက်ခြေ အဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် ဒေသန္တရရွေးကောက်ပွဲများကို နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မတ်လ ၂၆ ရက်နွေတွင် ကျင်းပခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်လာကြသော တောင်နှင့် မြောက် ကိုရီးယား နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့အား နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့မြင်ရစဉ်



ဒေသန္တရဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး အတွက် ကိုယ်စားလှယ် ၄,၃၀၄ နေရာအတွက်ကိုယ်စားလှယ်လောင်း ၁၀,၀၀၀ တို့ ဝင်ရောက် အရွေးခံခဲ့ကြသည်။ ဇွန်လတွင် ဒေသန္တရဆိုင်ရာ ကောင်စီအတွက် ရွေးကောက်ပွဲများကျင်းပရန် အစိုးရကစီစဉ်ထားသည်။

ဆန္ဒပြမှုများနှင့် မကြာခဏကြုံတွေ့ရသည့် တောင်ကိုရီးယားနိုင်ငံတွင် မေလအတွင်း ကျောင်းသားဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ဆိုးလ်မြို့ရှိ မိယောင်ဂျီတက္ကသိုလ်မှ စီးပွားရေးဘာသာရပ် အဓိကယူသူ ကျောင်းသားတစ်ဦးဖြစ်သည့် ကန်ကျုံဒေးသည် ကန့်ကွက်ဆန္ဒပြပွဲ ငယ်တစ်ခုတွင် ပါဝင်ခဲ့ရာ ရဲနှင့် အဓိကရုဏ်းဖြစ်ပြီး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် တက္ကသိုလ် ကျောင်းသားများ၏ ကန့်ကွက်ဆန္ဒပြမှုများ ပိုမိုကြီးထွားလာရာ သမ္မတဟောင်း ချန်ဒူးဝှမ် လွှန်ခဲ့သည့်သုံးနှစ်က ပြုတ်ကျခဲ့ပြီးနောက်ပိုင်း အကြီးမားဆုံးဖြစ်သည်။ ဆန္ဒပြကျောင်းသားများက သမ္မတနိုတေဝူး နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ နိုတေဝူးက ကန်ကျုံဒေးသေဆုံးမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးကို ရာထူးမှ ထုတ်ပစ်ခဲ့သည်။ မေလ ၁၈ ရက်နေ့သည် ၁၉၇၈ ပြည့်နှစ်က ကွမ်ဂျူးအုံကြွမှုအား အစိုးရက ချေမှုန်းခဲ့သဖြင့်လူ ၂၀၀ ခန့် သေဆုံးခဲ့ရသည့် နှစ်ပတ်လည်နေ့ဖြစ်ရာ ယင်းနေ့ အခမ်းအနားကို ကန့်ကွက်ဆန္ဒပြမှုများဖြင့် ကျောင်းသားများက ကျင်းပလေ့ရှိသည်။ ဤအထဲတွင် တက္ကသိုလ် ကျောင်းသားကန်ကျုံဒေးသေဆုံးမှုဖြစ်ပေါ်ခဲ့ရာ ဆန္ဒပြမှုများ ပိုမိုကြီးထွားလာရခြင်း ဖြစ်သည်။

ဤသို့ အခြေအနေများရှိနေစဉ်မေလ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံးကျောဘွန်း နုတ်ထွက်သွားရာ သမ္မတနိုတေဝူးက အသက် ၆၂ နှစ်အရွယ်ရှိ ချန်ဝမ်ရှိတ်ကိုဝန်ကြီးချုပ်အသစ်အဖြစ် မေလ ၂၆ ရက်နေ့တွင် အစားထိုးခ့ဲရွေးချယ်ခန့်ထားလိုက်သည်။ ချန်ဝမ်ရှိတ်မှာ တောင်အာဖရိကဆိုင်ရာ အထူးသံအမတ်နှင့် ဝန်ကြီးဟောင်း တစ်ဦးဖြစ်သည်။ နိုတေဝူးသည် ၁၉၇၈ ခုနှစ်တွင်အာဏာရလာချိန်မှစ၍ ကျယ်ပြန့်သော ပြုပြင် ပြောင်းလဲမှုများကို စတင်ပြုလုပ်ခဲ့သည်။ ယခုလည်း တောင်ကိုရီးယားနိုင်ငံ၌ စီးပွားရေးနှင့် လူမှုရေး ပြုပြင် ပြောင်းလဲမှုများ ကျယ်ပြန့်စွာပြုလုပ်ရန် နိုတေဝူးက ကတိပြုခဲ့သည်။

ဤသို့ နိုင်ငံရေးအကျပ်အတည်းနှင့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ဒေသန္တရကောင်စီ ရွေးကောက်ပွဲများကို ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ သမ္မတနိုတေဝူးအစိုးရ အောင်ပွဲခံခဲ့သည်။ မြို့ကြီး ၁၅ ခုနှင့် ပြည်နယ်ကိုးနယ်တို့တွင် ဒေသန္တရကောင်စီဝင် ၈၆၆ နေရာရှိသည့်အနက် နိုတေဝူး၏ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီက ၅၆၄ နေရာ အနိုင်ရရှိခဲ့သည်။ ယင်းသို့ အပြတ်အသတ် အနိုင်ရရှိလိုက်ခြင်းဖြင့် သမ္မတနိုတေဝူး၏ ခေါင်းဆောင်မှုကို ပိုမိုခိုင်မာစေသည်။ တစ်နည်းဆိုသော် ဤသို့ အောင်ပွဲခံလိုက်ခြင်းသည် အတိုက်အခံဝါရင့် နိုင်ငံရေးသမား ကင်ဒေးယုံနှင့် ၎င်း၏ ဒီမိုကရက်တစ်ပါတီသစ်ကို ထိုးနှက်လိုက်ခြင်းဖြစ်သည်။

သမ္မတနိုတေဝူးသည် တစ်ဖက်တွင် ပြည်တွင်းနိုင်ငံရေးအခြေအနေများကို ရင်ဆိုင်ကျော်လွှားရင်း အခြားတစ်ဖက်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကုလသမဂ္ဂ အဖွဲ့ကြီးအတွင်း ဝင်ရောက်ရေးမှာ နှစ်ပိုင်းကွဲနေသော ကျွန်းဆွယ်နှင့် အာရှနိုင်ငံအားလုံး၏ ငြိမ်းချမ်းရေးအတွက် အချက်အချာဖြစ်သည်ဟု နိုတေဝူးက ခံယူထားသည်။ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်အစီအစဉ်ကို ထောက်ခံရန် တောင်ကိုရီးယားနိုင်ငံက တရုတ်နိုင်ငံကို တိုက်တွန်းခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ကလည်း တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်စေရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံကလည်း ကာလကြာမြင့်စွာ ရန်သူဖြစ်ခဲ့ပြီး အနောက်လိုလားသူ တောင်ကိုရီးယားနှင့် အတူ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ရေးအတွက် လျှောက်ထားမည်ဟု မေလ ၂၇ ရက်နေ့က ကြေညာခဲ့ပြီးဖြစ်သည်။ ဤသို့ မြောက်ကိုရီးယား၏ ကုလသမဂ္ဂအဖွဲ့ဝင်ရန် ဆုံးဖြတ်လိုက်ခြင်းသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးအောင်မြင်မှုအတွက် ရှေပြေးလမ်းပြဖြစ်သည်ဟု နိုတေဝူးက ပြောကြားသည်။ စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ နှစ်နိုင်ငံစလုံး ဝင်ခွင့်ရမည်ဟု မျှော်လင့်ထားသည်။

မြောက်ကိုရီးယားနှင့် ပေါင်းစည်းရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းမှန်သမျှကို ရှာဖွေပြင်ဆင်ထားရန် နိုတေဝူးက ၎င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ညွှန်ကြားခဲ့သည်။ သို့ရာတွင် ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးမှာ ဂျာမနီနှစ်နိုင်ငံပေါင်းစည်းရေးအောင်မြင်သကဲ့သို့ မဟုတ်ဘဲ အခက်အခဲများရှိနေပေသည်။ အကြောင်းမှာ တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား တင်းမာမှုများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်လက်ရှိနေသောကြောင့် ဖြစ်သည်။

ပြိုင်ဘက်မြောက်ကိုရီးယားနှင့် မကျူးကျော်ရေး ကြေညာချက်နှင့် ငြိမ်းချမ်းရေးစာချုပ် ဖြစ်မြောက်ရန် သမ္မတနိုတေဝူးက ဇူလိုင်လ ၁၂ ရက်နေ့တွင် အဆိုပြုခဲ့



ဒေသန္တရရွေးကောက်ပွဲများသို့ လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ

သည်။ သို့ဖြစ်ရာ စစ်အေးကိုက်ပွဲတင်းမာမှုအဆုံးသတ်ပြီး နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲများ ကျင်းပရန် အလားအလာ ရှိနေသည်။ နယ်စပ်ကို ဖြတ်ကျော်ခရီတက်ခြင်း၊ ဆုတောင်းပွဲများနှင့် ပူးပေါင်းဆွေးနွေးပွဲများအပါအဝင် ပွဲတော်များကျင်းပခြင်းဖြင့် သြဂုတ်လ ၁၅ ရက်နေ့တွင် ၄၆ ကြိမ်မြောက် မြောက်ကိုရိုးယားလွတ်လပ်ရေးနေ့ကို ကျင်းပရန် တောင်ကိုရိုးယားပူးပေါင်းရေးဝန်ကြီးက ဇူလိုင်လ ၁၅ ရက်နေ့က အဆိုပြုခဲ့သည်။ ယင်းနေ့တွင် နယ်စပ်ကို ဖြတ်ကျော်ရေးအတွက် ပြည်သူ ၁၀၀၀ စီ ဖလှယ်ရန်ဖြစ်သည်။

ရပ်ဆိုင်းထားခဲ့သော တောင်နှင့်မြောက် ကိုရိုးယားနှစ်နိုင်ငံ ဝန်ကြီးချုပ်နှစ်ဦးဆွေးနွေးပွဲကို သြဂုတ်လ ၂၇ ရက်နေ့တွင် ပြုံယမ်းဥ်ကျင်းပရန် မြောက်ကိုရိုးယား၏ အဆိုပြုချက်ကို တောင်ကိုရိုးယားဝန်ကြီးချုပ်ချန်ဝမ်ရှိတ်က လက်ခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလက တောင်နှင့်မြောက် ကိုရိုးယားနှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦး ဆွေးနွေးပွဲကျင်းပခဲ့ရာ နိုင်ငံရေးနှင့် စစ်ရေးတင်းမာမှုများလျော့ရန် ညှိနှိုင်းခဲ့ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၁၈၄—ရှု။)

ယင်းသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိနေစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နှစ်ရှည်လများရန်ဖက် ဖြစ်ခဲ့ကြသည့် တောင်နှင့်မြောက် ကိုရိုးယားနှစ်နိုင်ငံတို့အား ကုလသမဂ္ဂအဖွဲ့ဝင်များအဖြစ် လက်ခံရေး ဆုံးဖြတ်ချက်တစ်ရပ်ကို သြဂုတ်လ ၀ ရက်နေ့တွင် ဆန္ဒမဲမခွဲဘဲ အတည်ပြု လက်ခံလိုက်သည်။ ဤသို့ဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံကို စတင် ကျင်းပသည့် စက်တင်ဘာ ၁၇ ရက်နေ့တွင် တောင်နှင့်မြောက် ကိုရိုးယား နှစ်နိုင်ငံသည် တရားဝင် အဖွဲ့ဝင်များ ဖြစ်လာကြသည်။

ခင်ခင်ရီ၊ ဒေါ် (ခရစ် ၁၉၁၇ – ၁၉၉၁)။ ။ မြန်မာနိုင်ငံ ရုပ်ရှင်အနုပညာလောကတွင် အသံတိတ်ခေတ်မှစတင်ပြီး အောင်မြင်ကျော်ကြားလာခဲ့သော ဒေါ်ခင်ခင်ရီကို ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပဲခူးမြို့၌ အဖ ဦးဘဟန်၊ အမိ ဒေါ်အုန်းမေတို့က မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မအေးကြည် ဖြစ်သည်။

၁၉၂၉ ခုနှစ်တွင် ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။ အမည်ရင်း မအေးကြည်နာမည်မှ ခင်ခင်ရီသို့ ပြောင်းလဲခဲ့သည်။ ပထမဦးဆုံး စတင်ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ 'ရွှေအိမ်စည်နှင့် ပဋိဂ္ဂရား' ဖြစ်ပြီး ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူး ခဲ့ခြင်း ဖြစ်သည်။

ဒေါ်ခင်ခင်ရီပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကား ပေါင်း ၁၀၀ ကျော်တွင် အောင်မြင်ကျော်ကြားခဲ့သည့်



ရုပ်ရှင်မင်းသမီး ဒေါ်ခင်ခင်ရီ

ဇာတ်ကားများမှာ 'ကွတ်တိယ'၊ 'သူဇာ'၊ 'ရွှေနှင့်မြ'၊ 'အပျိုစင်နှင့် ကလေးမ' ရုပ်ရှင် ဇာတ်ကားများ ဖြစ်သည်။

နောက်ဆုံးပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာ ဂန္ဓဝင်မောင်ဝိုင်း ရိုက်ကူးသော 'အချစ်ရွာ' ဇာတ်ကားဖြစ်သည်။ ဒေါ်ခင်ခင်ရီသည် ပြည့်စုံရုပ်ရှင်မှ ညတိုက်ပွဲ (ရုပ်ရှင်စုံ)တွင် ရှေးခေတ်မြန်မာ့ရုပ်ရှင်သမိုင်း အခန်းတစ်ခန်း၌ မင်းသားတင်ငွေနှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဒေါ်ခင်ခင်ရီသည် နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ မြန်မာနိုင်ငံအထိမ်းအမှတ် နွေရက်ကြီးများနှင့် ပတ်သက်သော အခမ်းအနားများအတွက် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆို လှုံဆော်ပေးခဲ့သည်။ အပျော်တမ်း သူနာပြု အဖွဲ့တွင် လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဒေါ်ခင်ခင်ရီသည် ၁၉၄၄ ခုနှစ်တွင် စာရေးဆရာ၊ ဒါရိုက်တာ ဝဏ္ဏကျော်ထင်ဦးရန်နိုင်စိန် (အငြိမ်းစားညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)နှင့် အိမ်ထောင်ပြုခဲ့သည်။ သားနှစ်ဦးနှင့် သမီးနှစ်ဦး ထွန်းကားခဲ့သည်။

ရုပ်ရှင်မင်းသမီးကြီး ဒေါ်ခင်ခင်ရီသည် ၁၉၉၁ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ချစ်သန်း၊ ဦး (သိုင်းဆရာကြီး) (ခရစ်၁၉၂၁–၁၉၉၀)

။ ။ မြန်မာ့သိုင်းပညာရှင် ဦးချစ်သန်းကို ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်တွင် အဘ ဦးဘအောင်၊ အမိ ဒေါ်ငွေတင်တို့က ၁၉၂၁ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဖွားမြင်သည်။ သိုင်းပညာကို ငယ်စဉ်ကပင် နိုင်ငံကျော်သိုင်းဆရာကြီး ဦးပြည်သိမ်းထံမှ သင်ယူခဲ့သည်။ ခရစ်သက္ကရာဇ် ၁၉၃၈ ခုနှစ်တွင် အင်းစိန် အစိုးရအထက်တန်းကျောင်းမှ (၁၀)တန်းအောင်မြင်ခဲ့သည်။



သိုင်းဆရာကြီး
ဦးချစ်သန်း

ဂျပန်ခေတ်တွင် အာရှလူငယ်အစည်းအရုံး ဗဟိုအမှုဆောင် ဖြစ်ခဲ့သည်။ သိုင်းဌာနတွင် ဆရာကြီး ဦးပြည်သိမ်းနှင့် တဲဖက်တာဝန်ယူခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ မြေလတ်ပိုင်းနှင့် မန္တလေး၊ စစ်ကိုင်းတိုင်းတို့တွင် သိုင်းပညာပြန့်ပွားရန် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရဲအတတ်သင်ကျောင်းသားများနှင့် ရဲအမျိုးသမီးများကို သိုင်း၊ ဗန်တို၊ ဗန်ရှည်ပညာများ သင်ကြားပေးခဲ့သည်။

ဖ–ဆ–ပ–လခေတ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး၊ ဗဟိုအလုပ်အမှုဆောင် တစ်ဦးဖြစ်ခဲ့သည်။ မေမြို့တိုင်းလေ့ကျင့်ရေးနှင့် ဖြည့်တင်းရေးတပ်တွင် လည်းကောင်း၊ စစ်တက္ကသိုလ် ဗိုလ် လောင်း များ အား လည်းကောင်း သိုင်းသင်တန်းများ ပေးခဲ့သည်။ ရန်ကုန် တက္ကသိုလ် ပညာရေးမဟာဌာနတွင် ဆရာဖြစ်သင်တန်းသားများအား သိုင်းပညာများ သင်ကြားပေးခဲ့သည်။

တပ်မတော်တပ်ထိန်း သင်တန်းများ၊ တပ်မတော် ထောက်လှမ်းရေးသင်တန်းများ၊ တပ်မတော် (ရေ) သင်တန်းများ၊ စံပြဗဟိုထောင်မှူး၊ ထောင်ကြပ်များ၏ သင်တန်းများတွင် သိုင်းပညာသင်ကြား ပို့ချပေးခဲ့သည်။

တော်လှန်ရေးအစိုးရခေတ်ဘွင် ပညာရေးဌာန၊ လူငယ်ရေးရာဌာနခွဲတွင် သိုင်းပညာနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ လူငယ်များအား သိုင်းပညာ ဖြန့်ဖြူးသင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ (၁၉၆၅–၆၇) အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဗန်တို လူကလေးနှင့်သူဇာ ဇာတ်ကားတွင် မင်းသားညွှန့်ဝင်းသည် ဆရာကြီး၏သိုင်းကွက် အနုပညာဖြင့် အကယ်ဒမီဆုတ်ခွဲးရရှိခဲ့သည်။

၁၉၇၅ ခုနှစ် စက်တင်ဘာလတွင် ပြင်သစ်နိုင်ငံမှ ထုတ်ဝေသည့် (L' Artaublic du Bando) ကရာတေး မဂ္ဂဇင်းတွင် မြန်မာနိုင်ငံမှ သိုင်းဆရာကြီးများ ဖြစ်ကြသော ဦးပြည်သိမ်းနှင့်ဦးချစ်သန်းတို့၏ ဗန်တိုဗန်ရှည် ပညာအကြောင်းနှင့် ၎င်းတို့၏တပည့်များ ဖြစ်ကြသော

မင်းယက္ခ၊ မောင်ကျော်တင့်တို့၏ အကြောင်းကို ဓာတ်ပုံ မျှားနှင့်တကွ တခမ်းတနားဖော်ပြခဲ့သည်။

သိုင်းပညာနှင့်ပတ်သက်၍ ဦးချစ်သန်း ရေးသား ထုတ်ဝေခဲ့သော စာအုပ်များမှာရှောင်လင်ကွန်ဖူး (သိုင်း ငါးမျိုး)၊ ဘရုစ်လီတိုက်ခိုက်နည်းများ၊ ပြိုင်ပွဲဝင် ထိုင်း လက်ဝှေ့ကွန်ဖူး၊ အကွက်သိုင်း၊ လျှို့ဝှက်သော ဗန်တို– ဗန်ရှည် စသည့်စာအုပ်များ ဖြစ်သည်။

မြန်မာ့သိုင်းဆရာကြီး ဦးချစ်သန်းသည် ၁၉၉၀ ပြည့် နှစ် မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီးဒေါ်မြရင် ကျန်ခဲ့သည်။


ဂရေဟမ်, မာသာ (၁၈၉၄–၁၉၉၁)။ ။ ကမ္ဘာ ကျော် အကပညာရှင်အမျိုးသမီးကြီး မာသာဂရေဟမ်ကို အမေရိကန်ပြည်ထောင်စု ပင်ဆီဗေးနီးယားပြည်နယ် ပစ္စဘာ့မြို့တွင် ၁၈၉၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မိဘများမှာ ဂျော့ဂရင်းဖီးဂရေဟမ်နှင့် ဂျိန်းဟယ်မီလ်တန်ဒီနစ် ဖြစ်သည်။

မာသာဂရေဟမ်သည် ငယ်စဉ်က ဘတ်ကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အဲရစ်ဟောကင်းစ်နှင့် လက်ထပ်ခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် မာသာဂရေဟမ်သည် အမေရိကန်ပြည်ထောင်စုတစ်ဝန်း လုံး၌ လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားခဲ့သည်။ မာသာဂရေဟမ်အကကုမ္ပဏီနှင့် မာသာဂရေဟမ် ခေတ် ပြိုင်အကသင်တန်းကျောင်းတို့ကို တည်ထောင်ခဲ့သည်။

မာသာဂရေဟမ်၏အကမှာ လွန်စွာညက်ညော၍ ရင်သပ်ရှုမောဖွယ်ဖြစ်ကြောင်း ပညာရှင်များ လက်ခံ ထား ကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံ တကာမှဂုဏ်ပြုချီးမြှင့်သောဆုတံဆိပ်များအနက် တီထွင် ဖန်တီးမှုအနုပညာဆု (၁၉၆၈)၊ သမ္မတ၏လွတ်လပ်ရေး ဆုတံဆိပ် (၁၉၇၆)၊ လဲဂျင်းဒီအော်နာဆု (၁၉၇၃)၊ အမျိုးသားအနုပညာဆု (၁၉၇၅) နှင့် ဂုဏ်ထူးဆောင် ပါရဂူဆု (ဟားဗတ်တက္ကသိုလ်) တို့ပါဝင်သည်။

မာသာ ဂရေဟမ်





ဂရေဟမ် ဂရင်း

မာသာဂရေဟမ်၏ထင်ရှားသော ကြိုးကက်မျှား အနက်လွန်စွာကျော်ကြားခဲ့သည်တို့မှာ Letter to the World, Cave of the Heart, Acrobats of God, Scarlet Letter (၁၉၇၅) စသည်တို့ဖြစ်သည်။

ကမ္ဘာကျော်အကပညာရှင်ကြီး မာသာဂရေဟမ်သည် အက ဇာတ်စဉ်ပေါ်တွင် အသက် ၇၅ နှစ် အရွယ်ထိ ဖျော်ဖြေကပြခဲ့ပြီး အသက် ၉၇ နှစ်အရွယ် ၁၉၉၁ ခုနှစ် ဧပြီလတွင် အဆုတ်အအေးမိ ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဂရင်း, ဂရေဟမ် (၁၉၀၄–၁၉၉၁)။ ။ ထင်ရှားသောအင်္ဂလိပ်လူမျိုး စာရေးဆရာကြီး ဂရေဟမ်ဂရင်းကို ၁၉၀၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့က မွေးဖွားခဲ့သည်။ ငယ်စဉ်က စိတ်ရောဂါစွဲကပ်ခဲ့သဖြင့် ဆေးကုသမှု ခံယူခဲ့ရသည်။

ဂရင်းသည် ဘာကမ်စတက်ကျောင်းနှင့် ဘော်လီယိုကောလိပ် (အောက်စဖို့) တွင် ပညာသင်ကြားခဲ့သည်။ ထိုသို့ ပညာသင်စဉ်ကတည်းက စာပေ စတင်ရေးသားခဲ့သည်။ ၁၉၂၆ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ လန်ဒန်မြို့ထုတ် The Times သတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ Spectator သတင်းစာတွင် စာပေအယ်ဒီတာအဖြစ် ၁၉၄၀–၄၁ ခုနှစ်များတွင် လုပ်ကိုင်ခဲ့သည်။ ၁၉၄၁ မှ ၁၉၄၄ ခုနှစ်အထိ နိုင်ငံခြားရေးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၄၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပုံနှိပ် ထုတ်ဝေရေး လီမိတက် ကုမ္ပဏီကြီးတစ်ခု၌ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂရေဟမ်ဂရင်းသည် အခါအခွင့်သင့်တိုင်း ခရီးထွက်လေ့ရှိသည်။ အာဖရိက၊ အင်ဒိုချိုင်းနား စသော ဒေသများသို့ သွားရောက်ခဲ့သည်။ စစ်မက် ဖြစ်ပွားရာ ဒေသများ၊ တော်လှန်ရေးဖြစ်ပေါ်ရာ ဒေသများ၊ ရောဂါဆိုးဖြစ်ပွားနေသော ဒေသများသို့ သွားရောက်လေ့လာကာ ထိုအတွေ့အကြုံများကို အခြေခံပြီး ဝတ္ထုများကို ရေးသားခဲ့သည်။ သူ၏ဝတ္ထုအတော်များများကို ချပ်ရှင်ရိုက်ကူးခဲ့သည်။

သူသည် စာပေရေးသားရာတွင် အပျော်ဖတ်အရေးအသားနှင့် အတည်အခန့်အရေးအသားဟူ၍ ဟန်နှစ်မျိုး ခွဲခြားပြီးရေးသားခဲ့သည်။ သူ၏ပထမဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော ဝတ္ထု The Man Within (၁၉၂၉) သည် အောင်မြင်မှုရရှိခဲ့ပြီး ချပ်ရှင်ရိုက်ကူးခဲ့သည်။ စာပေနိဗန္ဓအတွက် ထင်ကြေးပေးခြင်းခံခဲ့ရဖူးသော်လည်း ဆုရခဲ့ခြင်းမရှိပေ။ သို့ရာတွင်သူ၏ထင်ရှားသောစာပေအရည်အသွေးကြောင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် များစွာရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ကိုရရှိခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် အီဒင်ဘာရာ တက္ကသိုလ်နှင့် ၁၉၇၉ ခုနှစ်တွင် အောက်စဖို့ တက္ကသိုလ်တို့မှ အလားတူ ချီးမြှင့်သော စာပေ ပါရဂူဘွဲ့များ ကိုရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဟမ်းဘာ့ တက္ကသိုလ်မှ ရှိတ်စပီးယားဆု ချီးမြှင့်ခဲ့သည်။

သူ၏ဝတ္ထုများထဲမှ ထင်ရှားသော ဝတ္ထုအချို့မှာ Brighton Rock (၁၉၃၈)၊ The Heart of the Matter (၁၉၄၈)၊ The End of the Affair (၁၉၅၁)၊ The Power and the Glory (၁၉၄၀) စသည်တို့ဖြစ်သည်။ ဂရေဟမ်ဂရင်းသည် ကွယ်လွန်ချိန် အသက် ၈၆ နှစ် အရွယ်အထိ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ခရီးသွားစာပေ၊ ဇာတ်ညွှန်းနှင့် ကလေးစာပေအပါအဝင် စာအုပ်ပေါင်း ၅၀ ကျော် ရေးသားနိုင်ခဲ့သည်။ နာမည်ကျော် စာရေးဆရာကြီး ဂရေဟမ်ဂရင်းသည် ၁၉၉၁ ခုနှစ် ဧပြီလတွင် ကွယ်လွန်ခဲ့သည်။

ဂန္ဒီ, ရာဂျစ် (ခရစ် ၁၉၄၄-၁၉၉၁)။ ။ အိန္ဒိယနိုင်ငံ လေကြောင်းလိုင်း လေယာဉ်မှူးဘဝမှ နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်ရှိလာသူ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီကို ဖခင် ဖီးရို့ဇ် ဂန္ဒီနှင့် မိခင် အင်ဒီရာ ဂန္ဒီတို့မှ ၁၉၄၄ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ မွေးဖွားခဲ့သည်။ အင်ဒီရာဂန္ဒီသည်

သားမွေးဖွားခြင့် မြေးကလေးရနေပြီဖြစ်ကြောင်းကို နိုင်ငံရေး အကျဉ်းသမား ဖြစ်နေသည့် သူမ၏ ဖခင် ဂျဝါဟာလာ နေရူးထံ အကြောင်းကြားလိုက်သောအခါ နေရူးက သမီးထံ ဝမ်းမြောက်ကြောင်း စာပြန်ရေးခဲ့ဖူးသည်။ ဂျဝါဟာလာ နေရူးသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဖြစ်သည်။

ရာဂျစ်ဂန္ဒီ၏ ဖခင်မှာ သတင်းစာဆရာတစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူ အင်ဒီရာဂန္ဒီမှာလည်း ဖခင်နေရူးထံမှ နိုင်ငံရေးစိတ်ဓာတ်နှင့် အသိပညာများကို ဆက်လက်ခံယူရင်း နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ရာဂျစ်သည် ငယ်စဉ်က နယူးဒေလီမြို့ရှိ အဘိုးဖြစ်သူ နေရူး၏ တင်းမာတီအိမ်တွင် နေထိုင်ကြီးပြင်းခဲ့ရသည်။

၁၉၅၁ ခုနှစ်တွင် ရှစ်နီကီတန် အခြေခံအဆင့် ကျောင်းသို့ ရာဂျစ်ကို အပ်နှံပြီး ဟိန္ဒူဘာသာဖြင့် စတင်ပညာသင်ကြားစေသည်။ ထို့နောက် ဒီရာဒွန်းမြို့ရှိ ဒွန်းကျောင်းသို့ ပြောင်းရွှေသင်ကြားစေသည်။ ထိုမှတစ်ဖန် ဗြိတိန်နိုင်ငံ ကင်းဘရစ်ဂျ်တက္ကသိုလ် ထရီနီတီကောလိပ်သို့ တက်ရောက်၍ ပညာသင်ယူပြီးလျှင် လန်ဒန်သိပ္ပံနှင့် စက်မှုဆိုင်ရာ အင်ပီရီယယ်ကောလိပ်တွင် ဆက်လက်သင်ယူခဲ့သည်။ ဗြိတိန်နိုင်ငံ လေကြောင်းလိုင်းတွင် လေယာဉ်မှူးအဖြစ်လည်း လေ့ကျင့်သင်ကြားခဲ့သည်။

ထရီနီတီကောလိပ်၌ စက်မှုသင်တန်း တက်နေစဉ် အီတလီသူ ဆိုနီယာနှင့် တွေ့ဆုံ၍ ချစ်ကျွမ်းဝင်ကာ ၁၉၆၈ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ ထို့နောက် ဇနီးဖြစ်သူနှင့်အတူ အိန္ဒိယနိုင်ငံသို့ပြန်လာပြီး အိန္ဒိယလေကြောင်းကုမ္ပဏီ၌ လေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်သည်။



ရာဂျစ်ဂန္ဒီ

ရာဂျစ်သည် ဆိုနီယာကဲ့သို့ပင် မူလက နိုင်ငံရေးနှင့် ကင်းကင်းကွာကွာ နေခဲ့သူ ဖြစ်သည်။ သို့ရာတွင် ညီဖြစ်သူ ဆန်ဂျေးဂန္ဒီမှာ လေယာဉ်ပျက်ကျသဖြင့် ကွယ်လွန်သွားသည့်အခါ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ၎င်း၏ မိခင် အင်ဒီရာ ဂန္ဒီက ဆန်ဂျေး၏ နေရာတွင် ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးခဲ့ရာမှ နိုင်ငံရေးလောကသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကွယ်လွန်သူ ပါလီမန်အမတ် ဆန်ဂျေး ဂန္ဒီ၏ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် အမေသီမဲဆန္ဒနယ်တွင် လစ်လပ်သွားသောအမတ်နေရာအတွက်ကြားဖြတ်ရွေးကောက်ပွဲကို ၁၉၈၁ ခုနှစ် ဇွန်လတွင် ကျင်းပရာ ရာဂျစ် ဂန္ဒီ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သဖြင့် ပါလီမန်အမတ် ဖြစ်လာသည်။ ထို့နောက် ရာဂျစ်ဂန္ဒီသည် အိန္ဒိယလူငယ်ကွန်ဂရက် အမျိုးသားအမှုဆောင် အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ကွန်ဂရက်(အိုင်)ပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။

၁၉၈၄ ခုနှစ်တွင် အန်မရစ်ဆာမြို့ရှိ ဆစ်ခ်ရွှေကျောင်းတော်ကို အိန္ဒိယ ဗဟိုအစိုးရ တပ်ဖွဲ့ဝင်များ ဝင်ရောက်စီး နင်း တိုက် ခိုက် မှု ကြောင့် ဆစ်ခ် ခေါင်း ဆောင် နှင့် အကြမ်းဖက်သမားများ သေဆုံးကြရာ ဆစ်ခ်လူမျိုးများ အကြား မကျေနပ်မှုများ ကြီးထွားခဲ့ရသည်။ ယင်း ပြဿနာကြောင့်ပင် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဆစ်ခ်အမျိုးသား ကိုယ်ရံတော်နှစ်ဦး၏ လက်ချက်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။ ကွယ်လွန်သူ အင်ဒီရာဂန္ဒီ၏ နေရာတွင် သားဖြစ်သူ ရာဂျစ်ဂန္ဒီအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့သည်။ ထို့ပြင် ကွန်ဂရက် (အိုင်) ပါတီ၏ ဥက္ကဋ္ဌအဖြစ်လည်း တင်မြှောက်ခဲ့သည်။ ယင်းနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် ရာဂျစ် ဂန္ဒီ ဦးဆောင်သည့် ကွန်ဂရက်ပါတီက အမတ်အင်အား ၅၄၄ နေရာရှိသည့် ပါလီမန်တွင် ၄၀၁ နေရာ အနိုင်ရရှိပြီး ကွန်ဂရက် (အိုင်) ပါတီသမိုင်းတွင် အအောင်မြင်ဆုံး စံချိန်ထူနိုင်ခဲ့သည်။

ဤသို့ဖြင့် ရာဂျစ်ဂန္ဒီသည် ဝန်ကြီးချုပ် ရာထူးကို ထမ်းဆောင်လာခဲ့ရာ ၁၉၈၈ ခုနှစ်တွင် ဘိုဖာ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီအရှုပ်ထွေးတော်ပုံကိစ္စကိုကျေလည်အောင်မဖြေရှင်းနိုင်သဖြင့် ရာဂျစ်ဂန္ဒီနှင့် ကွန်ဂရက်(အိုင်) ပါတီအပေါ် လူထု၏ ထောက်ခံမှုမှာ လျော့နည်းလာခဲ့သည်။ သို့ဖြစ်ရာ ၁၉၈၉ ခုနှစ်တွင် ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် ကွန်ဂရက်(အိုင်)ပါတီသည် ယခင်ကကဲ့သို့ အပြတ်အသတ် အနိုင်ရရှိခြင်း မရှိတော့ချေ။ ရွေးကောက်ပွဲအပြီးတွင် ရာဂျစ်ဂန္ဒီသည် အစိုးရဖွဲ့ရန်

မကြိုးပမ်းတော့ဘဲ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကာ အတိုက်အခံပါလီမန်အမတ်တစ်ဦးအဖြစ် ရပ်တည်ခဲ့သည်။ ရာဂျစ်ဂန္ဒီ၏ နေရာတွင် အမျိုးသားတပ်ဦးအဖွဲ့ ခေါင်းဆောင် ဗွီပီဆင်းက ဝန်ကြီးချုပ် ဖြစ်လာသည်။

ဝန်ကြီးချုပ်ဗွီပီဆင်း ဦးဆောင်သည့် အစိုးရအဖွဲ့သည် လည်း ပြည်တွင်းပြဿနာမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် နုတ်ထွက်ခဲ့ရသည်။ ထို့နောက် ဝန်ကြီးချုပ်ချန်ဒရာ ရှက်ကာ ဦးဆောင်သည့် လူနည်းစုအစိုးရ တက်လာသည်။ ရာဂျစ်ဂန္ဒီ၏ ကွန်ဂရက် (အိုင်) ပါတီသည် ညွှန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခြင်း မရှိဘဲ ချန်ဒရာ ရှက်ကာ၏ လူနည်းစု အစိုးရအဖွဲ့ကို ထောက်ခံကာ ကျားကန်ပေးခဲ့သည်။ နောက်ပိုင်းတွင် ရာဂျစ်ဂန္ဒီနှင့် ချန်ဒရာရှက်ကာတို့အကြား မသင့်မြတ်မှုများကြောင့် ကွန်ဂရက်ပါတီ၏ ထောက်ခံမှု မရရှိတော့သဖြင့် ချန်ဒရာရှက်ကာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ဤသို့ဖြင့် ပါလီမန် ရွေးကောက်ပွဲအသစ်ကို ၁၉၉၁ ခုနှစ် မေလ ၂၀ ရက်နေ့မှစ၍ ကျင်းပရန် ကြေညာခဲ့သည်။

ရာဂျစ်ဂန္ဒီသည် ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီ အနိုင်ရရှိပြီး မိမိ လက်လွှတ်ဆုံးရှုံးခဲ့ရသော နိုင်ငံရေး အာဏာ ပြန်လည်ရယူနိုင်ရေးအတွက် မရပ်မနား မဲဆွယ်စည်းရုံး လှုပ်ရှားခဲ့သည်။ ကွန်ဂရက်ပါတီ အောင်ပွဲခံလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။ ယင်းသို့ ရှိနေခဲ့ရာမှ တမီလ်နာဒူးပြည်နယ်မြို့တော် မဒရပ်မြို့ အနောက်တောင်ဘက် ၂၅ မိုင် အကွာရှိ ဆရီပါရင်ဘူဒါမြို့၌ ရွေးကောက်ပွဲ မဲဆွယ်တရားပွဲ ပြုလုပ်ရန် စကားပြောစင်မြင့်သို့ ဖြတ်လျှောက် အသွားတွင် ပန်းခြင်းတစ်ခု အတွင်းမှ ဗုံးပေါက်ကွဲသဖြင့် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးကာ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။ ရာဂျစ်ဂန္ဒီ၏ရုပ်အလောင်းကို မေလ ၂၄ ရက်နေ့တွင်မီးသင်္ဂြိဟ်ပြီး အရိုးပြာများကိုလည်း ဟိန္ဒူ ထုံးတမ်းစဉ်လာအရ နောက်ဆုံးခရီးအဖြစ် ဂင်္ဂါမြစ်နှင့် ယမုန်နာမြစ်တို့ဆုံသည့် နေရာတွင် မေလ ၂၈ ရက်နေ့က ရေမျှောချခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးသည် ဆိုနီယာ ဂန္ဒီနှင့် အတူ အသက် ၂၁ နှစ် အရွယ်ရှိ သမီးပရီယန်ကာနှင့် အသက် ၂၀ အရွယ်ရှိ သား ရာဟူးတို့ ကျန်ရစ်ခဲ့သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ (၁၉၉၁)။ ။ဗဟုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော် မူခဲ့ကြသော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့မှ ဆရာတော်ကြီးများ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ရန်သူဟူသမျှကို ရွပ်ရွပ်ခ်ျခ်ျ စွန့်စွန့်စားစား ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲဝင်များ၊ နိုင်ငံတော် တည်ဆောက်ရေး၊ စီးပွားရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲရေး၊ လူမှုရေးကိစ္စရပ်များတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များနှင့် ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့၊ ဇန်နဝါရီလ ၂၃ ရက်နေ့၊ မတ်လ ၂၇ ရက်နေ့နှင့် မေလ ၁ ရက်နေ့များတွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၁) အရ အဘိဓမ္မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးလေးပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးတစ်ပါး စုစုပေါင်း ဆရာတော်ကြီး ငါးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၄၉ ပါး၊ ထိုင်းနိုင်ငံမှ ဆရာတော်ကြီးကိုးပါး၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီးနှစ်ပါး၊ နီပေါနိုင်ငံမှ ဆရာတော်ကြီးတစ်ပါး၊ ဂျပန်နိုင်ငံမှ ဆရာတော်ကြီးတစ်ပါးနှင့် အင်္ဂလန်နိုင်ငံမှ ဆရာတော်ကြီးတစ်ပါး စုစုပေါင်း ဆရာတော်ကြီး ၆၃ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၃/၉၁) အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် အပ်နှင်းခြင်းခံရသူ ၁၃ ဦး စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ တစ်ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) အပ်နှင်းခြင်းခံရသူ ၅၁ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်း

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ



သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာအား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ခံရသူ ၂၇ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ငါးဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) အပ်နှင်းခြင်းခံရသူ တစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ ကိုးဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ၄၇ ဦး၊ ရဲသူရတံဆိပ် အပ်နှင်းခြင်းခံရသူ ၁၁ ဦး၊ ရဲဗလတံဆိပ် အပ်နှင်းခြင်းခံရသူ ၁၈ ဦး၊ ရဲသူရိန်တံဆိပ် အပ်နှင်းခြင်းခံရသူ ခြောက်ဦး၊ ရဲကျော်စွာတံဆိပ် အပ်နှင်းခြင်းခံရသူ လေးဦးနှင့် ရဲကျော်သူတံဆိပ် အပ်နှင်းခြင်းခံရသူ လေးဦး၊ စုစုပေါင်း ၁၉၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၄/၉၁) အရ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားစစ်မှုထမ်း ၆၁၅ ဦး၊ တာဝန်ထမ်းဆဲ စစ်မှုထမ်း ၆,၇၁၀ ဦး၊ စုစုပေါင်း ၇,၄၆၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၅/၉၁) အရ စစ်မှုထမ်းကောင်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားစစ်မှုထမ်း ၁၁၁ ဦး၊ တာဝန်ထမ်းဆဲ စစ်မှုထမ်း ၁,၀၅၁ ဦး၊ စုစုပေါင်း ၁,၁၆၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၆/၉၁) အရ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားဝန်ထမ်း ၅၁၀ ဦး၊ တာဝန်ထမ်းဆဲ ဝန်ထမ်း ၁၅,၀၅၀ ဦး၊ စုစုပေါင်း ၁၅,၅၆၀ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၇/၉၁) အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားဝန်ထမ်း ၃၁၃ ဦး၊ တာဝန်ထမ်းဆဲ ဝန်ထမ်း ၄,၀၉၃ ဦး၊ စုစုပေါင်း ၄,၄၀၆ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၈/၉၁) အရ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးတစ်ပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးတစ်ပါး စုစုပေါင်း ဆရာတော်ကြီးနှစ်ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၁၇/၉၁) အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသော ပဂ္ဂိုလ်များတွင် တံခွန်ဘွဲ့အပ်နှင်းခြင်းခံရသူ ကိုးဦး၊ ပြည်ထောင်စုဇာနည်ဘွဲ့ အပ်နှင်းခြင်းခံရသူ ၁၄ ဦး၊ ဇာနည်ဘွဲ့ အပ်နှင်းခြင်းခံရသူ ၁၀ ဦး၊ စီမံ

ထူးချွန်တံဆိပ်(ပထမဆင့်) အပ်နှင်းခြင်းခံရသူ ၁၅ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ ၄၆ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) အပ်နှင်းခြင်းခံရသူ ကိုးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) အပ်နှင်းခြင်းခံရသူ ခုနစ်ဦး၊ ရဲဗလတံဆိပ် အပ်နှင်းခြင်းခံရသူ တစ်ဦးနှင့် ရဲကျော်သူတံဆိပ် အပ်နှင်းခြင်းခံရသူ လေးဦး၊ စုစုပေါင်း ၁၁၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၂၃/၉၁) အရ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင် တံဆိပ် အပ်နှင်းခြင်း ခံရသူများတွင် အငြိမ်းစား ပြည်သူ ရဲတပ်ဖွဲ့ဝင် ၇၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၈၈၁ ဦး၊ စုစုပေါင်း ၉၅၂ ဦး ပါဝင်သည်။

ယင်းသို့ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များအနက် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ တံခွန်ဘွဲ့၊ ပြည်ထောင်စုဂုဏ်ဒုနည်ဘွဲ့၊ ဂုဏ်ဒုနည်ဘွဲ့၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)၊ စီမံထူးချွန်တံဆိပ်(ပထမ၊ ဒုတိယနှင့် တတိယဆင့်)၊ လူမှုထူးချွန်တံဆိပ်(ပထမ၊ ဒုတိယနှင့် တတိယဆင့်)၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ်၊ ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ် အပ်နှင်းခြင်း ခံရသူများအား အောက်ပါအတိုင်း ဖော်ပြပါသည် –

တံခွန်ဘွဲ့

၁။	ကြည်း	၈၁၉၉	ဗိုလ်ချုပ်မောင်လှ.	စစ်ရာထူးခန့်ချုပ်၊ စစ်ရာထူးခန့်ချုပ်ရုံး
၂။	ကြည်း	၇၉၂၄	ဗိုလ်ချုပ်ကျော်ဘ	တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
၃။	ကြည်း	၇၆၀၀	ဗိုလ်ချုပ်မောင်သင့်	တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်
၄။	ကြည်း	၇၈၇၅	ဗိုလ်ချုပ်မောင်အေး	တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
၅။	ကြည်း	၆၉၁၇	ဗိုလ်ချုပ်မြင့်အောင်	တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်
၆။	ကြည်း	၆၆၀၅	ဗိုလ်ချုပ်မြသင်း	တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်
၇။	ကြည်း	၇၈၆၄	ဗိုလ်ချုပ်ထွန်းကြည်	တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
၈။	ကြည်း	၇၀၃၄	ဗိုလ်ချုပ်အေးသောင်	တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်
၉။	ကြည်း	၇၅၅၇	ဗိုလ်ချုပ်မျိုးညွန့်	တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်

ပြည်ထောင်စုဂုဏ်ဒုနည်ဘွဲ့

၁။	ကြည်း	၈၆၄၂	ဗိုလ်မှူးချုပ်စိုးမြင့်	တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်
၂။	ကြည်း	၇၁၂၈	ဗိုလ်မှူးချုပ်ကျော်မင်း	တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်
၃။	ရေ	၃၁၁၀	ဗိုလ်မှူးချုပ်သန်းညွန့်	စစ်ဦးစီးအရာရှိချုပ်(ရေ)ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
၄။	လေ	၁၁၉၃	ဗိုလ်မှူးချုပ်သိန်းဝင်း	စစ်ဦးစီးအရာရှိချုပ် (လေ)ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)
၅။	လေ	၁၂၆၄	ဗိုလ်မှူးချုပ်မောင်မောင်	စခန်းမှူး၊ အမှတ် (၅၀၂) လေတပ်စခန်း
၆။	ကြည်း	၈၈၀၉	ဗိုလ်မှူးချုပ်ဝင်းမြင့်	တပ်မမှူး၊ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ်
၇။	ကြည်း	၈၇၅၂	ဗိုလ်မှူးချုပ်တင်လှ	တပ်မမှူး၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်
၈။	ကြည်း	၈၁၆၃	ဗိုလ်မှူးချုပ်လှဌေး	တပ်မမှူး၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်
၉။	ကြည်း	၈၆၇၇	ဗိုလ်မှူးကြီးစောလွင်	တပ်မမှူး၊ အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်
၁၀။	ကြည်း	၁၀၁၃၃	ဗိုလ်မှူးကြီးလွန်းမောင်	တပ်မမှူး၊ အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်
၁၁။	ကြည်း	၈၈၀၅	ဗိုလ်မှူးချုပ်အေးကျော်	တပ်မမှူး၊ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်
၁၂။	ကြည်း	၉၆၉၈	ဗိုလ်မှူးကြီးကော်စိန်	တပ်မမှူး၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်
၁၃။	ကြည်း	၁၀၂၈၉	ဗိုလ်မှူးကြီးလှမြင့်ဆွေ	တပ်မမှူး၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်
၁၄။	ကြည်း	၈၄၅၈	ဗိုလ်မှူးချုပ်ကျော်သန်း	တပ်မမှူး၊ အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်

ဇာနည်ဘွဲ့

၁။ ကြည်း ၈၈၀၃ ဗိုလ်မှူးချုပ်သိန်းထွန်း ညွှန်ကြားရေးမှူး၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး
၂။ ကြည်း ၈၄၈၅ ဗိုလ်မှူးချုပ်သောဌေး ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
၃။ ကြည်း ၉၇၀၆ ဗိုလ်မှူးကြီးစောထွန်း ဒုတိယတပ်မမှူး၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်
၄။ ကြည်း ၁၀၁၄၇ ဗိုလ်မှူးကြီး ဝင်းလှိုင် စစ်ဗျူဟာမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်
၅။ ကြည်း ၁၀၂၃၆ ဗိုလ်မှူးကြီးစန်းမောင် နည်းဗျူဟာမှူး၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်
၆။ ကြည်း ၁၀၅၃၄ ဗိုလ်မှူးကြီးတင်ငွေ နည်းဗျူဟာမှူး၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်
၇။ ကြည်း ၁၀၃၀၃ ဗိုလ်မှူးကြီးစိန်မှတ် နည်းဗျူဟာမှူး၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်
၈။ ကြည်း ၁၀၂၁၈ ဗိုလ်မှူးကြီးဌေးဝင်း နည်းဗျူဟာမှူး၊ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်
၉။ ကြည်း ၁၀၁၉၆ ဗိုလ်မှူးကြီးမောင်ကြည် ဦးမျိုးဆွေ ဥက္ကဋ္ဌ၊ ကယားပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
၁၀။

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ကြည်း ၉၇၃၆၊ ဗိုလ်မှူးကြီးအောင်သိန်း၊ ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး
၂။ ကြည်း ၉၇၈၃၊ ဗိုလ်မှူးကြီးသန်းထွန်း၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး၊ တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံး
၃။ ကြည်း ၁၀၃၂၀၊ ဗိုလ်မှူးကြီး ခင်မောင်သန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး (စီမံရေး / စစ်ဆင်ရေး) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
၄။ ကြည်း ၁၀၆၅၅၊ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ယာယီမော်ကွန်းတိုက်မှူး (ဗိုလ်မှူးကြီး)၊ တပ်မတော်မော်ကွန်းတိုက်။
၅။ လေ ၁၃၅၆၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဒွေး ဥက္ကဋ္ဌ၊ မြင်းခြံမြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။
၆။ ဦးအေးကြင်၊ (ယခင်) ညွှန်ကြားရေးမှူးချုပ်၊ စက်မှုစီမံကိန်းဦးစီးဌာန။
၇။ သူရ ဦးမြစိုးညိမ်း (ယခင်) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အထည်အလိပ်လုပ်ငန်း။
၈။ ဦးထွန်းဇော်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ စားသောက်ကုန်လုပ်ငန်း။
၉။ ဦးစိုးလွင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း။
၁၀။ ဦးတင်ထွဋ်၊ (ယခင်) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သတ္တုပစ္စည်းလုပ်ငန်း။
၁၁။ ဦးခင်မောင်ဆွေ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ကြေထည်မြေထည်လုပ်ငန်း။
၁၂။ ဗိုလ်မှူးကြီး သန့်ရှေ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း။
၁၃။ ဦးအောင်သန့်၊ သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၁၄။ ဦးဝင်းကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ သွင်းကုန် ထုတ်ကုန်လုပ်ငန်း။
၁၅။ ဦးလှိုင်မြင့်စန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ရေနံဓာတုပေဒလုပ်ငန်း။

စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ကြည်း ၁၃၉၄၆၊ ဗိုလ်ကြီးမြင့်ဦး၊ ဥက္ကဋ္ဌ၊ ကျန်းလှမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
၂။ ကြည်း ၁၇၉၀၂၊ ဗိုလ်ကြီး ပိုက်ထွေး၊ ဥက္ကဋ္ဌ၊ ကံမမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၃။ ကြည်း ၁၁၂၁၄၊ ဗိုလ်မှူး တင်ငွေး၊ ဥက္ကဋ္ဌ၊ ကောလင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၄။ ကြည်း ၈၄၁၈၊ ဗိုလ်မှူး မောင်စိုး၊ ဥက္ကဋ္ဌ၊ မူဆယ်မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၅။ ကြည်း ၈၉၁၅၊ ဗိုလ်မှူး မောင်မောင်နိုင်၊ ဥက္ကဋ္ဌ၊ နမ့်ခမ်းမြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၆။ ကြည်း ၁၁၆၆၀၊ ဗိုလ်မှူး ဘစု၊ ဥက္ကဋ္ဌ၊ ရေစကြိုမြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

၇။ လေ ၁၆၆၆၊ ဗိုလ်ကြီး သန်းဝင်း၊ ဥက္ကဋ္ဌ၊ ညောင်ဦးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၈။ ကြည်း ၁၅၅၄၅၊ ဗိုလ်ကြီး မြင့်ဆွေ၊ ဥက္ကဋ္ဌ၊ ဒလမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
၉။ ကြည်း ၁၃၁၅၇၊ ဗိုလ်ကြီး မောင်မောင်လေး၊ ဥက္ကဋ္ဌ၊ အုတ်ဖို့မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၁၀။ ကြည်း ၁၃၀၄၁၊ ဗိုလ်မှူး သာအေး၊ ဥက္ကဋ္ဌ၊ ဟသ်ာတမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
၁၁။ ကြည်း ၁၂၈၉၄၊ ဗိုလ်မှူး လှအေး၊ ဥက္ကဋ္ဌ၊ ကော့သောင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၁၂။ ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန
၁၃။ ဦးဝင်းကြည်၊ လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း
၁၄။ ဦးကျော်မြင့်၊ အင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား
၁၅။ သူရ ဦးသောင်းလွင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား
၁၆။ ဦးကျော်ဆန်း၊ အင်ဂျင်နီယာ၊ မြန်မာ့မီးရထား
၁၇။ ဦးမိုးနိုင်၊ တိုင်း အင်ဂျင်နီယာ၊ တံတားဘောင် ရွှေညောင် - ရပ်စောက် ရထားလမ်း၊ မြန်မာ့မီးရထား
၁၈။ ဦးအောင်သိန်း၊ တိုင်းအင်ဂျင်နီယာ၊ တိုင်း (၄) ဆူးလေခုံးကျော်တံတား၊ မြန်မာ့မီးရထား
၁၉။ ဦးအုန်းလွင်၊ တိုင်းအင်ဂျင်နီယာ၊ တိုင်း (၃) ၊မန္တလေး ရန်ကြီးအောင် ခုံးကျော်တံတား၊ မန္တလေး အရှေ့အနောက် မြို့ပတ်ရထားလမ်း၊ မြန်မာ့မီးရထား
၂၀။ ဦးအောင်ဇင်၊ တိုင်းအင်ဂျင်နီယာ၊ တိုင်း (၆)၊ ဗားကရာတံတား၊ ကျိုက္ကလဲ့တံတား၊ ဒဂုံမြို့သစ် မြန်မာ့မီးရထား
၂၁။ ဦးမြတ်လင်း၊ တိုင်းအင်ဂျင်နီယာ၊ တိုင်း (၅)၊ ပဲခူး ခုံးကျော်တံတား၊ မြန်မာ့မီးရထား
၂၂။ ဦးအောင်မြင့်၊ လက် ထောက် တိုင်း အင်ဂျင်နီယာ၊ တံတားဦး–မြို့သာ ရထားလမ်း၊ မြန်မာ့မီးရထား
၂၃။ ဦးဘဝမ်း၊ အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
၂၄။ ဦးချစ်၊ အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
၂၅။ ဦးထွန်းတင်၊ ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရန်ကုန်တိုင်း
၂၆။ ဦးကျော်တင့်၊ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်း။
၂၇။ ဦးသန်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်း။
၂၈။ ဦးခင်မောင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလယ်ယာဦးစီးဌာန
၂၉။ ဒုတိယ ဗိုလ်မှူးကြီး သိန်းထွန်း၊ အထူးအရာရှိ၊ စွမ်းအင်ဝန်ကြီးဌာန
၃၀။ ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေးဦးစီးဌာန
၃၁။ ဦးသောင်းစိန်၊ အင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။
၃၂။ ဦးမောင်မောင်အေး၊ အင်ဂျင်နီယာချုပ် (အငြိမ်းစား)၊ မြန်မာ့လျှပ်စစ်ဓောတ်အားလုပ်ငန်း။
၃၃။ ဦးအောင်ကြည်၊ ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။
၃၄။ ဦးစိုးကျော်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။
၃၅။ ဦးလှမင်း၊ အထွေထွေမန်နေဂျာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။
၃၆။ ဦးအောင်ကြင်၊ စက်ရုံမှူး၊ ဓာတ်မြေဩဇာစက်ရုံ (စလေ) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။
၃၇။ ဦးစိုးမောင်၊ စက်ရုံမှူး၊ အမှတ် (၂) ရေနံချက်စက်ရုံ (ချောက်) မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း။
၃၈။ ဗိုလ်မှူးတင်ထွဋ်၊ ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး။
၃၉။ ဗိုလ်မှူးမြင့်သိန်း၊ အထူးအရာရှိ၊ သတ္တုတွင်းဝန်ကြီးဌာန။
၄၀။ ဦးကိုကို၊ အထွေထွေမန်နေဂျာ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း အမှတ်(၁) ကြေးနီစီမံကိန်း။
၄၁။ ဦးစိုးမြ၊ ဒုတိယညွှန်ကြားရေးမှူး၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း။
၄၂။ ဦးစန်းမောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း။
၄၃။ ဦးမြစိုး၊ ညွှန်ကြားရေးမှူး၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း။
၄၄။ ဦးထွန်းအောင်၊ အထွေထွေမန်နေဂျာ၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း။
၄၅။ ဦးသိန်းလွင်၊ အတိုင်းပင်ခံကျွမ်းကျင်သူပညာရှင်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။
၄၆။ ဦးလှကြည်၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန သတ္တုတွင်းဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးရွှေကွန်း၊ လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။
၂။ ဦးကျော်လှိုင်၊ ကြီးကြပ်ရေးအင်ဂျင်နီယာ(တူးဖော်ရေး) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်း။
၃။ ဦးစောဂျိမ်းစ်တိုးသာ၊ ဌာနခွဲမန်နေဂျာ (လေယာဉ်ဆီ) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း။
၄။ ဦးလှတင့်၊ မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး။
၅။ ဦးစိုးတင်၊ ဌာနစုမှူး၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။
၆။ ဦးတင်မောင်၊ ဒုတိယ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။
၇။ ဦးခင်မောင်လင်း၊ ဘူမိဗေဒအရာထမ်း (စတုတ္ထ) ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန။
၈။ ဦးသန်းထွန်း၊ ဘူမိဗေဒအရာထမ်း (စတုတ္ထ)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန။
၉။ ဦးလွန်းငွေ၊ ဇုန်ခွဲမန်နေဂျာ၊ မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးချစ်တီး၊ ယာဉ်မောင်း စက်ပြင်၊ ဆူးလေ၊ တာမွေလေး၊ ဆည်မြောင်းဦးစီးဌာန။
၂။ ဦးသန်းငွေး၊ အင်ဂျင်နီယာ (တ) (သယ်ပို့/စက်ပြင်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေလုပ်ငန်း။
၃။ ဦးခွေးညို၊ တွင်းပြင်အဆင့် (၂)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်း။
၄။ ဦးအေးမောင်၊ စက်မှုလုပ်သား (ပ) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်း။
၅။ ဦးမင်းနှစ်၊ ဒုတိယစက်ရုံမှူး၊ ဓာတ်မြေဩဇာစက်ရုံ (စလေ) မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း။
၆။ ဦးဇော်ဝင်း၊ လက်ထောက်စက်ရုံမှူး၊ ဓာတ်မြေဩဇာ စက်ရုံ (ကျော်စွာ) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။
၇။ ဦးစိန်လှ၊ အလုပ်ရုံခွဲမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။

ရဗလတံဆိပ်

၁။ လ / ၁၄၅၂ ဒုတိယရဲမှူးမျိုးလွင်၊ အမှတ် (၆) ပြည်သူ့ရဲတပ်ရင်း။

ရဲကျော်သူတံဆိပ်

၁။ လ / ၅၆၆၇၄ ရဲအုပ်တောကျော်၊ ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့။
၂။ လ / ၇၉၀၀၁ ရဲတပ်ကြပ်ကျော်ဦး ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့
၃။ လ / ၆၉၄၄၀ ရဲတပ်ကြပ်စောလူ၊ ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့။
၄။ လ / ၁၀၀၉၅၂ ရဲဒုတပ်ကြပ်ကိုကိုနိုင်၊ ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့။

သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

၁။ ကြည်း ၂၁၃၀၄ ဗိုလ်စိန်မော် အမှတ် (၁၄) ခြေလျင်တပ်ရင်း
၂။ အမှတ် ၃၇၃၀၉၃ တပ်ခွဲတပ်ကြပ်ကြီးအောင်သန်း အမှတ် (၄၅) ခြေလျင်တပ်ရင်း
၃။ အမှတ် ၄၀၃၀၉၉ တပ်ကြပ် ဝင်းစိန် အမှတ် (၁၀၄) ခြေလျင်တပ်ရင်း
၄။ အမှတ် ၄၁၂၁၀၆ တပ်ကြပ် ဖြူချေ အမှတ် (၄၅) ခြေလျင်တပ်ရင်း
၅။ အမှတ် ၅၄၀၀၂၇ တပ်ကြပ် လှစိုး အမှတ် (၁၀၁) ခြေလျင်တပ်ရင်း
၆။ အမှတ် ၅၄၀၄၁၁ တပ်ကြပ် တင်လတ် အမှတ် (၁၀၆) ခြေလျင်တပ်ရင်း
၇။ အမှတ် ၄၄၂၂၄၀ တပ်သား ခင်ဝင်း အမှတ် (၈၀) ခြေလျင်တပ်ရင်း
၈။ အမှတ် ၄၇၆၆၇၀ တပ်သား အာလင်ကွဲး အမှတ် (၆၁) ခြေလျင်တပ်ရင်း
၉။ အမှတ် ၆၃၈၄၇၁ တပ်သား မျိုးမြင့် အမှတ် (၆၁) ခြေလျင်တပ်ရင်း
၁၀။ အမှတ် ၆၈၉၇၃၉ တပ်သား ခင်မောင်ငွေး အမှတ် (၈၀) ခြေလျင်တပ်ရင်း
၁၁။ အမှတ် ၆၉၆၇၈၀ တပ်သား စိုးသိန်း အမှတ်(၁၀၆) ခြေလျင်တပ်ရင်း
၁၂။ အမှတ် ၇၀၀၃၁၇ တပ်သား ကျော်အောင် အမှတ် (၈၀) ခြေလျင်တပ်ရင်း
၁၃။ အမှတ် ၇၁၁၃၂၀ တပ်သား စစ်နိုင် အမှတ် (၆၁) ခြေလျင်တပ်ရင်း

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးမြင့်စိုး၊ လက်ထောက် အမှုဆောင်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးကိုလေး၊ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၂။ ဦးပန်းအောင်၊ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၃။ ဦးကျော်အေး၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ရုံး။
၄။ ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အထူးအရာရှိ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး။
၅။ ဦးသန်းဖေ၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံး။
၆။ ဦးခင်ကြွယ်၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး။
၇။ ဦးကို၊ ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး။
၈။ ဦးထွန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး။
၉။ ဦးဘသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာ ဦးစီးဌာန။
၁၀။ ဦးအောင်မြင်၊ ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်။
၁၁။ ဦးသောင်းညွှန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး။
၁၂။ ဒေါ်ခင်သန်းတင်၊ ညွှန်ကြားရေးမှူးချုပ်၊ စာရင်းစစ်ချုပ်ရုံး။
၁၃။ ဦးအေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး။
၁၄။ ဦးအုံးကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာ ဦးစီးဌာန။
၁၅။ ဦးကျော်မင်း၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်။
၁၆။ ဦးစိုးသွင်၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန။
၁၇။ ဦးညွှန့်ဆွေ၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။
၁၈။ ဦးတင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင် စီမံရေးဦးစီးဌာန။
၁၉။ ဦးခင်မောင်သိန်း၊ ဦးဆောင် ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။
၂၀။ ဦးအောင်လှိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း။
၂၁။ ဦးအောင်မင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။
၂၂။ ဦးလှိုင်ဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း။
၂၃။ ဦးမြင့်သိန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း။
၂၄။ ဦးသောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန။
၂၅။ ဦးတင်မောင်စိုး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်။
၂၆။ ဦးခင်မောင်သိန်း၊ ဦးဆောင် ညွှန်ကြားရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။
၂၇။ ဦးစိုးသာ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၈။ ဗိုလ်မှူးကြီး ဝင်းစိန်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား။
၂၉။ ဦးတင်လတ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး။
၃၀။ သူရ ဦးဖေအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ မီးသတ် ဦးစီးဌာန။
၃၁။ ဦးစံသိန်း၊ ရဲချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့။
၃၂။ ဦးတင်လှ၊ အကြံပေးပုဂ္ဂိုလ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။
၃၃။ ဦးလှထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။
၃၄။ ဦးစိုးညွှန့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း။
၃၅။ ဦးခင်မောင်ရင်၊ ဦးဆောင် ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။
၃၆။ ဦးအောင်ဖုန်း၊ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၃၇။ ဦးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလယ်ယာ ဦးစီးဌာန။
၃၈။ ဦးလှဖေ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။

၃၉။ ဦးဘသင်္ဘ၊ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။
၄၀။ ဦးတင်လှိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း။
၄၁။ ဦးသိမ်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန။
၄၂။ ဒေါက်တာမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန။
၄၃။ ဦးမင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန။
၄၄။ ဦးခင်ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၄၅။ ဦးမောင်မောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း။
၄၆။ ဦးသော်တာစိန်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း။
၄၇။ ဦးသန့်ဇင်၊ ဦး ဆောင် ညွှန် ကြားရေးမှူး၊ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး။
၄၈။ ဦးတိုးကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး။
၄၉။ ဒေါက်တာတင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန။
၅၀။ ဦးတင်ဖေ၊ ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန။
၅၁။ ဦးခင်မောင်ရီ၊အမှုဆောင်အင်ဂျင်နီယာ၊တံတားဆောက်လုပ်ရေးအထူးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးသိမ်းထူး၊ ကော်မတီဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၂။ ဦးလှဖေ၊ ကော်မတီဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၃။ ဦးကျော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၄။ ဒုတိယဗိုလ်မှူးကြီးသန်းတင့်၊ အထူးဒရာဂျီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး။
၅။ ဒုတိယဗိုလ်မှူးကြီးသိန်းဟံ၊ အထူးအရာရှိ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး။
၆။ ဒုတိယ ဗိုလ်မှူးကြီးသန်းညွှန့်၊ ဒုတိယဝန်ကြီး (တာဝန်)၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန။
၇။ ဦးမျိုးညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့လုပ်တော်ရုံး။
၈။ ဦးစိုးတင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး။
၉။ ဦးအုံကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။
၁၀။ ဒေါက်တာမောင်ကျော် (၁)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန။
၁၁။ ဦးမောင်အောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန။
၁၂။ ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး။
၁၃။ ဦးဇော်မြင့်ဖေ၊ ညွှန်ကြားရေးမှူး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး။
၁၄။ ဦးနေမျိုး၊ ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ရုံး။
၁၅။ ဦးစိန်လှ၊ ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ရုံး။
၁၆။ ဦးအေး၊ ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန။
၁၇။ ဦးဝင်းထိန်၊ ညွှန်ကြားရေးမှူး (လျှပ်စစ်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။
၁၈။ ဦးဘရွှေ ညွှန်ကြားရေးမှူး (ရေ/သန့်)၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း။
၁၉။ ရေ ၁၁၁၃ ဒုတိယဗိုလ်မှူးကြီး ဘုန်းမြင့်၊ သဘင်းတပ်ဖွဲ့မှူး၊ သဘင်းတပ်ဖွဲ့၊ ပြည်သူ့ရဲတပ်ဖွဲ့။
၂၀။ ဦးကြည်၊ အထွေထွေမန်နေဂျာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။
၂၁။ ဦးဖေသန်း၊ အင်ဂျင်နီယာမှူး၊ တိုင်းဆောက်လုပ်ရေး (၃) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။
၂၂။ ဦးစိန်သန်း၊ ဒုတိယညွှန်ကြားရေးမှူး အစိုးရအဖွဲ့ရုံး။
၂၃။ ဦးသန်းနွယ်၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန။
၂၄။ ဦးခင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း။
၂၅။ ဦးညွှန့်ဌေး၊ ဘူမိဗေဒအရာထမ်း (ပ)၊ ဘူမိဗေဒ လေ့လာရေးနှင့် ခဘတ်သတ္တုရှာဖွေရေးဦးစီးဌာန။
၂၆။ ဦးဒယ်နီရယ်စိန်၊ ဘူမိဗေဒအရာထမ်း (ပ)၊ ဘူမိဗေဒလေ့လာရေးနှင့် ခဘတ်သတ္တုရှာဖွေရေး ဦးစီးဌာန။
၂၇။ ဦးအောင်ဒင်၊ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန။

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးခင်မောင်မြင့်၊ ဌာနမှူး (လမ်းတံတား) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၂။ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။
၃။ ဦးကျော်မြင့်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား။
၄။ ဦးစံထွန်းအောင်၊ အတိုင်ပင်ခံကျွမ်းကျင်သူပညာရှင်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။
၅။ ဦးမောင်မောင်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး (ဗီသုကာ)၊ ပြည်သူ့ဆောက်ရေးလုပ်ငန်း။

လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးကြင်၊ ပန်းရံ (ပ)၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးခြုံစိန်၊ ဥက္ကဋ္ဌ၊ ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၂) လီမိတက်။
၂။ ဦးကျော်မင်း ဒါရိုက်တာ၊ ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၂) လီမိတက်။
၃။ ဦးသိန်းရွှေ အုပ်ချုပ်မှုဒါရိုက်တာ၊ ဖက်စပ် ကော်ပိုရေးရှင်း၊ အမှတ် (၂) လီမိတက်။
၄။ ဦးမောင်မောင် (၇)၊ ဥက္ကဋ္ဌ၊ ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၅) လီမိတက်။
၅။ ဦးကိုကိုကြီး၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၅) လီမိတက်။
၆။ ဦးမြလှိုင်၊ ရုံးအုပ်၊ အထည်ချုပ်စက်ရုံ အမှတ် (၃) သန်လျင်၊ မြန်မာ့အထည်အလိပ်လုပ်ငန်း။
၇။ ဦးထွန်းအေး (အငြိမ်းစား)၊ အမှတ် ၁၈၁ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
၈။ ဦးခင်ကြည် (၂၇၁၅)၊ ဒုစက်ကိုင်၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ။
၉။ ဦးသိန်းဇော် ဌာနခွဲစာရေးကြီး (ဌေစာရင်း)၊ ဌေစာရင်းဌာန ရန်ကုန်တက္ကသိုလ်။

လူမှုထူးချွန် တံဆိပ်(တတိယဆင့်)

၁။ ဦးမောင်မောင်၊ အထွေထွေတာဝန်၊ ကုန်းလမ်းပို့ဆောင်ရေး။
၂။ ဦးမျိုးလွင်၊ ယာဉ်ကိုယ်ထည်ပြင် (၂)၊ မော်တော်ယာဉ်အလုပ်ရုံ အမှတ် ၂၊ ကုန်းလမ်းပို့ဆောင်ရေး။
၃။ ဦးဝင်းမောင် (အငြိမ်းစား)၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ (၁ / ၂ / ၁၈၃) ကွင်းပိုင်း၊ ကြွိုကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်။
၄။ ဦးမောင်မြင့်၊ အထွေထွေလုပ်သား၊တိုးကြောင်ကလေး ကွင်းပြင်စခန်း၊ သတ္တဗေဒဌာန ရန်ကုန် တက္ကသိုလ်။
၅။ ဦးစိုးမြင့်၊ အထက်တန်းစာရေး (စတို)၊ အခြေစိုက် အလုပ်ရုံ (၄)၊ မန္တလေး၊ ကုန်းလမ်းပို့ဆောင်ရေး။
၆။ ဦးထွန်းစိန်၊ ပညာသည်၊ အထွေထွေ၊ မီးခံဘိလပ်မြေပြား စက်ရုံ (အလုံ)။
၇။ ဦးအောင်သန်း၊ သန့်ရှင်းရေး၊ (မေခဆောင်) စီးပွားရေးတက္ကသိုလ်။
၈။ ဦးလှမောင်၊ စက်ပြင် အဆင့် ၂ အခြေစိုက်အလုပ်ရုံ (၄) မန္တလေးကုန်းလမ်းပို့ဆောင်ရေး။
၉။ ဦးစိုးမြင့်၊ လက်ထောက်မန်နေဂျာ၊ ကွန်ပျူတာ တက္ကသိုလ်၊ အဆင့်မြင့်ပညာ ဦးစီးဌာန။
၁၀။ ဦးလေးခိုင်၊ တွင်ခုံအဆင့် (၁) အခြေစိုက် အလုပ်ရုံ (၄) မန္တလေး၊ ကုန်းလမ်းပို့ဆောင်ရေး။
၁၁။ ဦးကျော်ဝင်း၊ ပညာသည် အတန်း (၃)စီမံရေး၊ ဓာတုဗေဒ ပစ္စည်းစက်ရုံ အမှတ်(၁) ။
၁၂။ ဒေါ်မြရွှေ၊ ၂၀၂ ဗောဓိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
၁၃။ ဦးသန်းဝင်း၊ ပညာသည်၊ ထုတ်လုပ်ရေးအတန်း (၃) မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ။
၁၄။ ဦးအေးမင်း၊ ကျွမ်းကျင်သူ အဆင့်(၄)၊ မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်း။
၁၅။ ဦးလှထွန်း၊ ယာဉ်မောင်း (ပြင်ပ)၊ အမှတ် (၄) ကျွန်းကုန်းလမ်း ကြွိုကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။
၁၆။ ဦးတင်ဌေ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေး စီမံကိန်းရုံး၊ အမှတ်(၁၈) အောင်သိဒ္ဓိလမ်း ဆယ်မိုင်ကုန်း အင်းစိန်မြို့နယ်။

၁၇။ ဦးသိန်းမို့၊ အလုပ်ရုံစိတ်မူး (ကုန်ထုတ်လုပ်မှု)၊ ဓာတ်ငွေထုတ်လုပ်ရေးစက်ရုံအမှတ် (၁) မြန်မာ့ စက္ကူနှင့် ဓာတုပေဒလုပ်ငန်း။
၁၈။ ဦးကျော်မြင့်၊ အမှုတွဲထိန်း၊ စာမေးပွဲဌာန၊ လုပ်သားများကောလိပ်၊ အဆင့်မြင့်ပညာဦးစီးဌာန။
၁၉။ ဦးကျော်ဝင်း၊ (ပ)သဲပုံစံလုပ်၊ ပုံသွင်းဌာန၊ အင်းစိန် စက်ခေါင်းစက်ရုံ၊ မြန်မာ့မီးရထား။
၂၀။ ဒေါ်ခင်ခင်လေး၊ ဓာတုပေဒ အရာထမ်း (တ)၊ ဘူမိပေဒ လေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန။
၂၁။ ဦးသိန်းဇော်၊ (ကပ ၂၅၇၆) စက်ကြီးရိုက် စာပေဗိမာန်ပုံနှိပ်စက်ရုံ။
၂၂။ ဦးမြင့်သိန်း၊ ကျွမ်းကျင်အဆင့် (၆)၊ ဓာတုပေဒ ဌာနခွဲ အမှတ် (၁) စက္ကူစက် (စစ်တောင်း) မြန်မာ့ စက္ကူနှင့်ဓာတုပေဒလုပ်ငန်း။
၂၃။ ဦးချစ်ခင်၊ လုပ်သား၊ လျှပ်စစ်စက်ရုံ၊ ရန်ကုန် မြန်မာ့မီးရထား။
၂၄။ ဦးခင်မြ၊ လက်ထောက်နယ်မြေအုပ်၊ (နယ်မြေဌာန) ရန်ကုန်စက်မှုတက္ကသိုလ်။
၂၅။ ဦးသိန်းရွှေ၊ စားပွဲထိုး၊ နိုင်ငံတော်သမ္မတရုံး။
၂၆။ ဦးမြင့်သွင်၊ သန့်ရှင်းရေး / ကြမ်းတိုက် အမှုထမ်း၊ နိုင်ငံတော်သမ္မတရုံး။
၂၇။ ဦးမောင်မောင်အေး (၁၀၇၄၃) စက်ခန်းအုပ် (တ) မြန်မာ့ရေနံဓာတုပေဒလုပ်ငန်း။
၂၈။ ဦးအုန်းလှိုင်၊ (၂၃၇၃ / ပိ – ၄၅) ဖြန့်ဖြူးရေးဝန်ထမ်း (ဒု) ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာန (က) အဆင့်၊ ဓနိတော၊ မြန်မာ့ရေနံထွက် .ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း။
၂၉။ ဦးငွေသောင်း လုံခြုံရေးပုတ်ပြတ်၊ ဘူမိပေဒ လေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန။
၃၀။ ရဲတပ်ကြပ် ထွန်းလှိုင်၊ လ/ ၆၅၉၅၃ ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့။
၃၁။ ဦးထွန်းရွှေ၊ (၂၆၂၅) စာဖောင်ဖွဲ့ စာပေဗိမာန်ပုံနှိပ်စက်ရုံ။
၃၂။ ဦးဇော်သိန်းတိုး၊ ဒု – စက်ဆင် အင်ဂျင်နီယာဌာနခွဲ မြန်မာ့မီးရထား။
၃၃။ ဦးစိုးမြင့်၊ ယာဉ်မောင်း အဆင့် (၁)ခပ (၅) လိုင်း၊ ကုန်းလမ်းပို့ဆောင်ရေး။
၃၄။ ဦးညွှန့်စိန်၊ အလုပ်ကြပ် / တွဲ၊ ရန်ကုန်တွဲပြင်ရုံ တိုင်း စက်မှုအင်ဂျင်နီယာ (တိုင်း – ၆)။
၃၅။ ဦးတင်မောင်စော၊ ဌာနစုမှူး (ရောင်းဝယ်ရေး) မြန်မာ့အထည်အလိပ်လုပ်ငန်း။
၃၆။ ဒေါ်ခင်စန်း၊ တလရ(၃) လှိုင်းပေါက်ဆွဲ ပင်မမြန်မာ့ စားသောက်ကုန်လုပ်ငန်း။
၃၇။ ဦးလှအောင်၊ ပညာသည် (အထွေထွေ) တာဝန် ဘီယာစက်ရုံ (မန္တလေး)မြန်မာ့ စားသောက်ကုန်လုပ်ငန်း။
၃၈။ ဦးမြသိန်း၊ ယာဉ်မောင်း / စက်ပြင်၊ စက်မှုစီမံကိန်း ဦးစီးဌာန။
၃၉။ ဒေါ်ယုယုဝေ၊ အလယ်တန်းပြ (မူ တာ ဝန်) အမက (၁၉)မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာဦးစီးဌာန။
၄၀။ ဦးတင်ဝင်း (ခ) ဦးအောင်ကြီးထွန်း၊ မူလတန်း ကျောင်းအုပ်ကြီး အောက်ခြံတန်းကျေးရွာ ထန်းတပင် မြို့နယ် အခြေခံပညာဦးစီးဌာန။
၄၁။ ဦးတင်မောင်၊ မူလတန်းပြ အခြေခံပညာ မူလတန်းကျောင်း သိမ်ကုန်းရွာ ရမည်းသင်း မြို့နယ် အခြေခံပညာဦးစီးဌာန။
၄၂။ ဦးခင်မောင်ဝင်း၊ ရုံးအကူ အခြေခံပညာဦးစီးဌာန။
၄၃။ ဦးတင်လှိုင်၊ လက်ထောက် စာရင်းအင်းမှူး ဗဟိုစာရင်းအင်းအဖွဲ့။
၄၄။ ဒေါ်မြင့်မြင့်လွင်၊ အရောင်းစာရေး ၁ / ထူပါရုံ စားသုံးသူ သမဝါယမအသင်း (၂) သာကေတမြို့နယ်။
၄၅။ ဦးသန်းထွန်း၊ ကုန်သည် အမှတ် ၅၉ လှိုင်မြစ်လမ်း စျေးကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်။
၄၆။ ဦးစိန်မြင့်၊ စျေးရောင်း အမှတ် ၉၉ / ၃ လမ်းတောင် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်။
၄၇။ ဦးစံလှ၊ စျေးရောင်း၊ ကံကြီးတိုးခွဲ ၁ လမ်း ကမ်းနားအလယ်၊ အင်းစိန်မြို့နယ်။

ရဲသူရဲတံဆိပ်

၁။	လ	၅၀၃၉ ရဲမှူးကျော်မြင့်၊	စစ်ကိုင်းတိုင်း
၂။	လ	၅၆၃၄၉ ရဲအုပ်တင်ဝင်း၊	ပရရ (၃)
၃။	လ	၉၀၇၅၅ ရဲအရာခံကြည်မြ (ကျဆုံး)၊	ရန်ကုန်တိုင်း
၄။	လ	၉၃၆၄၀ ရဲတပ်ကြပ်ကြီး လှသွင် (ကျဆုံး)၊	ရန်ကုန်တိုင်း

၅။ လ ၇၉၀၄ ရဲတပ်ကြပ် ကြာမြင့် (ကျဆုံး)၊ ရန်ကုန်တိုင်း
၆။ လ ၇၃၇၄ ရဲတပ်ကြပ် စိန်မောင် (ကျဆုံး)၊ ရန်ကုန်တိုင်း
၇။ လ ၇၅၃၇ ရဲတပ်ကြပ် ဝင်းထိန် (ကျဆုံး)၊ ရန်ကုန်တိုင်း
၈။ လ ၇၇၀၅ ရဲတပ်ကြပ် အောင်သန်း (ကျဆုံး)၊ ရန်ကုန်တိုင်း
၉။ လ ၉၆၆၁ ရဲဒုတပ်ကြပ် တင်ထွန်း (ကျဆုံး)၊ ရန်ကုန်တိုင်း
၁၀။ လ ၇၁၃၁ ရဲတပ်သား သန်းဌေး (ကျဆုံး)၊ စစ်ကိုင်းတိုင်း
၁၁။ မ ၃၁၁၇ တပ်သား ဦးမြင့်သိန်း၊ မီးသတ်ဦးစီးဌာန

ရဲဗလတံဆိပ်

၁။ လ ၄၇၀၅ ရဲအုပ်တင်မောင်၊ ဧရာဝတီတိုင်း
၂။ လ ၅၀၆၀၉ ဒုရဲအုပ် (စခန်းမှူး)ကျော်မိုး (ကျဆုံး)၊ ရန်ကုန်တိုင်း
၃။ လ ၁၁၂၆၆၆ ဒုရဲအုပ် ဝင်းမောင်၊ ဧရာဝတီတိုင်း
၄။ လ ၁၁၂၇၅၆ ဒုရဲအုပ် သက်ထွန်း၊ ဧရာဝတီတိုင်း
၅။ လ ၁၂၀၁၁၆ ဒုရဲအုပ် ကျော့မှူး၊ ဧရာဝတီတိုင်း
၆။ လ ၇၇၀၂ ရဲတပ်ကြပ်ကြီး ဝင်းမြင့်၊ မန္တလေးတိုင်း
၇။ လ ၉၆၃၀၃ ရဲတပ်ကြပ်ကြီး မောင်သန်း (ကျဆုံး)၊ ရန်ကုန်တိုင်း
၈။ လ ၉၀၆၃၃ ရဲတပ်ကြပ်ကြီး ညွန့်မောင် (ကျဆုံး)၊ ရန်ကုန်တိုင်း
၉။ လ ၅၁၉၃၉ ရဲတပ်ကြပ် ဌေးမြင့် (ကျဆုံး)၊ ရန်ကုန်တိုင်း
၁၀။ လ ၆၄၂၉၀ ရဲတပ်ကြပ် လှအုံး (ကျဆုံး)၊ ရန်ကုန်တိုင်း
၁၁။ လ ၀၀၂၂၅ ရဲတပ်ကြပ် ဟန်ရှင် (ကျဆုံး)၊ ရန်ကုန်တိုင်း
၁၂။ လ ၀၄၇၉၃ ရဲတပ်ကြပ် တင်ဝင်း (ကျဆုံး)၊ ကချင်ပြည်နယ်
၁၃။ လ ၀၉၇၉၃ ရဲတပ်ကြပ် စန်းဦး (ကျဆုံး)၊ ရန်ကုန်တိုင်း
၁၄။ လ ၇၅၄၉၂ ရဲဒုတပ်ကြပ်စိုးသိန်း၊ ဧရာဝတီတိုင်း
၁၅။ လ ၉၅၆၇၆ ရဲဒုတပ်ကြပ် သန်းထွန်း၊ (ကျဆုံး)၊ ကရင်ပြည်နယ်
၁၆။ လ ၉၅၆၀၅ ရဲတပ်သားမြင့်စိန်၊ ဧရာဝတီတိုင်း
၁၇။ လ ၉၀၀၀၁ ရဲတပ်သားလှဝင်း၊ ဧရာဝတီတိုင်း
၁၈။ လ ၁၀၉၆၅၇ ရဲတပ်သားမောင်မောင်ဆွေ၊ (ကျဆုံး)၊ ရန်ကုန်တိုင်း

ရဲသူရဲန်တံဆိပ်

၁။ လ ၄၀၁၃ ရဲမှူးကြီးနီသန်း၊ ချင်းပြည်နယ်
၂။ လ ၃၀၁၀၀ ဒုတိယရဲမှူးမောင်ကို၊ မန္တလေးတိုင်း
၃။ လ ၄၀၆၄၂ ဒုတိယရဲမှူးတင်မောင်၊ မန္တလေးတိုင်း
၄။ လ ၄၂၄၅၀ ဒုရဲအုပ် (စခန်းမှူး) ခင်မြင့်၊ မန္တလေးတိုင်း
၅။ လ ၅၀၀၉၉ ဒုရဲအုပ် (စခန်းမှူး) ရွှေမြ၊ ရန်ကုန်တိုင်း
၆။ မ ၂၇၂၂ ဦးခင်မောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး အဆင့်(၂)၊ မီးသတ်ဦးစီးဌာန။

ရဲကျော်စွာတံဆိပ်

၁။ လ ၅၆၁၀၁ ဒုတိယရဲမှူး ကံရှိန်၊ ဧရာဝတီတိုင်း
၂။ လ ၁၇၅၃၅ ဒုရဲအုပ် သောင်းထွဋ်၊ ဧရာဝတီတိုင်း
၃။ မ ၄၂၀၀ တပ်သား ဦးမြင့်လွင်ဦး၊ မီးသတ်ဦးစီးဌာန
၄။ မ ၄၄၆၀ တပ်သား ဦးကျော်ဌေး၊ မီးသတ်ဦးစီးဌာန

ရင်ကျော်သူတံဆိပ်
ဘုရင်ခံ ဒုတိယရဂိမ္ဘီး ထောက်လှမ်း စစ်ကိုင်းတိုင်း
ဗိုလ်မှူး ဒုရဲအုပ် (ဝန်ကြီး) ကျော်သိုင်း၊ ဇရာဝတီတိုင်း
ဗိုလ်မှူး ဒုရဲအုပ် ဝင်းကြည်၊ ဇရာဝတီတိုင်း
ဗိုလ်ချုပ်ကြီး ဝါကီခုတ်ဆင်ဒုပိုင် (အငြိမ်းစား) မြန်မာ့မိုးရေဆား

ဂျပန်နိုင်ငံ။ ။ဂျပန်ကေရာင် အကီဟီတိုသည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နန်းတက်ဘိသိက် မင်္ဂလာ အခမ်းအနားများကို ရှေးရိုး စဉ်လာမပျက် ဆင်ယင် ကျင်းပပြီးနောက် ဂန္ဓမာပန်း ရာဇပလ္လင်ထက် သို့ အောင်မြင်စွာ တက်ရောက်ခဲ့သည်။ ဘုရင်စနစ် မလိုလားသူများ၏ ကန့်ကွက်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့ရာ လုံခြုံရေး ထူထပ်စွာ ချထားသည့်ကြားမှပင် စစ်စခန်းများ၊ ရထားဘူတာရုံများနှင့် ရှင်တိုဘာသာဝင်များ၏ ဘုရားကျောင်းများ၌ တိုက်ခိုက်မှုများ ခံခဲ့ရသည်။ တိုကျို ဥယျာဉ် ဆန္ဒပြပွဲ၌ အစွန်းရောက်သမား တစ်ဒါဇင်ခန့် အဖမ်းခံရသည်။

အကီဟီတိုသည် ၁၉၆၉ ခုနှစ်က နတ်ရွာစံလွန်တော် မူခဲ့သည့် ကေရာင် ဟီရိုဟီတို၏ သားတော် ဖြစ်သည်။ ဟီရိုဟီတိုသည် နန်းသက် ၆၂ နှစ်မျှ ကြာမြင့်ခဲ့သည်။ ဟီရိုဟီတို တို့၏ ဂျပန် နန်းဆက်သည် ခရစ်နှစ် ၆၆၀ မှ စခဲ့သည်ဟုဆိုသည်။ ကေရာင် ဟီရိုဟီတိုသည် ဒုတိယ ကမ္ဘာစစ်ပြီး နောက်တွင် သက်ဦးဆံပိုင် ဘုရင်အဖြစ်မှ စွန့်လွှတ်ခဲ့ပြီး စဉ်းမျဉ်းခံ ဘုရင်အဖြစ်ဖြင့် နေထိုင်ခဲ့သည်။ ဂျပန်နန်းဆက်၌ ကေရာင် ၁၂၅ ပါး ရှိခဲ့ရာတွင် ယခု နန်းတက်သော အကီဟီတိုသည် သာမန်လူသားတစ်ဦးအဖြစ် ပထမဆုံး နန်းတက်ခဲ့သူ ဖြစ်သည်။ ယခင် ကေရာင်များကမူ ၎င်းတို့ကိုယ်၎င်းတို့ နတ်ဘုရားများအဖြစ် ခံယူခဲ့ကြသည်။ အကီဟီတို၏နန်းတက်ဘိသိက်ခံ မင်္ဂလာ အခမ်းအနားသို့ ကမ္ဘာအရပ်ရပ်မှ အထူးညွှန်းသည်တော်ကြီးများ အပါအဝင် ညွှန်းသည်တော် ၂,၅၀၀ တက်ရောက်ခဲ့သည်။

အသိမ်းပိုက်ခံကူဝိတ်နိုင်ငံမှ အီရတ်ကို နှင်ထုတ်ရန် အမေရိကန်နိုင်ငံဦးဆောင်သော ပင်လယ်ကွေ့စစ်ပွဲကုန်ကျစရိတ်၌ ထည့်ဝင်ရန် ဂျပန်နိုင်ငံ ဝန်ကြီး အဖွဲ့သည် အမေရိကန် ဒေါ်လာ သန်းပေါင်း ကိုးထောင်ကို ခွင့်ပြုသောနောက်ဆက်တွဲ ဘတ်ဂျက်စာရင်းကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ချမှတ်ပြီးနောက် ဝန်ကြီးချုပ် ကိုင်ဖု က ပါလီမန်သို့ ထိုလ ၂၅ ရက်နေ့တွင် တင်သွင်းခဲ့သည်။ အီရတ်က အပစ်အခတ် ရပ်စဲရန် သဘောတူပြီး နှစ်ရက် အကြာ မတ်လ ၆ ရက်နေ့တွင် ဂျပန်အထက်လွှတ်တော်က အတည်ပြုလိုက်သည်။

ဂျပန်နိုင်ငံ၏ ၅၁ လကြာ စီးပွားရေး တိုးချဲ့မှုသည် ဖေဖော်ဝါရီလတွင် ပြီးဆုံးသွားခဲ့ရာ အရှိန်ရအားကောင်းဆဲဖြစ်ကြောင်း စီးပွားရေးစီမံကိန်းအေဂျင်စီက ကြေညာသည်။ ယင်းသည် ၁၉၆၅ ခုနှစ် နိုဝင်ဘာလ မှ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လအထိ ၅၇ လကြာ တိုးချဲ့မှုကာလပြီးလျှင် ဒုတိယမြောက် အရှည်ကြာဆုံးပင် ဖြစ်သည်။

ဂျပန် နိုင်ငံသည် ကမ္ဘာပေါ်တွင် သီးနှံ ထွက်ကုန်အများဆုံး တင်သွင်းရသည့် နိုင်ငံဖြစ်သည်။ သို့သော် အဓိက အစားအစာဖြစ်သော ဆန်စပါးကို ပြည်တွင်းအထွက်နှင့်ပင် ဖူလုံမှုရှိအောင် ဆောင်ရွက်ထားပြီး ပြည်ပမှ တင်သွင်းမှုများကို လုံးဝနီးပါး ပိတ်ပင် ထားခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုကြောင့် ဂျပန်ခေါင်းဆောင်များသည် ပြည်ပမှဆန်စပါး

ရာထူးမှမနုတ်ထွက်မီ အယ်ဒီပီပါတီ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးနေသောဝန်ကြီးချုပ် ကိုင်ဖူ





ကိုင်ဟူ၏ နေရာတွင် အယ်ဒီပီပါတီ ခေါင်းဆောင်သစ်အဖြစ် အစားထိုးရွေးချယ်ခံရပြီး ဝန်ကြီးချုပ် ဖြစ်လာသူ ကီအိချီ မီယာဇာဝါ

တင်သွင်းမှု ပိတ်ပင်ခြင်းကို လျှော့ပေါ့ပေးရန် ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ အလျှော့ပေးမှုအတွက် အစိုးရအား ကန့်ကွက် ဆန္ဒပြပွဲများကို ဇူလိုင်လဆန်းက ပြုလုပ်ခဲ့ကြသည်။ နိုင်ငံ တစ်ဝန်းမှ လယ်သမားပေါင်း ၅၀,၀၀၀ နီးပါးသည် တိုကျိုမြို့သို့ ဘတ်စကားများဖြင့် ရောက်ရှိစုဝေးခဲ့ကြပြီး လမ်းမများပေါ် ချီတက်ဆန္ဒပြခဲ့ကြသည်။ ယင်းသည် လယ်သမားတို့၏ အကြီးမားဆုံး ကန့်ကွက် ဆန္ဒပြပွဲ ဖြစ်ခဲ့သည်။

ဂျပန်နိုင်ငံမှ အစုရှယ်ယာများ ငွေစုငွေချေးစာချုပ်များကို ရင်းနှီးဝယ်ယူ ရောင်းချသော "ကြီးလေးကြီး" အဖွဲ့ လုပ်ငန်းဌာနသည် ဂျပန် ငွေကြေး လောကကြီး တစ်ခုလုံးအား တုန်လှုပ်သွားစေခဲ့သော တရားမဝင် လုပ်ရပ်များ လုပ်ခဲ့သည့်အတွက် ၎င်း၏ နေ့စဉ်လုပ်ငန်း ဆောင်တာများကို လေးရက်ကြာမျှ ကန့်သတ်ထားရန် ဂျပန် ဘဏ္ဍာရေးဝန်ကြီး ဟာရှိမိုတိုက ပြစ်ဒဏ် ပေးသည့် အနေဖြင့် ဇူလိုင်လ ၈ ရက်နေ့က အမိန့် ထုတ်ပြန်လိုက်သည်။

ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အမိန့်အရ ကုမ္ပဏီ၏ ထိပ်တန်း အရာရှိကြီးများ အပါအဝင် ဝန်ထမ်းအများအပြားက တစ်နှစ် လစာ ဖြတ်တောက်ခံကြရမည်ဖြစ်ပြီး ခြောက်ဦးကမူ အလုပ်မှ နုတ်ထွက်ကြမည်ဖြစ်သည်။

ယင်း ကြီးလေးကြီးကုမ္ပဏီအနေဖြင့် ချမ်းသာသူများ ရင်းနှီးမြှုပ်နှံထားမှုများမှဆုံးရှုံးမှုအတွက် ဒေါ်လာသန်းချီ လျော်ကြေးများပေးမှုများဂပ်ဇ်မြေအောက်ဂိုဏ်းအဖွဲ့များ နှင့်ဆက်သွယ်၍ ငွေရေးကြေးရေးဆောင်ရွက်ရာမှ ယင်းသို့ အရှုပ်တော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီး ကမ္ဘာ့ အကြီးဆုံး အာမခံ စာချုပ်များ ထုတ်ဝေရောင်းချသော နိုမူရာ ကုမ္ပဏီကြီးပါ ပါဝင် ပတ်သက်လာခဲ့ရသည်။

ယင်းလုပ်ငန်းကြီးလေးခုမှာ နိုမူရာ၊ နစ်ကို၊ ဒါအိဝါ နှင့် ယာမာအီချီ တို့ဖြစ်သည်။ ယင်းဌာနကြီး လေးခု အပါအဝင် စုစုပေါင်း လုပ်ငန်းဌာနကြီး ၁၇ ခုတို့သည် စတော့ရှယ်ယာ အရှုပ်တော်ပုံကြီးနှင့် ပါဝင် ပတ်သက်ခဲ့ပြီး၊ လျော်ကြေးငွေ ယန်း ၁၇၅ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ) ပေးခဲ့ကြကြောင်း ဝန်ခံခဲ့ကြသည်။ ဩဂုတ်လ ၁၆ ရက်နေ့ ဥ့မူ အလယ် အလတ် ပမာဏရှိသော လုပ်ငန်းကုမ္ပဏီ လေးခုတို့ကလည်း ယန်း ၇၇၄ သန်း(ဒေါ်လာ ၆ ဒသမ ၄ သန်း)ပေးခဲ့ရကြောင်း ဂျပန် စတော့ရှယ်ယာနှင့် ငွေစုငွေချေး စာချုပ် ဆောင်းဝယ်သူများ အသင်းကြီးက ပြောကြားခဲ့သည်။

မြို့တော်ဝန် ၁၃ နေရာနှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများကို ဧပြီလပထမပတ်အတွင်းကျင်းပခဲ့ရာ နေရာအများစုကို အာဏာရအယ်ဒီပီ ပါတီက ရရှိခဲ့သည်။ ဧပြီလ ၁၄ ရက်မှ ၂၁ ရက်ထိ ထပ်မံ၍ ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ဒုတိယအသုတ် ကျင်းပခဲ့သည်။

တိုကျိုမြို့တော်ဝန် ရွေးကောက်ပွဲတွင် အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားလှယ် ရှုံးနိမ့်ခဲ့ရခြင်းအတွက် မိမိ၌ တာဝန်ရှိသည်ဟုဆိုကာ ပါတီ အထွေထွေအတွင်းရေးမှူး အီချီရှိအိုဇာဝါ (၄၈) နှစ်သည် နုတ်ထွက်လှာတင်သွင်းခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ရှုံးနိမ့်ချီဆူဇူကီ (၈၀) နှစ်က အီဆိုမူရာကို အနိုင်ရရှိခဲ့သည်။ ပါတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ကိုင်ဟူက ပါတီ အထွေထွေအတွင်းရေးမှူး၏ နုတ်ထွက်လှာကို လက်ခံခဲ့သည်။ အိုဇာဝါ၏နေရာကို အသက် ၅၃ နှစ်အရွယ်ရှိ ကေအိုဇိအိုဘူချိုက ဆက်ခံသည်။

အကြီးဆုံး အတိုက်အခံပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက်တစ်ပါတီ(အက်စ်ဒီပီ) ဥက္ကဋ္ဌ ဒိုအီသည် ဇွန်လ ၂၁ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ သူမ၏နေရာကို ဆက်ခံရန် ဇူလိုင်လ ၃၀–၃၁ ရက်နေ့များ၌ ကျင်းပခဲ့သော အထူးပါတီညီလာခံက ဒုတိယဥက္ကဋ္ဌ မာကိုတီတာနာဘေးကို ရွေးချယ်ခဲ့သည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီး ယာရှိမိုတိုသည် ဇန်နဝါရီလ အတွင်းက တရုတ်နိုင်ငံသို့သွားရောက်၍ ပင်လယ်ကွေ့ အကျပ်အတည်း၊ ကမ္ဘောဒီးယား ပြဿနာနှင့် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဂျပန် ဝန်ကြီးချုပ် ကိုင်ဟူ သည် အမေရိကန်

ပြည်ထောင်စုသို့ ပြောင်းလာခဲ့သည်။ ၎င်း၏သုံးရက်ကြာခရီးစဉ်၌ အမေရိကန်သမ္မတ ကျော့ဘုရှ်၊ ဒုတိယသမ္မတ ဒန်ကွေးလ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒန်ကွေးလ်သည် မေလ ၂၀ ရက်နေ့တွင် ကျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ကျပန် ဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုသမ္မတ ဂေါ်ဘာချော့သည် ကျပန်နိုင်ငံသို့ ဧပြီလ ၁၆ ရက်နေ့တွင် လေးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ယင်းသည် ဆိုဗီယက်ခေါင်းဆောင်တစ်ဦး ကျပန်နိုင်ငံသို့ ပထမဆုံးရောက်ရှိခြင်းဖြစ်သည်။

ဤသို့ အခြေအနေများ ရှိခဲ့ရာမှ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျပန်နိုင်ငံ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ)က ဝါရင့်နိုင်ငံရေးသမားကြီးဖြစ်သော ကိအိချီ မိယာဇာဝါအား ပါတီခေါင်းဆောင်အဖြစ် ရွေးချယ် တင်မြှောက်လိုက်ရာ ၎င်းသည် လက်ရှိ ဝန်ကြီးချုပ် ကိုင်ဖူ၏နေရာတွင် အစားထိုးဝင်ရောက်ပြီး ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ရန် အခွင့်အလမ်းရရှိသွားခဲ့သည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် မိယာဇာဝါအား ပါလီမန်၌ ဝန်ကြီးချုပ်အဖြစ် တရားဝင် ရွေးချယ် တင်မြှောက်လိုက်သည်။

စာပေဗိမာန်စာတမ်းဖတ်ပွဲ (၁၉၉၁)။ ။ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က ဂန္ဓဝင်စာပေစာတမ်းဖတ်ပွဲကို ကုန်သည်လမ်း စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ၁၉၉၁ ခုနှစ် မတ်လ ၅ ရက်နေ့မှ မတ်လ ၇ ရက်နေ့အထိ သုံးရက်ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန်အဖွဲ့သည် မြန်မာစာပေဖွံ့ဖြိုးမှုကိုဦးတည်ပြီး ၁၉၆၅ ခုနှစ်ကစ၍ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ရာ ဂန္ဓဝင်စာပေစာတမ်းဖတ်ပွဲအပါအဝင် ၂၂ ကြိမ် ရှိပြီဖြစ်သည်။

၁၉၉၁ ခုနှစ် ဂန္ဓဝင်စာပေစာတမ်းဖတ်ပွဲတွင် ဂန္ဓဝင်စာပေဟူသည်စာတမ်း၊ ရှေးခေတ် မြန်မာဂန္ဓဝင်စာပေစာတမ်း၊ မြန်မာ ဂန္ဓဝင် ကဗျာ စာတမ်း၊ နိုင်ငံတကာ ဂန္ဓဝင်စာပေစာတမ်း၊ မြန်မာဘာသာပြန်ဂန္ဓဝင်စာပေစာတမ်း၊ ခေတ်ပေါ် မြန်မာဂန္ဓဝင် စာပေစာတမ်းဟူ၍ စာတမ်းခြောက်စောင်ဖတ်ကြားတင်သွင်းသည်။

ဂန္ဓဝင်စာပေဟူသည်စာတမ်းကို ဦးမျိုးသန့် (မောင်ဆုရှင်) က တင်သွင်းဖတ်ကြားရာတွင် ဂန္ဓဝင်စာပေသည် သုတစာပေနှင့်ရသစာပေနှစ်ရပ်ပါဝင်ပုံ၊ လက်ာ

စကားပြေနှစ်ရပ်ပါဝင်ပုံ၊ ဝတ္ထုနှင့်ဝတ္ထုမဟုတ်သောစာပေများပါဝင်ပုံနှင့် ဂန္ဓဝင်စာပေသည် အခါခါန်ကာလနှစ်ပရိစ္ဆေဒတို့ကို ဖြတ်ကျော်ရပ်တည်လျက် ရှိသောသဘောကိုဆောင်ပုံ၊ ဂန္ဓဝင်စာပေဟူ၍ သတ်မှတ်ရေးဦးစာဖတ်သူများ၏ သဘောမျှခြင်းနှင့် လက်သင့်ခံခြင်းတို့အပေါ်တွင်တည်နေပုံ၊ ဂန္ဓဝင်မြောက်ဟူသော အသုံးအနှုန်းကိုမူ သီးခြားဘာသာပြန်များ၊ ကျမ်းများတွင် အတွေ့များပုံနှင့် ဂန္ဓဝင်မြောက်ဟုဆိုခြင်းမှာ စံထားအပ်သောအနှစ်သာရများ ပါရှိသည့်ကျမ်းဟု ဆင့်ပွားအဓိပ္ပာယ်သက်ရောက်ပုံ၊ ထို့ပြင် ဂန္ဓဝင်စာပေကို ခိုင်မြဲတည်တံ့၍ အကျိုးတစ်စုံတစ်ရာ သက်ရောက်မှု ရှိသောစာပေဟု အဓိပ္ပာယ်ဖွင့်နိုင်ပုံ၊ ကမ္ဘာ့စာပေပညာရှင်များက ဂန္ဓဝင်စာပေကို သဘောပေါက်နားလည်မှုအမျိုးမျိုး ရှိကြပုံစသည်ဖြင့် ဖတ်ကြားတင်ပြသည်။

"ရှေးခေတ်မြန်မာဂန္ဓဝင်စာပေ" စာတမ်းကို စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ) က ဖတ်ကြားတင်သွင်းသည်။ စာတမ်းတွင် ဤစာတမ်းသည် ရှေးခေတ်တွင် ပေါ်ထွန်းခဲ့သော မြန်မာဂန္ဓဝင်စာပေများကို လေ့လာတင်ပြသည့် စာတမ်းဖြစ်ပုံ၊ ရှေးခေတ်ဆိုရာတွင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အဆုံးအထိ ကာလကို သတ်မှတ်ပုံနှင့် မြန်မာဂန္ဓဝင်စာပေဆိုသည်မှာ ဂုဏ်၊ အလင်္ကာ၊ ရသမြောက်သောစာပေ၊ စံတင်လောက်သော စာပေ၊ စာပေသြဇာ သက်ရောက်မှုရှိသော စာပေအဖြစ် ခေတ်အဆက်ဆက် ကြွေကြွေခံ ရပ်တည်သော စာပေကျမ်းဂန်သမိုင်းဝင် စာကောင်း ပေမွန်တို့ ဖြစ်ကြပုံကို တင်ပြသည်။

ဂန္ဓဝင်စာပေများ ပေါ်ပေါက်စေရန် အားပြုပေးသော အကြောင်းအရာများအဖြစ် ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓစာပေ၊ မြန်မာစာပေကို လမ်းခင်းပေးသော ပါဠိစာပေ၊ မွန်စာပေအဖွဲ့များဟူသော အကြောင်းသုံးရပ်သည် အခြေခံကျသော အကြောင်းများဖြစ်ပုံ စသည်တို့ကိုဖတ်ကြားတင်ပြသည်။

"မြန်မာဂန္ဓဝင်ကဗျာ"စာတမ်းကို ဦးစိုးညွန့် (ထီလာစစ်သူ)က တင်သွင်း ဖတ်ကြားသည်။ စာတမ်းတွင် မြန်မာကဗျာသမိုင်းသည် မြန်မာစာပေသမိုင်းပင်ဖြစ်ပုံကို သမိုင်းအထောက်အထားများက ဖော်ပြနေပုံ၊ မြန်မာစကားပြေနှင့် မြန်မာကဗျာသည် အတူတူတွဲဖက်၍ ထွက်ပေါ်လာခဲ့ပုံ၊ မည်သည့်အရာက ရှေးဦးကျသည်ကို မည်သူမျှ အတိအကျမပြောနိုင်ပုံ၊ သို့သော် မြန်မာကဗျာတွင် အမျိုးအစားတစ်ရပ်အဖြစ်ပါဝင်သော သီချင်းအဖွဲ့သည် ဂဝ၂ ခုနှစ် တရုတ်နိုင်ငံရောက် ပျူသံအဖွဲ့ဆောင်းပါး၌ ဖော်ပြချက်အရ မြန်မာကဗျာသည် ထွန်းကားနေပြီးဖြစ်ပုံ။

မြန်မာ့ယဉ်ကျေးမှုထွန်းကားသော ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ နယ်ခြဲကိုလိုနီခေတ်၊ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်ခေတ်၊ စစ်ပြီးကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ တော်လှန်ရေး အစိုးရခေတ်၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ခေတ်တို့တွင် ထွန်းကားသော မြန်မာဂန္ဆင်ကဗျာများအကြောင်းနှင့် ဂန္ဆင်ကဗျာ၊ ဂန္ဆင်စာပေသည် မြန်မာနိုင်ငံတွင်လည်းကောင်း၊ နိုင်ငံကကာတွင် လည်းကောင်း၊ ပထမတန်းစား စာပေ၊ ထူးခြား ထင်ရှားသည့်စာပေ၊ ရှေးကျသည့်စာပေ ဖြစ်သည်ဟူသော အသုံးအနှုန်းတို့ဖြင့် သုံးနှုန်းသောသဘောကို ဆောင်သည့် စာပေဟူ၍ ပစ္စုပ္ပန်ကာလတွင် ဖွင့်ဆိုနိုင်ပုံ စသည်ကို တင်ပြသည်။

''နိုင်ငံတကာ ဂန္ဆင်စာပေ'' စာတမ်းကို ဦးတင်ထွေး(တင်ထွေး)က တင်သွင်းဖတ်ကြားသည်။ စာတမ်းတွင် နိုင်ငံတကာ ဂန္ဆင်စာပေနှင့်ပတ်သက်၍ နိုင်ငံတကာ စာပေလောကတွင် ငြင်းခုံမှုများရှိခဲ့ပြီး ရှိနေဆဲဖြစ်ပုံ၊ နိုင်ငံတကာ ဂန္ဆင်စာပေ၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ကြပုံများကို တင်ပြထားသည်။

စာအုပ်တစ်အုပ်သည် နိုင်ငံတကာစာပေလောကတွင် လူကြိုက်များနေမည်၊ လူဖတ်များမည်၊ ယင်းသို့လူကြိုက်များခြင်း၊ လူဖတ်များခြင်းများလည်း နှစ်ပေါင်းများစွာကြာအောင် ရပ်တည်နေမည်ဆိုပါက ယင်းစာအုပ်ကို နိုင်ငံတကာ ဂန္ဆင်စာအုပ် (၀၁) နိုင်ငံတကာ ဂန္ဆင်စာပေဟု ခေါ်ဆိုနိုင်ပုံ စသည်တို့ကို တင်ပြထားသည်။

မြန်မာဘာသာပြန် ဂန္ဆင် စာပေ စာတမ်းကို ဦးကျော်ဆွေ(မင်းကျော်)က တင်သွင်းသည်။ စာတမ်းတွင် မြန်မာဘာသာပြန် ဂန္ဆင်စာပေဟူရာတွင် အဓိကအားဖြင့် မျက်မှောက်ကာလ၌ အနောက်တိုင်းအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်းဟု နားလည်ထားကြပုံ၊ မြန်မာတို့တွင် မြန်မာစာ ပေါဦးအစကပင် အင်္ဂလိပ်မူရင်းမှ ဘာသာပြန်မဟုတ်သော ဘာသာပြန်လုပ်ငန်းကြီးရှိခဲ့ပုံ၊ မြန်မာစာပေါဦးစ၊ မြန်မာနိုင်ငံကို တည်ထောင်စကာလ အနော်ရထာမင်း၏ သက္ကတစာဖြင့် ရေးသားသော အုတ်ခွက်စာများ၊ ပါဠိစာဖြင့်ရေးသားသော အုတ်ခွက်စာများကို အထောက်အထား ပြု၍ မြန်မာတို့သည် မူလကပင် ပါဠိသက္ကတ ဘာသာတို့ဖြင့် ရင်းနှီးခဲ့သည်ဟု သိရှိရပုံ၊ သက္ကတဘာသာသည် မဟာယာန ဗုဒ္ဓဘာသာနှင့်ဆက်နွယ်ပြီး ပါဠိဘာသာမှာမူ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ဆက်နွယ်သည်ကို မှတ်သားရပုံ၊ မြန်မာတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို လက်ခံ၍ ဗုဒ္ဓယဉ်ကျေးမှု အစစ်အမှန်ကို လက်ခံလာသောအခါ သက္ကတကိုလည်း ပစ်ပယ်လာကြလိမ့်မည်ဟု ယူဆရပုံ၊ မြန်မာစာပေသည် ဗုဒ္ဓယဉ်ကျေးမှု အခြေခံဖြစ်သော ပါဠိစာပေကို လေ့လာခဲ့ကြဟန်ရှိပုံ၊ မြန်မာတို့သည် တိုင်းခြားဘာသာဖြစ်သောပါဠိစာကို ဗုဒ္ဓဘာသာစာပေအဖြစ် လက်ခံလာချိန်မှာပင် မြန်မာတိုင်းရင်းသားများ၏ စာပေဖြစ်သော ပျူစာ၊ မွန်စာတို့သည်လည်း ဆက်လက် ရှင်သန်လာပုံ စသည်တို့ကို တင်ပြထားသည်။

ခေတ်ပေါ် မြန်မာဂန္ဆင်စာပေစာတမ်းကို ဦးကျော်အောင် (ကျော်အောင်)က ဖတ်ကြားသည်။ စာတမ်းတွင် ''ခေတ်ပေါ်'' ဟူသည့်ကာလကို သီပေါမင်းပါတော်မူသည့်နှစ်မှ မြန်မာပြည် လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်အထိ သတ်မှတ်ကြောင်း၊ ကိုယ်မင်းကိုယ်ချင်းဘဝမှ အင်္ဂလိပ်လက်အောက်ခံ ကျန်ဘဝသို့ကူးပြောင်းလာသည့်အခါ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး ယဉ်ကျေးမှုနှင့်စာပေ စသည်တို့ အသွင်ပြောင်းလာပုံ အတွေ့အကြုံသစ်များကို တဖြည်းဖြည်းလက်ခံ၍ စာပေအသွင်ကူးပြောင်းသည့်သဘောကို ဦးစွာပထမတင်ပြသဖြင့် ခေတ်နှစ်ခေတ် ပေါင်းကူးသည့်သဘောကို နားလည်နိုင်ပုံ၊ ဤကာလမှာ နှစ်ဆယ်ရာစုခေတ်ဦးအထိ အနှစ် ၂၀ ခန့်ကြာမည်ဟု ယူဆရပုံ၊ ပုဂံခေတ် ကျောက်စာတွင် ပို၍ ထူးခြားလာသည်မှာ ရသစာပေ၌ ကဗျာအရေးအသားနှင့် အရေးတော်ပုံ ရာဇဝင်စကားပြေများ ထူးတူးခြားခြား တိုးပွားလာပုံ၊ သီပေါ လက်ထက်ထိ ဂန္ဆင်စာပေတွင် စကားပြေအရေးအသား အားနည်းခဲ့ပုံ၊ လူဘဝ ပတ်ဝန်းကျင်ရှိအဖြစ်အပျက်များကို ထင်ဟပ်သည့် သရုပ်ဖော်ရသစာပေမျိုး အားနည်းခဲ့ပုံ၊ ၂၀ ရာစုဦးမှစ၍ မြန်မာစကားပြေ အသုံးများလာပြီး ကာလပေါ်ဝတ္ထုအဖွဲ့ကို မြန်မာစာဖတ်ပရိသတ်က လက်ခံလာပုံ၊ ခေတ်ပေါ်စာပေ ရေစီးကြောင်းတွင် ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထင်ဟပ်သည့် သရုပ်ဖော်ရသစာပေအဖွဲ့ အင်တိုက်အားတိုက် စီးဝင်နိုင်ပုံစသည်တို့ကို တင်ပြထားသည်။

စော ဦး၊ ဂျာနယ်ကျော် (ခရစ် ၁၉၁၉–၁၉၉၁)

။ ။စာရေးဆရာဂုဏ်ရောင် ကလောင်အမည်ခံ သတင်းစာဆရာ ဂျာနယ်ကျော် စောဦးဟူ၍ ထင်ရှားသည့် ဦးစောဦးကို ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အဖ ရဲအရာရှိ ဦးမောင်ကလေး (သတင်းစာဆရာ)၊ အမိ ဒေါ်သိန်းရီတို့က ကြံခင်းမြို့၊ ရွာသစ်ရပ်တွင် မွေးဖွားသည်။ သားချင်းသုံးဦးရှိသည့်အနက် အကြီးဆုံးဖြစ်သည်။



စာရေးဆရာ
ဂျာနယ်ကျော် စော‌ဦး

ဇာတိမြို့ ကြံခင်းရှိ အေ–ဘီ–အမ် သာသနာပြု ကျောင်းတွင် သူငယ်တန်းမှသတ္တမတန်းအထိ ပညာသင်ကြားသည်။ ထို့နောက်ရန်ကုန်ရေကျော်ရှိ မက်သဒစ် အင်္ဂလိပ်–မြန်မာ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ရာ ၁၀ တန်းအောင်သည့် ၁၉၃၄ ခုနှစ်ထိဖြစ်သည်။ အသက် ၁၆ နှစ် ငယ်ငယ်ရွယ်ရွယ်နှင့် ၁၀ တန်းအောင်ပြီးနောက် ကြံခင်းသား မြန်မာ့အလင်းသတင်းစာတိုက်အုပ် ဦးတင်ကိုအကြောင်းပြုပြီး ထိုအချိန်က မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင် အောက်တွင် သတင်းစာပညာဆည်းပူးရင်း အလုပ်ဝင်လုပ်သည်။ ၁၉၃၅ – ၃၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်မှစ၍ စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ မြန်မာ့အလင်းတွင် လက်ထောက်အယ်ဒီတာမှ တစ်ဆင့်တက်၍ ညအယ်ဒီတာအထိ ၁၉၃၉ ခုနှစ်တိုင် အမှုထမ်းခဲ့သည်။ သူဆရာဦးချစ်မောင်သည် မြန်မာ့အလင်းမှထွက်၍ ထိုခေတ်က လျှမ်းလျှမ်းတောက်နာမည်ကြီးခဲ့သော ဂျာနယ် ကျော်ကို စတင်ထူထောင်လိုက်သောအခါ ဦးစောဦးလည်း သူဆရာနှင့်အတူပါသွားပြီး ဂျာနယ်ကျော်၌ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်၍ ရန်ကုန်ကို ဗုံးကြဲသည့်နေ့အထိ တွဲဖက်အယ်ဒီတာအဖြစ် လုပ်ခဲ့သည်။ ဂျာနယ်ကျော်ဦးချစ်မောင်ကျေးဇူးကြောင့် ဦးစောဦးသည် နိုင်ငံရေးစာပေလေ့လာခြင်း၊ နိုင်ငံရေး အသိစိတ် ဝင်လာခြင်း၊ နိုင်ငံရေးလောကပုဂ္ဂိုလ်များနှင့် ဆက်သွယ် ရင်းနှီးလာခြင်းဖြင့် အမြင်ကျယ်လာသည်။ ထိုအချိန်က နိုင်ငံရေးမှာသူကျွန်ဘဝမှ လွတ်မြောက်ရေး (၀၀) လွတ်လပ်ရေးရရှိရေးပင်ဖြစ်လေသည်။ ထို့ကြောင့် ဦးစောဦးသည် စတင်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ဝင်သည်။ ဆက်လက်၍ တို့ဗမာအစည်းအရုံးသို့လည်း ဝင်သည်သာမက ပြည်သူ့အရေးတော်ပုံ ပါတီဝင်တစ်ဦးလည်း ဖြစ်လာခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဦးစောဦးသည် ဗမာ့ခေတ် သတင်းစာတွင် အယ်ဒီတာ အဖွဲ့ဝင်အဖြစ် ဝင်လုပ်သည်။ ထို့နောက် ကြံခင်းပြန်ပြီး အာရှလူငယ်မျှားအစည်းအရုံး၌ ဥာဏ ဗလမှူးအဖြစ်လည်းကောင်း၊ ပြည်သူ့အရေးတော်ပုံပါတီ မြေအောက် စည်း ရုံး ရေး မှူး အ ဖြစ် လည်းကောင်း ထမ်းဆောင်ရင်း ဖက်ဆစ်တော်လှန်ရေးအချိန် ရောက်သောအခါ နိုင်ငံရေးမှူးဖြစ်လာသည်။ ထို့နောက် ကြံခင်းမြို့နယ် ဖဆပလ အတွင်းရေးမှူး၊ တော်လှန်ရေးပြီး၍ ဂျာနယ်ကျော်ကို ပြန် လည် ထုတ် ဝေ သော အ ခါ နှင့် နောင်တွင် ပြည်သူ့ဟစ်တိုင်သတင်းစာထုတ်ဝေသောအခါ ၁၉၄၅ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ သတင်းစာအယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိစာရေးဆရာ၊ သတင်းစာဆရာနှင့် နိုင်ငံရေးသမားဘဝ၊ ဂျာနယ်ကျော်၊ ပြည်သူ့ဟစ်တိုင်၊ ဂုဏ်ရောင်သတင်းစဉ်၊ ရန်ကျော်ဂျာနယ်၊ မဏ္ဍိုင်နေ့စဉ်စသော သတင်းစာဂျာနယ်လောက၌ အယ်ဒီတာချုပ်အဖြစ် ကျင်လည်ခဲ့သည်။ ဆိုရှယ်လစ်ပါတီဝင်များက ဖဆပလဝန်ကြီးတစ်ဦးသတင်းနှင့် ပတ်သက်၍ သတင်းစာတိုက်သုံးတိုက်ကို အဓမ္မဝင်ရောက်ပြီး စာခုံများ၊ ခဲစာလုံးများ၊ ပုံနှိပ်စက်များရိုက်ချိုးဖျက်ဆီးသည့်အခါက ဖျက်ဆီးခံရသည့် ပြည်သူ့ဟစ်တိုင်သတင်းစာ၏ အယ်ဒီတာချုပ်မှာ ဦးစောဦးဖြစ်သည်။ သတင်းစာတိုက်အဖျက်ခံရသည်သာမက ဖဆပလအစိုးရက ဦးစောဦးကို ပုဒ်မ ၅ ဖြင့် နှစ်လကြာ ထိန်းသိမ်းထားခဲ့ဖူးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်အဖွဲ့ဝင်၊ ပြင်သစ်နိုင်ငံယူနက်စကို ညီလာခံ မြန်မာနိုင်ငံကိုယ်စားလှယ်၊ အိမ်စောင့်အစိုးရခေတ် ဝန်ကြီးချုပ်ရုံး အထူးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးအရာရှိ၊ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ရောက်ရှိကာ အသစ်ဖွဲ့စည်းလိုက်သောပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး စိတ်ဓာတ်စစ်ဆင်ရေးအရာရှိ၊ ယင်းဌာန ဒုတိယညွှန်ကြားရေးမှူး၊ နောက် တာဝန်တိုးမြှင့်ကာ ထုတ်လုပ်ရေးတပ်မှူး တာဝန်ထမ်းဆောင်နေစဉ် အစိုးရကလွှတ်၍ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ် တရုတ်ပြည်ပီကင်းမြို့၌ ကျင်းပသည့် ၁၁ နှစ်မြောက် လွတ်လပ်ရေးနှင့် တရုတ်–မြန်မာ နယ်နိမိတ်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၃၀၀ ကျော် သွားရောက်ခဲ့ရာ ဦးစောဦးခေါင်းဆောင်သော မြန်မာ့ ရုပ်ရှင်အဖွဲ့လည်းပါဝင်သည်။ ဦးစောဦးသည် အိမ်စောင့်အစိုးရခေတ် ဝန်ကြီး

ချုပ်ရုံးတွင် အထူးအရာရှိအဖြစ်ဆောင်ရွက်စဉ်“ ပြည်တော်သာစီမံကိန်း ” ဟူသော ဝေါဟာရကို တီထွင်ခဲ့သည်။ ဦးစောဦးသည် အိမ်စောင့်အစိုးရလက်ထက်တွင် “ ဝဏ္ဏကျော်ထင် ” ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရခေတ်တွင် တော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနဌ ဦးစောဦးအား တွဲဖက်အတွင်းဝန်နှင့် ပေါ်လစီညွှန်ကြားရေးဝန် ခန့်အပ်ကာ တာဝန်ပေးခဲ့သည်။ တော်လှန်ရေးကောင်စီ၏ အဓိက အနှစ်သာရဖြစ်သော ဝါဒသဘောထားရေးရာ စာတမ်းများပြုစုရေးသားရေး အဖွဲဝင်သုံးဦးပါ ကော်မတီတွင်ဦးစောဦးလည်းပါဝင်ခဲ့သည်။ ထို့နောက် လုပ်သားပြည်သူနှစ်ဦးသတင်းစာ မြန်မာနှင့် အင်္ဂလိပ်၊ အပတ်စဉ်ထုတ် ရွှေသို့စာစောင်များအသွင်သစ်ဖြင့် တစ်နိုင်ငံလုံးသို့ စတင်ထုတ်ဝေဖြန့်ချိရာတွင် အဓိကပြုစုပျိုးထောင်ပေးသူ သုံးဦးအနက် ဦးစောဦးလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်၊ ပညာရေးဌာနကြီးကော်မတီဝင်နှင့် အယ်ဒီတာချုပ်၊ ဗဟို ကော်မတီဝင်၊ ပါတီစာနယ်ဇင်းဌာနကြီးမှူးအဖြစ် ပါတီညီလာခံသုံးကြိမ်အထိဆက်တိုက်တာဝန်ပေးခြင်းခံရသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၌စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးခံရသည်။ ၁၉၇၈ ခုနှစ်တွင် ကျန်းမာရေးအရ တာဝန်မှ အငြိမ်းစားယူလိုက်ပြီး ဘာသာတရားဘက်သို့ လုံးဝရောက်ရှိသွားသည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ပထမဆင့် ချီးမြှင့်ခံရသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ခေါင်းကြီးစသည် မြောက်မြားစွာရေးသားခဲ့ရာ ကျော်ကြားသည့် လုံးချင်းဝတ္ထုများမှာ “ တမိုးသောက်သော် ”၊ “ ကြယ်နီ ”၊ “ စောဦး၏ စာ” ရှုရှားစာရေးဆရာ ဂေါ်ကီ၏ကမ္ဘာကျော်ဝတ္ထုကို ပြန်ဆိုသည့် “ အမေ ” (ပထမတွဲ၊ ဒုတိယတွဲများ) ဖြစ်ကြသည်။

တမိုးသောက်သော် ဝတ္ထုမှာ မကြာခဏပြန်လည်ရိုက်နှိပ်ရသည်သာမက ဒါရိုက်တာ မောင်မောင်သောင်းက သရုပ်ဆောင် ကောလိပ်ကျင်နေဝင်း၊ ဗိုလ်ဗကို၊ အဆိုတော် မင်းနောင်၊ ခင်သန်းနုတို့ပါဝင်ကာ ရုပ်ရှင်ကားအဖြစ် ရိုက်ကူးတင်ပြခဲ့ဖူးသည်။

ဦးစောဦးသည် စွန်းလွန်း ဝိပဿနာ ဘာဝနာကို လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော်ကပင် စတင်၍ ကယ်လွန်ချိန်ထိ လိုက်စားလေ့လာဆည်းပူးခဲ့သည်။ ကိုယ်တိုင်လည်း လက်တွေ့ ကျင့်ကြံအားထုတ်ခဲ့သူဖြစ်သည်။

စာရေးဆရာ ဂုဏ်ရောင် သို့မဟုတ် ကျာနယ်ကျော် စောဦးဟူ၍ ထင်ရှားသော ဦးစောဦးသည် ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီးဒေါ်တင်ရီနှင့် သားသမီး၊ မြေးမျှားကျန်ရစ်သည်။

စံမြင့်၊ ဦး (ခရစ် ၁၉၁၀–၁၉၉၁) ။ ။ ဆရာကြီး ဦးစံမြင့်ကို ပဲခူးတိုင်း၊ ဒါးပိန်မြို့၌ အဖ ဦးသာလင်း၊ အမိ ဒေါ်သိမ်းမယ်တို့မှ ၁၉၁၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။

၁၉၂၆ ခုနှစ်တွင် ပဲခူးမြို့အမျိုးသားတန်းမြင့်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်ယူနီဗာစီတီကောလိပ်မှ ဘီအေအောင်ပြီး ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်းတွင် လက်ထောက်ဆရာအဖြစ် အမှုထမ်းသည်။

၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဆရာဖြစ်သင်ကောလိပ်မှ ဘီအီးဒီဘွဲ့ ရရှိသည်။ ၁၉၃၉ ခုနှစ်တွင် သိပေါမြို့၊ မြို့ပုံ အင်္ဂလိပ်–မြန်မာအထက်တန်းကျောင်းသို့ ကျောင်းအုပ်အဖြစ် ပြောင်းရွှေအမှုထမ်းခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ကြိုပင်ကောက်မြို့ အမျိုးသားတန်းမြင့်ကျောင်းတွင် ကျောင်းအုပ်၊ ၁၉၄၂–၄၅ ခုနှစ်တွင် ကြိုပင်ကောက်မြို့၊ ဂျပန်ခေတ် အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၄၅–၄၆ ခုနှစ်တွင် ဟံသာဝတီသတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆–၄၇ ခုနှစ်တွင် ရန်ကုန်မြို့၊ အသံလွှင့်ဌာနခဲ့၌ မြန်မာပိုင်း အစီအစဉ်လက်ထောက်လုပ်ခဲ့သည်။ ၁၉၄၇–၄၈ ခုနှစ်တွင် ရန်ကုန်မြို့ စီးပွားရေးသတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ဒုတိယဗိုလ်အဖြစ် စတင် တာဝန်ထမ်းဆောင်သည်။

၁၉၄၈–၅၃ ခုနှစ်တွင် တပ်မတော်ပညာရေး၌ အမှုထမ်းခဲ့သည်။ ၁၉၅၃–၅၆ ခုနှစ်တွင် တပ်မှူး၊ တပ်မတော်ပညာရေးကျောင်း၊ ပြင်ဦးလွင်၊ ၁၉၆၁–၆၂ ခုနှစ်တွင် တပ်မှူး ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ ၁၉၆၂–၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပညာရေး မဟာဌာနမှူး၊ ၁၉၆၄ ခုနှစ်မှစတင်၍ ပညာရေးတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လက်ရှိပါမောက္ခချုပ် တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံ ပညာရေးသုတေသနဗဟုရှိတွင် ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကိုပါ ပူးတွဲဆောင်ရွက်ခဲ့သည်။



စာရေးဆရာ စံမြင့်

ဆရာကြီးပါဝင်ဆောင်ရွက်ခဲ့သော စေတနာ့ဝန်ထမ်းလူမှုရေး ဆောင်ရွက်ချက်များမှာ ပဲခူးမြို့ ညောင်ဝိုင်းရပ်မီးသတ်အသင်းလက်ထောက်အရာရှိ၊ ပဲခူးမြို့ လူငယ်များကြီးပွားရေးအသင်း အတွင်းရေးမှူး၊ ၁၉၄၂–၄၅ ခုနှစ် အတွင်း ကြို့ပင်ကောက်မြို့ အာရှလူငယ်အစည်းအရုံး ဥက္ကဋ္ဌတို့ဖြစ်သည်။

၁၉၄၈ မှ ၁၉၆၂ ခုနှစ်အတွင်း ပြုစုခဲ့သော စာတမ်းများမှာ (၁) တပ်မတော်စာကြည့်တိုက်၊ (၂) ငါတို့ရွေးရှုချက်တို့ဖြစ်သည်။ ၁၉၇၂ မှ ၁၉၇၆ ခုနှစ် အတွင်း ပတ်ဝန်းကျင်လေ့လာမှုလုပ်ငန်း ဆရာကိုင်အည္ဆန်းစာအုပ်ကိုရေးသားခဲ့သည်။ ကျောင်းသားလူငယ်များ ရသခံစားမှုရှိလာစေရေး စီမံကိန်းကိုတာဝန်ယူကာတင်သွင်းခဲ့သည့် အစီရင်ခံစာတွင် မူလတန်းမှအထက်တန်းအထိ ပန်းချီသင်ရိုးမာတိကာနှင့် ဂီတသင်ရိုးမာတိကာမူကြမ်းများကို ရေးဆွဲခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ပါမောက္ခချုပ်တာဝန်မှ အငြိမ်းစားယူပြီးနောက် ပညာရေးဝန်ကြီးဌာန၊ ပညာရေးအရာရှိ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ဆက်လက် ထမ်း ဆောင် ခဲ့ သည်။ ၁၉၇၉ ခု နှစ် တွင် "အခြေခံအင်္ဂလိပ်စာလေ့ကျင့်ခန်း" စာအုပ်ကို ရေးသားပြုစုပြီး မြဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ် ဖြန့်ဖြူးခဲ့သည်။ ရတနာမန် မဂ္ဂဇင်းတွင် ဘာသာရေး ဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် သံဃာတော်များကို အင်္ဂလိပ်ဘာသာ သင်ကြားပို့ချခဲ့သည်။

ဆရာကြီးသည် ငယ်စဉ်ကပင် အနုပညာကိုဝါသနာပါသည်။ စောင်းနှင့်ပတ်သက်သည့် ဂီတဆောင်းပါးများကို ရေးသားခဲ့ပြီး ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် "မဟာဂီတဆေးနွေးချက်" ဟူသောအမည်ဖြင့် မြဝတီပုံနှိပ်တိုက်မှပင် ရိုက်နှိပ် ဖြန့်ချိခဲ့သည်။ ပြုစုရေးသားခဲ့သမျှ စာအုပ်၊ စာပေ၊ စာတမ်း၊ ဆောင်းပါး၊ ဝတ္ထုအားလုံးကို "စံမြင့်" ဟူသောအမည်ရင်းနှင့်ပင် ရေးသားခဲ့သည်။ ကွယ်လွန်ချိန်အထိ မြန်မာ့ရုပ်မြင်သံကြားဌာနတွင် သီချင်းကြီး စီစစ်ရေးအဖွဲ့ အဖွဲဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ် သြဂုတ်လ ဂ ရက် မွန်းလွဲ ၁ နာရီ ၂၀ မိနစ်အချိန်တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်သန်းအေးနှင့် သားသမီးခြောက်ယောက်ကျန်ရစ်သည်။

စင်ကာပူနိုင်ငံ။ ။စင်ကာပူ လွတ်တော်က ၁၉၉၀ ပြည့်နှစ် သြဂုတ်လ ၃၀ ရက်နေ့တွင် ပုံနှိပ်အက်ဥပဒေ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းလိုက်ရာ စင်ကာပူတွင် ဖြန့်ချိနေသော ပြည်ပသတင်းစာနှင့် မဂ္ဂဇင်းအများအပြားသည် တရားဝင် ခွင့်ပြုချက် ရယူရန် လိုအပ်လာတော့သည်။ ယင်းသည် ပြည်ပသတင်းစာများအပေါ် ထိန်းချုပ်မှုတင်းကျပ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် မည်သည့် သတင်းစာ၊ မဂ္ဂဇင်းကိုမျှ သီးခြားရည်ရွယ် ပြဋ္ဌာန်းခြင်းနှင့် သတင်းလမ်းကြောင်းပိတ်ဆို့ဟန့်တားခြင်းမဟုတ်ဟု ဆိုသည်။ အဆိုပါ ပုံနှိပ်အက်ဥပဒေ ပြင်ဆင်ချက်အရ နိုင်ငံခြားတိုင်းပြည်များမှ စာအုပ်စာပေထုတ်ဝေသူများသည် ၎င်းတို့၏စာအုပ်စာပေများကို စင်ကာပူ၌ ရောင်းချလိုပါက အစိုးရ၏ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်ဖြစ်သည်။ ထို့ပြင် အစိုးရသည် စာစောင်အရေအတွက်ကိုလည်း ကန့်သတ်နိုင်ခွင့်ရှိသည်။ သို့ဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံများ၏ နိုင်ငံရေးနှင့် မျက်မှောက်ရေးရာများဖော်ပြကြသော စောင်ရေ ၃၀၀ ကျော်သည့် အပတ်စဉ် သို့မဟုတ် နေ့စဉ် ရက်ခြားထုတ်ဝေသည့် သတင်းစာနှင့် မဂ္ဂဇင်းများသည် ဖြန့်ဖြူး ရောင်းချခွင့် ရရှိရန်အတွက် လျှောက်လွှာတင်သွင်းရမည် ဖြစ်သည်။ အဆိုပါ ဥပဒေသည် ဒီဇင်ဘာလ ၁ ရက်နေ့မှ စ၍ အသက်ဝင်မည်ဖြစ်သည်။ အစိုးရအနေဖြင့် စင်ကာပူ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိသော စာစောင် ၁၄ စောင်အား ကင်းလွတ်ခွင့်ပြုထားသော်လည်း ဟောင်ကောင်ထုတ် အာရှဝေါစထရိဂျာနယ်နှင့် အရှေ့ဖျား စီးပွားရေးရာ စာစောင်များကိုမူ ကန့်သတ်ထားခဲ့သည်။ ထို့ပြင် ဟောင်ကောင် အခြေစိုက် အရှဝိခ် စာစောင်နှင့် ၎င်း အရှဝိခ်က တရုတ်ဘာသာဖြင့်ထုတ်ဝေသည့် မဂ္ဂဇင်း တစ်စောင် တို့ကိုမူ ကင်းလွတ်ခွင့်မပြုခဲ့ပေ။ အဆိုပါ စာစောင်များသည် စင်ကာပူနိုင်ငံ၏ ပြည်တွင်းရေးကို

ဝင်ရောက်စွက်ဖက် ရေးသားကြသဖြင့် ယခုကဲ့သို့ ထိန်းချုပ်ထားခြင်းဖြစ်သည်။

ပြည်ပဆက်ဆံရေး အနေဖြင့် စင်ကာပူနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု စတင်လိုက်သည်။ ယခုကဲ့သို့ တရားဝင်သံတမန်ဆက်ဆံမှု စတင်လိုက်ခြင်းသည် တရုတ်ပြည်တွင် ကွန်မြူနစ်အစိုးရ စတင်တည်ထောင်ခဲ့သည့် ၁၉၄၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။ ကုလသမဂ္ဂ ဌာနချုပ်တွင် ကျင်းပသော သံတမန်ဆက်ဆံမှု ထူထောင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ စင်ကာပူနှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ တက်ရောက်ပြီးလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ပါလီမန်စနစ် ကျင့်သုံးသော စင်ကာပူနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် အတွင်း ဝန်ကြီးချုပ်ရာထူး အပြောင်းအလဲဖြစ်ပေါ်ခဲ့ရာ ပထမဆုံးအကြိမ် ဖြစ်သဖြင့် ထူးခြားသည်ဟုဆိုရပေမည်။ ယင်းသို့ အပြောင်းအလဲပြုလုပ်ရန် မူလကတည်းကပင် ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဖြစ်သည့် လီကွမ်ယူအနေဖြင့် အသက် ၆၇ နှစ်ပြည့်ပြီးသည့်အခါ လက်ရှိဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားပေးမည်ဖြစ်ကြောင်းကတိစကားကို ကြိုတင်ပြောကြားခဲ့ပြီးဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ စာ၊ ၂၂၅—ရှု။) စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူသည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ၎င်း၏ နုတ်ထွက်လွှာကို သမ္မတဝီးကင်ဝီးထံ တင်သွင်းခဲ့သည်။ လီကွမ်ယူအနေဖြင့် ဝန်ကြီးချုပ်ရာထူးလွှဲပြောင်းပေးပြီးသည့်နောက်ပိုင်းတွင် ပြည်သူ့လွှတ်ရှားမှုပါတီ (ပီအေပီ) ခေါင်းဆောင်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဟု ဆိုသည်။ ယခုကဲ့သို့ အာဏာလွှဲပြောင်းခြင်းသည်စင်ကာပူနိုင်ငံ၏ ၃၁ နှစ်တာကာလအတွင်းပထမဆုံးအကြိမ်ဖြစ်ရာ အဆင်ပြေချောမွေ့စေရန်အတွက် လီကွမ်ယူနှင့်ဂိုချုပ်တောင်တို့နှစ်ဦး လက်တွဲကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတဝီးကင်ဝီးက ဂိုချုပ်တောင်အား ဝန်ကြီးချုပ်အဖြစ်တရားဝင်ခန့်အပ်လိုက်ပြီး အစိုးရအဖွဲ့သစ်ဖွဲ့စည်းရန် တိုက်တွန်းလိုက်သည်။ ဂိုချုပ်တောင်သည် ယခင်လီကွမ်ယူဦးဆောင်သည့် အစိုးရအဖွဲ့တွင် ပထမဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ပါလီမန်တွင်လည်း အမတ်အများစု၏ထောက်ခံမှုကို ရရှိထားသူဖြစ်သည်။

ဝန်ကြီးချုပ်ဂိုချုပ်တောင်က အစိုးရအဖွဲ့သစ်အမည်စာရင်းကို သမ္မတထံ တင်သွင်းခဲ့ရာ လီကွမ်ယူကို ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ်လည်းကောင်း၊ လီကွမ်ယူ၏သား ကုန်သွယ်ဇရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးလီရှင်လွန်းကို ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် အဖွဲ့ဝင် ၁၆ ဦးပါဝင်သည်။ အစိုးရအဖွဲ့သစ်တွင် လီကွမ်ယူအား ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ်ဖြင့် ဆက်လက်ရပ်တည်စေခြင်းမှာ စင်ကာပူနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံခြားဆက်ဆံရေးများတွင် ဆက်လက်တည်ရှိနေရန်လိုအပ်သည်ဟု ဂိုချုပ်တောင်က ယူဆခြင်းကြောင့် ဖြစ်သည်။ လီကွမ်ယူသည် စင်ကာပူနိုင်ငံအား အစွန်အဖျား ကိုလိုနီနယ်ပယ်တစ်ခု အဖြစ်မှ ချမ်းသာကြွယ်ဝသော မြို့ပြနိုင်ငံအဖြစ် ပြောင်းလဲဖော်ဆောင်ရာတွင် အဓိကနေရာမှဆောင်ရွက်ခဲ့သူဖြစ်ပြီး ကမ္ဘာပေါ်တွင် ဝန်ကြီးချုပ် အဖြစ် အရှည်ကြာဆုံး ဘာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

စင်ကာပူနိုင်ငံ၏ သမ္မတရွေးချယ်တင်မြှောက်ရေးကိစ္စနှင့်စပ်လျဉ်း၍ သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို စင်ကာပူပါလီမန်က ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် အတည်ပြုလိုက်သည်။ သို့ဖြစ်ရာ ယခု သမ္မတတာဝန်ထမ်းဆောင်နေသူ ဝီးကင်ဝီးသည် တိုက်ရိုက်ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ပထမဆုံး စင်ကာပူသမ္မတ ဖြစ်လာမည်ဟု ယူဆထားကြသည်။ ဝန်ကြီးချုပ်အဖြစ် ၃၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ လီကွမ်ယူသည် ဝီးကင်ဝီး၏ လေးနှစ်ကြာ သမ္မတသက်တမ်းကုန်ဆုံးမည့် ၁၉၉၃ ခုနှစ်တွင်သမ္မတအဖြစ်ပါဝင် အမွေးခံရဖွယ် ရှိနေရာ အလားအလာရှိသူ တစ်ဦးဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက မှန်းဆထားသည်။

စင်ကာပူနိုင်ငံတွင် အမျိုးသားရေးလက္ခဏာ ရှင်သန်ဖွံ့ဖြိုးစေရေးနှင့် အနောက်တိုင်းယဉ်ကျေးမှု ဩဇာလွှမ်းမိုးမှုကို တွန်းလှန်နိုင်ရေးအတွက် နိုင်ငံသားများ လိုက်နာ ကျင့်သုံးရန် အခြေခံယဉ်ကျေးမှု နှုန်းစံ ငါးချက်ကို သတ်မှတ်ထားသည်။ ယင်းအချက်များမှာ တစ်စုတစ်ဖွဲ့အရေးထက် နိုင်ငံအရေးကို ဦးစားပေးရန်နှင့် တစ်ဦးတစ်ယောက်အရေးထက် အဖွဲ့အစည်းအရေးကို အလေးထားရန်၊ မိသားစုကို အခြေခံသော လူအဖွဲ့အစည်းထူထောင်ရန်၊ တစ်ဦးတစ်ယောက်အရေးကို အများကလေးစားထောက်ပံ့ရန်၊ အငြင်းပွားမှုကို ရှောင်ရှဲ့တစ်သဘောတည်းရှိအောင် ကြိုးပမ်းရန်နှင့် လူမျိုးရေးဘာသာရေး သဟဇာတရှိစေရန်တို့ ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ခြင်းမှာ အစိုးရအနေဖြင့် လူနည်းစုအိန္ဒိယ၊ မလေးနှင့် ဥရောပသွေးနှော အာရှစသည့် လူမျိုးစုများအပေါ် လူများစုတရုတ်လူမျိုးတို့၏ ယဉ်ကျေးမှုသြဇာလွှမ်းမိုးခွင့်မပြုလိုသည့် သဘောပင်ဖြစ်သည်။



ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနေသော ပီအေပါတီခေါင်းဆောင်နှင့် လက်ရှိဝန်ကြီးချုပ်ဖြစ်သူ ဂိုချုပ်တောင်

မတ်လ ၂၆ ရက်နေ့တွင် စင်ကာပူလေကြောင်းမှ အဲယားဘတ်စ် အေ–၃၁၀ ခရီးသည်တင် လေယာဉ်ကြီး တစ်စင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်မှ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့အလာ ပါကစ္စတန်နိုင်ငံသား လေးဦးကလေယာဉ်ကို အပိုင်စီးကြသည်။ ချန်ဂီလေဆိပ်၌ လေယာဉ်အပိုင်စီးထားမှု ကိုးနာရီအကြာတွင် စင်ကာပူရဲတပ်ဖွဲ့မှ ကယ်ဆယ်ရေး ကွန်မန်ဒိုများက လေယာဉ်ကို စီးနင်းတိုက်ခိုက်ရာမှ လေယာဉ်အပိုင်စီးသမားလေးဦးစလုံး သေဆုံးသွားသည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၈၈ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၁ ဦးတို့ ပါဝင်သည်။ အပိုင်စီးသူများက ပါကစ္စတန်နိုင်ငံ၌ ထိန်းသိမ်းထားသော ဝန်ကြီးချုပ်ဟောင်း ဘီနဇာဘူတို့၏ ခင်ပွန်းအပါအဝင် လူပုဂ္ဂိုလ်အချို့အား လွှတ်ပေးရန် တောင်းဆိုကြသည်။ စင်ကာပူလေကြောင်းမှ လေယာဉ်တစ်စီး ယခုကဲ့သို့အပိုင်စီးခံရခြင်းသည် ပထမဆုံးအကြိမ်ပင် ဖြစ် သည်။ လေ ယာဉ် အပိုင် စီး မှု သတင်းကြောင့် မလေးရှားနှင့်ပါကစ္စတန်နိုင်ငံတို့တွင်လည်း ဂယက်ရိုက်သွားသည်။

စင်ကာပူနိုင်ငံသည် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အဓိကစျေးကွက်များအဖြစ် အမေရိကန်ပြည်ထောင်စု၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့နှင့် ဥရောပဘုံစျေး အဖွဲ့တို့နှင့် ဆက်ဆံလျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ စုစုပေါင်းပို့ကုန် ၆၆ ဒသမ ၇ ရာခိုင်နှုန်းကို ယင်းနိုင်ငံများက ဝယ်ယူလျက်ရှိသည်။ ဤသို့ကာလကြာမြင့်စွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေခဲ့သည့် စင်ကာပူနိုင်ငံသည် ပင်လယ်ကွေ့စစ်ပွဲကြောင့် ထိခိုက်နစ်နာမှုများရှိခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲကြောင့် ရေနံစျေးများမြင့်တက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးစရိတ်လည်း ကြီးမြင့်ခဲ့သည်။ စင်ကာပူသို့လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာလည်း ကျဆင်းသွားခဲ့သည်။ သို့ရာတွင် ဆိုးဆိုးဝါးဝါး အခြေအနေသို့ မရောက်ရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ စင်ကာပူနိုင်ငံသည် ငွေကြေးဆိုင်ရာ ဗဟိုဌာနကြီးတစ်ခုအဖြစ် တ ဖြည်း ဖြည်း ချင်း တိုး တက် ကြီးပွားလာနေသည်။ စင်ကာပူသည် လန်ဒန်၊ နယူးယောက်၊ တိုကျိုနှင့် ဇူးရစ်တို့ပြီးလျှင် ကမ္ဘာတွင် ပဋ္ဌမမြောက် နိုင်ငံခြားငွေ အလဲအလှယ်ပြုလုပ်ရာ အကြီးမားဆုံးစျေးကွက်ကြီး ဖြစ်လာနေပြီဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် ကုန်သွယ်မှုကို အဓိကထားရသော နိုင်ငံဖြစ်သောကြောင့် နိုင်ငံခြားစျေးကွက်အခြေအနေကို စောင့်မျော်နေရသည်။

၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလက ဂျပန်ဘုရင် နန်းတက်ပွဲသို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူ တက်ရောက်ခဲ့ရာ ၎င်းကဲ့သို့ပင်လာရောက်သည့် အမေရိကန် ဒုတိယသမ္မတ ဒန်ကွေးလ်နှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်တွင် အနာဂတ်ကာလ အရှေ့တောင်အာရှဒေသ၌ အမေရိကန်

စန္ဒေါဘာသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးတိုင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် (မြန်မာ ၁၂၀၃ – ၁၃၅၃)။ ။

ဆရာတော်ဘဒ္ဒန္တစန္ဒေါဘာသကို မန္တလေးတိုင်း စဉ့်ကူးမြို့နယ်၊ ရွှေလှေရွာ၌ ခမည်းတော်ဦးအောင်ဘ၊ မယ်တော် ဒေါ်ဒေါ်မြင့်တို့က သက္ကရာဇ် ၁၂၀၃ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

သက္ကရာဇ် ၁၃၀၂ ခုနှစ် တပို့တဲ့လဆန်း ၁၁ ရက်နေ့တွင် ဥဒကုက္ခေပသိမ်၌ ကိုးကျောင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ ၄၅ ပါးတို့ဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကိုးနှစ်သားအရွယ်မှစ၍ စာပေကျမ်းဂန်များကိုဆည်းပူးခဲ့သည်။ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများအပြင် သိဒ္ဓန္တကောမုဒီ၊ ဟိတောပဒေသ၊ စာဏက္ကနီတိ၊ ပါဏိနိစသော သက္ကတကျမ်းများကိုပါသင်ယူခဲ့ရာ ရဟန်းခြောက်ဝါ အရွတ်င် ပေါက်မြောက်ပြီးဆုံးသည်။

ဆရာတော်သည် နှစ်ပေါင်း ၄၀ အတွင်း တစ်နေ့စာဝါလေးဝါမှ ငါးဝါအထိ ပို့ချခြင်း၊ ကျမ်းစာများ ပြုစုခြင်း၊ သံဃာ ဂ၀၀ ကျော်တို့ကို အုပ်ချုပ်စောင့်ရှောက်သည့်အပြင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနိစ္ဆယ၊ နိုင်ငံတော်ဝိနည်းခိုရ် စသော တာဝန်များကို ထမ်းဆောင်တော်မူသဖြင့် ၁၉၇၈ ခုနှစ်တွင် နိုင်ငံတော်ကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉-စာ၊ ၁၅၆—၌။)

ဤကဲ့သို့ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သော မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးနာယကချုပ်ဖြစ်တော်မူသည့် ဆရာတော်ဘဒ္ဒန္တ စန္ဒေါဘာသသည် ၁၃၅၃ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်နေ့တွင် ဘဝ နတ်ထံ ပျံလွန်တော်မူသည်။

စန်းငွေ၊ ဒဂုန် ဦး (ခရစ် ၁၉၁၀ – ၁၉၉၁)။ ။

ဒဂုန်ဦးစန်းငွေကို ၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်း မြို့နယ်၊ တည်ပင်တဲရွာ၌ အဘ တောင်သူကြီး ဦးအောင်ဇေယျ၊ အမိ ဒေါ်သည်းအူတို့က ဖွားမြင်သည်။ သားသမီးကိုးယောက်အနက် အကြီးဆုံး ဖြစ်သည်။ ငယ်မည်မှာ မောင်စံတင် ဖြစ်သည်။ ငယ်စဉ်က တည်ပင်တဲရွာ၊ ဦးကေသရကျောင်း(နောင်တွင် လောကဓာတ်ကျောင်း)၌ ပညာ သင်ခဲ့သည်။ လေးတန်း အထိသာရှိသော စစ်အင်အားချထားမှု ပူးပေါင်းဆောင်ရွက်ရန် ကိစ္စတစ်ရပ်ပါဝင်ရာ အမေရိကန် စစ်အင်အား ချထားမှု ဆက်လက်တည်ရှိနေမည့် သဘောထားကို ပိုမိုခိုင်မာစေခဲ့သည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ဖိလစ်ပိုင်နိုင်ငံရှိ အခြေစိုက်စစ်စခန်းများအပေါ် အမေရိကန်နိုင်ငံက မှီခိုအားထားနေရခြင်းကို လျှော့ချလိုသည့် ကြိုးပမ်းမှုတစ်ရပ်ဟု ဆိုနိုင်ပေသည်။ သို့ဖြစ်ရာ စင်ကာပူနိုင်ငံအနေဖြင့် အမေရိကန်စစ်ရေးတည်ဆောက်မှုအောက်တွင် ရောက်ရှိလာသည့် အခါတွင် ပြည်တွင်းစီးပွားရေး ကဏ္ဍတွင်လည်း ခရီးသည်များ လာရောက်ခြင်းနှင့် ငွေကြေးသုံးစွဲခြင်းများ ရှိလာမည် ဖြစ်သဖြင့် စီးပွားရေး အခြေအနေကောင်းများ ပေါ် ပေါက်လာနိုင်မည်ဟုခန့်မှန်းထားကြသည်။

ဤသို့ရှိနေခဲ့ရာမှ စင်ကာပူနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို နှစ်နှစ်စောချ၍ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂိုချုပ်တောင်က ဩဂုတ်လ ၁၄ ရက်နေ့တွင် ရုတ်တရက် ကြေညာခဲ့သည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းဘင်္ဂဒင်းမှ ကို ဩဂုတ်လ ၂၁ ရက်နေ့ နောက်ဆုံးထား၍တင်သွင်းရန်နှင့် ရွေးကောက်ပွဲ မဲဆွယ်မှုများအတွက် ၁၀ ရက် သတ်မှတ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရွေးကောက်ပွဲ ကာလမှာ အချိန်တိုတောင်းသည့်အတွက် တရားမျှတမှု မရှိကြောင်းဖြင့် အတိုက်အခံနိုင်ငံရေးသမားများက ကန့်ကွက်ခဲ့ကြသည်။

၁၉၅၉ ခုနှစ်မှစ၍ အာဏာရလာခဲ့သောဂိုချုပ်တောင်၏ ပြည်သူလွှတ်ရှားမှုပါတီ (ပီအေပီ) သည် ရွေးကောက်ပွဲအနိုင်ရရန် သေချာသလောက်ရှိနေသည်။ ၁၉၆၈ ခုနှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ပီအေပီပါတီက ပါလီမန် ကိုယ်စားလှယ်နေရာ ၅၁ နေရာတွင် ၈၀ နေရာ အနိုင်ရရှိခဲ့သည်။

ကြေညာထားသည့်အတိုင်း ရွေးကောက်ပွဲကို ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့ရာ မျော်မှန်းထားသည့်အတိုင်းပင် အာဏာရပြည်သူလွှတ်ရှားမှုပါတီ (ပီအေပီ)က နေရာအများစုကို အနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ် ဂိုချုပ်တောင်၏ ပီအေပီပါတီသည် ပါလီမန်အမတ်နေရာ ၈၁ နေရာတွင် ၇၇ နေရာ ရရှိသည်။ အတိုက်အခံတို့က ပါလီမန်အမတ်နေရာ ၄၀ နေရာအတွက်သာ ယှဉ်ပြိုင်ခဲ့ကြရာ စင်ကာပူဒီမိုကရက်တစ်ပါတီက သုံးနေရာနှင့် အလုပ်သမားပါတီက တစ်နေရာ ရရှိကြသည်။ ရွေးကောက်ပွဲ အနိုင်ရရှိသော ဝန်ကြီးချုပ် ဂိုချုပ်တောင်က အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။



စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ

ထိုကျောင်း၌ အတန်း တက်ရန် မရှိသောကြောင့် လေးတန်း စာမေးပွဲကိုပင် အကြိမ်ကြိမ် ဖြေဆိုအောင် မြင်ခဲ့သည်။

၁၉၂၁ ခုနှစ်တွင် ညောင်ဦးမြို့ မဟာ ဝိသုတာရုံမ တိုက်သစ်၌ ကိုရင် ဘဝဖြင့် လောကုတ္တရာ စာပေကို ဆက်လက်သင်ကြားခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ပဉ္စင်းခံခဲ့သည်။ ဘွဲ့အမည်မှာ ဦးဇာနေယျ ဖြစ်သည်။ စာပေထူးချွန်သဖြင့် စာချကိုယ်တော် ဖြစ်လာသည်။ ၁၉၃၃ ခုနှစ်တွင် မန္တလေး၌ လယ်တီဦးကောဝိဒ (ပုပ္ပားဦးကျော်ရင်) ထံတွင် ပညာ ဆက်လက် ဆည်းပူးရင်း ကဗျာမျိုးပေါင်း စုံလင်စွာပါသော "သောဏ္ဏာမောရ" အမည်ရှိ "ရွှေဥဒေါင်းမင်း ကဗျာ ဝတ္ထုရှည်ကြီး" ကို ပေါက္ကံ တင်မောင် အမည်ဖြင့်ရေး၍ ဒဂုန် မဂ္ဂဇင်းသို့ ပို့ခဲ့ရာ ရွေးချယ်ဖော်ပြခြင်း ခံရသဖြင့် ကဗျာဘက်၌ စိတ်အားပိုမို ထက်သန်လာသည်။ ဆက်လက်၍ ဒဂုန် မဂ္ဂဇင်းတွင် ယုဝတီ စကျခေါ် အမျိုးသမီးကဏ္ဍ၌ သီရိပစ္စယာစောအုံ ဟူသောအမည်ဖြင့် အမျိုးသမီးရေးရာ မျှားနှင့် ရာဇဝင်၊ သမိုင်းစသော ဗဟုသုတများကို ရေးသားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ရဟန်းဘဝကို စွန့်ခဲ့ပြီး မန္တလေး ကျောက်သွေးတန်းမှ ထုတ်ဝေသော ရွှေဗမာမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ်ခြောက်လခန့်လုပ်ကိုင်ခဲ့သည်။ ၁၉၃၆ ခုနှစ် ရွှေဗမာမဂ္ဂဇင်းထုတ်ဝေမှု ရပ်ဆိုင်းသွား၍ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဒဂုန် မဂ္ဂဇင်းတွင် လခ ၃၀ ကျပ်ဖြင့် အယ်ဒီတာအဖွဲ့ဝင် ဖြစ်ခဲ့သည်။

ဘားမား ဂျာနယ်တွင် ဘားမား စန်းစန်းဟူသော ကလောင်အမည်ဖြင့် အမျိုးသမီးရေးရာ ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းမှ အခန်းဆက် ဆောင်းပါးကို "ပျို့အဘိဓာန်" အမည်ဖြင့် ပထမဆုံး လုံးချင်း စာအုပ်အဖြစ် ထုတ်ဝေခဲ့ပြီး ဒဂုန် မဂ္ဂဇင်းတွင် "ရွှေမှန်ကူ ဝတ္ထု" ဇာတ်လမ်းမှစ၍ ဒဂုန် ဌေးစန္ဒာမှ ဒဂုန်စန်းဟု ကလောင်အမည်ပြောင်းခဲ့သည်။ ထိုနှစ်တွင်ပင် ကျောင်း ဆ ရာ မ ဒေါ်သိန်းသိန်း (သလွန်ဝတီ သိန်းသိန်း)နှင့် အိမ်ထောင်ဖက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ဒဂုန် မဂ္ဂဇင်းတွင် ပါဝင်သော မြင်းခြံစိုးမြင့် (ဗိုလ်မှူး ချစ်ကောင်း)၏ "နသိုးလောက" ဆောင်းပါးကြောင့် အစိုးရ၏ သတိပေးခြင်း၊ အာမခံတောင်းခြင်း ခံရသည်။ ထိုနှစ်တွင်ပင် ဒဂုန် မဂ္ဂဇင်း ထုတ်ဝေခြင်း ရပ်သည်။

၁၉၄၁ ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာ၍ ရန်ကုန်မှ မုံရွာမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး မြို့အုပ်ချုပ်ရေး အဖွဲ့တွင်ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ဂျပန်ခေတ်အတွင်း ကုန်သည်ဘဝဖြင့် ကျင်လည်ရင်း ၁၉၄၅ ခုနှစ်တွင် ရန်ကုန်သို့ ပြန်လာပြီး ဒဂုန်ပုံနှိပ်တိုက်ကို တာဝန်ယူ၍ အောဝမ်း ရုပ်စုံ ဂျာနယ်များ ထုတ်ဝေရာ၌ ဦးစီးလုပ်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း ပြန်လည်ထုတ်ဝေသောအခါ အယ်ဒီတာချုပ်ဖြစ်လာသည်။ အောဝမ်းရုပ်စုံတွင်လည်း အယ်ဒီတာချုပ်ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် မြန်မာ ဓမ္မသတ်မျှားမှ ထုတ်နုတ် ရေးသားသော "ရွှေခေတ် ကာမမှ စီရင်ထုံးများ" စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ် ဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ဒဂုန်မောင်စံသူအမည်ဖြင့် ရုပ်ရှင်ဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပထမ အိမ်ထောင်ပျက်ပြီး ဒုတိယအိမ်ထောင်အဖြစ် ဒေါ်တင်မေမြ(စာရေးဆရာမ တိမ်ညွှန့်မေ) နှင့် လက်ဆက်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်လာပြီး ၁၉၅၅ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းများ စတင်ရေးသားပြီး ကိုယ်တိုင်လည်း အလှည့်သင့်သလို ပါဝင် သရုပ်ဆောင်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပြန်ကြားရေး ဝန်ကြီးဌာနက ထုတ်ဝေသော ရွှေသို့ စာစောင်တွင် အတိုင်ပင်ခံ စာတည်းအဖြစ် ဆောင်ရွက်ရင်း ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ပညာရေးဝန်ကြီးဌာန၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ထုတ်ဝေရေးကော်မတီ၌ အဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီ ဥက္ကဋ္ဌကြီး၏ တာဝန် ပေးချက်အရ အလယ်တန်း ကျောင်းသုံး မြန်မာသဒ္ဒါနှင့် အထက်တန်း ကျောင်းသုံး မြန်မာသဒ္ဒါတို့ကို ပြုစုခဲ့သည်။ မြန်မာစာကော်မရှင်တွင် အဘိဓာန်၊ သဒ္ဒါဝန်ဆောင် အဖွဲ့ဝင်ဖြစ်လာသည်။

၁၉၇၃ ခုနှစ်မှစ၍ နိုင်ငံတော်ကောင်စီက ခန့်အပ်ချက်အရ မြန်မာစာအဖွဲ့ ဦးစီးဌာနတွင် အချိန်ပြည့်အဖွဲ့


ဝင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၇၅ ခုနှစ်က ပြန်လည်ထုတ်ဝေသော ဒဂုန်မဂ္ဂဇင်းတွင် အတိုင်ပင်ခံ စာတည်းအဖြစ်လည်းကောင်း၊ ရတနာမွန် မဂ္ဂဇင်းတွင် စာတည်းချုပ်အဖြစ်လည်းကောင်း ထမ်းဆောင်သည်။ ဒဂုန်ဦးစန်းငွေသည် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ။ ။ ဆိုဗီယက်သမ္မတဂေါဘာချေ့သည် နိုင်ငံစီးပွားရေး ပြန်လည်နာလန်ထူရေးအတွက် စီးပွားရေးပညာရှင်ရှတာလင်အား ဦးဆောင်စေပြီးယဲ့လ်ဆင်–ဂေါဘာချေ့ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ရာ အဆိုပါ ကော်မရှင်က စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များကို ရေးဆွဲခဲ့သည်။ ရှတာလင်သည် စျေးကွက်ကို အခြေခံသော ရက်ပေါင်း ၅၀၀ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ရေးဆွဲတင်ပြခဲ့သည်။ ဆိုဗီယက် ဝန်ကြီးချုပ်ရုဇကော့ကလည်း ၎င်း၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်ကိုတင်ပြခဲ့သည်။ ဂေါဘာချေ့က ရှတာလင်၏ အစီအစဉ်ကို ပို၍နှစ်သက်သဘောကျခဲ့ရာ ယင်းကို ရုဇကော့ကမလိုလားချေ။ ရှတာလင်၏ အစီအစဉ်တွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီးမှသာ အတည်ပြုချမှတ်သင့်သည်ဟု ရုဇကော့ကအကြံပြုသည်။ ရှတာလင်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုဖြစ်စေပြီးစီးပွားရေးဘဝ မတည်မငြိမ်ဖြစ်ကာ လုပ်ငန်းများထိခိုက်စေမည်ဟု ရုဇကော့ကသတိပေးပြောကြားသည်။ ရှတာလင်၏ ရက်ပေါင်း ၅၀၀ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကိုဆိုဗီယက်ပါလီမန်တွင် အကြိတ်အနယ်ဆွေးနွေးခဲ့ရသည်။

ဤတွင် သမ္မတဂေါဘာချေ့သည် ရှတာလင်နှင့် ရုဇကော့တို့တင်ပြသော စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်နှစ်ခုစလုံးကို ညှိနှိုင်းပေါင်းစပ်ပြီး တစ်ခုတည်းသော စီးပွားရေး အစီအစဉ် မူကြမ်းကို ပုံဖော်ရန် အတွက် ပယ်ရက်စထရိုက်ကာခေါ် စီးပွားရေးပြန်လည်တည်ဆောက်ရေးမူဝါဒကို ဦးစွာ ဖော်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များအနက်မှ တစ်ဦးဖြစ်သည့် အဂွန်ဘတ်ဂျန်အား စေခိုင်းခဲ့သည်။ သို့သော်လက်တွေ့တွင် အခြေခံမူဝါဒချင်းကွဲလွဲသည့်အစီအစဉ်နှစ်ရပ်ကို ပေါင်းစပ်ရန်မဖြစ်နိုင်ကြောင်းတွေ့လာရသည်။ ရုဇကော့၏ အစီအစဉ်တွင် နိုင်ငံပိုင် စီးပွားရေးစနစ်ကို တဖြည်းဖြည်းချင်းဖြင့် စျေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်သွားရန်ဖြစ်ပြီး ရှတာလင်၏အစီအစဉ်မှာ ဆိုရှယ်လစ်စနစ်နှင့် ဗဟိုထိန်းချုပ်မှုစနစ်ကိုဖျက်သိမ်းကာလွတ်လပ်သည့်စီးပွားရေးစနစ်သို့ဦးတည်သွားရန်ဖြစ်သည်။ အဂွန် ဘတ်ဂျန်သည် ရှတာလင်၏ စီးပွားရေးအစီအစဉ်ကိုပို၍ သဘောကျသည့် အလျောက် ရှတာလင်အစီအစဉ်ကို အခြေခံထား၍ ဂေါ် ဘာ ချေ့ ၏ ပြင်ဆင်ချက်အချို့ကိုပါဖြည့်စွက်ကာ စီးပွားရေး အစီအစဉ် ပြင်ဆင်ရေးဆွဲချက် မူကြမ်းကို တင်ပြခဲ့သည်။

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံခေါင်းဆောင် ဘောရစ်ယဲ့လ်ဆင်က ရှတာလင်၏ရက်ပေါင်း ၅၀၀ စီးပွားရေးအစီအစဉ်ကို ထောက်ခံပြီး ရုရှားပါလီမန်ကလည်း ယင်းအစီအစဉ်၏အခြေခံမူဝါဒများကို ၁၉၉၀ ပြည့်နှစ်စက်တင်ဘာလ ဒုတိယပတ်တွင် အတည်ပြုခဲ့သည်။ မိမိတို့သည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များ နှောင့်နှေးကြန့်ကြာနေခြင်းကို စောင့်ဆိုင်းနေမည်မဟုတ်ဘဲ မိမိတို့အစီအစဉ်ဖြင့် ၁၉၉၀ ပြည့်နှစ်အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားသော သမ္မတနိုင်ငံ များကလည်း ရုရှားသမ္မတနိုင်ငံနည်းတူ လိုက်၍ လုပ်ဆောင်ကြစေလိုကြောင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ချမှတ်ခြင်းနှင့်အတူ ဝန်ကြီးချုပ်ရုဇကော့ဦးဆောင်သည့်အစိုးရအဖွဲ့ ရာထူးမှ နုတ်ထွက် ပေးသင့်ကြောင်းဖြင့် ဘောရစ် ယဲ့လ်ဆင်က ပြောကြားခဲ့သည်။

ရှတာလင်၏ ရက်ပေါင်း ၅၀၀ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်တွင် ဆိုဗီယက်စီးပွားရေး၏ ဂဝ ရာခိုင်နှုန်းနီးပါးသည် ပုဂ္ဂလိကလက်ထဲသို့ ရောက်ရှိသွားစေမည်ဖြစ်သည်။ လုပ်ငန်းကြီးများကို စတော့ရှယ်ယာအစုစပ်ကုမ္ပဏီများအဖြစ်သို့ ပြောင်းလဲစေပြီး လုပ်ငန်းအငယ်စားကလေးများ၊ ဆိုင်များနှင့် စားသောက်ဆိုင်များကိုပုဂ္ဂလိကသို့ရောင်းချပစ်မည်ဖြစ်သည်။ လယ်သမားများ ကို စုပေါင်းလယ်ယာစနစ်မှ နုတ်ထွက်ခွင့်ပြုပြီး ယင်းတို့အား ကိုယ်ပိုင်မြေယာနှင့်ရထိုက်သောပစ္စည်းများ ဝေခြမ်းပေး မည် ဖြစ် သည်။ ကာ ကွယ် ရေး၊ ရ ထား ပို့ဆောင်ရေး၊ စာတိုက်လုပ်ငန်း၊ စွမ်းအင်နှင့် ရပ်ဝေးဆက်သွယ်ရေးလုပ်ငန်းများကိုမူ နိုင်ငံပိုင်အဖြစ်ဆက်လက်ထားရှိသည်။ ကုန်သွယ်မှုစျေးကွက်နှင့်ငွေကြေးကို တစ်ခုတည်းသာထားရှိသည်။ ဆိုဗီယက်ပြည်ထောင်စုတွင်ပါဝင်ဖွဲ့စည်းထားသည့် သမ္မတနိုင်ငံ ၁၅ ခုတို့အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးကို ထိန်းချုပ်လုပ်ကိုင်ရန်ဖြစ်ပြီး ပြည်ထောင်စုစာချုပ်သစ်ပြင်ဆင်ရေးဆွဲရေး အတွက်ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် ဘတ်ဂျက်လိုငွေပြမှုဖြတ်တောက်ရန်အတွက်




မအောင်မြင်သော အာဏာသိမ်းပွဲအပြီးတွင် ပြန်လည်ဆုတ်ခွာသွားသော စစ်သားများကို ပြည်သူများက နှုတ်ဆက်နေပုံ

တင်းကျပ်သည့်ဘဏ္ဍာရေးထိန်းချုပ်မှုကာလ ရက်ပေါင်း ၁၀၀ ကျော်လွန်ပြီးနောက်စျေးနှုန်းများကို ဗဟိုသတ်မှတ်ခြင်းမျိုးမဟုတ်ဘဲ စျေးကွက်သဘောအရသာ ဖြစ်စေရမည်ဖြစ်သည်။ ငွေကြေးအရှုံးပေါ်နေသည့်လုပ်ငန်းများသို့ နိုင်ငံတော်မှထောက်ပံ့မှုများ ဖြတ်တောက်မည်ဖြစ်ပြီး ယင်းအစားအနောက်တိုင်းပုံစံကဲ့သို့ ဘဏ်များနှင့်ငွေချေးငှားသည့်အဖွဲ့အစည်းများမှ ချေးငွေများ ထုတ်ချေးမည်ဖြစ်သည်။ ထို့ပြင် ငွေမာကုန်သွယ်မှုကို ခွင့်ပြုထားပြီး နိုင်ငံခြားကုမ္ပဏီများကိုလည်း ဆိုဗီယက်ကုမ္ပဏီများနှင့် ပတ်သက်၍ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ပြုထားသည်။ ရည်ရွယ်ချက်မှာ တံခါးဖွင့်စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရင်း ကမ္ဘာ့စီးပွားရေးလောကထဲသို့ အပြည့်အဝ ပူးပေါင်းပါဝင်ရန်ပင်ဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကြောင့် အလုပ်လက်မဲ့ဖြစ်သွားသည့် အလုပ်သမားများကိုလည်း အလုပ်လက်မဲ့ အာမခံကြေး ပေးမည်ဖြစ်သည်။

ဂေါ်ဘာချေ့အနေဖြင့် အထက်ပါစီးပွားရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို ယေဘုယျအားဖြင့် ကြိုက်နှစ်သက်သော်လည်း ဗဟိုအစိုးရလက်မှ ပြည်နယ် ၁၅ ခု လက်ဝယ်သို့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ခွင့်အာဏာ လုံးလုံးလျားလျား လွှဲပြောင်းပေးလိုက်ရမည့် အစီအစဉ် လမ်းကြောင်းများကို ပို၍ပျော့ပျောင်းစေလိုသည့်ဆန္ဒ ရှိပေသည်။ ရုတ်တရက်၏အစီအစဉ်တွင် အခွန်ကောက်ခံရေးကိုပင် ပြည်နယ်အလိုက် ကိုယ့်ဘာသာသီးခြားလုပ်ဆောင်ရန် အဆိုပြုထားသည်။ ဤသို့ဖြင့် ဂေါ်ဘာချေ့

အာဏာသိမ်းမှုကို ဆန့်ကျင်အန်တုရန် ပြည်သူများအား စည်းရုံးတိုက်တွန်းနေသည့် ရုရှားသမ္မတ ဘောရစ် ယဲလ်ဆင်





အာဏာသိမ်းမှု ပျက်ပြားပြီးနောက် မော်စကိုမြို့သို့ ပြန်လည် ရောက်ရှိလာသော ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့

သည် စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို မူလက ထောက်ခံခဲ့သော်လည်း ဝန်ကြီးချုပ်ရူးဇကော့၏ ဖိအားပေးမှုကြောင့် ထောက်ခံမှုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ယင်းနောက် ဂေါ်ဘာချော့၏အစီအမံဖြင့် စျေးကွက်စီးပွားရေးသို့ပြောင်းလဲရန် အသွင်ကူးပြောင်းရေးကာလ ရက်ပေါင်း ၁၀၀ သတ်မှတ်ပြီး ပထမအဆင့်အနေဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို စတင်ဆောင်ရွက်ခဲ့သည်။ စျေးကွက်စီးပွားရေးစနစ် တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်၍ ရှဘယ်ဇွေတန်ဖိုးကို လျှော့ချလိုက်ရာ အစိုးရနိုင်ငံခြားငွေလဲလှယ်နှုန်းကို ထိခိုက်စေခဲ့သည်။ ယခင် ဗဟိုချုပ်ကိုင်သည့် စီမံကိန်းစီးပွားရေးစနစ် ကျင့်သုံးခဲ့စဉ်က ဖုံးကွယ်နေခဲ့သည့် အလုပ်လက်မဲ့ပြဿနာများမှာ ပိုမိုကြီးထွားလာသည်။ လူဦးရေ ၂၀၆ သန်း အနက် လက်ရှိအလုပ်လက်မဲ့ဦးရေ ရှစ်သန်းခန့် ရှိနေသည်ဟု ဆိုသည်။ ဂေါ်ဘာချော့၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်သည် ရှဘယ်ဇွေ တည်ငြိမ်မှုနှင့် ပြောင်းလဲလာမည် မဟုတ်ဘဲ ဇွေကြေးဖောင်းပွမှုကြီးစွာဖြင့် ပြောင်းလဲလာမည်ဖြစ်ကြောင်းဖြင့် စီးပွားရေး ပညာရှင်များက ဝေဖန်ပြောကြားသည်။

ဤသို့ ပြည်တွင်းခြံ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများနှင့် ရင်ဆိုင်ဖြေရှင်းနေရသော ဂေါ်ဘာချော့သည် ၁၉၉၀ ပြည့်နှစ် ငြိမ်းချမ်းရေးနိုဗဲဆုကို ဆွတ်ခူးရရှိခဲ့သည်။ လူအများ အထူးလိုလားတောင့်တလျက်ရှိသည့် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရေးတွင် ဦးဆောင်မှုအခန်းမှပါဝင်ဆောင်ရွက်နိုင်မှုအတွက် ၎င်းအား နိုဗဲဆုချီးမြှင့်ရန် ဆုံးဖြတ်လိုက်ကြောင်း နော်ဝေးနိုင်ငံနိုဗဲဆု ရွေးချယ်ချီးမြှင့်ရေးကော်မတီက ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကြေညာသည်။

ဆိုဗီယက် ပြည်ထောင်စုသည် သမ္မတနိုင်ငံများ၏ မတည်မငြိမ်ဖြစ်မှုများ၊ အမာခံကွန်မြူနစ်တို့၏ စိမ်ခေါ်မှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ လူမျိုးစုပဋိပက္ခများ၊စီးပွားရေး အခြေအနေပယီမ်းယိုင်မှုများ၊ နိုင်ငံတွင်းငွေကြေးဖောင်းပွမှုများနှင့် အလုပ်လက်မဲ့ပြဿနာများ ရင်ဆိုင်နေရချိန်တွင် ဆောင်းရာသီစားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်မှု အန္တရာယ်နှင့်လည်း ကြုံတွေ့ခဲ့ရသည်။ လူအများက စားနပ်ရိက္ခာများ အလုအယက်ဝယ်ယူကြရာ ဆိုင်ပေါ်တွင် မကျန်သလောက် ဖြစ်ကြရသည်။ ဆိုဗီယက်တို့၏ အဓိကအစားအစာများမှာ ဆိုင်များတွင် ပြတ်လပ်မှုများ ဖြစ်ပေါ်လာခဲ့သည်။ သို့ဖြစ်ရာ စျေးနှုန်းများ တည်ငြိမ်မှုမရှိတော့ဘဲ မကြုံစဖူးလောက်အောင်ပင် မြင့်တက်ခဲ့သည်။ အစားအစာများကို ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးရသည်။ နိုင်ငံခြားမှ ပစ္စည်းများ ဝယ်ယူရန် ကြိုးပမ်းသော်လည်း နိုင်ငံခြားသုံးငွေပြတ်လပ်နေ၍ အဟန့်အတားဖြစ်နေသည်။ ဆိုဗီယက်အစိုးရအနေဖြင့် နိုင်ငံတကာမှ အရေးပေါ်စားနပ်ရိက္ခာအကူအညီများ ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ အပါအဝင် အမေရိကန်၊ အီတလီ၊ အစ္စရေး၊ ဗြိတိန်၊ ဆွစ်ဇာလန်နှင့် အခြားနိုင်ငံများမှ စားနပ်ရိက္ခာနှင့်ဆေးဝါးများ ပေးပို့ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ကမော်စကိုမြို့တော် ကွန်မြူနစ်ပါတီညီလာခံတွင် ယခုကဲ့သို့နိုင်ငံ၏ အခြေအနေဆိုးဝါးလာရခြင်း၏ အကြောင်းရင်းများမှာ ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတ၏ လုပ်ဆောင်ချက်များအပါအဝင် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ကွန်မြူနစ်ပါတီဗဟိုကော်မတီတစ်ရပ်လုံး၏ လုပ်ဆောင်ချက်များ မှားယွင်းမှုကြောင့် ဖြစ်ကြောင်းဖြင့် သမ္မတဂေါ်ဘာချော့က ဝန်ခံပြောကြားသည်။

ယင်းအခြေအနေတွင် ဘောရစ်ယဲလ်ဆင်က ဝန်ကြီးချုပ် ရူးဇကော့အစိုးရကို ဖယ်ရှားရေးအတွက် ဇတောင်းဆိုခဲ့ရာ ဂေါ်ဘာချော့က ယင်းကိစ္စကို ပယ်ချခဲ့သည်။ သို့ရာတွင် အစိုးရအဖွဲ့ကို ပြန်လည်ပြင်ဆင်ရန် အဆိုပြုခဲ့သည်။ ဂေါ်ဘာချော့သည် ရူးဇကော့ဦးဆောင်သည့်

အစိုးရအဖွဲ့ကို သမ္မတ၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်ရှိ အဖွဲ့အစည်းများနှင့်အစားထိုးရန် ဆိုဗီယက်ပါလီမန်တွင် တင်ပြတိုတ်တွန်းခဲ့သည်။ တစ်ဆက်တည်းမှာပင် ဖွဲ့စည်းပုံ ဥပဒေပြင်ဆင်ချက်ကိုလည်း ပါလီမန်တွင်တင်ပြကာ အာဏာပိုင်အဖွဲ့အစည်းပြန်ဖွဲ့ရန် တိုက်တွန်းပြောကြားခဲ့သည်။ ပြည်ထောင်စုကောင်စီအား အာဏာပိုပေးရန်ကိုလည်း အကြံပြုခဲ့သည်။ ဆိုဗီယက်ပါလီမန်က ဂေါ်ဘာချေ့ တင်ပြသော ဖွဲ့စည်းပုံပြင်ဆင်ချက်မူကြမ်းတစ်ရပ်ကို ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။

ယင်းသို့ အခြေအနေများ ရှိနေစဉ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး အက်ဒွပ်ရှီဗာနာဇေသည် ၎င်း၏ရာထူးမှ နုတ်ထွက်လိုက်သည်။ ရှီဗာနာဇေက ဆိုဗီယက်ပြည်ထောင်စုတွင် အကြွင်းမဲ့အာဏာရှင်စနစ် အခြေတည်စပြုနေပြီဟု သတိပေးပြောကြားလိုက်ပြီး ဂေါ်ဘာချေ့အား အာဏာရှင် အခွင့်အရေးများပေးမည့် ဆုံးဖြတ်ချက်ကို အတည်မပြုကြရန် ကွန်ဂရက် ကိုယ်စားလှယ်များအား ပန်ကြားလိုက်သည်။

ရှီဗာနာဇေသည် လွန်ခဲ့သောခြောက်နှစ်ခန့်က စတင် အကောင်အထည်ဖော်ခဲ့သည့် ဂေါ်ဘာချေ့၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများကို ထောက်ခံခဲ့သူဖြစ်ပြီး ၎င်းတို့နှစ်ဦး လက်တွဲကာ နိုင်ငံတကာ ရေးရာများစွာကို ဆောင်ရွက်ခဲ့ကြသည်။ ရှီဗာနာဇေ၏ နုတ်ထွက်မှုသည် ဂေါ်ဘာချေ့အဖို့ မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဂေါ်ဘာချေ့က မိမိကိုကြိုတင်အသိပေးခြင်းမရှိဘဲ တိုင်းပြည်၏ အရေးကြီးဆုံး အချိန်ကာလတွင် နုတ်ထွက်ခဲ့ခြင်းအတွက် ရှီဗာနာဇေအား ပြစ်တင်ရှုတ်ချခဲ့သည်။

၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဂေါ်ဘာချေ့သည် ဘဏ္ဍာရေးဝန်ကြီး ဗာလက်တင်ပက်ပ်လော့အား ဝန်ကြီးချုပ်သစ် အဖြစ် ရွေးချယ် ခန့်ထားလိုက်သည်။ နှလုံးရောဂါ ဖိစီးခြင်း ခံနေရသည့် ဘန်ကြီးချုပ်ရွေးကောက်နေရာတွင် ယခုကဲ့သို့ အစားထိုးခန့်ထားလိုက်ခြင်း ဖြစ်သည်။ ပက်ပ်လော့သည် ၁၉၇၉ ခုနှစ်မှ စတင်၍ ဘဏ္ဍာရေးဝန်ကြီးအဖြစ်တာဝန်ယူခဲ့သူဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုအတွင်းမှခဲ့ထွက်ပြီး လွတ်လပ်

ကေဂျီဘီအဖွဲ့ကို စတင်ထူထောင်ခဲ့သည့် ဇာဇင်စကီး၏ ရုပ်တုကို ပြည်သူများက ဖြိုလွဲချနေပုံ



ရေးရယူရန် ကြိုးပမ်းလျက်ရှိကြသည့် သမ္မတနိုင်ငံများအနက် ဘောလတစ်ဒေသရှိ လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယား သမ္မတနိုင်ငံ တို့သည် အပြင်းထန်ဆုံး ဖြစ်သည်။ ဇန်နဝါရီလအတွင်း ခဲ့ထွက်ရေး ဦးတည်ချက်ဖြင့် လွှတ်လပ်ရေး လှုပ်ရှားမှုများကို တက်တက်ကြွကြွ ပြုလုပ်ခဲ့သည့် လစ်သူယေးနီးယားနှင့် လတ်ဗီးယားပြည်နယ်များတွင် ဆိုဗီယက်တပ်၏ ပစ်ခတ်မှု ဖြစ်ပွားခဲ့မှုကြောင့် လူ ၂၂ ဦး သေဆုံးပြီး ၂၃၀ ဦး ခန့် ဒဏ်ရာရရှိခဲ့သည်။ ဤတွင် ဂေါ်ဘာချော့အား ဝေဖန်တိုက်ခိုက်မှုများ ထွက်ပေါ်လာခဲ့ရာ ဘောရစ်ယဲ့လ်ဆင်၏ စိန်ခေါ်မှုမှာ ပိုမိုပြင်းထန်လာသည်။ ဘောရစ်ယဲ့လ်ဆင်သည် အခြေအနေတင်းမာနေသည့်ဘောလတစ်ဒေသသို့ သွားရောက်ကာ လစ်သူယေးနီးယား၊ လတ်ဗီးယား၊ အက်စတိုးနီးယား ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အပြန်အလှန် လုံခြုံရေးသဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ယဲ့လ်ဆင်က ရုရှားပြည်နယ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ်ရန် ရုရှားစစ်တပ် ဖွဲ့စည်းရေးကို စဉ်းစားရလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင်ယဲ့လ်ဆင်က သမ္မတဂေါ်ဘာချော့အား ရာထူးမှ နုတ်ထွက်ပေးပြီး သမ္မတနိုင်ငံ ၁၅ ခု၏ ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော ဖက်ဒရေးရှင်းကောင်စီသို့ အာဏာလွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ဤသို့ အခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်မှ ကာကွယ်ရန်အတွက် ဆိုဗီယက်ပြည်ထောင်စု၏ အနာဂတ်အရေးနှင့် စပ်လျဉ်း၍ ပြည်သူဆန္ဒခံယူပွဲ ကျင်းပရန် ဆိုဗီယက်ဗဟို အစိုးရက စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းပြည်သူဆန္ဒခံယူပွဲမတိုင်မီ မတ်လ ၁ ရက်နေ့မှစ၍ ကျောက်မီးသွေးတွင်းအလုပ်သမားများသပိတ်မှောက်မှု ဖြစ်ပွားခဲ့သည်။ သပိတ်မှောက်ခေါင်းဆောင်များက ဘောရစ်ယဲ့လ်ဆင်ကို ထောက်ခံကြသည်။ ကျောက်မီးသွေးတွင်း အလုပ်သမားများက လုပ်ခလစာ တိုးမြှင့်ပေးရန်နှင့် ဂေါ်ဘာချော့ နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။ မတ်လ ၁၀ ရက်နေ့တွင်လည်း ဘောရစ်ယဲ့ဆင်ကိုထောက်ခံသူ ၂,၀၀,၀၀၀ တို့သည် မော်စကိုကရင်မလင်နန်းတော်ရှေ့ရင်ပြင်၌ စုရုံးပြီး ဂေါ်ဘာချော့နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုကြသည်။ အခြားမြို့များတွင်လည်း ယဲ့လ်ဆင်အားထောက်ခံသည့် ဆန္ဒပြပွဲများပြုလုပ်ခဲ့သည်။ ကျင်းပရန်ရှိသည့် ပြည်သူဆန္ဒခံယူပွဲကိုလည်း ပြစ်တင်ရှုပ်ချကြသည်။ ဆိုဗီယက်ရှိ သမ္မတနိုင်ငံ ၁၅ ခု အနက် လစ်သူယေးနီးယား၊ လတ်ဗီးယား၊ အက်စတိုးနီးယား၊ ဂျော်ဂျီယာ၊ အာမေးနီးယားနှင့် မော်လ်ဒေးဗီးယား သမ္မတနိုင်ငံ ခြောက်နိုင်ငံတို့က ပြည်သူဆန္ဒခံယူပွဲပြုလုပ်ပေးရန် ငြင်းဆန်ထားကြသည်။

မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စုသစ်ကြီးဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံနှင့်အဝန်းပြည်သူဆန္ဒခံယူပွဲကျင်းပရာ ဆိုဗီယက်ပြည်ထောင်စုကြီး ဆက်လက်တည်တံ့ခိုင်မြဲရေးကိုလိုလားသောဘက်မှ တစ်ခဲနက်မဲပေးကြသဖြင့် ဂေါ်ဘာချော့မှာ အောင်ပွဲဆင်နိုင်ခဲ့သည်။ ထောက်ခံမဲ ၇၆ ရာခိုင်နှုန်းရရှိခဲ့သည်။ အလားတူစွာပင် ဘောရစ်ယဲ့လ်ဆင်အဆိုပြုခဲ့သည့် ရုရှားဖက်ဒရေးရှင်း၌ သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးကောက် တင်မြှောက်ရေးကိုလည်းတစ်ပေါင်းတည်းပြည်သူဆန္ဒခံယူခဲ့ရာ ပြည်သူလူထုက ထောက်ခံမဲ ပေးခဲ့ကြသဖြင့် ပြိုင်ဘက် ဘောရစ်ယဲ့လ်ဆင်က အောင်ပွဲခံနိုင်ခဲ့သည်ကို တွေ့ရသည်။

ရုရှားဖက်ဒရေးရှင်း သမ္မတရာထူးအတွက် ဘောရစ်ယဲ့လ်ဆင်နှင့် ယှဉ်ပြိုင်အရွေးခံရန် ရုရှားကွန်မြူနစ်ပါတီနှင့် သဘောထား တင်းမာသော ဆိုယုဇ်အုပ်စုတို့က ဝန်ကြီးချုပ်ဟောင်း ရူးဇကော့ကို လျာထား ရွေးချယ်ခဲ့သည်။ ရူးဇကော့သည် ကွန်မြူနစ်ပါတီနှင့် ဆိုဗီယက်ပါလီမန်၏ထောက်ခံမှုကို ရရှိထားရာ သမ္မတရွေးကောက်ပွဲတွင် ရူးဇကော့နှင့် ယဲ့လ်ဆင်တို့နှစ်ဦးသည်သာ အဓိကပြိုင်ဘက်များဖြစ်လိမ့်မည်ဟု အများကယူဆထားသည်။ ရုရှားဖက်ဒရေးရှင်း၏ ပထမဆုံးအကြိမ် ပြည်သူက တိုက်ရိုက်မဲပေး ရွေးချယ်တင်မြှောက်သော သမ္မတရွေးကောက်ပွဲကို ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပရာ ဘောရစ်ယဲ့လ်ဆင်သည် မဲ ၆၀ ရာခိုင်နှုန်းခန့်ဖြင့် ရူးဇကော့အပါအဝင် အခြားပြိုင်ဘက်ခြောက်ဦးကိုအနိုင်ရရှိပြီး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ယဲ့လ်ဆင်သည် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကရင်မလင်နန်းတော်၌ ရုရှားသမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ယင်း အခမ်းအနားသို့ ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ဆိုဗီယက်ပြည်ထောင်စု၏ ဆိုးဝါးလျက်ရှိသော အခြေအနေများကြောင့် အစိုးရအဖွဲ့၏ အကျပ်အတည်းဖြေရှင်းရေး အစီအစဉ်တစ်ရပ်ကို ဝန်ကြီးချုပ်ဗလော့က အဆင့်ဆင့်တင်ပြခဲ့ရာ ဆိုဗီယက်ပါလီမန်ကလည်း အတည်ပြုခဲ့သည်။ ထို့နောက် ယင်းအစီအစဉ်ကို ဇွန်လ ၁၇ ရက်နေ့တွင် ဆိုဗီယက်ဦးစီးလွှတ်တော်သို့ တင်ပြခဲ့သည်။ အဆိုပါအစီအစဉ်၏ ရည်ရွယ်ချက်မှာ နိုင်ငံ၌

အထိုက်အလျောက် တည်ငြိမ်မှုရရှိစေပြီး စီးပွားရေး ပြန်လည်နာလန်ထူလာစေရေးအတွက် ဖြစ်သည်။ သမ္မတ ဂေါ်ဘာချေ့ဝ်ကလည်း ဆိုဗီယက် ပြည်ထောင်စုသစ် စာချုပ်မူကြမ်းပေါ် ပေါက်လာစေရေးအတွက်သမ္မတနိုင်ငံ ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးပြီးကြိုးပမ်းဆောင် ရွက်လျက်ရှိသည်။ ယင်းစာချုပ်သည် ပြည်ထောင်စုကြီး မပြိုကွဲရေးကို ဖော်ညွှန်းထားသည်။ ထို့ပြင် ဂေါ်ဘာ ချေ့၏ကြိုးပမ်းမှုဖြင့်ပင် ပဂ္ဂလိကပိုင်ဆိုင်ခွင့်ဥပဒေကြမ်း နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ဆိုဗီယက်ဦးစီး လွှတ်တော်က အတည်ပြုပေးခဲ့သည်။ ပဂ္ဂလိကပိုင်ဆိုင်မှု ရှိရေးသည် စျေးကွက်စီးပွားရေး၌ အဓိကအရေးပါသော အချက်တစ်ရပ်ဖြစ်ရာ ပဂ္ဂလိကပိုင်ဆိုင်ခွင့်ဥပဒေကြမ်းကို အတည်ပြုပေးလိုက်ခြင်းသည် နိုင်ငံတော်က ဆိန်းချုပ်သော စီးပွားရေးစနစ်မှ စျေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရေးတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။

လန်ဒန်မြို့တွင် ဇူလိုင်လ ၁၅ ရက်မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် စက်မှုဒီမိုကရေစီခုနစ်နိုင်ငံထိပ်သီးအစည်း အဝေးပွဲသို့ ဆိုဗီယက်သမ္မတဂေါ်ဘာချေ့တက်ရောက်ခဲ့ ရာ တစ်ကမ္ဘာလုံးက အထူးအာရုံစိုက်ခဲ့သည်။ စက်မှု ခုနစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲသမိုင်းတွင် ယခုကဲ့သို့ ဆိုဗီ ယက်ခေါင်းဆောင်အား ဖိတ်ကြားတက်ရောက်စေခဲ့ခြင်း မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ လန်ဒန်ထိပ်သီးဆွေးနွေး ပွဲသို့မသွားမီ ဂေါ်ဘာချေ့က ၎င်းအနေဖြင့် ယခုလို သွားရောက်ခြင်းမှာ ဥရောပကြေးအကူအညီ လက်ဖြန့် တောင်းခံရန်အတွက်မဟုတ်ဘဲ ၎င်း၏ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ရှင်းပြရန်အတွက်သာဖြစ်သည်ဟု ပြော ကြားခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲတွင် စက်မှုခုနစ်နိုင်ငံ ခေါင်းဆောင်များက ဂေါ်ဘာချေ့၏ ပြုပြင်ပြောင်းလဲ ရေး အစီအစဉ်ကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။ သို့ရာတွင် ဆိုဗီယက်သို့ ဘဏ္ဍာရေးအကူအညီပေးရေး ကိစ္စကိုမူ ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်း မှာ ဆိုဗီယက်ပြည်ထောင်စုတွင် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ ရှေ့တိုး၍ မည်သို့ဆောင်ရွက်သည်ကို စောင့်ကြည့်လိုသည့် သဘောပင် ဖြစ်သည်။

လန်ဒန် ထိပ်သီးဆွေးနွေးပွဲမှ ပြန်လည်ရောက်ရှိလာ သော ဂေါ်ဘာချေ့သည် မရွေးမနှောင်းမှာပင် အမေရိကန်သမ္မတ ကျော့ဘုရှ်နှင့် နှစ်နိုင်ငံထိပ်သီး ဆွေးနွေးပွဲကို မော်စကိုမြို့၌ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ယခုထိပ်သီး ဆွေးနွေးပွဲသည် စစ်အေးတိုက်ပွဲကာလ ပြီးဆုံးပြီးနောက် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ခေါင်းဆောင် နှစ်ဦးတို့သည် မဟာဗျူဟာမြောက် နျူကလီးယား လက်နက်များ လျော့ချရေးစာချုပ် (စတတ်)ကို ဇူလိုင်လ ၃၁ ရက် နေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဘက်ကိုယ်စားလှယ် များ ကိုးနှစ်နီးပါး ဆွေးနွေးခဲ့ကြသည်။ ယင်းစာချုပ်ကို အမေရိကန် အထက်လွှတ်တော်က အတည်ပြုပေးရန် လိုအပ်သကဲ့သို့ ဆိုဗီယက်ဦးစီး လွှတ်တော်ချုပ်ကလည်း အတည်ပြုပေးရန် လိုအပ်သည်။ ယင်းစာချုပ်အရ အမေရိကန် မဟာဗျူဟာ လက်နက် အရေအတွက်ကို ၁၂,၀၀၀ မှ ၁၀,၀၀၀ သို့လည်းကောင်း၊ ဆိုဗီယက်ဘက် မှ ၁၀,၀၀၀ မှ ၈၀၀၀ သို့လည်းကောင်း အသီးသီး လျော့ချပေးရမည် ဖြစ်သည်။

ဤသို့ရှိနေစဉ် ပြုပြင်ပြောင်းလဲရေးကို လိုလားသော ဂေါ်ဘာချေ့အား သဘောထားတင်းမာသော အမှာခံ ကွန်မြူနစ်များ၏ ဆန့်ကျင်မှုများအနက် အပြင်းထန်ဆုံး ဆန့်ကျင်မှုဟု ခေါ်ဆိုရမည့် အာဏာသိမ်းရန် ကြိုးပမ်းမှု နှင့် ကြုံတွေ့ခဲ့ရသည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဒုတိယသမ္မတ ဂင်နယ်ဒီယာနာယက်ဗ်က သမ္မတ ဂေါ်ဘာချေ့၏ ကျန်းမာရေး အခြေအနေသည် သမ္မတတစ်ဦး၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်း မရှိတော့သည့်အတွက် ၎င်း၏တာဝန် ဝတ္တရားများကို မိမိလွှဲပြောင်း ရယူလိုက်ပြီဖြစ်ကြောင်း ကြေညာကာ အာဏာသိမ်းလိုက်သည်။

ဆိုဗီယက်ပြည်လောင်စု၏ ဒေသအချို့၌ အရေးပေါ် အခြေအနေကို ကြေညာလိုက်ပြီး အဖွဲ့ဝင်ရှစ်ဦး ပါဝင် သည့် အရေးပေါ် အခြေအနေ ကွပ်ကဲမှု နိုင်ငံတော် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ အဆိုပါကော်မတီ တွင် ဆိုဗီယက်ပြည်ထောင်စု ကာကွယ်ရေးကောင်စီ ပထမ ဒုတိယ ဥက္ကဋ္ဌ အိုဒီဘာကလာနော့ဗ်၊ ကေဂျီဘီ ဥက္ကဋ္ဌ ဗွီအေခရုချိုကော့ဗ်၊ ဝန်ကြီးချုပ် ပက်ဗလော့ဗ်၊ ပြည်ထဲရေးဝန်ကြီး ဘိကေဗ္ဘကို၊ ဆိုဗီယက်ပြည်ထောင်စု တောင်သူလယ်သမားများ သမဂ္ဂဥက္ကဋ္ဌ ဗွီအေစတာရီ ဒုဆက်ဗ်၊ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ၊ စက်မှု လုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးလုပ်ငန်း ဌာနများ၏ အသင်း ဥက္ကဋ္ဌ အေအိုင်တီဇယာကော့ဗ်၊ ကာကွယ်ရေးဝန်ကြီး ဒီတီယာ ဇော့ဗ်၊ ယာယီသမ္မတ ဂျီအိုင်ယာနာယက်ဗ်တို့ ပါဝင် ကြသည်။

ဆိုဗီယက် အာဏာသိမ်းမှုဂယက် ကမ္ဘာသို့ ရိုက်ခတ် သွားရာ အနောက်နိုင်ငံကြီးများမှ ခေါင်းဆောင်များက ဂေါ်ဘာချေ့ကို အာဏာပြန်အပ်ရန် တောင်းဆိုကြ သည်။ အမေရိကန် သမ္မတ ကျော့ဘုရှ်က အခြေခံ

ဥပဒေအရ တရားဝင် တင်မြှောက်ထားသည့် အစိုးရကို အာဏာပြန်အပ်ရန် တောင်းဆိုခဲ့ပြီး အာဏာသိမ်းသူများသည် အကြံအစည်သမားများသာ ဖြစ်ကြောင်းနှင့် အာဏာသိမ်းမှုသည် တရားမဝင်သည့်လုပ်ရပ်၊ အခြေခံဥပဒေနှင့် မညီညွတ်သည့် လုပ်ရပ်ဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့သည်။

အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ထောင်ပေါင်းများစွာသော မော်စကို မြို့သူမြို့သားတို့သည် လမ်းများပေါ်သို့ ထွက်၍ ဆန္ဒပြခဲ့ကြသည်။ ဂေါ်ဘာချေဗ့်အား ရာထူးမှ ဖြုတ်ချခဲ့သော စစ်တပ်နှင့် ကွန်မြူနစ်အမာခံများ ကျဆုံးပါစေ စသောကြေးကြော်သံများ ဟစ်ကြွေးကြသည်။ ရုရှား သမ္မတ ဘောရစ်ယဲလ်ဆင်ကလည်း အာဏာသိမ်း အရေးပေါ် ကော်မတီကို ဖီဆန်အာခံခဲ့သည်။ ကေဂျီဘီနှင့် တပ်မတော်သည် မိမိ၏ အမိန့်ကို သာ နာခံရန် အမိန့်ထုတ်ခဲ့သည်။ ထို့ပြင် ယဲ့လ်ဆင်သည် ရုရှပါလီမန်အဆောက်အအုံကို ဝန်းရံထားသော သံချပ်ကာ ကား တစ်စီးပေါ်တက်၍ မော်စကိုမြို့သူမြို့သား ငါးသောင်းခန့်အား အာဏာသိမ်းမှုကို ဆန့်ကျင်ရန်၊ အထွေထွေသပိတ်ကြီးမှောက်ရန် ဟောပြောတိုက်တွန်းခဲ့သည်။ ယဲ့လ်ဆင်ကိုထောက်ခံသော လူအုပ်ကြီးက ရုရှပါလီမန်တစ်ဝိုက်လမ်းများကို သစ်တုံးများ၊ ယာဉ်များဖြင့် ပိတ်ဆို့ ဘားဆီးခဲ့သည်။ သံချပ်ကာကားများနောက်ဆုတ်ပေးသဖြင့် ပါလီမန် အဆောက်အအုံနှင့် သံချပ်ကာကားများ အကြားကွက်လပ်ကြီးမှာ ရုရှသမ္မတ ဘောရစ်ယဲလ်ဆင်အား ထောက်ခံသူများနှင့် ပြည့်လျှံသွားခဲ့သည်။ ဤသို့ဖြင့် ယဲ့လ်ဆင်ဦးဆောင်ကာ အာဏာသိမ်းမှုကို ရဲရဲတောက် ဆန့်ကျင်ခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပွားစဉ် သမ္မတ ဂေါ်ဘာချေဗ့်မှာ ကရိုင်းမီးယားဒေသနေအိမ်တွင် မိသားစုနှင့်အတူ အနားယူလျက်ရှိရာ ယင်းအိမ်မှာပင် ထိန်းသိမ်းခြင်းခံနေရသည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိစဉ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ကွန်မြူနစ်အမာခံအုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုမှာ ပြိုကွဲသွားခဲ့သည်။ ဆိုဗီယက်ဦးစီးလွှတ်တော်က ဂေါ်ဘာချေဗ့်အား ၎င်း၏ သမ္မတရာထူးကို ပြန်လည်အပ်နှင်းလိုက်သည်။ ထိုနေ့ စောစောပိုင်းက ရုရှပါလီမန်ရှေ့၌ သံချပ်ကာကားမှ ပစ်ခတ်မှုကြောင့် လူသုံးဦးသေဆုံးခဲ့သည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် သမ္မတဂေါ်ဘာချေဗ့်သည် ကရိုင်းမီးယားဒေသမှ မော်စကိုမြို့သို့ ချောမောစွာ ပြန်လည်ရောက်ရှိသည်။ ပြန်ရောက်ရောက်ချင်း ကေဂျီဘီဥက္ကဋ္ဌခရုချိကော့ဗ်အား ဖမ်းဆီးထားလိုက်ပြီဖြစ်ကြောင်း ကြေညာသည်။ ထိုနေ့မှာပင် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မော်စကိုမြို့သတင်းစာရှင်းလင်းပွဲတွင် ဂေါ်ဘာချေဗ့် ကရှင်းလင်းပြောကြားသည်။ ထောင်ပေါင်းများစွာသောလူထုကြီးကလည်း ၁၉၁၇ ခုနှစ် ဘောရှီဗစ်တော်လှန်ရေးနောက်ပိုင်း ဆိုဗီယက်လူ့ဝှက်ရဲအဖွဲ့ကို စတင်ထူထောင်ခဲ့သည့် ဖဲလစ်ဇာဇင်စကီး၏ ရုပ်တုကို ဆွဲချဖြိုလဲပြီး ကေဂျီဘီထောက်လှမ်းရေးအဖွဲ့ကို ဖြုတ်ချပေးရန် ကြွေးကြော်တောင်းဆိုကြသည်။

နိုင်ငံအသီးသီးမှ ကမ္ဘာ့ခေါင်းဆောင်များကလည်း ဂေါ်ဘာချေဗ့် အာဏာပြန်လည်ရရှိလာသည့် အတွက် ဝမ်းမြောက်ဝမ်းသာ စကားများ ပြောကြားသည်။ အနောက်နိုင်ငံများကလည်း အာဏာသိမ်းစဉ်က ရပ်ဆိုင်းထားသောအကူအညီများကို ပြန်လည်ပေးမည်ဟု ကတိပြုကြသည်။ ဂျပန်နိုင်ငံအနေဖြင့် ဆိုဗီယက်တွင် ပြည်ထောင်စုစာချုပ် ပေါ်ပေါက်လာပါက အကူအညီများ ပိုမိုပေးမည်ဟု ပြောကြားခဲ့သည်။

အာဏာသိမ်းခေါင်းဆောင်များကို ဂေါ်ဘာချေဗ့် အစိုးရအဖွဲ့မှ ဖမ်းဆီးနိုင်ခဲ့ပြီး ယင်းတို့ကို ရာဇဝတ်မှုများဖြင့်လည်းကောင်း၊ နိုင်ငံတော် သစ္စာဖောက်မှုဖြင့်လည်းကောင်း တရားစွဲဆိုအရေးယူမည်ဟု ကြေညာခဲ့သည်။ ယင်းတို့အထဲတွင် ပြည်ထဲရေးဝန်ကြီးဘီကေဗူကို သည် ရဲများက ၎င်းအား ဖမ်းဆီးရန်အသွားတွင် မိမိကိုယ် မိမိ အဆုံးစီရင်သွားခဲ့သည်။

စင်စစ် အမာခံကွန်မြူနစ်များ၏ အာဏာသိမ်းရန် ကြိုးပမ်းမှုမှာ ဩဂုတ်လ ၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးရန်ရှိသည့် ပြည်ထောင်စုစာချုပ်နှင့် တိုက်ဆိုင်၍ နေပေသည်။ အာဏာသိမ်းရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ယင်းပြည်ထောင်စုစာချုပ်တွင် ဗဟိုမှ အာဏာအားလုံးလိုလိုကို ပြည်နယ်များသို့ခွဲဝေပေးရမည့် အပိုဒ်များပါဝင်နေရာ မိမိတို့၏အာဏာလျော့ပါးသွားစေမည်ဖြစ်သဖြင့် ယင်းကိုအမာခံကွန်မြူနစ်များက မလိုလားကြပေ။

မအောင်မြင်သော အာဏာသိမ်းမှုတွင် သေဆုံးသွားသော လူသုံးဦး၏ ဈာပနအခမ်းအနားကို မော်စကိုမြို့ကရင်မလင်နန်းတော် အပြင်ဘက်တွင် ကျင်းပရာ လူပေါင်းသိန်းနှင့်ချီ၍ စုရုံးတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပထမဦးစွာ ဂေါ်ဘာချေဗ့်က သေဆုံးသူများကို အလေးပြုသင့်ကြောင်း၊ အာဏာသိမ်းရန်ကြံစည်သူများကိုလည်း အရေးယူမည်ဖြစ်ကြောင်း ပြောကြားပြီး ဘောရစ်ယဲလ်ဆင်က သေဆုံးသူများကို ရုရှားသူရဲကောင်းများအဖြစ် ချီးကျူးပြောကြားသည်။

အာဏာသိမ်းမှုဖြစ်ရပ်တွင် နိုင်ငံရေးသိက္ခာတက်သွားသူမှာ ဘောရစ်ယဲလ်ဆင်ပင်ဖြစ်သည်။ ယဲ့လ်ဆင်သည်

ဂေါ်ဘာချော့နှင့် သဘောထားကွဲလွဲမှုရှိကာ နိုင်ငံရေး ပြိုင်ဘက်ဖြစ်လင့်ကစား အာဏာသိမ်းမှုကို ဆန့်ကျင်ကာ ဂေါ်ဘာချော့ဘက်မှ မားမားမတ်မတ်ရဲရဲဝံ့ဝံ့ ရပ်တည်ပေးခဲ့သည်။ သို့ဖြစ်ရာ ဂေါ်ဘာချော့အနေဖြင့် ယဲလ်ဆင်၏ နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို သဘောမတူနိုင်ကြောင်း ပြသရန် မလွယ်ကူတော့ပေ။

အာဏာသိမ်းမှု မအောင်မြင်မှုကြောင့် နောက်ဆက်တွဲ ကြုံတွေ့လာရသော ပြဿနာတစ်ခုမှာ ပြည်နယ်များက ကိုယ်ပိုင် အုပ်ချုပ်မှုဖြင့် လွတ်လပ်ရေးပေးရန် ပိုမိုအရေးဆိုလာခြင်း ဖြစ်သည်။ ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်ကလည်း ရုရှားပြည်နယ် ကိုယ်ပိုင်စစ်တပ် ထားရှိရန် လိုလားကြောင်း ပြောကြားခဲ့ပြီး ယူကရိန်းပြည်နယ်နှင့် ဘောလတစ်ဒေသ ပြည်နယ်များက အမျိုးသားအစောင့်တပ်ဖွဲ့များ ဖွဲ့စည်းထားရှိရန် လုပ်ဆောင်လျက် ရှိကြသည်။ ယင်းပြဿနာများမှာ ဂေါ်ဘာချော့အဖို့ ခေါင်းနပန်း ကြီးစရာ ဖြစ်ခဲ့သည်။ တောင်းဆိုမှုများကို လုံးဝငြင်းဆိုရန် ခက်ခဲသည့် အခြေအနေတွင် ရှိနေသည်။ ဩဂုတ်လ ၂၃ ရက် နေ့တွင် ဂေါ်ဘာချော့သည် ကိုယ်ပိုင် အုပ်ချုပ်ရေး တောင်းဆိုကြသည့် ပြည်နယ်ကိုးခုမှ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရာ အချို့ ပြည်နယ်များက မိမိတို့ ပြည်နယ်ကို မိမိတို့ဘာသာ ထိန်းချုပ်လိုကြောင်း ပြောကြားပြီး အချို့ပြည်နယ်များက လုံးဝလွတ်လပ်ရေးပေးရန် တောင်းဆိုကြသည်။

ယင်းသို့ ရှိနေခဲ့ရာမှ ဩဂုတ်လ ၂၄ ရက် နေ့တွင် ဂေါ်ဘာချော့သည် ကွန်မြူနစ် ပါတီ အထွေထွေ အတွင်းရေးမှူး ရာထူးမှ နုတ်ထွက်လိုက်ပြီး ပါတီဗဟို ကော်မတီကို ဖျက်သိမ်းရန်ကိုလည်း တိုက်တွန်း လိုက်သည်။ ပါတီ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့် အတွင်းရေးမှူးရုံးတို့သည် အာဏာသိမ်းပွဲကို ပိတ်ပင် ဟန့်တားခြင်း မပြုခဲ့ဟု ဂေါ်ဘာချော့က စွပ်စွဲလိုက်သည်။ ထို့ပြင် ဂေါ်ဘာချော့သည် အာဏာသိမ်းရာတွင် ပါဝင်ခဲ့သူနှင့် သံသယရှိသူ ဝန်ကြီးများအား ထုတ်ပစ်ကာ အစိုးရ အဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒား ဘက်စမက်နစ်သည် အာဏာသိမ်းရာတွင် ပါဝင်ခဲ့သည်ဟု သံသယရှိခြင်း ခံရသည့် အတွက် ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ၎င်း၏နေရာတွင် ချက်နှင့်စလိုဗက် နိုင်ငံဆိုင်ရာ ဂိုဗီယက်သံအမတ်ကြီး ဘောရစ်ပန်ကင်အား နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ခဲ့သည်။

ဂေါ်ဘာချော့က ဆိုဗီယက် ကွန်မြူနစ် ပါတီပိုင် ပစ္စည်းများကို ဆိုဗီယက်ပြည်သူ ကိုယ်စားလှယ် ကောင်စီများ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် ထိန်းသိမ်းထားရန် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် အမိန့် ဒီဂရီ ထုတ်ပြန်သည်။ ဆိုဗီယက် ဦးစီး လွှတ်တော်ကလည်း ကွန်မြူနစ် ပါတီ၏ လှုပ်ရှားမှုများ ရပ်ဆိုင်းထားရန်၊ ပါတီ၏ မော်ကွန်း မှတ်တမ်းများ ကိုလည်း ချိပ်ပိတ်ထားရန် မဲခဲ့ ဆုံးဖြတ်ခဲ့သည်။

တစ်ဖက်တွင် ဆိုဗီယက်ပြည်တောင်စုတွင် ပါဝင်သည့် သမ္မတ နိုင်ငံများက လွတ်လပ်ရေး ကြေညာမှုများ ပြုလုပ်လာသည်။ ဘောလတစ်ဒေသမှ သမ္မတ နိုင်ငံများနှင့် အဇာဘိုင်ဂျန်၊ ယူကရိန်းသမ္မတ နိုင်ငံများက လွတ်လပ်ရေး ကြေညာခဲ့သည်။ ဤသို့ဖြင့် အသစ်ဖွဲ့စည်းခဲ့သော ဆိုဗီယက် နိုင်ငံတော်ကောင်စီ၏ ပထမ အစည်းအဝေးကို စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပရာ သမ္မတဂေါ်ဘာချော့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး လတ်ဗီးယား၊ အက်စတိုးနီးယားနှင့် လစ်သူယေးနီးယား အစရှိသည့် ဘောလတစ် သုံးနိုင်ငံတို့၏ လွတ်လပ်ရေး ကြေညာချက်ကို အသိအမှတ် ပြုကာ လွတ်လပ်ရေး ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြစ်ရာ မအောင်မြင်သော အာဏာသိမ်းပွဲက ဘောလတစ်ပြည်နယ် သုံးခုကို လျင်မြန်စောစီးစွာ လွတ်မြောက် သွားစေခဲ့သည်။

ဘောလတစ်ပြည်နယ် သုံးခု၏ လွတ်လပ်ရေးကို အသိအမှတ် ပြုကြောင်းနှင့် သံတမန် ဆက်သွယ်မည့်အကြောင်းကို ကမ္ဘာ့ နိုင်ငံများက ကြေညာခဲ့သည်။ စက်တင်ဘာလ ၁၇ ရက် နေ့တွင် စတင်ကျင်းပသည့် ကုလသမဂ္ဂအဖွဲ့ ကြီး၏ (၄၆) ကြိမ် နှစ်ပတ်လည် ညီလာခံတွင် ဘောလတစ် နိုင်ငံ သုံးနိုင်ငံဖြစ်သည့် လတ်ဗီးယား၊ အက်စတိုးနီးပားနှင့် လစ်သူယေးနီးယား နိုင်ငံတို့အား ကုလသမဂ္ဂ အဖွဲဝင် နိုင်ငံများအဖြစ် ဝင်ခွင့် ပြုခဲ့သည်။

ဂေါ်ဘာချော့သည် ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲမည့်အရေးကို မလိုလားသူ ဖြစ်သည့် အလျောက် ပြည်ထောင်စု သမ္မတရာထူးတွင် ဆက်လက် တာဝန်ယူရင်း ပြည်ထောင်စု စာချုပ်သစ် ချုပ်ဆိုနိုင်ရေး အတွက် အပြင်းအထန် စည်းရုံးလှုပ်ရှားလျက် ရှိသည်။ ဂေါ်ဘာချော့ ပြင်ဆင်ထားသော ပြည်ထောင်စု စာချုပ်သည် စစ်မှန်သော ကွန်ဖက်ဒရေးရှင်း ဖြစ်သည်။ မော်စကိုတွင် ကျင်းပ ပြီးစီးခဲ့သည့် ပြည်သူ ကိုယ်စားလှယ်များ ကွန်ဂရက်ကလည်း ကွန်ဖက်ဒရေးရှင်း ဖွဲ့စည်းရေးကို သဘောတူ အတည်ပြုပြီး ဖြစ်သဖြင့် ပြည်ထောင်စု သစ်တွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လက်ရှိ ၁၅ ပြည်နယ်သည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ အဖြစ်သို့ ဆိုဗီယက် ပြည်ထောင်စု၏ တည်ဆဲ ဥပဒေများအရ ရောက်ရှိသွားပြီး ဖြစ်သည်။

ဤသို့ဖြင့် ဘောလတစ်ဒေသ သုံးနိုင်ငံ လွတ်လပ်ရေး

ရရှိသွားသည့်ဖြစ်ရပ်က ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲသွားမည့်အရေးကို တွန်းအားပေးသလို ဖြစ်သွားစေခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဆိုဗီယက်ပြည်ထောင်စု၏ ပြည်တွင်း နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများသည် သွက်လက် မြန်ဆန်လွန်းလှသည်။

ဘောလ်တစ် သုံးနိုင်ငံ လွတ်လပ်ရေး ရရှိသွားခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ ကျန် ပြည် နယ် များကလည်း ရွှေဆင့်နောက်ဆင့်ဆိုသလို လွတ်လပ်သောသမ္မတနိုင်ငံများအဖြစ် ကြေညာခဲ့ကြသည်။ သို့ဖြစ်ရာ ဂေါ်ဘာချေ့၏ ပြည်ထောင်စုသစ် ဖွဲ့စည်းရေး ကြိုးပမ်းချက်မှာလည်း လက်လျော့ အရှုံးပေးရမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရတော့သည်။ ယူကရိန်းပြည်နယ်က ပြည်ထောင်စုမှ ခွဲထွက်ရေးမထွက်ရေး ပြည်သူဆန္ဒခံယူပွဲကို ဒီဇင်ဘာလ ၁ ရက်နေ့က ပြုလုပ်ခဲ့ရာ ၉၀ ရာခိုင်နှုန်းက ခွဲထွက်ပြီး သီးခြားလွတ်လပ်သော နိုင်ငံထူထောင်ရန် ဆန္ဒမဲပေးခဲ့ကြသည်။

ဂေါ်ဘာချေ့၏ ဆိုဗီယက် ပြည်ထောင်စုဖွဲ့စည်းခြင်း ဆိုင်ရာ ပြည်ထောင်စုသစ် စာချုပ်ကို ဆိုဗီယက် လွတ်တော်က ဒီဇင်ဘာလ ၄ ရက်နေ့တွင် ၁၀၈ မဲ၊ ၅ မဲဖြင့် အတည်ပြု ထောက်ခံခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် ပြည်ထောင်စုသစ်စာချုပ်ကို ပြည်နယ်ခေါင်းဆောင်များက လက်မှတ်ရေးထိုးရန်ငြင်းဆိုမည့် အခြေအနေများရှိနေရာ ဂေါ်ဘာချေ့၏အစီအစဉ်မှာ မသေချာဘဲရှိနေခဲ့သည်။ ပြည်ထောင်စုသစ်စာချုပ်သည် ကရင်မလင်က အုပ်ချုပ်သောစနစ်ကို နှောင်ကြိုးမဲ့သည့်ပြည်ထောင်စုပုံစံမျိုးဖြင့် အစားထိုးရန် ဂေါ်ဘာချေ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ရှိနေခဲ့ရာမှ ရုရှား၊ ယူကရိန်းနှင့်ဘိုင်လိုရုရှားသမ္မတနိုင်ငံ သုံးနိုင်ငံတို့က ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဧနသဟာယနိုင်ငံများအဖြစ် စတင်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ယင်းသို့ ဆလာဗစ်သုံးနိုင်ငံက ဦးဆောင်ပြီး ဧနသဟာယနိုင်ငံများဌာဖွဲ့ ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် ကျန်ရှိသည့် ပြည်နယ်ကိုးခုအနက် ဂျော်ဂျီယာပြည်နယ်မှလွဲ၍ လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေညာခဲ့သည့် ပြည်နယ် ရှစ်ပြည်နယ်က ဧနသဟာယ အဖွဲ့အစည်းသို့ အသီးသီး ဝင်ရောက်ခဲ့ကြသည်။ ယင်းဖြစ်ရပ်များက ဂေါ်ဘာချေ့အား အထိနာစေခဲ့သည်။ ဧနသဟာယနိုင်ငံများအဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီးချိန်မှစ၍ သမ္မတ ဂေါ်ဘာချေ့ ရာထူးမှ နုတ်ထွက်ပေးရန် ဖိအားပေးမှုများ ပိုမို များပြားလာခဲ့သည်။ ဧနသဟာယနိုင်ငံများအဖွဲ့ ပေါ်ပေါက်လာခြင်းက ဂေါ်ဘာချေ့အား နိုင်ငံမဲ့ခေါင်းဆောင်တစ်ဦးအဖြစ် ရောက်သွားစေခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲလျက်ရှိရာ ဆိုဗီယက်ရှိ နျူကလီးယားလက်နက်များ အရေးနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံများက စိုးရိမ်ပူပန်ခဲ့ကြသည်။ အဆိုပါလက်နက်များကို မည်သူက ကိုင်တွယ်ထိန်းချုပ်မည်ကို ယင်းလက်နက်များ လက်ကိုင်ထားရှိသည့် ပြည်နယ်များအကြား တိကျသည့် သဘောတူညီချက်နှင့်ဆုံးဖြတ်ချက် မချမှတ်ရသေးပေ။ ယင်းလက်နက်များကို စစ်ရေးအရ အသာစီးရရှိရန် မည်သည့်ပြည်နယ်ကမျှ အသုံးမပြုပါဟုသာ ကတိပြုထားသည်။

လွတ်လပ်သော သမ္မတနိုင်ငံ ၁၁ နိုင်ငံခေါင်းဆောင်များက ဧနသဟာယအဖွဲ့ကြီး ဖွဲ့စည်းခြင်းကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တရားဝင် လက်မှတ်ရေးထိုးခဲ့ကြပြီး ဆိုဗီယက် ပြည်ထောင်စုဟောင်း ချုပ်ငြိမ်းကွယ်ပျောက်သွားပြီဖြစ်ကြောင်း ကြေညာခဲ့ကြသည်။ ရုရှားသမ္မတနိုင်ငံ သမ္မတ ဘောရစ် ယဲလ်ဆင်ကလည်း ကရင်မလင်ရှိ ဂေါ်ဘာချေ့၏ သမ္မတရုံးအဖွဲ့၊ ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆိုဗီယက် ပြည်တွင်း လုံခြုံရေးလုပ်ငန်းတို့အပေါ် ထိန်းချုပ်မှု ရယူလိုက်သည်။

သို့ဖြစ်ရာ ပြိုကွဲသွားပြီဖြစ်သော ဆိုဗီယက် ပြည်ထောင်စုတွင် ဆက်လက်ဖြစ်ပေါ်လာမည့် အနာဂတ် နိုင်ငံရေးရုပ်ပုံလွှာနှင့် ဧနသဟာယအဖွဲ့အစည်း၏ ပြင်ပသို့ ရောက်ရှိသွားသည့် ဂေါ်ဘာချေ့၏ကံကြမ္မာကို စောင့်စားကြည့်ရှုရန်ရှိနေခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဂေါ်ဘာချေ့သည် ဆိုဗီယက် သမ္မတရာထူးမှ နုတ်ထွက်သွားသည်။

သင့်ဘဝ–ဦးရဲလွင်

တရုတ် ပြည်သူ သမ္မတ နိုင်ငံ။ ။တရုတ် နိုင်ငံတွင် အကျင့်စာရိတ္တ ပျက်ပြားမှု တိုက်ဖျက်ရေး ဆောင်ရွက်မှုအဖြစ် မတ်လဆန်း အတွင်းက ဆက်သွယ်ရေး ဝန်ကြီးကျန်ယွန်ချန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးလင်ဟန်ရှောင်တို့ကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၈၉ ခုနှစ် ခြစားမှု တိုက်ဖျက်ရေး စတင်ခဲ့ချိန်မှစ၍ ပထမဆုံး ဝန်ကြီးအဆင့် အရေးယူခံရခြင်းဖြစ်သည်။

မတ်လ ၂၅ ရက်နေ့တွင် တရုတ်ဝန်ကြီးချုပ် လီပင်းသည် ကိုယ်စားလှယ် ၂,၆၀၀ ကျော် တက်ရောက်သော အမျိုးသားပြည်သူကွန်ဂရက်တွင် မိန့်ခွန်းပြောကြားရာ၌ တရုတ်နိုင်ငံသည် စီးပွားရေးအားဖြင့် အနောက်နိုင်ငံများနှင့် တံခါးဖွင့် ဆက်ဆံရမည်ဖြစ်သော်လည်း ဆိုရှယ်လစ် လမ်းစဉ်၌ ကျောက်စိုင်ကျောက်သားပမာ ခိုင်မြဲစွာရပ်တည်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အမျိုးသား ပြည်သူ ကွန်ဂရက်ကို ၁၆

ရက်ကြာ ကျင်းပခဲ့ရာ ပြီလ ၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ယင်းကွန်ဂရက် အစည်းအဝေး၌ ဒုတိယ ဝန်ကြီးချုပ်သစ် နှစ်ဦး ထပ်မံခန့်အပ် အတည်ပြုလိုက်သည့်အတွက် ဒုတိယ ဝန်ကြီးချုပ် ငါးဦး ဖြစ်လာသည်။ အသစ်ခန့်အပ်ခံရသူနှစ်ဦးမှာ ရှန်ဟဲမြို့တော်ဝန် ဇူရွန်ကျီ (Zhu Rongji) နှင့် နိုင်ငံတော် စီမံကိန်းကော်မရှင် အကြီးအကဲ ဇိုကျီဟွာ (Zho Jiahua) တို့ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ကျန်ကျီချင်သည် နိုင်ငံတော် ကောင်စီဝင်အဖြစ် အရွေးခံရသည်။

ပြီလ ဒုတိယပတ်တွင် တရုတ်ဒေယွမ်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ တန်ဖိုးလျှော့တွက်နည်းဖြင့် အမေရိကန်ဒေါ်လာနှင့် တိုက်၍ ၁ ရာခိုင်နှုန်း နီးပါး တန်ဖိုးချခဲ့ရာ တစ်ဒေါ်လာလျှင် ၅ ဒသမ ၃၀၉၀ ယွမ်မှ ၅ ဒသမ ၂၅၇၉ ယွမ်ဖြစ်လာသည်။ တရုတ်နိုင်ငံသည် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလက ၂၁ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချခဲ့သေးသည်။

ပြီလကုန်ပိုင်းတွင် တရုတ်နိုင်ငံ၏ အဓိကစားသုံးကုန်ပစ္စည်း စျေးနှုန်းများ လွန်စွာမြင့်တက်လာကြောင်း အစိုးရက တရားဝင် ကြေညာခဲ့သည်။ ဂျုံစျေးနှုန်းသည် ၅၄ ရာခိုင်နှုန်း၊ ဟင်းရွက်ဆီ ၁၀၈ ရာခိုင်နှုန်းတက်ခဲ့သည်။ ယင်းသို့ စျေးတက်ရခြင်းသည် တိုင်းပြည်၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကြီးကိုလျှော့ပါးစေရန်အတွက်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံသားများအတွက် သီးနှံနှင့် စားသုံးဆီတို့အပေါ် ၁၉၈၀ ပြည့်နှစ်က ၁၀ ဒသမ ၈ ဘီလီယံယွမ် (အမေရိကန်ဒေါ်လာ သန်းပေါင်း ၂,၀၅၀) နှင့် ၁၉၉၀ ပြည့်နှစ်က ၄၀ဘီလီယံယွမ်(အမေရိကန်ဒေါ်လာသန်းပေါင်း၅,၅၉၀) စိုက်၍ အကုန်အကျခံခဲ့ကြောင်း ကြေညာခဲ့သည်။ ယင်း ငွေကြေးဖောင်းပွမှု၏ ထိုးနှက်ချက်ကို သက်သာစေရန် အလုပ်သမားတိုင်းသည် တစ်လလျှင် ခြောက်ယွမ် ထောက်ပံ့မှု ရရှိမည်ဖြစ်သည်။ မြို့နေ အလုပ်သမားများသည် တစ်လလျှင်ယွမ် ၁၀၀ မှ ၂၀၀ (ဒေါ်လာ ၁၉ မှ ၃၇) အတွင်းမျှသာ ရရှိကြပြီး ဝင်ငွေ အများစုကို စားစရိတ်အတွက် အသုံးပြုနေကြရသည်။

ပြီလဆန်းတွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေါက်ဂလပ်စ်ဟတ်သည် တရုတ်နိုင်ငံသို့ ငါးရက်ကြာ အလည်အပတ် ရောက်ရှိခဲ့သည်။ ဟတ်သည် ဝန်ကြီးချုပ်လီပင်း၊ ကွန်မြူနစ်ပါတီ ခေါင်းဆောင် ကျန်ဇီမင်းတို့နှင့် ၁၉၉၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမည့် ဟောင်ကောင်ကျွန်း ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံ ကုန်ကျမည့် လေဆိပ်တည်ဆောက်ရေးကိစ္စကိုမူ သဘောတူညီချက်မရ



ကျန်ဇီမင်းနှင့် ဂေါ်ဘာချော့ မော်စကိုမြို့တွင်တွေ့ဆုံစဉ်

ခဲ့ပေ။ တစ်ဖန် မေလအတွင်း ထပ်မံဆွေးနွေးပဲ့ဋ္ဌလည်း အဖြေမပေါ်ဘဲ ပျက်ပြယ်သွားခဲ့သည်။ ဇူလိုင်လ ပထမပတ်တွင်မူ လေဆိပ် တည်ဆောက်ရေး ကိစ္စကို တရုတ်နိုင်ငံက သဘောတူလက်ခံကြောင်း ကြေညာခဲ့သည်။ ယင်းမှာ ဗြိတိသျှကိုလိုနီ ဟောင်ကောင်ကျွန်းအပေါ် တရုတ်နိုင်ငံ၏ သြဇာသက်ရောက်ခွင့် ပိုမိုပေးရန် ဗြိတိသျှအစိုးရ၏ သဘောတူညီမှုကို တုံ့ပြန်လိုက်လျှောခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၅ ရက်နေ့ထုတ် ပြည်သူ့နေ့စဉ်သတင်းစာတွင် မော်စီတုန်း၏ဇနီး ချန်ချင်းသည် မိမိကိုယ်မိမိ အဆုံးစီရင်သွားကြောင်း သတင်းတိုတစ်ပုဒ် ဖော်ပြခဲ့သည်။ ၎င်းသည် တရုတ်ပြည်သစ် သတင်းဌာန၏ ဇွန်လ ၄ ရက်နေ့က ထုတ်ပြန်ကြေညာချက်ကို ထပ်မံဖော်ပြခြင်းသာဖြစ်သည်။ ယင်းကြေညာချက်အရ ချန်ချင်းသည် ပီကင်းမြို့ရှိ ဆေးဝါး ကုသမှုခံယူရာ သူမ၏ နေအိမ်တွင် မေလ ၁၄ ရက်နေ့က မိမိကိုယ်မိမိသတ်သေသွားကြောင်း ဖော်ပြပါရှိသည်။ ချန်ချင်းသည် အခြားသော "လေးဦးဂိုဏ်း" အဖွဲ့ဝင်များနှင့်အတူ ၁၉၇၆ ခုနှစ်က ဖမ်းဆီးခံခဲ့ရပြီး ၁၉၈၀ ပြည့်နှစ်တွင် ရုံးတင်စစ်ဆေးခံခဲ့ရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျန်ကျီချင်သည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ဥရောပနိုင်ငံများဖြစ်သော ပိုလန်၊ ဗူလဂေးရီးယား၊ ဟန်ဂေရီ၊ ပေါ်တူဂယ်၊ စပိန်၊ ဂရိနှင့် မော်လတာနိုင်ငံများသို့ ၁၇ ရက်ကြာ ခရီးသွားရောက်ခဲ့သည်။

တရုတ် ကွန်မြူနစ် ပါတီ အထွေထွေ အတွင်းရေးမှူး ကျန်ဇီမင်းသည် ဆိုဗီယက် ကွန်မြူနစ် ပါတီ အထွေထွေ အတွင်းရေးမှူး ဂေါ်ဘာချော့၏ ဖိတ်ကြားချက်အရ ဆိုဗီယက် ပြည်ထောင်စုသို့ မေလ ၁၅ ရက်နေ့တွင် ငါးရက်ကြာ အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မော်စီတုန်း သွားရောက်ခဲ့ပြီးနောက်ပိုင်း မော်စကိုသို့ တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲတစ်ဦး၏ ပထမဆုံး အလည်အပတ် ရောက်ရှိလာခြင်း ဖြစ်သည်။ မေလ ၁၇ ရက်နေ့တွင် နှစ်နိုင်ငံ နယ်စပ်သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။

တရုတ်နိုင်ငံသည် တစ်ချိန်က ဆိုရှယ်လစ်စနစ် ကျင့်သုံးခဲ့သော အရှေ့ဥရောပမဟာမိတ်နိုင်ငံများကဲ့သို့ ပါတီစုံစနစ်ကို ကျင့်သုံးမည်မဟုတ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီပင်းက မေလ ၃၀ ရက်နေ့တွင် မက္ကဆီကိုနိုင်ငံမှ သတင်းစာတစ်စောင်နှင့် တွေ့ဆုံဆွေးနွေးရာ၌ အတိအလင်း ပြောကြားသွားခဲ့သည်။ ပါတီစုံ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ကွန်မြူနစ်မဟုတ်သော ပါတီရှစ်ခုကိုမူ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ရပ်တည်ခွင့် ပြုမည်ဖြစ်ကြောင်း သို့သော် ၎င်းတို့သည် ပါဝင်ဆုံးဖြတ်ပိုင်ခွင့် အာဏာကိုမူ ရရှိမည် မဟုတ်ကြောင်း လီပင်းက ပြောကြားခဲ့သည်။

တရုတ် ကွန်မြူနစ် ပါတီ တည်ဆောက်မှု နှစ် ၇၀ မြောက် အခမ်းအနားများကို ဇူလိုင်လ ၁ ရက်နေ့တွင် တရုတ်နိုင်ငံ တစ်ဝန်းလုံး၌ ကျင်းပခဲ့သည်။ ယခုအခါ ပါတီဝင် သန်း ၅၀ ကျော် ရှိလာပြီဖြစ်ကြောင်း အစိုးရသတင်းဌာနများကထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသည် လူဦးရေ သန်းပေါင်း ၁,၁၀၀ ကျော်၏ ငါးရာခိုင်နှုန်း နီးပါးဖြစ်သည်။

တေဇ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ခရမ်းမြို့နယ် ကိုင်းကုန်းကျောင်းတိုက် (မြန်မာ ၁၂၇၂–၁၃၅၂)။ ။ရန်ကုန်တိုင်း၊ တံတေးမြို့နယ် ကိုင်းကုန်းပါဠိတကသိုလ်၌ စာသင်သား သံဃာတော်များအား စာပေပို့ချလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇ ဆရာတော်သည် အင်းစိန်မြို့၊ ဈေးကုန်းကျောင်းဆရာတော် ဦးဝိဇယထံတွင် သဒ္ဒါ သင်ကြိုးကျမ်းများ၊ ကျောက်တန်းမြို့ ဇေယျာပူရကျောင်း ဆရာတော် ဦးယုဂန္ဓရထံတွင် ဝိနည်းငယ်လေးစောင်နှင့် သဒ္ဒါငယ်ကျမ်းများ၊ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဒဿန (အဘိဓဇမဟာရဋ္ဌဂုရု) နှင့် စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဉာဏောဘာသတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အာစရိယမုဋ္ဌိ လက်ရှိရအောင် သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ၁၂၅၅ ခုနှစ်မှစ၍ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး တန်းတို့ကို အောင်မြင်ပြီး ၁၃၁၁ ခုနှစ်တွင် စာချတန်းကို အောင်မြင်၍ သာသန ၉၈ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ ထို့ပြင် ခရမ်းမြို့နယ်လုံးဆိုင်ရာ အမျိုးသား စာမေးပွဲ၌ ငယ်၊ လတ်၊ ကြီးတန်းနှင့် အကျော်တန်း (ဒုတိယစာချတန်း) တို့ကို အောင်မြင်တော်မူသည်။

ဆရာတော်သည် စာပေပို့ချရင်း ကိုင်းကုန်းသင်္ကြိုဟ် ဆိုရိုးကျမ်းကို ရေးသားပြုစုတော်မူခဲ့သည့်အပြင် ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ သင်္ဂီတိကာရက၊ ပါဠိတ်ကသိုလ် ဗဟိုကိုယ်စားလှယ်၊ ခရမ်းမြို့စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရမ်းမြို့နယ်သံဃနာယကအဖွဲ့ဝင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ခရမ်းမြို့ သက္ကမာရဇိန်ဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။ ထို့သို့ သာသနာတော်အကျိုးကို သယ်ပိုးတော်မူခဲ့သောကြောင့် ဆရာတော် ဘဒ္ဒန္တတေဇသည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် နိုင်ငံတော်ကအပ်နှင်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉–စာ၊ ၁၇၂—ရှ။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတေဇသည် ၁၃၅၂ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၉၁)

။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လည်းကောင်း၊ နိုင်ငံတကာ၌လည်းကောင်း၊ သာသနာတော်အကျိုး သယ်ပိုး ထမ်းရွက်တော်မူရင်း ပျံလွန်တော် မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များရှိကြသည်။

မြန်မာ
ရဟန်းတော်များ

– စန္ဒောဘာသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၁ နှစ်)
အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီး

နာယကချုပ်၊ (၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

– တေဇ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၀ နှစ်)
ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော် ဗဟိုသံဃဒါန ဝန်ဆောင်ဆရာတော်၊ (၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

– နေမိန္ဒ၊ ဘဒ္ဒန္တ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ (သက်တော် ၆၄ နှစ်)
ပခုက္ကူ မဟာဝိသုတာရာမိကဂဏ ဝါစက နိကာယကြီး၏ ဝံသာလင်္ကာရ၊ ဓဇူပမ သားကောင်းရတနာသာသနာ့ အာဇာနည် ဆရာတော်၊ (၁၃၅၃ ခုနှစ်၊ နယုန်လပြည့်တွင် ပျံလွန်တော်မူသည်။)

– ပညိန္ဒ၊ ဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၆၈ နှစ်) ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် တိုက်အုပ် ဆရာတော် (၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်တွင် ပျံလွန်တော်မူသည်။)

– အာစာရာဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၃ နှစ်) နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးမြို့၊ ရှမ်းစု ဆီးဘန်နီတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ (၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်)

– အာဒိစ္စရံသီ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၁ နှစ်)
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ဘုရားကြီး တိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်တွင် ပျံလွန်တော် မူသည်။)

– ဣန္ဒြိယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော်၉၂ နှစ်) ရန်ကုန်၊ ဗဟန်းမြို့နယ်၊ မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ ဦးစီးမဟာနာယက၊
(၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ပျံလွန်တော်မူသည်။)

– ဉဏ္ဍောတာဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၃ နှစ်) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံဘုရားဩဝါဒါစရိယ၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာပျော်ဘွယ် ပါဠိတက္ကသိုလ်ကျောင်းတိုက် ကြီး၏ ပဓာန နာယက၊
(၁၃၅၂ ခုနှစ်၊ တပေါင်းလကွယ်နေ့တွင် ပျံလွန်တော် မူသည်။)

လူပုဂ္ဂိုလ်များ

– ခင်ခင်ရီ၊ ဒေါ် (၇၄ နှစ်) ခေတ်ဟောင်း ရုပ်ရှင်မင်းသမီးကြီး
(၂–၃–၉၁ ရက်တွင် ကွယ်လွန်သည်။)

– စောဦး၊ ဂျာနယ်ကျော် (၇၂ နှစ်)
စာရေးဆရာ၊ သတင်းစာဆရာ
(၆–၉–၉၁ ရက်တွင် ကွယ်လွန်သည်။)

– စံမြင့်၊ ဦး (၇၂ နှစ်)
စာရေးဆရာ၊ ဒုတိယဗိုလ်မှူးကြီး အငြိမ်းစား
(၈–၈–၉၁ ရက်တွင် ကွယ်လွန်သည်။)

– စန်းငွေ၊ ဒဂုန်၊ ဦး (၈၄ နှစ်)
စာရေးဆရာကြီး၊ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်
(၂၀–၁၀–၉၁ ရက်တွင် ကွယ်လွန်သည်။)

– ဗိုလ်မင်းဟန် (၅၉ နှစ်)
စာရေးဆရာ
(၄–၇–၉၁ ရက်တွင် ကွယ်လွန်သည်။)

– ဘစော၊ ဦး (၇၇ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ ဝန်ကြီးဟောင်းနှင့် အငြိမ်းစားသံအမတ်ကြီး
(၂–၆–၉၁ ရက်တွင် ကွယ်လွန်သည်။)

– မမြသွေး၊ ပျဉ်းမနား (၆၅ နှစ်)
စာရေးဆရာမ
(၂၅–၈–၉၁ ရက်တွင် ကွယ်လွန်သည်။)

– မလေးလုံ (၅၅ နှစ်)
အမျိုးသား စာပေဆုရ စာရေးဆရာမ
(၂၈–၂–၉၁ ရက်တွင် ကွယ်လွန်သည်။)

– မဟာတင် (၆၇ နှစ်)
စာရေးဆရာ
(၇–၃–၉၁ ရက်တွင် ကွယ်လွန်သည်။)

– မင်းကျော် (၅၉ နှစ်)
အမျိုးသားစာပေဆု သုံးကြိမ်ရ စာရေးဆရာ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ
(၇–၇–၉၁ ရက်တွင် ကွယ်လွန်သည်။)

– မင်းနွယ် (၈၀ နှစ်)
စာရေးဆရာ
(၂၂–၁၂–၉၀ ရက်တွင် ကွယ်လွန်သည်။)

– မောင်နေဝင်း (၆၁ နှစ်)
စာရေးဆရာနှင့် သတင်းစာဆရာ
(၁၇–၁–၉၁ ရက်တွင် ကွယ်လွန်သည်။)

– ရန်နိုင်ဆွေ(၇၆ နှစ်)
စာရေးဆရာ၊ ဂီတစာဆို
(၁–၇–၉၁ ရက်တွင် ကွယ်လွန်သည်။)
– သာဓု (သခင်ဖေသန်း) (၇၄ နှစ်)
စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာနှင့် နိုင်ငံ့ ဂုဏ်ရည် (ဒုတိယဆင့်) ရသူ
(၇–၄–၉၁ ရက်တွင် ကွယ်လွန်သည်။)
– သောင်း၊ ဦး (ရေဦး) (၈၃ နှစ်)
စာရေးဆရာကြီး
(၁၅–၉–၉၁ ရက်တွင် ကွယ်လွန်သည်။)
– သိန်း၊ ကြီးပွားရေး၊ ဦး (၈၈ နှစ်)
ဝတ္ထုကျော်ထင်ဘွဲ့ရ စာရေးဆရာကြီး
(၁၀–၇–၉၁ ရက်တွင် ကွယ်လွန်သည်။)
– အေးငွေ၊ ဗိုလ်မှူး (ဒဂုန် မြတ်လေးနွယ်) နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ မော်ကွန်းဝင် (ပထမဆင့်)ရ စာရေးဆရာကြီး
(၁၀–၁–၉၁ ရက်တွင် ကွယ်လွန်သည်။)
– အောင်သန်း၊ ဦး (၈၁ နှစ်)
အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို (၂၄–၁၁–၉၁) ရက်တွင် ကွယ်လွန်သည်။

နိုင်ငံတကာ

ကာဂနော်ဗစ်ချ်,လာဇာ (၉၇ နှစ်)
စတာလင်၏ နောက်ဆုံးကျန်ရစ်သော အတွင်းလူ။ ၁၉၅၇ ခုနှစ်က ခရူးရှက်ကိုဖြုတ်ချရန်မအောင်မြင်သော ကြံစည်မှုတွင် ပါဝင်ခဲ့သူ။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကွယ်လွန်သည်။
ကက်ပရာ, ဖရန့် (၉၄ နှစ်)
အမေရိကန် ရုပ်ရှင်ဒါရိုက်တာကြီး။ ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော It Happened One Night အမည်ရှိ တီထွင်ဆန်းသစ်သော မေတ္တာအသောဖွဲ့ ရုပ်ရှင်ကား သည် လွန်စွာကျော်ကြားခဲ့ပြီး အော်စကာဆုငါးဆု ရရှိခဲ့သည်။
ကမ်. ဖ်, ဝိလ်ဟမ် (၉၅ နှစ်)
ဂျာမန်ဂီတစာဆိုနှင့် စန္ဒရားဆရာကြီး။
ချက်ပလင်, အူးနား အိုနေး (၆၆ နှစ်)
စာရေးဆရာကြီး ယူဂျင်းအိုနေးလ်၏သမီး။ ကမ္ဘာကျော် ဟာသရုပ်ရှင်မင်းသားကြီး ချာလီချက်ပလင်၏ စတုတ္ထ မြောက်ဇနီး။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်။
ချန်ချင်း (၇၇ နှစ်)
တရုတ်ကွန်မြူနစ် ခေါင်းဆောင်ကြီး မော်စီတုန်း၏ ဇနီး။ လေးဦးဂိုဏ်းတွင်ပါဝင်၍ ထောင်ဒဏ် တစ်သက် ချထားခံရစဉ် ၁၉၇၄ ခုနှစ်တွင် ဆေးဝါးကုသရန် အကျဉ်းထောင် အပြင်၌ နေခွင့်ရခဲ့သည်။ မေလ ၁၄ ရက်နေ့တွင် မိမိကိုယ်ကို အဆုံးစီရင်သွားသည်။
ဂရေဟမ်, မာသာ (၉၆ နှစ်)
ကမ္ဘာကျော် အကပညာရှင်။
ဂရင်း, ဂရေဟမ် (၈၇ နှစ်)
ကမ္ဘာကျော် ဗြိတိသျှစာရေးဆရာကြီး။
ဂေဆယ်, သီအိုဒို ဆီးယပ်စ် (၈၇ နှစ်)
ကလေးစာပေကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားပြုစုခဲ့ပြီး ၁၉၀၄ ခုနှစ်တွင် တီထွင်ဖန်တီးမှု အထူးပူလစ်ဇာဆု ချီးမြှင့်ခံရသော ကမ္ဘာကျော်စာရေးဆရာကြီး။ သူရေးသားခဲ့သောစာအုပ်ပေါင်း ၄၀ အုပ်ကို ဘာသာစကား ၂၀ သို့ပြန်ဆို၍ အုပ်ရေ သန်း ၂၀၀ ကျော်မျှ ထုတ်ဝေခဲ့ပြီးဖြစ်သည်။
ဂင်ဇ်ဘာ့, နာတာလီယာ (၇၅ နှစ်)
အီတလီလူမျိုး ထင်ရှားသောစာရေးဆရာမကြီး။
ဂိန်းစဘော့, ဆာဂျီ (၆၂ နှစ်)
ကမ္ဘာကျော် ပြင်သစ်အဆိုတော်။ မတ်လ ၂ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။
ဂျက်ခ်ဆင်, ဇောဘတ် (၇၉ နှစ်)
၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များ အတွင်း ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် တာဝန် ထမ်းဆောင်ခဲ့သူ။
ဆာကင်, ရူးဒေါ့ဖ် (၈၈ နှစ်)
အသက် ၁၂ နှစ်အရွယ်မှစ၍ စန္ဒရားလောကသို့ ဝင်လာခဲ့သော ကမ္ဘာကျော်စန္ဒရားဆရာကြီး။ မေလ ၈ ရက်နေ့တွင် ကွယ်လွန်သည်။
တာမာယို, ရူဖီနို (၉၁ နှစ်)
မက္ကဆီကန်လူမျိုး ပန်းချီဆရာကြီး။ ဇွန်လ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။
ပါပန်နက်, ယန် (၉၅ နှစ်)
ထင်ရှားသော ချက်ကိုစလိုဗက် ကွန်မြူနစ် ဆန့်ကျင်ရေးခေါင်းဆောင်။
ပေါင်, ဆာဝိုင် ကေ (၇၂ နှစ်)
၁၉၅၅ ခုနှစ်တွင် သာမန် သဘော်ဟောင်းတစ်စီးဖြင့် စတင်ခဲ့ရာမှ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ထိုစဉ်က ကမ္ဘာ့အကြီးဆုံးသဘော်ကုမ္ပဏီအဖြစ် သဘော်စင်းရေ ၂၀၀ ခန့်နှင့် ရေနံတင်သဘော်ကြီးများကို ပိုင်ဆိုင်ခဲ့သော ဘီလီယံနာ(ရာကုဋ္ဌေကြွယ်)သူဌေးကြီး။ လူမှုဝန်ထမ်းနှင့် အလှူအတန်းများတွင် ရက်ရက်ရောရော ပါဝင်ကူညီလေ့ရှိပြီး ၁၉၇၈ ခုနှစ်တွင် အဲလစ်ဇာဘက်ဘုရင်မ

ကြီးက နိုက်ဘွဲ့ချီးမြှင့်ခဲ့သည်။ ဟောင်ကောင်ကျွန်း ပြန်လည် လွှဲပြောင်း ရန် အခြေခံ ဥပဒေ ရေး ဆွဲ ရာ၌ ပါဝင်ကူညီခဲ့သည်။

ပန်နေး, ဝီလီယံ (၈၁ နှစ်)
ဗြိတိန်နိုင်ငံ၏ အက်တမ်ဗုံးဖခင်ကြီး။ အမေရိကန်ပြည် ထောင်စုတွင်ပထမဆုံးနျူကလီးယားဗုံးပြုလုပ်စဉ်က ပါဝင် လေ့လာ ဆည်းပူးခဲ့ပြီးနောက် ၁၉၅၂ ခုနှစ်တွင် ဗြိတိန် နိုင်ငံ၏ ပထမဆုံးအက်တမ်ဗုံးကို တည်ဆောက်ခဲ့သူ။

ဖရစ်ရှ်, မက်စ် (၇၉ နှစ်)
ထင်ရှားသော ဆွစ်လူမျိုး စာပေပညာရှင်နှင့် စာရေး ဆရာ။


ဖွန်တိန်း, မာဂေါ့ (၇၁ နှစ်)
နာမည်ကျော် ဘဲလေးအကပညာရှင် အမျိုးသမီးကြီး။ အသက် ၁၅ နှစ်အရွယ်က တော်ဝင်ဘဲလေးဟု ယခုခေါ် ကြသည့် ဘဲလေးအကတစ်မျိုးဖြင့် နာမည်ကျော်ကြားခဲ့ ပြီး နှစ်ပေါင်း ၅၀ မျ ရှေးရိုးဂန္ထဝင်အကပညာနှင့် တီထွင် ဆန်းသစ်မှု၊ ထူးခြား ပြောင်မြောက်မှုတို့ကြောင့် ထင်ရှား ကျော်ကြားခဲ့သည်။ သူမဖျော်ဖြေခဲ့သော ပွဲများအနက် "အိပ်ပျော်နေသော အလှမယ်"၊ "ငန်းရောကန်သာ"၊ "ရိုမီယိုနှင့် ဂျူလိယက်" စသည်တို့မှာ ဝေဖန်သူတို့၏ တစ်ခဲနက် ချီးကျူးမှုကို ခံယူရရှိခဲ့သော မှတ်တိုင်များ ဖြစ်သည်။

ဘာဒင်း, ဂျွန် (၇၃ နှစ်)
နိုဗယ်ဆုနှစ်ကြိမ်ရရှိခဲ့သော ရူပဗေဒပညာရှင်။ ၁၉၅၆ ခုနှစ် တွင် ဝီလီယံရှော့ကလေ၊ ဝေါလ်တာ ဘရက်စတိန်းတို့နှင့် ပူးတွဲ၍ ထရန်စစ္စတာတီထွင်မှုအတွက် နိုဗယ်ဆုရရှိခဲ့သည်။ တစ်ဖန် ၁၆ နှစ်အကြာတွင် အခြားသူ နှစ်ဦးနှင့် အတူ အပူချိန်နိမ့်လွန်ကဲ လျှပ်ကူး သီအိုရီအတွက် နိုဗယ်ဆုရရှိခဲ့ သည်။ ထရန်စစ္စတာကို တီထွင်ခဲ့သော ဘဲလ်တယ်လီဖုန်း စမ်းသပ်ခန်းများ အသင်း၏ နောက်ဆုံး ကျန်ရှိခဲ့သည့် အဖွဲဝင်ပညာရှင် ဖြစ်သည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။


ဘာဘီ, ကလောက်စ် (၇၇ နှစ်)
"လိုင်ယွန်မြို့၏ သားသတ်သမား" ဟု နာမည်ဆိုးဖြင့် ထင်ရှားခဲ့သည့် နာဇီဂက်စတာပိုအကြီးအကဲဟောင်း။ ဂျူးလူမျိုးများနှင့် တော်လှန်ရေးသမားများ အပါ အဝင် ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့သား ထောင်ပေါင်း များစွာ(ခန့်မှန်းချက်အရ ၂၅,၀၀၀ ခန့်)ကိုသတ်ဖြတ်ရန် အမိန့်ပေးခဲ့သူ။ ၁၉၈၇ ခုနှစ်တွင် ထောင်တစ်သက် တစ်ကျွန်း အပြစ်ကျခံနေခဲ့ရာမှစက်တင်ဘာလ ၂၅ ရက် နေ့တွင် ထောင်အတွင်း၌ ကွယ်လွန်သည်။



လိုင်ယွန်မြို့ နာဇီဂက်စတာပို အကြီးအကဲဟောင်း ကလောက်စ် ဘာဘီ



ဗြိတိသျှရုပ်ရှင်ဒါရိုက်တာကြီး ဆာ ဒေးဗစ် လင်း



ကလေး စာ ပေ စာ ရေး ဆ ရာ ကြီး သီအိုဒို ဆီးယပ်စ် ဂေဆယ်လ်

မာရေး, အာသာ (၉၅ နှစ်)
ကမ္ဘာကျော်အကနည်းပြ ဆရာကြီး။ အကနည်းပြသင် တန်းကျောင်းပေါင်း ၃၀၀ ကျော် တည်ထောင်ပေးခဲ့သူ။ မတ်လ ၃ ရက်နေ့တွင် ဟိုနိုလူလူ၌ အဆုတ်အအေးမိ ရောဂါဖြင့် ကွယ်လွန်သည်။

မက်ကမီလန်, အက်ဒဝင် (၈၃ နှစ်)
ပလူတိုနီယမ်ဒြပ်စင် ရှာဖွေတွေ့ရှိမှုအတွက် ဂလင်းဆီး ဘော့နှင့်အတူ ၁၉၅၁ ခုနှစ်အတွက်ဓာတုဗေဒနိုဗယ်ဆု ပူးတွဲ ရရှိခဲ့သော ဓာတုဗေဒပညာရှင်။ အက်တမ်ဗုံးပြုလုပ်ရန် စီမံ ကိန်းတွင် ဦးဆောင်ခဲ့သူ။ ကာလီဖိုးနီးယား ပြည်နယ်တွင် နာတာရှည်ရောဂါဖြင့် စက်တင်ဘာလ ၇ ရက်နေ့က ကွယ်လွန်သည်။

မက်သယူး, သောမက်စ်စတန်လေ (၈၉ နှစ်)
ဝေဖန်ရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ။ ၁၉၄၃ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ တိုင်းမဂ္ဂဇင်း၏ ဦးဆောင် အယ်ဒီတာ။

လူရီးယား, ဆာလ်ဗေဒို (၇၈ နှစ်)
မျိုးဗီဇပညာနှင့်ပတ်သက်၍ ထူးခြားသော ရှာဖွေတွေ့ရှိ မှုများကြောင့် ၁၉၆၉ ခုနှစ်တွင် ဆေးပညာနိုဗယ်ဆုရရှိခဲ့သူ။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကွယ်လွန်သည်။

လောရင့်စ်, ဂျန်အိပ်ချ် (၈၇ နှစ်)
ချူကလီးယားဓာတ်ရောင်ခြည်၏ ဘေး ဥပဒ် များကို လေ့လာတွေ့ရှိခဲ့ပြီးနောက် ယင်း ဓာတ် ရောင် ခြည် ကို ကင်ဆာနှင့် အခြားရောဂါများကုသရာတွင် အသုံးပြုရန် စမ်းသပ်ဖော်ထုတ်ပေးခဲ့သူ။ စက်တင်ဘာလ ၇ ရက်နေ့ တွင် ကွယ်လွန်သည်။

လင်း, ဆာဒေးဗစ် (၈၃ နှစ်)
ဗြိတိသျှရုပ်ရှင်ဒါရိုက်တာကြီး။ နှစ်ပေါင်း ၅၀ ကျော်မျှ သော ရုပ်ရှင်ဒါရိုက်တာသက်တမ်းအတွင်း သူရိုက်ကူးခဲ့ သော ရုပ်ရှင်ကားများသည် အကယ်ဒမီဆု ၂၀ ဆု ရရှိ ခဲ့ကြသည်။ ယင်းတို့အနက် "ကွေမြစ်ပေါ်မှ တံတား" နှင့် "အာရေဗျ၏လောရင့်စ်" ဇာတ်ကားနှစ်ကားသည် ခုနစ်ဆုစီအထိ ရရှိခဲ့သည်။

လန်းဗစ်, အာသာ (၈၅ နှစ်)
ဆွီဒင်လူမျိုးစာရေးဆရာကြီး။ စာပေနိုဗဲဆု ရွေးချယ် ရေးကော်မတီတွင် ဦးဆောင်အဖွဲဝင်တစ်ဦးဖြစ်သူ။

ဝီလ်ဆင်, ဆာအန်းဂပ်စ် (၇၇ နှစ်)
စစ်ပြီးခေတ်နောက်ပိုင်း ထင်ရှားသော ဗြိတိသျှစာရေး ဆရာ။ မေလ ၃၁ ရက်နေ့တွင် ကွယ်လွန်သည်။

ဟူဆက်, ဂုစတပ် (၇၈ နှစ်)
ချက်ကိုစလိုဗက်ကီးယားနိုင်ငံကို နှစ်ပေါင်း ၂၀ ကျော် အုပ်စိုးခဲ့သော ကွန်မြူနစ်သမ္မတဟောင်း။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကွယ်လွန်သည်။

ဟိန်းနက်ဆင်, ဝီလီယံ (၉၁ နှစ်)
ဒိန်းမတ်နိုင်ငံ၏ နာမည်ကျော်ကဗျာဆရာနှင့် စာရေး ဆရာကြီး။ မတ်လ ၁၂ ရက်နေ့တွင် ကွယ်လွန်သည်။

ဟွန်ဒါ, ဆိုအီချီရို (၈၅ နှစ်)
ဂျပန်နိုင်ငံ၏ နာမည်ကျော် ဟွန်ဒါ မော်တော်ကား ကုမ္ပဏီကြီးကို စတင်တည်ထောင်ခဲ့သူ။

အာဘေး, ရှင်တာရို (၆၇ နှစ်)
၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးချုပ် ဖြစ်ရန် အလားအလာရှိခဲ့သူ။

အာသာ, ဂျင်း (၈၅ နှစ်)
၁၉၃၀ နှင့် ၁၉၄၀ ပြည့်လွန်နှစ်များက ကျော်ကြားခဲ့ သော အမေရိကန်ရုပ်ရှင်မင်းသမီးကြီး။

အက်ရှ်ခရော့ဖ်, ပဂ်ီ (၇၃ နှစ်)
နာမည်ကျော်ဗြိတိသျှပြဇာတ်နှင့် ရုပ်ရှင်မင်းသမီးကြီး။ A Passage to India ဇာတ်ကားတွင် အကောင်းဆုံး ဇာတ်ပို့ဆု အော်စကာဆု ရရှိခဲ့သူ။ ဇွန်လ ၁၄ ရက်နေ့ ကွင် ကွယ်လွန်သည်။

ထိုင်းနိုင်ငံ။ ။ဝန်ကြီးချုပ်ချတ်ချိုင်းခွန်ဟာဝမ်သည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ၎င်း၏အစိုးရ အဖွဲ့အတွင်း အရေးမပါသည့်အပြောင်းအလဲ အနည်းငယ် ပြုလုပ်ခဲ့သည်။ ယင်းသို့ ပြုလုပ်ရာတွင် ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်နှင့် စကား အချေအတင် များခဲ့သည့်အစိုးရအဖွဲဝင်ဝန်ကြီးတစ်ဦးဖြစ်သည့် ချာလမ်း ယူဘမ်ရန်အား ရာထူးချခဲ့သည်။ ချာလမ်းကို ရာထူးမှ ထုတ်မပစ်ဘဲ အဆင့်နိမ့်ရာထူးသို့ ပြောင်းရွှေ့ခန့်ထား လိုက်ခြင်းအတွက် စစ်ဘက်က မကျေမနပ်ဖြစ်ကြသည်။ ချာလမ်းသည် ခြစားမှုနှင့်ပတ်သက်၍ ချာဗာလစ်အပေါ် ဝေဖန်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင် တပ်ဖွဲ့များ အတွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် အာဏာသိမ်းခံရ မည့် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၁–စာ၊ ၂၄၅—ရှ။)

ဤသို့ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲပြုလုပ်ပြီး ရက်သတ္တတစ်ပတ်အကြာတွင် နောက်ထပ်အပြောင်းအလဲ တစ်ခု ထပ်မံပြုလုပ်ဖွယ်ရှိသည်ဟု ဝန်ကြီးချုပ်ချတ်ချိုင်း က ပြောကြားပြန်သည်။ ညွှန်ပေါင်းအစိုးရအဖွဲ့အတွင်း ရှိ အကြီးဆုံးပါတီဖြစ်သည့် ချတ်ချိုင်း၏ ချတ်ထိုင်းပါတီမှ အစိုးရအဖွဲဝင်ဝန်ကြီးများကလည်း ၎င်းတို့အနေဖြင့် ပိုမို ကျယ်ပြန့်သောအပြောင်းအလဲများ ပြုလုပ်နိုင်ရန် ရာထူး များမှ နုတ်ထွက်ပေးရန် ဆန္ဒရှိကြောင်းပြောကြားသည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ စစ်တပ်မှ အာဏာသိမ်းမှုဖြစ်ပွားသည်။ ဝန်ကြီးချုပ် ချတ်ချိုင်းချွန်ဟာဝမ်၏ ထိုင်းအစိုးရကို ဖြုတ်ချလိုက်ပြီဖြစ်ကြောင်း ကြေညာချက်ကို ထိုင်းဘုရင်တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး စုန်သုန်ကုန်ဆုန်ပေါင်က ထိုင်းတပ်မတော် ရုပ်မြင်သံကြား လိုင်းခွဲ ၅ မှ ထုတ် လွှင့် ကြေ ညာ သွား သည်။ ဗိုလ်ချုပ်ကြီး စုန် သုန် ကုန် ဆုန် ပေါင် က မိမိသည် အမျိုးသား ငြိမ်းချမ်းရေး ထိန်း သိမ်း မှု ဌာ နချုပ် ခေါင်းဆောင် ဖြစ်ကြောင်းနှင့် ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့် အမျိုးသားရဲတပ်ဖွဲ့ချုပ်များမှ စစ်ဦးစီးချုပ်များပါဝင်သော အမျိုးသားငြိမ်းချမ်းရေး ထိန်းသိမ်းမှု ဌာနချုပ်က တစ်နိုင်ငံလုံး၏ အုပ်ချုပ်မှုအာဏာကို သိမ်းယူလိုက်ကြောင်း၊ ဌာနချုပ်အနေဖြင့် အခြေအနေကို အပြည့်အဝ ထိန်းချုပ်ထားကြောင်း ပြောကြားသည်။ အာ ဏာ သိမ်း ရာ တွင် ဝန် ကြီး ချုပ် ချတ် ချိုင်း နှင့် ၎င်း၏ညွှန်ပေါင်း အစိုးရအဖွဲ့ဝင်များကို ဖမ်းဆီးလိုက်သည်။ အစိုးရအဖွဲ့အား ဖျက်သိမ်းလိုက်ပြီး မာရှယ်လော ဥပဒေကိုပြဋ္ဌာန်းကာ ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းလိုက်သည်။

ထိုင်းနိုင်ငံ၌ ၁၉၃၂ ခုနှစ်တွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖျက်သိမ်းလိုက်ပြီးနောက်တွင် စစ်ဘက်မှအာဏာသိမ်းမှုများဖြစ်ပွားခဲ့ရာ ယခုအကြိမ်အာဏာသိမ်းမှုသည် ၁၉ ကြိမ်မြောက်ဖြစ်သည်။ ယင်းတို့အနက် အာဏာသိမ်းမှု ၁၀ ကြိမ်သာအောင်မြင်ခဲ့သည်။ နောက်ဆုံးပြုလုပ်ခဲ့သော အချိန်မှာ ၁၉၇၁ ခုနှစ်က ဖြစ်ပြီးမအောင်မြင်ခဲ့ချေ။

ချတ်ချိုင်းသည် ထိုင်းနိုင်ငံ၌ ဆယ်နှစ်ကျော်အတွင်း ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲများအတွင်းမှ ဝန်ကြီးချုပ်အဖြစ် ၁၉၈၈ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်က ထိုင်းတပ်မတော်က အရပ်သားအစိုးရအား ထောက်ခံကြောင်း ကတိကဝတ်ပြုခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉-စာ၊ ၂၀၅ – ရှ။) ယခု ချတ်ချိုင်းအစိုးရအား ဖြုတ်ချလိုက်ရခြင်း၏ အဓိက အကြောင်းရင်းမှာ ထိုင်းအစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှု၊ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် စစ်တပ်အားဖျက်ဆီးပစ်ရန် ကြံစည်မှုနှင့် ၁၉၈၂ ခုနှစ်က ဝန်ကြီးချုပ်ဟောင်းနှင့် စစ်တပ်အကြီးအကဲ တစ်ဦးတို့အား လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းမှုနှင့် ပတ်သက်၍ မကြာမီက စုံစမ်းစစ်ဆေးမှုအား လိမ်လည်တင်ပြရန် ကြံစည်မှုတို့ကြောင့် ဖြစ်သည်ဟုဆိုသည်။ ထိုမျှသာမက အာဏာသိမ်းမှုဖြစ်ပွားစေသည့် အခြားအကြောင်းများလည်း ရှိနေပေသည်။

ယင်းသို့ပြောကြားပြီး များမကြာမီ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ဝန်ကြီးချုပ် ရာထူးမှ ချတ် ချိုင်း နုတ်ထွက်လိုက်သည်။ ဤသို့ဖြင့် စစ်ဘက်ဆိုင်ရာက ပြစ်တင်ဝေဖန်လျက်ရှိသည့် ၎င်း၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အပြောင်းအလဲပြုလုပ်ရန် ချတ်ချိုင်းအနေဖြင့် ပို၍အခွင့်အလမ်းရရှိသွားစေသည်ဟု ဆိုသည်။ ဝန်ကြီးချုပ်ရာထူးမှ ချတ်ချိုင်းနုတ်ထွက်သွားခြင်းကြောင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအနေဖြင့် ၎င်းတို့၏ ဝန်ကြီးရာထူးများကို အလိုအလျောက်စွန့်လွှတ်လိုက်ပြီးသား ဖြစ်သွားသည်။ သို့ရာတွင် အဆိုပါဝန်ကြီးများသည် ဝန်ကြီးချုပ်ကဲ့သို့ပင် ပါလီမန် ဥက္ကဋ္ဌက အစိုးရအဖွဲ့ ခေါင်းဆောင်သစ်၏ အမည်ကို ထုတ်ပြန်ကြေညာသည့် အချိန်အထိ အိမ်စောင့်အစိုးရအဖွဲ့ဝင်များအဖြစ် ဆက်လက် တည်ရှိနေသည်။ ပါတီခုနစ်ခုဖြင့် ဖွဲ့စည်းထားသည့် ချတ်ချိုင်း၏ ညွှန်ပေါင်းအစိုးရအဖွဲ့တွင် အဓိကပါတီများက ချတ်ချိုင်း အားထောက်ခံချက်ပေးရေးကို အာမခံချက် ပေးထားကြသည်။ သို့ဖြစ်ရာ ချတ်ချိုင်းသည် ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရရှိနိုင်စွမ်းရှိပြီး ဝန်ကြီးအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းရာတွင် ပို၍အခွင့်အလမ်းရရှိမည် ဖြစ်သည်။

ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားပြီးနောက် တစ်ရက်အကြာ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချတ်ချိုင်းမှာ ဝန်ကြီးချုပ်အဖြစ် တာဝန်ပြန်လည်ပေးအပ်ခြင်း ခံရသည်။ ဒုတိယမြောက် ချတ်ချိုင်းအစိုးရအဖွဲ့ အတွက် အလျင်အမြန်ဆောင်ရွက်ရမည့်မူဝါဒမှာ သန့်ရှင်းရှိုးသားပြီးစင်ဆောင်ရည် ပိုမိုထက်မြက်သော အစိုးရဖြစ်ရေးပင် ဖြစ်သည်ဟု ချတ်ချိုင်းက ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်(ရှ်)ထံမှ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ် တာဝန်ပေးသည့် အမိန့်ကို လက် ခံ ရ ရှိ ပြီး နောက် ပြောကြားလိုက်သည်။ ပိုမိုသန့်ရှင်းသောအစိုးရ ဖွဲ့စည်းခြင်းဖြင့် ထိုင်းစစ်ဘက် ဗိုလ်ချုပ်ကြီးများ အနေဖြင့် စိတ်ကျေနပ်မှု ရရှိမည်ဟုလည်း ချတ်ချိုင်းက မျှော်လင့်ထားသည်။

ထိုင်းဝန်ကြီးချုပ်ချတ်ချိုင်းချွန်ဟာဝမ်သည် အစိုးရအဖွဲ့သစ်တစ်ရပ်ကို ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်ဖွဲ့စည်းလိုက် သည် ။ အ စိုး ရသစ် ဖွဲ့ စည်း မှု နှင့် စပ် လျဉ်း ၍ တစ်စုံတစ်ရာဝေဖန်ပြောကြားရန် အချိန်စောလွန်းသေးကြောင်းဖြင့် ထိုင်းစစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဆုန် သုန် ကုန် ဆုန် ပေါင်က သတင်းထောက်များအား ထုတ်ဖော်ပြောကြားသွားသည်။ ချတ်ချိုင်း၏ညွှန်ပေါင်း အ စိုး ရ အ ဖွဲ့သစ်သည် ပါလီမန်အောက်လွှတ်တော်တွင် အမတ်နေရာ ၃၅၇ ဦးရှိသည့်အနက် ၂၂၇ နေရာရယူထားသည်။

စင်စစ် ချတ်ချိုင်းနှင့်စစ်ဘက်မှဗိုလ်ချုပ်များအကြား တွင် တစ်နှစ်တာနီးပါးမျှမသင့်မမြတ်ဖြစ်ကာ ရန်လိုမှုများ ရှိနေခဲ့သည်။ ပြဿနာဖြစ်ရခြင်းအကြောင်းရင်းမှာ ချတ်ချိုင်း၏အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးက ထိုစဉ်က ကာကွယ်ရေးဝန်ကြီးဖြစ်သူ ထိုင်းတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချာဗာလစ်ယောင်ချိုင်ယုဒ်နှင့် ၎င်း၏ဇနီးတို့ အနေဖြင့် မရိုးမသားစီးပွားရေးလုပ်ငန်း ဆောင်ရွက်လုပ် ကိုင်ခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့မှုများအပေါ် ချာဗာ လစ်က မကျေမနပ်ဖြစ်ခဲ့သည်။ ယင်းစွပ်စွဲပြောကြားမှုနှင့် ပတ်သက်၍ အဆိုပါဝန်ကြီးအား ဝန်ကြီးချုပ်ချတ်ချိုင်းက တစ်စုံတစ်ရာ အရေးယူမှုမရှိသည့်အခါတွင် အစိုးရအဖွဲ့ အတွင်းမှ ဗိုလ်ချုပ်ကြီးချာဗာလစ် နုံတ်ထွက်ခဲ့သည်။ စစ်ဘက်မှဗိုလ်ချုပ်ကြီးများက ချာဗာလစ်ဘက်မှ ရပ် တည်ခဲ့ကြသည်။ ချတ်ချိုင်းက အဆိုပါ စွပ်စွဲပြော ကြားသည့်ဝန်ကြီးကို ရာထူးမှဖယ်ရှားပစ်မည်ဟု ကတိပေး ကာ ဗိုလ်ချုပ်ကြီးများအား နှစ်သိမ့်ခဲ့သည်။ သို့သော် အဆိုပါဝန်ကြီးအား ရာထူးမှထုတ်မပစ်ဘဲ အဆင့်နိမ့်သည့် ရာထူးသို့ ရွှေပြောင်းလိုက်သည့်အခါ ဗိုလ်ချုပ်ကြီးများ စိတ်ဆိုးမာန်ဆိုးဖြစ်ကြသည်။ တစ်ဖန် ဝန်ကြီးချုပ် ချတ်ချိုင်းက ကာကွယ်ရေးဝန်ကြီးရာထူးကို မိမိကိုယ်တိုင် ရယူစေပြီး ဒုတိယကာကွယ်ရေးဝန်ကြီး နေရာ၌ ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်အား ရွေးချယ်လိုက် သောအခါ စစ်ဘက်၏ သြဇာအာဏာယိုယွင်းမှု လက္ခဏာ တစ်ရပ်ဟု စစ်ဘက်အသိုင်းအဝန်းက မှတ်ယူကြသည်။ အားသစ်နှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်သည့် စစ်ဘက်အရာရှိ များက အားသစ်ကိုကြိုက်နှစ်သက်ခြင်းမရှိဟု ဆိုသည်။ အားသစ်မှာ ပဂ္ဂိုလ်ရေးရည်မှန်းချက် အလွန်ကြီးမားသူ ဖြစ်သည်ဟု မှတ်ယူကြသည်။

စစ်ဘက်အနေဖြင့် ထိုင်းနိုင်ငံ၏နိုင်ငံရေးနှင့် စီးပွား ရေးတွင် အရေးပါသောအခန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည့် အစဉ်အလာ ရှိခဲ့သည်။ သို့သော် ဒီမိုကရက်တစ် နည်းလမ်းများ တိုးတက်ရှင်သန်လာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းများက စက်မှုပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ရွှေတန်းနေရာသို့ တွန်းပို့ လိုက်ပြီးစစ်သားများကို နံဘေးသို့ရောက်ရှိသွားစေသည်။ ဤသို့အားဖြင့် စစ်ဘက်၏သြဇာအာဏာနှင့် ဂုဏ်သိက္ခာ တို့မှာ တိုက်စားခြင်း ခံနေရသည်ဟု စစ်ဘက်အသိုင်း အဝန်းကခံစားရသည်။ ဤအထဲတွင် အစိုးရ၏လုပ်ကိုင် ဆောင်ရွက်မှုအပေါ် လူထုက မကျေနပ်မှုများရှိခဲ့ရာ အာဏာသိမ်းသည့် လမ်းကြောင်းသို့ ရောက်သွားစေခြင်း ဖြစ်သည်။ အာဏာသိမ်းရခြင်းမှာ အစိုးရအဖွဲ့ ခြစားမှု ကြောင့်ဟု အကြောင်းပြသော်လည်း စစ်ဘက်မှအငြိမ်း စား၍ တာဝန်ထမ်းဆောင်ဆဲအရာရှိကြီးများမှာ ပစ္စည်း ဥစ္စာအမြောက်အမြား ကြွယ်ဝချမ်းသာမှု ရှိကြသည်ဟု ထိုင်းနိုင်ငံအတွင်း ပြောကြားမှုများ ရှိနေသည်။ စစ်ဘက်အရာရှိကြီးများသည် အထူးအခွင့်အရေး ရှိသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်များ ရရှိနေကြသည်ဟု အများကယုံကြည်ကြသည်။ သို့ဖြစ်ရာ အာဏာသိမ်း ရခြင်း၏ အကြောင်းပြချက်ကို အချို့လူများက လက် မခံကြပေ။

အာဏာသိမ်းမှုဖြစ်တိုင်း အများ၏အာရုံစူးစိုက်မှုမှာ ထိုင်းဘုရင်ထံသို့ ရောက်ရှိသွားသည်။ အကြောင်းမှာ ထိုင်းနိုင်ငံ၏ အလေးအမြတ်ထားခြင်းခံရသည့် ဘုရင် ဘူမိဘောအဒူလျာဒက်(ဂျ်)သည် အာဏာသိမ်းမှုအခြေ အနေမှ ပုံမှန်အခြေအနေသို့ အမြန်ဆုံးချောချောမွေ့မွေ့ ပြန်လည်ရောက်ရှိအောင် ကူညီဆောင်ရွက်နိုင်သူ ဖြစ် သောကြောင့် ဖြစ်သည်။ ဘုရင်၏ ကြားဝင်မှုဖြင့် အာဏာသိမ်းမှုကို ဟန့်တားနိုင်ခဲ့သည့် သာဓကများ အတိတ်ကရှိခဲ့ပြီး ဖြစ်သည်။ ထိုင်းဘုရင်ကိုယ်တိုင်ကပင် စစ်ဘက်မှအာဏာကိုအားစမ်းသည့်သဘောဖြင့် အလှည့် အပြောင်း ကစားလိုသည့် လုပ်ရပ်များကို ဆန့်ကျင် သည်ဟု အများကသိရှိထားသည်။ ဘုရင်၏ထောက်ခံမှု မရရှိဘဲ အာဏာသိမ်းသူများ အနေဖြင့် အာဏာကို ရေရှည်ဆုပ်ကိုင်ထားနိုင်ခြင်း မရှိချေ။

ယခုအကြိမ် အာဏာသိမ်းရာတွင်မူ ထိုင်းဘုရင် အနေဖြင့် စစ်ဘက်ဗိုလ်ချုပ်ကြီးများဘက်မှ ရပ်တည်ပုံ ပေါ်သည်။ ထိုင်းဘုရင်မင်းမြတ်သည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစွန်သွန်ကွန် ဆွန်ပေါင်ကို အမျိုးသားငြိမ်းချမ်းမှု ထိန်သိမ်းရေးကွပ် ကဲမှုကောင်စီ(အင်ပီစီ)၏ ခေါင်းဆောင်အဖြစ် ခန့်အပ် လိုက်ရာ ထိုင်းအစိုးရသစ်မှာ တရားဝင်အဖြစ် ရောက်ရှိ သွားစေသည်။ ထိုင်းဘုရင်မင်းမြတ်က ချတ်ချိုင်းအစိုးရ အဖွဲ့ကိုလည်း တည်ငြိမ်မှုနှင့် လူထုယုံကြည်ကိုးစားမှုကို ထိန်းသိမ်းရန် ပျက်ကွက်သည့်အတွက် ပြစ်တင်ဝေဖန် လိုက်သည်။ ထို့ပြင် ဒီမိုကရေစီ ပြန်လည်တည်ဆောက် ပေးမည့် ကတိကဝတ်များကို လေးစားလိုက်နာရန်နှင့် ပြည်သူလူထုအားမလှည့်စားရန် - ဗိုလ်ချုပ်ကြီးများအား ထိုင်းဘုရင်က သတိပေးပြောကြားသည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးစွန်သွန်ကွန် ဆွန်ပေါင်ကလည်း ယာယီအစိုးရ ဖွဲ့စည်းရေးကိစ္စကို မကြာမီကြေညာမည်ဖြစ်ကြောင်း၊ ယာယီအစိုးရအဖွဲ့တွင် စစ်ဘက်မှ ကြီးစိုးထားမည်မဟုတ်ကြောင်း၊ စစ်အစိုးရ အနေဖြင့် ယာယီအစိုးရအတွက် အကြံပေးအဖွဲ့ အဖြစ်သာရှိနေမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးသည်



ပြုတ်ကျသွားသော၀န်ကြီးချုပ်ဟောင်း ချတ်ချိုင်း (ဝဲစွန်)၊ အာဏာသိမ်း စစ်ဘက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စွန်သွန်ကွန်ဆွန်ပေါင် (အလယ်)နှင့် ကြားဖြတ်အစိုးရအဖွဲ့၀န်ကြီးချုပ် အာနန်

နှင့် ယင်းယာယီအစိုးရသည် ဖျက်ပြယ်သွားမည် ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်း ပေါ်သို့ ဖြစ်နိုင်သမျှ အစောဆုံး ပြန်ရောက်စေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထိုင်းစစ်ဘက်အစိုးရက ပြုတ်ချခံခဲ့ရသည့် အစိုးရ ပေါင်း၏ အဂတိလိုက်စားခဲ့မှုများကို စုံစမ်းစစ်ဆေးရေး အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးလိုက်သည်။ ထိုင်းအစိုးရဟောင်းမှ၀န်ကြီးအများအပြားသည် အခြေခံ အဆောက်အအုံစီမံကိန်းများ၌ ပါ၀င်ပတ်သက်မှု ရှိနေကြ သည်ဟုလည်း စစ်ဘက်အစိုးရကပြောကြားသည်။ ကန်ထ ရိုက် ရသူများက လာဘ်ပေးကြသည်ဟု ဆိုသည်။ ထိုင်း စစ်အစိုးရ၏အမိန့်ညွှန်ကြားချက်များအရ ဘဏ်များသည် ပြုတ်ကျသွားသော အစိုးရအဖွဲ့ ၀န်ကြီးများ၏ ပိုင်ဆိုင်မှု များကို စိစစ်ခဲ့သည်။ ပြုတ်ကျသွားသော အစိုးရအဖွဲ့မှ ၀န်ကြီးဟောင်းနှင့် ဒုတိယ၀န်ကြီးဟောင်း ၂၂ ဦးတို့၏ ပိုင်ဆိုင်မှုများကို လည်းကောင်း၊ ထိုင်းနိုင်ငံ အစုရှယ် ယာစျေးကွက်၌ ၎င်းတို့၏ပိုင်ဆိုင်မှုများကို လည်းကောင်း စိစစ်ခဲ့သည်။ ချတ်ချိုင်းမှာမူ စစ်ဆေးခံရမည့်သူများ စာရင်းတွင် မပါ၀င်ဟု သတင်းစာများက ဖော်ပြသည်။

ထိုင်းအာဏာသိမ်း စစ်အစိုးရအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြင်ဆင်ရေးဆွဲခြင်းနှင့် အထွေထွေ ရွေးကောက်ပွဲများကို ခြောက်လအတွင်း ကျင်းပပေးရန် ရည်ရွယ်ပေသည်။ ရွေးကောက်ပွဲမတိုင်မီ ကြားဖြတ် အိမ်စောင့်အစိုးရ ဖွဲ့စည်းပေးလိုသည့်ဆန္ဒလည်း ရှိပေ သည်။ ဤသို့ဖြင့် စစ်အစိုးရ၏ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိုင်းဘုရင်မင်းမြတ်က မတ်လ ၁ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။ အဆိုပါ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအား စစ်ခေါင်းဆောင်တို့ အာဏာသိမ်း ယူစဉ်က ဖျက်သိမ်းခဲ့သည့် ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏နေရာတွင် အစားထိုးသွားမည် ဖြစ်သည်။

ထိုင်းနိုင်ငံရွေးကောက်ပွဲများကို ကြီးကြပ် နိုင် ရန် အတွက် ဖွဲ့စည်းမည့် ကြားဖြတ်အစိုးရအဖွဲ့၏ ၀န်ကြီး ချုပ်အမည်ကို စစ်ဘက်အစိုးရက မတ်လ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ၀န်ကြီးချုပ်အဖြစ်ရွေးချယ်ခံရ သူမှာ အောင်မြင်ကျော်ကြား လူသိများသော စီးပွား ရေး လုပ်ငန်းရှင်နှင့် သံတမန်ဟောင်းတစ်ဦးဖြစ်သော အသက် ၅၈ နှစ်ရှိ အာနန်ပန်ယာရာချွန်ဆိုသူ ဖြစ်သည်။ ၎င်းအား ၀န်ကြီးချုပ်အဖြစ် လျာထားရွေးချယ်ရာတွင် ထိုင်းဘုရင်မင်းမြတ်၏ ထောက်ခံ အတည်ပြု ချက် ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အာနန်က ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ်အချို့ပေါ် ၎င်းအနေဖြင့် လက်ခံနိုင်ဖွယ်ရာ မရှိကြောင်း၊ ယာယီဖွဲ့စည်းပုံအခြေခံ ဥပဒေ အစိတ်အပိုင်းအချို့၌ အစိုးရသစ်ကို စစ်ဘက်က ထိန်းချုပ်သွားမည်ဟု ဖော်ပြပါရှိကြောင်း၊ ပြည်သူများ အနေဖြင့် စစ်တပ်ကကြီးစိုးထားလိမ့်မည်ဟု အမြင် မပေါက်စေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထိုင်းနိုင်ငံကြားဖြတ်အစိုးရအဖွဲ့ကို မတ်လ ၆ ရက် နေ့တွင် ဖွဲ့စည်းပေးခဲ့ရာ အစိုးရအဖွဲ့သစ်တွင် ၀န်ကြီး ချုပ်မပါ ၀န်ကြီး ၃၄ ဦး ပါ၀င်သည်။ ယင်းတို့အနက် ၅စ်ဦးမှာ စစ်ဘက်မှပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ကာကွယ် ရေး ၀န်ကြီးဌာနနှင့် ပြည်ထဲရေး၀န်ကြီးဌာန ရာထူး နေရာများကို စစ်ဘက်က ရယူထားသည်။ ဖမ်းဆီး

ထိန်းသိမ်းထားသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ချတ်ချိုင်းကိုလည်း စစ်ဘက်ဆိုင်ရာတို့က မတ်လ ၉ ရက် နေ့တွင် ပြန်လွှတ်ပေးလိုက်သည်။ ချတ်ချိုင်းအနေဖြင့် နိုင်ငံရေးလောကမှ အနားယူတော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ဝန်ကြီးချုပ်အာနန်ဦးဆောင်သည့်ကြားဖြတ်အစိုးရ အဖွဲ့သည် ထိုင်းနိုင်ငံ၏စီးပွားရေးစနစ်ကို ဈေးကွက်အခြေခံ စီးပွားရေးစနစ်အတိုင်း ဆက်လက်ကျင့်သုံးစေသည်။ ထိုင်းနိုင်ငံတွင် ယင်းသို့ ဈေးကွက်အခြေခံစီးပွားရေး စနစ်ကို ကျင့်သုံးခဲ့ရာမှ ၁၉၇၇ ခုနှစ်မှစ၍ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၁၀ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်။ ဒေ့ကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း ယခင်အတိုင်း ဆက်လက်ထားရှိစေသည်။ ပင်လယ်ကွေ့စစ်ကြောင့် ထိုင်းနိုင်ငံသို့ ကမ္ဘာအရပ်ရပ်မှ အလည်အပတ်လာရောက်သည့် ဧည့်သည် အရေအတွက်သည် ၃၀ ရာခိုင်နှုန်းခန့်ကျဆင်းသွားပြီး နိုင်ငံ၏စီးပွားရေး တစ်ခုလုံးကို ထိခိုက်စေခဲ့သည်။

ဝန်ကြီးချုပ်အာနန်၏ ကြားဖြတ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်မှာ ၁၉၉၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ပေးရေး ဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများပါဝင်သော ၎င်း၏ အစိုးရအဖွဲ့က ထိုင်းဥပဒေပြုလွှတ်တော်သို့ ဥပဒေကြမ်းတစ်ရပ် တင်သွင်း ခဲ့သည်။ ယင်းဥပဒေကြမ်းတွင် ထိုင်းအစိုးရစီမံအုပ်ချုပ်မှုသမိုင်း၌ အကျယ်ပြန့်ဆုံး ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရေးအစီအစဉ်များ ပါဝင်သည်။ အထက်ပါအစီအစဉ်သည် ထိုင်းနိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားစည်ပင်လာစေရေးအတွက် ဗဟိုချုပ်ကိုင်မှု အာဏာလျော့ချဖြန့်ဝေရေး ကြိုးပမ်းရာ၌ ပထမဆုံး ဖြစ်သည်ဟု ဆိုသည်။

ဤသို့ဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို အာဏာသိမ်း ခေါင်းဆောင်တို့ ရွေးချယ်ခန့်ထားသော ကော်မတီတစ်ရပ်က ရေးဆွဲခဲ့ရာ ယင်းဖွဲ့စည်းပုံမူကြမ်းကို စစ်ဘက်မှလွှမ်းမိုးထားသော ထိုင်းပါလီမန်က ဩဂုတ်လ ၂၀ ရက်နေ့တွင် ကန့်ကွက်သူမရှိဖြင့် ပဏာမသဘောတူအတည်ပြုလိုက်သည်။ အဆိုပါ ဖွဲ့စည်းပုံမူကြမ်းနှင့်ပတ်သက်၍ ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့သည်။ မူကြမ်း၌ အထက်လွှတ်တော်ကို အာဏာလွှန်ကဲစွာပေးထားပြီး ရွေးချယ်တင်မြှောက်ခံရသူ မဟုတ်သူတစ်ဦးကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခွင့်ပါ ပေးထားသည်ဟုဆိုသည်။ သို့ဖြစ်ရာ အဆိုပါဥပဒေမူကြမ်းသည် ဒီမိုကရေစီနည်းမကျ အာဏာရှင်အုပ်ချုပ်ရေးကာလဆီသို့ နောက်ပြန်ဆွဲနေသည်ဟု ဝေဖန်ပြောကြားကြသည်။ အထွေထွေရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းတွင် တပ်မတော်က ဆက်လက်ထိန်းချုပ်ခွင့်ရရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်သည်ဟုလည်း ဝေဖန်ကြသည်။

ယင်းသို့ဝေဖန်မှုများ ထွက်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအပေါ် ထိုင်းလွှတ်တော်က ပြုပြင်ပြင်ဆင်သွားမည်ဟု နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြင်ဆင်မှုပြုလုပ်ခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို ထိုင်းပါလီမန်က ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။

တပ်မတော်အစိုးရဖြစ်သော အမျိုးသား ငြိမ်းချမ်းမှု ထိန်းသိမ်းရေးကော်မတီ (အင်ပီကေစီ) သည် ဖွဲ့စည်းပုံအသစ်အရ အထက်လွှတ်တော်အမတ် ၂၇၀ ကို ရွေးချယ်ခန့်အပ်ပိုင်ခွင့် ရရှိစေမည်ဖြစ်သည်။ ယင်း အထက်လွှတ်တော်သည် အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုတင်သွင်းဖြုတ်ချပိုင်ခွင့် ရရှိစေမည်ဖြစ်သည်။ ပါလီမန်တွင် အမတ် ၃၆၀ ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲများကို ၁၉၉၂ ခုနှစ် မတ်လကုန်ပိုင်းလောက်တွင် ကျင်းပရန် မျှော်လင့်ရသည်။

ဒဂုန် မြတ်လေးနွယ် (ခရစ် ၁၉၁၁–၁၉၉၁)။ ။ လွတ်လပ်ရေး မော်ကွန်းဝင် (ပတမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)ရ စာပေလောကတွင် ဒဂုန် မြတ်လေးနွယ် ကလောင်အမည်ဖြင့် ထင်ရှားခဲ့သော ဗိုလ်မှူးဒေးငဲ့ (အငြိမ်းစား) ကို ၁၉၁၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့၌ အဖဦးမြဲ အမိ ဒေါ်စောရင်တို့က ပဲခူးတိုင်း မင်းလှမြို့တွင် မွေးဖွားသည်။ ရန်ကုန်မြို့ အိုးဘိုရပ်တွင် ကြီးပြင်းခဲ့သည်။ ကြည့်မြင်တိုင် အောဘီအမ်ကျောင်းတွင် မူလတန်းပညာ၊ အမျိုးသား အထက်တန်းကျောင်း (ယခု အထက ၁ လမ်းမတော်)တွင် အထက်တန်းပညာများ သင်ကြားခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားပြီး ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ် အားကစား လောကတွင် ပြေးခုန်ပစ်၊ ဘောလုံးတို့ဖြင့် နာမည်ရခဲ့သည်။ တက္ကသိုလ် ဘောလုံးအသင်း၏ ပထမ လက်ရွေးစင် ၁၀ ယောက်တွင် ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တက္ကသိုလ် ကျောင်းသားသပိတ်တွင် သပိတ်မှောက် ကျောင်းသား ဧည့်ခံကြိုဆိုရေး အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

အထက်တန်း ကျောင်းသားဘဝမှာပင် အားကစားနှင့် စာပေကို ဝါသနာပါခဲ့သည့်အလျောက် 'ဒဂုန် မြတ်လေးနွယ်' ကလောင်အမည်ခံယူကာ ဒဂုန်မဂ္ဂဇင်း၊



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ
စာရေးဆရာကြီး
ဒဂုန်မြတ်လေးနွယ်

ဘက္ကသိုလ်ကျောင်းတိုက် မဂ္ဂင်းနှင့် ဂန္ဓလောကမဂ္ဂင်း တို့တွင် ကဗျာနှင့်ဝတ္ထုများ ရေးခဲ့သည်။ 'ခရေနှင့် နှင်းဆီ' လုံးချင်းဝတ္ထုမှာ ထင်ရှားခဲ့သည်။

၁၉၃၇ ခုနှစ်တွင် မန္တလေးရဲဆပ်ကျောင်းသို့ တက်ခဲ့ပြီး ရာဇဝတ်အုပ် (S.I.P) အဖြစ် တာဝန်ထမ်းဆောင်သည်။ ရဲတပ်ဖွဲ့ (ပုလိပ်ကြီး) ဘောလုံးအသင်းတွင် ဘောလုံးကစားခဲ့သည်။ ရဲတပ်ဖွဲ့မှ နုတ်ထွက်ခဲ့ပြီး လူငယ်များ စာရိတ္တပြုပြင်ရေးဂေဟာတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းခဲ့သည်။ ထို့နောက် မေမြို့ ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ဘုရင့် ခန့်အပ်လွှာ (King's Commission) ဖြင့် ၁၉၄၀ ပြည့်နှစ်တွင် ဒုတိယဗိုလ် ဖြစ်ခဲ့သည်။

ဒုတိယ ကမ္ပာစစ် ဖြစ်လာသောအခါ စစ်တပ်ကြီး ချီတက်ရာသို့ လိုက်ပါရပြီး မြစ်ကြီးနား အရောက်တွင် ကျန်နေခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းသည့်အခါ ဗိုလ်အဖြစ် ဝင်ရောက်အမှုထမ်းသည်။

၁၉၄၄ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် ကျပန်ပြည်သို့တဲ့ဖက် စစ်သံမှူးအဖြစ် စေလွှတ်ခြင်း ခံရသည်။ ဗိုလ်မှူးအေးငွေသည် ဒုတိယ ကမ္ပာစစ်ကြီး ဖြစ်ပွားနေစဉ် ကျပန်ပြည်၌ ရှိနေခဲ့သည်။ ကျပန်မှ ပြန်လာပြီးနောက် စစ်ဝန်ကြီးရုံးတွင်လည်းကောင်း၊ တပ်ရင်း ၆၊ တပ်ခွဲ ၄ ၏ တပ်ခွဲမှူးအဖြစ် လည်းကောင်း၊ စက်မှုလက်မှု တပ်ရင်း ၁ ၏ ဒု-တပ်ရင်းမှူးအဖြစ် လည်းကောင်း၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ တပ်ရင်း ၁ ၏ တပ်ရင်းမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းခဲ့သည်။

ဗိုလ်မှူးအေးငွေသည် ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ် အထိ သြစတြေးလျနိုင်ငံသို့ ဗိုလ်မှူးအဆင့်ဖြင့် စစ်သံမှူးအဖြစ် သွားရောက် တာဝန် ထမ်းဆောင်ခဲ့ရပြန်သည်။ ထို့နောက် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ဗိုလ်မှူးအေးငွေသည် ၁၉၅၇ ခုနှစ်တွင် ဒေါ်ဖြူဖြူနှင့် လက်ထပ်ခဲ့ပြီး သားသမီး ခြောက်ယောက် ထွန်းကားခဲ့သည်။

ဗိုလ်မှူးအေးငွေသည် ပြည်သူ့ဖိနပ်စက်ရုံ (Burma Shoes) (ယခု တပ်မတော် ဖိနပ်စက်ရုံ) တွင်လည်း ကောင်း၊ ကုန်သွယ်ရေး ဝန်ကြီးဌာနတွင်လည်းကောင်း၊ တရားသူကြီးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကုန်သွယ်ရေး ၄ (ယခု စားဖေျာ်) အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၆၈ မှ ၁၉၇၃ ခုနှစ်အထိ မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်း ဟောင်းများ အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြည့်မြင်တိုင်မှိုနယ်၊ စစ်မှုထမ်းဟောင်းများအဖွဲ့ နာယကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေ အနုပညာနှင့် ပတ်သက်၍ 'ခရေနှင့် နှင်းဆီ' လုံးချင်းဝတ္ထု၊ သမိုင်းတစ်ကွေ့ ဖြစ်ရပ်မှတ်တမ်းစာအုပ်များကို ရေးသားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းကို စတင်တည်ထောင်ခဲ့သူ ဖြစ်သည်။ ပြည်သူ့ရဲဘော်ဂျာနယ်တွင်အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ စစ်ပြန်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်မှ ကွယ်လွန်ချိန်အထိ ဦးစီးနာယက အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ စစ်ပြန်မဂ္ဂဇင်းတွင် ဝတ္ထု ဆောင်းပါးများစွာ ရေးသားခဲ့ပြီး 'အရှေ့မှအရှေ့သို့' အခန်းဆက် ဆောင်းပါးရှည်ကြီးကို အငြိမ်းစား ဗိုလ်မှူးအေးငွေ ကလောင်အမည်ဖြင့် ရေးခဲ့သည်။ ရုပ်ရှင် ဇာတ်ညွှန်းပေါင်းများစွာကိုလည်း ရေးသားခဲ့ပြီး ယင်းတို့အနက် မြားနတ်မောင် ရုပ်ရှင် ဇာတ်ညွှန်းမှာ ထင်ရှားသည်။ ထို့ပြင် တိုးတက်ရေး ရုပ်ရှင်မှ 'တစ်နေ့ဝင်သော်' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

စာပေလောကတွင် ဒဂုန်မြတ်လေးနွယ်ဟု ထင်ရှားခဲ့သော ဗိုလ်မှူးအေးငွေ (အငြိမ်းစား)သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

နိဝေါနိုင်ငံ။ ။ နိဝေါနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဒီမိုကရေစီတောင်းဆိုသော လူထုဆန္ဒပြပွဲများ စတင်ဖြစ်ပွားခဲ့ရာ ထိုနေ့ကို "ဒီမိုကရေစီနေ့" ဟု လူထုက သတ်မှတ်ခဲ့သည်။ ထိုနေ့မှာ နိဝေါဘုရင်ကြီး ထရီဟူဗန်အား ရည်စူး၍ရုံးပိတ်သောနေ့ဖြစ်သည်။ ထိုနေ့က နိဝေါနိုင်ငံခတ္တမန္ဒုမြို့တော်၏ လမ်းသစ်လမ်းမကြီးပေါ်တွင် ပြည်သူ တစ်သောင်းငါးထောင်ခန့်က ဘုရင်ကြီးထရီဟူဗန်၏မြေး ဘုရင်ဘီရင်ဒရာအား ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။ အတိုက်အခံအင်အားစုများက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အထွေထွေသပိတ်မှောက်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် နိဝေါရွှေနေ ၁,၀၀၀ ကျော်တို့က ကန့်ကွက်ဆန္ဒပြပွဲများကိုထောက်ခံသည့်အနေဖြင့် ၂၄ နာရီကြာ သပိတ်မှောက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၄၉၊ ၂၅၀ — ရှု။)

ထို့ကြောင့်ဘုရင်က နိပေါကွန်ကရက်ပါတီ အကြီးအကဲ ဂျာနက်ရှ်မန်းဆင်းနှင့်တိုင်ပင်၍ ပါတီဥက္ကဋ္ဌကြီး ဘက်တာရိုင်းကို ဝန်ကြီးချုပ် အဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီး ၁၁ ဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက်လည်း ဆောင်ရွက်စေခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်တွင် နိပေါကွန်ဂရက်ပါတီမှ သုံးဦး၊ လက်ဝဲညီညွတ်ရေးတပ်ဦးမှသုံးဦး၊ လူအခွင့်အရေးလှုပ်ရှားမှုအဖွဲ့မှနှစ်ဦးနှင့် ဘုရင်ကခန့်ထားသူနှစ်ဦးတို့ပါဝင်သည်။ ထို့နောက်ဘုရင်က ဝန်ကြီးများကောင်စီနှင့် တိုင်ပင်၍ ရက် ၉၀ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် ဒေသအသီးသီးသို့ ကိုယ်စားလှယ်များစေလွှတ်၍ ပြည်သူ့ဆန္ဒ ခံယူခဲ့သည်။

ပြည်သူလူထု၏ သဘောထားကို ရယူပြီးနောက် ကော်မရှင်ဥက္ကဋ္ဌသည် ဒီမိုကရေစီအာမခံချက်အပြည့်အဝ ရှိပြီး အချုပ်အခြာအာဏာကို ပြည်သူတို့ထံ လွှဲအပ်နိုင်မည့် ဖွဲ့စည်းပုံမူကြမ်းကို ရေးဆွဲကာ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဘုရင့်ထံ တင်ပြခဲ့သည်။ ဘုရင်ကလည်း ချက်ချင်းပင် ဝန်ကြီးများကောင်စီသို့ လွှဲအပ်၍ ကောင်စီက အတည်ပြုပြီးနောက် ဘုရင့်ထံ ပြန်လည်တင်ပြလိုက်လေသည်။ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိပေါ ဘုရင်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင်စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးမည်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်၊ အချုပ်အခြာ အာဏာသည် ပြည်သူ လက်ဝယ်၌သာရှိရမည်၊ လူအခွင့်အရေးနှင့်အခြေခံလွှတ်လပ်ခွင့်များရှိရမည်၊ စစ်တပ်သည် အရပ်သား အစိုးရလက်အောက်တွင်သာရှိရမည် စသည်ဖြင့်ပါရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်နှစ်ရပ်ရှိပြီး အထက်လွှတ်တော်တွင် အမတ် ၆၀ ပါဝင်၍ အောက်လွှတ်တော်တွင်အမတ် ၂၀၅ ဦးပါဝင်ရမည်ဖြစ်သည်။ ဘုရင်သည် အရေးပေါ်အာဏာကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ကျင့်သုံးနိုင်ခွင့်ရှိသည်။

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလက စတင်ပေါက်ဖွားလာခဲ့သည့် "ဒီမိုကရေစီနွေ" နှစ်ပတ်လည်နေ့အတွက် နိပေါဘုရင် ဘီရင်ဒရာက အသံလွှင့်မိန့်ခွန်းပြောကြားရာတွင် တရားဝင်အသစ်ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများအနေဖြင့် တရားမျှတသော ရွေးကောက်ပွဲနှင့် လွှတ်လပ်စွာပြောဆို ပိုင်ခွင့်ဆိုင်ရာ ဒီမိုကရက်တစ်ကျင့်စဉ်များကို လေးစားလိုက်နာရန် တိုက်တွန်းပြောကြားခဲ့သည်။ ဘုရင်၏ မိန့်ခွန်းမှာ စည်းမျဉ်းခံဘုရင်စနစ်ကိုရောက်သွားစေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား လွှန်ခဲ့သည့်နှစ် နိုဝင်ဘာလက အတည်ပြု ပြဋ္ဌာန်းပြီးနောက်ပိုင်း ပထမဆုံးပြောကြားသော မိန့်ခွန်းဖြစ်သည်။

ရွေးကောက်ပွဲများကိုမေလတွင်ကျင်းပရန် သတ်မှတ်ထားခဲ့ရာ ပါဝင်ယှဉ်ပြိုင်အရွေးခံကြမည့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးလှုပ်ရှားခဲ့ကြသည်။ တစ်ဘက်တွင် ကျင်းပရန် ကတိပြုထားသည့် ရွေးကောက်ပွဲကိုပျက်ပြားသွားအောင် နိပေါဘုရင်ကကြားဝင်ဟန့်တားလိမ့်မည်ဟူသည့် ကောလဟလများ ထွက်ပေါ်ခဲ့ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းကောလဟလများမဟုတ်မမှန်ကြောင်း ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ခရစ်ရှနား ပရာဆတ် ဘက်တာရိုင်းက ဧပြီလ ၁၆ ရက်နေ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ကာကွယ်ပြောကြားခဲ့သည်။ နိပေါနိုင်ငံတွင်တစ်ခုတည်းသော ပါတီစုံရွေးကောက်ပွဲကို လွှန်ခဲ့သည့် ၁၉၅၉ ခုနှစ်က ကျင်းပခဲ့ရာ နိပေါကွန်ဂရက်ပါတီက အပြတ်အသတ် အောင်ပွဲခံခဲ့သည်။ အစိုးရသက်တမ်း ၂၁ လ အကြာ ၁၉၆၀ ပြည့်နှစ်တွင် ဘီရင်ဒရာ၏ ခမည်းတော် ဘုရင်မဟိန္ဒရာက အစိုးရအဖွဲ့ကို ဖြုတ်ချပြီး နိပေါကွန်ဂရက်ပါတီ ခေါင်းဆောင် အများအပြားကို အကျဉ်းချထားခဲ့သည်။ နိုင်ငံရေးပါတီများကိုလည်း ပိတ်ပင်တားမြစ်ခဲ့သည်။ နိပေါနိုင်ငံရေးသမားများအနေဖြင့် ယင်းဖြစ်ရပ်ကိုယနေ့တိုင်အမှတ်ရလျက်ရှိနေကြသေးရာ ဘုရင်ဘီရင်ဒရာကလည်း အလားတူ ပြုမူကောင်းပြုမူမည်ကို စိုးရိမ်ပူပန်ကြခြင်း ဖြစ်သည်။

ဤသို့ဖြင့် ၁၉၉၁ ခုနှစ် မေလ ၁၂ ရက်နေ့တွင် နိပေါနိုင်ငံ၏ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ လူဦးရေ ၁၉ သန်းနီးပါးအနက် ၁၁ သန်းကျော် မဲဆန္ဒ ပေးခဲ့ကြသည်။ မဲအားလုံးရေတွက်ပြီးသောအခါ နိပေါကွန်ဂရက်ပါတီကိုယ်စားလှယ်များက အနိုင်ရရှိသွားသည်။ အမတ်နေရာ ၂၀၅ နေရာရှိသည့် မူဝါဒရေးရာအဆုံးအဖြတ်ပေးမည့် အောက်လွှတ်တော်တွင် လစ်ဘရယ်နိပေါကွန်ဂရက်ပါတီက ၁၁၀ နေရာ၊ ကွန်မြူနစ် မဟာမိတ် အဖွဲ့က ၇၂ နေရာနှင့် အခြားပါတီများက ၁၃ နေရာ အသီးသီး အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ လစ်ဘရယ်နိပေါကွန်ဂရက်ပါတီသည် အမတ်နေရာအများစုအနည်းငယ်သာရှိသဖြင့် လွှတ်တော်တွင် ကွန်မြူနစ်မဟာမိတ်အဖွဲ့၏ အင်အားကြီးမားသော အတိုက်အခံပြုမူများနှင့် ကြုံတွေ့နိုင်စရာ ရှိနေပေသည်။

ရွေးကောက်ပွဲတွင် လစ်ဘရယ် နိပေါ ကွန်ဂရက်ပါတီ



ရွေးကောက်ပွဲတွင်အနိုင်ရရှိသွားသော လစ်ဘရယ်နီပေါကွန်ဂရက်ပါတီ အောင်ပွဲခံနေစဉ်

အောင်ပွဲခံခဲ့သည့်တိုင်အောင် ယင်းပါတီ၏ခေါင်းဆောင်နှင့် ကြားဖြတ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖြစ်သူ ခရစ်ရှနား ပရာဆတ် ဘက်တာရိုင်းမှာ ခတ္တမန္ဒုမြို့ မဲဆန္ဒနယ်တွင် ယူနိုက်တက်မတ်စ် လီနင်ဝါဒီပါတီ (ယူအမ်အယ်) မှ ပြိုင်ဘက် ကိုယ် စား လှယ် လောင်း အား ရှုံးနိမ့်သွားခဲ့သည်။ သို့ဖြစ်ရာ ဘက်တာရိုင်းသည် မေလ ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ် အ ဖြစ် မှ နုတ် တွက် ခဲ့ သည်။ ဘက်တာရိုင်းက နီပေါ ကွန်ဂရက် ပါတီ ခေါင်းဆောင် အဖြစ်မှလည်း နုတ်ထွက်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘုရင် ဘီရင်ဒရာက ဘက်တာရိုင်း၏ နုတ်တွက်လွှာကို လက်ခံပြီး အစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးသည် အထိ ကြားဖြတ် အစိုးရ ဝန်ကြီးချုပ်အဖြစ် ဆက်လက် ထမ်း ဆောင်ရန် ပန်ကြားခဲ့သည်။

နီပေါ ကွန် ဂ ရက် ပါတီက နုတ် ထွက် သွား သော ဘက်တာရိုင်း၏နေရာတွင် ပါတီ ခေါင်းဆောင်သစ်အဖြစ် အဆွေဆွေအတွင်းရေးမှူးဖြစ်သူ ဂီရီဂျာ ပရာဆတ် ကိုအီရာလာကို တင်မြှောက်ခဲ့ပြီး အစိုးရအဖွဲ့သစ်၏ ဝန်ကြီးချုပ်အဖြစ်လည်း ရွေးချယ်လိုက်သည်။ ယင်းသို့ဖြင့် ဂီရီဂျာ ပရာဆတ် ကိုအီရာလာသည် မေလ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ် အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း နီပေါနိုင်ငံ၏ ဒီမိုကရက်တစ် နည်းလမ်းဖြင့် ပထမဆုံး ရွေးချယ် တင်မြှောက်ခံရသည့် ဝန်ကြီးချုပ် ဖြစ်လာသည်။ ထိုနေ့စောစောပိုင်းကလည်း အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ၎င်း၏ အစိုးရအဖွဲ့ ဘုရင် ဘီရင်ဒရာရွှေမှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ် ကိုအီရာလာသည် နိုင်ငံခြားရေးဝန်ကြီးရာထူးအပါအဝင် ဝန်ကြီးနေရာ ငါးနေရာ လက်ကိုင်ထားသည်။ ဂီရီဂျာ ပရာဆတ် ကိုအီရာလာ၏ အစ်ကိုတော်သူ ဘစ်ရှဝါ ပရာဆတ် ကိုအီရာလာသည် ၁၉၅၉ ခုနှစ်က နီပေါနိုင်ငံ၏ ပါတီစုံရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အဖြစ် ရွေး ချယ် တင် မြှောက် ခံ ခဲ့ရသည်။ ၎င်းသည် ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

အစိုးရအဖွဲ့ပေါ် ပေါက်လာပြီး ပထမဆုံးကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် အစိုးရအဖွဲ့ဝင်များ၏ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုစာရင်းကို ရက်သတ္တမှန်စပတ်အတွင်း တင်ပြရန် ဆုံးဖြတ်ခဲ့သည်။ ယင်းလုပ်ဆောင်မှုမှာ အစိုးရ

အဖွဲ့အဆင့်အား‌လုံးတွင် ခြစား‌မှုမျာ‌းကို ထိန်း‌ချုပ်ရန် အတွက် ဖြစ်သည်ဟု ဆိုသည်။ ဆင်း‌ရဲမွဲတေခြင်း‌မှာ နိုင်ငံရေး‌သမား‌မျာ‌းနှင့် ပြည်သူမျာ‌း၏ ဘုံရန်သူဖြစ်သည်။ နိပေါနိုင်ငံစီး‌ပွား‌ရေး ဖွံ့ဖြိုး‌မှုအတွက် နိုင်ငံရေး ပါတီအား‌လုံး‌က ပူး‌ပေါင်း ဆောင်ရွက်ကြရန် လိုသည်ဟု ဝန်ကြီး‌ချုပ်ကိုအီရာလာက ပြောကြား‌သည်။ နိပေါနိုင်ငံ၏ နှစ်စဉ်တစ်ဦး‌ချင်း‌ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၇၀ သာရှိသည်ဟု အာရှဖွံ့ဖြိုး‌ရေး‌ဘဏ်က ဖော်ပြထာ‌း သည်။

နိပေါဘုရင်ဘီရင်ဒရာနှင့် သူ၏မိသား‌စုအား ပြည်သူ မျာ‌းက ဝေဖန်ခြင်း‌ကိုတား‌မြစ်သော ဥပဒေသစ်တစ်ရပ် ကို ဇွန်လ ၃ ရက်နေ့တွင် ခတ္တမန္တ္ရီမြို့၌ ထုတ်ပြန်ခဲ့သည်။ ဝန်ကြီး‌ချုပ်ဂီရိဂျာ ပရာဆတ် ကိုအီရာလာ၏ အစိုး‌ရက ကြား ဖြတ် အ စိုး ရ ထံ မှ မေ လ နောက် ပိုင်း အာ ဏာ လွှဲပြောင်း‌ယူပြီး‌နောက် ယင်း‌ဥပဒေသစ်ကို ဘုရင် ဘီရင် ဒရာက သဘောတူညီချက် ပေး‌ခဲ့သည်။ ယင်း‌ဥပဒေမှာ ဘုရင်မိသား‌စုတစ်ခုလုံး‌အား ပြည်သူမျာ‌းက ဝေဖန်ခြင်း‌မှ အကာအကွယ်ပေး‌ထာ‌းကြောင်း အစိုး‌ရသတင်း‌စာ၌ ဖော်ပြထာ‌းသည်။

အမတ်ဦး‌ရေ ၂၀၅ နေရာရှိသည့် အောက်လွှတ်တော်က အဖွဲ့ဝင် ၆၀ ဦး‌ပါဝင်သော အမျိုး‌သား‌ကောင်စီဟု ခေါ်ဆိုသည့် အထက်လွှတ်တော် ဖွဲ့စည်း‌နိုင်ရေး‌အတွက် အီလက်တိုရယ်ကော်လိပ်ဟုခေါ်သော ရွေး‌ချယ်ရေး‌အဖွဲ့ကို ဖွဲ့စည်း‌ခဲ့သည်။ ယင်း‌အဖွဲ့က ဇွန်လ ၂၆ ရက်နေ့တွင် အ ထက် လွှတ် တော် အ တွက် ရွေး‌ချယ်တင်မြှောက်ခဲ့ရာ နိပေါကွန်ဂရက်ပါတီက ၃၁ နေရာ၊ အဓိက အတိုက်အခံ ဖြစ်သည့် ယူနိုက်တက်မတ်စ် လီနင်ဝါဒီ ပါတီက ၁၆ နေ ရာ၊ အခြား‌ကွန်မြူနစ်အုပ်စုဖြစ်သည့် ယူနိုက်တက်ပြည်သူ တပ်ဦး‌က နှစ်နေရာ၊ အိန္ဒိယကို လိုလား‌သော ဆတ်ဟာ ဗာနာ (ချစ်ကြည်ရေး) ပါတီက တစ်နေရာ အသီး‌သီး ရရှိခဲ့သည်။ ကျန် ၁၀ နေရာကို နိပေါဘုရင် ဘီရင်ဒရာ က ဇွရွေး‌ချယ်ခန့်အပ်မည် ဖြစ်သည်။ သို့ဖြစ်ရာ အထက် လွှတ်တော်တွင်လည်း နိပေါကွန်ဂရက်ပါတီကပင် နေရာ အမျာ‌းစုကို လွှမ်း‌မိုး‌နိုင်ခဲ့သည်။

နှစ်လတာမျှသာသက်တမ်း‌ရှိသေး‌သည့် နိပေါအစိုး‌ရ အဖွဲ့သစ်သည် ဇူလိုင်လ ၁၅ ရက်နေ့မှ စ၍ ပြည်သူ့ဝန် ထမ်း ၉၀,၀၀၀ ရှိသည့်အနက် ဝန်ထမ်း‌အမျာ‌းအပြား၏ သပိတ်မှောက်ခြင်း‌ကို ကြုံတွေ့ခဲ့ရသည်။ အလုပ်သမား မျာ‌းက လုပ်ခလစာ တိုး‌မြှင့်ပေး‌ရေး‌ကို တောင်း‌ဆိုကြ သည်။ အတိုက်အခံပါတီမျာ‌းကလည်း သပိတ်မှောက်မှု ကို စေ့စပ်ဆွေး‌နွေး‌ခြင်း‌ဖြင့် ဖြေရှင်း‌သင့်သည်ဟု တောင်း ဆိုကြသည်။ နိပေါအစိုး‌ရက အရေး‌ကြီး‌သည့် လုပ်ငန်း ဌာနမျာ‌းကို အနှောင့်အယှက်ဖြစ်စေသည့် သပိတ်မှောက် အလုပ်သမား‌မျာ‌းကို ဖမ်း‌ဆီး‌မည်ဟု သတိပေး‌ခဲ့သည်။

အစိုး‌ရအဖွဲ့မှ တရား‌ဝင် ထုတ်ပြန်သည့် ပြန်တမ်း‌တွင် အရေး‌ကြီး‌သည့် လုပ်ငန်း‌ဌာနမျာ‌းမှ အလုပ်သမား‌မျာ‌း သပိတ်မှောက်မှုမှာ တရား‌မဝင်တော့ကြောင်း၊ အကယ်၍ လိုက်နာခြင်း‌မရှိဘဲ ဆက်လက်၍သပိတ်မှောက်နေမည် ဆို‌ပါက ထောင်ဒဏ် ခြောက်လအထိ အပြစ်ပေး‌နိုင် ကြောင်း ဖော်ပြထာ‌းသည်။

နေပိန္ဒ၊ ဆရာတော်ဘဒ္ဒန္တ၊ တိပိဋ္ဌက ဓရ ဓမ္မ ဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ မဟာဝိသုတာရာမ ဓမ္မဗိမာန် ကျောင်း‌တိုက် (မြန်မာ ၁၂၈၉–၁၃၅၃)။ ။ တိပိဋ္ဌက ဓရ သာသနာ့ အာဇာနည်အဖြစ် ၁၃၂၁ ခုနှစ်တွင် ပေါ်ထွန်း‌ခဲ့သော ဆရာတော်အရှင် နေပိန္ဒကို မကွေး‌တိုင်း၊ မြို့ငြိမ်မြို့နယ်၊ ဘင်း‌က ကျေး‌ရွာတွင် ခမည်း တော် ဦး‌ဘိုး‌တစ်၊ မယ်တော် ဒေါ်ထား‌တုတ်တို့က ၁၂၈၉ ခုနှစ် ပြာသိုလဆုတ် ဂ ရက် စနေနေ့တွင် ဖွား‌မြင်ခဲ့သည်။

မြို့ငြိမ်မြို့နယ် ဂွေး‌ပင်တွင်း‌ရွာ ပေတောကျောင်း‌ဆရာ တော် အရှင်နာရဒထံ၌ ပဉ္စာသင်ယူ၍ ၁၀ နှစ်သား အရွယ်တွင် ရှင်သာမဏေပြု‌ခဲ့သည်။ သာမဏေဘဝမှာ ရှင်နေပိန္ဒဖြစ်သည်။ ၁၅ နှစ်သား‌အရွယ်တွင် မြို့ငြိမ်မြို့ အမျိုး‌သား‌စာပြန်ပဲ့၌ ဝင်ရောက်ပြန်ဆို‌ရာ အောင်မြင်ခဲ့ သည်။ ၁၈ နှစ်သား‌အရွယ်တွင် ပခုက္ကူမြို့ မဟာဝိသု တာရာမကျောင်း‌တိုက်ကြီး‌သို့ ရောက်ရှိခဲ့၍ ၁၃၀၉ ခုနှစ် ဝါဆို‌လဆုတ် ၁ ရက်နေ့တွင် မဟာဝိသုတာရာမတိုက် သိမ်တော်ကြီး‌၌ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ရဟန်း‌အဖြစ်သို့ရောက်တော် မူသည်။ ရဟန်း‌ဒါယကာမှာ ဘကြီး‌တော် ဦး‌ဘိုး‌မြစ်၊ ဒေါ်ဖွား‌ရှင်၊ သမီး‌မခင်ညွှန့်တို့ဖြစ်သည်။

ပါဠိ ပထမပြန်စာမေး‌ပွဲမျာ‌းတွင် ပထမငယ်တန်း၊ ပထမလတ်တန်း‌နှင့် ပထမကြီး‌တန်း‌တို့ကို ဖြေဆို‌အောင် မြင်ခဲ့သည်။ ထို့ပြင် အစိုး‌ရ ဓမ္မာစရိယ စာချတန်း စာမေး‌ပွဲ၌ ကျမ်း‌ရင်း‌သုံး‌ကျမ်း‌နှင့်တကွ ဂုဏ်ထူး‌ဆောင် ခြောက်ကျမ်း‌ကိုပါ တစ်နှစ်တည်း အပြီး‌ဖြေဆို‌အောင် မြင်ခဲ့၍ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိဃောမဏိ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ ၁၃၁၄ ခုနှစ်တွင် တိပိဋ္ဌက ဓရ ရွေး‌ချယ်ရေး‌စာမေး‌ပွဲ၌ ဝိနယပိဋကကို ဝိသိဋ္ဌ မဟာ ဂုဏ်ထူး‌နှစ်ဆင့်ဖြင့် ဖြေဆို‌အောင်မြင်တော်မူခဲ့ သည်။ ၁၃၁၇ ခုနှစ်နှင့် ၁၃၁၈ ခုနှစ်မျာ‌းတွင် သုတ္တန္တ ပိဋကက ဒီဃနိကာယ်သုံး‌ကျမ်း‌ကို ဝိသိဋ္ဌဂုဏ်ထူး‌ဖြင့်

ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၁၉ ခုနှစ်မှ ၁၃၂၁ ခုနှစ် များတွင် အဘိဓမ္မာပိဋကကို ဝိသိဋ္ဌဂုဏ်ထူးဖြင့် ဖြေဆို အောင်မြင်ခဲ့၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် တော်ကို ရရှိတော်မူခဲ့သည်။

ဆရာတော် အရှင်နေမိန္ဒသည် ပခုက္ကူမြို့ မဟာဝိသု တာရုမ ကျောင်းတိုက်ကြီးတွင် စာပေပို့ချမှုကိုလည်း ကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပဋိဝိသောဓက တာဝန်ကိုလည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရုမိက ဂဏဝါစက နိကာယ၏ ဂိုဏ်းဝန်ဆောင်တာဝန်ကိုလည်း ကောင်း၊ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဝိနယာ နုဂ္ဂဟအသင်းကြီး၏ နာယက တာဝန်ကိုလည်းကောင်း ထမ်းဆောင်တော်မူခဲ့သည်။ ဆရာတော်သည် ၁၉၉၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူ ခံရရှိ တော်မူခဲ့သည်။ (မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၇–ရှု။)

တိပိဋကဓရ သာသနာ့အာဇာနည် ဖြစ်တော်မူသော အရှင်နေမိန္ဒဆရာတော်သည် ၁၃၅၃ ခုနှစ် နယုန်လပြည့် နေ့တွင် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများ။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်က ပေါ်ပေါက်ခဲ့သော အရေးအခင်းကြောင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ပြီး နိုင်ငံသူနိုင်ငံသားများ အကျိုး အတွက် လက်ငင်းတာဝန်ကြီးလေးရပ်ကို ချမှတ် ထမ်း ဆောင် ခဲ့သည်။ တာဝန်ကြီးလေးရပ်ကို ထမ်းဆောင်နေ စဉ်မှာပင် ခေတ်အဆက်ဆက် သောင်းကျန်းမှုဒဏ်ကို အမျိုးမျိုးခံစားခဲ့ကြရပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ကြ သည့် နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် ဖွံ့ဖြိုး ရေး လုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှစ၍ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၁၉၈၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ခြုံငုံပိုင်းခြား ဖော်ပြရသော် အောက်ပါအတိုင်းဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး တွင် အဓိကကျသည်။ ထို့ကြောင့် ၁၉၈၉ ခုနှစ်မှ ယနေ့ အထိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ သော ဒေသအသီးသီးမှ အဓိက အချက်အချာကျသည့် လမ်းပန်းဆက်သွယ်ရေးအတွက် မြေလမ်း ၃၄၀ ဒသမ ၃ မိုင်၊ ကျောက်ခင်းလမ်း ၄၆ ဒသမ ၇ မိုင်၊ ကတ္တရာ လမ်း ၈ ဒသမ ၉ မိုင်ကို ဖောက်လုပ်ပြီးစီးခဲ့သည်။ စုစုပေါင်း ၃၉၅ ဒသမ ၉ မိုင် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အဆိုပါလမ်းများပေါ်တွင် လိုအပ် သော နေရာအသီးသီး၌ တံတားပေါင်း ၂၁ ခုကို တည်ဆောက်ပေးနိုင်ခဲ့သည်။

လမ်းပန်းသာမက ဆက်သွယ်ရေး လုပ်ငန်းများကို လည်း တဆက်တစပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စာတိုက်များ၊ ကြေးနန်းရုံးများ၊ တယ်လီဖုန်းလိုင်းများကို တည်ဆောက်ပေးနိုင်ခဲ့ခြင်း ကြောင့် နယ်စပ်ဒေသ မြို့၊ ကျေးရွာများမှ ရန်ကုန်သို့ တယ်လီဖုန်းများ ဆက်သွယ်ရရှိနေပြီ ဖြစ်သည်။ ဒေသ တစ်ခုနှင့်တစ်ခု ဆက်သွယ်ရေး လုပ်ငန်းများ ပိုမို ကောင်းမွန်တိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် စစ်ကိုင်း တိုင်း ဒေသများဖြစ်သော ခန္တီး၊ ကလေးတို့တွင်လည်း ကောင်း၊ ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဗန်းမော်တို့ တွင်လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်တို့တွင်လည်းကောင်း၊ ချင်းပြည် နယ် ဟားခါးတို့တွင်လည်းကောင်း ဆက်သွယ်ရေး ဂြိုဟ်တုစခန်းများ ဆောက်လုပ်ပြီးစီးခဲ့သည်။ နယ်စပ် ဒေသဖွံ့ဖြိုးရေးကို စတင်အကောင်အထည်ဖော်ခဲ့သော ၁၉၈၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ထိုကဲ့သို့ ဆက်သွယ် ရေး ဂြိုဟ်တုစခန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သော ကြောင့် မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသများမှ ကြေးနန်းတယ်လီဖုန်းများဖြင့် ဆက်သွယ် သတင်းရယူ ခြင်း လုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ သည့်အပြင် ဂြိုဟ်တုဆက်သွယ်ရေးမှတစ်ဆင့် ရုပ်မြင်သံ ကြား ဖမ်းယူကြည့်ရှုနိုင်ရန်လည်း စီစဉ်ပေးနိုင်ခဲ့သည်။ နယ်စပ်ဒေသများအတွက် ထိုကဲ့သို့ ဆက်သွယ်ရေး ဂြိုဟ်တုစခန်းများ ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်က အမေ ရိကန်ဒေါ်လာ ၃ ဒသမ ၉ သန်းဖိုးနှင့် မြန်မာငွေကျပ် ၃၈ ဒသမ ၃ သန်းဖိုး သုံးစွဲခဲ့သည်။

ဒေသအသီးသီး၏ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း များအတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေး ပမာဏ စုစုပေါင်းသည် ကျပ် ၄၇ သန်းရှိပြီဖြစ်သည်။

ပညာရေးနှင့် ကျန်းမာရေး

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာ သည်နှင့်အမျှ ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒလိုအပ်

ချက်များနှင့်အညီ ၁၉၇၉ ခုနှစ်မှ ၁၉၉၁ မေလအထိ မူလတန်းကျောင်း ၇၈ ကျောင်းကို ဖွင့်လှစ်ပေးပြီး တိုင်းရင်းသား ရင်သွေးငယ်များ၏ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အခြိန်မရွေး ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန် ဆေးရုံ ၁၄ ရုံ၊ ဆေးပေးခန်း ၄၀ ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။ နယ်စပ်ဒေသ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများတွင် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သော ငွေပေါင်းမှာ ၁၇ ဒသမ ၅၂ သန်း ရှိပြီဖြစ်လေသည်။

လျှပ်စစ်မီးရရှိရေး

နယ်စပ်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်သော စွမ်းအင်ရရှိရေး၊ လျှပ်စစ်မီးသွယ်တန်းရေး လုပ်ငန်းများကို နယ်စပ်ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ် မေလအထိ နယ်စပ်ဒေသ ကျေးရွာ ၃၁ ရွာကို လျှပ်စစ်မီးစတင်ပေးနိုင်ပြီဖြစ်သည်။

တိုးတက်လာမည့် လူဦးရေနှင့် သုံးစွဲမှုအင်အားကိုလည်းကောင်း၊ နောင်မကြာမီ ဖြစ်ထွန်းလာမည့် အသေးစားစက်မှုလုပ်ငန်းများကို တွက်ချက်၍ လည်းကောင်း လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်ရရှိရေးကို နယ်စပ်ဒေသနေရာအနှံ့ စမ်းသပ် တိုင်းတာ ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ် ကျေးရွာငါးရွာတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။ အခြို့မြို့ကျေးရွာများတွင် ဒီဇယ်ဆီသုံး မီးစက်များ တပ်ဆင်ပေးပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ရေအားလျှပ်စစ် ရှာဖွေတိုင်းတာမှုများအရ အခြို့ဒေသများတွင် ကီလိုဝပ် ၁၀၀ မှ ၁၅၀၀ အထိ ရရှိနိုင်မည့် အခြေအနေများကို တိုင်းတာရရှိပြီးဖြစ်သည်။ နယ်စပ်ဒေသများတွင် စွမ်းအင်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်က ကျပ်ငွေ ၁၄ ဒသမ ၈၅ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသလေ့လာရေးအစီအစဉ်အရ ကုလသမဂ္ဂအဖွဲ့အစည်းမှ အကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံအစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို စိတ်တိုင်းကျလေ့လာခွင့် ရရှိခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကူညီထောက်ပံ့ပေးရန် ကမ်းလှမ်းလာခဲ့ကြသည်။ ထိုသို့ကမ်းလှမ်းလာရာ အခြို့လုပ်ငန်းများမှာ ချက်ချင်းလက်ငင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများပါရှိသကဲ့သို့ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်သွားရမည့် လုပ်ငန်းများလည်း ပါရှိသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကမ်းလှမ်းလာခဲ့ရာ နိုင်ငံတော်အစိုးရသည် အဆိုပါကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့အစည်းမှာ "နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့" ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းကို ၁၉၉၁ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄/၉၁ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

(က) ဦးအုံးကျော် အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
(ယခု ဝန်ကြီး)
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန။

(ခ) ဗိုလ်မှူးချုပ် သောင်းမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး။

(ဂ) ရဲချုပ် ဦးစံသိန်း အဖွဲ့ဝင်
ရဲချုပ်
ပြည်သူ့ရဲတပ်ဖွဲ့။

(ဃ) ဦးခင်မောင်ရင် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

(င) ဦးအောင်ဖုန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(စ) ဒေါက်တာ ဦးတင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန။

(ဆ) ဦးတင်လှိုင် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

(ဇ) ဦးခင်မြင့် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မွေးမြူရေး အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း။

(ဈ) ဦးမြင့်အောင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန။

(ည) ဒုတိယဗိုလ်မှူးကြီးသိန်းဟန် အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး
များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်
အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး။

(ဋ) ဦးဘသွင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း
များနှင့် စီးပွားရေးဦးစီးဌာန၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှလည်းကောင်း၊ ပြည်ပ နိုင်ငံများရှိ အကူအညီပေးသည့် အဖွဲ့အစည်းများ ထံမှလည်းကောင်း ရရှိနိုင်သည့် အကူအညီများကို လေ့လာစိစစ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီသို့ တင်ပြရန်၊

(ခ) လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများရှိ အကူအညီပေးသည့်အဖွဲ့အစည်းနှင့်ဆက်သွယ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီအထောက်အပံ့များရယူရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများရှိ အကူအညီပေးသည့် အဖွဲ့အစည်းများနှင့်ဆက်သွယ်ရာတွင် ဗဟိုဆက်သွယ်ရာဌာနအဖြစ် ဆောင်ရွက်ရန်၊

(ဃ) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်အကောင်အထည်ဖော်လျက်ရှိသည့် ဦးစီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပြည်ပ အထောက်အကူရယူရေး ကိစ္စရပ်များတွင် ဆက်သွယ်ပူးပေါင်းညှိနှိုင်းရန်၊

(င) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လုပ်ဆောင်ချက်များအား ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ သိရှိစေရန် အတွက် လိုအပ်သည့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ပေးအပ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်၊

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကူအညီပေးရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်မည့် နယ်စပ်ဒေသ ဘက်စုံလယ်ယာဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူထု ဖွံ့ဖြိုးရေးစီမံချက်များအတွက် ပံ့ပိုးကူညီရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။ နယ်စပ်ဒေသ ဘက်စုံလယ်ယာ ဖွံ့ဖြိုးမှုလုပ်ငန်း စီမံချက်အပြင် ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံချက်တစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစီမံချက်နှစ်ခုသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပထမဦးဆုံးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ဖြစ်သည်။ ထိုစီမံချက်များအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကျော် ထည့်ဝင်မည်ဖြစ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူထု ဖွံ့ဖြိုးရေးစီမံချက်သည် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် ပညာရေးနှင့် ကျန်းမာရေးအဆင့်မြင့်မားလာရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့လာစေရေးစသည့် လူထုဖွံ့ဖြိုးရေးစီမံချက်သစ်များအား ဖော်ထုတ်ရေးဆဲ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ဘက်စုံ လယ်ယာဖွံ့ဖြိုးမှုလုပ်ငန်း စီမံချက်မှာ နယ်စပ်ဒေသတွင် သစ်တောနှင့် တဲ့ဖက်သည့် လယ်ယာစိုက်ပျိုးရေး နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် သဟဇာတဖြစ်မည့် စိုက်ပျိုးမှုနည်းလမ်းများကို ရှေ့ပြေးစမ်းသပ်မှုစနစ်ဖြင့် ဆောင်ရွက်လျက် နယ်စပ်ဒေသ ဘက်စုံလယ်ယာ ဖွံ့ဖြိုးတိုးတက်မှုရရှိလာရေးကို ဆောင်ရွက်ရန်ဖြစ်သည်။

ယင်းစီမံချက်များကို ကျိုင်းတုံ အရှေ့ပိုင်းဒေသ

ကိုးကန့်ဒေသနှင့် ဝ ဒေသတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို အထောက်အကူပြုစေမည် ဖြစ်ပေသည်။

နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး

နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရင်း တစ်ဖက်မှ စားဝတ်နေရေး ဖူလုံပြည့်ဝစေရေးကို ရှေ့ရှုပြီး ဘိန်းစိုက်ပျိုးမှု အစားထိုးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက် ရှိသည်။

နယ်စပ်ဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုသည် စားဝတ်နေရေး ပြေလည်စေရေးအတွက် ဘိန်းကို စိုက်ပျိုးလျက် ဝင်ငွေရှာနေကြသည်။ ထို့ကြောင့် တစ်မျိုးသားလုံး လူညှန့်တုံးစေသည့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် မြေယာဖော်ထုတ်ပေးခြင်း၊ လယ်ယာသုံးကိရိယာများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဘိန်းအစားထိုး စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေမည့် လိုအပ်သော ဆည် ၁၆ ဆည် ပြုပြင်တည်ဆောက်ခြင်း၊ ထွန်စက်စခန်း လေးခုဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးခြံ ၁၄ ခြံနှင့် ဒေသခံများ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံလေးခြံ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်သည် ဘိန်း အစားထိုးသီးနှံများ စိုက်ပျိုးရေးအတွက် ငွေကျပ် ၁၄ ဒသမ ၁၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းအတွက် ကျပ် ၁၄ ဒသမ ၂၁ သန်းကို သုံးစွဲဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ၁၉၈၉ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၉၁ ခုနှစ် မေလတွင် နှစ်နှစ်ခန့် ရှိပြီဖြစ်သည်။ ပထမဦးစွာ ကိုးကန့်ဒေသ၊ ကျိုင်းတုံ အရှေ့ခြမ်းဒေသနှင့် 'ဝ' ဒေသရှိ တိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့တည်ဆောက်ရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးစသည့် လူမှု၊ စီးပွား၊ ကျန်းမာ၊ ပညာ ဖွံ့ဖြိုးရေးလုပ်ငန်းစုံကို ဆောင်ရွက်ပေးခဲ့သည်။ ဒေသခံ တိုင်းရင်းသားများကလည်း တက်ညီ လက်ညီ ပါဝင် ပူးပေါင်းလုပ်ကိုင်လာကြခြင်းကြောင့် အောင်မြင်မှုများ ရရှိခဲ့သည်။

ထိုသို့သော အောင်မြင်မှု အတွေ့အကြုံများကို အရင်းခံ၍ ၁၉၉၀ ပြည့်နှစ်တွင် မော်ဖဒေသ၊ ကချင်ပြည်နယ်မြောက်ပိုင်းဒေသ၊ ရှမ်းဒေသ (စိန်ကြော့)၊ ရခိုင်ဒေသနှင့် နာဂဒေသရှိ အချို့ မြို့နယ်များကိုပါ ထပ်မံ တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့သည်။


နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်လုပ်ကိုင်ပေးမှုကို မြင်တွေ့သိရှိလာကြသော ဒေသခံတိုင်းရင်းသားများကလည်း မိမိတို့၏ မဖွံ့ဖြိုးသေးသည့်ဒေသများကိုပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် ရိုးသားစွာ တင်ပြလာခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၁ ခုနှစ်အတွင်း ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းမှ မြို့နယ်အချို့နှင့် ပအိုဝ် တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများကိုပါ ဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံမြောက်ဖက် တမူးဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသတို့တွင်လည်း စိုက်ကွင်းများနှင့် ရွာသစ်များတည်ထောင်ရန် စီစဉ်လျက်ရှိပေသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကလည်း နိုင်ငံတော်ကဆောင်ရွက်နေသည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် မှန်ကန်စွာ မြင်လာကြသဖြင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်လာကြသည်။ ၁၉၉၁ ခုနှစ် ဇူလိုင်လအထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၅၅ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။

၁၉၉၁ ခုနှစ် ဇူလိုင်လအထိ နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ကျပ် ၂၉၁ ဒသမ ၃ သန်း ဖြစ်ပေသည်။

ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ။ ။ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံသည် ၁၉၄၇ ခုနှစ် သြဂုတ်လတွင် အိန္ဒိယ အင်ပိုင်ယာမှ ခွဲထွက်ခဲ့ပြီးနောက် ဗြိတိသျှလက်အောက်ခံ နိုင်ငံတစ်နိုင်ငံဖြစ်လာကာ ၁၉၅၆ ခုနှစ် မတ်လတွင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။



ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနေသော ဘီနဇာဘူတိုနှင့် နာဝပ်ဇ်ရှရစ်ဖ်

၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက် ဦးဆောင်သည့် တပ်မတော်က နိုင်ငံတော် အာဏာကို ရယူ၍ မာရှယ်လောဥပဒေပြဋ္ဌာန်းကာ အုပ်ချုပ်ခဲ့သည်။ ယင်းသို့ လက်နက်ကိုင်အဖွဲ့အစည်းကကြားဝင်၍ အုပ်ချုပ်ရခြင်းမှာ ယင်းနှစ် မတ်လတွင်ကျင်းပသည့် ရွေးကောက်ပွဲတွင် လိမ်လည်မှုများနှင့် မသမာမှုများ ရှိခဲ့သည်ဟု စွပ်စွဲချက်များ ပေါ် ထွက် ခဲ့ခြင်း ကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်သည် ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် သမ္မတရာထူးကို စတင်ရယူခဲ့ပြီး ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ငါးနှစ်သက်တမ်း ရှိသည့် သမ္မတရာထူးကို ဆက်လက်ရယူရန် အတည်ပြုပေးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅ – စာ၊ ၂၇၈ — ရှု။) ယင်း သမ္မတသက်တမ်းကို ၁၉၇၅ ခုနှစ် မတ်လတွင် စတင်ခဲ့သည်။

၁၉၇၈ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် လေယာဉ် ပျက်ကျသဖြင့် ဇီယာအူးလဟက် ကွယ်လွန်သွားရာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အထက်လွှတ်တော် ဥက္ကဋ္ဌ ဖြစ်သူ ဂူလမ်အစ်ဖ်ခန်က သမ္မတရာထူးကို ဆက်ခံခဲ့သည်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ရာ ဘီနဇာဘူတို ဦးဆောင်သည့် ပါကစ္စတန် ပြည်သူပါတီ (ပီပီပီ)က လွှတ်တော်အမတ်နေရာ အများစုကို အနိုင် ရရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉-စာ၊ ၂၀၁— ရှု။) ဘီနဇာဘူတိုသည် ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီး သူမ၏ အစိုးရအဖွဲ့သစ်ကိုလည်း ဒီဇင်ဘာလ ၄ ရက်နေ့တွင် ခန့်အပ် တာဝန်ပေးခဲ့သည်။ ယင်းနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အစ်ရှတ်ခန်ကို သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတို၏ အစိုးရအဖွဲ့သည် ၁၉၇၉ ခုနှစ် နှစ်လယ်နှောင်းပိုင်း ကာလများအတွင်း တစ်စ တစ်စ ကြီးထွားလာသော ပြည်တွင်း နိုင်ငံရေးပြဿနာ များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာ လ ၁ ရက်နေ့တွင် အတိုက်အခံများက တင်သွင်းသည့် အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိ အဆိုနှင့် ရင်ဆိုင်ခဲ့ ရပြီး ယင်းကို ပုတ်ကာသီကာဖြင့် ကျော်လွှားခဲ့ရသည်။ ဘီနဇာဘူတို ဦးဆောင်သည့် ပါကစ္စတန် ပြည်သူပါတီ (ပီပီပီ) သည် တောင့်တင်းခိုင်မာသည့် ဦးဆောင်မှု မပေးနိုင်ခြင်းနှင့် ပါတီ၏ သြဇာအာဏာကို အန်တု ဖက်ပြိုင်လာမှုများအား ပြတ်ပြတ်သားသား မဖြေရှင်း နိုင်ခြင်းတို့ကြောင့် နိုင်ငံရေးစနစ်ကို ချည့်နဲ့ ယိမ်းယိုင် စေခဲ့သည်။ ထိုမျှသာမက နိုင်ငံ၏ ဆိုးဝါးလာသောလူမှု ရေးနှင့် စီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေး နိုင်ရန်အတွက် ထူးခြားလေးနက်သည့် ဥပဒေ တစ်စုံ တစ်ရာမျှကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ တစ်ဘက် တွင် ပြည်နယ်များနှင့်ဗဟိုအစိုးရအဖွဲ့အကြားဆက်ဆံရေး များမှာလည်း ဆိုးဝါးခဲ့သည်။ အထူးသဖြင့် ပန်ဂျပ် ပြည်နယ်နှင့် ဆက်ဆံရေးများ တင်းမာလာခဲ့ရာ နိုင်ငံ၏

တည်ငြိမ်မှုကိုပင် ခြိမ်းခြောက်သည်အထိ ဖြစ်စေခဲ့သည်။

ယင်းအခြေအနေများတွင် ဝန်ကြီးချုပ်ဘီနဇာဘူတို နှင့် သမ္မတ ဂူလမ်အစ်ရှတ်ခန်တို့အကြား အားပြိုင်မှုများကလည်း ရှိနေမေသည်။ နှစ်ဦးစလုံးကပင် မိမိတို့၏ သြဇာအာဏာနယ်ပယ်ကို ထူထောင်ရန် ကြိုးပမ်းလျက်ရှိကြရာ ဆက်ဆံရေးများ တင်းမာလာခဲ့သည်။ ထိပ်တန်းစစ်ဘက်ဆိုင်ရာ ရာထူးများကို ဝန်ကြီးချုပ်က ခန့်အပ်နိုင်ခွင့်အပေါ် သမ္မတက အငြင်းပွားခဲ့သည်။ သက်တမ်းစေ့သဖြင့် စစ်ဘက်ဆိုင်ရာ ပူဂိုလ်အချို့အား ရာထူးမှအနားပေးခြင်းကို ဝန်ကြီးချုပ်က ကြေညာခဲ့သော်လည်း သမ္မတက ယင်းကိစ္စမှာ ယင်းကသာဆုံးဖြတ် ဆောင်ရွက်ရမည့် အခွင့်အရေး ဖြစ်သည်ဟု အငြောင်းပြကာ ရာထူးမှ အနားပေးခြင်းများကို ဟန့်တား ပိတ်ဆို့ခဲ့သည်။ထိုမျှသာမက တရားလွှတ်တော်ချုပ် အဖွဲဝင်အများအပြား အငြိမ်းစားယူပြီးနောက် တရားသူကြီးများခန့်အပ်မှုတွင်လည်း သမ္မတနှင့် ဝန်ကြီးချုပ်တို့အကြား အငြင်းပွားခဲ့သည်။

ပန်ဂျပ်ပြည်နယ်တွင်လည်း ဗဟိုအစိုးရအဖွဲ့နှင့် အတိုက်အခံ အစွလာမွစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (အိုင်ဒီအေ) ခေါင်းဆောင်လည်းဖြစ်၍ ပြည်နယ်ဝန်ကြီးလည်းဖြစ်သူ နာဝပ်ဇ်ရှရစ်ဖ်၏အုပ်ချုပ်ရေးအဖွဲ့တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ရာ အခြေအနေမှာ ပိုမိုဆိုးဝါးလာသည်။ တစ်ဘက်က အခြားတစ်ဘက်ကို အင်အားချည့်နဲ့သွားစေရန် နည်းမျိုးစုံသုံး၍ ကြိုးပမ်းလာကြသည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဘီနဇာဘူတိုသည် သမီးတစ်ဦးဖွားမြင်ခဲ့သည်။ မီးဖွားခါနီးတွင် ဝန်ကြီးချုပ်တာဝန်မှ ခေတ္တအနားယူခဲ့ရာ အစိုးရအဖွဲ့အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မပြတ်သားမှုများနှင့် မရေရာမှုများမှာ ပိုမိုတိုးပွားလာခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဆင်းပြည်နယ်မြို့တော် ကရာချီမြို့တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၆၀ ဦးသေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ညမထွက်ရအမိန့်ကိုလည်း အကန့်အသတ်မရှိ ထုတ်ပြန်ခဲ့ရပြီး ဥပဒေစိုးမိုးရေးအတွက် စစ်တပ်ကိုခေါ်ယူခဲ့ရသည်။ အိန္ဒိယနိုင်ငံမှ ပြောင်းရွှေ့ လာသည့် အူရဒူဘာသာစကား ပြောသူများအား ကိုယ်စားပြုသော အမ်ကျူအမ်ဟုခေါ်သည့် အဖွဲဝင်များအား အာဏာရ ပါကစ္စတန် ပြည်သူပါတီ (ပီပီပီ) ကို ထောက်ခံသူများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းများ ဖြစ်ပေါ်ခဲ့ရာ ယင်းကိုကန့်ကွက်သည့်အနေဖြင့် မိုဟာဂျာအမျိုးသားလှုပ်ရှားမှု အဖွဲ့ခေါင်းဆောင်များက အထွေထွေသပိတ်ဆင်နွှဲရန် တိုက်တွန်း လှုံဆော်ခဲ့ရာမှ ဆန္ဒပြပွဲများ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ မိုဟာဂျာတို့သည် ၁၉၇၇ ခုနှစ် အိန္ဒိယတိုက်ငယ်ကို ခွဲခြားသတ်မှတ်စဉ်ကပင် အိန္ဒိယမှထွက်ပြေးလာသူများ ဖြစ်ကြသည်။ ယင်းတို့သည် မြို့ကြီးများတွင်နေထိုင်ကာ ပညာတတ်များဖြစ်ကြသော်လည်း လူမျိုးရေးခွဲခြားခြင်းခံနေရသည်။

၁၉၉၀ ပြည့်နှစ် မေလလယ်လောက်တွင် ဆင်းပြည်နယ်ရှိ ဌာနေဆင်းလူမျိုးတို့နှင့် မိုဟာဂျာလူမျိုးတို့အကြား လူမျိုးရေးအဓိကချက်းများ တိုးတက်ဖြစ်ပွားမှုကြောင့် အသေအပျောက်များ ရှိခဲ့ပြန်သည်။ ဟိုက်ဒရာဘက်မြို့တွင် မေလ ၂၆ ရက်နေ့က ရဲများ၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် လူ ၈၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် အဆိုပါမြို့သို့ စစ်တပ်ဝင်ရောက်ခဲ့ရပြီး ဆူပူအကြမ်းဖက်မှုများအား ပစ်ခတ်နှိမ်နင်းရန် အမိန့်ပေးခဲ့သည်။ ယင်းမငြိမ်မသက်မှုများကို အကြောင်းပြု၍ ဆင်းပြည်နယ်ရှိ ပီပီပီပါတီ၏ ပြည်နယ်အစိုးရအား ဖျက်သိမ်းပြီး အစွလာမ်မာဘတ်ရှိ ဗဟိုအစိုးရကို တိုက်ရိုက်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းပေးရန် ဝန်ကြီးချုပ် ဘီနဇာဘူတိုအား အတိုက်အခံနိုင်ငံရေးသမားများက ဖိအားပေးကြသည်။ သမ္မတအစ်ရှတ်ခန်ကလည်း ပြည်နယ်အာဏာပိုင်များ၏ စဉ်းစားဆင်ခြင်မှုကင်းမဲ့သည့် လုပ်ရပ်နှင့် ရဲများ၏ အရမ်းမဲ့ပစ်ခတ်ခြင်းများကို ပြင်းထန်စွာရှုတ်ချခဲ့သည်။ လူမျိုးရေးအဓိကရုဏ်းများကြောင့် သေဆုံးရသူပေါင်းမှာ မေလကုန်လောက်တွင် ၂၀၀ ကျော်ရှိသွားပြီ ဖြစ်သည်။

ဤသို့ရှိနေစဉ် ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးမြင်ကွင်းမှာ ရုတ်ခြည်းဆိုသလို ပြောင်းလဲခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်နေ့တွင် သမ္မတဂူလမ်အစ်ရှတ်ခန်က ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် လ ၂၀ မျှသာသက်တမ်းရှိသေးသည့် သူမ၏အစိုးရအဖွဲ့ကို ဆုတ်ပယ်လိုက်ပြီး အမျိုးသားလွှတ်တော်ကိုလည်း ဖျက်သိမ်းကာ ရွေးကောက်ပွဲသစ်များကျင်းပရန် အမိန့်ပေးလိုက်သည်။ ဝန်ကြီးချုပ်ဘီနဇာဘူတို့၏ အစိုးရအဖွဲ့သည် နိုင်ငံကိုထိထိရောက်ရောက် အုပ်ချုပ်နိုင်စွမ်းမရှိခြင်း၊ အာဏာအလွဲသုံးခြင်း၊ ဆွေမျိုးများကိုသာ အခွင့်အရေး ပေးခြင်းနှင့် အဂတိလိုက်စားမှုများ ရှိကြောင်းဖြင့် သမ္မတက ပြောကြားသည်။ အတိုက်အခံခေါင်းဆောင် မူစတာ ဖာဂျက်တို့ဝင်အား ရွေးကောက်ပွဲများ မကျင်းပမီ အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးလိုက်

သည်။ သမ္မတ၏ ယခုကဲ့သို့ လုပ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ အာဏာသိမ်းလိုက်ခြင်းပင် ဖြစ်သည်ဟု အရပ်ဘက် အသိုင်းအဝန်း၌ ဝေဖန် ပြောကြားကြသည်။

အိမ် စောင့် အ စိုး ရ အ ဖွဲ့က ဘီနဇာဘူတို အပေါ် အာဏာ အလွဲသုံးစားပြုမှုနှင့် အဂတိလိုက်စားမှု အမှုမျိုးစုံဖြင့် ရုံးတင်စစ်ဆေးရန် စီစဉ်ခဲ့သည်။ ဘူတို၏ အပေါင်းပါ ငါးဦးအား လည်းကောင်း၊ နောက်လိုက် ၆၀ အား လည်းကောင်း ဖမ်းဆီးခဲ့သည်။ သူမ၏ခင်ပွန်းကိုလည်း လက်နက်များ တရားမဝင် ပိုင်ဆိုင်ထားရှိမှုဖြင့် ဩဂုတ်လ ၂၆ ရက်နေ့တွင် တရားစွဲဆိုလိုက်သည်။ အထူး ခုံရုံး ၁၁ ဖွဲ့ ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ ဆင်းပြည်နယ်တွင် ပြည်နယ်လွှတ်တော်အမတ်များ အပါအဝင် ပီပီပီ ပါတီ အဖွဲ့ဝင်အများအပြားကို ရဲအဖွဲ့က ပြစ်မှုဆိုင်ရာ အမှုများဖြင့် ဖမ်းဆီးခဲ့သည်။ သူမ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးဟောင်းအချို့သည်လည်း အာဏာအလွဲသုံးစားမှုဖြင့် တရား ရင်ဆိုင်နေရသည်။ ဘီနဇာဘူတို က အိမ်စောင့်အစိုးရ၏ လုပ်ရပ်များသည် အောက်တိုဘာလ တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ သူမ အား နိုင်ငံရေးလောကမှ အတင်းအကျပ် ဖယ်ရှားပစ်ရန် ကြိုးပမ်းသည့် လုပ်ရပ်များပင် ဖြစ်ကြောင်းဖြင့် စွပ်စွဲ ပြောကြားလိုက်သည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘူတို၏ ခင်ပွန်းဖြစ်သူ အာဆစ်ဖ်အလီ ဇာဒါရီအား ဗြိတိန်နိုင်ငံသား တစ်ဦးကို ပြန်ပေးဆွဲပြီး ယင်းထံမှ ရူပီ ၃၇ သန်း (ဒေါ်လာ ဂ,၀၀,၀၀၀) အတင်းအဓမ္မ ခြိမ်းခြောက် တောင်းယူခဲ့မှုဖြင့် ဖမ်းဆီးပြီး တရားစွဲဆိုလိုက်သည်။ အာမခံ လျှောက်ထားခဲ့သော်လည်း တရားရုံးက ပယ်ချခဲ့သည်။ ဘူတိုအပေါ် စွဲချက်တင်ထားသော ပြစ်မှုများအနက် ပထမဆုံး အမှုကို စက်တင်ဘာလ ၁၅ ရက်နေ့ ကတည်းကပင် လာဟိုမြို့ တရားရုံး၌ စတင် ကြားနာ စစ်ဆေးခဲ့သည်။

ရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက် နီးလာသည်နှင့် အမျှ ဘီနဇာဘူတိုသည် သူမ၏ ပါတီ အနိုင်ရရှိရေး အတွက် တစ်ဘက်တွင် မဲဆွယ်စည်းရုံး ဟောပြောရင်း အခြားတစ်ဘက်တွင် သူမအပေါ် စွဲချက်တင်ထားသော အမှုများနှင့် ရင်ဆိုင် ဖြေရှင်းနေရသည်။ အတိုက်အခံများ၏ ထိုးနှက်မှုကိုလည်း ခံနေရသည်။ ဘီနဇာဘူတိုကလည်း သူမ၏ ရွေးကောက်ပွဲ မဲဆွယ် စည်း ရုံး ဟော ပြော မှု တစ်လျှောက်လုံး၌ ပါကစ္စတန်သမ္မတ အစ်ရှတ်ခန်အား လူလိမ်လူကောက်နှင့် အာဏာရှင် အဖြစ် သမုတ်ကာ ခါးခါးသီးသီး ဝေဖန်တိုက်ခိုက်ခဲ့သည်။ အကယ်၍ သူမသာ ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက သမ္မတ အစ်ရှတ် ခန်အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမည်ဟုလည်း ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပရာ လက်ယာအတိုက်အခံ ညွှန့်ပေါင်းဖြစ်သည့် အစ္စလာမ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့က အပြတ်အသတ် အနိုင် ရရှိသွားသည်။ ရွေးကောက်ပွဲတွင် အမတ်နေရာ ၂၁၆ နေရာရှိသည့် ပါလီမန်တွင် ဘူတို၏ ပါကစ္စတန် ပြည်သူ ပါတီ (ပီပီပီ)က ၎၅ နေရာသာ အနိုင်ရရှိပြီး အတိုက်အခံ ညွှန့်ပေါင်းအဖွဲ့က ၁၀၅ နေရာအထိ အနိုင်ရရှိခဲ့သည်။ ကျန်အမတ်နေရာများမှာ လူမျိုးစုငယ်များ၊ ဘာသာရေးပါတီများနှင့် တစ်သီးပုဂ္ဂလတို့က အနိုင်ရရှိကြသည်။

ဘူတိုက ရွေးကောက်ပွဲတွင် သူမ၏ပါတီ ရှုံးနိမ့်ခဲ့ကြောင်းကို လက်ခံရန် ငြင်းဆန်လိုက်ပြီး အိမ်စောင့် အစိုးရအနေဖြင့် အကြီးအကျယ် မဲလိမ်မှုများ ရှိခဲ့ကြောင်း စွပ်စွဲလိုက်သည်။ ရွေးကောက်ပွဲကို လာရောက် လေ့လာ အကဲခတ်လျက်ရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများကမူ ဘူတို စွပ်စွဲသကဲ့သို့ မဲလိမ်သည့် အဆောက်အထားများ မတွေ့ရကြောင်းဖြင့် ပြောကြားသည်။ ရွေး ကောက် ပွဲ ၌ မဲလိမ်မှုများ တွေ့ရှိရပြီး ဘူတိုကို ပိတ်ဆို့ထားမှုများ တွေ့ရှိရပါက ပါကစ္စတန်ကို စစ်ရေးနှင့် စီးပွားရေး အကူအညီများ ရပ်စဲပစ်မည်ဟု အမေရိကန်နှင့် အနောက်နိုင်ငံများက ခြိမ်းခြောက်ပြောကြားထားသည်။

၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ပါလီမန် အစည်းအဝေးက နာဝပ်ဇ်ရှရစ်ဖ်အား ဝန် ကြီး ချုပ် အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ယင်းနေ့မှာပင် နာဝပ်ဇ်ရှရစ်ဖ်သည် ဝန် ကြီး ချုပ် အ ဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ပါကစ္စတန်နိုင်ငံတွင် ၎၃ နှစ်တာကာလ အတွင်း နာဝပ်ဇ်ရှရစ်ဖ်၏ အစိုးရအဖွဲ့သည် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခံရသည့် ငါးကြိမ်မြောက် အစိုးရ အဖွဲ့ ဖြစ်သည်။

နာဝပ်ဇ်ရှရစ်ဖ်မှာ စစ်တပ်၏ ကျောထောက်နောက်ခံ ပြုမှု ရရှိသည်ဟုဆိုနိုင်သော်လည်း နိုင်ငံခြားရေးမူဝါဒ နှင့် ပတ်သက်၍ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာဇာအက်စလမ်ဘက်နှင့် သဘောထား မတူညီမှုများ ရှိနေပေသည်။ ပင်လယ်ကွေ့စစ်ပွဲကာလတွင် ပါကစ္စတန် ပြည်သူများက အီရတ်နိုင်ငံဘက်မှနေ၍ ထောက်ခံဆန္ဒပြခဲ့ရာ ဗိုလ်ချုပ်ကြီးဘက်က ယင်းကိုထောက်ခံခဲ့သည်။ အမေရိကန် ဆန့်ကျင်ရေးစကားများကိုလည်း ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ဆအူးဒီ

အာရေဗျနိုင်ငံကိုကာကွယ်ရန် နိုင်ငံစုံတပ်ဖွဲ့သို့ ပါကစ္စတန် စစ်သည် ၁၁,၀၀၀ စေလွှတ်ထားသည်ဖြစ်ရာ ဗိုလ်ချုပ်ကြီး ဘက်၏ လုပ်ရပ်ကြောင့် နာဝပ်ဇ်ရှရစ်ဖ်အဖို့ မျက်နှာပူစရာဖြစ်ခဲ့ရသည်။

နာဝပ်ဇ်ရှရစ်ဖ်အနေဖြင့် ဘဏ္ဍာရေးနှင့်စစ်ရေး အကူအညီများကို မှီခိုအားထားနေရသည့် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေလိုသည့်ဆန္ဒ ရှိပေသည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် အမေရိကန်အစိုးရက ပါကစ္စတန်နိုင်ငံသို့ ပေးရန်ရှိသည့် ဒေါ်လာ ၂၅၉ သန်းတန်ဖိုးရှိ စစ်ရေးနှင့်စီးပွားရေး အကူအညီများကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။ အကြောင်းမှာ အမေရိကန်သမ္မတကြွေ့ဘုရွက ပါကစ္စတန်နိုင်ငံသည် နျူကလီးယားလက်နက် ပိုင်ဆိုင်ထားခြင်းမရှိကြောင်းကို အမေရိကန် ကွန်ဂရက်လွှတ်တော်သို့ ထောက်ခံချက်ပေးရန် ငြင်းဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။ အဆိုပါနျူကလီးယားအငြင်းပွားမှုပြဿနာ ဖြေရှင်းရေးအတွက် တရားဝင်ဆွေးနွေးပွဲကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့ပြီး နောက်ထပ်ဆွေးနွေးပွဲများလည်း ကျင်းပရန်ရှိသည်။ ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် အမေရိကန်နှင့်ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရန်နှင့် အကူအညီအထောက်အပံ့များ ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

ဝန်ကြီးချုပ်နာဝပ်ဇ်ရှရစ်ဖ်သည် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ အောက်ခြေသိမ်းအစီအမံများ ပြုလုပ်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ဂ ရက်နေ့တွင် လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်ဆီသို့ ဦးတည်သော အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအစီအစဉ်တွင် ပါကစ္စတန်နိုင်ငံ၌ ပြည်ပ ရင်းနှီး မြှုပ်နှံမှုများအား ချုပ်ချယ် ကန့်သတ်ထားသည့် ကြိုးနီစနစ်များကို ဖြတ်တောက်ထားသည်။ အဆိုပါအစီအစဉ်များသည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် ဆက်စပ်နေသည်။ အိုင်အမ်အက်ဖ်သည် ပါကစ္စတန်အနေဖြင့် ၎င်း၏ဒေဝါလီခံရလုနီးပါးဖြစ်နေသော ဘဏ္ဍာလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံရေးအေဂျင်စီများအပါအဝင် ၎င်း၏ စီးပွားရေးကို သန့်ရှင်းအောင်မဆောင်ရွက်မချင်း ပါကစ္စတန်သို့ ဒေါ်လာသန်း ၂၄၀ အကူအညီပေးရေးကို ထိန်းချုပ်ထားသည်။

၁၉၉၁ ခုနှစ် ဖြေလဒုတိယပတ်ထဲတွင် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်က ကိုရမ်ကျမ်းမှဆင်းသက်လာသည့် ရှာရီးယား ဥပဒေသကို ပါကစ္စတန်နိုင်ငံ၏ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် အစိုးရအနေဖြင့် ဥပဒေဆိုင်ရာပြင်ဆင်ချက်များ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် လူမှုအဖွဲ့အစည်းများကိုလည်း စစ်မှန်သည့် အစ္စလာမ္မစ် ဘဝသာရေးလမ်းစဉ်အတိုင်း ဖြစ်စေရန် ဥပဒေပြုခြင်းများလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဤလုပ်ရပ်၏ရည်ရွယ်ချက်မှာ တရားရုံးများတွင်တရားမျှတစွာ စစ်ဆေးနိုင်စေရေးနှင့် ရဲများ၏ အလွဲသုံးစားမှုများ အဆုံးသတ်စေရန်ဖြစ်ပြီး မရှိဆင်းရဲသားများအတွက် အထူးရန်ပုံငွေအဖွဲ့များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်ဟု ဆိုသည်။

ဆင်းပြည်နယ်တွင် ပီပီပီပါတီအဖွဲဝင်များ၊ ပြည်နယ်နှင့် လွှတ်တော်အမတ်များ ဖမ်းဆီးခံရခြင်းကိုကန့်ကွက်သောအားဖြင့် ပီပီပီပါတီမှ လွှတ်တော်အမတ်များက ပါလီမန်ကို သပိတ်မှောက်ခဲ့သည်။ သို့ရာတွင် ဧပြီလ ဒုတိယပတ်ထဲတွင် ဖမ်းဆီးမှုများအား စုံစမ်းစစ်ဆေးရန် ပါကစ္စတန်ပြည်သူပါတီ (ပီပီပီ) နှင့် အာဏာရပါတီဖြစ်သည့် အစ္စလာမ္မစ်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့တို့မှ ပုဂ္ဂိုလ်များဖြင့် ပူးတွဲကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် နာဝပ်ဇ်ရှရစ်ဖ်နှင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ပီပီပီပါတီအမတ်များ ပါလီမန်သို့ ပြန်လည်တက်ရောက်ခဲ့ကြသည်။ နာဝပ်ဇ်ရှရစ်ဖ်က ဘီနဇာဘူတိုအနေဖြင့် ပါလီမန်သို့ တက်ရောက်နိုင်စေရန် သူမအပေါ် စွဲချက်တင်ထားသည့် အမှုများစစ်ဆေးခြင်းကို ဆိုင်းငံ့ထားရန် ခွင့်ပြုမည့် ဥပဒေကို ပြဋ္ဌာန်းပေးမည်ဟုလည်း ကတိပေးပြောကြားသည်။

ဘီနဇာဘူတိုသည် သူမအပေါ် စွဲချက်တင်ထားသော အမှုခုနစ်မှုကို တရားရုံးများတွင်ရင်ဆိုင်ဖြေရှင်းရန် ရှိနေပေသည်။ ပြစ်ဒဏ်စီရင်ခြင်းသာခံရပါက နိုင်ငံရေးလောကနှင့် ကင်းကွာသွားနိုင်စရာ ရှိနေပေသည်။ ယခုအခါ သူမသည် ပါလီမန်၌ အတိုက်အခံတစ်ဦးအဖြစ် ရပ်တည်လှုပ်ရှားလျက်ရှိသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။ပင်လယ်ကွေ့စပ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ၁၉၉၀ ပြည့်နှစ် စတုတ္ထသုံးလပတ်၌ သိသိသာသာကျဆင်းသွားခဲ့သည်။ ဓာတ်ဆီဈေးနှုန်း ၄၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ မနီလာမြို့နှင့် အခြားမြို့ကြီးများတွင် သပိတ်မှောက်ကြရန် သယ်ယူပို့ဆောင်ရေးနှင့် အလုပ်သမားဝေါဟာရများက တောင်းဆို ခဲ့ကြသည်။ ယင်းပြဿနာကြောင့် နောက်ထပ်အာဏာသိမ်းမှု ဖြစ်နိုင်စရာအကြောင်းရှိနေရာ လောင်စာဆီဈေးနှုန်းတက်ခြင်းကို ဆန္ဒပြကန့်ကွက်ခြင်းပြုပါက စစ်ဘက်က အရေးယူရလိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ရာမို့စ်က အလုပ်သမားသမဂ္ဂများအား သတိပေးခဲ့သည်။ သမ္မတအာကီနို



စစ်စခန်းများ ဆက်လက်ထားရှိရေးကို ထောက်ခံဆန္ဒပြနေကြသူများ

ကလည်း ပင်လယ်ကွေ့အရေးအခင်းကြောင့် ယိုယွင်းလာသောစီးပွားရေးကို ပြန်လည်ကောင်းမွန်လာစေရန် အတွက် နှစ်ရှည်စီမံကိန်းတစ်ရပ်ကို တင်ပြခဲ့ရာ အထက်လွှတ်တော်အမတ်အများစုက ထောက်ခံမှုပေးကြသည်။ မနီလာမြို့၏တောင်ဘက် မိုင် ၅၀၀ ခန့်အကွာရှိ မာရာဝီမြို့တွင် လူ ၈၀၀၀ ခန့်တို့က ပင်လယ်ကွေ့စစ်ပွဲကို ကန့်ကွက်ဆန္ဒပြကြရာ အမေရိကန်နှင့် အစွဲရေးအလံများကို မီးရှို့ ခဲ့ကြသည်။

ထို့ပြင် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မနီလာမြို့၌ လူ ၂၀,၀၀၀ ကျော်တို့က သမ္မတ အကီနို နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ဤဆန္ဒပြမှုသည် ယခုနှစ်များအတွင်း အကြီးမားဆုံးအစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲ ဖြစ်သည်ဟုဆိုသည်။ ဒွေကြေးဖောင်းပွမှုအပါအဝင် ပင်လယ်ကွေ့စစ်ပွဲကြောင့် လောင်စာဆီဈေးနှုန်းများမြင့်တက်ခဲ့မှုအပေါ် လူထု၏မကျေနပ်မှုများ တိုးပွားခဲ့ရသည်။

ယင်းပြဿနာများအပြင် ဖိလစ်ပိုင်နိုင်ငံသည် အခြားတစ်ဖက်တွင် ကွန်မြူနစ်သူပုန်များကို ယခုတိုင် နှိမ်နင်းရလျက်ရှိရာ အစိုးရတပ်ဖွဲ့များနှင့် ကွန်မြူနစ်သူပုန်များအကြား တိုက်ပွဲများမကြာခဏ ဖြစ်ပွားလျက်ရှိသည်။ အစိုးရတပ်ဖွဲ့များက ကွန်မြူနစ်သူပုန်အများအပြားကို ချေမှုန်းနိုင်ခဲ့သည်။ အစိုးရဘက်မှလည်း အကျအဆုံးနှင့် ထိခိုက်ဒဏ်ရာရမှု အနည်းငယ်ရှိသည်။ စစ်ဘက် အနေဖြင့် ၂၂ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော ကွန်မြူနစ်သောင်းကျန်းမှုကို လာမည့်နှစ်တွင် အပြီးအပြတ်အောင်မြင်စွာချေမှုန်းရန် သန္နိဋ္ဌာန်ချထားသည်။ လွန်ခဲ့သည့်နှစ်က စစ်ဘက်၏ ခန့်မှန်းချက်အရ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်နယ် ၇၅ ခု ဒေသအများအပြားဦ့ အင်အား ၁၇,၀၀၀ ခန့်ရှိ ကွန်မြူနစ်ပြောက်ကျားများ လှုပ်ရှားလျက်ရှိကြသည်ဟု သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အခြားပြဿနာတစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံသမ္မတဟောင်း မာကို့၏ ဇနီး အီမဲလ်դါမာကို့ကို ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လာခွင့်ပြုကာ တရားရုံးတော်၌ အမှုများကို ရင်ဆိုင်စေခြင်းပင် ဖြစ်သည်။ ဖိလစ်ပိုင်အစိုးရအနေဖြင့် သမ္မတဟောင်း မာကို့၏ မိသားစုဆွစ်ဇာလန်နိုင်ငံရှိ ဘဏ်စာရင်းများတွင် လျှို့ဝှက်စွာထည့်သွင်းထားသည်ဟု ယူဆရသည့် ဒေါ်လာသန်း ၃၅၀ ခန့်ကို ပြန်လည်ရရှိရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အီမဲလ်դါက ၎င်း၏ခင်ပွန်း သမ္မတသက်တမ်းအတွင်း တရားမဝင်ငွေများရရှိခဲ့ခြင်းမရှိကြောင်း ငြင်းဆိုသည်။ ဖိလစ်ပိုင်အစိုးရကလည်း မာကို့သည် ၎င်း၏သမ္မတသက်တမ်းအနှစ် ၂၀ အုပ်ချုပ်မှုကာလအတွင်း နိုင်ငံပိုင်ဘဏ္ဍာငွေမှ ဒေါ်လာ ၁၀ ဘီလီယံခန့် ခိုးယူခဲ့သည်ဟု စွပ်စွဲထားသည်။

သမ္မတဟောင်း မာကို့သည် ၁၉၇၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီ၌ သေဆုံးခဲ့ရာ သမ္မတ

အာကီနိုက ကျန်ရစ်သူ သမ္မတကတော်ဟောင်း အီမဲလ်ဒါနှင့်မိသားစု ဖိလစ်ပိုင်နိုင်ငံသို့ပြန်လာခွင့်ပြုရန်နှင့် မာကို့စ်၏ရုပ်အလောင်းကို မြုပ်နှံသင်္ဂြိုဟ်ခွင့်ပြုရန်ကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ပိတ်ပင်တားမြစ်ခဲ့သည်။ အီမဲလ်ဒါနှင့်မိသားစုကလည်း အမိနိုင်ငံသို့ပြန်လာချင်ကြသည်။ အီမဲလ်ဒါ၏ရှေနေများက အီမဲလ်ဒါအား ဖိလစ်ပိုင်သို့ပြန်လာခွင့်ပြုရေးအတွက် ဖိလစ်ပိုင်အစိုးရအား အမိန့်ချမှတ်ပေးရန် မနီလာတရားရုံးတော်သို့ အသနားခံစာတင်သွင်းကာ တောင်းဆိုခဲ့သည်။ အီမဲလ်ဒါကလည်း အာကီနို အာဏာရရှိနေဆဲ ကာလမှာပင် ဖိလစ်ပိုင်သို့ပြန်လာပြီး တရားရုံးမျာ်း၌ အမှုရင်ဆိုင်ဖြေရှင်းရန် ဆန္ဒရှိပေသည်။ ဆွစ်ဇာလန်နိုင်ငံဘဏ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဘဏ်တွင်ထည့်သွင်းထားသော ငွေများကို ထုတ်မပေးမီ အီမဲလ်ဒါအား နိုင်ငံသို့ပြန်လာခွင့်ပြုကာ စွဲဆိုထားသောအမှုများကို တရားရုံးတွင် ရင်ဆိုင်ထုချေခွင့် ပေးသင့်သည်ဟု ကြေညာခဲ့သည်။

အီမဲလ်ဒါအား နိုင်ငံ ကူးလက်မှတ် ထုတ်မပေးရန် အာကီနိုအစိုးရက အမိန့်ပေးခဲ့ရာ အီမဲလ်ဒါ၏ နိုင်ငံကူးလက်မှတ်လျှောက်ထားမှုကို ပယ်ချခဲ့သည်။ အကယ်၍ ပြန်လာရန်ကြိုးစားပါက ဖမ်းဆီးမည်ဟုဆိုသည်။ သို့ရာတွင် သမ္မတအာကီနိုက သင့်လျော်သော အချိန်တွင် အီမဲလ်ဒါအား ပြန်လာခွင့်ပြုမည်ဟု ပြောကြားခဲ့သည်။ နှေ့ရက်ကိုမူ အတိအကျမပြောကြားခဲ့ချေ။ ဆွစ်ဘဏ်တွင် ထည့်သွင်းထားသည်ဟုယူဆရသည့် ဒေါ်လာသန်း ၃၅၀ ကို ပြန်လည်ရရှိရန် လိုအပ်ချက်တစ်ရပ်အဖြစ် အီမဲလ်ဒါအပေါ် ဂုဏ်ဝတ်မှုများဖြင့် တရားစွဲဆိုရန် ဆွစ်ဇာလန်ဖက်ဒရယ်တရားရုံးက ပြောကြားထား ရာ ဖိလစ်ပိုင်အစိုးရက ရာဇဝတ်မှုခုနစ်မှုဖြင့် တရားစွဲဆိုရန် စီစဉ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေး မျက်နှာတွင် ကာကွယ်ရေးဝန်ကြီး ရာမို့စ်သည် လာမည့် ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရည်မှန်းထားရာ လက်ရှိသမ္မတအာကီနို၏ ထောက်ခံမှုကိုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ရာမို့စ်သည် ၁၉၇၆ ခုနှစ်က လူထုအုံကြွမှုတွင် သမ္မတမာကို့ကို ဖြုတ်ချပြီး အာကီနိုအား အာဏာရရှိအောင် လုပ်ဆောင်ရာတွင် အရေးပါသောအခန်းမှပါဝင်လှုပ်ရှားခဲ့သူ ဖြစ်ရုံမျှမက သမ္မတအာကီနိုအား စစ်ဘက်မှအာဏာသိမ်းရန်ကြံစည်မှုခုနစ်မှုကို ချေမှုန်းရာတွင်လည်း ကူညီဆောင်ရွက်ခဲ့သူဖြစ်သည်။

ရာမို့စ်သည် အာကီနို၏အာဏာရည်ဆန့်ပေါင်းအစိုးရအဖွဲ့တွင် အကြီးဆုံးပါတီဖြစ်သည့် ဒီမိုကရက်တစ်ဖိလစ်ပိုင်ပါတီမှပါဝင်ကာ သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံမည်ဖြစ်သည်။ သို့ဖြစ်ရာ လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီညီလာခံတွင် ပါတီ၏သမ္မတလောင်းလျာထားရွေးချယ်မှုကို အောက်လွတ်တော်ဥက္ကဋ္ဌရာမွန်မီထရာနှင့် ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ ရာမို့စ်က သမ္မတရွေးကောက်ပွဲတွင် အခြား သမ္မတလောင်းရှစ်ဦးအား အနိုင်ရရှိမည်ဟု မျှော်လင့်ထားသည်။ ပြိုင်ဘက်ရှစ်ဦးအနက် ထင်ရှားသည့်ပုဂ္ဂိုလ်များမှာ လက်ရှိ ဒုတိယသမ္မတ ဆာဗေဒိုလော်ရဲနှင့် အတိုက်အခံအမတ် ပွန်စီအင်ရီလေးတို့ ဖြစ်သည်။ သမ္မတအာကီနိုကမူ နောက်ထပ်သမ္မတသက်တမ်းအတွက် အရွေးခံတော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ အာကီနို၏သမ္မတသက်တမ်းသည် ၁၉၉၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။

သမ္မတအာကီနိုက တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်လီဆန်ဒရို အဘာဒီယာအား ဒုတိယဗိုလ်ချုပ်ကြီး ရိုဒိုဖို ဘိုင်အေဇုန်၏နေရာတွင် ကာကွယ်ရေး ဦးစီး ချုပ်သစ်အဖြစ် ဧပြီလ ၁၈ ရက်နေ့တွင် ခန့်အပ်လိုက်သည်။ တပ်မတော်ထိပ်တန်းအရာရှိကြီး အများအပြားကို ကျော်လွှား၍ အဘာဒီယာအား ရွေးချယ်ခန့်အပ်လိုက်ခြင်းသည် သမ္မတအာကီနို၏ ပုဂ္ဂလိကလေ့လာသုံးသပ်စီစစ်ချက်များအပါအဝင် တပ်မတော်အတွင်းအပြင် ကဏ္ဍစုံမှရရှိသော အကြံပြုချက်များနှင့် ထောက်ခံချက်များအပေါ် အခြေခံသည်ဟုဆိုသည်။ အဘာဒီယာနှင့် ဘိုင်အေဇုန်တို့နှစ်ဦးစလုံးသည် ငါးနှစ်သက်တမ်းရှိပြီဖြစ်သော အာကီနိုအစိုးရအားစစ်တပ်မှအာဏာသိမ်းရန်ကြံစည်မှုခုနစ်ကြိမ်စလုံးကို ချေဖျက်ရာတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခဲ့သူများဖြစ်ကြသည်။

အဘာဒီယာအား ကာကွယ်ရေးဦးစီးချုပ်သစ်အဖြစ် ရွေးချယ်ခန့်အပ်မှုနှင့်စပ်လျဉ်း၍ စစ်ဘက်အသိုင်းအဝိုင်း၌ မကျေနပ်မှုများဖြစ်ပေါ်ခဲ့သည်။ ယင်းလုပ်ရပ်ကို ကန့်ကွက်သည့်အနေဖြင့် တပ်မတော် ဒုတိယဦးစီးချုပ် ဗိုလ်ချုပ် အလက်ဇန္ဒား အဂူအီယာရီသည် ရာထူးမှနုတ်ထွက်ခဲ့ပြီး ပိုမိုလုပ်သက်ရင့်ကာ ပိုမိုအရည်အချင်းရှိသည့် အရာရှိများကိုကျော်လွှား၍ အဘာဒီယာအားကာကွယ်ရေးဦးစီးချုပ်သစ်အဖြစ်အကီနို၏ရွေးချယ်ခန့်အပ်မှုသည် တရားမျှတမှုမရှိဟု ဝေဖန်ပြောကြားသည်။ ဤသို့လက်နက်ကိုင်တပ်များအတွင်း မကျေနပ်မှုများရှိနေသည့်ကြားမှပင် သမ္မတအာကီနို၏ ကာကွယ်ရေးဦးစီးချုပ်သစ်ရွေးချယ်ခန့်အပ်မှုကို ဖိလစ်ပိုင်ကွန်ဂရက်က ဇွန်လ ၅ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ယင်းအခြေအနေများကြားတွင် အာကီနိုအစိုးရအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင်ရှိ အမေရိကန်စစ်စခန်းများ ဆက်

လက် ထားရှိခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိရာ ၄င်း ရမ်းခပေးရေးနှင့် သတ်တမ်းကာလ သတ်မှတ်ရေးပြဿနာ ကြောင့် မပြီးပြတ်ဘဲရှိနေသည်။ ကလပ်လေတပ်စခန်း၊ ဆူးဗစ်ရေတပ်စခန်းနှင့် အခြား စခန်း ငယ်လေးခုတို့ကို အမေရိကန်ပြည်ထောင်စုက အသုံးပြုရေးအတွက် ၁၉၄၇ ခုနှစ် သဘောတူညီချက်မှာ စက်တင်ဘာလ ၁၆ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ယင်းစခန်းများ၏ အနာဂတ်ရေးနှင့် စပ်လျဉ်း၍ လိုင်စင်သက်တမ်း ၁၀ နှစ်မှ ၁၂ နှစ် ထပ်မံရရှိရန် အမေရိကန်ဘက်က လိုလားသည်။ ငါးနှစ်မှ ခုနစ်နှစ်အထိ သဘောတူညီချက် အတွက် အမေရိကန်ပြည်ထောင်စုက တစ်နှစ်လျှင် ဒေါ်လာ ၇၂၅ သန်းပေးရေးကို သမ္မတအကီနိုက အခိုင် အမာရပ်တည်ထားသည်။ ယင်းငွေအနက် ထက်ဝက်ကို ငွေသားဖြင့်ပေး၍ ကျန်ငွေကို ကုန်သွယ်ရေးသက်သာခွင့်နှင့် ကြွေးမြီလျှော့ခြင်းတို့ပြုလုပ်ရန် ဖိလစ်ပိုင်ဘက်က လိုလားသည်။

ဤသို့ရှိနေစဉ် ဇွန်လ ၉ ရက်နေ့မှစ၍ ပင်နာတူဘို မီးတောင်ပေါက်ကွဲခဲ့ရာ ဖိလစ်ပိုင်ရှိ အမေရိကန် ကလပ်လေတပ်စခန်းနှင့်ဆူးဗစ်ရေတပ်စခန်းတို့အထိနာခဲ့သည်။ (သဘာဝဘေးဒဏ် —ရှု။) ကလပ်လေတပ်စခန်းပျက်စီးဆုံးရှုံးမှုကို ပြန်လည်ပြုပြင်မည်ဆိုပါက ဒေါ်လာသန်း ၈၀၀ ကုန်ကျမည်ဖြစ်ရာ အမေရိကန်တို့အနေဖြင့် လေတပ်စခန်းကို စွန့်လွှတ်ရမည့်အခြေအနေတွင် ရှိနေသည်။ ဤဖြစ်ရပ်ကြောင့် အမေရိကန်စစ်စခန်းများ၏အနာဂတ်ရေးဆွေးနွေးပွဲမှာ အားနည်းသွားခဲ့ရသည်။ ဤအခြေအနေများကြားမှပင် ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကလပ်လေတပ်စခန်းကို စွန့်လွှတ်ရန်၊ သို့ရာတွင် ဆူးဗစ်ရေတပ်စခန်းကိုမူ နောက် ၁၀ နှစ်တိုင်တိုင် ဆက်လက်ထားရှိရန် သဘောတူညီမှု ရရှိခဲ့ကြသည်။ ယင်းသဘောတူညီချက်ကို အမတ် ၂၃ ဦးရှိသော ဖိလစ်ပိုင်အထက်လွှတ်တော်က အတည်ပြုရဦးမည်ဖြစ်သည်။ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း စစ်စခန်းများအတွက် ဖိလစ်ပိုင်က ဒေါ်လာသန်း ၃၆၀ ရရှိမည်ဟု နှစ်နိုင်ငံပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ဇူလိုင်လ ၁၁ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးရာမို့စ် အစိုးရအဖွဲ့မှနုတ်ထွက်သွားခဲ့ရာ ၄င်း၏နေရာတွင် အသက် ၅၆ နှစ်အရွယ်ရှိ ဒီဗီလဆိုသူအား ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် သမ္မတအကီနိုက ဇူလိုင်လ ၁၇ ရက်နေ့တွင် ခန့်ထားလိုက်သည်။ ရာမို့စ်နုတ်ထွက်သွားခြင်းမှာ ၁၉၉၂ ခုနှစ် မေလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ကြို တင် ပြင် ဆင် ရန် ဖြစ် သည် ဟု ဆိုသည်။ ကာကွယ်ရေးဝန်ကြီးဖြစ်လာသူ ဒီဗီလသည် ၁၉၅၇ ခုနှစ်တွင် ဖိလစ်ပိုင်စစ်တက္ကသိုလ်မှ ဆင်းခဲ့၍ ၁၉၈၇ ခုနှစ်တွင် ဒု စစ်ဦးစီးချုပ်ဖြစ်လာပြီး ရာမို့စ်တပ်မှ နုတ်ထွက်သောအခါ စစ်ဦးစီးချုပ်ဖြစ်လာသည်။ ၄င်းသည် ဇန်နဝါရီလက တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဖိလစ်ပိုင်၌ အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိရေးနှင့်စပ်လျဉ်း၍ အထက်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခဲ့ရာ ဆူးဗစ်ရေတပ်အခြေစိုက်စခန်းအား နောက်ထပ် ၁၀ နှစ်ဌားရမ်းရေးကို ဖိလစ်ပိုင်အထက်လွှတ်တော်က စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပယ်ချခဲ့သည်။ ယင်းကိုကျော်လွှားနိုင်ရန် အတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းဖြင့် အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိခွင့်ရရှိရေးကို ဆောင်ရွက်ရန် သမ္မတအကီနိုက ဆန္ဒရှိသည်။ သို့ရာတွင် သူမ၏အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများကြောင့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးအစီအစဉ်ကိုစွန့်လွှတ်ခဲ့သည်။

သို့ဖြစ်ရာ အမေရိကန်စစ်စခန်းများ ဖိလစ်ပိုင်နိုင်ငံမှ ရုပ်သိမ်းရန်သာ ရှိပေတော့သည်။ အမေရိကန် စစ်စခန်းများ ဆက်လက်ထားရှိရေးနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့ရာ ထောက်ခံသည့် ဆန္ဒပြပွဲများနှင့် ကန့်ကွက်သည့် ဆန္ဒပြပွဲများပါ ဖြစ်ပွားခဲ့သည်။ ဤအတောအတွင်း နိုဝင်ဘာလဆန်းပိုင်းတွင် ဖိလစ်ပိုင်သမ္မတကတော်ဟောင်း အီမဲလ်ဒါမာ ကို့သည် သူမအပေါ် စွဲချက်တင်ထားသော အမှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ ၁၉၉၂ ခုနှစ်မေလတွင် ကျင်းပရန်ရှိသည့် ဖိလစ်ပိုင်သမ္မတ ရွေးကောက်ပွဲအပေါ် နိုင်ငံရေးအကျိုးသက်ရောက်မှု ရှိစေနိုင်သည်ဟု ဝေဖန်မှုများ ထွက်ပေါ် ခဲ့သည်။

ဗီယက်နမ်နိုင်ငံ။ ။ဗီယက်နမ်နိုင်ငံသည် ၁၉၀၆ ခုနှစ် ခြောက်ကြိမ်မြောက်ပါတီညီလာခံပြီးချိန်မှစ၍ စျေးကွက်စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲ ကျင့်သုံးခဲ့သည်။ ယင်းစီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဗီယက်နမ်စကားဖြင့် ဒွိုင်မွိုင်း(doi moi)ဟု အမည်ပေးသည်။ စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်နှင့်အမျှ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိခဲ့သည်။ လွန်ခဲ့သည့် နှစ်အတွင်း ဟိုချီမင်းမြို့တော်တွင် နိုင်ငံတကာကုမ္ပဏီများက သွားရောက်ဖွင့်လှစ်ခဲ့သော လုပ်ငန်းရုံးခန်းပေါင်း ၂၅ ခု ရှိသည်။ လွန်ခဲ့သော သုံးနှစ်အတွင်း ဗီယက်နမ်တွင် ပြင်ပနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံခဲ့ကြသည့် ငွေလုံးငွေရင်း



ဗိယက်နမ်နိုင်ငံ
မြို့တော်ရှိ
ဟိုချိမင်းရုပ်တု

ပမာဏမှာ ဒေါ်လာ ၁ ဒသမ ၉၄ ဘီလီယံခန့် ရှိသည်။ ယင်းအနက်သုံးပုံတစ်ပုံမှာ ရေနံရှာဖွေရေးတွင်ဖြစ်သည်။

၁၉၉၀–၉၁ နှစ်အတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ပေါင်း ၃၀၀၀ သည် စီးပွားရေးကိစ္စများ ဆွေးနွေးဆောင်ရွက်ရန် ဗိယက်နမ်နိုင်ငံသို့ ရောက်လာခဲ့ကြသည်။ ယခင်နှစ်ကထက် ယခုနှစ်တွင် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့များ လာရောက်မှု ၂၇ ရာခိုင်နှုန်းပိုသည်ဟု ဗိယက်နမ်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုအသင်းက ပြောကြားသည်။ လာရောက်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ် အဖွဲ့များမှာ ဂျပန်၊ ထိုင်း၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဖြိတိန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဟောင်လန်၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှဖြစ်သည်။

၁၉၉၀ ပြည့်နှစ်က ဗိယက်နမ်နိုင်ငံသို့ တရားဝင် ရောက်ရှိလာကြသည့် နိုင်ငံခြားသား လုပ်ငန်းရှင်ပေါင်း ၆,၂၂၁ ရှိသည်။ ထိုလုပ်ငန်းရှင်များတွင် ဂျပန်သည် သုံးပုံတစ်ပုံထက် ပိုသည်။ ဂျပန်နှင့်ဗိယက်နမ် နှစ်နိုင်ငံအကြား ၁၉၉၀ ပြည့်နှစ်က အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် စုစုပေါင်း ဒေါ်လာ ၈၅၃ သန်းဖိုးကျော်

သည်။ ၁၉၇၉ ခုနှစ်က ဒေါ်လာသန်း ၅၀၀ သာ ရှိခဲ့သည်။ ဂျပန်သည် ဗီယက်နမ်မှ ထွက်ရှိသော ရေနံစိမ်းများအနက် ၈၀ ရာခိုင်နှုန်းကျော် ဝယ်ယူလျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်က ဒေါ်လာသန်း ၄၀၀ နှင့်ညီမျှသော ဗီယက်နမ်ရေနံကို ဂျပန်က ဝယ်ယူခဲ့သည်။

ဂျပန်နှင့် တောင်ကိုးရီးယားမှ အီလက်ထရွန်းနစ်ကုမ္ပဏီများဖြစ်သည့် ဂျေဗီစီ၊ ဆန်ညို၊ ရွှပ်၊ ဂိုလ်စတား၊ ဆမ်ဆန်းစသည့် ကုမ္ပဏီများသည် ယင်းတို့၏ပစ္စည်းများကို ဗီယက်ထရွန်းနစ်အမည်ရှိ ဗီယက်နမ်နိုင်ငံပိုင်ကုမ္ပဏီသို့ ရောင်းချပေးလျက်ရှိသည်။

ဗီယက်နမ်ရှိ ပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများအနက် ပြင်သစ်၏မြှုပ်နှံမှု ပမာဏသည် လေးပုံတစ်ပုံခန့်ရှိသည်။ ပြင်သစ် 'အယ်လ်ကာတယ်ကုမ္ပဏီ' သည် တယ်လီဖုန်းလိုင်းပေါင်း ၁၅,၀၀၀ ကို ဟန္ဒိုင်းတွင် တပ်ဆင်ပေးခဲ့ပြီး ဖြစ်သည်။ နောက်ထပ်လိုင်းပေါင်း ၁၀,၀၀၀ အတွက်လည်း ကန်ထရိုက်ရထားသည်။

ဗီယက်နမ်အထည်အလိပ်လုပ်ငန်းဌာနသည် ၁၉၉၁ ခုနှစ်အတွင်း ချည်ပိတ်တန်ချိန် ၆၀,၀၀၀၊ အဝတ်အထည်နှင့် ပိုးထည်သန်း ၃၂၀ မီတာ ထုတ်လုပ်ရန် စီမံချက်ချသည်။ အဆိုပါစီမံချက်အရ အဝတ်အထည်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ၁၉၉၀ ပြည့်နှစ်ကထက် ချည်ပိတ်တွင် တန်ချိန် ၁၀၀၀၊ အဝတ်အထည်စနှင့် ပိုးထည်တွင် မီတာ ၅,၀၀,၀၀၀ ပိုထုတ်ခြင်း ဖြစ်သည်။ ထုတ်လုပ်သော အဝတ်အထည်များအနက် ထက်ဝက်ခန့်ကို ပြည်ပသို့ တင်ပို့ခြင်းဖြစ်ရာ ၁၉၉၁ ခုနှစ်တွင် အဝတ်အထည်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၃၇ သန်းခန့် ရရှိရန်ရည်မှန်းသည်။

ဗီယက်နမ်နိုင်ငံတွင် ဗီနာဆိုင်ကယ်(Vinacycle)ဟု အမည်တွင်သော စက်ဘီးနှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးယူနီယံကို ၁၉၉၁ ခုနှစ် မတ်လထဲတွင် တည်ထောင်ခဲ့သည်။ အဆိုပါယူနီယံတွင် အဖွဲ့ဝင် ၈၂ ဦး ပါဝင်ပြီး အဖွဲ့ဝင်များမှာ နိုင်ငံအဝန်းရှိ စက်ရုံများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ပုဂ္ဂိုလ်များဖြစ်သည်။ ပြည်ပနိုင်ငံခြားကုမ္ပဏီနှစ်ခုက အဆိုပါယူနီယံ၏လုပ်ငန်းတွင် ပူးပေါင်းလုပ်ကိုင်မည်ဖြစ်သည်။ 'ဗီနာဆိုင်ကယ်'ခေါ် စက်ဘီးနှင့်မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးယူနီယံသည် တစ်နှစ်လျှင် စက်ဘီးစီးရေ ၂,၀၀,၀၀၀ နှင့် ၃,၀၀,၀၀၀ အကြားနှင့် စက်ဘီးအပိုပစ္စည်းတန် ၁၀,၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထိုထုတ်လုပ်မှုတစ်ဝက်ကို ပြည်ပတင်ပို့မည် ဖြစ်သည်။

ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် ၁၉၉၁ ခုနှစ် ဧပြီလတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလိုင်စင် ၃၂ ခုကို ထုတ်ပေးခဲ့သည်။ ထိုလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏမှာ ဒေါ်လာသန်း ၃၇၀ ရှိသည်။ ထိုစီမံကိန်းလုပ်ငန်းများတွင် စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ခရာတုပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုနှင့် ရေနံလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းများပါဝင်သည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တာရိုနာကာယာမာသည် ၁၉၉၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသည်။ ဗီယက်နမ်စစ်ပွဲတွင် ကွန်မြူနစ်တို့အောင်ပွဲရကာ ၁၉၇၅ ခုနှစ်၌ တောင်–မြောက် ဗီယက်နမ်ကို ပေါင်းစည်းပြီးနောက်ပိုင်း ဗီယက်နမ်သို့ ပထမဆုံး အလည်အပတ် ရောက်ရှိသော ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။ တာရိုနာကာယာမာသည် ဗီယက်နမ် ဝန်ကြီးချုပ် ဒူမိုင်း (သတ္တမအကြိမ် ပါတီညီလာခံတွင် ကွန်မြူနစ်ပါတီ အကြီးအကဲ ဖြစ်လာသူ) နှင့် လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီး ဥယင်ကိုသက်နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ဝန်ကြီးချုပ်ဒူမိုင်းက ၎င်းအား ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားချက်ကို လက်ခံပြီး ဂျပန်ဝန်ကြီးချုပ်ကိုလည်း ဗီယက်နမ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားသည်။ ဂျပန်က ဗီယက်နမ်၏ စီးပွားရေး ပြုပြင် ပြောင်းလဲမှုကို ကြိုဆိုလိုက်သည်။

အိန္ဒိယနိုင်ငံ သမ္မတ ရာမာဆွာမီဗင်ကတာရာမန်သည် ၁၉၉၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ဗီယက်နမ် နိုင်ငံသို့ အလည်အပတ်ရောက်သည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း အိန္ဒိယနိုင်ငံအကြီးအကဲ တစ်ဦး ဗီယက်နမ်သို့ ပထမဆုံး ရောက်ရှိခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၉၁ ခုနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ကျောက်မီးသွေးထုတ်လုပ်ရေးလုပ်ငန်းနှင့် ရေနံ ရှာဖွေရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ သတ္တမအကြိမ်ပါတီညီလာခံကို ၁၉၉၁ ခုနှစ် ဇွန်လ ၂၄ ရက်မှစ၍ လေးရက်တိုင်ကျင်းပသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် ပါတီစုံစနစ်ကိုပြောင်းလဲကျင့်သုံးမည်မဟုတ်ကြောင်း ညီလာခံက ကြေညာသည်။ ပါတီအကြီးအကဲ ဥယင်ဗန်လင်းကဗီယက်နမ်သည် ဆိုရှယ်လစ် လမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် လျှောက်သွားရင်း အာရှနှင့် အနောက်နိုင်ငံများရှိ ကွန်မြူနစ် မဟုတ်သော တိုင်းပြည်များနှင့် ရင်းနှီးနီးစပ်မှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါတီညီလာခံအဖွင့်

တွင် ပြောကြားသည်။ ဗိယက်နမ်ကွန်မြူနစ်ပါတီ သတ္တမ အကြိမ် ပါတီညီလာခံသို့ ပါတီဝင် ကိုယ်စားလှယ်ပေါင်း ၁,၁၇၉ ဦး တက်ရောက်သည်။

သတ္တမအကြိမ် ပါတီညီလာခံက ဝန်ကြီးချုပ် ဒူမိုင်း (၇၄ နှစ်) အား ဗိယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ (ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး) အဖြစ် တင်မြှောက်သည်။ ဒူမိုင်းသည် အသက် ၇၆ နှစ်ရှိ ပါတီ အကြီးအကဲဥယင်ဗန်လင်း၏ အရိုက်အရာကို ဆက်ခံသူဖြစ်သည်။ ဗိယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲသစ် ဒူမိုင်းက ပါတီညီလာခံတွင် မိန့်ခွန်းပြောရာ ဆိုရှယ်လစ်စနစ်သည်သာ ဗိယက်နမ် နိုင်ငံအတွက် မှန်ကန်သော လမ်းကြောင်းဖြစ်သည်ဟူ၍ ထည့်သွင်း ပြောကြားခဲ့သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၁)။

။ ၁၉၉၁ ခုနှစ် အတွင်း သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြစေရန် အကျဉ်းချုပ် ဖော်ပြပါသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် သာသနာတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှ ဆရာတော် လေးပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးတစ်ပါးတို့အား၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ဆရာတော်ကြီး ၅၀ ပါး၊ ထိုင်းနိုင်ငံမှ ဆရာတော်ကြီး ၁၀ ပါး၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီး နှစ်ပါး၊ နီပေါနိုင်ငံမှ ဆရာတော်ကြီး တစ်ပါး၊ ဂျပန်နိုင်ငံမှ ဆရာတော်ကြီး တစ်ပါးနှင့် အင်္ဂလန်နိုင်ငံမှ ဆရာတော်ကြီးတစ်ပါး တို့အား " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ် လှူဒါန်းခဲ့သည်။

ကြိုဆိုပူဇော်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်များ အလှူခံရန် အတွက် ပြည်ပမှဆရာတော်ကြီးများသည် ၂၆ – ၂ – ၉၁ နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ကြွရောက်တော်မူလာကြရာ ရွှေးအစဉ်အလာမပျက် ဒေဝါဝင်း၊ ရာဇာဝင်း မျှားခင်းချ၍ စည်ကားသိုက်မြိုက်စွာ ပြည်သူအများက သောင်းသောင်းဖျဖျ ကြိုဆိုပူဇော်ကြသည်။

ပြည်ပမှ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး စောမောင် ဖူးမြော်ကန်တော့ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံယူရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ကြွရောက်တော်မူလာကြသည့် ထိုင်းနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာရာမ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝန္ဒ၊ ဂျပန်နိုင်ငံ မိုဂျီကမ္ဘာအေးစေတီ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့အား ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် အလုံလမ်းရှိ မနောဟရီစံကျောင်းတော်သို့ သွားရောက် ဖူးမြော် ကန်တော့သည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဘာသာရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာက မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ အပြန်အလှန်သာသနာပြု ဆက်သွယ်မှုများ နှစ်နိုင်ငံသာသနာရေး ပူးပေါင်းဆောင်ရွက်ချက်များကို မိန့်ကြား တော် မူ သည်။ ဆက်လက်၍ ဆရာတော်ကြီး လေးပါးတို့က အောင်ဆုဂါဏာရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်အဖွဲ့က လှူဖွယ်ဝတ္ထုများ ဆက် ကပ် လှူဒါန်းသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကျင်းပခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဆက်ဆက် လှူဒါန်းဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်သမိုင်းဌာ ၁၉၉၁ ခုနှစ်သည် မကြုံစဖူး အထူးခြားဆုံးနှစ် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ဆရာတော်ကြီး ၅၄ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး ၁၆ ပါးတို့အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသော အခမ်းအနားကို ၁၃၅၂ ခုနှစ် တပေါင်းလပြည့် (၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့)တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆင္ဒ

သင်္ဃာယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံဟော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဖဲ၀င်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းသည်။ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ လုပ်သားပြည်သူများက ကျပ် ၅၃ သိန်းကျော်တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နေ့များတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆင်္ဃသင်္ဃာယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော် မူကြသည်။

ယင်းအစည်းအဝေးက ရွေး ချယ် တင် မြှောက် ခြင်း တစ်ရပ်၊ မှတ်တမ်းတင်ခြင်း ခုနစ်ရပ်၊ အတည်ပြုခြင်း ငါးရပ်နှင့် ဆုံးဖြတ်ခြင်း လေးရပ်တို့ကို ချမှတ်ခဲ့သည်။


ဆုံးဖြတ်ခြင်း (၄) ရပ်

(၁) စနစ်သစ် ပထမပြန်စာမေးပွဲပြဋ္ဌာန်းချက်နှင့် ပုစ္ဆာထုတ်စည်းမျဉ်းအခြို့ ပြင်ဆင်ရန် ဆုံးဖြတ်ခြင်း၊

(၂) နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များမှ ပိဋကတ်တိုက်မှူးများအား တက္ကသိုလ် ဗဟိုပညာရေးအဖွဲ့၌ ထည့်သွင်းရေးအတွက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၃၄ ကို ပြင်ဆင်ရန် ဆုံးဖြတ်ခြင်း၊

(၃) နိကာယ်ငါးရပ် ပိဋကတ်တော်စာမေးပွဲကျင်းပရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ခြင်း၊

ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားတွင် ဗိုလ်ချုပ်ကြီးသန်းရွှေအမှူးပြု၍ ဂုရုစက်သွန်းချနေစဉ်



(၄) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၃(က) ပြဋ္ဌာန်းချက်ပါ စာသားအခွဲကို ဖြုတ် ပယ် ရန် ဆုံးဖြတ်ခြင်း၊

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖွင့်လှစ်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို ထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနကို ၁၉၉၁ ခုနှစ် မေလ ၉ ရက် နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိသာခါ တန်ဆောင်း၌ ဖွင့်လှစ်သည်။

လောနိုင်ငံသို့ သာသနာ့ခွဲစိတ်ကြည်ရေးအဖွဲ့ ထွက်ခွာခြင်း

လောနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက် ဒေးဝန်းအုတ်ကျောင်း နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိကာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏာဘိဝံသ ဆရာတော်ကြီးများဦးဆောင်သော အဖွဲဝင် ၂၁ ဦး ပါဝင်သည့် သာသနာ့ခွဲစိတ်ကြည်ရေး မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲသည် ၁၉၉၁ ခုနှစ် ဇွန်လ ၂၀ ရက်မှ ၂၅ ရက်နေ့အထိ လောနိုင်ငံသို့ ကြွရောက်တော်မူသည်။ မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲသည် လောနိုင်ငံ သာသနာပိုင်ဆရာတော် ဦးဆောင်သော ဆရာတော် သံဃာတော်များနှင့် တွေ့ဆုံ၍ သာသနာရေးဆိုင်ရာ ကိစ္စများ ဆွေးနွေးညှိနှိုင်းပြီး ခွဲစိတ်ကြည်ရေးလက်ဆောင် အဖြစ် ဗုဒ္ဓဆင်းတုတော်၊ ပိဋကတ်သုံးပုံနှင့် သင်္ကန်း၊ ခါးပန်းကြိုးများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် လောနိုင်ငံရှိ သာသနာရေးဆိုင်ရာ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုဖူးမြော် လေ့လာခြင်းများ ပြုလုပ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုသို့ မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာခြင်း

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ ဘူရယတိယနယ်မြေတွင် ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာခြင်း အနှစ် ၂၅၀ မြောက် အခမ်းအနားသို့ တက်ရောက်ရန်နှင့် မော်စကိုမြို့တော်တွင် သံတောင် ၁၀၀ တောင်ရှိ စေတီတော်ကြီး တစ်ဆူ တည်ထားကိုးကွယ်ရေး ကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းရန် အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တို့ဖက် အကျိုးတော်ဆောင် (၁) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏသိရိ ဦးဆောင်သော အဖွဲဝင်လေးဦး ပါဝင်သည့် မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲသည် ၁၉၉၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဆိုဗီယက် ဆိုရှယ် လစ်ပြည်ထောင်စုသမ္မတနိုင်ငံသို့ ကြွရောက်ခဲ့သည်။

ညွှန်ကြားလွှာအမှတ် ၈၃ ထုတ်ပြန်ခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ထေရဝါဒသံဃာကိုဏ်းဝင် ရဟန်းသာမဏေတို့သည် ပါတိနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတပါးအားတိုက်တွန်းခြင်းများမှ ရှောင်ကြဉ်ကြရန် အတွက် ညွှန်ကြားလွှာအမှတ် ၈၃ ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ထုတ်ပြန် ညွှန်ကြားခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲသည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲတို့ကို ဖွဲ့စည်း၍ နိုင်ငံတော်အယူခံ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို စစ်ဆေးဆုံးဖြတ် စေခဲ့ရာ ၁၉၉၁ ခုနှစ်အတွင်း နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့ ခြောက်ဖွဲ့တို့က နိုင်ငံတော်အယူခံဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း ၂၆ မှုနှင့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဖွဲ့စည်းဆုံးဖြတ်မှု တစ်မှုတို့ကို စစ်ဆေးသုံးသပ် ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲသည် ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော မှုခင်းနှစ်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော မှုခင်း ခြောက်မှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးဆုံးမှု ၁၃ မှုနှင့် အထွေထွေ ဝိနိစ္ဆယဆောင်ရွက်မှုတို့ကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓဘာသာစာမူမျှားစိစစ်ခြင်း

ဗုဒ္ဓဘာဘာဆိုင်ရာ စာမူပေါင်း ၁၆၁ အနက် စာမူ ၅၃ မူကို ထုတ်ဝေခွင့်ပြု၍ စာမူ ငါး မူကို ထုတ်ဝေခွင့် မပြုဘဲ စာမူ ၂၇ မူကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၀ မူကို ဖြုတ်ပယ်စေ၍လည်းကောင်း၊ စာမူ ၆၂ မူကို ဖြုတ်ပယ် ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်

ပြုခဲ့သည်။ စာမူလေးမူကို ပြန်လည်ရေးသားတင်ပြရန် ညွှန်ကြားခဲ့သည်။

စာမေးပွဲများကျင်းပခြင်း

၁၉၉၁ ခုနှစ် ၄၃ ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲတွင် ၁၀၅ ပါးဝင်ရောက်ဖြေဆိုခဲ့ရာ အောင်ပြန် ၃၉ ပါး၊ ရေးဖြေငါးပါး စုစုပေါင်း ၄၄ ပါး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာန ၁၉ ဌာနတို့၌ကျင်းပခဲ့ရာ ဖြေဆိုသူပေါင်း ၄,၃၀၂ ပါးရှိ၍ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၅၈ ပါး၊ နှစ်ကျမ်းအောင် ၅၅ ပါး၊ တစ်ကျမ်းအောင် ၄၆ ပါး၊ ပါဠိဂုဏ်ထူးအောင်ငါးပါး စုစုပေါင်း ၁၆၄ ပါးအောင်မြင်သည်။ ပထမပြန်စာမေးပွဲများကို စာဖြေဌာနပေါင်း ၂၀၄ ဌာနတို့၌ကျင်းပခဲ့ရာ ပထမကြိုးတန်းတို့၌ ၅,၈၅ ပါးဖြေဆိုခဲ့ရာ ၃၆၅ ပါးအောင်မြင်သည်။ ပထမလတ်တန်း၌ ၈,၈၉၄ ပါးဝင်ရောက်ဖြေဆိုခဲ့ရာ ၁,၃၅၂ ပါး အောင်မြင်ခဲ့သည်။ ပထမငယ်တန်း၌ ၁၄,၀၂၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၃,၆၅၉ ပါး အောင်မြင်ခဲ့သည်။ အခြေပြုမူလတန်း၌ ၁၄,၀၂၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၃,၃၆၃ ပါး အောင်မြင်ခဲ့သည်။

လူနှင့်သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို စာဖြေဌာနပေါင်း ၁၂၂ ဌာနတို့၌ ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၁၀,၃၀၂ ဦးရှိ၍ အောင်မြင်သူပေါင်း ၆,၄၆၄ ဦး ရှိသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို စာဖြေဌာနပေါင်း ၂၃၆ ဌာနတို့၌ကျင်းပခဲ့ရာ ဖြေဆိုသူပေါင်း ၁,၄၅,၃၂၉ ဦး ရှိ၍ အောင်မြင်သူပေါင်း ၉၀,၈၁၆ ဦးရှိသည်။

ဆောက်ပံ့လှူဒါန်းငွေများ တိုးမြှင့်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် ရည်သန်လျက် အဘိဓမ္မာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တောင်တန်းသာသနာပြုဆရာတော်ကြီးများအား နှစ်စဉ် ဆောက်ပံ့လှူဒါန်းငွေများနှင့် ဓမ္မာစရိယစာချတန်းအောင် သံဃာတော်များ၊ ပါဠိဂုဏ်ထူးနှင့် မြန်မာဂုဏ်ထူးအောင် သံဃာတော်များ၊ ပထမပြန်စာမေးပွဲအောင် သံဃာတော်များ အား စာအောင်ဆုငွေများကို အောက်ပါအတိုင်း တိုးမြှင့်လှူဒါန်းခဲ့သည်။

ထို့အပြင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် တောင်တန်းသာသနာပြု ဆရာတော်ကြီးများ ပံ့လှုန်တော်မူသည့်အခါ ဆောက်ပံ့လှူဒါန်းမြဲဖြစ်သည့် အလှူတော်ငွေများကိုလည်း အောက်ပါအတိုင်း တိုးမြှင့် ဆောက်ပံ့ လှူဒါန်းခဲ့သည်။

ဘွဲ့တံဆိပ်တော်	မူလလှူဒါန်းငွေ		တိုးမြှင့်လှူဒါန်းငွေ	
အဘိဓဇ မဟာရဋ္ဌဂုရု	နှစ်စဉ်	၁၅၀၀၀/-	နှစ်စဉ်	၆၀၀၀၀/-
အဂ္ဂမဟာပဏ္ဍိတ	နှစ်စဉ်	၁၀၀၀၀/-	နှစ်စဉ်	၅၀၀၀၀/-
တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက	သုံးလတစ်ကြိမ်	၉၃၃၀/-	သုံးလတစ်ကြိမ်	၅၅၉၀/-
တောင်တန်း သာသနာပြု ဆရာတော်	နှစ်စဉ်	၁၀၀၀၀/-	နှစ်စဉ်	၄၀၀၀၀/-
ဓမ္မာစရိယဘွဲ့ရ	တစ်ကြိမ်တည်း	၃၀၀၀/-	တစ်ကြိမ်တည်း	၁၈၀၀၀/-
ပါဠိဂုဏ်ထူးအောင်	"	၃၀၀၀/-	"	၁၈၀၀၀/-
မြန်မာ ဂုဏ်ထူးအောင်	"	၂၀၀၀/-	"	၁၂၀၀၀/-
ပထမကြိုးတန်းအောင်	"	၁၀၀၀/-	"	၆၀၀၀/-
ပထမလတ်တန်းအောင်	"	၄၅၀/-	"	၂၅၀၀/-
ပထမငယ်တန်းအောင်	"	၅၀၀/-	"	၃၀၀၀/-
အခြေပြု မူလတန်းအောင်	"	၂၅၀/-	"	၁၅၀၀/-
ဘွဲ့တံဆိပ်တော်နှင့် တာဝန်	**မူလ လှူဒါန်းငွေ**		**တိုးမြှင့်လှူဒါန်းငွေ**	
အဘိဓဇ မဟာရဋ္ဌဂုရု	၃၀၀၀၀/-		၅၀၀၀၀/-	
နိုင်ငံတော် ဩဝါဒါစရိယ	၂၀၀၀၀/-		၄၀၀၀၀/-	
အဂ္ဂမဟာပဏ္ဍိတ	၂၀၀၀၀/-		၃၀၀၀၀/-	
နိုင်ငံတော် ဗဟိုဝန်ဆောင်	၁၀၀၀၀/-		၂၀၀၀၀/-	
တောင်ကန်း သာသနာပြု	၃၀၀၀/-		၁၀၀၀၀/-	

ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ။ ။ဟိုစိန် မိုဟာမက် အာရှတ်သည် ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံသမ္မတအဖြစ် နိုင်ငံကို ဦးဆောင်လာခဲ့သူဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၇-စာ၊ ၂၃၂—ရှု။) သို့ရာတွင် အတိုက်အခံများက သမ္မတရွေးကောက်ပွဲတွင် မဲမသမာမှုများ ရှိခဲ့သည်ဟု စွပ်စွဲကြပြီး ယင်းရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ အစဉ်တစိုက်ဆိုသလိုပင် သမ္မတအာရှတ် ရာထူးမှဆင်းပေးပြီး အိမ်စောင့် အစိုးရကတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရန် တောင်းဆိုခဲ့ကြသည်။ အာရှတ်ကလည်း အတိုက်အခံတို့၏ လိုလားချက်ကို ပယ်ချခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထူးခြားသည့် သမိုင်းအလှည့်အပြောင်း ဖြစ်ရပ်များသည် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် စတင်ဖြစ်ပေါ်ခဲ့သည်။ ယင်းနှစ် အောက်တိုဘာလမှ အစပြု၍ အတိုက်အခံပါတီများကို စုပေါင်း၍ ဖွဲ့စည်းထားသည့် တပ်ပေါင်းစုသုံးခုမှ တက်ကြွသော ပါတီဝင်များက သမ္မတအာရှတ် နုတ်ထွက်ပေးရန်၊ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြမှုများ၌ ရဲများနှင့် ပဋိပက္ခဖြစ်ပွားသဖြင့် လူ့ခုနစ်ဦးသေဆုံး၍ ၃၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ရပ်ကျွ ရှာဟီမြို့ ဆန္ဒပြမှုများတွင် ကျောင်းသားနှစ်ဦး သေဆုံးခဲ့ရာ ယင်းကို အကြောင်းပြု၍ ဒါကာမြို့တော်ရှိ တက္ကသိုလ်များ၊ ကျောင်းများနှင့် အခြားမြို့ရှိ တက္ကသိုလ်များတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ကန့်ကွက် ဆန္ဒပြမှုများလည်း ပိုမိုကြီးထွားခဲ့ရသည်။

ကန့်ကွက် ဆန္ဒပြမှုများ ဆက်တိုက် ဖြစ်ပွား ခဲ့ရာ အခြေအနေမှာ တင်းမာလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။ အခွိုင်မြို့ကြီးများတွင် ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ရသည်။ သမ္မတအာရှတ်အား ဆန့်ကျင်တိုက်ခိုက်ရာတွင် အဝါမီအဖွဲ့ချုပ် ခေါင်းဆောင် ရှိတ် ဟာစီနာနှင့် ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ (ဘီအင်ပီ) ခေါင်းဆောင်ခါလီဒါ ဇီယာတို့သည် ၎င်းတို့၏ နိုင်ငံရေးသဘောထား ကွဲလွဲချက်များကို ဘေးချိတ်ကာ အတိုက်အခံ အင်အား တစ်ရပ်အဖြစ် ပူးပေါင်းလက်တွဲခဲ့ကြသည်။ ရှိတ်ဟာစီနာသည် ၁၉၇၅ ခုနှစ်က လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့် ရှိတ်မူဂျီဗာ ရာမန်၏ သမီးဖြစ်သည်။ ခါလီဒါဇီယာမှာလည်း ၁၉၈၁ ခုနှစ်တွင် စစ်ဘက်အာဏာသိမ်းမှုဌာ လုပ်ကြံသတ်ဖြတ်ခံရသည့် သမ္မတဇီယာ ရာမန်၏ဇနီးဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၁-စာ၊ ၂၅၃—ရှု။) သမ္မတအာရှတ်သည်လည်း ၁၉၈၂ ခုနှစ်တွင် သွေးထွက်သံယိုမရှိဘဲ အာဏာသိမ်းခဲ့ပြီး အာဏာရရှိလာခဲ့သူဖြစ်သည်။ ထိုစဉ်က အာရှတ်မှာ ကြည်းတပ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၃-စာ၊ ၂၃၆—ရှု။)

ဤသို့ဖြင့် ရက်သတ္တခုနစ်ပတ်ကြာ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် အဖက်ဖက်မှ ဖိအားပေးမှုများ ပိုမိုပြင်းထန်လာသည့် အလျောက် သမ္မတအာရှတ်သည် ၎င်း၏ ရာထူးမှ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် နုတ်ထွက်ခဲ့ရသည်။ ၎င်းမနုတ်ထွက်မီ တရားလွှတ်တော်ရုံးချုပ် တရားသူကြီးချုပ် ရှဟာဘတ်ဒင် အာမတ်အား ယာယီသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။

အတိုက်အခံများက ပြုတ်ကျသွားသော သမ္မတအာရှတ်သည် အာဏာကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးရှာမှုများနှင့် ခြစားမှုများ ရှိခဲ့ပြီး အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ ထို့ပြင် အာရှတ်သည် ရန်ပုံငွေအလွဲသုံးစားပြုမှု၊ ရွှေမျောင်ခို ရောင်းဝယ်မှုနှင့် မိမိ၏ဆွေမျိုးများကိုသာ ရာထူးပေးထားမှုများ ရှိခဲ့သည်ဟုဆိုသည်။ အာရှတ်၏အိမ်ကို ဝင်ရောက်ရှာဖွေရာ လိုင်စင်မရှိဘဲ ကိုင်ဆောင်ထားသည့် လက်နက်များနှင့် ဒေါ်လာ သုံးသန်းခြောက်သိန်းကို သိမ်းဆည်းရရှိခဲ့သည်။ သို့ဖြစ်ရာ လက်နက်များ တရားမဝင် ပိုင်ဆိုင်ထားရှိမှု၊ အလွဲသုံးစားမှု၊ ခြစားမှုများနှင့် စုံချက်တင်ကာ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခဲ့သည်။ သမ္မတဟောင်း အာရှတ်၏ အစိုးရအဖွဲ့ ဝန်ကြီးအချို့ကိုလည်း ဖမ်းဆီးခဲ့သည်။

ယာယီသမ္မတ ရှဟာဘတ်ဒင် အာမတ်က ရွေးကောက်ပွဲများကျင်းပပေးရန် ကတိပြုထားရာ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံး လှုပ်ရှားခဲ့ကြသည်။ ယင်းလှုပ်ရှားမှုတွင် အနည်းဆုံး လူ ၁၂ ဦးသေဆုံးပြီး ၂၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ဤသို့ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပါလီမန်ရွေးကောက်ပွဲကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေးရရှိခဲ့ပြီး နောက်ပိုင်း ပထမဆုံး အကြိမ် ဒီမိုကရက်တစ် နည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှုဟု ဆိုရပေမည်။

ယခုရွေးကောက်ပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေ သန်း ၁၁၀ အနက် မဲဆန္ဒပေးနိုင်ခွင့်ရှိသူဦးရေ ၆၂ သန်း



သမ္မတဟောင်းအာရှတ်ကို ဖမ်းဆီးအရေးယူရန် တောင်းဆိုဆန္ဒပြနေကြသည့် ကျောင်းသားများ

ရှိရာ အကြီးမားဆုံး ရွေးကောက်ပွဲတစ်ခု ဖြစ်သည်။ ပါလီမန်အမတ်နေရာ ၃၀၀ အတွက် ပါတီ ၇၀ မှ ကိုယ်စားလှယ်လောင်း ၂,၇၁၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြသည်။ အမတ်အများစုအနိုင်ရရှိသောပါတီက နောက်ထပ်အမျိုးသမီး ပါလီမန်အမတ်နေရာ ၃၀ ကို လျာထားရွေးချယ်ခွင့် ရရှိမည်ဖြစ်သည်။

ရှိတ်ဟာစီနာ ဦးဆောင်သော အဝါမိအဖွဲ့ချုပ်နှင့် ခါလီဒါ ဇီယာဦးဆောင်သော ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ (ဘီအင်ပီ) တို့မှာ အဓိက အတိုက်အခံပါတီကြီးများဖြစ်ကြသည်။ သမ္မတရာထူးမှ ပြုတ်ကျခဲ့ပြီး အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသည့် အာရှတ်ကလည်း ၎င်း၏ ဇာတိမြေဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း ရဲန်ပါးရိုင်တွင် မဲဆန္ဒနယ်ငါးခုဌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တရားဝင်ထုတ်ပြန်သော ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းများအရ အမတ်နေရာ ၃၀၀ ရှိသော ပါလီမန်တွင် ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ (ဘီအင်ပီ) က ၁၄၀ နေရာ၊ အဝါမိအဖွဲ့ချုပ်က ၇၅ နေရာ၊ သမ္မတဟောင်း အာရှတ်၏ ဂျတီယပါတီက ၃၅ နေရာ၊ ဂျမတ်အီအစ္စလမ်မီပါတီက ၁၈ နေရာ အနိုင်ရရှိကြပြီး ကျန်နေရာများကို ပါတီငယ်များက ရရှိကြသည်။ အထိန်းသိမ်းခံနေရသည့် အာရှတ်သည် ၎င်းယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်ငါးခုစလုံးတွင် အနိုင်ရရှိခဲ့သည်။ အာရှတ်ကို လွှတ်ပေးရန် ဂျတီယပါတီနှင့် ၎င်းကို ထောက်ခံသူများက တောင်းဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီအနေဖြင့် ပါလီမန်တွင် အမတ်နေရာ အများစုဖြစ်ရန် နေရာအနည်းငယ်လိုအပ်နေရာခိုင်မာသည့် အစိုးရ ဖွဲ့စည်းနိုင်ရန်အတွက် ပါတီငယ်များနှင့် ပူးပေါင်းရန် ရှိနေပေသည်။ ဤအခြေအနေတွင် အမတ် ၁၈ နေရာအနိုင်ရရှိခဲ့သည့် အစ္စလာမ်ဘာသာရေးပါတီဖြစ်သော ဂျမတ်အီ အစ္စလမ်မီပါတီက ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီကို ထောက်ခံကြောင်း ကြေညာခဲ့ရာ ခါလီဒါ ဇီယာအဖို့ အစိုးရဖွဲ့စည်းရန် လမ်းပွင့်သွားစေခဲ့သည်။

မတ်လ ၁၉ ရက်နေ့တွင် ခါလီဒါဇီယာအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် သတ်မှတ်ရွေးချယ်လိုက်သည်။ ကြားဖြတ်အစိုးရ ယာယီသမ္မတရှာဘာဒ်ဒင် အာမတ်က ခါလီဒါ၏ ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီမှ ပါလီမန်အမတ်များကို ဝန်ကြီး ၁၁ နေရာနှင့် အငယ်တန်းဝန်ကြီး ၂၁ နေရာ ခန့်အပ်ခဲ့သည်။

ခါလီဒါသည် မတ်လ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ယာယီသမ္မတရှာဘာဒ်ဒင် အာမတ်၏ရွေးမှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုနေ့မှာပင် သူမ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း ကျမ်းသစ္စာကျိန်ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အာဏာမှာ သမ္မတထံတွင် အပ်နှင်းထားရာ ဝန်ကြီးချုပ် ခါလီဒါအနေဖြင့် အပြည့်အဝလုပ်ပိုင်ခွင့် ရယူလိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ရှိနေပေ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်သစ် ဖြစ်လာသူ ခါလီဒါဇီယာ

သည်။ ခါလီဒါက သမ္မတတွင်အာဏာရှိသည့် အုပ်ချုပ်မှု စနစ်မျိုးကိုပင် သူမ၏ပါတီက ကြိုက်နှစ်သက်ကြောင်း ပြောကြားသည်။

မတ်လ ၃၀ ရက်နေ့တွင် အမျိုးသမီးများအတွက် လျာထားသည့် ပါလီမန်အမတ် ၃၀ ကို သတ်မှတ်ရွေး ချယ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီက ၂၇ နေရာ နှင့် ဂျာမတ်အီ အစ္စလမ်မီပါတီက နှစ်နေရာရယူခဲ့သည်။ သို့ဖြစ်ရာ အမတ် ၃၃၀ ဦးရှိသည့် ပါလီမန်တွင် ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီက စုစုပေါင်း ၁၆၈ နေရာ ရရှိလိုက်သဖြင့် အခြားပါတီများ၏ ထောက်ခံမှုမလိုအပ် တော့ဘဲ မိမိပါတီ၏ အမတ်အများစုဖြင့် ပါလီမန်ကို လွှမ်းမိုးနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခံရသည့် အမတ်များသည် ပါလီမန်အမတ်များအဖြစ် အသီးသီးကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသော်လည်း အာရှတ်ဦးဆောင်သည့် ဂျာတီယ ပါတီမှ အမတ်များက အာရှတ်ကိုလွှတ်မပေးသည့်အတွက် ပါလီမန်အမတ်များအဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုဘဲ နေခဲ့ကြသည်။ သို့ရာတွင် ဧပြီလ ၃ ရက်နေ့တွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသူ အာရှတ်သည် လုံခြုံရေးတင်းကျပ်စွာချထားလျက် ပါလီမန်တွင် အမတ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်း၏ပါတီမှအခြား ပါလီမန် အမတ်များသည်လည်း ကျမ်းသစ္စာကျိန်ဆိုကြသည်။ ယင်းတို့အထဲတွင် အချို့မှာ အကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရသူများ ဖြစ်ကြသည်။

အသစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဘင်္ဂလား ဒေ့ရှ် ပါလီမန်၏ပထမဆုံးအကြိမ် ပါလီမန်အစည်းအဝေး ကို ဧပြီလ ၅ ရက်နေ့တွင်ကျင်းပရာ ယာယီသမ္မတ ရှဟာ ဘတ်ဒင် အာမတ်က သမ္မတကို ရွပ်ပြအဖြစ်လောက်သာ ထားပြီး ပါလီမန်အစိုးရဦးဆောင်သည့် အုပ်ချုပ်ရေး စနစ်မျိုးသို့ ပြောင်းလဲရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြင်ဆင်ရန် တိုက်တွန်းပြောကြားသည်။ အတိုက်အခံ များကလည်း သမ္မတအာဏာရှိသည့် စနစ်ကိုဖျက်သိမ်းပြီး ဝန်ကြီးချုပ်ဦးဆောင်သည့် ပါလီမန်အုပ်ချုပ်ရေးစနစ်ကို ထောက်ခံကြသည်။

ဤအတောအတွင်း အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံ နေရသူ အာရှတ်ကို ထိန်းသိမ်းထားသည့်အိမ်မှ ဒါကာ ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ရာ အာရှတ်၏ ဂျုတိယပါတီကို ထောက်ခံသူများက အကြမ်းဖက် ဆူပူ ဆန္ဒပြခဲ့ကြသည်။ ထို့ပြင် မေလ ၁ ရက်မှစ၍ တစ်နာရီ လျှင် မိုင် ၁၄၀ နှုန်းအထိပြင်းထန်သော မုန်တိုင်းတိုက် ခတ်မှုကြောင့် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့သည်။ လခြမ်းနီသူနာပြုအဖွဲ့၏ ခန့်မှန်းချက် အရ လူနှစ်သိန်းခန့် သေဆုံးခဲ့သည်ဟု ဆိုသည်။ (သဘာဝဘေးဒဏ်—ရှု။)

ဝန်ကြီးချုပ် ခါလီဒါဇီယာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၏အခြေခံဥပဒေအရ လက်ရှိ အုပ်ချုပ်ရေးစနစ်နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့်ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ ခါလီဒါအနေဖြင့် သမ္မတအာဏာ ပိုမို ရရှိသော လက်ရှိအုပ်ချုပ်ရေးစနစ်ကို လိုလားသည်။ သမ္မတ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန်လည်း ရည်မှန်းထားသည်။ သို့ရာတွင် အတိုက်အခံခေါင်းဆောင် ရှိတ် ဟာစီနာနှင့် အခြားပါလီမန်အမတ်များက ဗြိတိသျှ ပုံစံအတိုင်း ပါလီမန်အုပ်ချုပ်ရေးစနစ်ကို လိုလားသည်။

ဤသို့ဖြင့် ခါလီဒါသည် အခြေခံဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းကို ပါလီမန်သို့ တင်သွင်းခဲ့သည်။ အဆိုပါဥပဒေကြမ်းတွင် အချုပ်အာဏာဖြင့် သမ္မတသည် နိုင်ငံ၏ ခေါင်းဆောင်ဖြစ်ရန်၊ သမ္မတကို ပါလီမန်က ရွေးချယ်ပြီး သက်တမ်းငါးနှစ်ထားရန်၊ ဒုတိယသမ္မတ ကိုလည်း ထားရန်၊ သမ္မတသည် ဝန်ကြီးချုပ်က အကြံ ပေးသည်များကို လုပ်ဆောင်ရန် စသည့်အချက်များ ပါဝင်သည်။

ဇွန်လ ၈ ရက်နေ့တွင် အုပ်ချုပ်ရေး စနစ်နှင့် ပတ်သက်၍ ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာ အမတ်ဦးရေ ၃၃၀

ရှိသည့်ပါလီမန်တွင် ပါလီမန်အုပ်ချုပ်ရေးစနစ်ကို လိုလား သူဘက်က ၁၆၅ မဲ ရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကပင် စတင်ကြားနာ စစ်ဆေးခဲ့သည့် သမ္မတဟောင်း အာရှက်၏ လက်နက် များ တရားမဝင်ပိုင်ဆိုင်ထားရှိမှုနှင့် စပ်လျဉ်း၍ အထူး ခုံရုံးက ဇွန်လ ၁၂ ရက်နေ့တွင် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် အာရှက်အား အမိန့်ချမှတ်ခဲ့သည်။ အာရှက်သည် ဤအမှုအပြင် အခြားစွဲချက်တင်ထားသော အမှုများကိုလည်း ရင်ဆိုင်ဖြေရှင်းရန် ရှိနေပေသေးသည်။

ဩဂုတ်လ ဂ ရက်နေ့က အခြေခံဥပဒေပြင်ဆင်ရေး အတွက် ပါလီမန်၌ ထပ်မံမဲခဲ့ရာ ပါလီမန်စနစ်ကို ထောက်ခံသူ ၃၀၇ ဦး၊ ကန့်ကွက်သူမရှိသဖြင့် အတည် ဖြစ်ခဲ့သည်။ ထိုနေ့ကို ပါလီမန်နေ့အဖြစ် သတ်မှတ်လိုက် သည်။ ဤသို့ဖြင့် ၁၇ နှစ်တိုင်တိုင် သမ္မတစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ကို ၁၉၉၁ ခုနှစ်တွင် ပါလီမန်အုပ်ချုပ် ရေးစနစ်သို့ ပြောင်းလဲနိုင်ခဲ့သည်ဟု ဆိုရပေမည်။

မလေးရှားနိုင်ငံ။ ။ပါတီရေးပြိုင်ဘက်များ၊ ပုဂ္ဂိုလ် ရေး ပြိုင်ဘက်များ၊ လူမျိုးရေး ပြိုင်ဘက်များကို ကျော်လွှား၍ မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျင်းပသော ရွှေ့ကြိမ်မြောက် ပါလီမန် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အောင်ပွဲဆင်ခဲ့ သည်။ အမတ်နေရာ ၁၈၀ ဦးရှိသည့်ပါလီမန်တွင် မဟာ သီယာ၏ အမျိုးသားတပ်ဦး ညွှန့်ပေါင်းအဖွဲ့က ၁၂၁ နေရာ အနိုင်ရရှိခဲ့ရာ ၎င်းအနေဖြင့် ပါလီမန်တွင် အရေး ပါသည့်ဥပဒေများ အတည်ပြုချက် ရယူနိုင်ရေးအတွက် လိုအပ်သော အမတ်နေရာအများစု သုံးပုံနှစ်ပုံကို ရရှိ သွားခဲ့သည်။ ဤသို့ဖြင့် ၁၉၈၁ ခုနှစ် မှစ၍ ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ မဟာသီယာ မိုဟာမက်သည် တတိယ သက် တမ်း ဝန် ကြီး ချုပ် ရာ ထူး ကို ဆက် လက် ထမ်းဆောင်ခွင့် ရရှိသွားသည်။

မဟာသီယာနှင့်ပြိုင်ဘက်နိုင်ငံရေးပါတီများမှာ တရုတ် အမျိုးသားအလယ်အလတ်ဝါဒီများ၏ ဒီမိုကရက်တစ်လှုပ် ရှားမှုပါတီ (ဒီအေပီ)၊ မလေးရှား–တရုတ် အမျိုးသား အဖွဲ့ (အမ်စီအေ) နှင့် မလေးရှား –အိန္ဒိယ ကွန်ဂရက် (အမ်အိုင်စီ) စသော ပါတီကြီးများဖြစ်ကြပြီး ပါတီငယ် ၄၆ ပါတီလည်းရှိသည်။ အတိုက်အခံပါတီအုပ်စုကို မဟာ သီယာ၏ပြိုင်ဘက် ရာဇာလေး ဟမ်ဇားက ဦးဆောင် သည်။

ဝန်ကြီးချုပ်မဟာသီယာသည် ၁၉၉၀ပြည့်နှစ် အောက် တိုဘာလ ၂၆ ရက်နေ့တွင် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပြီး ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့သည့် ဝန်ကြီးများ နေရာတွင် အစားထိုးခန့်အပ်မှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင် အစိုးရ အဖွဲ့အတွင်း အခြားအပြောင်းအလဲများကိုလည်း ပြုလုပ် ခဲ့သည်။ အောက်တိုဘာလ ၂ ရက်နေ့တွင် မဟာသီ ယာနှင့်ဝင်း၏အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည်။

မလေးရှားနိုင်ငံစီးပွားရေးအတွက် နိုင်ငံတကာစီးပွား အဖွဲ့အစည်းများ အထူးသဖြင့် ဥရောပဘုံစျေးအဖွဲ့နှင့် စီးပွားရေးဆက်ဆံရာတွင် ဝန်ကြီးချုပ် မဟာသီယာအဖို့ ဘဝင်မကျစရာအချက်များနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ ကြောင့်ပင် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလက မလေး ရှားနိုင်ငံ အရှေ့ပိုင်း ဘော်နီယိုကျွန်းရှိ ကူချင်းမြို့၌ ကျင်းပခဲ့သည့် ဥရောပဘုံစျေးအဖွဲ့နှင့်အာစီယံ နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးတွင် မိမိ၏သဘောထား အမြင်ကို ရင်ဖွင့်ခဲ့ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁– စာ၊ ၂၇၃ — ရှု။)

ယင်းကဲ့သို့ ၁၉၉၀ ပြည့်နှစ်ကစခဲ့သော ဥရောပဘုံစျေး အဖွဲ့နှင့် အာစီယံ စီးပွားကုန်သွယ်ရေး ပြဿနာသည် ၁၉၉၁ ခုနှစ်တိုင်အောင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ၁၉၉၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဥရောပဘုံစျေးအဖွဲ့ နှင့်အာစီယံကိုယ်စားလှယ်များ လပ်ဇင်ဘတ်မြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့ရာ အင်ဒိုနီးရှားကုန်သွယ်ရေးဌာနဝန်ကြီးက ၁၉၉၂ ခုနှစ်တွင်လည်း ဘုံစျေးအဖွဲ့ကုန်သွယ်ရေးအခြေ အနေမှာ ခိုင်ခိုင်လုံလုံ ဖြစ်လာမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မဟာသီယာ၏ အစိုးရအဖွဲ့သည် တိုင်း ရင်းသား လူမျိုးအနှစ် (ဘူမိပူတရာ) တို့၏ လူနေမှု အဆင့်အတန်း မြင့်မားစေရေးနှင့် ကြီးပွားတိုးတက် ရေးအတွက် စီးပွားရေးပေါ်လစီသစ် (အင်အီးပီ) ကို ၁၉၇၈ ခုနှစ် ဧပြီလမှစ၍ ပြဋ္ဌာန်းလုပ်ဆောင်ခဲ့သည်။ ယခုလည်း ယင်းကို ဆက်လက်လုပ်ဆောင်ဆဲ ဖြစ်သည်။ တိုင်းပြည်လူဦးရေ၏ ၃၂ ရာခိုင်နှုန်းရှိသော တရုတ်နှင့် တရုတ်နွယ်ဖွားမလေးလူမျိုးများနှင့် ကိုးရာခိုင်နှုန်းသာရှိ သော အိန္ဒိယလူမျိုးများက စီးပွားရေးလုပ်ငန်းကြီး များ၌ လွှမ်းမိုးလျက်ရှိသည်။ စီးပွားရေးပေါ်လစီ သစ်အရ ဖက်စပ်များလုပ်ငန်းကြီးများတွင် ဘူမိပူတရာ တို့အား ရှယ်ယာ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ရည်ရွယ် ထားသည်။ ဘူမိပူတရာတို့၏ စတော့ရှယ်ယာပိုင်ဆိုင်မှု သည် ၂၀ ရာခိုင်နှုန်းဖြစ်လာသဖြင့် ယခင် နှစ် ၂၀ က ထက် ရှစ်ဆများလာသည်။ ကျွမ်းကျင်မှုပညာရပ်များ၌ ငါးရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်လာခဲ့သည်။

မလေးရှားနိုင်ငံသားတို့သည် လခကောင်းကောင်း ရသော ပင်လယ်ကွေ့ဒေသများနှင့် အခြားနိုင်ငံများသို့



ရွေးကောက်ပွဲ အနိုင်ရရှိပြီး ဝန်ကြီးချုပ် အဖြစ်ဆက်လက် ထမ်းဆောင်ခွင့်ရရှိသူ ဒေါက်တာမဟာသီယာ မိုဟာမက်

ပြောင်းလွှဲအာလုပ်လုပ်လျက်ရှိကြရာ နိုင်ငံခြားမှအလုပ်သမားများ မလေးရှားနိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံမှ လူငယ် အမြောက်အမြားလည်း မလေးရှားနိုင်ငံတွင် အလုပ်လုပ်လျက်ရှိသည်ဟု သိရှိရသည်။ ဘူမိပူတရာများအတွက် မလိုအပ်သော အလုပ်သမားများကို ထုတ်ပစ်မည်ဟု ကြေညာထားသည်။

ဝန်ကြီးချုပ်မဟာသီယာအနေဖြင့် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသော ၎င်း၏နိုင်ငံအား ပြည်ပနိုင်ငံများက စက်မှုဖွံ့ဖြိုးစနိုင်ငံဟု ခေါ်ဝေါ်သမုတ်ခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိပေ။ မိမိတို့သည် စက်မှုဖွံ့ဖြိုးစနိုင်ငံအဖြစ်သာ ရောင့်ရဲကျေနပ်မနေကြဘဲ ရှေ့သို့တက်လှမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သက္ကရာဇ် ၂၀၂၀ ပြည့်နှစ် လောက်တွင် မြောက်အမေရိက၊ ဥရောပတို့နှင့် ရင်ဘောင်တန်းကာ ဖွံ့ဖြိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ဖြစ်လာစေရန် အသားတင်ပြည်တွင်းထုတ်လုပ်မှုကို ၁၉၉၀ ပြည့်နှစ်မှာထက် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ရှစ်ဆမြင့်တက်လာစေရန် မဟာသီယာကရည်မှန်းထားသည်။ ထို့ပြင် နိုင်ငံပိုင်ကုမ္ပဏီ ၂၄၆ ခုအား လာမည့် ငါးနှစ်အတွင်း ရောင်းချပစ်ပြီး စီးပွားရေးကို ပြောင်းလဲလုပ်ဆောင်ရန် စီစဉ်ထားသည်။

မလေးရှားနိုင်ငံတွင် ပြည်တွင်းရေး ပြဿနာအဖြစ် ဆဘားပြည်နယ်ခွဲထွက်ရန် ကြံစည်သည့် သတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းအရေးနှင့်စပ်လျဉ်း၍ မဟာသီယာက ပြည်ပနိုင်ငံတစ်နိုင်ငံသည် ခရစ်ယာန်များလွှမ်းမိုးသည့် ဆဘားပြည်နယ်အား မလေးရှားပြည်ထောင်စုမှ ခွဲထွက်ခြင်း ဖြစ်မြောက်စေရန်အတွက် လျှို့ဝှက်ကြံစည်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

ကွာလာလမ်ပူမြို့အရှေ့ဘက်မိုင် ၉၁၀ အကွာရှိ ဆဘားပြည်နယ်သည် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် ၁၉၆၃ ခုနှစ်တွင် မလေးရှားနှင့်ပေါင်းစည်းခဲ့သောနယ် ဖြစ်သည်။ မလေးရှား အစ္စလမ် ဘာသာဝင်များအပြင် ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာတရုတ်များလည်း နေထိုင်ကြသည်။ ထိုနယ်မှ ဒုတိယဝန်ကြီးချုပ်ဟောင်း မတ်ကို ဒင်းသည် ဆဘားပြည်နယ်ကို မလေးရှားမှခွဲထွက်ရန် အခြားခေါင်းဆောင်များနှင့် ပူးပေါင်းကြံစည်ကာ ၁၉၆၆ ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့ကြောင်းသတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းသတင်း မဟုတ်မှန်ကြောင်းကို ဆဘားပြည်နယ်ဝန်ကြီးချုပ်က ဇွန်လ ၁၄ ရက်နေ့တွင် ငြင်းဆိုပြောကြားခဲ့သည်။ မတ်ကိုဒင်းကိုလည်း ဆဘားညီညွတ်ရေးပါတီမှ ၁၉၈၈ ခုနှစ်ကတည်းကပင် ထုတ်ပစ်ပြီးဖြစ်ကြောင်း ရှင်းပြသည်။

ရေနံနှင့် သစ်ပေါကြွယ်ဝသည့် ဆဘားပြည်နယ်ကို အတိုက်အခံ ပါတီဖြစ်သည့် ဘာဆာတူဆဘားပါတီ (ပီဘီအက်စ်) က ထိန်းချုပ်ထားသည်။ မလေးရှား ရဲများ ပီဘီအက်စ်အဖွဲဝင်ခြောက်ဦးကို ပြည်နယ်ခွဲထွက်ရန် လျှို့ဝှက်ကြံစည်မှု စွပ်စွဲချက်ဖြင့် မလေးရှားနိုင်ငံ၏ တင်းကျပ်သော လုံခြုံရေးဥပဒေအရ ဖမ်းဆီးခဲ့သည်။ လွန်ခဲ့သည့်နှစ် ဇွန်လက လေးဦးနှင့် ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် နှစ်ဦးဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၁၉၆၇ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အာဏာရရှိခဲ့သည့် ညီညွတ်သောဆဘားအမျိုးသားအဖွဲပါတီသည် အဖွဲဝင် ၅၄ ဦးရှိသော ဆဘားပြည်နယ်လွှတ်တော်တွင် နေရာ ၁၁ နေရာရရှိထားသည်။ ယင်းပါတီမှအဖွဲဝင်များသည် မဟာသီယာ၏ အာဏာရပါတီဖြစ်သည့် ညီညွတ်သောမလေးအမျိုးသားအဖွဲ (ယူအမ်အင်အို) ပါတီနှင့် ပူးပေါင်းလိမ့်မည်ဖြစ်ကြောင်း ပါတီမှတာဝန်ရှိပုဂ္ဂိုလ်များက ထုတ်ဖော်ပြောကြားခဲ့သည်။ မဟာသီယာကလည်း ပူးပေါင်းရန်ကြံစည်ထားသည်။ နိုင်ငံရေးခွဲခြမ်းစိတ်ဖြာသူများက မဟာသီယာ၏ ဤအကြံအစည်သည် နိုင်ငံရေးကစားကွက်တစ်ခုဖြစ်ပြီး ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရဖွယ်ရှိကာ ဆဘားပြည်နယ်အတွင်း ဗဟိုဖက်ဒရယ်အစိုးရအား ဆန့်ကျင်သည့်စိတ်ဓာတ်များ တိုးပွားလာမည်ဟု ဝေဖန်ပြောကြားသည်။ ဘာဆာတူ ဆဘားပါတီ (ပီဘီအက်စ်) နှင့် မဟာသီယာ၏ ဗဟိုအစိုးရတို့ကြား ဆက်ဆံရေးများသည်

၁၉၇၅ ခုနှစ်တွင် ပီဘီအက်စ်က ဗဟိုအစိုးရထောက်ခံသည့် ပြည်နယ်အစိုးရအားအနိုင်ရရှိကာ အာဏာရရှိခဲ့ပြီးနောက်ပိုင်း တင်းမာလာခဲ့ခြင်းဖြစ်သည်။

ထိုအတောအတွင်း တောင်တရုတ်ပင်လယ်ရှိ စပရတ်တလေကျွန်းစုတွင်ပါဝင်သော ကျွန်းအသီးသီးကို ဗီယက်နမ်၊ တရုတ်၊ တိုင်ဝမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့က ပိုင်ဆိုင်သည်ဟုကြေညာထားကြသည် ဖြစ်ရာ ယင်းပြဿနာကိုဖြေရှင်းရမည့် အရေးကလည်းရှိနေသည်။ ထိုပြဿနာအပြင် ကျွန်းငယ်တစ်ကျွန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အင်ဒိုနီးရှားနှင့်မလေးရှားတို့ အငြင်းပွားလျက်ရှိကြသည်။ နှစ်ဦးနှစ်ဖက် ဆွေးနွေးဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာစီယံ) ၏ ညီလာခံတစ်ရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၁၉ မှ ၂၂ ရက်အထိ ကျင်းပခဲ့ရာ မလေးရှားအပါအဝင် အာစီယံနိုင်ငံများ၏လုံခြုံရေးကို စဉ်းစားဆွေးနွေးခဲ့ကြသည်။ ဂျပန်နိုင်ငံက အာရှ – ပစိဖိတ်လုံခြုံရေးစနစ်သစ်တစ်ရပ်ထားရှိရန် အဆိုပြုခဲ့သည်။



မလေးလုံ

မလေးလုံ၊ (ခရစ် ၁၉၃၅–၁၉၉၁)။ ။စာရေးဆရာမ မလေးလုံကို ၁၉၃၅ ခုနှစ် ဇူလိုင်လ ၁၉ ရက် (သောကြာနေ့)တွင် ပုသိမ်မြို့ အဖကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်း၊ အမိ ဒေါ်စောတင်တို့က မွေးဖွားခဲ့သည်။ မွေးချင်း ခြောက်ယောက်တွင် တတိယမြောက်သမီးဖြစ်ပြီး အစ်ကိုနှစ်ယောက်နှင့် ညီမဘုံးယောက် ရှိသည်။ မလေးလုံ၏နာမည်ရင်းမှာ ဒေါ်ခင်သိန်းဆွေ ဖြစ်သည်။

မလေးလုံသည်ငယ်စဉ်က ပုသိမ်မြို့ ခရစ်ယာန် သာသနာပြုကျောင်းများဖြစ်သော အေ-ဘီ-အမ် အထက်တန်းကျောင်းနှင့် စကောကရင်အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ မလေးလုံသည် စာတော်သည့်အပြင် ကျောင်းအားကစား ပြိုင်ပွဲများ၌လည်း အောင်မြင် ထူးချွန်သည့် ဘက်စုံတော်သူ ကျောင်းသူတစ်ဦးဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်း မငြိမ်သက်မှုများကြောင့် မိဘများ ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ရာ ကျောင်းသူမလေးလုံသည် ကမာရွတ်မြို့နယ်ဒေါသာထက် အထက်တန်းကျောင်းတွင် ဆက်လက် ပညာဆည်းပူးခဲ့သည်။ စာဆိုမပဲ့ဖြေဆိုရန် ပညာကြိုးစားနေစဉ် နှလုံးရောဂါဖြင့် အပြင်းအထန် မမာမကျန်း ဖြစ်လာခဲ့သည်။ သမားတော် ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အရ ပညာသင်ကြားမှုမှ အနားယူလိုက်ရသည်။ ထို့နောက် အသက်ရှင်နိုင်ရေးအတွက် နှလုံးရောဂါ ပါရဂူများ၏ ဆေးကုသမှုကို ခံယူခဲ့ရသည်။

နှလုံးရောဂါဝေဒနာကို ကုသနေရင်းပင် ကိုယ်ခန္ဓာလက်ယာဘက် တစ်ခြမ်းလုံးကို လေဖြတ်သွားခဲ့သည်။ ထိုနှလုံးရောဂါနှင့် လေဖြတ်မှုဝေဒနာကို ရင်ဆိုင်တွန်းလှန်ကာ ဆေးကုသခြင်းကို နှစ်ကာလကြာရှည်စွာ ခံယူခဲ့ရသည်မှာ နောက်ဆုံးနှစ်ရက်အထိ ဖြစ်သည်။

မလေးလုံသည် ထိုသို့ ဆေးကုသမှုကိုခံယူလျက် အနားယူနေရသည့်အချိန်တွင် မြန်မာစာပေနှင့် အင်္ဂလိပ်စာပေတို့ကို လေ့လာဖတ်ရှုခွင့် ပိုမိုရလာခဲ့သည်။

ဤတွင် မလေးလုံသည် စာပေများကို ဖတ်ရှုနေရုံမျှဖြင့် အားမရနိုင်ဘဲ ဗီဇဝါသနာ စေ့ဆော်တိုက်တွန်းမှုကြောင့် ဆေးရုံထက်တွင် တက်ရောက်ဆေးကုသ ခံယူနေစဉ်အချိန်မှာပင် အချိန်ယူ၍ ဝတ္ထုတိုကလေးများကို တိုင်းရင်းမေဂျာနယ်၌ ကလောင်အမည် 'မလေးလုံ' ဖြင့် စတင်ရေးသားခဲ့လေသည်။ ထိုသို့ ရေးသားရာ၌ လက်ယာလက်ကို အသုံးမပြုနိုင်တော့သဖြင့် ကျန်လက်ဝဲလက်ဖြင့် စာရေးလေ့ကျင့်ပြီး စာရေးသားခြင်း ပြုခဲ့ရသည်။

မလေးလုံသည် တိုင်းရင်းမေဂျာနယ်အပြင် ယုဝတီ၊ ချိုတေးသံ စသော ဂျာနယ်များတွင်လည်း ပါဝင် ရေးသားလာခဲ့သည်။ ထို့နောက် ဌေတာရီ၊ မြဝတီ စသော မဂ္ဂဇင်းများသို့ ကျယ်ပြန့်စွာ ပါဝင်ရေးသားလာခဲ့သည်။ ထိုသို့ ဝတ္ထုတိုလေးများကို ရေးသားနေရာအောင်မြင်မှု ရလာသောအခါ လုံးချင်းဝတ္ထုလောကသို့ တက်လှမ်းခဲ့ပြန်သည်။

မလေးလုံရေးသားခဲ့သော လုံးချင်းဝတ္ထုများအနက် 'ပွင့်'သည် ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၎င်းရေးသားခဲ့သော 'သိမ့်' ဝတ္ထုကို ထိုအမည်ဖြင့်ပင် ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။

၁၉၇၅ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော 'ဖေမောင်

တင် (သို့မဟုတ်) ဘာသက်ရှည်' ဝတ္ထုဟန်အတ္ထုပ္ပတ္တိ စာအုပ်သည် မြန်မာစာပေသမိုင်းတွင် တွင်ကျန်ရစ်ခဲ့သည့် စာအုပ်တစ်အုပ်ပင် ဖြစ်သည်။

၁၉၀၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ လုံမလေးအမျိုးသမီးမဂ္ဂဇင်းကို ဦးစီးအယ်ဒီတာချုပ်အဖြစ် ကာဝန်ယူ၍ အောင်မြင်စွာ ထုတ်ဝေခဲ့သည်။ ထို့ပြင် မဟေသီ၊ ပေဖူးလွှာ၊ စန္ဒာ၊ သပြေ၊ ရှုမဝ၊ ကလျာ၊ စံပယ်ဖြူ စသော လစဉ်ထုတ်မဂ္ဂဇင်းများတွင်လည်းကြိုးကြားကြိုးကြားဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားခဲ့သည်။

မလေးလုံသည် ၁၉၆၂ ခုနှစ်တွင် ရေး သား သည့် 'မေတ္တာအရင်းခံ'ဝတ္ထုမှ ၁၉၇၃ ခုနှစ်တွင် ထုတ်ဝေသည့် 'သီလနှင့်ပြည့်စုံသော မိန်းမနှင့် အခြားဝတ္ထုတိုများ' အထိ လုံးချင်းစာအုပ် ၃၅ အုပ်တိတိ ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေသည့် လုံမလေးမဂ္ဂဇင်းတွင် ပါရှိသော 'ပန်းကိုတော့ ပန်လျက်ပါပဲ' ဝတ္ထုတို သည် မလေးလုံရေးသားခဲ့သည့် နောက်ဆုံးလက်ရာ ဖြစ်ပေသည်။

မလေးလုံကွယ်လွန်သည့်အချိန်တွင် အသက် ၈၁-နှစ် အရွယ်ရှိ မိခင်ကြီးနှင့် အစ်ကိုတစ်ဦး၊ ညီမသုံးဦးကျန်ရစ်ခဲ့သည်။

မလေးလုံသည် ၁၉၉၁ ခုနှစ် ဧပြီလထုတ် လုံမလေးမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြမည့် သံလျင် ဖေသွင်၏ 'အခြားသော ပညာရှိတစ်ပါး' (The Other Wise Man) ဘာသာပြန်ဝတ္ထုရှည်ကြီးကို ကွယ်လွန်မည့်နေ့နံနက် အရှဏ်ဦးအထိ ကိုယ်တိုင်တည်းဖြတ်ပြင်ဆင်ခြင်း ပြုလုပ်သွားခဲ့သည်။

မလေးလုံသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၁)။

။ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးများသည် ကမ္ဘာ့လူသား အား လုံး ကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ ကမ္ဘာ့လူသားတစ်ရပ်လုံးကို လူညှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၇၅ ခုနှစ်မှစ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ၁၉၉၁ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော် ကြိမ် ဝပ် ပိ ပြား မှုတည် ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၏ မူဝါဒဆိုင်ရာ မှတ်ချက်နှင့်အညီ ဘိန်းစိုက် တောင်သူများဘဝ ပြောင်းလဲတိုးတက်ရေးအတွက် အစားထိုးဝင်ငွေရရှိရေး လုပ်ငန်းများဖြစ်သည့် နှစ်တိုနှစ်ရှည် စိုက်ပျိုးရေ းမွေးမြူရေးစီမံကိန်းများ၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေးလူနေမှုအဆင့်မြင့်မားရေး၊ ကျောင်းသားလူငယ်များနှင့် ပြည်သူများအား အသိပညာပေးရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး စသည့် လုပ်ငန်းများကို မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့အသီးသီးက စီမံဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို ကော်မတီကို ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့မှ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ခြင်းအလေ့အထ ချုပ်ငြိမ်းရမည်ဟူသော ရည် မှန်း ချက် ကို လည်း တစ် ပြိုင် တည်း အကောင်အထည်ဖော်လျက်ရှိသည်။ ဤစီမံချက်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်ခဲ့သော ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်ဒေသ၊ မုံးကိုးဒေသ ကျိုင်းတုံအရှေ့ခြမ်း မိုင်းလားနယ်မြေများတွင် ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းချက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ဘိန်းစိုက်တောင်သူများက တစ်စတစ်စစွန့်လွှတ်လာပြီးဖြစ်သည်။ ထိုဒေသရှိ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများလည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

ကိုးကန့်နယ်မြေ ညှိဖျင်စီပါးဒေသ၌ ၁၉၉၁ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ဘိန်းခင်းကေ ၁,၅၀၀ ကျော်ကို တိုင်းရင်းသားများ ကိုယ်ပိုင် အ သိ စိတ် ဓာတ် ဖြင့် ဆန့်ကျင်ဖျက်ဆီးခဲ့ပြီးနောက် နိုင်ငံတော်က ဘိန်းစိုက်တောင်သူများ စားသုံးရန် ဆန်အိတ်ပေါင်း ၃,၅၀၀ ကို ဖြန့်ဝေပေးခဲ့သည်။ ဘိန်းစိုက်တောင်သူများက စိုက်ပျိုးခဲ့သည့် ဘိန်းပင်များ၊ ဘိန်းချက်စခန်းများအားကိုယ်ပိုင် အသိစိတ်ဓာတ်ဖြင့် ဖျက်ဆီးခဲ့ခြင်းလုပ်ငန်းကို ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းကသာ ဆောင်ရွက်နိုင်ခဲ့သည်။

ကုလသမဂ္ဂ–မြန်မာပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် ဓာတ်ဆီး ကာကွယ်ရေး လုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ အစိုးရတို့သည် ၁၉၇၆ ခုနှစ်မှစ၍ ငါးနှစ်စီသက်တမ်းရှိသော စာချုပ်သုံးကြိမ်ချုပ်ဆိုပြီး ပူးပေါင်း

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး



ဖင်ဆီဒိုင်းဆေးပုလင်းများကိုဖျက်ဆီးနေစဉ်။

ဆောင်ရွက်ခဲ့ရာ ၁၉၉၁ ခုနှစ်သည် တတိယအကြိမ် စာချုပ်ပါကာလ၏ နောက်ဆုံးနှစ် ဖြစ်သည်။ ကုလသမဂ္ဂ–မြန်မာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအစီစဉ်တွင် အဓိက ရည်မှန်းချက်လေးရပ်နှင့် အဓိက ကဏ္ဍကြီး ခုနစ်ရပ်တို့ ပါရှိရာ အဓိကရည်မှန်းချက် ကဏ္ဍများနှင့်အညီ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ အစိုးရတို့ပူးပေါင်း၍ အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေး၊ ပြန်ကြားရေး၊ တားဆီးနှိမ်နင်းရေး၊ ဘဏ်းပင်နှင့် ဆေးခြောက်ခင်းများဖျက်ဆီးရေး၊ မူးယစ်ဆေးဝါးဖမ်းဆီးရေး၊ ဘဏ်းချက်စခန်းများ ဖျက်ဆီးရေး စသည့် လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ် လက်မှတ်ရေးထိုးခြင်း

၁၉၈၈ ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ်ချောက်ချားစေတတ်သော ဆေးဝါးများ တရားမဝင် သယ်ဆောင်မှု ရောင်းဝယ်ဖောက်ကားမှု ထိန်းချုပ်ရေး ဆိုင်ရာကွန်ဗင်းရှင်း United Nations Convention Against Illicit Traffic in Narcotic Drugs and Psychotropic Substances (1988) စာချုပ်ဝင်အဖြစ် ၁၉၉၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်က အတည်ပြုလက်ခံကြောင်း ဖော်ပြသည့် စာချွန်လွှာကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံ ပေးပို့ခဲ့သည်။ ဤဆောင်ရွက်ချက်သည် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်တွင်းတွင်သာမက ဒေသခံအတွင်း၊ ဒေသအတွင်းနှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံများအတွင်း ထိရောက် ကျယ်ပြန့်စွာ ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ညွှန်းခဲ့သည့် ထူးထူးခြားခြား ဆောင်ရွက်မှုတစ်ရပ် ဖြစ်သည်။

ဘိန်းခင်းများဖျက်ဆီးခြင်း

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ်အရ တပ်မတော်စစ်ကြောင်းများ ပြည်သူ့ရဲ တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူလူထု ပူးပေါင်း၍ ဘိန်းခင်းများ ဖျက်ဆီးရေးကို ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ကွတ်ခိုင်မြို့နယ် တာမိုးညဒေသ၌ ဇန်နဝါရီလအတွင်း တာမိုးညကျေးရွာတွင် ဘိန်းခင်း ၅၀ ဒသမ ဂ ကေ၊ ဟိုမွေကျေးရွာတွင် ဘိန်းခင်း ၁၃ ကေ၊ ဟိုဖျက်ကျေးရွာတွင် ဘိန်းခင်း ၆၁ ဒသမ ၂၅ ကေ၊

မန်လည်မော်ကျေးရွာတွင် ဘိန်းခင်း ရှစ်ကော၊ မန်ပုံကျေးရွာတွင် ဘိန်းခင်း ၁၀ ဒသမ ၉၅ ကော၊ နမ့်ဖတ်ကာကျေးရွာတွင် ဘိန်းခင်း ဂ ဒသမ ၂၅ ကော၊ မန်ပင်းကျေးရွာတွင် ဘိန်းခင်း တစ်ကော၊ မော်ဟန်ကျေးရွာတွင် ဘိန်းခင်း ခြောက်ကော၊ မန်ယုံမော်ကျေးရွာတွင် ဘိန်းခင်း ၁၃ ကော၊ နမ့်ဟိုင်းကျေးရွာတွင် ဘိန်းခင်း ၁၀ ဒသမ ၂၅ ကော၊ မန်ဆူဖြိုးကျေးရွာတွင် ဘိန်းခင်း ၂၂ ကော၊ လုံထန်ကျေးရွာတွင် ဘိန်းခင်း ၃၅ ကော၊ နမ့်ပေါ်နတ်မြေတွင် ဘိန်းခင်း ခုနစ်ကော၊ တီးမားကျေးရွာတွင် ဘိန်းခင်း ခုနစ်ကော၊ မုံစီးကျေးရွာတွင် ဘိန်းခင်း ၆ ဒသမ ၅ ကေအသီးသီး ဖျက်ဆီးခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် နမ့်ဆန်မြို့နယ်၌ ဘိန်းခင်းကော ၂၀၊ ၂၅ ရက်နေ့တွင် ကြူကုတ် (ပန်ဆိုင်း) ဒေသ၊ မြင်တန်း မြတ်လေးနယ်မြေ၌ ဘိန်းခင်း ၁၀ ကော ဖျက်ဆီးခဲ့ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဘိန်းခင်းစုစုပေါင်း ၂၉၀ ကော ဖျက်ဆီးနိုင်ခဲ့သည်။ ဇန်နဝါရီလအတွင်း အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ၌ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၂၃ ကော၊ တွန်းဇံမြို့နယ်တွင် ဘိန်းခင်း ၁၀ ဒသမ ၃၅ ကော ဖျက်ဆီးခဲ့ရာ စုစုပေါင်း ဘိန်းခင်း ၁၄ ဒသမ ၅၀ ကော ဖျက်ဆီးနိုင်ခဲ့သည်။ ဇန်နဝါရီလအတွင်း ဖျက်ဆီးခဲ့သည့် ဘိန်းခင်းစုစုပေါင်းမှာ ၃၁၂ ဒသမ ၅၀ ကော ဖြစ်သည်။

ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ နှစ်လတာကာလအတွင်း ဖျက်ဆီးခဲ့သည့်ဘိန်းခင်းများမှာ ရှမ်းပြည်နယ်အတွင်း၌ ဘိန်းခင်း ၁,၀၇၄ ဒသမ ၁၂ ကော၊ ချင်းပြည်နယ်အတွင်း၌ ဘိန်းခင်း ၆၅ ဒသမ ၇၂ ကော စုစုပေါင်းဘိန်းခင်း ၁,၉၃၉ ဒသမ ၀၄ ကေဖြစ်သည်။ ယင်းသို့ ဖျက်ဆီးနိုင်မှုကြောင့် တစ်ကေလျှင် ဘိန်း ၄ ဒသမ ၄ ကီလိုအထုတ်နှုန်းဖြင့်ဘိန်းတန်ချိန် ဂ ဒသမ ၅၃၅ တန်ကို တားဆီးနိုင်ခဲ့သည်။

တားဆီးနှိမ်နင်းမှု

မူးယစ်ဆေးဝါး တား ဆီး နှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှုများကို တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့တို့သည် ဒေသခံ တိုင်း ရင်း သား ပြည် သူ များ နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ နှစ်လတာကာလအတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူမှုအပိုင်းတွင် တပ်မတော် စစ်ကြောင်းများမှ ဘိန်းစိမ်း ၂၉ ဒသမ ၃၂ ကီလို၊ ဘိန်းဖြူ ဝ ဒသမ ၂၄၃ ကီလို ဖမ်းဆီးခဲ့ပြီး ပြည်သူရဲတပ်ဖွဲ့မှ ဘိန်း ၉၄ မှုနှင့် အလေးချိန် ဂဖ ဒသမ ၁၆ ကီလို၊ ဘိန်းဖြူ ၃၁၄ မှုနှင့် အလေးချိန် ၁၄ ဒသမ ဝ၂ ကီလို၊ ဆေးခြောက် ၁၂၅ မှုနှင့် အလေးချိန် ၁၆ဝ ဒသမ ၉ဂ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃၂ မှုနှင့် ၂၇၁ ဒသမ ၃၃ လစ်တာ၊ အခြားအမှု ၃၉၂ မှု၊ စုစုပေါင်း ၉၅၇ မှု ဖမ်းဆီး အရေးယူခဲ့သည်။ အကောက်ခွန်ဦးစီးဌာနမှ ဘိန်းဖြူ ၅ ဒသမ ၇၂၂ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ဂ ဒသမ ၇၅ လစ်တာ ဖမ်းဆီးအရေးယူခဲ့သည်။ နှစ်လတာကာလအတွင်း ဥပဒေအရ အရေးယူခဲ့သည့် မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူ ၁,၃၂၀ ဦးရှိပြီး အရေးယူခဲ့သည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ မြန်မာငွေကျပ် ၃၆၁ သန်းကျော်၊ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော် ဖြစ်သည်။

ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၁ ရက်နေ့အထိ လေးလတာကာလအတွင်း တပ်မတော်မှ ဘိန်းဖြူ ဝ ဒသမ ၃၇၇ ကီလို၊ ဘိန်းစိမ်း ၁၀ဂ ဒသမ ဂဂ ကီလိုနှင့် ဆေးခြောက် ဂ ဒသမ ၁၆ ကီလို ဖမ်းဆီးရမိခဲ့ပြီး တန်ဖိုးမှာ မြန်မာငွေကျပ် ၄၇ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ခုနစ်သိန်းခွဲကျော် ဖြစ်သည်။ ပြည်သူရဲတပ်ဖွဲ့မှ ဘိန်းဖြူ ၅၅၉ မှုနှင့် အလေးချိန် ၃၆ ဒသမ ၂၂ ကီလို၊ ဘိန်းစိမ်း ၂၂၅ မှုနှင့် အလေးချိန် ၂၂၃ ဒသမ ၄၀ ကီလို၊ ဆေးခြောက် ၂၅၁ မှုနှင့် အလေးချိန် ၃၅၂ ဒသမ ၆၅ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၇၆ မှုနှင့် ၅၁၂ ဒသမ ၉၈ လစ်တာ၊ ကိုရက်ဆေးရည် ငါးမှုနှင့် ၁၁ ပုလင်း၊ မော်ဖင်းထိုးဆေးတစ်မှုနှင့် ၁၁၆ ပုလင်း၊ ဘိန်းစာမှုန့် တစ်မှုနှင့် ၄ ဒသမ ၃၆ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ရန်ပျက်ကွက်မှု ၇၀၄ မှုနှင့် အခြား မူးယစ်ဆေးဝါးအမှု ၆၅ မှု ဖမ်းဆီးအရေးယူခဲ့သည်။ လေးလတာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁,၀၉၂ မှု၊ တရားခံပေါင်း ၂,၅၂၇ ဦးကို ဥပဒေနှင့်အညီ အရေးယူခဲ့ပြီး ပြည်သူရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ မြန်မာငွေကျပ် ၃၆ဂ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၅၀ သန်းကျော်ဖြစ်သည်။ လေးလတာကာလအတွင်း တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးစုစုပေါင်းမှာ မြန်မာငွေကျပ် ၄၂၃ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၅၉ သန်းကျော် ဖြစ်သည်။

တားဆီးနှိမ်နင်းရေးအဖွဲ့များဖြစ်သည့် တပ်မတော်၊ ပြည်သူရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ၁၉၀၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၉၉၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ

ဘိန်းဖြူ ၄,၅၁၉ မူနှင့် အလေးချိန် ၃၉၀ ဒသမ ၇၃ ကီလို၊ ဘိန်း ၂,၀၁၁ မူနှင့် ၂,၀၁၆ ဒသမ ဂ၆ ကီလို၊ ဆေးခြောက် ၂,၁၀ဂ မူနှင့် ၂,၂၄၅ ဒသမ ၆ဂ ကီလို၊ ဖင်ဆီဒိုင်း ၇၁၄ မူနှင့် ၁၅,၃၂၉ ဒသမ ၆၅ လစ်တာ၊ မော်ဖင်းငါးမူနှင့် ၁၀ ဒသမ ၂၀ ကီလို၊ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၄၀ ဒသမ ၃၆ သန်းဖြစ်သည်။

မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း

မူးယစ်ဆေးဝါးချက်စက်ရုံများ၊ စက်ရုံတွင်အသုံးပြုသည့် ဘိန်းနှင့်ဘိန်းညှစ်မှုန့်များ၊ စက်ရုံထွက်ဘိန်းဖြူများ၊ လုပ်ငန်းသုံး ဓာတုဗေဒဆေးရည်များ၊ ပစ္စည်းကိရိယာများ၊ ဘိန်းခင်းများအား ဒေသခံ တိုင်းရင်းသားများက မီးရှို့ ဖျက်ဆီးသည့် အခမ်းအနားများကို ပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်း သံလွင်မြစ်အရှေ့ခြမ်းရှိ ကိုးကန့်ဒေသ ချင်းရွှေဟော်မှ ရန်မရရှပါး အထိ ၁၉ မိုင်အတွင်း ဘိန်းခင်းကေပေါင်း ၁,၅၀၀ ကို ကိုးကန့်ဒေသခံတိုင်းရင်းသားများက ဖျက်ဆီးသည့်အခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဘိန်းခင်းကေ ၁,၅၀၀ မှ ဘိန်းစိမ်းကီလို ၆,၆၀၀ ထွက်ရှိနိုင်ပြီး ဘိန်းဖြူချက်လုပ်ပါက ဘိန်းဖြူကီလို ၆၆၀ ထွက်ရှိနိုင်သည့်အတွက် အမေရိကန်နိုင်ငံ ကာလပေါက်စေးဖြင့်တွက်လျှင် အမေရိကန်ဒေါ်လာ ၁,၅၀၄ သန်း တန်ဖိုးရှိသည်။

သံလွင်မြစ်အနောက်ခြမ်းရှိ မုံးကိုးနှင့်ဟေမိုးလုံ ရွာအနီးရှိ ဘိန်းချက်စက်ရုံသုံးရုံနှင့်ဘိန်းချက်ကိရိယာများ၊ ဓာတုဗေဒဆေးဝါးများ၊ ချက်လုပ်ပြီးဘိန်းဖြူနှင့်ဘိန်းညှစ်မှုန့်များကို ဒေသခံတိုင်းရင်းသားများက မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၇၀ ဒသမ ဂ၅ ကီလို၊ ဘိန်း ၁၆ ကီလို၊ ဘိန်းညှစ်လေးကီလို၊ ၄၀ ရာခိုင်နှုန်း မော်ဖင်းပါသည့် ဘိန်းညှစ် ကီလို ၆၀၀၊ ဘိန်းဆီ ၅ ဒသမ ၅ လစ်တာ၊ ဘိန်းချေး ဝ ဒသမ ၂၅ တန် ဖြစ်၍ ဘိန်းချက်စက်ရုံ သုံးရုံနှင့် ချက်လုပ်ပြီးဘိန်းများ၊ ဓာတုဗေဒဆေးဝါးများ အပါအဝင် တန်ဖိုးအားဖြင့် အမေရိကန်နိုင်ငံ ကာလပေါက်စေးဖြင့်တွက်လျှင် အမေရိကန်ဒေါ်လာ ၅၁၀ ဒသမ ၉၅၄ သန်းတန်ဖိုးရှိသည်။ ဘိန်းခင်းကေ ၁,၅၀၀ အပါအဝင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂,၁၆၄ ဒသမ ၉၄၅ သန်းဖိုး ဖျက်ဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းလားဒေသ၌ ဘိန်းချက်စက်ရုံတစ်ရုံနှင့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ မီးရှို့ဖျက်ဆီးခဲ့သည့်မူးယစ်ဆေးဝါးများမှာ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းချက်ကိရိယာများမှာ ဘိန်းဖြူကီလို ၆၀၊ ဘိန်းကီလို ၅၀၊ ဘိန်းညှစ်ကီလို ၃၁၊ ၂၀ ရာခိုင်နှုန်း မော်ဖင်းပါသည့် ဘိန်းညှစ် တစ်တန်၊ လိုင်စော ၂၂ ဂါလန်၊ အမိုးနီးယန်း ကလိုရိုက် နှစ်တန်၊ ကယ်စီယမ် ကာဘွန်နိတ် ငါးတန်၊ ဆာဖြူရစ် အက်ဆစ် နှစ်ဂါလန်၊ဖန်ပေါင်းအိုးတစ်လုံး၊ ကားဂျိုက်ခုနစ်ခု၊ ဇလုံ ၂၂ လုံး၊ အခြောက်ခံကိရိယာ ၂ ခု၊ တိုင်ကီ ၁၅ လုံး၊ ရေစင် ၂ ခု၊ လေတိုးတံတစ်ခု၊ ဖိစက်တစ်ခု၊ ကန်တော့တစ်ခု၊ တဲနှင့် တန်းလျားခုနစ်လုံးတို့ဖြစ်ပြီး ဘိန်းချက်စက်ရုံတစ်ရုံ အပါအဝင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၄ သန်းခန့်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ကြီးကကြီးမှူးပြုလုပ်ခဲ့သော ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ စတုတ္ထအကြိမ်ဖျက်ဆီးသည့်ပြုပုံကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ဇူလိုင်လ ၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ ပြုပုံတွင် ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ ဘိန်းညှစ် ၂၀ ဒသမ ၉၆၅ ကီလို၊ ဘိန်းဆီ ၁ ဒသမ ၅၄၂ ကီလို၊ ဘိန်းရည် ၆ ဒသမ ၂၂၆ ကီလို၊ ဆေးခြောက် ၃၇၇ ဒသမ ၂၉၀ ကီလိုနှင့် ဖင်ဆီဒိုင်းဆေးရည် ၂,၂၆၆ ဒသမ ၇၅၀ လစ်တာ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၂ သန်းကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

ကိုးကန့်ဒေသချင်းရွှေဟော်၊ မုံးကိုး ကျိုင်းတုံမြို့နယ် မိုင်းလားဒေသနှင့် စတုတ္ထအကြိမ်ဖျက်ဆီးသည့်ပြုပုံတို့တွင် ဖျက်ဆီးခဲ့သည့်မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ စုစုပေါင်း ၂၁၅ ဒသမ ၂၀၅ ကီလို၊ ဘိန်း ၆၆ ကီလို၊ ဘိန်းညှစ် ၆၂ ဒသမ ၉၆၅ ကီလို၊ ၄၀ ရာခိုင်နှုန်းမော်ဖင်းပါသည့် ဘိန်းညှစ် ကီလို ၆၀၀၊ ၂၀ ရာခိုင်နှုန်း မော်ဖင်းပါသည့် ဘိန်းညှစ် တစ်တန်၊ ဘိန်းဆီ ၇ ဒသမ ဝ၄၂ လစ်တာ၊ ဘိန်းရည် ၆ ဒသမ ၂၂၆ ကီလို၊ ဘိန်းချေး ဝ ဒသမ ၂၅ တန်၊ ဆေးခြောက် ၃၇၇ ဒသမ ၂၉၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂,၂၆၆ ဒသမ ၇၅၀ လစ်တာဖြစ်ပြီး ဘိန်းချက်စက်ရုံ စုစုပေါင်း လေးရုံ၊ ဘိန်းခင်းကေ ၁,၅၀၀၊ ဘိန်းချက်ကိရိယာနှင့် ဓာတုဗေဒဆေးဝါးများအပါအဝင် စုစုပေါင်းတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂,၅၁၀ ဒသမ ၉၄၅ သန်း ဖြစ်ပေသည်။

မင်းကျော် (ခရစ် ၁၉၃၃–၁၉၉၁)။ ။အမျိုးသားစာပေဆုရ စာရေးဆရာ မင်းကျော်ကို ၁၉၃၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ချောက်မြို့၌ အဖ ကျောင်း



စာရေးဆရာ မင်းကျော်

ဆရာ ဦးဘလှိုင်၊ အမိ ဒေါ်တင်ဦးတို့က မွေးဖွားသည်။ မွေးချင်းငါးယောက်တွင် အကြီးဆုံးဖြစ်သည်။ ကွယ်လွန်သူ ပုဂံစာအုပ်တိုက်ပိုင်ရှင် ဦးကိုဦး (ပုဂံမောင်ချော) ၏ အစ်ကိုကြီးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်ဆွေဖြစ်သည်။ " မင်းကျော် " ကလောင် အမည် အပြင် " ကျော်လှိုင်ဦး " ဟူသော ကလောင်အမည်ဖြင့်လည်း ဘာသာပြန်စာပေများရေးသားသည်။

၁၉၃၈ – ၄၂ ခုနှစ်ဟွင် ချောက် ဘီအိုစီ ရေအိုးစင် ချောင်ကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ – ၄၅ ခုနှစ်တွင် မကွေးမြို့နယ် ရှားပင်ကျေးရွာ ဘုန်းတော်ကြီး ဦးဝါသဝကျောင်း၊ ၁၉၄၅–၄၆ ခုနှစ်တွင် မကွေး အစိုးရမူလတန်းကျောင်း၊ ၁၉၄၆ – ၅၀ ပြည့်နှစ်အထိ ချောက်အစိုးရအထက်တန်းကျောင်းများ၌ ပညာသင်ကြားခဲ့သည်။

၁၉၅၁ – ၅၃ ခုနှစ်တွင် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ၌ အလယ်တန်းဆရာဖြစ် သင်တန်းတက်ပြီး ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြင်ပမှဖြေဆိုအောင်မြင်သည်။ ၁၉၅၄ ခုနှစ်တွင် စာပေဗိမာန် အဋ္ဌမပတ် စာကြည့်တိုက်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အမျိုးသားမော်ကွန်းတိုက် မော်ကွန်းထိန်းသင်တန်းသို့ တက်ရောက်ပညာသင်ခဲ့သည်။ မင်းကျော်သည် ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။

၁၉၅၅ ခုနှစ် အောက်တိုဘာလ ၇ ရက်မှ ၁၉၅၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ မြန်မာနိုင်ငံသမိုင်းကော်မရှင် (နောင်တွင် သမိုင်းဦးစီးဌာန)တွင် အာထက်တန်းကျောက်စာကူးအမှုထမ်း၊ ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၉၅၉ ခုနှစ်ဧပြီလ ၃ ရက်နေ့အထိ မြန်မာနိုင်ငံ သမိုင်းကော်မရှင်တွင် စာကြည့်တိုက်နှင့် မော်ကွန်းလက်ထောက်၊ ၁၉၅၉ ခုနှစ်ဧပြီလ ၆ ရက်မှ ၁၉၅၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြိတ်သျှသံရုံး ပြန်ကြား ရေးဌာနတွင် ဘာသာပြန်အယ်ဒီတာ၊ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၁၇ ရက်မှ ၁၉၆၂ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့အထိ မြန်မာနိုင်ငံသမိုင်းကော်မရှင် မော်ကွန်းအရာရှိ၊ ၁၉၅၈–၆၂ တွင် တက်တိုးနည်းပြသင်တန်း အလွတ်ပညာသင် ကျောင်းဆရာ၊ ၁၉၆၂–၆၅ တွင် ရန်ကုန် အထက်တန်းကျောင်း အလွတ်ပညာသင်ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် အမှုထမ်းသည်။

၁၉၄၈ – ၅၀ ခုနှစ်တွင် ချောက်မြို့ ကျောင်းသားသမဂ္ဂ တဲဖက် ဥဿဟလမှူးနှင့် စာကြည့်တိုက်မှူး၊ ၁၉၄၉ – ၅၀ ခုနှစ်တွင် ချောက်မြို့ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး၌ အမှုဆောင်၊ ၁၉၅၁ – ၅၂ ခုနှစ်တွင် ဆရာအတတ်သင် သိပ္ပံ နှစ်လည် မဂ္ဂဇင်း ကော်မတီဝင်၊ ၁၉၅၂ – ၅၃ ခုနှစ်တွင် ဆရာအတတ်သင်နှစ်လည်မဂ္ဂဇင်း တဲဖက်မြန်မာစာစာတည်း၊ ၁၉၅၈– ၅၉ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ကလောင်အသင်း ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၆၁ – ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာစာပေကလပ် မော်ကွန်းကော်မရှင်အတွင်းရေးမှူး၊ ၁၉၆၂ – ၆၃ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာ စာပေကလပ်အတွင်းရေးမှူးချုပ်၊ ၁၉၆၃ – ၆၅ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂ အတွင်းရေးမှူး၊ ၁၉၆၄ – ၆၅ ခုနှစ်တွင် အမျိုးသားစာပေ ညီညွတ်ရေးကော်မတီ အတွင်းရေးမှူး၊ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၁၉၇၆ ခုနှစ်အထိ စာပေလုပ်သားဖြစ်မြောက်ရေးကော်မတီဝင်၊ ၁၉၇၆ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့မှစ၍ စာပေလုပ်သားစည်းရုံးရေးကော်မတီဝင် တာဝန်များကိုယူခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ စာပေလုပ်သားအဖွဲ့၊ ဗဟိုအမှုဆောင်ကော်မတီတွင် အမှုဆောင်အဖြစ် ထုတ်လုပ်ရေးမှူးတာဝန်ကိုယူခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ကွယ်လွန်ချိန်အထိ ဒုတိယ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

မင်းကျော်သည် ၁၉၅၀ ပြည့်နှစ် ဇူလိုင်လထုတ် ပဒေသာမဂ္ဂဇင်းတွင် " ကြင်နာသူ " ဝတ္ထုတိုကို 'မင်းကျော်' ကလောင်အမည်ဖြင့် ရေး၍ စာပေနယ်သို့ ဝင်ခဲ့သည်။ ပထမဆုံး ပုံနှိပ်လုံးချင်းဝတ္ထုမှာ " တွယ်ရာမဲ့ " (၁၉၅၇) ဖြစ်သည်။

ငြိမ်းတယ်ချမ်းတယ်မိုး (၁၉၆၃)၊ ပုဂံသား (၁၉၆၄)၊ တစ္ဆေ (၁၉၆၅)၊ မောင်ကျော်ဇောဟုခေါ်သည် (၁၉၆၆)၊ မောင်ကျော်ဇော၏စွန့်စားခန်းများ (၁၉၆၆)၊ ငါတို့ခေတ်နှင့်အပြိုင် (၁၉၆၇ – ၇၁ ငါးတဲမပြီးသေး)၊ဘယ်



စာရေးဆရာ မင်းနွယ်

သူပြိုင်လို့လှုပါတော့နိုင် (၁၉၇၁)၊ မဟာ (၁၉၇၂)၊ ပဲခူးသား (၁၉၇၇) စသည့် ဝတ္ထုများကိုရေးခဲ့သည်။ ရေးသားခဲ့သောမဂ္ဂဇင်းများမှ ဝတ္ထုတိုများကိုစုပေါင်း၍ တက္ကသိုလ်ပုံပြင်များ (၁၉၆၀)၊ သူအကြောင်း ကိုယ့်အကြောင်း မင်းအကြောင်း (၁၉၆၃)၊ တစ်ယောက် တစ်ဘဝ တစ်လောက (၁၉၆၅)၊ နတ်လူသာခု ခေါ်စေသော် (၁၉၇၀)၊ မျက်နှာပေါ်က အရိပ်များ (၁၉၇၁) နှင့် အဖြူကို မည်သူအနက်ဆိုးသနည်း (၁၉၇၆) (၁၉၇၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု)ဝတ္ထုတိုများကိုထုတ်ဝေခဲ့သည်။ ရေနံမြေအလုပ်သမား ခေါင်းဆောင် သခင်ဘိုးလှကြီး အကြောင်းကို "အာဇ္ဇာဝက" (၁၉၆၄)ဝတ္ထုအဖြစ် ရေးခဲ့သည်။ ဝတ္ထုဟန်ကိုယ်တိုင်ရေးအထူပြုတို့ ခွေးညို (၁၉၇၃) ကိုလည်း ရေးခဲ့သည်။ လျှပ်တစ်ပြက်ကျပန် (၁၉၇၅)ခရီးသွားမှတ်တမ်းကိုလည်း ရေးခဲ့သည်။

နတ်နွယ်၊ မောင်နေဝင်းတို့နှင့် တွဲဖက်၍တော်လှန်စာပေနှင့် တော်လှန်စာပေ အတွေးအမြင်တို့ကို ထုတ်ဝေခဲ့သည်။ နတ်နွယ်နှင့် တွဲဖက်၍ "မလိခ" ကလောင်အမည်ဖြင့် မြန်မာဝတ္ထုအညွှန်း ငါးတွဲနှင့် တစ်ဦးတည်း "မလိခ" အမည်ခံ၍ မြန်မာစာပေ အဘိဓာန်ကို ပြုစုခဲ့သည်။ ကျော်အောင်၊ ညွှန့်ကြူးတို့နှင့် တွဲဖက်၍ "နွယ်သစ်" ကလောင်အမည်ဖြင့် ကမ္ဘာကျော်စာအုပ်တစ်ရာကို ပြုစုခဲ့သည်။

ကလောင် အမည်ပွားတစ်ခုမှာ ကျော်လှိုင်ဦး ဖြစ်သည်။ ကျော်လှိုင်ဦး ကလောင်အမည်ဖြင့် ၁၉၆၉ ခုနှစ် အမျိုးသားစာပေဆုတွင်ဘာသာပြန်ဆုကို "ဦးလေးတွမ်" စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေဆု (ဘာသာပြန်ရသစာပေ) ကို တစ်ထောင့် တစ်ည ပုံပြင်များ (၁) ဖြင့်လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ကျော်ဆွေအမည်ရင်းဖြင့်လည်း စာအုပ်အချို့ကို ရေးခဲ့ တည်းဖြတ်ခဲ့သည်။ မောင်သီလ၊ မောင်စာချစ်၊ အချစ်သုတေသီတစ်ဦး ကလောင်အမည်များဖြင့်လည်း ဆောင်းပါးများ ကြိုးကြားရေးလေ့ရှိသည်။ ဘဝတက္ကသိုလ်စာပေမှ ကျော်လှိုင်ဦး အမည်ဖြင့် ဂန္ဓဝင်ဝတ္ထုဘာသာပြန်စာအုပ်များ ဆက်လက်ရေးသားထုတ်ဝေခဲ့သည်။ ကွယ်လွန်ချိန်အထိ စာတည်း၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေ ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

အမျိုးသားစာပေဆုရှင် စာရေးဆရာမင်းကျော်သည် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်တင်တင်ဝင်းနှင့် သား မောင်အံ့ဘွယ်ကျော်တို့ ကျန်ရစ်ခဲ့သည်။

မင်းနွယ် (၁၉၁၁–၁၉၉၀)။ ။ စာရေးဆရာမင်းနွယ်ကို ၁၉၁၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့၌ မင်းဘူးဒိစတြိတ်၊ လယ်ကိုင်း မြို့ဟောင်းတွင် အဖ ကြေးတိုင်စာရေးကြီး ဦးသင် အမိ ဒေါ်အေးတို့က မွေးဖွားသည်။ ၁၀ နှစ်သားအရွယ်တွင် မိခင်ကွယ်လွန်ခဲ့သည်။ အမည်ရင်းမှာ ဦးသန်းမောင် ဖြစ်သည်။

မင်းနွယ်သည် ငယ်စဉ်က ရန်ကုန်မြို့မကျောင်းတွင် ပညာသင်ကြားခဲ့သည်။ မြို့မကျောင်း၌ ပညာသင်ကြားနေစဉ် နိုင်ငံပေါင်းချုပ်အသင်းကြီးက ကျင်းပသော ဘာသာပြန်ပြိုင်ပွဲတွင် ပထမရခဲ့သည်။ မြို့မကျောင်းမှ စတုတ္ထတန်း အောင်ပြီးနောက် ဘဝအခြေအနေအရ လယ်ကိုင်းသို့ပြန်၍ အဒေါ်နှင့်အတူနေသည်။ မင်းနွယ်သည် ၇ တန်း ၉ တန်း စာမေးပွဲများကို အလွတ်ဖြေဆို အောင်မြင်သည်။ ၉ တန်း အောင်ပြီးနောက် မန္တလေးဆရာဖြစ်သင် နော်မံကျောင်းသို့ တက်ရောက်ပညာသင်သည်။

မင်းနွယ်သည် ကျောင်းသားဘဝကပင် 'မြို့မသန်း'၊ 'တောသားကြီး' အမည်များနှင့် ဆောင်းပါးများရေးခဲ့သည်။ နော်မံကျောင်းတက်နေစဉ် 'စကားနှင့်စကား အခြေအတင်ပြောနည်း' စာအုပ်ကိုရေးရာ မန္တလေးဟံသာဝတီတိုက်မှ ထုတ်ဝေပေးသည်။ စာမူခ ကျပ် ၅၀ ရသည်။ ထိုစဉ်က တိရစ္ဆာန်ဥယျဉ်းပန်းမှူ ကာကွယ်ရေးအသင်းမှ ပြုလုပ်သော ပိုစတာပြိုင်ပွဲတွင် ဝင်ပြိုင်ရာ ပထမဆုရရှိသည်။ ရေးဆွဲသောပုံမှာ နွံနစ်နေသော လှည်းကို နွားများကရုန်းကန်ဆွဲနေစဉ် လှည်းသမားက လှည်းဘီးကို တွန်းပေးနေပုံဖြစ်သည်။

နော်မံကျောင်းနောက်ဆုံးနှစ်၌ ရန်ကုန်ကြီးပွားရေးမဂ္ဂဇင်းတိုက်မှ ပြုလုပ်သော 'တာဝတိံသာမှတ်တမ်း' ဆောင်းပါးပြိုင်ပွဲကိုဝင်ပြိုင်ရာ ပထမရသဖြင့် သိပ္ပံမောင်ဝကပေးသော ဆုငွေ ၁၀ ကျပ် ရရှိသည်။ ထိုပြိုင်ပွဲမှစ၍ 'မင်းနွယ်' ကလောင်အမည်ကို သုံးသည်။ နောက်လ

ကြီးပွားရေးမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲတွင်လည်း ပထမရရှိပြန်သည်။ 'ဘားမားကျွန်ယ်' ဝတ္ထုတိုပြိုင်ပွဲတွင်လည်း ဆက်တိုက်ဆုရသဖြင့် သက်ဆိုင်ရာအယ်ဒီတာက ပြိုင်ပွဲမဝင်ဘဲ ဝတ္ထုများကိုအလွတ်ရေးပေးရန် ပန်ကြားခြင်းခံရသည်။ ကျွန်ယ်တွင်ဖော်ပြသော ဝတ္ထုတစ်ပုဒ်အတွက် ချီးမြှင့်ငွေ ၁၀ ကျပ်စီရရှိသည်။ မင်းနွယ်သည် နော်မံကျောင်းမှ မြန်မာစာ ၁၀ တန်းနှင့် ဟိုက်ယားဂရိတ် ဘရာဖြစ် အောင်မြင်ခဲ့သည်။

ထို့နောက် ဓနုဖြူမြို့တွင် ကျောင်းဆရာအဖြစ် စတင်အမှုထမ်းသည်။ တပည့်များအား ကျောင်းစာသာမက မျိုးချစ်စိတ်တက်ကြွရန်နှင့် စစ်ပညာ သဘောများကိုပါ လက်တွေ့ သင်ပေးသည်။ ရေနံချောင်း၊ ညောင်လှ ဘီအိုစီကျောင်းတွင် အမှုထမ်းစဉ် တပည့်များအား စစ်သွေးသွင်းပေးသည်ဆိုကာ အထက်ပိုင်းနှင့် မပြေလည်သဖြင့် အလုပ်ထွက်ခဲ့သည်။ ၁၉၅၁ ခုနှစ်၌ ရန်ကုန်တွင် 'မင်းနွယ်' ပုံနှိပ်တိုက်ကိုတည်ထောင်၍ စာစောင်တစ်ခုထုတ်ဝေသည်။ တစ်နှစ်ခန့်အကြာတွင် မင်းဘူးသို့ပြန်ခဲ့သည်။ ၁၉၅၂ ခုနှစ်၌ မင်းဘူးတွင် 'မင်းနွယ်ပုံနှိပ်လုပ်ငန်း'ကို ဖွင့်လှစ်သည်။ ပုံနှိပ်လုပ်ငန်းကို တပည့်တစ်ယောက်အား လွဲကာ လယ်ကိုင်း အလယ်တန်းကျောင်းအုပ်အဖြစ် ပြန်လည်ဆောင်ရွက်ရာ အငြိမ်းစားယူချိန်အထိဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ဥပစာအပိုင်း(ခ)ကို အလွတ်ဖြေဆိုအောင်မြင်ခဲ့သည်။

မင်းနွယ်သည် လယ်ကိုင်းတွင် ရွာသူရွာသားများနှင့် တပည့်များကိုစည်းရုံးကာ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်သည်။ ကျေးလက်ဆောင်းပါးများ ရေးသည်။ ကျေးလက်ဝတ္ထုများ ရေးသည်။

မင်းနွယ်သည် လွန်ခဲ့သော နှစ် ၆၀ ကျော်က စာနယ်ဇင်းစာအုပ်စာတမ်းများကို စုဆောင်း၍ ခေတ်အဆက်ဆက် မပျောက်ပျက်အောင် ထိန်းသိမ်းထားသူဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသောအခါ အဆိုပါ စာနယ်ဇင်း စာအုပ်စာတမ်းများကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သို့ လက်ဆင့်ကမ်းခဲ့သည်။ ၁၉၇၅ ခုနှစ်၌ ရန်ကုန် အင်ဇိုင်းခန်းမ (ယခုတပ်မတော်ခန်းမ) တွင် ကျင်းပသော စာနယ်ဇင်းသမိုင်းပြပွဲတွင် ၎င်းစုဆောင်းထားသော ရှားပါးစာနယ်ဇင်းအချို့ကို တင်ပြခဲ့သည်။ စာနယ်ဇင်းသမိုင်း ဟောပြောပွဲတွင်လည်း 'စာနယ်ဇင်းလေ့လာစုဆောင်းခြင်း' စာတမ်းကို ရေးသားဖတ်ကြားခဲ့သည်။

မင်းနွယ်သည် စာပေနယ်သို့ ၁၉၃၅ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၃၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ စာပေဆောင်းပါးနှင့် ပညာပေးဆောင်းပါး အပုဒ်ပေါင်း ၆၀ ကျော် ရေးသားခဲ့သည်။ မင်းနွယ်သည် လုံးချင်းစာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့ရာ အမှောင်တွင်းက အသူရကာယ်မယ်များ (ပြည့်တန်ဆာလောက)၊ ဘဝပဲ့တင်သံများ၊ ကောက်သင်း၊ ပြည်သစ်စိတ်သစ်တို့ အုတ်မြစ်များနှင့် စာတိုပေစမနေ့က စသည့်စာအုပ်များမှာ ထင်ရှားကျော်ကြားခဲ့သည့် စာအုပ်များဖြစ်သည်။

မင်းနွယ်သည် ၁၉၃၉ ခုနှစ်တွင် ဒေါ်ချောနှင့် အိမ်ထောင်ပြုသည်။ သားသမီးသုံးယောက် ထွန်းကားသည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း နယ်ချဲ့ကျူးကျော်သူများကို စစ်ရေး၊ နိုင်ငံရေးအားဖြင့် တိုက်ခိုက်တော်လှန်ခဲ့ရာတွင် ကိုယ်ကျိုးစွန့်ပြီး ပါဝင်တိုက်ခိုက်တော်လှန်ခဲ့သည့်မင်းနွယ်ကို နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်တပ်တစ်အားပါဝင်ခဲ့သော စာရေးဆရာမင်းနွယ်သည် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မင်းဘူးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးနှစ်ယောက်နှင့် မြေးကိုးယောက် ကျန်ရစ်သည်။

မြဝတီမဂ္ဂဇင်း စာတော်ပုံပြိုင်ပွဲ ။ ။မြဝတီ မဂ္ဂဇင်းသည် စာတော်ပုံပညာကို လေးစားအားပေးသော သဘောဖြင့် လည်းကောင်း၊ တိုင်းရင်းသား စာတော်ပုံပညာရှင်များ၏ အဆင့်အတန်း တိုးတက်ထွန်းကား ပြန့်ပွားစေရန် ရည်သန်၍လည်းကောင်း စာတော်ပုံပညာပေး ဆောင်းပါးများကို မဂ္ဂဇင်း စတင်ထုတ်ဝေသည့် ၁၉၅၂ ခုနှစ် နိုဝင်ဘာလထုတ် အတွဲ ၁၊ အမှတ် ၁ မှ စ၍ထည့်သွင်းဖော်ပြခဲ့သည်။ ထိုအချိန်တွင် 'စာတော်ပုံ စုံမ်းအားပြည်ထွန်းကား' ဟူသည့် ဆောင်ပုဒ်ဖြင့် စာတော်ပုံပညာပြန့်ပွားစေရန် စာတော်ပုံပညာ လိုက်စားသူ အချင်းချင်းတစ်ဦးနှင့်တစ်ဦး နှီးနှောဖလှယ်ခြင်း၊ ပညာမျှတခြင်း၊ ရိုင်းပင်းကူညီခြင်းဖြင့် စာတော်ပုံပညာ ပြန့်ပွားရေးကို ဆောင်ရွက်ရန် စသော ရည်ရွယ်ချက်များဖြင့် ပွဲစဉ်းထားသည့် မြန်မာနိုင်ငံ စာတော်ပုံအသင်းကြီး ပေါ်ထွန်းခဲ့သည်မှာ မြဝတီသက်တမ်းထက် နှစ်နှစ်ခန့် စောလျက်ရှိသည်။

ထိုအသင်းကြီးကို စတင်တည်ထောင်ရာတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ထိုစဉ်က အသင်းကြီး၏ အတွင်းရေးမှူးဖြစ်သူ ဦးခင်လေးမောင်သည် မြဝတီမဂ္ဂဇင်းစတင်ထွက်ရှိကတည်းက စာတော်ပုံပညာပေး ဆောင်းပါးများ ရေးသားရင်း မြန်မာနိုင်ငံတွင် စာတော်ပုံပညာပိုမိုပြန့်ပွားရေး၊ ပိုမို အဆင့်အတန်း မြင့်မားလာစေရေးကို ရည်ရွယ်လျက် မြဝတီမဂ္ဂဇင်းတွင် စာတော်ပုံပြိုင်ပွဲတစ်ခုပြုလုပ်ရန် စိတ်ကူး

ရ၍ မြဝတီအယ်ဒီတာအဖွဲ့သို့ တင်ပြခဲ့သည်။ မြဝတီအယ်ဒီတာအဖွဲ့ကလည်း ခေတ်ပုံပြိုင်ပွဲကျင်းပရန် သဘောတူခဲ့သဖြင့် အတွဲ ၁၊ အမှတ် ၂ တွင် ခေတ်ပုံ ပြိုင်ပွဲကို ကြေညာ ဖိတ်ခေါ်ခဲ့ပြီး လစဉ် ပြိုင်ပွဲများ ကျင်းပခဲ့ရာ ၁၉၉၀ ပြည့်နှစ်အထိ ၃၀ နှစ် ရှိခဲ့ပြီဖြစ်သည်။

မြဝတီမဂ္ဂဇင်း ခေတ်ပုံပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် အစဦးဆုံး စတင်ခဲ့သော ခေတ်ပုံပြိုင်ပွဲတော့ မဟုတ်ပေ။ စစ်ကြိုခေတ်က ထုတ်ဝေခဲ့သော ဒဂုန် မဂ္ဂဇင်းကလည်း အလားတူ ခေတ်ပုံပြိုင်ပွဲမျိုး ပြုလုပ်ခဲ့ဖူးသည်။ ထို့ပြင် ရန်ကုန်ဂေဇက်သတင်းစာ တနင်္ဂနွေအထူးထုတ် စာစောင်များတွင်လည်း ခေတ်ပုံပြိုင်ပွဲကို အပတ်စဉ် ပြုလုပ်ခဲ့ဖူးသည်။ သို့သော် အောင်မြင်မှုမရှိခဲ့ပေ။

ထိုမှတစ်ပါး ခေတ်ပုံဝါသနာရှင်များအဖို့ ခေတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်လိုပါက နိုင်ငံခြားခေတ်ပုံပြိုင်ပွဲများသို့ ပေးပို ယှဉ်ပြိုင်ကြရသည်။ ထိုစဉ်က များသောအားဖြင့် အိန္ဒိယမှ ထုတ်ဝေသော The Illustrated Weekly of India နာမည်ကျော် ကိုဒတ်ကုမ္ပဏီမှ ထုတ်ဝေသည့် Kodak Indian Magazine စသည်တို့ကို ပေးပို ယှဉ်ပြိုင်ကြရသည်။ မြဝတီမဂ္ဂဇင်း ခေတ်ပုံပြိုင်ပွဲ မပေါ်ထွက်မီ ပြည်တွင်းပြိုင်ပွဲတချို့ ပေါ်ထွက်ခဲ့ပေသည်။ ထိုပြိုင်ပွဲများမှာ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဦးစီး ကျင်းပသော လွတ်လပ်ရေး နှစ်ပတ်လည် ခေတ်ပုံပြိုင်ပွဲ၊ ပြည်ထောင်စု ယဉ်ကျေးမှုပြပွဲပြိုင်ပွဲနှင့် မြန်မာအမေရိကန် ယဉ်ကျေးမှု ဌာန နှစ်ပတ်လည် ခေတ်ပုံပြိုင်ပွဲများ ဖြစ်ကြပြီး ၎င်းတို့မှာ တစ်နှစ်မှတစ်ကြိမ်သာ ပြုလုပ်သော ပြိုင်ပွဲများ ဖြစ်ကြသည်။

ခေတ်ပုံပညာသည် နိုင်ငံတကာနှင့် မြန်မာနိုင်ငံအဖို့ ခေတ်နှင့်အတူ အရေးပါသော ပညာရပ်တစ်ခုဖြစ်သည်။ သမိုင်းမှတ်တမ်းတင်ရေး၊ လူထုဆက်သွယ်ရေး၊ စည်းရုံးလှုံ့ဆော်ရေး၊ ပညာပေးရေးလုပ်ငန်းများတွင် စကားလုံးပေါင်း များစွာကို အသုံးပြုမည့်အစား ပုံကောင်းတစ်ကွက်တည်းဖြင့် ဖော်ဆောင်နိုင်ခြင်းသည် ခေတ်ပုံပညာ၏ တန်ဖိုးပင်ဖြစ်သည်။ မြန်မာနိုင်ငံခေတ်ပုံအသင်းကြီးနှင့် အပေါင်းပါ ခေတ်ပုံအသင်းများက ခေတ်ပုံဝါသနာအိုးများကို သိမ်းသွင်း၍ နည်းပေးလမ်းပြ လုပ်ကာ မျိုးစေ့ချပေးနေခါနှင်တွင် မြဝတီ မဂ္ဂဇင်းကလည်း ပြိုင်ပွဲများ လစဉ် လုပ်ပေးခြင်း၊ ဆုဖြင့် အားပေးခြင်း၊ ဆောင်းပါးများ ထည့်သွင်းဖော်ပြခြင်းဖြင့် ခေတ်ပုံပညာ တိုးတက်ထွန်းကားရေး မြေတောင်မြှောက်မှု လုပ်ငန်းကို ထိရောက်စွာလုပ်ဆောင်ခဲ့သည်။

မြဝတီမဂ္ဂဇင်းခေတ်ပုံပြိုင်ပွဲကို ၁၉၅၃ ခုနှစ် ဇန်နဝါရီလမှစ၍ ယနေ့အချိန်အထိ စဉ်ဆက်မပြတ် ကျင်းပခဲ့ရာတွင် အပျော်တမ်း အလှရိုက်သက်သက် မဟုတ်သော သရုပ်ဖော် ခေတ်ပုံပညာပြိုင်ပွဲ အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ လစဉ်ပြိုင်ပွဲတိုင်းတွင် အကြောင်းအရာ တစ်ခုမဟုတ်တစ်ခုကို သရုပ်ဖော်နိုင်စေရန် ခေါင်းစဉ်များ ရွေးချယ်ပေးခဲ့သည်။

ခေတ်ပုံရိုက်ကူးရာတွင် အများ ရိုက်ကူးလေ့ရှိသည့် လူပုံနှင့်ရှုခင်းပုံများသာမကဘဲ သတင်းခေတ်ပုံ၊ လှုပ်ရှားမှု ခေတ်ပုံ၊ သဘာဝလေ့လာချက်ခေတ်ပုံ၊ စိတ်ကူးယဉ် ခေတ်ပုံ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာ မှတ်တမ်းတင် ခေတ်ပုံစသည်တို့အပြင် ဆေးဘက်ဆိုင်ရာခေတ်ပုံ၊ သိပ္ပံပညာဘက်ဆိုင်ရာခေတ်ပုံ၊ ဘူမိဗေဒဆိုင်ရာခေတ်ပုံ၊ စီးပွားရေးဆိုင်ရာ ခေတ်ပုံ စသည်ဖြင့် အထွေထွေအပြားပြား ရှိလေရာ မြဝတီခေတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်များသည်လည်း တစ်လနှင့်တစ်လ မထပ်ရလေအောင် စီစဉ်၍ ပြိုင်ပွဲပြုလုပ်ခဲ့သည်။

မြန်မာ့ အနုပညာ လက်ရာများ၊ တာသကြိန်၊ ခုန်ပျံကျော်လွှား အားကစား၊ ဟေမန္တ၏သမီးပျို စသည့်ခေါင်းစဉ်များ၊ ခါတ်ပုံပညာသည်တို့၏ စိတ်ကူးကောင်းမှုကို အခြေခံသည့် သမုဒ္ဒရာ ဝမ်းတစ်ထွာသားတို့ရုပ်ရည်၊ စိတ်ကူးယဉ်ခေတ်ပုံ စသည့် ခေါင်းစဉ်များ၊ စိတ်ကူးကောင်းရုံခေတ်ပုံ ပညာကျွမ်းကျင်ရုံသာမကဘဲ ခေတ်နှင့်အမီလိုက်နိုင်ပြီး ခေတ်ရှေ့ပြေးသော အတွေးများဖြင့် ဖန်တီးရမည့် တိုးတက်နေသော မြန်မာပြည်၊ စီးပွားရေးကြော်ငြာခေတ်ပုံ စသည့် ခေါင်းစဉ်များကို ပြိုင်ပွဲကာလတစ်လျှောက်လုံး မရိုးနိုင်မထပ်နိုင်အောင် အထိ စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ခေတ်ပုံပညာရှင်များက မြဝတီ ခေတ်ပုံပြိုင်ပွဲဝင်နိုင်ရန် အရေးသည် ခေတ်ပုံပညာ အဋ္ဌာရသအားလုံးကို ကျွမ်းကျင်မှုရှိမှ ဖြစ်မည်ဟူ၍ ပြောဆိုခဲ့ကြသည်။ အတိုချုပ်၍ပြောရလျှင် မြဝတီခေတ်ပုံပြိုင်ပွဲသည် ခေတ်ပုံ လူရည်ချွန် ရွေးချယ်ပွဲဟုလည်း တစ်နည်း ခေါ်ဆိုနိုင်ပေသည်။

မြဝတီခေတ်ပုံပြိုင်ပွဲ စတင်ကျင်းပစဉ်က အပျော်တမ်း ခေတ်ပုံရှင်များ ရိုက်ကူးသော ခေတ်ပုံကိုသာယှဉ်ပြိုင်စေခဲ့သည်။ အပျော်တမ်းခေတ်ပုံပညာရှင်များကိုပင် အကြီးတန်း၊ အငယ်တန်း ခွဲခြားကာ ယှဉ်ပြိုင်စေခဲ့သည်။ အငယ်တန်းဆိုသည်မှာ ခေတ်ပုံပညာ အခြေခံများစွာ မရှိသေးဘဲ သင်ယူခါစများကို ဆိုလိုသည်။ မည်သည့် ခေတ်ပုံပြိုင်ပွဲမျိုးတွင်မှ ဆုမရရှိဖူးသေးသော သူများကို အငယ်တန်းသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပြီး မြဝတီပြိုင်ပွဲတွင် အနည်းဆုံးဆု သုံးကြိမ်ရရှိပြီးလျှင်မူ အငယ်တန်းတွင် ဆက်လက် ယှဉ်ပြိုင်ခွင့် မရှိတော့ဘဲ အကြီးတန်းသို့ တက်ရောက် ယှဉ်ပြိုင်စေခဲ့သည်။

အကြီးတန်းဆိုသည်မှာ ဓာတ်ပုံပညာကို လေ့လာဆည်းပူးပြီး ဓာတ်ပုံရိုက်၊ ဆေးကူး၊ ချဲ့ရာတွင် ကျွမ်းကျင်သူများကို ဆိုလိုသည်။ အငယ်တန်းသုံးကြိမ် ဆုရရှိဖူးသူများနှင့် အခြား ဓာတ်ပုံပြိုင်ပွဲကြီးများတွင် ဆုရရှိဖူးသူများကို အကြီးတန်းတွင် ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။

ဓာတ်ပုံပြိုင်ပွဲဝင် တစ်ဦးသည် အကြီးတန်းတွင် ယှဉ်ပြိုင်သည် ဖြစ်စေ၊ အငယ်တန်းတွင် ယှဉ်ပြိုင်သည် ဖြစ်စေ ပြိုင်ပွဲလ၏ သတ်မှတ်ထားသော ခေါင်းစဉ်မှာမူ တစ်မျိုးတည်းသာရှိသည်။ မည်သူမဆို ဝါသနာပါသူတိုင်း ပါဝင်နိုင်ခွင့်ရှိပြီး တစ်ဦးလျှင်ပုံမည်မျှသာ ပို့ရမည်ဟူသော ကန့်သတ်ချက် မရှိပေ။ ဓာတ်ပုံပြိုင်ပွဲ ဝင်သူကိုယ်တိုင် ရိုက်ခြင်းလည်း ဖြစ်ရန်လိုသည်။ ပြိုင်ပွဲဝင် တစ်ဦးအဖို့ တစ်လလျှင် ကြိုက်သလောက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း ပထမ၊ဒုတိယ၊ တတိယ ဆုကြီးများအနက် တစ်ခုခုသာ ရနိုင်သည်။ အပိုဆုကိုမူ ခံစားခွင့်ရှိသည်။

အငယ်တန်းဓာတ်ပုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူသည် အပြင်တွင် ဆေးကူးချဲ့နိုင်ခွင့်ရှိသော်လည်း အကြီးတန်းယှဉ်ပြိုင်သူများအဖို့မူ ရိုက်၊ ဆေး၊ ကူး၊ ချဲ့ခြင်းများကို ကိုယ်တိုင်လုပ်ကိုင်သည့် ပုံများသာ တင်သွင်းခွင့်ရှိသည်။ ပြိုင်ပွဲဝင်သည့် ဓာတ်ပုံတိုင်းသည်

မြဝတီဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံ



အကြောင်းအရာနှင့်လည်း ကိုက်ညီရပြီး စာတမ်းပုံပညာ အဆင့်အတန်းလည်းရှိမှ ဆုရွေးချယ်ခြင်း ခံရနိုင်သည် ဖြစ်ရာ တော်ရုံတန်ရုံအနေအထားမျိုးဖြင့် ယှဉ်ပြိုင်၍ မရပေ။ ထို့ကြောင့် ဆုပေးရန်အဆင့်အတန်းမမီလျှင် မပေးဘဲထားသည့်လမျှားလည်း ရှိခဲ့ဖူးသည်။

မြဝတီ စာတမ်းပုံပြိုင်ပွဲတွင် အခြားစာနယ်ဇင်းများသို့ ပေးပို့အသုံးပြုပြီးသော ပုံများအား ယှဉ်ပြိုင်ရန်ခွင့်မပြုသည့်အပြင် ပြိုင်ပွဲဝင်အမည်ပြောင်းလဲတင်ခြင်း၊ အမည်ခွဲဖြင့် တင်ခြင်းများကိုလည်း ခွင့်မပြုခဲ့ချေ။ ထိုသို့အဖြစ်မျိုးတွေ့ရှိရပါက ပြိုင်ပွဲမှပယ်ဖျက်မည်ဟု စည်းကမ်းသတ်မှတ်ခဲ့သည်။ အပျော်တမ်း စာတမ်းပုံပညာသည်တို့၏ ပြိုင်ပွဲဖြစ်သည့်အတိုင်း အခြားစာတမ်းဝါသနာအိုးများနည်းနာယူနိုင်စေရန် မိမိတို့အသုံးပြုသော ကင်မရာ၊ ဖလင်၊ မှန်ဘီလူးအား၊ အနှေးအမြန်၊ ပုံကူးစက္ကူ၊ ဆေးနည်း စသည်တို့အပြင် ထူးခြားချက်များ (ဥပမာ – အနီးကပ် မှန်ဘီလူးဖြင့်ရိုက်ခြင်း၊ နက်ဂတစ်နှစ်ခုပေါင်းခွဲခြင်း) ကိုဖော်ပြကြရသည်။ စာတမ်းပုံကိုလည်း Spotting ခေါ် အစက်အပြောက်များ ဖျောက်ဖျက်ခြင်းမှအပ Retouching နှင့် finishing များမပြုလုပ်ရဟု တားမြစ်ထားသည်။

မြဝတီစာက်ပုံပြိုင်ပွဲများပြုလုပ်ချိန်တွင် ဒေသဆိုင်ရာ စာတမ်းပုံအသင်းများနှင့် ဝါသနာတူရာစာတမ်းပုံအသင်းများလည်းရှိရာ ပြိုင်ပွဲဝင်သူအများစုသည် မိမိတို့ စာတမ်းပုံအသင်းများကို ကိုယ်စားပြု၍ ပြိုင်ပွဲဝင်ခဲ့ကြသည်။ အကြီးတန်းစာတမ်းပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ၅ မှတ်၊ ၃ မှတ်၊ ၁ မှတ်အသီးသီး ပေးသကဲ့သို့ ကိုယ်စားပြုရာ အသင်း များ ကို လည်း ထိုအမှတ်အတိုင်းပင် ပေးခဲ့သည်။ မြဝတီ စာတမ်းပုံပြိုင်ပွဲ၏ ဆုရွေးချယ်ပုံစနစ်သည် မူလကပြိုင်ပွဲဦးစီးသူ ဦးခင်လေးမောင်တစ်ဦးတည်း၏သဘောအရ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၀ ပြည့်နှစ် မေလမှစ၍ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး အဖွဲ့လိုက်အမှတ်ပေး ရွေးချယ်သော စနစ်ဖြစ်လာသည်။ ထိုစဉ်က စာတမ်းပုံရွေးချယ်ရေးအဖွဲ့တွင် ဦးခင်လေးမောင် အပြင် ဗိုလ်မှူးကြီးထွန်းသာ (လေ)၊ ဗိုလ်မှူးကြီး ဘသော်၊ ဒုဗိုလ်မှူးကြီး စောမြသိန်း၊ ဦးသိန်းနိုင် (တပ်မတော် မော်ကွန်းတိုက်) နှင့် ဦးသိန်းမောင် (တပ်မတော်မော်ကွန်းတိုက်) တို့ပါဝင်ကြပြီး နောက်ပိုင်းတွင် မြဝတီနှင့်ဌေတာရီ အယ်ဒီတာအဖွဲ့ဝင်များပါ ပါရှိခဲ့ပြီး၊ ယခုအခါနိုင်တွင်မူ မြဝတီ အယ်ဒီတာချုပ်နှင့် အယ်ဒီတာအဖွဲ့ဝင်များက တာဝန်ယူ ရွေးချယ်လျက်ရှိပေသည်။

ထို့ပြင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော စာတမ်းပုံများနှင့် အပိုပုံအဖြစ်ရွေးချယ်ခံရသော စာတမ်းပုံများကို မြဝတီမဂ္ဂဇင်းတွင် ထိုစဉ်က စာတမ်းပုံပြိုင်ပွဲ တာဝန်ခံဦးခင်လေးမောင်၏ စာတမ်းပုံပြိုင်ပွဲ ဝေဖန်သုံးသပ်ချက်နှင့် အတူ ဗိုလ်ကြီးဘသောင်း (မောင်သုတ)၏ စာတမ်းပုံအောက်ခြေသရုပ်ဖော် ကဗျာများဖြင့် ဖော်ပြခဲ့သည်။ နောက်ပိုင်းတွင် စာရေးဆရာကြီးဦးရန်အောင်က သရုပ်ဖော်ကဗျာများ ဆက်လက်ရေးသားခဲ့သည်။

ဦးခင်လေးမောင်၏ စာတမ်းပုံဝေဖန်ချက် များသည် စာတမ်းပုံဝါသနာအိုးများအဖို့ အဖိုးမဖြတ်နိုင်သော ဝေဖန်ချက်များဖြစ်သကဲ့သို့ စာဖတ်ပရိသတ်ကိုလည်း ဆွဲဆောင်မှု အရှိဆုံးဖြစ်ခဲ့သည်။ ဦးခင်လေးမောင်သည် စာတမ်းပုံရိုက်ကူးပုံ၊ ဆေးကူးပုံ၊ ခွဲပုံ၊ ဖြတ်တောက်ပုံမှအစ စာတမ်းပုံဆရာ၏ စိတ်ကူးနယ်ပယ်အတွင်းအထိ ဝင်ရောက်၍ ဝေဖန်ရေးသားနိုင်စွမ်း ရှိသောကြောင့် စာတမ်းပုံပြိုင်ပွဲ၏ အောင်မြင်မှု အတိုင်းအတာသည် ပိုမိုကြီးမားလာခဲ့ရုံမက စာတမ်းပုံပြိုင်ပွဲမှာလည်း မြဝတီမဂ္ဂဇင်း၏ သင်္ကေတပင် ဖြစ်လာခဲ့သည်။ ဦးခင်လေးမောင်သည် ဆုရစာတမ်းပုံများကိုဝေဖန်ရုံသာမက အကြံဉာဏ်လည်းပေးထားပြီး ရွေးချယ်မှုအား ပြိုင်ပုံများပါ ဖော်ပြခဲ့သဖြင့် မြဝတီစာဖတ်ပရိသတ်အဖို့ မြဝတီမဂ္ဂဇင်းကို လက်ဝယ်ရရှိလျှင် စာတမ်းပုံပြိုင်ပွဲမှ စတင်ဖတ်သည်အထိ စွဲလမ်းခဲ့ကြသည်။ မြဝတီမဂ္ဂဇင်း အနေဖြင့်လည်း စာတမ်းပုံပြိုင်ပွဲများတွင် ဝေဖန်ချက် ဆောင်းပါးများကို ဖော်ပြရုံမျှမက ဦးခင်လေးမောင်ကိုယ်တိုင် ရိုက်ကူးသော စံပြပုံများကိုလည်း ပြိုင်ပွဲအကြောင်းအရာနှင့် ထင်ဟပ်ပြီး တင်ပြခဲ့သည်။

မြဝတီမဂ္ဂဇင်းကလည်း ပြိုင်ပွဲဆုရပုံများအနက် ပထမ၊ ဒုတိယ၊ တတိယဆုရပုံများကို ကျပ် ၅၀/–၊ ၃၀/–၊ ၂၀/– စီချီးမြှင့်ပြီး အပိုပုံများကို ၁၅/ ကျပ်စီ ချီးမြှင့်ခဲ့သည်။ ထို့အပြင် လစဉ်ရရှိသောအမှတ်များကို စုပေါင်းပြီး တစ်နှစ်ပတ်လည်သောအခါ ၂၄ မှတ်နှင့် အထက် အမှတ်အများဆုံးရရှိသူကို နှစ်ပတ်လည် ဂုဏ်ထူးဆောင်ဆုချီးမြှင့်သည်။ မြဝတီ ဂုဏ်ထူးဆောင်ဆုကြီးရရှိရန် ကျင်းပသည့် အမှတ်ပေးစနစ်မှာ စာတမ်းပုံမာရသွန်ပြိုင်ပွဲပင်ဖြစ်၍ ပင်ကိုကလည်း စာတမ်းပုံပညာစွယ်စုံတော်ပါမှ ဇဲ့လုံလ ဝိရိယလည်းရှိပါမှ ရနိုင်သည့်ဆုမျိုးဖြစ်ပေသည်။ ထို့ကြောင့်ပင် မြဝတီ မာရသွန် စာတမ်းပုံပြိုင်ပွဲတွင် ဂုဏ်ထူးဆောင် ဆုကြီးကို ရရှိနိုင်ခဲ့သူများမှာ သာမန် တော်ကာမျှမဟုတ်ဘဲ ဇဲ့လုံလလည်း ရှိကြသော စာတမ်းပုံလူရည်ချွန်များပင်ဖြစ်ပေသည်။

မြဝတီစာတမ်းပုံပြိုင်ပွဲ စတင်သည့်နှစ်က နှစ်ပတ်လည်ဆုရရှိသူမှာ ဦးသိန်းမောင် (တပ်မတော်မော်ကွန်းတိုက်) ဖြစ်သည်။ ထိုစဉ်က နှစ်ပတ်လည်ဆုကို ၃၇၅ ကျပ်တန်

အာလ်ထရာဘလစ် လျှပ်တစ်ပြက်မီးခွက်တစ်လုံး ချီးမြှင့်ခဲ့သည်။ နောက်ပိုင်းတွင် ရိုလီဖလက် ကင်မရာကိုနှစ်နှစ်ခန့် ချီးမြှင့်ခဲ့သေးသည်။ ထို့နောက် ရိုလီဖလက် ကင်မရာဝယ်ယူရန်ခက်ခဲသွားသောအခါ ထိုတန်ဖိုးနှင့် ညီမျှသော ဆုငွေ ကျပ်တစ်ထောင်ကို ချီးမြှင့်ခဲ့သည်။ ထိုအချိန်မှစ၍ မြဝတီနှစ်ပတ်လည် ဂုဏ်ထူးဆောင်ဆုကို 'မြဝတီဂုဏ်ထူးဆောင် တစ်ထောင်ဆု' ဟု ခေါ်ဝေါ်ခဲ့ကြသည်။ မြဝတီဂုဏ်ထူးဆောင်ဆုကြီးကို နှစ်ကြိမ်စီ ရရှိဖူးသူများမှာ ကိုမောင် (မီးရထားပြန်ကြားရေး) နှင့် ကိုမောင်မောင်မြင့် (သုခုမရုပ်ရှင်) တို့ဖြစ်ကြပြီး သုံးနှစ်ဆက်တိုက် ဆုရရှိဖူးသူမှာ မောင်မောင်လှတင့် (မန်းတက္ကသိုလ်) ဖြစ်သည်။

မြဝတီစာတမ်းပုံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော စာတမ်းပညာသည်များသည် မိမိတို့ပါဝင်သော အသင်းများကို ကိုယ်စားပြုယှဉ်ပြိုင်ရာ ထိုအသင်းများကိုလည်း တစ်နှစ်ပတ်လည်သောအခါ အမှတ် ၃၀ နှင့်အထက် ရရှိသော အသင်းအား ဆု၊ ဒိုင်း၊ ဖလားများ ချီးမြှင့်သည်။ ထိုစဉ်က ထင်ရှားသော စာတမ်းအသင်းများမှာ ပန်တော်မူ စာတမ်းအသင်း၊ တက္ကသိုလ်စာတမ်းအသင်း၊ ပျဉ်းမနားစာတမ်းအသင်း၊ စစ်ကိုင်းစာတမ်းအသင်း၊ ရွှေတောင်စာတမ်းအသင်း၊ အေဝမ်းလူငယ် စာတမ်းအသင်း၊ ပုသိမ်စာတမ်းအသင်း၊ ကေတုမတီ စာတမ်းအသင်းနှင့် မြန်မာပြည်စာတမ်းအသင်းများ ဖြစ်ကြသည်။

မြဝတီသည် အပျော်တမ်း စာတမ်းပညာရှင်များ၏ စာတမ်းများကိုသာမက စာတမ်းပညာဖြင့် အသက်မွေးသော စာတမ်းပညာရှင်ကြီးများ၏ လက်စွမ်းပြ စာတမ်းများကိုလည်း ၁၉၅၄ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ လစဉ်လတိုင်းရွေးချယ်ထည့်သွင်းခဲ့သည်။ ထိုပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင် အကြောင်းအရာ သတ်မှတ်ချက် မရှိဘဲ ကောင်းဆုံးလူပုံ (Portrait) လေးပုံကိုသာ လစဉ် ရွေးချယ်ဖော်ပြပြီး နှစ်ကုန်သည့်အခါ ဆုဖလားချီးမြှင့်သည်။

မြဝတီစာတမ်းပုံပြိုင်ပွဲကို စတင်ခဲ့စဉ်က မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် တိုင်း ပြိုင်ပွဲနှစ် (Contest Year) ကို သတ်မှတ် ထားခဲ့ရာမှ ပြိုင်ပွဲနှစ်ကို ပြက္ခဒိန်နှစ်အတိုင်း ၁၉၆၄ ခုနှစ်မှစ၍ ကျင်းပခဲ့သည်။

ထိုအချိန်မှစ၍ လစဉ်၊ နှစ်စဉ်မပျက် မြဝတီစာတမ်းပုံပြိုင်ပွဲကျင်းပခဲ့ရာ ယနေ့အချိန်အထိ ဖြစ်သည်။ ပညာရှင်ကြီးများ၏ လက်စွမ်းပြစာတမ်းပုံပြိုင်ပွဲနှင့် အငယ်တန်းစာတမ်းပုံပြိုင်ပွဲတို့ကို စာမျက်နှာအခက်အခဲကြောင့်ရပ်နားခဲ့သည်။ မူလစာတမ်းပုံပြိုင်ပွဲကိုမူ ဆက်လက်ကျင်းပခဲ့သော်လည်း ဦးခင်လေးမောင်၏ ဆုရစာတမ်းပုံဝေဖန်ချက် ဆောင်းပါးများမပါဝင်တော့ဘဲ စာတမ်းပုံအကြောင်းအရာကိုသာ ဖော်ပြခဲ့သည်။

မြဝတီ စာတမ်းပုံပြိုင်ပွဲသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းရင်း အရှိန်အဟုန်မပျက် ဆက်လက်ကျင်းပလာခဲ့ရာ ကြားကာလများတွင်လည်း မျက်နှာဖုံး စာတမ်းပုံပြိုင်ပွဲကဲ့သို့သော ကြားဖြတ်စာတမ်းပုံပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းများလည်း ရှိခဲ့သည်။ ထို့ပြင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်း အချိန်ကာလနှင့် လိုက်လျောညီထွေရှိစေရန် ဆုငွေများတိုးမြှင့်ပေးခဲ့သည်။ ၁၉၇၉ ခုနှစ် မြဝတီစာတမ်းပုံပြိုင်ပွဲများမှစ၍ ပထမ၊ ဒုတိယ၊ တတိယဆုရပုံများကို ကျပ် ၂၀၀/–၊ ၁၇၅/ ကျပ်၊ ၁၅၀/ ကျပ်နှင့် နှစ်သိမ့်ဆုရ ပုံများကို ကျပ် ၁၀၀/– အသီးသီး တိုးမြှင့်ပေးခဲ့သည်။ ထို့ပြင် နှစ်ပတ်လည် ဂုဏ်ထူးဆောင်ဆုကိုလည်း ပထမ၊ ဒုတိယ၊ တတိယ သုံးဆုချီးမြှင့်ပြီး ဆုငွေ ကျပ် ၂၅၀၀/–၊ ၂၀၀၀/ ကျပ်၊ ၁၅၀၀/ ကျပ် အသီးသီး တိုးမြှင့်ပေးခဲ့သည်။

မြဝတီမဂ္ဂဇင်းသည် စာတမ်းပုံပြိုင်ပွဲကို ခေတ်နှင့်အညီ တိုးခဲ့ရန်ရည်ရွယ်ခဲ့ရာ ရှိရင်းစွဲအဖြူအမည်း စာတမ်းပုံပြိုင်ပွဲအပြင် ရောင်စုံစာတမ်းပုံပြိုင်ပွဲကို ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းစမှ စ၍ သုံးလတစ်ကြိမ် ပြုလုပ်ရန် စီစဉ်ထားသည်။ ထိုပြိုင်ပွဲများတွင် ရောင်စုံစာတမ်းပုံ (Colour Print) ရောင်စုံဆလိုက် (Colour Slide) များဖြင့် တင်သွင်းယှဉ်ပြိုင်နိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ကျပ် ၇၀၀၊ ၆၀၀၊ ၅၀၀၊ ၄၀၀ အသီးသီး ချီးမြှင့်သည်။

ယခုအခါ မြဝတီမဂ္ဂဇင်းစာတမ်းပုံပြိုင်ပွဲသည် မြန်မာနိုင်ငံ၏သက်တမ်းအရှည်ဆုံးနှင့် တစ်ခုတည်းသော မဂ္ဂဇင်းစာတမ်းပုံပြိုင်ပွဲအဖြစ် ရပ်တည်လျက် ရှိနေပြီဖြစ်သည်။ မြန်မာ့စာတမ်းပုံပညာရှင် ကြယ်ပွင့်ကလေးများအား ကမ္ဘာ့အဆင့်သို့တက်လှမ်းနိုင်ရန် ပြုစုပျိုးထောင်ပေးရာ လေ့ကျင့်ပေးရာ မြေတောင်မြောက်ပေးရာ၊ စင်မြင့်တစ်ခုအဖြစ်ဖြင့်လည်း ထူးခြား ပြောင်မြောက်စွာ တာဝန် ထမ်းဆောင်လျက်ရှိပေသည်။

ဦးမြင့်သူ

မြန်မာနိုင်ငံစာပေဆုများ။ ။ ၁၉၉၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆုနှင်းသဘင်အခမ်းအနားကို ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက် (၁၃၅၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်း၊ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပသည်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်

ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး စာပေဆုရှင်များအား ဆုအသီးသီးချီးမြှင့်သည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၉၀ ပြည့်နှစ်အတွက် သက်ဆိုင်ရာဘာသာရပ် အသီးသီးတွင် အမျိုးသားစာပေဆုချီးမြှင့်ရန် အထိုက်တန်ဆုံးစာအုပ်များကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် ဘာသာရပ်များအနက် ဝတ္ထုရှည်ဆု၊ ကလေးစာပေဆု၊ ဘာသာပြန်သုတစာပေဆု၊ ဘာသာပြန် ရသစာပေဆု၊ သုတပဒေသာ (ရိုးရိုးသိပ်ပံဆု)၊ သုတပဒေသာ (အသုံးချသိပ်ပံဆု)၊ နိုင်ငံရေးစာပေဆုများ ရွေးချယ်ခြင်းမခံရပေ။ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆု၊ ကဗျာဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ လူငယ်စာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုများ ရွေးချယ်ခံရသည်။

၁၉၉၀ ပြည့်နှစ် အမျိုးသား စာပေဆုအတွက် ဆုလက်မှတ်နှင့်အတူ ငွေကျပ် ၅၀,၀၀၀ စီ ချီးမြှင့်ပြီး စာပေဗိမာန်စာမူဆု၊ပထမဆုအတွက် ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုအတွက် ငွေကျပ် ၂၀,၀၀၀၊ တတိယဆုအတွက် ငွေကျပ် ၁၅,၀၀၀ ချီးမြှင့်သည်။ ယခင်နှစ်က အမျိုးသားစာပေဆုအတွက် ငွေကျပ် ၂၀,၀၀၀ ချီးမြှင့်ခဲ့ပြီး စာပေဗိမာန် စာမူဆုပထမ၊ ဒုတိယ၊ တတိယ အသီးသီးအတွက် ငွေကျပ် ၇၀၀၀၊ ၆၀၀၀၊ ၅၀၀၀ အသီးသီး ချီးမြှင့်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်အတွက် စာပေဆုငွေများကို တိုး၍ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

စာအုပ်အဖြစ်ထုတ်ဝေရန်အခက်အခဲရှိသော အဆင့်မီစာကောင်းပေမန်များကို စာအုပ်အဖြစ် ရောက်ရှိစေရန်နှင့် အရည်အသွေးရှိသည့် ကလောင်ရှင်များကိုအားပေးချီးမြှင့်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်စာမူပြိုင်ပွဲကို ၁၉၆၉ ခုနှစ်မှစ၍ ပြုလုပ်ပေးခဲ့ရာ ယခုနှစ်သည် ၂၁ ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ပေသည်။

၁၉၉၀ ပြည့်နှစ် အမျိုးသားစာပေဆုများ

ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
ဝတ္ထုတိုပေါင်းချုပ်	ကိုဆေးရိုး (၄)	ဆင်ဖြူကျွန်း အောင်သိန်း
ပြဇာတ်	အထွက်မြန်မြန် အပြန်နှေးနှေး	တက္ကသိုလ် မောင်မောင်ခင်
ကဗျာ	အမေ့အိမ် အမေ့ရွာ	မောင်ကြင်နွယ်
စာပဒေသာ	ဆန်ဖွပ်တဲ့အဘိုးအို	ချစ်စံဝင်း
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မဟာဂီတ ဆွေးနွေးချက်	စံမြင့်
လူငယ်စာပေ	စွမ်းအားရှင် ရွက်နုစိမ်းကလေးများ	မောင်ခွန်နွယ် (အင်းလေး)
သုတပဒေသာ(ဝိဇ္ဇာ)	တို့ဘိုးဘွား သူရဲကောင်းများ	အိမ်မဲဒေါင်းပြာ

၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူဆုများ

ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
ဝတ္ထုတိုပေါင်းချုပ်	အင်တဲ့ပွဲလျက် အရှာထွက် (ဒုတိယဆု)	ဖိုးကျော့
	သံယောဇဉ်ဆူး (တတိယဆု)	မအေးငြိမ်း
ဝတ္ထုတိုပေါင်းချုပ်	ကောင်းကင် သမုဒ္ဒရာနှင့် မဟာမြင်းမိုရ်ဝတ္ထုတိုများ (ဒုတိယဆု)	မောင်ရင့်မာ (ဇကျောင်းကုန်း)
	တင်ကျီး တစ်ဝမ်း ဗျိုင်း တစ်ဝမ်းနှင့် အခြားဝတ္ထုတိုများ (တတိယဆု)	ညိုညိုယဉ် (ဒိုက်ဦး)
စာပဒေသာ	မခုသဒ္ဒ ရွှေတောင်ကျော် စွာဘွဲ့ရ ရုပ်သေးမင်းသမီးကြီး ဦးဖူးညို၏ ဘဝဇာတ်ကြောင်း (ဒုတိယဆု)	ရွှေဆောင်တင်ဆွေ
ဘာသာပြန်	ဒဗလျူဆွန်မာဆက်မွန်၏ ဝတ္ထုတိုသုံးပုဒ် (ပထမဆု)	ဦးဘသန်း (မဟာဝိဇ္ဇာ)
ကလေးစာပေ	ဝေဟင်စံမိတ် ဆွေများ (ပထမဆု)	အောင်နိုင် (တက္ကသိုလ်)
	အေးမြသောအရိပ် (ဒုတိယဆု)	အောင်သူရိန် (ပုလဲ)
	မွေးမွေးသည်းချာ ရတနာနှင့် အခြားဝတ္ထုတိုများ (တတိယဆု)	မောင်သာမွေး
လူငယ်စာပေ	လူငယ်လမ်းညွှန် (ပထမဆု)	ဒေါက်တာကျော်စိန်



ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်က အမျိုးသားစာပေဆုရ စာပေဆုရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်

	ရွက်သစ်သပြေနှင့် အခြားလူငယ်ဝတ္ထုတိုများ (ဒုတိယဆု)	မင်းချမ်းမွန်
	ရဲမွန်ရတနာ(တတိယဆု)	မောင်ဆန္ဒ (လယ်ဝေး)
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ	အလင်္ကာကျော်စွာဦးစံခို၏ ဇာတိမာန်လင်္ကာများနှင့် မင်းသားသုံး ဇာတ်ထုပ်စာများ (ပထမဆု)	စိုးဝေ
	မြန်မာ့ ဆင်ရွဲချိုး အနုပညာ (ဒုတိယဆု)	မောင်ရည်စိုး (ကျောက်ဆည်)
	မြန်မာ့အိုး (တတိယဆု)	ထန်လှိုင်
သုတပဒေသာ (ဝိဇ္ဇာ)	မြန်မာ့အိမ်သူ၊ မြန်မာ့မူ (ဒုတိယဆု)	ဦးအေးချို (မဟာဝိဇ္ဇာ)
	မြန်မာ့ရတနာကျန်းရွှေဝါ (ဒုတိယဆု)	စံဝင်း (မန်း)
သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)	နေအိမ်တစ်လုံးတော့ ဖြစ်အောင် ဆောက်မယ် (တတိယဆု)	ချမ်းအေးမောင်

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၁ ခုနှစ် နှစ်ဦးပိုင်းမှ ဇူလိုင်လအထိ တိုးတက်ဖြစ်ပေါ်လာခဲ့သော ထင်ရှားသည့် တိုးတက်မှုအချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည် –

နိုင်ငံတော်ပိုင် ရတနာများ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် မိုးကုတ် ကြပ်ပြင်ပြောင်းပြာရွာအနောက်ဘက်မှ တူးဖော်ရရှိထားသော အလေးချိန် ၄,၂၃၀ ကာရက်ရှိ ကမ္ဘာပေါ်တွင် အကြီးဆုံး ရောင်းတမ်းဝင် နီလာရိုင်းကြီးတစ်ပွင့်ကို ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကာကွယ်ရေး ဝန်ကြီးဌာနစစ်ဆင်ရေးခန်းမ၌ ကြည့်ရှုစစ်ဆေးခဲ့သည်။ နီလာရိုင်းကြီးကိုကျောက်ခိုးတူးသူများက ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလတွင် ပြောင်းပြာရွာအနောက်ဘက်မှ ခိုးယူတူးဖော်ရရှိပြီး လျှို့ဝှက်ရောင်းချရန်စီစဉ်နေစဉ် တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။ နီလာရိုင်းကြီး၏ အရွယ်အစားမှာ အလျား ၁၁၈ မီလီမီတာ၊ လုံးပတ် ၆၂ မီလီမီတာ၊ ၆၄ မီလီမီတာ၊ ၄၈ မီလီမီတာ ရှိသည်။ ပုံသဏ္ဌာန်မှာ ခြောက်မြောင့် ကြက်ဆူးပုံသဘာဝ ပုံဆောင်ခဲအတိုင်းရှိနေပြီး အသွေးအရောင်မှာ တိမ်ပြာရည်နှင့် တိမ်ခိုးရည်များ ရောယှက်နေကာ ကျောက်သားမှာ ဖယောင်းသားဖြစ်သည်။ အဖိုးတန် ဂေါ်ကြိုးကောင်းများ အများအပြား ထွက်ရှိနိုင်သည့် ထူးခြားကောင်းမွန်သော ကျောက်ကြီးကျောက်ကောင်း ဖြစ်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်သည် နဝရတ်ရတနာမြေ (ပင်လုံ) ဒေသ၊ နမ့်ဆာပတ္တမြားနယ်မြေမှထွက်ရှိသော ကျောက်မျက်ရတနာများ၊ မိုးကုတ်မြို့ကျောက်မျက်ရတနာ တူးဖော်ရေးဌာနမှ ထပ်မံရရှိသည့် ကျောက်မျက်များနှင့် ပြင်ပပုဂ္ဂလိကများနှင့် ဖက်စပ်တူးဖော်ရရှိခဲ့သည့် ကျောက်မျက်ရတနာများကို ဧပြီလ ၁၀ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးခန်းမ၌ ကြည့်ရှုစစ်ဆေးခဲ့သည်။

ရွှေဒင်္ဂါးများထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်လုပ်သော တစ်ကျပ်သားနှင့် ငါးမူးသားအလေးချိန်ရှိ စံချိန်မီ ရွှေဒင်္ဂါးများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး

လုပ်ငန်း၏ အရောင်းဆိုင်များ၊ ကုန်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာဆိုင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ဟိုတယ်အရောင်းဆိုင်များတွင် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသည်။ ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်လုပ်သော တစ်မတ်သား အလေးချိန်ရှိ စံချိန်မီ ရွှေဒင်္ဂါးများကို ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသည်။

ဒွေအကြေအသစ်ထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ၂၅ ပြားတန် ဒွေအကြေအသစ်ကို ဧပြီလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သည်။ ဒွေအကြေအသစ်၏ ပုံသဏ္ဌာန်နှင့် အရွယ်အစားမှာ ၁၉၀၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် ၂၅ ပြား စေ့များအတိုင်း ဖြစ်ပြီး "မြန်မာနိုင်ငံတော် ဗဟိုဘဏ်" စာတန်းနှင့် သွန်းလောင်းသည့် နှစ် "၁၉၉၁" စာတန်းကို ဖော်ပြသွန်းလောင်းထားသည်။

နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ လော်ကန်နှင့် အဖွဲ့အားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး စွန်တွန်ကွန်ဆွန်ပေါင်နှင့် အဖွဲ့အားလည်းကောင်း၊ ဇွန်လ ၁၈ ရက်နေ့တွင် ထိုင်းနိုင်ငံဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝီချိယန်၊ ဝါတာနာကွန်နှင့် အဖွဲ့အားလည်းကောင်း လက်ခံတွေ့ဆုံခဲ့သည်။

လမ်း တံတားပြုပြင် တည်ဆောက်မှုလုပ်ငန်းများ

မော်လမြိုင်မြို့ တိုးချဲ့ ကမ်းနားလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တိုးချဲ့ကမ်းနားလမ်းသစ်သည် ၁,၃၄၈ ပေရှည်ပြီး ကမ်းထိန်းတံတိုင်း၊ လမ်းထိန်းနံရံအပါအဝင် ကတ္တရာလမ်းသစ်အဖြစ် နိုင်ငံတော်မှ ထောက်ပံ့ငွေ ကျပ် ၄၂ သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

တာမွေမြို့နယ် လေးထောင့်ကန် လမ်းမကြီးရှိ မင်းရဲကျော်စွာ ခုံးကျော်တံတားသစ်ဖွင့်ပွဲနှင့် သဃ်နိုးကျွန်းမြို့နယ် လေးထောင့်ကန်လမ်းသစ်ကြီးဖွင့်ပွဲတို့ကို ဇန်နဝါရီလ ၃ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ မင်းရဲကျော်စွာ ခုံးကျော်တံတားသစ်သည် အရှည် ၂၀၃ ပေ၊ ကားလမ်းအကျယ် ၃၃ ပေ၊ တစ်ဘက်တစ်ချက် လူသွားလမ်းလေးပေစီနှင့် စုစုပေါင်း ၄၁ ပေ၊ ရထားလမ်းအထက် ကင်းလွတ်အမြင့် ၁၅ ပေနှင့် တံတား၏ ဆင်ခြေလျှောလေးရာခိုင်နှုန်းရှိသည်။ တံတားတွင် ခန်းဖွင့်ငါးခုပါဝင်ပြီး အခန်းတစ်ခန်းစီတွင် တံတားပေါင်ခြောက်ခုစီ စုစုပေါင်း တံတားပေါင် ၃၀ ထည့်သွင်း တည်ဆောက်ထားသည်။ တံတားပေါင်များသည် ကြိုတင်အားဖြည့်ကွန်ကရစ် တံတားပေါင်အမျိုးအစားဖြစ်၍ တံတားပေါင်တစ်ခုလျှင် ၅၇ ပေ ၃ လက်မ ရှည်သည်။ တံတား၏ခံနိုင်ဝန်ချိန်သည် ၃၆ တန်ဖြစ်ပြီး ငွေကျပ် ၁၅၂ သိန်းအကုန်အကျခံကာ မြန်မာ့မီးရထားက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားသစ်ကို ယာဉ်ကြော သုံးခုပါသည့် တံတားအဖြစ် တံတားဟောင်းဘေးတွင် ကပ်လျက်တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး တံတားဟောင်းကို မြို့အတွက်လမ်း တံတားသစ်ကို မြို့အဝင်လမ်းအဖြစ် အသုံးပြုသွားမည် ဖြစ်သည်။

လေးထောင့်ကန်လမ်းသစ်ကြီးကို အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံမှ တိုးကြောင်ကလေးရထားသံလမ်း အလွန် နေရာအထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တိုးချဲ့ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ လမ်းသစ်ကြီးမှာ အရှည် ၁၅,၅၃၁ ပေ၊ အကျယ် ၇၂ ပေ၊ ယာဉ်ကြောခြောက်ခုရှိပြီး လမ်းဘေးတစ်ဘက်တစ်ချက်တွင် ခြောက်ပေအကျယ်လူသွားစင်္ကြံနှင့် နှစ်ပေအကျယ် ရေမြောင်းဖောက်လုပ်ထားသည်။ လမ်းလယ်ကျွန်းအဖြစ် တစ်ပေခြောက်လက်မအကျယ် တုံးငယ်များနှင့်နှစ်ဘက်ကိုင်းတပ်ခတ်မီးတိုင်ပေါင်း ၁၁၂ တိုင် ထွန်းညှိစိုက်ထူထားသည်။

အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းသစ်ဖွင့်ပွဲကို ရွှာမအောက်မင်္ဂလာဒုံလမ်းထိပ်ရှိ မုခ်ဦး၌ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ သီရိမင်္ဂလာလမ်းသစ်သည် အရှည်နှစ်မိုင်၊ လမ်းတာပေါင်းမျက်နှာပြင် အကျယ် ၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ လမ်းပခုံးအကျယ် တစ်ဘက်သုံးပေစီရှိပြီး အမာခံ ဂဝံကျောက်ခင်းလမ်းဖြစ်သည်။ လမ်းသစ်အတွက် အိုးအိမ်နှင့် မြို့ရွာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၆၇ သိန်း ခွဲဝေပေးခဲ့ပြီ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒေသအဖွဲ့ (၁) အင်းစိန်မှ တာဝန်ယူ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကန်တော်ကြီး ကန်ပတ်လမ်းကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်သည်။ ကန်တော်ကြီးကန်ပတ်လမ်းသည် ကန်ရိပ်သာလမ်း၊ နတ်မောက်လမ်းနှင့် ဗဟန်းလမ်း

မကြီးတို့ပါဝင်ပြီး ၂ ဒသမ ၇၅ မိုင်ခန့် ရှည်သည်။ ဒွေးလမ်းယာဉ်ကြောလေးခုရှိပြီး တစ်ဘက် ၂၂ ပေစီကျယ်သည်။လမ်းလယ်ကျွန်းသည် အကျယ်ခြောက်ပေရှိသည်။ ခန်းဖွင့်ပေ ၂၀ ရှိသည့် တံတားကြီးနှစ်ခုပါဝင်ပြီး နှစ်ဘက်ခောတ်မီးတိုင်ရှစ်တိုင်၊ ကိုးပွင့်ဆိုင်ခောတ်မီးတိုင်လေးတိုင်နှင့် ငါးပွင့်ဆိုင်ခောတ်မီးတိုင် ၁၀ တိုင် စိုက်ထူထားသည်။ ကျိုက္ကဆံလမ်း တစ်လျှောက်မှာ နတ်မောက်လမ်းဆုံမှ ၈ ညွှား ဒ လ လမ်း ဆုံ ကျောက် မြောင်း စျေး အ ထိ ပေ ၃၀၀၀ ရှည်သည်။

အမှတ် (၄) လမ်းမကြီး ဖွင့်ပွဲကို မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ရန်ကုန် ပြည် ကားလမ်းဘေးရှိ လမ်းမကြီးအဝင်မုခ်ဦး၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမှတ် (၄) လမ်းမကြီးသည် ရန်ကုန်မြို့တော် အဝင် လမ်းမကြီး ခြောက်သွယ်အနက် မှော်ဘီ၊ လှော်ကား၊ ဒညင်းကုန်း၊ အင်းစိန်၊ ကမာရွတ်မှ ရန်ကုန်မြို့တွင်းသို့ အဝင်လမ်းမကြီးဖြစ်သည်။ လမ်းမကြီးသည် ယာဉ်သွားလမ်း ၂၂ ပေ၊ လမ်းပခုံး တစ်ဘက်တစ်ချက် ခုနစ်ပေစီတွင် အမာခံ ဂဝံလမ်းပခုံး သုံးပေစီ၊ မျက်နှာပြင်အကျယ် ၄၂ ပေရှိသည်။ လမ်းတစ်လျှောက်တွင် သံအားဖြည့်ကွန်ကရစ် အခင်းတံတားရှစ်ခုနှင့် ရေပြွန်ရှစ်ခု တည်ဆောက်ထားသည်။

ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင်လိုဏ်ဂူသွား ကတ္တရာလမ်းနှင့် ကြိုးတံတား ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကတ္တရာလမ်းမှာ နှစ်မိုင်ရှည်၍ နိုင်ငံတော်မှ ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ၁၄ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကတ္တရာလမ်းနှင့်ဆက်လျက် ပိတ်ချင်းမြောင် လိုဏ်ဂူသို့ သွားရာကြိုးတံတားကို နိုင်ငံတော်မှ ငွေကျပ်သုံးသိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ကျပ်တစ်သိန်းနှစ်သောင်း၊ စုစုပေါင်းငွေကျပ် လေးသိန်းနှစ်သောင်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကြိုးတံတားအရှည် ပေ ၁၂၀ ရှိသည်။

ပဲခူးမြို့ ရန်ကုန်မန္တလေး ကားလမ်းမကြီးရှိ ဥဿာခုံးကျော်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်ဘက်မှ အသွား တံတား မုခ်ဦး၌ ကျင်းပခဲ့သည်။ တံတားသစ်ကြီးသည် အရှည် ၁၅၉ ပေ၊ အကျယ် ၅၂ ပေရှိပြီး ကားလမ်းအကျယ် ၄၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဘက်လေးပေစီရှိသည်။ တံတားသစ်ကြီးတွင် ယာဉ်ကြောလေးခုပါဝင်ပြီး ကြိုတင် အားဖြည့် ကွန်ကရစ်တံတားပေါင်များဖြင့် တည်ဆောက်ထားသည်။ တံတားပေါင်အရှည် ၅၂ ပေ ၁၀ လက်မရှိသည်။

ကျွန်းလှမြို့နယ် ရွှေကျွန်းလှ မူးမြစ်ကူး တံတားကြီး ဖွင့်ပွဲကို မတ်လ ၃၀ ရက်နေ့တွင် တံတားထိပ်၌ ကျင်းပခဲ့သည်။ တံတားကြီးသည် အလျားပေ ၆၆၀၊ အမြင့်ပေ ၂၀၊ အကျယ် ၁၅ ပေရှိ၍ အလေးချိန် ၁၅ တန် ခံနိုင်အားရှိသော အခန်း ၁၄ ခန်း ကွန်ကရစ် ၁၂ တိုင်ဖြင့် တည် ဆောက် ထား သည်။ တံတားကြီးတည်ဆောက်မှုအတွက် လူထုလုပ်အားနှင့် ငွေကျပ် သိန်း ၅၀၊ နိုင်ငံတော်မှ ငွေကျပ်သိန်း ၂၁၊ စုစုပေါင်း ငွေကျပ်သိန်း ၇၀ ကုန်ကျခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်း – လက်ခုပ်ကုန်းကားလမ်းမကြီးဖွင့်ပွဲကို ဧပြီလ ၄ ရက်နေ့တွင် လက်ခုပ်ကုန်းကျေးရွာအဝင် လမ်းသစ်မုခ်ဦး၌ ကျင်းပခဲ့သည်။ ကားလမ်းမကြီးသည် အလျား ၁၉ မိုင် ၄ ဖာလုံ၊ အမြင့် ၅ ပေ၊ အောက်ခြေ အကျယ် ၄၀ ပေ၊ မျက်နှာပြင် အကျယ် ၂၄ ပေ ရှိသည်။ ကားလမ်းမကြီး ဖောက်လုပ်ရာတွင် ဒေသခံပြည်သူများ၏ လုပ်အားတန်ဖိုးငွေ ကျပ်သန်း ၄၀ ခန့်နှင့် နိုင်ငံတော်မှ ငွေကျပ်သန်း ၂၁၊ စုစုပေါင်း ငွေကျပ် သန်း၇၀ ခန့် ကုန်ကျခံသည်။

ပုသိမ် မုံရွာလမ်းပေါ်ရှိ ငဝန်မြစ်ကူးတံတားကြီးကို ဧပြီလ ၁၂ ရက်တွင်ဖွင့်လှစ်သည်။ ငဝန်မြစ်ကူးတံတားကြီးသည် ပေ ၁,၁၇၀ ရှည်လျားပြီး နှစ်လမ်းသွားယာဉ်လမ်း အကျယ် ၂၀ ပေ၊ တစ်ဘက်တစ်ချက်စီတွင် ၅ ပေစီကျယ်သော လူသွားလမ်းများဖြင့် ပြည်တွင်းသုံးငွေ ၆၃ ဒသမ ၆၄၇ သန်း၊ နိုင်ငံခြားငွေ ဂ ဒသမ ၁၀၄ သန်း၊ စုစုပေါင်း ၇၁ ဒသမ ဂ၃၁ သန်း အကုန်အကျခံကာ တည်ဆောက်ထားသည်။ တံတားကြီး တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရက မြန်မာငွေ ၁ဂ သန်းခန့်တန်ဖိုးရှိသော ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ယန္တရားများ ကူညီထောက်ပံ့ခဲ့သည်။

ကာမိုင်းမြို့နယ် ဥရုချောင်းကူးဖားကန့်–မရှိကထောင်ကြိုးတံတားဖွင့်ပွဲကို မေလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ဖားကန့်–မရှိကထောင်ကြိုးတံတားသည် အလျား ၃၃၆ ပေ၊ အကျယ် ၅ပေ၊ ချောင်းကမ်းနှစ်ဖက်ရှိ ကြိုးထိန်းစင်အမြင့် ၃၃ ပေရှိသည်။ ရေပြင်နှင့်ကြိုးတံတားသည် ချောင်းရေများခါနိုင်တွင် ၁၀ ပေ၊ ရေကျချိန်တွင် ၃ဂ ပေ ကွာဝေးသည်။ ကြိုးတံတား တည်ဆောက်မှု အတွက် ကုန်ကျစရိတ်ငွေ ကျပ်သိန်း ၆၀ ကျော်ခန့်ဖြစ်သည်။

ဂွိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများ ဖွင့်လှစ်ခြင်း

မြစ်ကြီးနားမြို့နှင့် ဟားခါးမြို့ ပြည်တွင်းဂွိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖွင့်ပွဲ အသီးသီးကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကလေးမြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့ ပြည်တွင်း

ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တိုးကြောင်ကလေးရှိ ပင်မ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း ဖွင့်ပွဲအသီးသီးကို ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ဗန်းမော်မြို့၊ လားရှိုးမြို့နှင့် ခန္တီးမြို့ ပြည်ဘွင်း ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖွင့်ပွဲအသီးသီးကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ခြင်း

ခန္တီးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြိတ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဖွင့်ပွဲကို မေလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ သိန်းနှင့် ပြည်တွင်းသုံးငွေ ကျပ်သိန်း ၉၀ ခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးရုံသစ် တည်ဆောက်ဖွင့်လှစ်ခြင်းများ

ကျောက်တံခါးမြို့နယ်၊ ပဲခူးယိုမြို့ တိုက်နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တိုက်နယ်ပြည်သူ့ဆေးရုံကို နိုင်ငံတော်မှ ငွေကျပ် ၂၂ သိန်း၊ အမှတ် (၁) ဆက်သွယ်ရေးတပ်ရင်း၊ ပဲခူးတိုင်း ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ် တစ်သိန်းခွဲကျော်၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် သုံးသိန်းခွဲကျော် ဖြင့်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တိုက်နယ်ပြည်သူ့ဆေးရုံသည် အလျားပေ ၁၃၀၊ အနံ ၆၅ ပေရှိပြီး ခုတင် ၃၂ လုံးဆံ့သည်။

မိုင်းယောင်းမြို့နယ် မိုင်းယုတိုက်နယ် ပြည်သူ့ဆေးရုံ ဖွင့်ပွဲကို ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကျိုင်းတုံမြို့နယ် မိုင်းလားပြည်သူ့ဆေးရုံဖွင့်ပွဲကို ဇန်နဝါရီလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကိုးကန့်ဒေသ ချင်းရွှေဟော် ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဘူးသီးတောင်မြို့နယ် တောင်သဇာ တိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျင်းပခဲ့သည်။

ဒဂုံမြို့သစ်မြို့နယ် (မြောက်ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲကို မတ်လ ၂၆ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ ဒဂုံမြို့သစ်မြို့နယ် (မြောက်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင် ၂၅ လုံးဆံ့ ဆေးရုံဖြစ်ပြီး ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံသည် ခုတင် ၁၆ လုံးဆံ့ ဆေးရုံဖြစ်သည်။

ကော့မှူးမြို့နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို မေလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြို့နယ်ပြည်သူ့ဆေးရုံသည် ခုတင် ၂၅ လုံးဆံ့ဆေးရုံဖြစ်ပြီး ပင်မအဆောင်လေးဆောင်နှင့် ဝန်ထမ်းအိမ်ရာခြောက်လုံးပါဝင်သည်။ ဆေးရုံတွင် ၁၀ ပေ ပတ်လည် ခွဲစိတ်ခန်းတစ်ခန်း၊ ဂါလန် ၁,၆၀၀ ဆံ့ ရေစင်နှင့် မီးစက်တို့ပါဝင်ပြီး ငွေကျပ် ၁၁၅ သိန်း ကုန်ကျခဲ့သည်။

လက်ပံတန်းမြို့နယ် ခမုံဆိပ်တိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲကို မေလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆေးရုံသစ်သည် အလျား ၁၂၆ ပေ၊ အနံ ၆၃ ပေရှိသည်။ ဆေးရုံသစ် အမျိုးသား လူနာဆောင်တွင် ခုတင် ၁၀ လုံး၊ အမျိုးသမီးလူနာဆောင်တွင် ခုတင်ခြောက်လုံး၊ စုစုပေါင်း ကုတင် ၁၆ လုံးဆံ့သည်။ ဆေးရုံသစ်ဆောက်လုပ်မှုကုန်ကျစရိတ်ငွေ ကျပ်သိန်း ၃၀ ဖြစ်သည်။

ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ တိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲကို ဇန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆေးရုံသစ်တွင် ခေတ်မီခွဲစိတ်ခန်းများ၊ သားဖွားခန်းများပါရှိ၍ ဆရာဝန်အိမ်နှင့် ဝန်ထမ်းအိမ်များလည်းပါဝင်သည်။ ဆေးရုံသစ်ကို ပြည်သူလူထု လုပ်အားတန်ဖိုးငွေ ကျပ်သုံးသိန်း၊ နိုင်ငံတော်မှငွေကျပ် ၁၅ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်း

သိန္နီမြို့ ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို အမှတ်(၃)ရပ်ကွက်ရှိ စက်ရုံဝင်းကွင်းပြင်၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံတန်ဖိုးမှာ ပံ့ပိုးပစ္စည်းများနှင့် လုပ်အားတန်ဖိုးငွေ ကျပ် ၁၃ သိန်းခန့် ကုန်ကျခဲ့သည်။ လျှပ်စစ်ဓာတ်အား အနည်းဆုံး ကီလိုဝပ် ၅၀ ထုတ်လုပ်နိုင်သည့် ဓာတ်အားပေးစက်ရုံဖြစ်သည်။

မကွေးမြို့နယ် မိချောင်းရဲ ကျေးရွာအုပ်စု ၁၁ ကေဗွီအေ လျှပ်စစ်ဓာတ်အား လိုင်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ မိုးညှိမြို့ ၁၁ ကေဗွီအေ လျှပ်စစ်ဓာတ်အား လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ လဲချားမြို့ ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဘုတလင်မြို့နယ် တွင်းတောင် အဏုဇီဝ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းသုံး ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲကို မေလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။

ကျန်းစုမြို့နယ် ကတ္တလူ ရေအားလျှပ်စစ် ဓာတ်အား

ပေးစက်ရုံ ဖွင့်ပွဲကို ဇူလိုင်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံတွင် ကီလိုဝပ် ၅၀ ရှိ ခဘတ်အား ပေးစက် သုံးလုံး တပ်ဆင်ထားပြီး စုစုပေါင်း ကီလိုဝပ် ၁၅၀ ခဘတ်အား ထုတ်ပေးနိုင်သည်။

ဟိုတယ် မိုတယ်များ ဖွင့်လှစ်ခြင်း

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း မော်လမြိုင် ဟိုတယ်ဖွင့်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ မော်လမြိုင် ဟိုတယ်တွင် ၁၄ ပေခဲ့နှင့် ၁၇ ပေ ကျယ်ဝန်းသည့် အိပ်ခန်း သုံးခန်းစီ ပါရှိသော တည်းခိုဆောင် ရှစ်ဆောင်ပါဝင်ပြီး တည်းခိုဆောင်များကို ခေါင်းဆေးကျွန်းနှင့် သံလွင်မြစ်၊ အတ္ထရံမြစ်၊ ကျိုင်းမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံရှုခင်းအလှကို မျက်နှာစာပြု၍ တည် ဆောက် ထား သည်။ တည်း ခို ဆောင် များ တွင် လေအေးစက်များ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ပြစက်များ အပါအဝင် ခေတ်မီ အသုံးအဆောင်များ တပ်ဆင်ထား သည်။ မော်လမြိုင် ဟိုတယ် တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၁၄၀ ကုန်ကျခဲ့သည်။ ထို့ပြင် မြန်မာ့ ဟိုတယ်နှင့် ခ ရီး သွား လုပ် ငန်း ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းဟိုတယ် ဖွင့်ပွဲကို ဧပြီလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။

မူဆယ်မိုတယ် ဖွင့်ပွဲကို မေလ ၁ ရက်နေ့တွင် မိုတယ် စားသောက်ခန်းမ၌ ကျင်းပခဲ့သည်။ မိုတယ်တွင် အထပ် လေးထပ်ရှိပြီး အလျား ပေ ၁၀၀၊ အနံ ပေ ၉၀ ရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ မိုတယ်တွင် နှစ်ယောက်အိပ်ခန်း ၁၂ ခန်း၊ တစ်ယောက် အိပ်ခန်း ၂၀ ခန်း အပါအဝင် ညှဉ်းကြို နားနေခန်း၊ ထမင်းစားခန်း၊ လက်ဖက်ရည်ခန်းများ သီးသန့် ပါရှိသည်။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်း၊ ကိုယ်လက် သန့်စင်ခန်း ရှိပြီး စားပွဲတင်ပန်ကာ၊ ရေခဲသေတ္တာ၊ တယ်လီဖုန်း၊ ဆောင်းဘောက်များ တပ်ဆင်ထားသည်။ နှစ် ယောက် အိပ် ခန်း များ တွင် လေအေးပေးစက်နှင့် ရောင်စုံ ရုပ်မြင်သံကြားစက်များကိုလည်း တပ်ဆင်ထား သည်။ မိုတယ် တည်ဆောက်မှုအတွက် ငွေကျပ် ၂၁၀ သိန်း ကုန်ကျခဲ့သည်။

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တောင်ငူ ဟိုတယ်ဖွင့်ပွဲကို ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်ငူဟိုတယ်ကို မင်္ဂလာလမ်း၊ စက်ရှင်လမ်းနှင့် မိတ္ထီလမ်းများအနီးရှိ မြေလေးကေပေါ်တွင် ငွေကျပ် သိန်း ၅၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ အိပ်ခန်းဆောင်များအဖြစ် ယခင် ခရိုင်ဝန်ရုံးဟောင်း အဆောက်အအုံကို ပြုပြင် မွမ်းမံ ဆောက်လုပ်ခြင်းနှင့် ညှဉ်းကြိုဌာန၊ စား သောက် ဆောင် တို့ကို အသစ် တည်ဆောက် ဖွင့်လှစ်ခြင်း ဖြစ်သည်။ ဟိုတယ်တွင် အိပ်ခန်း ၁၄ ခန်း ပါရှိပြီး ၃၈ ဦး တစ်ပြိုင်တည်း တည်းခို စားသောက်နိုင်သည်။ တောင်ငူဟိုတယ်သည် ပဲခူးတိုင်း တွင် တတိယမြောက် ဖွင့်လှစ်သည့် ဟိုတယ်ဖြစ်ပြီး မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ၄၄ ခုမြောက် ဟိုတယ်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဖက်စပ်ကုမ္ပဏီလီမိတက် ငါးခုကို ဖွဲ့စည်းခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၆(၁) အရ မန္တလေးမြို့တွင် ဖွင့်လှစ်မည့် မန္တလေးကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ဇွန်လ ၂၆ ရက်နေ့တွင် အသင်းမှတ်ပုံတင်ခွင့် လိုင်စင်ထုတ်ပေး ခဲ့သည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် အစုစပ် လုပ်ငန်းအက်ဥပဒေအရ ဇွန်လအထိ လီမိတက်ကုမ္ပဏီ ပေါင်း ၉၀၆ ခု၊ နိုင်ငံခြားကုမ္ပဏီရုံးခွဲ ၁၀၂ ခုနှင့် အစုစပ် လုပ်ငန်းပေါင်း ၆၁၇ ခုတို့ကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ဘရိုက်တီကျောက် အမှုန့်ကြိတ်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်း လုပ်ငန်းနှင့် စင်ကာပူနိုင်ငံ အီးစီအိုင်မင်နရယ်(စ်) ပရိုက်ဗိတ်လီမိတက်တို့ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် သဘောတူညီ ချက် လက်မှတ်ရေးထိုးခဲ့သည်။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ဆောင်းဝယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျောက်မျက်တူးဖော်လုပ်ကိုင်သူများ ပူးပေါင်း၍ ဒုတိယအကြိမ် ကျောက်မျက် ဖက်စပ် တူးဖော်ထုတ် လုပ်ရေးအတွက် ဇွန်လ ၁၄ ရက်နေ့တွင် စာချုပ်ချုပ် ဆိုခဲ့သည်။

စင်ကာပူနိုင်ငံ အလိုင်းမားချင့် ပရိုက်ဗိတ်လီမိတက်နှင့် မြန်မာနိုင်ငံ ဟန်မြန်မာ ထုတ်ကုန်သွင်းကုန်လုပ်ငန်း တို့က အပ်ကုန်စနစ်ဖြင့်ဆောင်းချမည့် အဆောင်းပြခန်းဖွင့် ပွဲကို မတ်လ ၁၂ ရက်နေ့တွင် ကမ်းနားဟိုတယ် မင်းသား ခန်းမ၌ ကျင်းပခဲ့သည်။ အဆောင်းပြခန်းကို လမ်းမတော် မြို့နယ် ဘုန်းကြီးလမ်း အမှတ် (၁၃) တွင် ဖွင့်လှစ် ထားပြီး နေရှင်နယ်ရေခဲသေတ္တာနှင့် လေအေးစက်အမျိုး မျိုး၊ နေရှင်နယ်နှင့် တိုရှီဘာ ရုပ်မြင်သံကြားစက်နှင့် ဗွီဒီယိုပြစက်များ၊ ရေဒီယိုကက်ဆက်များကို နိုင်ငံခြား ငွေဖြင့် ရောင်းချပေးသည်။

မြန်မာ့အကြီးစား စက်မှုလုပ်ငန်းနှင့် ကျေးမနီနိုင်ငံ

ဖရစ်ဝါနာကုမ္ပဏီတို့ ပူးပေါင်း၍ ဖက်စပ်တည်ထောင် ထားသော မြန်မာဖရစ်ဝါနာ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် စက်မှုအရောင်းပြပွဲကို မေလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ အင်းလျားကန်ဟိုတယ် ပယင်းခန်းမ တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် တွင်ခုံ၊ ရွှေဘော်ခုံ၊ ဖောက်ခုံ၊ လက်သုံးစက်ကိရိယာများ၊ လက်သမားသုံး စက်ကိရိယာများနှင့် တွင်ခုံ ရွှေဘော်ခုံ ဖောက်ခုံသုံး စက်ကိရိယာအပိုပစ္စည်း ၁၂၀ မျိုး ပြသပြီး အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေများဖြင့် ရောင်းချပေး သည်။

ပထမအကြိမ် မြန်မာ–တရုတ် ကုန်စည်ပြပွဲကို မေလ ၂၀ ရက်နေ့တွင် မူဆယ်မြို့ရှိ မူဆယ်မိုတယ် ညှိခန်းမ ဆောင်ကြီး၌ ကျင်းပခဲ့သည်။ ပြပွဲတွင် မြန်မာနိုင်ငံ ဘက်မှ ဝန်ကြီးဌာန ခြောက်ခု၊ သမဝါယမအသင်းစု ၁၁ ခု၊ ပုဂ္ဂလိကကုမ္ပဏီလီမိတက် ၁၀ ခုတို့မှ ပစ္စည်း အမျိုးအစားပေါင်း ၅၀၀ ကျော်နှင့် သတ္တုတွင်းဝန်ကြီး ဌာနမှမြန်မာ့ကျောက်မျက်ရတနာများကိုလည်းကောင်း၊ တရုတ်နိုင်ငံဘက်ရှိ ကုမ္ပဏီ ၆၃ ခုမှ ပစ္စည်းများကို လည်းကောင်း ခင်းကျင်း ပြသ ရောင်းချခဲ့သည်။

စက်ရုံသစ်များ တည်ဆောက်ခြင်း

အထည်ချုပ်စက်ရုံ၊ အမှတ် (၅) အထပ်သားစက်နှင့် အမှတ်(၁၀၃)သစ်စက်များကို ၁၉၉၁ ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိ တက်နှင့်ကိုရီးယားသမ္မတနိုင်ငံ ဆေးဂေကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ဖက်စပ်တည်ထောင်ထားသော မြန်မာဆေးဂေ အင်တာနေရှင်နယ် လီမိတက် အထည်ချုပ်စက်ရုံဖွင့်ပွဲကို မတ်လ ၃၀ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ အထည်ချုပ်စက်ရုံ၌ ကျင်းပခဲ့သည်။ စက်ရုံထုတ်ပစ္စည်း ၉၀ ရာခိုင်နှုန်းကို ပြည်ပ စျေးကွက်သို့ တင်ပို့ပြီး ၁၀ ရာခိုင်နှုန်းကိုသာ ပြည်တွင်းတွင် ရောင်းချမည်ဖြစ်သည်။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန မြန်မာ့ သစ် လုပ်ငန်း အမှတ် (၅) အထပ်သားစက် ဖွင့်ပွဲကို မတ်လ ၁ ရက်နေ့တွင် မုံရွာမြို့၌ ကျင်းပခဲ့သည်။ မုံရွာမြို့ အမှတ် (၅) အထပ်သားစက်ကို ကမ္ဘာ့ဘဏ်နှင့် ဖင်လန်နိုင်ငံ အစိုးရတို့၏ စီးပွားရေးကူညီ ပူးပေါင်း ဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ စက်ရုံအတွက် ရင်းနှီး မြှုပ်နှံမှု တန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ၁၃၆ ဒသမ ၆ သန်း ဖြစ်သည်။ မြန်မာ့ သစ်လုပ်ငန်းမှ အထပ်သား စက်များကို ရန်ကုန်တွင် နှစ်စက်၊ ပုသိမ်တွင် တစ်စက် နှင့် ဆွာတွင်တစ်စက် ဖွင့်လှစ်ပြီးဖြစ်ရာ မုံရွာမြို့ အမှတ် (၅) အထပ်သားစက်သည် ပဥ္စမမြောက် အထပ်သား စက် ဖြစ်သည်။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန မြန်မာ့ သစ် လုပ်ငန်း အမှတ်(၁၀၃)သစ်စက်ဖွင့်ပွဲကို မတ်လ ၁ ရက် နေ့တွင် အမရပူရမြို့၌ ကျင်းပခဲ့သည်။ အမှတ် (၁၀၃) သစ်စက်သည် အာရှဘဏ်ချေးငွေနှင့် အကောင်အထည် ဖော်သည့် စီမံကိန်းတစ်ရပ်၏ လုပ်ငန်း အစိတ်အပိုင်း တစ်ခုဖြစ်သည်။ နိုင်ငံခြားငွေကျပ် ၃၁ ဒသမ ၅၆ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၆၅ ဒသမ ၀၉ သန်း ရင်းနှီးမြှုပ်နှံထားသည့် စက်သစ်ကြီး ဖြစ်သည်။ ။

ဦးစိုးအောင်

မြန်မာနိုင်ငံအားကစား။ ။မြန်မာနိုင်ငံ ၏အားက စားနှင့် ကာယပညာလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဦးစီးဦးဆောင် ပြုပြီး တာဝန်ယူဆောင်ရွက်သွားစေနိုင်ရန် မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီကို ၁၉၆၄ ခုနှစ် မေလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အဖွဲ့အစည်း မပေါ်ပေါက်မီက နိုင်ငံတော်၏ အားကစား လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သွားစေနိုင်ရေး အတွက် အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေး ကောင်စီ (NATIONAL FITNESS COUNCIL)ကို ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းပေး ခဲ့ပြီး နောက်ပိုင်းခေတ် စနစ်နှင့် ပိုမိုလျော်ညီမှုရှိစေရန် ၁၉၆၄ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ဖော်ပြပါအဖွဲ့ အစည်းကို ဖျက်သိမ်း လိုက်ပြီးနောက် မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအားကစားနှင့် ကာယပညာ ကော်မတီ သည် မြန်မာနိုင်ငံ၏အားကစားနှင့် ကာယပညာလုပ်ငန်း များနှင့် ပတ်သက်၍ မူဝါဒများကို ချမှတ်ပေးခဲ့ပြီး အဆိုပါမူဝါဒများကို အကောင်အထည် ဖော်ရာတွင် ဦးဆောင်ဦးရွက်ပြုနိုင်ရေးအတွက်မြန်မာနိုင်ငံအားကစား နှင့် ကာယပညာကော်မတီ၊ အမြဲတမ်း အလုပ်အမှု ဆောင် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် နိုင်ငံတကာ အမျိုးသားအိုလင်းပစ်ကော်မတီ များနှင့် ဆက်သွယ်လျက် နိုင်ငံတကာ အားကစား မျက်နှာစာ ကျယ်ပြန့်လာစေရေး၊ အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်ကော်မတီနှင့် တရားဝင် ဆက်သွယ်ဆောင်ရွက် နိုင်စေရေး၊ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်

များနှင့် ဆက်သွယ်ရာတွင် ကြားခံ ဦးစီးဦးဆောင် အဖွဲ့အစည်းအဖြစ် တာဝန်ယူ ဆက်သွယ်ဆောင်ရွက်နိုင်စေရေးနှင့် မြန်မာနိုင်ငံ အစားကစားအဖွဲ့ချုပ်များကို ကြီးကြပ် ကွပ်ကဲသွားနိုင်စေရေးတို့အတွက် မြန်မာနိုင်ငံ အိုလင်းပစ် ကော်မတီကိုလည်း ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည့် အပြင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ထိုမျှမက၊ နိုင်ငံတော်တစ်ဝန်း ဒေသအသီးသီး၏ အားကစားနှင့် ကာယပညာ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် တာဝန်ယူ ဆောင်ရွက်နိုင်စေရန် ပြည်နယ်၊ တိုင်း၊ မြို့နယ်စု၊ မြို့နယ်များတွင် ဒေသဆိုင်ရာ အားကစားနှင့် ကာယပညာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ ထို့အပြင် လူမှုအဖွဲ့အစည်းအသီးသီး၊ ဌာနအသီးသီးတို့တွင်လည်း အားကစားနှင့် ကာယပညာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်စေရန် အတွက် အားကစားနှင့်ကာယပညာဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ အဆိုပါအဖွဲ့အစည်းများတွင် ဝန်ကြီးဌာနအလိုက် အားကစားနှင့် ကာယပညာကော်မတီများ၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုအဖွဲ့ (ယခင်တပ်မတော် ကစားခုံစားအဖွဲ့)၊ တက္ကသိုလ်များအားကစားနှင့် ကာယပညာကော်မတီ၊ အခြေခံပညာ အားကစားနှင့် ကာယပညာကော်မတီ၊ ဌာနဆိုင်ရာအားကစားနှင့် ကာယပညာကော်မတီများ၊ အားကစားနည်းအလိုက် ကလပ်အသင်းများ စသည်တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ယခင်ကဖွဲ့စည်းထားသော မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီ၊ အမြဲတမ်းအလုပ်အမှုဆောင်ကော်မတီ၊ မြန်မာနိုင်ငံ အိုလင်းပစ်ကော်မတီ၊ မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များနှင့် ဒေသဆိုင်ရာ အားကစားနှင့် ကာယပညာကော်မတီများကိုလိုအပ်ချက် အရကျန်းမာရေးဝန်ကြီးဌာန၏ ၁၉၇၉ ခုနှစ် ဇွန်လ (၁၂) ရက်စွဲပါ စာအမှတ် (၂၄ မခ (ထ) ၇၇) ဖြင့် ပြန်လည် ပြင်ဆင် တာဝန်ပေးအပ်ခဲ့သည်။

ယခုအချိန်အခါတွင် "မြန်မာ့အားကစား ကမ္ဘာကို လှမ်းစေရမည်" ဟူသော ကြွေးကြော်သံဆောင်ပုဒ်ကို လက်ကိုင်ထားလျက် အောက်ဖော်ပြပါ အားကစားနှင့် ကာယပညာဆိုင်ရာ ရည်မှန်းချက်တာဝန်များ၊ ဦးတည်ချက်များကို ချမှတ်ကာ နိုင်ငံတော်၏ အားကစားနှင့် ကာယပညာလုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့် ဆောင်ရွက်လျက်ရှိသည် -

ရည်မှန်းချက်တာဝန်များ

(၁) တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်စေရေးအတွက်၊ အားကစားနှင့် ကာယပညာဖြင့် အကောင်အထည်ဖော်ရန်၊

(၂) မိမိတိုင်းပြည်ကို ခုခံကာကွယ်ရန်နှင့် နိုင်ငံတော်တိုးတက်မြင့်မားရေး လုပ်ငန်းများကို အထောက်အကူ ပြုနိုင်ရန် တို့အတွက် ကာယ ဥာဏနှင့် စိတ်ဓာတ် ကြံ့ခိုင်မှုကို အထောက်အကူပြုစေမည့် အား ကစား လှုပ်ရှားမှု များကို အလေးပေး ဆောင်ရွက်ရန်၊

(၃) လူတစ်စုအားကစားမှ လူထုအားကစားအဖြစ်သို့ ပို့ဆောင်ပေးရန်၊

ဦးတည်ချက်များ

(၁) တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက်၊ အားကစားလှုပ်ရှားမှုများကို ကျေးရွာအရောက် ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အသီးသီး၌ အားကစားလှုပ်ရှားမှုများ တိုးတက် ပျံ့နှံ့လာအောင် ဆောင်ရွက်ရန်၊

(၃) အားကစားလှုပ်ရှားမှုနှင့် ပတ်သက်၍ ဝန်ကျင်းကျင်းနှင့် လူအများ အလွယ်တကူပါဝင်ကစားနိုင်သော အား ကစား မျိုးကို ဦးစား ပေး ဆောင်ရွက်ရန်၊

(၄) ထူးချွန်သော အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ရန်၊

(၅) အားကစားလှုပ်ရှားမှုများကို ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် အတွက်၊ အားကစားကွင်း များ၊ အားကစားရုံများကို ပြည်သူလူထု၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် တိုးချဲ့ဆောင်ရွက်ရန်၊

(၆) အား က စား ပ ညာ ကို စာသင်ကျောင်းများတွင် စနစ်တကျ သင်ကြားရန်နှင့် ခေတ်မီအားကစား သိပ္ပံ ဖွင့်လှစ်ပေးရန်၊

(၇) အ မျိုး သား ကာ ကွယ် ရေး နှင့် လုံခြုံ ရေး ကို အထောက်အကူပြုစေမည့် သေနတ်ပစ်၊ ရေကူး၊ ခြေလျင်တောင်တက်၊ သိုင်း၊ ဂျူဒို၊ ကာရာတေး တိုက်ကွမ်ဒို စသော အားကစားလှုပ်ရှား မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊

အထက်ဖော်ပြပါ နိုင်ငံတော်မှ ချမှတ်ပေးထားသော အားကစားနှင့် ကာ ယ ပညာဆိုင်ရာ ရည်မှန်းချက် တာဝန်များ၊ ဦးတည်ချက်များနှင့်အညီ အားကစားနှင့် ကာယပညာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင် စိတ်ပါဝင်စားစွာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်

ဆွေးနွေးပြီး အနီးကပ် ကြီးကြပ်မှုများကို လည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာချစ်ကြည်ရင်းနှီးမှု ပိုမိုကျယ်ပြန့်လာစေရေး နိုင်ငံတကာအားကစားအဖွဲ့အကြုံများရရှိစေရေးနှင့် မြန်မာ့အားကစား ကမ္ဘာ့အလယ်တွင် ထည်ဝါဝင့်ကြွားနိုင်စေရေးတို့အတွက်၊ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များအရလည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစီအစဉ်များအရ လည်းကောင်း၊ အားကစားအသင်းအဖွဲ့များ အပြန်အလှန်စေလွှတ်သွားလာလက်ခံမှုများကို နှစ်စဉ်ပြုလုပ်ခဲ့ရာ ၁၉၉၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဖွဲ့ဝင် ၃၉ ဦးပါဝင်သော ယူနန်ပြည်နယ်အမျိုးသမီးဘော်လီဘော အသင်းနှင့် ဘတ်စကက်ဘောအသင်းတို့သည် ဇန်နဝါရီလနောက်ဆုံးပတ်တွင်လည်းကောင်း၊ အဖွဲ့ဝင် ၂၅ ဦးပါဝင်သော ကျွမ်းဘားအသင်းသည် ဖေဖော်ဝါရီလ တတိယပတ်တွင်လည်းကောင်း၊ လာရောက်ခဲ့ကြပြီး ချစ်ကြည်ရေးသရုပ်ပြ ယှဉ်ပြိုင်ပွဲများကစားခဲ့ကြသည်။ အလားတူ ဆိုဗီယက်နိုင်ငံမှအဖွဲ့ဝင် ၁၇ ဦးပါဝင်သောအမျိုးသား ဘော်လီဘောအသင်းသည် ဇန်နဝါရီလပထမပတ်တွင်လည်းကောင်း၊ အဖွဲ့ဝင် လေးဦးပါဝင်သော စစ်တုရင်အဖွဲ့သည် ဇန်နဝါရီလနောက်ဆုံးပတ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြသည်။ ထိုင်းနိုင်ငံမှအဖွဲ့ဝင် ၂၀ ဦးပါဝင်သော လူငယ်လက်ရွေးစဉ် ဘောလုံးအသင်းတစ်သင်းသည် မေလပထမပတ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံမှ အဖွဲ့ဝင် ၃၄ ဦးပါဝင်သော မလေးရှားလက်ရွေးစဉ် ဟောင်းများဘောလုံးအသင်းသည် ဇွန်လ တတိယပတ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပြီး ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့အတူ မြန်မာ့ဘော်လီဘော အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဂျပန်နိုင်ငံမှ ဘော်လီဘောနည်းပြဆရာတစ်ဦးသည်ပြီလအတွင်းကလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံဖွင့်လှစ်ရာတွင် အကြုံဉာဏ်များပေးနိုင်ရေးအတွက် ဆိုဗီယက်နိုင်ငံ မော်စကိုအားကစားသိပ္ပံမှ ကျွမ်းကျင်သူပါမောက္ခနှစ်ဦးတို့သည် မေလအတွင်းကလည်းကောင်း၊ ၁၆ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစဉ်အားကစားအသင်းအဖွဲ့များအား ကူညီလေ့ကျင့် ပြသပေးနိုင်ရန်အတွက် ဆိုဗီယက်နိုင်ငံမှ ပြေးခုန်ပစ်နည်းပြဆရာတစ်ဦးနှင့် ရေကူးနည်းပြဆရာ တစ်ဦးတို့သည် ဇွန်လအတွင်းက လည်းကောင်း၊ ဘော်လီဘော နည်းပြဆရာတစ်ဦး၊ အလေးမနည်းပြဆရာတစ်ဦးနှင့် လက်ဝှေ့နည်းပြဆရာတစ်ဦးတို့သည် ဇူလိုင်လအတွင်းက လည်းကောင်း၊ ဂျပန်နိုင်ငံမှ ဂျူဒိုနည်းပြဆရာနှစ်ဦးတို့သည် သြဂုတ်လအတွင်းကလည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်ပြီး ခေတ်မီအဆင့်မြင့်နည်းစနစ်များကို သင်ကြားပြသပေးခဲ့ကြသည်။

ထို့အတူ မြန်မာနိုင်ငံမှလည်း အားကစားအသင်းအဖွဲ့များကို ပြည်ပနိုင်ငံများကို စေလွှတ်ပေးခဲ့ရာ ၁၉၉၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ဧပြီလအတွင်း အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော ပြေးခုန်ပစ်အဖွဲ့ကို ၁၉၉၁ ခုနှစ် ကလပ်အသင်းပေါင်းစုံ ပြေးခုန်ပစ်တံခွန်စိုက်ပြိုင်ပွဲသို့ လည်းကောင်း(မြန်မာအဖွဲ့ ရှေ့ ၇၊ ဒေ့ ၁၊ ကြေး ၂ ရရှိခဲ့သည်)၊ ဇွန်လအတွင်း အဖွဲ့ဝင် ၁၇ ဦးပါဝင်သော အမျိုးသမီးဘော်လီဘောအသင်းကို ပဉ္စမအကြိမ်မြောက် ထိုင်းဘုရင့်သမီးတော် ဖလား ဘော်လီဘောပြိုင်ပွဲသို့ လည်းကောင်း၊ ဇူလိုင်လအတွင်း အဖွဲ့ဝင်ငါးဦးပါဝင်သော လက်ဝှေ့အဖွဲ့ကို အာရှတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲသို့ လည်းကောင်း၊ သြဂုတ်လတွင် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော ဂေါက်သီးအဖွဲ့ကို ၃၁ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လည်းကောင်း စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ မလေးရှားနိုင်ငံသို့ မေလအတွင်း အဖွဲ့ဝင် ၁၁ ဦးပါဝင်သော လက်ဝှေ့အဖွဲ့ကို ၁၉၉၁ ခုနှစ် အာဆီယံလက်ဝှေ့ပြိုင်ပွဲသို့လည်းကောင်း (မြန်မာ ရှေ့ ၁၊ ဒေ့ ၁၊ ကြေး ၁ ရရှိခဲ့သည်)၊ အဖွဲ့ဝင်သုံးဦးပါဝင်သော မာရသွန်အဖွဲ့ကို သတ္တမကြိမ်မြောက် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ(မြန်မာ ဒေ့ ၁ ရရှိခဲ့သည်)သို့လည်းကောင်း စေလွှတ်ယှဉ်ပြိုင်ခဲ့သည်။ စင်ကာပူနိုင်ငံသို့ ဇွန်လအတွင်း အဖွဲ့ဝင် ၂၀ ဦးပါဝင်သော မြန်မာ့ရိုးရာလှေလှော်အဖွဲ့ကို အပြည်ပြည်ဆိုင်ရာရိုးရာလှေလှော်ပြိုင်ပွဲ(မြန်မာ ကြေး ၁ ရရှိခဲ့သည်)သို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့ ဖေဖော်ဝါရီလအတွင်း အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော လက်ဝှေ့အဖွဲ့ကို၊ အင်ဒိုနီးရှားသမ္မတဖလား လက်ဝှေ့ပြိုင်ပွဲ(မြန်မာ ဒေ့ ၁ ရရှိခဲ့သည်။)သို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံသို့ ဇွန်လအတွင်း အဖွဲ့ဝင် ခြောက်ဦး ပါဝင်သော တိုက်ကွမ်ဒိုအဖွဲ့ကို တတိယအကြိမ် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်တပ်ပေါင်းစုတိုက်ကွမ်ဒိုပြိုင်ပွဲ(မြန်မာ ကြေး ၃ ရရှိခဲ့သည်။)သို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ ဂျပန်နိုင်ငံသို့ ဧပြီလအတွင်း

အဖွဲဝင်နှစ်ဦးပါဝင်သော စားပွဲတင်တင်းနစ်အဖွဲကို ၄၁ ကြိမ် မြောက် ကမ္ဘာ့စား ပွဲ တင် တင်း နစ် ပြိုင် ပွဲ သို့ လည်းကောင်း၊ ဇွန်လအတွင်း အဖွဲဝင် ၁၇ ဦး ပါဝင် သော ဘော်လီဘောအသင်းကို တတိယအကြိမ်မြောက် အာရှပစိဖိတ် အ မျိုး သား ဘော် လီ ဘော ပြိုင် ပွဲ သို့ လည်းကောင်း စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ အလားတူ ပင် ဆိုဗီယက်နိုင်ငံသို့ ဇူလိုင်လအတွင်း အဖွဲဝင်လေးဦး ပါဝင်သော အလေးမအဖွဲကို ချစ်ကြည်ရေးပြိုင်ပွဲသို့ လည်းကောင်း၊ အဖွဲဝင်လေးဦးပါဝင်သော လက်ဝှေ့အဖွဲ ကို ချစ်ကြည်ရေး ပြိုင်ပွဲသို့လည်းကောင်း စေလွှတ် ယှဉ် ပြိုင် စေ ခဲ့ သ ကဲ့ သို့ ဟောင်ကောင်နိုင်ငံသို့လည်း ဩဂုတ်လအတွင်း အဖွဲဝင် ၁၀ ဦးပါဝင်သော မသန်စွမ်း သူများ အားကစားအဖွဲကို တတိယအကြိမ်မသန်စွမ်းသူ များလုပ်ငန်းစွမ်းရည်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့ သည်။ ချစ်ကြည်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ဇူလိုင်လအတွင်း အဖွဲဝင် ၁၇ ဦးပါဝင်သော အမျိုးသား ဘော်လီဘောအသင်းတစ်သင်းကို တရုတ်ပြည်သူသမ္မတ နိုင်ငံ ယူနန်ပြည်နယ်သို့ စေလွှတ်ခဲ့သည်။

ထို့အတူပင် အပြည်ပြည်ဆိုင်ရာ အားကစားလုပ်ငန်း များကို လေ့လာနိုင်ရန်အတွက် အဖွဲဝင်ခြောက်ဦးပါဝင် သော မြန်မာအားကစားလေ့လာရေး အဖွဲတစ်ဖွဲကို ဖေဖော်ဝါရီလအတွင်း ပြင်သစ်နိုင်ငံသို့ လည်းကောင်း၊ အဖွဲဝင်လေးဦးပါဝင်သော မြန်မာအားကစား လေ့လာ ရေးအဖွဲတစ်ဖွဲကို ဧပြီလအတွင်း ဆိုဗီယက်နိုင်ငံသို့လည်း ကောင်း၊ အဖွဲဝင်လေးဦးပါဝင်သော မြန်မာအားကစား လေ့လာရေး အဖွဲတစ်ဖွဲကို ဇူလိုင်လအတွင်း တရုတ် ပြည်သူသမ္မတနိုင်ငံသို့လည်းကောင်း စေလွှတ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အားကစား ဆွေးနွေးပွဲများ၊ အစည်းဝေးများသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ် များတက်ရောက်စေခဲ့ရာ ၁၉၉၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံ တွင် မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာရှ လက်ဝှေ့နည်းပြဆရာများ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ် တစ်ဦး၊ မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း ကျင်း ပ ပြု လုပ် ခဲ့သ ည့် တားမြစ်ဆေးဝါးသုံးစွဲခြင်း ကြီးကြပ်မှုဆွေးနွေးပွဲသို့ ကိုယ်စားလှယ်တစ်ဦး၊ ဇွန်လ အတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာရှကျောင်းသား ဘောလုံးပြိုင်ပွဲအဖွဲချုပ် ဆွေးနွေးပွဲသို့ ကိုယ်စားလှယ် နှစ်ဦး၊ ဩဂုတ်လအတွင်း အာရှဘောလုံးဒိုင်လူကြီးများ ဆွေးနွေးပွဲနှင့် ကမ္ဘာ့အိုလင်းပစ်အားကစားပြိုင်ပွဲ အာရှ အုပ်စု(ဃ) ခြေစစ်ဘောလုံးပွဲသို့ ကိုယ်စားလှယ်တစ်ဦးစီ ကိုလည်းကောင်းစေလွှတ်ပေးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာကျွမ်းဘားဆွေးနွေးပွဲသို့ ကိုယ်စား လှယ် တစ်ဦးကိုလည်း စေလွှတ်တက်ရောက်စေခဲ့သည်။

တိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ပိုမို စည်းလုံးညီညွတ်ရေး၊ နိုင်ငံတစ်ဝန်းမှ အားကစားသမား လူကောင်းလူတော်များပေါ်ထွက်ရေး၊ နိုင်ငံတော်၏အား ကစားအဆင့်အတန်း ပိုမို တိုးတက် မြင့်မားလာရေး အစရှိသောရည်ရွယ်ချက်များဖြင့် အားကစားနှင့် ကာယ ပညာ ဦးစီးဌာနက ကြီးမှူးလျက် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများကို နှစ်စဉ် တာဝန်ယူ ကျင်းပပေး လျက်ရှိသည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လအထိ ကျင်းပ ပြီးစီးခဲ့သည့် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများမှာ ဘောလုံး (၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ဖေဖော် ဝါရီလ ၂ ရက်ထိ) ပထမ မန္တလေးတိုင်း၊ ဒုတိယ ရှမ်းပြည် နယ်၊ ပြေးခုန်ပစ် (၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် မှ ၁၉ ရက်ထိ) ပထမ ရန်ကုန်တိုင်း၊ တင်းနစ် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်ထိ) ပထမ ရန်ကုန်တိုင်း၊ ဒုတိယ ရှမ်းပြည်နယ်၊ စက်ဘီး (၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်မှ ၁၆ ရက်ထိ) ပထမ ရန်ကုန်တိုင်း၊ ဒုတိယ မွန်ပြည်နယ်၊ လူငယ် ဘော်လီဘော (၁၉၉၁ ခုနှစ် မေလ ၈ ရက်မှ ၁၈ ရက် ထိ) အမျိုးသား ပထမ ရှမ်းပြည်နယ်၊ ဒုတိယ ပဲခူးတိုင်း အမျိုးသမီး ပထမ မကွေးတိုင်း၊ ဒုတိယ မန္တလေးတိုင်း ဘတ်စကက်ဘော (၁၉၉၁ ခုနှစ် မေလ ၂၄ ရက်မှ ဇွန်လ ၅ ရက်ထိ) အမျိုးသား ပထမ မန္တလေးတိုင်း၊ ဒုတိယ ရန်ကုန်တိုင်း၊ အမျိုးသမီး ပထမ ရှမ်းပြည်နယ်၊ ဒုတိယ ရန်ကုန်တိုင်း၊ ဘော်လီဘော (၁၉၉၁ ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၂၀ ရက်နေ့အထိ) အမျိုးသား ပထမ စစ်ကိုင်း တိုင်း၊ ဒုတိယ မကွေးတိုင်း၊ အမျိုးသမီး ပထမ မကွေး တိုင်း၊ ဒုတိယ ဧရာဝတီတိုင်း၊ ၁၉ နှစ်အောက် လူငယ် ဘောလုံး (၁၉၉၁ ခုနှစ် မေလ ၁၅ ရက်မှ ဇွန်လ ၄ ရက်ထိ) ပထမ ဧရာဝတီတိုင်း၊ ဒုတိယ ရှမ်းပြည်နယ်၊ လူငယ်ကြက်တောင် (၁၉၉၁ ခုနှစ် ဩဂုတ်လ ၂ ရက်မှ ၁၁ ရက်ထိ) အမျိုးသား ပထမ ရန်ကုန်တိုင်း၊ ဒုတိယ ရှမ်းပြည်နယ်၊ အမျိုးသမီး ပထမ ရှမ်းပြည်နယ်၊ ဒုတိယ မန္တလေးတိုင်း တို့ဖြစ်ကြသည်။ ၁၉၉၁ ခုနှစ်အတွက် ဆက်လက်ကျင်းပရန်ရှိသည့် ပြည်နယ်နှင့်တိုင်းအားကစား ပြိုင်ပွဲများမှာ ပိုက်ကျော်ခြင်း(ပထမအကြိမ်ကျင်းပခြင်း ဖြစ်သည်)၊ အလေးမ၊ လက်ဝှေ့၊ ခြင်းလုံး၊ စားပွဲတင် တင်းနစ်နှင့် ၁၆ နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲတို့ ဖြစ်ကြသည်။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် ဆောင်ရွက် အကောင်အထည်ဖော်

လျက်ရှိရာတွင် ၁၉၉၁ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ် အဖြစ် စတင်ကျင်းပခဲ့သည့် မြို့တော်ဝန် မာရသွန်ပြိုင်ပွဲ (ရန်ကုန်) မှာလည်း များစွာထိရောက်မှု ရှိလှသည်။ မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးအတွက် အထောက်အကူဖြစ်စေရန်၊ မြို့တော်နေ အများပြည်သူ များ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက်အထောက် အကူဖြစ်စေရန်နှင့် ဒဂုံပူရုံမနောရမံဟောတု ဟူသော ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မြို့တော်သူ မြို့တော်သား အပေါင်းတို့ စိတ်နှလုံး မွေ့လျော် ပျော်ရွှင်မှုနှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် ရည်ရွယ်ချက် တို့ဖြင့် အဆိုပါပြိုင်ပွဲကို ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။ ပြိုင်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်တို့က ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ပြိုင်ပွဲကို ၁၉၉၁ ခုနှစ် ဇွန်လ ၁၆ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည့် မြို့တော်ဝန် မာရသွန်ပြိုင်ပွဲ (ရန်ကုန်) ၁၉၉၁ သို့အလွတ် တန်းပြိုင်ပွဲတွင်အမျိုးသား ၁,၁၅၀ ဦး၊အမျိုးသမီး ၁၅၉ဦး မိနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသား ၉၉၇ ဦး၊ အမျိုးသမီး ၁၄၂ ဦး၊ အသက် ၄၀ အထက် မာရသွန် ပြိုင်ပွဲတွင် အမျိုးသား ၂၄၁ ဦး စုစုပေါင်း ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး ၂,၆၈၉ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် နံနက် ၄ နာရီ ကျော်မှ စတင်၍ ပြိုင်ပွဲကျင်းပရာ နေရာ၌ အားကြိုး မာန်တက် စုရုံး ရောက်ရှိနေကြသကဲ့သို့ အားပေးသူ အားကစား ဝါသနာရှင်ပရိသတ်မှာလည်း ထောင်သောင်း ချီ၍ စိတ်ပါဝင်စားစွာ အားပေးခဲ့ကြသည်။

ပြိုင်ပွဲမစတင်မီ မြို့တော်ဝန် ဦးကိုလေးက နှုတ်ခွန်း ဆက် စကားပြောကြားပြီးနောက် တာလွတ်သေနတ် ဖောက်ကာ တာလွတ်ပေးခဲ့သည်။ ပြေးလမ်း သတ်မှတ် ချက်မှာ မာရသွန်ပြိုင်ပွဲအတွက် မြို့တော်ခန်းမရှေ့မှ တာထွက်ပြီး၊ ဆူးလေဘုရားလမ်း၊ ဂျုံးဖွားလမ်း၊ ဗဟန်း လမ်း၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဓမ္မစေတီလမ်း၊ အင်းလျားလမ်း၊ ပြည်လမ်းအတိုင်း ပြေးကာ မဂ်လာဒုံ တပ်မတော် ဆေးရုံ အမှတ် (၁) ရှေ့မှပြန်ကွေ့ကာ၊ လာလမ်းအတိုင်း ပြန်ပြေးပြီး၊ ဗဟန်းအဝိုင်းမှ ကန်ရိပ်သာလမ်း၊ အထက် ပန်းဆိုးတန်းလမ်းမှ အောင်ဆန်း အားကစားပြိုင်ဝင်း အတွင်း ဝင်ရောက်ပန်းဝင်သည်။ အကွာအဝေးမှာ ၄၂.၁၉၅ ကီလိုမီတာ (၂၆ မိုင်၊ ၁၈၅ ကိုက်) ဖြစ်သည်။ မိနီမာရသွန် ပြိုင်ပွဲအတွက် ပြေးလမ်းမှာ မာရသွန် ပြေး လမ်းအတိုင်း ဖြစ်သော်လည်း ပြန်လှည့်ရာမှာ အမှတ် (၆၀) ပြည်လမ်း (မေခလမ်းအနီး) ဖြစ်ပြီး အောင်ဆန်း အားကစားပြိုင်ဝင်း အတွင်း ပန်းဝင်ရာ အကွာအဝေးမှာ ၂၁.၁ ကီလိုမီတာ (၁၃ မိုင်၊ ၁၉၂ ကိုက်) ဖြစ်သည်။ ပြိုင်ပွဲသို့ အသက်အငယ်ဆုံ ခုနစ်နှစ်သားမှ အသက်အကြီး ဆုံး ၆၀ ကျော်အထိ အားမာန်အပြည့် ဇဲ့၊သတ္တိ၊ အပြည့်ဖြင့် အစအဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲပြေးလမ်းတစ် လျှောက် ဘေးဝဲယာမှ အားကစားဝါသနာရှင် ပရိသတ် အပေါင်းတို့မှာ အားရပါးရ လက်ခုပ်လက်ဝါးတီးပြီး ချီးကျူးအားပေးခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် အလွတ်တန်း မာရသွန်ပြိုင်ပွဲ (အမျိုးသား) ၌ ပထမ ဖီးလစ် (ကုန်သွယ်ရေး) စံချိန် ၂ နာရီ၊ ၂၇ မိနစ်၊ ၀၉ စက္ကန့်၊ ဒုတိယ မြင့်ကံ (ပြည်သူ့ရဲတပ်ဖွဲ့) စံချိန် ၂ နာရီ၊ ၃၁ မိနစ်၊ ၄၄ စက္ကန့်၊တတိယ ရွှေအောင် (ကုန်သွယ်ရေး) စံချိန် ၂ နာရီ၊ ၃၆ မိနစ်၊ ၀၉ စက္ကန့် တို့ရရှိခဲ့ကြပြီး အလွတ်တန်း မာရသွန်ပြိုင်ပွဲ (အမျိုးသမီး) ၌ ပထမ ဗစ်တိုးရီးယား စံချိန် ၂ နာရီ၊ ၅၀ မိနစ်၊ ၂၄ စက္ကန့်၊ ဒုတိယ ကေသီချို စံချိန် ၃ နာရီ၊ ၁၁ မိနစ်၊ ၁၂ စက္ကန့်၊ တတိယ ဌေးဌေးသန်း ၃ နာရီ၊ ၁၂ မိနစ် ၀၉ စက္ကန့်တို့ရရှိခဲ့ကြသည်။ အမျိုးသားအသက် ၄၀ အထက် မာရသွန် ပြိုင်ပွဲတွင် ပထမ မိုက်ကယ် စံချိန် ၂ နာရီ၊ ၁၉ မိနစ်၊ ၂၅ စက္ကန့်၊ ဒုတိယ မြသွေး စံချိန် ၂ နာရီ၊ ၄၃ မိနစ်၊ ၁၉ စက္ကန့်၊ တတိယ မောင်ကို စံချိန် ၃ နာရီ ၀၀ မိနစ်၊ ၅၇ စက္ကန့် တို့ရရှိခဲ့ကြသည်။

မိနီ မာရသွန်ပြိုင်ပွဲ (အမျိုးသား) တွင် ပထမ နိုင်ဝင်း စံချိန် ၁ နာရီ၊ ၁၇ မိနစ်၊ ၂၅.၀၃ စက္ကန့်၊ ဒုတိယ မင်းမင်းထွန်း စံချိန် ၁ နာရီ၊ ၁၇ မိနစ်၊ ၅၀.၁၅ စက္ကန့်၊ တတိယ မောင်မောင်မြင့် စံချိန် ၁ နာရီ၊ ၁၈ မိနစ်၊ ၃၉.၆၄ စက္ကန့် တို့ရရှိခဲ့ကြပြီး (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ လှလှမူ(ပဲခူးတိုင်း) စံချိန် ၁ နာရီ၊ ၂၂ မိနစ်၊ ၁၈ စက္ကန့်၊ ဒုတိယ ပပ (မန္တလေးတိုင်း) စံချိန် ၁ နာရီ၊ ၃၁ မိနစ်၊ ၅၀ စက္ကန့်၊ တတိယ စောကေသီ(ရန်ကုန်တိုင်း) စံချိန် ၁ နာရီ၊ ၃၂ မိနစ်၊ ၁၅.၅၁ စက္ကန့်တို့ အသီးသီး ရရှိခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ပထမမှ အဆင့် ၁၂ အထိရရှိခဲ့ကြသော ပြိုင်ပွဲဝင်များကို ဆုများချီးမြှင့်ခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်၊ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး တက္ကသိုလ်လေ့ကျင့်ရေး တပ်များ၏တပ်မှူးချုပ် ဗိုလ်မှူးကြီးဖေသိန်းနှင့် အခြား ဌာနဆိုင်ရာ အကြီးအကဲများက ဂုဏ်ပြုဆုများ ချီးမြှင့် ပေးအပ်ခဲ့ကြသည်။

ဖော်ပြပါပြိုင်ပွဲတွင် ထူးထူးခြားခြား မှတ်တမ်းတင်လောက်သည့် အချက်မှာ အသက်ငယ်ရွယ်နုပျိုသူများဖြစ်ကြသည့် စိုးကိုကိုလွင် ခုနစ်နှစ်၊ တင်ဇာရဲတင့် ရှစ်နှစ်၊ ဆုဝေလင်း ၁၀ နှစ်၊ စောကေသီ ၁၁ နှစ်၊ ဇေယျာဦး ၁၂ နှစ်၊ ပေါက်ပေါက်အောင် ၁၂ နှစ်၊ ဇော်ဇော်လင်း ၁၂ နှစ်နှင့် မသန်စွမ်းသူ မောင်ပါကြည်တို့ စွမ်းစွမ်းတမံ အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

အခြားမှတ်တမ်းတင်လောက်သည့် အားကစားလှုပ်ရှားမှုတစ်ရပ်မှာ ၁၉၉၁ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်နေ့ အထိမ်းအမှတ်၊ အားကစားလှုပ်ရှားမှုများပင် ဖြစ်သည်။ အဆိုပါလှုပ်ရှားမှုမှာ ဇွန်လ ၂၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်နေ့ကို ကြိုဆိုကျင်းပပြုသောအားဖြင့် ရန်ကုန်မြို့သာမက ပြည်နယ်၊ တိုင်း၊ မြို့နယ်ဒေသအသီးသီးတို့တွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပြည်သူအများ ပါဝင်လှုပ်ရှားခဲ့သော အားကစားလှုပ်ရှားမှုကြီး တစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိသည်ဖြစ်ပေရာ "မြန်မာ့အားကစား ကမ္ဘာကို လှမ်းစေရမည်"ဟူသော ကြေးကြော်သံမှာ မဝေးလှသောကာလတွင် လက်တွေ့အကောင်အထည်ဖော်လာနိုင်တော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ခင်မောင်လွင် (အား/ကာ)

မွန်ဂိုလီးယားသမ္မတနိုင်ငံ။ ။ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ အတွင်း မွန်ဂိုလီးယားသမ္မတ ပွန်ဆယ်မားဂျိယင် အိုချဘတ်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံအကြီးအကဲအနေဖြင့် အနောက်နိုင်ငံများသို့ ပထမဆုံး သွားရောက်သော ခရီးစဉ်ဖြစ်ကြောင်းကြေညာခဲ့သည်။ မွန်ဂိုလီးယားဝန်ကြီးချုပ် ဒက်ရှ်ဘမ်ဘာဆူရင်သည်လည်း မတ်လအစောပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်မည်ဟု မွန်ဂိုလီးယားသမ္မတက အူလန်ဘာတော်မြို့၌ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ ဝန်ကြီးချုပ်သည် ၎င်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ဆိုဗီယက်ဝန်ကြီးချုပ်နှင့် ဆွေးနွေးရန်ဖြစ်သည်။

မွန်ဂိုလီးယားပြည်သူတော်လှန်ရေးပါတီသည် မည်သည့်အခါကမျှ ကွန်မြူနစ်မဟုတ်ခဲ့ကြောင်း မွန်ဂိုလီးယား အာဏာရ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ဘိုဂိုဒန်ဒီက ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ယခုနှစ်တွင် အာဏာရ ကွန်မြူနစ်ပါတီ၏ သက်တမ်းမှာ နှစ် ၇၀ ပြည့်ပြီဖြစ်သည်။ ၁၉၄၀ ပြည့်လွန်နှစ်များမှစ၍ ဆိုဗီယက်ပြည်ထောင်စုက မွန်ဂိုလီးယားနိုင်ငံတွင် စတာလင်ဝါဒကို ကျင့်သုံးခဲ့ပြီးသည့်နောက် မိမိပါတီ၏ ကွန်မြူနစ်သဘောတရားများကို နိုင်ငံခြားအင်အားကြီးနိုင်ငံများက အဓိပ္ပာယ်ကောက် လွဲခဲ့ကြသည်ဟု ၎င်းက ပြောကြားသည်။ တရုတ်နှင့် ဆိုဗီယက်နိုင်ငံအကြားတွင် တည်ရှိသည့် ကျယ်ပြန့်သော မွန်ဂိုလီးယားနိုင်ငံတွင် ပထမဆုံးအကြိမ် ပါတီစုံရွေးကောက်ပွဲများကို ယခင်နှစ်ကကျင်းပခဲ့ရာ ကွန်မြူနစ်ပါတီက နေရာအများစုကို အနိုင်ရရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁—စာ၊ ၃၁၃—ရှ။) ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အာဏာရကွန်မြူနစ်ပါတီအနေဖြင့် ပြည်သူ့ ဒီမိုကရေစီထူထောင်ရန်လိုလားကြောင်း အသစ်ဖွဲ့စည်းပြီးထင်ရှားလာသည့် အတိုက်အခံပါတီများနှင့် ရည်ရွယ်ချက်တူညီကြောင်း ဘိုဂိုဒန်ဒီက ဆက်လက်ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံအား အာရှဖွံ့ဖြိုးရေးဘဏ် ဒေသဆိုင်ရာအဖွဲ့အစည်း၏ ၅၀ ဦးမြောက် အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အဆိုပါဘဏ်က ကြေညာခဲ့သည်။ အေဒီဘီသည် ၁၉၆၆ ခုနှစ်မှစ၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ အရှေ့ဖျားဒေသတွင် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အများပြည်သူနှင့် ပုဂ္ဂလိကအရင်းအမြစ်များမှ ရန်ပုံငွေများမတည်ခဲ့သည်။ အေဒီဘီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား စီးပွားရေးဆိုင်ရာမူဝါဒများကို ညှိနှိုင်းပေးပြီး ဖွံ့ဖြိုးရေးစီမံကိန်းများတွင် စက်မှုနည်းပညာအကူအညီများ ပံ့ပိုးပေးသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏လောင်စာစွမ်းအင်အတွက် ဆိုဗီယက်ပြည်ထောင်စုအပေါ် မှီခိုနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ ရေနံအများအပြားကို ဆိုဗီယက်ပြည်ထောင်စုမှပင် ကာလကြာမြင့်စွာ တင်သွင်းခဲ့ရသည်။ ဤသို့ဖြင့် ရေနံတင်ပို့နေသော ဆိုဗီယက်ပြည်ထောင်စုကိုယ်တိုင်ကပင် ပြည်တွင်း၌ ရေနံမလုံလောက်မှုနှင့် ဖြန့်ဖြူးရေးပြဿနာများ ကြုံတွေ့လာရသောအခါ မွန်ဂိုလီးယားနိုင်ငံသို့ ရေနံရောင်းချမှုကို သိသိသာသာဖြတ်တောက်လိုက်ရာ မွန်ဂိုလီးယားနိုင်ငံအဖို့ လောင်စာအခက်အခဲပြဿနာနှင့် ကြုံတွေ့လာရသည်။ ယင်းပြဿနာကို ဖြေရှင်းသည့်အနေဖြင့် နိုင်ငံခြားရေနံရှာဖွေရေးနှင့်တူးဖော်ရေးကုမ္ပဏီများအား

ရေနံရှာဖွေတူးဖော်ခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို မွန်ဂိုလီးယား ပါလီမန်က အတည်ပြုခဲ့သည်။ အဆိုပါဥပဒေအရ နိုင်ငံခြားကုမ္ပဏီများအား ငါးနှစ်သက်တမ်းရှိ ရေနံရှာဖွေရေးစာချုပ်ဖြင့်လည်းကောင်း၊ အနှစ် ၂၀ သက်တမ်းရှိရေနံတူးဖော်ရေးစာချုပ်ဖြင့် လည်းကောင်း ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုထားသည်။ အကြိုစမ်းသပ်ရှာဖွေမှုများအပေါ် အခြေခံသည့် ခန့်မှန်းတွက်ချက်မှုများအရ မွန်ဂိုလီးယားနိုင်ငံတွင် ရေနံတန်ချိန်ပေါင်းသန်း ၄၀၀ ခန့် ထွက်ရှိရန် မျှော်လင့်ထားသည်။

အာဏာရ မွန်ဂိုလီးယားကွန်မြူနစ်ပါတီ၏ ငါးရက်ကြာကျင်းပသည့် အကြိမ် ၂၀ မြောက် ပါတီညီလာခံတွင် ဘတ်ရက်ချာဂျင် ဒက်ရှ်ယွန်ဒွန်အား ပါတီဥက္ကဋ္ဌသစ်အဖြစ် မတ်လ ၁ ရက်နေ့တွင် ရွေးချယ်တင်မြှောက်လိုက်သည်။ မွန်ဂိုလီးယားကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ထူထောင်ခဲ့ရာ ယင်းနေ့သည် အနှစ် ၇၀ မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ဆိုဗီယက်ကွန်မြူနစ်ပါတီပြီးလျှင် မွန်ဂိုလီးယား ကွန်မြူနစ်ပါတီသည်ကမ္ဘာ့ဒုတိယ သက်တမ်းအရှည်ကြာဆုံး ကွန်မြူနစ်ပါတီဖြစ်သည်။ ဤကဲ့သို့ အာဏာရ မွန်ဂိုလီးယား ပြည်သူတော်လှန်ရေးပါတီအတွင်းခေါင်းဆောင်ပိုင်းအပြောင်းအလဲများဖြစ်ပေါ်မှုသည် ပါတီစုံနိုင်ငံရေးစနစ်ကျင့်သုံးသည့် မွန်ဂိုလီးယားနိုင်ငံ၌ စားနပ်ရိက္ခာမလုံလောက်ခြင်း၊ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လျက်ရှိခြင်း၊ စက်မှုကဏ္ဍထုတ်လုပ်မှုကျဆင်းလျက်ရှိခြင်း အစရှိသည့် စီးပွားရေးဒုက္ခများ ကြုံတွေ့နေရချိန်တွင် ကွန်မြူနစ်ပါတီ၏ မရေမရာဖြစ်နေမှုကို လုစ်ပြနေပေသည်။

မွန်ဂိုလီးယားအစိုးရအနေဖြင့် နိုင်ငံ၏ စီးပွားရေးစနစ် ခေတ်မီစေရေးနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုအစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ချေးငွေများ လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ယင်းလိုအပ်ချက်နှင့်အညီ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည့် တိုင်အောင် အနောက်တိုင်းနိုင်ငံများမှ ကုန် သွယ် မိတ် ဖက် နိုင်ငံအများအပြား ရရှိလာအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ကုန်ကြမ်းပစ္စည်းတင်သွင်းမှုကို ဖြတ်တောက်လိုက်သည့် အခါ စက်ရုံအချို့နှင့် လုပ်ငန်းအချို့တို့ကို ပိတ်ပစ်လိုက်ရသည်။ မွန်ဂိုလီးယားနိုင်ငံ၏ စက် မှု လုပ် ငန်း မှာ သွင်းကုန်ပစ္စည်းများပေါ်တွင် အကြီးအကျယ်မှီခိုနေရသည်။

မွန်ဂိုလီးယား၏ အဓိကကုန်သွယ်ဖက်နိုင်ငံမှာ ဆိုဗီယက်ပြည် ထောင် စု ဖြစ် သည်။ မွန် ဂို လီး ယား နိုင်ငံ ကုန်သွယ်မှုအား လုံး၏ ၇၀ ရာခိုင်နှုန်းမှာ ဆိုဗီယက်နှင့် ဖြစ်သည်။ ၁၉၉၁ ခုနှစ် နှစ်ဆန်းပိုင်းကပင် ငွေမာဖြင့် ကုန်သွယ်မှုပြုရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။ သို့ရာတွင် မွန်ဂိုလီးယားနိုင်ငံက ပေးပို့ပြီးဖြစ်သည့် ကုန်ပစ္စည်းများအတွက် ဆိုဗီယက်က ငွေပေးချေရန် ပျက်ကွက်သည့်အခါ နှစ်နိုင်ငံကြားကုန်သွယ်မှုမှာ လုံးဝ ရပ်ဆိုင်းသွားခဲ့သည်။ မွန် ဂို လီး ယားနိုင်ငံကလည်း လက်တုံ့ပြန်သည့်အနေဖြင့် ဆိုဗီယက်မှ တင်သွင်းသည့် လောင်စာဆီများအတွက် ငွေပေးချေရန်ကို ရပ်ဆိုင်းပစ်လိုက်သည်။ ဤကဲ့သို့ ဆိုဗီယက်ပြည်ထောင်စုနှင့် ကုန်သွယ်မှု ရပ်ဆိုင်းသွားခြင်းက မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးကို ပိုမိုဆိုးရွားသည့်အခြေအနေသို့ ရောက်သွားစေခဲ့သည်။

ဤသို့ စီးပွားရေးအခြေအနေ ကမောက်ကမဖြစ်မှုများကြောင့် မွန်ဂိုလီးယားနိုင်ငံတွင် စားနပ်ရိက္ခာပြတ်လပ်မှု၊ ရှားပါးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ မြို့ကြီးများတွင် အစားအစာများကို ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချခဲ့ရသည်။ ဇွန်လ ၁ ရက်နေ့လောက်တွင် ဂျုံနှင့် စားသုံးဆီ လုံးဝပြတ်တောက်သွားမည့် အခြေအနေတွင် ရှိနေသည်။ ထို့ပြင် ဆေးဝါး၊ သကြား၊ ထောပတ်၊ လက်ဖက်ခြောက်၊ နို့မှုန့်၊ ဆပ်ပြာနှင့် ဖရောင်းတိုင်များ ပြတ်လပ်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်ပနိုင်ငံများမှ စားနပ်ရိက္ခာအကူအညီများ လိုအပ်လျက် ရှိသည်။ အခြေအနေ တိုးတက်မှု မရှိဘဲ ဤအတိုင်း ဆက်လက်ဖြစ်နေမည်ဆိုပါက နိုင်ငံရေးနှင့် လူမှုရေး မတည်ငြိမ်မှုဖြစ်လာနိုင်စရာအကြောင်း ရှိနေပေသည်။ အခု၌သော မွန်ဂိုလီးယားလူမျိုးများအနေဖြင့် လက် ရှိ ဖြစ် ပေါ် နေ သော အခြေအနေများကြောင့် ဘဘောထားတင်းမာသည့် ကွန်မြူနစ်စနစ်သို့ ပြန်လည် ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ စင်စစ် လက်ရှိကြုံတွေ့နေရသော ပြဿနာအခု၌မှာ စေ့းကွက် စီးပွားရေးစနစ်သို့ ကူးပြောင်းသည့် ကြားကာလတွင် ကြုံတွေ့ရမည့် ပြဿနာများပင်ဖြစ်သည်။

အစား အသောက် ပြတ်လပ် မှုများနှင့် ကြုံတွေ့နေရသည့်တိုင်အောင် နိုင်ငံခြားသုံးငွေဖြင့် အသားများကို မှာယူတင်သွင်းမည်မဟုတ်ကြောင်း စီးပွားရေးပြဿနာဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ဝန်ကြီးချုပ် ဒက်ရှ် ဘမ်ဘာဆူရင်က ပြောကြားခဲ့သည်။ နိုင်ငံခြားငွေကန့်သတ်မှုကြောင့် အင်ဆူလင်ကဲ့သို့ အရေးကြီးသည့် ဆေးဝါးပစ္စည်းများအပါအဝင် ဒေါ်လာ ငါးသိန်းတန်ဖိုးခန့် သာရှိသည့် ဆေးဝါးပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းနိုင်ခဲ့သည်။ ဂျပန်နိုင်ငံကလည်း မွန်ဂိုလီးယားနိုင်ငံအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုမှ သက်သာမှု

နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံမှ ဂျုံမျိုး ဝယ်ယူရန် အတွက် ဂျပန်ယန်းငွေ သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း) အကူအညီပေးရန် မေလ ၂၃ ရက် နေ့တွင် သဘောတူညီခဲ့သည်။

မွန်ဂိုလီးယားပါလီမန်က ပဂ္ဂလိကပိုင်ဆိုင်ရေးဥပဒေ ကြမ်းကို စတင်ဆွေးနွေးနေဆဲမှာပင် အစိုးရကော်မရှင်၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံပိုင်ပစ္စည်းများကို စတင် ရောင်းချခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်းမှာ မွန်ဂိုလီးယား ပါလီမန်ကအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအရ လုပ် ဆောင်ခြင်း ဖြစ်သည်။ အဆိုပါ ဆုံးဖြတ်ချက်များအရ အစိုးရအနေဖြင့် ပါလီမန်က ဥပဒေကိုအတည်ပြုပြဋ္ဌာန်း ပြီးသည်အထိ စောင့်နေစရာမလိုဘဲ ပဂ္ဂလိကပိုင်ဆိုင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခွင့် ရှိပေသည်။

ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းရာတွင် နိုင်ငံပိုင် ပစ္စည်းထက်ဝက်ကျော်ကို ပဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲ ပစ်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားအစိုးရက ဇွန်လ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ထို့ပြင် ဇွန်လ ၁၅ ရက်နေ့တွင် ပထမဆုံး ငွေစုစာချုပ်များကို ထုတ်ဝေ ကြောင်း အစိုးရက ကြေညာခဲ့ပြန်သည်။ ကွန်မြူနစ် အုပ်စိုးမှုနှစ် ၇၀ မျှကြာပြီးနောက် ဈေးကွက်စီးပွားရေး သို့ပြောင်းရာတွင် ဤငွေစုစာချုပ်ထုတ်ဝေခြင်းမှာ မွန်ဂို လီယားနိုင်ငံ၏ ဆောင်ရွက်ချက် တစ် စိတ် တစ်ဒေသ ဖြစ်သည်။

၁၉၉၁ ခုနှစ် ဩဂုတ်လတွင် တရုတ်ပြည်သူ သမ္မတ နိုင်ငံ သမ္မတ မွန်ဂိုလီးယားနိုင်ငံဘို့ လာရောက်လည်ပတ် ခဲ့ရာ မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် ထူးခြားမှုတစ်ရပ်ဟု ဆိုရပေမည်။ တရုတ်ပြည်သူ သမ္မတ နိုင်ငံ သမ္မတ ယန်ရှန်ခွန်သည် မွန်ဂိုလီးယားသမ္မတ ပွန် ဆယ်မားဂျီယင် အိုချာဘတ်၏ ဖိတ်ကြားချက်အရ မွန် ဂိုလီးယားနိုင်ငံသို့ ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အထိ လေးရက်ကြာ သွားရောက်လည်ပတ်ခဲ့သည်။ သမ္မတ ယန်ရှန်ခွန်သည် တရုတ်အစိုးရအကြီးအကဲတစ်ဦးအနေဖြင့် ပထမဆုံး လာရောက်လည်ပတ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ နှစ်ဦးတို့ သည် ဆွေးနွေးပဲ့များကျင်းပခဲ့ပြီးနောက် တရုတ်ပြည်ကို ဖြတ်ကျော်၍ မွန်ဂိုလီးယားသို့ ကုန်ပစ္စည်းများတင်ပို့ခွင့် ပြုရန်နှင့် ပိုကင်းမြို့အရှေ့ဘက် ဘိုဟီပင်လယ်ကွေ့ရှိတိန်ကျင် ဆိပ်ကမ်းမြို့ကို အသုံးချခွင့်ပြုရေး သဘောတူစာချုပ်များ ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ကုန်သွယ်ရေး သဘောတူ စာချုပ်သည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် မွန်ဂိုလီးယားအတွက် အလွန်အရေးပါလှသည်။

သင့်ဘဝ–ဦးရဲလွင်


ယူဂိုစလားဗီးယားသမ္မတနိုင်ငံ။ ။ယူဂိုစလားဗီး ယားနိုင်ငံသည် ၁၉၁၈ ခုနှစ်က ဘုရင်အုပ်ချုပ်သော နိုင်ငံ ဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ကွန်မြူနစ်နိုင်ငံ ဖြစ်လာ သောအခါ မာရှယ်တီးတိုးက အစိုးရအဖွဲ့၏ အကြီးအကဲ ဖြစ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်တစ်ရပ် ပြဋ္ဌာန်းခဲ့ပြီး ယူဂိုစလားဗီးယားဆိုရှယ်လစ် သမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံရေး အစဉ်အလာကြီး၍ သြဇာတိက္ကမရှိသူ သမ္မတမာရှယ် တီးတိုး ကွယ်လွန်သောအခါ နိုင်ငံတော်ကို အဖွဲဝင် ရှစ်ဦးပါဝင်သော သမ္မတဦးဆောင်အဖွဲဖြင့် အုပ်ချုပ် သည်။ ပြည်နယ် သမ္မတ နိုင်ငံ ခြောက်ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသနှစ်ခုမှ ကိုယ်စားလှယ် တစ်ဦးစီသည် အဖွဲဝင်များ ဖြစ်သည်။ ထိုကိုယ်စားလှယ်များအနက်မှ တစ်ဦးက သမ္မတတာဝန်ကို အလှည့်ကျ ယူရသည်။ သက်တမ်းမှာ တစ်နှစ်ဖြစ်သည်။

စလိုဗီးနီးယား ပါလီမန်က စလိုဗီးနီးယား သမ္မတ နိုင်ငံ၏ တရားဝင်အမည်မှလည်းကောင်း၊ ယူဂိုစလား ဗီး ယား ရှိ အ ခြား သော ပြည်နယ်သမ္မတနိုင်ငံများ အားလုံး၏ အမည်များမှလည်းကောင်း 'ဆိုရှယ်လစ်' ဟူသည့် နာမဝိသေသနစကားလုံးကို ဖြုတ် ပစ် ရန် အခြေခံဥပဒေ ပြင်ဆင်ချက်များကို ၁၉၉၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ယူဂိုစလားဗီးယားနိုင်ငံတွင် နှစ်ပေါင်း ၅၀ ခန့် အတွင်း ပထမဦးဆုံးအကြိမ် လွတ်လပ်သောပါတီစုံ ရွေးကောက်ပွဲများကို စလိုဗီးနီးယားနှင့် ခရိုအေးရှား ပြည်နယ်များ၌ ၁၉၉၀ ပြည့်နှစ် ဧပြီလနှင့် မေလ အတွင်းက ကျင်းပရာ အတိုက်အခံများက အာဏာရ ကွန် မြူ နစ် ပါ တီ များ အ ပေါ် အ နိုင် ရ ရှိ ခဲ့ သည်။ ရွေးကောက်ပွဲတွင် အနိုင် ရရှိသူများက ကြေညာ စာတမ်းများ ထုတ်ပြန်ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ပိုမိုရရှိရေးအတွက် တောင်းဆိုမှုများပါလာသည်။ ယူဂို စလားဗီးယားနိုင်ငံမှ ခွဲထွက်ရေးအထိပင် ဦးတည်လာခဲ့ သည်။

စလိုဗီးနီးယားပြည်နယ် ပါတီစုံရွေးကောက်ပွဲတွင် ခြောက်ပါတီစုစည်းထားသည့် စလိုဗီးနီးယားဒီမိုကရက် တစ် အတိုက်အခံအဖွဲ(ဒီအီးအမ်အိုအက်စ်)က အနိုင်ရရှိ ခဲ့သည်။ သမ္မတ တိုက်ရိုက်ရွေးကောက်ပွဲတွင် ကွန်မြူနစ် ပါတီကို အမည်ပြောင်းထားသည့် ဒီမိုကရက်တစ် အင်အားသစ်ပါတီ(ပီဒီအာရ်)မှ မီလန် ကူကန်က အနိုင်ရရှိသည်။

ခရိုအေးရှားပြည်နယ်ရွေးကောက်ပွဲတွင်မူ လက်ယာ အဖွဲ့ အမျိုးသားရေးဝါဒီဖြစ်သည့် ခရိုးအေးရှား ဒီမို



တိုက်ပွဲဝင်နေသော ဆား(ဗ်)တပ်ဖွဲ့များ

ကရက်တစ် ယူနိယံ (အိတ်ချ်ဒီဇက်) က အနိုင်ရရှိသည်။ ယင်းပါတီကို ဖရန်ဂျို တတ်ဂျ်မန်က ဦးဆောင်သည်။ ကွန်မြူနစ်ပါတီကိုအမည် ပြောင်းထားသည့် ဒီမိုကရက်တစ် ပြောင်းလဲရေးပါတီ (ပီဒီစီ)က နိုင်ငံရေးပါတီ ၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ဒုတိယနေရာမှ လိုက်သည်။

ရွေးကောက်ပွဲများကျင်းပပြီးစီးသည့်နောက် အစိုးရအဖွဲ့များ ဖွဲ့စည်းရာ စလိုဗီးနီးယားပါလီမန်က မေလ ၁၆ ရက်နေ့တွင် ခြောက်ပါတီ ဒီမိုကရက်တစ်အတိုက်အခံ ညွှန့်ပေါင်းအဖွဲ့ဝင်ဖြစ်သည့် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ (စီဒီပို)မှ ဥက္ကဋ္ဌဖြစ်သူ လော့ဂျ်ဇီပီတာလိအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

ခရိုအေးရှားပါလီမန်ကလည်း ၁၉၉၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် ခရိုအေးရှား ဒီမိုကရက်တစ်ယူနိယံ (အိတ်ချ်ဒီဇက်)ခေါင်းဆောင် ဖရန်ဂျို တတ်ဂျ်မန်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော ပြည်နယ်သမ္မတနိုင်ငံများ၏ လွတ်လပ်သော ရွေးကောက်ပွဲများတွင် အတိုက်အခံပါတီများ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ခရိုအေးရှားပြည်နယ်က ယူဂိုစလားဗီးယားပြည်ထောင်စုကို လွတ်လပ်မှုအပြည့်အဝရှိသော သမ္မတနိုင်ငံများပါဝင်ပြီး ဗဟိုချုပ်ကိုင်မှု မထားသည့် ပြည်ထောင်စုကြီးအဖြစ် ဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။ တောင်းဆိုချက်မအောင်မြင်ပါက ၁၉၉၁ ခုနှစ် ဇွန်လအတွင်း ယူဂိုစလားဗီးယားပြည်ထောင်စုမှခွဲထွက်ရန် စီစဉ်ထားကြောင်း ထုတ်ဖော်ကြေညာသည်။ ခရိုအေးရှား၏ မဟာမိတ်ဖြစ်သော စလိုဗီးနီးယားပြည်နယ်ကလည်း ၁၉၉၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ပြည်ထောင်စုကြီးမှ ခွဲထွက်မည်ဟု ကြေညာခဲ့သည်။

ထို့ကြောင့် ၁၉၉၁ ခုနှစ်တွင် ယူဂိုစလားဗီးယားပြည်ထောင်စုကြီးရှိ ခရိုအေးရှား၊ ဘော့စနီးယားနှင့် ဆားဗီးယားမှ သမ္မတများသည် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသော်လည်း ကျေလည်မှုမရခဲ့ကြချေ။

ထို့နောက် ၁၉၉၁ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ယူဂိုစလားဗီးယားပြည်ထောင်စုကြီးမှ ပြည်နယ်သမ္မတနိုင်ငံ

တိုက်ပွဲဝင်ရန်အသင့်ပြင်နေသောခရိုအေးရှားတပ်ဖွဲ့များ



ခြောက်နိုင်ငံသည် ခွဲထွက်ရေးနှင့် လူမျိုးရေး ပြဿနာနှစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော တင်းမာမှုကို ဖြေရှင်းရန် ဘဲဂရိတ်မြို့တွင် တွေ့ဆုံကြပြန်သည်။ စလိုဗီးနီးယားသမ္မတ မီလန်ကူကန်က ခွဲထွက်ရေးကိုသာ ဆက်လက်တောင်းဆိုခဲ့သည်။

ယင်းသို့ဖြင့် ယူဂိုစလားဗီးယားပြည်ထောင်စုအတွင်းရှိ သမ္မတနိုင်ငံများ၏ တွေ့ဆုံဆွေးနွေးပွဲများမှာ ၁၉၉၁ ခုနှစ်အတွင်း ခြောက်ကြိမ်ရှိခဲ့သော်လည်း ပြဿနာများနှင့်စပ်လျဉ်း၍ ပြေလည်မှုမရရှိခဲ့ပေ။ ကွန်မြူနစ်အုပ်စိုးသောဆားဗီးယားနှင့် ၎င်း၏မဟာမိတ် မွန်တီနီဂရိုး နှစ်ပြည်နယ်က ပြည်ထောင်စုကြိုးထဲတွင် ကိုယ်ပိုင် အုပ်ချုပ်ရေးကျင့်သုံးသော ပြည်နယ်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည် လိုသည်။ ခရိုအေးရှားနှင့် စလိုဗီးနီးယားက ပြည်ထောင်စုကြီး၏ လွတ်လပ်သော နိုင်ငံများအဖြစ်ပြောင်းလဲမပေးပါက ခွဲထွက်မည်ဟု ကြေညာခဲ့သည်။ နိုင်ငံရေးအကျပ်အတည်း၊ ခရိုအက်နှင့်ဆာ(ဗ်)တို့၏လူမျိုးရေးတင်းမာမှုများသည် ယူဂိုစလားဗီးယားနိုင်ငံတွင် ၁၉၉၁ ခုနှစ်အတွင်း ကြီးထွားလာခဲ့သည်။

၁၉၉၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ခရိုအေးရှားခေါင်းဆောင် ဖရန်ဂျိုတပ် (ဂျ်)မန်၊ ဆားဗီးယားခေါင်းဆောင် မီလိုဆီဗစ်နှင့် ဘော့စ်နီးယား ခေါင်းဆောင် အလီယာ အိဇတ်ဘီဂိုဗစ်တို့သည် ဘဲဂရိတ်မြို့တွင် သဘောထား တင်းမာမှုပြေလည်ရန် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြပြန်သည်။ သို့သော်အောင်မြင်မှုမရရှိခဲ့ကြဘဲ ယူဂိုစလားဗီးယားနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။

ပြည်ထောင်စုအစိုးရပိုင်းမှ ပုဂ္ဂိုလ်များက သတိပေးစကားဆိုနေသည့်ကြားမှ ခရိုအေးရှားနှင့် စလိုဗီးနီးယား တို့က မူလရည်မှန်းထား သည့် ရက်ထက်စောပြီး ၁၉၉၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် လွတ်လပ်ရေး ကြေညာလိုက်သည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုပါလီမန်က ပြည်ထောင်စုကြီး အစိတ်စိတ်အမြှာမြှာမဖြစ်ရေးကို ကာကွယ်ပေးရန်တပ်မတော်အား ပန်ကြားသည်။ လွတ်လပ်ရေးကို ခရိုအေးရှားက ပထမကြေညာခြင်းဖြစ်သည်။ ထို့နောက် နှစ်နာရီခန့်အကြာတွင် စလိုဗီးနီးယားက ကြေညာခဲ့သည်။

၁၉၉၁ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ နံနက်စောစောပိုင်းတွင်ဗဟိုအစိုးရ၏တင့်ကားများနှင့် တပ်သားများသည် စလိုဗီးနီးယား၏မြို့တော် လျူဘလျာနာ ဧလဆိပ်သို့ဝင်ရောက်ကြသည်။ တိုက်ခိုက်မှုများဖြစ်ပွားသည်။ စလိုဗီးနီးယား ကာကွယ်ရေးဝန်ကြီး ယာနက်ဇ်ယန်ဆာ၏ ရုပ်မြင်သံကြားမှကြေညာချက်အရ နှစ်ဖက်စလုံးသေဆုံး၊ ဒဏ်ရာရရှိသူ ၁၀၀ ကျော်ရှိသည်။ ယူဂိုစလားဗီးယားကြည်းတပ်မှ ရဟတ်ယာဉ်ခြောက်စင်း ပစ်ချခံရသည်။ တင့်ကားအစီး ၂၀ ပျက်စီးသည်။

၁၉၉၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ယူဂိုစလားဗီးယားဗဟိုအစိုးရနှင့် စလိုဗီးနီးယားတို့သည် ပထမအကြိမ် အပစ်အခတ်ရပ်စဲရန်သဘောတူကြသည်။ စလိုဗီးနီးယားသမ္မတ မီလန်ကူကန်က အပစ်အခတ်ရပ်စဲရေးကို မူအားဖြင့်လက်ခံကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများအား ကြေညာခဲ့သည်။ ယူဂိုစလားဗီးယားဗဟိုအစိုးရ စစ်ဖက်က ညနေ သုံးနာရီကတည်းက အပစ်အခတ်ရပ်စဲထားမည်ဟု ကြေညာသည်။ ထိုဇွန်လ ၂၉ ရက်နေ့မှာပင် ယူဂိုစလားဗီးယား ကြည်းတပ်မှ ဗိုလ်ချုပ်ကြီး မာကိုနီဗာနိုဗစ်က စလိုဗီးနီးယားသည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်နေ့ကြောင်း ဆက်လက် ချိုးဖောက်နေလျှင် ယူဂိုစလားဗီးယားတပ်မတော်က စစ်ရေးအရ ပြတ်ပြတ်သားသားအရေးယူမည် ဖြစ်ကြောင်း ရုပ်မြင်သံကြားမှ ကြေညာသည်။

ယူဂိုးစလားဗီးယားပြည်ထောင်စု စစ်တပ်က စလိုဗီးနီးယားအား အပစ်အခတ်ရပ်စဲရေးကို ဇွန်လ ၃၀ ရက်နေ့နံနက် ၉ နာရီနောက်ဆုံးထားလိုက်နာရန် ရာဇသံပေးခဲ့သည်။ သို့သော် အပစ်အခတ်ရပ်စဲရေးသည် အကြိမ်ကြိမ် ကျိုးပေါက်ခဲ့သည်။ ယူဂိုစလားဗီးယားလေတပ်က စလိုဗီးနီးယား ကာကွယ်ရေးတပ်ဖွဲ့များအား လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ မြေပြင်စစ်ပွဲများလည်း အပြင်းအထန် ဖြစ်ပွားခဲ့သည်။ စလိုဗီးနီးယားရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လုပ်မှုများ လေကြောင်းတိုက်ခိုက်မှုကြောင့် ရပ်စဲသွားခဲ့သည်။

ယူဂိုစလားဗီးယား နိုင်ငံ၏ စုပေါင်းဦးဆောင်မှုပေးရေးမူအရ သမ္မတဦးသျှောင်အဖွဲ့၏ လစ်လပ်နေသော ဥက္ကဋ္ဌအဖြစ် ခရိုအေးရှားခေါင်းဆောင် စတိုင်ပေမီးဆစ်ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။ မီးဆစ်သည် မေလ ၁၅ ရက်နေ့ကတည်းက သမ္မတတာဝန်ယူရန် အလှည့်ကျသူဖြစ်သည်။ ဆားဗီးယားက ဟန့်တားခဲ့သဖြင့် အခါခါနှောင့်နှေးခဲ့ခြင်းဖြစ်သည်။ ဆားဗီးယားမှ ဆား(ဗ်)များနှင့် ခရိုအေးရှားမှ ခရိုအက် လူမျိုးများသည် ရွေးပဝေဏီကတည်းက လူမျိုးရေးရန်စောင်မှုများ ရှိခဲ့ကြသည်။

ယူဂိုစလားဗီးယား သမ္မတဦးသျှောင်အဖွဲ့သည် ၁၉၉၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် အချက်(ဂ)ချက်ပါသော ငြိမ်းချမ်းရေးရာဇသံကို စလိုဗီးနီးယားခေါင်းဆောင်များထံပို့ခဲ့သည်။ ငြိမ်းချမ်းရေးရာဇသံတွင် စလိုဗီးနီးယားကာကွယ်ရေးတပ်များကို သက်ဆိုင်ရာစခန်းများသို့ပြန်

စေရန်နှင့် နယ်ခြားစခန်းများအားလုံးကို ပြည်ထောင်စု အာဏာပိုင်များလက်သို့ လွှဲပြောင်းပေးရန် တောင်းဆို ခဲ့သည်။ ဇူလိုင်လ ၇ ရက်နေ့ နောက်ဆုံးထား၍ တောင်း ဆိုချက်များကို ဖြည့်ဆည်းပေးရမည်ဟု ပါရှိသည်။ စလိုဗီးနီးယားက ရာဇသံကိုလက်မခံဘဲ ချက်ချင်းပယ်ချ ခဲ့သည်။

ဇူလိုင်လ ၄ ရက်နေ့မှာပင် ယူဂိုစလားဗီးယားသမ္မတ ဦးဆောင်အဖွဲ့သည် စလိုဗီးနီးယား နယ်မြေကာကွယ် ရေးတပ်ဖွဲ့များကို သက်ဆိုင်ရာစခန်းများသို့ပြန်လည်ရုပ် သိမ်းပေးရန်နှင့် ဖမ်းဆီးထားသော အစိုးရတပ်သား များကို လွှတ်ပေးရန် စလိုဗီးနီးယားအာဏာပိုင်များအား အမိန့်ပေးခဲ့ ပြန်သည်။ စလိုဗီးနီးယားကကာကွယ်ရေး တပ်များကို ရုပ်သိမ်းမည့်အရိပ်လက္ခဏာ မပေါ်ပြခဲ့သော်လည်း ကာကွယ်ရေးတပ်သားအင်အား လျှော့ချရန်နှင့် အစိုးရတပ်သား ၂,၅၀၀ ခန့်ပြန်လွှတ်ပေးရန်ကိုမူသဘော တူခဲ့သည်။ ထို့နောက် စလိုဗီးနီးယား တပ်သား ၁၀,၀၀၀ ကိုနေအိမ်သို့ပြန်လွှတ်ခဲ့သည်။ အစိုးရတပ်သား များကို မီးရထားမော်တော်ယာဉ်များဖြင့် ပြန်ပို့ခဲ့သည်။

၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် စလို ဗီးနီးယားပါလီမန်က ဥရောပဘုံစေးအဖွဲ့၏ဆန္ဒနှင့်အညီ အပစ်အခတ်ရပ်စဲရေးကိုလက်ခံပြီး လွှတ်လပ်ရေးကြေညာ ခြင်းကို သုံးလအထိဆိုင်းငံ့ထားရန် တညီတညွတ်တည်း ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်ကို ပါလီမန်တွင် ၁၈၉ မဲ၊ ၁၁ မဲ ဖြင့် အတည်ပြုခြင်းဖြစ်သည်။ ယူဂိုစလားဗီးယား သမ္မတဦးဆောင်အဖွဲ့ကလည်း ဗဟိုအစိုးရတပ်ဖွဲ့များကို စလိုဗီးနီးယားနိုင်ငံအတွင်းမှရုပ်သိမ်းရန် ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် ဆုံးဖြတ်လိုက်သည်။

စလိုဗီးနီးယား၌ ရက်သတ္တာနှစ်ပတ်ကြာဖြစ်ပွားခဲ့သော စစ်ပွဲ (ဇူလိုင်လအထိ) တွင် ယူဂိုဆလပ်စစ်သား ၃၉ ဦး စလိုဗီးနီးယားကာကွယ်ရေးတပ်သား လေးဦး၊ ရဲအဖွဲ့ဝင် နှစ်ဦးနှင့်နိုင်ငံခြားသား ၁၀ ဦးအပါအဝင် အရပ်သား ၁၅ ဦး စုစုပေါင်း လူ ၆၀ သေဆုံးခဲ့သည်ဟု စလိုဗီး နီးယားကြက်ခြေနီက စာရင်းကြေညာခဲ့သည်။

ယူဂိုစလားဗီးယားနိုင်ငံ ခရိုအေးရှားတွင်လည်း ခရိုး အက်တိုင်းရင်းသားများနှင့် ဆား (ဗ်) တိုင်းရင်းသား များ၏ လူမျိုးရေးပဋိပက္ခမှာ ၁၉၉၁ ခုနှစ်အတွင်း ကြီး မား လာ သည်။ ခ ရိုး အက် တိုင်းရင်းသားများက ပြည်ထောင်စုကြီးမှ ခွဲထွက်လိုသည်။ ဆား (ဗ်)တိုင်းရင်း သားများက ဗဟိုအစိုးရစနစ်ဖြင့် ပြည်ထောင်စုကြီးထဲ တွင် ဆက်နေလိုသည်။

၁၉၉၁ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ခရိုအေးရှား၌ ဆား (ဗ်) တိုင်းရင်းသားတို့က ပြည်ထောင်စုကြီးအတွင်း ဆက်လက်နေရေးနှင့် စပ်လျဉ်းသော ဆန္ဒခံယူပွဲတစ်ရပ် ပြုလုပ်သည်။ ဆန္ဒခံယူပွဲတွင် ဆား (ဗ်) တိုင်းရင်းသား များ အများဆုံးနေထိုင်သော ခရိုအေးရှားရှိ ကရာဂျီနာ ဒေသဘွင် ၉၅ ရာခိုင်နှုန်းက ပြည်ထောင်စုကြီးထဲတွင် ဆက်နေလိုကြောင်း ဆန္ဒမဲပေးကြသည်။ ခရိုးအက် တိုင်းရင်းသားဖြစ်သော ယူဂိုစလားဗီးယား သမ္မတ ဦးသျှောင်အဖွဲ့ ဒုတိယသမ္မတ စတိုင်ပေမီးဆစ် (၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ယူဂိုစလားဗီးယားဦးသျှောင် အဖွဲ့သမ္မတဖြစ်ခဲ့သည်။) က ဆန္ဒခံယူပွဲသည် တရားမဝင် ဟု ကြေညာသည်။ ခရိုအေးရှားရှိလူဦးရေ ၄ ဒသမ ၅ သန်းအနက် လူဦးရေ ၆,၀၀,၀၀၀ ရှိသော ဆား (ဗ်) တိုင်းရင်းသားများသည် ခရိုအေးရှား လက်ယာအစိုးရကို လက်နက်စွဲကိုင် ပုန်ကန်ခဲ့သည်။ ခရိုအေးရှားခေါင်း ဆောင်များ၏ ယူဂိုဆလားဗီးယား ပြည်ထောင်စုကြီးမှ ခွဲထွက်ရေးကို ဆန့်ကျင်ခဲ့ကြသည်။

၁၉၉၁ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ခရိုအေးရှား မြို့တော် ဇာဂရက်၌ ခရိုးအက်တိုင်းရင်းသားများက လည်း ပြည်ထောင်စုကြီးမှ ခွဲထွက်ရေး ဆန္ဒခံယူပွဲကြီးကို ကျင်းပကြပြန်သည်။ ခရိုးအက်တိုင်းရင်းသား ၉၅ ရာခိုင် နှုန်းက ပြည်ထောင်စုကြီးမှခွဲထွက်ရေးကို ဆန္ဒမဲပေးခဲ့ ကြောင်းဆန္ဒခံယူပွဲကော်မရှင်က ထုတ်ပြန်သည်။ ခရို အေး ရှား အ နောက် ပိုင်း ဒေ သ တွင် နေထိုင်ကြသော ဆား (ဗ်) တိုင်းရင်းသားများက ဆန္ဒခံယူပွဲကို သပိတ် မှောက်ခဲ့သည်။

၁၉၉၁ ခုနှစ် မေလဆန်းပိုင်းက ခရိုးအက်တိုင်းရင်း သားများနှင့် ဆား (ဗ်) တို့၏ လူမျိုးရေး အဓိကရုဏ်း ကြောင့် လူ ၂၀ သေဆုံးခဲ့သည်။ ဇွန်လတွင် ခရိုအေးရှား က လွတ်လပ်ရေး ကြေညာပြီး နောက်ပိုင်း ခရိုအေးရှား တွင် လူမျိုးရေးတင်းမာမှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။ ဧပြီလမှအစပြု၍ လူမျိုးရေး အဓိကရုဏ်းကြောင့် ဇူလိုင်လအတွင်းအထိ လူ ၄၀ သေဆုံးခဲ့သည်။

၁၉၉၁ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က ဆား (ဗ်) တိုင်းရင်းသား ဂ၀၀၀ ခန့်နေထိုင်ရာ တန်ဂျာမြို့တွင် ဆား (ဗ်) တိုင်းရင်းသားများနှင့် ခရိုအေးရှား ရဲတို့ တိုက်ခိုက်မှုဖြစ်ပွားသည်။ ဇူလိုင်လ ၇ ရက်နေ့တွင် တိုက်ပွဲများပြင်းထန်လာသည်။ ခရိုအေးရှားကြည်းတပ် က တန် ဂျာ မြို့ ထဲ သို့ ဝင် ပြီး ဆာဗီးယား တပ်များကို အမြောက်များနှင့် ပစ်သည်။ ရှစ်နာရီအကြာတွင် ယူဂို စလားဗီးယားပြည်ထောင်စုတပ်များက ကြားဝင်ထိန်း ခဲ့ရသည်။ ယူဂိုစလားဗီးယားတပ်မတော်သည် ဆား(ဗ်) တိုင်းရင်းသားမျ ားဘက်က အကူအညီပေးသည်ဟု ခရို အေးရှားက စွပ်စွဲခဲ့သည်။ ၁၉၉၁ ခုနှစ် မေလမှ ထင်ထင်

ရှားရှား အစပြုခဲ့သော ခရိုအေးရှားနှင့် ဆားဗီးယား လူမျိုးရေး ပဋိပက္ခတွင် ဇူလိုင်လ ၂၂ ရက်နေ့အထိ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

ယူကိုစလားဗီးယားနိုင်ငံ ဘဲဂရိတ်မြို့တွင် ၁၉၉၁ ခုနှစ် မတ်လ (၁၁) ရက်နေ့က လူပေါင်း ၁၅,၀၀၀ သည် ကွန်မြူနစ်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။ ယူဂိုစလားဗီးယားတွင် ဒုတိယကမ္ဘာစစ်ကြီး အပြီး အကြီးမားဆုံး ကွန်မြူနစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ဖြစ်ခဲ့သည်။ တစ်ဖန် မတ်လ (၁၅) ရက်နေ့တွင် ကွန်မြူနစ်ဆန့်ကျင်ရေး ဆန္ဒပြသူမြောက်မြားစွာသည် ဆားဗီးယား၌ ရွေးကောက်ပွဲ သစ်ထပ်မံ ပြုလုပ်ပေးရန် တောင်းဆို ခဲ့ကြပြန်သည်။ ထိုနေ့တွင်ပင် ယူဂိုစလားဗီးယား နိုင်ငံ၏ ရှစ်ဦးပါသမ္မတဦးသျှောင်အဖွဲ့ဥက္ကဋ္ဌ (သမ္မတ) ဘောရစ်ကျိုးဗစ်သည် ရာထူးမှနုတ်ထွက်ခဲ့သည်။ (အလှည့်ကျစနစ်အရ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ခရိုအေးရှားမှ စတိုင်ပေမီးဆစ်သည် ယူဂိုစလားဗီးယား ဦးသျှောင်အဖွဲ့ သမ္မတ ဖြစ်ခဲ့သည်။)

ယူဂိုစလားဗီးယားနိုင်ငံသည် နိုင်ငံရေးနှင့် လူမျိုးရေးအကျပ်အတည်းသာမက စီးပွားရေးအကျပ်အတည်းနှင့်လည်း ကြုံခဲ့သည်။ ယူဂိုစလားဗီးယား နိုင်ငံခြားသုံးငွေသည် ယခင်က ဒေါ်လာ ၁၀ ဘီလီယံရှိခဲ့ရာမှ ၁၉၉၁ ခုနှစ် ဧပြီလထဲတွင် ဒေါ်လာခြောက်ဘီလီယံသို့လျော့ကျသွားသည်။ယူဂိုစလားဗီးယားသုံးငွေဒိုင်နာအားနိုင်ငံခြားသုံးငွေနှင့် လွတ်လပ်စွာ လဲလှယ်မှုကို ၁၉၉၁ ပြည့်နှစ် အလယ်ပိုင်းကာလများမှစ၍ ရပ်စဲထားခဲ့သည်။

ယူဂိုစလားဗီယားနိုင်ငံတွင် စစ်ရေး၊ နိုင်ငံရေးနှင့် လူမျိုးရေး အခြေအနေများရှုပ်ထွေးလျက်ရှိသော ၁၉၉၁ ခုနှစ် ကာလအတွင်း ဗြိတိန်ကယူဂိုစလားဗီးယားသို့တင်ပို့ရန် ရှိသောလက်နက်နှင့် အဆင့်မြင့်နည်းပညာကုန်ပစ္စည်းစုစုပေါင်း ဒေါ်လာသန်း ၁၆၀ ဖိုးကို ပိတ် ထားခဲ့သည်။ ဥရောပဘုံစျေးအဖွဲ့ (အီးစီ) ကလည်းယူဂိုစလားဗီးယားသို့ ပေးမည့် အကူအညီများကို ရပ်ဆိုင်းထားခဲ့သည်။

ဥရောပဘုံစျေးအဖွဲ့သည် အပစ်အခတ် ရပ်စဲရေးကို ကြီးကြပ်မည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဟု ကြေညာခဲ့ပြီး စလိုဗီးနီးယားနှင့် ခရိုအေးရှားတို့၏ လွှတ်လပ်ရေးကြေညာမှုကို အသိအမှတ် မပြုဟု ဆုံးဖြတ်ခဲ့လေသည်။

ယူနိုက်တက်ကင်းဒမ်း။ ။ဥ ရော ပ ဘုံ စျေး အ ဖွဲ့ အတွင်းသို့ ဗြိတိန်နိုင်ငံ၏ပေါင်းစည်းရေးကို အတိုက်အခံပြုခဲ့သည့် မာဂရက်သက်ချာအား ကန့်ကွက်ဆန္ဒပြသည့် အနေဖြင့် ဒုတိယဝန်ကြီးချုပ်ဆာဂျက်ဖရီဟောင်းသည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ထုထူးမှ နုတ်ထွက်သွားခဲ့ရာ ဝန်ကြီးချုပ်မာဂရက်သက်ချာအဖို့ အကျပ်အတည်းနှင့်ကြုံခဲ့ရသည်။ သူမ၏ထုထူးသက်တမ်း ၁၁ နှစ်တာကာလအတွင်း သူမ၏ခေါင်းဆောင်မှုအပေါ် အပြင်းအထန်ဆုံး တိုက်ခိုက်ဝေဖန်မှုမျှား ခံနေရသည်။ မာဂရက်သက်ချာအား ဝေဖန်တိုက်ခိုက်သူများအနက် သူမ၏အစိုးရအဖွဲ့မှတစ်ချိန်က ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့သူ မိုက်ကယ် ဟေဇယ်တိုင်း၏ အန်တုဖက်ပြိုင်မှုနှင့် အပြင်းအထန်ရင်ဆိုင်ခဲ့ရပြီး အာဏာရကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရာထူးအတွက် စိမ်ခေါ်ခြင်းခံခဲ့ရသည်။ ဤသို့ဖြင့် အာဏာရ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာ ယှဉ်ပြိုင်ပွဲအတွက် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ဆာဗေးတစ်အမတ်များ မဲခဲ့ဆုံးဖြတ်ရာ ဝန်ကြီးချုပ်မာဂရက်သက်ချာက ဟေဇယ်တိုင်းအား အနိုင်ရရှိခဲ့သည်။ သက်ချာက ၂၀၄ မဲ ရရှိပြီး ဟေဇယ်တိုင်းက ၁၅၂ မဲ ရရှိခဲ့သည်။ သို့ရာတွင် သက်ချာအဖို့ ပထမတစ်ချီတည်းနှင့် အပြီးအပြတ်အနိုင် ရရှိရန် စည်းမျဉ်းစည်းကမ်းအရလိုသည့် မဲအရေအတွက်ကို ပြည့်ပြည့်ဝဝမရရှိခဲ့သဖြင့် ဒုတိယအကြိမ်မြောက် ထပ်မံမဲခဲ့ဆုံးဖြတ်ရမည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။

ဤဖြစ်ရပ်ကြောင့် ပါတီခေါင်းဆောင်လုပွဲ၌ တတိယမြောက် ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာဦးမည်ဟု ထင်မြင်ယူဆချက်များ ထွက်ပေါ်နေစဉ်မှာပင် အတိုက်အခံလေဘာပါတီကလည်း ပါလီမန်၌ အယုံအကြည်မရှိအဆိုတင်သွင်းရန် စီစဉ်လျက်ရှိလေသည်။ သို့ဖြစ်ရာ ကွန်ဆာဗေးတစ်ပါတီ၏ ညီညွတ်ရေးအတွက် လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲတွင် သူမ၏ ပါတီအနိုင်ရရှိရေးအတွက် လည်းကောင်း ငဲ့ကွက်၍ ဝန်ကြီးချုပ်မာဂရက်သက်ချာသည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်သည်။ မာဂရက် သက်ချာ နုတ် ထွက် လိုက် သည့် နှင့် ကွန် ဆာ ဗေး တစ် ပါတီ ခေါင်းဆောင် ရွေးချယ်ပွဲတွင် ကာကွယ်ရေး ဝန်ကြီး ဟောင်း မိုက်ကယ်ဟေဇယ်တိုင်းနှင့်အတူ ယှဉ်ပြိုင်အရွေးခံကြမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဒေါက်ဂလတ်ဟာ်နှင့် ဘဏ္ဍာရေးဝန်ကြီး ဂျွန်မေဂျာတို့က ကြေညာခဲ့ကြသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်သစ် ရွေးချယ်ပွဲကို နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဂျွန်မေဂျာအား ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ အဆိုပါ ပါတီခေါင်းဆောင်ရွေးချယ်ပွဲတွင် ဂျွန်မေဂျာအပါအဝင် ကွန်ဆာဗေးတစ်ပါတီမှ အခြားပြိုင်ဘက်နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဂျွန်မေဂျာက



စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသို့ ည့်သည်တော်အဖြစ် တက်ရောက်လာသော ဂေါ်ဘာချော့အား ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ကြိုဆိုနှုတ်ဆက်နေစဉ်

ထောက်ခံမဲ ၁၀၅ မဲရရှိပြီး ကာကွယ်ရေးဝန်ကြီးဟောင်း မိုက်ကယ်ဟေဇယ်တိုင်းက ၁၃၁ မဲနှင့် နိုင်ငံခြားရေးဝန်ကြီးဒေါက်ဂလတ်ဟဒ်က ၅၆ မဲ ရရှိကြသည်။ ဤသို့ဖြင့် ဂျွန်မေဂျာသည် ဤရာစုနှစ်အတွင်း ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။ နိုဝင်ဘာလ ၂၈ နေ့တွင် ဝန်ကြီးချုပ်ရာထူးကို စတင်လက်ခံ ဆောင်ရွက်ခဲ့သည်။

ဂျွန်မေဂျာအနေဖြင့် ဝန်ကြီးချုပ်ဖြစ်လာပြီး မရွေး မနှောင်းကာလမှာပင် ပင်လယ်ကွေ့ အရေးအခင်းနှင့် ကြုံတွေ့ခဲ့ရသည်။ ပင်လယ်ကွေ့စစ်ပွဲဌ် အမေရိကန်ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့တွင် ဥရောပနိုင်ငံများ ပါဝင်လာကြရာ ဗြိတိန်နိုင်ငံက မြေပြင်တပ်ဖွဲ့များ၊ စစ်လေယာဉ်များနှင့် စစ်သင်္ဘောများ စေလွှတ်ခဲ့ရသည်။ ဗြိတိန်နိုင်ငံက တပ်သား ၃၅,၀၀၀ စေလွှတ်ခဲ့ရာ အမေရိကန်ပြည်ထောင်စုမှလွဲ၍ ဒုတိယအကြီးဆုံးဥရောပတပ်ဖွဲ့ ဖြစ်သည်။ ပင်လယ်ကွေ့စစ်ပွဲတွင် အမေရိကန် ဘီ–၅၂ ဗုံးကြဲလေယာဉ်ပျံကြီးများအတွက် ဗြိတိန်နိုင်ငံရှိ စခန်းကို အခြေစိုက်စခန်းအဖြစ် အသုံးပြုနေခြင်းကို အဂ်လန် အနောက်မြောက်ပိုင်း ဒေသခံပြည်သူ ထောင်ပေါင်းများစွာတို့က ချီတက်ဆန္ဒပြခဲ့ကြသည်။ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပင်လယ်ကွေ့စစ်ပွဲကိုကန့်ကွက်ရန် ဂလတ်စကိုနှင့် လန်ဒန်မြို့များတွင် ငြိမ်းချမ်းရေးဆန္ဒပြသူ ထောင်ပေါင်းများစွာ ချီတက်ခဲ့ကြသည်။ ဟိုက်ပတ်ဥယျာဉ်၌ ဆန္ဒပြပွဲပြုလုပ်ပြီးနောက် လန်ဒန်မြို့တွင်း ဆန္ဒပြချီတက်ရာတွင် ပြည်သူ ၂၀,၀၀၀ ခန့်အထိ ပါဝင်ခဲ့သည်။ အချို့ကမူ ပင်လယ်ကွေ့စစ်ပွဲ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ပါဝင်တိုက်ခိုက်ခြင်းကို ထောက်ခံကြသည်။

ဂျွန်မေဂျာဝန်ကြီးချုပ်ဖြစ်လာပြီး ရက်ပေါင်း ၁၀၀ အကြာ မတ်လ ဂ ရက်နေ့က အင်္ဂလန်မြောက်ပိုင်း ရစ်ဘဲလ်ဗယ်လီဒေသတွင် ကျင်းပခဲ့သည့် ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲတွင် အာဏာရကွန်ဆာဗေးတစ်ပါတီက ရှုံးနိမ့်ခဲ့ပြီး လစ်ဘရယ်ဒီမိုကရက်ပါတီက အနိုင်ရရှိခဲ့သည်။ စင်စစ် ရစ်ဘဲလ်ဗယ်လီဒေသသည် ကွန်ဆာဗေးတစ်တို့အတွက် အမတ်နေရာ ၆၅၀ ရှိသည့် ဗြိတိသျှပါလီမန်တွင် နေရာရရှိရန် ဆယ်ခုမြောက်စိတ်အချရဆုံး



လေဘာပါတီခေါင်းဆောင် နေးလ်ကင်နေ့

ဒေသတစ်ခုဖြစ်သည်။ ဂျွန်မေဂျာမှာ လူထုဆန္ဒကောက်ခံမှု စစ်တမ်းအရ ဗြိတိန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း ရေပန်းအစားဆုံး ဝန်ကြီးချုပ်တစ်ဦးဖြစ်ထွက်ပြေးဖြတ်ရွေးကောက်ပွဲ အနိုင်အရှုံးရလဒ်များမှာ အံ့အားသင့်စရာဖြစ်ခဲ့ရသည်။ ပင်လယ်ကွေအရေးအခင်းတွင် ခေါင်းအေးအေးဖြင့် ကိုင်တွယ် ဆောင်ရွက်တတ်မှုနှင့် မာဂရက်သက်ချာလို အနိုင်အထက် ယှဉ်ပြိုင်တိုက်ခိုက်လိုသည့်သဘောမျိုးနှင့် ခြားနားကာ ညင်သာပျော့ပျောင်းပြီး နှစ်သိမ့်ကျေအေးစေတတ်သည့် ဟန်ပန်များက ဂျွန်မေဂျာအား လူကြိုက်များစေခဲ့သည်။

နိုင်ငံရေး ခဲ့ခြမ်းစိတ်ဖြာသူများက ယခုကဲ့သို့ ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ ရှုံးနိမ့်ရခြင်း၏ရလဒ်မှာ လွန်ခဲ့သည့်နှစ်က မာဂရက်သက်ချာ အစိုးရ ပြဋ္ဌာန်းခဲ့သည့် လူခွန်ကောက်ခံမှုစနစ်အပေါ် လူထု၏ ကန့်ကွက်မှုကို ပြသလိုက်ခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။ ဝန်ကြီးချုပ် ဂျွန်မေဂျာအစိုးရကလည်း လူခွန်ကောက်ခံမှုကို ပြန်လည်စဉ်းစား သုံးသပ်ခဲ့သည်။ ဂျွန်မေဂျာက ဟေဇယ်တိုင်းအား လူခွန်ကောက်ခံမှုကို ပြန်လည်စဉ်းစားသုံးသပ်ရန် တာဝန်ပေးခဲ့သည်။ အစိုးရအနေဖြင့် ယင်းစနစ်ကို ဖျက်သိမ်းပစ်ရန် သို့မဟုတ် ပြန်လည်ပြင်ဆင်ရန် ဆန္ဒရှိပေသည်။ ယခင်က ကျင့်သုံးခဲ့သည့် ပစ္စည်းခွန်ကောက်ခံမှုကို အစားထိုးခဲ့သော လူခွန်ကောက်ခံမှုသည် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ အသုံးစရိတ်ကို ပံ့ပိုးကူညီရန်အတွက် ဖြစ်သည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း လူခွန်ပေးဆောင်ရန် တာဝန်ရှိပေသည်။ အဆိုပါ လူခွန်ကောက်ခံမှုစနစ်မှာ ပြည်သူလူထု၏ အခွန်ထမ်းဆောင်နိုင်မှု ရှိမရှိ အနေအထားကို ထည့်မတွက်ဘဲ ပြဋ္ဌာန်းခဲ့သည့်အတွက် တရားမျှတမှုမရှိဟု ဝေဖန်ခံခဲ့ရသည်။

ဤသို့ဖြင့် ဂျွန်မေဂျာအစိုးရသည် မူဝါဒအပြောင်းအလဲတစ်ရပ်အဖြစ် လူခွန်ကောက်ခံမှုကို မတ်လ ၂၁ ရက်နေ့တွင် ဖျက်သိမ်းကြောင်းကြေညာခဲ့ပြီး ယင်းအစား ပစ္စည်းရောင်းချခွန် ကောက်ခံမှုကို ကျင့်သုံးခဲ့သည်။ အဆိုပါအခွန်ကောက်ခံမှုတွင် လူတစ်ဦးလျှင် ပျမ်းမျှ အခွန်နှုန်း ပေါင် ၄၀၀ (၇၁၂ ဒေါ်လာ) ပေးဆောင်ရမည့်အစား ၁၄၀ ပေါင် (၂၅၀ ဒေါ်လာ) သာ ပေးဆောင်ရန် လျှော့ချသတ်မှတ်ခဲ့သည်။ သို့ရာတွင် အိမ်ထောင်စု တစ်စု အတွင်းရှိ အရွယ်ရောက်သူဦးရေနှင့် ပစ္စည်းတန်ဖိုးများအပေါ် မူတည်ကာ အခွန်နှုန်းမည်သို့သတ်မှတ်ရမည်နှင့် စပ်လျဉ်း၍ ဂျွန်မေဂျာ၏ အစိုးရအဖွဲ့အတွင်း အချေအတင်ဆွေးနွေးခဲ့ရသည်။ အစိုးရအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ အသုံးစရိတ်ကို ကူညီထောက်ပံ့နိုင်စေရေးအတွက် ပစ္စည်းခွန်ကောက်ခံမှုစနစ်ကို ပြန်လည်သုံးသပ်ခဲ့သည်။

လူခွန် ကောက်ခံမှုကို ဖျက်သိမ်းပြီးဖြစ်သည့်တိုင် အောင် မတ်လ ၂၃ ရက်နေ့တွင် ကာနီဗယ်ပျော်ပွဲရှင်ပွဲပုံစံမျိုးဖြင့် လူခွန်စနစ်ကိုဆန့်ကျင်သည့် စီတန်းလှည့်လည်ဆန္ဒပြပွဲကို ငြိမ်ချမ်းစွာဆင်နွှဲခဲ့သေးသည်။ ယမန်နှစ်က လန်ဒန်မြို့လယ်ခေါင်တွင် ဖြစ်ပွားသည့် အလားတူကန့်ကွက်ဆန္ဒပြပွဲတွင် ဆန္ဒပြသူများနှင့် ရဲတို့အကြား အဓိကရုဏ်းများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ရာ ဆယ်စုနှစ်အတွင်း လန်ဒန်မြို့တွင်ဖြစ်ပွားခဲ့သမျှအနက် အဆိုးဝါးဆုံးဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၂၇၅—ရှ။)

ဗြိတိန်နိုင်ငံတွင် ဒေသဆိုင်ရာ ကောင်စီရွေးကောက်ပွဲများကို မေလတွင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲမတိုင်မီ ဧပြီလအတွင်း ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံး လှုပ်ရှားလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဗြိတိန်နိုင်ငံ၏ ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ခံမြဲဖြစ်သည့် သန်းခေါင်စာရင်းကောက်ခံမှုကို ဧပြီလ ၂၁ ရက်နေ့တွင် စတင်လုပ်ဆောင်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

မေလ ၂ ရက်နေ့တွင် ဒေသဆိုင်ရာ ကောင်စီ

ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာ အတိုက်အခံပါတီများက ယခင်ကထက် နေရာပိုမို အနိုင်ရရှိခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီက ဒေသကောင်စီ ၂၀ တွင် ရှုံးနိမ့်ခဲ့သည်။ လေဘာပါတီက ကောင်စီကိုးခု၊ လစ်ဘရယ် ဒီမိုကရက်ပါတီက ကောင်စီ ၁၃ ခု အသီးသီးပိုမိုအနိုင်ရရှိခဲ့သည်။ ယင်းအခြေအနေများကြောင့် အထွေထွေရွေးကောက်ပွဲများကို ပါလီမန်သက်တမ်း ကုန်ဆုံးမည့်နေ့ရက်ထက် တစ်နှစ်စောချ၍ ကျင်းပဖြစ်လိမ့်မည်ဟု တွက်ဆထားချက်များမှာ အဆုံးသတ်သွားခဲ့ရသည်။ အကယ်၍ ဒေသကောင်စီရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်တို့အနေဖြင့် အခြေအနေကောင်းပါက ပါလီမန်ရွေးကောက်ပွဲကို မူလကျင်းပရမည့်ရက်ထက် တစ်နှစ်စောချ၍ ၁၉၉၁ ခုနှစ် ဇွန်လလောက်တွင် ကျင်းပရန် ဝန်ကြီးချုပ် ဂျွန်မေဂျာက ရည်ရွယ်ထားသည်။

ဒေသဆိုင်ရာကောင်စီ ရွေး ကောက် ပွဲ များ အပြီး နှစ်ပတ်အကြာတွင် ပါလီမန်ကြားဖြတ် ရွေးကောက်ပွဲတစ်ခု ပြုလုပ်ခဲ့ရာ အတိုက်အခံလေဘာပါတီမှ အမတ်လောင်းက အနိုင်ရရှိသွားသည်။ ဤသို့ရွေးကောက်ပွဲများတွင် အာဏာရကွန်ဆာဗေးတစ်ပါတီအနေဖြင့် ဆက်တိုက်ရှုံးနိမ့်ခဲ့ရခြင်းမှာ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်တက်လာခြင်းနှင့် စီးပွားရေးကျဆင်းမှု ကျယ်ပြန့်လာခြင်းတို့ကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ကွန်ဆာဗေးတစ်ပါတီအပေါ် ပြည်သူလူထု၏ အစဉ်အလာအရ ယုံကြည် ကိုးစားလာမှုမျှမှာလည်း တစ်စတစ်စ ယုတ်လျော့လာခဲ့ရသည်။ ယင်းအခြေအနေများက တစ်နှစ်အတွင်း ပါလီမန်ရွေးကောက်ပွဲကျင်းပပေးရမည့် ကွန်ဆာဗေးတစ်ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ရွေးကောက်ပွဲအလားအလာများကို ခြိမ်းခြောက်ခဲ့သည်။ ဂျွန်မေဂျာအနေဖြင့် လာမည့်ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် နိုင်ငံရေးလမ်းစဉ် တစ်ရပ်ချမှတ်ရန်နှင့် စီးပွားရေး သိသိသာသာ ကျဆင်းနေမှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိနေပေသည်။

ဤသို့ပြဿနာများ ရင်ဆိုင်ဖြေရှင်း နေရသည့်အထဲမြေပူရာကင်းမှောက်ဆိုသလို ဗြိတိန်နိုင်ငံရှိ နိုင်ငံတကာ ခွေးငွေ့နှင့် ကူးသန်းရောင်းဝယ်မှုဘဏ် (ဘီစီစီအိုင်) မသမာမှုအရှုပ်တော်ပုံနှင့်ကြုံတွေ့ခဲ့ရပြန်သည်။ ဘီစီစီအိုင်ဘဏ်၏ မသမာမှုများ ပေါ်ထွက်ခဲ့ပြီးနောက် ဗြိတိသျှဗဟိုဘဏ်က ကမ္ဘာအရပ်ရပ်နိုင်ငံများရှိ ဗဟိုဘဏ်များနှင့် ညှိနှိုင်းကာ ဘီစီစီအိုင်ဘဏ်ကို ဇူလိုင်လ ၅ ရက်နေ့တွင် ပိတ်ခဲ့သည်။ ဤသို့ ဘီစီစီအိုင်ဘဏ်၏ အရှုပ်တော်ပုံဂယက်များကြောင့် ကမ္ဘာအရပ်ရပ်ရှိ ဘီစီစီအိုင်ဘဏ်ခွဲများ အခက်ကြုံရသည်။

ဘီစီစီအိုင်ဘဏ်သည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအတွက် အမြတ်ငွေကို ငွေမည်းမှ တရားဝင်ငွေဖြူအဖြစ် ပြောင်းလဲပေးခြင်း၊ လက်နက်များ အရောင်းအဝယ်ကိစ္စတွင် ကြားဝင်၍ဆောင်ရွက်ကာ ပွဲခရယူခြင်းနှင့် နိုင်ငံရေးသမားများအား လာဘ်ထိုးခြင်း စသည့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟုဆိုသည်။ အဆိုပါဘီစီစီအိုင်ဘဏ်၏ ရှယ်ယာ ၇၇ ရာခိုင်နှုန်းကို အဘူဒါဘီစောဘွားက ပိုင်ဆိုင်ထားသည်။ ဘီစီစီအိုင်ဘဏ်သည် ပိုင်ဆိုင်မှုတန်ဖိုးဒေါ်လာဘီလီယံ ၂၀ ခန့်ရှိပြီး နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ၎င်း၏ဘဏ်ခွဲများရှိသည်။

ဘီစီစီအိုင်ဘဏ် အရှုပ်တော်ပုံကိစ္စနှင့် စပ်လျဉ်း၍ အတိုက်အခံလေဘာပါတီ ခေါင်းဆောင် နေးလ်ကင်နော့ကဂျန်မေဂျာသည် ဘဏ္ဍာရေးဝန်ကြီးရာထူး ရယူထားစဉ်ကပင် ဘီစီစီအိုင်ဘဏ်၏ မသမာမှုကို သိရှိထားပါလျက် ယင်းဘဏ်ကို ဆက်လက် ဖွင့်ထားခွင့်ပြုပြီး ဇူလိုင်လ ၅ ရက်နေ့ကမှသာပိတ်ခဲ့သည်မှာ အလွန်ပေါ့လျော့သော လုပ်ရပ်ဖြစ်သည်ဟု ပါလီမန်၌ ပစ်ပစ်ခါခါ ဝေဖန်သွားသည်။ ယင်းဖြစ်ရပ်ကြောင့် ဂျီ–၇ ခေါ် စက်မှုခုနစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ တက်ရောက်နေသူ ဝန်ကြီးချုပ်ဂျွန်မေဂျာမှာ မျက်နှာပူစရာဖြစ်ခဲ့ရသည်။ ဂျီ–၇ ခေါ် စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲကို လန်ဒန်မြို့တွင် ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ရာ ဗြိတိန်နိုင်ငံ၏ ဖိတ်ကြားမှုဖြင့် အဖွဲဝင် နိုင်ငံမဟုတ်သော ဆိုဗီယက် ပြည်ထောင်စုမှ သမ္မတ ဂေါ်ဘာချေ့ တက်ရောက်ခဲ့သည်။

ဘီစီစီအိုင်အရှုပ်တော်ပုံနှင့်ပတ်သက်၍ သီးခြားလွှတ်လပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဂျွန်မေဂျာက ဇူလိုင်လ ၂၂ ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ အတိုက်အခံလေဘာပါတီက ဘီစီစီအိုင် အရှုပ်တော်ပုံကို အခွင့်ကောင်းယူကာ အာဏာရ ကွန်ဆာဗေးတစ်ပါတီအား ထိုးနှက်လျက်ရှိရာ ကွန်ဆာဗေးတစ်တို့ကသာ စီးပွားရေးစီမံဆောင်ရွက်ပုံ သာလွန်သည်ဟူသော အစဉ်အလာအယူအဆ ပျက်ပြားစေမည်သာမက ဝန်ကြီးချုပ်ဂျွန်မေဂျာ အရေးနိမ့်မည့်အန္တရာယ်နှင့်ပါ ရင်ဆိုင်နေရသည်။ အတိုက်အခံလေဘာပါတီက လာမည့်ပါလီမန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို အနိုင်ရရှိရန် အားခဲထားပေသည်။

ရုပ်ရှင်ထူးခွန်ဆုများ(မြန်မာ)။ ။ ပြည် ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့ရုပ်ရှင်ထူးခွန်ဆုများကို ၁၉၅၂ ခုနှစ်မှစ၍ ချီးမြှင့်လာခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် ၃၈ နှစ်မြောက်ခဲ့ပြီ



၁၉၉၀ ပြည့်နှစ် အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိသူများ

ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ၁၉၆၂ ခုနှစ်တွင် ဆုခုနစ်မျိုး တိုးမြှင့်သတ်မှတ်ခဲ့ရာမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်၌ ၁၉၉၀ ပြည့်နှစ် ဆုများမှစ၍ ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ ပိုမိုတိုးမြှင့် သတ်မှတ်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်အတွက် ချီးမြှင့်ရန် တိုးမြှင့်သတ်မှတ်ထားသော ဆု ၁၀ မျိုးအနက် ရုပ်ရှင်ထူးချွန်ဆု ငါးဆု ရွေးချယ် ချီးမြှင့်နိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်အတွက် ချီးမြှင့်သော ရုပ်ရှင်ထူးချွန်ဆု ငါးဆုမှာ အကောင်းဆုံးဓာတ်ပုံထူးချွန်ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံးဒါရိုက်တာဆုနှင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုတို့ ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်အတွက် အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုကို သုမာလာရုပ်ရှင်အတွက် "အချစ်ဆုံးရဲ့ရင်မှာ" ဇာတ်ကားကို ရိုက်ကူးပေးသူ ဓာတ်ပုံဆရာ ဦးကြည်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ယမုံနာရုပ်ရှင်မှ ထုတ်လုပ်သော "အရိုင်းစံပယ်" ဇာတ်ကားဖြင့် ဇော်လွင်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ပန်းဝေဝေရုပ်ရှင်မှ ထုတ်လုပ်သော "ခုနစ်စဉ်အလွမ်း" ဇာတ်ကားဖြင့် မင်းသားသုမောင်က လည်းကောင်း၊ အကောင်းဆုံးဒါရိုက်တာဆုကို "ခုနစ်စဉ်အလွမ်း" ဇာတ်ကားရိုက်ကူးသူ မောင်ဝဏ္ဏကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "ခုနစ်စဉ်အလွမ်း" ဇာတ်ကားဖြင့် မင်းသမီးခင်သန်းနုကလည်းကောင်း အသီးသီးဆွတ်ခူးရရှိကြသည်။ အဆိုပါ ရုပ်ရှင်ထူးချွန်ဆုရှင်များတွင် မင်းသမီးခင်သန်းနုသည် ၁၉၆၇ ခုနှစ်က "ကိုရယ်တိုးရယ် စိုးစိုးရယ်" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကိုလည်းကောင်း၊ ဒါရိုက်တာမောင်ဝဏ္ဏသည် ၁၉၇၁ ခုနှစ်က "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း" ဇာတ်ကားကို ရိုက်ကူးခြင်းဖြင့် အကောင်းဆုံး ဒါရိုက်တာဆုကိုလည်းကောင်း ရရှိခဲ့ဖူးသူနှစ်ဦးဖြစ်ရာ ယခုအကြိမ်သည် ဒုတိယအကြိမ် ရုပ်ရှင်ထူးချွန်ဆု ရရှိကြခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်က မြို့မကျောင်းလမ်း၊ အမျိုးသားဇာတ်ရုံကြီးတွင် ဆုရရှိကြသူ ရုပ်ရှင်အနုပညာရှင်ငါးဦးအား အခမ်းအနားဖြင့် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်လိုက်သည်။

လောပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။လော နိုင်ငံသည် အာရှအရှေ့ တောင်ပိုင်းတွင် တည်ရှိပြီး ယခင်ကပြင်သစ် အုပ်ထိန်းခံ နယ်တစ်ခု ဖြစ်ခဲ့သည်။ မြောက်ဘက်တွင် တရုတ်၊ အနောက်ဘက်တွင် မြန်မာနှင့် ထိုင်း၊ တောင်ဘက်တွင် ကမ္ဘောဒီးယားနှင့် အရှေ့ဘက်တွင် ဗီယက်နမ် နိုင်ငံ တို့နှင့် နယ်ချင်းစပ်လျက်ရှိသည်။ လောနိုင်ငံသည် စတုရန်းမိုင် ၉၁,၄၂၀ ကျယ်ဝန်း၍ ၁၉၇၉ ခုနှစ်ခန့်မှန်းခြေစာရင်းအရလူဦးရေ ၃၉,၂၃,၀၀၀ ရှိပြီး လောလူမျိုး ၄၀ ရာခိုင်နှုန်း၊ မွန်ခမာလူမျိုးစု ၂၅ ရာခိုင်နှုန်း၊ ထိုင်းလူမျိုး ၁၄ ရာခိုင်နှုန်း၊ မီယိုနှင့် မာအိုလူမျိုးစု ၁၃ ရာခိုင်နှုန်းနှင့်အခြားလူမျိုးများနေထိုင်ကြသည်။ လောနှင့် ပြင်သစ်ဘာသာ စကားသုံးစွဲ၍ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ၅၀ ရာခိုင်နှုန်းနှင့် ရိုးရာကိုးကွယ်သူ ၅၀ ရာခိုင်နှုန်း ရှိသည်။

၁၉၄၆ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့တွင် ပြင်သစ်နှင့် လောတို့ ယာယီ စာချုပ် ချုပ်ဆိုပြီးနောက် ၁၉၄၇ ခုနှစ် မေလ ၁၁ ရက်နေ့တွင် လောဘုရင်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဖြင့် အုပ်စိုးခဲ့သည်။ လောနိုင်ငံသည် ၁၉၄၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြင်သစ်သမဂ္ဂ အတွင်း၌ လွတ်လပ်သော နိုင်ငံ ဖြစ်လာသည်။

၁၉၅၁ ခုနှစ်တွင် ပသက်လောတို့ ပုန်ကန်မှု ဖြစ်ပေါ်၍ ၁၉၅၄ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော ဂျီနီဗာ သဘော တူညီချက်အရ ဝန်ကြီးချုပ် မင်းသားကြီး သုဝဏ္ဏ ဖူးမားနှင့် လောခေါင်းဆောင်များ ကာလကြာရှည်စွာ စေ့စပ်ဆွေးနွေးပြီးနောက် ၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် ဗီယန်ကျင်း သဘောတူညီချက် ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပသည်။ ၁၉၅၉ ခုနှစ်တွင် ဗီယန်ကျင်း သဘောတူညီချက် ပျက်ပြားသွားပြီး ပသက်လောများကို လောတပ်မတော် အတွင်း သိမ်းသွင်းခြင်းမပြုနိုင်ခဲ့ချေ။ ပသက်လောတို့က ပြောက်ကျားစစ် ဆင်နွှဲခဲ့သည်။

၁၉၆၂ ခုနှစ် ဇွန်လတွင် ကြားနေရေး ဝါဒီများ၊ ကွန်မြူနစ်များနှင့် ကွန်ဆာဗေးတစ်အုပ်စု သုံးစု ပါဝင်သော ညွှန်ပေါင်းအစိုးရ ဖွဲ့စည်းရာ ကြားနေရေး ဝါဒီဖြစ်သူ မင်းသားကြီး သုဝဏ္ဏ ဖူးမား ဝန်ကြီးချုပ် ဖြစ်လာသည်။ ဂျီနီဗာမူဘ၌ ကျင်းပသည့် ၁၄ နိုင်ငံ ညီလာခံတွင် ကြားနေရေးနှင့် လွတ်လပ်ရေးကို အာမခံချက်ပေးသည့် သဘောတူညီချက်ကို ၁၉၆၂ ခုနှစ်မှာပင် လက်မှတ်ထိုးခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပသက်လောများ ညွှန်ပေါင်းအစိုးရ အဖွဲ့မှ နှုတ်ထွက်သွားပြီး မြောက်ဗီယက်နမ်မှ ရရှိသော အကူအညီဖြင့် အစိုးရ တပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ အသစ်ထပ်မံ ဖြစ်ပွားကြပြန်သည်။ ၁၉၆၅ ခုနှစ်တွင် ရွေးကောက်ပွဲများကို ကန့်သတ်ကျင်းပခဲ့ရာ လက်ယာ ဂိုဏ်းမှ အားလုံးလိုလို အနိုင်ရရှိ၍ ကြားနေ အုပ်စုမှ အသင့်အတင့် အနိုင်ရရှိခဲ့သည်။ ပသက်လော အဖွဲ့က ယင်းရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြသည်။

စစ်ရေးအရ ပသက်လောတို့ အသာစီးဖြင့် အနိုင်ရခဲ့ရာ မင်းသားကြီးသုဝဏ္ဏဖူးမားက အစိုးရတပ်ဖွဲ့များအား အပစ်အခတ် ရပ်စဲရန် ၁၉၇၅ ခုနှစ် မေလကုန် အမိန့်ပေးခဲ့သည်။ ဤသို့ဖြင့် ပသက်လောတို့၏ တော်လှန်ရေး အောင်မြင်ပြီးနောက် လောဘုရင် ထီးနန်းစွန့်ခဲ့ရသည်။ ကြားနေ ဝန်ကြီးချုပ် မင်းသားကြီး သုဝဏ္ဏဖူးမားကို ရာထူးမှ ချ၍ အစိုးရသစ် ဖွဲ့စည်းကာ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် လောပြည်သူ ဒီမိုကရက်တစ်သမ္မတ နိုင်ငံအဖြစ်ကြေညာခဲ့သည်။ မင်းသားကြီး ဆူဗာနုဗောင်မှာ နိုင်ငံတော် သမ္မတ ဖြစ်လာသည်။

ယခုလက်ရှိ အစိုးရ ပုံစံမှာ ကွန်မြူနစ် ဖြစ်၍ နိုင်ငံ အကြီးအကဲမှာ သမ္မတ ဖူမီဗောင်ဗီချစ် ဖြစ်ပြီး ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက် နေ့တွင် ရာထူးရရှိခဲ့သည်။ အစိုးရအကြီးအကဲမှာ ဝန်ကြီးချုပ် ကေဆုန်ဖွန်ဗီဟိန်း ဖြစ်၍ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက် နေ့တွင် ရာထူး ရရှိခဲ့သည်။ နိုင်ငံကို ပြည်နယ် ၁၇ ခု၊ ဖြင့် ဖွဲ့စည်း၍ နိုင်ငံတော်၏ ကုန်ထုတ် စုစုံးအား ၁၀ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် အသုံးပြုသည်။

လောနိုင်ငံ၏ နိုင်ငံရေးဩဇာ အာဏာကို တစ်ခုတည်းသော တရားဝင်နိုင်ငံရေး အဖွဲ့အစည်း ဖြစ်သည့် လောပြည်သူ တော်လှန်ရေးပါတီ (အယ်ပီအာရ်ပီ) ၏ ဦးဆောင်မှုဖြင့် ကျင့်သုံးသည်။ လောနိုင်ငံ၏ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် အဖွဲ့ဝင် ၇၉ ဦး ပါဝင်သော ပြည်သူလွှတ်တော်ဆိုင်ရာ ပထမဆုံးအကြိမ်ဗဟို အဆင့်ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ် မတ်လ ၂၆ ရက် နေ့တွင် ကျင်းပခဲ့သည်။

လောနိုင်ငံ ဝန်ကြီးချုပ် ကေဆုန်ဖွန်ဗီဟိန်းသည် ၁၉၈၉ ခုနှစ် နိုဝင်ဘာလက ဂျပန်နိုင်ငံသို့ ငါးရက်ကြာ သွားရောက်လည်ပတ်ခဲ့ရာ နိုဝင်ဘာလ ၈ ရက် နေ့တွင် ဂျပန် ဝန်ကြီးချုပ် ကိုင်ဖူနှင့် တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံ ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ဂျပန်နိုင်ငံက လောနိုင်ငံအား ကဏ္ဍအသီးသီးအတွက် အကူအညီများ တိုးမြှင့် ပေးသွားမည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံသည် လောနိုင်ငံအား ကူညီ ထောက်ပံ့ငွေများ အများဆုံး ပေးသည့် နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

ထို့ပြင် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလက ပြင်သစ်နိုင်ငံသို့ သွားရောက် လည်ပတ် ခဲ့ရာတွင် လောဝန်ကြီးချုပ်

ကေဆုန်ဖွန်ဗီဟိန်းက လောနိုင်ငံ ဘုရင်ဟောင်း ဆာဗန် ဗတ်သာနာ သေဆုံးမှုကို ပထမဆုံးအကြိမ် အတည်ပြု ပြောကြားခဲ့သည်။ လောနိုင်ငံ ဘုရင်သည် ၁၉၇၅ ခုနှစ်က အသက် ၆၉ နှစ် အရွယ်တွင် နန်းချခြင်းခံရကာ အကျဉ်းစခန်း၌ ဒုက်ဖျားရောဂါဖြင့် ၁၉၀၄ ခုနှစ်တွင် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

၁၉၀၉ ခုနှစ် နိုဝင်ဘာလ ၂၀–၂၄ ရက်အတွင်းဗီယန်ကျင်းမြို့၌ ကျင်းပသော လွတ်တော် ဗဟိုဦးစီးအဖွဲ့၏ အစည်းအဝေးတွင် ရာဇဝတ် မှုနှင့် တရား စီရင်ရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေကြမ်းလေးခုကို အတည် ပြုခဲ့သည်။ အဆိုပါ ဥပဒေများသည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီ လဆန်းပိုင်းတွင် အာဏာ သက်ရောက်မည် ဖြစ်သည်။

လောနိုင်ငံနှင့် ဆိုဗီယက်နိုင်ငံ နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုဌာနဝန်ကြီးများသည် နှစ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ် ပြောင်းလဲရေးကို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လတွင် ဆွေးနွေးခဲ့ကြသည်။ လောနိုင်ငံသည် ဆိုဗီယက်တို့ထံမှ အတိုးနှုန်းသက်သာသည့် ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှု များနှင့် ဆိုဗီယက်အကြံပေးပုဂ္ဂိုလ်များ အမြောက် အမြား ရရှိခဲ့သည်။ လောနိုင်ငံသည် ယခင်နှစ်က အိမ်နီးချင်းတရုတ်နှင့် ထိုင်းနိုင်ငံတို့နှင့် စီးပွားရေးအပါ အဝင် အခြားကဏ္ဍများ၌ ဆက်ဆံရေး တိုးတက်ခဲ့ သည်။

လောနိုင်ငံအစိုးရသည် ၁၉၇၅ ခုနှစ်မှစ၍ နိုင်ငံ ခြား ထောက်ပံ့ငွေနှင့် အတိုးနှုန်းချိုသာသောချေးငွေ စုစုပေါင်း ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံ ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၀၉ ခုနှစ်အတွင်း ထောက်ပံ့ငွေနှင့် ချေးငွေများအနက် ၆၅ ဒသမ ၁၁ ရာခိုင်နှုန်း သို့မ ဟုတ် ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံကို သုံးစွဲခဲ့သည်။ သုံးစွဲသည့် ငွေကြေးများအနက် ၅၅ ရာခိုင်နှုန်းသည် ဆိုရှယ်လစ်နိုင်ငံများ၊ အများစုမှာ ဆိုဗီယက်နှင့်ဗီယက် နမ်တို့မှရရှိသည့် ချေးငွေနှင့်ထောက်ပံ့ငွေများ ဖြစ်ကြ သည်။ လောနိုင်ငံအရန်ငွေကြေး ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိသည် နိုင်ငံခြားမှရရှိခြင်း ဖြစ်သည်။

ကုလသမဂ္ဂသည် လောနိုင်ငံအား ကမ္ဘာ့အဆင်းရဲ ဆုံးနိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ထည့်သွင်းထားသည်။ ယင်းနိုင်ငံများ၏ နှစ်ပတ်လည်လူတစ်ဦးချင်း အမျိုး သား ထုတ်ကုန်တန်ဖိုးသည် ဒေါ်လာ ၁၈၀ သာ ရှိသည်။ လောနိုင်ငံသည် ပင်လယ်ကမ်းခြေမရှိခြင်းနှင့် လူဦးရေနည်းပါးခြင်းကြောင့် ကုန်သွယ်ရေးနှင့် မှဲ့ဖြိုးရေး လုပ်ငန်းများ ထိခိုက်ခဲ့ရသည်။ အမေရိကန်ကဗုံးကြဲ တိုက် ခိုက် မှု အ ပါ အ ဝင် အင်ဒိုချိုင်းနားစစ်ပွဲကာလ အတွင်း အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် စီးပွားရေးမှာ ဆယ်စုနှစ်နှင့်ချီ၍ ထိခိုက်ခဲ့သည်။ ထို့ပြင် တင်းကျပ်လွန်းသော ဆိုရှယ်လစ်မူဝါဒများကြောင့်လည်း စီးပွားရေးအခြေအနေ ဆိုးရွားခဲ့ရသည်ဟု ကွန်မြူနစ် ပါတီက ဝန်ခံပြောကြားသည်။ ၁၉၀၆ ခုနှစ်မှစ၍ မူဝါဒ များကို လျှော့ပေါ့ခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ကျင်းပခဲ့ သည့် လောပြည်သူတော်လှန်ရေးပါတီ၏ စတုတ္ထအကြိမ် ပါတီညီလာခံက နိုင်ငံစီးပွားရေးပြန်လည်တည်ဆောက်မှု ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့သော် လည်း ယနေ့အထိ စီးပွားရေးကဏ္ဍတွင် အခက်အခဲ များစွာနှင့် ကြုံတွေ့နေရသည်။ ငွေကြေးဖောင်းပွမှုများ၊ ကုန်သွယ်ရေးမညီမျှမှုများ၊ စက်မှုထုတ်ကုန်မလုံမလောက် မှု စသည့်ပြဿနာများ ရှိနေဆဲဖြစ်သည်။

လောနှင့်ထိုင်းတို့သည် ၁၉၇၅ ခုနှစ် လောနိုင်ငံ၌ ကွန်မြူနစ်များ အာဏာရရှိချိန်မှစ၍ နယ်စပ်ဒေသများ တွင် မကြာခဏတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၀၈ ခုနှစ် နှစ်ဦးပိုင်းအတွင်း နယ်စပ်ဒေသ တိုက်ခိုက်မှုများကြောင့် နှစ်ဖက်သေဆုံးမှုမှာ လူထု ကျော်ရှိသည်။ တိုက်ခိုက်မှုများမှာ ထိုင်းနယ်စပ် ပစ်ဆူ လန်နိုကိုနယ်နှင့် လောနယ်စပ် ဆာယာဘူရီနယ်အကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံသည် နယ်စပ်တွင် တပ်များချထားခဲ့သည်။ ၁၉၉၁ ခုနှစ် မတ်လ ၁၂ ရက် နေ့တွင် ထိုင်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆူချင်ဒါကရာပရာယုန်းသည် လောနိုင်ငံသို့ အလည် အပတ် သွားရောက်ခဲ့ရာမှ လောနိုင်ငံ ဝန်ကြီးချုပ် ကေဆုန်ဖွန်ဗီဟိန်းနှင့် ဆွေးနွေးမှုပြုခဲ့သည်တွင် နယ်စပ် ရှိ နှစ်နိုင်ငံတပ်များကို ပြန်လည်ရုပ်သိမ်းရန် သဘောတူ ခဲ့ကြသည်။ ထိုင်းနိုင်ငံက နယ်စပ်ရှိ ယင်း၏တပ်များကို ၁၉၉၁ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် စတင်ရုပ်သိမ်းခဲ့ သည်။ လောနိုင်ငံက မတ်လ ၁၄ ရက်နေ့တွင် ၎င်း၏ တပ်များကို ရုပ်သိမ်းခဲ့သည်။

၁၉၉၁ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် လောကွန်မြူနစ် များ ဦးဆောင်သော အာဏာရလောပြည်သူတော်လှန် ရေးပါတီ အစည်းအဝေးကို ကျင်းပသည်။ ပါတီအကြီး အကဲနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သူ ကေဆုန်ဖွန်ဗီ ဟိန်းက ပရိသတ် ၅၀၀ တက်သော အစည်းအဝေးတွင် မိန့်ခွန်းပြောသည်။ မိမိတို့တွင် အားနည်းချက်များ၊ ချွတ်ယွင်းချက်များရှိခဲ့ကြောင်း ထိုအရာများက နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးတွင် အဟန့်အတား ဖြစ်လျက်ရှိ ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောခဲ့သည်။ လော နိုင်ငံသည် ယင်း၏အိမ်နီးချင်းဖြစ်သော ဗီယက်နမ်၏

ကွန်မြူနစ်သဘောတရားနည်းနာများကို ကျင့်သုံးခဲ့ရာမှ မသိမသာ စွန့်လွှတ်လာခဲ့သော်လည်း ပါတီစုံစနစ်သည် မိမိတို့နိုင်ငံနှင့် အံမဝင်ကြောင်း လောခေါင်းဆောင်များက ဆိုခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြား သတင်းထောက်များကို ပထမဆုံးအကြိမ် ဖိတ်ကြားခဲ့သည်။ လောကွန်မြူနစ်များဦးဆောင်သော အဆိုပါ အစည်းအဝေးသို့ တရုတ်အရာရှိများလည်း တက်ရောက်ခဲ့သည်။ ဤသို့ တက်ရောက်ခြင်းဖြင့် ၁၉၇၀ ပြည့်နှစ်က တရုတ်နှင့် လော၏ မဟာမိတ်ဖြစ်သော ဗီယက်နမ်တို့၏ နယ်စပ်စစ်ပွဲကိုအကြောင်းပြု၍ လောနှင့် တရုတ်၏ လျော့ရဲခဲ့သော ဆက်ဆံရေးသည် ပြန်လည် ခိုင်မာလာခဲ့သည်။

အင်ဒိုချိုင်းနားစစ်ပွဲကာလက ဗီယက်နမ်နှင့် လော ပြောက်ကျားများနှင့်အတူ လက်တွဲ၍ အမေရိကန်ကို တိုက်ခိုက်ခဲ့သော လောလက်ဝဲခေါင်းဆောင် မင်းသားကြီး ဆူဗန်နုဗောင်သည် ကွန်မြူနစ်များ ဦးဆောင်သော အာဏာရပါတီအစည်းအဝေးအပြီး ၁၉၅၁ ခုနှစ် မတ်လတွင် နိုင်ငံရေးမှ အနားယူခဲ့သည်။ အသက် ၈၁ နှစ် အရွယ်ရှိသော မင်းသားကြီးဆူဗန်နုဗောင်က လောနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို မစွန့်လွှတ်ဟု ဆိုခဲ့သည်။

အမေရိကန်နှင့် လောအရာရှိများသည် အင်ဒိုချိုင်းနား စစ်ပွဲဖြစ်စဉ်က လောနိုင်ငံတွင် ပျောက်ဆုံးခဲ့သော အမေရိကန်စစ်သားများအား ပူးပေါင်းရှာဖွေရေးလုပ်ငန်းကို ၁၉၈၁ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဒုတိယအကြိမ် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ရှာဖွေရေးလုပ်ငန်းမှာ ဇူလိုင်လက ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ အင်ဒိုချိုင်းနားစစ်ပွဲသည် ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်တို့ အောင်ပွဲဆင်ခြင်းဖြင့် ပြီးဆုံးသွားခဲ့သည်။ ထိုစစ်ပွဲတွင် အမေရိကန်စစ်သား ၂,၂၇၃ ဦး ပျောက်ဆုံးခဲ့သည်ဟု အမေရိကန် ပင်တာဂွန်စစ်ဌာနချုပ်က စာရင်းထုတ်ပြန်ခဲ့သည်။

ထိုင်းနိုင်ငံ နယ်စပ်ဒေသများတွင် လောနိုင်ငံမှ ဝင်ရောက်ခိုလှုံလာသောဒုက္ခသည် ၆၀,၀၀၀ မှ ၇၀,၀၀၀ ခန့်အထိ ရှိခဲ့သည်။ ထိုင်းအာဏာပိုင်များက မိမိတို့ နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လျက်ရှိသော အဆိုပါ ဒုက္ခသည်များအား လောနိုင်ငံက ပြန်လည်လှဲပြောင်းယူရန် ၁၉၈၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံက တစ်လလျှင် ဒုက္ခသည်ဦးရေ ၁၀,၀၀၀ ကျ လောနိုင်ငံသို့ ပြန်ပို့ရေးအစီအစဉ်ကို လောနိုင်ငံသို့ အဆိုပြုခဲ့သည်။ ထိုအဆိုပြုချက်ကို ထိုင်း၊ လောနှင့် ကုလသမဂ္ဂ ဒုက္ခသည်စောင့်ရှောက်ရေး ကော်မရှင်နာ(UNHCR)တို့သည် ဇွန်လ ၂၆ ရက်နေ့ မှ ၂၈ ရက်အထိ လောနိုင်ငံ ရှေးဟောင်းမြို့တော် လောင်ပရာဘန်၌ ဆွေးနွေးကြမည်ဟု ဇွန်လ ၁၇ ရက်က သတင်းထုတ်ပေါ်ခဲ့သည်။

ထိုင်း၊ လောနှင့် ကုလသမဂ္ဂ ဒုက္ခသည်များစောင့်ရှောက်ရေးကော်မရှင်တို့သည် လောစစ်ပြေးဒုက္ခသည် ၆၀,၀၀၀ ကျော်အား နေရပ်လောနိုင်ငံသို့ ပြန်ပို့ရေးကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဆွေးနွေးသဘောတူညီမှု ရရှိသည်။ ထိုဒုက္ခသည် များမှာ ၁၉၇၅ ခုနှစ် ကွန်မြူနစ်များလောနိုင်ငံတွင် အာဏာရလာသော အချိန်ကတည်းက ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြသူများ ဖြစ်သည်။ ပထမသုတ် ဒုက္ခသည် ၂၀,၀၀၀ ကို ၁၉၉၂ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ဒုတိယ ၂၀,၀၀၀ ကို ၁၉၉၃ ခုနှစ် မေလတွင်လည်းကောင်း၊ နောက်ဆုံးဒုက္ခသည် ၂၀,၀၀၀ ကို ၁၉၉၄ မေလတွင်လည်းကောင်း လောနိုင်ငံသို့ အပြီးအပြတ် ပြန်ပို့မည်ဖြစ်သည်။

လက်တင်အမေရိက။ ။လက်တင်အမေရိက ဒေသသည် အတွင်္ကလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ အကြားတွင် တည်ရှိပြီး ထိုဒေသ၏နိုင်ငံတစ်နိုင်ငံဖြစ်သော မက္ကဆီကိုနိုင်ငံမြောက်ပိုင်း နယ်စပ်မှ တောင်အမေရိကတိုက် တောင်ပိုင်း ကိတ်ဟွန်းအင်္ဂူအထိ မိုင်ပေါင်း ၇၀၀၀ ကျော် ရှိသည့်ဒေသဖြစ်သည်။ ဗဟုဇီးနိုင်ငံ အရှေ့ပိုင်းရှိနက်တယ်မှ ပီရူးနိုင်ငံအနောက်မြောက်ဘက်ရှိပိုင်ယာတာအထိသည် လက်တင်အမေရိကဒေသ၏ အကျယ်ပြန့်ဆုံး မြေမျက်နှာပြင် ဖြစ်ပြီး မိုင်ပေါင်း ၃,၃၀၀ ကျယ်ဝန်းသည်။ လက်တင်အမေရိက ဒေသတစ်ခုလုံးသည် ဧရိယာအားဖြင့် စတုရန်းမိုင် ၈၀,၀၀,၀၀၀ ကျော် ကျယ်ဝန်းသည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စုထက် သုံးဆနီးပါးခန့်ကျယ်ဝန်းသည်။

လက်တင်အမေရိကဒေသတွင် လွတ်လပ်သောနိုင်ငံများကို လက်တင်အမေရိက နိုင်ငံများဟု ခေါ်သည်။ ထိုနိုင်ငံများအနက် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၁ ခုနှစ် ဇူလိုင်လ မကုန်မီအတွင်း ထူးခြားသော ဖြစ်စဉ် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သော နိုင်ငံအချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

ပနားမား

ပနားမားနိုင်ငံကို ၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန်တပ်များ ကျူးကျော်ဝင်ရောက်ခဲ့ပြီး နောက် ငါးရက်အကြာ၌ ပနားမား ခေါင်းဆောင် ဗိုလ်ချုပ်ကြီး နိုရီယေးဂါးသည် ပနားမားနိုင်ငံရှိ ဗာတီကန် သံရုံးတွင် ဝင်ရောက်ခိုလှုံနေသည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် နိုရီယေးဂါး ခိုလှုံလျက်ရှိသော

ဗဘတီကန် သံရုံးအနီးတွင် လူပေါင်း ၂၀,၀၀၀ ခန့်သည် နိုရီယေးဂါး အဖမ်းခံရန် ဆန္ဒပြ တောင်းဆို ခဲ့သည်။ ထို့နောက် ထိုနှစ်ဦးပင် နိုရီယေးဂါးသည် မိမိ၏ဆန္ဒ အလျောက် အမေရိကန်တပ်များထံတွင် အဖမ်းခံခဲ့သည်။ ဗိုလ်ချုပ်ကြီး နိုရီယေးဂါး ထိုသို့ အဖမ်းခံရာတွင် အပေး အယူ လုပ်မှုမျိုး တစ်စုံတရာမျှ မရှိကြောင်း ပနားမားရှိ အမေရိကန်တပ်များ၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမက်စ်ဝဲလ် သာမန်က ပြောကြားသည်။

နိုရီယေးဂါးအား မှူးယစ်ဆေးဝါမှုများဖြင့် အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါတွင် ရုံးတင် စစ်ဆေးမည် ဖြစ်သည်။ နိုရီယေးဂါးအား ဥပဒေကြောင်းအရ တရား မျှတစွာ စစ်ဆေးမည်ဖြစ်ပြီး သေဒဏ် ချမှတ်မည် မဟုတ် ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။ သို့သော် နိုရီယေးဂါးသည် ၎င်းအား တရားစွဲဆိုထားသော စွဲချက်များအား လုံးဝ အပြစ်ရှိကြောင်း တွေ့ရှိပါက ထောင်ဒဏ် ၁၇၅ နှစ်နှင့် ဒဏ်ငွေ ဒေါ်လာ ၁ ဒသမ ၁ သန်း ပေးဆောင်ရဖွယ်ရှိသည်ဟု ဆိုသည်။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပနားမားနိုင်ငံတော်ကောင်စီသည် ဖရန်စစ္စကို ရှိဒရိုက်ဇ်ကို ပနားမားနိုင်ငံသမ္မတအဖြစ်လည်းကောင်း၊ အိုဇိုရက်စ် တိုင်းပါလောဒ်စ်ကို ဒုတိယသမ္မတ အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ပြီးဖြစ်သည်။ သို့သော် အမေရိကန် တပ်များ ပနားမားသို့ဝင်ရောက်ပြီးနောက် အတိုက်အခံ ခေါင်းဆောင် ဂိုလာမိုအင်ဒါရာသည် ပနားမားနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ အစိုးရသစ်ကို ဖွဲ့စည်း လိုက်သည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက် နေ့တွင် သမ္မတသစ် အင်ဒါရာကကျူးဗားနှင့် နီကရာဂွာ နိုင်ငံများ အနေဖြင့် မိမိ၏ အစိုးရသစ်အား အသိအမှတ် မပြုပါက သံတမန် အဆက်အသွယ် ဖြတ်တောက်မည် ဖြစ်ကြောင်း ပြောကြားသည်။

၁၉၈၉ ခုနှစ် အောက်တိုဘာလက ပနားမားနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီးနိုရီယေးဂါးအား ဖြုတ်ချအာဏာ သိမ်းမည့် အရေးအခင်းဖြစ်ပေါ် ခဲ့သည်။ သို့သော် အာဏာ သိမ်းမှုမှာ အထမမြောက်ခဲ့။ ထိုအထမမြောက်သော အာ ဏာသိမ်းအရေးအခင်း ပြီးချိန် လောက်မှစ၍ လက်နက်ကိုင် တပ်များ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သော ပနားမား အမျိုးသား လုံခြုံရေး တပ်ဖွဲ့၏ အကြီးအကဲ ဖြစ်သူဗိုလ်မှူးကြီး ရှိဗက်တိုအမ်မီဂျိုသည် အစိုးရအဖွဲ့သစ် တက်လာပြီးနောက် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက် နေ့တွင် ရာထူးမှ နုတ်ထွက်သွားသည်။ ၎င်း၏နေရာတွင် ဒုတိယစစ်ဦးစီးအရာရှိ ဒုတိယ ဗိုလ်မှူးကြီး အက်ဒွါဒို ဟာ ရဲရားဟတ်ဆန်ကို သမ္မတ အင်ဒါရာကခန့်ထားလိုက်သည်။

ဒုတိယ ဗိုလ်မှူးကြီးဟာရဲရားသည် နိုရီယေးဂါးလက်ထက် ပြည်နှင်ဒဏ် ခံထားရသူ ဖြစ်ပြီး အမေရိကန် တပ်များ ပနားမားနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီးချိန်မှ မိမိနိုင်ငံသို့ပြန် ရောက်လာသူဖြစ်သည်။

အမေရိကန်တပ်များ ဝင်ရောက် တိုက်ခိုက်မှုကြောင့် ပနားမားနိုင်ငံသည် ပျက်စီး ဆုံးရှုံးမှုများနှင့် ကြုံခဲ့သည်။ ပနားမားအမျိုးသားကူးသန်းရောင်းဝယ်မှုအသင်း၏ဥက္ကဋ္ဌ အဆိုအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီ လ အစောပိုင်းအတွင်းခန့်မှန်းခြေမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁၈ ရက် နေ့တွင် သမ္မတ အင်ဒါရာက ပနားမားနိုင်ငံ ပြန်လည် ထူထောင်နိုင်ရေးအတွက် နိုင်ငံတကာ အကူအညီများ တောင်းခံခဲ့သည်။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အမေရိ ကန်ပြည်ထောင်စုက ပနားမားနိုင်ငံအတွက် ကူညီငွေ အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ပေးခဲ့သည်။

ပနားမားနိုင်ငံတွင် အမေရိကန်တပ်များ ဝင်ရောက် တိုက်ခိုက်မှုကြောင့် အရပ်သား ၂၂၀ သေဆုံးခဲ့ပြီး ပနား မားတပ်သား ၃၁၄ ဦး ကျဆုံးခဲ့၍ ၁၂၃ ဦးဒဏ်ရာရခဲ့ ကြောင်း ဇန်နဝါရီလ ၉ ရက်နေ့တွင် အမေရိကန်ကာကွယ် ရေးဌာနက ထုတ်ပြန်သည်။ အမေရိကန်စစ်သား ၂၆ ဦး ကျဆုံးပြီး ၃၂၃ ဦးဒဏ်ရာရသည်ဟု ဆိုသည်။ ထိုသို့ အမေရိကန်တပ်များ ပနားမားနိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ချိန်ပထမတစ်နာရီအတွင်း၌ပင် ပနား မားမြို့တော်ရှိ ပြတိုက်များအား လုံး လုယက်ခိုးယူခံလိုက် ရသည်။ လုယက် ခိုးယူခံရသည့် ပစ္စည်းများတွင် ပနား မားနိုင်ငံ၏ ပထမဆုံး အလံတော် ပါဝင်သည်။ ထိုအလံ တော်ကို အမျိုးသားယဉ်ကျေးမှုပြတိုက်မှလုယက်ခိုးယူခံရ ခြင်းဖြစ်သည်။ မနုဿဗေဒ အဓိကပြတိုက်ကြီးတွင်လည်း အသေးအဖွဲ ပစ္စည်းများ ခိုးယူ ခံရသည်။ ပြတိုက် အုပ်ချုပ်ရေးအဖွဲ့၏ မေတ္တာ ရပ်ခံချက်အရ ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသော ရွှေဖြင့် ပြီးသည့် ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်များ၊ အဖိုးတန် ကျောက်မျက် ရတနာများ၊ ရုပ်တုများ၊ပန်းချီကားများနှင့် ရွှေဟောင်း အိမ်ထောင် ပရိဘောဂများကို ပနားမားနိုင်ငံရှိ အမေရိ ကန် တောင်ပိုင်းစစ်ဌာနချုပ်က ပြန်လည်ပေးအပ်သည်။

ပနားမားတွင် တပ်စွဲထားသော အမေရိကန်စစ်တပ် အင်အားမှာ ၂၆,၀၀၀ ရှိသည်။ အမေရိကန်တပ်များကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ စတင် ရုပ်သိမ်း လျက်ရှိရာ ဇန်နဝါရီလ ၇ ရက်နေ့အထိ တပ်သား ၃,၃၀၀ ရုပ်သိမ်းပြီးဖြစ်သည်။

ပနားမား ခရစ်ယာန်ဂိုဏ်းအုပ် မားကိုစ် မက်ဂရတ် ဦးဆောင်၍ အမျိုးသား ပြန်လည် ပေါင်းစည်းရေးနှင့်

ပြန်လည် တည်ဆောက်ရေး ကြေးကြော်သံဖြင့် ဝတ်ပြု ဆုတောင်းပွဲတစ်ရပ် ကျင်းပပြုလုပ်သည်။ အဆိုပါဝတ်ပြု ဆုတောင်းပွဲသည် ပနားမား ပြက္ခဒိန်တွင် ဝမ်းနည်း ကြေကွဲဖွယ်ရာ နေ့ တစ်နေ့ဖြစ်ခဲ့သော ၁၉၆၄ ခုနှစ်က အမေရိကန်တပ်များက ပနားမားနိုင်ငံသား ၂၃ ဦးကို သတ်ဖြတ်ခဲ့သည့် ဇန်နဝါရီလ ၉ ရက်နေ့နှင့် သွားရောက် တိုက်ဆိုင်နေသည်။

ဟေတီ

ဟေတီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နေ့က ဗိုလ်မှူးကြီး အန်ဒရီ နက်ကျန်းနှင့်ဇနီးသည် သေနတ်ဖြင့် ပစ်သတ် လုပ်ကြံခံလိုက်ရသည်။ ယင်းသို့ အကြမ်းဖက် သတ်ဖြတ်မှုများမှ ကာကွယ်ရန်အတွက် ရက် ၃၀ အရေးပေါ် ထိန်းသိမ်း ကာကွယ် စောင့်ရှောက် ခြင်းအမိန့် ထုတ်ပြန်ရန် လိုအပ်ကြောင်း ဟေတီနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပရော့ပါ အဗရီးက ပြောကြားပြီး နောက် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အဆိုပါ အမိန့်ကို ထုတ်ပြန်လိုက်သည်။ ဗိုလ်ချုပ်ကြီးပရော့ပါ အဗရီးသည် ၁၉၀၈ ခုနှစ်က နိုင်ငံတော်အာဏာကို သိမ်း၍ ဟေတီ နိုင်ငံ၏ သမ္မတဖြစ်လာသူ ဖြစ်သည်။

ထိုသို့ ရက် ၃၀ အရေးပေါ် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ခြင်းအမိန့် ထုတ်ပြန်ပြီးနောက် အတိုက် အခံ နိုင်ငံရေးသမားအချို့အား ဖမ်းဆီးခြင်း၊ အချို့ကို ပြည်နှင်ဒဏ် ပေးခြင်း၊ စာနယ်ဇင်းများပါ ရေးသား ချက်များကို တင်းတင်းကျပ်ကျပ် စိစစ် ဖြတ်တောက် ခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်နှင်ဒဏ်ခံရသော အတိုက် အခံ နိုင်ငံရေး ခေါင်းဆောင်များတွင် ဟေတီကြက်ခြေ နီအသင်းကို တည်ထောင်ခဲ့သူလည်းဖြစ်၍ ၁၉၇၇ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆဲ့ရာတွင် ပါဝင်ခဲ့သူလည်းဖြစ်သည့် လူးဝစ်စ်ရိုင်း၊ လူအခွင့်အရေး တိုက်ပွဲခေါင်းဆောင် ဟူးဗတ်ဒီရွန်ဆာရေး၊ လုပ်ငန်းရှင် တစ်ဦးဖြစ်သူ အန်တီယိုနီ အစ်မရီ၊ ဒီမိုကရေစီ ရှင်သန် ရေး လှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင် မိုက်ကယ်လီဂရို့ စသည့် နိုင်ငံရေးသမားများ ပါဝင်သည်။

ဟေတီနိုင်ငံသမ္မတ ဗိုလ်ချုပ်ကြီး ပရော့ပါ အဗရီးသည် ဇနီးနှင့်သားသမီးများအပါအဝင် အဖွဲ့ဝင် ၂၀ ဦး လိုက်ပါလျက် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၅ ရက်နေ့အထိ ထိုင်ဝမ်သို့ အလည်အပတ်သွားခဲ့စဉ်က အဆိုပါ အလည်အပတ်ခရီးသည် လက်တင် အမေရိက ဒေသနိုင်ငံများတွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည့် ဟေတီ နိုင်ငံအနေဖြင့် အကျိုးမဲ့ ငွေကြေးဖြုန်းတီးခြင်းသာဖြစ် ကြောင်း အတိုက်အခံများက ရှုတ်ချပြောဆိုသည်။

ဟေတီနိုင်ငံသည် ၁၉၀၇ ခုနှစ်တွင် ရွေးကောက်ပွဲ များ ကျင်းပရန်ဖြစ်သော်လည်း မကျင်းပခဲ့ပေ။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ရွေးကောက်ပွဲများဆိုင်ရာ ကောင်စီက ရွေးကောက်ပွဲ များဆိုင်ရာ အချိန်ဇယားကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အချိန် ဇယားများအရ ဒေသဆိုင်ရာ ရွေးကောက်ပွဲ ကျင်းပရက်သည် ၁၉၉၀ ပြည့် ဧပြီလ ၂၉ ရက်၊ တရား ဥပဒေဆိုင်ရာ ရွေးကောက်ပွဲများကို ဇူလိုင်လ ၂၂ ရက်၊ သမ္မတရွေးကောက်ပွဲကို အောက်တိုဘာလ ၂၈ ရက်နေ့ တွင် အသီးသီး ကျင်းပမည် ဖြစ်သည်။

သမ္မတ ဗိုလ်ချုပ်ကြီး ပရော့ပါ အဗရီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်နေ့တွင် သမ္မတရာထူးမှနုတ်ထွက် သွားသည်။ ၎င်း၏အစိုးရအား အများပြည်သူများက ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက်မှုများကြောင့် ယင်းကဲ့သို့ သမ္မတရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။ အဗရီးသည် ယခင်နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ် ကြီး ဟားရက် အဗရာဟင်အား အာဏာ လွှဲပြောင်းပေး လိုက်သည်။ ဗိုလ်ချုပ်ကြီး အဗရာဟင်သည် ထိုအချိန် တွင် ခေတ္တ စစ်ဦးစီးချုပ်အဖြစ် တာဝန် ထမ်းဆောင် လျက် ရှိသည်။ ၎င်းက သုံးရက်အတွင်း အရပ်သား အစိုးရထံ အာဏာ လွှဲအပ် ပေးမည် ဖြစ် ကြောင်း ပြောကြားသည်။

ဟေတီနိုင်ငံ၏ တင်းကျပ်မှု မရှိသော ၁၉၀၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတ နုတ်ထွက်သွားပါက တရားလွှတ်တော် တရားသူကြီးချုပ်သည် ကြားဖြတ် သမ္မတတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။ အခြေခံ ဥပဒေအရ ဟေတီနိုင်ငံ တရားလွှတ်တော် တရားသူကြီး ချုပ် ဂျီးဘတ်အော်စတင်သည် ကြားဖြတ်သမ္မတတာဝန် ကို ထမ်းဆောင်ရမည်ဖြစ်သည်။ သို့သော် အတိုက်အခံ နိုင်ငံရေးပါတီများက အော်စတင်သည် သမ္မတ အဗရီး၏ လူ ဖြစ်သည်ဆိုကာ ကန့်ကွက်ကြသောကြောင့် တရား လွှတ်တော်ရှိ တရားလွှတ်တော် တရားသူကြီး ၁၂ ဦး အနက် တစ်ဦးဖြစ်သူ အမျိုးသမီးတရားသူကြီး ပါစ ကယ် ထရိုအီလေ့သည် ဟေတီနိုင်ငံ၏ ပဉ္စမမြောက် သမ္မတဖြစ်လာသည်။

ကြား ဖြတ် သမ္မတ ပါစကယ် ထရို အီ လေ့ ၏ တာဝန်မှာ ခြောက်လအတွင်း ရွေးကောက်ပွဲကျင်းပပေး ပြီး တက်လာမည့်အစိုးရသစ်အား အာဏာလွှဲပေးရမည့် တာဝန်ဖြစ်သည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ လ ၁၆ ရက်နေ့တွင် သမ္မတထရိုအီလေ့က ဟေတီ နိုင်ငံ၏ ပထမဆုံး လွတ်လပ်ရှင်ပြိမ်းချမ်းသော သမ္မတ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ အဆိုပါသမ္မတ



ကိုလုံးဗီးယားနိုင်ငံတွင် မူးယစ်ဆေးဝါးများကို ရှာဖွေနှိပ်နင်းလျက်ရှိသည်။

ရွေးကောက်ပွဲတွင် ဘုန်းတော်ကြီး အရစ်စတိုက်သည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသည်။

သို့သော် ဘုန်းတော်ကြီးအရစ်စတိုက်အား အာဏာလွှဲပြောင်းပေးရန် ရက်ပိုင်းသာလိုတော့သည့်အချိန်တွင် စစ်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲဟောင်းဖြစ်သူ ဒေါက်တာရော်ဂျာ လာဖွန်တင့်က သမ္မတထရိုအီလော့အား ဖမ်းဆီးပြီး သမ္မတရာထူးမှ ဆင်းပေးမည်ဖြစ်ကြောင်းကို သမ္မတ ထရိုအီလော့ ကိုယ်တိုင် သမ္မတနန်းတော်မှ အသံလွှင့်ကြေညာစေခြင်းဖြင့် အာဏာသိမ်းလိုက်သည်။

ထို့နောက် မရွေးမနှောင်းပင် ဒေါက်တာရော်ဂျာလာဖွန်တင့်က မိမိသည် ဟတီသမ္မတနိုင်ငံ၏ အာဏာကို သိမ်းယူလိုက်ပြီး သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်ပြီဖြစ်ကြောင်း အသံလွှင့်ဌာနမှ ကြေညာသည်။ အာဏာသိမ်းခေါင်းဆောင် လာဖွန်တင့်၏ ဘက်တော်သားများနှင့် သမ္မတထရိုအီလော့အား သစ္စာခံသော အစောင့်တပ်ဖွဲ့တို့သည် သမ္မတနန်းတော်အနီးတွင် နှစ်နာရီကြာ တိုက်ပွဲဖြစ်ပွားသည်။ ဟတီတပ်မတော်၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဟားရတ် အဗရာဟင်းက သမ္မတထရိုအီလော့ အစိုးရအား ထောက်ခံကြောင်း ကြေညာပြီးနောက် ၁၂ နာရီမျှပင် မကြာလိုက်မီ ဟတီတပ်မတော်က သမ္မတနန်းတော်သို့ ဝင်ရောက်စီးနင်းကာ အာဏာသိမ်းခေါင်းဆောင် လာဖွန်တင့်အား ဖမ်းဆီးလိုက်သည်။ ဤသို့ဖြင့် လာဖွန်တင့်၏ အာဏာသိမ်းပွဲမှာ အရေးနိမ့်ခဲ့သည်။

ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ရွေးကောက်တင်မြွောက်ခံထားရသော ဘုန်းတော်ကြီးအရစ်စတိုက်သည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတသစ် အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

ဟတီပြည်သူ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများ ဖြစ်သည်။ လူတစ်ယောက်ချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၀၀ ခန့်သာ ဖြစ်သည်။ ဟတီနိုင်ငံတွင် တည်ငြိမ်မှုများရှိလာသဖြင့် ပြင်သစ်နိုင်ငံက ၎င်း၏အကူအညီ ဒေါ်လာသန်း ၄၀ ကို တိုးမြှင့်ပေးမည်ဟုဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုက

ဟေတီနိုင်ငံကို ဒေါ်လာ ၈၂ သန်းအထိ တိုးမြှင့်ကူညီပေးခဲ့သည်။

ဗဟာဇီး

၁၉၈၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ဗဟာဇီးနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အသက် ၄၀ အရွယ်ရှိ ဖာနန်ဒို ကော်လာ ဒီမဲလိုးသည် သမ္မတဟောင်း ဂျိုဆေး ဆာနေးထံမှ သမ္မတရာထူးကို ၁၉၉၁ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် အခမ်းအနားဖြင့် လွှဲပြောင်းရယူသည်။ သမ္မတမဲလိုး၏အစိုးရအဖွဲ့သစ်တွင် ဗဟာဇီးနိုင်ငံ၏ ဂေဟဗေဒ ဖခင်ကြီး ဟူ၍ ထင်ရှားခဲ့သော အသက် ၆၃ နှစ်အရွယ်ရှိ ဂျိုဆေး လွှင်နာဘာဂါအား ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာဝန်ကြီးအဖြစ် ခန့်ထားလိုက်သည်။

ဗဟာဇီးနိုင်ငံသည် စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေသောကြောင့် စီးပွားရေးပုံမှန်အခြေအနေပြန်လည်ရောက်ရှိစေရန် အပြင်းအထန် ဆောင်ရွက်လျက်ရှိသည်။ ဗဟာဇီးနိုင်ငံ၌ လူနေမှုကုန်ကျစရိတ်သည် တဖြည်းဖြည်းမြင့်တက်လာရာ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၃ ဒသမ ၅၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သောကြောင့် ဗဟာဇီးနိုင်ငံအတွင်း လစဉ်လူနေမှုစရိတ် မြင့်တက်မှုနှုန်းအမြင့်ဆုံးမြင့်တက်ခြင်း ဖြစ်သည်။ ဆက်လက်၍ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ၈၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ ငွေဖောင်းပွမှုနှုန်းမှာလည်း ၁၉၈၉ ခုနှစ်အတွင်း ၁၇၆၅ ရာခိုင်နှုန်းရှိရာ ဗဟာဇီးနိုင်ငံသမိုင်းတွင် အမြင့်ဆုံးပမာဏဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင်လည်း ငွေကြေးဖောင်းပွမှုနှုန်းသည် လစဉ် ၇၅ ရာခိုင်နှုန်း မြင့်တက်သည်။ ဗဟာဇီးနိုင်ငံ၏ ပြည်ပကြွေးမြီ စုစုပေါင်းသည် ဒေါ်လာ ၁၁၄ ဘီလီယံ ရှိခဲ့ပြီး နှစ်လတ် နှစ်ရှည် ပြည်ပချေးငွေ ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါးခန့်၏ အတိုးများကို ၁၉၈၉ ခုနှစ် ဇူလိုင်လမှစ၍ ပေးဆပ်ခြင်း မပြုနိုင်ခဲ့ချေ။

ဖာဒီနန်မဲလိုး သမ္မတအဖြစ် တာဝန်ယူပြီးနောက် နောက်တစ်နှစ် မတ်လ ၁၆ ရက်နေ့မှစ၍ ခြိုးခြံချေတာရေး အစီအစဉ်ကို ချမှတ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် လွတ်လပ်သောဈေးကွက်စနစ် ပြုပြင်ပြောင်းလဲမှုကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ယင်း အစီအစဉ်များဆောင်ရွက်ခြင်းသည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်နှင့် နိုင်ငံတော်ဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၁,၀၀၀ လိုငွေပြနေမှု အဆုံးသတ်စေရန်အတွက် ဖြစ်သည်ဟုဆိုသည်။

သို့သော် ဗဟာဇီးနိုင်ငံတွင် ၁၉၉၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းဆိုက်၍ ကုန်စျေးနှုန်းများ ကြီးမြင့်ခြင်း၊ အလုပ်လက်မဲ့များ ဆတက်ကဲတိုးပွားလာခြင်း၊ စားသောက်ကုန်များ၊ လူသုံးကုန်များ ရှားပါးလာခြင်းများအပြင် စီးပွားရေး အကျပ်အတည်းကို အရင်းခံသော သပိတ်မှောက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

စီးပွားရေး အချက်အချာဖြစ်သော ဆွေးပေါ်လိုမြို့တွင် စီးပွားရေး ကုမ္ပဏီများက အလုပ်သမားပေါင်း ၆၈,၇၂၂ ဦးကို လျှော့ချလိုက်သဖြင့် ထိုအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ အဆိုပါအလုပ်သမားအင်အားမှာ ကုမ္ပဏီများရှိ အလုပ်သမားအင်အား၏ ၄ ရာခိုင်နှုန်းဖြစ်သည်။ ဤသည်ကိုအကြောင်းပြု၍ အလုပ်သမားသပိတ်များ ပေါ်ပေါက်ခဲ့သည်။ ဗဟာဇီး၏ အကြီးဆုံးဆိပ်ကမ်းဖြစ်သော "ဆန်တို" တွင် ၁၃ ရက်ကြာ အလုပ်သမားများ သပိတ်မှောက်မှုများကြောင့် ကော်ဖီ၊ ဆီထုတ်သီးနှံနှင့် လိမ္မော်ရည် တင်ပို့မှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။

ကုန်စျေးနှုန်းများမှာလည်း သမ္မတဖာဒီနန်ကော်လာ ဒီမဲလိုး လွှန်ခဲ့သည့်နှစ် မတ်လမှစ၍ အာဏာရလာပြီးနောက် တစ်စတစ်စတက်လာခဲ့ရာ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် ၂၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ လစဉ်ကုန်စျေးနှုန်းမြင့်တက်မှု အမြင့်ဆုံးလဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် လစဉ် ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ၈၀ ရာခိုင်နှုန်းဖြစ်သည်။

ချီလီ

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ချီလီနိုင်ငံ သမ္မတ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲ၌ ပါတီစုံ စုပေါင်းဖွဲ့စည်းထားသည့် ဒီမိုကရေစီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဦးဆောင်သူ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အသက် ၇၁ နှစ်အရွယ်ရှိ ပက်ထရစ်စီယိုအယ်လ်ဝင်အင်ကာကအနိုင်ရရှိသည်။ အယ်လ်ဝင်သည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ၎င်း၏ အစိုးရအဖွဲ့စာရင်းကို ထုတ်ပြန်သည်။ အယ်လ်ဝင်၏အစိုးရအဖွဲ့တွင် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီက ဝန်ကြီးကိုးနေရာ၊ ဆိုရှယ်လစ်ပါတီက ငါးနေရာ၊ ပြုပြင်ပြောင်းလဲရေး ပါတီက နှစ်နေရာ ရရှိကြပြီး ဒီမိုကရေစီပါတီ ပြုပြင်ပြောင်းလဲသော ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီ၊ လွတ်လပ်သော မဟာမိတ်ပါတီနှင့် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီကိုထောက်ခံသော တစ်သီးပုဂ္ဂလအရွေးခံသူ အယ်လ်ဘတ်တို အက်ချီဂါရေး

အာဗာရိုင်တို့က ဝန်ကြီးတစ်နေရာစီ အသီးသီးရရှိသည်။ အယ်လ်ဝင်သည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် သမ္မတတာဝန်ကို စတင်ထမ်းဆောင်သည်။

သမ္မတအယ်လ်ဝင်သည် သမ္မတတာဝန်ကို စတင်မထမ်းဆောင်မီ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ထိုစဉ်က လက်ရှိအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လေတပ်စစ်ဦးစီးမှူး ဗိုလ်ချုပ်ဖာနန်ဒို မက်တိုင် အူဆယ်နှင့်လည်းကောင်၊ စစ်ရဲတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးရိုဒေါဖို စတိန်းအော်ကာနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ၎င်းတို့နှစ်ဦးအား လက်ရှိရာထူးတွင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထိုကဲ့သို့ ဆက်လက်ထားရှိခြင်းသည် သမ္မတသစ် အယ်လ်ဝင်အနေဖြင့် မိမိအစိုးရမတက်မီ လက်ရှိသမ္မတ ဗိုလ်ချုပ်ကြီး အော်ဂတ်စတို ပီနိုရှေး အူဂါတေး၏ ဩဇာလွှမ်းမိုးမှုကို ချိန်ခွင်လျှာညီပေးလိုက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးပီနိုရှေးသည် သမ္မတရာထူးကို စွန့်လွှတ်ပြီးပါက ၎င်း၏ မူလရာထူးဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ပြန်လည်ထားရှိရန် သမ္မတသစ်အား တောင်းဆိုခဲ့သည်။

၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်မှအာဏာသိမ်းခဲ့ပြီးနောက် ၁၆ နှစ်ခွဲကြာ ရပ်စဲထားခဲ့သော ချီလီအမျိုးသားလွှတ်တော်ကို ၁၉၉၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့တွင် မြို့တော်စင်တီရာဂိုမှ ၁၉၉ ကီလိုမီတာ ကွာဝေးသည့် ပါလီမန်အဆောက်အအုံသစ်၌ခေါ်ယူကျင်းပသည်။ သမ္မတဟောင်း ပီနိုရှေးလက်ထက်က ပြဋ္ဌာန်းခဲ့သော တင်းကျပ်သည့် လုံခြုံရေးကိစ္စဆိုင်ရာ ဥပဒေမျာ်းကို အမျိုးသားလွှတ်တော်က ရပ်စဲလိုက် သည်။ သေဒဏ်အမိန့်ချမှတ်ခြင်းကိုလည်း ဖျက်သိမ်းပစ်သည်။ အခွန်အတုပ်ကောက်ခံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိုလည်း လွှတ်တော်က သဘောတူ အတည်ပြု ပေးခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုသည် လူမှုဖူလုံရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထွက်ရှိ သုံးစွဲနိုင်မည်ဟုဆိုသည်။

နီကရာဂွာ

နီကရာဂွာနိုင်ငံ၏ လက်ရှိ အာဏာရပါတီဖြစ်သော ဆန်ဒီနစ်စတာ အမျိုးသားလွှတ်မြောက်ရေး တပ်ဦးပါတီက ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဒင်နီယယ်အိုတေဂါနှင့် ဒုတိယသမ္မတ ဆာကျိယို ရာမီရက်ဇ်မာကာဒိုတို့သည် ပြန်လည် အရွေးခံမည်ဖြစ်ကြောင်း ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကြေညာသည်။

နီကရာဂွာနိုင်ငံရှိ အတိုက်အခံနိုင်ငံရေးပါတီ ၁၄ ပါတီက ၁၉၈၉ ခုနှစ် ဇွန်လအတွင်း၌ အတိုက်အခံအမျိုးသားအဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။ အတိုက်အခံအမျိုးသားအဖွဲ့ချုပ်က ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ၎င်းတို့အဖွဲ့ချုပ်မှ သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်နှစ်ဦးအမည်ကို ကြေညာသည်။ ကြေညာချက်အရ "လာပရင်ဆာ" သတင်းစာတိုက်ပိုင်ရှင် အမျိုးသမီးကြီး ဗိုင်အိုလက်တာ ဘာရီယို ဒီ ချာမိုရိုသည် သမ္မတလောင်းအဖြစ်လည်းကောင်း၊ ဗာဂျီလီယို ဂိုဒွိုင်သည် ဒုတိယသမ္မတလောင်းအဖြစ်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နီကရာဂွာ သမ္မတရွေးကောက်ပွဲကို ကျင်းပသည်။ လက်ရှိသမ္မတ ဒင်နီယယ်အိုတေဂါက မဲပေါင်း ၁,၅၉,၁၀၀ (၄၂ ဒသမ ၅ ရာခိုင်နှုန်း) ရရှိပြီး အတိုက်အခံအမျိုးသားအဖွဲ့ချုပ်ခေါင်းဆောင် ဗိုင်အိုလက်တာ ဒီ ချာမိုရိုက မဲပေါင်း ၂,၀၂,၄၁၇ (၅၄ ရာခိုင်နှုန်း) ရရှိသဖြင့် မစွစ် ချာမိုသည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။

ရွေးကောက်တင်မြှောက်ခံထားရသော သမ္မတသစ် ချာမိုရို၏ အကြံပေးပုဂ္ဂိုလ် အန်တိုနီယို လာကာယိုနှင့် ကွန်ထရာ သူပုန်ခေါင်းဆောင် အော်စကာ ဆိုဘယ်ဗာရို တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ဟွန်ဒူးရပ်စ်နိုင်ငံမြို့တော်၌ ဟွန်ဒူးရပ်စ်နိုင်ငံတွင်ခိုအောင်းနေသော ကွန်ထရာသူပုန်အင်အား ၁၀,၀၀၀ ခန့်အဖွဲ့အား ဧပြီလ ၂၀ ရက်နေ့တွင် ဖျက်သိမ်းရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အကယ်၍ ကွန်ထရာသူပုန်များက ၎င်းတို့၏အဖွဲ့အစည်းကို သဘောတူချက်အတိုင်း မဖျက်သိမ်းခဲ့လျှင်သော်မှ မိမိအနေဖြင့် သမ္မတအဖြစ် အရွေးခံထားရသော ချာမိုရိုလက်သို့ အာဏာ လွှဲပြောင်းပေးသွားမည်ဟု လက်ရှိသမ္မတ အိုတေဂါက ပြောကြားခဲ့သည်။

သမ္မတသစ် မစွစ် ဗိုင်အိုလက်တာ ဘာရီယို ချာမိုရိုအား လက်ရှိသမ္မတ အော်တေဂါက ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့တွင် အာဏာလွှဲပြောင်းပေးခဲ့သည်။

ပီရူး

ပီရူးနိုင်ငံ သမ္မတရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင်ကျင်းပသည်။ သမ္မတရွေးကောက်ပွဲ

တွင် 'ကင်ပိုင်ယို ၉၀ ပါတီ' ခေါင်းဆောင် အသက် ၅၁ နှစ်အရွယ်ရှိ အယ်လ်ဘတ်တိုကိန်ယာ ဖူဂျီမူရီနှင့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် မာရီယို ဗာဂါ လိုဆာတို့ယှဉ်ပြိုင်ကြရာ ဖူဂျီမိုရီက အနိုင်ရရှိသည်။ လက်ရှိသမ္မတ အလန်ဂ ဂါဆီရာသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတရာထူးကို စွန့်လွှတ်သည်။

မဲပေးနိုင်သူ ၁,၀၀,၀၀,၀၀၀ ရှိရာတွင် ဖူဂျီမိုရီက ၄၅,၂၂,၄၆၃ မဲ (၅၆ ဒသမ ၅၃ ရာခိုင်နှုန်း) ရရှိပြီး ဗာဂါလိုဆာက ၂၉,၁၃,၄၄၂ မဲ (၃၃ ဒသမ ၉၂ ရာခိုင်နှုန်း) ရရှိသည်။ ကျန်မဲများမှာ ပျက်ကွက်မဲနှင့် ပယ်မဲဖြစ်သည်။ သမ္မတရွေးကောက်ပွဲပြုလုပ်စဉ် ကာလအတွင်း ပြောက်ကျားအဖွဲတစ်ဖွဲက ရွေးကောက်ပွဲ ပျက်ပြားအောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ရွေးကောက်ပွဲကာလအတောအတွင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွားသဖြင့် ပီရူးမြို့တော် လီမာအပါအဝင် မြို့အတော်များများ၌ လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့သည်။ လုံခြုံရေးနှင့် ငြိမ်ဝပ်အေးချမ်းရေးအတွက် သမ္မတရွေးကောက်ပွဲကာလအတွင်း တပ်သားနှင့်ရဲသား ၃,၅၀,၀၀၀ ချထားခဲ့ရသည်။

လူလတ်တန်းစား၊ လုပ်ငန်းရှင်များနှင့် ရွေးရွိုးကုန်ဆာဗေးတစ်များက ဗာဂါလိုဆာကို မဲပေးကြသည်။ သို့သော် နိုင်ငံ၏လူများစုဖြစ်သော လူမျိုး ပေါင်း စုံ ရောယှက်နေသည့် ဆင်းရဲသားအလွှာများနှင့် အာဒီယံ အင်ဒီယန်းမျိုးနွယ်စုများက ဖူဂျီမိုရီကို မဲပေးကြသည်။

ဂျပန်နွယ်ဖွား တစ် ဦး ဖြစ် သော ဖူဂျီမိုရီသည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတရာထူးကို တရားဝင်လက်ခံယူသည်။

သမ္မတအယ်လ်ဘတ်တို ဖူဂျီမိုရီနှင့်အတူ ကျမ်းသစ္စာကျိန်ဆို၍ ဝန်ကြီးချုပ်ဖြစ်လာသော ပီရူးနိုင်ငံဝန်ကြီးချုပ် ဟတ်တာဒို မီးလားသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ကြောင်း အသံလွှင့်ဌာနမှ တစ်ဆင့်ကြေညာလိုက်သည်။ ဝန်ကြီးချုပ် မီးလားသည် စီးပွားရေးဝန်ကြီးအဖြစ်လည်း ပူးတွဲထမ်းဆောင်လျက်ရှိသူ ဖြစ်သည်။ ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သော်လည်း စီးပွားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခြင်း ရှိ၊ မရှိကိုမူ မကြေညာခဲ့ပေ။ စီးပွားရေးဆိုင်ရာ စီမံကိန်းတစ်ခုနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီး ဂိုက်ဒို ပင်နာနိုနှင့် သဘောထားကွဲလွဲသောကြောင့် ယင်းသို့ ရာထူးမှနုတ်ထွက်ခြင်း ဖြစ်ဖွယ်ရှိသည်ဟုဆိုသည်။

ပီရူးနိုင်ငံတွင် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကာလဝမ်းရောဂါ ပျံ့နှံ့ ဖြစ်ပွားခဲ့သည်။ နှစ်ပေါင်း ၃၀ အတွင်း အဆိုးဝါးဆုံး ကူးစက်ရောဂါဖြစ်ခဲ့သည်။ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ ၁၁,၀၇၅ ဦးရှိသည်ဟု ပီရူး ကျန်းမာရေးဝန်ကြီးဌာနကကြေညာသည်။ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိသည်။

အာဂျင်တီးနား

၁၉၈၉ ခုနှစ် မေလအတွင်းက ကျင်းပခဲ့သော အာဂျင်တီးနားနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် ပြူပြင်ပြောင်းလဲရေးပါတီခေါင်းဆောင် အက်ဒွါဒို အိန်ဂျယ်လော့ ရှုံးနိမ့်ခဲ့ပြီး ပရွန်နစ် ပါတီမှ ကာလို့စ် မီနန် အနိုင်ရရှိသည်။ သမ္မတ မီနန်က ရှုံး နိမ့် သွား သော အိန်ဂျယ်လော့အား မိမိ၏အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ အိန်ဂျယ်လော့က ကမ်းလှမ်းချက်ကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ငြင်းပယ်လိုက်သည်။

အာဂျင်တီးနား နိုင်ငံသည် ငွေ ကြေး ဖောင်း ပွ မှု ပြဿနာနှင့် ရင်ဆိုင်နေရသည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ကုန်စျေးနှုန်းများမှာ ၇၉ ဒသမ ၂ ရာခိုင်နှုန်းတက်လာသည်။ ဇန်နဝါရီလအတွင်း အာဂျင်တီးနားနိုင်ငံသုံးငွေ အော်စတယ်ရယ် ၁၀၀၀ သည် အမေရိကန်တွင် တစ်ဒေါ်လာနှင့် ညီမျှခဲ့သော်လည်း ဖေဖော်ဝါရီလတွင် အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော အာဂျင်တီးနား အော်စတယ်ရယ်ငွေမှာ ၅၀၀၀ ထိ ဖြစ်လာသည်။

ထိုအကျိုးဆက်များကြောင့် အာဂျင်တီးနားနိုင်ငံတွင် လုယက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့က အာဂျင်တီးနားနိုင်ငံ ဒုတိယမြို့တော် ရိုဆာရီရို၌ ဈေးကြီးဆိုင်ကြီးများတွင် လုယက်မှုများ ဖြစ်ပွားသဖြင့် လူ ၂၇ ဦး ဖမ်းဆီးခဲ့ရသည်။ ကော်ဒိုဗာပြည်နယ်နှင့် အခြားပြည်နယ်များတွင်လည်း အလားတူ ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ ထိုအခြေအနေများကြောင့် သမ္မတမီနန်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အရေးပေါ်အခြေအနေအမိန့်ကို ထုတ်ပြန်သည်။ လုယက်မှုများဖြစ်ပွားသော ဒေသများသို့ စားသောက်ကုန်များနှင့် ဖလှယ်ကူပွန်များကို ဖြန့်ဝေပေးခဲ့သည်။

ဗြိတိန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် စပိန်နိုင်ငံ မဒရစ်မြို့၌ အဆင့်မြင့်ဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့ပြီး ၁၉၈၂ ခုနှစ် ဖြိုလက ဖြစ်ပွား

ခဲ့သော ဖောက်ကလန်ကျန်း အရေးအခင်းကြောင့် ပျက်ပြားခဲ့ရသည့် သံတမန်အဆက်အသွယ်ကို ပြန်လည် ဆက်သွယ်လိုက်သည်။

ကျူးဗား

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျူးဗား နိုင်ငံသမ္မတ ကက်စထရိုသည် နှစ်သစ်ကူး မိန့်ခွန်းတစ်ရပ် ပြောကြားသည်။ မည်သည့်အရာကမျှ ကျူးဗားနိုင်ငံအား ဆိုရှယ်လစ်စနစ်မှ သွေဖည်စေနိုင် မည်မဟုတ်ကြောင်း၊ အရှေ့ဥရောပတွင် ဖြစ်ပေါ် နေသည့် အပြောင်းအလဲများက ကျူးဗားအစိုးရအား ယိမ်းယိုင်တိမ်းညွတ်စေမည် မဟုတ်ကြောင်း နှစ်သစ်ကူး မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသည်။

ကျူးဗားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဝင်အဖြစ် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ နှစ်နှစ် တာဝန်ထမ်းဆောင်သည်။ ရိုမေးနီးယားသမ္မတ နိုင်ငံ၊ ယီမင်သမ္မတနိုင်ငံ အိုင်ဗရီကိုစ်နှင့် ဇိုင်ယာနိုင်ငံ တို့နှင့်အတူ ထမ်းဆောင်ရခြင်း ဖြစ်သည်။ ကျူးဗား နိုင်ငံသည် ၁၉၅၉ ခုနှစ်က ဖီဒယ် ကက်စထရို အာဏာ ရရှိလာပြီးသည့်နောက် ပထမဆုံး အကြိမ်အဖြစ် ကုလ သမဂ္ဂ လုံခြုံရေး ကောင်စီဝင် ဖြစ်လာခြင်း ဖြစ်သည်။ ကုလသမဂ္ဂဆိုင်ရာ ကျူးဗားနိုင်ငံ သံအမတ်ကြီး ဒေါက် တာအော်စကာအိုရာမတ် စ်အော်လီဗာသည် ဖေဖော်ဝါ ရီလတွင် အလှည့်ကျသဘာပတိအဖြစ်တာဝန်ယူခဲ့သည်။ အလှည့်ကျ သဘာပတိတာဝန်ကို တစ် လ တစ် ကြိမ် ပြောင်းလဲသည်။

နိုင်ငံလုပ်ငန်း တာဝန်များတွင် အ လုပ် သမား ထု ပိုမိုပါဝင်လာရေးနှင့် ဒေသဆိုင်ရာခေါင်းဆောင်များ ရွေးချယ်ရာတွင် လိုလားသူကို ရွေးချယ်ပိုင်ခွင့်ရရှိရေး တို့ကို ခွင့်ပြုခြင်းဖြင့် အောက်ခြေ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုကို သိသာထင်ရှားစွာ ပြောင်းလဲ သွားမည်ဟု ကျူးဗားကွန်မြူနစ်ပါတီက ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ကြေညာသည်။ ယင်းသို့ ပြုပြင် ပြောင်းလဲခြင်းသည် ကျူး ဗား ကွန်မြူနစ်ပါတီ လှုပ်ရှား ဆောင်ရွက်မှုနှင့် တည်ဆောက်မှု တိုးတက် ကောင်းမွန်လာရေးအတွက် သမ္မတဖီဒယ်ကက်စထရိုက ၁၉၇၆ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ပါတီ၏အမှားများ ကင်းစင်ရေး လုပ်ငန်းစဉ်ကို ဆက်လက် ကျင့်သုံးခြင်း ဖြစ်သည်။

ကျူးဗားနိုင်ငံတွင် အခြေခံစားကွန်ပေါင်မုန့်ခဲတမ်း ကိုလျော့ချကာ ကြက်ဥစေ့ငန်းများကိုလည်း ဇန်နဝါရီ ၂၂ ရက် နေ့ က တိုးမြှင့်လိုက်လည်။ ဆို ဗီ ယက် ပြည်ထောင်စုမှ တင်သွင်းသောကျုံနှင့်အခြားသီးနှံများ အချိန်မီ ရောက်ရှိမလာခြင်းကြောင့် ယင်းသို့ဆောင်ရွက် ရခြင်းဖြစ်သည်။

အရှေ့ဥရောပ၌ နိုင်ငံရေး တစ်ဟုန်ထိုး ပြောင်းလဲမှု ဂယက်ကြောင့် ကျူးဗားနိုင်ငံ၏ စီးပွားရေးအကျပ် အတည်းဖြစ်မှု ကြီးထွားလာခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း အကဲခတ်သမားများက ဆိုကြသည်။ ဆိုဗီယက်နှင့်အခြား အရှေ့အုပ်စု နိုင်ငံများမှ သဘော်ဝများ ဝင်ရောက်မှုပြတ် လပ်ခဲ့သောကြောင့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ကျူးဗားနိုင်ငံထွက် သံပရာ၊ ရှောက်၊ လိမ္မော် စသည့် ချဉ်သီးတင်ပို့မှု အကြီးအကျယ် ကျဆင်းသွားခဲ့သည်။ ထို့ပြင် ကျူးဗားနိုင်ငံသည် ဂျုံစသည့် စားကုန်သီးနှံ များကို ကုန်ဖလှယ်မှုအစီအစဉ်ဖြင့် တင်သွင်းနေရာမှ နိုင်ငံခြားသုံးငွေပေး၍ ဝယ်ယူခဲ့ရသည်။

အစိုးရက ခြိုးခြံချွေတာရေး အစီအစဉ်များ ပြုလုပ်ခဲ့ သည်။ ထိုအစီအစဉ်များက ကျူးဗား နိုင်ငံသားများ အတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်စေခဲ့သည်။ ကျူးဗားနိုင်ငံ သားများသည် အခမဲ့ပညာသင်ကြားမှု၊ ကျန်းမာရေး စောင့်ရှောက်မှုရရှိပြီး စားနပ်ရိက္ခာ ပြတ်လပ်မှု မကြုံတွေ့ ခဲ့သော်လည်း စားကုန်ခဲတမ်း မလုံလောက်မှုကိုမူ ခက်ခဲ စွာ ဖြေရှင်းနေကြရသည်။

ကျူးဗားနိုင်ငံ၏ မဟာမိတ် အရှေ့အုပ်စုနိုင်ငံများ တွင် နိုင်ငံရေး စီးပွားရေး ပြုပြင် ပြောင်းလဲမှုများ ဖြစ်ပေါ် နေရာ ယင်း၏ဆိုးကျိုးများကိုကြုံကြိုခံရေးအတွက် အသင့်ရှိကြရန် ကျူးဗားသမ္မတ ဖီဒယ်ကက်စထရိုက နိုင်ငံသားများအား သတိပေးခဲ့သည်။

ကိုလုံးဗီးယား

ကိုလုံးဗီးယား နိုင်ငံတွင် လက်ရှိ အာဏာရပါတီဖြစ် သော လစ်ဘရယ်ပါတီမှ အသက် ၄၃ နှစ်ရှိ ဆီဇာဂါဗီရီ ယာသည် ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပြုလုပ် သော သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ အမျိုး သား ကယ်တင်ရေးတပ်မှ ဂိုမက်ရှ်ကို အနိုင်ရ၍ သမ္မတ အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ အနိုင်ရရှိသူ ဂါဗီရီယာသည် စီးပွားရေးပညာရှင် တစ်ဦးဖြစ်ပြီး ကိုလုံး ဗီးယားနိုင်ငံ၏ မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ပွဲကို ဆင် နွှဲ သွား မည် ဟု မဲဆန္ဒရှင်များအား ကြေညာခဲ့သူ ဖြစ်သည်။ ရှုံးနိမ့်သွားသူ ဂိုမက်ရှ်သည် မူးယစ်ဆေးဝါး မှောင်ခိုသူများနှင့် ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးမည်ဟု ပြောကြားခဲ့သူ ဖြစ်သည်။ သမ္မတ ရွေးကောက်ပွဲတွင် ဂါဗီရီယာက စုစုပေါင်းမဲ၏ ၄၇ ရာခိုင်နှုန်းရရှိပြီး ဂိုမက်ရှ် က ၂၄ ရာခိုင်နှုန်းရရှိသည်။ အရွေးခံထားရသူ သမ္မတ

ဂါဗီရီယာသည် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၇ ရက်နေ့တွင် သမ္မတ ရာထူးကို လက်ခံသည်။

မူးယစ်ဆေးဝါးဂိုဏ်းများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည့် ကြားမှပင် ကိုလုံးဗီးယားပြည်သူသန်းပေါင်းများစွာတို့က သမ္မတ ရွေးကောက်ပွဲ၌ မကြောက်မရွံ့ မဲပေးခဲ့ကြသည်။ သမ္မတရွေးကောက်ပွဲကာလအတွင်း မူးယစ်ဆေးဝါးလူဆိုးဂိုဏ်းများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် လူပေါင်းများစွာသေကြေခဲ့သည်။ ကိုလုံးဗီးယားသမ္မတရွေးကောက်ပွဲ သမိုင်းတွင် သွေးထွက်သံယိုမှု အများဆုံးဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဖြစ်သည်။

သမ္မတ ဆီဇာဂါဗီရီယာက ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအတွင်းတွင် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ကိုင်သူများအား စကားကမ်းလှမ်းခဲ့သည်။ သမ္မတ၏စကားကမ်းလှမ်းချက်အရ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းလုပ်ကိုင်သူများသည် မိမိကိုယ်မိမိ အဖမ်းခံပါက ထောင်ဒဏ်ထက်ဝက် လျှော့ပေါ့ပေးမည့်အပြင် အခြားနိုင်ငံများက မူးယစ်ဆေးဝါးမှဖြင့် အလိုရှိပါက လွှဲပြောင်းပေးမှုမျိုး မပြုလုပ်ဘဲ ထားရှိပေးမည်ဖြစ်သည်။ ယင်းကမ်းလှမ်းချက် ရက်သတ္တပတ် ခြောက်ပတ်မြောက်တွင် ကိုလုံးဗီးယားအနောက်ပိုင်း ပီရီယာမြို့၌ အသက် ၂၄ နှစ်အရွယ်ရှိ လူငယ်တစ်ဦး အစိုးရထံလာရောက်အဖမ်းခံခဲ့သည်။ ထိုလူငယ်က ကိုကင်းများ အမေရိကန်သို့ တင်ပို့ခဲ့ကြောင်း ဝန်ခံသည်။ ထို့ပြင် ကိုလုံးဗီးယားရှိ ခါးပိုက်ဆောင်တပ်များနှင့်ပတ်သက်မှုရှိကြောင်းဖြင့်လည်း ပြောကြားသည်။ ခါးပိုက်ဆောင်တပ်များအား ကိုလုံးဗီးယားရှိ မူးယစ်ဆေးဝါးဂိုဏ်းကြီးများက ငွေကြေး ထောက်ပံ့ထားသည်။

သမ္မတဆီဇာဂါဗီရီယာသည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ခွန် (War tax) ကောက်ခံရေး အမိန့်ကို ထုတ်ပြန်သည်။စစ်ခွန်ကောက်ခံခြင်းမှာ သမ္မတဆီဇာဂါဗီရီယာအနေဖြင့် နှစ်ပေါင်း ၃၀ လက်နက်ကိုင် ပုန်ကန်နေသော အကြမ်းဖက် ပြောက်ကျားများအား နှိမ်နင်းရန် စစ်သုံးယာဉ်များ၊ လက်နက်များ ဝယ်ယူရန်ဖြစ်သည်။

၁၉၉၁ ခုနှစ်အတွင်းတွင် ကိုလုံးဗီးယားနိုင်ငံ၌ အမျိုးသားလွတ်မြောက်ရေးတပ် အမည်ရှိ ပြောက်ကျားအဖွဲ့နှင့် ကိုလုံးဗီးယားလက်နက်ကိုင် တော်လှန်ရေးတပ်အမည်ရှိ ပြောက်ကျားအဖွဲ့ နှစ်ဖွဲ့တို့ပူးပေါင်း၍ ကိုလုံးဗီးယားအစိုးရတပ်အား တိုက်ခိုက်ရာမှ တိုက်ပွဲဖြစ်ပွားရာ ပြောက်ကျားများ၊ အစိုးရတပ်သားများနှင့် အရပ်သားစုစုပေါင်း ၃၀၀ ကျော် သေဆုံးခဲ့သည်။

ကိုလုံးဗီးယားနိုင်ငံတွင် ၁၉၉၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ အနက် ကိုကင်းဖမ်းဆီးမှု ပမာဏမှာ ကိုကင်းပေါင်း ၂၅,၃၀၀ ပေါင် (၁၁,၄၆၀) ကီလို ဖြစ်သည်။ ၁၉၉၁ ခုနှစ် အတွင်း မူးယစ်ဆေးဝါး ချက်လုပ်သော စက်ရုံ ၁၈ ရုံကို သမ္မတ ဆီဇာဂါဗီရီယာ အစိုးရက ဖျက် ဆီး ပစ် နိုင် ခဲ့ သည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူ ၁၀၈ ဦးကို ဖမ်းဆီးခဲ့သည်။ မူးယစ်ဆေးဝါး လူဆိုးဂိုဏ်းများ၏ သေနတ် လက်နက် အမြောက်အမြားကိုလည်း သိမ်းဆည်းနိုင်ခဲ့သည်။

လက်တင် အမေရိကနိုင်ငံများ၏ စီးပွားရေး အခြေအနေကို ခြုံ၍ သုံးသပ်ပြရာတွင် ၁၉၉၀ ပြည့်နှစ်စီးပွားရေး အခြေအနေသည် နောက်ထပ်တစ်နှစ်ဆက်၍ စီးပွားရေး သိသိသာသာ ကျဆင်းမှု၊ ငွေဖောင်းပွမှု မြင့်မားမှုနှင့် ကြုံတွေ့နေဦးမည့် သဘော ရှိ ကြောင်း ကုလသမဂ္ဂ အောက်စီတစ်ခုက ပြောကြားသည်။

ဆန်တီယာဂိုတွင် အခြေစိုက်သည့် လက်တင်အမေရိက ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် (အီးစီအယ်လ်အေ) က ထုတ်ဖော်ပြောကြားရာတွင် ဒေသဆိုင်ရာ စုစုပေါင်း ထုတ်ကုန်သည် ယခုနှစ်တွင် ၁ ရာခိုင်နှုန်း နီးပါးခန့် ကျဆင်းကောင်း ကျဆင်းဖွယ်ရှိသည်ဟု ဆိုသည်။

၁၉၉၀ ပြည့်နှစ် ဒေသဆိုင်ရာ စီးပွားရေးစုံမ်းရည်နှင့် စပ်လျဉ်းသည့် အဆိုပါအေဂျင်စီ၏ ရှေးဦးအစီရင်ခံစာကို တင်ပြရာတွင် လက်တင် အမေရိကဆိုင်ရာ စီးပွားရေး ကော်မရှင်အမှုဆောင်အတွင်းရေးမှူး ဂတ်ရိုင်ဆင်သယ်က ပြောကြားသွားခြင်းဖြစ်သည်။

အာဂျင်တီးနား၊ ဗရာဇီးနှင့် ပီရူးကဲ့သို့သော နိုင်ငံများသည် ကိုက်ညီထားသော စီးပွားရေးအစီအစဉ်များကို ဆက်လက် ဆောင်ရွက်လျက် ရှိကြကြောင်း ၎င်းက ထောက်ပြ ပြောဆိုသွားသည်။

ငွေကြေးဖောင်းပွမှု ဆက် လက် မြင့်တက်နေခြင်းက ပီရူး၊ နီကရာဂွာ၊ အာဂျင်တီးနားနှင့် ဗရာဇီးနိုင်ငံများအပါအဝင် နိုင်ငံအတော်များများတွင် စီးပွားရေးကပ်ဆိုက်ရောက်လျက် ရှိသည်။

ပို့ကုန်စျေးနှုန်းများ အဆက်မပြတ် ကျဆင်းနေမှုကြောင့် လက်တင်အမေရိကနိုင်ငံ အများစုတွင် စီးပွားရေး ပြန်လည်ဦးမော့ရေး ကြိုး ပမ်း မှု များ ကို ဆောင်ရွက်နေရကြောင်းဖြင့် ရိုင်ဆင်သယ်က ပြောကြားသွားသည်။

ဦးအုန်းလွင်

လက်ဗန္ဓန်နိုင်ငံ။ ။ လက်ဗန္ဓန်နိုင်ငံသမ္မတ အာမင် ဂျမားယယ်သည် သက်တမ်းစေ့သဖြင့် ရာထူးမှနုတ်ထွက်ရမည်ဖြစ်ရာ သမ္မတသစ် တင်မြှောက်ရေးအတွက် ပါလီမန်

အစည်းအဝေး ခေါ်ယူသောအခါ ခရစ်ယာန်ဘာသာဝင်များနှင့် မူဆလင်ဘာသာဝင်များ မညီညွတ်ကြသောကြောင့် လိုအပ်သည့် အရေအတွက် ပြည့်မြောက်အောင် အမတ်များမတက်ရောက်ကြပေ။ နောက်ဆုံး၌ မာရွန်နိုက် ခရစ်ယာန် ဗိုလ်ချုပ်ကြီး အေယွန်ကို ၁၉၇၈ ခုနှစ် စက်တင်ဘာလ၌ အုပ်ချုပ်ရေးအာဏာ အပ်နှင်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉–စာ၊ ၂၆၄—ရှု။)

အေယွန်သည် လွတ်တော်နှင့် အဆက်အစပ်မရှိ မိမိသဘောအတိုင်း အုပ်ချုပ်နေခဲ့ပြီး ပါလီမန်ကို ဖျက်သိမ်းကြောင်း ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ပါလီမန်အမတ်အများစုက အေယွန်ကို အသိအမှတ်မပြုဘဲ မာရွန်နိုက် ခရစ်ယာန်ဖြစ်သော ရေနီမူအာဝပ်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ပါလီမန်၏လုပ်ရပ်ကို အေယွန်က ပြစ်တင်ဝေဖန်ခဲ့သည်။ ထိုအတောအတွင်း ကာကွယ်ရေးဝန်ကြီးအေယွန်၏နေရာတွင် ဗိုလ်ချုပ်ကြီး အီမီလာယွတ်ကို ခန့်ထားလိုက်သည်။ ပညာရေးဝန်ကြီး ဆလင် ဟွိုစ်အားဝန်ကြီးချုပ်အဖြစ် သမ္မတကခန့်အပ်ပြီး ဝန်ကြီး ၁၄ ဦး ပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ အေယွန်၏ အစိုးရကို တရားမဝင်ဟု ကြေညာလိုက်ပြီး အေယွန်ကိုလည်း အရေးယူမည်ဟု ပြောကြားသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သမ္မတ မူအာဝပ်သည် လုပ်ကြံခံရ၍ ကွယ်လွန်သွားရာ ၎င်း၏နေရာတွင် မာရွန်နိုက်ခရစ်ယာန်အမတ်အဲလီယက်စ်ဟာရာဝီကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀–စာ၊ ၂၉၈၊ ၂၉၉—ရှု။)

လက်ဗန္ဓနန်ဒိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး မိရှယ်အေယွန်သည် မိမိကိုယ်မိမိ လက်ဗန္ဓနန်ဒိုင်ငံ၏ ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ကြေညာခဲ့သူဖြစ်သည်။ ဂျီယာဂါ ဦးဆောင်သည့် လက်ဗန္ဓနတပ်ဖွဲ့ ပြည်သူ့စစ် (အယ်အက်ဖ်) နှင့် ဗိုလ်ချုပ်ကြီးမိရှယ်အေယွန်၏ စစ်တပ်ဖွဲ့ဝင်များအကြား ၁၉၉၀ ပြည့်နှစ်ဇန်နဝါရီလ ၃၀ ရက်နေ့တွင်တိုက်ပွဲငယ်များ စတင်ဖြစ်ပွားခဲ့သည်။ အကြောင်းမှာ ဗိုလ်ချုပ်ကြီး အေယွန်က လက်ဗန္ဓနတပ်ဖွဲ့ ပြည်သူ့စစ် (အယ်အက်ဖ်)ကို ဖျက်သိမ်းရန် အမိန့်ပေးခဲ့သောကြောင့် ဖြစ်သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အေယွန်၏ တပ်ဖွဲ့များက တင့်ကားများဖြင့် ဦးဆောင်လျက် ခရစ်ယာန်တို့ ကြီးစိုးသည့် ဒေသတွင်ရှိသည့် လက်ဗန္ဓနတပ်ဖွဲ့ ပြည်သူ့စစ်စခန်းများကို စစ်ရှိန်မြှင့်၍ ဆင်နွှဲတိုက်ခိုက်ခဲ့သည်။ တိုက်ပွဲတွင် ၅၂ ဦး သေဆုံး၍ ၁၉၀ ဒဏ်ရာရရှိသည်။ အေယွန်နှင့် အယ်အက်ဖ် ခေါင်းဆောင် ဂျီယာဂါတို့ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့သော်လည်း နောက်တစ်နေ့တွင် သဘောတူညီမှု ကျိုးပျက်ခဲ့သည်။

အေယွန်၏တပ်ဖွဲ့များသည် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဘေရွတ်မြို့ပြင်မြောက်ဘက် ၁၀ ကီလိုမီတာအကွာရှိ အယ်အက်ဖ်တပ်ဖွဲ့တို့ ထိန်းချုပ်ထားသည့် ကမ်းမြောင် ဒေသ ဒဘာယတ်ကျေးရွာသို့ တိုး၍ ချီတက်ခဲ့သည်။ နှစ်ရက်ကြာ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားပြီးနောက် စစ်တပ်တပ်ဖွဲ့ဝင်များသည် ဒဘာယတ်နှင့် ဝန်းကျင်ရှိ အယ်အက်ဖ်တပ်ဖွဲ့တို့၏ စစ်စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါကျေးရွာသည် အယ်အက်ဖ် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေး လမ်းကြောင်းအဖြစ် စစ်ရေးဗျူဟာအရ အရေးပါသည့်နေရာဖြစ်သည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အေယွန်၏ တပ်ဖွဲ့မှူးသည် ဘေရွတ်မြို့အရှေ့ပိုင်း အယ်အက်ဖ်တို့ ထိန်းချုပ်ထားသည့် နယ်မြေကို တင့်ကားများဖြင့် ထိုးစစ်အသစ် ဆင်နွှဲခဲ့သည်။

အေယွန်နှင့် ဂျီယာဂါတို့သည် တိုက်ခိုက်မှုများကို အဆုံးသတ်စေမည့် အချက် ၆ ချက်ပါစာချုပ်ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် သဘောတူညီခဲ့သည်။ ယင်းစာချုပ်ကို မာရွန်နိုက်ကော်မတီက ကြားဝင်စေ့စပ်ပေးခဲ့ခြင်း ဖြစ်သည်။ ခရစ်ယာန်များကြီးစိုးသည့်ဒေသတွင် အေယွန်က စစ်ရေးအရ အသာစီးရမှုကို အဆိုပါစာချုပ်က ထောက်ခံထားပြီး အယ်အက်ဖ်၏ ဆက်လက်ရပ်တည်ခွင့်ကိုလည်း အသိအမှတ်ပြုထားသည်။ သို့သော် မတ်လ ၁ ရက်နှင့် ၉ ရက်နေ့များတွင် အေယွန်နှင့် ဂျီယာဂါတပ်ဖွဲ့များကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကြပြန်သည်။ အနောက်ဘေရွတ်ကိုအခြေစိုက်သည့် ခရစ်ယာန်သမ္မတဖြစ်သူ အဲလီယက်စ် ဟာရာဝီကလည်း အေယွန်အနေဖြင့် သမ္မတနန်းတော်နှင့် စစ်ဌာနချုပ်ကို မစွန့်လွှတ်သမျှကာလပတ်လုံး ၎င်းနှင့်တစ်စုံတစ်ရာ အပေးအယူ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

မာရွန်နိုက်ခရစ်ယာန် အကြီးအကဲဖြစ်သူ တရားသူကြီး နက်စ်ရွလာ စဖဲယားက ၎င်း၏နန်းတော်တွင် ကျင်းပမည့် ငြိမ်းချမ်းရေး ညီလာခံသို့ ခရစ်ယာန်ခေါင်းဆောင်များအား ၁၉၉၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်လိုက်သည်။ ခရစ်ယာန်ခေါင်းဆောင်များက သမ္မတဟာရာဝီအား လက်ဗန္ဓနန်ပြဿနာတွင် ကြားဝင်ဆောင်ရွက်ပေးရေးအတွက်တောင်းဆိုရန် သဘောတူညီကြသည်။ အေယွန်က ညီလာခံသို့တက်ရောက်ရန်ငြင်းဆိုပြီး ၎င်း၏တပ်ဖွဲ့များက အစည်းအဝေးမကျင်းပမီ နာရီပိုင်းအလိုတွင် မာယွန်နိုက်ခရစ်ယာန်



ပြည်တွင်းစစ်ဒဏ်ခံနေရသော လက်ဗန္ဓနိုင်ငံ



မာရွန်နိုက်ခရစ်ယာန် ဗိုလ်ချုပ်ကြီးအေယွန်

အကြီးအကဲ၏ နန်းတော်ကိုလက်နက်များဖြင့် ပစ်ခတ်သည်။

လက်ဗန္ဓနတပ်ဖွဲ့ ပြည်သူ့စစ် (အယ်အက်ဖ်) ခေါင်းဆောင် ဂျီယာဂါက ဆီး ရီး ယား တို့ ထောက် ခံ သော သမ္မတဟာရာဝီ၏ အစိုးရကို အသိအမှတ်ပြုကြောင်း ဧပြီလ ၃ ရက်နေ့တွင် ကြေညာသည်။ ထို့ပြင် လက်ဗန္ဓန်ငြိမ်းချမ်းရေးအစီအစဉ်ဆိုင်ရာ တိုင်ဖာသဘောတူညီချက်ကို လက်ခံကြောင်းကိုလည်း ကြေညာသည်။ ၎င်းသဘောတူညီချက်မှာ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဆအူးဒီအာရေဗျနိုင်ငံတိုင်ဖာတွင် လက်ဗန္ဓန်ပါလီမန်က သဘောတူညီခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တိုင်ဖာသဘောတူညီမှုကို မိမိကိုယ်ကို ကြားဖြတ်အစိုးရဝန်ကြီးချုပ် အဖြစ် ကြေညာခဲ့သည့် ဗိုလ်ချုပ်ကြီး အေယွန်က ဆန့်ကျင်သည်။

ခရစ်ယာန်တို့နေထိုင်ရာ မြောက်ပိုင်းနှင့် ဘေရွတ်မြို့အရှေ့မြောက်ပိုင်းကို ထိန်းချုပ်နိုင်ရေးအတွက် တပ်သား ၁၅,၀၀၀ ရှိသောအေယွန်၏တပ်ဖွဲ့များနှင့်တပ်သား ၆၀၀၀ ရှိ ဂျီယာဂါ၏တပ်ဖွဲ့တို့ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက် အထိက မော်တာများ၊ တင့်ကားများနှင့် ဒုံးကျည် အားသုံး လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြရာ လေးလတာအတွင်း အပစ်အခတ်ရပ်စဲမှုကို အဆိုးရွားဆုံး ချိုးဖောက်လိုက်သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် အနည်းဆုံး လူ ၁,၀၄၅ ဦးသေဆုံးပြီး ၂,၂၉၈ ဦး ဒဏ်ရာရရှိခဲ့သည်။

အေယွန်အဖို့ ယင်းတိုက်ပွဲများကြောင့် ၎င်း၏ လေတပ်နှင့် ပင်လယ်ထွက်ပေါက်အားလုံးကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ဂျီယာဂါ၏တပ်သားများမှာ ခရစ်ယာန် ဒေသ၏ ၈၀ ရာခိုင်နှုန်းကိုထိန်းချုပ်နိုင်ခဲ့သည်။ လက်ဗန္ဓန်သမ္မတဟာရာဝီ၏ တပ်မတော်ကလည်း ဗိုလ်ချုပ်ကြီး အေယွန် လက်နက်ချအညံ့ခံလာစေရေးအတွက် အစာရေစာ ပြတ်လပ်သွားစေရန် ကြိုးပမ်းသည့် အနေဖြင့် အေယွန် ထိန်းချုပ်ထားသည့် ခရစ်ယာန်တို့၏နေထိုင်ရာ ဒေသတွင်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သော စခန်းများ အားလုံးကို ပိတ်ပစ်လိုက်သည်။

ယင်းသို့ အခြေအနေရှိနေရာမှ ဆီးရီးယားစစ်လေယာဉ်များနှင့် အမြောက်ကြီးများက ဗိုလ်ချုပ်ကြီး အေယွန်၏ဌာနချုပ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အေယွန် သည် ဆီးရီးယားတို့ထောက်ခံအားပေးသည့် အစိုးရအား ၁၁ လကြာ ပုန်ကန်ဆန့်ကျင်နေမှုကို ၁၉၉၀ ပြည့်နှစ်

အောက်တိုဘာလ ၁၂ ရက်နေ့က လက်နက်ချအည့်ခံလိုက်သည်။ တိုက်ပွဲတွင် လူ ၃၅၀ ခန့်သေဆုံးပြီး ၁,၂၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

အေယွန်၏လှုပ်ရှားမှုများ ပြိုကွဲပျက်စီးသွားပြီးဖြစ်သဖြင့် လက်ဗန္ဓန်၏ ၁၅ နှစ်ကြာ ပြည်တွင်းစစ်မှာ ပြီးဆုံးလုနီးပါးဖြစ်သွားပြီဖြစ်သည်။ အေယွန်မှာပြင်သစ်သံရုံးသို့ ထွက်ပြေးခိုလှုံခဲ့ရာ ပြင်သစ်သံရုံးက ၎င်းအား နိုင်ငံရေးခိုလှုံခွင့်ပြုခဲ့သည်။ သမ္မတဟရာဝီ၏အစိုးရအား အည့်ခံရန် ၎င်း၏တပ်များအား အေယွန်က အမိန့်ပေးခဲ့သည်။

လက်ဗန္ဓန် ခရစ်ယာန်နှင့် မူဆလင်ခေါင်းဆောင်များက သမ္မတ ဟရာဝီအား ထောက်ခံကြောင်းဖော်ပြလိုက်ပြီး လက်ဗန္ဓန်လူမျိုး ၁,၅၀,၀၀၀ သေဆုံးခဲ့ရသည့် လက်ဗန္ဓန် ပြည်တွင်းစစ်အဆုံးသတ်ရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ ဘေရွတ်ရှိ မူဆလင်နှင့် ခရစ်ယာန်တို့အား ပိုင်းခြားထားသည့် ဒေသများအကြားရှိ လမ်းဆုံများကို ပြန်လည်ဖွင့်လှစ်ရန် လက်ဗန္ဓန်အစိုးရက အောက်တိုဘာလ ၁၃ ရက်နေ့တွင် အမိန့်ပေးလိုက်သည်။

ဗိုလ်ချုပ်ကြီး အေယွန်သည် ဘေရွတ်မြို့ ပြင်သစ်သံရုံး၌ ရက်သတ္တတစ်ပတ်နီးပါး ခိုလှုံခဲ့ပြီးနောက် မိသားစုများ လက်ထောက်များနှင့်အတူပြင်သစ်စစ်လေယာဉ်ကြီးနှစ်စင်းဖြင့်ဘေရွတ်မြို့မှ ထွက်ခွာသွားခဲ့သည်။ ပြင်သစ်နိုင်ငံကမူ ဗိုလ်ချုပ်ကြီးအေယွန်အား နိုင်ငံရေးခိုလှုံခွင့်ပေးထားခဲ့သည်။ လက်ဗန္ဓန်အစိုးရအနေဖြင့် အေယွန်ကို ထွက်ခွာခွင့်မပေးဘဲ ရုံးတင်စစ်ဆေးရန် အလိုရှိသည်။

လက်ဗန္ဓန် အစိုးရသည် ဆီးရီးယား တပ်ဖွဲ့များ၏ အကူအညီဖြင့် ဗိုလ်ချုပ်ကြီး အေယွန်၏ တပ်ဖွဲ့များကို တိုက်ခိုက် ချေမှုန်းခဲ့ပြီးနောက် ဘေရွတ်အား စစ်မဲ့မြို့တော်အဖြစ် ထူထောင်ရေးအစီအစဉ်ကို ကြေညာခဲ့သည်။ လက်ဗန္ဓန် ပြည်တွင်းစစ် အဆုံးသတ်ရေး အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် ဘေရွတ်အား စစ်မဲ့ဇုန် သတ်မှတ်ရေးအတွက် မူဆလင်နှင့် ခရစ်ယာန်ပြည်သူစစ်တပ်ဖွဲ့ဝင်အားလုံး ဘေရွတ်မှ ရုပ်သိမ်းရန် ကြိုးပမ်းခဲ့သည်။ နိုင်ငံရှိပြည်သူစစ်အဖွဲ့များအားလုံး ဖျက်သိမ်းပြီး ၁၅ နှစ်ကြာ ပြည်တွင်းစစ် အဆုံးသတ်ရေး အတွက် ဆောင်ရွက်သွားရန် သမ္မတ ဟရာဝီက ပြောကြားသည်။

သမ္မတဟရာဝီက မဟာဘေရွတ်မြို့အဖြစ် ကမ်းရိုးတန်းတစ်လျှောက် ၁၅ မိုင် အလျားရှိ နေရာဒေသများကို သတ်မှတ်ထားသည်။ ယင်း မဟာဘေရွတ်မြို့ အတွင်းအရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့စွန်များပါ ပါဝင်ပြီး ယင်းဒေသအတွင်း၌ ပြည်သူစစ်များ လုံးဝမရှိစေရန် စီစဉ်ထားသည်။ အီရန်လိုလားသည့် ဟစ်ဇဗိုလာ အုပ်စုနှင့် ဆီးရီးယားထောက်ခံသည့် အာမဲပြည်သူစစ်အဖွဲ့တို့သည် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်နေ့ ညသန်းခေါင်ယံ အချိန်တွင် အပစ်အခတ် ရပ်စဲရေးကို ကြေညာခဲ့သည်။ ခရစ်ယာန် ပြည်သူစစ်များကလည်း ၎င်းတို့၏ ဘေရွတ်ခံတပ်ကို လက်ဗန္ဓန် တပ်မတော်သို့ ပြန်လည်လွှဲပြောင်းပေးရန် ပြင်ဆင်ခဲ့သည်။ လက်ဗန္ဓန် ဝန်ကြီးချုပ် ဆလင်ဟို့စ်သည် ၎င်း၏ အစိုးရအဖွဲ့ နုတ်ထွက်လွှာကို ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၉ ရက်တွင် တင်သွင်းပြီး ပြည်တွင်းစစ် ချုပ်ငြိမ်းရေး တာဝန်ယူမည့် အမျိုးသားပြန်လည်သင့်မြတ်ရေး အစိုးရသစ် ဖွဲ့စည်းရန် လမ်းဖွင့်ပေးလိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလတွင်ပင် သမ္မတရွေးကောက်ပွဲပြုလုပ်ခဲ့ရာ ဟရာဝီပြန်လည်အရွေးခံရသည်။ သမ္မတဟရာဝီက ဗိုလ်ချုပ်ကြီး အီမေးလ်လာဟာဒ်အား လက်ဗန္ဓန် တပ်မတော် တပ်မှူးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။

၁၉၉၁ ခုနှစ် ဖေဖြေလ ၁၂ ရက်နေ့တွင် သမ္မတဟရာဝီက လက်ဗန္ဓန်နိုင်ငံတွင် ၁၆ နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ပထမဦးဆုံးသော ငြိမ်းချမ်းရေးနှစ်သစ် အစပျိုးနေပြီ ဖြစ်ကြောင်း ထုတ်ပြန် ကြေညာလိုက်ပြီး လက်ဗန္ဓန်တောင်ပိုင်းမှ အစွန်ရေးတို့ ရုပ်သိမ်းရန်ကိုလည်း တောင်းဆိုလိုက်သည်။ ဧပြီလကုန်တွင် လက်ဗန္ဓန်ရှိ ပြည်သူစစ်အဖွဲ့အစည်းအားလုံး လက်နက် ဖျက်သိမ်းရန် သမ္မတဟရာဝီက အမိန့်ပေးထားသည်။ လက်ဗန္ဓန်ရှိ အခြားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှာ ပီအယ်အို ပြောက်ကျားများပင်ဖြစ်သည်။ ၎င်းတို့သည် လက်ဗန္ဓန် ပြည်တွင်းစစ်၏ အဓိက အကြောင်းရင်း တစ်ရပ်ပင်ဖြစ်သည်။ သမ္မတဟရာဝီအစိုးရသည် ဗဟိုအစိုးရအာဏာကို တဖြည်းဖြည်း ပြန်လည်၍ ထူထောင်လျက်ရှိရာ အခြားသောပဋိပက္ခလိုက ခါးပိုက်ဆောင်တပ်ဖွဲ့များ လက်နက် ဖျက်သိမ်းပေးခဲ့သည့်နည်းတူ ပီအယ်အို့တို့အား လက်နက် ချစေရန် ဆန္ဒရှိခဲ့သည်။ သို့ရာတွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ပြောက်ကျားတို့က လက်နက်စွန့်လွှတ်မည် မဟုတ်ကြောင်း ပြောကြားသည်။ လက်ဗန္ဓန် တစ်နိုင်ငံလုံး၌ အစိုးရအချုပ်အခြာ အာဏာစက်ပျိန်ရေးအတွက်ကိုမူ ပီအယ်အိုက ပါဝင်ကူညီမည်ဟု ဆိုသည်။

လက်ဗန္ဓန် သမ္မတ ဟရာဝီနှင့် ဆီးရီးယား သမ္မတ အာဆတ်တို့သည် ဆီးရီးယားမြို့တော် ဒမတ်စကတ်ရှိ သမ္မတနန်းတော်၌ ၁၉၉၁ ခုနှစ် မေလ ၂၂ ရက်နေ့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ယင်းစာချုပ်သည် စစ်ဘေးသင့် လက်ဗန္ဓန်နိုင်ငံကို ဖက်ပြိုင်တိုက်ခိုက်နေသော အုပ်စု

အသီးသီးမှ လက်ဗန္ဓန်အစိုးရလက်သို့ လွှဲပြောင်းပေးရန် အာရပ်အဖွဲ့ချုပ်၏ အစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စာချုပ်တွင် လက်ဗန္ဓန်နှင့် ဆီးရီးယားနှစ်နိုင်ငံ အကြားလုံခြုံရေး၊ ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် ပညာရေးနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှုများ ပြုလုပ်ရန် ဖော်ပြထားသည်။ အဆိုပါ စာချုပ်ကို လက်ဗန္ဓန်ပါလီမန်က မေလ ၂၇ ရက်နေ့တွင် ထောက်ခံအတည်ပြုလိုက်သည်။ အဆိုပါစာချုပ် ချုပ်ဆိုခဲ့ခြင်းကို အစွဖေးနှင့် လက်ဗန္ဓန် ခရစ်ယာန်များက ကန့်ကွက်ကြသည်။ ယင်းစာချုပ် ချုပ်ဆိုလိုက်ခြင်းဖြင့် လက်ဗန္ဓန်ကို ဆီးရီးယား၏ဩဇာခံ ဂြိုဟ်ရုံနိုင်ငံအဖြစ် ရောက်ရှိသွားစေသည်ဟု ၎င်းတို့က ပြောကြားသည်။

ယခုအခါ လက်ဗန္ဓန်နိုင်ငံ၏ ဒေသအများအပြားကို ထိန်းချုပ်ထားသည့် အင်အားကြီးမားသော ပြည်သူ့စစ်အဖွဲ့များကို လက်နက်များ ဖျက်သိမ်းလျက် ရှိသည်။ လက်ဗန္ဓန်တောင်ပိုင်းတွင် ပြည်သူ့စစ်အဖွဲ့ဝင် အင်အား ၃၀၀၀ ကျော်ရှိရာ လက်ဗန္ဓန်တပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ၎င်းတို့ကို အစွဖေးနိုင်ငံက ဌေးကြေးနှင့် စစ်လက်နက်ရိက္ခာပစ္စည်းများကို ထောက်ပံ့ကူညီပေးထားသည်။ အစွဖေးတို့ သိမ်းယူထားသော လုံခြုံရေးဇုန်နှင့် ကျန်လက်ဗန္ဓန် နယ်ပယ်များအကြားတွင် နိုင်ငံကိုးနိုင်ငံမှ အဖွဲ့ဝင် ၆,၈၀၀ ပါဝင်သော ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့က ကင်းလှည့် စောင့်ကြပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် လက်ဗန္ဓန် တပ်မတော်သည် လက်ဗန္ဓန်နိုင်ငံ၏ လေးပုံတစ်ပုံကို ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

သဘာဝဘေးဒဏ် (၁၉၉၀–၉၁) ။ ။ကမ္ဘာအရပ်ရပ်တွင် ငလျင်လှုပ်ခြင်း၊ မိုးကြိုးရေလျှံခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခြင်းစသည့်သဘာဝဘေးဒဏ်ကြောင့်ကြီးမားလှသော ပျက်စီးဆုံးရှုံးမှုများနှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည်။

ငလျင် –နယူးဇီလန်နိုင်ငံမြောက်ပိုင်းတွင် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ရစ်ချ်တာစကေး ၆ ရှိသော ငလျင်တစ်ခု လှုပ်သွားခဲ့ရာ အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့သည်။

ဆူဒန်နိုင်ငံတောင်ပိုင်းတွင် မေလ ၂၀ ရက်နေ့နှင့် ၂၄ ရက်နေ့များ၌ ပေါ်ပေါက်ခဲ့သော ငလျင်နှစ်ခုသည်လည်း အင်အားပြင်းထန်ခဲ့သည်။ ၁၉၈၈ ခုနှစ်က လူပေါင်း ၂၅,၀၀၀ ကျော်သေဆုံးခဲ့သည့် ငလျင်ကြီးပေါ်ပေါက်ခဲ့သော ဆိုဗီယက်ပြည်ထောင်စု အာမေးနီးယား ဒေသတွင် မေလ ၂၇ ရက်နေ့က ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့သဖြင့် ကျေးရွာအချို့ ပျက်စီးသွားသည်။

ပီရူးနိုင်ငံ အရှေ့မြောက်ပိုင်း တောတောင်ထူထပ်ရာ ဒေသတွင် မေလ ၃၀ ရက်နေ့က အင်အားပြင်းထန်သော ငလျင်တစ်ခု ပေါ် ပေါက်ခဲ့ရာ စုစုပေါင်း ၁၃၅ ဦးသေဆုံး၍ ရာပေါင်းများစွာ ဒဏ်ရာရရှိသွားခဲ့ကြသည်။ ထိုနေ့မှာပင် ရိုမေးနီးယားနိုင်ငံတွင် လှုပ်သွားသော ငလျင်ကြောင့် လူခြောက်ဦး သေဆုံး၍ ၇၀ ဦးဒဏ်ရာရရှိခဲ့ကြသည်။


ဇွန်လ ၂၁ ရက်နေ့တွင် အီရန်နိုင်ငံအနောက်မြောက်ပိုင်း၌ အလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်သွားခဲ့ရာ လူ ၅၀,၀၀၀ ကျော်သေဆုံးခဲ့သည်။ ငလျင်ကိုတီဟီရန်မြို့၊ အီဒင်ဘာရာမြို့၊ စကော့တလန်နိုင်ငံ၊ ကိုလိုရာဒိုပြည်နယ်များရှိ တိုင်းတာရေးစခန်း အသီးသီးမှ တိုင်းတာခဲ့ကြရာ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၃မှ ၇ ဒသမ ၇ အထိ ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူပေါင်းမှာလည်း တစ်သိန်းကျော်ရှိခဲ့ရာ ၁၉၇၈ ခုနှစ်က လူ ၂၅,၀၀၀ ကျော်သေဆုံးခဲ့သောငလျင်ထက်ပင် ပိုမိုဆိုးရွားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်းတွင် ဇူလိုင်လ ၁၆ ရက်နေ့က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသော ငလျင်ပြင်းတစ်ခု လှုပ်သွားရာ တံတားများ၊ အဝေးပြေးလမ်းမကြီးများနှင့် အဆောက်အအုံများမှာ ပြိုကျပျက်စီးခဲ့ပြီး လူ ၁,၆၅၀ သေဆုံး၍ ၃၀၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

အက်ကွာဒေါနိုင်ငံ ကိုဒိုမြို့ မြောက်ဘက်တွင် ဩဂုတ်လ ၁၀ ရက်နေ့က ငလျင်လှုပ်၍မြေပြိုခဲ့ရာ လူလေးဦး သေဆုံးခဲ့သည်။

ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသည့် ငလျင်တစ်ခုသည် နိုဝင်ဘာလ ၁၅ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းတွင် တုန်လှုပ်ခဲ့ရာ အဆောက်အအုံများ ပျက်စီးခဲ့ပြီး လူရာပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။ ဘော်အားပေးစက်ရုံပျက်စီးပြီး ရွာခုနစ်ရွာတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

မီးတောင် – အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ပိုင်းဒေသရှိ ၅,၆၇၉ ပေမြင့်သော ကေလုအမည်ရှိ မီးတောင်သည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ပေါက်ကွဲခဲ့ရာ မိုင် ၃၀ ကျော်အကွာအဝေးအတွင်းရှိ ပတ်ဝန်းကျင်ဒေသများသို့ ဖုန်မှုန့်များ၊ ပြာပူများ၊ ကျောက်ခဲအစအနများပျံ့လွင့်စေခဲ့သည်။ မီးတောင်ဝန့် ၂၂ မိုင်အကွာရှိ ဘလစ်တာမြို့မှ ဒေသဆိုင်ရာပါလီမန် အဆောက်အအုံအပါအဝင် အဆောက်အအုံများမှာ ပျက်စီးသွားခဲ့သည်။ အိမ် ၂၉၅ အိမ်နှင့် အဆောက်အအုံ ၆၀ ပျက်စီးခဲ့ရသည်။ မီးတောင် ပေါက်ကွဲမှုကြောင့် လူ ၂၄ ဦး သေဆုံးခဲ့ပြီး အချို့မှာ ပျောက်နေဆဲဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ ကေလုမီးတောင်သည် ၁၅၁၆ ခုနှစ်က ပထမဆုံး



ဖိလစ်ပိုင်နိုင်ငံ ပင်နာတူဘိုမီးတောင် ပေါက်ကွဲနေပုံ

အကြိမ်ပေါက်ကွဲခဲ့ရာ လူ ၁,၀၀၀ ခန့်သေဆုံးခဲ့ရပြီး ၁၉၁၉ ခုနှစ်တွင် ပေါက်ကွဲခဲ့စဉ်က လူ ၅,၀၀၀ ခန့် သေကြေပျက်စီးသည်။ ၁၉၆၆ ခုနှစ် ပေါက်ကွဲခဲ့စဉ်ကမူ ၂၁၁ ဦး သေဆုံးစေခဲ့သည်။

မတ်လ ၁၀ နေ့တွင် အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သော အန်ကာရေ့မြို့အနီးရှိ မီးတောင်ပေါက်ကွဲခဲ့ရာ ကောင်းကင်အထက် ခုနစ်မိုင်အမြင့်အထိသို့ ပြာမျှားလွှင့်စဉ် တက်သွားခဲ့သည်။

မုန်တိုင်းဒဏ် – ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဥရောပတိုက်တစ်ခွင်၌ အပြင်းအထန် တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် နိုင်ငံအတော်များများတွင်သေကြေပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဗြိတိန်၊ ပြင်သစ်နိုင်ငံ မြောက်ပိုင်း၊ ဗဲလ်ဂျီယမ်၊ အနောက်ဂျာမနီ၊ ဩစတြီးယား ဂရိနိုင်ငံများကို ဖြတ်သန်းတိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် လူအနည်းဆုံး ၆၄ ဦးသေဆုံးခဲ့ရသည်။ တစ်နာရီ မိုင် ၁၀၀ နှုန်းအထိ ပြင်းထန်သော လေပြင်းများကြောင့် အချို့မြို့များသည် မြို့လုံးကျွတ် မှောင်ကျသွားခဲ့သည်။ သေဆုံးမှုအများစုမှာ သစ်ပင်များ ပြိုလဲခြင်းကြောင့်ဖြစ်သည်။ ဇန်နဝါရီလတွင် အနောက်မြောက်ဥရောပမှစတင် တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် ပြင်သစ်နိုင်ငံတွင် သစ်ပင်ကြီးပေါင်း လေးသန်းမျှ ပြိုလဲခဲ့သည်။

မေလ ၁၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်းအန္ဒရာပရာဒေ့ရှ် ပြည်နယ်ကမ်းရိုးတန်းမှ ဝင်ရောက်တိုက်ခိုက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းသည် ၁၀ နှစ်အတွင်း အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး လူ ၈၅ ဦး သေဆုံးစေခဲ့သည်။ အိုးအိမ်များစွာ ပြားပြားဝပ် ပျက်စီးခဲ့ပြီး ရွာ ၉၀ ကျော် ရေမြုပ်ခဲ့ရသည်။

တိုင်ဝမ်နှင့်ဖိလစ်ပိုင်တွင် တိုက်ခတ်ခဲ့သော အိုဖယ်လီယာအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ဘက်သို့ ဇွန်လစတုတ္ထပတ်က ရောက်ရှိလာခဲ့ရာ လူ ၂၃ ဦး ထက်မနည်းသေဆုံး၍ အိုးအိမ် ၃,၇၀၀ နှင့် လှေသင်္ဘော ၁,၆၉၆ စင်း ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် တရုတ်နိုင်ငံမြောက်ပိုင်းတွင် ကျရောက်ခဲ့သော မိုးသီးမုန်တိုင်းကြောင့် ကျေးရွာများ ပျက်စီးကာ လူ ၃၃ ဦး သေဆုံး၍ ၄၁၈ ဦး ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၃၁ ရက်နေ့နံနက်က တိုက်ခတ်သွားသော အဘေးအမည်ရှိ တိုင်ဖွန်း မုန်တိုင်းကြီးကြောင့် တရုတ်နိုင်ငံ အရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသ၌ ဒဏ်ပျက်အစီးများ ဖြစ်ပေါ်ခဲ့သည်။ ဇီကျန်ပြည်နယ်တွင် ၃၄ နှစ်အတွင်း အဆိုးဝါးဆုံး မုန်တိုင်းဖြစ်ခဲ့ပြီး လူ ၄၅ ဦး ပျောက်ဆုံးခဲ့သည်။ လူ ၄၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပြည်နယ်လူဦးရေ ၁၀ သန်းကျော်တို့ ခံစားခဲ့ရပြီး ခုနစ်သိန်း နီးပါးမှာ ရေလွှမ်းမိုးဒဏ်ပါ ခံခဲ့ကြရသည်။ မုန်တိုင်းကြောင့်ရေကာတာ ၈၉၇ ခု၊ တူးမြောင်းအရှည် ၂၀၉ မိုင်နှင့် တံတား ၅၈၉ ခု ပျက်စီးခဲ့ရသည်။

ဘက်ကီအမည်ရှိ အပူပိုင်းဒေသ မုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသတွင် ရေလုပ်သား ၂၁ ကျော် ပျောက်ဆုံးခဲ့သည်။ ဇီတင်းပြည်နယ်ကို သြဂုတ် လကုန်ပိုင်းက တိုက်ခတ်ခဲ့ရာတွင် လေတိုက်နှုန်းတစ်နာရီ ၇၅ မိုင်အထိရှိခဲ့ပြီး မိုးရေချိန် ၉ ဒသမ ၈ လက်မမှ ၁၅ ဒသမ ၇ လက်မအထိ ရွာသွန်းခဲ့သည်။ စိုက်ပျိုးမြေ ၃,၉၅, ၂၀၀ မျှ ပျက်စီးစေခဲ့သည့် မုန်တိုင်းဘက်ကီသည် ဗီယက်နမ်နိုင်ငံဘက်သို့ မတိုက်ခတ်မီ ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်ခဲ့ရာ လူ ၃၂ ဦးသေဆုံးစေခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ တိုက်ခတ်ခဲ့သောဖလိုအမည်ရှိ တိုင်ဖွန်းမုန်တိုင်းကြီးကြောင့် အနည်းဆုံးလူ ၃၈ ဦး သေဆုံးခဲ့သည်။ လေတိုက်နှုန်း တစ်နာရီ မိုင် ၁၀၀ မျှ ရှိခဲ့ပြီး မြေပြိုခြင်း ရေကြီးခြင်းနှင့် ထိခိုက် ပျက်စီးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိ ကွမ်နမ်ဒါနန်းပြည်နယ်နှင့် ကွမ်ထရီပြည်နယ်များတွင် စက်တင်ဘာလ ၁၈ ရက်နေ့က တိုက်ခတ်ခဲ့သောမုန်တိုင်းကြောင့်လူ ၁၈ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ပျောက်ဆုံးခဲ့သည်။ အိမ်ခြေ ၁,၄၀,၀၀၀ ကျော် ရေလွှမ်းမိုးခဲ့သည်။

နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကို ဖြတ်သန်းတိုက်ခတ်သွားသည့် မိုက်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းကြောင့် အသက်ဆုံးရှုံးသူပေါင်း ၃၃၅ ဦးထက်မနည်းနှင့် ပျောက်ဆုံးသူ ၂၆၅ ဦး ရှိခဲ့သည်။ လူဦးရေ တစ်သန်းနီးပါးခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ မုန်တိုင်းကြောင့် ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂၇၅ သန်းမျှ ရှိခဲ့သည်။

ရေလွှမ်းမိုးခြင်း – ဖေဖော်ဝါရီလလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မိုးကြိုးခြင်း၊ ရေလျှံခြင်းကြောင့်အနောက်ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်းတွင် လူနှစ်ဦးရေနစ်သေဆုံးပြီး လူ ၅၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု အလာဘားမားပြည်နယ် တောင်ပိုင်းတွင် မတ်လ ၁၇ ရက်နေ့က ပီးမြစ်တာကျိုးသွားသဖြင့် ရေကြီးခဲ့ရာ နှစ်ရက်တာအတွင်း၌ လူရှစ်ဦး သေဆုံး၍ ၃,၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပုံမှန်အားဖြင့် အမြဲခြောက်သွေ့၍ မိုးနည်းရေရှားဒေသဖြစ်သော ဆိုမာလီယာနိုင်ငံတောင်ပိုင်းတွင် ပြိုလကုန်ပိုင်း၌ အကြီးအကျယ်ရေလွှမ်းမိုးခြင်းကြောင့် ရွာပေါင်းများစွာရေမြုပ်ကုန်ပြီး လူဦးရေ ထောင်ပေါင်းများစွာ ပြောင်းရွှေ့ခဲ့ကြရသည်။

မေလပထမပတ် အတွင်း၌လည်း အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမား၊ တက္ကဆတ်နှင့် အာကင်ဆတ်ပြည်နယ်များတွင် ရေကြီးခြင်းကြောင့် အပေးပြေးလမ်းများပိတ်ဆို့၍ လူအများနေအိမ်များမှ စွန့်ခွာခဲ့ကြရသည်။

မိုးရေများ ပြည့်လျှံနေသော အာကင်ဆတ်မြစ်ကြီးသည် အမြင့်ဆုံး ရေမှတ်သို့ရောက်ရှိခဲ့ရာ နှစ်ပေါင်း ၈၀ အတွင်း အဆိုးဝါးဆုံး ရေကြီးမှုဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအနောက်တောင်ဒေသများတွင် မေလပထမပတ် အတွင်းက အိုးအိမ် ကျဆုံးနှင့် သီးနှံများ ပျက်စီးခဲ့ရသည်။ လွန်ခဲ့သော နှစ်ပတ်အတွင်းကအိုကလာဟိုးမားနှင့် တက္ကဆတ်ပြည်နယ်တို့တွင် လူ ၁၃ ဦး သေဆုံးခဲ့သည်။

ဇွန်လလယ် အတွင်းဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးခြင်းကြောင့် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုး ပြည်နယ်တွင်လူ ၂၀ ကျော်သေဆုံး၍ ၆၀ ပျောက်ဆုံးခဲ့သည်။

ဇွန်လ နောက်ဆုံးပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း၌ မြစ်ရေလျှံခြင်းကြောင့် လူနှစ်ဦးသေဆုံး၍ ၂၀,၀၀၀ကျော် ရေလွှမ်းမိုးခံရသည်။ မိုးသည်းခြင်းနှင့် ရေကြီးခြင်းသည် နိုင်ငံတောင်ပိုင်း၌ပါ ဆက်လက်ပေါ်ပေါက်ခဲ့ရာ ကလေးသုံးဦး ရေနစ်သေဆုံး၍ လူဦးရေ ၆,၀၀,၀၀၀ ကပ်ဆိုက်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံတွင် ဇွန်လအတွင်းက ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ဟိုလျှန်ဆွန် ပြည်နယ်တွင် အနည်းဆုံး လူငါးဦး သေဆုံးခဲ့သည်။ လိုင်ချောင်ပြည်နယ်၏ မြို့တော် လိုင်ချောင်သည် တစ်မြို့လုံးရေမြုပ်ခဲ့သည်။ ဒက်လက်ပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူ ၂၀ သေဆုံးခဲ့သည်။

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းတွင် ဇူလိုင်လ ၁ ရက်နေ့မှစ၍ မိုးသည်းထန်စွာ ရက်ဆက် ရွာသွန်းခဲ့

သောကြောင့် မိုးရေချိန် ၁၆ လက်မအထိ ဖြစ်လာခဲ့ပြီး လူ ၁၆ ဦး သေဆုံးခဲ့သည်။ မိုးလေဝသဌာနက နောက်ထပ် မိုးရေချိန် နှစ်လက်မမှ ၄ ဒသမ ၇ လက်မအထိ ထပ်ရွာနိုင်ကြောင်း သတိပေးခဲ့သည်။

စက်တင်ဘာလ ပထမပတ်အတွင်း၌ အီသီအိုးပီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် ရေကြီးခြင်းကြောင့် ဆူဒန်ဒုက္ခသည်များ အပါအဝင် လူ ၉၃,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

နီပေါနိုင်ငံအနောက်ပိုင်းတွင် စက်တင်ဘာလ ပထမပတ်အတွင်းက မိုးကြိုး၍ မြေပြိုရာ လူ ၁၀ ဦး သေဆုံးခဲ့သည်။ ဩဂုတ်လကုန်ပိုင်းကလည်း နီပေါနိုင်ငံအနှံ့အပြား ဖြစ်ခဲ့သည့် ရေကြီးမှုများကြောင့် လူ ၃၂ ဦး သေဆုံးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်း ၇၀ အတွင်း နေ့တစ်နေ့တည်း၌ မိုးအများဆုံး ရွာသွန်းမှုအဖြစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဆိုးလ်မြို့တော်နှင့် အနီးတစ်ဝိုက်ဒေသများ၌ မိုးရေချိန် ၁၅ လက်မ ရွာသွန်းခဲ့ပြီး နောက် လူ ၇၇ ဦး သေဆုံးပြီး ၄၇ ဦး ပျောက်ဆုံးကာ ဂ၂,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ဟန်မြစ်ကမ်းကျိုးပေါက်ကာ ရေကြီးခဲ့သဖြင့် လူ ၃,၀၀,၀၀၀ ခန့်ကို ရေလွှတ်ဆည်သို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

မြေပြိုခြင်း – အီရန်နိုင်ငံ တီဟီရန်မြို့ အနောက်တောင်ဘက် မိုင် ၃၀၀ အကွာ ဆာဒတ်ရွှံဒေသအနီးတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က နှင်းဖုံးနေသည့်တောင်ပြိုရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးသွားခဲ့သည်။ ၃၂ ဦးကို ကယ်တင်နိုင်ခဲ့သည်။

ဇွန်လ စတုတ္ထပတ်အတွင်း၌ ဂျပန်နိုင်ငံ ကျူရှူး ကျွန်းတွင် မိုးသည်းထန်ရွာသွန်းခဲ့မှုကြောင့် အိုအီတာ မြို့တွင် မြေပြိုရာ လူသုံးဦးသေဆုံးခဲ့သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတောင်ခြေဒေသ၌ ဇူလိုင်လလယ်အတွင်း မိုးသည်းထန်မှုကြောင့် ကျေးရွာ တစ်ရွာလုံး မြေပြို၍ မြုပ်သွားခဲ့ရာ လူ ၇၀ ကျော် သေဆုံးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် သြဂုတ်လကုန်ပိုင်းက မိုးသည်းထန်မှုကြောင့် မြေပြိုခဲ့ရာ အနည်းဆုံး လူ ၁၅ ဦး သေဆုံးခဲ့သည်။

ကမ္ဘာအရပ်ရပ်တွင် ၁၉၉၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် သဘာဝ ဘေးဒဏ်များ အနက် မှတ်တမ်းတင်လောက်သော ဖြစ်ရပ် အကျဉ်းချုပ်မှာဖော်ပြပါအတိုင်း ဖြစ်သည်။

ငလျင် – ဖေဖော်ဝါရီလ ၁ ရက် အာရ္ဂတ်တက် ချိန်မတိုင်မီတွင် အာဖဂန်စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ဂ ရှိသည့် ငလျင်ကြီး တစ်ပြိုင်နက်လှုပ်သွားရာ အာဖဂန်စတန်နိုင်ငံတွင် လူ ၁၀၀၀ ကျော်နှင့် ပါကစ္စတန်နိုင်ငံတွင် လူ ၃၀၀ ကျော် သေဆုံးခဲ့သည်။

ဧပြီလ ၄ ရက်နေ့တွင် ပီရူးနိုင်ငံမြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သောငလျင်သည် ၁၉၉၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့က ၁၃၅ ဦးသေဆုံးစေခဲ့သည့် ငလျင်ကြီးဗဟိုပြုရာ၌ပင် ထပ်မံဗဟိုပြုဖြစ်ပေါ်ခဲ့သည်။ တစ်ဖန် ၁၃ နာရီအကြာတွင် နောက်ထပ်ငလျင်ပြင်းတစ်ခု ထပ်မံလှုပ်ခဲ့သည်။

ဧပြီလ ၂၃ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းတောင်ပိုင်းတွင် အားအသင့်အတင့်ပြင်းသော ငလျင်တစ်ခုပေါ်ပေါက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လက လူဇုံကျွန်းမြောက်ပိုင်းတွင် လူ ၁,၇၀၀ နီးပါးသေစေခဲ့သော ငလျင်ကြီးလှုပ်ခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စု ဂျော်ဂျီယာတွင် ရစ်ချ်တာစကေး ၇ ဒသမ ၁၅ ရှိ ငလျင်ကြီးဖြစ်ပေါ်ခဲ့ရာ လူ ၄၀ ခန့်သေဆုံးခဲ့သည်။

ဇူလိုင်လပထမပတ်တွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်ပိုင်း၌ ဆက်တိုက်တုန်လှုပ်ခဲ့သော ငလျင်များကြောင့် အနည်းဆုံး လူ ၂၂ ဦးသေဆုံးခဲ့သည်။

မီးတောင် – ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်း ၆၀၀ · မျှ ပေါက်ကွဲမှုမရှိခဲ့ဘဲ ငြိမ်သက်ခဲ့သော ပင်နာတူဘိုမီးတောင်သည် ဇွန်လ ၉ ရက်နေ့တွင် စတင်ပေါက်ကွဲခဲ့ပြီးနောက် လနှင့်ချီ၍ပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်။ ကျောက်ရေပူများနှင့် ပြာများ ကျောက်ခဲစများကို အန်ထုတ်ခဲ့ရာ တောင်ခြေဝန်းကျင်ရှိ ရွာများအားလုံး ချေဖျက်ခံရသည်နှင့် ပြာပူများအောက် ကျရောက်ခဲ့သည်။ ပြာနှင့် ချေခဲများသည် ၁၅ ကီလိုမီတာ အမြင့်မျှထိပင် လွှင့်ပျံခဲ့ပြီး လူ ၂,၀၀,၀၀၀ ကျော်သည် လွှတ်ရာကျွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ တဖြည်းဖြည်းတိုးလာခဲ့ရာ ဇူလိုင်လအထိ ၃၄၀ ကျော်ရှိခဲ့သည်။ မီးတောင်သည် ပြင်းထန်စွာ ပေါက်ကွဲခဲ့ပြီး နောက်ပိုင်းတွင် အားပျော့သောပေါက်ကွဲတုန်ခါမှုများအကြိမ်ပေါင်းစုံထောင်ချီ၍ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် မီးတောင်ချေဖျက်ရည်များ၊ ကျောက်ခဲစများ၊ ပြာများ၊ မြေစိုင်များသည် သည်းထန်စွာရွာသွန်းသော မိုးရေနှင့် မြစ်ရေတို့ကြောင့် ဧရာမရွံစီးကြောင်းကြီးဖြစ်ပေါ်ကာ မြို့ရွာများကို ဖုံးလွှမ်းဖျက်ဆီးခဲ့သည်။ ပိုရက်မြစ်ကမ်းအနီးရှိ ရွာငါးရွာမှာ အဆိုးဝါးဆုံး ပျက်စီးခဲ့သည်။ ယာလောင်ရွာတွင် ရှိပြင်သည် လေးမီတာ (၁၃ ပေ)မျှ အထိ နက်ခဲ့သည်။

ဂျပန်နိုင်ငံတောင်ပိုင်းရှိ အန်ဇင်မီးတောင်သည်လည်း

ဇွန်လတွင်ပေါက်ကွဲခဲ့ရာ လူ ၉၃ ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးကာ အိမ်ခြေ ၅၃ လုံးပျက်စီးခဲ့သည်။ ယင်းမီးတောင်သည် ဩဂုတ်လအတွင်း ထပ်မံပေါက်ကွဲခဲ့ပြန်သဖြင့် လူနေအိမ်ခြေများ ထပ်မံပြောင်းရွှေ့ခဲ့ကြရသည်။

မုန်တိုင်း – အမေရိကန် ပြည်ထောင်စု တောင်ပိုင်းတွင် မတ်လကုန်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော မိုးသက်မုန်တိုင်းများကြောင့် လူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး တံတားတစ်ခု မိုးရေနှင့် မျောပါခဲ့သည်။

အီတလီနိုင်ငံ ကမ်းခြေအနီးတွင် နစ်မြုပ်နေသော ရောမရေနံတင်သင်္ဘော်ကြီးဟာဗင်မှ ရေနံစိမ်းများသည် ဧပြီလတတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများကြောင့် မိုင် ၃၀ မျှအထိပျံ့နှံ့ကာ ပင်လယ်ပြင်ကိုညစ်ညမ်းစေခဲ့သည်။ ဟာဗင်သည်ရေနံစိမ်းဂါလံ ၎၁ သန်းနီးပါး သယ်ဆောင်ခဲ့ပြီး ဧပြီလ ၁၁ ရက်နေ့ကပေါက်ကွဲနစ်မြုပ်ခဲ့သည်။

ဧပြီလကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု ကင်ဆတ်နှင့် အိုကလာဟိုးမား ပြည်နယ်များတွင် တော်နေဒိုးမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ လူ ၃၀ ကျော်သေဆုံး၍ ရာပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။ ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ ပေ ၎၀ အကွာသို့ လွင့်စဉ်ပြီး သစ်ပင်တစ်ပင်တွင် သွားတင်နေခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့ညတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကျွန်းများကို ဖြတ်၍ တစ်နာရီ ၁၎၅ မိုင်နှုန်းရှိသော ဆိုင်ကလုန်းလေမုန်တိုင်းကြီးတိုက်ခတ်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် လူဦးရေသောင်းနှင့်ချီ၍ သေဆုံးထိခိုက် ဒဏ်ရာရခဲ့ကြသည်။ ဆင်းဒဝစ်ကျွန်းသည် မုန်တိုင်းဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရရာ လူ ၁၂၅,၀၀၀ ကျော် သေဆုံးခဲ့သည်။ မုန်တိုင်းကြောင့် ပေ ၂၀ မျှရှိသော ဒီရေများတက်လာခဲ့သည်။

ဇွန်လဆန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ပင် အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့စဉ်က လွတ်သွားခဲ့သော ဘိုလာကျွန်းသည် အပြင်းထန်ဆုံးပျက်စီးခဲ့သည်။

ဩဂုတ်လအတွင်းက အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်း ဒေသတွင် တိုက်ခတ်သွားသော 'ဘေဘ်' အမည်ရှိ ဟာရီကိန်း မုန်တိုင်းကြီးကြောင့် ဒေါ်လာ သန်း ၇၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

မြေပြိုခြင်း– ပါပူဝါနယူးဂီနီနိုင်ငံ တောင်တန်းဒေသတွင် ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ မိုး သည်းထန်မှုကြောင့် ကြီးမားသော တောင်ပြိုမှုဖြစ်ပွားခဲ့ရာ လူ ၂၀၀ ထက်မနည်း သေဆုံးခဲ့သည်။

ဇွန်လကုန်ပိုင်း၌ ဖိလစ်ပိုင်နိုင်ငံတွင် ပင်နာတူဘိုမီးတောင်မှ အန်တွက်ခဲ့သောပြာများ၊ ရွှံ့များ၊ ကျောက်တုံးများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျလာသောမြေစိုင်များနှင့်အတူ ရောမ ရွှံစီးကြောင်းကြီးအဖြစ် မြစ်ရေနှင့်မျောပါစီးဆင်းခဲ့ရာ လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများအားလုံး ရွှံ့ပြင်အောက်နစ်မြုပ်သွားခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ၌လည်း အန်ဇင်မီးတောင်မှ အန်ထုတ်ခဲ့သော ပစ္စည်းများနှင့် ရွှံ့များ ကျောက်တုံးများသည် သည်းထန်စွာ ရွာသွန်းခဲ့သော မိုးကြောင့် အလားတူဖြစ်ပျက်ခဲ့ရာ အိမ် ၇၀ ကျော် ပျက်စီး၍ လူတစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်။

တစ်ဖန် ဇူလိုင်လစဘူတ္ထုပတ်တွင် ဘရင်ဒန်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ ပင်နာတူဘိုမီးတောင်ဝန်းကျင်ဒေသများတွင် မြေပြိုမှုများ ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ မနီလာမြို့မြောက်ဘက် မိုင် ၅၀ အကွာ တာလက်ပြည်နယ်ရှိ ဆန်တာရီတာရွာသည် ရွှံစီးကြောင်းကြီးများ ဖုံးလွှမ်းမှုကြောင့် လူ ၆၀၀၀ ခန့် ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များဖြင့် ကယ်ဆယ်ခဲ့ရသည်။ ရွာသားတစ်ဦးမှာမူ ရွှံ့ပြင်အောက် မြုပ်၍ သေဆုံးသွားခဲ့သည်။

ရေလွှမ်းမိုးခြင်း – မာ လာဝီနိုင်ငံတွင် မတ်လလယ်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့်အိမ်နီးချင်းမိုဇမ်းဗစ်နိုင်ငံနှင့် ကပ်နေသော အရှေ့တောင်ပိုင်းဒေသတွင် လူထောင်ပေါင်းများစွာ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ပြီး ၎၂၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံး ရေကြီးမှု ဖြစ်ပေါ်ခဲ့သည်။ မေလလယ်ပိုင်းမှစ၍ နိုင်ငံအနှံ့အပြားရှိ ပြည်နယ် ၁၇ ခုတွင် မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းဖြစ်ခဲ့ရာ လူအသေအပျောက်များစွာဖြစ်ပေါ်ခဲ့သည်။ ဇူလိုင်လလယ်အထိ ရေကြီးမှုကြောင့် သေဆုံးခဲ့ရသူပေါင်းမှာ ၁,၇၇၇ ဦးထက်မနည်းရှိခဲ့ပြီး တစ်နိုင်ငံလုံးစိုက်ပျိုးမြေအားလုံး ခုနစ်ပုံတစ်ပုံနီးပါး ရေလွှမ်းမိုးခံခဲ့ရသည်။ လူလေးသန်းခန့် ထွက်ပြေးပြောင်းရွှေ့ခဲ့ကြရသည်။ ပျက်စီးဆုံးရှုံးမှုဝန်ဖိုးမှာ ၎၀ ဘီလီယံယွမ် (အမေရိကန် ဒေါ်လာ သန်းပေါင်း ၇,၅၀၀) မျှရှိသည်။

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းတွင် ဇူလိုင်လ စတုတ္ထပတ်၌ မိုးကြီးရေလျှံ၍ မြေပြိုခြင်းကြောင့် လူ ၅၀ နီးပါးသေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့သည်။ မိုးသည် ငါးနာရီအတွင်း ၉ ဒသမ ၅ လက်မမျှ ရွာသွန်းခဲ့သည်။ ဆိုးလ်မြို့တော်နှင့်အနီးဝန်းကျင်တွင်မူ မိုးရေချိန် ၁၁ ဒသမ ၆ လက်မကျော် ရွာသွန်းခဲ့သည်။



စာရေးဆရာ စာရိုက်တာ သာဓု

သာဓု (ခရစ် ၁၉၁၈–၁၉၉၁)။ ။ ရွာ်ရွင် ဒါရိုက်တာ၊ စာရေးဆရာ သာဓု ခေါ် သခင် ဖေသန်းကို အဖဦးမြမောင်၊ အမိ ဒေါ်ဖွားမျင် တို့က ၁၉၁၈ ခုနှစ် စက်တင်ဘာလတွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။

သာဓုသည် ရန်ကုန်ဟိုက်စကူးကျောင်းတွင် ကိုးတန်းအထိ ပညာသင်ကြားခဲ့သည်။ တို့ဗမာအစည်းအရုံးသို့ ဝင်၍ ၁၃၀၀ ပြည့် ရေနံမြေ သပိတ်တွင် အသေခံဗိုလ် အဖြစ် ပါဝင်ချီတက်ခဲ့သည်။

၁၉၄၇–၄၈ ခုနှစ်နှစ်တွင် ပူတူတူးလေးပေါင်ဒါလုပ်ငန်းလုပ်ကိုင်ရင်း သွေးသောက် ဦးပြည့်စုံနှင့်တွဲထွက်မှု ဝတ္ထု၊ ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် 'ဝန်ကြီးတစ်မတ်' ဝတ္ထုတိုကို စတင်ရေးသားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် 'ဒါတွေပြင်' ပြုပြင်ရေးစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပဒေသာမဂ္ဂဇင်းထုတ်ဝေရာ၌ ပါဝင်ခဲ့သည်။

သာဓုသည် ချစ်စံနှမူ၊ တပ်ထဲကမြတ်ကိုကို၊ အသက်၊ အတာ၊ တဇောက်ကန်း အစရှိသော လုံးချင်းဝတ္ထု ၂၀ ကျော်ခန့်၊ သာဓု လူဝါးဝတယ် (ကိုယ်တိုင်ရေးဝတ္ထုဟာန် အတ္ထုပ္ပတ္တိ စာအုပ်)နှင့် ဝတ္ထုတိုရှည်ပေါင်း ၅၀၀ ကျော် ရေးသားခဲ့သည်။

'တပ်ထဲက မြတ်ကိုကို' ဝတ္ထုဖြင့် ၁၉၅၄ ခုနှစ်တွင် စာပေဗိမာန်ဆုကို ဆွတ်ခူးရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ထိုဝတ္ထုကိုတက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြဋ္ဌာန်းစာအုပ် အဖြစ် သတ်မှတ်ခဲ့သည်။ သာဓုသည် ၁၉၅၉ ခုနှစ်တွင် 'ကကြီးရေက' ရွာ်ရွင်ကား ရိုက်ကူးခဲ့ပြီး ထိုဇာတ်ကား ဖြင့် အကောင်းဆုံး ဒါရိုက်တာ အကယ်ဒမီဆုကို ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် 'အငိုလွယ်သည်' ဇာတ်ကား ဖြင့် အကောင်းဆုံး ဒါရိုက်တာအကယ်ဒမီဆုကို ဆက်လက် ဆွတ်ခူးခဲ့သည်။

ထို့ပြင် သာဓုသည် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် သခင် ဖေသန်းအဖြစ် ပါဝင် ဆောင်ရွက်ခဲ့သဖြင့်

နိုင်ငံတော်က နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်း ခံရသူဖြစ်သည်။

ညှို့သည်၊ အကယ်ရှိသော၊ ဗိုလ်ကာတွန်း၊ အဖြေ၊ ဖတ်စ်ကလပ်၊ အကြောင်တို့လင်မယား အစရှိသော ရုပ်ရှင်ကား ၁၀ ကားခန့် ရိုက်ကူးခဲ့သည်။

ဒါရိုက်တာ၊ စာရေးဆရာ သာဓုအဖြစ် လူသိများထင်ရှားသော သခင် ဖေသန်းသည် 'ကြိုး' ဇာတ်ကား ရိုက်ကူးဆဲ၊ 'ဒို့ကိုယ်ကျိုးလုံးလုံးမပါ'လုံးချင်းဆောင်းပါး ရေးသားဆဲ၊ စာပေတာဝန်၊ အနုပညာ တာဝန်ထမ်း ဆောင်ရင်း ၁၉၉၁ ခုနှစ် ပြေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

သီရိလင်္ကာနိုင်ငံ။ ။သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ထူနာဆင်ဂီ ပရီမာဒါဆာသည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ထူနာဆင်ဂီ ပရီမာဒါဆာသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက် သမ္မတလောင်း ဝန်ကြီးချုပ်ဟောင်း သီရိမာဗို ဘန္ဒာရနိုက်ကေးအား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉—စာ၊ ၂၇၄—ရှ။)

တမီလ်အီလမ် လွတ်မြောက်ရေး ကျားအဖွဲ့၊ တမီလ် ညီညွတ်သော လွတ်လပ်ရေးတပ်ဦး (တီယူအယ်ဖက်ဖ်) တို့က တမီလ်နယ်ခဲ့ထွက်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို တောင်းဆိုကြပြီး ၁၉၈၃ ခုနှစ်မှစ၍ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြခြင်း ဖြစ်သည်။ သီဟိုဠ်အမျိုးသားတို့၏ ဆင်ဟာလီ ပြည်သူ့ လွတ်မြောက်ရေး တပ်ဦး (ဂျေဗွီပီ) က တမီလ်တို့၏ တောင်းဆိုချက်ကို လက်မခံဘဲ ပြန်လည်အကြမ်းဖက် တိုက်ခိုက်ခဲ့ကြသည်။

တမီလ်တို့မှာ ဟိန္ဒူဘာသာဝင်များ ဖြစ်၍ ဆင်ဟာလီတို့က ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ၎င်းတို့အပြင် သီရိလင်္ကာနိုင်ငံတွင် အစ္စလာမ်ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များလည်း နေထိုင်ကြသည်။ အတိုက်အခံအဖွဲ့များတွင် တမီလ်အီလမ် ကျားသူပုန်တို့မှာ အင်အားအကောင်းဆုံး ဖြစ်သည်။ သီရိလင်္ကာ အစိုးရတို့မှာ တပ်ဖွဲ့အင်အား ၁၆,၄၂၅ နှင့် အရန်အင်အား ၁၇,၁၀၀ သာ ရှိသည်။

တမီလ်အီလမ် ကျားသူပုန်တို့နှင့် တိုက်ပွဲများဖြစ်ပွားရာတွင် အစိုးရတပ်များ အကျအဆုံး များလာသဖြင့် ၁၉၈၇ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော တောင်အာရှပူးပေါင်းဆောင်ရွက်ရေး အသင်း (အာဆော်) အစည်းအဝေး၌ ထိုစဉ်က သီရိလင်္ကာနိုင်ငံသမ္မတဖြစ်သူ ဂျာယေဝါဒီနေက အကူအညီတောင်းခံခဲ့ရာ အိန္ဒိယနိုင်ငံဝန်ကြီး

ချုပ် ထုဂျစ်ဂန္ဒီက ကူညီရန် ဆုံးဖြတ်ခဲ့သည်။ ကူညီရာတွင် စည်းကမ်းချက်များ ထားရှိရာ တမီလ်လူမျိုး အများအပြား နေထိုင်ကြသော မြောက်ပိုင်းနှင့် အရှေ့ပိုင်းနယ်များ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးပါမည်ဟု ဂျာယေဝါဒီနေက ကတိပြုရသည်။

သီရိလင်္ကာသမ္မတ ဂျာယေဝါဒီနေနှင့် အိန္ဒိယဝန်ကြီးချုပ် ထုဂျစ်ဂန္ဒီတို့သည် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ယင်းစာချုပ်အရ အိန္ဒိယနိုင်ငံက ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်အဖြစ် တပ်သား ၃၀၀၀ ကို သီရိလင်္ကာနိုင်ငံသို့ ပထမဦးဆုံးပို့လွှတ်လိုက်သည်။ (စုယ်စုံနှစ်ချုပ် ၁၉၈၈ – စာ၊ ၂၈၄—ရှု။) သူပုန်နှိမ်နင်းရန်ရောက်ရှိလာသော အိန္ဒိယတပ်သားများကို သီရိလင်္ကာဒေသခံပြည်သူတို့က မလိုလားကြပေ။ တမီလ်သူပုန်များကလည်း အညံ့မခံဘဲ ပြန်လည်တိုက်ခိုက်ရာ နှစ်ဘက်စလုံး အကျအဆုံးများလှသည်။

နောက်ဆုံး၌ အိန္ဒိယတပ်များ ပြန်လည်ရုပ်သိမ်းရန် ဂျာယေဝါဒီနေက ထုဂျစ်ဂန္ဒီကို တိုက်တွန်းရာ တမီလ်လူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရရှိသေးသဖြင့် ပြန်လည် ရုပ်သိမ်းမပေးနိုင်သေးကြောင်း ထုဂျစ်ဂန္ဒီက ပြန်လည် ပြောကြားခဲ့သည်။ ဤတွင် တမီလ်လူမျိုးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စိတ်တစ်ပိုင်းပေးရန် စီစဉ်ရတော့သည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အိန္ဒိယတပ်ဖာ၌ကို စတိအဖြစ် စတင်ရုပ်သိမ်းပေးသည်။

ဤအခြေအနေတွင် အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲ၌ ထုဂျစ်ဂန္ဒီ၏ကွန်ဂရက် (အိုင်) ပါတီ ရှုံးနိမ့်သဖြင့် အမျိုးသားတပ်ဦးခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရတက်လာပြီး ဗွီပီဆင်း ဝန်ကြီးချုပ် ဖြစ်လာသော အခါ သီရိလင်္ကာနိုင်ငံတွင် တပ်စွဲထားသော အိန္ဒိယတပ်များကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ရုပ်သိမ်းပေးမည်ဟု ပြောကြားခဲ့သည်။ သို့ရာတွင် ရုပ်သိမ်းမည့်နေ့ရက်ကို ရွှေဆိုင်းခဲ့သည်။ အိန္ဒိယ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ (အိုင်ပီကေအက်ဖ်) အပြီးသတ် ရုပ်သိမ်းမည့် နေ့ရက် သတ်မှတ်ရေး ကိစ္စနှင့် ပတ်သက်၍ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် အိန္ဒိယနိုင်ငံသို့ သွားရောက်ကာ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အိန္ဒိယတပ်ဖွဲ့များ ဂျက်ဖနာမြို့မှ ရုပ်သိမ်းခဲ့သည်။ အိန္ဒိယတပ်ဖွဲ့များရုပ်သိမ်းသည်နှင့် ဂျက်ဖနာမြို့ကို တမီလ်ကျားအဖွဲ့က ထိန်းချုပ်လိုက်သည်ဟု ဒေသခံများက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် သီရိလင်္ကာနိုင်ငံမှ ၎င်း၏ ငြိမ်းချမ်းရေးတပ်ဖွဲ့များ ရုပ်သိမ်းမှုကို ၁၉၉၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့တွင် ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခဲ့ရာ မူလသတ်မှတ်ရက်ထက် တစ်ပတ်စောလျှင် ပြီးစီးခဲ့သည်။

အိန္ဒိယစစ်တပ်မှထုတ်ပြန်သော စာရင်းဇယားများအရ အိန္ဒိယ ငြိမ်းချမ်းရေးတပ်ဖွဲ့များ စတင် တပ် စွဲ ခဲ့ သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လမှစ၍ အိန္ဒိယတပ်ဖွဲ့များနှင့် တမီလ်တိုက်ပွဲများတွင် ၃၂ လကြာ ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အိန္ဒိယစစ်သား အနည်းဆုံး ၁,၁၀၀နှင့် တမီလ် ၂,၂၀၀ သေဆုံးခဲ့ရသည်။ အရေအတွက် အတိအကျမသိရသည့် အရပ်သားများလည်း ထိခိုက်သေဆုံးကြရသည်။ အိန္ဒိယ ငြိမ်းချမ်းရေးတပ်ဖွဲ့များရုပ်သိမ်းသွားမှုကြောင့် တမီလ် အိုလမ်လွတ်မြောက်ရေး ကျားအဖွဲ့အနေဖြင့် သီရိလင်္ကာနိုင်ငံမြောက်ပိုင်းဒေသကို ထိန်းချုပ်ထားနိုင်သည့် အခွင့်အလမ်းရရှိခဲ့သည်။

သမ္မတပရီမာဒါဆာက တမီလ်အိုလမ်လွတ်မြောက်ရေးကျားအဖွဲ့ ခေါင်းဆောင်များနှင့် ကိုလံဘိုမြို့၌ ဇွန်လ ၁ ရက်နေ့တွင်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ အစိုးရက တမီလ်အိုလမ်တို့၏ အဓိကတောင်းဆိုချက်ကို အလျှော့ပေးကာလိုက်လျောသည့်အနေဖြင့် ၁၉၈၈ ခုနှစ်နှောင်းပိုင်းတွင် အိန္ဒိယငြိမ်းချမ်းရေးတပ်ဖွဲ့များ ထိန်းသိမ်းမှုအောက်၌ ရွေးကောက်တင်မြှောက်ခဲ့သည့် အရှေ့မြောက်ပြည်နယ်ကောင်စီအား ဖျက်သိမ်းမည် ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲ အသစ်များ ကျင်းပ ပေး မည် ဖြစ်ကြောင်း ၁၉၉၀ ပြည့်နှစ် ဇွန်လ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။

ပါလီမန်သို့ တက်ရောက်လာသော သီရိလင်္ကာသမ္မတ ပရီမာဒါဆာ



ဇွန်လ ၁၁ ရက်နေ့တွင် တမီလ်အီလမ်ပြောက်ကျားများက သီရိလင်္ကာနိုင်ငံအရှေ့ဘက်ပိုင်းဒေသတစ်လျှောက်ရှိအစိုးရရဲစခန်းများကို တိုက်ခိုက်မှုများဆင်နွှဲခဲ့ရာ အခြေအနေမှာ ပြင်းထန်ဆိုးဝါးခဲ့သည်။ တစ်ချိန်တည်းမှာပင် အမ်ပါရိုင်းခရိုင်၌ စစ်တပ်ယာဉ်တန်းတစ်ခုအား တိုက်ခိုက်ရာအစိုးရစစ်သား ၁၁ ဦး သေဆုံးခဲ့သည်။

ဤသို့အခြေအနေများဆိုးရွားလာခဲ့ရာ ကာကွယ်ရေးဝန်ကြီးရန်ဂျန် ဝီဂျာရတ်နီက ယခုအချိန်မှစ၍ ရွှေကာလတွင် တမီလ်အီလမ်ပြောက်ကျားတို့အား အစုံမ်းကုန်စစ်ဆင်နွှဲရန်သာရှိတော့ကြောင်း ဇွန်လ ၁၈ ရက်နေ့တွင် ပါလီမန်သို့ ပြောကြားခဲ့သည်။

တမီလ်အီလမ် လွတ်မြောက်ရေး ကျား တို့ အား သီရိလင်္ကာနိုင်ငံအရှေ့ဘက်ပိုင်းဒေသမှ မောင်းထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇွန်လ ၂၂ ရက်နေ့တွင် အစိုးရဘက်မှ ပြောကြားခဲ့သည်။ ဇွန်လကုန်ပိုင်းတွင် အစိုးရစစ်ဘက်မှ ဂျက်ဖနာမြို့နှင့်ဂျက်ဖနာကျွန်းဆွယ် အခြားဒေသများရှိ ကမီလ်အီလမ်လွတ်မြောက်ရေးကျားတို့၏ စခန်းများအား လေကြောင်းတိုက်ခိုက်မှုများဆင်နွှဲခဲ့သည်။

သီရိလင်္ကာအစိုးရတပ်ဖွဲ့များက ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဂျက်ဖနာကျွန်းဆွယ်နှင့် သီရိလင်္ကာမြောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများတွင်ရှိ တမီလ်အီလမ်ကျား ပြောက်ကျား သူပုန်တို့၏ အခြေစိုက်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်ရာ တမီလ်သူပုန်အများအပြား သေဆုံးကြသည်။ တိုက်ပွဲများကြောင့် ဂျက်ဖနာကျွန်းဆွယ်မှာ သီရိလင်္ကာနိုင်ငံ၏ကျွန်းစုများနှင့် အဆက်အသွယ်ပြတ်တောက်သွားသည်။ တိုက်ပွဲဖြစ်ပွားရာ ဒေသတွင် စာနယ်ဇင်းများ ပြတ်လပ်ကုန်သည်။ တိုက်ပွဲတွင် သီရိလင်္ကာလေတပ်မှ လေယာဉ်များနှင့် ရဟတ်ယာဉ်များ ပါဝင် တိုက်ခိုက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ အစိုးရတပ်ဖွဲ့များနှင့် တမီလ်အီလမ်လွတ်မြောက်ရေးကျားအဖွဲ့တို့ အကြား တိုက်ခိုက်မှုများ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ဆက်လက် တိုးတက်ဖြစ်ပွားခဲ့သည်။ အစိုးရက တမီလ် လွတ်မြောက်ရေး ပြောက်ကျားများကို ချေမှုန်း တိုက်ခိုက်ရာတွင် လုံခြုံရေး တပ်ဖွဲ့များနှင့် ပူးပေါင်း ပါဝင်နိုင်ရေးအတွက် တပ်သား ၄၀,၀၀၀ ရှိသည့် ပြည်သူ့စစ်တပ်ဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ တပ်သားများက ကျေးရွာများကို ကာကွယ်စောင့်ရှောက်ရေးအတွက် လက်နက်ကိုင် တပ်ဖွဲ့များကို အကူအညီပေးရန် ဖြစ်သည်။

တမီလ်ကျားများက ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အပစ်အခတ်ရပ်စဲရန် ကြေညာခဲ့ရာ အစိုးရတပ်များက တိုက်ခိုက်မှုကို ရပ်စဲထားခဲ့သည်။ ၁၀ ရက်ကြာ အပစ်အခတ် ရပ်စဲထားရာ ယင်းကာလအတွင်း အပစ်အခတ် ရပ်စဲရေးကို ချိုးဖောက်ခဲ့ကြကြောင်းဖြင့် နှစ်ဘက်စလုံးက စွပ်စွဲပြောကြားကြသည်။ အပစ်အခတ်ရပ်စဲမှု ပျက်ပြားသွားခဲ့ပြီးနောက် သီရိလင်္ကာ လုံခြုံရေးတပ်ဖွဲ့များသည်ရဟတ်ယာဉ်များ၏ အကူအညီဖြင့် သီရိလင်္ကာမြောက်ပိုင်းရှိ တမီလ် သူပုန်များကို စစ်ရေးအရ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ တမီလ်သူပုန်များကို အစိုးရက ထိုးစစ်ဆင် တိုက်ခိုက်ရာတွင် တာဝန်ယူကြီးကြပ်ရသည့် ကာကွယ်ရေးဝန်ကြီး ဝီဂျာရတ်နီသည် ကိုလံဘို မြို့တွင် ၁၉၉၁ ခုနှစ် မတ်လ ၂ ရက်နေ့က ကားဗုံးပေါက်ကွဲသဖြင့် သေဆုံးသွားခဲ့သည်။ အစိုးရက ဗုံးပေါက်ကွဲမှုမှာ တမီလ်ပြောက်ကျားတို့၏ လက်ချက်ဖြစ်ဖွယ် ရှိသည်ဟု ယူဆထားသည်။ ကွယ်လွန်သွားသော ဝီဂျာရတ်နီ၏နေရာတွင် သီရိလင်္ကာဝန်ကြီးချုပ် ဒင်ဂိမ်ဗာဒါဝီကျီကွန်ဂါအား ကာကွယ်ရေးဝန်ကြီးအဖြစ် မတ်လ ၆ ရက်နေ့တွင် အစားထိုး ခန့်အပ်လိုက်သည်။

၁၉၉၁ ခုနှစ် မေလ ၂ ရက်နေ့တွင် ကိုလံဘိုမြို့တွင် ကျင်းပသည့် ညီညွတ်သော အမျိုးသားပါတီ ထောက်ခံသူများ အစည်းအဝေးတွင် သီရိလင်္ကာ သမ္မတ ပရီမာဒါဆာက မိမိတို့ အစိုးရအဖွဲ့သည် အမျိုးသား ညီညွတ်ရေးနှင့် သဟဇာတဖြစ်ရေး နည်းလမ်းဖြင့် ခက်ခဲရှုပ်ထွေးသည့်ပြဿနာများကို တစ်နှစ်တာကာလအတွင်း ပြေရှင်းနိုင်ခဲ့ကြောင်း သီရိလင်္ကာ အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်နေသည့် ပြဿနာအား စေ့စပ် ဆွေးနွေးကာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဒီမိုကရေစီကျကျ ဖြေရှင်းသွားရန်အဆင်သင့်ရှိကြောင်းစေ့စပ် ဆွေးနွေးပွဲများပြန်လည် ကျင်းပနိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သည့်အခြေခံအချက်ကို ထုတ်ပြန် ကြေညာထားပြီး ဖြစ်ကြောင်း ဖြင့် ပြောကြားသွားသည်။

သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းစစ် ဖြစ်ပွားနေဆဲ ကာလမှာပင် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ ရွေးကောက်ပွဲများကို ၁၉၉၁ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ပြုလုပ်သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဂ ဒသမ ၇ သန်း အနက် ၇၀ မှ ၇၅ ရာခိုင်နှုန်းအကြား မဲဆန္ဒပေးခဲ့ကြသည်။ ယင်းမဲဆန္ဒ အရေအတွက်သည် ဒေသန္တရ ရွေးကောက်ပွဲများ၌ အများဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ မြို့နှင့် ကျေးရွာကောင်စီ ၂၃၆ နေရာအတွက်

ပါတီ ၁၁ ခုမှ ကိုယ်စားလှယ်လောင်း ၁၅,၀၀၀ နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဂ၂ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင် အရွေးခံကြသည်။ ရွေးကောက်ပွဲများကို တစ် နိုင်ငံလုံး၌ ကျင်းပသော်လည်း တမီလ် ပြောက်ကျား များ ထကြွသောင်းကျန်းနေသည့် မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင် နှစ်ခုတို့၌မူ ကျင်းပနိုင်ခြင်း မရှိချေ။

၁၉၉၁ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ကိုလံဘိုမြို့တော်ရှိ စစ်ဌာနချုပ်တွင် ဗုံးပေါက်ကွဲမှု ပြင်းပြင်းထန်ထန် ဖြစ်ပွားသည်။ ဗုံးပေါက်ကွဲသံကို မိုင်အတော် ကွာဝေး သည့် နေရာကပင် ကြားနေရသည်ဟု ဆိုသည်။ မော်တော်ယာဉ် တစ်စီးဖြင့် စစ်ဌာနချုပ်ဝင်းအတွင်းသို့ အတင်းထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းရာမှ ဗုံးပေါက် ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု သိရှိရသည်။ အသေ အပျောက် အတော်များရာ အရပ်သား အများအပြား ပါဝင်သည်။ တမီလ်ပြောက်ကျားတို့ကို စစ်ဆင်နွှဲရာတွင် အဓိက ထိန်းချုပ် ကွပ်ကဲသည့် နေရာဖြစ်သည့် စစ်ဌာန ချုပ်တွင် ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းမှာ ကျား၏ အမှတ်အသားပင်ဖြစ်သည်ဟု ကောက်ချက်ချကြ သည်။ တမီလ်ကျားတို့ကမူ ကားဗုံးပေါက်ကွဲမှုကြောင့် သီရိလင်္ကာ ဒုတိယ ကာကွယ်ရေးဝန်ကြီး သေဆုံးမှုတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ ဗုံးဖောက်ခဲ့ လုပ်ကြံ သတ်ဖြတ်ခြင်း ခံရမှုတွင် လည်းကောင်း ၎င်းတို့နှင့် ပတ်သက်ခြင်းမရှိဟု ငြင်းဆို သည်။

စစ်ဌာနချုပ်အတွင်း ဗုံးပေါက်ကွဲမှုကြောင့် မြို့တွင်း လုံခြုံရေးကို အစိုးရက တင်းကျပ်စွာ ချထားသည်။ လမ်းဆုံလမ်းခွများတွင် လက်နက်ကိုင်အစောင့်တပ်သား များက စောင့်ကြပ်လျက် ရှိကြသည်။ တမီလ်ကျား သူပုန်များသည် သီရိလင်္ကာ မြောက်ပိုင်းရှိ ၎င်းတို့၏ အမာခံစခန်းများကို အစိုးရက တိုက်ခိုက်မှသာ တောင် ပိုင်းဒေသတွင် လှုပ်ရှားမှု ပြုလုပ်လေ့ရှိကြသည်။ အစိုးရ တပ်ဖွဲ့များက ဇွန်လ ၁၄ ရက်မှစ၍ လေးရက်ကြာ သီရိ လင်္ကာမြောက်ပိုင်းရှိ တမီလ်ကျား သူပုန်များကို ထိုးစစ် ဆင်နွှဲရာ သူပုန် ၁၂၀ ခန့် သေဆုံးကြသည်။ တမီလ် ကျားများအနေဖြင့် ကြိုတင် စည်းကမ်း သတ်မှတ်ချက် မရှိသည့် ဆွေးနွေးပွဲများ ပြုလုပ်လိုဟန်ရှိသည်။ သို့သော် ယခုအချိန်အထိ အစိုးရနှင့် တမီလ် လွတ်မြောက်ရေး ကျားအဖွဲ့တို့အကြား ပြေလည်မှု တစ်စုံတစ်ရာ ရရှိခြင်း မရှိသေးဘဲ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိရာ ပြည်တွင်းစစ်ဒဏ်ကို ဆက်လက် ခံစားနေရဆဲ ဖြစ်သည်။

ခုနှစ်နှစ်ကြာ တမီလ်ပုန်ကန်ထကြွမှုတွင် သေဆုံးခဲ့ရ သူပေါင်း ၁၄,၀၀၀ ထက် မနည်းတော့ချေ။ လောလော ဆယ်တွင် သီရိလင်္ကာကျွန်းနိုင်ငံ၏ စစ်တပ်နှင့်အစိုးရ အဖွဲ့ကိုမူ ဆင်ဟာလီတို့က ထိန်းချုပ်ထားသည်။



မြို့တော်သိန်းအောင်

သိန်းအောင်၊ မြို့တော် (ခရစ် ၁၉၂၂–၁၉၉၀) ။ ။ နာမည်ရင်း ဦးသန်းရွှေ ဇာတ်နာမည် မြို့တော်ဦးသိန်း အောင်ကို စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် ကံကြီး ကုန်း ရွာတွင် ၁၉၂၂ ခုနှစ်၌ မွေးဖွားသည်။ ဖခင် ဖြစ်သူမှာ နာမည်ကျော်ကြားလှသော သဘင်လေးရပ် သမိုင်းဝင်အငြိမ့်လူရွှင်တော်ကြီး ဦးခေတ်ခိုးဖြစ်သည်။ ဦးခေတ်ခိုးသည်လည်း သဘင်မျိုးရိုးမှ ပေါက်ဖွားလာသူ ဖြစ်သည်။ ဦးခေတ်ခိုးတွင် ကိုသန်းဌေး၊ကိုရင်၊ ကိုသက်ဝေ (ခေါ်) မြို့တော်မြစိန်၊ ကိုသန်းရွှေ (ခေါ်) မြို့တော် သိန်းအောင်၊ ကိုသန်းစိန် (ခေါ်)မြို့တော်ပေါစံဟု သား ငါးယောက် ထွန်းကားသည့်အနက် ကိုသန်းရွှေခေါ် မြို့တော်သိန်းအောင်မှာ စတုတ္ထမြောက် သားဖြစ်သည်။

ဦးခေတ်ခိုးသည် အကနာမည်ကျော် "စိန်တလေး မြတလေး" ဇာတ်သဘင်အဖွဲ့ကြီးကို တည်ထောင်ခေါင်း ဆောင်သောအခါ သားများမှာလည်း ထိုဇာတ်အဖွဲ့၌ လိုက်ပါ လေ့လာကြရသည်။

ဦးခေတ်ခိုး အသက်အရွယ်ကြီးရင့်၍ အနားယူခါနီး ၌ သားကြီးဦးသန်းဌေက ဇာတ်ဝောင်သည်။ ထိုဇာတ် တွင် ဦးခေတ်ခိုး၏ တတိယသား ကိုသက်ဝေခေါ် "အောင်မြစိန်" သည် "မြို့တော်မြစိန်" ဟူသော အမည်ဖြင့် ခေါင်းဆောင်ကပြီး ဇာတ်အဖွဲ့ကိုလည်း "မြို့တော်မြစိန် ဇာတ်သဘင်အဖွဲ့" ဟု မှည့်ခေါ်ခဲ့ သည်။ ကိုသန်းရွှေခေါ် သိန်းအောင်သည် လူရွှင်တော် အဖြစ်သာ တာဝန်ယူရသော်လည်း အစ်ကိုဖြစ်သူ မင်းသား မြို့တော်မြစိန်ထံမှ မင်းသားပညာများကို နည်းနာခံကာ လေ့လာသည်။ ဇာတ်အဖွဲ့ ကပြရာ၌ အားဖြည့်သည့်သဘောမျိုးဖြင့် တစ်ခါတစ်ခါ ဆီးသီး ကောက်မင်းသားအဖြစ် ကပေးရသည်။

မြို့တော်မြစိန်ဇာတ်သဘင်အဖွဲ့ အထက်ပိုင်းမြို့တစ်မြို့၌ ကပြစဉ် တစ်ညသောအခါ ပရိသတ်က "သိန်းအောင်" အား မင်းသားအဖြစ် နှစ်ပါးသွားခွင့် ကပေးပါဟု တောင်းဆိုသဖြင့် တက်သစ်စမင်းသမီးအဖြစ် ပါဝင်လာသူ (နောင်အခါ မြို့တော်မူမူဟု တွင်လာမည့်) "မြစန်းကြည်" နှင့်တွဲ၍ နှစ်ပါးခွင်ကပေးရသည်။

ထို့နောက် ၁၉၄၉–၅၁ ခုနှစ်ခန့်တွင် မြို့တော်မြစိန်သဘင်အဖွဲ့ ဗန်းမော်မြို့၊ ရွှေကျီးနား ဘုရားပွဲတော်ဇာတ်ရုံ၌ ကပြရန် စာချုပ်ချုပ်ဆိုကာ တာဝန်ယူပြီးဖြစ်နေသော်လည်း ခေါင်းဆောင်မင်းသား ဖြစ်သူ မြို့တော်မြစိန်မှာ မန္တလေးဆေးရုံတွင် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ထိုဇာတ်ရုံ၌ မင်းသားအဖြစ်ကလျှင် ပရိသတ်လက်ခံနိုင်လောက်သော လူရွှင်တော် "သိန်းအောင်" ကို "မြို့တော်သိန်းအောင်" ဟု အမည်ပေးကာ ခေါင်းဆောင်မင်းသား အဖြစ် တာဝန်ပေးကြသည်။ ထိုသည်မှ ဇာဝင်ခေါင်းဆောင်မင်းသား မြို့တော်သိန်းအောင်ဟု နာမည်ရလာသည်။

ပြဇာတ်တွင် ပြဇာတ်မင်းသားအဖြစ် ပါဝင်သူ မြို့တော်သိန်းအောင်၏ သရုပ်ဆောင်ကောင်းမှု၊ စီစဉ်ညွှန်ကြားခြင်းတွင် စနစ်ကျမှုအပြင် ညီဖြစ်သူလူရွှင်တော် "ပေါစံ" ၏ ပြက်လုံးများကြောင့်လည်း ဇာတ်အဖွဲ့၏ နာမည်မှာ တစ်ရှိန်ထိုး တိုးတက်လာသည်။

ဒုတိယကမ္ဘာစစ်ပြီးစနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ မြန်မာ့ဇာတ်သဘင်လောက၏ ဇာတ်ခုံပေါ်တွင် ရွှေပိုင်းအော်ပရာအခန်း၊ ပြဇာတ်အခန်း၊ နှစ်ပါးသွားအခန်းနှင့် နောက်ပိုင်းဇာတ်ကြီးခန်းဟူ၍ တင်ဆက်ကပြလေ့ရှိကြရာ မြို့တော်သိန်းအောင်သည် အော်ပရာနှင့် ပြဇာတ်ခန်းကို ဦးစားပေးကြိုးစားခဲ့ရာ အထူးအောင်မြင်မှု ရခဲ့သည်။

မြို့တော်သိန်းအောင်နှင့် တွဲဖက်ကပြခဲ့သော ပညာရှင်များမှာ ညီဖြစ်သူ မြို့တော်ပေါစံအပါအဝင် လူရွှင်တော် ဦးကြယ်နီ၊ ဦးသိန်းဆု၊ ဦးဟန်ညွှန့်၊ ဦးသိန်းတန်ခေါ် ဦးညိုကြီး၊ ဦးစိန်အောင်လွင်၊ ဦးအောင်စိန်ဦးသိုက်ညွှန့်၊ ချစ်ဖွယ်၊ ချစ်စရာ၊ မင်းသားကြီးဦးငွေသိန်း၊ တူဖြစ်သူ ပြဇာတ်ဒါရိုက်တာ မောင်ယဉ်အောင်၊ ပြဇာတ်ညွှန်ကြားရေးဆရာ ဝင်းစည်သူ၊ မင်းသမီး ကယ်လီသန်း၊ ရှမ်းမင်္ဂဒေကြင်၊ မြစန်းရီ၊ မြစန်းကြည် ခေါ် မြို့တော်မူမူ၊ မြို့တော်ဝင်းမာ၊ ပန်တျာဝင်းမာလေး၊ ခင်အုန်းမြင့်လေး၊ အဝေဆုကြည် စသူတို့ဖြစ်သည်။

မြို့တော်သိန်းအောင်သည် အော်ပရာများ၊ ပြဇာတ်များကို အထူးဝါယမစိုက်၍ တင်ဆက်ရာ "မြစိမ်းရောင်ကိုအောင်နိုင်ခြင်း" အမည်ရှိ အော်ပရာ၊ ရိုးရာယဉ်ကျေးမှု ထိန်းထိမ်းရေး ဦးတည်ချက်ဖြင့် တင်ဆက်သော "လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင်" အမည်ရှိ အော်ပရာ၊ မြန်မာ့ကျေးလက်ယဉ်ကျေးမှု သရုပ်ဖော် "ကျေးရွာရှင်လောင်းလှည့်ပဲ့" အော်ပရာ၊ မြန်မာမှုသရုပ်ဖော် "အညာဆန်စေးလေ" အော်ပရာ၊ အမျိုးသားဇာတိမာန် ကိုဖော်ထုတ်သော "ရွှေးခေတ်ပုဂံပြည်" အော်ပရာတို့သည် အထူးကျော်ကြားကာ လူကြိုက်များလှသည်။ ဇာတ်ဆရာ မြို့တော်သိန်းအောင် သည် ထိုအော်ပရာများကို တင်ဆက်ရာ၌ ဆိုဗီယက်ယူနီယံ၊ ဥရောပနှင့် အမေရိကန်နိုင်ငံများ၌ ခေတ်စားနေသော ဘဲလေးခေါ် တေးဂီတနောက်ခံဇာတ်လမ်းသရုပ်ဖော် ကဇာတ်အသွင်ဖြင့် အများဆုံး တင်ဆက်ခဲ့သည်။

မြို့တော်သိန်းအောင်သည် အထူးကျော်ကြားကာ လူကြိုက်များလှသည့်ပြင် တိုးတက်သော ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ဦးစားပေးသည့် ပြဇာတ်များကို အောင်မြင်စွာ တင်ဆက်ခဲ့သည်။ ရွှေစွန်ညို၊ချစ်သူလှို၊ မိုးလား တိမ်လား မြူလား၊ သဘင်သည်မဝင်ရ၊ ရွှေဖိနပ်ရှပ်တိုက်စီးမယ်၊ ကိုးဆယ်ဆသာလိမ့်မယ်၊ ရွှေတံခါးကြီး ဖွင့်ပါဦး၊ ချစ်လှုလှုငေး၊ လွမ်းရက်ခုတိုင်၊ ပုဂံမှာမွေးပုဂံသွေး။ မိုးသောက်ကြယ်နီ၊ ဇွတ်ချစ်မှာပဲ၊ မိုးကြိုသည့်ပန်း၊ အရှုပ်တော်ပုံ စာနှစ်စောင်၊ မဲပြာပုဆိုးပေါက ချုပ်ရိုးသစ်၊ ကောက်ပင် တရေးနီး၊ ရိုးပြတ်တောက တောက်ခေါက်သံ၊ သန်းခေါင်ကိုနေ့မှတ်ပါလို့၊ ဤမြေမှ သည်တောင်တန်း၊ အမိရွှေလက်တေးပုခက် စသော ပြဇာတ်များသည် နာမည်ကျော်ပြဇာတ်များ ဖြစ်လေသည်။ ဇာတ်ဆရာ မြို့တော်သိန်းအောင်သည် ပြဇာတ်တင်ဆက်ရာတွင် အထူးအောင်မြင်လှရကား တစ်ခါတစ်ရံ မြို့တော်ယဉ်ကျေးမှုသဘင်အဖွဲ့သည် ပြဇာတ်နှစ်ဆုပ်ပေါင်း၍ မိုးအလင်းပင် ကပြခဲ့လေသည်။

မြို့တော်ဦးသိန်းအောင်သည် မည်သည့်နိုင်ငံရပ်ခြားကိုမျှ သွားရောက်လေ့လာရခြင်း မရှိဘဲလျက် ဇာတ်ခုံအဆင်အပြင် အမှန်းအမံပညာရပ်များတွင် နိုင်ငံခြားသို့ သွားရောက်လေ့လာခဲ့ပုံးသမျှထက် သာလွန်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ လျှပ်စစ်မီး သုံးစွဲရာတွင်လည်း အထူးနိုင်နင်းလှသည်။ မြို့တော် ဦးသိန်းအောင်သည် မိမိစီစဉ်တင်ဆက်သော ပြဇာတ်များ၌ ဇာတ်ခုံပေါ်တွင် နှစ်ကိုယ်ခွဲ ဇာတ်ထုပ်၊ နှစ်ရုပ်ပြောင်း ဇာတ်ရုပ်တို့ကို ပီပြင်စွာ တင်ဆက်နိုင်ခြင်း၊ အခန်းကူးအခန်းပြောင်းများတွင် Montage ခေါ် ဇာတ်ခုပ်ဇာတ်ကောင်တို့၏ ပြောစကားဖြင့် ချိတ်ဆက်၍ အခန်းကူးပြောင်းခြင်း၊

ဇာတ်ခုံပေါ်၌ ခမ်းနားလှပ၍ ဇာတ်လမ်း၌ အကျိုးသက်ရောက် အဓိပ္ပာယ်ဆောင်စေသော ပရိဘောဂ ပစ္စည်းပစ္စယ အထားအသိုများ တင်ထား ပြသ၍ ဇာတ်လမ်းဖော်ခြင်း၊ ဇာတ်ခုံပေါ်တွင်ပင် ဇာတ်ခုံငယ်ကလေးနှင့် ပွဲကြည့်ပရိသတ်ပါသည့် အသွင် တင်ပြခြင်း၊ ဇာတ်ခုံပေါ်တွင် Camera Trick ခေါ် ဓာတ်ပုံကင်မရာစွမ်းဖြင့်သာ တင်ဆက်နိုင်သည့် ပြက္ခက်မျိုးဖြစ်သော တံတားကျိုးကျခြင်း၊ ကားမောင်းသွားခြင်း၊ မိုးရွာချခြင်း၊ လူနှင့်ပစ္စည်း အဆောက်အအုံ လျှပ်စစ်ဓာတ်လိုက်၍ လောင်ကျွမ်းခြင်း၊တိုက်ပွဲဖြစ်၍ သစ်ပင်ကြီးများ တောင်ခါးပန်းများပြိုကျခြင်း၊ လေယာဉ်ပျံ ဆင်းသက်လာခြင်း၊ သဘော်ဝခုတ်မောင်းသွားခြင်း၊ မီးရထားခုက် မောင်း သွား ခြင်း တို့ ကိုကိုယ်ပိုင်ထိုးထွင်း တီထွင်၍ အံ့မခန်း တင်ဆက်ခဲ့သည်။

ပြဇာတ်စင်တွင် နောက်ခံကား သုံးစွဲရာတွင်လည်း သက်ဆိုင်ရာပန်းချီပိတ်ကား၊ သုံးထပ်သားပန်းချီကားများ သုံးသည့်အပြင် နောက်မှ ရုပ်ရှင်ဖလင်ကားကို ဆလိုက်မီးထိုး၍ ပေါ်ပေါ်လွင်လွင် ပီပီပြင်ပြင် သဘာဝကျကျ တင်ပြမှုတို့ကို ဆောင်ရွက်ခဲ့၍ အဆူးအောင်မြင်ကျော်ကြားလှသည်။

ပြဇာတ်ဒါရိုက်တာ ပြဇာတ်မင်းသားအဖြစ် အောင်မြင်လှသော မြို့တော်ဦးသိန်းအောင်သည် သူကိုယ်တိုင် သရုပ်ဆောင်မင်းသားအဖြစ် ပါဝင်ကာ ရုပ်ရှင်မင်းသမီး အကယ်ဒမီ ခင်မိုးမိုးနှင့် တွဲဖက်၍ "စိတ်နဲ့မာယာ" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးတင်ဆက်ခဲ့ဖူးသည်။

မြို့တော်ဦးသိန်းအောင်သည် ၁၉၆၆ ခုနှစ်မှ ၁၉၇၀ နှစ်များတွင် မိမိ၏ ဇာတ်အဖွဲ့၌ အနုပညာရှင်နှင့် အထွေထွေအလုပ်သမား စုစုပေါင်း အဖွဲဝင်နှစ်ရာကျော် ဖြင့် အဖွဲဝင်အများဆုံး ပါဝင်သော ယဉ်ကျေးမှုသဘင် အဖွဲကြီးကို ဖွဲ့စည်းခဲ့ရာ ထိုနှစ်များတွင် အောင်မြင်အကျော်ကြားဆုံး ဖြစ်လေသည်။

မြို့တော်ဦးသိန်းအောင်သည် ၁၉၇၇ ခုနှစ်အထိ မြန်မာနိုင်ငံ သဘင်ကောင်စီ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ကွယ်လွန်သည်အထိ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဇနီးဒေါ်လှမြဲ ၁၉၇၁ ခုနှစ်က ကွယ်လွန်သဖြင့် ၁၉၇၂ ခုနှစ်တွင် ဒေါ်ခင်အေးကြိုင်နှင့် လက်ထပ်ခဲ့သည်။

မြို့တော် ဦးသိန်းအောင်သည် အသံဝင်သော လည်ချောင်းရောဂါဖြင့် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ အသက် ၆၇ နှစ်တွင် အမြဲနေထိုင်ရာ မန္တလေးမြို့၌ ကွယ်လွန်သည်။ ဇနီးနှင့် သားသမီးငါးဦး ကျန်ရစ်ခဲ့သည်။



ဆိုအီချိရို ဟွန်ဒါ

ဟွန်ဒါ, ဆိုအီချိရို (ခရစ် ၁၉၀၆ – ၁၉၉၁)။ ။ ဂျပန်နိုင်ငံ၏ နာမည်ကျော် ဟွန်ဒါမော်တော်ကားကုမ္ပဏီကြီးကို စတင်ထူထောင်ခဲ့သော မော်တော်ကားပညာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီး ဆိုအီချိရိုဟွန်ဒါကို ၁၉၀၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ အီတာဝါဂန်မြို့၌ ဂီဟေအိဟွန်ဒါနှင့် မီကာဟွန်ဒါတို့မှ မွေးဖွားခဲ့သည်။

ဟွန်ဒါ၏ဖခင်မှာ ပန်းပဲဆရာတစ်ဦးသာ ဖြစ်သည်။ ငယ်စဉ်ကပင် မော်တော်ကားများကို အလွန်စိတ်ဝင်စားခဲ့သည်။ သူခြောက်နှစ်သားအရွယ်က သူ၏ဇာတိမြို့ကလေးထဲသို့ ဖို့ဒ် မိုဒယ် တီ ကားတစ်စီး မောင်းဝင်လာစဉ် နောက်မှ အရှုံးအမူးပြေးလိုက်ခဲ့သော ဟွန်ဒါသည် အသက် ၁၀ နှစ်အရွယ်တွင် ပထမဆုံး အကြိမ်အဖြစ် ကားတစ်စီးကို ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည်။ ကား၏ အင်ဂျင်မှာ စွန့်ပစ်ထားသော အမေရိကန်လေယာဉ် အင်ဂျင်ဟောင်းတစ် ခု ကို ပြု ပြင် တပ် ဆင် ထား ခြင်း ဖြစ်သည်။

ဟွန်ဒါသည် ၁၉၂၂ ခုနှစ်တွင် မော်တော်ယာဉ်အလုပ်ရုံတစ်ခု၌ ပညာသင်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၂၇ ခုနှစ်တွင် ကိုယ်တိုင်အလုပ်ရုံ စတင်တည်ထောင်သည်။ ၁၉၃၅ ခုနှစ်တွင် ဆာချီအီဆိုဘေးနှင့် အိမ်ထောင်ပြုခဲ့ရာ သားနှစ်ယောက် သမီးတစ်ယောက် ထွန်းကားသည်။ သားတစ်ယောက် ကွယ်လွန်ခဲ့သည်။

သူသည် ၁၉၄၈ ခုနှစ်တွင် တိုကျိုရှိ ကားကုမ္ပဏီတစ်ခုကို စတင်ထူထောင်ခဲ့ပြီး မော်တော်ဆိုင်ကယ်များကို အခိုကထား၍ ထုတ်လုပ်ခဲ့သည်။ သူ၏ မော်တော်ကားလုပ်ငန်းသည် ဂျပန်နိုင်ငံတွင် စတုတ္ထအကြီးမားဆုံး နေရာ၌ရှိပြီး အမေရိကန်ပြည်ထောင်စုတွင် ခရီးသည်တင်ကားထုတ်လုပ်မှု၌ ခရိုင်ဇလာကုမ္ပဏီ၏ နေရာကိုယူ၍ တတိယအကြီးဆုံးထုတ်လုပ်သူ ဖြစ်လာခဲ့သည်။

စိတ်ဓာတ်ကြွံခိုင်၍ ဆုံးဖြတ် ထား သည့် အ တိုင်း လုပ်တတ်သောဟွန်ဒါသည် သူလုပ်ငန်းအပေါ် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကိုလည်း လက်မခံခဲ့ပေ။ သူအား မော်တော်ဆိုင်ကယ်များသာ ထုတ်လုပ်ရန် နိုင်ငံတကာ ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းဝန်ကြီးဌာနကအမိန့်ထုတ်ပြန်ခဲ့စဉ်က ယင်းအမိန့်ကို လိုက်နာရန် ငြင်းဆန်ခဲ့သည်။ ၁၉၇၃ ခုနှစ်တိုင်အောင် ဟွန်ဒါမော်တော်ကားကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် သူအနားယူပြီးနောက် ၁၉၈၃ ခုနှစ်အထိ ဂုဏ်ထူးဆောင် ရာထူးဖြစ်သော ဆာအိကို ကိုမွန် (အကြံပေးအရာရှိချုပ်)အဖြစ် ဆောင်ရွက်ခဲ့သည်။

ဟွန်ဒါသည် ၁၉၇၇ ခုနှစ်တွင် ဟွန်ဒါဖောင်ဒေးရှင်းကို တည်ထောင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ဂျပန်မော်တော်ကားထုတ်လုပ်သူများ အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ တိုကျိဆိုဖီယာတက္ကသိုလ်နှင့် မီချီဂန်စက်မှုတက္ကသိုလ်တို့မှ ချီးမြှင့်သော ဂုဏ်ထူးဆောင် ပါရဂူအင်ဂျင်နီယာဘွဲ့များကို ၁၉၇၃ ခုနှစ် နှင့် ၁၉၇၄ ခုနှစ်များတွင် ရရှိခဲ့သည်။ ထို့ပြင် ကရင်းဖို့စက်မှုတက္ကသိုလ်မှ ချီးမြှင့်သောဂုဏ်ထူးဆောင် သိပ္ပံပါရဂူဘွဲ့အပါအဝင် အီတလီ၊ ဗဲလ်ဂျီယမ်၊ ဆွီဒင်၊ ပြင်သစ်နိုင်ငံများမှ ချီးမြှင့်သော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်အမျိုးမျိုး ရရှိခဲ့သည်။ မော်တော်ကားပညာရှင်ကြီး ဟွန်ဒါသည် ၁၉၉၁ ခုနှစ်ဩဂုတ်လ ၅ ရက်နေ့တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

အာဆီယံ။ ။ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (အာဆီယံ)ကို အဖွဲ့ဝင်ငါးနိုင်ငံဖြင့် ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ဗန်ကောက်ကြေညာစာတမ်းဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ကြသည်။ ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် အဖွဲ့ဝင်ဖြစ်လာသဖြင့် ယခုအခါ အာဆီယံတွင် အဖွဲ့ဝင်ခြောက်နိုင်ငံ ရှိသည်။ ၁၉၉၁ ခုနှစ်အတွင်း အာဆီယံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) က ဒေသဆိုင်ရာလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲကို ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။ ယင်းဆွေးနွေးပွဲကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ အာဆီယံစတင်ထူထောင်ခဲ့သည့် ၁၉၆၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။ အာဆီယံဖွဲ့စည်းထူထောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ အမေရိကန်စစ်စခန်းများ တဖြည်းဖြည်းချင်း ပိတ်ပစ်ရတော့မည့် အခြေအနေများကြောင့် ဒေသဆိုင်ရာ လုံခြုံရေးသဘောတူညီမှု တညီတညွတ်တည်း ရရှိရန် လိုအပ်လာတော့သည်။ ဖိလစ်ပိုင်ရှိ အမေရိကန်စစ်စခန်းများအနေဖြင့် ပစိဖိတ်ဒေသကာကွယ်ရေးအတွက် အဓိကကျ သည့် နေရာမှ ပါဝင်နေရာ ကျပန်၊ တောင်ကိုရီးယားအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ လုံခြုံရေးအတွက် အထောက်အကူပြုနေပေသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အမေရိကန် စစ်စခန်းများ ဆက်လက်ထားရှိရေးစာချုပ်သစ်အတွက်စေ့စပ်ညှိနှိုင်းလျက်ရှိရာ လျော်ကြေးပေးရမည့် ငွေပမာဏနှင့် စစ်စခန်းများ သက်တမ်းသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာသဘောတူညီမှုမရရှိဘဲ သောင်မတင်ရေမကျ ဖြစ်နေခဲ့သည်။ အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိရေး၊ မထားရှိရေး ပြဿနာမှာ အာဆီယံနိုင်ငံများနှင့် မသက်ဆိုင်ဘဲ ဖိလစ်ပိုင်နှင့် အမေရိကန်နှစ်နိုင်ငံအကြား ဖြေရှင်းရမည့် ပြဿနာဖြစ်သည်ဟု အာဆီယံနိုင်ငံများက ခံယူထားသည်။

၁၉၉၁ ခုနှစ် ပြည်လအတွင်းက စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်သည် ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ် ရောက်ရှိလာရာ ဒေသအတွင်း အမေရိကန်စစ်အင်အား လျော့ချမှုနှင့် စပ်လျဉ်း၍ ၎င်း၏သဘောထားအမြင်ကို တင်ပြခဲ့သည်။ ဖိလစ်ပိုင်သမ္မတ အာကီနိုနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဖိလစ်ပိုင်နိုင်ငံ၌ အမေရိကန်စစ်အခြေစိုက်စခန်းများ ဆက်လက်တည်ရှိနေမှုကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် မတ်လ ၁ ရက်နေ့မှစ၍ အင်ဒိုနီးရှားနိုင်ငံသို့ အလည် အပတ်ရောက်ရှိခဲ့ရာတွင် အင်ဒိုနီးရှားသမ္မတဆူဟာတိုနှင့် တွေ့ဆုံပြီးအနောက်ဥရောပတွင်ရှိစီးပွားရေးအုပ်စုများနှင့် ယှဉ်၍ တန်ပြန်လုပ်ဆောင်နိုင်စေရန်အတွက် အရှေ့အာရှစီးပွားရေးအုပ်စုဖွဲ့စည်းရန်ကို ဆွေးနွေးခဲ့သည်။ မဟာသီယာက ယင်းစီးပွားရေးအုပ်စုကို ဖွဲ့စည်းရခြင်းမှာ နိုင်ငံတကာစျေးကွက်တွင် နောက်ထပ်လမ်းဖွင့်ပေးမှုများဖြစ်ပေါ်စေရန် အခြေခံအားဖြင့် ရည်ရွယ် သည် ဟု ပြောကြားသည်။ သမ္မတဆူဟာတိုက ယင်းအဆိုပြုချက်ကို အာဆီယံအဖွဲ့ဝင်ခြောက်နိုင်ငံက အပြန်အလှန်စိစစ်သုံးသပ်ရန်လိုအပ်သည်ဟု အလေးအနက်ထား ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာ တင်ပြခဲ့သည့်

အရှေ့အာရှစီးပွားရေးအုပ်စု ဖွဲ့စည်းရေးအဆိုနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အထက်တန်းအရာရှိကြီးများသည် မေလ ၁၁ ရက်နှင့် ၁၂ ရက်နေ့များတွင် ကွာလာလမ်ပူမြို့၌ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ် နှစ်ကုန်ပိုင်းက ဘရပ်ဆယ်မြို့တွင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုအသစ်ဆိုင်ရာ ဆွေးနွေးပဲ့ပျက်ပြားသွားပြီးနောက် မလေးရှားဝန်ကြီးချုပ်မဟာသီယာက အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အခြားအာရှနိုင်ငံများသည် အရှေ့အာရှစီးပွားရေးအုပ်စုဖွဲ့စည်းသင့်ကြောင်း အဆိုပြုခဲ့ခြင်းဖြစ်သည်။

ဤသို့ စီးပွားရေး အုပ်စုဖွဲ့စည်းခြင်းမှာ ကုန်သွယ်ရေးပိတ်ဆို့မှုသဘောမျိုး ပြုလုပ်ခြင်းမဟုတ်ဘဲ လွတ်လပ်သော ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေကာ နိုင်ငံတကာကုန်သွယ်မှု စေ့စပ်ညှိနှိုင်းမှုများတွင် စီးပွားရေးအုပ်စုတွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံငယ်ကလေးများအား တန်ပြန်ထိုးနှက်ချက် ပိုမိုရရှိစေရန် ဖြစ်သည်ဟု ဆိုသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးအုပ်စုဖွဲ့ရန် တင်ပြချက်မှာ ထောက်ခံမှုအပြည့်အဝ မရရှိခဲ့ပေ။ အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေး အုပ်စုဖွဲ့စည်းမည်ဆိုပါက ယင်းအဖွဲ့က လက်ရှိ အာဆီယံကို လွှမ်းမိုးသွားစေနိုင်ခြင်းနှင့် အာဆီယံက ပါဝင်ဆောင်ရွက်မည့် အာရှ–ပစိဖိတ် ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ပဋိပက္ခ ဖြစ်စေနိုင်ခြင်းတို့ကို မလိုလားချေ။ သို့ဖြစ်ရာ အရှေ့အာရှ စီးပွားရေးအုပ်စုဖွဲ့စည်းရန် ကိစ္စကို ဇူလိုင်လတွင်ကျင်းပမည့် အာဆီယံနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများ၏ နှစ်ပတ်လည် အစည်းအဝေးတွင် တင်ပြ၍ စဉ်းစားဆုံးဖြတ်ရန် သဘောတူခဲ့သည်။

အထက်ပါ အာဆီယံ နိုင်ငံများမှ အထက်တန်းအရာရှိကြီးများ၏ အစည်းအဝေးတွင် သက်တမ်း ၁၂ နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်သည့် ကမ္ဘောဒီးယား ပဋိပက္ခ ပြဿနာနှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပရန်ရှိသည့် ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုများ၏ ဆွေးနွေးပဲ့ကိုစွကိုလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်အတွက် အဆိုပြုထားပြီး ဖြစ်သည့် အာဆီယံစီးပွားရေး စာချုပ်နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဆိုဗီယက်နှင့် တရုတ်နိုင်ငံတို့အား အာဆီယံနှစ်ပတ်လည် အစည်းအဝေးသို့ ဧဆေးနွေးဖက် နိုင်ငံများအဖြစ် လက်ခံတက်ရောက်ခွင့်ပြုရန်ကိုလည်း ထောက်ခံခဲ့သည်။

ဥရောပ ဘုံစျေးအဖွဲ့ဝင် နိုင်ငံများ (အီးစီ) နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် မေလ ၃၀ နှင့် ၃၁ ရက်နေ့များက လူဇင်ဘတ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ ခေတ်မမီတော့သည့် ၁၉၇၀ ပြည့်နှစ် အီးစီ–အာဆီယံသဘောတူစာချုပ်ကို အစားထိုးရန် အတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အသစ်ကို ရေးဆွဲရန် အီးစီအဖွဲ့က အဆိုပြုခဲ့သည်။

၁၉၇၀ ပြည့်နှစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်ဟောင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးတွင် လက်ရှိဖြစ်ပေါ် တိုးတက်လျက်ရှိသည့် အခြေအနေများနှင့် ကိုက်ညီမှုမရှိတော့ရုံမျှမက အီးစီနှင့် အာဆီယံအကြား စီးပွားရေးဆက်ဆံမှုများကိုလည်း ကိုယ်စားပြုခြင်းမရှိတော့ဟု ဆိုသည်။

အီးစီနှင့် အာဆီယံ အကြား အပြန်အလှန် ကုန်သွယ်မှုမှာ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း တစ်နှစ်လျှင် ၃၅ ဘီလီယံကျော် ရှိခဲ့သည်။ အီးစီသည် အာဆီယံ၏ တတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်သည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၇၉ ခုနှစ် အတွင်း အီးစီက အာဆီယံမှ ကုန်တင်သွင်းမှုမှာ ၉၂ ရာခိုင်နှုန်း မြင့်တက်သွားပြီး အီးစီမှအာဆီယံသို့ ကုန်တင်ပို့မှုမှာ ၅၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သို့ရာတွင် မကြာသေးမီကာလအတွင်း အရှေ့တောင်အာရှ ဖွံ့ဖြိုးစနိုင်ငံများတွင် အီးစီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဂျပန်နှင့် အမေရိကန်တို့ နောက်သို့ ရောက်သွားပြီး တတိယနေရာမှ လိုက်နေသဖြင့် ဤသို့ ရင်းနှီးမြှုပ်နှံမှုကို အီးစီက အားမပေးခြင်းအတွက် အာဆီယံက ပြစ်တင်ဝေဖန်ခဲ့သည်။

ယခုရေးဆွဲမည့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်သစ်တွင် ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုတို့ကို ပိုမိုအလေးပေးထားပြီးအီးစီ၏ ဖွံ့ဖြိုးမှု အကူအညီအပေါ် အလေးပေးမှုကို လျော့ချထားသည်။ ၁၉၉၃ ခုနှစ်အရောက်တွင် တစ်ခုတည်းသော စျေးကွက်ဖြစ်လာသည့်အခါ အီးစီအနေဖြင့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို ကျင့်သုံးသွားလိမ့်မည်ဟု အာဆီယံ၏ စိုးရိမ်ပူပန်မှု များကိုလည်း အီးစီကိုယ်စားလှယ်များက ချေဖျက်ခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ နှစ်ပတ်လည် အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင်လ ၁၉ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးပွဲအပြီး ဇူလိုင်လ ၂၁ ရက်မှ ၂၄ ရက်နေ့အထိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ

နှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသည့် အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ ကနေဒါ၊ ဥရောပဘုံစျေးအဖွဲ့၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ ဆွေးနွေးပွဲကို ဆက်လက် ကျင်းပခဲ့သည်။

ယခုနှစ် အာဆီယံ နှစ်ပတ်လည် အစည်းအဝေးတွင် ပထမဆုံး အကြိမ်အဖြစ် တရုတ် နိုင်ငံခြားရေးဝန်ကြီး ကျန်ကျီချင်နှင့် ဆိုဗီယက် ပထမ ဒု-ဝန်ကြီးချုပ် ယူရီမာဆလီ ယူကော့ဗ်တို့သည် မလေးရှားအစိုးရ၏ ဧည့်သည်များအဖြစ် တက်ရောက်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အာဆီယံဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံပြီး အနာဂတ်တွင်အာဆီယံနှင့် ဆက်ဆံမည့် နှစ်နိုင်ငံဆက်ဆံရေးပုံစံနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အာဆီယံမှ အဖွဲဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ရေနံပေါကြွယ်ဝသော ဘရူနိုင်း နိုင်ငံသည် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံတို့နှင့် လည်းကောင်း၊ အခြားမည်သည့် ကွန်မြူနစ်အစိုးရနှင့် လည်းကောင်း သံတမန် ဆက်သွယ်မှုမရှိပေ။ သို့ရာတွင် တရုတ်၊ ဆိုဗီယက် နိုင်ငံတို့နှင့် သံတမန် ဆက်ဆံရေး ထူထောင်မည်ဖြစ်ကြောင်း ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အာဆီယံနှစ်ပတ်လည် အစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် ထုတ်ပြန်ကြေညာချက် တစ်ရပ်၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကမ္ဘောဒီးယား စင်ပြိုင်အုပ်စုများ၏ ပီကင်းတွင် ကျင်းပခဲ့သော အစည်းအဝေးရလဒ်ကောင်းများကြောင့် အားရဝမ်းသာဖြစ်မိကြောင်းနှင့် မင်းသားကြီးသီဟာနုအား အဖွဲဝင် ၁၂ ဦးပါဝင်သော ကမ္ဘောဒီးယား အမျိုးသား ဦးစီးကောင်စီ (အက်စ်အင်စီ) ၏ ဥက္ကဋ္ဌအဖြစ် တည်တည့်တက်တည်း ရွေးချယ် တင်မြှောက် လိုက်ခြင်းအတွက် အထူး နှစ်ထောင်းအားရ ဝမ်းသာမိကြောင်း ဖော်ပြသည်။

ထို့ပြင် အစည်းအဝေးအပြီးတွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ယခု ရာစုနှစ် ကုန်ဆုံးချိန်တွင် အာဆီယံလုတ်လပ်သော ကုန်သွယ်ရေး ဒေသထူထောင်ရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်ကို ထောက်ခံကြောင်း၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လေ့လာချက်စာတမ်းတစ်ရပ်ကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် စင်ကာပူ၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်သွင်းမည်ဖြစ်ကြောင်း၊ အရှေ့အာရှ စီးပွားရေးအုပ်စု ထူထောင်ရေးကို ဒုတိယအကြိမ် ဆွေးနွေးပြီး အစီရင်ခံစာကို အောက်တိုဘာလတွင် ကွာလာလမ်ပူ၌ ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်သွင်းမည်ဖြစ်ကြောင်း၊ ၁၂ နှစ်ကြာ ကမ္ဘောဒီးယား ပြဿနာနှင့် ပတ်သက်သည့် သဘောတူညီချက်နှင့် ဖန္ဒမ်းပင်နှင့် ပြောက်ကျား သုံးအုပ်စုတို့ ပါဝင်သော အမျိုးသား ဦးစီးကောင်စီ ထူထောင်ခြင်းကို အာဆီယံဝန်ကြီးများက ကြိုဆိုကြောင်း အစရှိသဖြင့် ဖော်ပြထားသည်။

အာဒိစ္စရံသီ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊ (မြန်မာ ၁၂၇၂–၁၃၅၃)။ ။ဆရာတော် ဘဒ္ဒန္တ အာဒိစ္စရံသီကို ရန်ကုန်တိုင်း၊ သံလျင်မြို့နယ်၊ ငါးပရွာတွင် ခမည်းတော် ကုန်သည် ဦးစံညွန့်၊ မယ်တော် ဒေါ်စိုးညွန့်တို့က ၁၂၇၂ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။

၁၀ နှစ်သားအရွယ်တွင် ငါးပရွာကျောင်းဆရာတော် ဦးဥာဏဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးညိုဝိုင်း၊ အဘွား ဒေါ်သဲနှစ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၂၉၃ ခုနှစ်တွင် ငါးပရွာကျောင်း ဗုဒ္ဓသိမ်တော်၌ ကော့ချောင်းဂိုဏ်းအုပ် သနပွင် ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြုလျက် အဘိုး အဘွား၊ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် မန္တလေးမြို့၊ လေးပြင်လေးရပ်ရှိ စာချအကျော် ဆရာတော်များထံတွင် လည်းကောင်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍညနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဦးနန္ဒဝံသတို့ထံတွင် လည်းကောင်း ပိဋကတ် ကျမ်းစာ အဖြာဖြာကို ၁၉ နှစ်တိုင် သင်ကြား ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် စာသင်သံဃာတော် ၅၀၀ ကျော် တို့အား စာပေပို့ချရင်း ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၏ ဦးစီးပဓာန နာယက၊ ရွှေတိုက်စေတီတော် သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော် မူခဲ့သည်။ ဤကဲ့သို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော် မူခဲ့သောကြောင့် ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၃၁၃—ရှ။)

ဆရာတော် ဘဒ္ဒန္တ အာဒိစ္စရံသီသည် ၁၃၅၃ ခုနှစ်

ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

အီရတ်နိုင်ငံ။ ။၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကိုလေးစားသည့် ကမ္ဘာ့နိုင်ငံအများအပြားက အီရတ်နိုင်ငံအပေါ် ဆန့်ကျင်ခဲ့ကြသည်။ ဤမှာကုလသမဂ္ဂအဖွဲ့ကြီးကလည်း အီရတ်နိုင်ငံအား ပြတ်ပြတ်သားသားအရေးယူမှုများ ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှေးဦးစွာအီရတ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု ပြုလုပ်ခဲ့ပြီးယင်းအရေးယူမှုဖြင့် ပြဿနာ ပြေလည်သွားနိုင်စရာအကြောင်းမမြင်သည့်အခါတွင် အီရတ်တပ်ဖွဲ့များကူဝိတ်မှ ဖယ်ရှားရေးအတွက် စစ်အင်အား အသုံးပြုရေးကို ခွင့်ပြုသည့် ဆုံးဖြတ်ချက်အမှတ် ၆၇၈ ကို မဲခွဲဆုံးဖြတ်ကာ အတည်ပြုခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၃၂၀၊ ၃၂၁၊ ၃၂၂—ရှု။) အဆိုပါဆုံးဖြတ်ချက်အရ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ အီရတ်တပ်ဖွဲ့များ ကူဝိတ်နိုင်ငံမှ ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။ လိုက်နာခြင်းမရှိပါက အီရတ်တပ်ဖွဲ့များကို စစ်တပ်အင်အားအသုံးပြု၍ ဖယ်ရှားရန်ခွင့်ပြုထားသည်။

သို့ဖြစ်သည့်တိုင်အောင် အီရတ်နိုင်ငံက တစ်စုံတစ်ရာ လိုက်လျောမှုမရှိဘဲ တင်းခံနေခဲ့ရာ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပင်လယ်ကွေ့စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်။ စစ်ပွဲတွင် အီရတ်နှင့်ကူဝိတ်တို့တွင်ရှိသည့် အီရတ်တပ်သားငါးသိန်းကျော်ခန့်သည် ဆအူးဒီအာရေဗျနှင့်ပင်လယ်ကွေ့ဒေသရှိ အင်အား ၄,၀၀,၀၀၀ ခန့်ရှိသော အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။ စစ်ဆင်ရေးနည်းဗျူဟာအရလည်းကောင်း၊ စစ်လက်နက်ပစ္စည်းခေတ်မီမှုဌာနလည်းကောင်း မယှဉ်သာသည့်အတွက် အီရတ်တို့ အရှုံးကြီးရှုံးနိမ့်ခဲ့ရသည်။ အီရတ်တို့ သိမ်းပိုက်ထားသည့် ကူဝိတ်နိုင်ငံသည်လည်းဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လုံးဝ ပြန်လည်လွတ်မြောက်ခဲ့သည်။ နောက်ဆုံးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အား လုံးကို လိုက် နာ ရန် အီရတ်ကသဘောတူခဲ့သဖြင့် ပင်လယ်ကွေ့စစ်ပွဲသည်လည်း ပြီးဆုံးခဲ့သည်။ (ပင်လယ်ကွေ့စစ်ပွဲ—ရှု။)

ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးပြီးနောက် အီရတ်နိုင်ငံတွင် ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ကာ ဆက်ဒမ်ဟူစိန်အား ဆန့်ကျင်အုံကြွသည့် တော်လှန်ပုန်ကန်မှုများ ဖြစ်ပေါ်ခဲ့သည်။ အီရတ်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ရှီယိုက်မူဆလင်တို့၏ ပုန်ကန်ထကြွမှုများနှင့်အီရတ်မြောက်ပိုင်းတွင် ကဒ်လူမျိုးတို့၏ ပုန်ကန်ထကြွမှုများ ဖြစ်ပွားခဲ့သည်။ ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏ အဓိကကျသော လက်ထောက်များသည် ဆွန်နီမူဆလင်များဖြစ်ကြသော်လည်း အီရတ်နိုင်ငံလူဦးရေ ၁၇ သန်းတွင် ရှီယိုက်မူဆလင်က ၅၅ ရာခိုင်နှုန်း ပါဝင်နေသည်။ ထို့ပြင်လူမျိုးစုလေးငါးမျိုးရှိပြီး ဘာသာရေးအုပ်စုကွဲများလည်း အများအပြား ရှိသည်။ အာရပ်မဟုတ်သော ကဒ်လူမျိုးစုများက ၂၀ ရာခိုင်နှုန်းခန့် ရှိပြီး မြောက်ပိုင်းတွင် အခြေချနေထိုင်ကြသည်။ အများစုဖြစ်သော ရှီယိုက်မူဆလင်များက တောင်ပိုင်းတွင် နေထိုင်ကြသည်။

ရှီယိုက်မူဆလင်များနှင့် ကဒ်လူမျိုးတို့၏ ပုန်ကန်ထကြွမှုများကို ဆက်ဒမ်ဟူစိန်က အင်အားသုံး၍ အပြင်းအထန် နှိမ်နင်းခဲ့သည်။ ရှီယိုက်မူဆလင်နှင့်ကဒ်သူပုန်များက အီရတ်နိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းရှိမြို့ကြီးများကို သိမ်းယူရန် ကြိုးပမ်းရာ အစိုးရတပ်ဖွဲ့များနှင့်တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွား ခဲ့သည်။ သူပုန်များသိမ်းယူခဲ့သည့် မြို့များကို အစိုးရတပ်ဖွဲ့များက ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်ဟု ကြေညာခဲ့သည်။ အီရတ်နိုင်ငံအတွင်း တော် လှန် ပုန် ကန်မှုများနှင့်စပ်လျဉ်း၍ အီရန်နိုင်ငံက အားပေးအားမြှောက်ပြုခဲ့သည်ဟု အီရတ်က စွပ်စွဲထားသည်။ စင်စစ် အီရတ်နိုင်ငံတွင်းရှိ ရှီယိုက်မူဆလင်တို့သည် ရှီယိုက်တို့အများစုလွှမ်းမိုးသည့် လူဦးရေ ၅၅ သန်းရှိသော အီရန်နိုင်ငံနှင့် သမိုင်းကြောင်းအရ ဆက်ဆံမှုများကလည်း ရှိနေပေသည်။

ပုန်ကန်ထကြွမှုများအတွင်း ကဒ်လူမျိုး အများအပြား အီရတ်နိုင်ငံကို စွန့်ခွာထွက်ပြေးခဲ့ကြပြီး တူရကီနှင့်အီရန်နိုင်ငံနယ်စပ်များဆီသို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ကြသည်။ အချို့ကဒ်လူမျိုးများက အီရန်နှင့်တူရကီနယ်စပ်ချင်းထိ နေ သည့် တောင်တန်းများဆီသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ တူရကီနှင့်အီရန်နယ်စပ်သို့ ထွက်ပြေးကြသော ကဒ်လူမျိုးများတွင် အများစုမှာ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဖြစ်ကြသည်။ ရာသီဥတုဆိုးဝါးမှုဒဏ် ခံစားရခြင်းနှင့် အစားအစာနှင့်ဆေးဝါး မလုံလောက်မှုများကြောင့် ကဒ်ဒုက္ခသည်အများအပြားမှာ အသက်အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ သေဆုံးမှုများလည်း ရှိခဲ့သည်။ သို့ဖြစ်ရာ ကဒ်ဒုက္ခသည်များအား အကူအညီပေးပါရန် အီရန်နှင့် တူရကီနိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တိုက်တွန်းပြောကြားခဲ့ရသည်။ ကဒ်လူမျိုး စစ်ပြေးဒုက္ခသည် စုစုပေါင်းမှာ နှစ်သန်းခန့်ရှိသည်ဟု ဆိုသည်။ ကဒ်ဒုက္ခသည်များအရေးသည် ပြဿနာကြီးတစ်ရပ်ဖြစ်ရာ ၎င်းတို့အား ကယ်ဆယ်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အရေးယူ ဆောင်ရွက်ခဲ့ရသည်။



တူရကီနယ်စပ်သို့ထွက်ပြေးခိုလှုံကြသော ကခ်လူမျိုးဒုက္ခသည်များ

အီရတ်အစိုးရက ကဒ်လူမျိုးစုသူပုန်များအား လွတ်ငြိမ်းချမ်းသာခွင့် ပေးကြောင်း ကြေညာခဲ့သည့်တိုင်အောင် ကြောက်ရွံစိုးရိမ်နေကြသည့် ကဒ်လူမျိုးအများအပြားမှာ အီရတ်မှ စွန့်ခွာထွက်ပြေးလျက် ရှိခဲ့ကြသည်။ သို့ဖြစ်ရာ ကဒ်ဒုက္ခသည်ပြဿနာမှာ ကြီးမားရှလာပြီး အနောက်နိုင်ငံများက လူသားချင်းစာနာသည့် အကူအညီများ ပေးပို့ခဲ့ကြရသည်။

ဤသို့အခြေအနေများရှိနေစဉ် အီရတ်သမ္မတ ဆက်ဒမ် ဟူစိန်သည် အစိုးရအဖွဲ့ အသစ်တစ်ဖန် ဖွဲ့စည်းရေးဆွဲမှု အပါအဝင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မတ်လ ၁၆ ရက်နေ့တွင် ကတိပြုပြောကြားခဲ့သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ဖော်ဆောင်ရေးမှာ အီရတ်နိုင်ငံ၌ပေါ် ပေါက်နေသော ပုန်ကန်အုံကြွမှုများကို အဆုံးသတ်ပစ်ရန် ရည်ရွယ်ပုံရသည်။

ဤသို့ဖြင့် သမ္မတ ဆက်ဒမ်ဟူစိန်က ၎င်းကိုယ်တိုင်ရယူထားသော ဝန်ကြီးချုပ်ရာထူးကို ရှိယိုက်မူဆလင် ဘာသာဝင် တစ်ဦးဖြစ်သူ ဒုတိယဝန်ကြီးချုပ်ဟာမာဒီအား ခန့်အပ်လိုက် ပြီး နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့ရသူ တာရစ်အဇစ်ကိုလည်း နိုင်ငံခြားရေး ဝန်ကြီးရာထူးကို စွန့်လွှတ်စေပြီး ဒုတိယဝန်ကြီးချုပ် တာဝန်ကိုသာ ထမ်းဆောင်စေသည်။ ထို့အပြင် အာဏာရ ဘာသ်ပါတီ အစိုးရ အဖွဲ့ဝင်များကိုလည်း အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။

ထိုအတောအတွင်း ကဒ်လူမျိုးတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးနှင့်စပ်လျဉ်း၍ ကဒ်လူမျိုးစုခေါင်းဆောင်များနှင့် အီရတ်အစိုးရနှင့် စစ်ဖက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များတို့သည် ဘဂ္ဂဒက်နှင့် ဒါဟတ်မြို့တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ပထမပိုင်းဆွေးနွေးပွဲများတွင် ကဒ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရေစီရရှိရေး အစီအစဉ်ဆိုင်ရာ အဓိကအချက်များတွင် သဘောတူညီမှု ရရှိခဲ့သော်လည်း နောက်ပိုင်း ဆက်လက်ပြုလုပ်သည့် ဆွေးနွေးပွဲများတွင်မူ ကဒ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် အီရတ်၏ အဆိုပြုချက်ကို ကဒ်ခေါင်းဆောင်များက ပယ်ချခဲ့သည်။ အီရတ်တို့ဘက်မှ တင်ပြသည့် အဆိုပြုချက်၌ အဓိကအကျဆုံးပြဿနာမှာ ကဒ်ဒေသအချို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသမှ ချန်လှပ်ထားခဲ့ပြီး အဆိုပါ ချန်လှပ်ထားသည့် နယ်မြေများတွင် ရေနံပေါကြွယ်ဝသည့် ကိအာကက်မြို့လည်းပါဝင်သည်။ ကဒ်ခေါင်းဆောင်များက တောင်းဆိုနေဆဲ ဖြစ်သည့် အခြားဒေသများထဲတွင် မင်ဒီလီ၊ ဆင်ဂျာ၊ ဇမာနှင့် ခါနီကွင် ဒေသတို့ပါဝင်သည်။ သို့ဖြစ်ရာ ယခုအချိန်ထိ ကဒ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးမှာ စေ့စပ်ညှိနှိုင်း၍မရသေးဘဲ လိပ်ခဲတည်းလည်း ဖြစ်လျက်ရှိသည်။

ကဒ်လူမျိုးတို့သည် အီရတ်၊ တူရကီ၊ အီရန်၊ ဆိုဗီယက်

ပြည်ထောင်စုနှင့် ဆီးရီးယားနိုင်ငံတို့တွင် ပြန့်ကြဲလျက်ရှိကြပြီး လူဦးရေမှာ ၁၄ သန်းမှ ၂၀ သန်းအထိ ရှိနိုင်သည်ဟု သိရှိရသည်။ ကဒ်လူမျိုးတို့သည် မိမိတို့နေထိုင်ရာနိုင်ငံတွင် လုတ်လပ်သည့် သီးခြားနယ်မြေရရှိရေးကို ကြိုးပမ်းခဲ့ကြရာ အိမ်ရှင်နိုင်ငံအစိုးရ၏ ဖိနှိပ်မှုကို ခံခဲ့ကြရသည်။ အီရတ်နိုင်ငံရှိ ကဒ်တို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးလိုက်ပါက အခြားအိမ်နီးချင်းနိုင်ငံများတွင် နေထိုင်ကြသည့် ကဒ်လူမျိုးတို့က သက်ဆိုင်ရာနိုင်ငံ၏အစိုးရများထံ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးအတွက် အရေးဆိုလာနိုင်စရာအကြောင်းရှိနေပေသည်။ ယင်းကို ကဒ်လူမျိုးတို့ နေထိုင်ရာနိုင်ငံ၏ အစိုးရများက မလိုလားကြပေ။

ယင်းသို့ ပြည်တွင်းရေးမငြိမ်သက်မှု ဖြစ်ပေါ်လျက်ရှိစဉ် ဇူလိုင်လ ၁၇ ရက်နေ့က နိုင်ငံသို့ မိန့်ခွန်း ပြောကြားရာ၌ သမ္မတ ဆက်ဒမ်ဟူစိန်က အီရတ်ပြည်သူများအနေဖြင့် အတိတ်က သဘောထား ကွဲလွဲမှုများကို မေ့ပျောက်ပစ်ပြီး အာမခံချက်ရှိသော နိုင်ငံရေး၊ လွတ်လပ်ရေး ရှိသည့်ခေတ်သစ်၌ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသွားသည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဇူလိုင်လ ၄ ရက်နေ့က အတည်ပြုပေးခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းကို မကြာမီ ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းပေးမည် ဖြစ်သည်။ အဆိုပါ နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ပြုသည့် ဥပဒေကို စက်တင်ဘာလဆန်းပိုင်းတွင် ဆက်ဒမ်ဟူစိန်က အတည်ပြုခဲ့သည်။

ပင်လယ်ကွေ့စပ်ပဲ ပြီးဆုံးခဲ့ရာတွင် ကုလသမဂ္ဂ၏ ပင်လယ်ကွေ့စပ်ပဲ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းကမ်းချက်များအရ အီရတ်နိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားပစ္စည်းများအပါအဝင် တာဝေးပစ်ဒုံးကျည်များ၊ ဓာတုနှင့် ဇီဝလက်နက်များနှင့် သမားရိုးကျမဟုတ်သည့် အခြားလက်နက်များကို ကုလသမဂ္ဂမှ စစ်ဆေးရေး ကိုယ်စားလှယ်အဖွဲ့များ၏ စစ်ဆေးမှုကိုခံယူရန်ရှိနေပြီး အချို့လက်နက်များကို ဖျက်ဆီးပစ်ရန်ရှိနေပေသည်။

ကုလသမဂ္ဂမှစေလွှတ်လိုက်သော နျူကလီးယားပစ္စည်းများနှင့် တာဝေးပစ်ဒုံးကျည်များ စစ်ဆေးရေးအဖွဲ့၊ ဓာတုနှင့်ဇီဝလက်နက်များ စစ်ဆေးရေးအဖွဲ့ အသီးသီးတို့သည် အီရတ်နိုင်ငံသို့ အသုတ်လိုက် အကြိမ်ကြိမ် လာရောက်ခဲ့ပြီး အီရတ်တို့၏ လက်နက်ပစ္စည်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။ နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)ကလည်း အီရတ်၏ နျူကလီးယား စွမ်းပကားကို ချိန်ဆတွက်ချက်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စစ်ဆေးမှုများ ပြုလုပ်စဉ်အတွင်း ကုလသမဂ္ဂ စစ်ဆေးရေး အဖွဲ့များနှင့် အီရတ်နိုင်ငံတို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ကြသည်။ ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့ဝင်များကလည်း နျူကလီးယားပစ္စည်း ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မသက်ဝင်ဖွယ်နေရာများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဘဂ္ဂဒက်အနီးရှိ နျူကလီးယားစက်ရုံကို ကုလသမဂ္ဂ စစ်ဆေးရေး အဖွဲ့ဝင်များအား အီရတ်နိုင်ငံက ဝင်ရောက်စစ်ဆေးခွင့် မပြုခဲ့ချေ။ ယင်းသို့စစ်ဆေးခွင့် ပိတ်ပင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖိအားပေးခဲ့ရာ အီရတ်နိုင်ငံက လိုက်လျောခဲ့ရသည်။

နျူကလီးယားနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ပစ္စည်းများကို သယ်ဆောင်လာသော မော်တော်ကားတန်းကို ဓာတ်ပုံရိုက်ရန် စစ်ဆေးရေးအဖွဲ့က ကြိုးစားသည့်အခါတွင် အီရတ်စစ်သားများက လေထဲသို့ သေနတ်များပစ်ဖောက်ကာ ဟန့်တားခဲ့သည်။ အခြားသော ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ရပ်များတွင် အထောက်အထား စာရွက်စာတမ်းများပါရှိသည့် သေတ္တာတစ်လုံးကို တွေ့ရှိသွားသော ကုလသမဂ္ဂ စစ်ဆေးရေးအဖွဲ့ဝင်များအား အီရတ်စစ်သားများက ထိန်းသိမ်းထားပြီး စာရွက်စာတမ်းများပါသော သေတ္တာကို အတင်းအကျပ်ပြန်လည်တောင်းယူပြီးနောက် ပြန်လွှတ်ပေးလိုက်သည်။ ထို့နောက် ယင်း စစ်ဆေးရေးအဖွဲ့ဝင်များကိုပင် ထွက်ခွာခြင်း မပြုနိုင်အောင် ထပ်မံတားဆီးကြပြန်ပြီး စစ်ဆေးရေးအဖွဲ့ဝင်များ ရိုက်ယူထားသော ဓာတ်ပုံဖလင်များ၊ ဗီဒီယိုတိပ်ခွေများကို အတင်းအကျပ် တောင်းယူကြသည်။ စစ်ဆေးရေးအဖွဲ့ဝင်များကယင်းတို့ကို ပေးအပ်ရန် ငြင်းဆိုသည့်အခါ ဆက်လက်တားဆီးထားသည်။ နောက်ဆုံးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် ကုလသမဂ္ဂ စစ်ဆေးရေးအဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့မှ ပြန်လည် ထွက်ခွာနိုင်ခဲ့သည်။

ယခုအချိန်ထိ ကုလသမဂ္ဂ စစ်ဆေးရေး အဖွဲ့များအီရတ်နိုင်ငံသို့ လာရောက်ကာ ရှာဖွေစစ်ဆေးနေဆဲဖြစ်သည်။ အချို့လက်နက်များကို အီရတ်နိုင်ငံက ဖျက်ဆီးပေးခဲ့ရသည်။ နောက်ဆုံးတွင် စစ်ဆေးရေးအဖွဲ့ဝင်များအား ရဟတ်ယာဉ် အသုံးပြု၍ စစ်ဆေးမှုကိုပင် အီရတ်နိုင်ငံက ခွင့်ပြုလိုက်လျော်ခဲ့ရသည်။ စစ်ဆေးရေးအဖွဲ့ဝင်များက ရဟတ်ယာဉ်များ၏ အကူအညီဖြင့် အီရတ်တို့၏ စကဉ့်ဒ်ဒုံးကျည်ပစ်စင်များနှင့် ဇော်မအမြောက်ကြီးများကို လိုက်လံရှာဖွေ စစ်ဆေးခဲ့ကြသည်။

တွေ့ရှိထားသော စာရွက်စာတမ်း အထောက်အထားများအရအီရတ်သည်နျူကလီးယားဗုံးစနက်တစ်နှစ်အတွက် ကြိုးပမ်းနေသည်သာမက နျူကလီးယားဗုံးကို သယ်ဆောင်

ပစ်ခတ်နိုင်စွမ်းရှိသည့် မြေပြင်ခွင်းဒုံးပျံများကိုပင် စမ်းသပ်လျက် ရှိနေခဲ့သည်ဟု ဆိုသည်။ အီရတ်သည် ၎င်း၏ ချူကလီးယား အစီအစဉ်အတွက် ဒေါ်လာ ၁၀ ဘီလီယံမျှ အကုန်အကျခံခဲ့သည်။ ဆက်ဒမ်ဟူစိန်နှင့် နီးစပ်သော အသိုင်းအဝိုင်းက ယင်းချူကလီးယားအစီအစဉ်ကို မပေါက်ကြားနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး နောက် ၁၅ လမျှ အချိန်ရပါက အီရတ်တို့အနေဖြင့် အကျူမြူဗုံးကို အမှန်တကယ်ပင် ထုတ်လုပ်နိုင်တော့မည် ဖြစ်သည်ဟု ဆိုသည်။

အီရတ်အပေါ် စီးပွားရေးအရ အရေးယူထားမှုကို ဆက်လက်ချမှတ်သွားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီဇင်ဘာလ ၆ ရက်နေ့တွင် သုံးသပ်ဆုံးဖြတ်လိုက်သည်။ စီးပွားရေးပိတ်ဆို့ အရေးယူထားမှုကြောင့် အစားအစာနှင့်ဆေးဝါး ပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရာ အီရတ် ကလေးသူငယ် အမြောက်အမြား သေဆုံးခဲ့ကြသည်ဟု သိရှိရသည်။



ပန်းချီ ဦးအေးတင်

အေးတင်၊ ဦး (ပန်းချီ) (ခရစ် ၁၉၂၆–၁၉၉၁)

။ ။လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) ရ၊ နိုင်ငံကျော်ပန်းချီဆရာကြီး ဦးအေးတင်ကို ပုသိမ်မြို့တွင် အဖ ဦးကျော်လတ်၊ အမိ ဒေါ်ချိုတို့က ၁၉၂၆ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် မွေးဖွားသည်။

ပုသိမ်မြို့ မြူနီစီပါယ် အထက်တန်းကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ကိုလှရွှေ ခေါင်းဆောင်သည့် ပုသိမ်ခရိုင် ပြည်သူ့အရေးတော်ပုံ ပါတီသို့ ဝင်ရောက်ကာ ဖက်ဆစ်တော်လှန်ရေးအတွက် စစ်ရေး၊ နိုင်ငံရေးတို့ကို ဆောင်ရွက်ခဲ့သည်။

ဦးအေးတင်သည် ပန်းချီပညာကို ငယ်ဆရာများ ဖြစ်သည့် ပုသိမ်ဦးထွန်းစိန်၊ ဦးအောင်စိန္ဒင့် ဦးသိန်းညွန့်တို့ထံတွင် ဆည်းပူးခဲ့ပြီး ရန်ကုန်မြို့သို့ ရောက်သောအခါ ဆရာကြီး ဦးဘ (ပညာ မင်းကြီး ဟောင်း)၊ ပန်းချီဆရာကြီးများ ဖြစ်ကြသော ဦးစံဝင်း၊ ဦးဘကြည်၊ ဦးငွေကိုင်၊ ဦးအုန်းလွင်တို့ထံ၌ ပန်းချီပညာကိုဆက်လက်သင်ကြားဆည်းပူးခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အထက်တန်းပြ ဆရာဖြစ် (ပန်းချီ) ကို အောင်မြင်ပြီး ပုသိမ် ဆရာအတတ်သင်၊ မန္တလေး ဆရာအတတ်သင် သိပ္ပံနှင့် ရန်ကုန်ဆရာအတတ်သင် သိပ္ပံတို့၌ လက်ထောက်ကထိက (ပန်းချီ) အဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၆၃ ခုနှစ် အလုပ်သမားနှင့်၌ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် အလုပ်သမား သရုပ်ဖော်ပိုစတာကြီးများကိုလည်းကောင်း၊ ပညာရေးဌာန ကျောင်းသုံးစာအုပ် ကော်မတီမှ ထုတ်ဝေသော သူငယ်တန်း၊ တတိယတန်း၊ စတုတ္ထတန်း မြန်မာဖတ်စာ သစ်များ၊ ပထဝီဝင် ဖတ်စာများ၊ အင်္ဂလိပ် ဖတ်စာများတွင် သရုပ်ဖော် ပုံများကို လည်းကောင်း ရေးဆွဲခဲ့သည်။ ကျောင်းသား ပွဲတော်၊ ပညာရေး ပြပွဲ၊ ပညာရေး တက္ကသိုလ် ပြပွဲများ၊ ပြည်ထောင်စုနေ့ ပြခန်းကြီးများတွင် ပန်းချီကားများ ရေးဆွဲခဲ့သည့်ပြင် စာပေဗိမာန်မှ ထုတ်ဝေသော လူဘောင်သမိုင်းရုပ်စုံ၊ မြန်မာနိုင်ငံသား ရုပ်စုံစာအုပ်များ၊ ပညာတန်ဆောင်၊ ပညာလောက စာအုပ်များတွင်လည်း ပန်းချီများရေးဆွဲခဲ့ပြီး ကိုယ်ပိုင် ရုပ်ပြ စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ရွှေသွေး ဂျာနယ်၊ တေဇ ရုပ်စုံ၊ ရန်ကုန် နွေစဉ် သတင်းစာတို့၌လည်း ပန်းချီ သရုပ်ဖော် ပညာပေးဇာတ်လမ်းများ ရေးဆွဲခဲ့သည်။ ၁၉၇၇–၇၈ ခုနှစ်တွင် ကျန်းမာရေး မကောင်းမှုနှင့်သောကြောင့် မြန်မာနိုင်ငံ ပညာရေး သုတေသနဗျူရို သုတေသန လက်ထောက် (ပန်းချီ)အဖြစ်မှ အငြိမ်းစား ယူခဲ့ရသည်။

၁၉၉၀ ပြည့်နှစ်တွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဉယျာဉ်၊ ပြည်ထောင်စုအေးရိပ်ငြိမ်ပြခန်း၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်တွင်းပြည်ပ ရန်ဟူသမျှကို တိုင်းရင်းသားသွေးချင်းများ အားလုံးက စည်းစည်းလုံးလုံး စုပေါင်းညီညာစွာ အတူတကွ ကာကွယ် စောင့်ရှောက်နေပုံကို ဖော်ညွှန်းထားသည့် ဆီဆေး နံရံပန်းချီကားကြီးကို ရေးဆွဲခဲ့သည်။

ပန်းချီဆရာကြီး ဦးအေးတင်သည် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဥဇ္ဇောတာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ရွှန်ကုန်တိုင်း၊ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာ ၈ပျော်ဘွယ် ပါဠိတက္ကသိုလ်ကျောင်းတိုက် (မြန်မာ ၁၂၀၁–၁၃၅၂)။ ။အစိုးရ ပထမပြန် စာမေးပွဲတွင် ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်း၊ စေတီယင်္ကာ စာသင်တန်းများသာမက ဓမ္မာစရိယ စာမေးပွဲ၌ ဂုဏ်ထူးဆောင်ကျမ်းများနှင့် ကျမ်းရင်းသုံးကျမ်းကိုပါ ဖြေဆိုအောင်မြင်ပြီး သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့တော်ရရှိတော်မူခဲ့သော ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတာ ဘိဝံသသည် သီရိမင်္ဂလာ ပျော်ဘွယ် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို တည်ထောင်၍ ပရိယတ္တိ သာသနာတော် စည်ပင်ပြန့်ပွားအောင် ကြိုးပမ်းတော်မူခဲ့ခြင်း၊ စာသင်သား တပည့် သံဃာများအား လောကုတ္တရာ စာပေများ သင်ကြား ပို့ချဘော်မူခဲ့ခြင်း၊ သုတ်နက် ရုပ်တုက် အဓိပ္ပာယ် အလင်းပြကျမ်းကို စီစဉ်ရေးသားတော်မူခဲ့ခြင်း၊ ပါဠိတက္ကသိုလ် ဗဟိုအဖွဲဝင်၊ ပါဠိတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲဝင်၊ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဠိဝိသောဓက၊ ဆဋ္ဌသိင်္ဂီတိ ဘာဏက၊ ရန်ကုန်မြို့ ဓမ္မာစရိယစာမေးပွဲအုပ်ချုပ်ရေးအဖွဲ့ သြဝါဒိစရိယ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အစည်းအဝေးတွင် နိဒ်ဒေါတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ သြဝါဒိစရိယ၊ ရန်ကုန်တိုင်းကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း အုပ်ချုပ်ရေးနာယကအဖွဲဥက္ကဋ္ဌ၊ ဒုတိယအကြိမ် နိဒ်ဒေါတော်သံဃမဟာနာယက အဖွဲဝင်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒိစရိယ စသော သာသနာရေး တာဝန်များကို ထမ်းရွက်တော်မူခဲ့သောကြောင့် ၁၃၅၁ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်) နေ့တွင် နိဒ်ဒေါတော်ကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စုယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၆၇–၆၈—ရှု။)

အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဥဇ္ဇောတာဘိဝံသသည် ၁၃၅၂ ခုနှစ် တပေါင်းလကုယ်နေ့ (၁၉၉၁ ခုနှစ် မတ်လ ၁၄ ရက်နေ့) တွင် မန္တလေးတိုင်းရမည်းသင်းမြို့နယ်၊ ဇာတိ ရွှေဒါး ဘုရားကုန်းကျေးရွာ၊ သီရိမင်္ဂလာရုံ တိုက်သစ်ကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

အိန္ဒိယနိုင်ငံ။ ။အိန္ဒိယနိုင်ငံ၏ ဝါရင့် ဆိုရှယ်လစ်ခေါင်းဆောင် ချန်ဒရာရှက်ကာသည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ် ဗွီပီဆင်းအစိုးရ ပြုတ်ကျခဲ့ပြီးနောက်ပိုင်း တစ်နှစ်အတွင်း ဒုတိယမြောက် လူနည်းစု အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ (စုယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၃၂၄—ရှု။)

ဝန်ကြီးချုပ်သစ်ချန်ဒရာရှက်ကာ အနေဖြင့် အိန္ဒိယနိုင်ငံသမိုင်းတွင် အမတ်နေရာ အနည်းဆုံး ရရှိသည့် လူနည်းစုအစိုးရအဖွဲ့ကို ဦးဆောင်နေရရုံမျှမက ကြီးမားသည့်ပြဿနာများနှင့်လည်း တွေ့ကြုံ ရင်ဆိုင်နေရသည်။ ပင်လယ်ကွေ့အကျပ်အတည်း ကြောင့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားသုံးအရန်ငွေကြေးကိုလျော့ပါးစေပြီး ငွေကြေးဖောင်းပွမှုနှုန်းများလည်း မြင့်မားလာသည်။ ထို့ပြင် ဘာသာရေးအဓိကရုဏ်းများ၊ ဇာတ်နိမ့်ဇာတ်မြင့်လူတန်းစား ပဋိပက္ခများ၊ ပန်ဂျပ်၊ ဂျမူး၊ ကက်ရှမီးယားနှင့် အာသံပြည်နယ်တို့တွင် ခွဲထွက်ရန်ပုန်ကန် ထကြွမှုများ စသည်ဖြင့် ပြဿနာမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းအထဲတွင် ဝန်ကြီးချုပ်ဟောင်းရာဂျစ်ဂန္ဒီ ဦးဆောင်သည့် ကွန်ဂရက်ပါတီ၏ ကြိုးကိုင်ဖိအားပေးမှုကိုပါ ခံနေရသည်။

ဝန်ကြီးချုပ်ရှက်ကာသည် ပြဿနာများကို ငဲ့ကွက်ကောင်းနှင့်ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ ရှက်ကာ၏ အဓိကကျသော လုပ်ဆောင်ချက်များတွင် ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ အာဏာရရှိစဉ် လက်ထက်က ဖြစ်ပွားခဲ့သော ဘိဖာ လက်နက်လာဘ်ပေးမှု ကိစ္စကို ပြန်လည်စုံစမ်းစစ်ဆေးစေခြင်း၊ ဆစ်ခ်ခဲ့ထွက်ရေး သမားများနှင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ခြင်းနှင့် ဘာသာရေးပဋိပက္ခများ အဆုံးသတ်စေရန် ကြိုးပမ်းခဲ့ခြင်းတို့ ပါဝင်သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၁ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ဝန်ကြီးချုပ်ချန်ဒရာရှက်ကာသည် ရာထူးမှနုတ်ထွက်လွှာကို သမ္မတထံတင်သွင်းခဲ့သည်။ ရှက်ကာက နောက်ထပ် လူနည်းစုအစိုးရ ဖွဲ့စည်းမှုကို ကြိုးပမ်းမည့်အစား ပါလီမန်ရွေးကောက်ပွဲအသစ် ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် သမ္မတအားပန်ကြားခဲ့သည်။ ရာဂျစ်ဂန္ဒီသည် ၎င်း၏ လူနည်းစုအစိုးရအား နှောင့်ယှက်ဟန့်တားမှုများ ပြုလုပ်လျက်ရှိသည့်အတွက် အစိုးရအဖွဲ့ကို ဆက်လက်ထိန်းထားရန် မစွမ်းဆောင်နိုင်တော့သဖြင့် နုတ်ထွက်ရခြင်းဖြစ်သည်ဟု ရှက်ကာက ပြောကြားခဲ့သည်။

ချန်ဒရာရှက်ကာနှင့် ရာဂျစ်ဂန္ဒီတို့အကြား ပြဿနာဖြစ်ရခြင်းမှာ ဘိဖာလက်နက် လာဘ်ပေးမှုအရှုပ်တော်ပုံတွင် ရာဂျစ်ဂန္ဒီပါဝင်ခဲ့သည်ဟု ရှက်ကာ၏ နောက်လိုက်အချို့က စွပ်စွဲခဲ့ပြီး ရာဂျစ်ဂန္ဒီအပေါ် စုံစမ်းထောက်လှမ်းခြင်းများပြုလုပ်ရန် စီမံခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ရာဂျစ်ဂန္ဒီ၏ နေအိမ်အနီးဝန်းကျင်တွင် ရဲမျှားက စုံစမ်းထောက်လှမ်းခဲ့မှုနှင့် စပ်လျဉ်း၍ ကွန်ဂရက်ပါတီအမတ်များက ပါလီမန်အစည်းအဝေး တက်ရောက်ခြင်းမပြုဘဲ သပိတ်မှောက်ခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့ကိုလည်း အယုံအကြည်မရှိ အဆိုတင်သွင်းရန် ကြိုးပမ်းခဲ့သည်။ စင်စစ် ရှက်ကာ၏လူနည်းစုအစိုးရအနေဖြင့် ဆက်လက်ရပ်တည်နေနိုင်ရေးမှာ ကွန်ဂရက်ပါတီ၏ ထောက်ခံမှုအပေါ် အဓိကမှီခိုနေရသည်ဖြစ်ရာ ယခုကဲ့သို့မသင့်မြတ်မှုများကြောင့် နိုင်ငံရေးအကျပ်အတည်း ဆိုက်ရောက်ခဲ့ပြီး ရှက်ကာနုတ်ထွက်ရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရခြင်းဖြစ်သည်။

ရှက်ကာ နုတ် ထွက် သွား သည် နှင့် ရာ ဂျစ် ဂ နှီ ၏ ကွန်ဂရက်ပါတီက ပါလီမန်ရွေးကောက်ပွဲကို စောစီးစွာ ကျင်းပပေးစေလိုကြောင်း ပြောကြားခဲ့သည်။ အခြားအဓိက နိုင်ငံရေးပါတီကြီးများကလည်း ရွေးကောက်ပွဲစောစီးစွာ ကျင်းပပေးရန် တောင်းဆိုကြသည်။ ဤသို့ဖြင့် သမ္မတကပါလီမန်ကို ဖျက်သိမ်းပြီး အိန္ဒိယနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲများကို မေလတွင်ကျင်းပပေးမည်ဖြစ်ကြောင်း မတ်လ ၁၃ ရက်နေ့တွင် ကြေညာခဲ့သည်။

ရွေးကောက်ပွဲအကြိုကာလတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးလှုပ်ရှားခဲ့ကြသည်။ ယခုနှစ်ရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်ပါတီများမှာ လေးပါတီသာ ရှိသည်။ ရာဂျစ်ဂန္ဒီ၏ ကွန်ဂရက်ပါတီ၊ အက်ဗာနီ၏ ဘာရာတီယာဂျာနာတာပါတီ၊ ချန်ဒရာရှက်ကာ၏ ဂျာနာတာဒါးလ်(ဆို့ရှယ်လစ်)ပါတီနှင့် ဗီပီဆင်း၏ အမျိုးသားတပ်ဦးတို့ဖြစ်ကြသည်။


ဤသို့ဖြင့် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဟုခေါ်တွင်သည့် အိန္ဒိယနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲကို မေလ ၂၀ ရက်နေ့တွင် စဘင်ကျင်းပခဲ့ရာ ကိုယ်စားလှယ်လောင်း ၉၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မဲဆန္ဒပေးနိုင်သည့်ဦးရေ ၅၁၄ သန်း ရှိသည်။ ယခုအကြိမ် ရွေးကောက်ပွဲသည် ၁၉၄၇ ခုနှစ် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးနောက်ပိုင်းကျင်းပသော ၁၀ ကြိမ်မြောက် မွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲများကို မေလ ၂၀ ရက်၊ ၂၃ ရက်နှင့် ၂၆ ရက်နေ့များတွင် အဆင့် သုံးဆင့်ဖြင့် ကျင်းပရန် သတ်မှတ်ထားသည်။ ပြည်သူဆန္ဒကောက်ခံမှု စစ်တမ်းအရ ကွန်ဂရက်ပါတီက ထိပ်မှပြေးနေသဖြင့် ရာဂျစ်ဂန္ဒီ အာဏာပြန်လည်ရရှိရန် အလားအလာကောင်းနေသည်။

ယင်းအခြေအနေရှိနေစဉ် မမြင်သာသည့် ကြမ္မာဆိုးမမျှော်လင့်ဘဲကျရောက်ခဲ့ရာ အိန္ဒိယနိုင်ငံရေးလောကအဖို့ တုန်လှုပ်ချောက်ချားခဲ့ရသည်။ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် လှည့်လည်စည်းရုံး လှုပ်ရှားနေသည့် ကွန်ဂရက်ပါတီခေါင်းဆောင် ရာဂျစ်ဂန္ဒီသည် မေလ ၂၁ ရက်နေ့က မဒရပ်မြို့ အနောက်တောင်ဘက် ၂၅ မိုင် အကွာရှိ ဆရီပါရင်ဘူဒါမြို့ ရွေးကောက်ပွဲ မဲဆွယ်တရားပွဲတစ်ခု၌ ၎င်းအား ဆီးကြိုနေသော လူထုပရိသတ်အား လက်ဝှေ့ယမ်း နှုတ်ဆက်ရင်း စကားပြော စင်မြင့်ဆီသို့ ဖြတ်လျှောက် အသွားတွင် ပန်းခြင်းတစ်ခုအတွင်းမှ ဗုံးပေါက်ကွဲသဖြင့် နေရာတွင်ပင် ပဲ့ချင်းပြိုးသေဆုံးကာ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။ ရွေးကောက်ပွဲကျင်းပရန် နှစ်ရက်ကျန်ရှိနေသေးသော်လည်း ရာဂျစ်ဂန္ဒီ လုပ်ကြံခံရမှုကြောင့် ရွေးကောက်ပွဲကို ဇွန်လအထိ ရွှေ့ဆိုင်းလိုက်သည်။

ရာဂျစ်ဂန္ဒီ၏ရုပ်ကလာပ်ကို ၎င်းငယ်စဉ်က နေထိုင်ကြီးပြင်းခဲ့သည့် အဘိုးဖြစ်သူ အိန္ဒိယနိုင်ငံ၏ ပထမဆုံးဝန်ကြီး ချုပ် ဖြစ် ခဲ့ သူ ဂျဝါဟာလာနေရူး၏ အိမ်တွင် ထားရှိခဲ့ပြီး မေလ ၂၄ ရက်နေ့တွင် အဆိုပါအိမ်မှ ၁၀ မိုင်ခန့် ကွာလှမ်းသည့် ယမုန်နာမြစ်ကမ်းပါးအရောက် သယ်ဆောင်ကာ ဟိန္ဒူထုံးတမ်းစဉ်လာနှင့်အညီမီးသင်္ဂြိဟ်လိုက်သည်။ စျာပနတွင် ပြည်သူနှစ်သိန်းခွဲခန့် လိုက်ပါပို့ဆောင်ခဲ့သည်။ ရာဂျစ်ဂန္ဒီ၏ အရိုးပြာများကိုလည်း ဟိန္ဒူထုံးတမ်းစဉ်လာအရ နောက်ဆုံးခရီးအဖြစ် ဂင်္ဂါမြစ်နှင့် ယမုန်နာမြစ်တို့ ဆုံသည့်နေရာတွင် မေလ ၂၈ ရက်နေ့က ရေမျှောချခဲ့သည်။

ရာဂျစ်ဂန္ဒီ လုပ်ကြံခံရမှုကြောင့် ကွန်ဂရက်ပါတီတွင် ခေါင်းဆောင်ကင်းမဲ့နေရာ ရာဂျစ်ဂန္ဒီ၏ ဇနီးဖြစ်သူ အီတာလျံနွယ်ဖွား ဆိုနီယာဂန္ဒီအား ကွန်ဂရက်ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ရန် ကမ်းလှမ်းခဲ့သော်လည်း ဆိုနီယာက လက်မခံခဲ့ချေ။ ဤသို့ဖြင့် ပီဗွီနာရာဆင်ဟာရောင်းအား ကွန်ဂရက်ပါတီ ခေါင်းဆောင်သစ်အဖြစ် ယာယီတင်မြှောက်ပြီး ကျင်းပရန် ကျန်ရှိနေသေးသည့် ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီကို ဦးဆောင်စေခဲ့သည်။

ရွှေဆိုင်းထားသော ပါလီမန်ရွေးကောက်ပွဲကို ဇွန်လ ၁၂ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့ရာ ဇွန်လ ၁၅ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ထုတ်ပြန်ကြေညာသော စာရင်းများအရ ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါဘီနှင့် မဟာမိတ်များက ၂၄၀ နေရာ၊ ဘာရာကီယာဂျာနာတာပါတီက ၁၂၃ နေရာ၊ အမျိုးသားတပ်ဦးက ၇၄ နေရာ၊ ကွန်မြူနစ်ပါတီနှင့် လက်ဝဲအုပ်စုတို့က ၅၄ နေရာ၊ အခြားပါတီငယ်များနှင့် တစ်သီးပုဂ္ဂလတို့က ၂၀ နေရာ အသီးသီး ရရှိခဲ့ကြသည်။ သို့ဖြစ်ရာ မည်သည်ပါတီကမျှ အမတ်အများစု အစိုးရဖွဲ့လောက်သည့် အမတ်နေရာ ပြည့်မီ



ဗိုပီဆင်း (ဝဲစွန်)၊ ချန်ဒရာရှက်ကာ (အလယ်) နှင့် ပီဗွီနာရာဆင်ဟာရောင်း (ယာစွန်)

အောင် မရရှိခဲ့သည့်အတွက် ကွန်ဂရက်ပါတီအနေဖြင့် လူနည်းစုအစိုးရကို သာဉီးဆောင်ဖွဲ့စည်းရန် အခွင့်အလမ်းသာ ရှိတော့သည်။

ဤသို့ဖြင့် ပီဗွီနာရာဆင်ဟာရောင်းသည် ဇွန်လ ၂၁ ရက်နေ့တွင် ၎င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီး ၅၄ ဦးနှင့် အတူ သမ္မတနန်းတော်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ အိန္ဒိယနိုင်ငံ၏ နဝမမြောက်ဝန်ကြီးချုပ် ဖြစ်လာသည်။ ရောင်းသည် မစွစ်အင်ဒီရာ ဂန္ဒီ အစိုးရလက်ထက်နှင့် ရာဂျစ် ဂန္ဒီ အစိုးရသက်တမ်းတစ်လျှောက်လုံးတွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့သည်။

နာရာဆင်ဟာရောင်းသည် တောင်ပိုင်း အိန္ဒိယပြည်နယ်ဖြစ်သည့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်မှ စစ်မှုထမ်းဟောင်း နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ ရောင်းသည် လှုတ်တော်အမတ်တစ်ဦး မဟုတ်သော်လည်း လှုတ်တော်တွင် အမတ်တစ်ဦးဖြစ်လာနိုင်ရန် အခွင့်အလမ်းရှိသူ တစ်ဦးဖြစ်သည်။ ၎င်းသည် ဝန်ကြီးချုပ်တစ်ဦးကဲ့သို့ ကျမ်းသစ္စာကျိန်ဆိုပြီး နောက်ပိုင်း ခြောက်လအတွင်း လှုတ်တော်အမတ်တစ်ဦး ဖြစ်လာစေရန် ပြည်သူ့လှုတ်တော်က အဆုံးအဖြတ်ပေးနိုင်သည်။

ဝန်ကြီးချုပ်ဖြစ်လာသူ ရောင်းအဖို့ အဓိက ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာများမှာ အိန္ဒိယနိုင်ငံ၏ ကြီးမားသော ဘဏ္ဍာရေးပြဿနာပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံခြားကြွေးမြီများ ဝန်ပိကာ နိုင်ငံခြားသုံးငွေ ပြတ်တောက်လျက်ရှိသည်။ ထို့ပြင် ပန်ဂျပ်၊ ဂျမ္မူးနှင့် ကက်ရှမီးယားပြည်နယ်တို့တွင် ခွဲထွက်ရန် ပုန်ကန်ထကြွမှု ပြဿနာများကလည်း ရှိနေသေးသည်။ ယင်း ခွဲထွက်ရန်ပုန်ကန်မှု အရေးအခင်းကြောင့် လစဉ် လူထောင်ပေါင်းများစွာ သေဆုံးနေကြရသည်။

အိန္ဒိယနိုင်ငံတွင် လူဦးရေ သန်း ဂဝဝ ရှိသည့်အနက် သန်း ၃ဝဝ မှာ ဆင်းရဲမွဲတေလျက်ရှိသည်။ ထိုအထဲတွင် သန်း ၅ဝ နီးပါးခန့်မှာ ငတ်မွတ်ခေါင်းပါးမှုကို ကြုံတွေ့နေရသည်။ ဝန်ကြီးချုပ် နာရာဆင်ဟာရောင်း အစိုးရအဖွဲ့သည် တိုးတက်မှုရရှိအောင် ဇောက်ချ ဆောင်ရွက်ရတော့သည်။ ငွေကြေးတန်ဖိုးကို ကိုးရာခိုင်နှုန်း လျှော့ချလိုက်ပြီး နောက်ထပ် တစ်ရာခိုင်နှုန်း ထပ်မံလျှော့ချခဲ့သည်။ ထို့ပြင် နှစ် ၄ဝ ကြာ ကျင့်သုံးခဲ့သည့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးစနစ်ကို စွန့်လွှတ်ကြောင်း ကြေညာကာ နိုင်ငံခြားအရင်းအနှီးများကို ကြိုဆိုလိုက်သည်။ နိုင်ငံခြားအရင်းအနှီးများကို လက်ခံရာတွင် နိုင်ငံခြား ကုမ္ပဏီများထံမှ ကျွမ်းကျင်မှုအကူအညီ ယူမည်ဖြစ်သော်လည်း ပြည်တွင်းစက်မှုလုပ်ငန်းများအား တိုက်ရိုက်ထိုးနှက်မှုကိုမူ ကာကွယ်မည်ဖြစ်သည်။

တင်ရှိနေသော ကြွေးမြီများ ပြန်လည်ပေးဆပ်နိုင်ရန် အတွက် အရန်ထားရှေ့ ၂၅ တန်ကို လန်ဒန်မြို့ ဗဟို ဘဏ်သို့ ဇူလိုင်လ ၉ ရက်နေ့က တင်ပို့လိုက်သည်။ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)တို့မှ ဒေါ်လာသန်း ၇ဝဝဝ ချေးငှားရန် စီစဉ်ထားသည်။ ဂျပန်နှင့် ဗြိတိန်နိုင်ငံတို့မှလည်း သန်း ၄၅ဝ ခန့် ကူညီပံ့ပိုးမှု ရရှိလိမ့်မည်ဟု မျှော်လင့်ရသည်။

အယ်လဘေးနီးယားနိုင်ငံ။ ။၁၉၇၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း အရှေ့ဥရောပတစ်ခွင်၌ တင်းမာသည့် ကွန်မြူနစ်အုပ်ချုပ်မှုများ ပြိုလဲကျဆုံးသွားသည့်အခါတွင် နိုင်ငံရေးလေ့လာသုံးသပ်သူ အများအပြားသည် အယ်လဘေးနီးယားနိုင်ငံတွင်လည်း စတာလင် ဝါဒီအုပ်ချုပ်သူများအား ဆန့်ကျင်သည့် လူထု

အုံကြွမှုများ ဖြစ်ပေါ်လာမည့် အရိပ်အယောင်များကို ငဲ့စောင်း၍ ကြည့်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် နိုင်ငံရေးလှိုင်းတံပိုး ရိုက်ခတ်မှုနှင့် အတူ အယ်လဘေးနီးယား နိုင်ငံတွင်လည်း ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ နိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သည့် ရှကိုဒါမြို့ကို ဗဟိုပြုကာ မငြိမ်မသက်မှုများ စတင်ဖြစ်ပေါ်ခဲ့သည်။ အဆိုပါမြို့တွင် စတာလင်ဝါဒီ ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ရာ ဖမ်းဆီးမှုများရှိခဲ့သည်။ အရေးပေါ် အခြေအနေ ထုတ်ပြန်ခဲ့ရပြီး အချက်အချာကျသည့်နေရာများတွင် လုံခြုံရေးတင်းကျပ်စွာ ချထားခဲ့ရသည်။ အယ်လဘေးနီးယား အစိုးရအာဏာပိုင်များက ရှကိုဒါမြို့တွင် မငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့သည်မှာ မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သမ္မတ ရာမီးဇ်အာလီယာသည် အယ်လဘေးနီးယား ကွန်မြူနစ် ပါတီဖြစ်သည့် အလုပ်သမားပါတီ (အေပီအယ်) ဗဟို ကော်မတီ မျက်နှာစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံ၏တည်ငြိမ်မှုနှင့် ပြည်တွင်းအခြေအနေကို စုစည်းခိုင်မာစေမည့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အဆိုပြုတင်ပြခဲ့သည်။ အာလီယာက အရှေ့ဥရောပအနှံ့ ကွန်မြူနစ်အုပ်ချုပ်မှု ပြိုလဲကျဆုံးရခြင်းမှာ အစိုးရအဖွဲ့ဟောင်းအတွင်းရှိ အာဏာရလက်တစ်ဆုပ်စာလူတစ်စု၏ လိမ်ညာမှုများနှင့် ပြန်လည် ပြုပြင်ရေးဝါဒကြောင့်ဖြစ်ရသည်ဟုပြစ်တင်ဝေဖန်ခဲ့သည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ် ဧပြီလတွင်ကျင်းပခဲ့သည့် ကွန်မြူနစ်အလုပ်သမားပါတီ၏ ၁၀ ကြိမ်မြောက် ပါတီ ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေးတွင် ကန့်သတ်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အတည်ပြုခဲ့ပြီး ပြည်တွင်းရေး ပြဿနာများဖြစ်သည့် ခြစားမှုများနှင့် လူသုံးကုန်နှင့်အစားအစာ မလုံလောက်မှုများကို အသိအမှတ်ပြုခဲ့သည်။ ထို့ပြင် အာလီယာက ဆိုဗီယက်၊ အမေရိကန်ပြည်ထောင်စုတို့နှင့် သံတမန်ဆက်ဆံရန် ဆန္ဒကျင်သည့် သဘောထားကို အဆုံးသတ်ပြီ ဖြစ်ကြောင်း ကြေညာလိုက်ပြီး. လူနေမှုစနစ်ချင်း မတူညီသည်ကို အလေးမထားဘဲ နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလိုကြောင်း ပြောကြားခဲ့သည်။ ဤသည်မှာ ကမ္ဘာ့ဆက်ဆံရေးတွင် သီးခြား အထီးကျန်နေလိုသည့် မူဝါဒကို လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ဤလုပ်ဆောင်မှုဖြင့် အယ်လဘေးနီးယားနိုင်ငံသည် အထီးကျန်နေခဲ့ရာမှ ပြင်ပကမ္ဘာသို့ ထိုးထွက်လိုက်သည်။ သို့ရာတွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အဆိုပြုခဲ့သည့် သမ္မတအာလီယာသည် အရှေ့ဥရောပနိုင်ငံများကဲ့သို့ အောက်ခြေသိမ်းဒီမိုကရေစီစနစ် ပြောင်းလဲမှုမျိုးကိုမူ ဟန့်တားခဲ့သည်။

သမ္မတအာလီယာ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များသည် အများပြည်သူ လိုလားတောင့်တသည့် သဘောဆန္ဒများနှင့် အလှမ်းကွာလျက်ရှိရာ ၁၉၉၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း အယ်လဘေးနီးယားနိုင်ငံ မြို့တော် တီရာနာတွင် လမ်းမများပေါ်ထွက်၍ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်ရပ်နှင့် မရှေးမနှောင်းမှာပင် ထောင်ပေါင်းများစွာသော အယ်လဘေးနီးယား နိုင်ငံသားများသည် အနောက်နိုင်ငံသံရုံးများတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ကြသည်။ အချို့လူများသည် ရေလမ်းခရီးဖြင့် အီတလီနိုင်ငံတောင်ပိုင်းသို့ လည်းကောင်း၊ အချို့သည် နယ်စပ်ကိုဖြတ်ကျော်ကာ ယူဂိုစလားဗီးယားနှင့်ဂရိနိုင်ငံသို့လည်းကောင်း ထွက်ပြေးသွားကြသည်။ ဤကဲ့သို့ အယ်လဘေးနီးယားနိုင်ငံသားများ အလုံးအရင်းနှင့် ထွက်ခွာနေကြသဖြင့် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ဂရိ၊ ယူဂိုစလားဗီးယား၊ အီတလီနိုင်ငံတို့နှင့် ဆက်ဆံရေးထိခိုက်လျက်ရှိသည်။

ပြောင်လဲ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများ၏ ဖိအားပေးမှုကြောင့် အယ်လဘေးနီးယား အစိုးရသည် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ရတော့သည်။ ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် အယ်လဘေးနီးယား ပါလီမန်က လွှတ်တော်မဲစနစ်ဖြင့်ကျင်းပမည့် ရွေးကောက်ပွဲများတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများပါဝင် ယှဉ်ပြိုင်အရွေးခံခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို အတည်ပြုပေးလိုက်သည်။ ယင်းဥပဒေမှာ ကွန်မြူနစ် အယ်လဘေးနီးယားအလုပ်သမားပါတီက တင်သွင်းသည့် အဆိုပြုချက်အပေါ် အခြေခံရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ယင်းဥပဒေ အရ မဲဆန္ဒနယ်တစ်နယ်တွင်အနည်းဆုံးကိုယ်စားလှယ်နှစ်ဦးကျစီ ပါဝင်ရမည်ဖြစ်သည်။

ယင်းသို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ခဲ့သည့်ကိုင်အောင် ပါတီစုံစနစ်နှင့်အောက်ခြေသိမ်း ဒီမိုကရေစီစနစ်ပြောင်းလဲမှုကို လိုလားသည့်ပြည်သူလူထုက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆန္ဒပြမှုမျိုးဖြင့် တောင်းဆိုခဲ့ကြသဖြင့် အစိုးရအနေဖြင့် အတိုက်ခံပါတီများ တရားဝင်ဖွဲ့စည်းမှုကို ခွင့်ပြုခဲ့ရသည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အယ်လဘေးနီးယားအာဏာရကွန်မြူနစ်တို့သည် ဆယ်စုနှစ်များစွာ လက်ခံကျင့်သုံးခဲ့သော စတာလင်ဝါဒကိုစွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ ကျင်းပရန်ရှိသည့် ပါတီစုံရွေးကောက်ပွဲများတိုင်မီ ပြုလုပ်မည့် နိုင်ငံရေးယှဉ်ပြိုင်မှုကိုလည်း ကြိုဆိုခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီကာလအတွင်း အယ်လဘေးနီးယားနိုင်ငံ၌ နိုင်ငံရေးမငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ပြန်သည်။ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်ထဲတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများက အယ်လဘေးနီးယား ကွန်မြူနစ်ဖခင် ဖြစ်သည့် ကွယ်လွန်သူ အင်ဗာဟောဆာကို ဖက်ဆစ် အာဏာရှင် ဟစ်တလာနှင့် နှိုင်းကာ ဟစ်အော်ရွတ်ချကြပြီး ၎င်း၏ရုပ်တုကိုလည်း ဖြိုလဲခဲ့ကြသည်။ ဤသို့အင်ဗာဟောဆာအား တိုက်ခိုက်လိုက်ခြင်းသည် ကွန်မြူနစ်စနစ်တစ်ခုလုံးကို ထိုးနှက်တိုက်ခိုက်သည့် လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ဆန္ဒပြသူများက ယဉ်ကျေးမှုနန်းတော်နှင့် ကွန်မြူနစ်ဌာနချုပ် အဆောက်အအုံတို့ကို တိုက်ခိုက်ခဲ့ပြီး အစိုးရစာအုပ်ဆိုင်များကို ထိုးဖောက်မွှေနှောက်ကာ ဟောဆာ၏စာအုပ်များကိုစုပုံ၍ မီးတင်ရှို့ခဲ့ကြသည်။ သမ္မတ အာလီယာက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး သဘောထားတင်းမာသည့် ဝန်ကြီးချုပ် အဒီကာကနိနှင့် ၎င်း၏ အစိုးရအဖွဲဝင် အများအပြားကို ရာထူးမှ ဖယ်ရှားခဲ့သည်။ ယာယီသမ္မတကောင်စီကိုလည်းဖွဲ့စည်းကာ အသက် ၃၀ အရွယ်ရှိ စီးပွားရေးပညာရှင် ဖာတို်စ်နာနိုကို ဦးဆောင်စေသည်။ ဤသို့ဖြင့် ဖာတို်စ်နာနိုသည် အစိုးရအဖွဲသစ်၏ ဝန်ကြီးချုပ်ဖြစ်လာသည်။

ထို့ပြင် သမ္မတ အာလီယာက ဟောဆာအမည်ပါရှိသည့် လမ်းများနှင့်တက္ကသိုလ်များကို အမည်ပြင်ဆင်မှည့်ခေါ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ စင်စစ်အင်ဗာဟောဆာမှာ အယ်လဘေးနီးယားနိုင်ငံကွန်မြူနစ်စနစ်၏ ဖခင်ပင်ဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဟောဆာကွယ်လွန်ခဲ့ရာ အာလီယာကို ပါတီဗဟိုကော်မတီက ပထမအတွင်းရေးမှူးအဖြစ် ရွေး ချယ် တင် မြှောက် ခဲ့သည်။ ထိုနောက် ၁၉၇၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်က အာလီယာကိုနိုင်ငံအကြီးအကဲအဖြစ်တင်မြှောက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈ – စာ၊ ၃၀၆ —ရှု။) ဟောဆာကွယ်လွန်ပြီးနောက်ပိုင်းတွင် အယ်လဘေးနီးယားနိုင်ငံတစ်ဝန်းမြို့များတွင်ဟောဆာ၏ရုပ်တုများ အများအပြား ပေါ်ပေါက်လာသည်။ ကွန်မြူနစ်နိုင်ငံတော်၏ ကိုးကွယ်ဆည်းကပ်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ရုပ်တုအဖြစ် ရပ်တည်ခဲ့သည့် ဟောဆာသည် ကိုယ့်အားကိုယ်ကိုးပြီး အမှီအခိုကင်းမဲ့သည့် အယ်လဘေးနီးယားနိုင်ငံ တည်ဆောက်ရန် စိတ်ကူးယဉ်ခဲ့သည်။ ဟောဆာက ဆိုဗီယက်နှင့် တရုတ်နိုင်ငံတို့ကို ပြန်လည်ပြင်ဆင်ရေးဝါဒီ သစ္စာဖောက်များဟု စွပ်စွဲကာ အဆက်အသွယ်ဖြတ်ခဲ့သည်။ ကုန်သွယ်မှုတွင်လည်း အရှေ့နှင့် အနောက်အုပ်စုတို့နှင့် အဆက်ဖြတ်ကာ အယ်လဘေးနီးယားနိုင်ငံအား အထီးကျန်ရပ်တည်စေခဲ့သည်။

အယ်လဘေးနီးယားနိုင်ငံသားများ နိုင်ငံမှစွန့်ခွာထွက်ပြေးမှုများ ပေါ်ပေါက်လျက်ရှိရာ ရွေးကောက်ပွဲကျင်းပရန် တစ်ပတ်အလိုတွင် အလှူးတူကြိုးပမ်းမှုများ ဖြစ်ပေါ်ခဲ့ပြန်သည်။ ဒါရက်စ်မြို့ဆိပ်ကမ်းတွင် သဘော်များရောက်ရှိလာမည်ဟူသည့် ကောလာဟလ များကြောင့် ထောင်ပေါင်းများစွာသော အယ်လဘေးနီးယားလူမျိုးများ သဘော်ဝတက်ရန်အလုအယက်စောင့်ဆိုင်းနေကြရာ လုံခြုံရေး ရဲများက ဦးခေါင်းပေါ်သို့ သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့ရသည်။ ရဲ ၁၂ ဦး အပါအဝင် လူ ၂၉ ဦး ဒဏ်ရာရရှိခဲ့သည်။

တစ်ပါတီစနစ်ဖြင့် အနှစ် ၅၀ နီးပါးအုပ်ချုပ်လာခဲ့သော အယ်လဘေးနီးယားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပါတီစုံရွေးကောက်ပွဲကို ၁၉၉၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါနိုင်ငံအား ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်မှစ၍ ကွန်မြူနစ်လေဘာပါတီက အုပ်ချုပ် လာခဲ့သည်။ အမတ်နေရာ ၂၅၀ ရှိသော ပါလီမန်အတွက် ရွေးကောက်ပွဲတွင် အတိုက်အခံပါတီ အပါအဝင် နိုင်ငံရေးပါတီ ၁၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြသည်။ အဓိကအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက မဲဆန္ဒနယ် ၂၅၀ လုံးအတွက် ပါဝင်ယှဉ်ပြိုင်ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၇ ဦးလည်း ပါဝင်ယှဉ်ပြိုင်အရွေးခံကြသည်။

အဖွဲဝင်အင်အား ၁,၃၁,၀၀၀ ရှိသော ကွန်မြူနစ်ပါတီအား အဓိက စိန်ခေါ်သည့်ပါတီမှာ အတိုက်အခံဒီမိုကရက်တစ်ပါတီ ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီသည် ပါတီထူထောင်ခဲ့ပြီးနောက် အဖွဲဝင် ၁,၀၀,၀၀၀ ခန့် အင်အားစုဆောင်း နိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် အယ်လဘေးနီးယား ကွန်မြူနစ်ပါတီဖြစ်သော အလုပ်သမားပါတီ(ပီအယ်ဆေ)က အမတ်နေရာ ၂၅၀ ရှိသည့် အနက် ၁၆၂ နေရာရရှိပြီး အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ၇၅ နေရာ အနိုင်ရရှိသည်။ သို့ရာတွင် ကွန်မြူနစ်ပါတီမှ သမ္မတအာလီယာနှင့် နိုင်ငံခြားဝန်ကြီးကာပါလာနီတို့မှာမူ ၎င်းတို့၏ မဲဆန္ဒနယ်အသီးသီးတွင် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီမှကိုယ်စားလှယ်လောင်းများကို ရုံးနိမ့်သွားခဲ့ကြသည်။ အစိုးရအဖွဲသစ်၏ ဝန်ကြီးချုပ်ဖြစ်သူ ဖာတို်စ်နာနိုမှာမူ ၎င်း၏ပြိုင်ဘက်ကို အနိုင်ရရှိသွားသည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အယ်လဘေးနီးယား အလုပ်သမားပါတီက အစိုးရပိုင်လုပ်ငန်းများအား

ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲရေးနှင့် စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်အတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းလုပ်ရပ်သည် ကွန်မြူနစ်သမ္မတအာလီယာ ၁၉၉၀ ပြည့်နှစ်က ကတိပေးခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲရေးစနစ်ကို ပဉ္စမဆုံးအကြိမ် စတင် အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

မေလ ၄ ရက်နေ့တွင် သမ္မတအာလီယာသည် ပါတီပထမ အတွင်းရေးမှူးရာထူးမှ လည်းကောင်း၊ ပါတီ၏ အမှုဆောင်အဖွဲ့အစည်းဖြစ်သည့် ပေါ်လစ်ဗျူရိုအဖြစ်မှ လည်းကောင်း၊ ဗဟိုကော်မတီမှလည်းကောင်း နုတ်ထွက်လိုက်သည်။ ယင်းသို့ နုတ်ထွက်လိုက်ခြင်းမှာ အသစ်ရွေးချယ်တင်မြှောက်သည့် ပါတီစုံဥပဒေပြုလွှတ်တော်က အတည်ပြုပေးလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲမှုများ အ ရ လုပ် ဆောင် လိုက် ခြင်း ဖြစ်သည်။ ဤသို့ဖြင့် သမ္မတသည် ပါတီရုံးအား ချုပ်ကိုင်နိုင်သည့် အခြေအနေတွင် မရှိတော့ချေ။

ဝန်ကြီးချုပ် ဖာတို့စ်နာနို ဦးဆောင်သည့် အယ်လဘေးနီးယားကွန်မြူနစ် အစိုးရသစ်သည် ပထမဆုံးအကြိမ် ကျင်းပသည့် ပါတီစုံပါလီမန်မှ အယုံအကြည်ရှိကြောင်း ထောက်ခံမှုကို ရရှိခဲ့သည်။ ထို့နောက် နာနိုနှင့်၎င်း၏ အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည်။ အစိုးရသစ်သည် အမတ်ဦးရေ ၂၅၀ ရှိသည့် ပါလီမန်တွင် အာဏာရ အလုပ်သမားပါတီ သို့မဟုတ် ကွန်မြူနစ်အမတ်များ၏ ထောက်ခံမှုကို ရရှိထားသည်။

သို့ရာတွင် နာနို၏ အစိုးရသစ်သည် အလုပ်သမား သမဂ္ဂများ ဦးဆောင်သည့် အထွေထွေ သပိတ်မှောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ လုပ်ခလစာ၊ ပင်စင်လစာတိုးမြှင့်ပေးရေးနှင့် ပိုမိုကောင်းမွန်သော လုပ်ငန်းအခြေအနေများရရှိရေးအတွက် အလုပ်သမားသမဂ္ဂများ ဦးဆောင်၍ နိုင်ငံတစ်ဝန်း သပိတ်မှောက်မှုများ ဆင်နွှဲခဲ့သည်။ စျေးနှုန်းများမြင့်တင်မှုနှင့် ကိုက်ညီ၍ ၅၀ ရာခိုင်နှုန်း လစာတိုးပေးရန် အစိုးရကကမ်းလှမ်းခဲ့သော်လည်း သပိတ်မှောက်သူများက လက်မခံခဲ့ချေ။ သပိတ်မှာ ရေရှည်သပိတ်ဖြစ်ရာ အစိုးရသစ်ကိုအထိနာစေသည်။ သပိတ်မှောက်မှု ၁၇ ရက်မြောက်နေ့တွင် ကွန်မြူနစ်များ ပဓာနာခဲ့ဝေယူရေးကိစ္စကို ပါလီမန်၌ ဆွေးနွေးခဲ့ပြီး ပြုပြင်ပြောင်းလဲရေးကိုလိုလားသူ ကွန်မြူနစ်ပါတီဝင် ဝန်ကြီးချုပ် ဖာတို့စ်နာနို အစိုးရအား ပြောင်းလဲရန် ပါလီမန်အမတ်များက ဆုံးဖြတ်ခဲ့သည်။

ဤသို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သပိတ်မှောက်နေမှုကို မဖြေရှင်းနိုင်သဖြင့် ပါတီစုံကျယ်ပြန့်သည့် အစိုးတစ်ရပ်ဖွဲ့စည်းနိုင်ရန် ဝန်ကြီးချုပ် နာနိုအစိုးရအဖွဲ့သည် ဇွန်လ ၄ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ သမ္မတရာမီးဇ်အာလီယာက နုတ်ထွက်သွားသော နာနို၏နေရာတွင် အမျိုးသားကယ်တင်ရေး အဖိုစောင့်အစိုးရ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရန် အတွက် ယခင်ကွန်မြူနစ်ပါတီမှ ဝန်ကြီးဟောင်းတစ်ဦးဖြစ်ခဲ့သော ယီလီဘတ်ဖီအား ဇွန်လ ၅ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။ ယီလီဘတ်ဖီက ပါတီစုံမှ ပုဂ္ဂိုလ်များပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရမည် ဖြစ်သည်။ သို့ဖြစ်ရာ ပါတီစုံပါဝင်သော အစိုးရ ဖွဲ့စည်းရေးအတွက် ရှုပ်ထွေးပွေလီလှသော ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ခဲ့သည်။

ဝန်ကြီးချုပ်ယီလီ ဘတ်ဖီဦးဆောင်သော အစိုးရအဖွဲ့ လက်ထက်တွင် နိုင်ငံရေးနှင့်စီးပွားရေး အကျပ်အတည်းများကြောင့် အခြေအနေမှာမငြိမ်မသက် ဖြစ်ခဲ့ရသည်။ စားနပ်ရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အယ်လဘေးနီးယားနိုင်ငံသားများ နိုင်ငံကိုစွန့်ခွာ ထွက်ပြေးမှုများလည်း ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

အခြေအနေများ တစ်စတစ်စ ယိုယွင်းလျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်နေ့တွင် လက်စ်မြို့၌ ထုနှင့်ချိသော လူထုက စားသောက်ဆိုင်များ၊ စားနပ်ရိက္ခာရောင်းချသည့်ဆိုင်များနှင့် ပေါင်မုန့်ဖုတ်သည့် ဆိုင်များကို ဝင်ရောက်တိုက်ခိုက်လုယက်ကြသည်။ ဤသို့နိုင်ငံရေးနှင့် စီးပွားရေး အကျပ်အတည်းများ ကြီးထွားလာနေစဉ်မှာပင် ဝန်ကြီးချုပ် ယီလီ ဘတ်ဖီသည် ထုထူးမှ နုတ်ထွက်သွားသည်။

ဒီဇင်ဘာလ ၇ ရက်နေ့ကလည်း အယ်လဘေးနီးယားနိုင်ငံမြို့တော် တီရာနာအနီး မြို့တစ်မြို့တွင် စားနပ်ရိက္ခာများလုယက်ယူငင်ရာမှ အဓိကရုဏ်းဖြစ်ပွားရာ ပစ်ခတ်နှိမ်နင်းရသဖြင့် လူနှစ်ဦး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်များကြောင့် လူဦးရေ သုံးသန်းရှိသော အယ်လဘေးနီးယားနိုင်ငံ ပြည်သူများအကြားတွင် စိုးရိမ်ပူပန်မှုများ ကြီးထွားလျက်ရှိသည်။

အက္ခရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၂)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားမှုယ်အကြောင်းအရာများကို လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏ အမည်ကို ရှာဖွေဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကဝိဓဇ၊ ဆရာတော်ဘဒ္ဒန္တ ၁၁၃။
ကုလသမဂ္ဂ ၃၁၉။
ကေဆုန်ဖွန်ဗီဟိန်း ၂၈၉၊ ၂၉၀။
ကေတုမတီ၊ ဆရာတော်ဘဒ္ဒန္တ ၉၉။
ကေလာသ၊ ဆရာတော်ဘဒ္ဒန္တ ၁၁၇၊ ၁၁၈။
ကေသရ၊ ဆရာတော် ဘဒ္ဒန္တ ၁၀၂။
ကေသရသီရိ၊ ဆရာတော် ဘဒ္ဒန္တ ၉၈။
ကိုရိုးယားသမ္မတနိုင်ငံ ၁၇၁၊ ၁၈၀–၁၈၃။
ကိုလုံးဗီးယားနိုင်ငံ ၂၉၈၊ ၂၉၉။
ကမ္ဘာ့ဝန်းကျင်သန့်ရှင်းရေး ၁၆၁။
ကျန်ဇီမင်း ၂၁၉၊ ၂၂၀။
ကွန်ဆွန်ပေါင်, စွန်သွန် ၂၂၅၊ ၂၂၆။

ခ

ခမာဝုဓ၊ ဆရာတော် ဘဒ္ဒန္တ ၉၈။
ခရိုမိုဆုမ်း ၁၅၀။
ခရိုအော်းရှားပြည်နယ် ၂၀၀–၂၀၄။
ခင်ခင်ရီ၊ ဒေါ် ၁၈၃၊ ၁၈၄။
ခေတ်မီလက်နက်ဆန်းများ ၁၅၅–၁၆၀။
ချာဗာလစ် ယောင်ချိုင်ယုဒ် ၂၂၄–၂၂၆။
ချာမိုရို, ဗြိုင်အိုလက်တာ ၂၉၆။
ချစ်သန်း၊ ဦး(သိုင်းဆရာကြီး) ၁၈၄၊ ၁၈၅။
ချွန်ဟာဝမ်, ချတ်ချိုင်း ၂၂၄၊ ၂၂၅။

ဂ

ဂရေဟမ်, မာသာ ၁၈၅၊ ၁၈၆။
ဂရင်း, ဂရေဟမ် ၁၈၆။
ဂါလီ, ဘူထရိစ် ၃၁၊ ၃၂။
ဂေါဘာချော့ ၁၈၁၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၂၀။
ဂိုချုပ်တောင် ၂၀၆။
ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ (၁၉၉၁) ၁၈၈–၁၉၉။
ဂန္ဓီ, ဏာဂျစ် ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၃၂၁၊ ၃၂၂၊ ၃၂၃။
ဂျပန်နိုင်ငံ ၁၉၉–၂၀၁၊ ၂၄၅။

င

ငုယင်ဗန်လင်း ၂၄၅၊ ၂၄၆။

စ

စကော့ဒ်ဒုံးကျည် ၇၈၊ ၈၀၊ ၁၅၆။
စာရိန္ဒာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၂၄၊ ၁၂၅။
စောဦး၊ ဂျာနယ်ကျော် ၂၀၂၊ ၂၀၃။
စံမြင့်၊ ဦး ၂၀၄။
စင်ကာပူနိုင်ငံ ၂၀၅၊ ၂၀၇၊ ၂၀၈။
စန္ဒဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၁၂၀။
စန္ဒိမာ၊ ဆရာတော် ဘဒ္ဒန္တ ၁၂၃။
စန္ဒိမာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၀၇။
စန္ဒေါဘာသ၊ ဆရာတော် ဘဒ္ဒန္တ (ကော့ကရိတ်မြို့နယ်၊ ဖားကျကျောင်းတိုက်) ၁၂၁။
စန္ဒေါဘာသ၊ ဆရာတော် ဘဒ္ဒန္တ (အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်) ၂၀၈။
စန်းငွေ၊ ဒဂုန် ဦး ၂၀၈။

ဆ

ဆအူးဒီအာရေဗျ ၃၀၁။
ဆူဗာနီဗောင် ၂၈၉၊ ၂၉၁။
ဆိုဗီယက် ပြည်ထောင်စု ၂၁၀–၂၁၇၊ ၂၇၈၊ ၃၁၆။
ဆစ်ခ်ဝမ်းဒုံးကျည် ၈၀။
ဆန္ဒာဓိက၊ ဆရာတော်ဘဒ္ဒန္တ ၁၀၄၊ ၁၀၅။

ဇ

ဇာနုတ္တရ၊ ဆရာတော်ဘဒ္ဒန္တ ၁၀၇။
ဇီယာ, ခါလိဒါ ၂၅၀–၂၅၃။
ဇေတိက၊ ဆရာတော်ဘဒ္ဒန္တ ၁၀၉။
ဇေတိပါလ၊ ဆရာတော်ဘဒ္ဒန္တ ၁၁၁၊၁၁၂။

ည

ညာဏဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၁၀၊၁၁၁။
ညာဏသံဝရ၊ ဆရာတော်ဘဒ္ဒန္တ ၉၇၊ ၉၈။
ညာဏိက၊ ဆရာတော် ဘဒ္ဒန္တ (ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆုတောင်းပြည့်–ကျောင်းတိုက်) ၁၁၉။
ညာဏိက၊ ဆရာတော် ဘဒ္ဒန္တ (အင်္ဂလန်နိုင်ငံ ဝိုလ်ဗာဟင်ပ်တန်မြို့၊ တိသရဏဌာန) ၁၃၆။
ညာဏိန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ၁၀၀၊ ၁၀၁။

တ

တရုတ် ပြည်သူ သမ္မတနိုင်ငံ ၂၁၈–၂၂၀၊ ၃၁၆။
တေဇ၊ ဆရာတော် ဘဒ္ဒန္တ ၂၂၀။

ထ

ထင်ရှားသောကွယ်လွန်သူပုဂ္ဂိုလ်များ ၂၂၃။
ထိုင်းနိုင်ငံ ၂၂၄–၂၂၈။

ဒ

ဒဂုန် မြတ်လေးနွယ် ၂၂၈၊ ၂၂၉။
ဒူမို့ငိုင်း ၂၄၆။

ဓ

ဓိရညာဏမုနိ၊ ဆရာတော်ဘဒ္ဒန္တ ၁၂၉၊၁၃၀။
ဓမ္မာနန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ၁၃၁၊ ၁၃၂။
ဓမ္မိကာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၁၆။

န

နာယက၊ ဆရာတော်ဘဒ္ဒန္တ ၁၀၅၊ ၁၀၆။
နာရဒ၊ ဆရာတော်ဘဒ္ဒန္တ ၁၂၀၊ ၁၂၁။
နီပေါနိုင်ငံ ၂၂၉–၂၃၂။
နေမိန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ၂၃၂၊ ၂၃၃။
နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု ၂၃၃–၂၃၆။

ပ

ပညာနန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ၁၃၄၊ ၁၃၅။
ပညာဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၂၆။
ပညာသာမိ၊ ဆရာတော် ဘဒ္ဒန္တ ၁၁၇။
ပညိန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ၁၁၃၊ ၁၁၄။
ပါကစ္စတန် အစ္စလာမွစ် သမ္မတနိုင်ငံ ၂၅၆–၂၆၀၊ ၃၀၆။

ဘဏ္ဍာရေး ၅၅၁၊ ၅၅၃
ဘဏ်ခွင့်ပြုချက်များ ၅၅၂–၅၅၃
ဘဏ်ငွေလွှဲစနစ် ၅၅၃
မဟာဗျူဟာ ၅၅၃–၅၅၄
မဟာမိတ်များ ၅၅၄
မြို့ပြဖွံ့ဖြိုးရေးဦးစီးဌာန ၅၅၄–၅၅၅
မြေယာအသုံးပြုခွင့်ပြုလိုင်စင် ၅၅၅၊ ၅၅၆
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေး ၅၅၆–၅၅၇
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထား ၅၅၇
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ၅၅၇–၅၅၈
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း ၅၅၈
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား ၅၅၈–၅၅၉
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား၊ ကြေးငြိမ်းစားပေးချေခြင်း ၅၅၉–၅၆၀
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား၊ ကြေးငြိမ်းစားပေးချေခြင်း၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့် ၅၆၀
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား၊ ကြေးငြိမ်းစားပေးချေခြင်း၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်ရသူများ ၅၆၀–၅၆၁
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား၊ ကြေးငြိမ်းစားပေးချေခြင်း၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်ရသူများ၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်ရသူများ ပြန်လည်သတ်မှတ်ခြင်း ၅၆၁
မြေယာအသုံးပြုခွင့်ပြုလိုင်စင်ကြေးနှုန်းထားများ ပြန်လည်သတ်မှတ်ခြင်း၊ ကြေးငြိမ်းစား၊ ကြေးငြိမ်းစားပေးချေခြင်း၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်ရသူများ၊ ကြေးငြိမ်းစားပေးချေခြင်းမှ ကင်းလွတ်ခွင့်ရသူများ ပြန်လည်သတ်မှတ်ခြင်း